# ဓမ္မပဒပန်းကုံး

အရှင်ကုမာရ
ပြုစုသည်

(ဒုတိယအကြိမ်)

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ခရစ်-၂၀၁၂

မြောင်းမြမြို့
တိုက်သစ်ပဋ္ဌာတာရုံစာသင်တိုက်

မော်ဘီမြို့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်များ၏
ပဓာနနာယက

အရှင်ကုမာရ
၏

# ဓမ္မပဒပန်းကုံး



(ဒုတိယအကြိမ်)

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ခရစ်-၂၀၁၂

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ◻ ၆၀၀၀၂၉၀၁၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◻ ၆၀၀၁၉၂၀၃၁၂
ထုတ်ဝေသည့်အကြိမ် ◻ ဒုတိယအကြိမ်၊
(ဇန်နဝါရီလ၊ ၂၀၁၂)
အုပ်ရေ ◻ ၃၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ ◻ ဦးထွန်းအောင်
ထွန်းမိသားစုပုံနှိပ်တိုက်
အမှတ် (၈၉)၊ ၃၂-လမ်း၊ (၉)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ ◻ ဦးကြည်တွဲ
ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်
မော်ဘီမြို့နယ်။
စာအုပ်ချုပ် ◻ ဦးအောင်မြင့်
တန်ဖိုး ◻ ၅၀၀၀

၂၉၄.၃

ကုမာရ/ အရှင်
ဓမ္မပဒပန်းကုံး

အရှင်ကုမာရ
သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ မော်ဘီမြို့
ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ မော်ဘီမြို့
၅၂၂ - စာ၊ ၁၇.၅ × ၂၄.၅ စင်တီ
(၁) ဓမ္မပဒပန်းကုံး

# ပဏာမနှင့်ပဋိညာဉ်



ဝရည်ု သိဝ'မာနေသိ , ဝစသာ ပဝဓွေ တံ၊
ဝန္ဒိတွာ ပါဝစနသာ , ဝရတ္တံ'မံ ဝဒါမ'ဟံ။

ယော ဝရည်ု–ဗောဓိမဏ္ဍိုင်, ရိပ်သာမြိုင်ဝယ်, ကိုယ်ပိုင်ဉာဏ်ဖြင့်, သိသင့်ထိုက်တန်, တရားမှန်ကို, အမှန်လွယ်ကူ, သိတော်မူတတ်, အကြင်ဘုရားမြတ်သည်၊ ယေန ဝစသာ–များသတ္တဝါ, သနားညှာ၍, ကောင်းစွာဟောကြား, အကြင်တရားစကားဖြင့်၊ ယံ ပဝရံ–အပါယ်ဘေးကြီး, ကုန်ပျက်စီးအောင်, ဖျက်ဆီးသတ်ဖြတ်, အကြင်သံဃာတော်မြတ်ကို၊ သိဝံ–အပူဟူက, မြူမှုမသန်း, အေးချမ်းအလွန်, မြတ်နိဗ္ဗာန်သို့၊ အာနေသိ–သနားချီးမြှောက်, ကူညီထောက်၍, မရောက်ရောက်အောင်, ပို့ဆောင်ကယ်တင်တော်မူခဲ့လေပြီ၊ တံ ဝရည်ုစ–ကိုယ်တိုင်နိဗ္ဗာန်, သိထားပြန်၍, နိဗ္ဗာန်ရောက်အောင်, ပို့ဆောင်ပေးတတ်, ထိုဘုရားမြတ်ကိုလည်းကောင်း၊ တံ ဝစောစ–နိဗ္ဗာန်ထုတ်ချောက်, မရောက်ရောက်အောင်, ပို့ဆောင်ပေးကြောင်း, ထိုတရားတော်ပေါင်းကိုလည်းကောင်း၊ တံ ပဝရဥ္စ–အပါယ်ဘေးကြီး, ဖျက်ဆီးတွန်းလှန်, နိဗ္ဗာန်ရောက်အောင်, ပို့ဆောင်ပေးအပ်, ထိုသံဃာတော်မြတ်ကိုလည်းကောင်း၊ အဟံ–ဘုရားဟောကြား, မြတ်တရားကို, အများသိရန်, ရည်သန်ကြိုးကုတ်, အကျွန်ုပ်သည်၊ ဝန္ဒာမိ–ကင်းပျောက်အန္တရာယ်, ကျမ်းပြီးလွယ်ဖို့, ရည်ရွယ်မှန်းကာ, ရှိခိုးပါ၏။

ဝန္ဒိတွာ–သေ့ခြောက်အန္တ ရာယ်, ကျမ်းပြီးလွယ်ဖို့, ရည်ရွယ်ဝံ့ချီး, ရှိခိုးပြီး၍၊ ပါဝစနသ–ဗုဒ္ဓေါ် ဗောဓေယျ, အဓိဋ္ဌာန်ဖြင့်, မြတ်မွန်ဘုရား, ကြင်သနား၍, ဟောကြား မြွက်ဖော်, ဓမ္မပဒတရားတော်၏၊ ဣမံ ဝရတ္ထံ–မယွင်းမချွတ်, မှန်ဖြောင့်မတ်သည့်, ကောင်းမြတ်ဓိပ္ပာယ်, အသွယ်သွယ်တို့, ပြည့်ကြွယ်စုရုံး, ဤဓမ္မပဒပန်းကုံးကို၊ ဝရတ္ထံ– အောင်ဆုလိုလား, ရှင်လူများတို့, လိုလားတိုင်းသာ, အောင်မြင်ကြပါစေခြင်းအကျိုးငှာ၊ ဝဒါမိ–အနက်တစ်တန်, မြန်မာပြန်နှင့်, ကာရန်မက္ခာ, အလင်္ကာရ, ပဒဝိဘာဂ်, စဉ်တိုင်း သာလျှင်, သေချာကျနု, စီရင်မြွက်ဆိုရပေတော့အံ့။

## နိဒါန်း

**တရားစွမ်းအင်**

ဗုဒ္ဓမြတ်စွာသည်, ဗောဓိပင်မြေ, ပလ္လင်ဗွေ၌, သိသင့်သမျှ, တရား ဉသုံ, အလုံးစုံတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် အကုန်အစင် သိမြင်တော်မူ ခဲ့ပေသည်၊ ယင်းသို့ ကိုယ်တိုင်သိမြင်လာခဲ့သော တရားတော်ဖြင့်–

"ငါက သစ္စာလေးပါးတရားကို သိမြင်ခဲ့ပါလျှင် သတ္တဝါများကိုလည်း သိမြင်စေမည်၊

ငါက ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်ခဲ့လျှင် သတ္တဝါများကိုလည်း လွတ်မြောက်စေမည်၊

ငါက သံသရာဝဲဩဃကို ကူးမြောက်နိုင်ခဲ့ပါလျှင် သတ္တဝါများကိုလည်း ကူးမြောက်စေမည်။"

ဟူသော အဓိဋ္ဌာန်အားလျော်စွာ သတ္တဝါများကို သစ္စာတရားကိုလည်း သိစေခဲ့သည်၊ ကိလေသာအနှောင်အဖွဲ့မှလည်း လွတ်မြောက်စေခဲ့သည်၊ သံသရာဝဲဩဃကိုလည်း လွန်မြောက်စေခဲ့သည်၊ ဤသို့ နိဗ္ဗာန်ရောက်အောင် ပို့ဆောင်ကယ်တင်တော်မူခဲ့ပါသည်။

ယင်းတရားတော်များတွင် ဤဓမ္မပဒပါဠိတော်လည်း ပါဝင်နေပေသည်၊ ဤဓမ္မပဒ ပါဠိတော်နှင့်စပ်၍– တရားတစ်ရပ်တစ်ရပ် ဆုံးတိုင်းဆုံးတိုင်းမှာ ပုဂ္ဂိုလ်ပေါင်းဘယ်မျှ ကျွတ်တန်းဝင်သွားကြောင်းကိုလည်း အဋ္ဌကထာဆရာများက မှတ်တမ်းတင်ထားခဲ့ကြ ပေသည်။

ယင်းမှတ်တမ်းများအရ ဤဓမ္မပဒပါဠိတော်သည် လိုက်နာကျင့်သုံးသူများအတွက် အလွန်ကျေးဇူးများသော တရားတော်ဖြစ်ကြောင်း သိမြင်နားလည်နိုင်ပါသည်၊ လောကီ လောကုတ္တရာအကျိုးကို အပြည့်အဝ ပေးစွမ်းနိုင်ကြောင်းမှာမူ အလွန်သိသာထင်ရှားလှ ပါသည်၊ ပြောဆိုဖွယ်ပင် လိုမည်မထင်တော့ပါ။

သို့ဖြစ်သည်အားလျော်စွာ ဤဓမ္မပဒပါဠိတော်ကို လူမျိုးအသီးသီးတို့က ဘာသာ အသီးသီးသို့ ပြန်ဆိုထားခဲ့ကြပေသည်။

**ဤကျမ်းကို ရေးသားရခြင်း**

မြန်မာနိုင်ငံ၌လည်း ဓမ္မပဒပါဠိတော်မြန်မာပြန်များ အများအပြားပင် ရှိနေပါသည်၊ သို့သော် ယင်းဘာသာ

ပြန်များသည် ယခုခေတ်စာသင်သားများ, တရားဟောပြောလိုသောပုဂ္ဂိုလ်များ, တရားသဘောကို လေ့လာလိုသူများအတွက် ပြည့်ဝစုံလင်သော ဘာသာပြန်မျိုး မဖြစ်နိုင်တော့ပါ။

သို့ဖြစ်သည်အားလျော်စွာ သကျသီဟ, မင်္ဂလာဇျူဟာ–စသော သာမဏေစာမေးပွဲ ဖြေဆိုလိုသူများ, တရားဟောပြောလိုသူများနှင့် တရားသဘောကို မိမိရရ လေ့လာလိုသူများ အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဤဓမ္မပဒပန်းကုံးကို စီရင်ရေးသား ရပါသည်။

**ရေးသားပုံအစီအစဉ်** ဤဓမ္မပဒပန်းကုံး၌ အနက်, မြန်မာပြန်, လင်္ကာ, ပဒဝိဘာဂ–ဟူ၍ အဆင့်လေးဆင့်ဖြင့် ဂါထာတိုင်းကို ဝေဖန်ပြဆိုထားပါသည်၊ ထိုတွင် အနက်, မြန်မာပြန်နှင့် လင်္ကာများကို အပေါ်၌ပြဆိုထား၍ ပဒဝိဘာဂများကို အောက်ခြေမှတ်ချက်သဘောဖြင့် မျဉ်းအောက်မှာ ပြဆိုထားပါသည်။

တရားဟောလိုသူများနှင့် တရားသဘောမျှကိုသာ လေ့လာလိုသူများဖြစ်ပါက အပေါ်စာသား အနက်, မြန်မာပြန်နှင့် လင်္ကာများကိုသာ လေ့လာကျက်မှတ်သင့်ပါသည်။

သကျသီဟ, မင်္ဂလာဇျူဟာ–စသော သာမဏေစာမေးပွဲ ဖြေဆိုမည့်သူများဖြစ်ပါက အပေါ်နိဿယကို အောက်ခြေပဒဝိဘာဂ–ပုဒ်ဖွင့်များနှင့် ညှိနှိုင်းတိုက်ဆိုင်လေ့လာရန် ဖြစ်ပါသည်၊ ယင်းသို့တိုက်ဆိုင်လေ့လာသဖြင့် ဘယ်ဟာက “သဒ္ဒတ္ထ”ဖြစ်သည်၊ ဘယ်ဟာက “အဓိပ္ပာယတ္ထ”ဖြစ်သည်၊ –စသည်တို့ကို လွယ်ကူစွာ သိမြင်လာပါလိမ့်မည်။

ယင်းသို့သိမြင်နိုင်အောင်လည်း ဂါထာတိုင်း၌ ပါဝင်သမျှသော ပုဒ်တို့ကို အပေါင်း, အစိတ် ဝေဖန်ပြဆိုထားပါသည်၊ သို့သော် ရှေး၌ပါပြီးပုဒ်များကိုကား နောက်၌ထပ်ကာထပ်ကာ ပြဆိုတော့မည်မဟုတ်ပါ၊ မမှတ်မိပါက ပဒဝိဘာဂ အက္ခရာစဉ်အညွှန်းအကူအညီဖြင့် ပြန်လည်ကြည့်ရှုလေ့လာရန် ဖြစ်ပါသည်။

**သဒ္ဒါပုစ္ဆာ သိစရာ** နာမပဒမာလာများအတွက် အချို့ပုဒ်များ၏ လိင်များကို ညွှန်ပြထားပါသည်၊ လိုအပ်ပါက ဂိုဏ်းများကိုလည်း ညွှန်ပြထားပါသည်၊ သိလွယ်သောပုဒ်များအတွက်မူကား လိင်များ, ဂိုဏ်းများကို လုံးဝညွှန်ပြမှု မပြုတော့ပါ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ဂိုဏ်းစဉ်ရန်မျှသာ ဖြစ်ပါသည်။

အာချာတပဒမာလာအတွက်မူကား သက်ဆိုင်ရာဓာတ်များကို ဖြစ်သင့်သောဂိုဏ်းအားလျော်စွာ ဝတ္တမာန် “တိ” ဝိဘတ်ဖြင့် ပုံစံများ ပြထားပါသည်၊ ယင်းကိုနည်းမှီ၍ ဝိဘတ်ပြောင်းလဲပေးရုံမျှဖြင့် အာချာတပဒမာလာစဉ်ပြီး ဖြစ်လာပါလိမ့်မည်။

**အဘိဓမ္မာပုစ္ဆာ မှတ်ဖွယ်ရာ** အဘိဓမ္မာပုစ္ဆာများအတွက်မူကား ဓာတ်နက်ကိုရှု၍ အရာဌာနအားလျော်စွာ တရားကိုယ်ဖော်ထုတ် ဖြေဆိုရန်မျှသာ ဖြစ်ပါသည်၊ စေတသိက်–စသည်တို့၏ သဘောလက္ခဏာများကိုမူ ကြိုတင်လေ့လာသိမြင်နားလည်ပြီး ဖြစ်သင့်ပါသည်၊ ယင်းသို့သိမြင်ပြီးဖြစ်ပါက အဘိဓမ္မာပုစ္ဆာများ အတွက်လည်း အခက်တွေ့စရာ မရှိတော့ပါ။

ဥပမာအားဖြင့်ဆိုရပါမူ "မနသာ စေ ပဒုဋ္ဌေန, ဘာသတိ ဝါ ကရောတိ ဝါ"၌ ဘာသတာတ်၏အရ ပြစ်မှားသောစိတ်ဖြင့် ပြောဆိုပါလျှင် ဝစီဒုစရိုက် အကုသိုလ်စိတ် စေတသိက်များသာ ဖြစ်သင့်ပါသည်။

"မနသာ စေ ပသန္နေန , ဘာသတိ ဝါ ကရောတိ ဝါ"၌ ကရောတိဝယ် ကရ ဓာတ်၏အရ ကြည်လင်သောစိတ်ဖြင့် ပြုလုပ်ပါက ကာယသုစရိုက် ကုသိုလ်စိတ်စေတသိက် များသာ ဖြစ်သင့်ပါသည်၊ "တတော နံ သုခ' မန္ဝေတိ , ဆာယာဝ အနုပါယိနီ"ကို ထောက်၍ ဤ၌ မဟာကြိယာစိတ်စေတသိက်တို့ကို မကောက်သင့်ပါ။

**လေ့လာနည်း** ထို့ပြင် ပဒဝိဘာဂ၌ ခွဲဝေပြထားသမျှသောပုဒ်တို့၏ အနက်အဓိပ္ပာယ်များကို လေ့လာကာစပုဂ္ဂိုလ်များ အကုန်နားလည်နိုင်ကြမည်မဟုတ်ပါ၊ တပည့်ဖြစ်သူကဖတ်ပြ, ဆရာဖြစ်သူက အနက်ပေး ဝိဂ္ဂြိုဟ်ဆို ရုပ်ပြီးပုံနှင့် အဓိပ္ပာယ် အရကောက်ကိုပါ ရှင်းလင်းပြသလျက် လေ့လာသွားကြပါက မကြာလှသောရက်များ အတွင်းမှာပင် သဒ္ဒါအသိဉာဏ်ရင့်သန်လာပါလိမ့်မည်၊ ဝိနည်း, အင်္ဂုတ္တိုရ်လာပုဒ်များ အတွက်ပါ အကုန်လိုလို နားလည်သလောက် ဖြစ်လာပါလိမ့်မည်။

အခြေခံကျကျဖြင့် ပါဠိစာပေတတ်ကျွမ်းလိုပါက ဤနည်းအတိုင်း လိုက်နာကြိုးစား သင့်ပါသည်၊ မှတ်စုအားကိုးဖြင့် စာမေးပွဲအောင်မြင်ရန် အားထုတ်ကြိုးစားမှု မပြုသင့်ပါ။

စာပေအရပ်ရပ်ကို လေ့လာသင်ကြားရာ၌ ဖြတ်လမ်းဟူ၍ မရှိပါ၊ ဖြတ်လမ်းကို မလိုက်သင့်ပါ၊ ဖြတ်လမ်းကို လိုက်ပါက စာမေးပွဲအထိုက်အလျောက် အောင်မြင်နိုင်ပါ သော်လည်း စာပေတတ်ကျွမ်းရန်ကား အလှမ်းဝေးကွာလှမည်သာ ဖြစ်ပါသည်။

**ကျမ်းညွှန်းအတွက် ညွှန်ကြားချက်** ဤကျမ်း၌ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းညွှန်း, သဒ္ဒါကျမ်းညွှန်း, အဘိဓာန်ကျမ်းညွှန်း- ဟု ကျမ်းညွှန်းသုံးမျိုး တွေ့ရပါလိမ့်မည်၊ အများအားဖြင့် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းများမှာ သာသနာရေးဦးစီးဌာနမူများ ဖြစ်ကြပါသည်၊ သိသာထင်ရှားလှသည့်အတွက် အထူးညွှန် ကြားရန် လိုမည်မထင်တော့ပါ။

ဤကျမ်း၌ ညွှန်းပြကိုးကားထားသော သဒ္ဒါကျမ်းများမှာ ကစ္စည်း, ပဒရူပသိဒ္ဓိ, မောဂ္ဂလ္လာန်, သဒ္ဒနီတိ, နိရုတ္တိဒီပနီ-အားဖြင့် ငါးမျိုးဖြစ်ပါသည်၊ ငါးမျိုးလုံးပင် သာသနာ ရေးဦးစီးဌာနမူများ ဖြစ်ကြပါသည်။

ထိုတွင် ကစ္စည်း, ပဒရူပသိဒ္ဓိ, မောဂ္ဂလ္လာန်, သဒ္ဒနီတိသုတ္တမာလာတို့ကို ညွှန်းသည့် အခါ အများအားဖြင့် သုတ်စဉ်နံပါတ်ကို ညွှန်းပါသည်၊ အထူးအားဖြင့် မောဂ္ဂလ္လာန်ကို ညွှန်းသည့်အခါ "မောဂ်-၇၊ ၇၉။"စသည်ဖြင့် ကဏ္ဍနှင့်တွဲဖက်၍ သုတ်နံပါတ်ကို ညွှန်းပြ ထားပါသည်၊ သုတ်စဉ်နံပါတ်ကို ညွှန်းမဖြစ်မှသာ "ကစ္စည်း-နှာ၊ ၁၀၈" "ရူ-နှာ၊ ၁၀၃။" စသည်ဖြင့် စာမျက်နှာနံပါတ်ကို ညွှန်းပါသည်။

သဒ္ဒနီတိဓာတုမာလာ, သဒ္ဒနီတိပဒမာလာ, နိရုတ္တိဒီပနီတို့ကို ညွှန်းသည့်အခါမှာ စာမျက်နှာနံပါတ်ကိုသာ ညွှန်းပြပါသည်။

ဤကျမ်း၌ ကိုးကားပြထားသော အဘိဓာန်များမှာ –

၁။ အဘိဓာန်၊ ဓာန်–ဋီ= အဘိဓာနပ္ပဒီပိကာ၊ အဘိဓာနပ္ပဒီပိကာဋီကာ၊ (အက္ခရာစဉ်ဖြင့် ပြမထားသောကြောင့် ကျမ်းရင်းဂါထာနံပါတ်ကို "ဓာန်–၁၁၊ အဘိဓာန်–၁၀၂" "ဓာန်–ဋီ၊ ၂၊"စသည်ဖြင့် ညွှန်ပြထားရပါသည်၊ ကျန်အဘိဓာန်များမှာ အက္ခရာစဉ်ဖြင့် လာရှိသောကြောင့် အမည်မျှကိုသာ အတိုကောက်အက္ခရာဖြင့် ပြထားပါသည်။)

၂။ ဧ၊ ဧ–ဋီ= ဧကက္ခရကောသ၊ ဧကက္ခရကောသဋီကာ၊

၃။ သူစိ= အဘိဓာနပ္ပဒီပိကာသူစိ၊

၄။ ဝါစပ္ပတိ= ဝါစပ္ပတိ သက္ကတအဘိဓာန်၊

၅။ ထောမ= သဒ္ဒထောမ မဟာနိဓိ သက္ကတအဘိဓာန်၊

၆။ ကောတ္ထုဘ= သဒ္ဒတ္ထကောတ္ထုဘ သက္ကတ=ဟိန္ဒီအဘိဓာန်၊

၇။ သူရယ= သူရယကာန္တ၏ သက္ကတ, ဟိန္ဒီ, အင်္ဂလိပ်အဘိဓာန်၊

ဤသို့ ၇–မျိုး ဖြစ်ပါသည်။

**ပဒဝိဘာဂသင်္ကေတများ**

✓ = ဤသင်္ကေတဖြင့် ဓာတ်ကို ပြပါသည်၊ ရှေ့၌ ဤသင်္ကေတကို တွေ့ပါက ဓာတ်–ဟု မှတ်ယူရန် ဖြစ်ပါသည်၊

\+ = ဤသင်္ကေတဖြင့် ဥပသာရ(နိပါတ်)ပုဒ်ချင်းဖြစ်စေ, ဥပသာရ(နိပါတ်)နှင့် သုဒ္ဓနာမ်တို့ဖြစ်စေ, နာမ်ပုဒ်အချင်းချင်းဖြစ်စေ, နာမ်နှင့်ပစ္စည်းတို့ဖြစ်စေ, ဓာတ်နှင့်ဝိဘတ် ပစ္စည်းတို့ဖြစ်စေ ပေါင်းစပ်ထားပုံကို ပြပါသည်။

**ပန်ကြားချက်** ဤမျှဖြင့်ပင် ဤကျမ်းနှင့် ပတ်သက်၍ သိထားသင့်သော အချက်အလက်များ ပြည့်စုံလုံလောက်ပြီဟု ထင်မြင်ယူဆပါသည်၊ သို့သော် ဤမျှခက်ခဲသောအလုပ်ကို တစ်ဦးတည်း မည်မျှပင်ကြိုးစားလုပ်ကိုင်ပါသော်လည်း ချွတ်ယွင်းတိမ်းပါး လွဲမှားသောအချက်အလက်များ လွတ်ကင်းမည်မထင်ပါ၊ ပါဝင်ကောင်း ပါဝင်လာစရာ ရှိပါသည်။

ယင်းသို့ ချွတ်ယွင်းတိမ်းပါး လွဲမှားသောအချက်အလက်များကို တွေ့ရှိကြပါလျှင် အပြစ်မတင် မေတ္တာဝင်၍ ကြည်လင်ဝမ်းသာ ပြင်ဆင်ကြည့်ရှုကြပါရန်လည်း ပန်ကြားအပ်ပါသည်။

**အရှင်ကုမာရ**

နေ့စွဲ– ၁၃၅၆–ခု၊ ဝါဆိုလပြည့်၊
( ၂၂–၇–၉၄ )

# အရှင်ကုမာရ

## ရေးသားပြုစုသော ကျမ်းစာများ

ရိုက်ပြီး–


၁။ အလင်္ကာပန်းကုံး ... ... ... ... ... ... ၄–ကြိမ်၊
၂။ မာတိကာ ဓာတုကထာပန်းကုံး ... ... ... ... ၆–ကြိမ်၊
၃။ ယမကပန်းကုံး ... ... ... ... ... ... ၃–ကြိမ်၊
၄။ ပဋ္ဌာနပန်းကုံး ... ... ... ... ... ... ၁–ကြိမ်၊
၅။ ကဗျာ့အုတ်မြစ် စနစ်သစ် ... ... ... ... ... ... ၁–ကြိမ်၊
၆။ အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး ... ... ... ... ... ... ၁–ကြိမ်၊
၇။ မြောင်းမြဆရာတော် သာသနာ ဘယ်လိုပြုခဲ့သလဲ ... ... ၁–ကြိမ်၊
၈။ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း ... ... ... ... ၃–ကြိမ်၊
၉။ ဗုဒ္ဓအလိုတော်ကျ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ၁–ကြိမ်၊


ရိုက်ဆဲ–


၁။ အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး ... ... ... ... ... ... ၂–ကြိမ်၊
၂။ ဓမ္မပဒပန်းကုံး ... ... ... ... ... ... ၁–ကြိမ်၊


ရိုက်လတ္တံ့


၁။ ဝိနယသင်္ဂဟအဋ္ဌကထာပန်းကုံး
၂။ ဓာတုတ္ထပန်းကုံး


ဗုဒ္ဓအလိုတော်ကျ
သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး–အတွက်
ဤကျမ်းစာများကို ရိုက်နှိပ်ဖြန့်ချိပါသည်။

ဂေါပကအဖွဲ့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်
မှော်ဘီ–ရန်ကုန်။

# ဓမ္မပဒပန်းကုံး

၏

## မာတိကာ


| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပဏာမနှင့်ပဋိညာဉ် ......... ......... ......... | က |
| | **နိဒါန်း** | |
| | တရားစွမ်းအင် ......... ......... ......... | ခ |
| | ဤကျမ်းကို ရေးသားရခြင်း ......... ......... ......... | ခ |
| | ရေးသားပုံအစီအစဉ် ......... ......... ......... | ဂ |
| | သဒ္ဒါပုစ္ဆာ သိစရာ ......... ......... ......... | ဂ |
| | အဘိဓမ္မာပုစ္ဆာ မှတ်ဖွယ်ရာ ......... ......... ......... | ဂ |
| | လေ့လာနည်း ......... ......... ......... | ဃ |
| | ကျမ်းညွှန်းအတွက် ညွှန်ကြားချက် ......... ......... | ဃ |
| | ပဒဝိဘာဂသင်္ကေတများ ......... ......... ......... | င |
| | ပန်ကြားချက် ......... ......... ......... | င |
| | **၁-ယမကဝဂ္ဂ** | |
| ၁ | -စက္ခုပါလတ္ထေရဝတ္ထု ......... ......... ......... | ၁ |
| ၂ | -မဋ္ဌကုဏ္ဍလီဝတ္ထု ......... ......... ......... | ၅ |
| ၃ | -တိဿတ္ထေရဝတ္ထု ......... ......... ......... | ၇ |
| ၄ | -ကာဠယက္ခိနီဝတ္ထု ......... ......... ......... | ၉ |
| ၅ | -ကောသမ္ဗကဝတ္ထု ......... ......... ......... | ၁၀ |
| ၆ | -မဟာကာဠတ္ထေရဝတ္ထု ......... ......... ......... | ၁၁ |
| ၇ | -ဒေဝဒတ္တဝတ္ထု ......... ......... ......... | ၁၆ |
| ၈ | -သာရိပုတ္တတ္ထေရဝတ္ထု ......... ......... ......... | ၁၉ |
| ၉ | -နန္ဒတ္ထေရဝတ္ထု ......... ......... ......... | ၂၂ |
| ၁၀ | -စုန္ဒသူကရိကဝတ္ထု ......... ......... ......... | ၂၄ |
| ၁၁ | -ဓမ္မိကဥပါသကဝတ္ထု ......... ......... ......... | ၂၆ |
| ၁၂ | -ဒေဝဒတ္တဝတ္ထု ......... ......... ......... | ၂၇ |
| ၁၃ | -သုမနာဒေဝီဝတ္ထု ......... ......... ......... | ၂၈ |
| ၁၄ | -ဒွေသဟာယကဘိက္ခုဝတ္ထု ......... ......... ......... | ၂၉ |

## ၂-အပ္ပမာဒဝဂ္ဂ

၁-သာမာဝတီဝတ္ထု ...... ...... ...... ၃၃
၂-ကုမ္ဘဃောသကသေဋ္ဌိဝတ္ထု ...... ...... ...... ၃၉
၃-စူဠပန္ထကတ္ထေရဝတ္ထု ...... ...... ...... ၄၁
၄-ဗာလနက္ခတ္တသင်္ဃုဋ္ဌဝတ္ထု ...... ...... ...... ၄၃
၅-မဟာကဿပတ္ထေရဝတ္ထု ...... ...... ...... ၄၅
၆-ပမတ္တာပမတ္တဒွေသဟာယကဝတ္ထု ...... ...... ၄၇
၇-မဃဝတ္ထု ...... ...... ...... ၄၈
၈-အညတရဘိက္ခုဝတ္ထု ...... ...... ...... ၅၀
၉-နိဂမဝါသီတိဿတ္ထေရဝတ္ထု ...... ...... ...... ၅၂

## ၃-စိတ္တဝဂ္ဂ

၁-မေဃိယတ္ထေရဝတ္ထု ...... ...... ...... ၅၃
၂-အညတရဘိက္ခုဝတ္ထု ...... ...... ...... ၅၆
၃-အညတရဥက္ကဏ္ဌိတဘိက္ခုဝတ္ထု ...... ...... ...... ၅၇
၄-သံဃရက္ခိတဘာဂိနေယျတ္ထေရဝတ္ထု ...... ...... ၅၈
၅-စိတ္တဟတ္ထတ္ထေရဝတ္ထု ...... ...... ...... ၆၀
၆-ပဉ္စသတဘိက္ခုဝတ္ထု ...... ...... ...... ၆၂
၇-ပူတိဂတ္တတိဿတ္ထေရဝတ္ထု ...... ...... ...... ၆၅
၈-နန္ဒဂေါပါလကဝတ္ထု ...... ...... ...... ၆၆
၉-သောရေယျတ္ထေရဝတ္ထု ...... ...... ...... ၆၈

## ၄-ပုပ္ဖဝဂ္ဂ

၁-ပထဝိကထာပသုတပဉ္စသတဘိက္ခုဝတ္ထု ...... ...... ၆၉
၂-မရီစိကမ္မဋ္ဌာနိကတ္ထေရဝတ္ထု ...... ...... ...... ၇၂
၃-ဝိဋဋူဘဝတ္ထု ...... ...... ...... ၇၃
၄-ပတိပူဇိကကုမာရိဝတ္ထု ...... ...... ...... ၇၄
၅-မစ္ဆရိယကောသိယသေဋ္ဌိဝတ္ထု ...... ...... ...... ၇၅
၆-ပါဝေယျကာဇီဝကဝတ္ထု ...... ...... ...... ၇၇
၇-ဆတ္တပါဏိဥပါသကဝတ္ထု ...... ...... ...... ၇၈
၈-ဝိသာခါဝတ္ထု ...... ...... ...... ၈၀
၉-အာနန္ဒတ္ထေရပဉှာဝတ္ထု ...... ...... ...... ၈၂
၁၀-မဟာကဿပတ္ထေရပိဏ္ဍပါတဒိန္နဝတ္ထု ...... ...... ၈၅
၁၁-ဂေါဓိကတ္ထေရပရိနိဗ္ဗာနဝတ္ထု ...... ...... ...... ၈၆
၁၂-ဂရဟဒိန္နဝတ္ထု ...... ...... ...... ၈၇

## ၅-ဗာလဝဂ္ဂ


၁-အညတရပုရိသဝတ္ထု ------ ------ ------ ၉၀
၂-မဟာကဿပတ္ထေရသဒ္ဓိဝိဟာရိကဝတ္ထု ------ ------ ၉၁
၃-အာနန္ဒသေဋ္ဌိဝတ္ထု ------ ------ ------ ၉၂
၄-ဂဏ္ဌိဘေဒကစောရဝတ္ထု ------ ------ ------ ၉၃
၅-ဥဒါယိတ္ထေရဝတ္ထု ------ ------ ------ ၉၄
၆-တိံသမတ္တပါဝေယျကဘိက္ခုဝတ္ထု ------ ------ ၉၅
၇-သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု ------ ------ ------ ၉၇
၈-ကဿကဝတ္ထု ------ ------ ------ ၉၈
၉-သုမနမာလာကာရဝတ္ထု ------ ------ ------ ၉၉
၁၀-ဥပ္ပလဝဏ္ဏာတ္ထေရီဝတ္ထု ------ ------ ------ ၁၀၀
၁၁-ဇမ္ဗုကတ္ထေရဝတ္ထု ------ ------ ------ ၁၀၁
၁၂-အဟိပေတဝတ္ထု ------ ------ ------ ၁၀၂
၁၃-သဋ္ဌိကူဋပေတဝတ္ထု ------ ------ ------ ၁၀၃
၁၄-စိတ္တဂဟပတိဝတ္ထု ------ ------ ------ ၁၀၅
၁၅-ဝနဝါသီတိဿသာမဏေရဝတ္ထု ------ ------ ------ ၁၀၈


## ၆-ပဏ္ဍိတဝဂ္ဂ


၁-ရာဓတ္ထေရဝတ္ထု ------ ------ ------ ၁၁၀
၂-အဿဇိပုနဗ္ဗသုကဝတ္ထု ------ ------ ------ ၁၁၁
၃-ဆန္နတ္ထေရဝတ္ထု ------ ------ ------ ၁၁၃
၄-မဟာကပ္ပိနတ္ထေရဝတ္ထု ------ ------ ------ ၁၁၄
၅-ပဏ္ဍိတသာမဏေရဝတ္ထု ------ ------ ------ ၁၁၅
၆-လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု ------ ------ ------ ၁၁၆
၇-ကာဏမာတုဝတ္ထု ------ ------ ------ ၁၁၇
၈-ပဉ္စသတဘိက္ခုဝတ္ထု ------ ------ ------ ၁၁၈
၉-ဓမ္မိကတ္ထေရဝတ္ထု ------ ------ ------ ၁၂၀
၁၀-ဓမ္မဿဝနဝတ္ထု ------ ------ ------ ၁၂၁
၁၁-ပဉ္စသတအာဂန္တုကဘိက္ခုဝတ္ထု ------ ------ ------ ၁၂၄


## ၇-အရဟန္တဝဂ္ဂ


၁-ဇီဝကပဉှဝတ္ထု ------ ------ ------ ၁၂၈
၂-မဟာကဿပတ္ထေရဝတ္ထု ------ ------ ------ ၁၂၉
၃-ဗေလဋ္ဌသီသတ္ထေရဝတ္ထု ------ ------ ------ ၁၃၀

၄-အနုရုဒ္ဓထွေရဝတ္ထု ------- ------- ------- ၁၃၂
၅-မဟာကစ္စာယနထွေရဝတ္ထု ------- ------- ------- ၁၃၄
၆-သာရိပုတ္တထွေရဝတ္ထု ------- ------- ------- ၁၃၅
၇-ကောသမ္ဗိဝါသီတိဿထွေရသာမဏေရဝတ္ထု ------- ------- ၁၃၇
၈-သာရိပုတ္တထွေရဝတ္ထု ------- ------- ------- ၁၃၈
၉-ခဒိရဝနိယရေဝတထွေရဝတ္ထု ------- ------- ------- ၁၄၀
၁၀-အညတရဣတ္ထိဝတ္ထု ------- ------- ------- ၁၄၁


## ၈-သဟဿဝဂ္ဂ


၁-တမ္ဗဒါဌိကစောရဃာတကဝတ္ထု ------- ------- ------- ၁၄၂
၂-ဗာဟိယဒါရုစီရိယထွေရဝတ္ထု ------- ------- ------- ၁၄၃
၃-ကုဏ္ဍလကေသိထွေရီဝတ္ထု ------- ------- ------- ၁၄၄
၄-အနတ္ထပုစ္ဆကဗြာဟ္မဏဝတ္ထု ------- ------- ------- ၁၄၆
၅-သာရိပုတ္တထွေရဿ မာတုလဗြာဟ္မဏဝတ္ထု ------- ------- ၁၄၈
၆-သာရိပုတ္တထွေရဿ ဘာဂိနေယျဝတ္ထု ------- ------- ၁၅၀
၇-သာရိပုတ္တထွေရဿ သဟာယကဗြာဟ္မဏဝတ္ထု ------- ------- ၁၅၁
၈-အာယုဝဍ္ဎနကုမာရဝတ္ထု ------- ------- ------- ၁၅၃
၉-သံကိစ္စသာမဏေရဝတ္ထု ------- ------- ------- ၁၅၃
၁၀-ခါဏုကောဏ္ဍညထွေရဝတ္ထု ------- ------- ------- ၁၅၅
၁၁-သပ္ပဒါသထွေရဝတ္ထု ------- ------- ------- ၁၅၆
၁၂-ပဋာစာရာထေရီဝတ္ထု ------- ------- ------- ၁၅၆
၁၃-ကိသာဂေါတမီဝတ္ထု ------- ------- ------- ၁၅၇
၁၄-ဗဟုပုတ္တိကထွေရီဝတ္ထု ------- ------- ------- ၁၅၈


## ၉-ပါပဝဂ္ဂ


၁-စူဠေကသာဋကဗြာဟ္မဏဝတ္ထု ------- ------- ------- ၁၅၉
၂-သေယျသကထွေရဝတ္ထု ------- ------- ------- ၁၅၉
၃-လာဇဒေဝဓီတာဝတ္ထု ------- ------- ------- ၁၆၀
၄-အနာထပိဏ္ဍိကသေဋ္ဌိဝတ္ထု ------- ------- ------- ၁၆၁
၅-အသညတပရိက္ခာရဘိက္ခုဝတ္ထု ------- ------- ------- ၁၆၃
၆-ဗိဠာလပါဒကသေဋ္ဌိဝတ္ထု ------- ------- ------- ၁၆၄
၇-မဟာဓနဝါဏိဇဝတ္ထု ------- ------- ------- ၁၆၅
၈-ကုက္ကုဋမိတ္တနေသာဒဝတ္ထု ------- ------- ------- ၁၆၇
၉-ကောကသုနခလုဒ္ဒကဝတ္ထု ------- ------- ------- ၁၆၇
၁၀-မဏိကာရကုလူပကတိဿထွေရဝတ္ထု ------- ------- ၁၆၉

၁၁–တယောဇနဝတ္ထု ... ... ... ၁၇၀

၁၂–သုပ္ပဗုဒ္ဓသက္ကျဝတ္ထု ... ... ... ၁၇၂


## ၁၀–ဒဏ္ဍဝဂ္ဂ


၁–ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု ... ... ... ၁၇၃

၂–ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု ... ... ... ၁၇၄

၃–သမ္ဗဟုလကုမာရကဝတ္ထု ... ... ... ၁၇၄

၄–ကောဏ္ဍဓာနတ္ထေရဝတ္ထု ... ... ... ၁၇၆

၅–ဥပေါသထိကဣတ္ထီနံ ဝတ္ထု ... ... ... ၁၇၈

၆–အဇဂရပေတဝတ္ထု ... ... ... ၁၇၉

၇–မဟာမောဂ္ဂလ္လာနတ္ထေရဝတ္ထု ... ... ... ၁၈၀

၈–ဗဟုဘဏ္ဍိကဘိက္ခုဝတ္ထု ... ... ... ၁၈၅

၉–သန္တတိမဟာမတ္တဝတ္ထု ... ... ... ၁၈၇

၁၀–ပိလောတိကတိဿတ္ထေရဝတ္ထု ... ... ... ၁၈၉

၁၁–သုခသာမဏေရဝတ္ထု ... ... ... ၁၉၃


## ၁၁–ဇရာဝဂ္ဂ


၁–ဝိသာခါယ သဟာယိကာနံ ဝတ္ထု ... ... ၁၉၄

၂–သိရိမာဝတ္ထု ... ... ... ၁၉၆

၃–ဥတ္တရာထေရီဝတ္ထု ... ... ... ၁၉၇

၄–သမ္ဗဟုလအဓိမာနိကဘိက္ခုဝတ္ထု ... ... ... ၁၉၉

၅–ဇနပဒကလျာဏီ ရူပနန္ဒာထေရီဝတ္ထု ... ... ၂၀၀

၆–မလ္လိကာဒေဝီဝတ္ထု ... ... ... ၂၀၂

၇–လာဠုဒါယိတ္ထေရဝတ္ထု ... ... ... ၂၀၃

၈–ဥဒါနဝတ္ထု ... ... ... ၂၀၄

၉–မဟာဓနသေဋ္ဌိပုတ္တဝတ္ထု ... ... ... ၂၀၈


## ၁၂–အတ္တဝဂ္ဂ


၁–ဗောဓိရာဇကုမာရဝတ္ထု ... ... ... ၂၁၁

၂–ဥပနန္ဒသက္ယပုတ္တတ္ထေရဝတ္ထု ... ... ... ၂၁၂

၃–ပဓာနိကတိဿတ္ထေရဝတ္ထု ... ... ... ၂၁၃

၄–ကုမာရကဿပမာတုထေရီဝတ္ထု ... ... ... ၂၁၄

၅–မဟာကာလဥပါသကဝတ္ထု ... ... ... ၂၁၅

၆–ဒေဝဒတ္တဝတ္ထု ... ... ... ၂၁၇

၇–သံဃဘေဒပရိသက္ကနဝတ္ထု ...... ...... ...... ၂၁၈
၈–ကာလထေရဝတ္ထု ...... ...... ...... ၂၁၉
၉–စူဠကာလဥပါသကဝတ္ထု ...... ...... ...... ၂၂၁
၁၀–အတ္တဒတ္ထထေရဝတ္ထု ...... ...... ...... ၂၂၂


## ၁၃–လောကဝဂ္ဂ


၁–ဒဟရဘိက္ခုဝတ္ထု ...... ...... ...... ၂၂၃
၂–သုဒ္ဓေါဒနဝတ္ထု ...... ...... ...... ၂၂၄
၃–ပဉ္စသတဝိပဿကဘိက္ခုဝတ္ထု ...... ...... ...... ၂၂၆
၄–အဘယရာဇကုမာရဝတ္ထု ...... ...... ...... ၂၂၇
၅–သမ္မဇ္ဇနထေရဝတ္ထု ...... ...... ...... ၂၂၈
၆–အင်္ဂုလိမာလထေရဝတ္ထု ...... ...... ...... ၂၂၉
၇–ပေသကာရဓီတာဝတ္ထု ...... ...... ...... ၂၃၀
၈–တိံသဘိက္ခုဝတ္ထု ...... ...... ...... ၂၃၂
၉–စိဉ္စမာဏဝိကာဝတ္ထု ...... ...... ...... ၂၃၃
၁၀–အသဒိသဒါနဝတ္ထု ...... ...... ...... ၂၃၄
၁၁–အနာထပိဏ္ဍိကပုတ္တကာလဝတ္ထု ...... ...... ...... ၂၃၆


## ၁၄–ဗုဒ္ဓဝဂ္ဂ


၁–မာရဓီတရဝတ္ထု ...... ...... ...... ၂၃၇
၂–ဒေဝေါရောဟဏဝတ္ထု ...... ...... ...... ၂၄၀
၃–ဧရကပတ္တနာဂရာဇဝတ္ထု ...... ...... ...... ၂၄၁
၄–အာနန္ဒထေရပဉှဝတ္ထု ...... ...... ...... ၂၄၂
၅–အနဘိရတဘိက္ခုဝတ္ထု ...... ...... ...... ၂၄၇
၆–အဂ္ဂိဒတ္တဗြာဟ္မဏဝတ္ထု ...... ...... ...... ၂၄၉
၇–အာနန္ဒထေရပဉှဝတ္ထု ...... ...... ...... ၂၅၄
၈–သမ္ဗဟုလဘိက္ခုဝတ္ထု ...... ...... ...... ၂၅၅
၉–ကဿပဒသဗလဿ သုဝဏ္ဏစေတိယဝတ္ထု ...... ...... ၂၅၆


## ၁၅–သုခဝဂ္ဂ


၁–ဉာတိကလဟဝူပသမနဝတ္ထု ...... ...... ...... ၂၅၉
၂–မာရဝတ္ထု ...... ...... ...... ၂၆၁
၃–ကောသလရညော ပရာဇယဝတ္ထု ...... ...... ၂၆၂
၄–အညတရကုလဒါရိကာဝတ္ထု ...... ...... ...... ၂၆၃

၅-ကေဥပါသကဝတ္ထု ......... ......... ......... ၂၆၄
၆-ပသေနဒိကောသလဝတ္ထု ......... ......... ......... ၂၆၅
၇-တိဿတ္ထေရဝတ္ထု ......... ......... ......... ၂၆၆
၈-သက္ကဝတ္ထု ......... ......... ......... ၂၆၈

### ၁၆-ပိယဝဂ္ဂ

၁-တယောဇနပဗ္ဗဇိတဝတ္ထု ......... ......... ......... ၂၇၁
၂-အညတရကုဋုမ္ဗိကဝတ္ထု ......... ......... ......... ၂၇၄
၃-ဝိသာခါဝတ္ထု ......... ......... ......... ၂၇၅
၄-လိစ္ဆဝီဝတ္ထု ......... ......... ......... ၂၇၅
၅-အနိတ္ထိဂန္ဓကုမာရဝတ္ထု ......... ......... ......... ၂၇၆
၆-အညတရဗြာဟ္မဏဝတ္ထု ......... ......... ......... ၂၇၆
၇-ပဉ္စသတဒါရကဝတ္ထု ......... ......... ......... ၂၇၇
၈-ကေအနာဂါမိကတ္ထေရဝတ္ထု ......... ......... ......... ၂၇၈
၉-နန္ဒိယဝတ္ထု ......... ......... ......... ၂၈၁

### ၁၇-ကောဓဝဂ္ဂ

၁-ရောဟိနီခတ္တိယကညာဝတ္ထု ......... ......... ......... ၂၈၂
၂-အညတရဘိက္ခုဝတ္ထု ......... ......... ......... ၂၈၃
၃-ဥတ္တရာဥပါသိကာဝတ္ထု ......... ......... ......... ၂၈၄
၄-မဟာမောဂ္ဂလ္လာနတ္ထေရပဉှဝတ္ထု ......... ......... ......... ၂၈၅
၅-ဗုဒ္ဓပိတုဗြာဟ္မဏဝတ္ထု ......... ......... ......... ၂၈၆
၆-ပုဏ္ဏာဒါသီဝတ္ထု ......... ......... ......... ၂၈၇
၇-အတုလဥပါသကဝတ္ထု ......... ......... ......... ၂၈၈
၈-ဆဗ္ဗဂ္ဂိယဝတ္ထု ......... ......... ......... ၂၉၂

### ၁၈-မလဝဂ္ဂ

၁-ဂေါဃာတကပုတ္တဝတ္ထု ......... ......... ......... ၂၉၅
၂-အညတရဗြာဟ္မဏဝတ္ထု ......... ......... ......... ၃၀၀
၃-တိဿတ္ထေရဝတ္ထု ......... ......... ......... ၃၀၁
၄-လာလုဒါယိတ္ထေရဝတ္ထု ......... ......... ......... ၃၀၂
၅-အညတရကုလပုတ္တဝတ္ထု ......... ......... ......... ၃၀၄
၆-စူဠသာရိဝတ္ထု ......... ......... ......... ၃၀၆
၇-ပဉ္စဥပါသကဝတ္ထု ......... ......... ......... ၃၀၈

၈-တိဿဒဟရဝတ္ထု ... ... ... ၃၁၁
၉-ပဉ္စဥပါသကဝတ္ထု ... ... ... ၃၁၃
၁၀-မေဏ္ဍကသေဋ္ဌိဝတ္ထု ... ... ... ၃၁၄
၁၁-ဥဇ္ဈာနသညိတ္ထေရဝတ္ထု ... ... ... ၃၁၆
၁၂-သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု ... ... ... ၃၁၇

၁၉-ဓမ္မဋ္ဌဝဂ္ဂ

၁-ဝိနိစ္ဆယမဟာမတ္တဝတ္ထု ... ... ... ၃၁၉
၂-ဆဗ္ဗဂ္ဂိယဝတ္ထု ... ... ... ၃၂၀
၃-ဧကုဒါနတ္ထေရခီဏာသဝဝတ္ထု ... ... ... ၃၂၂
၄-လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု ... ... ... ၃၂၃
၅-သမ္ဗဟုလဘိက္ခုဝတ္ထု ... ... ... ၃၂၅
၆-ဟတ္ထကဝတ္ထု ... ... ... ၃၂၇
၇-အညတရဗြာဟ္မဏဝတ္ထု ... ... ... ၃၂၉
၈-တိတ္ထိယဝတ္ထု ... ... ... ၃၃၀
၉-ဗာလိသိကဝတ္ထု ... ... ... ၃၃၂
၁၀-သမ္ဗဟုလသီလာဒိသမ္ပန္နဘိက္ခုဝတ္ထု ... ... ... ၃၃၂

၂၀-မဂ္ဂဝတ္ထု

၁-ပဉ္စသတဘိက္ခုဝတ္ထု ... ... ... ၃၃၄
၂-အနိစ္စလက္ခဏဝတ္ထု ... ... ... ၃၃၇
၃-ဒုက္ခလက္ခဏဝတ္ထု ... ... ... ၃၃၈
၄-အနတ္တလက္ခဏဝတ္ထု ... ... ... ၃၃၉
၅-ပဓာနကမ္မိကတိဿတ္ထေရဝတ္ထု ... ... ... ၃၄၀
၆-သူကရပေတဝတ္ထု ... ... ... ၃၄၁
၇-ပေါဋ္ဌိလတ္ထေရဝတ္ထု ... ... ... ၃၄၂
၈-ပဉ္စမဟလ္လကတ္ထေရဝတ္ထု ... ... ... ၃၄၄
၉-သုဝဏ္ဏကာရတ္ထေရဝတ္ထု ... ... ... ၃၄၆
၁၀-မဟာဓနဝါဏိဇဝတ္ထု ... ... ... ၃၄၇
၁၁-ကိသာဂေါတမီဝတ္ထု ... ... ... ၃၄၈
၁၂-ပဋာစာရာဝတ္ထု ... ... ... ၃၄၉

၂၁-ပကိဏ္ဏကဝဂ္ဂ

၁-အတ္တနောပုဗ္ဗကမ္မဝတ္ထု ... ... ... ၃၅၀
၂-ကုက္ကုဋအဏ္ဍခါဒိကာဝတ္ထု ... ... ... ၃၅၁

၃–ဘဒ္ဒိယဘိက္ခုဝတ္ထု ........ ........ ........ ၃၅၂
၄–လကုဏ္ဋကဘဒ္ဒိယတ္ထေရဝတ္ထု ........ ........ ........ ၃၅၄
၅–ဒါရုသာကဋိကပုတ္တဝတ္ထု ........ ........ ........ ၃၅၆
၆–ဝဇ္ဇိပုတ္တကဘိက္ခုဝတ္ထု ........ ........ ........ ၃၅၉
၇–စိတ္တဂဟပတိဝတ္ထု ........ ........ ........ ၃၆၀
၈–စူဠသုဘဒ္ဒါဝတ္ထု ........ ........ ........ ၃၆၁
၉–ဧကဝိဟာရိတ္ထေရဝတ္ထု ........ ........ ........ ၃၆၂

## ၂၂–နိရယဝဂ္ဂ

၁–သုန္ဒရိပရိဗ္ဗာဇိကာဝတ္ထု ........ ........ ........ ၃၆၃
၂–ဒုစ္စရိတဖလပီဠိတဝတ္ထု ........ ........ ........ ၃၆၄
၃–ဝဂ္ဂုမုဒါတီရိယဘိက္ခုဝတ္ထု ........ ........ ........ ၃၆၅
၄–ခေမကသေဋ္ဌိပုတ္တဝတ္ထု ........ ........ ........ ၃၆၇
၅–ဒုဗ္ဗစဘိက္ခုဝတ္ထု ........ ........ ........ ၃၆၈
၆–ဣဿာပကတိတ္ထိဝတ္ထု ........ ........ ........ ၃၇၁
၇–သမ္ဗဟုလဘိက္ခုဝတ္ထု ........ ........ ........ ၃၇၂
၈–နိဂဏ္ဌဝတ္ထု ........ ........ ........ ၃၇၃
၉–တိတ္ထိယသာဝကဝတ္ထု ........ ........ ........ ၃၇၅

## ၂၃–နာဂဝဂ္ဂ

၁–အတ္တဒဏ္ဍဝတ္ထု ........ ........ ........ ၃၇၆
၂–ဟတ္ထာစရိယပုဗ္ဗကဘိက္ခုဝတ္ထု ........ ........ ........ ၃၇၉
၃–ပရိဇိဏ္ဏဗြာဟ္မဏပုတ္တဝတ္ထု ........ ........ ........ ၃၈၀
၄–ပသေနဒိကောသလဝတ္ထု ........ ........ ........ ၃၈၁
၅–သာနုသာမဏေရဝတ္ထု ........ ........ ........ ၃၈၂
၆–ပါဝေယျကဟတ္ထိဝတ္ထု ........ ........ ........ ၃၈၄
၇–သမ္ဗဟုလဘိက္ခုဝတ္ထု ........ ........ ........ ၃၈၅
၈–မာရဝတ္ထု ........ ........ ........ ၃၈၈

## ၂၄–တဏှာဝဂ္ဂ

၁–ကပိလမစ္ဆဝတ္ထု ........ ........ ........ ၃၉၁
၂–သူကရပေါတိကာဝတ္ထု ........ ........ ........ ၃၉၅
၃–ဝိဗ္ဘန္တကဘိက္ခုဝတ္ထု ........ ........ ........ ၄၀၁
၄–ဗန္ဓနာဂါရဝတ္ထု ........ ........ ........ ၄၀၂
၅–ခေမာထေရီဝတ္ထု ........ ........ ........ ၄၀၄

၆–ဥဂ္ဂသေနဝတ္ထု ...... ...... ...... ၄၀၅
၇–ရုဉ္စနဂ္ဂဟပဏ္ဍိတဝတ္ထု ...... ...... ...... ၄၀၆
၈–မာရဝတ္ထု ...... ...... ...... ၄၀၈
၉–ဥပကာဇိဝကဝတ္ထု ...... ...... ...... ၄၁၁
၁၀–သက္ကပဥ္စဝတ္ထု ...... ...... ...... ၄၁၃
၁၁–အပုတ္တကသေဋ္ဌိဝတ္ထု ...... ...... ...... ၄၁၄
၁၂–အင်္ကုရဝတ္ထု ...... ...... ...... ၄၁၅

## ၂၅–ဘိက္ခုဝဂ္ဂ

၁–ပဥ္စဘိက္ခုဝတ္ထု ...... ...... ...... ၄၁၇
၂–ဟံသဃာတကဘိက္ခုဝတ္ထု ...... ...... ...... ၄၁၉
၃–ကောကာလိကဝတ္ထု ...... ...... ...... ၄၂၀
၄–ဓမ္မာရာမတ္ထေရဝတ္ထု ...... ...... ...... ၄၂၁
၅–ဝိပက္ခသေဝကဘိက္ခုဝတ္ထု ...... ...... ...... ၄၂၂
၆–ပဉ္စဂ္ဂဒါယကဗြာဟ္မဏဝတ္ထု ...... ...... ...... ၄၂၄
၇–သမ္ဗဟုလဘိက္ခုဝတ္ထု ...... ...... ...... ၄၂၅
၈–ပဉ္စသတဘိက္ခုဝတ္ထု ...... ...... ...... ၄၃၃
၉–သန္တကာယတ္ထေရဝတ္ထု ...... ...... ...... ၄၃၄
၁၀–နင်္ဂလကုလတ္ထေရဝတ္ထု ...... ...... ...... ၄၃၅
၁၁–ဝက္ကလိတ္ထေရဝတ္ထု ...... ...... ...... ၄၃၇
၁၂–သုမနသာမဏေရဝတ္ထု ...... ...... ...... ၄၃၈

## ၂၆–ဗြာဟ္မဏဝဂ္ဂ

၁–ပသာဒဗဟုလဗြာဟ္မဏဝတ္ထု ...... ...... ...... ၄၃၉
၂–သမ္ဗဟုလဘိက္ခုဝတ္ထု ...... ...... ...... ၄၄၀
၃–မာရဝတ္ထု ...... ...... ...... ၄၄၀
၄–အညတရဗြာဟ္မဏဝတ္ထု ...... ...... ...... ၄၄၁
၅–အာနန္ဒတ္ထေရဝတ္ထု ...... ...... ...... ၄၄၂
၆–အညတရဗြာဟ္မဏပဗ္ဗဇိတဝတ္ထု ...... ...... ...... ၄၄၃
၇–သာရိပုတ္တတ္ထေရဝတ္ထု ...... ...... ...... ၄၄၄
၈–မဟာပဇာပတိဂေါတမီဝတ္ထု ...... ...... ...... ၄၄၆
၉–သာရိပုတ္တတ္ထေရဝတ္ထု ...... ...... ...... ၄၄၇
၁၀–ဇင္ဃိလဗြာဟ္မဏဝတ္ထု ...... ...... ...... ၄၄၈
၁၁–ကုဟကဗြာဟ္မဏဝတ္ထု ...... ...... ...... ၄၄၉

| | | | | |
|---|---|---|---|---|
| ၁၂–ကိသာဂေါတမီဝတ္ထု | ......... | ......... | ......... | ၄၅၀ |
| ၁၃–ကေဗြာဟ္မဏဝတ္ထု | ......... | ......... | ......... | ၄၅၁ |
| ၁၄–ဥဂ္ဂသေနသေဋ္ဌိပုတ္တဝတ္ထု | ......... | ......... | ......... | ၄၅၂ |
| ၁၅–ဒွေဗြာဟ္မဏဝတ္ထု | ......... | ......... | ......... | ၄၅၃ |
| ၁၆–အက္ကောသကဘာရဒွါဇဝတ္ထု | ......... | ......... | ......... | ၄၅၄ |
| ၁၇–သာရိပုတ္တတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၅၅ |
| ၁၈–ဥပ္ပလဝဏ္ဏာထေရီဝတ္ထု | ......... | ......... | ......... | ၄၅၆ |
| ၁၉–အညတရဗြာဟ္မဏဝတ္ထု | ......... | ......... | ......... | ၄၅၇ |
| ၂၀–ခေမာဘိက္ခုနီဝတ္ထု | ......... | ......... | ......... | ၄၅၈ |
| ၂၁–ပဗ္ဘာရဝါသီတိဿတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၅၉ |
| ၂၂–အညတရဘိက္ခုဝတ္ထု | ......... | ......... | ......... | ၄၆၀ |
| ၂၃–သာမဏေရာနံ ဝတ္ထု | ......... | ......... | ......... | ၄၆၁ |
| ၂၄–မဟာပန္ထကတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၆၁ |
| ၂၅–ပိလိန္ဒဝစ္ဆတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၆၂ |
| ၂၆–အညတရတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၆၃ |
| ၂၇–သာရိပုတ္တတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၆၄ |
| ၂၈–မဟာမောဂ္ဂလ္လာနတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၆၄ |
| ၂၉–ရေဝတတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၆၆ |
| ၃၀–စန္ဒာဘတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၆၆ |
| ၃၁–သီဝလိတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၆၇ |
| ၃၂–သုန္ဒရသမုဒ္ဒတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၆၉ |
| ၃၃–ဇဋိလတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၆၉ |
| ၃၄–ဇောတိကတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၇၀ |
| ၃၅–နဋပုတ္တကတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၇၀ |
| ၃၆–နဋပုတ္တကတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၇၁ |
| ၃၇–ဝင်္ဂီသတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၇၂ |
| ၃၈–ဓမ္မဒိန္နတ္ထေရီဝတ္ထု | ......... | ......... | ......... | ၄၇၃ |
| ၃၉–အင်္ဂုလိမာလတ္ထေရဝတ္ထု | ......... | ......... | ......... | ၄၇၄ |
| ၄၀–ဒေဝဟိတဗြာဟ္မဏဝတ္ထု | ......... | ......... | ......... | ၄၇၅ |
| ပဒဝိဘာဂ အက္ခရာစဉ် | ......... | ......... | ......... | ၄၇၇ |


**မာတိကာ ပြီးပြီ။**

# ဓမ္မပဒပန်းကုံး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁–ယမကဝဂ္ဂ

### ၁– စက္ခုပါလတ္ထေရဝတ္ထု

၁။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ , မနောသေဋ္ဌာ မနောမယာ၊
မနသာ စေ ပဒုဋ္ဌေန , ဘာသတိ ဝါ ကရောတိ ဝါ၊
တတော နံ ဒုက္ခမန္ဝေတိ , စက္ကံဝ ဝဟတော ပဒံ။

**အနက်** ဓမ္မာ–စေတသိက်ခန္ဓာတရား, သုံးပါးတို့သည်၊ မနောပုဗ္ဗင်္ဂမာ–စိတ်ဟူသော ရှေ့သွားခေါင်းဆောင် ရှိကုန်၏၊ မနောသေဋ္ဌာ–စိတ်ဟူသော အမြတ်ရှိကုန်၏၊ မနောမယာ–စိတ်ကြောင့် ပြီးစီးရကုန်၏၊ ပဒုဋ္ဌေန–အဘိဇ္ဈာစသော အပြစ်များက ဖျက်ဆီးအပ်သော၊ ဝါ–အဘိဇ္ဈာစသား, အပြစ်များကြောင့် ပျက်စီးနေသော၊ မနသာ–စိတ်ဖြင့်၊

---

### ၁–ပဒဝိဘာဂ

**မနောပုဗ္ဗင်္ဂမာ=** [မန+ပုဗ္ဗင်္ဂမ] မနော ပုဗ္ဗင်္ဂမော ဧတေသန္တိ–မနောပုဗ္ဗင်္ဂမာ=ဓမ္မာ၊ စိတ်ဟူသော ရှေ့သွားခေါင်းဆောင်ရှိသောတရားတို့၊ မန+ပုဗ္ဗင်္ဂမ–ဟု ပကတိပြုပြီးလျှင် ကစ္စည်း၊ ၁၈၃–ဧတေသမောလောပေသုတ်ဖြင့် မနအဆုံး အ–ကို ဩ–ပြု။

**မန=** [√မန+အ] မနတိ ဇာနာတီတိ–သိတတ်သောကြောင့်၊ မနော၊ စိတ်၊ စိတ်အကုန်လုံးကို ရသော်လည်း အရာဌာနအားလျော်စွာ ဤ၌ ဒေါသမူစိတ်ကိုသာယူပါ၊ ပု+န။ မနောဂိုဏ်း၊ မန=(ဘူ+ဒိ) ဉာဏေ–သိခြင်း၌၊ (မနတိ၊ မညတိ။)

**ပုဗ္ဗင်္ဂမ=** [ပုဗ္ဗ √ဂမု+အ] ပုဗ္ဗံ ဂစ္ဆတီတိ–ရှေးဦးစွာ ဖြစ်တတ်သောကြောင့်၊ ပုဗ္ဗင်္ဂမော=မနော၊ အံ–ဝိဘတ်မကျေ၊ ရှေ့သွားခေါင်းဆောင်၊ ဂမု=(ဘူ) ဂတိယံ–သွားခြင်း၌၊ (ဂစ္ဆတိ၊ ဂမတိ၊ ဃမ္မတိ ။)

ပုဗ္ဗံ ဂစ္ဆတိ ပဝတ္တတီတိ–ပုဗ္ဗင်္ဂမော၊ ပုဗ္ဗံ ပုဗ္ဗေ ပဓာနဘာဝေါ ဝါ ဂစ္ဆတိ ပဝတ္တတီတိ–ပုဗ္ဗင်္ဂမော၊ ပုဗ္ဗံ ပုဗ္ဗဘာဝေန ပဓာနဘာဝေနဝါ ဂစ္ဆတိ ပဝတ္တတီတိ–ပုဗ္ဗင်္ဂမော၊ ဓံ–မဟာဋီ၊ ၁၄။

**ပုဗ္ဗ=** [√ပုဗ္ဗ+အ] ပြည့်၊ ရှေးဦး၊ အစ၊ ပဓာန။ ပု။ ပုဗ္ဗ=(ဘူ) ပူရဏေ–ပြည့်စေခြင်း၌၊ (ပုဗ္ဗတိ ။)

စေဘာသတိ ဝါ-အကယ်၍မူလည်း ပြောဆိုအံ့၊ စေကရောတိ ဝါ-အကယ်၍မူလည်း ပြုလုပ်အံ့၊ တတော-ထိုသို့ ပြောဆိုပြုလုပ်ခြင်းကြောင့်၊ နံ-ထိုပုဂ္ဂိုလ်သို့၊ ဒုက္ခံ-ဆင်းရဲသည်၊ အနွေတိ-အစဉ်လိုက်၏၊ (ကိမိဝ-အဘယ်ကဲ့သို့နည်းဟူမူကား၊) ဝဟတော-ဝန်ဆောင်နွားလား၏၊ ပဒံ-ခြေရာသို့၊ စက္ကံ-လှည်းဘီးသည်၊ အနွေတိဣဝ-အစဉ်လိုက်သကဲ့သို့တည်း။

---

**ဓမ္မာ=** [ √ ဓရ+ရမ္မ ] ဓရတိ ဓေတနာတိ-ဓမ္မော၊ သဘော။ ကစ္စည်း၊ ၅၃၁။ အပါယေသု ပတမာနေ အဓိဂတမဂ္ဂါဒိကေ သတ္တေ ဓာရေတီတိ-ဓမ္မော၊ မဂ် ဖိုလ်။ ဓရန္တိ တေနာတိ ဝါ-ဓမ္မော၊ သဘောလက္ခဏာ။ သလက္ခဏံ ဓာရေတီတိ ဝါ-ဓမ္မော၊ သဘောလက္ခဏာရှိသော တရား။ ပစ္စယေဟိ ဓရီယတေတိ ဝါ-ဓမ္မော၊ သဘာဝဝန္တဓမ္မ။ ရူ၊ ၅၈၉။

[ √ဓရ+မ ] ဓာတွန် ရ-ကို ပရရုပ် မ-ပြု၊ အတ္တာနံ ဓာရေန္တေ အပါယေ ဝဋ္ဋဒုက္ခေစ အပတမာနေ ကတ္វာ ဓာရေတီတိ-ဓမ္မော= ပရိယတ္တျာဒိ၊ ပရိယတ်-စသည်။ မောဂ်-၇၊ ၁၃၆။ ဤဓမ္မာ ကား စေတသိက်ခန္ဓာ ၃-ပါးကိုသာယူ။ ဓရ=(ဘူ+စု) ဓာရဏော-ဆောင်ခြင်း၌၊ (ဓရတိ၊ ဓာရေတိ၊ ဓာရယတိ ။)

**မနောသေဋ္ဌာ=** [မန+သေဋ္ဌ] မနော သေဋ္ဌော ဧတေသန္တိ-မနောသေဋ္ဌာ=ဓမ္မာ၊ စိတ်ဟူသော အမြတ်၊ (ပဓာန)ရှိသောတရားတို့။

**သေဋ္ဌ=** [ပသတ္ထ+ဣဋ္ဌ] ကစ္စည်း၊ ၂၆၃။ ရူ၊ ၃၉၂။ အတိသယေန ပသတ္ထော၊ မောဂ်-ပဉ္စိကာ-၄၊ ၁၃၆။ အယမေတေသံ အတိသယေန ပသတ္ထောတိ-သေဋ္ဌော။ သူစိ။ ဣယိဋ္ဌေသု ပသတ္ထဿ ဝုမ္ဘဿ စ သော၊ သေယျော သေဋ္ဌော စ၊ ကွစာသဝဏ္ဏံ လုတ္တေတိ ဣဿေ၊ ဓာန်-ဋီ၊ ၆၉၅။ အလွန်ချီးမွမ်းအပ်သည်၊ မြတ်သည်၊ ပြဋ္ဌာန်းသည်။

**ပသတ္ထ=** [ပ √သံသ+တ] ပသံသိယိတ္ထာတိ-ချီးမွမ်းအပ်သောကြောင့်၊ ပသတ္ထော။ သူစိ။ သံသ=(ဘူ) ကထန ထုတိ ဟိံသာသု-ပြောဆိုခြင်း, ချီးမွမ်းခြင်း, ညှဉ်းဆဲခြင်းတို့၌၊ (သံသတိ ။)

[ပ √သံသ+ထ] ပသံသနံ ပသံသီယိတ္ထာတိဝါ-ပသတ္ထံ၊ ချီးမွမ်းခြင်း၊ ချီးမွမ်းအပ်သော၊ မောဂ်-၅၊ ၁၄၄၊ ပဉ္စိကာ။

[ပ √သဋ္ဌ+တ] ပသဋ္ဌယိတ္ထာတိ-ချီးမွမ်းအပ်သောကြောင့်၊ ပသတ္ထော၊ သဋ္ဌ=(ဘူ+စု) ကေတဝ သိလာဃာလသျ သင်္ခါရ ဂတိ အသမ္ဘာဘာသနေသု-စဉ်းလဲ လှည့်ပတ်ခြင်း, ချီးမွမ်းခြင်း, ပျင်းရိထိုင်းမှိုင်းခြင်း, ပြုပြင်ခြင်း, သွားခြင်း, အဖြောင့်အမှန် ကောင်းမွန်စွာ မဆိုခြင်းတို့၌၊ (သဋ္ဌတိ၊ သဋ္ဌေတိ၊ သဋ္ဌယတိ ။)

**မနောမယာ=** [မန+မယ] မနတော နိပ္ဖန္နာ-မနောမယာ= ဓမ္မာ၊ စိတ်ကြောင့်ပြီးရသော တရားတို့၊ စေတသိက်ခန္ဓာ ၃-ပါးပင်။

**မနသာ=** မနသဒ္ဒါတည်၊ နာ-သက်၊ နာ-ကို အာ-ပြု၊ သ-လာ၍ မနသာဟု ဖြစ်သည်၊ ဒေါသမူစိတ်ကို ယူပါ။

**စေ=** သံသယတ္ထေ စ နိပါတော, စေကာရောတိ ပကိတ္တိတော။ နိပါတ် စေသဒ္ဒါသည် သံသယ အနက်၌ ဖြစ်၏၊ ဧကက္ခရကောသ။

စေ သစေ ယဒိတိ တယောယချေတ္တေ။ စေ, သစေ, ယဒိ သဒ္ဒါ ၃-ခုတို့သည် အကယ်၍ ဟူသောအနက်၌ ဖြစ်၏၊ ဓာန်-ဋီ၊ ၁၁၄၇။

**မြန်မာပြန်** ဝေဒနာ, သညာ, သင်္ခါရဟူသော စေတသိက်ခန္ဓာတို့သည် စိတ်ဟူသော ရှေ့သွားခေါင်းဆောင် ရှိကြ၏၊ စိတ်ဟူသော အကြီးအမြတ် ရှိကြ၏ စိတ်ကြောင့်ဖြစ်ကြရ၏၊ အဘိဇ္ဈာစသော အပြစ်တို့ကြောင့် ပျက်စီးနေသော မကောင်း စိတ်ဖြင့် ပြောဆိုပြုလုပ်ပါလျှင် ထိုသူ့နောက်သို့ ဒုက္ခသည် (အခွင့်သာလျှင် ဖြစ်ဖို့ရာ) အစဉ်တစိုက် လိုက်ပါနေ၏၊ ဥပမာအားဖြင့် ဝန်ဆောင်နွားလား၏နောက်သို့ လှည်းဘီး လိုက်ပါနေသကဲ့သို့ပင် ဖြစ်ပေသည်။

---

စေယဒိက္ကစ္စေတေ သင်္ကာဝဝတ္ထာနေ၊ ယုံမှားခြင်း, မှတ်သားပိုင်းခြားခြင်း၌။ နီတိ-သုတ္တ-နှာ၊ ၃၈၈။

**ပဒုဋ္ဌေန**= [ပ √ဒူသ+တ] ဒေါသေဟိ ပဒူသိယတေတိ-အပြစ်တို့က ဖျက်ဆီးအပ်သောကြောင့်၊ ပဒုဋ္ဌော= မနော။ ဒူသ=(စု) နာသေ-ဖျက်ဆီးခြင်း၌၊ (ဒူသေတိ၊ ဒူသယတိ။)

[ပ √ဒုသ+တ] ဒေါသေဟိ ပဒုဿတီတိ-အပြစ်တို့ကြောင့် ပျက်စီးတတ်သောကြောင့်၊ ပဒုဋ္ဌော= မနော။ ဒုသ=(ဒိ) အပ္ပီတိ ဝိကတေသု-မုန်းခြင်း, ဖောက်ပြန်ပျက်စီးခြင်းတို့၌၊ (ဒုဿတိ။)

**ဘာသတိ**= [√ဘာသ+အ+တိ] ပြောဆို၏၊ ဤ၌ ဝစီဒုစ္စရိုက်ကို ယူပါ၊ ဘာသ=(ဘူ) ဝိယတ္တိယံ ဝါစာယံ-ပီပြင်သောစကား၌၊ (ဘာသတိ။)

**ဝါ**= သမုစ္စယေ စုပမာယံ , သံသယေ ပဒပူရဏေ၊
ဝဝတ္ထိတဝိဘာသာယံ , ဝါ ဝဿဂ္ဂေ ဝိကပ္ပနေ။

ဝါသဒ္ဒါသည် ပေါင်းစည်းခြင်း, ဥပမာ, ယုံမှားခြင်း, ပုဒ်ပြည့်ကာမျှ, ရုပ်အထူးကို ပိုင်းခြားခြင်း, ဆုံးဖြတ်ခြင်း, အထူးကြံခြင်းတို့၌ ဖြစ်၏၊ ဓာန်၊ ၁၁၉၀။ ဤ၌ ဝိကပ် အနက်ဖြစ်သည်။

**ကရောတိ**= [√ကရ+ဩ+တိ] ပြုလုပ်၏၊ ဤ၌ ဓာတ်အရ ကာယဒုစရိုက်ကို ယူပါ။ ကရ=(တ) ကရဏေ-ပြုခြင်း၌၊ (ကရောတိ၊ ကယိရတိ၊ ကုဗ္ဗတိ၊ ကြုဗ္ဗတိ၊ ကံ-၌ ကယိရတေ၊ ကရိယျတေ၊ ကယျတိ။) တတော နံ-တို့မှာ သိလွယ်ပါပြီ။

**ဒုက္ခံ**= [√ဒုက္ခ+အ] ဒုက္ခယတီတိ-ဆင်းရဲစေတတ်သောကြောင့်၊ ဒုက္ခံ၊ ယဿုပ္ပန္နတိ၊ တံ ဒုက္ခိတံ ကရောတီတိ အတ္ထော။ ဒုက္ခ=(ဘူ) ဒုက္ခနေ-ဆင်းရဲခြင်း၌၊ (ဒုက္ခတိ။) ကာရိတ်၌ (ဒုက္ခေတိ၊ ဒုက္ခယတိ၊ ဒုက္ခာပေတိ၊ ဒုက္ခာပယတိ။)

[ဒု √ခါဒ+ကွိ] ဒုဋ္ဌု သုခံ ခါဒတီတိပိ-ဆိုးဆိုးဝါးဝါး ချမ်းသာကို ခဲစားတတ်သောကြောင့်လည်း၊ ဒုက္ခံ။ ခါဒ=(ဘူ) ဘက္ခဏေ-ခဲစားခြင်း၌၊ (ခါဒတိ။)

[ဒု √ခနု+ကွိ] ဒုဋ္ဌု သုခံ ခနတီတိပိ-ဆိုးဆိုးဝါးဝါး ချမ်းသာကို တူးဖြိုပစ်တတ်သောကြောင့်လည်း၊ ဒုက္ခံ။ ခနု=(ဘူ) အဝဒါရဏေ-တူးဖြိုဖောက်ခွဲခြင်း၌၊ (ခနတိ။)

ဒုက္ခဓာတုဝသာ စာပိ , ဒုပုဗ္ဗခါဒတောပိ ဝါ၊
ဒုပုဗ္ဗ ခနတော ဝါပိ , ဒုက္ခသဒ္ဒဂတိံ ဝဒေ။

[ဒွိ √ခနု+ကွိ] အထဝါ= ဒွိဓာ သုခံ ခနတီတိပိ-နှစ်ပါးအပြားအားဖြင့် ချမ်းသာကို တူးဖြိုပစ်တတ်သောကြောင့်လည်း ဒုက္ခံ၊ နီတိ-ဓာ၊ ၃၇၀။

(လင်္ကာ) လောကီဆိုင်ရာ, နာမ်ခန္ဓာကား, စိတ်သာရှေ့သွား, စိတ်ကားအကြီး, စိတ်ကြောင့်ပြီး၏၊ ဖျက်ဆီးလိုလား, လွန်ဆိုးဝါးသည့်, စိတ်ထားဖြင့်ပင်, မာန်ဝင်ပြောကြား, ပြုလုပ်မှားလျှင်, သို့ပြောကြားမှု, ပြုလုပ်မှုကြောင့်, ထိုသူ့နောက်မှာ, မကွာဆင်းရဲ, လိုက်ပါမြဲတည်း၊ လှည်းဆွဲရုန်းသွား, နွား၏နောက်မှာ, ဘီးလိုက်ပါသည့်, ပမာထပ်တူ ထပ်မျှတည်း။

---

[ဒု+ခ] သမာသပဒဝသေန ဒုက္ခရဲ့ ခမသာတိ-ဒုက္ခံ၊ အဿ-ထိုဆင်းရဲ၏၊ ဒုက္ခရဲ-ခဲယဉ်းသော၊ ခံ-အခွင့်ပေးခြင်းသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ ဒုက္ခံ။ နီတိ-ဓာ၊ ၁၁၃။ ကာယိကဒုက္ခ, စေတသိကဒုက္ခတည်း။

ဒု= ဒုကုစ္ဆိတေ သဒ္ဒေတ္ထသု , ဝိရူပတ္ထေပျ' သောဘနေ၊
သိယာ' ဘာဝါသမိဒ္ဓိသု , ကိစ္ဆေစာ' နန္ဒနာဒိကေ။

ဒုသဒ္ဒါသည် စက်ဆုပ်ခြင်း, စဉ်းငယ်, အဆင်းမလှခြင်း, မတင့်တယ်ခြင်း, မရှိခြင်း, မပြည့်စုံခြင်း, ငြိုငြင်ခြင်း, မနှစ်သက်ခြင်း-စသောအနက်၌ ဖြစ်၏။ ဓာန်၊ ၁၁၆၇။ ဤ၌ ကိစ္ဆ-ငြိုငြင်ဆင်းရဲခြင်းအနက်၌ ဖြစ်၏။

ခံ= [ √ခဏ+ကွိ ] ခဏတိ ဗျဝဓာနန္တိ-ခြားဆီး ကွယ်ကာခြင်းကို ဖျက်ဆီးတတ်သောကြောင့်၊ ခံ။ သုစိ။ ခဏ+ခဏု=(ဘူ+တ) အဝဒါရဏေ-တူးဖြိုဖောက်ခွဲခြင်း၌၊ (ခဏတိ၊ ခဏောတိ၊ ခဏုတေ။)

ခမိန္ဒြိယေ သုခေ သဂ္ဂေ , သုညာကာသေ စ ဝိဝရေ၊
နိဂ္ဂဟိတန္တ ပဏ္ဏာက , လိင်္ဂ ခန္တိ ပဒံ မတံ။ (ကေကွရကောသ။)

ခံသဒ္ဒါသည် ဣန္ဒြေ, ချမ်းသာ, နတ်ပြည်, ကင်းဆိတ်ခြင်း, ကောင်းကင်, အကြားအပေါက် ဤအနက်ခြောက်ပါး၌ ဖြစ်၏၊ ဤခံ-ဟူသောပုဒ်ကို နိဂ္ဂဟိတ်အဆုံးရှိသော နပုံလိင်ဟု မှတ်သင့်၏။

အန္ဝေတိ= [အနု √ဣ+အ+တိ] အစဉ်တစိုက် လိုက်၏၊ ဣ=(ဘူ) ဂတိယံ-သွားခြင်း၌၊ (ဧတိ၊ ဧတိ၊ အယတိ။)

ယေ ဂတျတ္ထာ တေ ဗုဒ္ဓျတ္ထာ , ပဝတ္တိ ပါပုဏတ္ထကာ၊ (ဓာတွတ္ထ။)

ဆောင်။ ။ ဓာတ်နက်ဂတိ, ညွှန်းဆိုရှိက, သိဖြစ်ရောက်ခြင်း, လျော်ရာသွင်း, ရှင်းလင်း ယူကြရာ။

စက္ကံ= [ √စက္က+အ ] စက္ကတိ အပရာပရံ ပရိဝတ္တတီတိ-အဆက်မပြတ် လည်တတ်သောကြောင့်၊ စက္ကံ။ အံ-ဋီ-၁၊ ၁၄၀။ စက္ကေတိ ဗျဓတိ ဟိံသတီတိ-ညှဉ်းဆဲတတ်သောကြောင့်၊ စက္ကံ။ ဓာတွတ္ထ။ လှည်းဘီး။ နေ။ စက္က=(စု) ဗျဓနေ-ညှဉ်းဆဲခြင်း၌၊ (ဖျက်ဆီးခြင်း၌။) (စက္ကေတိ၊ စက္ကယတိ။)

ဝဟ= [ √ဝဟ+ကွန် ] ကောတ္ထုဘာ။ က်-နှင့် န်-တို့မှာ အနုဗန်မျှသာ၊ ဝဟသဒ္ဒေါ ဥပမတ္ထ

## ၂-မဋ္ဌကုဏ္ဍလီဝတ္ထု

၂။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ , မနောသေဋ္ဌာ မနောမယာ၊
မနသာ စေ ပသန္နေန , ဘာသတိ ဝါ ကရောတိ ဝါ၊
တတော နံ သုခမနွေတိ , ဆာယာဝ အနပါယိနီ။

**အနက်** ဓမ္မာ-စေတသိက်ခန္ဓာတရား သုံးပါးတို့သည်၊ မနောပုဗ္ဗင်္ဂမာ-စိတ်ဟူသော ရှေ့သွားခေါင်းဆောင်ရှိကုန်၏၊ မနောသေဋ္ဌာ-စိတ်ဟူသော အမြတ်ရှိကုန်၏၊ မနောမယာ-စိတ်ကြောင့်ပြီးစီးရကုန်၏၊ ပသန္နေန-အနဘိဇ္ဈာအစရှိသော ဂုဏ်တို့ကြောင့် ကြည်လင်သော၊ မနသာ-စိတ်ဖြင့်၊ စေဘာသတိဝါ-အကယ်၍မူလည်း ပြောဆိုအံ့၊ စေ ကရောတိဝါ-အကယ်မူလည်း ပြုလုပ်အံ့၊ တတော-ထိုသို့ ပြောဆိုပြုလုပ်ခြင်းကြောင့်၊ နံ-ထိုပုဂ္ဂိုလ်သို့၊ သုခံ-ချမ်းသာသည်၊ အနွေတိ-အစဉ်တစိုက်လိုက်၏၊ (ကာဝိယ-အဘယ် ကဲ့သို့နည်းဟူမူကား၊) အနပါယိနီ-အစဉ်လိုက်ခြင်းရှိသော၊ ဆာယာဣဝ-အရိပ်ကဲ့သို့တည်း။

---

ဇောတကော။ ပါစိတ်-ယော၊ ၅၈၈။ ဣဝါတိ-ဩပမ္မဝစနံ၊ ဣကာရဿ လောပံ ကတွာဝ-ဣစ္စေဝ ဝုတ္တံ။ သုတ္တနိ-၄-၁၊ ၁၁။

ယထာ တထာ ယထေဝ တထေဝ ဧဝံ ဧဝမေဝ ဧဝမ္ပိ ယထာပိ သေယျထာပိ သေယျထာပိ နာမ ဝိယ ဣဝ ယထရိဝ တထရိဝဣစ္စေဝတော ပဋိဘာဂတ္ထေ၊ နီတိ-သုတ္တ၊ ၃၈၄။

သဗ္ဗနာမေသုစ တုမန္တာဒိဝိရဟိတေသု စ နိပါတေသု ဥပသဂ္ဂေသု စ ဓာတုစိန္တာနာမ နတ္ထိ။ နီတိ-ဓာ၊ ၁၂၄။ ဤသို့ပင်အဆိုရှိသော်လည်း အချို့ပုဒ်များကို သက္ကတအဘိဓာန်မှ ယူ၍ ဉာဏာဝမနအလို့ငှာ ဓာတုပစ္စယဝိဘာဂ ပြုထားပါသည်။

**ဝဟတော=** [ √ဝဟ+အန္တ ] ဝဟတီတိ-ဝန်ကိုဆောင်တတ်သောကြောင့်၊ ဝဟန္တော=ဂေါဏော၊ ဝန်ဆောင်နွား။ ဂစ္ဆန္တာဒိဂိုဏ်း၊ ဝဟ=( ဘူ ) ပါပုဏနေ-ရောက်စေခြင်း၌၊ ဝုဒ္ဓိယံစ- ကြီးပွားခြင်း၌လည်း၊ (ဝဟတိ။)

**ပဒံ=** [ √ပဒ+အ ] ပဇ္ဇတိ ဧတေနာတိ-သွားကြောင်းဖြစ်သောကြောင့်၊ ပဒေါ၊ ခြေ၊ ခြေရာ။ ပု။ မနောဂိုဏ်း။ ပဒ=(ဒိ+စု ) ဂတိယံ-သွားခြင်း၌၊ (ပဇ္ဇတိ၊ ပဒေတိ၊ ပဒယတိ။)

### ၂-ပဒဝိဘာဂ

**မနောပုဗ္ဗင်္ဂမာ=** ဤ၌ မနအရ ဝတ္ထုကြောင်းအားလျော်စွာ ကာမာဝစရကုသိုလ်စိတ် ရှစ်ပါးသာ ရသင့်သည်၊ ထိုတွင်လည်း သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် (အသင်္ခါရိက) စိတ်ကိုသာ ယူသင့်သည်။

**ပသန္နေန=** [ ပ √သဒ+တ ] ပသီဒတီတိ-ကြည်လင်ခဲ့သောကြောင့်၊ ပသန္နော=မနော၊ ရူ၊ ၆၃၁။ သဒ=( ဘူ ) ဝိသရဏဂတျာဝသာဒနေသု-ညှဉ်းဆဲခြင်း, သွားခြင်း, နစ်မြုပ်ခြင်းတို့၌၊ ပပုဗ္ဗော-ပရှေးရှိမူ၊ နိမ္မလေ-ကြည်လင်သန့်ရှင်း ညစ်ကြေးကင်းခြင်း၌၊ (သီဒတိ၊ ပသီဒတိ။)

**မြန်မာပြန်** ဝေဒနာ, သညာ, သင်္ခါရဟူသော စေတသိက်ခန္ဓာတို့သည် စိတ်ဟူသော ရှေ့သွားခေါင်းဆောင် ရှိကြ၏၊ စိတ်ဟူသော အကြီးအမြတ် ရှိကြ၏၊ စိတ်ကြောင့်ဖြစ်ကြရ၏၊ (အနဘိဇ္ဈာစသည်တို့ကြောင့်) ကြည်လင်နေသော စိတ်ကောင်းဖြင့် ပြောဆိုပြုလုပ်ပါလျှင် ခရီးသွားသူနောက်သို့ အရိပ်သည် လိုက်ပါနေသကဲ့သို့ ထိုသူ့နောက်သို့ သုခသည် အစဉ်လိုက်ပါနေတော့၏။

---

နီတိ-ဓာ၊ ၉၅-၌ကား သီဒ ဝိသရဏ ဂတျာဝသာနေသု၊ ဝိသရဏံ ဝိပ္ပရဏံ၊ ဂတျာဝသာနံ ဂမနဿ အဝသာနံ ဩသာနံ အဘာဝကရဏံ၊ နိသီဒနန္တိ အတ္ထော၊ သီဒတိ၊ လာဗုု နိသီဒန္တိ၊ သံသီဒတိ၊ ဩသီဒတိ၊ ပသီဒတိ၊ ဝိပ္ပသီဒတိ၊ ပသာဒေါ၊ ပသန္နော-စသည်ဖြင့် ပြဆိုထားသည်၊ စဉ်းစားဆင်ခြင်ပါ။

**ဘာသတိဝါ ကရောတိဝါ=** ဤ၌ ဘာသဓာတ်အရ ဝစီသုစရိုက်ကိုယူ၍ ကရဓာတ်၏အရ ကာယသုစရိုက်ကို ယူရမည်၊ ယင်းနှစ်ပုဒ်၌ပါသော ဝါသဒ္ဒါဖြင့် မနောသုစရိုက်ကို ယူသင့်သည်။

**တတော နံ=** ဤ၌ တတောအရ လောကီကုသိုလ် သတ္တရသကို ယူရမည်၊ ထို့ကြောင့် အဋ္ဌကထာ၌ ဣဓ တေဘူမိကမ္ပိ ကုသလံ အဓိပ္ပေတံ-ဟု မိန့်ဆိုထားသည်။

**သုခံ=** [ √သုခ+အ ] သုခီယတီတိ-ချမ်းသာစေတတ်သောကြောင့်၊ သုခံ၊ ယဿုပ္ပဇ္ဇတိ၊ တံ သုခိတံ ကရောတီတိ အတ္ထော၊ သုခ=( ဘူ+စု ) တံကြိယာယံ-ထိုချမ်းသာခြင်းကြိယာ၌ ထိုချမ်းသာခြင်းကို ပြုခြင်း၌၊ ( သုခတိ၊ သုခေတိ၊ သုခယတိ ။)

[သု √ခါဒ+ကွိ] သုဋ္ဌု ဒုက္ခံ ခါဒတီတိပိ-ကောင်းစွာ ဆင်းရဲကို ခဲစားတတ်သောကြောင့်လည်း၊ သုခံ။

[သု √ခနု+ကွိ ] သုဋ္ဌု ဒုက္ခံ ခနတီတိပိ-ကောင်းစွာ ဆင်းရဲကို တူးဖြိုဖျက်ဆီးတတ်သောကြောင့်လည်း၊ သုခံ။

> သုခဓာတုဝသာစာပိ , သုပုဗ္ဗခါဒတောပိဝါ၊
> သုပုဗ္ဗခနတောဝါပိ , သုခသဒ္ဒဂတိ ဝဒေ။ နီတိ-ဓာ၊ ၃၆၉။

[သု+ခ] သမာသပဒဝသေန သုကရံ ခမဿာတိ-လွယ်ကူသော ခွင့်ပေးခြင်း ရှိသောကြောင့်၊ သုခံ။ နီတိ-ဓာ၊ ၁၁၃။

သုခအရ လောကီဝိပါက် ကာယိကသုခ စေတသိကသုခကို ယူရသည်၊ ဥပေက္ခာပင် ဖြစ်သော်လည်း အချို့ဝိပါက်များကို စေတသိကသုခ၌သွင်းယူရသည်၊ စိတ္တာဒိဂိုဏ်း။

**ဆာယာ=** [ √ဆာ+ယ+အာ ] ဆေတိ ဆိန္ဒတိ ဒရထံ သံသယန္တိ- ပူပန်မှု, ယုံမှားမှုကို ပယ်ဖြတ်တတ်သောကြောင့်၊ ဆာယာ=ပဋိဗိမ္ဗ၊ အရိပ်၊ ရုပ်တု၊ မောဂ်-၇၊ ၁၄၀။ ကညာဒိဂိုဏ်း။ ဆာ=( ဘူ+ဒိ ) ဆာဒနေ-ဖုံးလွှမ်းခြင်း၌၊ ဆေဒနေစ-ဖြတ်ခြင်း၌လည်း၊ (ဆာတိ၊ ဆေတိ၊ ဆာယတိ။)

သက္ကတ၌ ဆော=(ဒိ) ဆေဒနေ-ဟုရှိသည်။ [ √ဆော+ယ+အာ ] အရိပ်၊ ကောတ္ထုဘာ။

(လက်ာ) လောကီဆိုင်ရာ, နာမ်ခန္ဓာကား, စိတ်သာရေ့သွား, စိတ်ကားအကြီး, စိတ်ဖန်တီး၏၊ ဖျက်ဆီးကင်းကွာ, သဒ္ဓါယိုဖိတ်, ကြည်လင်စိတ်ဖြင့်, မဆိတ်နှုတ်က, မြွက်ဟပြောကြား, ပြုလုပ်ထားလျှင်, ယင်းပြောကြားမှု, ပြုလုပ်မှုကြောင့်, ထိုသူ့နောက်မှာ, ရိပ်ပမာသို့, ချမ်းသာမပြတ်, လိုက်ပါတတ်၏။

## ၃-တိဿတ္ထေရဝတ္ထု

၃။ အက္ကောစ္ဆိ မံ အဝဓိ မံ , အဇိနိ မံ အဟာသိ မေ၊
ယေ စ တံ ဥပနယှန္တိ , ဝေရံ တေသံ န သမ္မတိ။

၄။ အက္ကောစ္ဆိ မံ အဝဓိ မံ , အဇိနိ မံ အဟာသိ မေ၊
ယေ စ တံ နုပနယှန္တိ , ဝေရံ တေသူပသမ္မတိ။

(အနက်) (အယံ-ဤသူသည်၊) မံ-ငါ့ကို၊ အက္ကောစ္ဆိ-ဆဲရေးဖူးပြီ၊ မံ-ငါ့ကို၊ အဝဓိ-ညှဉ်းဆဲဖူးပြီ၊ မံ-ငါ့ကို၊ အဇိနိ-အောင်နိုင်ဖူးပြီ၊ မေ-ငါ၏(ဥစ္စာကို)၊ အဟာသိ-ခိုးဆောင်ဖူးပြီ၊ (ဣတိ-ဤသို့၊) ယေ-အကြင်သူတို့သည်၊ တံ ကောဓံ-ထိုရန်ငြိုးကို၊ ဥပနယှန္တိ-ဖွဲ့ကြကုန်၏၊ တေသံ-ထိုသူတို့၏၊ ဝေရံ-ရန်သည်၊ နသမ္မတိ-မငြိမ်းအေးနိုင်။

(အယံ-ဤသူသည်၊) မံ-ငါ့ကို၊ အက္ကောစ္ဆိ-ဆဲရေးဖူးပြီ၊ မံ-ငါ့ကို၊ အဝဓိ- ညှဉ်းဆဲဖူးပြီ၊ မံ-ငါ့ကို၊ အဇိနိ-အောင်နိုင်ဖူးပြီ၊ မေ-ငါ၏(ဥစ္စာကို)၊ အဟာသိ-ခိုးဆောင်ဖူးပြီ၊ (ဣတိ-ဤသို့၊) ယေ-အကြင်သူတို့သည်၊ တံ ကောဓံ-ထိုရန်ငြိုးကို၊ န ဥပနယှန္တိ-မဖွဲ့ကြကုန်၊ တေသံ-ထိုသူတို့၏၊ ဝေရံ-ရန်သည်၊ ဥပသမ္မတိ-ငြိမ်းအေးနိုင်၏။

---

**အနုပါယိနီ=** [အနု+ပ √ဣ+ဏီ+ဣနီ] အနုပါယတိ သီလေနာတိ-အစဉ်လိုက်လေ့ရှိသောကြောင့်၊ အနုပါယိနီ၊ ဤကာရန္တ ဣတ္ထိလိင်။
[အနုပါယ+ဤ+ဣနီ] အနုပါယော ဧတိဿတ္ထီတိ-အစဉ်လိုက်ခြင်းရှိသောကြောင့်၊ အနုပါယိနီ။

**အနုပါယ=** [အနု+ပ √ဣ+အ] အနုပါယနံ-အနုပါယော၊ အစဉ်လိုက်ခြင်း။

### ၃, ၄-ပဒဝိဘာဂ

**အက္ကောစ္ဆိ=** [အာ √ကုသ+အ+ဤ] ဆဲရေးဖူးပြီ၊ ကစ္စည်း၊ ၄၉၈။ ရူ၊ ၄၈၀။ ကုသ=(ဘူ) အက္ကောသေ-ဆဲရေးခြင်း၌၊ (ကုသတိ၊ ကောသတိ။) ဤ၌ ကုသဓာတ်၏အရ ကောဓ= ဒေါသပြဋ္ဌာန်းသောစိတ်ကို ယူပါ။

**အဝဓိ=** [√ဟန+အ+ဤ] ညှဉ်းဆဲပြီ၊ ကစ္စည်း၊ ၅၉၂။ ရူ၊ ၅၀၃။ ဟန=(ဘူ) ဟိံသာဂတီသု-သတ်ပုတ်ညှဉ်းဆဲခြင်း, သွားခြင်းတို့၌၊ (ဟနတိ၊ ဟန္တိ၊ ဝဓတိ၊) မောဂ္ဂလ္လာနဓာတုပါဌ်၌ ဝဓ=(ဘူ) ဟိံသာယံ-ဟု ရှိသေး၏၊ သို့ဖြစ်၍ [√ဝဓ+အ+ဤ] ဟုလည်း ခွဲသင့်ပါသည်၊ သက္ကတ၌ကား ဝဓ-သံယမနေ၊ ဝ-ဟုသာ တွေ့ရသည်။

**မြန်မာပြန်** ဒီလူက ငါ့ကို ဆဲရေးဖူးတယ်၊ ငါ့ကို ညှဥ်းဆဲဖူးတယ်၊ ငါ့ကို အောင်နိုင်ဖူးတယ်၊ ငါ့ဥစ္စာကို ခိုးယူဖူးတယ်၊ ဤသို့ ရန်ငြိုးဖွဲ့ကြသောသူများမှာ ရန်မငြိမ်းအေးနိုင်ပေ။

ဒီလူက ငါ့ကိုဆဲရေးဖူးတယ်၊ ငါ့ကို ညှဥ်းဆဲဖူးတယ်၊ ငါ့ကို အောင်နိုင်ဖူးတယ်၊ ငါ့ဥစ္စာကို ခိုးယူဖူးတယ်၊ ဤသို့ ရန်ငြိုးဖွဲ့မှု မပြုကြသောသူများမှာသာ ရန်ငြိမ်းအေးနိုင်ပေသည်။

**လင်္ကာ** ဤသူငါ့ကို, မာန်မဲဆို၏၊ ငါ့ကိုသူကား, ညှဥ်းဆဲထား၏၊ ငါ့အားဤသူ, အနိုင်ယူ၏၊ ဤသူငါ့ဟာ, ခိုးယူပါ၏၊ သို့သာစိတ်ဆိုး, ရန်ငြိုးဖွဲ့ယူ, ထိုထိုသူမှာ, ဘယ်အခါမျှ, ရန်စကင်းဝေး, မငြိမ်းအေးတည်း။

ဤသူငါ့ကို, မာန်မဲဆို၏၊ ငါ့ကိုသူကား, ညှဥ်းဆဲထား၏၊ ငါ့အားဤသူ, အနိုင်ယူ၏၊ ဤသူငါ့ဟာ, ခိုးယူပါ၏၊ သို့သာတွေးရှု, စိတ်မခုဘဲ, မပြုရန်ငြိုး, ထိုသူမျိုးမှာ, ရန်ကင်းကွာ၏။

---

**အဇိနိ**= [ √ဇိ+နာ+ဤ ] အောင်နိုင်ဖူးပြီ၊ ဇိ=(ဘူ+ကီ) ဇယေ-အောင်ခြင်း၌၊ (ဇေတိ၊ ဇယတိ၊ ဇိနာတိ။)

**အဟာသိ**= [ √ဟရ+အ+ဤ ] ခိုးဆောင်ဖူးပြီ၊ ဟရ-နောင် ဤ-ဝိဘတ်သက်၊ ဝိကရဏ အ-ပစ္စည်းလည်း သက်၊ အ-ပစ္စည်းကိုချေ၊ ဓာတ်အစ၌ အ-လာ၊ အ+ဟရ+ဤ။ မောဂ်-၆၊ ၂၈။ အာဤအာဒီသု ဟရဿာသုတ်ဖြင့် ဓာတွန်ရ်-ကို အာပြု၊ အ+ဟအာ+ဤ။ ဟ-ကိုခွင်း ချေကပ်၊ အ+ဟာ+ဤ။ သ-လာ၊ ဤကိုလည်း ရဿပြု၊ အဟာသိ ပြီး၏။ ကစ္စည်းနှင့်ရူအလို သုတ်ကြီးဖြင့် ဓာတွန်ရ်-ကို အာ-ပြုပါ၊ ဟရ=(ဘူ) ဟရဏေ-ဆောင်ခြင်း (ပယ်ခြင်း, ဖြစ်စေခြင်း, ခိုးဝှက်လုယူခြင်း)၌၊ (ဟရတိ။)

**စ**= သမုစ္စယေ သမာဟာရေ-န္ဝာစယေ စိ'တရီတရေ၊
ပဒပူရဏမတ္တေ စ , စသဒ္ဒေါ အဝဓာရဏေ။ -

ဟူသော အဘိဓာန် ၁၁၈၇-လာ စသဒ္ဒါ၏ အနက်ခြောက်ပါးတို့တွင် ဤယေစ၌ ပါဝင်သော စသဒ္ဒါသည် ပဒပူရဏမျှသာ ဖြစ်သင့်သည်။

**ဥပနယှန္တိ**= [ဥပ √နဟ+ယ+အန္တိ] ဖွဲ့ကြကုန်၏၊ ယနှင့်ဟကို ရှေ့နောက်ပြန်၊ ဓာတ်အရ ကောဓ-ဒေါသကို ယူပါ၊ နဟ=(ဒိ) ဗန္ဓနေ-ဖွဲ့ခြင်း၌၊ သောစေယျေစ-စင်ကြယ်ခြင်း၌လည်း၊ (နယှတိ။)

**ဝေရံ**= [ဝိ+အရ+အ ] ဝိရူပေန အရတိ ဂစ္ဆတီတိ-ဖောက်ပြန်သောအားဖြင့် ဖြစ်တတ်သောကြောင့်၊ ဝေရံ-မကောင်းမှု။ န။ ဓာန်-ဋီ၊ ၈၄။ အရ=(ဘူ) ဂတိယံ-သွားခြင်း၌၊ နာသနေစ-ပျက်စီးခြင်း၌လည်း၊ (အရတိ။)

[ဝိရ+ဏ ] ပါယေန ဝီရေသု ဘဝံ-ဝေရံ ပဋိဃပါပေသုပိ၊ ရန်၊ ရန်ငြိုး၊ အမျက်ဒေါသ-ကောဓ။ န။ ဓာန်-ဋီ၊ ၁၆၄။

## ၄–ကာဠယက္ခိနိဝတ္ထု

၅။ န ဟိ ဝေရေန ဝေရာနိ , သမ္မန္တီဓ ကုဒါစနံ၊
အဝေရေန စ သမ္မန္တိ , ဧသ ဓမ္မော သနန္တနော။

**အနက်** ဣဓ–ဤလောက၌၊ ဝေရာနိ–ရန်တို့သည်၊ ဝေရေန–ရန်တုံ့မူသဖြင့်၊ ကုဒါစနံ–တစ်စုံတစ်ခုသောအခါ၌၊ ဝါ–တစ်ရံတစ်ဆစ်မျှ၊ န သမ္မန္တိ–မငြိမ်းအေးနိုင်ကုန်၊ အဝေရေနစ–ရန်တုံ့မမူသဖြင့်သာလျှင်၊ ဝေရာနိ–ရန်တို့သည်၊ သမ္မန္တိ–ငြိမ်းအေးနိုင်ကုန်၏၊ ဧသဓမ္မော–ရန်တုံ့မမူသဖြင့် ရန်ငြိမ်းအေးခြင်းဟူသော ဤသဘောသည်၊ သနန္တနော–ရှေး၌ဖြစ်သော သဘောတည်း၊ ဝါ–ရှေးဟောင်းစဉ်လာ ဓမ္မတာပေတည်း။

**မြန်မာပြန်** ဤလောက၌ ရန်တို့သည် ရန်တုံ့မူသဖြင့် ဘယ်အခါမှ မငြိမ်းအေးကြပေ၊ ရန်တုံ့မမူသဖြင့်သာ ရန်တို့သည် ငြိမ်းအေးကြရ၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းအေးခြင်းသဘောသည် ရှေးရိုးစဉ်လာ ဓမ္မတာတစ်ခု ဖြစ်ပေသည်။

**လင်္ကာ** သူပြုသောရန်, ကိုယ်တုံ့ပြန်လျှင်, ရံတစ်ခါမှ, ရန်စမအေး, ပိုယုက်မြေး၏၊ ကြည်အေးသည်းခံ, မတုံ့ပြန်မှ, ရန်စပြတ်ကာ, ငြိမ်းအေးပါ၏၊ သို့သာဖြစ်ရိုးသဘောမျိုးကား, ရှေးရိုးစဉ်လာ, ဓမ္မတာတည်း။

---

**ဝိရ=** [√ဝိရ+အ] ဝိရယတီတိ–ဝိရော၊ အားထုတ်သူ၊ ရဲရင့်သူ၊ နီတိ–ဓာ၊ ၃၃၆။ ဝိရ=(စု) ဝိက္ကန္တိယံ–ရဲရင့်အားထုတ်ခြင်း၌၊ (ဝိရေတိ၊ ဝိရယတိ။)

[√ဝိရ+အ] ဝိရဏံ–ဝိရော၊ လုံ့လ၊ ဝီရိယ၊ အရိယမဂ်၊ ပု+န။

[ဝိရ+ဏ] ဝိရံ ယဿ အတ္ထီတိ–ဝိရော၊ အားထုတ်သူ၊ ရဲရင့်သူ၊ ပါစိတ်–ယော၊ ၂၀၀။

[√ဝီ+ရ] သူရယ။ ဝေတိ ဥတ္တမဘာဝံ ယာတီတိ–ဝီရော၊ မြတ်သူ၊ ရဲရင့်သူ။ ဝီ=(ဘူ) ပဇန ကန္တိ အသန ခါဒန ဂတိ ဗျာတ္တိသု–ကိုယ်ဝန်ဆောင်ယူခြင်း, နှစ်သက်ခြင်း, ပစ်ပယ်ခြင်း, စားခြင်း, သွားခြင်း, ပျံ့နှံ့ခြင်းတို့၌၊ (ဝီတိ၊ ဝေတိ။)

[√အဇ+ရ] အဇ–ကို ဝီပြု၊ ကောတ္ထုဘာ။ အဇတိ ဂစ္ဆတိ သူရဘာဝန္တိ–ဝီရော၊ ရဲရင့်သူ၊ အားထုတ်သူ။ အဇ=(ဘူ) ခေပန ဂတီသု–ပစ်ပယ်ခြင်း, သွားခြင်းတို့၌၊ (အဇတိ။)

**သမ္မတိ=** [သမု+ယ+တိ] ငြိမ်းအေး၏၊ သမု=(ဒိ) ဥပသမေ–ငြိမ်းအေးခြင်း, ငြိမ်သက်ခြင်း၌၊ နိဝါသ ခေဒေသုစ–နေခြင်း, ပင်ပန်းခြင်းတို့၌လည်း၊ သမ္မတိဝယ် ဓာတ်၏အရ ကောစဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သော အဒေါသ မေတ္တာကို ယူပါ။

### ၅–ပဒဝိဘာဂ

**ဟိ (န ဟိ)=** "ဟိကာရဏေ ဝိသေသာဝ – ဓာရဏေ ပဒပူရဏေ၊"

–ဟူသော အဘိဓာန်၊ ၁၁၉၇–လာ ဟိသဒ္ဒါ၏ အနက်တို့တွင် ဤ၌ ပဒပူရဏသာ ဖြစ်သင့်ပါသည်။

## ၅-ကောသမ္ဗကဝတ္ထု

၆။ ပရေ စ န ဝိဇာနန္တိ ၊ မယမေတ္ထ ယမာမသေ၊
ယေ စ တတ္ထ ဝိဇာနန္တိ ၊ တတော သမ္မန္တိ မေဓဂါ။

(အနက်) ဧတ္ထ-ဤသံဃာ့အလယ်၌၊ ပရေ-ပညာရှိမှတစ်ပါး ခိုက်ရန်ပြုတတ်သူတို့သည်၊ မယံ-ငါတို့သည်၊ ယမာမသေ-သေမင်းထံပါး, သွားနေကြရကုန်၏၊ (ဣတိ-ဤသို့၊) န စ ဝိဇာနန္တိ-မသိကြကုန်၊ တတ္ထ-ထိုသံဃာ့အလယ်၌၊ ယေ စ ပဏ္ဍိတာ-လိမ္မာမြင်သိ, အကြင်ပညာရှိတို့သည်ကား၊ မယံ-ငါတို့သည်၊ ယမာမသေ-သေမင်းထံပါး, သွားနေကြရကုန်၏၊ (ဣတိ-ဤသို့၊) ဝိဇာနန္တိ-သိကြကုန်၏၊ တတော-ထိုသို့ သိခြင်းကြောင့်၊ (ဝါ-ထိုသို့သိသည့်အတိုင်း ရန်အေးအောင်ကျင့်ခြင်းကြောင့်၊) မေဓဂါ-ခိုက်ရန်တို့သည်၊ သမ္မန္တိ-ငြိမ်းအေးရကုန်၏။

(မြန်မာပြန်) ရန်လိုသူများသည် ငါတို့ သေကြရဦးမှာပဲ-ဟု မသိ နားမလည်ကြပေ၊ (ထို့ကြောင့် ခိုက်ရန်ဖြစ်နေကြ၏၊) ပညာရှိတို့မှုကား ငါတို့ သေကြရဦးမှာပဲ-ဟု သိနားလည်ကြ၏၊ သိသည့်အတိုင်း ရန်အေးအောင် ကျင့်ခြင်းကြောင့် ခိုက်ရန်ငြိမ်းအေးရ၏။

---

**ဝေရေန ဝေရာနိ=** ဝေရေန-ကား တုံ့ပြန်သော နောက်ရန်တည်း၊ ဝေရာနိ-ကား ရှေးက သူများပြုထားသော ရန်များတည်း။

**အဝေရေန=** [န+ဝေရ] န ဝေရံ-အဝေရံ၊ ခိုက်ရန်ဒေါသ အာဃာတ-ရန်တုံ့မှုခြင်း, ခိုက်ရန်ဖြစ်ပွားခြင်းမှ ကင်းသော၊ -မရှိသော၊ စိတ်။ မေတ္တာနှင့်ယှဉ်သောစိတ်။

**သနန္တနော=** [သန်+တန] နိစ္စေ သဒါသန်၊ သဒါနှင့်သန်-သဒ္ဒါတို့သည် မြဲသည်၌ ဖြစ်၏၊ ဓာန်၊ ၁၁၅၃။ သန် ဘဝေါ-သနန္တနော၊ သန်-ရှေး၌၊ ဘဝေါ-ဖြစ်သောသဘောတည်း၊ သနန္တနော-ရှေး၌ဖြစ်သောသဘော။ မောဂ်-၄၊ ၂၁-သုတ်ဖြင့် ဘဝအနက်မှာ တန-ပစ္စည်းသက်။

သဒါတနောနှင့် သနန္တနော-ဟူသောနှစ်ပုဒ်သည် အနက်အဓိပ္ပာယ် တူကြ၏၊ သဒါ ကာလေ ဘဝေါ သဒါတနော၊ သနသဒ္ဒေါ နိစ္စတ္ထော သတ္တမျန္တော နိပါတော၊ သန် သဒ္ဒေါဝါ၊ တတြ ဘဝေါ-သနန္တနော၊ ဥဘယတြာပိ ဘဝတ္ထေ တနော၊ ပုဗ္ဗေ နိဂ္ဂဟီတာ ဂမော၊ ဓာန်-ဋီ၊ ၇၀၉။

**စ=** သမုစ္စယေ ဗျတိရေကေ ၊ ဝိကပ္ပတ္ထာဝ ဓာရဏေ၊
ဝါကျာရမ္ဘာနုကမ္ပနေ ၊ ပဒပူရေ စ ဒိဿတိ။-

-ဟူသော ဧကက္ခရကောသ-လာ စသဒ္ဒါ၏ အနက်ခုနစ်ပါးတို့တွင် ဤ၌ အဝဓာရဏအနက် ဖြစ်သင့်သည်။

### ၆-ပဒဝိဘာဂ

**ပရေ=** [ √ပရ+အ ] ကတ္တရိ ဘာဝေဝါ၊ ကောတ္ထုဘာ။ ထောမ။ ရန်သူ၊ မြတ်သော၊ တစ်ပါးသော၊ နောက်အဖို့။ ဤ၌တစ်ပါးသော-ဟူသော အနက်ကို ယူရမည်၊ ယင်း၏ အပါဒါန်ကို

**လင်္ကာ** ငါမြဲမတည်, သေရမည်-ဟု, ကြံစည်မရှိ, မသိကြရိုး, လူမိုက်မျိုးမှာ, ရန်တိုးလာ၏၊ ငါမြဲမတည်, သေရမည်-ဟု, ကြံစည်မြင်သိ, ပညာရှိမှာ, ရန်ဘေးကွာ၏။

## ၆-မဟာကာဠဝတ္ထုရဝတ္ထု

၇။ သုဘာနုပဿိံ ဝိဟရန္တံ , ဣန္ဒြိယေသု အသံဝုတံ၊
ဘောဇနမှိ စာမတ္တညုံ , ကုသီတံ ဟီနဝီရိယံ၊
တံ ဝေ ပသဟတိ မာရော , ဝါတော ရုက္ခံဝ ဒုဗ္ဗလံ။

၈။ အသုဘာနုပဿိံ ဝိဟရန္တံ , ဣန္ဒြိယေသု သုသံဝုတံ၊
ဘောဇနမှိ စ မတ္တညုံ , သဒ္ဓံ အာရဒ္ဓဝီရိယံ၊
တံ ဝေ နပ္ပသဟတိ မာရော , ဝါတော သေလံဝ ပဗ္ဗတံ။

**အနက်** သုဘာနုပဿိံ-အသုဘကို သုဘဟု အဖန်ဖန်ရှုတတ်သည်ဖြစ်၍၊ ဝိဟရန္တံ-နေသော၊ ဣန္ဒြိယေသု-စက္ခုစသား, ခြောက်ပါးသောဣန္ဒြေတို့၌၊ အသံဝုတံ-စောင့်စည်းခြင်းမရှိသော၊ ဘောဇနမှိစ-ဘောဇဉ်၌လည်း၊ ဝါ-သုံးဆောင်အပ်သော ပစ္စည်းလေးပါး၌လည်း၊ အ မတ္တညုံ-ရှာဖွေခံခြင်း, သုံးဆောင်ခြင်းဝယ် အတိုင်းအရှည်ကို မသိ

---

ပဏ္ဏိတေဟိ-ဟု ထည့်ပါ။ ပရ=(ဘူ+စု) ပါလန ပူရဏေသု-စောင့်ရှောက်ခြင်း, ပြည့်စေခြင်းတို့၌၊ (စု) ဂတိယံ-သွားခြင်း၌၊ (ပရတိ၊ ပရေတိ၊ ပရယတိ။)

**ဝိဇာနန္တိ**= [ဝိ √ဉာ+နာ+အန္တိ ] သိကုန်၏၊ ဉာ=(ဘူ+ကီ ) အဝဗောဓနေ-သိခြင်း၌၊ (ဉာတိ၊ ဇာနာတိ၊ ဉာယတိ၊ နာယတိ။)

**ယမာမသေ**= [√ယမု+အ+မ ] နီတိ၊ ၁၁၀၂-သေကာရာဂမော အာချာတနာမေဟိ-သုတ်ဖြင့် သေ-လာ၊ ပျက်စီးကုန်အံ့၊ သေကုန်အံ့၊ သေမင်းထံသို့ လားရကုန်အံ့၊ ယမု=(ဘူ) ဥပရမေ-ကြဉ်ရှောင်ခြင်း၌၊ (ယမတိ၊ ယစ္ဆတိ။)

**မေဓဂါ**= [√မေဓ+ဏွု] မေဓ+မေဓာ-ဟိံသာသင်္ဂမေသု၊ ဏွု၊ ဓာန်-ဋီ၊ ၄၀၀။
[√မေဓ √ဂမု+ကွိ] မစ္ဆယုဂလဓာတ်၊ မေဓန္တာ ဟိံသန္တာ ဂစ္ဆန္တိ ပဝတ္တန္တီတိ-မေဓဂါ=ကလဟာ၊ ငြင်းခုန်ခြင်း, ခိုက်ရန်ဖြစ်ခြင်း၊ မေဓံ ဟိံသနဘာဝံ ဂစ္ဆန္တိ ဧတေဟီတိ-မေဓဂါ၊ ဓံ-မဟာဋီ၊ ၂၆။ ကောစိ ပန မေဓဓာတုတော ဏွုပစ္စယံ ဝဒန္တိ၊ တေသံ မတေန မေဓကောတိ ပဋ္ဌမက္ခရေန ပါဌော ဘဝေယျ၊ ပါစိတ်-ယောဇနာ၊ ၄၀၂။ မေဓ, မေဓာ-ဟိံသာသင်္ဂမေသု၊ ဂမု-ဂတိမှိ၊ အတ္တနော နိဿယဥ္စ ပရဥ္စ မေဓမာနော ဟိံသမာနော ဂစ္ဆတီတိ-မေဓဂေါ။ သူစိ။
မေဓ=(ဘူ) ဟိံသာသင်္ဂမေသု-ညှဉ်းဆဲခြင်း, ပေါင်းဆုံခြင်းတို့၌၊ (မေဓတိ။)

### ၇, ၈-ပဒဝိဘာဂ

**သုဘာနုပဿိံ**= [သုဘ+အနုပဿီ ] သုဘန္တိ အနုပဿီ-သုဘာနုပဿီ၊ အသုဘကို သုဘဟု အဖန်ဖန်ရှုတတ်သူ၊ သုဘံ အနုပဿီ-သုဘာနုပဿီ၊ သုဘ-ကို သုဘ-ဟု ရှုသူ။ ဤကာရန္တ ပုလ္လိင်၊ ဂိုဏ်းစဉ်ပါ။

ထသော၊ ကုသီတံ-ပျင်းရိထသော၊ ဟီနဝီရိယံ-ယုတ်လျော့သော ဝီရိယရှိထသော၊ တံ-ထိုပုဂ္ဂိုလ်ကို၊ ဝါတော-အားကြီးသောလေသည်၊ ဒုဗ္ဗလံ-အားမရှိသော၊ ရုက္ခံ-သစ်ပင်ကို၊ ပသဟတိဣဝ-လွှမ်းမိုးနိုင်သကဲ့သို့၊ (တထာ-ထို့အတူ၊) မာရော-ကိလေသာမာရ်သည်၊ ဝေ-စင်စစ်၊ ပသဟတိ-လွှမ်မိုးနိုင်၏။

---

**သုဘာ**= [ √သုဘ+အ ] သောဘတိ ဝိဇ္ဇောတတီတိ-သုဘော၊ တင့်တယ်သော၊ ဣဋ္ဌာရုံ၊ တိ။ သုဘ=( ဘူ ) ဒိတ္တိဟိံသာသု-ထွန်းပတင့်တယ်ခြင်း, ညှဉ်းဆဲခြင်းတို့၌၊ (သုဘတိ၊ သောဘတိ။) တစ်နည်း= [ သု √ဘာ+အ ] တစ်နည်း= [ သု √ဘာသ+ဏွ ]

**အနုပဿီ**= [အနု √ဒိသ+ဏီ ] အနုပဿတီတိ-အနုပဿီ၊ အဖန်ဖန်ရှုတတ်သူ၊ ဒိသ=( ဘူ ) ပေက္ခဏေ-ကြည့်ရှုခြင်း၌၊ ဟိံသာ အပ္ပီတိ ဒါန ဗောဓနေသုစ-ညှဉ်းဆဲခြင်း, မုန်းခြင်း, ပေးခြင်း, သိစေခြင်းတို့၌လည်း၊ (ပဿတိ၊ ဒက္ခတိ၊ ဒိဿတိ။)

**ဝိဟရန္တံ**= [ဝိ √ဟရ+အန္တ ] နေသော၊ ဟရ=( ဘူ ) ဟရဏေ-ဆောင်ခြင်း၌၊ ဝိပုဗ္ဗော-ဝိ-ရှေးရှိမူ၊ ဝိဟာရေ-နေခြင်း၌၊ (ဟရတိ၊ ဝိဟရတိ။)

**ဣန္ဒြိယေသု**= [ဣန္ဒ+ဏိယ ] ဒြေဘ ဒဿ-ဟူသော နိတိသုတ်ဖြင့် ဒ-ကို ဒြ-ပြု၊ ဣန္ဒေန ဘဂဝတာ ဒေသိတာနိ-ဣန္ဒြိယာနိ၊ ဣန္ဒေန ကုသလာကုသလာကမ္မေနဝါ သိဒ္ဓါနီတိ-ဣန္ဒြိယာနိ၊ အကျယ်ကို နီတိ-သုတ္တ၊ ၇၆၃-မှာ ရှုပါ။

**ဣန္ဒ**= [ √ဣဒိ+က ] ဣန္ဒတိ ပရေသု ဣဿရိယံ ပါပုဏာတီတိ-ဣန္ဒော=အဓိပတိဘူတော ယောကောစိ၊ နီတိ-ဓာ၊ ၈၇။ အစိုးရသူ၊ အကြီးအမှူး၊ အရှင်သခင်၊ ကုသိုလ်အကုသိုလ်၊ ဣဒိ+ဣန္ဒ=( ဘူ ) ပရမိဿရိယေ-သူတစ်ပါးကို အစိုးရခြင်း၌၊ ဝါ-လွန်စွာအစိုးရခြင်း၌၊ (ဣန္ဒတိ။)

**အသံဝုတံ**= [န+သံဝုတ ] နတ္ထိ သံဝုတံ ယဿာတိ-အသံဝုတော၊ စောင့်စည်းမှုမရှိသူ၊ မစောင့်စည်းသူ။

**သံဝုတ**= [သံ √ဝု+တ ] သံဝုဏာနံ-သံဝုတံ၊ စောင့်စည်းခြင်း၊ သံဝုဏာတီတိ-သံဝုတော၊ စောင့်စည်းသော၊ ပိတ်ပင်တားဆီးသော၊ စောင့်ရှောက်သော။ ဝု=(ဘူ+သွာ) သံဝရဏေ-စောင့်စည်းခြင်း၌၊ (ဝုတိ၊ ဝုဏောတိ၊ ဝုဏာတိ။)

**ဘောဇနမှိ**= [ √ဘုဇ+ယု ] ဘုဥ္ဇိယတိ ပရိဘုဥ္ဇိယတီတိ ဝါ-ဘောဇနံ=စတ္တာရော ပစ္စယာ၊ ထေရ-ဋ- ၁၊ ၇၁။ စားအပ်သောအာဟာရ၊ သုံးဆောင်အပ်သောပစ္စည်းလေးပါး။ ဘုဇ=(ရု) ပါလန ဗျဝဟရဏေသု-စောင့်ရှောက်ခြင်း, မျိုသုံးစားသောက်ခြင်းတို့၌၊ ( ဘုဥ္ဇတိ။)

**အမတ္တညုံ**= [န+မတ္တညူ] န မတ္တညူ-အမတ္တညူ၊ အတိုင်းအရှည် ပမာဏကို မသိသူ။

**မတ္တညူ**= [မတ္တ √ဉာ+ရူ ] မတ္တံ ဇာနာတီတိ-မတ္တညူ၊ ရူ၊ ၅၉၃။ အတိုင်းအရှည် ပမာဏကို သိသူ။

**မတ္တ**= [ √မာ+အတ္တ ] ပုဗ္ဗသရလောပေါ၊ မာနံ-မတ္တံ=ပမာဏံ, ပရိစ္ဆေဒေါစ၊ အတိုင်းအရှည်၊ အပိုင်းအခြား၊ မောဂ်-၇၊ ၈၁။ ထိ+န။ မာ=( ဘူ+ကီ+တ+ဒိ ) မာန ပရိမာနေသု-မြတ်နိုးခြင်း, နှိုင်းယှဉ်ခြင်းတို့၌၊ (မာတိ၊ မိနာတိ၊ မိနောတိ၊ မာယတေ။)

အသုဘာနုပဿီ-အသုဘကို အဖန်ဖန်ရှုသည်ဖြစ်၍၊ ဝိဟရန္တံ-နေသော၊ ဣန္ဒြိယေသု-စက္ခုစသား ခြောက်ပါးသောဣန္ဒြေတို့၌၊ သုသံဝုတံ-ကောင်းစွာစောင့်စည်းသော၊ ဘောဇနမှိစ-ဘောဇဉ်၌လည်း၊ ဝါ-သုံးဆောင်အပ်သော ပစ္စည်းလေးပါး၌လည်း၊ မတ္တညုံ-ရှာဖွေခံခြင်း, သုံးဆောင်ခြင်းဝယ် အတိုင်းအရှည်ကိုသိသော၊ သဒ္ဓံ-ကံ ကံ၏အကျိုးကို ယုံကြည်သော လောကီသဒ္ဓါ, ရတနာသုံးပါး၏ဂုဏ်ကို သက်ဝင်ယုံကြည်သော လောကုတ္တရာသဒ္ဓါရှိထသော၊ အာရဒ္ဓဝီရိယံ-အားထုတ်လုံ့လ ဝီရိယရှိထသော၊ တံ-ထိုပုဂ္ဂိုလ်မျိုးကို၊ ဝါတော-အားနည်းသောလေသည်၊ သေလံ-ကျောက်အတိပြီးသော၊ ပဗ္ဗတံ-တောင်ကို၊ နပ္ပသဟတိဣဝ-မလွှမ်းမိုးနိုင်သကဲ့သို့၊ (တထာ-ထို့အတူ၊) မာရော-ကိလေသမာရ်, ကိုယ်တွင်းရန်သည်၊ ဝေ-စင်စစ်၊ နပ္ပသဟတိ-မလွှမ်းမိုးနိုင်။

---

[ √မာ+တ+အာ ] မာ-မာနေ၊ ဆဒါဒီဟိ တော၊ ရူပသာဒိ-မတ္တာ, ဣတ္ထိယံ၊ ဓာန်-ဋီ၊ ၇၀၅။ အတိုင်းအရှည်၊ အတိုင်းအတာပမာဏ၊ အနည်းငယ်။

**ကုသီတံ**= [ကု √သဒ+အ ] ကုစ္ဆိတံ ဝါ သီဒတိ သမ္မာ ပဋိပတ္တိတော အဝသီဒတီတိ-ကုသီဒေါ၊ ဒကာရဿ တကာရံ ကတွာ။ ဣတိဝုတ်-ဋ၊ ၁၀၁။ ဟီနဝီရိယတ္တာ ကုစ္ဆိတေန အာကာရေန သီဒတီတိ-ကုသီဒေါ၊ ကုသီဒေါဧဝ ကုသီတော၊ ပဋိသံ-ဋ-၂၊ ၂။

ဝီရိယေနာဓိဂန္တဗ္ဗဿ အတ္ထဿ အလာဘတော ကုစ္ဆိတေနာကာရေန သီဒတီတိ-ကုသီတော၊ အထဝါ= အယမ္ပိ ကုစ္ဆိတေနာကာရေန သီဒတိ အညေပိ သီဒါပေတီ တံ နိဿာယ အညေသံ သီဒနဿ သမ္ဘဝတောတိ-ကုသီတော၊ နီတိ-ဓာ၊ ၉၆။ ဒ-ကို တ-ပြု၊ စက်ဆုပ်ဖွယ်ရာ ဆုတ်နစ်တတ်(ဆုတ်နစ်စေတတ်)သော၊ ပျင်းရိသော၊ လုံ့လဝီရိယ မရှိသော။

[ √ကုသ+တ ] ကုသ-အက္កောသေ၊ တ-ပစ္စည်း၏ အာဒျာဝယဝ ဤ-လာ၊ ကုသီ ယတိ အက္ကောသိယတီတိ-ကုသီတော=အလသော၊ လူပျင်း။ မောဂ်-၇၊ ၈၄။

[ကု+သိတ ] မိစ္ဆာဝိတက္ကဗဟုလတာယ ကာမဗျာပါဒဝိဟိံသာဝိတက္ကသင်္ခါတေဟိ ကုစ္ဆိတေဟိ ပါပဓမ္မေဟိ သိတော သမ္ဗန္ဓော ယုတ္တောတိ-ကုသီတော၊ ဣတိဝုတ်-ဋ၊ ၁၀၁။

**သိတ**= [ √သိ+တ ] နိရုတ္တိ၊ ၅၁၂။ သိနာတိ ဗန္ဓတီတိ-သိတော၊ မှီသော၊ မှီခိုသော၊ မှီတွယ်သော၊ ကပ်ရောက်သော၊ ဖွဲ့စပ်သော၊ ကပ်ငြိသော၊ စပ်ယှဉ်သော၊ ပြုပြင်စီရင်အပ်သော၊ သိ=(သွာ+ကီ) ဗန္ဓနေ-နှောင်ဖွဲ့ခြင်း၌၊ (သိနောတိ၊ သိနုတေ၊ သိနာတိ။) သိ=( ဘူ ) သေဝ ဂတိ ဝုဒ္ဓီသု-မှီဝဲခြင်း, သွားခြင်း, ကြီးပွားခြင်းတို့၌၊ (သေတိ၊ သယတိ။)

**ဟီနဝီရိယံ**= [ဟီန+ဝီရိယ ] ဟီနံ ဝီရိယံ ယဿာတိ-ဟီနဝီရိယော၊ ယုတ်လျော့သောဝီရိယရှိသူ။

**ဟီန**= [ √ဟာ+တ ] တ-ပစ္စည်းကို ဤန်-ပြု၊ ကောတ္တုဘာ။ ဟာယတီတိ-ဟီနံ၊ ယုတ်လျော့သော၊ ဟာ=( ဒိ ) ပရိဟာနိယံ-ယုတ်လျော့ခြင်း၌၊ (ဟာယတိ။) သုစိကိုလည်းရှု။

**ဝီရိယ**= [ဝီရ+ဣယ ] ဝီရဿ ဘာဝေါ-ဝီရိယံ၊ နီတိ-သုတ္တ၊ ၇၆၂။ ဝီရေ ဘဝံ-ဝီရိယံ၊ ၄င်း၊ ၇၇၄။ ကစ္စည်းအလို ဏျ-ပစ္စည်း၊ အားထုတ်ခြင်း၊ လုံ့လ၊ ဝီရိယ၊ နှ။

မြန်မာပြန် တင့်တယ်၏၊ လှပ၏–ဟု အဖန်ဖန်ရှုနေလျက် မျက်စိစသော ဣန္ဒြေခြောက်ပါးကိုလည်း မစောင့်ရှောက်၊ ပစ္စည်းလေးပါး၌လည်း အတိုင်းအရှည်ပမာဏကို မသိဘဲ ပျင်းရိ၍ လုံ့လမရှိသူကို လေပြင်းမုန်တိုင်းက အားနည်းသော သစ်ပင်ကို လွှမ်းမိုးဖျက်ဆီးသွားသကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်က လွှမ်းမိုးဖျက်ဆီးသွားတော့သည်။

---

**ပသဟတိ=** [ပ √ သဟ+အ+တိ] လွှမ်းမိုး၏၊ သဟ=(ဘူ) ခန္တျာဘိဘဝေသု–သည်းခံခြင်း, လွှမ်းမိုးခြင်းတို့၌၊ (သဟတိ။)

**မာရော=** [√ မရ+ဏ] သတ္တာနံ ကုသလံ မာရေတီတိ–မာရော၊ မာရ်၊ နီတိ–ဓာ၊ ၁၅၈။ ၁။ ခန္ဓမာရ်= ခန္ဓာငါးပါး၊ ၂။ အဘိသင်္ခါရမာရ်= ကုသိုလ်အကုသိုလ်ကံ၊ ၃။ မစ္စုမာရ်= သေခြင်း၊ ၄။ ဒေဝပုတ္တမာရ်= မာရ်နတ်သား၊ ၅။ ကိလေသမာရ်= ကိလေသာတရားများ၊ ဤ၌ ကိလေသမာရ်ကိုသာ ယူပါ။ မရ=(ဘူ) ပါဏစာဂေ–အသက်ကို စွန့်ခြင်း(သေခြင်း)၌၊ (မရတိ၊ မီယတိ၊ မိယျတိ။)

**ဝါတော=** [√ ဝါ+တ] ဝါယတိ ဂစ္ဆတီတိ, ဝါယတိဝါ ပုပ္ဖာဒီနံ ဂန္ဓော ဧတေနာတိ–ဝါတော၊ လေ၊ ဓာန်–ဋီ၊ ၃၇။ ပု။ ဝါ=(ဘူ+ဒိ) ဂတိ ဗန္ဓန ဂန္ဓေသု–သွားခြင်း, ဖွဲ့ခြင်း, ပြခြင်း (ဖြတ်ခြင်း, ညှဉ်းဆဲခြင်း)တို့၌၊ (ဝါတိ၊ ဝါယတိ။)

[√ ဝါတ+အ] ဝါတယတိ ဂစ္ဆတိ သုခါယတီတိ ဝါ–ဝါတော၊ လေ။ ဝါတ=(စု) ဂတိ သုခ သေဝနေသု–သွားခြင်း, ချမ်းသာစေခြင်း, မှီဝဲခြင်းတို့၌၊ (ဝါတေတိ၊ ဝါတယတိ။)

**ရုက္ခံ=** [√ ရက္ခ+အ] ရက္ခတီတိ–ရုက္ခော၊ ရုက္ခေတိ ရုက္ခယတီတိ–ရုက္ခော၊ သစ်ပင်၊ သစ်သား၊ ကြမ်းတမ်းသော။ ရက္ခ=(ဘူ) ဝရဏေ–ပိတ်ဆို့ခြင်း၌၊ (စု) ဖာရုသေ–ကြမ်းတမ်းခြင်း၌၊ (ရက္ခတိ၊ ရုက္ခေတိ၊ ရုက္ခယတိ။)

[√ ရုဟ+ခ] ဟ–ကို ပရရုပ် ခ–ပြု၊ ဒုတိယက္ခရာ ခ–ကို ပဌမက္ခရာ က–ပြု၊ ရုဟ–ဇနနေ၊ ရုဟတိ ဇာယတီတိ–ရုက္ခော=ပါဒပေါ၊ သစ်ပင်၊ မောဂ်–၇၊ ၃၁။ ရုဟ=(ဘူ) ဇမ္မနိ–ဖြစ်ခြင်း၌၊ ပါတုဘာဝေစ–ထင်ရှားခြင်း၌လည်း၊ (ရုဟတိ၊ ရောဟတိ။)

**ဒုဗ္ဗလံ=** [ဒု+ဗလ] နတ္ထိ ဗလံ ယဿာတိ–ဒုဗ္ဗလော=ရုက္ခော၊ အားမရှိသော၊ အားနည်းသော။

**ဗလ=** [√ ဗလ+အ] ဗလန္တိ ဇီဝိတံ ကပ္ပေန္တိ ဧတေနာတိ–ဗလံ= ကာယဗလ ဘောဂဗလသင်္ခါတံ ဗလံ၊ အထဝါ= ဗလန္တိ သမ္မာဇီဝနံ ဇီဝန္တိ ဧတေနာတိ–ဗလံ= သဒ္ဓါဒိကံ ဗလံ၊ နီတိ–ဓာ၊ ၁၆၇။ အား၊ စွမ်းအား၊ ခွန်အား၊ အစွမ်းသတ္တိ။ နေ။ ဗလ=(ဘူ) ပါဏေ–အသက်မွေးခြင်း, အသက်ရှည်ခြင်း၌၊ (ဗလတိ။)

**အသုဘာနုပဿိံ=** [အသုဘ+အနုပဿီ] အသုဘံ အနုပဿီ–အသုဘာနုပဿီ၊ အသုဘကို အဖန်ဖန်ရှုသော။

**အသုဘ=** [န+သုဘ] န သုဘံ–အသုဘံ၊ မတင့်တယ်သော၊ စက်ဆုပ်ဖွယ်သော။

**သုသံဝုတံ=** [သု+သံဝုတ] သုဋ္ဌု သံဝုတံ ယေနာတိ–သုသံဝုတော၊ ကောင်းစွာ စောင့်စည်းအပ်သောဒွါရရှိသူ၊ ကောင်းစွာစောင့်စည်းသူ၊ သုဋ္ဌု သံဝုတံ ယဿာတိ–သုသံဝုတော၊ ကောင်းစွာ စောင့်စည်းခြင်းရှိသူ။

အသုဘ–ဟု အဖန်ဖန်ရှုနေလျက် စက္ခုစသော ဣန္ဒြေခြောက်ပါးတို့ကို စောင့်ရှောက်ကာ ပစ္စည်းလေးပါး၌လည်း အတိုင်းအရှည်ကိုသိလျက် ကံ ကံ၏အကျိုးကို ယုံကြည်မှု, ရတနာသုံးပါးကို မတုန်မလှုပ်ယုံကြည်မှုလည်းရှိ, လုံ့လလည်း ရှိသောသူကို လေပြေလေညှင်းက ကျောက်တောင်ကို မလှုပ်မိုး မဖျက်ဆီးနိုင်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်က မလှုပ်မိုး မဖျက်ဆီးနိုင်ပေ။

(လင်္ကာ) ချောပေ လှပေ, ရှုမြင်နေ၍, ဣန္ဒြေခြောက်, မစောင့်ရှောက်ဘဲ, စားသောက်တိုင်းထွာ, မသိပါတည်း၊ လွန်စွာပျင်းရိ, မရှိလုံ့လ, ထကြွမမှု, ထိုသို့သူကို, မိုးကူရေဝိုင်း, လေမုန်တိုင်းသည်, ညွတ်ကိုင်းပင်အို, တိုက်လှဲဖြိုသို့, ထိုထိုကိလေ, မာရ်စစ်တွေက, နှင်းချေလွန်စွာ, နှိပ်စက်လာ၏။

---

**သံဝုတ=** [ သံ ✓ ဝု+တ ] သံဝရီယတေတိ–သံဝုတံ၊ စောင့်စည်းအပ်သော စက္ခုစသောဒွါရ၊ သံဝရီယတေ–သံဝရ်၊ စောင့်စည်းခြင်း၊ စောင့်စည်းတတ်သော။

**သဒ္ဓံ=** [သဒ္ဓါ+ဏ] သဒ္ဓါ ယဿ အတ္ထီတိ–သဒ္ဓေါ၊ သဒ္ဓါတရားရှိသူ။

**အာရဒ္ဓဝီရိယံ=** [အာရဒ္ဓ+ဝီရိယ] အာရဒ္ဓံ ဝီရိယံ ယေနာတိ–အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော ဝီရိယရှိသူ၊ အားထုတ်လုံ့လ ဝီရိယရှိသူ။

**အာရဒ္ဓ=** [အာ ✓ ရဘ +တ ] အာရဘိတ္ထာတိ–အာရဒ္ဓေါ၊ အာရဗ္ဘိတ္ထာတိ ဝါ–အာရဒ္ဓေါ၊ နိရုတ္တိ၊ ၄၉၉။ ရူ၊ ၆၁၄–ကိုလည်း ရှု။ ဤ၌ အားထုတ်အပ်သော–ဟူသော အနက်ကိုသာ ယူပါ။ ရဘ=(ဘူ) ရာဘသေ–အားထုတ်ခြင်း၌၊ အာပုဗ္ဗော–အာရှေးရှိမှု၊ ဟိံသာ ကရဏ ဝါယမေသု–ညှဉ်းဆဲခြင်း, ပြုခြင်း, အားထုတ်ခြင်းတို့၌၊ ( ရဘတိ၊ အာရဘတိ။)

**သေလံ=** [ ✓ သေလ+အ ] တောင်။ ပု။ ဓာန်–ဋီ၊ ၆၀၅။ သေလ+သေလု=(ဘူ) ဂတိ စာလေသု–သွားခြင်း, လှုပ်ခြင်းတို့၌။ (သေလတိ။)

[သိလာ+ဏ] သိလာနံ ရာသိ–သေလော၊ သိလာ ပစုရာ သန္တျသ္မိံ ဝါ သေလော၊ တောင်။ ဓာန်–ဋီ၊ ၆၀၅။

**သိလာ=** [ ✓ သိ+လက်+အာ ] သိ–သေဝါယံ၊ သတ္တေဟိ သေဝီယတီတိ–သိလာ=ပါသာဏော၊ သေလော=ပဗ္ဗတော၊ ကျောက်၊ တောင်။ မောဂ်–၇၊ ၁၈၁။ (သေလောကား သိလာ အဿ အတ္ထိ–ဟူသော တဒ္ဓိတ်ဖြင့် ပြီးသင့်၏။) နိဿယဆရာတော်၏ မှတ်ချက်။

**ပဗ္ဗတံ=** [ ပဗ္ဗ+တ ] ပဗ္ဗံ အဿ အတ္ထိ–ပဗ္ဗတော= ဂိရိ၊ တောင်၊ နီတိ–သုတ္တ၊ ၇၉၆။ သောဟိ သန္ဓိသင်္ခါတေဟိ ပဗ္ဗေဟိ စိတတ္တာ ပဗ္ဗမဿ အတ္ထီတိ–ပဗ္ဗတော၊ နီတိ–ဓာ၊ ၁၅၅။ တောင်။ ပု။

[ ✓ ပဗ္ဗ+အတစ် ] ကောတ္တုဘာ။ တောင်။ ပဗ္ဗ=(ဘူ) ပူရဏ ဂတီသု–ပြည့်ခြင်း, သွားခြင်းတို့၌။ ( ပဗ္ဗတိ။)

**ပဗ္ဗ=** [ ✓ ပဗ္ဗ+အ ] ပဗ္ဗတိ ပူရေတီတိ–ပဗ္ဗံ၊ အဆစ် အပိုင်း၊ အခန်းကဏ္ဍ။ နု။

ပုပ်ပွရွံဖွယ်,မတင့်တယ်-ဟု, ငြိတွယ်မပြု, ဖန်ဖန်ရှုကာ, ခြောက်ဖြာဣန္ဒြေ, စောင့်ရှောက်နေ၍, စားလေသင့်စွာ, တိုင်းတာကိုသိ, ပညာရှိသား, လုံ့လအားထု, ထိုသို့သူကို, လေယူတိုက်သုတ်, တောင်မလှုပ်သို့, မာရ်ယုတ်ကိလေ, မညှဉ်းပေတည်း။

## ၇-ဒေဝဒတ္တဝတ္ထု

၉။ အနိက္ကသာဝေါ ကာသာဝံ , ယော ဝတ္ထံ ပရိဒဟိဿတိ၊
အပေတော ဒမသစ္စေန , န သော ကာသာဝမရဟတိ။

၁၀။ ယောစ ဝန္တကသာဝဿ , သီလေသု သုသမာဟိတော၊
ဥပေတော ဒမသစ္စေန , သ ဝေ ကာသာဝ မရဟတိ။

**အနက်** ယော-အကြင်ပုဂ္ဂိုလ်သည်၊ အနိက္ကသာဝေါ-ကိလေသာဖန်ရည်မရှိသူ မဟုတ်ပါဘဲ၊ ဝါ-ကိလေသာဖန်ရည်ရှိနေပါလျက်၊ ကာသာဝံ-ဖန်ရည်ဖြင့်ဆိုးအပ်သော၊ ဝတ္ထံ-အဝတ်ကို၊ ပရိဒဟိဿတိ-ဝတ်ရုံ၏၊ ဒမသစ္စေန-ဣန္ဒြေတို့ကိုဆုံးမခြင်း, မှန်ကန်စွာပြောဆိုခြင်းမှ၊ အပေတော-ကင်းသော၊ သော-ထိုပုဂ္ဂိုလ်သည်၊ ကာသာဝံ-ဖန်ရည်ဖြင့်ဆိုး, အဝတ်မျိုးကို၊ (ပရိဒဟိတုံ-ဝတ်ရုံခြင်းငှာ၊) န အရဟတိ-မထိုက်တန်ပေ။

---

## ၉, ၁၀-ပဒဝိဘာဂ

**အနိက္ကသာဝေါ=** [ န+နိက္ကသာဝ ] န နိက္ကသာဝေါ-အနိက္ကသာဝေါ၊ ကိလေသာဖန်ရည် မရှိသူ မဟုတ်၊ ကိလေသာဖန်ရည် ရှိနေသူ။

**နိက္ကသာဝ=** [နိ+ကသာဝ] နတ္ထိ ကသာဝေါ ယဿာတိ-နိက္ကသာဝေါ၊ ကိလေသာဖန်ရည် မရှိသူ ။

**ကသာဝ=** [က √ သိ+အဝ ] ကံ ပါနီယံ သေဝတေတိ-ကသာဝေါ၊ ရေကို မှီဝဲတတ်သောကြောင့် ကသာဝ။ ဖန်ရည်။

[က√ သု+ဏေ+ဏ ] ကံသဝါပေတီတိ-ကသာဝေါ၊ ရေကိုယိုစီးစေတတ်သောကြောင့် ကသာဝ၊ ဖန်ရည်၊ အနှစ်သြဇာမရှိသောတရား၊ မကြည်လင်သောတရား၊ အမှိုက်သဖွယ်ဖြစ်သောတရား၊ ဓာန်-ဋီ၊ ၁၄၈။ သု=(ဘူ) သန္ဒနဇနနိဿရေသု-စီးသွားခြင်း, ဖြစ်စေခြင်း, အစိုးရခြင်းတို့၌၊ (သဝတိ။)

**ကာသာဝံ=** [ကသာဝ+ဏ] ကသာဝေန ရတ္တံ-ကာသာဝံ= ဝတ္ထံ၊ ရူ၊ ၃၇၆။ ဖန်ရည်ဖြင့်ဆိုးထားသော၊ -သင်္ကန်း၊ အဝတ်၊ ပုဆိုး။

**ဝတ္ထံ=** [√ ဝ+ထ ] ဝ-၏ ဥ-ကို အတ-ပြု၊ ရူ၊ ၆၇ဝ။ ဝ=(ဘူ+သွာ) သံဝရဏေ-စောင့်စည်းခြင်း၌၊ (ဝတိ၊ ဝဏောတိ၊ ဝဏာတိ။)

[√ ဝသ+ထ ] သမာဒိဟိ ထမာ-သုတ်ဖြင့် ထ-ပစ္စည်းသက်၊ ကွစိဓာတု-အစရှိသောသုတ်ဖြင့် ဓာတွန် သ-ကိုချေ၊ အသဒိသဒွေဘော်လာ၊ ဝသီယတီတိ-ဝတ္ထံ၊ ရူ၊ ၆၇ဝ။ ဖုံးလွှမ်းဝတ်ရုံအပ်သောအဝတ်။ ဝသ=(ဘူ+စု) အစ္ဆာဒန ဟိံသာ သိနေဟေသု-အဝတ်ဖုံး

ယောစ–အကြင်ပုဂ္ဂိုလ်သည်ကား၊ ဝန္တကသာဝေါ–လေးပါးသောမဂ်ဉာဏ်ဖြင့် ထွေးအန်ပြီးသော ကိလေသာဖန်ရည်ရှိသည်၊ ဝါ–လေးပါးသောမဂ်ဉာဏ်ဖြင့် ကိလေသာဖန်ရည်ကို ထွေးအန်ပြီးသည်၊ အဿ–ဖြစ်ရာ၏၊ သီလေသု–စတုပါရိသုဒ္ဓိသီလတို့၌၊ သုသမာဟိတော–ကောင်းစွာထားအပ်ပြီးသောစိတ်ရှိသော၊ ဒမသစ္စေန–ဣန္ဒြေတို့ကို ဆုံးမခြင်း, မှန်ကန်စွာပြောဆိုခြင်းနှင့်၊ ဥပေတော–ပြည့်စုံသော၊ သ–သော–ထိုပုဂ္ဂိုလ်သည်၊ ဝေ–စင်စစ်၊ ကာသာဝံ–ဖန်ရည်ဖြင့်ဆိုး, အဝတ်မျိုးကို၊ (ပရိဒဟိတုံ–ဝတ်ရုံခြင်းငှာ၊) အရဟတိ–ထိုက်တန်၏။

---

လွှမ်းခြင်း, ညှဉ်းဆဲခြင်း, ချစ်နှစ်သက်ခြင်း(စေးကပ်ခြင်း)တို့၌၊ (ဝသတိ၊ ဝါသေတိ၊ ဝါသယတိ။) ဝသ–ပရိဒဟနေ၊ ဗဟုလာဓိကာရာ ဥတ္တံ နတ္ထိ၊ ဝါသိတဗ္ဗန္တိ–ဝတ္ထံ၊ နိရုတ္တိ၊ ၄၉၇။ ဝသျတေ အစ္ဆာဒျတေ အနေနာတိ–ဝတ္ထံ၊ ကောတ္ထုဘာ။ အဝတ်။ န။

**ပရိဒဟိဿတိ**= [ပရိ √ ဓာ+အ+ဿတိ] ဝတ်ရုံ၏၊ ဝိဘတ္တိဝိပလ္လာသ။ ပစ္စုပ္ပန်ဝိဘတ်မှ အနာဂတ်ဝိဘတ်ပြန်နေသည်၊ ထို့ကြောင့် ဝတ်ရုံ၏–ဟုသာအနက် ပေးရသည်၊ ဓာ=(ဘူ) ဓာရဏေ–ဆောင်ခြင်း၌၊ ပရိပုဗ္ဗော–ပရိရှေ့ရှိမူ၊ နိဝါသေ–ဝတ်ရုံခြင်း၌၊ (ဒဓာတိ၊ ဒဟတိ/ ပရိဒဟတိ။)

**အပေတော**= [အပ√ဣ+တ] အပေတီတိ–အပေတော၊ ကင်းသော၊ ဣ=(ဘူ) ဂတိယံ–သွားခြင်း၌၊ (ဣတိ၊ ဧတိ၊ အယတိ၊ အပရှေ့ရှိမူ အပေတိ။)

**ဒမသစ္စေန**= [ဒမ+သစ္စ] ဒမောစ သစ္စဥ္စ–ဒမသစ္စံ၊ သမာဟာရဒွန်၊ ဣန္ဒြေတို့ကို ဆုံးမခြင်း၊ မှန်ကန်စွာပြောဆိုခြင်း။

**ဒမ**= [√ဒမု+အ] ဒမန့်–ဒမော၊ ဣန္ဒြေတို့ကို ဆုံးမခြင်း၊ ဒမု=(ဘူ+ဒိ+စု) ဒမနေ–ဆုံးမခြင်း၌၊ (ဒမတိ၊ ဒမ္မတိ၊ ဒမေတိ၊ ဒမယတိ။)

**သစ္စံ**= [√သတ+ယ] ရူ၊ ၆၆၀။ သတ–သာတစ္စေ၊ ဣမိနာ ယပစ္စယော၊ တျဿ စကာရော သစ္စံ၊ သတန့်–သစ္စံ။ [√သတ+တျ] သစ္စံ၊ နီတိ–သုတ္တ၊ ၁၂၆၀။ [သတ+ယ] သတေ ဟိတံ–သစ္စံ၊ ကောတ္ထုဘာ။ မှန်သောစကား၊ သမ္မာဝါစာစေတသိက်၊ အမှန်တရား၊ သစ္စာလေးပါး။

**သတ**= [√ အသ+အတ] ဓာတ်၏အစ အ–ကိုချေ၊ ကောတ္ထုဘာ။ ထင်ရှားရှိသော၊ မှန်သော၊ ကောင်းသော၊ သင့်တော်သော၊ မြတ်သော။ အသ=(ဘူ) ဘုဝိ–ထင်ရှားဖြစ်ခြင်း၌၊ ဂတိဒိတ္တိ အာဒါန ခေပနေသုစ–သွားခြင်း, ထွန်းပခြင်း, ယူခြင်း, ပစ်ပယ်ခြင်းတို့၌လည်း၊ (အတ္ထိ ။)

**အရဟတိ**= [√ အရဟ+အ+တိ] ထိုက်၏၊ ထိုက်တန်၏၊ သင့်လျော်၏၊ လျောက်ပတ်၏၊ အရဟ=(ဘူ+စု) ယောဂျေ–သင့်လျော်လျောက်ပတ်ခြင်း၌၊ ပူဇာယံစ–ပူဇော်ခြင်း၌လည်း၊ (အရဟတိ၊ အရဟေတိ၊ အရဟယတိ။) အလမတ္ထကြိယာဖြစ်သောကြောင့် ပရိဒဟိတုံ–ဟု တုမတ္ထသမ္ပဒါန် ထည့်ပေးရသည်။

**မြန်မာပြန်** ကိလေသာဖန်ရည်ရှိနေသည့်အပြင် စက္ခုစသော ဣန္ဒြေတို့ကိုလည်း မဆုံးမ မစောင့်စည်း, မှန်ကန်စွာလည်း မပြောဆိုသောပုဂ္ဂိုလ်မျိုးသည် ဖန်ရည်ဆိုး သင်္ကန်းကို မဝတ်ရုံထိုက်ပေ။

ကိလေသာဖန်ရည်တို့ကို စွန့်ပယ်လျက် စတုပါရိသုဒ္ဓိသီလ၌ ကောင်းစွာတည်၍ ဣန္ဒြေတို့ကိုလည်း စောင့်စည်း, မှန်ကန်စွာလည်း ပြောဆိုသော ပုဂ္ဂိုလ်မျိုးသာ ဖန်ရည်ဆိုး သင်္ကန်းကို ဝတ်ရုံထိုက်ပေသည်။

**လင်္ကာ** မကင်းကိလေ, ဣန္ဒြေမစောင့်, မဖြောင့်စကား, ထိုသူကားမူ, ဆိုးထားအဖန်, သင်္ကန်းမွန်နှင့်, မတန်မရာ, မထိုက်ပါတည်း။

ကင်းကွာကိလေ, စောင့်နေသီလ, ဆုံးမဣန္ဒြေ, ဆိုလေမှန်ကန်, ပုဂ္ဂိုလ်မွန်သာ, သင်္ကန်းဝါနှင့်, ကောင်းစွာမသွေ, ထိုက်တန်ပေ၏။

---

**ဝန္တကသာဝေါ=** [ဝန္တ+ကသာဝ] ဝန္တော ကသာဝေါ ယေနာတိ-ဝန္တကသာဝေါ၊ ထွေးအန် အပ်ပြီးသော ကိလေသာဖန်ရည်ရှိသူ၊ ကိလေသာဖန်ရည်ကို ထွေးအန်ပြီးသူ။

**ဝန္တ=** [√ဝမု+တ] ဝမီယိတ္ထာတိ-ဝန္တံ၊ ဝမိတံ ပက္ကမာဒီဟိ န္တောတိ န္တာဒေသော၊ ရူ၊ ၆၃၁။ ထွေးအန်အပ်ပြီးသော။ ဝမု=(ဘူ) ဥဂ္ဂိရဏေ-ထွေးအန်ခြင်း၌၊ (ဝမတိ။)

**အသ=** [√ အသ+ဧယျ] ဖြစ်ရာ၏၊ လောပါဘာဝေ ကွစိဓာတွာဒီနာ အသတော ဧယျာဒီနံ သဓာတွန္တာနံ သ သု သ သထ သံ သာမအာဒေသာ ဟောန္တိ။ ရူ-နာ၊ ၃၀၀။

**သီလေသု=** [√သီလ+အ] သီလတီတိ-သီလံ၊ ကာယဝစီကမ္မာနိ သမာဒဟတိ သမ္မာ ဌပေတီ တျတ္ထော၊ သီလယတိဝါ ဥပဓာရေတီတိ-သီလံ၊ ဋီကာကျော်၊ ၁၇၅။ သီလ=(ဘူ) သမာဓိမှိ-ကာယကံစသည်တို့ကို ကောင်းစွာထားခြင်း၌၊ (စု) ဥပဓာရဏေ-တည်ရာ၏အဖြစ်ဖြင့် လွန်စွာဆောင်ခြင်း၌၊ (သီလတိ၊ သီလေတိ၊ သီလယတိ။)

သီလတိ သီလေတီတိဝါ-သီလံ၊ ဣတိဝုတ်-ဋ၊ ၂၈၉။ နီတိ-ဓာ၊ ၁၆၃၊ ၃၄၃-တို့ကိုလည်း ရှုပါ၊ ဤ၌ သီလလေးပါးလုံးကိုပင် ယူရမည်၊ သီလလေးပါးကား-

၁။ ပါတိမောက္ခသံဝရသီလ= ဝိနည်း၌လာသောသီလ၊

၂။ အာဇီဝပါရိသုဒ္ဓိသီလ= အသက်မွေးမှုကို အကြောင်းပြု၍ ပညတ်တော်မူ အပ်သော သီလ၊ ကုလဒူသန အနေသနတို့မှ ရှောင်ကြဉ်မှု၊

၃။ ပစ္စယသန္နိဿိတသီလ= ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်သုံးစွဲမှု၊

၄။ ဣန္ဒြိယသံဝရသီလ= စက္ခုစသော ဣန္ဒြေခြောက်ပါးတို့၌ အဘိဇ္ဈာဒေါမနဿ စသော အကုသိုလ်မဖြစ်အောင် စောင့်စည်းမှုတို့တည်း။

**သုသမာဟိတော=** [သု+သမာဟိတ] သုဋ္ဌု သမာဟိတံ ယေနာတိ-သုသမာဟိတော၊ ကောင်းစွာ ထားအပ်သောစိတ်ရှိသူ၊ ကောင်းစွာထားအပ်သော ကိုယ်နှုတ်စိတ်ရှိသော။

**သမာဟိတ=** [သံ+အာ √ ဓာ+တ] ဓာတ်၏အာကို ဣ-ပြု၍ ဓ-ကိုလည်း ဟ-ပြု၊ သမ္မာ ဓိယ တေတိ-သမာဟိတံ= စိတ္တံ၊ ကောင်းစွာထားအပ်သောစိတ်၊ တည်ကြည်သောစိတ်ရှိသော။

## ၈-သာရိပုတ္တတ္ထေရဝတ္ထု

၁၁။ အသာရေ သာရမတိနော , သာရေ စာသာရဒဿိနော၊
တေ သာရံ နာဓိဂစ္ဆန္တိ , မိစ္ဆာသင်္ကပ္ပဂေါစရာ။

၁၂။ သာရဉ္စ သာရတော ဉတွာ , အသာရဉ္စ အသာရတော၊
တေ သာရံ အဓိဂစ္ဆန္တိ , သမ္မာသင်္ကပ္ပဂေါစရာ။

**အနက်** (ယေ-အကြင်သူတို့သည်၊) အသာရေ-လေးဖြာပစ္စယ, မှားလှအယူ, အယူဖြစ်ကြောင်း, မကောင်းသော တရားဒေသနာဟုဆိုအပ်သော အနှစ်မဟုတ်သည်၌၊ သာရမတိနော-အနှစ်ဟုပင်, မှတ်ထင်ခြင်းရှိကုန်၏၊ သာရေစ-သမ္မာအယူ, အယူဖြစ်ကြောင်း, ကောင်းသောတရားဒေသနာဟုဆိုအပ်သောအနှစ်သာရ၌ကား၊ အသာရဒဿိနော-အနှစ်မဲ့ပင်, ရှုမြင်လေ့ရှိကုန်၏၊ တေ-ထိုသူတို့သည်၊ မိစ္ဆာသင်္ကပ္ပဂေါစရာ-ကာမဗျာပါ, ဝိဟိံသာဟု, မိစ္ဆာအကြံလျှင် ကျက်စားရာရှိကုန်သည်ဖြစ်၍၊ သာရံ-သီလအစ, နိဗ္ဗာန်ကျအောင်, ကောင်းလှကျစ်လစ်, အဆီအနှစ်ကို၊ နာဓိဂစ္ဆန္တိ-မရနိုင်ကြကုန်။

---

**ဥပေတော**= [ ဥပ √ ဣ+တ ] ဣ-ဂတိမှိ၊ ဥပေတီတိ-ဥပေတော၊ ရူ၊ ၆ဝ၈။ ကပ်ရောက်အပ်သော၊ ပြည့်စုံသော။

### ၁၁, ၁၂-ပဒဝိဘာဂ

**အသာရေ**= [ န+သာရ ] န သာရော-အသာရော၊ အနှစ်မဟုတ်၊ အကာ၊ ဤ၌ အသာရအရ ပစ္စည်းလေးပါး, မိစ္ဆာအယူ မကောင်းသော တရားဒေသနာများကို ယူပါ။

**သာရ**= [ √သာရ+အ ] သာရယတိ ဖေဂ္ဂုနို ဒုဗ္ဗလာနိ ကရောတီတိ-သာရော=ထိုရဲသော၊ သစ်သားအနှစ်။ သာရ=(စု) ဒုဗ္ဗလျေ-အားနည်းအောင်ပြုခြင်း၌၊ (သာရေတိ၊ သာရယတိ။)

[ √သရ+ဏ ] ထောမ။ ကောတ္ထုဘာ။ သရ-ဂတိဟိံသာစိန္တာသု၊ ဏော။ သာရော။ သူစိ။ သရ=( ဘူ+စု ) ဂတိယံ-သွားခြင်း၌၊ (သရတိ၊ သာရေတိ၊ သာရယတိ။)

**သာရမတိနော**= [သာရ+မတိ] သာရောဣတိ မတိ ယေသန္တိ-သာရမတိနော၊ သာရဟု မှတ်ထင်ခြင်း ရှိသူတို့။ ယောနံ နော-ဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် အကတရဿ ဣ-နောက်၌လည်း ယော-ဝိဘတ်ကို နောပြု။

**မတိ**= [ √ မန+တိ ] မနတိ ဇာနာတီတိ-မတိ၊ မနနံဝါ-မတိ၊ နီတိ-သုတ္တ၊ ၁၁၄၀။ မညတီတိ-မတိ၊ ရူ၊ ၅၉၉။ အယူအဆ၊ အယူဝါဒ၊ အတွေးအခေါ်။ မန=( ဘူ+ဒိ ) ဉာဏေ-သိခြင်း၌၊ (မနတိ၊ မညတိ။)

**သာရေစ**= ဤ၌ သာရအရ သမ္မာဒိဋ္ဌိနှင့် ယင်းသမ္မာဒိဋ္ဌိ၏ဖြစ်ကြောင်း ကောင်းသောဓမ္မဒေသနာကို ယူပါ။

**အသာရဒဿိနော**= [အသာရ+ဒဿီ] အသာရောဣတိ ဒဿိနော-အသာရဒဿိနော၊ အနှစ်မရှိဟုယူလေ့ရှိသူတို့။

(ယေ-အကြင်သူတို့သည်၊) သာရံ-သမ္မာအယူ, ယင်းအယူဖြစ်ကြောင်း, ကောင်းသော တရားဒေသနာဟုဆိုအပ်သော အနှစ်သာရကို၊ သာရတောစ-အနှစ်သာရအားဖြင့် လည်းကောင်း၊ အသာရံ-လေးဖြာပစ္စယ, မှားလှအယူ, ယင်းအယူဖြစ်ကြောင်း, မကောင်းသောတရားဒေသနာဟုဆိုအပ်သော အနှစ်သာရမဟုတ်သည်ကို၊ အသာရ တောစ-အနှစ်သာရမဟုတ်သောအားဖြင့်လည်းကောင်း၊ (ဇာနန္တိ-သိရှိကြကုန်၏၊) ဉတွာ-သိကြကုန်၍၊ တေ-ထိုသူတို့သည်၊ သမ္မာသင်္ကပ္ပဂေါစရာ-နိက္ခမ် အဗျာပါ, အဝိဟိံသာဟု ဆိုအပ်သော သမ္မာအကြံလျှင် ကျက်စားရာရှိကုန်သည်ဖြစ်၍၊ သာရံ-သီလကစ, နိဗ္ဗာန် ကျအောင်, ကောင်းလှကျစ်လစ်, ဆီအနှစ်ကို၊ အဓိဂစ္ဆန္တိ-ကောင်းစွာပိုင်ပိုင်, ရနိုင်ကြ လေကုန်၏။

---

**ဒဿီ=** [ √ ဒိသ+ဏီ ] ပဿန္တိ သီလေနာတိ-ဒဿိနော၊ ရှုလေ့ရှိသူတို့၊ ဓာတ်အရ သာရ၌ အသာရဟုမြင်မှု မိစ္ဆာအယူကို ကောက်ပါ။ ဒိသ=(ဘူ) ပေက္ခဏ ဟိံသာအပ္ပီတိ ဒါနဗောဓနေသု-ကြည့်ရှုမြင်မြော်ခြင်း, ညှဉ်းဆဲခြင်း, မုန်းခြင်း, ပေးခြင်း, သိစေခြင်းတို့၌၊ (ဒိဿတိ၊ ပဿတိ၊ ဒက္ခတိ၊ ဒိသတိ။)

**သာရံ=** ဤ၌ သာရံအရ သီလသမာဓိ ဝိပဿနာပညာ မဂ်ပညာအနှစ် ဝိမုတ္တိရသဟူသော အရဟတ္တဖိုလ်အနှစ်၊ ယင်းဝိမုတ္တိကို သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်အနှစ်နှင့် နိဗ္ဗာန် အနှစ်တို့ကို ယူပါ။

**အဓိဂစ္ဆန္တိ=** [အဓိ √ ဂမု+အ+အန္တိ ] သိကြ၏၊ ရကြ၏။ ဂမု=(ဘူ) ဂတိယံ-သွားခြင်း၌၊ အဓိပုဗ္ဗော-အဓိရှေးရှိမူ၊ ဉာဏပဋိလာဘေသု-သိခြင်း, ရခြင်းတို့၌၊ (အဓိဂစ္ဆတိ။)

**မိစ္ဆာသင်္ကပ္ပဂေါစရာ=** [မိစ္ဆာသင်္ကပ္ပ+ဂေါစရ) မိစ္ဆာသင်္ကပ္ပော ဂေါစရော ယေသန္တိ-မိစ္ဆာသင်္ကပ္ပ ဂေါစရာ၊ မိစ္ဆာအကြံဟူသော ကျက်စားရာရှိသူတို့။

**မိစ္ဆာသင်္ကပ္ပ=** [မိစ္ဆာ+သင်္ကပ္ပ ] မိစ္ဆာစ သင်္ကပ္ပောစာတိ-မိစ္ဆာသင်္ကပ္ပော၊ မှားသောအကြံအစည်= ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တို့ကို ယူပါ။

**မိစ္ဆာ=** [ √ မိထ+ကျပ်+ဍာပ် ] ကျပ်-၌ က်နှင့်ပ်တို့မှာ အနုဗန်မျှသာ၊ ဍာပ်-၌လည်း ဍ်နှင့်ပ်တို့မှာ အနုဗန်မျှသာ၊ ထို့ကြောင့် မိထျာ-ဟု ဖြစ်၏၊ ကောတ္ထုဘာ။ ပါဠိ၌ ထျာ-ကို ဆာ-ပြု၊ အသဒိသဒွေဘော်လာ၍ မိစ္ဆာ-ဟု ဖြစ်သည်။

[ √ မိထ+ယ+အာ ]-ဟုသော်လည်း ကြံပါ၊ မှားယွင်းသော၊ ဖောက်ပြန်သော၊ ယုတ်မာသောသဘော။ ဗျ။ မိထ=(ဘူ) သင်္ဂမ ဟိံသာမေဓာသု-ပေါင်းဆုံရောယှက်ခြင်း, ညှဉ်းဆဲခြင်း, လျင်မြန်စွာမှတ်ယူနိုင်ခြင်းတို့၌၊ (မိထတိ၊ မေထတိ။)

**သင်္ကပ္ပ=** [သံ √ ကပ္ပ+အ ] သင်္ကပ္ပီယတေတိ-သင်္ကပ္ပော၊ ကြံစည်အပ်သောဝတ္ထု, အာရုံ၊ အာရုံကို ကြံစည်တတ်သောစိတ်၊ အကြံအစည်၊ ကပ္ပ=(ဘူ) သတ္တိယံ-စွမ်းနိုင်ခြင်း၌၊ (စု) ဝိတက္က ဝိဓိဆောဒနေသု-ကြံစည်ခြင်း, ပြုစီရင်ခြင်း, ဖြတ်ခြင်းတို့၌၊ (ကပ္ပတိ၊ ကပ္ပေတိ၊ ကပ္ပယတိ။)

**မြန်မာပြန်** အနှစ်သာရမဟုတ်သော မိစ္ဆာအယူကို အနှစ်သာရဟု မှတ်ထင်ကြလျက် အနှစ်သာရဖြစ်သော သမ္မာအယူကို အနှစ်သာရမဟုတ်ဟု မှတ်ထင်နေသူတို့သည် မိစ္ဆာအကြံအစည်ကိုသာ ကြံစည်နေကြသည့်အတွက် သီလကစ, နိဗ္ဗာန်ကျအောင် ကောင်းမွန်သော အနှစ်သာရကို မရနိုင်ကြပေ။

အနှစ်သာရဖြစ်သော သမ္မာအယူကို အနှစ်သာရအားဖြင့်, အနှစ်သာရမဟုတ်သော မိစ္ဆာအယူကို အနှစ်သာရမဟုတ်သောအားဖြင့် သိနားလည်သူတို့သည် ယင်းသို့ သိနားလည်ကြသည့်အလျောက် မှန်ကန်သောအကြံအစည်များကို ကြံစည်နေကြသည်အတွက် သီလကစ, နိဗ္ဗာန်ကျအောင် ကောင်းသောအနှစ်သာရကို ရရှိနိုင်ကြပေသည်။

**လင်္ကာ** အနှစ်မပါ, ယူမိစ္ဆာကို, နှစ်သာထင်မှတ်, သူမြတ်ခမ္မ, နှစ်သာရကို, မှတ်ကြအကာ, ထင်မှတ်ပါ၍, လွဲစွာယူမှား, လူအများကား, မခြားနေ့ည, ကာမဗျာပါ, ဝိဟိံသာဟု, မိစ္ဆာအကြံ, ချိန်ကုန်ခံကာ, ကြံနေပါ၍, စမှာသီလ, ဆုံးမှနိဗ္ဗာန်, အနှစ်မှန်ကို, ကောန်ပိုင်ပိုင်, မရနိုင်တည်း။

အယူသမ္မာ, အနှစ်သာတည်း၊ မိစ္ဆာအယူ, အကာဟူ၍, မှတ်ယူအမှန်, ပုဂ္ဂိုလ်မွန်တို့, နိက္ခမ် အဗျာ, အဝိဟိံသာဟု, သမ္မာကြံသာ, ကြံနေပါ၍, စမှာသီလ, ဆုံးကျနိဗ္ဗာန်, အနှစ်မှန်ကို, ကောန်ပိုင်ပိုင်, ရရှိနိုင်၏။

---

**ဂေါစရ=** [ဂေါ √စရ+အ] ဂါဝေါ စရန္တိ ဧတ္ထာတိ–ဂေါစရော၊ နွားစားကျက်။ စရ=(ဘူ) ဂတိ စရဏ ဘက္ခဏေသု–သွားခြင်း, ကျင့်ခြင်း, စားခြင်းတို့၌၊ (စရတိ။)

[ဂေါစရ+ဏ] ဂေါစရောဝိယာတိ–ဂေါစရော= အဘိဏှံ စရိတဗ္ဗဋ္ဌာနံ၊ အမြဲကျက်စားရာ၊ ဂါဝေါ ဝါ စက္ခာဒီနိ ဣန္ဒြိယာနိ၊ တေဟိ စရိတဗ္ဗဋ္ဌာနံ–ဂေါစရော၊ မူလ–ဋီ၊ ၂၊ ၁၇၉။ ဂါဝေါ ဝါ စက္ခာဒီနိ ဣန္ဒြိယာနိ စရန္တိ ဧတ္ထာတိ–ဂေါစရော၊ ပု။ ကျက်စားရာအာရုံ၊ ဆွမ်းခံရွာ၊ ကျက်စားရာအရပ်–စသည်။

**ဂေါ=** [√ဂမု+ရ] ရ်အနုဗန်နှင့်တကွ ဓာတွန်မ်, ဂ–၏ အ–တို့ကိုချေ၊ ဂစ္ဆတီတိ–ဂေါ= ပသု၊ နွား၊ မောဂ်–၇၊ ၁၃။

[√ဂမု+ရော] ဂစ္ဆတီတိ–ဂေါ၊ နီတိ–သုတ္တ၊ ၁၁၁၅။ နွား။ [√ဂမု+ဆော်] ထောမနှင့် ကောတ္ထုဘာ။ နွား၊ စက္ခုစသောဣန္ဒြေ။ ထိ+ပု။

**သမ္မာသင်္ကပ္ပဂေါစရာ=** [သမ္မာသင်္ကပ္ပ+ဂေါစရ] သမ္မာသင်္ကပ္ပော ဂေါစရော ယေသန္တိ–သမ္မာသင်္ကပ္ပဂေါစရာ၊ ကောင်းသောအကြံဟူသော ကျက်စားရာရှိသူတို့။

**သမ္မာသင်္ကပ္ပ=** [သမ္မာ+သင်္ကပ္ပ] သမ္မာ အဝိပရီတော သင်္ကပ္ပော–သမ္မာသင်္ကပ္ပော၊ ကောင်းသော အကြံ။–

၁။ နေက္ခမ္မသင်္ကပ္ပ= ကာမကိုအာရုံပြုသော လောဘမှထွက်မြောက်သော အလောဘနှင့်ယှဉ်သော စိတ်၊

၂၈၉၆၁

## ၉-နန္ဒတ္ထေရဝတ္ထု

၁၃။ ယထာ အဂါရံ ဒုစ္ဆန္နံ ၊ ဝုဋ္ဌီ သမတိဝိဇ္ဈတိ၊
ဧဝံ အဘာဝိတံ စိတ္တံ ၊ ရာဂေါ သမတိဝိဇ္ဈတိ။

၁၄။ ယထာ အဂါရံ သုစ္ဆန္နံ ၊ ဝုဋ္ဌီ န သမတိဝိဇ္ဈတိ၊
ဧဝံ သုဘာဝိတံ စိတ္တံ ၊ ရာဂေါ န သမတိ ဝိဇ္ဈတိ။

(အနက်) ဒုစ္ဆန္နံ-မကောင်းသဖြင့် မိုးထားသော၊ အဂါရံ-အိမ်ကို၊ ဝုဋ္ဌိ-မိုးရေမိုးပေါက်သည်၊ သမတိဝိဇ္ဈတိယထာ-လွန်စွာထိုးဖောက်, ဝင်ရောက်နိုင်သကဲ့သို့၊ ဧဝံ-ဤအတူ၊ အဘာဝိတံ-သမထဝိပဿနာ, ဘာဝနာတို့ဖြင့် မတိုးပွားစေအပ်သော၊ စိတ္တံ-စိတ်ကို၊ ရာဂေါ-ရာဂသည်၊ သမတိဝိဇ္ဈတိ-လွန်စွာထိုးဖောက်, ဝင်ရောက်နိုင်၏။

---

၂။ အဗျာပါဒသင်္ကပ္ပ= သေစေလိုသော ဗျာပါဒ-ဒေါသ၏ဆန့်ကျင်ဘက် မေတ္တာ-အဒေါသနှင့်ယှဉ်သော ဝိတက်၊

၃။ အဝိဟိံသာသင်္ကပ္ပ= ညှဉ်းဆဲလိုသော ဒေါသ၏ ဆန့်ကျင်ဘက် ကရုဏာနှင့်ယှဉ်သော ဝိတက်၊ ဤဝိတက်သုံးမျိုးကိုပင် သမ္မာသင်္ကပ္ပ-ဟု ဆိုရသည်။

သမ္မာ= [သမ်+ယဒ် ] သမျဒ်= သမ္မဒ်၊ ဒ်-ကိုချေ၊ မ္မ-၏ အ-ကို အာဒီဃပြု= သမ္မာ၊ ကောင်းသော၊ မဖောက်ပြန်သော၊ မှန်ကန်သော။ ဗျ။

### ၁၃, ၁၄-ပဒဝိဘာဂ

**အဂါရံ**= [√ အဂ+အာရ] အဂန္တိ ဂစ္ဆန္တိ ဧတ္ထာတိ-အဂါရံ=ဃရံ၊ အိမ်။ မောဂ်-၇၊ ၁၆၄။ အဂ=(ဘူ) ဂတိယံ-သွားခြင်း၌၊ (အဂတိ။)

[အဂ √ရာ+အ ] အဂေ ရာတိ ဂဏှာတီတိ-တိုင်စသော သစ်ဝါးအဆောက်အဦကို ယူတတ်သောကြောင့် အဂါရံ၊ အိမ်။ ရာ=(ဘူ) ဒါန အာဒါနေသု-ပေးခြင်း, ယူခြင်းတို့၌၊ (ရာတိ။)

**အဂ**= [န √ ဂမု+က္ဝိ ] န ဂစ္ဆန္တီတိ-အဂါ= ထမ္ဘာဒယော၊ တိုင်-စသော သစ်ဝါးအဆောက်အဦများ။

**ဒုစ္ဆန္နံ**= [ဒု+ဆန္န ] မကောင်းသဖြင့်မိုးအပ်သော၊ မကောင်းသဖြင့်မိုးထားသော၊ -ဤ၌။ န။

**ဆန္နံ**= [√ ဆဒ+တ ] ဆဒီယိတ္ထာတိ-ဆန္နံ၊ မိုးအပ်ပြီးသော၊ မိုးထားသော။ န။ ဆဒ=(စု) သံဝရဏ အပဝါရဏေသု-စောင့်ရှောက်ဖုံးလွှမ်းခြင်း, တားမြစ်ခြင်းတို့၌၊ (ဆာဒေတိ၊ ဆာဒယတိ။)

**ဝုဋ္ဌိ**= [√ဝဿု+တိ ] ဝဿန်-ဝုဋ္ဌိ-ဟု ရူ၊ ၆၂၇-၌ ပြဆိုထားသော်လည်း အဋ္ဌကထာ၌ ဝဿ ဝုဋ္ဌိ-ဟု ဖွင့်ဆိုထားသည်ကို ထောက်၍ ဝဿတီတိ-ဝုဋ္ဌိဟု ကတ္တုသာဓ် ပြုပါ၊ မိုးရေ၊ မိုးပေါက်။ ထီ။ ဝဿု=(ဘူ) သေစနေ-သွန်းလောင်းခြင်း၌၊ (ဝဿတိ။)

**သမတိဝိဇ္ဈတိ**= [သံ+အတိ √ဝိဓ+ယ+တိ ] အလွန်ထိုးဖောက်၏၊ အလွန်ယိုစိမ့်၏။ ဝိဓ= (ဘူ+ဒိ+စု) ဝိဇ္ဈနေ-ဖောက်ထွင်းခြင်း၌၊ (ဝိဓေတိ၊ ဝိဇ္ဈတိ၊ ဝေဓယတိ။)

သုစ္ဆန္နံ-ကောင်းစွာမိုးထားသော၊ အဂါရံ-အိမ်ကို၊ ဝုဋ္ဌိ-မိုးရေမိုးပေါက်သည်၊ န သမတိဝိဇ္ဈတိယထာ-လွန်စွာမထိုးဖောက်မဝင်ရောက်နိုင်သကဲ့သို့၊ ဧဝံ-ဤအတူ၊ သုဘာဝိတံ-သမထဝိပဿနာ ဘာဝနာတို့ဖြင့် ကောင်းစွာတိုးပွားစေအပ်ပြီးသော၊ စိတ္တံ-စိတ်ကို၊ ရာဂေါ-ရာဂသည်၊ န သမတိဝိဇ္ဈတိ-လွန်စွာမထိုးဖောက်မဝင်ရောက်နိုင်။

**မြန်မာပြန်** ကောင်းစွာမိုးမထားသော အိမ်အတွင်းသို့ မိုးရေမိုးပေါက်, ထိုးဖောက်ဝင်ရောက်နိုင်သကဲ့သို့ သမထဝိပဿနာ ပွားများမှု မပြုလုပ်သူ၏ စိတ်ထဲသို့ ရာဂသည် ထွင်းဖောက်ဝင်ရောက်နိုင်၏။

ကောင်းစွာမိုးထားသော အိမ်အတွင်းသို့ မိုးရေမိုးပေါက် မထွင်းဖောက်မဝင်ရောက်နိုင်သကဲ့သို့ သမထဝိပဿနာ ဘာဝနာပွားများမှု ပြုထားသူ၏ စိတ်ထဲသို့ ရာဂသည် မထွင်းဖောက်မဝင်ရောက်နိုင်ပေ။

---

**အဘာဝိတံ**= [န+ဘာဝိတ] န ဘာဝိတံ-အဘာဝိတံ= စိတ္တံ၊ မတိုးပွားစေအပ်သော။ န။

**ဘာဝိတ**= [√ဘူ+ဏေ+တ] အဘာဝီယိတ္ထာတိ-ဘာဝိတံ၊ ရူ၊ ၆၃၃။ တိုးပွားစေအပ်သော။ ဘူ=(ဘူ) သတ္တာယံ-ထင်ရှားရှိခြင်း၌၊ (ဘဝတိ။) ဓာတ်တို့၏ အနေကတ္ထဖြစ်ရကား ဤ၌ ဝုဒ္ဓိယံ-ကြီးပွားခြင်း၌-ဟူသော အနက်ကိုယူပါ။

**စိတ္တံ**= [√ စိတ+တက်] စိန္တေတီတိ-စိတ္တံ= ဝိညာဏံ စိတ္တကမ္မာဒိစ၊ ဝိညာဉ်, ပန်းချီမှု-စသည်၊ မောဂ်-၇၊ ၈၃။ စိတ=(စု) သဥ္စေတနေ-စေ့ဆော်ခြင်း, ကြံစည်ခြင်း၌၊ ဝေါဟာရေစ-ရောင်းဝယ် လဲလှယ်ခြင်း၌လည်း၊ (စေတေတိ၊ စေတယတိ။)

[√ စိန္တ+တ] = [√ စိတိ+တ] အာရမ္မဏံ စိန္တေတီတိ-စိတ္တံ၊ ဝိဇာနာတီတိအတ္ထော၊ စိတ်။ ဘိ-၄-၁၊ ၁၀၆။ စိန္တ + စိတိ=(စု) စိန္တာယံ-ကြံစည်ခြင်း၌၊ သိခြင်း၌၊ (စိန္တေတိ၊ စိန္တယတိ။)

[√စိ+တ] ဇဝနဝီထိဝသေန အတ္တနော သန္တာနံ စိနောတီတိ-စိတ္တံ= လောကိယကုသလာကုသလကြိယစိတ္တံ၊ လောကီကုသိုလ် အကုသိုလ် ကြိယာစိတ်။ ဘိ-၄၊ ၄င်း။ စိ=(ဘူ+သွာ+ကီ+စု) စယေ-ဆည်းပူးခြင်း၌၊ (စယတိ၊ စိဏောတိ၊ စိနောတိ၊ စိနာတိ၊ စာယတိ။) ဏကာရဿ နကာရတ္တံ၊ ပါကာရံ စိနောတိ၊ နီတိ-ဓာ၊ ၂၄၅။

ကမ္မကိလေသေဟိ စိတန္တိ-စိတ္တံ= ဝိပါကံ၊ ဝိပါက်စိတ်။ ဘိ-၄၊ ၄င်း။ [√ စိတ္တ+အ] စိတ္တယတီတိ-စိတ္တံ၊ အဆန်းတကြယ်ပြုတတ်သောစိတ်၊ ယထာနုရူပတော စိတ္တတာယ-စိတ္တံ၊ ဘိ-၄၊ ၄င်း။ စိတ္တ=(စု) စိတ္တီကရဏာဒဿနေသု-အဆန်းတကြယ်ပြုခြင်း, ကြည့်ရှုခြင်းတို့၌၊ (စိတ္တေတိ၊ စိတ္တယတိ။)

[√ စိတ္တ+ဏာပေ+အ] စိတ္တကရဏတာယ-စိတ္တံ၊ စိတ္တာပေတီတိ-စိတ္တံ၊ နီတိ-ဓာ၊ ၃၀၅-၇၊ ၃၁၀၊-တို့ကိုလည်းရှုပါ။

**ရာဂေါ**= [√ ရန္ဇ+ဏ] ရဇ္ဇန္တိအနေနာတိ-ရာဂေါ၊ ရဥ္စိယတိ အနေနာတိ ဝါ-ရာဂေါ၊ သယံ ရဇ္ဇတီတိပိ-ရာဂေါ၊ ရူ၊ ၅၇၉။ ရာဂေါတိ-ရဇ္ဇန္တိ သတ္တာ တေန, သယံ ဝါ ရဇ္ဇတိ, ရဇ္ဇန

လက်ာ ) လျှင်မြန်ဆွေးပျက်, မြက်သစ်ရွက်ဖြင့်, အောက်ထက်အစဉ်, စပ်ယှဉ်ရုံမျှ, တော်စွ လျော်စွာ, မိုးထားပါသည့်, အိမ်ဂေဟာတွင်း, မိုးယိုဆင်းသို့, ချို့ယွင်းသီလ, သမထဝိပဿနာ, ဘာဝနာမှု, မပြုထုံမွမ်း, စိတ်သရမ်းကို, ဆိုးသွမ်းကိလေသာ, ထိုးဖောက်ပါ၏။

ကောင်းစွာလုပ်ထား, သွပ်အုတ်များဖြင့်, မိုးထားကောင်းစွာ, အိမ်ဂေဟာကို, မိုးမယိုသို့, ထိန်းသိုသီလ, သမထဝိပဿနာ, ဘာဝနာထုံမွမ်း, စိတ်ငြိမ်းချမ်းကို, ဆိုးသွမ်းကိလေသာ, မဝင်လာတည်း။

## ၁၀-စုန္ဒသူကရိကဝတ္ထု

၁၅။ ဣဓ သောစတိ ပေစ္စ သောစတိ , ပါပကာရီ ဥဘယတ္ထ သောစတိ၊
သော သောစတိ သော ဝိဟညတိ , ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။

အနက် ) ပါပကာရီ-မကောင်းမှုကို ပြုတတ်သူသည်၊ ဣဓ-ဤပစ္စုပ္ပန်ဘဝ၌၊ သောစတိ-စိုးရိမ်ရ၏၊ ပေစ္စ-တမလွန်ဘဝ၌၊ သောစတိ-စိုးရိမ်ရ၏၊ ဥဘယတ္ထ-ပစ္စုပ္ပန် တမလွန်, နှစ်တန်သောဘဝ၌၊ သောစတိ-စိုးရိမ်ရ၏၊ အတ္တနော-မိမိ၏၊ ကမ္မကိလိဋ္ဌ-ညစ်နွမ်းသော အကုသိုလ်ကံကို၊ ဒိသွာ-မြင်ရ၍၊ ဝါ-မြင်ရခြင်းကြောင့်၊ သော-ထိုမကောင်းမှု ပြုထားသူသည်၊ သောစတိ-စိုးရိမ်ရ၏၊ သော-ထိုမကောင်းမှု ပြုထားသူသည်၊ ဝိဟညတိ-ပင်ပန်းရ၏။

---

မတ္တမေဝဝါ ဖတ္တိ-ရာဂေါ= တဏှာ။ နီတိ-ဓာ၊ ၄၆။ ရန္ဇ=(ဘူ+ဒိ) ရာဂေ-ကပ်ငြိ တပ်စွဲခြင်း၌၊ (ရန္ဇတိ၊ ရဇ္ဇတိ၊ ရဇ္ဇတိ။)

**သုစ္ဆန္နံ**= [သု+ဆန္န] သုဋ္ဌု ဆန္နံ-သုစ္ဆန္နံ၊ ကောင်းစွာမိုးအပ်ပြီးသော၊ ကောင်းစွာမိုးထားသော။

**သုဘာဝိတံ**= [သု+ဘာဝိတ] သုဋ္ဌု ဘာဝိတံ-သုဘာဝိတံ၊ ကောင်းစွာပွားစေအပ်ပြီးသော။

## ၁၅-ပဒဝိဘာဂ

**သောစတိ**= [√သုစ+အ+တိ] စိုးရိမ်ရ၏၊ ဝမ်းနည်းရ၏၊ ဓာတ်အရ ကုက္ကုစ္စစေတသိက်ကို ကောက်ပါ၊ သုစ=(ဘူ) သောကေ-စိုးရိမ်ခြင်း၌၊ (သောစတိ။)

**ပေစ္စ**= ပေစ္စာမုတြဘဝန္တရေ-တမလွန်ဘဝ၌၊ ဓာန်၊ ၁၁၄၈။ ပစ္စ အမုတြသဒ္ဒါ ဘဝန္တရေ သတ္တမျွေသော၊ ပေစ္စ သဂ္ဂေ ပမောဒတီတျာဒိသု ဒိဿတိ၊ သူစိ။ အဗျယသတ္တမျန္တ နိပါတ်၊ ထို့ကြောင့် တမလွန်ဘဝ၌-ဟု အနက်ပေးရသည်။

[ပ √ ဣ+ဏျ] ဏ-ကို တ-ပြု၊ ပေစ္စနောက်မှ သတ္တမီဝိဘတ်ကို ချေ၊ ထောမ၌လည်း [ပြ √ ဣဏ+လျပ်] လောကန္တရေ-ဟု ပြထားသည်။ ဣဏ+ဣဏ= (တ) ဂတိယံ-သွားခြင်း၌၊ (ဣဏောတိ။)

[ပ √ ဣ+တွာ] အံ-၌၊ -၌ ပေစ္စာတိ ပရလောက် ဂန္တွာ-ဟု ဖွင့်ပြထားသည်ကို လည်းကောင်း, ကောတ္ထုဘာ-၌ [ပြ √ ဣ+တွာ+လျပ်]ဟု ပြဆိုထားသည်ကိုလည်းကောင်း မှီပါသည်။

**မြန်မာပြန်** မကောင်းမှုကို ပြုသောသူသည် ဤဘဝ၌လည်း စိုးရိမ်ရ၏၊ နောက်ဘဝ၌လည်း စိုးရိမ်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝ၌ စိုးရိမ်ရ၏၊ ထိုမကောင်းမှုကို ပြုထားသူသည် မိမိပြုမိသော မကောင်းမှုကို မြင်၍ စိုးရိမ်ရ၏၊ ပင်ပန်းရ၏။

**လင်္ကာ** မကောင်းမှုသာ, ပြုတုံပါက, ခုခါစိုးရိမ်, နောင်စိုးရိမ်၏၊ စိုးရိမ်နှစ်ဖြာ, ခုနောင်ခါတည်း၊ ကိုယ်သာစီမံ, ညစ်ညူးကံကို, မြင်ပြန်ခဏ, စိုးရိမ်ရသည်,·····လွန်စွာလွန်စွာ ပင်ပန်း၏။

---

**ပါပကာရီ=** [ပါပ+ကာရီ] ပါပံ ကာရီ-ပါပကာရီ၊ မကောင်းမှုကို ပြုတတ်သူ။

**ပါပ=** [ √ပါ+ပ] အပါယံ ပါတိ ရက္ခတီတိ-ပါပံ= ကိဗ္ဗိသံ၊ မကောင်းမှု၊ မောဂ်-၇၊ ၁၁၄။ ပါတိ ရက္ခတိ အတ္တာနံ အသ္မာတိ-ပါပံ။ ထောမ။ ကောတ္ထုဘာ။ ပါ=(ဘူ) ရက္ခဏေ-စောင့်ခြင်း၌၊ ပါန ဘုဥ္ဇန ပူရဏ ပါပုဏနေသုစ-သောက်ခြင်း, သုံးဆောင်ခြင်း, ပြည့်စေခြင်း, ရောက်ခြင်းတို့၌လည်း၊ (ပါတိ၊ ပိဝတိ။)

[ပ √ အပ+ဏေ+အ] ဒုဂ္ဂတိံ ပါပေတီတိ-ပါပံ။ အပ=(သွာ+တ) ပါပုဏနေ-ရောက်ခြင်း၌၊ (ပါပုဏောတိ၊ ပါပုဏာတိ၊ အပေါတိ၊ ပ-ရှေးရှိမူ ပပ္ပောတိ။) မကောင်းသော၊ သူယုတ်မာ။

[ပ√ပေ+ဏ] ပသဒ္ဒေါ ဧတ္ထ အပါယဝစနော၊ တသ္မာ ပံ-အပါယံ ပေတိ ဂစ္ဆတိ ဧတေနာတိ-ပါပံ၊ သူစိ။ ပေ=(ဘူ) ဂတိ ဝုဒ္ဓိ သောသနေသု-သွားခြင်း, ကြီးခြင်း, ခြောက်သွေ့ခြင်းတို့၌၊ (ပေတိ၊ ပယတိ။)

**ကာရီ=** [ √ကရ+ဏီ] ကရောတီတိ-ကာရီ၊ ပြုတတ်သော၊ အဋ္ဌကထာ၌ ပါပကာရကော ပုဂ္ဂလော-ဟုဖွင့်ဆိုထားသောကြောင့် ကတ္တုသာဓနရိုးရိုးသာယူရသည်၊ တဿီလာဒိမယူရ။

**ဥဘယတ္ထ=** [ √ဥဘ+အယ] နှစ်ခု၊ ကောတ္ထုဘာ။ ဥဘယ၊ ထ-ပစ္စည်းသက်ပါ။ ဥဘ+ဥမ္ဘ=(ဘူ) ပူရဏေ-ပြည့်စေခြင်း၌၊ (ဥဘတိ၊ ဥမ္ဘတိ။)

[ဥဘ+အယ] ဥဘော အဝယဝါ အဿာတိ-ဥဘယော၊ ထောမ။ သူရယ၊ နှစ်ပါး၊ နှစ်ခု။ သဗ္ဗနာမ်။

**ဥဘ=** [ √ ဥ+ဘက်] နှစ်ခု၊ သဗ္ဗနာမ် ဗဟုဝုစ်သာ၊ ထောမ။ ကောတ္ထုဘာ။ ဥ=(ဘူ) သဒ္ဒေ-အသံပြုခြင်း၌၊ (အဝတ်-ဆို၏။)

**ဝိဟညတိ=** [ဝိ √ဟန+ယ+တိ] ပင်ပန်း၏၊ ဟန=(ဒိ) ဝိဟိံသာဃဋ္ဋနေသု-ပင်ပန်းခြင်း, ထိခိုက်ခြင်းတို့၌၊ (ဟညတိ။)

**ဒိသွာ=** [ √ ဒိသ+တွာ] တွေ့မြင်၍၊ တွာ-ပစ္စည်းကို သွာ-ပြု၊ ဓာတွန် သ-ကိုချေ၊ ကစ္စည်း၊ ၅၉၉။ ရူ၊ ၆၄၄။

**ကမ္မကိလိဋ္ဌ=** [ကမ္မ+ကိလိဋ္ဌ] ကိလိဋ္ဌံ စ တံ ကမ္မဉ္စာတိ-ကမ္မကိလိဋ္ဌံ၊ ဝိသေသနပရပဒ ကမ္မဓာရယ။ ညစ်ပေသောအကုသိုလ်ကံ။

**ကမ္မ=** [ √ ကရ+ရမ္မ] ကရီယတေ တန္တိ-ကမ္မံ၊ ပြုအပ်သောကြောင့်-ကမ္မ။ ကာယကံ-စသည်။ ကစ္စည်း၊ ၅၃၁။ ရူ၊ ၅၈၉။

## ၁၁-ဓမ္မိကဥပါသကဝတ္ထု

၁၆။ ဣဓ မောဒတိ ပေစ္စ မောဒတိ , ကတပုညော ဥဘယတ္ထ မောဒတိ၊
သော မောဒတိ သော ပမောဒတိ , ဒိသွာ ကမ္မဝိသုဒ္ဓိမတ္တနော။

အနက် ကတပုညော-ပြုအပ်ပြီးသော ကုသိုလ်ကောင်းမှုရှိသူသည်၊ ဝါ-ကုသိုလ်ကောင်းမှု ပြုထားသူသည်၊ ဣဓ-ဤပစ္စုပ္ပန်ဘဝ၌၊ မောဒတိ-ဝမ်းမြောက်ရ၏၊ ပေစ္စ-တမလွန်ဘဝ၌၊ မောဒတိ-ဝမ်းမြောက်ရ၏၊ ဥဘယတ္ထ-ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝ၌၊ မောဒတိ-ဝမ်းမြောက်ရ၏၊ အတ္တနော-မိမိ၏၊ ကမ္မဝိသုဒ္ဓိံ-ကံ၏စင်ကြယ်မှုကို၊ ဒိသွာ-မြင်ရ၍၊ ဝါ-မြင်ရခြင်းကြောင့်၊ သော-ထိုကောင်းမှုပြုထားသူသည်၊ မောဒတိ-ဝမ်းမြောက်ရ၏၊ သော-ထိုကောင်းမှုပြုထားသူသည်၊ ပမောဒတိ-လွန်စွာဝမ်းမြောက်ရ၏။

---

[√ကရ+မ] ဓာတွန် ရ်-ကို ပရရုပ် မ်-ပြု၊ ကရ-ကရဏေ၊ ကရဏံ ကရိ ယတီတိ ဝါ-ကမ္မံ= သုခဒုက္ခဖလဒံ၊ ချမ်းသာဆင်းရဲအကျိုးပေးတတ်သော ကုသိုလ်ကံ အကုသိုလ်ကံ၊ မောဂ်-၇၊ ၁၃၆။

**ကိလိဋ္ဌ**= [√ကိလိသ+တ] ကိလိဿတီတိ-ကိလိဋ္ဌံ၊ ကစ္စည်း၊ ၅၇၃။ ရူ၊ ၆၂၆။ ကိလိဿန္တေ ဧတ္ထာတိ-ကိလိဋ္ဌံ၊ ဓာန်-ဋီ၊ ၁၂၅။ ညစ်ပေသော၊ ညစ်နွမ်းသော။

**အတ္တနော**= [√အဒ+တ] သုခဒုက္ခံ အဒတိ ဘက္ခတီတိ-အတ္တာ၊ ကစ္စည်း၊ ၆၅၆။ အဒ-ဘက္ခဏေ၊ အဒတီတိ-အတ္တံ၊ ရူ၊ ၆၆၆။ အဒ=(ဘူ) ဘက္ခဏေ-စားခြင်း၌၊ ရက္ခဏေစ-စောင့်ရှောက်ခြင်း၌လည်း၊ (အဒတိ။)

[√အတ+တ] ဘဝါဘဝံ ဓာဝန္တော ဇာတိဇရာဗျာဓိမရဏာဒိဘေဒံ အနေက ဝိဟိတံ သံသာရဒုက္ခံ အတတိ သတတံ ဂစ္ဆတိ ပါပုဏာတိ အဓိဂစ္ဆတီတိ-အတ္တာ။ နီတိ-ဓာ၊ ၆၄။ အတ=(ဘူ) သာတစ္စဂမနေ-မပြတ်မလပ်သွားခြင်း၌၊ (အတတိ ။)

[အာ √ဓာ+တ] အာဟိတော အဟံမာနော ဧတ္ထာတိ-အတ္တာ၊ နီတိ-ဓာ၊ ၆၄။ မိမိကိုယ်၊ အတ္တဘော၊ စိတ်၊ အတ္တဒိဋ္ဌိ၊ အတ္တ-ဟုစွဲယူသော အယူမှား။

### ၁၆-ပဒဝိဘာဂ

**မောဒတိ**= [√မုဒ+အ+တိ] ဝမ်းမြောက်၏၊ ဝမ်းသာ၏။ မုဒ=(ဘူ) မောဒ ကိဠာစုဏ္ဏာဒနေသု-ဝမ်းမြောက်ခြင်း, ကစားမြူးတူးခြင်း, အမှုန့်ပြုခြင်း, စားခြင်းတို့၌၊ (မောဒတိ။)

**ကတပုညော**= [ကတ+ပုည] ကတံ ပုညံ ယေနာတိ-ကတပုညော၊ ပြုအပ်ပြီးသော ကောင်းမှုရှိသူ၊ ကောင်းမှုပြုထားသူ။

**ကတ**= [√ကရ+တ] ကရီယိတ္ထာတိ-ကတံ၊ ကစ္စည်း၊ ၅၈၇။ ပြုအပ်ပြီးသော၊ ဤ၌-န။

**ပုည**= [√ပူ+ဎ] ဎ-ကို ဒွေဘော်ဆောင်၊ ဦ-ကို ရဿပြု၊ ပုနာတီတိ-(မကောင်းမှုကို သုတ်သင်တတ်သောကြောင့်၊) ပုညံ= ကုသလံ၊ ကုသိုလ်။ ပူ=(ဘူ+ဒိ+ကီ) ပဝနေ-စင်ကြယ်စေခြင်း၌၊ (ပဝတိ၊ ပူယတိ၊ ပုနာတိ၊ ပုနတိ ဝါ။)

[√ပုဏ+ဎ] ဏ-ကို ပရရုပ် ဎ-ပြု၊ ပုဏာတိ သုန္ဒရတ္တံ ကရောတီတိ-(ကောင်းသည်၏အဖြစ်ကို ပြုတတ်သောကြောင့်၊) ပုညံ= ကုသလံ၊ ကုသိုလ်၊ မောဂ်-၇၊ ၅၀။ ပုညံ။

**မြန်မာပြန်** ကောင်းမှုကိုပြုထားသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောက်တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝ၌ ဝမ်းမြောက်ရ၏၊ ထိုကောင်းမှုပြုထားသူသည် ကိုယ့်ကံ စင်ကြယ်မှုကိုမြင်ရသောကြောင့် အလွန့်အလွန် ဝမ်းမြောက်ရတော့၏။

**လင်္ကာ** ကောင်းမှုကိုသာ, ပြုထားပါက, ခုခါဝမ်းမြောက်, နောင်ဝမ်းမြောက်၏၊ ဝမ်းမြောက်နှစ်ဖြာ, ခုနောင်ခါတည်း၊ ကိုယ်သာစီမံ, စင်ကြယ်ကံကို, မြင်ပြန်ခဏ, ဝမ်းမြောက်ရသည် ······· လွန်စွာ့လွန်စွာ ရွှင်လန်း၏။

## ၁၂-ဒေဝဒတ္တဝတ္ထု

၁၇။ ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ , ပါပကာရီ ဥဘယတ္ထ တပ္ပတိ။
ပါပံ မေ ကတန္တိ တပ္ပတိ , ဘိယျော တပ္ပတိ ဒုဂ္ဂတိံ ဂတော။

**အနက်** ပါပကာရီ-မကောင်းမှုကို ပြုတတ်သူသည်၊ ဣဓ-ဤပစ္စုပ္ပန်ဘဝ၌၊ တပ္ပတိ-ပူပန်ရ၏၊ ပေစ္စ-တမလွန်ဘဝ၌၊ တပ္ပတိ-ပူပန်၏၊ ဥဘယတ္ထ-ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝ၌၊ တပ္ပတိ-ပူပန်ရ၏၊ မေ-ငါသည်၊ ပါပံ-မကောင်းမှုကို၊ ကတံ-

---

ပုဏာ=(ဘူ) နိပုဏာခမ္မေသု-နူးညံ့သိမ်မွေ့ခြင်း, ကျင့်ဆောင်ခြင်း(သူတော်ကောင်းအကျင့်)တို့၌၊ (ပုဏာတိ။) ပုဏီယတေ စရီယတေတိ-(ကျင့်ဆောင်အပ် သောကြောင့်၊) ပုညံ= ကုသလံ။

[ √ ပူ+ယ ] ပုနာတီတိ-ပုညံ၊ ရူ၊ ၆၆၀။ န-လာ၊ ည-ကို ဉ-ပြု၊ သဒ္ဒသဒ္ဒေဘော်လည်း လာ၊ ဦ-ကိုလည်း ရဿပြု၊ ကောင်းမှု၊ ကုသိုလ်၊ ပူယတေ အနေနာတိ-ပုညံ၊ ကောတ္ထုဘာ။ ကာရကံ ပဝတီတိ-ပုညံ။

[ ပုဇ္ဇ √ ဇန+ဏျ ] ပုဇ္ဇဘာဝံ ဇနေတီတိ-ပုညံ၊ ဝဏ္ဏာဂမောတျာဒိနာ နိရုတ္တိနယေန ဇ္ဇဿ လောပေါ၊ ဓာတုဿ နကာရာဒေသော၊ သူစိ။ ဇန=(ဘူ+ဒိ) ဇနနေ-ဖြစ်ခြင်း၌၊ (ဇနတိ၊ ဇာယတိ၊ ဇညတိ။)

[ ပူဇိတ √ နီ+ဏျ ] ပူဇိတံ နေတီတိ-ပုညံ၊ သူစိ။ နီ=(ဘူ) နယေ-ဆောင်ခြင်း၌၊ ပါပုဏေစ-ရောက်ခြင်း၌လည်း၊ (နေတိ၊ နယတိ။)

[ √ ပုန+ဏျ ]ပုနတိ သဂ္ဂံ ဂစ္ဆတိ ဧတေနာတိ-ပုညံ၊ ပုန=(ဘူ) ဂတိ စယေသု-သွားခြင်း, ပေါင်းစည်းခြင်းတို့၌၊ (ပုနတိ။)

**ပမောဒတိ**= [ပ √ မုဒ+အ+တိ] လွန်စွာဝမ်းမြောက်၏၊ အလွန်ဝမ်းသာ၏။

**ကမ္မဝိသုဒ္ဓိံ**= [ကမ္မ+ဝိသုဒ္ဓိ] ကမ္မဿ ဝိသုဒ္ဓိ-ကမ္မဝိသုဒ္ဓိ၊ ကံစင်ကြယ်ခြင်း။

**ဝိသုဒ္ဓိ**= [ဝိ √သုဓ+တိ] ဝိသုဇ္ဈနံ-ဝိသုဒ္ဓိ၊ စင်ကြယ်ခြင်း၊ ထီ။ သုဓ=(ဒိ)သောစေယျေ-စင်ကြယ်ခြင်း၌၊ (သုဇ္ဈတိ။)

### ၁၇-ပဒဝိဘာဂ

**တပ္ပတိ**=[ √တပ+ယ+တိ ] ပူပန်၏၊ တပ=(ဒိ) ဣဿရိယ သန္တာပ ပီဏာနေသု-အစိုးရခြင်း, ပူပန်ခြင်း, နှစ်သက်ရောင့်ရဲခြင်းတို့၌၊ (တပ္ပတိ။)

ပြုအပ်မိပေစွ၊ ဣတိ-ဤသို့တွေး၍၊ တပ္ပတိ-ပူပန်ရ၏၊ ဒုဂ္ဂတိံ-ဒုဂ္ဂတိဘဝသို့၊ ဂတော-ရောက်သွားရသည်၊ (သမာနော-ဖြစ်လတ်သော်၊) ဘိယျော-အတိုင်းထက်အလွန်၊ တပ္ပတိ-ပူပန်ရ၏။

**မြန်မာပြန်** မကောင်းမှုကို ပြုသူသည် ဤဘဝ၌လည်း ပူပန်ရ၏၊ နောင်ဘဝ၌လည်း ပူပန်ရ၏၊ ပစ္စုပ္ပန်တမလွန်, နှစ်တန်သောဘဝ၌ ပူပန်ရ၏၊ ငါ မကောင်းမှုကို ပြုမှားမိပြီ-ဟုတွေး၍ ပူပန်ရ၏၊ သူသည် အပါယ်သို့ရောက်သွားသည့်အခါ အတိုင်းထက်အလွန် ပူပန်ဆင်းရဲရတော့၏။

**လင်္ကာ** မကောင်းမှုသာ, ပြုနေပါမူ, ဤမှာပူရ, နောင်ပူရနှင့်, ဘဝနှစ်ဖြာ, ပူရပါ၏၊ ငါပင် မကောင်း, မှုအပေါင်းကို, နောက်ကြောင်းမငဲ့, ပြုလုပ်ခဲ့ဟု, ကဲ့ရဲ့ကိုယ့်ကို, ပူပန်ပို၏၊ ထိုသူသည်ကား, ပါယ်လေးပါးသို့, ရောက်သွားသည့်ခါ, သာ၍လွန်ကဲ, ပူဆင်းရဲ၏။

## ၁၃-သုမနာဒေဝီဝတ္ထု

၁၈။ ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ , ကတပုညော ဥဘယတ္ထ နန္ဒတိ၊
ပုညံ မေ ကတန္တိ နန္ဒတိ , ဘိယျော နန္ဒတိ သုဂ္ဂတိံ ဂတော။

**အနက်** ကတပုညော-ပြုအပ်ပြီးသော ကောင်းမှုရှိသူသည်၊ ဝါ-ကောင်းမှုကို ပြုထားသူသည်၊ ဣဓ-ဤပစ္စုပ္ပန်ဘဝ၌၊ နန္ဒတိ-နှစ်သက်ရ၏၊ ပေစ္စ-တမလွန်ဘဝ၌၊

---

**ဘိယျော**= ဘိယျော ပဟူတရဌ္ဌေ သော , ပုနရဌ္ဌေ ဗျယံ ဘဝေ။-ဓာန်၊ ၉၅၈။ ဘိယျသဒ္ဒါသည် အလွန်များသည်ဟူသောအနက်၌ ဖြစ်၏၊ တစ်ဖန်ဟူသောအနက်၌ ထိုဘိယျသဒ္ဒါသည် အဗျယဖြစ်၏။

[√ဘီ+ယ] ဘာယတိ ယသ္မာတိ-ဘိယျော, ဒွိတ္တံ။ ဓာန်-ဋီ၊ ၇၀၃။ များသော၊ အများ။ တိ။ ဘီ=(ဘူ) ဘယေ-ကြောက်ခြင်း၌၊ (ဘာယတိ။) ဘိယျောတိ-အတိရေကတ္ထေ နိပါတော၊ မဓိ-၄-၁၊ ၁၁၈။

**ဒုဂ္ဂတိံ**= [ဒု+ဂတိ] ဒုဋ္ဌု ဂတိ-ဒုဂ္ဂတိ၊ ထိ။ ဒုဂ္ဂတိဘုံ, ဒုဂ္ဂတိဘဝ၊ အပါယ်လေးဘုံ။

**ဒု**= [√ဒု+ရက်] ဒုရ၊ ကောတ္တုဘာ။ ပါဋ္ဌိ၌ ရကျေ၍ ဒု-ဖြစ်လာသည်၊ ယင်းကျေသော ရ်-အစား ဒ-နောက်မှာ ဒွေဘော်လာရသည်၊ ဒု=(သွာ+ကီ) ဟိံသာယံ-ညှဉ်းဆဲခြင်း၌၊ (ဒုဏောတိ၊ ဒုဏာတိ၊ ဒုနာတိ။)

**ဂတိ**= [√ဂမု+တိ] ဂမနံ ဂန္တဗ္ဗာတိဝါ-ဂတိ၊ ရူ၊ ၆၀၀။ ဂမနံ-ဂတိ၊ ဂန္တဗ္ဗာတိဝါ-ဂတိ၊ ဂစ္ဆန္တိ ဧတ္တာတိဝါ-ဂတိ၊ နီရုတ္တိ၊ ၄၈၂။ ဂတိ-မျိုးစုံကို နီတိ-ဓာ၊-၂၀၆၊-၇။-တို့၌ ပြထားသည်။

**ဂတော**= [√ဂမု+တ] ဂမု-ဂတိမှီ၊ အဂစ္ဆိတိ-ဂတော၊ အဂမိယိတ္ထာတိဝါ-ဂတော၊ သွားသော၊ ရောက်သော၊ သွားအပ်သော၊ ရောက်အပ်သော၊ ဤ၌ ကတ္တုသာဓနကိုသာ ယူရပါမည်။

### ၁၈-ပဒဝိဘာဂ

**နန္ဒတိ**= [နန္ဒ+အ+တိ] နှစ်သက်၏၊ နန္ဒ=(ဘူ) နန္ဒနေ-နှစ်သက်ခြင်း၌၊ (နန္ဒတိ။)

နန္ဒတိ- နှစ်သက်ရ၏၊ ဥဘယတ္ထ–ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝ၌၊ နန္ဒတိ–နှစ်သက်ရ၏၊ မေ–ငါသည်၊ ပုညံ–ကောင်းမှုကို၊ ကတံ–ပြုအပ်ခဲ့ပေပြီ၊ ဣတိ–ဤသို့တွေး၍၊ နန္ဒတိ–နှစ်သက်ရ၏၊ သုဂတိံ–ကောင်းသောဂတိသို့၊ ဂတော–ရောက်သွားသည်၊ (သမာနော–ဖြစ်လတ်သော်၊) ဘိယျော–အတိုင်းထက်အလွန်၊ နန္ဒတိ–နှစ်သက်ရ၏။

(မြန်မာပြန်) ကောင်းမှုပြုထားသူသည် ဤဘဝ၌လည်း နှစ်သက်ရ၏၊ နောင်ဘဝ၌လည်း နှစ်သက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝ၌နှစ်သက်ရ၏၊ ငါကုသိုလ် ကောင်းမှုကို ပြုလာခဲ့တာပဲ–ဟုတွေး၍ နှစ်သက်ရ၏၊ (သူသည်) သုဂတိဘုံဘဝသို့ ရောက်သွားပြန်လျှင် သာ၍ပင် နှစ်သက်ရတော့၏။

(လင်္ကာ) ကောင်းမှုကိုသာ, ပြုထားပါက, ဤမှာနှစ်သက်, နောင်နှစ်သက်၏၊ နှစ်သက်နှစ်ဖြာ, ဘဝမှာတည်း၊ ငါ ကောင်းမှုသာ, ပြုလုပ်လာဟု, တွေးကာရွှင်ပျ, နှစ်သက်ရ၏၊ ဘဝပြောင်းခါ, ဗြဟ္မာနတ်ဘုံ, ခိုလှုံအထက်, လွန်နှစ်သက်၏။

## ၁၄–ဒွေသဟာယကဘိက္ခုဝတ္ထု

၁၉။ ဗဟုမ္ပိ စေ သံဟိတ ဘာသမာနော , န တက္ကရော ဟောတိ နရော ပမတ္တော၊
ဂေါပေါဝ ဂါဝေါ ဂဏယံ ပရေသံ , န ဘာဂဝါ သာမညဿ ဟောတိ။

၂၀။ အပ္ပမ္ပိ စေ သံဟိတ ဘာသမာနော , ဓမ္မဿ ဟောတိ အနုဓမ္မစာရီ၊
ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ , သမ္မပ္ပဇာနော သုဝိမုတ္တစိတ္တော၊
အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ၊ သဘာဂဝါ သာမညဿ ဟောတိ။

(အနက်) သံဟိတံ–သုံးပုံပိဋကတ်, အကျိုးစီးပွားနှင့်စပ်သောတရားတော်မြတ်ကို၊ ဗဟုံ–များစွာ၊ ဘာသမာနောပိ–သင်ယူပို့ချ, ဟောပြောပြသနေပါသော်လည်း၊ နရော–စာပေတတ်ကျွမ်း, ရှင်ရဟန်းသည်၊ ပမတ္တော–သတိယွင်းချွတ်, မေ့လျော့တတ်သည်ဖြစ်၍၊

---

**သုဂ္ဂတိံ**= [သု+ဂတိ] သုဋ္ဌု ဂတိ–သုဂတိ၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်။

**သု**= [√ သု+ဍု ] ကောတ္တုဘာ။ ၌–ကား အနုဗန်မျှသာ၊ သ–ကို ခွင်းချေ ကပ်၊ သု–ဟု ဖြစ်၏၊ ထို့ကြောင့် ဒုနောက်မှာ ဒွေဘော်လာရသကဲ့သို့ သု–နောက်မှာ ဒွေဘော်လာစရာ မလိုပါ၊ ဤ၌ကား ဆန်းကြောင့် သုဂ္ဂတိ–ဟု ဖြစ်နေသည်၊ သု=(ဘူ+သွာ) ဂတိယံ–သွားခြင်း၌၊ (သဝတိ၊ သုဏောတိ။)

### ၁၉, ၂၀–ပဒဝိဘာဂ

**ဗဟုံ**= [√ဗံဟ+ဥ ] ဗံဟ–ဝုဒ္ဓိယံ၊ ဗံဟက္ကတိနိဒ္ဒေသော ဥမှိ နိစ္စံ နိဂ္ဂဟိတလောပေါ၊ ဗံဟတိ ဝုဒ္ဓိံ ဂစ္ဆတီတိ–(ပွားများခြင်းသို့ ရောက်တတ်သောကြောင့်၊) ဗဟု= အနုပ္ပကံ၊ အများ၊ မောဂ်–၇၊ ၂။

[√ ဗဟ+ဥ ] ဗဟတိ ဝုဒ္ဓိံ ဂစ္ဆတီတိ–ဗဟု၊ အများ၊ ဓာန်–ဋီ၊ ၇၀၃။ ဗံဟ+ဗဟိ +ဗဟ=(ဘူ) ဝုဒ္ဓိယံ–ကြီးပွားခြင်း၌၊ (ဗံဟတိ၊ ဗဟတိ။)

တက္ကရော–ထိုတရားအတိုင်းကျင့်တတ်သည်၊ စေ နဟောတိ–အကယ်၍မဖြစ်အံ့၊ (ဇေဝံသတိ–ဤသို့ဖြစ်လတ်သော်၊) ပရေသံ–နွားတွေမွေးမြူ, တစ်ပါးသူတို့၏၊ ဂါဝေါ–နွားတို့ကို၊ ဂဏယံ–ဂဏယန္တော–ရေတွက်ကျန, ထုတ်ယူရသော၊ ဂေါပေါ–နံနက်ယူမောင်း, နေ့လုံးကျောင်း၍, ညစောင်းအပ်သွား, နွားကျောင်းသားသည်၊ (ဂေါရသဿ–နွားမှဖြစ်လာ, ငါးမျိုးသော နွားနို့အရသာ၏၊) ဘာဂဝါ–အဖို့ရှိသူသည်၊ န ဟောတိဣဝ–မဖြစ်နိုင်သကဲ့သို့၊ (ဇေဝံ–ဤအတူ၊) သာမညဿ–ရဟန်းဖြစ်ကြောင်း, ဈာန်မဂ်ဖိုလ်တရားကောင်း၏၊ ဘာဂဝါ–အဖို့ရှိသူသည်၊ န ဟောတိ–မဖြစ်နိုင်ပေ။

---

**သံဟိတံ=** [သံ √ဓာ+တ] မောဂ်–၅၊ ၁၀၈–သုတ်ဖြင့် ဓာ–ကို ဟိ–ပြု၊ သံဝိဓိယိတ္ထာတိ–သံဟိတော၊ နိရုတ္တိ၊ ၄၈၁။ အကျိုးစီးပွားနှင့်စပ်သော၊ အကျိုးစီးပွားနှင့်ယှဉ်သော၊ ဆန်းကြောင့် နိဂ္ဂဟိတ်ကို ချေထားသည်။

[သံ+ဟိတ] သံ သမောဓာနံ ဟိတံ ယဿာတိ–သံဟိတံ၊ စပ်ယှဉ်သော လောကီလောကုတ္တရာအကျိုးစီးပွားရှိသော၊ လောကီလောကုတ္တရာအကျိုးစီးပွားနှင့် စပ်ယှဉ်သော။

**ဟိတ=** [√ ဟိ+တ] ဟိနောတိ ဝဍ္ဎတီတိ–ဟိတံ= လောကိယလောကုတ္တရဝုဍ္ဎိ၊ လောကီလောကုတ္တရာအကျိုးစီးပွား၊ သူစိ။ ဟိ=(သွာ) ဂတိ ဝုဍ္ဎိ ဥပတာပေသု–သွားခြင်း, ကြီးပွားခြင်း, ပူပန်ခြင်းတို့၌၊ (ဟိနောတိ၊ ဏု–၏ ဏ–ကို န–ပြု။)

**ဘာသမာနော=** [√ဘာသ+အ+မာန] သင်ယူပို့ချ ဟောပြောသူ၊ ဘာသ=(ဘူ) ဝိယတ္တိယံ ဝါစာယံ–ပီပြင်သောစကား၌၊ (ဘာသတိ။)

**တက္ကရော=** [တ √ကရ+အ] တံ ကရောတီတိ–တက္ကရော, ဒွိတ္တံ၊ ရူ၊၅၆၈။ ထိုတရားအတိုင်း ပြုကျင့်တတ်သူ။

**ဟောတိ=** [√ဟူ+အ+တိ] ဖြစ်၏၊ ဟူ=(ဘူ) သတ္တာယံ–ထင်ရှားရှိခြင်း၌၊ (ဟောတိ။)

**နရော=** [√နရ+အ] နရတိ နေတီတိ–နရော၊ နရိယတိ သကေန ကမ္မေန နိယျတီတိ–နရော= သတ္တော, မနုဿော ဝါ၊ သတ္တဝါ၊ လူ၊ ယောကျာ်း။ နီတိ–ဓာ၊ ၁၅၁၊–၂။ နရ=(ဘူ) နယန ပါပုဏနေသု–ဆောင်ခြင်း, ရောက်ခြင်းတို့၌၊ (နရတိ။)

[√နီ+အရ] နေတီတိ–နရော၊ ဓာန်–ဋီ၊ ၂၂၇။ နီ=(ဘူ) နယနေ–ဆောင်ခြင်း၌၊ ပါပုဏနေစ–ရောက်ခြင်း၌လည်း၊ (နေတိ၊ နယတိ။)

**ပမတ္တော=** [ပ √ မဒ+တ] ပမဇ္ဇတီတိ–ပမတ္တော၊ ရူ၊ ၆၃၀။ မေ့လျော့သူ၊ မဒ=(ဒိ) ဥမ္မာဒေ–ယစ်မူးမေ့လျော့ခြင်း၌၊ (မဇ္ဇတိ။)

**ဂေါပေါ=** [ဂေါ √ ပါ+ဏ] ဂါဝေါ ပါတီတိ–ဂေါပေါ၊ နွားကျောင်းသား၊ ဓာန်–ဋီ၊ ၄၉၅။ ပါ=(ဘူ) ပါနရက္ခဏေသု–သောက်ခြင်း, စောင့်ရှောက်ခြင်းတို့၌၊ (ပါတိ၊ ပိဝတိ။) ဂေါ–ကို ပြခဲ့ပြီ။

**ဂဏယံ=** [√ဂဏ+ဏယ+အန္တ] ဂဏယန္တ–ရေတွက်သူ၊ ဂဏ=(စု) သင်္ချာနေ–ရေတွက်ခြင်း၌၊ (ဂဏေတိ၊ ဂဏယတိ၊ ဃဋာဒီနံ ဝါတိ န ဝုဒ္ဓိ။)

သံဟိတံ–သုံးပုံပိဋကတ်, အကျိုးစီးပွားနှင့်စပ်သော တရားတော်မြတ်ကို၊ အပွံ–အနည်းငယ်၊ ဘာသမာနောပိ–သင်ယူပို့ချ, ဟောပြောပြသပါသော်လည်း၊ ဓမ္မဿ–လောကုတ္တရာခေါ်, ကိုးပါးသော တရားတော်အား၊ အနုဓမ္မစာရီ–လျော်သောအကျင့်ကို ကျင့်လေ့ရှိသည်၊ စေ ဟောတိ–အကယ်၍ဖြစ်အံ့၊ (ဇဝဲသတိ–ဤသို့ဖြစ်လတ်သော်၊) ရာဂဉ္စ–ရာဂကိုလည်းကောင်း၊ ဒေါသဉ္စ–ဒေါသကိုလည်းကောင်း၊ မောဟံစ–မောဟကိုလည်းကောင်း၊ ပဟာယ–ပယ်စွန့်၍၊ သမ္မဇာနော–သစ္စာလေးပါး, တရားများကို ကောင်းစွာအပြားအားဖြင့်သိသည်၊ သုဝိမုတ္တစိတ္တော–ကိလေသာတို့မှ ကောင်းစွာ လွတ်သောစိတ်ရှိသည်၊ (ဟုတွာ–ဖြစ်၍၊) ဣဓဝါ–ဤပစ္စုပ္ပန်ဘဝ၌ဖြစ်သော ခန္ဓာ, အာယတန, ဓာတ်တို့၌လည်းကောင်း၊ ဟုရံဝါ–တမလွန်ဘဝ၌ဖြစ်သော ခန္ဓာ, အာယတန, ဓာတ်တို့၌လည်းကောင်း၊ (တစ်နည်း= ဣဓဝါ–ဤအဇ္ဈတ္တခန္ဓာ, အာယတန, ဓာတ်တို့၌ လည်းကောင်း၊ ဟုရံဝါ–ဗဟိဒ္ဓခန္ဓာ, အာယတန, ဓာတ်တို့၌လည်းကောင်း၊) အနုပါဒိယာနော–စွဲမြဲစွာမယူသော၊ ဝါ–တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းသော၊ သ–သော–ရဟန္တာခေါ်ဆို, ထိုပုဂ္ဂိုလ်သည်၊ သာမညဿ–ရဟန်းဖြစ်ကြောင်း, မဂ်ကောင်းလေးဖြာ, ထိုမှလာငြား, ဖိုလ်လေးပါးနှင့်, ငါးပါးသောဓမ္မက္ခန္ဓာ၏၊ ဘာဂဝါ–အဖို့ရှိသည်၊ ဟောတိ–ဖြစ်နိုင်ပါပေ၏။

---

**ပရေသံ=** [ပ √ ရာ+ဏ] ပကဋ္ဌံ ရာတီတိ–ပရံ၊ မြတ်သည်၊ ပြဋ္ဌာန်းသည်၊ ဓာန်–ဋီ၊ ၆၉၅။ ရာ=(ဘူ) ဒါန အာဒါနေသု–ပေးခြင်း, ယူခြင်းတို့၌၊ (ရာတိ။)

[√ ပရ+အ] ကတ္တရိ ဘာဝေစ၊ ကောတ္တုဘာ။ တစ်ပါးသော၊ သဗ္ဗနာမ်။ ပရ=(ဘူ+စု) ပါလန ပူရဏေသု–စောင့်ရှောက်ခြင်း, ပြည့်စေခြင်းတို့၌၊ (ပရတိ၊ ပါရေတိ၊ ပါရယတိ။)

**ဘာဂဝါ=** [ဘာဂ+ဝန္တု] ဘာဂေါ ယဿတ္ထီတိ–ဘာဂဝါ၊ ဘာဂဝန္တု–အဖို့ရှိသူ၊ ဂုဏဝါဒိဂိုဏ်း။

**ဘာဂ=** [√ ဘဇ+ဏ] ဘဇီယတေ သေဝီယတေတိ–ဘာဂေါ၊ အဖို့အစု၊ ဓာန်–ဋီ၊ ၄၈၅။ အဘာဇ္ဇိတ္ထ ဘဇ္ဇတေ ဘဇ္ဇိဿတေ ဘဇန့် ဝါ ဘာဂေါ၊ ရူ၊ ၅၈၀။ ဘဇ=(ဘူ) ဘာဂ သေဝါသု–ဝေဖန်ခြင်း, မှီဝဲခြင်းတို့၌၊ (ဘဇတိ။)

**သာမညဿ=** [သမဏ+ဏျ] သမဏဿ ဘာဝေါ–သာမညံ၊ ရူ၊ ၃၈၇။ သမဏာနံ ဟိတာ–သာမညာ၊ ရူ၊ ၃၇၈။ရဟန်း၏ဖြစ်ကြောင်း ရဟန်း၏အစီးအပွား၊ ဈာန်မဂ်ဖိုလ်တရား။

**သမဏ=** [√ သမု+ယု] သမ္မတိ သန္တစိတ္တော ဘဝတီတိ–သမဏော၊ ကာရိတဝသေန ပန ကိလေသေ သမေတိ ဥပသမေတီတိ–သမဏောတိ နိဗ္ဗစနံ ဒဋ္ဌဗ္ဗံ။ နီတိ–ဓာ၊ ၂၃၆။ ရဟန်း၊ သမေတီတိ–သမဏော၊ ယု။ ဓာန်–ဋီ၊ ၄၃၃။ သမု=(ဒိ) ဥပသမ နိဝါသေသု–ငြိမ်သက်ခြင်း, နေခြင်းတို့၌၊ ခေဒေစ–ပင်ပန်းခြင်း၌လည်း၊ (သမ္မတိ။)

**အပ္ပံ=** [√ အပ+ပ] အပေသိ ဤသကမတ္တမဂမာသီတိ–အပ္ပံ= အဗဟု၊ အနည်း၊ မောဂ်–၇၊ ၁၁၄။ အပ=(သွာ+တ) ပါပုဏနေ–ရောက်ခြင်း၌၊ (ပါပုဏောတိ၊ ပါပုဏာတိ၊ အပေါတိ၊ ပ–ရှေးရှိမူ ပပ္ပောတိ။)

(မြန်မာပြန်) အကျိုးစီးပွားများလှသော ပိဋကတ်သုံးပုံကို များစွာသင်ယူပို့ချ ဟောပြောပြသနေပါသော်လည်း မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ တရားအတိုင်း လိုက်နာကျင့်သုံးမှု မပြုဘဲနေခဲ့ပါလျှင် (ထို)ရှင်ရဟန်းမျိုးသည် နံနက်အချိန်မှာ နွားပိုင်ရှင်များအထံမှ နွားများကို ရေတွက်ထုတ်ယူ၍ (တစ်နေ့လုံး ကျောင်းပြီးလျှင်) ညနေပိုင်းမှာ နွားများကို ပြန်အပ်ထားခဲ့ရသော နွားကျောင်းသားသည် (နေ့စားကျောင်းခမျှသာ ရလျက်) နွားနို့အရသာကို မသုံးစားရသကဲ့သို့ (သင်ကြားပြသ ဟောပြောပို့ချခ အရိုအသေပေးမှုစသည် မျှသာ ရလျက်) ရဟန်းပြုရခြင်း၏ အကျိုးဖြစ်သော ဈာန်မဂ်ဖိုလ်တရား အရသာကို မခံစားရပေ။

အကျိုးစီးပွားများလှသော ပိဋကတ်သုံးပုံကို အနည်းငယ်မျှသာ သင်ယူပို့ချ ဟောပြောပြသပါသော်လည်း မဂ်ဖိုလ်ရရန် ကျင့်နေပါလျှင် ထိုသူသည် ရာဂ ဒေါသနှင့် မောဟတို့ကို ပယ်စွန့်၍ သစ္စာလေးပါးတရားတို့ကို အမှန်အတိုင်းသိပြီးလျှင် ကိလေသာတို့မှ ကောင်းစွာလွတ်မြောက်သောစိတ်ရှိလျက် ပစ္စုပ္ပန်ခန္ဓာနှင့် တမလွန်ခန္ဓာများမှာ အစွဲအလမ်းပြတ်လျက် ရဟန်းပြုရခြင်း၏အကျိုး မဂ်ဖိုလ်အရသာကို ခံစားရတော့သည်။

---

[√အလ+ပ] လသ ပေါ၊ ဓာန်-ဋီ၊ ၇၀၄။ အလျတေ နိဝါရီယတေတိ-အပ္ပ၊ အလ=(ဘူ) ဘူသန ပရိယတ္တိ နိဝါရဏေသု-တန်ဆာဆင်ခြင်း, စွမ်းနိုင်ခြင်း, တားမြစ်ခြင်းတို့၌၊ (အလတိ။)

**အနုဓမ္မစာရီ**= [အနုဓမ္မ+စာရီ] အနုဓမ္မံ စာရီ-အနုဓမ္မစာရီ၊ လျော်သောအကျင့်ကို ကျင့်လေ့ရှိသူ။

**အနုဓမ္မ**= [အနု+ဓမ္မ] အနုရူပေါ ဓမ္မော-အနုဓမ္မော၊ လျော်သောအကျင့်၊ သီလ, ဓုတင်, သမာဓိ-ဟူသော ပုဗ္ဗဘာဂပဋိပဒါ။

**စာရီ**= [√စရ+ဏီ] စရတိ သီလေနာတိ-စာရီ၊ ကျင့်လေ့ရှိသူ၊ စွဲစွဲမြဲမြဲကျင့်သူ၊ စရ=(ဘူ) ဂတိ စရဏ ဘက္ခဏေသု-သွားခြင်း, ကျင့်ခြင်း, စားခြင်းတို့၌၊ (စရတိ။)

**ဒေါသံ**= [√ဒုသ+ဏ] ဒုဿန္တိ တေန သယံ ဝါ ဒုဿတိ ဒုဿနမတ္တမေဝ ဝါ တန္တိ-ဒေါသော၊ ရူ-နှာ၊ ၃၆၀။ အမျက်ထွက်ခြင်း, စိတ်ဆိုးခြင်း, မုန်းခြင်း, ဒေါသစေတသိက်၊ အပြစ်၊ ဒုသ=(ဒိ) အပ္ပီတိ ဝေကတိယေ-မုန်းခြင်း, ဖောက်ပြန်ပျက်စီးခြင်း၌၊ (ဒုဿတိ။)

**ပဟာယ**= [ပ √ဟာ+တွာ] ကစ္စည်း၊ ၅၉၇-သုတ်ဖြင့် တွာ-ပစ္စည်းကို ယ-ပြု၊ ပယ်စွန့်၍၊ ဟာ=(ဘူ) စာဂ ဂတီသု-စွန့်ခြင်း, သွားခြင်းတို့၌၊ (ဇဟာတိ၊ ဇဟတိ။)

**မောဟံ**= [√မုဟ+ဏ] မုယှန္တိ တေန သယံဝါ မုယှတိ မုယှနမတ္တမေဝဝါတန္တိ-မောဟော၊ ရူ-နှာ၊ ၃၆၀။ တွေဝေခြင်း, မသိခြင်း, မိုက်မဲခြင်း, မောဟစေတသိက်၊ မုဟ=(ဒိ) မုစ္ဆာ ဝေစိတ္တေသု-မိန်းမောတွေဝေခြင်း, ဉာဏ်ကင်းခြင်းတို့၌၊ (မုယှတိ။)

**သမ္မပ္ပဇာနော**= [သံ+ပဇာန] သမ္မာ ပဇာနော-သမ္မပ္ပဇာနော၊ ကောင်းစွာ အပြားအားဖြင့်သိသူ။

**ပဇာန**= [ပ √ဉာ+နာ+အ]တစ်နည်း:= [ပ √ဉာ+နာ+မာန] နာ-ကြောင့် ဉာ-ကို ဇာ-ပြု၊

(လက်ာ) နံနက်ယူမောင်း, နေ့လုံးကျောင်း၍, ညစောင်းချိန်မှာ, မှန်စွာရေတွက်, နွားရှင်လက်ကို, အပ်လျက်ပြန်သွား, နွားကျောင်းသားသည်, နေ့စားခသာ, ရလာမချို့, နွားနို့ရသာ, မရပါသို့, သုံးဖြာပိဋကတ်, ပရိယတ်ကို, မပြတ်ပို့ချ, ဟောပြောကြလည်း, အနိစ္စတာ, အစလာသည့်, ဘာဝနာမှု, မပြုလုံးဝ, မေ့လျော့ကမူ, ပို့ချခသာ, ရရှိပါ၍, ချမ်းသာရပ်ကို, ကျွတ်တန်းခိုမည့်, မဂ်ဖိုလ်ရသ, မရကြတည်း။

အကျိုးစီးပွား, အလွန်များသည့်, ဘုရားဟောဖော်, တရားတော်ကို, သင့်လျော်ရုံမျှ, သင်ယူကြ၍, ပို့ချဟောကြား, လွန်နည်းပါးလည်း, တရားလျော်စွာ, ကျင့်နေပါမူ, ထိုသူသည်သာ, ရာဂဒေါသ, မောဟပယ်ရှား, တရားအမြန်, အသိမှန်လျက်, ပူပန်လှပါ, ကိလေသာမှ, ကောင်းစွာလွတ်မြောက်, မျက်မှောက်မြင်ရ, ဤဘဝနှင့်, နောက်ဘဝဝယ်, ငြိတွယ်ကင်းကွာ, ရဟန္တာမြတ်, ဖြစ်ပါလတ်၍, မြင့်မြတ်ထိုထို, အေးချမ်းပိုသည့်, မဂ်ဖိုလ်ရသ, ခံစားရ၏။

# ၂-အပ္ပမာဒဝဂ္ဂ

## ၁-သာမာဝတီဝတ္ထု

၂၁။ အပ္ပမာဒေါ အမတပဒံ , ပမာဒေါ မစ္စုနော ပဒံ၊
　　အပ္ပမတ္တာ န မီယန္တိ , ယေ ပမတ္တာ ယထာ မတာ။

---

မောဂ်-၅၊ ၁၆၁-သုတ်ဖြင့် နာ-ပစ္စည်းကိုချေ၊ ယင်း-၅၊ ၁၆၂-သုတ်ဖြင့် မာန-၏ မ-ကိုချေ၊ ပဇာနာတီတိ-ပဇာနော၊ အပြားအားဖြင့် သိသူ၊ ဉာ=(ဘူ+ကီ) အဝဗောဓနေ-သိခြင်း၌၊ (ဉာတိ၊ ဇာနာတိ၊ ဉာယတိ၊ နာယတိ။)

**သုဝိမုတ္တစိတ္တော**= [သုဝိမုတ္တ+စိတ္တ] သုဝိမုတ္တံ စိတ္တံ ယဿာတိ-သုဝိမုတ္တစိတ္တော၊ ကောင်းစွာလွတ်သောစိတ်ရှိသူ။

**သုဝိမုတ္တ**= [သု+ဝိမုတ္တ] သုဋ္ဌု ဝိမုတ္တံ-သုဝိမုတ္တံ၊ ကောင်းစွာလွတ်သော၊ ဤ၌ စိတ်နှင့် အရတူသောကြောင့်၊ န။

**ဝိမုတ္တ**= [ဝိ √မုစ+တ] ဝိမုစ္စိတ္ထာတိ-ဝိမုတ္တော၊ လွတ်မြောက်ပြီးသော၊ မုစ=(ဒိ) မောစနေ-လွတ်မြောက်ခြင်း၌၊ (မုစ္စတိ။)

**အနုပါဒိယာနော**= [န+ဥပါဒိယာန] န ဥပါဒိယာနော-အနုပါဒိယာနော၊ စွဲစွဲမြဲမြဲမယူအပ်သော၊ မစွဲလမ်းသော။

**ဥပါဒိယာန**= [ဥပ+အာ √ဒါ+ယ+အာန] ဥပါဒီယတေတိ-ဥပါဒိယာနော၊ စွဲစွဲမြဲမြဲယူအပ်သော၊ စွဲလမ်းသော။ ဒါ=(ဘူ+ဒိ) ဒါန ဿောဓနေ သုဒ္ဓ ဆေဒရက္ခာ ပလာယန ဥပတာပေသု-ပေးခြင်း, သုတ်သင်ခြင်း, စင်ကြယ်ခြင်း, ဖြတ်ခြင်း, စောင့်ရှောက်ခြင်း, ပြေးသွားခြင်း, ပူပန်ခြင်းတို့၌၊ (ဒါတိ၊ ဒေတိ၊ ဒဒါတိ၊ ဒတ္တော၊ ယစ္ဆတိ-ဒါဓာတ်ကို ယစ္ဆ-ပြု။) အာပုဗ္ဗော-အာရှေးရှိမူ၊ အာဒါနေ-ယူခြင်း၌၊ နိပုဗ္ဗော-နိရှေးရှိမူ၊ သောပ္ပနေ-အိပ်ငိုက်ခြင်း၌။

**ဟုရံ**= အဗျယပုဒ်၊ တစ်ပါးသော လောက၊ တမလွန်လောက၊ (နဂါး, ဂဠုန်ခန္ဓာ-စသည်။)

၂၂။ ဧဝံ ဝိသေသတော ဉတွာ , အပ္ပမာဒမှိ ပဏ္ဍိတာ၊
အပ္ပမာဒေ ပမောဒန္တိ , အရိယာနံ ဂေါစရေ ရတာ။

၂၃။ တေ ဈာယိနော သာတတိကာ , နိစ္စံ ဒဠှပရက္ကမာ၊
ဖုသန္တိ ဓီရာ နိဗ္ဗာနံ , ယောဂက္ခေမံ အနုတ္တရံ။

(အနက်) အပ္ပမာဒေါ-မမေ့လျော့ကြောင်း, ကောင်းသောသတိသည်၊ အမတပဒံ-မသေရာမှန်, နိဗ္ဗာန်ရောက်ကြောင်း, အကျင့်ကောင်းပေတည်း၊ ပမာဒေါ-သတိလွတ်ကင်း, မေ့လျော့ခြင်းသည်၊ မစ္စုနော-ဇာတိမကင်း, သေရခြင်း၏၊ ပဒံ-အကြောင်းပေတည်း၊ အပ္ပမတ္တာ-သတိပြောထူ, မမေ့သောသူတို့သည်၊ န မီယန္တိ-မကြာဘဝ, မင်္ဂဖိုလ်ရ၍, မသေကြရတော့ကုန်၊ ယေ သတ္တာ-အကြင်သတ္တဝါတို့သည်၊ ပမတ္တာ-သတိကင်းလွတ်, မေ့လျော့တတ်ကုန်၏၊ တေ သတ္တာ-ထိုသတ္တဝါတို့သည်၊ မတာယထာ-သေသူများနှင့်သာ, တူကြပါ၏။

---

## ၂၁, ၂၂, ၂၃-ပဒဝိဘာဂ

**အပ္ပမာဒေါ=** [န+ပမာဒ] န ပမာဒေါ-အပ္ပမာဒေါ၊ ကုသိုလ်တရားတို့၌ မမေ့မလျော့ကြောင်း သတိ။

**ပမာဒ=** [ပ √ မဒ+အ] ပမဇ္ဇန္တိ ဧတေနာတိ-ပမာဒေါ၊ မေ့လျော့ကြောင်း အကုသိုလ်စိတ္တုပ္ပာဒ်၊ အကုသိုလ်စေတသိက်။

**အမတပဒံ=** [ အမတ+ပဒ ] အမတဿ ပဒံ-အမတပဒံ၊ အမြိုက်နိဗ္ဗာန်ရောက်ကြောင်း။

**အမတ=** [န+မတ] န မတံ-အမတံ၊ အမြိုက်နိဗ္ဗာန်၊ နတ္ထိ ဧတ္ထ မတံ မရဏန္တိ-အမတံ၊ နတ္ထိ မတံ ပုဂ္ဂလဿ ဧတသ္မိံ အဓိဂတေတိ ဝါ-အမတံ၊ သေခြင်းကင်းရာ နိဗ္ဗာန်၊ ဓာန်-ဋီ၊ ၇။

[ဤသာဓနေ၌ လက္ခဏာသာဓနဟု မှတ်ရာ၏၊ သာဓနခုနစ်ပါးဟူသည်ကား ယေဘုယျသာ၊ တစ်နည်း= အဓိကရဏသာဓန-ဟုမှတ်၊ ဓာန်-ဋီ-နိဿယဆရာ၏ မှာထားချက်ဖြစ်သည်၊ စဉ်းစားပါ။]

နတ္ထိ ဧတဿ မရဏသင်္ခါတံ မတန္တိ-အမတံ၊ ပဋိသံ-ဌ-၁၊ ၁၀၁။

**မတ=** [√ မရ+တ] မီယတီတိ-မတံ၊ သေသော၊ မရဏံ-မတံ၊ သေခြင်း။

**ပဒ=** [√ပဒ+အ] ပဇ္ဇန္တိ ဉာမိနာတိ-ပဒံ၊ နိဗ္ဗာန်ရောက်ကြောင်း အပ္ပမာဒတရား၊ အကြောင်း၊ ပဒ=(ဒိ+စု) ဂတိယံ-သွားခြင်း၌၊ (ပဇ္ဇတိ၊ ပဒေတိ၊ ပဒယတိ။)

**ပမာဒေါ=** [ပ√ မဒ+ဏ] ပမဇ္ဇနံ-ပမာဒေါ၊ မေ့လျော့ခြင်း။

**မစ္စုနော=** [√ မရ+တျု] မရဏံ-မစ္စု၊ ဓာတွန္တလောပေါ စ၊ တတော ယဝတမိစ္စာဒိနာ စကာရော၊ သေခြင်း၊ ရူ၊ ၆၆၀။

[√ မရ+စု] ဓာတွန် ရ်-ကို ပရရုပ် စ-ပြု၊ မရဏံ-မစ္စု= မရဏံ၊ သေခြင်း၊ မောဂ်-၇၊ ၄၀။

အပ္ပမာဒမှိ–မမေ့လျော့ကြောင်း, ကောင်းသောသတိ၌၊ (ဋ္ဌိတာ–အခြေကျကျ, တည်နေကြကုန်သော၊) ပဏ္ဍိတာ–ကြောင်းကျိုးမြင်သိ, ပညာရှိတို့သည်၊ ဧ၀ံ–ဤသို့၊ ၀ိသေသတော–မမေ့လျော့သူ, မေ့လျော့သူတို့, မတူကွဲပြား, ထူးခြားသောအားဖြင့်၊ ဉတွာ–တိတိကျကျ, သိရှိကြ၍၊ အပ္ပမာဒေ–မေ့လျော့ကင်းဘိ, မိမိတို့၏ ကောင်းသောသတိ၌၊ ပမောဒန္တိ–ကြည်သာရွှင်ပျ, နှစ်သက်၀မ်းမြောက်ကြကုန်၏၊ အရိယာနံ–ဘုရားပစ္စေကာ, အရိယာသာ၀ကတို့၏၊ ဂေါစရေ–မြကျက်စားဘိ, ဗောဓိပက္ခိယာ, လောကုတ္တရာခေါ်, တရားတော်၌၊ ရတာ–အမြဲနှစ်ခြိုက်, မွေ့လျော် ပျော်ပိုက်ကြကုန်၏။

---

[√ မုဒ+တျု] ပါဏ် စဇတိတိ–မစ္စု၊ နီတိ–သုတ္တ၊ ၁၂၅၃။ မုဒ=(ဒိ) ဆေဒနေ–ဖြတ်ခြင်း၌၊ (မုဒယတိ။)

**အပ္ပမတ္တာ=** [န+ပမတ္တ] န ပမတ္တာ–အပ္ပမတ္တာ၊ မမေ့လျော့သူတို့၊ သတိရှိသူတို့။

**မိယန္တိ=** [√မရ+အ+အန္တိ] သေကုန်၏၊ မရ–ကို မိယျ–ပြု၊ ကွစိဓာတု–အစရှိသောသုတ်ဖြင့် ယအက္ခရာတစ်လုံးကို ချေ၊ ရူ၊ ၄၈၂။

**မတာ=** [√ မရ+တ] မရတီတိ–မတော၊ မတော၀ မတော၀ မတော၀–မတာ။သေသူများ။

**၀ိသေသတော=** [၀ိ√သိသ+ဏ] ၀ိသေသယတီတိ–၀ိသေသော၊ သုရုယ။ အထူး၊ ထူးခြားသော၊ ကွဲပြားသော၊ တော–ပစ္စည်းသက်၍ ၀ိသေသတော ဖြစ်လာသည်၊ အထူးအားဖြင့်။ သိသ=(ဘူ+စု) အလုံးစုံမယုဉ်ခြင်း၌၊ ၀ါ–ကြွင်းကျန်ခြင်း၌၊ ၀ိပုဗ္ဗော–၀ိရှေးရှိမူ၊ ၀ိသေသနေ–အထူးပြုခြင်း၌၊ (သေသတိ၊ ၀ိသေသတိ၊ ၀ိသေသယတိ။)

**ဉတွာ=** [√ ဉာ+တွာ] ဓာတ်၏ အာ–ကို ရဿပြု၊ သိ၍၊ သိကြ၍။ ဉာ=(ဘူ+ကီ) အ၀ဗောဓနေ–သိခြင်း၌၊ (ဉာတိ၊ ဇာနာတိ၊ ဉာယတိ၊ နာယတိ။)

**ပဏ္ဍိတာ=** [√ ပဍိ+တ] ပဏ္ဍတိ ဉာဏဂတိယာ ဂစ္ဆတီတိ–ပဏ္ဍိတော၊ နီတိ–ဓာ၊ ၅၈။ ပဏ္ဍန္တိ တိ–ပဏ္ဍိတာ၊ သန္ဒိဋ္ဌိကသမ္ပရာယိကေသု အတ္ထေသု ဉာဏဂတိယာ ဂစ္ဆန္တိ တိ အဓိပ္ပာယော၊ ခုဒ္ဒက–ဋ္ဌ၊ ၁၀၄။ သုတ္တနိ–ဋ္ဌ–၂၊ ၁၀။ ပဍိ+ပဏ္ဍာ=(ဘူ) ဂတိယံ–သွားခြင်း၌၊ လိင်္ဂ၀ေကလ္လေ၀–လိင်ချို့တဲ့ခြင်း၌လည်း၊ (ပဏ္ဍတိ။)

[ပဏ္ဍာ+ဣတ] ပဏ္ဍာ သဉ္ဇာတာ အဿာတိ–ပဏ္ဍိတော၊ သဉ္ဇာတာတဒ္ဓိတ်၊ မောဂ်–၄၊ ၄၅။ နိရုတ္တိ၊ ၅၄၇–သုတ်တို့ကို ရှုပါ။

[ပဏ္ဍာ+ဣတ] ပဏ္ဍာယ ဣတော ဂတော ပ၀တ္တောတိ–ပဏ္ဍိတော၊ တတိယာတပ္ပုရိသ်၊ ပညာရှိသူ။ နီတိ–ဓာ၊ ၅၈။

**ပဏ္ဍာ=** [√ ပဍိ+အ+အာ] သုခုမေသုပိ အတ္ထေသု ပဏ္ဍတိ ဂစ္ဆတိ ဒုက္ခာဒီနံ ပိဋ္ဌနာဒိကမ္ပိ အာကာရံ ဇာနာတီတိ–ပဏ္ဍာ= ပညာ၊ ပညာစေတသိက်၊ နီတိ–ဓာ၊ ၅၈။

**ဣတ=** [√ ဣ+တ] ဧတိ ဂစ္ဆတိ ပ၀တ္တတီတိ–ဣတော၊ ဖြစ်သောသူ။

**အရိယာနံ=** [အာရကာ=အရိယ] ကိလေသာနံ အာရကတ္တာ အရိယော နိရုတ္တိနယေန၊ သာရတ္ထ–၃၊ ၁၇၀။ ကိလေသေဟိ အာရကာတိ–အရိယော ယဒါဒိနာ အာရကာသဒ္ဒဿ အရိယာဒေသော။ သူစိ။

တေ ဓီရာ-ကောင်းသောအာရုံ, မွေ့လျော်တုံဘိ, ထိုပညာရှိတို့သည်၊ ဈာယိနော-အာရုံလက္ခဏာ, ရှုစရာကို, ရှုးစိုက်စွာရှုကုန်သည်၊ သာတတိကာ-မပြတ်မြဲစွာ, ဖြစ်ပေါ်လာသည့်, ကာယိက စေတသိက, ဝီရိယရှိကြကုန်သည်၊ နိစ္စံဒဠှပရက္ကမာ-အမြဲတည်တံ့, ခိုင်ခံ့သောလုံ့လဝီရိယ ရှိကုန်သည်၊ (ဟုတ္တွာ-ဖြစ်ကုန်၍၊) ယောဂက္ခေမံ-ယောဂလေးပါးတို့ဖြင့်, ဘေးမရှိရာဖြစ်သော၊ အနုတ္တရံ-မိမိထက်လွန်မြတ်သောတရား မရှိသော၊ ဝါ-အမြတ်ဆုံးဖြစ်သော၊ နိဗ္ဗာနံ-အသင်္ခတဓာတ်, နိဗ္ဗာန်တရားတော်မြတ်ကို၊ ဖုသန္တိ-ဖိုလ်ဝင်စားကာ, ကောင်းစွာပိုင်ပိုင်, ထိရောက်နိုင်ကြကုန်၏။

---

[ √ အရ+ဏျ ] အရတိ အဓိဂစ္ဆတိ မဂ္ဂဖလဓမ္မေတိ-အရိယော၊ ဓာန်-ဋီ၊ ၄၃၅။ လောကေဟိ အရဏီယော ဥပဂန္တဗ္ဗောတိ ဝါ-အရိယော၊ သူစိ။ အရ=(ဘူ) ဂတိယံ-သွားခြင်း၌၊ (အရတိ။)

[အရိ √ဟန+ကွိ] ကိလေသာရယော ဟနတီတိ-အရဟော၊ သောယေဝ အရိယော၊ ဓာန်-ဋီ၊ ၇၃၅။ ဟန=(ဘူ) ဟိံသာဂတိသု-သတ်ပုတ်ညှဉ်းဆဲခြင်း, သွားခြင်းတို့၌၊ (ဟနတိ၊ ဟန္တိ။)

[အယ+ဤရိယ ]အယေ ဤရိယာ- အရိယာ၊ ကြီးပွားသောအကျင့်၌ ဖြစ်တတ်သော ပုဂ္ဂိုလ်တို့၊ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ အယ ဤရိယ-ဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် ယနှင့်ဤ-ကို ချေ၍ အရိယ-ဟု ပြီးသည်။ ဘိ-ဋ-၁၊ ၃၈၄။

**အရိ**= [ √ အရ+ဣ ] အရတိ ဂစ္ဆတိ ပစ္စတ္ထိကဘာဝန္တိ-အရိ၊ ရန်သူ၊ ရူ၊ ၆၇၉။

**အယ**= [ √ အယ+အ ] အယတိ ဓေတေနာတိ-အယော၊ ဓေတေန-ဤနည်းလမ်းဖြင့်၊ အယတိ-ဖြစ်တတ် ကြီးပွားတတ်၏၊ ဣတိ အယော။ အယ=(ဘူ) ဂတိယံ-သွားခြင်း၌၊ (အယတိ။)

**ဤရိယ**= [ √ ဤရိယ+အ ] ဤရိယန္တိ တိ-ဤရိယာ၊ ဖြစ်တတ်သူတို့၊ ဤရိယ=(ဘူ) ဝတ္တိယံ-အသက်မွေးခြင်း(ဖြစ်ခြင်း)၌၊ (ဤရိယတိ။)

**ရတာ**= [ √ ရမု+တ ] ကစ္စည်း၊ ၅၈၆။ အရမိတိ-ရတော၊ မွေ့လျော်သော၊ ပျော်ပိုက်သော၊ ပျော်ရွှင်သော-သူ၊ ရမု=(ဘူ) ကီဠာယံ-ကစားပျော်မြူးခြင်း၌၊ (ရမတိ။)

**ဈာယိနော**= [ √ဈေ+ဏီ ] ဈာယနသီလော ဈာယနဓမ္မော ဈာယနေ သက္ကစ္စကြိယာယုတ္တောတိ-ဈာယီ၊ နိစ္စကာလံ ဈာယတီတိဝါ-ဈာယီ၊ နိရုတ္တိ၊ ၅၂၁။ ဈာန်ဝင်စားလေ့ရှိသူ၊ ဈေ=(ဘူ) စိန္တန ဒိတ္တိသု-ကြံစည်ခြင်း, ထွန်းပခြင်းတို့၌၊ ဥဇ္ဈာန ဒဟန ဉာဏေသုစ-ကဲ့ရဲ့ခြင်း, ပူလောင်ခြင်း, သိခြင်းတို့၌လည်း၊ (ဈာယတိ။)

**သာတတိကာ**= [သာတတ+ဏိက ]သာတတံ ယေသံ အတ္ထိတိ-သာတတိကာ၊ အမြဲမပြတ်ဖြစ်သော လုံ့လရှိသူတို့။

**သာတတ**= [သတတ+ဏ ] သတတံ ပဝတ္တံ-သာတတံ=ဝီရိယံ၊ အမြဲမပြတ်ဖြစ်သော ဝီရိယ။

**သတတ**= [သံ √တန+တ ] သမန္တ တော တနောတီတိ-သတတံ၊ ဓာန်-ဋီ၊ ၄၁။ အမြဲ၊ သမ္မန္တ တနောတီတိ-သတတံ၊ ဋ-အခြေပြု၊ နိဂ္ဂဟိတ်နှင့် ဓာတွန် န-ကို သုတ်ကြီးဖြင့်ချေ၊

(မြန်မာပြန်) မမေ့လျော့ခြင်း၏အကြောင်းဖြစ်သော သတိရှိမှုသည် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်၏၊ မေ့လျော့ခြင်းသည် ဇာတိမကင်း သေရခြင်း၏, အကြောင်းဖြစ်၏၊ မမေ့လျော့သူတို့သည် ဝဋ်မှထွက်မြောက်နိုင်ကြသဖြင့် မသေသူများ ဖြစ်ကြ၏၊ မေ့လျော့ပေါ့ဆသူတို့မူကား ဝဋ်မှထွက်မြောက်နိုင်မှု မရှိကြသဖြင့် သေသူများနှင့်သာ တူကြပါတော့သည်။

အပ္ပမာဒသတိ အခြေခံရှိနေကြသော ပညာရှိတို့သည် မမေ့လျော့သူနှင့် မေ့လျော့သူတို့၏ ထူးခြားပုံကို သိနားလည်ကြ၍ မိမိတို့၏ အပ္ပမာဒသတိ၌ ရွှင်လန်းဝမ်းမြောက်ကြကာ အရိယာသူတော်ကောင်းတို့၏ ကျက်စားရာ ဗောဓိပက္ခိယတရားနှင့် လောကုတ္တရာတရားတော်များမှာ မွေ့လျော်နေကြကုန်၏။

---

တန=(တ) ဝိတ္ထာရေ-ချဲ့ခြင်း၌၊ (တနောတိ၊ တနုတေ။)

**နိစ္စဒဠှပရက္ကမာ=** [နိစ္စ+ဒဠှပရက္ကမ] နိစ္စံ ပဝတ္တော ဒဠှပရက္ကမော ယေသန္တိ-နိစ္စဒဠှပရက္ကမာ၊ အမြဲတန်း ခိုင်မြဲသော လုံ့လဝီရိယရှိသူတို့၊ နိစ္စ-၌ နိဂ္ဂဟိတ်မကျေ။

**နိစ္စံ=** နိစ္စံ သတတံ ဓုဝဥ္စ ကာလသတ္တမိယာ၊ နီတိ-သုတ္တ-နှာ၊ ၃၈၁။ အမြဲမပြတ်၊ ထို့ကြောင့်ပင် သမာသ်၌ နိဂ္ဂဟိတ်ကို မချေဘဲ ထားသည်။

[√ နီတိ+ယ] နိတန်-နိစ္စံ၊ ကစ္စည်း၊ ၆၃၈။ နီတိ နိစ္စေတိမသဿ ရူပံ၊ နျာသ။ နီတိ-နိစ္စေ၊ နိစ္စံ၊ ရူ၊ ၆၆၀။ နီတိ=(ဘူ) နိစ္စေ-မြဲခြင်း၌၊ (နီတတိ။)

[နိ+တျပ်] နိယမေန ဘဝေါ-နိစ္စော၊ တိ။ ကောတ္ထုဘာ။ မြဲသော၊ နိယမေန ဘဝံ-နိစ္စံ၊ န။ ထောမ။

**ဒဠှပရက္ကမ=** [ဒဠှ+ပရက္ကမ] ဒဠှော ပရက္ကမော-ဒဠှပရက္ကမော၊ ခိုင်မြဲသောလုံ့လ။

**ဒဠှ=** [√ ဒဟ+ဟ] ဒဟဓာတ်၏ ဟ-ကို ဠ-ပြု၊ ဒဟတီတိ-ဒဠှံ၊ မောဂ်-၇၊ ၂၂၃။

[√ ဒဟ+အ] ဟ-ရှေ့၌ ဠ-လာ၊ ဒဟတိ သဗ္ဗန္တိ-ဒဠှံ၊ ဒဟ=(ဘူ) ဒါဟေ-ပူလောင်ခြင်း၌၊ ဓာရဏေစ-ဆောင်ခြင်း၌လည်း၊ (ဒဟတိ။)

[√ ဒလ+ဟ] လ-ကို ဠ-ပြု၊ ဒလတိ ဝိဒါရိယတီတိဝါ-ဒဠှံ၊ ဒလ=(ဘူ+စု) ဝိဒါရဏေ-ဖျက်ဆီးခြင်း၌၊ (ဒလတိ၊ ဒါလေတိ၊ ဒါလယတိ။)

[√ ဒဟ √လာ+အ] လနှင့်ဟ-ကို ရှေ့နောက်ပြန်၊ ဒဟန္တော လာတီတိဝါ-ဒဠှံ၊ ဓာန်-ဋီ၊ ၄၁။ အလွန်အကဲ၊ အပြင်းအထန်၊ ခိုင်မြဲသော၊ ခိုင်ခံ့သော-စသည်။

**ပရက္ကမ=** [ပရာ √ကမု+ဏ] ဝုဒ္ဓိမပြုရ၊ ထောမ။ ကောတ္ထုဘာ။ ပရက္ကမတိ ဧတေနာတိ-ပရက္ကမော၊ အားထုတ်ကြောင်းလုံ့လ၊ ကမု=(ဘူ) ဂမနေ-သွားခြင်း၌၊ (ကမတိ။)

[ပရ+အာ √ကမု+ဏ] ပရံ ပရံ ဌာနံ အက္ကမတီတိ-ပရက္ကမော၊ ပရံ ပစ္စနီကဘူတံ ကောသဇ္ဇံ အက္ကမတီတိဝါ-ပရက္ကမော၊ ဓာန်-ဋီ၊ ၁၅၆။ အားထုတ်ခြင်းလုံ့လ။

ပရံ ပရံ အက္ကမတိ ဧတေနာတိ-ပရက္ကမော၊ အဆင့်ဆင့်မြင့်သောအရာသို့ ရှေးရှုသွားကြောင်း(တက်သွားကြောင်း) ဝီရိယ၊ ဌ-အခြေပြု။

ထိုပညာရှိတို့သည် သမထဝိပဿနာ ဘာဝနာတို့ကို စူးစူးစိုက်စိုက် ရှုကြ၏၊ စွဲစွဲမြဲမြဲ အပြင်းအထန် ကြိုးစားအားထုတ်ကြ၏၊ သို့ဖြစ်၍ ယောဂလေးပါးတို့ဖြင့် ဘေးကင်းရာအမြတ်ဆုံးနိဗ္ဗာန်ကို ဖလသမာပတ်ဖြင့် တွေ့ထိအာရုံပြုနိုင်ကြပါတော့သည်။

(လင်္ကာ) မမေ့လျော့လျှင်, နိဗ္ဗာန်မြင်၏၊ မေ့လျှင်မပြတ်, ထပ်၍ထပ်၍, သေခလေ့တည်း၊ မမေ့သူတွေ, မသေပေရှင့်၊ မေ့သူတွေကား, သေသူလားတည်း။

---

ဖုသန္တိ= [ √ ဖုသ+အ+အန္တိ ] တွေ့ထိကုန်၏၊ ဤ၌ တွေ့ထိ၏-ဟူသည်မှာ ဖလသမာပတ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုခြင်းပင်တည်း၊ ဖုသ=(ဘူ) သမ္ဗဿ-တွေ့ထိခြင်း၌၊ ပတ္တိယံစ-ရောက်ခြင်း၌လည်း၊ (ဖုသတိ။)

ဓီရာ= [ √ဓာ+ရက် ] ဓာတ်၏အစိတ် အာ-ကို ဤ-ပြု၊ က်-မှာ အနုဗန္ဓမျှသာ၊ ဓာရေ တီတိ-ဓီရော= ဓိတိမာ၊ ပညာရှိ၊ မောဂ်-၇၊ ၁၄၅။

[ ဓီ √ ရာ+ဏ ] ဓိယာ ပညာယ ရာတိ ဂဏှာတီတိ-ဓီရော၊ သူစိ။ [ဓီ+ရ] ဓီ ပညာ အဿ အတ္ထီတိ-ဓီရော၊ ကစ္စည်း၊ ၃၆၇-သုတ်ဖြင့် ရ-ပစ္စည်းသက်ပါ။

ဓီ= [ √ ဈေ+ကွိ+ဤ ] "ဓ် ယေ"ဟု သမ္ဗာရဏပြု၊ ကောတ္တုဘာ။ ကွိပစ္စည်းကြောင့် ပစ္စည်းနှင့်တကွ ယေ-ကို ချေ၊ ဓ်-ကို ဤ-သို့ကပ်၊ ပါဠိ ဈေဓာတ်သည် သက္ကတ ဓျဲ-ဓာတ်မှ ပြောင်းလဲလာကြောင်းကို သတိပြုပါ၊ ဈာယတီတိ-ဓီ= ပညာ။

[ √ ဓာ+ကွိ-ဤ ] ဓာရေတီတိ-ဓီ၊ ပညာ၊ အသိဉာဏ်၊ သူစိ။

နိဗ္ဗာနံ= [ နိ √ဝါ+ယု ] နိဗ္ဗာယန္တိ ဧတ္ထာတိဝါ-နိဗ္ဗာနံ၊ နိရုတ္တိ၊ ၅၄၃။ နိဗ္ဗာတိ ဧတေန ရာဂဂ္ဂိအာဒိကောတိ-နိဗ္ဗာနံ၊ သူစိ။ ရာဂမီး-စသည်တို့၏ ငြိမ်းအေးရာ(ငြိမ်းအေးကြောင်း) နိဗ္ဗာန်၊ ဝါ=(ဘူ) ဂတိ ဗန္ဓ ဂန္ဓေသု-သွားခြင်း, ဖွဲ့ခြင်း, ပြခြင်း(ဖြတ်ခြင်း, ညှဥ်းဆဲခြင်း)တို့၌၊ (ဝါတိ၊ ဝါယတိ။)

[နိ+ဝါန ] ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ-နိဗ္ဗာနံ၊ အဘိဓမ္မတ္ထ။ ဝါနတော နိက္ခန္တံ-နိဗ္ဗာနံ၊ ရူ-နှာ၊ ၁၉၈။ တဏှာမှထွက်မြောက်တတ်သောနိဗ္ဗာန်၊ နတ္ထိ ဝါနံ ဧတ္ထာတိ-နိဗ္ဗာနံ၊ နိရုတ္တိ၊ ၅၄၃။ တဏှာမရှိရာ နိဗ္ဗာန်။

ဝါန= [ √ ဝါ+န ] သတ္တေသု ဝါတိ ပဝတ္တတီတိ-ဝါနံ= တဏှာ၊ လောဘစေတသိက်၊ မောဂ်-၇၊ ၁၀၆။ ဝါယန္တိ ဘဝါဘဝံ ဂစ္ဆန္တိ ဧတေနာတိ-ဝါနံ၊ နိရုတ္တိ၊ ၅၄၃။

[ √ ဝိ+ယု ] ဝိနတိ သုဂတိဒုဂ္ဂတိဝသေန မဟန္တံ ဘဝံ အပရာယ ဘဝါယ သံသိဗ္ဗတီတိဝါ-ဝါနံ၊ သူစိ။ ဝိ=(ကီ) သံသိဗ္ဗနေ-ချုပ်စပ်ခြင်း၌၊ ဝိနာသ ပက္ခန္ဒနေသုစ-ပျက်စီးခြင်း, ပျံသန်းခြင်းတို့၌လည်း၊ (ဝိနာတိ၊ ဝိဏာတိ ဝါ။)

ယောဂက္ခေမံ= [ယောဂ+ခေမ ] ယောဂေဟိ ခေမံ-ယောဂက္ခေမံ၊ ယောဂလေးပါးတို့ဖြင့် ဘေးမရှိရာ။

ယောဂ= [ √ ယုဇ+ဏ ] ဝဋ္ဋသ္မိံ သတ္တေ ယောဇေန္တီတိ-ယောဂေါ၊ ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကို ယှဥ်စေတတ်သော၊ (ယောဂလေးပါး၊) ယုဇ=(ဘူ+စု) ယောဇနဗန္ဓနေသု-ယှဥ်စေခြင်း, ဖွဲ့ချည်ခြင်းတို့၌၊ (ယောဇတိ၊ ယောဇေတိ၊ ယောဇယတိ။)

ပွားများသတိ, ပညာရှိသည်, သို့ရှိထူးထွေ, သိမြင်လေ၍, မေ့နေမရှိ, ဝမ်းမြောက် ဘိလျက်, ဗောဓိပက္ခိယာ, လောကုတ္တရာခေါ်, တရားတော်ဝယ်, ရွှင်ပျော်နေ့ည, မွေ့လျော် ရ၏။

သို့ပျော်မွေ့ဘိ, ပညာရှိသည်, သမာဓိဈာန်, ရရှိပြန်၍, ထက်သန်ကြိုးကုတ်, မြဲအား ထုတ်သော်, အနုတ္တရ, ယောဂကုန်ခန်း, နိဗ္ဗာန်နန်းဝယ်, မြဲစံပယ်၏။

## ၂-ကုမ္ဘဃောသကသေဋ္ဌိဝတ္ထု

၂၄။ ဥဋ္ဌာနဝတော သတိမတော , သုစိကမ္မဿ နိသမ္မကာရိနော၊
သညတဿ ဓမ္မဇီဝိနော , အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ။

**အနက်** ဥဋ္ဌာနဝတော-ထကြွလုံ့လ ဝီရိယရှိသော၊ သတိမတော-မေ့လျော့ကင်းဘိ, ထင်သောသတိလည်း ရှိထသော၊ သုစိကမ္မဿ-သန့်စင်ကြယ်ဘိ,သုံးပါးသော ကံလည်းရှိထသော၊ နိသမ္မကာရိနော-ကိစ္စအများ, မလွဲမှားရန်, စဉ်းစားဆင်ခြင်၍ ပြုလေ့ ရှိထသော၊ သညတဿ-ကိုယ်နှုတ်စိတ်များ, စောင့်စည်းထားသော၊ ဓမ္မဇီဝိနော-တရား မချွတ်, အသက်မွေးတတ်ထသော၊ အပ္ပမတ္တဿ-မမေ့လျော့သူ, ရဟန်းရှင်လူ၏၊ ယသော- ဥစ္စာစီးပွား, ကြီးမားရာထူး, ကျေးဇူးသတင်း, ကျော်စောခြင်းသည်၊ အဘိဝဍ္ဎတိ-တစ်နေ့ တခြား, တိုးပွားလာရတော့၏။

---

**ခေမ=** [√ ခိ+မ] ခေပန် နိရုပဒ္ဒဝကရဏာတာယ-ခေမော= နိရုပဒ္ဒဝေါ၊ ဘေးရန်မရှိခြင်း၊ မောဂ်-၇၊ ၁၃၆။ ခိယန္တိ ဧတေန ရာဂဂ္ဂိအာဒိကောတိ-ခေမံ၊ ဓာန်-ဋီ၊ ၈။ နိဗ္ဗာန်၊ ခိ=(ဘူ) ခယေ-ကုန်ခန်းခြင်း၌၊ နိဝါသေစ-နေခြင်း၌လည်း၊ (ခိယတိ၊ ခိယျတိ၊ ဤ- ကို ဤယ-ပြု, ဣယျ-ပြု။)

[√ ခိ+မန်] ခိယန္တိ ဧတ္ထ ဥပဒ္ဒဝုပသဂ္ဂါဒယောတိ-ခေမော၊ ရူ၊ ၆၅၂။ နီတိ- သုတ္တ၊ ၁၂၃၄။ ဘေးကင်းခြင်း၊ ဘေးကင်းရာ။

**အနုတ္တရံ=** [န+ဥတ္တရ] နတ္ထိ ဥတ္တရော ယဿာတိ-အနုတ္တရံ= နိဗ္ဗာန်၊ မိမိထက် လွန်မြတ်သော တရားမရှိသော၊ အမြတ်ဆုံးဖြစ်သော၊ နတ္ထိ ဣတော ဥတ္တရန္တိ-အနုတ္တရံ၊ မဓိ-ဋီ၊ ၁၊ ၉၃။

**ဥတ္တရ=** [ဥ √တရ+အ] ဥတ္တရတီတိအတိက္ကမတိ အဘိဘဝတီတိဝါ-ဥတ္တရံ၊ မဓိ-ဋီ-၁၊ ၉၃။ အံ-ဋီ-၃၊ ၄၃။ တရ=(ဘူ) တရဏပ္လဝန သမ္ဘမ အဘိဘဝေသု-ကူးခြင်း, ပေါလော ပေါ်ခြင်း, မရပ်မတည်လည်ခြင်း, လွှမ်းမိုးခြင်းတို့၌၊ (တရတိ။)

## ၂၄-ပဒဝိဘာဂ

**ဥဋ္ဌာနဝတော=** [ဥဋ္ဌာန+ဝန္တု] ဥဋ္ဌာနံ ယဿ အတ္ထီတိ-ဥဋ္ဌာနဝါ၊ ထကြွကြောင်းဝီရိယရှိသူ။

**ဥဋ္ဌာန=** [ဥ √ဌာ+ယု] ဥဋ္ဌဟတိ ဧတေနာတိ-ဥဋ္ဌာနံ= ဝီရိယ၊ ထကြွကြောင်း ဝီရိယ။ ဌာ=(ဘူ) ဂတိနိဝတ္တိယံ-သွားခြင်း၏ ဆုတ်နစ်ခြင်း၌၊ (ဌာတိ၊ တိဋ္ဌတိ၊ ဌာယတိ။)

(မြန်မာပြန်) ထက်ကြွလုံ့လ ဝီရိယရှိခြင်း, သတိရှိခြင်း, စင်ကြယ်သော ကိုယ်မှု နှုတ်မှု စိတ်မှု ရှိခြင်း, အမှုကိစ္စတို့ကို ပညာဖြင့်ဆင်ခြင်၍ ပြုလုပ်ခြင်း, ကိုယ်နှုတ်စိတ်ကို စောင့်စည်းခြင်း, တရားသဖြင့်အသက်မွေးခြင်း, မမေ့လျော့ခြင်း၊ ဤတရားများနှင့် ပြည့်စုံသူမှာ စီးပွားဥစ္စာ အရာအထူး ကျေးဇူးသတင်း ကျော်စောခြင်းသည် တိုးပွားလာရတော့သည်။

(လင်္ကာ) လုံ့လလည်းထူ, သတိမူသား, စင်ဖြူအလုပ်, ဆင်ခြင်လုပ်၍, ကိုယ်နှုတ်စိတ်များ, စောင့်စည်းထားလျက်, တရားသက်မွေး, ကင်းဝေးမေ့လျော့, ပေါ့ဆမမှု, ထိုသူတို့မှာ, ဥစ္စာစီးပွား, ကြီးမားရာထူး, ကျေးဇူးသတင်း, ကျော်စောခြင်းများ, လွန်တိုးပွား၏။

---

**သတိမတော=** [သတိ+မန္တု] သတိ ယဿ အတ္ထိတိ-သတိမာ၊ သတိရှိသော၊ သတိရှိသူ။

**သတိ=** [√သရ+တိ] သရဏံ, သရတိ ဧတာယာတိဝါ-သတိ၊ ရူ၊ ၆၃၂။ အောက်မေ့အမှတ်ရခြင်း၊ အောက်မေ့အမှတ်ရကြောင်း-သတိစေတသိက်၊ ထိ။ သရ=(ဘူ) စိန္တာ ဟိံသာသဒ္ဒေသု-အောက်မေ့ခြင်း, ညှဉ်းဆဲခြင်း, အသံပြုခြင်းတို့၌၊ (သရတိ။)

**သုစိကမ္မဿ=** [သုစိ+ကမ္မ] သုစိနိ ကမ္မာနိ ယဿာတိ-သုစိကမ္မော= ပုဂ္ဂလော၊ စင်ကြယ်သော ကံရှိသူ။

**သုစိ=** [√သုစ+ဣ ]သုစ္စတိ ပရိသုဒ္ဓံ ဘဝတီတိ-သုစိ၊ ကစ္စည်း၊ ၆၆၉။ စင်ကြယ်သော၊ သုစ= (ဒိ) သုဒ္ဓိတိန္တ ဘာဝေသု-စင်ကြယ်ခြင်း, စွတ်စိုခြင်း, ဖျက်ဆီးခြင်းတို့၌၊ (သုစ္စတိ။)

**နိသမ္မကာရိနော=** [နိသမ္မ+ကာရိ] နိသမ္မံ ကတွာ ကာရိ-နိသမ္မကာရိ၊ ဆရာတို့ကား နိသမ္မကို တွာပစ္စယန္တကြံ၍ နိသမ္မ-၍၊ ကာရီ-နိသမ္မကာရီ-ဟု ပြုတော်မူကြသည်၊ စူးစမ်းနိုင်းယှဉ်၍ ပြုလေ့ရှိသူ။

**နိသမ္မ=** [နိ √သမ+ယ ] မောဂ်-၅၊ ၃၀။ ဝဒါဒီဟိယော-သုတ်ဖြင့် ယ-ပစ္စည်းသက်၊ နိသာမိယတေ-နိသမ္မံ၊ နိရုတ္တိ၊ ၅၃၄။ စူးစမ်းနိုင်းချိန်ခြင်း၊ သမ=(စု) ဝိတက္ကသဒ္ဒါ လောစနေသု-ကြံစည်ခြင်း, အသံပြုခြင်း, ကြည့်ရှုစုံစမ်းခြင်းတို့၌၊ (သာမေတိ၊ သာမယတိ။)

**သညတဿ=** [သံ √ယမု+တ] သညမတီတိ-သညတော၊သယေစ-သုတ်ဖြင့်စီရင်၊ (ကိုယ်နှုတ်စိတ်တို့ဖြင့်)စောင့်စည်းသော၊ သမု=(ဘူ ) ဥပရမေ-ကြဉ်ရှောင်ခြင်း၌၊ (ဆုတ်ခွာခြင်း၌၊) သံပုဗ္ဗော-သံရှေးရှိမူ၊ သံယမေ-စောင့်စည်းခြင်း၌၊ (ယမတိ၊ ယစ္ဆတိ၊ သံယမတိ၊ သံယစ္ဆတိ၊ သညမတိ။)

**ဓမ္မဇီဝိနော=** [ဓမ္မ+ဇီဝီ] ဓမ္မေန ဇီဝီ-ဓမ္မဇီဝီ၊ တရားနည်းလမ်းဖြင့် အသက်မွေးသူ၊ ဓမ္မဇီဝိနောတိ-ဓမ္မေ ဌတွာ ဇီဝိတံ ကပ္ပေန္တီတိ-ဓမ္မဇီဝိနော၊ အံ-၄-၂၊ ၃၁၀။

**ဇီဝီ=** [√ ဇီဝ+ဏီ ] ဇီဝတီတိ-ဇီဝီ၊ အသက်မွေးတတ်သူ၊ ဇီဝ=(ဘူ ) ပါဏဓာရဏေ-အသက်ရှည်ခြင်း၌၊ (ဇီဝတိ။)

**ဓမ္မဇီဝိနော=** [ဓမ္မဇီဝ+ဣ] ဓမ္မဇီဝေါ အဿ အတ္ထိတိ-ဓမ္မဇီဝီ၊ တရားနည်းလမ်းဖြင့် အသက်မွေးခြင်းရှိသူ။

## ၃-ရုဋ္ဌပဉ္စကတ္ထေရဝတ္ထု

၂၅။ ဥဋ္ဌာနေန' ပ္ပမာဒေန , သံယမေန ဒမေန စ၊
ဒီပံ ကယိရာထ မေဓာဝီ , ယံ ဩဃော နာဘိကီရတိ။

**အနက်** မေဓာဝီ-တရားဆိနှစ်, ပညာစစ်ရှိသောပုဂ္ဂိုလ်သည်၊ ဥဋ္ဌာနေန-ထကြွ တတ်ကြောင်း, ကောင်းသော လုံ့လဝီရိယဖြင့်လည်းကောင်း၊ အပ္ပမာဒေန-မမေ့လျော့ကြောင်း, ကောင်းသောသတိဖြင့်လည်းကောင်း၊ သံယမေနစ-ကိုယ်နှုတ်စိတ်များ, စောင့်စည်းထားခြင်းဖြင့်လည်းကောင်း၊ ဒမေနစ-ဣန္ဒြေခြောက်ပါး, ဆုံးမထားခြင်းဖြင့်လည်းကောင်း၊ ယံ ဒီပံ-အရဟတ္တဖိုလ်, ခေါ်ဆိုရည်ညွှန်း, အကြင်ကျွန်းကို၊ ဩဃော-ဩဃလေးအင်, ရေအလျဉ်သည်၊ နာဘိကီရတိ-လွှမ်းမိုးဖိစီး, မဖျက်ဆီးနိုင်၊ တံ ဒီပံ-အရဟတ္တဖိုလ်, ခေါ်ဆိုရည်ညွှန်း, ထိုမှီရာကျွန်းကို၊ ကယိရာထ-ရရှိသေချာ, ပြုနိုင်ရာ၏။

---

**ဓမ္မဓီဝ=** [ဓမ္မ+ဓီဝ] ဓမ္မေန ဓီဝေါ-ဓမ္မဓီဝေါ၊ တရားနည်းလမ်းဖြင့် အသက်မွေးခြင်း။

**ဓီဝ=** [√ ဓီဝ+ဏ] ဓီဝနံ-ဓီဝေါ၊ သံ-ဋီ-၁၊ ၁၄၁။ အသက်မွေးခြင်း။

**ယသော=** [√ယသု+အ] အခြံအရံ၊ အကျော်အစော၊ လာဘ်ပစ္စည်းဥစ္စာ၊ ယသု=(ဘူ+ဒိ) ပယတနေ-အားထုတ်ခြင်း၌၊ (ယသတိ၊ ယဿတိ၊ ပါဠိ၌ မထင်။)

[ယဇ+အ] ဇ-ကို သ-ပြု၊ ယဇတိ ဧတေနာတိ-ယသော၊ ပေးလှူပူဇော်ကြောင်း၊ သူစိ။ ယဇ=(ဘူ) ဒေဝပူဇာ သင်္ဂတိကရဏ ဒါနေသု-နတ်အားပူဇော်ခြင်း, အပေါင်းအစုပြုခြင်း, ပေးလှူခြင်းတို့၌၊ (ယဇတိ၊ ကံ၌ ဣဇ္ဇတေ။)

**အဘိဝဍ္ဍတိ=** [အဘိ √ဝဍ္ဍ+အ+တိ] တိုးတက်၏၊ ဝဍ္ဍ=(ဘူ) ဝဍ္ဍနေ-ကြီးပွားခြင်း၌၊ (ဝဍ္ဍတိ။)

### ၂၅-ပဒဝိဘာဂ

**သံယမေန=** [သံ √ယမု+အ] သူစိ။ သံယမနံ-သံယမော၊ စောင့်စည်းခြင်း၊ သံယမန္တိ ဧတေနာတိ-သံယမံ= သီလံ၊ စောင့်စည်းကြောင်းသီလ။

**ဒမေန=** [√ ဒမု+အ] ဒမနံ-ဒမော၊ စက္ခု-စသော ဣန္ဒြေတို့ကို ဆုံးမခြင်း၊ ဒမီယန္တိ ဧတေနာတိ-ဒမော၊ ဣန္ဒြေတို့ကို ဆုံးမကြောင်း-သံဝရ၊ ဣန္ဒြိယသံဝရသီလ၊ နီတိ-ဓာ၊ ၂၃၇-ကိုလည်းရှုပါ။

**ဒီပံ=** [ဒီပ+ဏ] ဒီပေါဝိယာတိ-ဒီပေါ= အရဟတ္တဖလ၊ ရေလယ်ကျွန်းနှင့်တူသော အရဟတ္တဖိုလ်။

**ဒီပ=** [ဒွိ+အာပ] ဒွိဓာ အာပေါ သန္ဒတိ ဧတ္ထာတိ-ဒီပေါ၊ နီတိ-သုတ္တ၊ ၃၁။ ရေလယ်ကျွန်း။

**အာပ=** [ √အာပ+အ ] အာ ပုဏာတီတိ-အာပေါ၊ ပျံ့နှံ့တတ်သောရေ၊ နီတိ-ဓာ၊ ၂၄၅။ အာပ=(ဘူ+စု+သွာ) ဗျာပနေ-ပျံ့နှံ့ခြင်း၌၊ (အာပတိ၊ အာပေတိ၊ အာပုဏာတိ။)

[ √အာပု+အ ] အာပေတီတိ-အာပေါ၊ ရေ၊ နီတိ-ဓာ၊ ၃၂၇။ အာပု=(စု) လမ္ဘနေ-တွဲလျားကျခြင်း၌၊ (အာပေတိ၊ အာပယတိ။)

(မြန်မာပြန်) ပညာရှိသည် လုံ့လရှိခြင်း, မမေ့လျော့ခြင်း, သီလစောင့်ခြင်း, မျက်စိစသော ဣန္ဒြေတို့ကိုစောင့်ခြင်းဟူသော ဤတရားလေးပါးတို့ဖြင့် (သံသရာတည်းဟူသော သမုဒ္ဒရာဝယ်) ကိလေသာရေအလျဉ် မဖျက်ဆီးနိုင်သည့် အရဟတ္တဖိုလ်တည်းဟူသော မှီရာကျွန်းကို ပြုနိုင်ရာ၏။

(လင်္ကာ) လုံ့လရှိခြင်း, မမေ့ခြင်းနှင့်, စောင့်ခြင်းသီလ, ဆုံးမဣန္ဒြေ, ဤလေးထွေဖြင့်, ကိလေရေစီး, မဖျက်ဆီးသည့်, ခိုင်ဖြိုးအရဟတ်, ဖိုလ်ကျွန်းမြတ်ကို, မလွတ်တမ်းသာ, ပြုနိုင်ရာ၏။

---

[√အပ္ပ+ဏှာ] အပ္ပောတိ တံတံ ဌာနံ ဝိဿရတီတိ-အာပေါ၊ ရေ၊ နီတိ-ဓာ၊ ၂၆၅။

[√အပ+ဏှာ]အပေါတိ တံတံ ဌာနံ ဝိဿရတီတိ-အာပေါ၊ ရေ။ အပ္ပ+အပ=(တ) ပါပုဏေ-ရောက်ခြင်း၌၊ (အပ္ပောတိ၊ အပေါတိ။)

**ကယိရာထ=** [ကရ+ယိရ+ဧထ) ပြုစွမ်းနိုင်ရာ၏၊ ဧထ-ဝိဘတ်၏ ဧ-ကို အာ-ပြု၊ ဓာတွန် ရ-ကို ချေ။ ရူ၊ ၅၂၂။

**မေဓာဝီ=** [မေဓာ+ဝီ] မေဓာ ယဿ အတ္ထီတိ-မေဓာဝီ၊ ပညာရှိ၊ ကစ္စည်း၊ ၃၆၄။

**မေဓာ=** [√ မီ+ဓ+အာ] မိနောတိ ဟိံသတီတိ-မေဓာပညာ။ သူစိ။ မီ=(ဒိ+ကီ) ဟိံသာယံ-ညှဉ်းဆဲခြင်း၌၊ (မီယတိ၊ မိနာတိ ရဿပြု။)

[√ မိ+ဓ+အာ] မိနောတိ ဟိံသတီတိ-မေဓာ၊ ပညာ၊ သူစိ။ မိ=(သွာ) ပက္ခေပ ဟိံသာသု-ထည့်သွင်းခြင်း, ညှဉ်းဆဲခြင်းတို့၌၊ (မိဏာတိ၊ မိဏောတိ၊ မိနာတိ၊ မိနောတိ ဝါ-နငယ်ပြန်။)

[√မေဓ+အ+အာ] အသနိဝိယ သိလုစ္စယေ ကိလေသေ မေဓတိ ဟိံသတီတိ- မေဓာ၊ မေဓတိ ဝါ သိရိယာ သီလာဒီဟိစ သပ္ပုရိသဓမ္မေဟိ သဟ ဂစ္ဆတိ န ဓကိကာ ဟုတ္တာ တိဋ္ဌတီတိ-မေဓာ၊ ပညာယေတံနာမံ၊ နီတိ-ဓာ၊ ၁၀၉။ အဘိ-ဋ-၁၊ ၁၉၂။-ရူပါ။ မေဓတိ သီလသမာဓိအာဒီဟိ သဒ္ဓမ္မေဟိ သိရိယာစ သင်္ဂစ္ဆတီတိ-မေဓာ၊ နီတိ-ဓာ၊ ၁၃၀။ မေဓ=(ဘူ) ဟိံသာယံ-ညှဉ်းဆဲခြင်း၌၊ သင်္ဂမေစ-ပေါင်းဆုံခြင်း၌လည်း။ (မေဓတိ။)

[√မေ √ဓာ+အ+အာ] *မစ္ဆယုဂလဓာတ်၊ သုခုမမ္ပိ အတ္ထံ ဓမ္မဉ္စ မေတိစ-ဓာရေ တိစ-မေဓာ= ပညာ။ နီတိ-ဓာ၊ ၁၃၀။ မေ=(ဘူ) ပဋိဒါန အာဒါနေသု-ပေးခြင်း, ယူခြင်းတို့၌၊ (မေတိ၊ မယတိ။)

မေဓာဓာတုဝသာစေဝ , မေ ဓာ-ဓာတူဟိ စ ဒွိဓာ၊

မေဓာသဒ္ဒဿ နိပ္ဖတ္တိ , မေဓာဝိသမုဒီရယေ။-

တတ္ထ မေဓာတိ သမ္ဘောဟံ မေဓတိ ဟိံသတီတိ-မေဓာ။ ပ ။ အပရော နယော သုခုမမ္ပိ အတ္ထံ ဓမ္မဉ္စ ခိပ္ပမေဝ မေတိ စ ဓာရေတိစာတိ-မေဓာ၊ ဧတ္ထ မေတိတိ- ဂဏှာတီတိ အတ္ထော။ နီတိ-ဓာ၊ ၃၆၇။

---

* မေဓာတု ဓာဓာတုဝသေနဓာတုဒ္ဒယဝိသိဋ္ဌ မစ္ဆယုဂလဓာတုနာမ သိဒ္ဓမေတံ ဂဏ်ေ၊ မဂ္ဂေါဝိယ။ သူစိ။

## ၄-ဗာလနက္ခတ္တသဃုဋ္ဌဝတ္ထု

၂၆။ ပမာဒမနုယုဥ္ဇန္တိ ， ဗာလာ ဒုမ္မေဓိနော ဇနာ၊
　　အပ္ပမာဒဉ္စ မေဓာဝီ ， ဓနံ သေဋ္ဌံဝ ရက္ခတိ။

၂၇။ မာ ပမာဒမနုယုဉ္ဇေထ ， မာ ကာမရတိသန္ထဝံ၊
　　အပ္ပမတ္တော ဟိ ဈာယန္တော ， ပပ္ပောတိ ဝိပုလံ သုခံ။

**အနက်** ဒုမ္မေဓိနော-တရားဆိနှစ်, ပညာစစ်မရှိကြကုန်သော၊ ဗာလာ-ပစ္စုပ္ပန်တမလွန်, နှစ်တန်သောအကျိုးမဲ့ကို ယူတတ်ကုန်သော၊ ဇနာ-ပညာကင်းကွာ, သတ္တဝါတို့သည်၊ ပမာဒံ-မေ့လျော့ရကြောင်း, မကောင်းမှုအကုသိုလ်ကို၊ အနုယုဥ္ဇန္တိ-ဖန်ဖန်ကြိုးကုတ်, အားထုတ်ကြကုန်၏၊ မေဓာဝီစ-တရားဆိနှစ်, ပညာစစ်ရှိသော ပုဂ္ဂိုလ်သည်ကား၊ အပ္ပမာဒံ-မမေ့လျော့ကြောင်း, ကောင်းသောသတိကို၊ ဓနံ သေဋ္ဌံဝ-မျိုးရိုးစဥ်လာ, ကောင်းမြတ်သော အမွေဥစ္စာကိုကဲ့သို့၊ ရက္ခတိ-အမြဲမသွေ, စောင့်ရှောက်နေ၏။

---

**ဩဃော=** [အဝ √ဟန+ရ] အဝ-ကို ဩ-ပြု၊ ဟန-ကို (ကစ္စည်း၊ ၅၃၈-သုတ်ဖြင့်) ဃ-ပြု၊ အဝ ဟနတိ ဩသီဒါပေတီတိ-ဩဃော၊ ရေအလျဉ်။

[ဩ √ဟန+ကွိ ] မောဂ်-၅၊ ၁၀၀။ ဩဟညတိ ဇတေနာတိ-ဩဃော၊ ယင်းပဥ္စိကာ၊ ရေအလျဉ်၊ ကာမောဃ-စသည်။

[√ဥစ+ဃဉ] ဝိသော၊ ကောဏ္ဍဘာ။ သုတ်ကြီးဖြင့်စီရင်၊ ဥစ=(ဘူ+ဒိ) သဒ္ဒေ-အသံပြုခြင်း၌၊ သမဝါယေစ-ပေါင်းစုခြင်း၌လည်း၊ (ဥစတိ၊ ဥစ္စတိ။)

**အဘိကိရတိ=** [အဘိ √ကိရ+အ+တိ] ဖုံးလွှမ်းဖျက်ဆီး၏၊ ကိရ=(ဘူ) ဝိက္ခေပ ဝိကိရဏေသု-ပယ်ရှားခြင်း, ကြဲဖြန့်ခြင်းတို့၌၊ (ကိရတိ။)

### ၂၆, ၂၇-ပဒဝိဘာဂ

**အနုယုဥ္ဇန္တိ=** [အနု √ယုဇ+အ+အန္တိ] အားထုတ်ကုန်၏၊ ယုဇ=(ရု) ယောဂေ-အားထုတ်ခြင်း၌၊ (ယုဥ္ဇတိ။)

**ဗာလာ=** [√ဗလ+ဏ] ဗလတိ အဿာသိတပဿာသိတမတ္တေန ဇီဝတီတိ-ဗာလော၊ နီတိ-ဓာ၊ ၁၆၈။ ဗလန္တိ အဿသန္တီတိ-ဗာလာ၊ အဿာသိတပဿာသိတမတ္တေန ဇီဝန္တိ၊ န ပညာဇီဝိတေနာတိ အဓိပ္ပာယော၊ ခုဒ္ဒက-၄၊ ၁၀၄။

[ဒွိ √လာ+အ] ဒွိ-ကို ဗာ-ပြု၊ ဒိဋ္ဌဓမ္မိကသမ္ပရာယိကသင်္ခါတေ ဒွေ အနတ္ထေ-(.....)လာတိ အာဒဒါတီတိ-ဗာလော၊ နီတိ-ဓာ၊ ၁၆၀။ လာ=(ဘူ) အာဒါန ဂတီသု-ယူခြင်း, သွားခြင်းတို့၌၊ (လာတိ။)

[ဒွိ √လူ+အ ]ဒိဋ္ဌဓမ္မိကသမ္ပရာယိကေ ဒွေ အတ္ထေ လုနာတီတိ-ဗာလော= အဝိဒ္ဒါ၊ မိုက်သူ၊ မသိတတ်သူ၊ ပညာမဲ့သူ၊ နီတိ-ဓာ၊ ၂၅၅။ လူ=(ကီ) ဆေဒနေ-ဖြတ်ခြင်း၌၊ (လူနာတိ၊ လုနာတိ။ ရဿပြု။)

**ဒုမ္မေဓိနော=** [ဒု+မေဓီ] န မေဓိနော-ဒုမ္မေဓိနော၊ ပညာရှိမဟုတ်သူတို့၊ ပညာမရှိသူတို့။

(တသ္မာ-ထို့ကြောင့်၊ တုမှေ-သင်တို့သည်၊) ပမာဒံ-မေ့လျော့ရကြောင်း, မကောင်းမှု အကုသိုလ်ကို၊ မာ အနုယုဉ္ဇေထ-ဖန်ဖန်ကြိုးကုတ်, အားမထုတ်ကြကုန်လင့်၊ ကာမရတိ သန္ထဝံ-ကာမနှစ်ဖော်, မွေ့လျော်လွန်မင်း, တဏှာဖြစ်အောင် ပေါင်းသင်းခြင်းကို၊ မာ အနု ယုဉ္ဇေထ-ဖန်ဖန်ကြိုးကုတ်, အားမထုတ်ကြကုန်လင့်၊ ဟိ-အကြောင်းမူကား၊ အပ္ပမတ္တော- မမေ့ လျော့ဘဲ, သတိရှိသည်၊ (ဟုတွာ-ဖြစ်၍၊) ဈာယန္တော-သမထဝိပဿနာ, ဘာဝနာ ကမ္မဋ္ဌာန်း, ကြိုးပမ်းရှုမှတ်သူသည်၊ ဝိပုလံ-ကာမချမ်းသာ, အဖြာဖြာထက်, လွန်စွာကျယ်ပြန့် သော၊ သုခံ-ဈာန်မဂ်နိဗ္ဗာန်, ချမ်းသာမှန်သို့၊ ပပ္ပောတိ-မလွဲမသွေ, ရောက်ရှိနိုင်ပေ၏။

(မြန်မာပြန်) ပစ္စုပ် တမလွန် နှစ်တန်သောဘဝတို့၌ အကျိုးမဲ့ကိုပြုလုပ်တတ်သော ပညာ မဲ့သူတို့သည် မေ့မေ့လျော့လျော့ မကောင်းမှုကိုသာ အားထုတ်နေကြ၏၊

---

**မေဓီ**= [မေဓာ+ဤ] မေဓာ ယေသံ အတ္ထီတိ-မေဓိနော၊ ပညာရှိသူတို့။

**ဇနာ**= [√ ဇန+အ] ကုသလာကုသလံ ဇနေတီတိ-ဇနော၊ သူစိ။ အဝိဇ္ဇာတဏှာဘိသင်္ခတေန ကမ္မုနာ ။ ပ ။ ခန္ဓပဥ္စကသင်္ခါတံ အတ္တဘာဝံ ဇနေတိ အဘိနိဗ္ဗတ္တေတီတိ-ဇနော၊ ကိလေသေ ဇနေတိ အဇနိ ဇနိဿတီတိဝါ-ဇနော၊ သာရတ္ထ-၁၊ ၅၄။ သတ္တဝါ။

**ဓနံ**= [√ ဓန+အ] မမ ဣဒန္တိ ဓနာယိတဗ္ဗံ သဒ္ဒါယိတဗ္ဗန္တိ-ဓနံ၊ နီတိ-ဓာ၊ ၃၂၂။ ဓန=(စု) သဒ္ဒေ-အသံပြုခြင်း၌၊ (ဓနေတိ၊ ဓနယတိ။)

**အနုယုဉ္ဇေထ**= [အနု √ယုဇ+အ+ထ] အားထုတ်ကြကုန်လော့၊ မာပဋိသေဓနှင့်တွဲက မာအနုယုဉ္ဇေထ-အားမထုတ်ကြကုန်လင့်-ဟု ပေးရ၏။

**ကာမရတိသန္ထဝံ**= [ကာမရတိ+သန္ထဝ] ကာမရတိသင်္ခါတော သန္ထဝေါ-ကာမရတိသန္ထဝေါ၊ ကာမတို့၌ မွေ့လျော်ခြင်းဟု ဆိုအပ်သော ရောနှောပေါင်းဖော်ခြင်း။

**ကာမရတိ**= [ကာမ+ရတိ] ကာမေသု ရတိ-ကာမရတိ၊ ကာမတို့၌ မွေ့လျော်ခြင်း။

**ကာမ**= [√ ကမု+ဏ] ရူပါဒိဝိသယံ ကာမေတီတိ-ကာမော၊ အလိုရှိတတ်သော ကိလေသာ ကာမ၊ ကာမိယတီတိဝါ-ကာမော၊ အလိုရှိအပ်သော ဝတ္ထုကာမ၊ ကာမဂုဏ်၊ နီတိ- ဓာ၊ ၃၃၁။ ကာမောစ ကာမောစ-ကာမာ၊ ဝတ္ထုကာမ ကိလေသာကာမတို့။

**ရတိ**= [ √ရမု+တိ] ရမန္တိ တာယ, ရမဏံဝါ-ရတိ၊ ရူ၊ ၆၀၀။ မွေ့လျော်ကြောင်း၊ မွေ့လျော်ခြင်း၊ ရမု=(ဘူ) ကီဠာယံ-ကစားပျော်မြူးခြင်း၌၊ (ရမတိ။)

**သန္ထဝ**= [သံ √ထု+ဏ] သန္ထဝနံ-သန္ထဝေါ၊ ပေါင်းဖော်ခြင်း၊ သူစိ။ ထု=(ဘူ+ကီ) အဘိတ္ထဝေ- ချီးမွမ်းခြင်း၌၊ (ထဝတိ၊ ထုနာတိ။)

**ဈာယန္တော**= [ √ဈေ+အန္တ ] ကမ္မဋ္ဌာန်းရှုသောပုဂ္ဂိုလ်။

**ပပ္ပောတိ**= [ပ √အပ+ဏြ+တိ] ရောက်၏၊ အပ္ပောတ်ဆိုကလည်း အသင့်ပင်ဖြစ်သည်။

**ဝိပုလံ**= [ဝိ √ပုလ+အ] ဝိသေသေန ပုလတီတိ-ဝိပုလံ၊ ကျယ်ပြန့်သော၊ သူစိ။

ပညာရှိပုဂ္ဂိုလ်မူကား မမေ့လျော့ မပေါ့ဆခြင်း၏အကြောင်း ကောင်းသောသတိကို (မိမွေဘမွေ) ကောင်းမြတ်သောဥစ္စာကိုကဲ့သို့ စောင့်ရှောက်နေ၏။

ထို့ကြောင့် သင်တို့သည် မေ့လျော့ပေါ့ဆ မနေကြနှင့်၊ ကိလေသာတို့၌ မွေ့လျော်ပျော်ပိုက်လျက် တဏှာတိုးပွားအောင် ပေါင်းဖော်မှုကို မပြုကြပါနှင့်၊ အကြောင်းမူကား-မမေ့မလျော့ ကမ္မဋ္ဌာန်းရှုမှတ်သူသည် ကြီးကျယ်ပြန့်ပြောသော ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ပေသည်။

(လင်္ကာ) ပညာမဲ့ ငြား, လူမိုက်များသည်, စိတ်ထားဖျင်းသော့, မေ့လျော့တွေဝေ, အားထုတ်နေ၏၊ တွေဝေကင်းဘိ, ပညာရှိမူ, သတိခေါ်မှတ်, တရားမြတ်ကို, အမြတ်ရတနာ, ကဲ့ပမာသို့, ကောင်းစွာမသွေ, စောင့်ရှောက်နေ၏။

ဖြစ်လေသို့တွက်, ပျင်းဖက်သွမ်းသော့, မေ့လျော့ပေါ့ဆ, မနေကြနှင့်၊ ကာမမွေ့လျော်, ပေါင်းဖော်တဏှာ, မပြုပါနှင့်၊ မက္ခာသတိ, ရှုဘိကမ္မဋ္ဌာန်း, ကြိုးပမ်းကြလျက်, တရားတက်မူ, ဈာန်မဂ်နိဗ္ဗာန်, ချမ်းသာမှန်သို့, ဧကန်ထုတ်ချောက်, အမြန်ရောက်၏။

## ၅-မဟာကဿပတ္ထေရဝတ္ထု

၂၈။ ပမာဒံ အပ္ပမာဒေန , ယဒါ နုဒတိ ပဏ္ဍိတော၊
ပညာပါသာဒမာရုယှ , အသောကော သောကိနိံ ပဇံ၊
ပဗ္ဗတဋ္ဌောဝ ဘူမဋ္ဌေ , ဓီရော ဗာလေ အဝေက္ခတိ။

(အနက်) ပဏ္ဍိတော-အပ္ပမာဒ, ကျိုးဖလကို, ကျနမြင်သိ, ပညာရှိသည်၊ ယဒါ-အယူမစောင်း, ဆရာကောင်းနှင့်, ပေါင်းသင်းမိရာ, အကြင်အခါ၌၊ ပမာဒံ-မေ့လျော့ရကြောင်း, မကောင်းမှုအကုသိုလ်ကို၊ အပ္ပမာဒေန-မမေ့လျော့ကြောင်း, ကောင်းသောသတိဖြင့်၊ နုဒတိ-ကိုယ်မှာစင်စစ်, မဖြစ်ရစေ, နှင်ထုတ်လေ၏၊ အထ-ထိုအခါ၌၊ သော ပဏ္ဍိတော-ပမာဒတရား, ပယ်ထားသန့်စင်, ထိုပညာရှင်သည်၊ ပညာပါသာဒံ-ဒိဗ္ဗစက္ခု, ခေါ်မှုသတ်မှတ်, ပညာတည်းဟူသော ပြာသာဒ်သို့၊ အာရုယှ-သမာပတ်ရှစ်တန်, အခြေခံပွားစီး, တက်ရောက်ပြီး၍၊ အသောကော-ကြွင်းမဲ့ပယ်ရှင်း, သောကတည်းဟူသောငြောင့်ကင်းသည်၊ (ဟုတ္ဂာ-ဖြစ်၍၊) သောကိနိံ-သောကငြောင့်တွေ, ရှိ၍နေသော၊ ပဇံ-များလှသောင်းပြောင်း, သတ္တဝါအပေါင်းကို၊ အဝေက္ခတိ-ကောင်းစွာထင်ထင်, တွေ့မြင်နိုင်၏၊ ပဗ္ဗတဋ္ဌော-တောင်ပေါ်တည်သူ, တစ်ဦးလူသည်၊ ဘူမဋ္ဌေ-မြေပြင်တည်ငြား, သတ္တဝါ

---

### ၂၈-ပဒဝိဘာဂ

**နုဒတိ**= [ √နုဒ+အ+တိ ] ပယ်နုတ်၏၊ နုဒ=(ဘူ) ခေပနေ-ပစ်ပယ်ခြင်း၌၊ (နုဒတိ။)

**ပညာပါသာဒံ**= [ပညာ+ပါသာဒ] ပညာဧဝ ပါသာဒေါ-ပညာပါသာဒေါ၊ ပညာသာလျှင် ပြာသာဒ်၊ ပညာတည်းဟူသောပြာသာဒ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်။

**ပညာ**= [ပ √ ဉာ+အ+အာ] ပဇာနာတီတိ-ပညာ၊ ရူ၊ ၅၉၉။ ပဇာန၁တိ ဧတာယ ပုဂ္ဂလော သယံဝါ ပဇာနာတီတိ-ပညာ၊ သုတ္တနိ-ဋ္ဌ-၁၊ ၁၃၁။ ပညာစေတသိက်။

အများတို့ကို၊ အဝေကွတိက္ကဝ-ကောင်းစွာထင်ထင်, တွေ့မြင်နိုင်သကဲ့သို့၊ တထာ-ထို့အတူ၊ ဓိရော-ဉာဏ်မြင်ကောင်းဘိ, ရဟန္တာပညာရှိသည်၊ ဗာလေ-ဖြစ်လိုက်သေလိုက်, ပုထုဇဉ် လူမိုက်တို့ကို၊ အဝေက္ခတိ-ကောင်းစွာထင်ထင်, တွေ့မြင်နိုင်၏။

(မြန်မာပြန်) ပညာရှိသူသည် မေ့လျော့မှုကို မမေ့လျော့မှုဖြင့် ပယ်ဖျောက်ပြီးသည့်အခါ အိမ်အပေါ်ထပ်ပမာ အပေါ်စီးရလာသော ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကိုယ်တိုင် သောကမရှိသူဖြစ်လျက် သောကရှိနေသော သတ္တဝါအပေါင်းကို တွေ့မြင်နိုင်၏၊ တောင်ပေါ်၌ နေသူက တောင်ခြေမြေပြင်၌နေသူကို တွေ့မြင်နိုင်သကဲ့သို့ ထိုရဟန္တာ ပညာရှိသည် မေ့လျော့ပေါ့ဆနေသူ လူမိုက်များ သေနေဖြစ်နေ(ပဋိသန္ဓေတည်နေ)သည် တို့ကို တွေ့မြင်နိုင်၏။

(လက်ာ) ကြောင်းမြင်ကျိုးသိ, ပညာရှိသည်, သတိမကင်း, မေ့လျော့ခြင်းကို, ပယ်ရှင်း ပြီးကာ, ကြောင့်ကြကွာလျက်, ပညာပြာသာဒ်, အပေါ်ထပ်မှ, ကြောင့်ကြမကွာ, သတ္တဝါကို, စိတ်ဖြာခွဲဝေ, ကြည့်ရှုနေ၏၊ တောင်ခြေကမူ, တည်နေသူက, အောက်လူ

---

ပါသာဒ= [ပ √သဒ+ဏ] ပသီဒန္တိ အသ္မိန္တိ-ပါသာဒေါ၊ ပ၏အ-ကို အာဒိဃပြု၊ ပြာသာဒ်၊ ကောဋ္ဌာဘ။ သဒ-သဒဓာတ်သည်၊ ပပုဗ္ဗော-ပရှေ့ရှိမူ၊ ပသာဒေ-ကြည်လင်သန့်ရှင်းခြင်း၌၊ (ပသီဒတိ။)

အာရုယှ= [အာ √ရုဟ+တွာ] ရူ၊ ၆၄၅။ တက်ပြီး၍၊ ရုဟ=(ဘူ) ဇနနေ-ဖြစ်ခြင်း၌၊ (ရုဟတိ၊ ရောဟတိ။) အာပုဗ္ဗော-အာရှေ့ရှိမူ၊ အာရောဟနမှိ-အထက်သို့တက်ခြင်း၌၊ (အာရုဟတိ၊ အာရောဟတိ။)

**အသောကော**= [န+သောက] နတ္ထိ သောကော ဧတဿာတိ-အသောကော၊ စိုးရိမ်ခြင်း (ဝမ်းနည်းခြင်း)မရှိသူ။

**သောက**= [√သုစ+ဏ] သောစနံ-သောကော၊ စိုးရိမ်ခြင်း ဝမ်းနည်းခြင်း၊ ဒေါမနဿဝေဒနာ။

**သောကိနိ**= [သောက+ဤ+ဣနီ] သောကော ဧတိဿာ အတ္ထိတိ-သောကိနီ၊ စိုးရိမ်ခြင်း ဝမ်းနည်းခြင်းရှိသောသတ္တဝါအပေါင်း။

[√ သုစ+ဏီ+ဣနီ] သောစနသီလော-သောကီ၊ သောကိနီ= ပဇာ၊ စိုးရိမ်နေ ဝမ်းနည်းနေသော သတ္တဝါအပေါင်း၊ နိရုတ္တိ၊ ၅၃၃။

**ပဇံ**= [ပ √ဇနီ+ကွိ+အာ] ကမ္မကိလေသေဟိ ပကာရေန ဇာယတီတိ-ပဇာ၊ သတ္တဝါအပေါင်း၊ ဇနီ=(ဒိ) ပါတုဘာဝေ-ထင်ရှားဖြစ်ခြင်း၌၊ (ဇာယတိ။) အကမ္မက။ ဝိပုဗ္ဗော စေ သကမ္မကော၊ ဝိဇာယနေ-သားဖွားခြင်း၌၊ (မာတာ ပုတ္တံ ဝိဇာယတိ။)

ပဗ္ဗတဋ္ဌော= [ပဗ္ဗတ √ဌာ+အ] ပဗ္ဗတေ အဋ္ဌာသိ တိဋ္ဌတိ ဋ္ဌဿတိတိဝါ-ပဗ္ဗတဋ္ဌော-ပုရိသော၊ တောင်၌တည်သောယောကျ်ား၊ ရူ၊ ၅၆၈။

ဘူမဋ္ဌေ= [ဘူမိ √ဌာ+အ] ဣ-ကို အ-ပြု၊ ဘူမိယံ တိဋ္ဌန္တီတိ-ဘူမဋ္ဌာ၊ တောင်ခြေ မြေပြင်၌ တည်သူတို့။

ကိုပင်, မြင်သောသွင်သို့, သခင်ရဟန္တာ, ပညဝါကား, သေလာဖြစ်လိုက်, လုံးလည်လိုက်သည့်, လူမိုက်များစွာ, တွေ့မြင်ပါ၏။

## ၆-ပမတ္တာပမတ္တဒ္ဒေသဟာယကဝတ္ထု

၂၉။ အပ္ပမတ္တော ပမတ္တေသု , သုတ္တေသု ဗဟုဇာဂရော၊
အဗလဿံဝ သီဃဿော , ဟိတွာ ယာတိ သုမေဓသော။

**အနက်** သီဃဿော-ဖွဲ့ထူအားသန်, လျင်မြန်လွန်မင်း, အာဇာနည်သိန္ဓောမြင်းသည်၊ အဗလဿံ-ချိနဲ့ပိန်ဖျင်း, အားမရှိသောမြင်းကို၊ ဟိတွာ-လမ်းခရီးအကြား, ပယ်စွန့်ထား၍၊ ယာတိက္ကဝ-လိုရာရပ်တိုင်, သွားရောက်နိုင်သကဲ့သို့၊ (သုတ္တေသု-သံသရာရေး, လောကရေးကို, မျှော်တွေးကင်းကွာ, သတ္တဝါတို့သည်၊) ပမတ္တေသု-မေ့လျော့ပေါ့ဆ, နေကုန်ကြသော်၊ အပ္ပမတ္တော-စိတ်နေမပေါ့, မမေ့လျော့သော၊ သုမေဓသော-မြင့်မြတ်လှဘိ, ပညာရှိသည်၊ ဟိတွာ-သံသရာခရီးအကြား, ပယ်စွန့်ထားခဲ့၍၊ ယာတိ-နိဗ္ဗာန်သို့တိုင်, သွားရောက်နိုင်၏၊ (သုတ္တေသု-သံသရာရေး, လောကရေးကို, မျှော်တွေး ကင်းကွာ, သတ္တဝါတို့သည်၊) သုတ္တေသု-မေ့လျော့သည့်အတွက်, အပျင်းဖက်၍, အိပ်စက်နေကုန်လသော်၊ ဗဟုဇာဂရော-ပြန့်ပွားသတိ, နိုးကြားခြင်းရှိသော၊ သုမေဓသော-မြင့်မြတ်

---

**ဘူမိ**= [ √ဘူ+မိ ] ဘဝန္တိ ဧတ္ထာတိ-ဘူမိ= မဟီ၊ မြေ၊ မောဂ်-၇၊ ၁၃၉။

**အဝေက္ခတိ**=[ အဝ √ဣက္ခ+အ+တိ ] ကြည့်မြင်၏၊ ဣက္ခ=(ဘူ) ဒဿနင်္ကေသု-ကြည့်ရှုခြင်း, အမှတ်ပြုခြင်းတို့၌၊ (ဣက္ခတိ။)

### ၂၉-ပဒဝိဘာဂ

**သုတ္တေသု**= [ √သုပ+တ ] အသုပီတိ-သုတ္တော၊ အိပ်နေသူ၊ ရူ၊ ၆၃၀။ သုပ=(ဘူ) သယေ-အိပ်ခြင်း၌၊ (သုပတိ။)

**ဗဟုဇာဂရော**= [ဗဟု+ဇာဂရ ] ဗဟု ဇာဂရော ယဿာတိ-ဗဟုဇာဂရော၊ များသောနိုးကြားခြင်း ရှိသူ။

**ဇာဂရ**= [ √ဇာဂရ+အ ] ဇာဂရဏံ-ဇာဂရော၊ နိုးကြားခြင်း၊ ဇာဂရ=(ဘူ+တ) နိဒ္ဒက္ခယေ-အိပ်ခြင်း၏ကုန်ခြင်း (နိုးကြားခြင်း)၌၊ (ဇာဂရတိ၊ ဇာဂရောတိ။)

**အဗလဿံ**=[အဗလ+အဿ ] အဗလော စ သော အဿော စာတိ-အဗလဿော၊ အားမရှိသော မြင်း။

**အဗလ**= [န+ဗလ] နတ္ထိ ဗလံ ယဿာတိ-အဗလော၊ အားမရှိသော။

**အဿ**= [ √အသ+သ ] အသတိ ခိပတီတိ-အဿော= ဟယော၊ မြင်း၊ မောဂ်-၇၊ ၂၁၃။ အသ=(ဘူ) ဘုဝိ-ထင်ရှားဖြစ်ခြင်း၌၊ ဂတိ ဒိတ္တိ အာဒါန ခေပနေသုစ-သွားခြင်း, ထွန်းပခြင်း, ယူခြင်း, ပစ်ပယ်ခြင်းတို့၌လည်း၊ (အတ္ထိ၊ အသတိ-စသည်။) သူစိ-၌ အသု-ခေပနေ-ဟု ရှိသည်။

[အသ+အ ] အသတိ ဘက္ခတီတိ-အဿော၊ သ-လာ၊ မြင်း၊ သူစိ။ အသ=(ဘူ+ကီ) ဘက္ခဏေ-စားခြင်း၌၊ (အသတိ၊ အသ္နာတိ။)

လှဘိ, ပညာရှိသည်၊ ဟိတွာ-သံသရာခရီးအကြား, ပယ်စွန့်ထားခဲ့၍၊ ယာတိ-နိဗ္ဗာန်သို့တိုင်, သွားရောက်နိုင်၏။

**မြန်မာပြန်** လျင်မြန်သောမြင်းသည် အားနည်းသောမြင်းကို လမ်းခရီးအကြား ချန်ထားခဲ့၍ လိုရာပေါက်မြောက် သွားရောက်နိုင်သကဲ့သို့ မမေ့မလျော့ နိုးကြားထကြွသည့်အပြင် ကောင်းမြတ်သော ပညာရှိသူသည် မေ့လျော့နေသူ အပျင်းဖက်၍ အိပ်စက်နေသူတို့ကို သံသရာခရီးအကြား ချန်ထားခဲ့၍ နိဗ္ဗာန်သို့တိုင် သွားရောက်နိုင်၏။

**လင်္ကာ** အပြေးလျင်မြန်, မြင်းကောင်းမှန်က, ခွန်အားလည်းနွဲ့, ခွာလည်းပွဲ့၍, ချိနဲ့လှုပ်တုန်, မြင်းဖျင်းသုန်ကို, စုံဂနိုင်ကြား, စွန့်ပယ်ထား၍, မြို့ကြားနေရပ်, သွားရောက်တတ်သို့, အမှတ်သတိ, မပြတ်ရှိ၍, မျှားဘိနိုးကြား, တံရားချစ်ခင်, ပညာရှင်သည်, တွင်တွင်မေ့လျော့, ဖျင်းသော့အလွန်, လူပေါ့တန်ကို, သံသရာကြား, စွန့်ပစ်ထား၍, မြို့ကြားနိဗ္ဗာန်, သွားရောက်စံ၏။

## ၇-မဃဝတ္ထု

၃၀။ အပ္ပမာဒေန မဃဝါ , ဒေဝါနံ သေဋ္ဌတံ ဂတော၊
အပ္ပမာဒံ ပသံသန္တိ , ပမာဒေါ ဂရဟိတော သဒါ။

---

**သီဃဿော=** [သီဃ+အဿ] သီဃော စ သော အဿော စာတိ-သီဃဿော၊ လျင်မြန်သောမြင်း။

**သီဃ=** [ √သီ+ဃ ] သီ-သယေ ဧတ္ထာဘာဝေါ၊ သေတိ လဟု ဟုတွာ ပဝတ္တတီတိ-(ပေါ့သည်ဖြစ်၍ဖြစ်တတ်သောကြောင့်၊)သီဃံ= အာသု၊ မောဂ်-၇၊ ၃၈။ အလျင်အမြန်။ သီ=(ဘူ) သယေ-အိပ်ခြင်း၌၊ (သေတိ၊ သယတိ။)
[ √သိဃ်+ရက် ] ကောတ္ထုဘာ။ သိဃ်တိ ဇဝတီတိ-သီဃံ၊ လျင်မြန်သော၊ သိဃ်+သိဃိ=(ဘူ) အာဃာနေ-နမ်းရှုပ်ခြင်း၌။ (သိဃ်တိ။)

**ဟိတွာ=** [ √ဟာ+တွာ ] စွန့်ထားခဲ့၍၊ ချန်ထားခဲ့၍၊ ဟာ=(ဘူ) စာဂ ဂတီသု-စွန့်ပစ်ခြင်း, သွားခြင်းတို့၌၊ (ဇဟာတိ၊ ဇဟတိ။)

**ယာတိ=** [ √ယာ+အ+တိ ] သွား၏၊ ယာ=(ဘူ) ဂတိ ပါပုဏနေသု-သွားခြင်း, ရောက်ခြင်းတို့၌၊ (ယာတိ၊ ယာယတိ။)

**သုမေဓသော=** [သုမေဓာ+သ]သုမေဓာ ယဿ အတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ-သုမေဓသော၊ ကောင်းမြတ်သော ပညာရှိ၊ ရူ၊ ၃၉၈။ သုန္ဒရာ မေဓာ-သုမေဓာ၊ သုမေဓာ ယဿ အတ္ထိ ယသ္မိံ ဝါ ဝိဇ္ဇတိ သော သုမေဓသော၊ နီတိ-သုတ္တ၊ ၇၈၈။

**သုမေဓာ=** [သု+မေဓာ] သုန္ဒရာ မေဓာ-သုမေဓာ၊ ကောင်းမြတ်သောပညာ။

### ၃၀-ပဒဝိဘာဂ

**မဃဝါ=** [ √မဟ+ဃ ] ဟ-ကို ဃဝ-ပြု၊ ဓာန်-ဋီ၊ ၂၀။ မဟီယတေ ပူဇိယတေတိ-မဃဝါ၊ သိကြား၊ မဃဝါ၊ မဃဝါနော၊ မဃဝါနာဣစ္စာဒိ ယုဝသဒ္ဒသမံ၊ ရူ၊ ၁၄၃။ မဟ=(ဘူ+စု) ပူဇာယံ-ပူဇော်ခြင်း၌၊ (မဟတိ၊ မဟေတိ၊ မဟယတိ။)

**အနက်** မဃဝါ-ယခုမဃဝါ, ရှေးအခါက, မဃမည်တွင်, မစလရွာသားလုလင်သည်၊ အပ္ပမာဒေန-အမျှားအကျိုး, အားကြိုးဖြည့်တင်း, မမေ့ခြင်းကြောင့်၊ ဒေဝါနံ-စတုမဟာ, ဝတိံသာဝယ်, ချမ်းသာခံစား, နတ်အများထက်၊ သေဋ္ဌတံ-နတ်မင်းအစစ်, အမြတ်ဆုံး၏အဖြစ်သို့၊ ဂတော-ကိုယ်ကစီမံ, ကိုယ့်ကံအလျောက်, ရောက်ခဲ့ရလေပြီ၊ အပ္ပမာဒံ-မမေ့လျော့ကြောင်း, ကောင်းသောသတိကို၊ ပသံသန္တိ-ဘုရားစသား, ပုဂ္ဂိုလ်များတို့, လေးစားထုတ်ဖော်, ချီးမွမ်းတော်မူကြကုန်၏၊ ပမာဒေါ-မေ့လျော့ရကြောင်း, မကောင်းမှု အကုသိုလ်ကို၊ သဒါဂရဟိတော-အမြဲမပြတ်, ကဲ့ရဲ့အပ်၏။

**မြန်မာပြန်** သိကြားမင်းသည် မဃလုလင်ဖြစ်ခဲ့စဉ်က ရပ်ရွာကောင်းကျိုး သယ်ပိုးဆောင်ရွက်ရန် မမေ့ခြင်းကြောင့် စာတုမဟာ တာဝတိံသာနတ်တို့၏ အကြီးအမှူးအဖြစ်သို့ ရောက်ရ၏၊ မမေ့လျော့ကြောင်း ကောင်းသောသတိကို ပညာရှိတို့ ချီးမွမ်းကြ၏၊ မေ့လျော့ကြောင်း မကောင်းမှုအကုသိုလ်ကို ပညာရှိတို့ အမြဲကဲ့ရဲ့ကြ၏။

**လင်္ကာ** ရှေးယခင်က, မဃခေါ်တွင်, မောင်လုလင်သည်, ကြည်လင်ဝလေ့, ကုသိုလ်မွေ့၍, မမေ့လျော့ခြင်း, အကြောင်းရင်းကြောင့်, နတ်မင်းအစစ်, သိကြားဖြစ်၏၊ လစ်မေ့မရှိ, မြတ်သတိကို, ကဝိမုနိက, ချီးကျူးရ၍, ပမာဒကို, ကဲ့ရဲ့ဆို၏။

---

[ မဃ+ဝန္တု ] မဃောတိနာမံ အဿ အတ္ထီတိ-မဃဝါ၊ သိကြား၊ အဿ ဂုဏာဝန္တု သဒ္ဒဿဝိယစ နာမိကပဒမာလာ ယောဇေတဗ္ဗာ၊ နီတိ-ပဒ၊ ၂၂၀။ မဃံ ဝုစ္စတိ ခနံ၊ တံ ပန သဒ္ဒါ သန်ါတံ မဃံ အဿ အတ္ထီတိဝါ-မဃဝါ၊ သံ-ဋီ-၁၊ ၃၃၇။

**မဃ=** [ န+အဃ ] မဃဝသဒ္ဒေါ ယုဝသဒိသောတိ ရူပသိဒ္ဓိယံ (နာ-၆၆၊) ဝုတ္တံ၊ ဂုဏာဝါဒိဂဏောတိ သဒ္ဒနီတိယံ (ပဒ-နာ၊ ၂၂၀။) ဣစ္ဆိတော၊ အဃန္တိ ဒုက္ခံ ပါပဉ္စ ဝုစ္စတိ၊ န အဃံ-မဃံ= သုခံ ပုညဉ္စ၊ မဃောဣတိ ပုရာဏံ နာမံ အဿ အတ္ထီတိ-မဃဝါတိ အတ္ထော၊ ပါဠိယံ (သံ-၁၊ ၂၃၂။) ဒိဿတိ။ နိရုတ္တိ၊ ၉၇။

**ဒေဝါနံ=** [ √ဒိဝု+အ ] ဒိဗ္ဗတီတိ-ဒေဝေါ၊ နတ်၊ ရူ-နာ၊ ၃၅၂။ အကျယ်ကို နီတိ-ဓာ၊ ၂၁၉-မှစ၍ ရှုပါ။ ဒိဝု=(ဒိ) ကီဠာ ဝိဇိဂီသာ ဗျဝဟာရ ဇုတိ ထုတိ ဂတိ ကန္တိ သတ္တိသု-ကစားခြင်း, အောင်မြင်လိုခြင်း, ရောင်းဝယ်ခြင်း, ထွန်းပခြင်း, ချီးမွမ်းခြင်း, သွားခြင်း, နှစ်သက်ခြင်း, စွမ်းနိုင်ခြင်းတို့၌၊ (ဒိဗ္ဗတိ။)

**သေဋ္ဌတံ=** [သေဋ္ဌ+တာ] သေဋ္ဌဿ ဘာဝေါ-သေဋ္ဌတာ၊ အမြတ်ဆုံး၏အဖြစ်၊ ထီ။

**ပသံသန္တိ=** [ ပ √သံသ+အ+အန္တိ ] ချီးမွမ်းကြ၏၊ သံသ=(ဘူ) ကထန ထုတိ ဟိံသာသု-ပြောဆိုခြင်း, ချီးမွမ်းခြင်း, ညှဉ်းဆဲခြင်းတို့၌၊ (သံသတိ။)

**ဂရဟိတော=** [√ဂရဟ+တ] ဣ-လာ၊ ဂရဟီယတေတိ-ဂရဟိတော၊ ကဲ့ရဲ့အပ်သော၊ ဂရဟ=(ဘူ+စု) နိန္ဒနေ-ကဲ့ရဲ့ခြင်း၌၊ (ဂရဟတိ၊ ဂရဟေတိ၊ ဂရဟယတိ။)

## ၈-အညတရဘိက္ခုဝတ္ထု

၃၁။ အပ္ပမာဒရတော ဘိက္ခု , ပမာဒေ ဘယဒဿိဝါ၊
သံယောဇနံ အဏုံ ထူလံ , ဍဟံ အဂ္ဂီဝ ဂစ္ဆတိ။

**အနက်** အပ္ပမာဒရတော-အပ္ပမာဒ, မြတ်ဓမ္မဝယ်, နေ့ညဉ့်မပျက်, မွေ့လျော်နေသော၊ ပမာဒေ-သတိလွတ်ကင်း, မေ့လျော့ခြင်း၌၊ ဘယဒဿိဝါ-ဒုက္ခဖြစ်ခြင်း, ကြောင်းရင်းဖြစ်မှု, ဘေးအားဖြင့်ရှုတတ်သော၊ ဘိက္ခု-နိဗ္ဗာန်ရည်မှန်း, ရှင်ရဟန်းသည်၊ အဂ္ဂီ-လောင်မြိုက်ပွားစီး, တောမီးကြီးသည်၊ အဏုံ ထူလံ-အငယ်အကြီး, အသီးသီးသော လောင်စာကို၊ ဍဟံ-ဍဟန္တော-တစ်ခုမရှောင်, တွေ့တိုင်းလောင်လျက်၊ ဂစ္ဆတိဣဝ-သွားဘိသကဲ့သို့၊ (ဇဝ-ဤအတူ၊) အဏုံထူလံ-အငယ်အကြီး, အသီးသီးသော၊ သံယောဇနံ-သံသရာဝဋ်မှ, မလွတ်ရအောင်, ချည်နှောင်တားဆီး, သံယောဇဉ်တောကြီးကို၊ ဍဟံ-ဍဟန္တော-အလျှံစုညီး, ဉာဏ်ဟုန်မီးဖြင့်, အပြီးလောင်မြိုက်, ပြောင်အောင်တိုက်လျက်၊ ဂစ္ဆတိ-မိမိရည်မှန်း, နိဗ္ဗာန်နန်းသို့, ဖြောင့်တန်းမသွေ, သွားရောက်နိုင်ပေ၏။

---

### ၃၁-ပဒဝိဘာဂ

**အပ္ပမာဒရတော**= [အပ္ပမာဒ+ရတ] အပ္ပမာဒေ ရတော-အပ္ပမာဒရတော၊ အပ္ပမာဒ၌မွေ့လျော်သူ။

**ဘိက္ခု**= [√ဘိဒိ+ဥ] ပါပကေ အကုသလေ ဓမ္မေ ဘိန္ဒတီတိ-ဘိက္ခု၊ ရဟန်း၊ နီတိ-ဓာ၊ ၂၁၄။ ဘိဒိ+ဘိဒ=(ရု) ဝိဒါရဏေ-ဖောက်ခွဲခြင်း၌၊ (ဘိန္ဒတိ။)

[√ဘိက္ခ+ဥ] ဘိက္ခ-ယာစနေ၊ ဘိက္ခတီတိ-ဘိက္ခု= သမဏော၊ ရဟန်း၊ မောဂ်-၇၊ ၂။

[√ဘိက္ခ+ရူ] ဘိက္ခနသီလော ယာစနသီလော-ဘိက္ခု၊ ရဟန်း၊ ကစ္စည်း၊ ၅၃၅။ ဘိက္ခ-ယာစနေ၊ ဘိက္ခိတုံ သီလံ ယဿာတိဝါ, အဘိက္ခိ, ဘိက္ခတိ, ဘိက္ခိဿတိ သီလေနာတိဝါ, ဘိက္ခန ဓမ္မောတိဝါ, ဘိက္ခနေ သာဓုကာရီတိဝါ-ဘိက္ခု၊ ကွစိဓာတွာတိအာဒိနာ ရဿတ္တံ၊ ရူ၊ ၅၉၃။ ဘိက္ခ=(ဘူ) ယာစန လာဘ ကိလိဿနေသု-တောင်းခြင်း, ရခြင်း, ညစ်ညူးပင်ပန်းခြင်းတို့၌၊ (ဘိက္ခတိ။)

[ဘိ √ဣက္ခ+ဥ] ဘယံ ဣက္ခတီတိ ဘိက္ခု၊ ဘိတု-ဓာတုယံ၊ ဘာယနေ၊ ဧကက္ခရကောသ၊ ဘိတု-ဘီကာရော ပန ဘိဓာတုယဥ္စ ဘာယနေစ ဟောတိ။ ၄၆း-ဋီ။

[ဘယ √ဣက္ခ+ရူ] သံသာရေ ဘယံ ဣက္ခတီတိ-ဘိက္ခု၊ ရူ၊ ၅၉၃။ ရအနုဗန်ကို ချေ၊ ဦ-ကို ရဿပြု၊ ယ-ကိုလည်းချေ၊ ဘကိုခွင်း ချေကပ်၊ ဘိက္ခု၊ ရဟန်း၊ ဣက္ခ=(ဘူ) ဒဿနင်္ကေသု-ရှုခြင်း, အမှတ်ပြုခြင်းတို့၌၊ (ဣက္ခတိ။)

ဘိဒိဘိက္ခိဓာတုဝသာ , အထဝါ ဘယဝါစကာ၊
ဘိသဒ္ဒံ ပုရိမံ ကတွာ , ဣက္ခဓာတုဝသေနစ၊
ဘိက္ခုသဒ္ဒဿ နိပ္ဖတ္တိံ , ကထယေယျ ဝိစက္ခဏော။

တထာ ဟိ ကိလေသေ ဘိန္ဒတီတိ ဘိက္ခု၊ ဘိန္န ဆိန္န ပဋဓရောတိပိ ဘိက္ခု၊ ဘိက္ခန သီလောတိပိ-ဘိက္ခု၊ သံသာရေ ဘယံ ဣက္ခတိ ဣက္ခနသီလောတိဝါ-ဘိက္ခု၊ နီတိ-ဓာ၊ ၃၆၀။

**မြန်မာပြန်** အပွမာဒ၌မွေ့လျော်၍ ပမာဒ၌အပြစ်မြင်သောရဟန်းသည် မီးက ကြီးငယ်မရှောင် လောင်စာကုန်အောင် လောင်သွားသကဲ့သို့ ကြီးငယ်မရှောင် သံယောဇဉ်အနှောင်အဖွဲ့တို့ကို မဂ်ဉာဏ်ဖြင့် ရှို့မြှိုက်လျက် နိဗ္ဗာန်သို့ သွားနိုင်၏။

**လင်္ကာ** မမေ့လျော့မှု, မွေ့လျော်ပြု၍, မေ့မှု၌တွင်, အပြစ်မြင်တတ်, ရဟန်းမြတ်သည်, လေဟပ်ပွားစီး, ထိုထိုမီးက, ကြီးငယ်မရှောင်, တွေ့တိုင်းလောင်သို့, ချည်နှောင်ဝင့်တွင်, သံယောဇဉ်ကို, ကုန်စင်လောင်စေ, ငြိမ်းအေးလေ၏။

---

**ဘယဒဿိဝါ=** [ဘယ+ဒဿိဝါ] ဘယံ ဒဿိဝါ–ဘယဒဿိဝါ၊ မေ့လျော့ခြင်း၌ ဘေးကိုရှုခြင်း ရှိသော ရဟန်း၊ ဘယတော ဒဿိဝါ–ဘယဒဿိဝါ၊ မေ့လျော့ခြင်းကို ဘေးအားဖြင့်ရှုခြင်း ရှိသော ရဟန်း။

**ဘယ=** [ √ဘီ+ဏ ] ဘီယတေ–ဘယံ၊ ကြောက်ခြင်း၊ အံ–ဋီ–၃၊ ၂၉၄။ ပါပတော ဘာယတိ ဧတေနာတိ ဘယံ၊ ကြောက်လန့်ကြောင်း၊ ဒေါသပြဋ္ဌာန်းသောစိတ်၊ ဒီ–ဋီ–၁၊၂၁၇။ ဘာယတိ ဧတသ္မာတိ–ဘယံ၊ ကြောက်မက်ဖွယ်ရာဘေးရန်၊ ဣတိဝုတ်–ဋ၊ ၃၃၀။ ဘီ=(ဘူ) ဘယေ–ကြောက်ခြင်း၌၊ (ဘေတိ၊ ဘာယတိ။)

**ဒဿိဝါ=** [ဒဿီ+ဝန္တု] ဒဿိ ယဿ အတ္ထီတိ–ဒဿိဝါ၊ ရှုခြင်းရှိသော၊ ရှုတတ်သော၊ မောဂ်–၄၊ ၇၉။ ယင်းနိဿယကိုလည်း ရှုပါ။

**ဒဿီ=** [ √ဒိသ+ဏ ] ဒဿနံ–ဒဿိ၊ ဒိသ–ဓာတ်ကို ဒဿ–ပြု၊ ရှုခြင်း။

**တစ်နည်း= ဘယဒဿီ=** [ဘယ+ဒဿီ] ဘယံ ဘယတောဝါ ဒဿီ–ဘယဒဿီ၊ ဆန်းကြောင့် ရဿပြုထားသည်၊ ဤကား ဝါသဒ္ဒါကို သီးခြားယူကြသည့် ဆရာများ၏ အလိုတည်း။

**သံယောဇနံ=** [သံ √ယုဇ+ယု] သံယောဇေန္တိ ဗန္ဓန္တီတိ–သံယောဇနံ၊ သံသရာဝဋ်၌ သတ္တဝါတို့ကို နှောင်ဖွဲ့တတ်သောတရား။

**အဏုံထူလံ=** [အဏု+ထူလ] အဏုစ ထူလဉ္စာတိ–အဏုံထူလံ၊ ဏုအထက်၌ နိဂ္ဂဟိတ်လာ၊ နိရုတ္တိ၊ ၄၄။ အသေးအကြီးဖြစ်သော။

**အဏု=** [√အမ+ဏု] အမ–ဂတျာဒီသု၊ အမတီတိ–အဏု၊ ဓာတွန္တလောပေါ၊ ရူ၊ ၆၈၁။ ကစ္စည်း၊ ၆၇၁။ သွားတတ်သော–အဏုမြူ၊ အမ=(ဘူ+စု) ဂတိ ပီဠန ရောဂ သမ္ဘတ္တိ သဒ္ဒ ဘောဇနေသု–သွားခြင်း, နှိပ်စက်ခြင်း, နာကျင်ခြင်း, ဆည်းကပ်မှီဝဲခြင်း, အသံပြုခြင်း, စားခြင်းတို့၌၊ (အမတိ၊ အမေတိ၊ အမယတိ။)

[√အဏ+ဥ] အဏတိ သုခုမဘာဝေန ပဝတ္တတီတိ–အဏု= သုခုမော ဝိဟိဘေဒေါ စ၊ သိမ်မွေ့သောဝတ္ထု၊ စပါးအထူး၊ မောဂ်–၇၊ ၂။ အဏ=(ဘူ) ဂတိယံ–သွားခြင်း၌၊ သဒ္ဒအဗျ္ချယေသုစ–အသံပြုခြင်း, သရရွှာယ်ခြင်းတို့၌လည်း၊ (အဏတိ။)

**ထူလ=** [ √ထူလ+အ ] ထူလေတီတိ–ထူလော၊ တိုးပွားသော၊ ထူသော၊ ဆူသော၊ ထူထဲသော၊ ထူလ=(စု) ပရိဗြူဟနေ–တိုးပွားခြင်း၌၊ (ထူလေတိ၊ ထူလယတိ။)

## ၉-နိဂမဝါသိတိဿတ္ထေရဝတ္ထု

၃၂။ အပ္ပမာဒရတော ဘိက္ခု , ပမာဒေ ဘယဒဿိဝါ၊
အဘဗ္ဗော ပရိဟာနာယ , နိဗ္ဗာနဿေဝ သန္တိကေ။

(အနက်) အပ္ပမာဒရတော-အပ္ပမာဒ, မြတ်ဓမ္မဝယ်, နေ့ညရှင်ပျော်, မွေ့လျော်နေသော၊ ပမာဒေ-သတိလွတ်ကင်း, မေ့လျော့ခြင်း၌၊ ဘယဒဿိဝါ-ဒုက္ခဖြစ်ခြင်း, ကြောင်းရင်းဖြစ်မူ, ဘေးအားဖြင့် ရှုခြင်းရှိသော၊ ဘိက္ခု-သံသရာဘေး, လာမည့်ရေးကို, မျှော်တွေးကြောက်လွန်း, ရှင်ရဟန်းသည်၊ ပရိဟာနာယ-သမထဝိပဿနာ, ဘာဝနာ မဂ်ဖိုလ်တို့မှ, လျော့ကျရှောင်ကွင်း, ဆုတ်ယုတ်ခြင်းငှာ၊ အဘဗ္ဗော-ရှောင်လွဲဖောက်ပြန်, မထိုက်တန်တော့ပေ၊ နိဗ္ဗာနဿ-ကိလေသပရိနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်၏၊ ဝါ-နှင့်၊ သန္တိကေယေဝ-တစ်စတစ်စ, နီးလာရတော့သည်သာတည်း။

---

ဉပဟံ= [ √ ဒဟ+အန္တ ] လောင်မြိုက်သော၊ ဒသာ ဉာဒေသေ ဉပဟတိတိ ရူပံ၊ နီတိ-ဓာ၊ ၁၉၅။ ဒဟ=(ဘူ) ဘသ္မီကရဏေ-ပြာကိုပြုခြင်း၌၊ ဓာရဏေစ-ဆောင်ခြင်း၌လည်း၊ (ဒဟတိ၊ ဉပဟတိ။)

အဂ္ဂိ= [ √ အဂ္ဂ+ဣ ] အဂ္ဂတိ ကုဋိလဘာဝံ ဂစ္ဆတီတိ-အဂ္ဂိ၊ မီး၊ ကစ္စည်း၊ ၆၆၉။ အဂ္ဂ=(ဘူ) ကုဋိလဂတိယံ-ကောက်တကျစ်သွားခြင်း၌၊ (အဂ္ဂတိ။)

[√ အဂ+ဂိ ] အဂ-ကုဋိလဂမနေ၊ အဂတိ ကုဋိလော ဟုတွာ ဂစ္ဆတီတိ-အဂ္ဂိ= ပါဝကော၊ မီး၊ မောဂ်-၇၊ ၃၄။

[အဇ+ဣ] အဇတိ ဇလမာနော ကုဋိလံ ဂစ္ဆတီတိ-အဂ္ဂိ၊ မီး၊ ဓာန်-ဋီ၊ ၃၃။

### ၃၂-ပဒဝိဘာဂ

**အဘဗ္ဗော=** [န+ဘဗ္ဗ] န ဘဗ္ဗော-အဘဗ္ဗော၊ မဖြစ်ထိုက်သော၊ မဖြစ်နိုင်သော။

**ဘဗ္ဗ=** [√ ဘူ+ဏျ] ဘဝိတဗ္ဗော-ဘဗ္ဗော၊ ကစ္စည်း၊ ၅၄၃။ ရူ၊ ၅၅၅။ ဘဝိတုံ အရဟတီတိ-ဘဗ္ဗံ၊ နိရုတ္တိ၊ ၅၃၃။ ဖြစ်ထိုက်သော။

[√ ဘူ+ယ ] ဘူ-သတ္တာယံ၊ ဘဝတီတိ-( ဖြစ်တတ်သောကြောင့် )ဘဗ္ဗော၊ ကတ္တရိယော၊ ဩကာရဿ အဝါဒေသော စ နိပါတနာ၊ မောဂ်-၅၊ ၃၁။ ပဉ္စိကာ။ ဩကာရဿာတိ-ယုဝဏ္ဏာန မေဩပစ္စယေတိ ( ၅၊ ၈၂) ကတဩကာရဿ ပဉ္စိကာ-ဋီ၊ ဖြစ်တတ်သော၊ ဖြစ်နိုင်သော။

ဤမောဂ္ဂလ္လာန်ဆရာ၏ အဆိုအမိန့်နှင့် သဒ္ဒေါ ဘိက္ခဝေ ဘိက္ခု ။ ပ ။ ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ-စသော ပဠကနိပါတ အင်္ဂုတ္တရပါဠိ တော်များကို ထောက်၍ ဘဗ္ဗောကို ကတ္တားဟော-ဟု ဆရာတို့ မိန့်ဆိုကြသည်။

**ပရိဟာနာယ=** [ ပရိ √ ဟာ+ယု ] ပရိဟာယနံ-ပရိဟာနံ၊ ဆုတ်ယုတ်ခြင်း၊ ယုတ်လျော့ခြင်း၊ တဒတ္ထသမ္ပဒါန်အနက်၌သက်သော သ-ဝိဘတ်ကို အာယ-ပြုထားသည်၊ ပရိဟာနာယ-ယုတ်လျော့ခြင်းငှာ။

**မြန်မာပြန်** အပ္ပမာဒ၌မွေ့လျော်၍ ပမာဒ၌အပြစ်မြင်သောရဟန်းသည် သမထဝိပဿနာ မဂ်ဖိုလ်တရားတို့မှ မဆုတ်ယုတ်ဘဲ နိဗ္ဗာန်နှင့် နီးကပ်ရတော့သည်သာ။

**လင်္ကာ** မမေ့လျော့မှု, မွေ့လျော်ပြု၍, မေ့မှု၌တွင်, အပြစ်မြင်တတ်, ရဟန်းမြတ်သည်, ဝိပဿိမဂ်ဖိုလ်, ယွင်းယိုမရှိ, နိဗ္ဗာန်ထိ၏။

# ၃–စိတ္တဝဂ္ဂ

## ၁–မေဃိယတ္ထေရဝတ္ထု

၃၃။ ဖန္ဒနံ စပလံ စိတ္တံ , ဒုရက္ခံ ဒုန္နိဝါရယံ၊
ဥဇုံ ကရောတိ မေဓာဝီ , ဥသုကာရောဝ တေဇနံ။

၃၄။ ဝါရိဇောဝ ထလေ ခိတ္တော , ဩကမောကတဥဗ္ဘတော၊
ပရိဖန္ဒတိဒံ စိတ္တံ , မာရဓေယျံ ပဟာတဝေ။

**အနက်** ဖန္ဒနံ–ရူပသဒ္ဒ, စသည်အာရုံ, ကာမဂုဏ်ငါး, အာရုံများ၌, လှုပ်ရှားတတ်သော၊ စပလံ–အာရုံတစ်ပါး, ရပ်နားမတည်, လျှပ်ပေါ်လော်လည်သော၊ ဒုရက္ခံ–တရား စွန့်လျက်, ပြေးမထွက်အောင်, စောင့်ရှောက်ဖို့ရန် အလွန်ခဲခက်သော၊ ဒုန္နိဝါရယံ–လိင်ဆန့် ကျင်ကြား, အာရုံများသို့, မသွားရှောင်လွှဲ, တားမြစ်နိုင်ခဲသော၊ စိတ္တံ–ဘူမိဝတ္ထု, အာရုံ ပြုပုံ, အမျိုးစုံတို့ဖြင့် ဆန်းကြယ်သောစိတ်ကို၊ ဥသုကာရော–မြားကိုလုပ်ထား, လေးသ မားသည်၊ တေဇနံ–ထက်လှအသွား, ကောက်သောမြားကို၊ ဥဇုံ–မကွေးမညွတ်, ဖြောင့်မတ် အောင်၊ ကရောတိဣဝ–ဆီသုတ်လိမ်းကာ, မီးကင်ကာဖြင့်, သေချာကျန, ပြုလုပ်ရ သကဲ့သို့၊ မေဓာဝီ–တရားဆီနှစ်, ပညာစစ်ရှိသော ပုဂ္ဂိုလ်သည်၊ ဥဇုံ–တည်ကြည်ငြိမ်ဝပ်, ဖြောင့်မတ်အောင်၊ ကရောတိ–သမထဝိပဿနာ, ဘာဝနာအလုပ်, ကြိုးအားထုတ်ကာ, ပြုနေပါ၏။

---

**သန္တိကေ**= [သန္တ+ဣက] သန္တံယေဝ–သန္တိကံ၊ နီးကပ်သော၊ [သဟ+အန္တ+ဣက] သဟ အန္တေန–သန္တိကံ၊ သကတ္ထေ–ဣကော၊ ဓာန်–ဋီ၊ ၇၀၅။ တိ။ လိင်္ဂတ္ထ၌ သ္မိံ–ဝိဘတ် သက်ထားသည်။

**သန္တ**= [သဟ+အန္တ] သဟ အန္တေန ယံ ဝတ္တတီတိ–သန္တံ၊ အနီးရှိသော၊ နီးသော၊ နီးကပ် သော။ တိ။

**အန္တ**= [√အမ+တ] အမနံ နိဋ္ဌာဂမနန္တိ–အန္တော= ဩသာန်၊ အမတိ ယာတီတိ–အန္တော= ဩသာန်, ကောဋ္ဌာသ သမီပါဝယဝါ စ၊ မောဂ်–၇၊ ၈၂။ အဆုံး၊ အဖူမ၊ အနီး၊ အဖို့အစု၊ အမ–ဂမနေ၊ တော၊ အန္တော၊ အနိတ္ထိ၊ ဓာန်–ဋီ၊ ၇၁၄။

### ၃၃, ၃၄–ပဒဝိဘာဂ

**ဖန္ဒနံ**= [√ဖဒိ+ယု] ဖန္ဒတိ သီလေနာတိ–ဖန္ဒနံ၊ တုန်လှုပ်လေ့ရှိသော၊တုန်လှုပ်တတ်သော၊ ဖဒိ=(ဘူ) ကိဉ္စိစလနေ–စဉ်းငယ်တုန်လှုပ်ခြင်း၌၊ (ဖန္ဒတိ။)

ဝါရိဇော–ရေ၌ဖြစ်ပွား, ရေနေငါးသည်၊ ဩကမောကတော–ရေတည်းဟူသော တည်ရာမှ၊ ဝါ–ရေဟုဆိုအပ်သော တည်ရာအရပ်မှ၊ ဥဗ္ဘတော–အရှင်လတ်လတ်, ထုတ်ဆယ်အပ်သည်ဖြစ်၍၊ ထလေ–ကြည်းကုန်း၌၊ ခိတ္တော–ပစ်ချထားအပ်သည်၊ (သမာနော–ဖြစ်လသော်၊) ပရိဖန္ဒတိဣဝ–တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့၊ တထာ–ထို့အတူ၊ ဣဒံစိတ္တံ–ကာမဂုဏ်ငါး, အာရုံများဝယ်, လိုက်စားမွေ့လျော်, ဤလျှပ်ပေါ်သောစိတ်ကို၊ မာရဓေယျံ–မာရ်မင်း၏တည်ရာ, ကိလေသာကို၊ ပဟာတဝေ–ပယ်ခြင်းငှာ၊ (ဝိပဿနာကမ္မဋ္ဌာနေ–ဝိပဿနာကမ္မဋ္ဌာန်း၌၊) ခိတ္တံ–ချထားအပ်သည်၊ သမာနံ–ဖြစ်လတ်သော်၊ ပရိဖန္ဒတိ–ထက်ဝန်းကျင်တုန်လှုပ်၏။

---

စပလံ= [ √ စုပ+ကလ ] ဓာတ်၏ ဥ–ကို အ–ပြု၊ စုပတိ ဧကတ္တ န တိဋ္ဌတီတိ–စပလော= အနဝဋ္ဌိတော၊ မောဂ်–၇၊ ၁၈၄။ လျှပ်ပေါ်လော်လည်သော၊ မတည်ကြည် မငြိမ်သက် (ယောက်ယက်ခတ်)သော၊ စုပ=(ဘူ) မန္ဒဂတိယံ–ဖြည်းဖြည်းနှေးနှေး သွားခြင်း၌၊ အနဝဋ္ဌာနေ စ–မရပ်မတည်ခြင်း၌လည်း၊ (စုပတိ၊ စောပတိ။)

[ စပ √လာ+အ ] စပ်–ချစ်ခင်ဖွယ်ရာ လျော်စွာသော အပြုအမူကို၊ လာတီတိ–(ယူတတ်သောကြောင့်၊) စပလော၊ ဤသို့လည်း ဆရာတို့ကြံကြ၏။

ဒုရက္ခံ= [ဒု √ရက္ခ+ခ] ဒုက္ခေန ရက္ခီတဗ္ဗံ–ဒုရက္ခံ= စိတ္တံ၊ ရူ၊ ၆၀၅။ ခဲယဉ်းသဖြင့် စောင့်ရှောက်အပ်သော၊ စောင့်ရှောက်နိုင်ခဲသော၊ သက္ကတ–၌ "ဒုရ်"သည် ပါဠိ၌ "ဒု" ဖြစ်လာသည်၊ ထို့ကြောင့် ကျေပျောက်နေသော" ရ်"အစား ဒွေဘော်သော်လည်း လာရသည်၊ ဒီဃသော်လည်း ပြုရသည်။

ဒုန္နိဝါရယံ= [ဒု+နိ √ဝရ+ဏျ] ဒုက္ခေန နိဝါရီယတေတိ–ဒုန္နိဝါရယံ၊ ခဲယဉ်းသဖြင့် တားမြစ်အပ်သော၊ တားမြစ်နိုင်ခဲသော၊ ဝရ=(ဘူ+စု) အာဝရဏေ–ပိတ်ဆို့တားဆီးခြင်း၌၊ (ဝရတိ၊ ဝရေတိ၊ ဝရယတိ။)

ဥဇုံ= [ √ အရ+ဇု ] အရဓာတ်ကို ဥ–ပြု၊ အရတိ အကုဋိလဘာဝေန ပဝတ္တတီတိ–ဥဇု= အဝင်္ကော၊ ဖြောင့်သော၊ မောဂ်–၇၊ ၄၅။

[ √ အဇ+ဥ ] အဇ–ဂမနေ၊ ဥ၊ အဿ–ဥဇု၊ ဓာန်–ဋီ၊ ၇၀၈။

ဥသုကာရော= [ဥသု √ကရ+ဏ ] ဥသုံ ကရောတီတိ–ဥသုကာရော= ဥသုဝဍ္ဎကီ၊ မြားကို လုပ်သူ၊ လေးသမား။

ဥသု= [ √ ဥသ+ကု ] ဥသတိ ဒါဟံ ကရောတီတိ–ဥသု= သရော၊ မြား၊ မောဂ်–၇၊ ၅။ ထီ+ပု။ ဥသု=(ဘူ+ဂ) ဒါဟေ–ပူလောင်ခြင်း၌၊ (ဥသတိ၊ ဩသတိ၊ ဥဏှတိ။)

[ √ဣသ+ဥ ] ဣ–ကို ဥ–ပြု၊ [ √ ဥသ+ဥ ] ဓာန်–ဋီ၊ ၃၈၉။ ဣသ=(ဘူ+ဒိ) ဂတိယံ–သွားခြင်း၌၊ (ဣသတိ၊ ဧသတိ၊ ဣဿတိ။)

တေဇနံ= [ √ တိဇ+ယု ] တိဇ နိသာနေ၊ ယု၊ ဓာန်–ဋီ၊ ၃၈၉။ န။ မြား၊ တိဇ=(ဘူ+စု) နိသာနေ–ထက်အောင်ပြုခြင်း၌၊ (တေဇတိ၊ တေဇေတိ၊ တေဇယတိ။)

**မြန်မာပြန်** စိတ်ဟူသည်မှာ ကာမဂုဏ်အာရုံတို့၌ လှုပ်ရှားတတ်၏၊ လျှပ်ပေါ်လော်လည်၏၊ စောင့်ရှောက်တားမြစ်ရ ခက်လှ၏၊ ထိုသို့သဘောရှိသော စိတ်ကို လေးသမားက မြားကိုဖြောင့်သကဲ့သို့ ပညာရှိသည် (သမထဝိပဿနာ, ဉာဏ်ပညာဖြင့်,) ဖြောင့်အောင် ပြုလုပ်ရမည်။

ငါးသည် ရေမှဆယ်ယူ၍ ကုန်းပေါ်သို့ ပစ်တင်လိုက်လျှင် တဆွေ့ဆွေ့ ခုန်နေသကဲ့သို့ ကာမဂုဏ်ငါး, အာရုံများဝယ်, လိုက်စားမွေ့လျော်နေသော စိတ်သည်လည်း ကိလေသာကိုပယ်ရန် ဝိပဿနာအာရုံ၌ ထားလိုက်လျှင် တုန်တုန်လှုပ်လှုပ် ဖြစ်နေလေတော့သည်။

---

**ဝါရိဇော**= [ဝါရိ √ဇန+ကွိ] ဝါရိမှိ ဇာတော–ဝါရိဇော၊ ရူ၊ ၅၈၆။ ရေ၌ဖြစ်သောငါး။

**ဝါရိ**= [√ဝရ+ဏ္ဏိ] ဝါရေန္တိ ဧတေနာတိ–ဝါရိ= ဇလံ၊ ရော၊ မောဂ်–၇၊ ၁၀။ န။ ဝရ= (ဘူ+စု) ဝရဏ သမ္ဘတ္တီသု–စောင့်ရှောက်ခြင်း, ဆည်းကပ်ခြင်းတို့၌၊ (ဝရတိ၊ ဝါရေတိ၊ ဝါရယတိ။)
[√ဝရ+ဏိ] ဝါရယတိ နိန္နောနတန္တိ–ဝါရိ၊ ဝရ နိသေဓေ ဏိ၊ ဝါရယတိ ပိပါသန္တိဝါ–ဝါရိ၊ ဓာန်–ဋီ၊ ၆၆၁။ ရော (မိုးရေ၊ မျက်ရည်။)

**ထလေ**= [√ဌာ+ကလ] ဌ–ကို ထ–ပြု။ ရေ့သရကိုလည်းချေ၊ တိဋ္ဌန္တိ ဧတ္ထာတိ–ထလံ= ဥန္နတပ္ပဒေသော၊ မြင့်သောအရပ်၊ ကုန်း။ မောဂ်–၇၊ ၁၈၄။
[√ထလ+အ] ထလ–ဌာနေ၊ အဓိကရဏေ အ၊ ဓာန်–ဋီ၊ ၁၈၂။ ထလန္တိ ဧတ္ထာတိ–ထလံ၊ ကြည်းကုန်း၊ န။ ထလ=(ဘူ) ဌာနေ–ရပ်တည်ခြင်း၌၊ (ထလတိ။)

**ခိတ္တော**= [√ခိပ+တ] ခိပိယိတ္ထာတိ–ခိတ္တော၊ ပစ်လွှင့်အပ်ပြီးသော၊ ခိပ=(ဘူ+ဒိ+သွာ) ခေပေ–ပစ်လွှင့်ခြင်း၌၊ (ခိပတိ၊ ခိပ္ပတိ၊ ခိပုဏာတိ။)

**ဩကမောကတ**= [ဩက+ဩက] ဩကသင်္ခါတော ဩကော–ဩကမောကော၊ မ–အာဂုံ၊ တော–ပစ္စည်းသက်၍ ဩကမောကတော–ဟု ဆိုလိုလျက် ဆန်းကြောင့် တ–၏မီရာ ဩသရကိုချေ၍ ထိုကျေရာ၌ အ–လာထားသည်၊ ရေတည်းဟူသော တည်ရာမှ။

**ဩက**= [ဥစ+ဏ] ဩကောတိ–ဥဒကမွိ အာဝါသောပိ၊ နီတိ–ဓာ၊ ၂၂၃။ ဥစ္စတိ ဧတေနာတိ–ဩကံ၊ န။ ရေ။ ဥစ္စတိ ဧတ္ထာတိ–ဩကော၊ ပု+န။ တည်ရာ၊ ဥစ=(ဘူ+ဒိ) သဒ္ဒေ–အသံပြုခြင်း၌၊ သမဝါယေစ–အပေါင်းအစု ပြုခြင်း၌လည်း၊ (ဥစတိ၊ ဥစ္စတိ။) ဥစယတိ သမဝါယဘာဝေန ပဝတ္တတီတိ–ဩကံ= ဥဒကံ၊ ပါစိတ်–ယော၊ ၃၆၀။

**ဥဗ္ဘတော**= [ဥ √ဘရ+တ] ဥဗ္ဘရီယိတ္ထာတိ–ဥဗ္ဘတော၊ ထုတ်ဆောင်အပ်သော၊ ဘရ=(ဘူ) ပေါသန ဓာရဏေသု–မွေးမြူ ခြင်း, ဆောင်ခြင်းတို့၌၊ (ဘရတိ။)

**ပရိဖန္ဒတိ**= [ပရိ √ဖဒိ+အ+တိ] ထက်ဝန်းကျင်တုန်လှုပ်၏၊ တဖျပ်ဖျပ်လူး၏။

**မာရဓေယျံ**= [မာရ+ဓေယျ] မာရဓေယျံ ဝုစ္စတိ၊ တေဘူမကာ ဓမ္မာ၊ ဝဓနတ္တတော၊ မာရဿ ဓေယျံ–မာရဓေယျံ။ ဓေယျန္တိ–ဌာနံ, ဝတ္ထု, နိဝါသော, ဂေါစရော။

(လင်္ကာ) စိတ်သဘောကား, အာရုံများဝယ်, လှုပ်ရှားလွန်စွာ, လျှပ်ပေါ်ပါ၏၊ လွန်စွာစောင့်ခက်, တားမြစ်ခက်၏၊ လက်ဖြောင့်လိုသူ, လေးသမားသည်, မြားကိုကောင်းစွာ, ဖြောင့်ရပါသို့၊ ပညာရှိကား, သို့ဆိုးဝါးသည့်, စိတ်ထားကိုသာ, ဖြောင့်နေပါ၏။

ရေမှထုတ်ဆယ်, ကုန်းဝယ်ပစ်ထား, ရေနေငါးသည်, ရွေ့ရှားခုန်ဆွ, တုန်လှုပ်ရသို့, ကာမပျော်မွေ့, စိတ်ဓလေ့ကား, ပျော်မွေ့တိုင်းသာ, မထားပါဘဲ, ဘာဝနာမှု, ပွားများရှုသော်, ငြိမ်မှုကင်းပ, တုန်လှုပ်ရ၏၊ (ကာမတည်ရာ, ပယ်စွန့်ခွာလော့။)

## ၂-အညတရဘိက္ခုဝတ္ထု

၃၅။ ဒုန္နိဂ္ဂဟဿ လဟုနော , ယတ္ထ ကာမနိပါတိနော၊
စိတ္တဿ ဒမထော သာဓု , စိတ္တံ ဒန္တံ သုခါဝဟံ။

(အနက်) ဒုန္နိဂ္ဂဟဿ-အာရုံအများ, မသွားစိမ့်ငှာ, ခဲယဉ်းစွာနှိပ်ကွပ်အပ်သော၊ လဟုနော-ဖြစ်ကပျက်ပြန်, လျင်မြန်လှပေထသော၊ ယတ္ထကာမနိပါတိနော-မျိုးနွယ်နိမ့်မြင့်, သင့်မသင့်ကို, ချင့်တွက်ကင်းဘိ, အလိုရှိသမျှသောအာရုံ၌ ကျရောက်လေ့ရှိထသော၊ စိတ္တဿ-စောင့်ထိန်းမလွယ်, ဆန်းကြယ်သောစိတ်ကို၊ ဒမထော-ညစ်ကြေးပယ်ရှား, မဂ်လေးပါးဖြင့်, မြစ်တားဖိညှဉ်း, ဆုံးမခြင်းသည်၊ သာဓု-ခုရောနောင်ပါ, ချမ်းသာရတတ်, ကောင်းမြတ်လှပေ၏၊ ဒန္တံ-သန့်စင်ဖြူဖွေး, ယဉ်ကျေးပြီးသော၊ စိတ္တံ-ညစ်ကြေးမဝင်, စိတ်အစဉ်သည်၊ သုခါဝဟံ-မဂ်ဖိုလ်နိဗ္ဗာန်, ချမ်းသာမှန်ကို, ဧကန်မသွေ, ဆောင်ထားနိုင်ပါပေ၏။

---

[ မာရ √ ဓာ+ဏျ ] မာရေဓဝါ ဧတ္ထ ဓိယတိ တိဋ္ဌတိ ပဝတ္တတီတိ-မာရဓေယျံ၊ မာရောတိစေတ္ထ ကိလေသမာရော အဓိပ္ပေတော။ သာရတ္ထ-၂၊ ၁၈၀။ မာရ်မင်း၏တည်ရာအာရုံ။

**ပဟာတဝေ=** [ ပ √ ဟာ+တဝေ ] ပယ်ခြင်းငှာ။

### ၃၅-ပဒဝိဘာဂ

**ဒုန္နိဂ္ဂဟဿ=** [ ဒု+နိဂ္ဂဟ ] ဒုက္ခေန နိဂ္ဂဟံ-ဒုန္နိဂ္ဂဟံ၊ ဆင်းရဲသဖြင့် နှိပ်ကွပ်အပ်သော။

**နိဂ္ဂဟ=** [ နိ √ ဂဟ+အ ] နိဂ္ဂယှတေတိ-နိဂ္ဂဟံ၊ နှိပ်ကွပ်အပ်သော။

**လဟုနော=** [ √ လဃ+ကု ] ဃ-ကို ဟ-ပြု၊ နိဂ္ဂဟိတ်ကိုချေ၊ လဃတိ ပဝတ္တတိ လဃုဘာဝေနာတိ-လဟု= လဃု၊ ပေါ့ပါးသော, လျင်မြန်သော၊မောဂ်-၇၊ ၆။ လံဃ+လဃ်+လဃိ= (ဘူ) ဂတျ ဘောဇန သောသနေသု-သွားခြင်း, အစာမစားခြင်း, ခြောက်သွေ့စေခြင်းတို့၌၊ (လဃ်တိ။)

**ယတ္ထကာမနိပါတိနော=** [ယတ္ထကာမ+နိပါတိ) ယတ္ထကာမံ နိပါတိ-ယတ္ထကာမနိပါတိ၊ အလိုရှိသမျှသောအာရုံ၌ ကျရောက်လေ့ရှိသော။

**မြန်မာပြန်** စိတ်သည် နှိပ်ကွပ်ရန် ခဲယဉ်း၏၊ အဖြစ်အပျက်လည်း လျင်မြန်လှ၏၊ အလိုရှိသမျှအာရုံ၌ ကျရောက်လေ့ရှိ၏၊ ထိုသို့သဘောရှိသော စိတ်ကို ဆုံးမခြင်းသည် ကောင်းလှပေ၏၊ ဆုံးမ၍ ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ဆောင်နိုင်၏။ (စိတ်ယဉ်ကျေးမှ ချမ်းသာရနိုင်သည်။)

**လင်္ကာ** နှိပ်ကွပ်ခဲခက်, ဖြစ်ပျက်မြန်ဘိ, တွေ့မိတွေ့ရာ, ငါးဖြာအာရုံ, ကာမဂုဏ်ကို, ခုံမင်လိုက်မှား, စိတ်တရားကို, နှိပ်ထားခြင်းမှာ, ကောင်းလှပါ၏၊ ကောင်းစွာ နှိပ်ထား, စိတ်တရားသည်, များပြားချမ်းသာ, ဆောင်နိုင်ပါ၏။

## ၃-အညတရဥက္ကဏ္ဌိတဘိက္ခုဝတ္ထု

၃၆။ သုဒုဒ္ဒသံ သုနိပုဏံ , ယတ္ထကာမနိပါတိနံ၊
စိတ္တံ ရက္ခေထ မေဓာဝီ , စိတ္တံ ဂုတ္တံ သုခါဝဟံ။

**အနက်** သုဒုဒ္ဒသံ-လွန်စွာနက်နဲ, မြင်နိုင်ခဲထသော၊ သုနိပုဏံ-လွန်စွာသိမ်မွေ့ထသော၊ ယတ္ထကာမနိပါတိနံ-မျိုးနွယ်နိမ့်မြင့်, သင့်မသင့်ကို, ချင့်တွက်ကင်းဘိ, အလိုရှိသမျှအာရုံ၌ ကျရောက်လေ့ရှိသော၊ စိတ္တံ-စိတ်ကို၊ မေဓာဝီ-ပညာရှိသည်၊ ရက္ခေထ-

---

**ယတ္ထကာမ=** [ယတ္ထ ယတ္ထ+ကာမ] ယတ္ထ ယတ္ထ ကာမော-ယတ္ထကာမံ၊ ဝိစ္ဆာလောပ၊ အလိုရှိရာ အကြင်အကြင်အာရုံ၊ အလိုရှိသမျှအာရုံ၊ (အဗျယီဘော။)

**နိပါတီ=** [နိ √ပတ +ဏီ] နိပတတိ သီလေနာတိ-နိပါတီ၊ ကျရောက်လေ့ရှိသော၊ ပတ= (ဘူ+စု) ဂတိယံ-သွားခြင်း၌၊ (ပတဟိ၊ ပတေတိ၊ ပတယတိ။)

**ကာမ=** [ √ကမု+ဏ ] ကာမီယတေတိ-ကာမော၊ အလိုရှိအပ်သော အာရုံ၊ ကမု=(ဘူ+စု) ဣစ္ဆာကန္တီသု-အလိုရှိခြင်း, နှစ်သက်ခြင်းတို့၌၊ (ကမတိ၊ ကာမေတိ၊ ကာမယတိ။)

**ဒမထော=** [ √ဒမ+ထ ] ဓာတွန်မကျေ၊ ဒမီယတေ-ဒမထော၊ ဆုံးမခြင်း၊ ရူ၊ ၆၅၃။ ဒမ=(ဘူ) ဒမနေ-ဆုံးမခြင်း၌၊ (ဒမယတိ။)

**သာခု=** [ √သာဓ+ဏု ] သာဓေတိ အတ္တပရဟိတန္တိ-သာခု= သဇ္ဇနော၊ သူတော်ကောင်း၊ ကောင်းသော၊ မောဂ်-၇၊ ၁။ သ ပရဟိတံ သာဓေတီတိ-သာခု= သပ္ပုရိသော၊ သူတော်ကောင်း၊ အစ္စန္တံ သာဓေတဗ္ဗန္တိ-သာခု= လဒ္ဓကံ သုန္ဒရံ ဒါနသီလာဒိ၊ ကောင်းသော၊ နီတိ-ဓာ၊ ၂၃၁။

**ဒန္တ=** [ √ဒမု+တ ] ရူ၊ ၆၁၈။ ဒမီယိတ္ထာတိ-ဒန္တံ၊ ဆုံးမအပ်ပြီးသော၊ ယဉ်ကျေးသော။

**သုခါဝဟ=** [သုခ+အာဝဟ] သုခံ အာဝဟံ-သုခါဝဟံ၊ ချမ်းသာကို ဆောင်တတ်သော။

**အာဝဟ=** [အာ √ဝဟ+အ] အာဝဟတီတိ-အာဝဟံ၊ ဆောင်တတ်သော၊ ဆောင်နိုင်သော။

### ၃၆-ပဒဝိဘာဂ

**သုဒုဒ္ဒသံ=** [သု+ဒုဒ္ဒသ] သုဋ္ဌု ဒုဒ္ဒသံ-သုဒုဒ္ဒသံ၊ လွန်စွာခဲယဉ်းသဖြင့် မြင်အပ်သော၊ လွန်စွာ မြင်နိုင်ခက်သော။

စောင့်ရှောက်ရာ၏၊ ဂုတ္တံ-လုံခြုံထိန်းကွပ်, စောင့်ရှောက်အပ်သော၊ စိတ္တံ-ဖြူဖွေးကြည်လင်, စိတ်အစဉ်သည်၊ သုခါဝဟံ-မဂ်ဖိုလ်နိဗ္ဗာန်, ချမ်းသာမွန်ကို, အမှန်မသွေ, ဆောင်ထားနိုင်ပါပေ၏။

(မြန်မာပြန်) စိတ်သည် တွေ့မြင်ရန် အလွန်ခဲယဉ်းလှ၏၊ အလွန်သိမ်မွေ့၏၊ အလိုရှိသမျှ အာရုံ၌ ကျရောက်လေ့ရှိ၏၊ ထိုသို့သဘောရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်သင့်၏၊ လုံခြုံစွာစောင့်ရှောက်ထားသောစိတ်သည် ချမ်းသာကိုဆောင်နိုင်၏။

(လင်္ကာ) မြင်ခက်လှပြန်, အလွန်သိမ်မွေ့, တွေ့မိတွေ့ရာ, ငါးဖြာအာရုံ, ကာမဂုဏ်ဝယ်, ငြိတွယ်ကျတတ်, ကိုယ့်စိတ်ဓာတ်ကို, ခဲကတ်သိမြင်, ပညာရှင်တို့, ဆင်ခြင်ကောင်းစွာ, စောင့်သင့်ပါ၏၊ ကောင်းစွာစောင့်ကြပ်, ယင်းစိတ်ဓာတ်သည်, အမြတ်ချမ်းသာ, ဆောင်နိုင်ပါ၏။

## ၄-သံယတစိတ္တဘာဂိနေယျဝတ္ထု

၃၇။ ဒူရင်္ဂမံ ဧကစရံ , အသရီရံ ဂုဟာသယံ၊
ယေ စိတ္တံ သံယမေဿန္တိ , မောက္ခန္တိ မာရဗန္ဓနာ။

(အနက်) ဒူရင်္ဂမံ-ဝေးကွာလှငြား, အာရုံများသို့, ကျက်စားလှည့်ပတ်, အာရုံပြုသောအားဖြင့် သွားရောက်တတ်သော၊ ဧကစရံ-တစ်ပါးအပျက်, တစ်ပါးဆက်ကာ, ဖြစ်ပေါ်လာ၍, တစ်ပါးတည်းသာ လှည့်ပတ်တတ်သော၊ အသရီရံ-ဒြပ်အဆင်း, ယိုယွင်းကင်းပ, မရှိပေထသော၊ ဂုဟာသယံ-မဟာဘုတ်ဟူ, လိုဏ်ဂူတွင်းခေါင်း, ကိန်းအောင်းနေရပေထသော၊ စိတ္တံ-စိတ်ကို၊ ယေ-ကျားမမဟူ, အကြင်သူတို့သည်၊ သံယမေဿန္တိ-

---

**ဒုဒ္ဒသ**= [ဒု √ဒိသ+ခ] ကွစိဓာတု-စသောသုတ်ဖြင့် ဒိ-၏ ဣ-ကို အ-ပြု၊ ခအနုဗန်ကိုချေ၊ ဒုက္ခေန ပဿီယတေတိ-ဒုဒ္ဒသံ၊ ခဲယဉ်းသဖြင့်မြင်အပ်သော။

**သုနိပုဏံ**= [သု+နိပုဏ] သုဋ္ဌု နိပုဏံ-သုနိပုဏံ၊ အလွန်သိမ်မွေ့သော။

**နိပုဏ**= [နိ √ပုဏ+က] နိပုဏာတီတိ-နိပုဏံ၊ နူးညံ့သိမ်မွေ့သော၊ ကျွမ်းကျင်သော၊ လိမ္မာသော၊ ပုဏ=(ဘူ) နိပုဏခမ္မေသု-နူးညံ့သိမ်မွေ့ခြင်း, ကျင့်ဆောင်ခြင်း (သူတော်ကောင်းအကျင့်)တို့၌၊ (ပုဏာတိ။)

**ရက္ခေထ**= [ √ရက္ခ+အ+ဧထ ] စောင့်ရှောက်ရာ၏။

**ဂုတ္တံ**= [ √ဂုပ+တ ] ဂေါပီယိတ္ထာတိ-ဂုတ္တံ၊ စောင့်ရှောက်အပ်ပြီးသော၊ အဂေါပီတိ-ဂုတ္တော၊ စောင့်ရှောက်တတ်သော, လုံခြုံစေတတ်သော၊ ဂုပ=(ဘူ) ဂေါပန ဓိဂုစ္ဆနေသု-စောင့်ရှောက်လုံခြုံစေခြင်း, ကဲ့ရဲ့စက်ဆုပ်ခြင်းတို့၌၊ (ဂေါပတိ၊ ဓိဂုစ္ဆတိ။)

### ၃၇-ပဒဝိဘာဂ

**ဒူရင်္ဂမံ**= [ဒူရ √ ဂမု+အ] ဒူရံ ဂစ္ဆတီတိ-ဒူရင်္ဂမံ၊ အဝေးသို့ သွားတတ်သော။

**ဒူရ**= [ √ဒု+ရက်] ဒီဃပြု၊ ဒူယတိ ဒုက္ခေန ဂမီယတီတိ-ဒူရံ= အနာသန္နံ၊ ဝေးသော၊

ရန်သူကိလေသာ, မဝင်လာအောင်, ကောင်းစွာလုံခြုံ, စောင့်စည်းနိုင်ကြကုန်လတ္တံ့။ တေ–ကျားမ မဟူ, ထိုရှင်လူတို့သည်၊ မာရဗန္ဓနာ–တေဘူမက, ဒုက္ခများမြောင်, မာရ်မင်း၏ အဖွဲ့အနှောင်မှ၊ မောက္ခန္တိ–ချမ်းသာအေးမြ, လွတ်မြောက်ကြရကုန်လတ္တံ့။

**မြန်မာပြန်** စိတ်ဟူသည် အဝေး၌ရှိနေသောအာရုံသို့လည်း သွားရောက်တတ်၏၊ တစ်ပါး အပျက် တစ်ပါးဆက်ကာ ဖြစ်ပေါ်လာတတ်၏၊ အထည်ကိုယ်ဒြပ်မရှိပေ၊ မဟာဘုတ်လိုဏ်ဂူကို မှီနေရသော ဟဒယဝတ္ထုကို အမှီပြုကာ ဖြစ်ပေါ်လာရ၏၊ ယင်းစိတ်ကို စောင့်ရှောက်နိုင်သူတို့သည် မာရ်မင်း၏အနှောင်အဖွဲ့တည်းဟူသော ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြရကုန်၏။

---

မောဂ်–၇၊ ၁၄၄။ ဒု=(ဘူ) ဂတိ ပရိတာပ ဝုဒ္ဓိသု–သွားခြင်း, ပူပန်ခြင်း, ကြီးပွားခြင်းတို့၌၊ (ဒဝတိ။)

[ဒု √အရ+အ] ဒုရေန အရတိ ယံ–ဒူရံ၊ ဝေးသော၊ ဓာန်–ဋီ၊ ၇၀၆။

**ဧကစရံ=** [ဧက+စရ]ဧကော ဟုတွာ စရံ–ဧကစရံ၊ တစ်ပါးတည်း လှည့်လည်တတ်သော။

**စရ=** [ √စရ+အ ] စရတီတိ–စရံ၊ လှည့်လည်တတ်သော။

**အသရီရံ=** [န+သရီရ] နတ္ထိ သရီရံ ဧတဿာတိ–အသရီရံ၊ ကိုယ်မရှိသော။

**သရီရ=** [ √သရ+ကီရ] သရီယတီတိ–(အောက်မေ့အပ်သောကြောင့်၊) သရီရံ= ဒေဟော၊ ခန္ဓာကိုယ်၊ မောဂ်–၇၊ ၁၆၉။ သရတိ ဂစ္ဆတိ,သရန္တိ ဝါ တံ ဟိံသန္တီတိ–သရီရံ၊ ဤရော၊ န ။ ဓာန်–ဋီ၊ ၁၅၁။ သရ=(ဘူ) စိန္တာ ဟိံသာသဒ္ဒေသု–အောက်မေ့ခြင်း, ညှဉ်းဆဲခြင်း, အသံပြုခြင်းတို့၌၊ (သရတိ။)

**ဂုဟာသယံ=** [ဂုဟာ+အာ √ သိ+အ] ဂုဟာယံ အာသယတီတိ–ဂုဟာသယံ၊ မဟာဘုတ်ဟူသော လိုဏ်ဂူ၌ကိန်းသော။

**ဂုဟာ=** [ √ဂုဟူ+အ+အာ] ဓာန်–ဋီ၊ ၆၀၉။ ဂုဟတီတိ–ဂုဟာ၊ လိုဏ်ဂူ၊ တောင်ခေါင်း။ ဂုဟူ=(ဘူ) သံဝရဏေ–စောင့်စည်းခြင်း၌၊ (ဂုဟတိ၊ ဂူဟတိ။)

**သံယမေဿန္တိ=** [သံ √ယမု+အ+ဿန္တိ ] ဣ–အာဂုံကို ဧ–ပြု၊ ဧ–မပြုက သံယမိဿန္တိ၊ စောင့်စည်းကုန်လတ္တံ့။

**မောက္ခန္တိ=** [ √မောက္ခ+အ+အန္တိ ] လွတ်မြောက်ကုန်၏၊ မောက္ခ=(ဘူ) မုစ္စနေ–လွတ်ခြင်း၌၊ (မောက္ခတိ။) နီတိ–ဓာ၊ ၂၁။

[ √မုစ+အ+ဿန္တိ ] အ–ပစ္စည်းကို ချေ၊ ဿနှင့်တကွ ဓာတွန် စ–ကို က္ခ–ပြု၊ ဥ–ကို ဩ–ပြု၊ လွတ်မြောက်ရကုန်လတ္တံ့၊ မောဂ်–၆၊ ၂၇။ မုစ္စိဿန္တိ–ဟူသော အဋ္ဌကထာ အဖွင့်ကိုထောက်ပါက နောက်နည်းကသာ သင့်မြတ်ဖွယ်ရာ ရှိပါသည်၊ ရှု၊ ၅၂၄–ကိုလည်းရှုပါ။

**မာရဗန္ဓနာ=** [မာရ+ဗန္ဓန] မာရဿ ဗန္ဓနံ–မာရဗန္ဓနံ၊ မာရ်မင်း၏အနှောင်အဖွဲ့။

**ဗန္ဓန=** [ √ဗန္ဓ+ယု ] ဗန္ဓန္တိ သတ္တေ ဧတေနာတိ–ဗန္ဓနံ= သခ်လိကာဒိ၊ အနှောင်အဖွဲ့၊ နီတိ–ဓာ၊ ၁၀၉။ ဗန္ဓ=(ဘူ+စု) ဗန္ဓနေ–နှောင်ဖွဲ့ခြင်း၌၊ (ဗန္ဓတိ၊ ဗန္ဓေတိ၊ ဗန္ဓယတိ။)

(လင်္ကာ) စိတ်ဟူသည်ကား, တစ်ပါးချုပ်ပျက်, တစ်ပါးဆက်ကာ, ဖြစ်ပွားလာ၏၊ ဝေးကွာလှငြား, အာရုံများကို, လိုက်သွားမလွတ်, ရယူတတ်၏၊ ဒြပ်အဆင်း, ယိုယွင်းကင်းကွာ, မရှိပါတည်း၊ မဟာဘုတ်ဟူ, လိုဏ်ဂူအတွင်း, မှီတင်းနေရ, ဟဒယဝတ္ထု, အမှီပြုကာ, ဖြစ်ရပါ၏၊ သို့သာဖြစ်ပွား, စိတ်တရားကို, လေးစားတမူ, ရေးတယူလျှင်, စောင့်သူမလွဲ, ဝဋ်ဆင်းရဲမှ, လွတ်မြောက်ရလိမ့်။

## ၅-စိတ္တဟတ္ထတ္ထေရဝတ္ထု

၃၈။ အနဝဋ္ဌိတစိတ္တဿ , သဒ္ဓမ္မံ အဝိဇာနတော၊
ပရိပ္လဝပသာဒဿ , ပညာ န ပရိပူရတိ။

၃၉။ အနဝဿုတစိတ္တဿ , အနန္ဝာဟတစေတသော၊
ပုညပါပပဟီနဿ , နတ္ထိ ဇာဂရတော ဘယံ။

(အနက်) အနဝဋ္ဌိတစိတ္တဿ-ထိုဤပြောင်းဘိ, တည်တံ့သောစိတ်မရှိသော၊ ဝါ-ထိုဤပြောင်းဘိ,မတည်တံ့သောစိတ်ရှိသော၊သဒ္ဓမ္မံ-သတိပဋ္ဌာန်စသား, သူတော်ကောင်းတို့၏ တရားကို၊ အဝိဇာနတော-ပိုင်းခြားကိုယ်တိုင်, မသိမြင်နိုင်သော၊ ပရိပ္လဝပသာဒဿ-လေးနက်မထင်, ပေါ်လွင်သော ယုံကြည်မှုရှိသူ၏၊ပညာ-လောကီ လောကုတ္တရာ, နှစ်မျိုးသောပညာသည်၊ န ပရိပူရတိ-လောက်ငကုံလုံ, မပြည့်စုံနိုင်ပေ။

---

### ၃၈, ၃၉-ပဒဝိဘာဂ

**အနဝဋ္ဌိတစိတ္တဿ**= [န+အဝဋ္ဌိတစိတ္တ] နတ္ထိ အဝဋ္ဌိတစိတ္တံ ယဿာတိ-အနဝဋ္ဌိတစိတ္တော၊ တည်တံ့သောစိတ် မရှိသော-သူ။

[အနဝဋ္ဌိတ+စိတ္တ] အနဝဋ္ဌိတံ စိတ္တံ ယဿာတိ-အနဝဋ္ဌိတစိတ္တော၊ မတည်တံ့သော စိတ်ရှိသူ။

**အဝဋ္ဌိတစိတ္တ**= [အဝဋ္ဌိတ+စိတ္တ] အဝဋ္ဌိတံ စိတ္တံ-အဝဋ္ဌိတစိတ္တံ၊ တည်တံ့သောစိတ်။

**အဝဋ္ဌိတ**= [အဝ √ ဌာ+တ] အဝတိဋ္ဌတီတိ-အဝဋ္ဌိတံ၊ တည်တံ့သော။

**အနဝဋ္ဌိတ**= [န+အဝဋ္ဌိတ] န အဝဋ္ဌိတံ-အနဝဋ္ဌိတံ၊ မတည်တံ့သော။

**သဒ္ဓမ္မံ**= [သန္တ+ဓမ္မ] သတံ ဓမ္မော-သဒ္ဓမ္မော၊သူတော်ကောင်းတို့၏တရား၊(ဗောဓိပက္ခိယတရား။)

**သန္တ**= [ √ သမု+တ] သမ္မတီတိ-သန္တော၊ သူတော်ကောင်း၊ ငြိမ်းအေးပြီးသော၊ နိရုတ္တိ၊ ၄၈၈။ သမု=(ဒိ) ဥပသမေ-ငြိမ်းအေးခြင်း၌။ (သမ္မတိ။)

**အဝိဇာနတော**= [န+ဝိဇာနန္တ] န ဝိဇာနန္တော-အဝိဇာနန္တော၊ မသိသော။

**ဝိဇာနန္တ**= [ဝိ √ ဉာ+နာ+အန္တ] ဝိဇာနာတီတိ-ဝိဇာနန္တော၊ သိသော။

**ပရိပ္လဝပသာဒဿ**= [ပရိပ္လဝ+ပသာဒ] ပရိပ္လဝေါ ပသာဒေါ ယဿာတိ-ပရိပ္လဝပသာဒေါ၊ ပေါ်လွင်သော(မလေးနက်သော) ယုံကြည်ခြင်းရှိသော။

**အနဝဿုတစိတ္တဿ**–ရာဂမိုးဓာတ်, မစိုစွတ်သောစိတ်ရှိသော၊ အနန္ဝာဟတစေတသော–ဒေါသအမျက်, နှိပ်စက်ဖိစီး, မဖျက်ဆီးအပ်သောစိတ် ရှိထသော၊ ပုညပါပပဟီနဿ–အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, ပယ်ဖျက်အပ်ပြီးသောကောင်းမှုမကောင်းမှု ရှိထသော၊ ဝါ–အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, ကောင်းမှုမကောင်းမှုကို ပယ်ဖျက်ပြီးသော၊ ဇာဂရတော–သဒ္ဓါစသား, ငါးပါးသောတရားတို့ဖြင့် နိုးကြားနေသော ရဟန္တာပုဂ္ဂိုလ်၏၊ ဘယံ–ကိလေရှုပ်ထွေး, ကိုယ်တွင်းဘေးသည်၊ နတ္ထိ–မဂ်ဖြင့်ပယ်ခွင်း, အကုန်ရှင်းလို့မို့, အလျှင်းပုံသေ, မရှိနိုင်တော့ပါပေ။

**မြန်မာပြန်** တည်တံ့သောစိတ်လည်းမရှိ, သတိပဋ္ဌာန်စသော သူတော်ကောင်းတို့၏ တရားကိုလည်း မသိသည့်အပြင်, ယုံကြည်မှုသဒ္ဓါလည်း မခိုင်မြဲသောသူမျိုးမှာ လောကီလောကုတ္တရာပညာ မပြည့်စုံနိုင်ပေ။

ရာဂဖြင့် မစိုစွတ်သောစိတ်လည်းရှိ, ဒေါသဖြင့် မထိပါးသောစိတ်လည်း ရှိသည့်အပြင်, ကောင်းမှုမကောင်းမှုကို ပယ်ဖျက်ပြီး၍ (သဒ္ဓါစသောတရား ငါးပါးတို့ဖြင့်) နိုးကြားနေသော ပုဂ္ဂိုလ်မှာ ကိလေသာဘေး မရှိတော့ချေ။

**လင်္ကာ** စိတ်လေလွင့်ဘိ, မသိတရား, နည်းပါးသဒ္ဓါ, သူတို့မှာကား, ပညာဉာဏ်မြတ်, မပြည့်တတ်ပေ။

ကင်းလွတ်ရာဂ, ဒေါသပျက်ပြို, ကုသိုလ်အကု, ပယ်စွန့်ပြုထား, နိုးကြားသူမှာ, ဘေးရန်ကွာ၏။

---

**ပရိပ္လဝ**= [ပရိ √ပ္လု+အ] ပရိပ္လဝတီတိ–ပရိပ္လဝေါ၊ ပေါ်လွင်သော၊ မလေးနက်သော၊ ပ္လု=(ဘူ) ဂတိယံ–သွားခြင်း၌၊ (ပ္လဝတိ။)

**ပသာဒ**= [ပ √သဒ+ဏ] ပသာဒနံ–ပသာဒေါ၊ ကြည်ညိုခြင်း, ယုံကြည်ခြင်း၊ သဒ=(ဘူ) ပပုဗ္ဗော–ပ–ရှေ့ရှိမှု၊ ပသာဒေ–ကြည်လင်သန့်ရှင်းခြင်း၌၊ (ပသီဒတိ။)

**ပရိပူရတိ**= [ပရိ √ပူရ+အ+တိ] ပြည့်၏၊ ပူရ=(ဘူ+စု) ပူရဏေ–ပြည့်ခြင်း, ပြည့်စေခြင်း၌၊ (ပူရတိ၊ ပူရေတိ၊ ပူရယတိ။)

**အနဝဿုတစိတ္တဿ**= [အနဝဿုတ+စိတ္တ] အနဝဿုတံ စိတ္တံ ယဿာတိ–အနဝဿုတစိတ္တော၊ မစိုစွတ်သောစိတ်ရှိသော။

**အနဝဿုတ**= [န+အဝဿုတ] န အဝဿုတံ–အနဝဿုတံ၊ မစိုစွတ်သော–(စိတ်။)

**အဝဿုတ**= [အဝ √သု+တ] အဝဿဝတီတိ–အဝဿုတံ၊ စိုစွတ်သော၊ အဝဿူယတေတိဝါ–အဝဿုတံ၊ စိုစွတ်အပ်သော–(စိတ်)၊ သု=(ဘူ) အဝပုဗ္ဗော–အဝရှေ့ရှိမှု၊ အဝဿုတေ–စိုစွတ်ခြင်း၌၊ (အဝဿဝတိ။)

## ၆-ပဉ္စသတဘိက္ခုဝတ္ထု

၄၀။ ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ , နဂရူပမံ စိတ္တမိဒံ ဌပေတွာ၊
ယောဓေထ မာရံ ပညာဝုဓေန , ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ။

(အနက်) (ပဏ္ဍိတော-ဝင့်သံသရာ, စွန့်ခွာလိုဘိ, ပညာရှိသည်၊) ဣမံ ကာယံ-ဆံပင်စသား, ရွံဖွယ်များတို့, ဖြစ်ပွားပေါင်းစုရာ ဤကိုယ်ခန္ဓာကို၊ ကုမ္ဘူပမံ-မြေအိုးသဖွယ်, ပျက်စီးလွယ်၏ဟူ၍၊ ဝိဒိတွာ-ဉာဏ်ဖြင့်ဆင်ခြင်, သိမြင်ပြီး၍၊ ဣဒံ စိတ္တံ-ပွားများရှုမှတ်, ဤဝိပဿနာစိတ်ဓာတ်ကို၊ နဂရူပမံ-လုံခြုံစောင့်ကြပ်, မြို့ကြီးအရပ်နှင့်တူစွာ၊ ဝါ-စောင့်ကြပ်လုံခြုံ, မြို့ကြီးပုံအသွင်၊ ဌပေတွာ-အာရုံများစွာ, မဝင်လာအောင်,

---

**အနဝဿုတစေတသော=** [အနဝဿုတ+စေတ] အနဝဿုတော စေတော ယဿာတိ-အနဝဿုတစေတော၊ အဖန်ဖန်မထိခိုက်သောစိတ်ရှိသော၊

**အနဝဿုတ=** [န+အဝဿုတ] န အဝဿုတော-အနဝဿုတော၊ အဖန်ဖန် မဖျက်ဆီးမထိခိုက်အပ်သော။

**အဝဿုတ=** [အနု+အာဟတ] အနု ပုနပ္ပုနံ အာဟတော-အဝဿုတော၊ အဖန်ဖန်ထိပါးနှိပ်စက်အပ်သော။

**အာဟတ=** [အာ √ဟန+တ] အာဟညတေတိ-အာဟတော၊ ထိပါးနှိပ်စက်အပ်သော။

**စေတ=** [√စိတ+ဏ] စေတေတိ တိ-စေတော၊ စိတ်၊ သုစိ။ စိတ=(စု) သဉ္စေတနေ-စေ့ဆော်ကြိုးကုတ် အားထုတ်ခြင်း၌၊ (စေတေတိ၊ စေတယတိ။)
[စိန္တ+ဏ] စိန္တေတိတိ-စိတ္တံ။ စေတော စ န လောပေါ၊ စိတ်၊ ဓာန်-ဋီ၊ ၁၅၂။

**ပုညပါပပဟီနဿ=** [ပုညပါပ+ပဟီန] ပုညပါပံ ပဟီနံ ယေနာတိ-ပုညပါပပဟီနော၊ ပယ်အပ်ပြီးသော ကောင်းမှုမကောင်းမှုရှိသော။

**ပုညပါပ=** [ပုည+ပါပ] ပုညဉ္စ ပါပဉ္စ-ပုညပါပံ၊ ကောင်းမှုမကောင်းမှု။

**ပဟီန=** [ပ √ဟာ+တ] ကွစိဓာတုအာဒိနာ ဟာဒိတော ဤဏာဒေသေ ဏကာရဿ နတ္တံ၊ ရူ၊ ၆၃၀။ ပဟီယိတ္ထာတိ-ပဟီနံ၊ ပယ်အပ်ပြီးသော။

**ဇာဂရတော=** [√ဇာဂရ+အန္တ] နိုးကြားသော၊ ဇာဂရ=(ဘူ+တ) နိဒ္ဒက္ခယေ-အိပ်ခြင်း၏ကုန်ခြင်း-နိုးကြားခြင်း၌၊ (ဇာဂရတိ၊ ဇာဂရောတိ။)

### ၄၀-ပဒဝိဘာဂ

**ကုမ္ဘူပမံ=** [ကုမ္ဘ+ဥပမာ] ကုမ္ဘော ဥပမာ ယဿာတိ-ကုမ္ဘူပမော၊ အိုးဥပမာရှိသော၊ အိုးနှင့်တူသော။

**ကုမ္ဘ=** [√ကမ+ဘ] ကမဓာတ်၏ အ-ကို ဥ-ပြု၊ မ-ကို ဘ-သို့ကပ်၊ ကာမီယတီတိ-ကုမ္ဘော= ဒသမ္ဘဏမတ္တော, ဃဋော စ၊ ဆယ်အမ္ဘဏအတိုင်းအရှည်၊ အိုး၊ မောဂ်-၇၊

လုံခြုံစွာထားပြီး၍၊ ပညာဝုဓေန-ဝိပဿနာမဂ်, ဉာဏ်လက်နက်ဖြင့်၊ မာရံ-ကိလေသာဟူ, မာရ်ရန်သူကို၊ ယောဓေထ-တွန်းလှန်မညှာ, တိုက်ဖျက်ရာ၏၊ ဇိတဉ္စ-အောင်မြင်ပြီးခါ, ဖြစ်ပေါ်လာသည့်, တရုဏဝိပဿနာကိုလည်း၊ ရက္ခေ-သပ္ပာယစု, မှီဝဲပြုလျက်, ရှုမှတ်အကြား, ဈာန်ဝင်စားကာ, စောင့်ရှောက်ရာ၏၊ အနိဝေသနော-သမာပတ်ချမ်းသာ, အိမ်ဂေဟာဝယ်, မတွယ်တာ မကပ်ငြိသည်၊ သိယာ-ဖြစ်ရာ၏။

**(မြန်မာပြန်)** (ပညာရှိ အမျိုးကောင်းသားသည်) ဤကိုယ်ခန္ဓာကို "မြေအိုးသဖွယ် ပျက်စီးလွယ်၏"ဟု သိ၍ မိမိ၏ဝိပဿနာစိတ်ကို ရန်သူမဝင်နိုင်သည့် မြို့ကြီးပမာ ထားပြီးလျှင် ဝိပဿနာပညာ, မဂ်ပညာတည်းဟူသော လက်နက်ဖြင့် ကိလေသာမာရ် ရန်သူကို တွန်းလှန်တိုက်ဖျက်ရမည်၊ အောင်မြင်ပြီးနောက် ရရှိလာသည့် နုသေးသော ဝိပဿနာဉာဏ်ကိုလည်း မပျက်ရအောင် စောင့်ရှောက်ရမည်၊ သမာပတ်ချမ်းသာမှာ သာယာငြိကပ်၍ မနေသင့်။

---

၁၂၉။ ကမ=(ဘူ+စု) ဣစ္ဆာကန္တီသု-လိုချင်ခြင်း, နှစ်သက်ခြင်းတို့၌၊ (ကမတိ၊ ကာမေတိ၊ ကာမယတိ။)

[က √ ဥမ္ဘ+အ] ကေန ဇလေန ဥမ္ဘီယတိ ပူရီယတီတိ-ကုမ္ဘော၊ အိုး၊ သုစိ။ ကုမ္ဘောတိ-ကံ ဝုစ္စတိ ဥဒကံ၊ တေန ဥမ္ဘေတဗ္ဗောတိ-ကုမ္ဘော၊ နီတိ-ဓာ၊ ၁၃၀။

**ဥပမာ=** [ဥပ √မာ+အ+အာ] ဥပမီယတိ သဒိသီကရီယတိ ဧတာယာတိ-ဥပမာ၊ နှိုင်းယှဉ်ကြောင်း၊ နှိုင်းယှဉ်ခြင်း၊ သုစိ။

**ကာယံ=** [ကု+အာယ] ကုစ္ဆိတာနံ အာယော ဥပ္ပတ္တိဋ္ဌာနန္တိ-ကာယော၊ ခန္ဓာကိုယ်၊

[ √ စိ+ဏ] ကောတ္ထုဘာ။ စိယတေ အန္နာဒီဟီတိ-ကာယော၊ ကိုယ်။

**အာယ=** [√အယ+ဏ] အယန္တိ ဧတ္ထ ကောသာဒယောတိ-အာယော၊ [အာ √ယာ+အ] အာယန္တိ တတော ကုစ္ဆိတာ ကောသာဒယောတိ-အာယော၊ ဆံ-စသည်တို့၏ဖြစ်ရာ၊ စက်ဆုပ်ဖွယ်သော ဆံ-စသည်တို့၏လာရာ။

**ဝိဒိတွာ=** [ √ ဝိဒ+တွာ] သိ၍၊ ဝိဒ=(ဘူ) ဉာဏေ-သိခြင်း၌၊ (ဝိဒတိ။)

**နဂရူပမံ=** [နဂရ+ဥပမာ ] နဂရံ ဥပမာ ယဿာတိ-နဂရူပမံ၊ မြို့ဥပမာရှိသော၊ မြို့နှင့်တူသော၊-(စိတ်။)

**နဂရ=** [န √ ဂလ+အ] လ-ကို ရ-ပြု၊ န ဂလတိ န စဝတီတိ-နဂရံ၊ မြို့၊ နိရုတ္တိ၊ ၂၆၈။ ဂလ=(ဘူ+စု) သဝေ-ယိုစီးခြင်း၌။ (ဂလတိ၊ ဂလယတိ။)

[နဂ+ရ] နဂါ ပါသာဒါဒယော (ပါသာဏမယာ ဒေဝလယာ) အဿိံ သန္တီတိ-နဂရံ၊ မောဂ်-၄၊ ၈၂။ ပဉ္စိကာ။ နဂါ္လံ ပါသာဒါဒယော သန္တိ ယတြာတိ-နဂရံ၊ ကောတ္ထုဘာ။ အဿတ္ထိတဒ္ဓိတ်။

[ န+ဃရ] ဃ-ကို ဂ-ပြု၊ နံ သံပုဏ္ဏံ ဃရံ ဧတ္ထာတိ-နဂရံ၊ ဧကက္ခရကောသဋီ။

(လင်္ကာ) ဤခန္ဓာဆို:, မြေအိုးသဖွယ်, ပျက်စီးလွယ်ဟု, ဉာဏ်ဝယ်ထင်မှတ်, ဝိပဿနာ, စိတ်မှာခိုင်လုံ, မြို့ကြီးပုံသွင်, ထားပြီးလျှင်မှ, လန်းရွှင်ထက်မြက်, ဉာဏ်လက်နက်ဖြင့်, မာရ်ပျက်ကိလေ, စစ်ထိုးပေတော့၊ အောင်လေနပြန်, ဝိပဿဉာဏ်ကို, မြဲမြဲသတိ, စောင့်ရှောက်ဘိလော့၊ ရရှိချမ်းသာ, သာယာကင်းစေ, နေသင့်ပေ၏။

---

နဂ= [န √ဂမု+ကွိ] န ဂစ္ဆတီတိ-နဂေါ၊ ပြာသာဒ်၊ တောင်၊ သစ်ပင် စ-သည်။ မောဂ်-၃၊ ၇၇-ပဉ္စိကာ။

န= န ကာရော သုဂတော ဗန္ဓေ၊ သံပုဏ္ဏေ တဿ ကာရိယော၊ ဧ၊ နာမ်ပုဒ်ဖြစ်သော "န" အက္ခရာသည် ကောင်းစွာသွားခြင်း, ဖွဲ့ခြင်း, ပြည့်စုံခြင်း "တ"အက္ခရာ၏ ကာရိယတို့၌ဖြစ်၏။

ဃရ= [ √ဃရ+အ ] ကောတ္ထုဘာ။ ဃရတိ ကိလေသမေတ္ထာတိ-ဃရံ၊ အိမ်၊ ဓာန်-ဋီ၊ ၂၀၆။ ဃရ=(ဘူ+စု) သေစန ဆာဒနေသု-သွန်းလောင်းခြင်း, ဖုံးလွှမ်းခြင်းတို့၌၊ (ဃရတိ၊ ဃာရယတိ။)

[ √ဂဟ+ဏ ] ဂယှတီတိ-ဃရံ၊ ဂဟဓာတ်ကို ဃရပြု၊ ရူ၊ ၅၈၃။ ဓာန်-ဋီ၊ ၂၀၆။ ဂဟ=(ဘူ+စု+ဂ) ဉပါဒါနေ-ယူခြင်း၌၊ (ဂဟတိ၊ ဂဟေတိ၊ ဂဟယတိ၊ ဃေပ္ပတိ၊ ဂဏှာတိ။)

ဌပေတွာ= [ √ ဌာ+ဏာပေ+တွာ ] တည်စေ၍၊ ထား၍။

[ √ ထပ+ဏေ+တွာ ] ထ-ကို ဌ-ပြု၊ ထား၍၊ ထပ=(စု) ထပနေ-ထားခြင်း၌၊ (ထပေတိ၊ ထပယတိ။)

ယောဓေထ= [ √ယုဓ+အ+ဧထ ] စစ်ထိုးရာ၏၊ စစ်တိုက်ရာ၏၊ တိုက်ဖျက်ရာ၏၊ ယုဓ=(ဘူ+ဒိ) သမ္ပဟာရေ-စစ်ထိုးခြင်း၌၊ (ယောဓေတိ၊ ယုဇ္ဈတိ။)

ပညာဝုဓေန= [ပညာ+အာဝုဓ] ပညာဧဝ အာဝုဓံ-ပညာဝုဓံ၊ ပု+န။ ပညာတည်းဟူသောလက်နက်၊ ပညာလက်နက်။

အာဝုဓ= [အာ √ ယုဓ+အ] အာဒါယ ယုဇ္ဈန္တေ ယန္တိ-အာဝုဓံ ယဿ ဝေါ၊ အာယုဓံဝါ၊ လက်နက်၊ ဓာန်-ဋီ၊ ၃၈၅။

ဇိတံ= [ √ ဇိ+တ ] ဇိယီတိ-ဇိတော၊ အောင်မြင်ပြီးသော၊ နိုင်ပြီးသော၊ ရူ၊ ၆၃၁။ ဇိ= (ဘူ+ကီ) ဇယေ-အောင်ခြင်းခြင်း၌၊ (ဇေတိ၊ ဇယတိ၊ ဇိနာတိ။)

ရက္ခေ= [ √ ရက္ခ+အ+ဧယျ ] ဧယျ-ဝိဘတ်ကို ဧ-ပြု၊ စောင့်ရှောက်ရာ၏။

အနိဝေသနော= [န+နိဝေသန ] နတ္ထိ နိဝေသနံ ယဿာတိ-အနိဝေသနော၊ နေစရာမရှိသော၊ မကပ်ငြိ မတွယ်တာသော။

နိဝေသန= [နိ √ဝိသ+ယု] နိဝိသန္တိ နိဝသန္တိ ဝါ ယတြ တံ-နိဝေသနံ၊ ကပ်ဝင်တည်နေရာအိမ်၊ ဓာန်-ဋီ၊ ၂၀၆။ ဝိသ=(ဘူ) ပဝေသနေ-ဝင်ခြင်း၌၊ (ဝိသတိ။)

သိယာ= [ √ အသ+အ+ဧယျ ] ဧယျ-ဝိဘတ်ကို ဣယာ-ပြု၊ ဓာတ်၏အစ အ-ကိုချေ၊ ဖြစ်ရာ၏။

## ၇-ပူတိဂတ္တတိဿတ္ထေရဝတ္ထု

၄၁။ အစိရံ ဝတ'ယံ ကာယော , ပထဝိံ အဓိသေဿတိ၊
ဆုဒ္ဓေါ အပေတဝိညာဏော , နိရတ္ထံဝ ကလိင်္ဂရံ။

**အနက်** (ဘိက္ခု-ရဟန်း၊ တေ-သင်၏၊) အယံ ကာယော-တစ်နေ့ထက်တစ်နေ့, တရွေ့ရွေ့ယွင်းယို, ဤခန္ဓာကိုယ်သည်၊ အစိရံ-ချိန်ခါမလင့်, မကြာမြင့်မီ၊ အပေတဝိညာဏော-ဇီဝိံ ယိုယွင်း, ကင်းသောဝိညာဉ်ရှိသည်၊ ဆုဒ္ဓေါ-လူ့ခွဲလုံးလုံး, အသုံးမချတတ်, စွန့်ပစ်အပ်သည်၊ ဟုတ္တာ-ဖြစ်၍၊ နိရတ္ထံ-လူဝယ်လုံးဝ, အသုံးမကျသော၊ ကလိင်္ဂရံဣဝ-ရိုပွပုပ်ဆွေး, သစ်သားတုံးကလေးကဲ့သို့၊ ပထဝိံ-သုသာန်သတ်မှတ်, မြေအရပ်၌၊ အဓိသေဿတိဝတ-ဧကန်မုချ, အိပ်ရလိမ့်တကား။

---

### ၄၁-ပဒဝိဘာဂ

**အစိရံ=** [န+စိရ] န စိရံ-အစိရံ၊ မကြာမြင့်သော။

**စိရ=** [✓ စိ+ရက်] ကြာမြင့်စွာသော၊ ကြာမြင့်စွာ၊ ကောတ္ထုဘာ။ စိရံ စိရဿံ ဒီဃကာလေ၊ ရူ၊ ၁၃၂။ အဗျယ။ ဓာန်၊ ၁၁၃၆-ကိုလည်းရှုပါ။

**ဝတ=** [ ✓ဝန+တ ] အဗျယ၊ စိုးရိမ်ခြင်း၊ ပင်ပန်းခြင်း၊ သိစေခြင်း၊ ရှင်လန်းခြင်း၊နှစ်သက်ခြင်း၊ အံ့သြခြင်း၊ -စသောအနက်များမှာ ဖြစ်သည်၊ ကောတ္ထုဘာ။ ပဒပူရဏာ၊ ဝတဣတိ ဧကံသ ခေဒါနုကမ္ပ သင်္ကပ္ပေသုစ၊ ဝတသည် ဧကန်ဟူသောအနက်, ပင်ပန်းခြင်း အနက်, သနားခြင်းအနက်, ကြံစည်ခြင်းအနက်တို့၌လည်း ဖြစ်သေး၏။ ရူ-နှာ၊ ၁၃၂။

**ပထဝိံ=** [ပုထ+ဏ+ဤ] ပုထု ဟုတ္တာ ဇာတာတိ-ပထဝီ၊ ဏရာဂါတဿေဒ မညတ္ထေသုစ-သုတ်ဖြင့် ပုထနောင် ဏ-ပစ္စည်းသက်၊ ကာရိတ်ငဲ့၊ ဏ-အနုဗန်ကို ချေ၊ ပုထဿ ပုထု ပထာမောဝါ-သုတ်ဖြင့် ပုထ-ကို ပုထု-ပြု၊ (ပုထု+အ) ထု-၏ ဥ-ကို လ-အမည်မှည့်၊ ဈလာနမိယုဝါ သရေဝါသုတ်ဖြင့် လမည်သော ဥ-ကို ဥဝ-ပြု၊ (ပုထုဝ+အ) တေသုဝုဒ္ဓိ-စသောသုတ်ဖြင့် ထု-၏ ဥ-ကို အ-ပြု၊ ဝ-ကိုခွင်း ချေ ကပ်၊ (ပုထဝ) ဏဝဏိက-စသောသုတ်ဖြင့် ဤ-ပစ္စည်းသက်၊ ဝ-ကိုခွင်း ချေ ကပ်၊ ပုထဝီ၊ ကစ္စည်း၊ ၆၆၆-နျာသ၊ ပ-၏ ဥ-ကို အ-ပြု၊ ပထဝီ-ဟု ဖြစ်၏။

တစ်နည်း= ပုထ-ကို ပထ-ပြု၍ အဝ-လာလျှင် ပထဝီ-ဟု ဖြစ်၏၊ ဓာန်-ဋီ၊ ၁၈၁။ ဤအလို ပထဝီကို တဒ္ဓိတ်ဟု ဆိုသင့်၏။

[ ✓ပုထ+ကွိ+ဤ ] ပုထတိ ပတ္ထရတီတိ-ပထဝီ၊ ပုထ-ကို ပုထု-ပြု၊ ကွိ-ပစ္စည်းကို ချေ၊ ဤပစ္စည်းသက်၊ (ပုထု+ဤ) ဩသရေစ-သုတ်၌ စ-သဒ္ဒါဖြင့် ဥ-ကို အဝ-ပြု၊ ပုထဝီ၊ ရူ၊ ၆၇၆။ ပ-၏မှီရာ ဥ-ကို အ-ပြု၊ ပထဝီ၊ ပုထ=(ဘူ) ဝိတ္ထာရေ-ချဲ့ခြင်း၌၊ ပဝတ္တိယဉ္စ-ဖြစ်ခြင်း၌လည်း၊ (ပုထတိ။)

[ပ ✓ ထဝ+ဏ+ဤ] ပထဝတိ ဇတ္ထာတိ-ပထဝီ၊ ထဝ=(ဘူ) ဂတိယံ-သွားခြင်း၌၊ (ထဝတိ၊) ဓာန်-ဋီ၊ ၁၈၁။ ဓာတ်ကျမ်းများ၌ ထဝ-ဓာတ်ကို မတွေ့မိပါ။ ယ ထု ?၊

[ ပ ✓ ထရ+ဏ+ဤ ] သဗ္ဗတ္ထ ပတ္ထရတီတိဝါ-ပထဝီ၊ ရ-ကို ဝ-ပြု၊ ဓာန်-ဋီ၊ ၁၈၁။ ထရ=(ဘူ) သန္ထရဏေ-ဖြန့်လွှမ်းခြင်း၌၊ (ထရတိ။)

(မြန်မာပြန်) (ရဟန်း ! သင်၏)ဤခန္ဓာကိုယ်သည် မကြာမီမှာပင် ဝိညာဉ်ကင်း၍ စွန့်ပစ်ရမည့်အခြေသို့ ရောက်ကာ အသုံးမကျသော ထင်းနုပ်ထင်းဆွေးကဲ့သို့ သုသာန်၌ အိပ်ရတော့မှာပါတကား။

(လင်္ကာ) ဤကိုယ်ခန္ဓာ, မကြာမြင့်ခင်, ဝိညာဉ်ကင်းပြတ်, စွန့်ပစ်အပ်၍, လူ့ရပ်မသုံး, ထင်းနုပ်တုံးသို့, လုံးလုံးမြေမှာ, အိပ်ရပါလိမ့်။

## ၈–နန္ဒဂေါပါလကဝတ္ထု

၄၂။ ဒိသော ဒိသံ ယံတံ ကယိရာ , ဝေရီ ဝါ ပန ဝေရိနံ၊
မိစ္ဆာပဏိဟိတံ စိတ္တံ , ပါပိယော နံ တတော ကရေ။

(အနက်) ဒိသော–သူ့ကိုငြိုးဖွဲ့ ခိုးသူတစ်ယောက်သည်၊ ဒိသံ–ပြန်ကာငြိုးဖွဲ့ တစ်ယောက်သောခိုးသူကို၊ (ဒိသွာ–ကွင်းရှောင်မလွတ်, တွေ့မြင်လတ်သော်၊) ယံတံ–စီးပွား

---

**အဓိသေဿတိ=** [ အဓိ √သီ+အ+ဿတိ ] အိပ်ရလတ္တံ့၊ သီ=(ဘု) သယေ–အိပ်ခြင်း၌၊ (သေတိ၊ သယတိ။)

(အဓိ–ကို အနက်မဲ့ကြံက ပထဝိ-ဝယ် "တတိယာသတ္တမီနဉ္စ"သုတ်ဖြင့် သတ္တမီ အနက်၌ ဒုတိယာဝိဘတ်သက်ပါ၊ အဓိကို အနက်ရှိကြံက "ကွစိ ဒုတိယာ ဆဋ္ဌီနမတ္ထေ" သုတ်ဖြင့် ဆဋ္ဌီအနက်မှာ ဒုတိယာဝိဘတ်သက်ပါ။)

**ဆုဍ္ဍော=** [ √ဆုဘ+တ ] ဆုဗ္ဘိတ္တာတိ–ဆုဍ္ဍော၊ စွန့်ပစ်အပ်သော၊ ဆုဘ=(ဘု) နိစ္ဆုဘနေ–တံတွေးထွေးခြင်း၌၊ (ဆုဘတိ။)

**အပေတဝိညာဏော=** [အပေတ+ဝိညာဏ ] အပေတံ ဝိညာဏံ ယသ္မာတိ–အပေတဝိညာဏော၊ ကင်းသောဝိညာဉ်ရှိသော၊ ဝိညာဉ်မရှိသော။

**ဝိညာဏ=** [ဝိ √ဉာ+ယု] ဝိဇာနာတီတိ–ဝိညာဏံ၊ ဝိညာဉ်၊ စိတ်၊ ဓာန်–ဋီ၊ ၁၅၂။

**နိရတ္ထံ=** [နိ+အတ္ထ] နတ္ထိ အတ္ထော ဧတဿာတိ–နိရတ္ထံ၊ အကျိုးမရှိသော၊ အသုံးမကျသော၊ အသုံးမဝင်သော။

**အတ္ထ=** [ √အရ+ထ ] ဓာတွန် ရ–ကို တ–ပြု၊ ကာရဏေန အရီယတိ ပဝတ္တီယတီတိ–အတ္ထော= ပယောဇနံ၊ အကျိုး၊ သူစီ။ အမှုအခင်း၊ အကြောင်း၊ ကိစ္စ။

**ကလိင်္ဂရ=** [က √လင်္ဂ+အရ] ကေန ဝါတေန လင်္ဂတီတိ–ကလိင်္ဂရော၊ လ–လာ၊ ဓာန်–ဋီ၊ ၄၅၃။ ထင်းနုပ်၊ ထင်းဖွဲ၊ ထင်းအစအန၊ သစ်တုံးပိုင်းငယ်၊ စပါးဖျင်း၊ ပု+န။ လင်္ဂ=(ဘု) ဂတိယံ–သွားခြင်း၌၊ (လင်္ဂတိ။)

**က=** ကော ဗြဟ္မတ္တာ နိလက္ကဂ္ဂိ , မောရပုမေသု ဘူမိယံ၊ ဧ။

ပုံလိင်နာမ် ကသဒ္ဒါသည် ဗြဟ္မ–ဗြဟ္မာ၊ အတ္တ–မိမိကိုယ်၊ အနိလ–လေ၊ အဂ္ဂ–နေ၊ အဂ္ဂိ–မီး၊ မောရ–ဥဒေါင်း၊ ပုမ–ယောကျာ်း၊ ဘူမိ–မြေ–ဟူသော အနက်တို့၌ ဖြစ်၏။

## ၄၂–ပဒဝိဘာဂ

**ဒိသော=** [ √ဒိသ+အ ] ဒိသတိ ဟိံသတိ, ပရေ ဝါ န ပိယာယတိ, ပရေဟိ ဝါ န ပိယာယိ တဗ္ဗောတိ–ဒိသော၊ ခိုးသူ၊ ရန်သူ၊ ဒိသ=(ဘု) ဟိံသာ အပ္ပီတိသု–ညှဉ်းဆဲခြင်း, မုန်းခြင်း တို့၌၊ (ဒိသတိ။)

ယိုယွင်း, အကြင်ဖျက်ဆီးခြင်းကို၊ ကယိရာ–ဤဘဝတွင်သာ, ပြုနိုင်ရာ၏၊ ဝါ ပန–ထိုမှတစ်ပါး၊ ဝေရီ–မျက်မာန်ပြောထူ, တစ်ဦးသောရန်သူသည်၊ ဝေရိနံ–ဖွဲ့ထားမာန်မူ, တစ်ဦးသောရန်သူကို၊ (ဒိသွာ–ကွင်းရှောင်မလွတ်, တွေ့မြင်လတ်သော်၊) ယံတံ–စီးပွား ယိုယွင်း, အကြင်ဖျက်ဆီးခြင်းကို၊ ကယိရာ–ဤဘဝတွင်သာ, ပြုနိုင်ရာ၏၊ မိစ္ဆာပဏိဟိတံ စိတ္တံ–ဖောက်ပြန်ယွင်းမှား, မကောင်းသဖြင့် ထားအပ်သောစိတ်သည်၊ နံ–ပုရိသံ–စိတ်ထား ယုတ်သူ, ထိုသို့လူကို၊ တတော–ထိုခိုးသူရန်သူ, ပြုမှုယိုယွင်း, ဖျက်ဆီးခြင်းထက်၊ ပါပိယော–ဖြစ်ရာဘဝ, ဒုက္ခတွေတိုး, သာ၍ဆိုးအောင်၊ ကရေ–မလွဲသေချာ, ပြုနိုင်ရာ၏။

**(မြန်မာပြန်)** ခိုးသူတစ်ယောက်သည် မိမိနှင့်ပြိုင်ဖက် ခိုးသူတစ်ယောက်ကို တွေ့လတ်သော် သို့မဟုတ် ရန်သူတစ်ယောက်သည် ရန်ဖက်တစ်ယောက်ကို တွေ့မြင်လတ်သော် အကျိုးမဲ့ ဖျက်ဆီးခြင်းကို ဤဘဝတွင်သာ ပြုနိုင်ရာ၏၊ ဖောက်ပြန်ယွင်းမှား မကောင်းသဖြင့် ထားအပ်သော စိတ်မူကား ဘဝသံသရာတလျှောက်မှာ သာလွန်ဆိုးဝါးအောင် ပြုနိုင်ပေသည်။

**(လင်္ကာ)** ချင်းချင်းပြစ်မှား, ခိုးသားရန်သူ, ထိုထိုလူတို့, တွေ့မှုခဏ, ခုဘဝသာ,ကျိုးမဲ့ရှာ၏၊ ကောင်းစွာမထား, စိတ်ဓာတ်များကား, ဆိုးဝါးထိုထက်, သံသာစက်ဝယ်, ဆက်လက်ထွေထွေ, ကျိုးမဲ့စေ၏။

---

နိတိ–ဓာ၊ ၁၈၇၊–၈–၌ တတြ ဒိသောတိ စ ဒိဋ္ဌောတိ စ ပစ္စာမိတ္တဿာဓိဝစနမေတံ၊ သော ဟိ ပရေ ဒေဿတိ နပ္ပိယာယတိ, ပရေဟိ ဝါ ဒေဿိယတိ ပိယော န ကရီယတီတိ–ဒိသောတိ စ ဒိဋ္ဌောတိ စ ဝုစ္စတိ၊ အထဝါ= ဒိသောတိ စောရော ဝါ ပစ္စာမိတ္တော ဝါ၊ ဒိဋ္ဌောတိ ပစ္စာမိတ္တောယေဝ–စသည်ဖြင့် မိန့်ဆိုထားသည်၊ ဓာန်–ဋီ၊ ၃၄၅–၌မူ ဒုသ အပ္ပီတိယံ ဒိဝါဒိ ······ ဒုဿတီတိ–ဒိသော အ၊–ဟု မိန့်ဆိုထားသည်။

**ကယိရာ=** [ √ကရ+ယိရ+ဧယျ ] ကွစိဓာတု–စသောသုတ်ဖြင့် ဓာတွန် ရ–ကို ချေ၊ ဧယျ–ဝိဘတ်ကို အာ–ပြု၊ ခွင်း ချေ ကပ်၊ ကယိရာ–ပြုရာ၏။

**ဝေရီ=** [ဝေရ+ဤ] ဝေရံ အဿ အတ္ထီတိ–ဝေရီ၊ ရန်ရှိသူ၊ ရန်သူ။

**မိစ္ဆာပဏိဟိတံ=** [ မိစ္ဆာ+ပဏိဟိတ ] မိစ္ဆာ ဝိပရိတေန ပဏိဟိတံ–မိစ္ဆာပဏိဟိတံ၊ မကောင်းသဖြင့် ထားအပ်သော၊ မှားယွင်းစွာ ထားအပ်သော။

**ပဏိဟိတံ=** [ပ+နိ √ဓာ+တ ] ကွစိဓာတု–စသောသုတ်ဖြင့် ဓာ–၏ အာ–ကို ဣ–ပြု၊ ဓ–ကိုလည်း ဟ–ပြု၊ န–ကို ဏ–ပြန်၊ ပဏိဓီယတေတိ–ပဏိဟိတံ၊ ထားအပ်သော၊ ဤ၌ ဓာ–ဓာတ်သည် ထပန–အနက်ကို ဟော၏။

**ပါပိယော=** [ပါပ+ဣယ]ပါပါနံ အတိသယေန ပါပေါတိ–ပါပိယော၊ ဤ၌ ပါပတရံ–ဟု ဒုတိယာ ဧကဝုစ်ဝိဘတ်ဖြင့် အဋ္ဌကထာဖွင့်ပြထားသောကြောင့် ပါပိယော–၌ ပဌမာ ဝိဘတ်ကို ဒုတိယာအနက်၌ သက်ထားသည်–ဟု ကြံပါ၊ ဒုတိယာမှ ပဌမာပြန်နေသော

## ၉-သောရေယျတ္ထေရဝတ္ထု

၄၃။ န တံ မာတာ ပိတာ ကယိရာ , အညေ ဝါ ပိ စ ဉာတကာ၊
သမ္မာပဏိဟိတံ စိတ္တံ , သေယျသော နံ တတော ကရေ။

**အနက်** တံ-ကာရဏံ-ချမ်းသာစုပေါင်း, ထိုအကြောင်းကို၊ မာတာ-မွေးသမိခင်, ကျေးဇူးရှင်သည်၊ နကယိရာ-ထောက်ကူပိုင်ပိုင်, မပြုနိုင်ရာ၊ ပိတာ-ကျွေးသည့်ဖခင်, ကျေးဇူးရှင်သည်၊ န ကယိရာ-ထောက်ကူပိုင်ပိုင်, မပြုနိုင်ရာ၊ အညေ-မိဘကြဉ်ထား, တစ်ပါးကုန်သော၊ ဉာတကာဝါပိစ-အတွင်းသားဟု, သိမှတ်ပြုရိုး, ဆွေမျိုးသားချင်းတို့သည်လည်း၊ န ကယိရုံ-ထောက်ကူပိုင်ပိုင်, မပြုနိုင်ကုန်ရာ၊ သမ္မာပဏိဟိတံ-ကုသိုလ်မှုမှာ, ကောင်းစွာချထားအပ်သော၊ စိတ္တံ-ဆွေမျိုးထိပ်ပိတ်, ကုသိုလ်စိတ်သည်၊ နံ-ပုရိသံ-ကုသိုလ်မှုမှာ, စိတ်ပါဝင်စား, ထိုယောကျ်ားကို၊ တတော-မိဘဆွေမျိုး, ပြုရိုးခက်တောင်း, ထိုအကြောင်းထက်၊ သေယျသော-ဘဝတိုင်းမှာ, ချမ်းသာပြည့်ဖြိုး, ပိုလွန်တိုးအောင်၊ ကရေ-မလွဲသေချာ, ပြုနိုင်ရာ၏။

---

ဝိဘတ္တိဝိပလ္လာသပုဒ်သော်လည်း ကြံပါ၊ သို့ဖြစ်၍ အလွန်ယုတ်မာအောင်-ဟု အနက်ပေးရသည်။

### ၄၃-ပဒဝိဘာဂ

**မာတာ**= [ √မာန+ရာတု ] ဓမ္မေန ပုတ္တံ မာနေတီတိ-မာတာ၊ ကစ္စည်း၊ ၅၆၈။ မာနိယတေ ပူဇိယတေ ယာ သာ-မာတာ၊ ကောတ္ထုဘာ။ မာန=(ဘူ+စု) ပူဇာယံ-ပူဇော်ခြင်း၌၊ (မာနတိ၊ မာနေတိ၊ မာနယတိ။)

[ √ပါ+တု ] ပ-ကို မ-ပြု၊ ပါယေတီတိ-(နို့တိုက်တတ်သောကြောင့်) မာတာ= ဇနနီ၊ အမိ၊ မောဂ်-၇၊ ၇၂။

[ √မာ+တု ] နီတိ-ဓာ၊ ၁၃၀။ မာတီတိ-မာတာ၊ အမိ။

**ပိတာ**= [ √ပါ+ရိတု ] ပါတိ ပုတ္တန္တိ-ပိတာ၊ အဖ၊ ကစ္စည်း၊ ၅၆၇။

[ √ပါ+တု ] ပါ ရက္ခဏေ၊ အာ-ကို ဣ-ပြု၊ ပါတိ ရက္ခတီတိ-ပိတာ= ဇနကော၊ အဖ၊ မောဂ်-၇၊ ၇၂။

[ √ပီ+ရိတု ] ပုတ္တံ ပီနယတိ တပ္ပေတီတိဝါ-ပိတာ၊ အဖ၊ နီတိ-သုတ္တ၊ ၁၁၆၀။ ပီ=(ဘူ+စု+ကီ) တပ္ပန ကန္တိသု-ရောင့်ရဲခြင်း, နှစ်သက်ခြင်းတို့၌၊ (ပယတိ၊ ပါယယတိ၊ ပီဏာတိ။)

**အညေ**= [ √အန+ယ ] ကောတ္ထုဘာ။ အနျ၊ နျ-ကို ဉ-ပြု၊ သဒ္ဒသဒ္ဒေဘော်လာ၊ အည-တစ်ပါးသော။

[ န√ ဉာ+အ ] န ဉာယတေတိဝါ-အညော၊ ဓာန်-ဋီ၊ ၇၁၇။ သို့ဆိုထားစေကာမူ **နီတိ**-ဓာ၊ ၅၁-၌ အညောတိ ဒိဋ္ဌဓမ္မိကာဒယော အတ္ထေ န ဉာတိ န ဇာနာတီတိ-အညော= **အဝိဒ္ဒါ**၊ ဗာလောတိ အတ္ထော-ဟု ဆိုထားသည်ကိုထောက်က ဤ၌ လျော်မည်မထင်။

**မြန်မာပြန်** လူနတ်နိဗ္ဗာန် ချမ်းသာ(ရခြင်း၏အကြောင်း)ကို အမိကလည်း လုပ်မပေးနိုင်၊ အဖကလည်း လုပ်မပေးနိုင်၊ အခြားဆွေမျိုးများကလည်း လုပ်မပေးနိုင်ကြ၊ ကောင်းစွာစောင့်ရှောက်ထားအပ်သော စိတ်ကသာ မိဘဆွေမျိုးတို့ထက် ပိုလွန်၍ ဘဝတိုင်းမှာ ချမ်းသာရအောင် ပြုပေးနိုင်ပေသည်။ (ဘဝတိုင်းမှာ ချမ်းသာရလိုက စိတ်ကို ကောင်းအောင်ပြုပြင်ပါ။)

**လင်္ကာ** လူနတ်နိဗ္ဗာန်, ချမ်းသာမှန်ကို, ဧကန်ရစေ, ရှောက်ပစေဟု, မိဆွေ ဘမျိုး, မပြုရိုးတည်း၊ ကောင်းကျိုးမျှော်လတ်, စောင့်ရှောက်အပ်သည့်, ကိုယ့်စိတ်ဓာတ်သာ, ပြုရိုးပါတည်း။

# ၄-ပုပ္ဖဝဂ္ဂ

## ၁-ပထဝိကထာပသုတပဥ္စသတဘိက္ခုဝတ္ထု

၄၄။ ကော ဣမံ ပထဝိံ ဝိစေဿတိ , ယမလောကဉ္စ ဣမံ သဒေဝကံ၊
ကော ဓမ္မပဒံ သုဒေသိတံ , ကုသလော ပုပ္ဖမိဝ ပစေဿတိ။

၄၅။ သေခေါ ပထဝိံ ဝိစေဿတိ , ယမလောကဉ္စ ဣမံ သဒေဝကံ၊
သေခေါ ဓမ္မပဒံ သုဒေသိတံ , ကုသလော ပုပ္ဖမိဝ ပစေဿတိ။

**အနက်** ကော-ရဟန်းရှင်လူ, အဘယ်သူသည်၊ ဣမံ ပထဝိံ-ကျယ်ပြန့်ပွားစီး, ဤခန္ဓာကိုယ်တည်းဟူသော မြေကြီးကို၊ ဝိစေဿတိ-ဉာဏ်ဖြင့်ပိုင်ပိုင်, သိမြင်

---

**ဉာတကာ=** [ဉာတိ+က ] ဉာတိယေဝ-ဉာတကော၊ အတ္တ၊ သကတ္ထေ ကော၊ ဓာန်-ဋီ၊ ၂၄၃။
[ √ဉာ+တိ+က ] ဉာယန္တေ အမှာက် ဣမေတိ- ဉာတကာ၊ ဆွေမျိုး၊ သုတ္တနိ-ဋ-၂၊ ၂၃။

**ဉာတိ=** [ √ဉာ+တိ ] အယံ အမှာက် အဇ္ဈတ္တိကောတိ ဉာယတီတိ-ဉာတိ၊ ပု။ နိရုတ္တိ၊ ၅၅၈။ ဉာတီတိ-ဗန္ဓု၊ သော ဟိ "အယံ အမှာက"န္တိ ဉာတဗ္ဗဋ္ဌေန-ဉာတီတိ၊ ဧဝံ ဉာတကော၊ ဆွေမျိုး၊ နိတိ-ဓာ၊ ၅၁။

**သမ္မာပဏိဟိတံ=** [သမ္မာ + ပဏိဟိတ] သမ္မာ အဝိပရီတေန ပဏိဟိတံ-သမ္မာပဏိဟိတံ၊ ကောင်းစွာထားအပ်သော။

**သေယျသော=** [ပသတ္ထ+ဣယ] ပသတ္ထာနံ ဝိသေသောတိ-သေယျော။
[ သေယျ + သော ] သေယျသော၊ ဗျ။ အထူးသဖြင့်မြတ်သော၊ အထူးသဖြင့် ချီးမွမ်းအပ်သော။

၄၄, ၄၅-ပဒဝိဘာဂ

**ဝိစေဿတိ=** [ဝိ √စိ+အ+ဿတိ ] စိစစ်နိုင်လတ္တံ့။

**ယမလောကံ=** [ယမ+လောက ] ယမဿ လောကော, ယမေန အဘိဘူတော လောကောဝါ-ယမလောကော၊ ယမမင်း၏လောက၊ အပါယ်လောက။

ရွေးချယ်နိုင်လတ္တံ့နည်း၊ ကော-ဘယ်လိုနတ်လူ, အဘယ်သူသည်၊ ယမလောကဉ္စ-ယမမင်းမျိုး, အုပ်စိုးပိုင်သ, အပါယ်လောကကိုလည်းကောင်း၊ သဒေဝကံ-ထက်ရပ်စံစား, နတ်ဗြဟ္မာများနှင့် တကွဖြစ်သော၊ ဣမဉ္စ-လူတွေနေကြ, ဤလူ့လောကကိုလည်းကောင်း၊ ဝိစေဿတိ-ဉာဏ်ဖြင့်ပိုင်ပိုင်, စိစစ်သိမြင်နိုင်လတ္တံ့နည်း၊ကုသလော-လိမ္မာကျွမ်းကျင်, ပန်းခြံပိုင်ရှင်သည်၊ ပုပ္ဖံ-ရှုးမည်ရည်မှန်း, လိုရာပန်းကို၊ ပစိနန္တော ဣဝ-သိမြင်အလွယ်, စိစစ်ရွေးချယ်နိုင်သကဲ့သို့၊ ဧဝံ-ဤအတူ၊ ကော-ဗြဟ္မာနတ်လူ, အဘယ်သူသည်၊ သုဒေသိတံ-ကောင်းစွာကျနု, ဟောပြတော်မူအပ်သော၊ ဓမ္မပဒံ-ဗောဓိပက္ခိယ, ဓမ္မအစုကို၊ ပစေဿတိ-သိမြင်အလွယ်, ရွေးချယ်နိုင်လတ္တံ့နည်း။

---

ယမ= [ √ ယမု+အ ] အထဝါ= [ √ ယမ+အ ] ယမမင်း၊ ယမ=(စု) ပရိဿေဝနေ-လုပ်ကျွေးခြင်း၌၊ အပရိဿေဝနေစ-မလုပ်ကျွေးခြင်း၌လည်း၊ (ယမေတိ၊ ယမယတိ။)

လောက= [ √ လုဇ+ဏ ] ဇ-ကို က-ပြု၊ လုဇ္ဇတီတိ-လောကော၊ သတ္တဝါ၊ သင်္ခါရလောက၊ ဓာန်-ဋီ၊ ၉၃။ နီတိ-ဓာ၊ ၁၅။ လုဇ=(ဒိ) ဝိနာသေ-ပျက်စီးခြင်း၌၊ (လုဇ္ဇတိ။)
[ √ လောက+ဏ ] လောကီယတိ ဧတ္ထ ပုညပါပံ တဗ္ဗိပါကောစာတိ-သတ္တော လောကော၊ သတ္တလောက။
လောကီယတိ ဝိစိတ္တကာရတော ဒိဿတိ စက္ကဝါဠသင်္ခါတော ဩကာသော လောကော၊ ဩကာသလောက၊ နီတိ-ဓာ၊ ၁၅။ ၂၇၉။ လောက=(ဘူ+စု) ဒဿနေ-ကြည့်ရှုခြင်း၌၊ (လောကတိ၊ လောကေတိ၊ လောကယတိ။)

သဒေဝကံ= [ သဟ+ဒေဝ ] သဟ ဒေဝေဟိ ယော ဝတ္တတီတိ-သဒေဝကော၊ နတ်ဗြဟ္မာနှင့် တကွဖြစ်သော။

ဓမ္မပဒံ= [ ဓမ္မ+ပဒ ] ဓမ္မောယေဝ ပဒံ-ဓမ္မပဒံ၊ ဓမ္မဿဝါ ပဒံ-ဓမ္မပဒံ၊ ဓမ္မေန သဥ္ပိတံဝါ ပဒံ-ဓမ္မပဒံ၊ တရားအဖို့အစု။

သုဒေသိတံ= [ သု+ဒေသိတ ] သုဋ္ဌု ဒေသိတံ-သုဒေသိတံ၊ ကောင်းစွာဟောတော်မူအပ်သော။

ဒေသိတ= [ √ ဒိသ+တ ] အဒေသီယိတ္ထာတိ-ဒေသိတံ၊ ဟောတော်မူအပ်သော၊ ဒိသ=(စု) ဥစ္စာရဏေ-ရွတ်ဆိုဟောကြားခြင်း၌၊ (ဒေသေတိ၊ ဒေသယတိ။)

ကုသလော= [ √ ကုသ+အလ ] ကုသ-သိလေသနေ၊ အလော၊ ဓာန်-ဋီ၊ ၇၂၀၊ လိမ္မာသော၊ ကျွမ်းကျင်သော၊ လူလိမ္မာ၊ ပညာတတ်။ ကုသ=(ဒိ) သိလေသနေ-ငြိကပ်ခြင်း၌၊ (ကုဿတိ။)

ပုပ္ဖံ= [ √ ပုပ္ဖ+အ ] ပုပ္ဖတီတိ-ပုပ္ဖံ၊ ဓာန်-ဋီ၊ ၅၄၅။ ပန်း။ ပုပ္ဖ=(ဘူ) ဝိကသနေ-ပွင့်ခြင်း၌၊ (ပုပ္ဖတိ။)

ပစေဿတိ= [ ပ √ စိ+အ+ဿတိ ] ရွေးချယ်စိစစ်နိုင်လတ္တံ့၊ ထိုးထွင်းသိမြင်နိုင်လတ္တံ့၊ မျက်မှောက်ပြုနိုင်လတ္တံ့။

သေခေါ-သိက္ခာသုံးဝ, ကျင့်နေကြ၍, သေခခေါ်ဆို ခုနစ်ယောက်သော အရိယ ပုဂ္ဂိုလ်သည်၊ ဣမံ ပထဝိံ-ကျယ်ပြန့်ပွားစီး, ဤခန္ဓာကိုယ်တည်းဟူသော မြေကြီးကို၊ ဝိစေဿတိ-ဤကာယမှ, ရာဂပယ်လွှင့်, ဉာဏ်ဖြင့်ပိုင်ပိုင်, စိစစ်ရွေးချယ်နိုင်လတ္တံ့၊ သေခေါ-သိက္ခာသုံးဝ, ကျင့်နေကြ၍, သေခခေါ်ဆို, ခုနစ်ယောက်သောအရိယပုဂ္ဂိုလ်သည်၊ ယမ လောကဉ္စ-ယမမင်းမျိုး, အုပ်စိုးပိုင်သ, အပါယ်လောကကိုလည်းကောင်း၊ သဒေဝကံ-ထက်ရပ်စံစား, နတ်ဗြဟ္မာများနှင့် တကွဖြစ်သော၊ ဣမဉ္စ-လူတွေနေကြ, ဤလူ့လောက ကိုလည်းကောင်း၊ ဝိစေဿတိ-ဉာဏ်ဖြင့်ပိုင်ပိုင်, စိစစ်သိမြင်နိုင်လတ္တံ့၊ ကုသလော-လိမ္မာကျွမ်းကျင်, ပန်းခြံပိုင်ရှင်သည်၊ ပုပ္ဖံ-ရူးမည်ရှည်မှန်း, လိုရာပန်းကို၊ ပစိနန္တော ဣဝ-သိမြင်အလွယ်, စိစစ်ရွေးချယ်နိုင်သကဲ့သို့၊ ဧဝံ-ဤအတူ၊ သေခေါ-သိက္ခာသုံးဝ, ကျင့်နေကြ၍, သေခခေါ်ဆို, ခုနစ်ယောက်သော အရိယပုဂ္ဂိုလ်သည်၊ သုဒေသိတံ-သေချာကျန, ဟောပြတော်မူအပ်သော၊ ဓမ္မပဒံ-ဗောဓိပက္ခိယ, ဓမ္မအစုကို၊ ပစေဿတိ-ဉာဏ်ဖြင့် ဆင်ခြင်, သိမြင်အလွယ်, စိစစ်ရွေးချယ်နိုင်လတ္တံ့။

**မြန်မာပြန်** အဘယ်သူသည် ဤခန္ဓာကိုယ်ဟူသောမြေကြီးကို ဉာဏ်ဖြင့်ဝေဖန် သိမြင်နိုင်မည်နည်း၊ အဘယ်သူသည် အပါယ်လေးရွာ နတ်ဗြဟ္မာနှင့်တကွဖြစ်သော ဤလူ့ဘုံကို စိစစ်သိမြင်နိုင်မည်နည်း၊ နားလည်ကျွမ်းကျင်သော ပန်းခြံပိုင်ရှင်သည် ရူးသင့် မရူးသင့်သော ပန်းတို့ကို စိစစ်ရွေးချယ်နိုင်သကဲ့သို့ အဘယ်သူသည် ကောင်းစွာဟောတော်မူထားသော ဗောဓိပက္ခိယတရားအစုကို ဉာဏ်ဖြင့် စိစစ်ဆင်ခြင် သိမြင်နိုင်မည်နည်း။

သေက္ခပုဂ္ဂိုလ်သည် ဤခန္ဓာကိုယ်တည်းဟူသော မြေကြီးကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်စိစစ်နိုင်လတ္တံ့၊ အပါယ်လေးပါး နတ်ဗြဟ္မာများနှင့်တကွဖြစ်သော ဤလူ့ဘုံကို သေက္ခပုဂ္ဂိုလ်သည် ဝေဖန်သိမြင်နိုင်လတ္တံ့၊ ကျွမ်းကျင်နားလည်သော ပန်းခြံပိုင်ရှင်သည် ရူးသင့်မရူးသင့်သော ပန်းတို့ကို စိစစ်ရွေးချယ်နိုင်သကဲ့သို့ ကောင်းစွာဟောထားသော ဗောဓိပက္ခိယတရားအစုကို သေက္ခပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် စိစစ်ရွေးချယ်နိုင်လတ္တံ့။

**လင်္ကာ** ကိုယ်ဟုခေါ်မှတ်, ဤမြေဓာတ်နှင့်, လေးရပ်အပါယ်, နတ်နယ်ဗြဟ္မာ, ဤလူ့ရွာကို, ဉာဏ်မှာထင်ထင်, ဘယ်သူမြင်လိမ့်၊ ခြံရှင်ဉာဏ်ရှိ, ပန်းစုံသိသို့, နှိုင်းညှိဟောထား, မြတ်တရားကို, ပိုင်းခြားထိမိ, ဘယ်သူသိလိမ့်။

မှတ်သိထိုထို, ကိုယ်ဟုခေါ်မှတ်, ဤမြေဓာတ်နှင့်, လေးရပ်အပါယ်, နတ်နယ်ဗြဟ္မာ, ဤလူ့ရွာကို, ဉာဏ်မှာထင်ထင်, ကျင့်သူမြင်လိမ့်၊ ခြံရှင်ဉာဏ်ရှိ, ပန်းစုံသိသို့, နှိုင်းညှိဟောထား, မြတ်တရားကို, ပိုင်းခြားထိမိ, ကျင့်သူသိလိမ့်။

---

**သေခေါ**= [ √သိက္ခ+ဏ ] သိက္ခတီတိ-သေခေါ၊ ဣတိဝုတ်-၅၊ ဖ၁။ က-အက္ခရာကို ချေ၊ နီတိ-ဓာ၊ ၂၄။ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်၊ သိက္ခ=(ဘူ) ဝိဇ္ဇောပါဒါနေ-ပညာအတတ်ကို ကပ်၍ယူခြင်း၌၊ (သိက္ခတိ။)

## ၂-မရီစိကမ္မဋ္ဌာနိကတ္ထေရဝတ္ထု

၄၆။ ဖေဏူပမံ ကာယမိမံ ဝိဒိတွာ , မရီစိဓမ္မံ အဘိသမ္ဗုဓာနော၊
ဆေတွာန မာရဿ ပပုပ္ဖကာနိ , အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ။

(အနက်) ဣမံ ကာယံ-ကေသာအစ, မုတ္တအဆုံး, ပေါင်းစုရုံးရာ, ဤကိုယ်ခန္ဓာကို၊ ဖေဏူပမံ-ဖြစ်ပျက်မစဲ, ရေမြှုပ်စိုင်ခဲနှင့်တူ၏ဟူ၍၊ ဝိဒိတွာ-ဉာဏ်ဖြင့်ဆင်ခြင်, သိမြင်ပြီး၍၊ မရီစိဓမ္မံ-ဝေးကကြည့်လျှင်, ရုပ်သွင်ထင်လည်း, နီးလျှင်ပျောက်တတ်, တံလျှပ်သဘောရှိ၏ဟူ၍၊ အဘိသမ္ဗုဓာနော-ဉာဏ်ဖြင့်ဆင်ခြင်, သိမြင်သောသူသည်၊ မာရဿ-ကိုယ်တွင်းဘေးရန်, ကိလေသာမာရ်၏၊ ပပုပ္ဖကာနိ-များပြားပေါ်ယယ်, ပန်းသဖွယ်သို့, ဆန်းကြယ်ထူးခြား, တေဘူမကဝဋ္ဋတရားတို့ကို၊ ဆေတွာန-အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, ပယ်ဖျက်သီးသီး, ဖြတ်တောက်ပြီး၍၊ မစ္စုရာဇဿ-သတ္တဝါမှန်က, မလွတ်ရအောင်, နိစ္စဖိညှဉ်း, ရှင်သေမင်း၏၊ အဒဿနံ-မမြင်ရာမှန်, မြတ်နိဗ္ဗာန်သို့၊ ဂစ္ဆေ-မလွဲသေချာ, ရောက်နိုင်ရာ၏။

---

### ၄၆-ပဒဝိဘာဂ

**ဖေဏူပမံ=** [ဖေဏ+ဥပမာ] ဖေဏော ဥပမာ ယဿာတိ-ဖေဏူပမော၊ ရေမြှုပ်ဟူသော ဥပမာရှိသော၊ ရေမြှုပ်နှင့်တူသော။

**ဖေဏ=** [ √ဖီ+ယု] ဖီဓာတု ပန ဖေနန္တိ အာဒီသု ဥန္နတမှိ ဟောတိ၊ တတ္ထ ဟိ ဖီယတိ ဥဒ္ဓံ ဂစ္ဆတိ ဥန္နမတီတိ-ဖေဏ၊ ဥဒကဖေဏောတိ အတ္ထော၊ ဖီဓာတု ယုပစ္စယော၊ ဓ-ဋီ။ ရေမြှုပ်။ (ဓာတ်ကျမ်းများ၌ ဖီ-ဓာတ်ကို မတွေ့ရ၊ ဖာယီ-ဓာတ်ကိုသာ တွေ့ရသည်။)

ဤ၌ နပုံလိင်ဖြင့်ပြထားသော်လည်း သက္ကတအဘိဓာန်များမှာ ပုံလိင်ဖြင့်သာ တွေ့ရသည်။

ဖေဏ-ဖေန။ ပု ။ [ √ဖာယီ+န] ဖာယ-ကို ဖေ-ပြု၊ ကောတ္ထုဘာ။ ဖာယီ=(ဘူ) ဝုဒ္ဓိယံ-ကြီးပွားခြင်း၌၊ (ဖာယတိ။)

**မရီစိဓမ္မံ=** [မရီစိ+ဓမ္မ] မရီစိဓမ္မော ယဿာတိ-မရီစိဓမ္မော= ကာယော၊ တံလျှပ်သဘောရှိသော၊ တံလျှပ်နှင့်တူသော။

**မရီစိ=** [ √ မရ+ဤစိ ] မာရေတိ အန္ဓကာရံ ဝိနာသေတီတိ-မရီစိ= ရံသိ, မိဂတဏှိကာစ၊ အရောင်, တံလျှပ်၊ ထီ+ပု ။ မောဂ်-၇၊ ၄၀။ ဓာန်-ဋီ၊ ၆၄၊ ၆၅-ကိုလည်းရှု။

မိယန္တေ ခုဒ္ဒကဇန္တဝေါ အနေနာတိ-မရီစိ၊ အရောင်၊ ဤသို့လည်း ဝိဂ္ဂဟပြုကြသေး၏။

**အဘိသမ္ဗုဓာနော=** [အဘိ+သံ √ ဗုဓ+အာန] အဘိသမ္ဗုဇ္ဈတီတိ-အဘိသမ္ဗုဓာနော၊ သိသော၊ ဗုဓ=(ဘူ+ဒိ) ဉာဏေ-သိခြင်း၌၊ (ဗောဓတိ၊ ဗုဇ္ဈတိ။)

**ဆေတွာန=** [ √ ဆေ+တွာန ] ဖြတ်၍၊ ဆေ=(ဒိ) ဆေဒနေ-ဖြတ်ခြင်း၌၊ (ဆိယတိ။)

**ပပုပ္ဖကာနိ=** [ ပ+ပုပ္ဖ ] ဘုသံ ပုပ္ဖံ-ပပုပ္ဖံ၊ များပြားသောပန်း၊ ပပုပ္ဖကာနိဝိယာတိ-ပပုပ္ဖကာနိ၊ များပြားသောပန်းနှင့်တူသော တေဘူမကဝဋ္ဋတရားများ။

မြန်မာပြန်　ဤခန္ဓာကိုယ်သည် ရေမြှုပ်သဖွယ် ပျက်စီးလွယ်၏ဟု သိမြင်ပြီးလျှင် တံလျှပ် အလား နှစ်သားမပါ အချည်းနှီးသာဟု သိမြင်သူသည် မာရ်မင်း၏ ဆန်းကြယ် များပြား ပန်းများသဖွယ်ဖြစ်၍နေသော သံသရာဝဋ်တရားတို့ကို အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ဖြတ်တောက်၍ သေမင်းမမြင်ရာ နိဗ္ဗာန်သို့ ရောက်နိုင်ရာ၏။

လက်ာ　ဤကိုယ်သည်ကား, ရေမြှုပ်လားသို့, လျင်လျားခဏ, ပျက်လွယ်လှ၏၊ ဝေးက ကြည့်လျှင်, ရုပ်သွင်ထင်လည်း, နီးလျှင်ပျောက်သွား, တံလျှပ်လားသို့, နှစ်သားမပါ, ချည်းနီးသာတည်း၊ သို့သာသိမူ, မာရ်ပန်းဟူသည့်, သုံးဆူဝဋ်ရင်း, ကုန်ဖြတ်ရှင်း၍, သေမင်းမမြင်, နိဗ္ဗာန်ဝင်၏။

## ၃-ဝိဋ္ဌျာဝတ္ထု

၄၇။ ပုပ္ဖာနိဟေဝ ပစိနန္တံ , ဗျာသတ္တမနသံ နရံ၊
သုတ္တံ ဂါမံ မဟောဃောဝ , မစ္စု အာဒါယ ဂစ္ဆတိ။

အနက်　ပုပ္ဖာနိ-ပန်းမျိုးစုံလင်, ပန်းဥယျာဉ်ဝယ်, ပင်တိုင်းတင့်ဆန်း, ပွင့်နေသော ပန်းတို့ကို၊ ပစိနန္တံ ဣဝ-တစ်ပင်စွန့်ခွာ, တစ်ပင်လာ၍, ကောင်းရာရွေးယူ, ဆွတ်ခူးနေသောသူကဲ့သို့၊ ဗျာသတ္တမာနသံ-ကာမဂုဏ်ငါး, အာရုံများဝယ်, တစ်ပါးစွန့်ကာ, တစ်ပါးရာလျက်, လွန်စွာငြိကပ်သောစိတ်ရှိနေသော၊ နရံ-မေ့လျော့လွန်စွာ, သတ္တဝါကို၊ သုတ္တံ ဂါမံ-မေ့လျော့ပေါ့ဆ, အိပ်မောကျနေသော တစ်ရွာလုံးကို၊ မဟောဃော-ချောင်းဦးမြစ်ဖျား, မိုးရွာများ၍, ကမ်းပါးလျှံစီး, ပြင်းထန်သောရေလျဉ်ကြီးသည်၊ အာဒါယ ဂစ္ဆတိ ဣဝ-အကုန်ယူကာ, သွားလေပါသကဲ့သို့၊ ဧဝံ-ဤအတူ၊ မစ္စု-သတ္တဝါမှန်လျှင်, မချန်ဖိညှဉ်း, ရှင်သေမင်းသည်၊ အာဒါယ-ယူ၍၊ ဂစ္ဆတိ-သွားလေတော့၏။

---

**အဒဿနံ**= [န+ဒဿန] န ဒဿနံ-အဒဿနံ၊ မမြင်ရာနိဗ္ဗာန်။

**ဒဿန**= [ √ ဒိသ+ယု] ပဿီယတိ ဧတ္ထာတိ-ဒဿနံ၊ မြင်အပ်ရာအရပ်။

**မစ္စုရာဇဿ**= [မစ္စု+ရာဇ] မစ္စုယေဝ ရာဇာ-မစ္စုရာဇာ၊ သေမင်း။

**ရာဇ**= [ √ ရာဇ+အ] နာနာသမ္ပတ္တိဟိ ရာဇတိ ဒိဗ္ဗတိ ဝိရောစတီတိ-ရာဇာ၊ နီတိ-ဓာ၊ ၄၆။
အတိတေဇဝန္တတာယ ဝိသေသေန ရာဇတေ ဒိဗ္ဗတေတိ-ရာဇာ၊ မင်း၊ ဓာန်-ဋီ၊ ၃၃၃။
ရာဇ=(ဘူ) ဒိတ္တိယံ-ထွန်းပခြင်း၌၊ (ရာဇတိ။)
[ √ ရန္ဇ+ဏ] ဒါနဥ္စ ပိယဝစနဥ္စ အတ္ထစရိယာစ သမာနတ္တတာစာတိ ဣမေဟိ စတူဟိ သင်္ဂဟဝတ္ထူဟိ အတ္တနိ မဟာဇနံ ရဉ္ဇေတီတိပိ-ရာဇာ၊ မင်း၊ နီတိ-ဓာ၊ ၄၆။

## ၄၇-ပဒဝိဘာဂ

**ပစိနန္တံ**= [ပ √ စိ+နာ+အန္တ] စိစစ်သော၊ ရွေးချယ်သော၊ ဆွတ်ခူးသော။

**ဗျာသတ္တမာနသံ**= [ဗျာသတ္တ+မာနသ] ဗျာသတ္တံ မာနသံ ယဿာတိ-ဗျာသတ္တမာနသော၊ ငြိကပ်သောစိတ်ရှိသော-သူ။

(မြန်မာပြန်) ပန်းမျိုးစုံလင် ပန်းဥယျာဉ်သို့ဝင်၍ ကောင်းနိုးရာရာပန်းများကို ရွေးချယ်ခူးယူနေသကဲ့သို့ ကာမဂုဏ်ငါးပါး အာရုံများကို ကောင်းနိုးရာရာ ရွေးချယ်လျက် လွန်စွာငြိကပ် စွဲလမ်းနေသော သတ္တဝါအပေါင်းကို အိပ်ပျော်နေသော ရွာ(သူရွာသားများ)ကို ကြီးစွာသောရေအလျဉ်က လွှမ်းမိုးယူဆောင်သွားသကဲ့သို့ သေမင်းက ယူဆောင်သွားလေတော့၏။

(လင်္ကာ) တစ်ပင်စွန့်ခွာ, တစ်ပင်လာ၍, ကြိုက်ရာရွေးယူ, ပန်းခူးသူသို့, ဆွယ်မြူနှိုးဆွ, ငါးကာမဝယ်, ရပြီးကားရိုး, နောက်တစ်မျိုးကို, ကောင်းနိုးထင်လျက်, စိတ်တပ်မက်၍, ဆက်ကာဆက်ကာ, ဖွေရှာရယူ, မေ့လျော့သူကို, တောထူမြစ်ဖျား, မိုးရွာများ၍, ရေအားလျှံကာ, အိပ်ပျော်ရွာကို, လွှမ်းကာယူဆောင်, သွားသည့်ယောင်သို့, ရှောင်သွေမကွင်း, ရှင်သေမင်းသည်, အပြင်းဆောင်ကာ, ယူသွားပါ၏။

## ၄-ပတိပူဇိကကုမာရိဝတ္ထု

၄၈။ ပုပ္ဖာနိဟေဝ ပစိနန္တံ , ဗျာသတ္တမနသံ နရံ၊
အတိတ္တံယေဝ ကာမေသု , အန္တကော ကုရုတေ ဝသံ။

(အနက်) ပုပ္ဖာနိ-ပန်းမျိုးစုံလင်, ပန်းဥယျာဉ်ဝယ်, ပင်တိုင်းတင့်ဆန်း, ပွင့်နေသောပန်းတို့ကို၊ ပစိနန္တံ ဣဝ-တစ်ပင်စွန့်ထား, တစ်ပင်သွား၍, ကောင်းကြားရွေးယူ, ဆွတ်ခူးနေသောသူကဲ့သို့၊ ဗျာသတ္တမာနသံ-ငါးကာမဂုဏ်, များအာရုံကို, ပွားထုံတပ်ကာ,

---

**ဗျာသတ္တ**= [ဝိ+အာ √ သဉ္ဇ+တ] ဝိသေသေန အာသဇ္ဇတီတိ-ဗျာသတ္တံ၊ အထူးအားဖြင့်ကပ်ငြိသော၊ သဉ္ဇ+သန္န+သဇိ=(ဘူ) သင်္ဂေ-ငြိကပ်ခြင်း၌၊ (သဇ္ဇတိ။)

**မာနသံ**= [မန+ဏ] သ-လာ၊ (ဓာန်-ဋီ၊ ၁၅၂-၌ သကတ္တေ သဏ်၊ သူစ်-၌ သကတ္တေ သော-ဟူ၏။) မနောယေဝ-မာနသံ၊ စိတ်။

**ဂါမံ**= [ √ ဂါ+မ] ဂါယန္တိ ဧတ္ထာတိ-ဂါမော= သံဝသထော၊ ရွာ၊ မောဂ်-၇၊ ၁၃၆။ ဂါ=(ဘူ) သဒ္ဒဂတီသု-အသံပြုခြင်း, သွားခြင်းတို့၌၊ (ဂါယတိ။)

[ √ ဂသ+မ] ဂသန္တိ ဧတ္ထာတိ-ဂါမော၊ ရွာ၊ ဓာန်-ဋီ၊ ၂၂၅။ ဂသ=(ဘူ+စု) အဒနေ-စားခြင်း၌၊ (ဂသတိ၊ ဂသယတိ။)

**မဟောဃော**= [မဟန္တ+ဩဃ] မဟန္တော ဩဃော-မဟောဃော၊ ကြီးသောရေအလျဉ်။

**မဟန္တ**= [ √မဟ+အန္တ] မဟတီတိ-မဟန္တော၊ မြတ်သော၊ များသော၊ ရူ၊ ၆၄၆။ မဟ=(ဘူ+စု) ပူဇာယံ-ပူဇော်ခြင်း၌၊ (မဟတိ၊ မဟေတိ၊ မဟယတိ။)

**အာဒါယ**= [အာ √ ဒါ+တွာ] ယူ၍၊ ဆောင်ယူ၍၊ ရူ၊ ၆၄၁။

### ၄၈-ပဒဝိဘာဂ

**အတိတ္တံ**= [န+တိတ္တ] န တိတ္တံ-အတိတ္တံ၊ မတင်းတိမ်သော၊ မရောင့်ရဲသော။

**တိတ္တ**= [ √တိပ+တ] တိပ္ပတီတိ-တိတ္တော၊ နှစ်သက်သော၊ တင်းတိမ်သော၊ ရောင့်ရဲသော၊ တိပ=(ဒိ) ပီဏနေ-နှစ်သက်ရောင့်ရဲခြင်း၌၊ (တိပ္ပတိ။)

အရရှာလျက်, လွန်စွာငြိကပ်သောစိတ်ရှိသော၊ ဝါ–မရတောင့်တ, ရကြောင့်ကြဖြင့်, ကာမ အာရုံ, အစုံမက်မော, ငြိကပ်သောစိတ်ရှိနေသော၊ နရံ–ကာမဂုဏ်နောက်, အာရုံရောက် သဖြင့်, ကွယ်ပျောက်ချမ်းသာ, သတ္တဝါကို၊ ကာမေသု–ဝတ္ထုကိလေ,နှစ်ထွေသောကာမတို့၌၊ အတိတ္တံ–ရှာလိုက်ရလိုက်, သုံးဆောင်လိုက်နှင့်, စုလိုက်မငြိမ်, မတင်းတိမ်သည်၊ သမာနံဝေ– ဖြစ်နေစဉ်သာလျှင်၊ အန္တကော–ဘဝညွှန့်တုံး, အဆုံးပြုညှဉ်း, ရှင်သေမင်းသည်၊ ဝသံ– သေရခြင်းဆို, သူ့အလိုကို၊ ကုရုတေ–ချိန်ခါသင့်က, နှေးဖင့်မနေ, ပြုလုပ်လေ၏။

**မြန်မာပြန်** ပန်းဥယျာဉ်ထဲဝယ် ပန်းများကို ရွေးချယ်ခူးယူနေသူကဲ့သို့ ငါးပါးအာရုံ ကာမဂုဏ်ဝယ် (ကောင်းနိုးရာရာ ခံစားလျက်) လွန်စွာငြိကပ် စွဲလမ်း နေသော သတ္တဝါအပေါင်းသည် ကာမဂုဏ်ခံစား၍ မတင်းတိမ်မရောင့်ရဲမီပင် သေမင်း ဆောင်ရာ လိုက်ပါကြရတော့သည်။

**လင်္ကာ** ကိုင်လိုက်လွှတ်လိုက်, ကြိုက်ရာရွေးယူ, ပန်းခူးသူသို့, ဆွယ်မြူနှိုးဆွ, ငါးကာ မဝယ်, ရပြီးကားရိုး, နောက်တစ်မျိုးကို, ကောင်းနိုးထင်လျက်, စိတ်တပ်မက်၍, ဆက်ကာဆက်ကာ, ဖွေရှာမျိုးစုံ, ကာမဂုဏ်ကို, စုံစုံမက်မက်, နှစ်သက်လိုချင်, လူများ ဖြင်သည်, လိုအင်ဆန္ဒ, မပြည့်ဝခင်, သေမင်းငင်ရာ, လိုက်ရပါ၏။

## ၅–မစ္ဆရိယကောသိယသေဋ္ဌိဝတ္ထု

၄၉။ ယထာပိ ဘမရော ပုပ္ဖံ , ဝဏ္ဏဂန္ဓမဟေဌယံ၊
ပလေတိ ရသမာဒါယ , ဧဝံ ဂါမေ မုနီ စရေ။

---

[ √ တိသ+တ ] တိသတီတိ–တိတ္တော၊ တိသ=(ဘု) တိတ္တိယံ–ရောင့်ရဲခြင်း၌၊ (တိသတိ။)

**အန္တကော=** [အန္တ √ကရ+ရ] အန္တံ ကရောတီတိ–အန္တကော= မစ္စု၊ ရူ၊ ၅၉၅။ အန္တံ အန္တကံ လာမကဘာဝံ ကရောတီတိ–အန္တကော= မစ္စုရာဇာ၊ ခံ–မဟာဋီ။ သေမင်း၊ လောကာနံ အန္တံ ဝိနာသံ ကရောတီတိ–အန္တကော၊ မာရ်နတ်၊ ဓာန်–ဋီ၊ ၄၂။

**ကုရုတေ=** [ √ကရ+ဩ+တေ ] ကရဓာတ်၏ အ–နှင့် ဩ–ပစ္စည်းတို့ကို ဥ–ပြု၊ ကုရုတေ– ပြု၏၊ ကစ္စည်း၊ ၅၁၁၊ ၅၁၂။

**ဝသံ=** [ √ဝသ+အ ] ဝသ–ကန္တိယံ၊ အ၊ ဓာန်–ဋီ၊ ၇၆၂။ အလို၊ အာသာ။

### ၄၉–ပဒဝိဘာဂ

**ဘမရော=** [ √ဘမ+အရ] ဘမတီတိ–ဘမရော= မဓုကရော၊ ပျား၊ ပိတုန်း၊ မောဂ်–၇၊ ၁၅၉။ ပုပ္ဖမတ္တကေ ဘမတီတိ–ဘမရော၊ ဓာန်–ဋီ၊ ၆၃၆။ ဘမ+ဘမု=(ဘု) အနဝဋ္ဌာနေ– မရပ်မတည် လည်ခြင်း၌၊ (ဘမတိ။)

**ဝဏ္ဏဂန္ဓံ=** [ √ဝဏ္ဏ+ဂန္ဓ ] ဝဏ္ဏောစ ဂန္ဓောစာတိ–ဝဏ္ဏဂန္ဓံ၊ အဆင်းအနံ့၊ အဆင်းနှင့်အနံ့။

**အနက်** ဘမရော-ပန်းမှာနားလျက်, ပန်းဝတ်ရက်ကို, စွဲမက်စားသုံး, ပျားပိတုန်းသည် ပုပ္ဖ-ပွင့်လန်းတင့်ဆန်း, မိမိနားရာ ပန်းကိုလည်းကောင်း၊ ဝဏ္ဏဂန္ဓံပိ-လှပ သင်းပျံ့, ဆင်းယန့်ကိုလည်းကောင်း၊ အဟေဌယံ-နဂိုရှိရင်း, ချို့ယိုယွင်းအောင်, မညှဉ်းဆဲ မပျက်စီးစေဘဲ၊ ရသံ-မိမိနှစ်သက်, ပန်းဝတ်ရက်ကို၊ အာဒါယ-သောက်စားအချို့, အချို့ ကိုမူ, ရအောင်ယူ၍၊ ပလေတိယထာ-အုံပြုကြီးပမ်း, ကိုယ့်စခန်းသို့, ဖြောင့်တန်းလျင်လျား, ပျံသန်းသွားသကဲ့သို့၊ ဧဝံ-ဤအတူ၊ မုနိ-သိဉာဏ်ပြည့်ဖြိုး, ရဟန်းမျိုးသည်၊ ဂါမေ-မိမိမှီရာ, မြို့ကျေးရွာ၌၊ စရေ-လှူဒါန်းဒကာ, စေတနာနှင့်, ဥစ္စာလျော့ပါး, မပျက် ပြားအောင်, ခံဆောင်ယူကာ, ကျင့်သုံးရာ၏။

---

**ဝဏ္ဏ=** [ √ဝဏ္ဏ+ဏ ] ဝဏ္ဏေတိ ဝိကာရမာပဇ္ဇမာနံ ဟဒယင်္ဂတဘာဝံ ပကာသေတီတိ-ဝဏ္ဏော= ရူပါယတနံ၊ အဆင်း၊ နီတိ-ဓာ၊ ၃၀၀။ ဝဏ္ဏ=(စု) ဝဏ္ဏကိရိယာ ဝိတ္ထာရ ဂုဏဝစနေသု-ချီးမွမ်းခြင်း, ပြုခြင်း, ချဲ့ဖွင့်ခြင်း, ကျေးဇူးဆိုခြင်းတို့၌၊ ( ဝဏ္ဏေတိ၊ ဝဏ္ဏယတိ။)

**ဂန္ဓ=** [ √ဂန္ဓ+အ ] ဂန္ဓယတီတိ-( ပြတတ်သောကြောင့်၊) ဂန္ဓော၊ အတ္တနော ဝတ္ထုံ သူစယတိ ဣဒံ သုဂန္ဓံ ဣဒံ ဒုဂ္ဂန္ဓန္တိ ပကာသေတိ, ပဋိစ္ဆန္နံ ဝါ ပုပ္ဖဖလာဒိံ ဣဒမေတ္ထ အတ္ထီတိ ပေသုညံ ကရောန္တော၀ိယ အဟောသီတိ အတ္ထော၊ အထဝါ= ဂန္ဓယတိ ဆိန္ဒတိ မနာပ ဂန္ဓော သုဂန္ဓဘာဝေန ဒုဂ္ဂန္ဓံ, အမနာပဂန္ဓော စ ဒုဂ္ဂန္ဓဘာဝေန သုဂန္ဓန္တိ-ဂန္ဓော။ ဂန္ဓ=(စု) သူစနေ-ပြခြင်း၌၊ ဆေဒနဟိံသနေသု စ-ဖြတ်ခြင်း, ညှဉ်းဆဲခြင်းတို့၌လည်း၊ (ဂန္ဓေတိ၊ ဂန္ဓယတိ။)

[ √ ဂမု+က ] ဂမု-ဓာတ်ကို ဂန္ဓ-ပြု၊ တံတံ ဌာနံ ဝါတေန ဂစ္ဆတီတိ-ဂန္ဓော၊ ကစ္စည်း၊ ၆၆၄။ ဝါယုနာ ဝါ နီယမာနော ဂစ္ဆတီတိ-ဂန္ဓော။

[ √ဂမု √ ဓာ+အ ] မ-ကို န-ပြု၊ အထဝါ= ဂစ္ဆန္တော ဓရိယတေ သောတိ-(သွားလျက်ဆောင်အပ်သောကြောင့်၊) ဂန္ဓော။

ဂန္ဓဓာတုဝသာ စာပိ , ဂမုဓာတုဝသေန ဝါ၊
ဂမု ဓာဓာတုတော ဝါပိ , ဂန္ဓသဒ္ဒဂတိံ ဝဒေ။ နီတိ-ဓာ၊ ၃၇၀။

**အဟေဌယံ=** [န+ဟေဌယန္တ ] န ဟေဌယန္တော-အဟေဌယန္တော၊ မညှဉ်းဆဲ မနှိပ်စက်တတ်သော။

**ဟေဌယန္တ=** [ √ဟေဌ+ဏယ+အန္တ ] ဟေဌယတီတိ-ဟေဌယန္တော၊ နှိပ်စက်ညှဉ်းဆဲတတ်သော၊ ဟေဌ=(ဘူ+စု) ဝိဗာဓာယံ-နှိပ်စက်ညှဉ်းဆဲခြင်း၌၊ (ဟေဌတိ၊ ဟေဌေတိ၊ ဟေဌယတိ။)

**ပလေတိ=** [ √ပလ+ဏေ+တိ ] ပျံသွား၏၊ ပလ=(ဘူ+စု ) ဂတိ ရက္ခဏေသု-သွားခြင်း, စောင့်ရှောက်ခြင်းတို့၌၊ (ပလတိ၊ ပလေတိ၊ ပလယတိ။)

**ရသံ=** [ရသ+အ ] ရသန္တိ တံ အဿာဒေန္တီတိ-(သာယာအပ်သောကြောင့်၊) ရသော၊ အဝုတ္တ ကမ္မသာဓနေ။ ရသ=(ဘူ+စု) အဿာဒသိနေဟေသု-သာယာခြင်း, စေးကပ်ခြင်းတို့၌၊ (ရသတိ၊ ရသေတိ၊ ရသယတိ။)

**မြန်မာပြန်** ပျားပိတုန်းသည် ပန်းပွင့်နှင့်အဆင်းအနံ့တို့ကို မပျက်စီးစေဘဲ ပန်းဝတ်ရည်ကို စုပ်ယူပျံသန်းသွားသကဲ့သို့ ရဟန်းသည် မြို့သူမြို့သား, ရွာသူရွာသားတို့၏ သဒ္ဓါတရားနှင့် ပစ္စည်းဥစ္စာတို့ကို မပျက်စီးစေဘဲ ခံယူကျင့်သုံးရာ၏။

**လက်** ဝတ်ရည်သုံးစား, ပိတုန်းပျားသည်, ပွင့်ကားလန်းဆန်း, နားရာပန်းနှင့်, တင့်ဆန်းအဆင်း, ပုံ့သင်းထူးခြား, ပန်းနံ့များကို, ပျက်မသွားအောင်, ဝတ်ရည်ဆောင်ကာ, ပျံသွားပါသို့, ကျင့်မှာဖြောင့်တန်း, ရှင်ရဟန်းသည်, လှူဒါန်းဒကာ, စေတနာနှင့်, ဥစ္စာလျော့ပါး, မပျက်ပြားအောင်, ခံယူဆောင်ကာ, ကျင့်သုံးရာ၏။

## ၆-ပါဝေယျကာဗိဝကဝတ္ထု

၅၀။ န ပရေသံ ဝိလောမာနိ , န ပရေသံ ကတာကတံ၊
အတ္တနောဝ အဝေက္ခေယျ , ကတာနိ အကတာနိ စ။

---

[ √ရမု √အသ+အ ] မ-ကိုချေ၊ ရ-ကိုခွင်း ချေ ကပ်၊ ရမန္တာ တံ အသန္တိတိ-(မွေ့လျော်ပျော်ပါး စားသောက်အပ်သောကြောင့်၊) ရသော၊ အရသာ။ ရမု=(ဘူ) ကီဠာယံ-ကစားပျော်မြူးခြင်း၌၊ (ရမတိ။) အသ=(ဘူ+ကီ) ဘောဇနေ-စားခြင်း၌၊ (အသတိ၊ အသ္နာတိ။)

ရသတာတုဝသာဓေဝ , ရမာသတာတုတောပိစ၊
ရသသဒ္ဒသ္သ နိပ္ဖတ္တိ , အာဟု ဓမ္မရသညုနော။ နီတိ-ဓာ၊ ၃၇၀။

**မုနိ=** [ √မုန+ဣ ] မုနာတီတိ-မုနိ၊ ရူ၊ ၆၇၉။ နီတိ-ဓာ၊ ၂၅၁။ မုန=(ကီ) ဉာဏေ-သိခြင်း၌၊ တုဏှီဘာဝေစ-ဆိတ်ဆိတ်နေခြင်း၌လည်း၊ (မုနာတိ။) အာချာတ်အရာ၌ ဓာတွန်-န အမြဲကျေသည်။

[ √မူ+နာ+ဣ ] အတ္တနော စိတ္တံ မုနာတိ မဝတိ ဗန္ဓတိ ရာဂဒေါသာဒိဝသံ ဂန္တုံ နဒေတီတိ-မုနိ၊ ရသေ့၊ ရဟန်း၊ နီတိ-ဓာ၊ ၂၅၄။ မူ=(ဘူ+ကီ) ဗန္ဓနေ-ဖွဲ့ခြင်း၌၊ (မဝတိ၊ မုနာတိ၊) ရဿပြု။

[မောန+ဤ] ဩ-ကို ဥ-ပြု၊ ဤ-ကို ရဿပြု၊ မောနံ ယဿ အတ္ထီတိ-မုနိ၊ နီတိ-ဓာ၊ ၂၅၁။

**မောန=** [မုနိ+ဏ ] မုနိနော ကမ္မံ-မောနံ၊ စကားမပြောခြင်း၊ ဓာန်-ဋီ၊ ၄၂၉။ မုနိနော ဣဒံ-မောနံ၊ အသိဉာဏ်၊ မဂ်ဉာဏ်။

[ √မု+ယု ] မောနံ ဝုစ္စတိ ဉာဏန္တိဇတ္တ မုဓာတု ဇာနနေ ဟောတိ၊ ဧ-ဋီ။
မုဓာတုယံ ဗန္ဓနေစ , ဇာနနေသမ္မနေရပိ၊ ဧ။

ဓာတ်အရာ၌ မုသဒ္ဒါသည် နှောင်ဖွဲ့ခြင်း, သိခြင်း, ငြိမ်းခြင်းအနက်တို့၌ ဖြစ်၏။

### ၅၀-ပဒဝိဘာဂ

**ပရေသံ=** [ √ပရ+အ ] တစ်ပါးသော၊ လွန်သော၊ နောက်ဖြစ်သော၊ နှောင်းသော၊ မြတ်သော၊ တိ။ သူတစ်ပါး၊ ရန်သူ၊ ပု။ လွန်ခြင်း၊ နု ။

(အနက်) ပရေသံ-မလိုမုန်းထား, သူတစ်ပါးတို့၏၊ ဝိလောမာနိ-မလျော်စော်ကား, နာကျည်းဖွယ်သောစကားတို့ကို၊ န (မနသိကာတဗ္ဗာနိ)-စိတ်ကခံပြင်း, နှလုံးမသွင်းအပ်ကုန်၊ ပရေသံ-နီးဝေးမဟူ, တစ်ပါးသူတို့၏၊ ကတာကတံ-ကောင်းမှုမကောင်းမှု, ပြုမပြုကို၊ န ( ဩလောကေတဗ္ဗံ)-အလုပ်တစ်ခု, ဂရုပြု၍, မရှုမကြည့်ရာ၊ အတ္တနော၀-ဘုရားဆုံးမ, အမှတ်ရဘိ, မိမိ၏သာလျှင်၊ ကတာနိစ-ဝိပဿနာ, ဘာဝနာမှု, ပြုအပ် သည်တို့ကိုလည်းကောင်း၊ အကတာနိ စ-မေ့လျော့ပေါ့ဆ, မပြုရသေးသည်တို့ကိုလည်းကောင်း၊ အဝေက္ခေယျ-မပြတ်သတိ, အမြဲရှိကာ, ကြည့်ရှုဆင်ခြင်ရာ၏။

(မြန်မာပြန်) သူတစ်ပါးတို့က နာကျည်းဖွယ်ရာ ပြောဆိုလာသော စကားတို့ကို နှလုံးမသွင်းသင့်၊ သူတစ်ပါးတို့ ကောင်းမှု မကောင်းမှု ပြုမပြုကိုလည်း ကြည့်ရှုငေးမော၍ မနေသင့်၊ မိမိ၏ သမထဝိပဿနာ ဘာဝနာအလုပ် ပြုလုပ်မှုနှင့် မပြုလုပ်မှုတို့ကိုသာ ကြည့်ရှုဆင်ခြင်ရမည်။

(လင်္ကာ) အများတကာ, ကြမ်းတမ်းစွာလျှင်, ပြောလာစကား, မှတ်မထားသင့်၊ သူများကြီးကုတ်, လုပ်မလုပ်လည်း, စိတ်ရှုပ်ခံကာ, မရှုပါနှင့်၊ ကိုယ်သာပြုမှု, မပြုမှုကို, ကြည့်ရှုဖွေရှာ, စိစစ်ရာ၏။

## ၇-ဆတ္တပါဏိဥပါသကဝတ္ထု

၅၁။ ယထာပိ ရုစိရံ ပုပ္ဖံ , ဝဏ္ဏဝန္တံ အဂန္ဓကံ၊
ဧဝံ သုဘာသိတာ ဝါစာ , အဖလာ ဟောတိ အကုဗ္ဗတော။

၅၂။ ယထာပိ ရုစိရံ ပုပ္ဖံ , ဝဏ္ဏဝန္တံ သဂန္ဓကံ၊
ဧဝံ သုဘာသိတာ ဝါစာ , သဖလာ ဟောတိ ကုဗ္ဗတော။

---

**ဝိလောမာနိ=** [ဝိ+လောမ] ဝိဂတံ လောမံ အတြာတိ-ဝိလောမံ၊ ကောတ္ထုဘာ။ ထောမ၊ ဆန့်ကျင်သော၊ မကောင်းသော၊ ဖောက်ပြန်သော၊ မလျော်သော-(အကျင့်။)

[ဝိလောမ+ဏ+အ] နာမဓာတ်၊ ဝိလောမေတီတိ-ဝိလောမံ၊ ဆန့်ကျင်သော၊ ဖောက်ပြန်သော၊ ဝိလောမဥ္စ ဝိလောမဥ္စ ဝိလောမဥ္စ-ဝိလောမာနိ၊ မလျော်သောအမှုတို့၊ ဆန့်ကျင်သောအမှုတို့။

**ကတာကတံ=** [ကတ+အကတ] ကတဥ္စ တံ အကတဥ္စာတိ-ကတာကတံ၊ (ဝိသေသနောဘယပဒကမ္မဓာရယ၊) ပြုအပ်ပြီး မပြုအပ်သေးသော အမှုကိစ္စ။

**အကတ=** [န+ကတ] န ကတံ-အကတံ၊ မပြုအပ်သေးသော။

### ၅၁, ၅၂-ပဒဝိဘာဂ

**ရုစိရံ=** [√ရုစ+ဣရ] ရောစတီတိ-ရုစိရံ= မနည်း၊ ကောင်းသော၊ တင့်တယ်သော၊ နှစ်သက်ဖွယ်ကောင်းသော၊ မောဂ်-၇၊ ၁၄၉။ ရုစ=(ဘူ) ဒိတ္တိရောစနေသု-ထွန်းပတင့်တယ် ထင်ရှားခြင်း, နှစ်သက်ခြင်းတို့၌၊ (ရောစတိ။)

**အနက်** ရုစိရ်-ရောင်ဆင်းပြည့်ကြွယ်, လှပတင့်တယ်သော၊ ဝဏ္ဏဝန္တံ-အဆင်းပုံဟန်, ပြည့်စုံလွန်သော၊ အဂန္ဓကံ-မွှေးကြိုင်သင်းပျံ့, အနံ့မရှိသော၊ ပုပ္ဖံ-ကသစ်ခေါင်ရမ်း, အစရှိသောပန်းသည်၊ အဖလံ-ဆင်ရသူမှာ, နံ့မဖြာ၍, ဂုဏ်ဝါကင်းဘိ, အကျိုးမရှိသည်၊ ဝါ-ဆင်းသာဝင်းဖြူ, မသင်းကြူ၍, လူထဲ မတိုး, အကျိုး မရှိသည်၊ ယထာ-ဟောတိယထာ-ဖြစ်သကဲ့သို့၊ ဧဝံ-ဤအတူ၊ သုဘာသိတာ-ချိုသာလေးနက်, ဟောမြွက်အပ်သော၊ ဝါစာပိ-သုံးပုံပိဋကတ်, ဘုရားစကားတော်မြတ်သည်လည်း၊ အကုဗ္ဗတော-နာကြားသင်ယူ, လိုက်နာပြုကျင့်မှုကို မပြုသူအတွက်၊ အဖလာ-တစ်စုံတစ်ခုမျှ, အကျိုးမရသည်၊ ဟောတိ-စင်စစ်မသွေ, ဖြစ်ပါပေ၏။

ရုစိရ်-ရောင်ဆင်းပြည့်ကြွယ်, လှပတင့်တယ်သော၊ ဝဏ္ဏဝန္တံ-ပုံဟန်လှဘိ, အဆင်းလည်းရှိသော၊ သဂန္ဓကံ-မွှေးကြိုင်သင်းပျံ့, ကောင်းသောအနံ့လည်းရှိပေသော၊ ပုပ္ဖံ-ကြာညိုမြတ်လေး, ပျံ့မွှေးထူးဆန်း, အမျိုးမျိုးသောပန်းသည်၊ သဖလံ-ဆင်ရသူတွက်, အနံ့ထွက်၍, ဂုဏ်တက်ကဲမိုး, အကျိုးရှိသည်၊ ဟောတိယထာ-မလွဲသေချာ, ဖြစ်ရပါသကဲ့သို့၊ ဧဝံ-ပမာနှိုင်းယှဉ်, အလားတူပင်လျှင်၊ သုဘာသိတာ-ချိုသာလေးနက်, ဟောမြွက်အပ်သော၊ ဝါစာပိ-သုံးပုံပိဋကတ်, ဘုရားစကားတော်မြတ်သည်လည်း၊ ကုဗ္ဗတော-လိုက်နာကြည်ဖြူ, ပြုလုပ်သူအတွက်၊ သဖလာ-ပစ္စုပ်တမလွန်, နှစ်တန်စုံပြည့်, များစွာအကျိုးရှိသည်၊ ဟောတိ-စင်စစ်မသွေ, ဖြစ်ပါပေ၏။

---

[ ရုစိ+ရ ] ရုစိ အဿ အတ္ထီတိ-ရုစိရော၊ နေ၊ တင့်တယ်သော။

**ရုစိ**= [ √ရုစ+ဣ ] ရုစတိ ဒိဗ္ဗတီတိ-ရုစိ၊ အရောင်၊ ကစ္စည်း၊ ၆၆၉။

[ √ရုစ+ကိ ] ရုစ အဘိလာသေ-အလိုရှိ၊ ရုစတိ တောယာတိ-ရုစိ= အဘိလာသော၊ အလို၊ မောဂ်-၇၊ ၉။

**ဝဏ္ဏဝန္တံ** = [ ဝဏ္ဏ+ဝန္တု ] ဝဏ္ဏော အဿ အတ္ထီတိ-ဝဏ္ဏဝန္တံ၊ အဆင်းရှိသော၊ အဆင်းလှသော။

**အဂန္ဓကံ**= [ န+ဂန္ဓ ] နတ္ထိ ဂန္ဓော ဧတဿာတိ-အဂန္ဓကံ၊ သမာသ်ပုဒ်၏အဆုံး၌ က-လာ၊ အနံ့မရှိသော။ ဓံ-မဟာဋီ၊ ၆၂။

**သုဘာသိတာ**= [ သု √ဘာသ+တ+အာ ] ကောင်းစွာပြောဆိုအပ်သောစကား။

**ဝါစာ**= [ √ဝစ+ဏ+အာ ] ဝုစ္စတေတိ-ဝါစာ၊ စကား၊ ဓာန်-ဋီ၊ ၁၀၅။ ဝုစ္စတိ တောယာတိ-ဝါစာ၊ ဝစီဝိညတ်, ဝစီကံစေတနာ, သမ္မာဝါစာ, ဝိရတီ၊ ဝစ=(ဘူ) ဝိယတ္တိယံ ဝါစာယံ-ပီပြင်သောစကား၌၊ (ဝစတိ။)

**အဖလာ**= [ န+ဖလ+အာ ] နတ္ထိ ဖလံ ဧတိဿာတိ-အဖလာ၊ အကျိုးမရှိသော။

**ဖလ**= [ √ဖလ+အ ] အကျိုး-စသည်၊ ဖလ=(ဘူ) ဘေဒနိပ္ဖတ္တိ အဗျတ္တသဒ္ဒ ဂတိပွကာသ စလနေသု-ပျက်စီးခြင်း, ပြီးခြင်း, ပုဒ်ဗျည်းမထင် မပီပြင်သော အသံပြုခြင်း, သွားခြင်း, ထင်ရှားခြင်း, တုန်လှုပ်ခြင်းတို့၌၊ (ဖလတိ။)

(မြန်မာပြန်) လှပတင့်တယ်၍ အဆင်းသာရှိလျက် အနံ့မရှိသောပန်းသည် (ပန်ဆင်သူ အတွက်) အကျိုးမရှိသကဲ့သို့ ကောင်းစွာဟောကြားတော်မူအပ်သော သုံးပုံ ပိဋကတ်, ဘုရားစကားတော်မြတ်သည်လည်း (ရိုသေစွာ) နာကြားသင်ယူ လိုက်နာ ကျင့်သုံးမှုကို မပြုသူအတွက် အကျိုးမရှိလှပေ။

လှပတင့်တယ်၍ အဆင်းလည်းပြည့်စုံ အနံ့လည်းပြည့်စုံသောပန်းသည် ပန်ဆင်သူ အတွက် ဂုဏ်ရှိန်တက်ကာ, အကျိုးရှိလာသကဲ့သို့ ကောင်းစွာဟောကြားတော်မူအပ်သော သုံးပုံပိဋကတ်, ပရိယတ်တရားတော်မြတ်သည်လည်း လေးစားကြည်ဖြူ လိုက်နာသူ အတွက် အကျိုး ရှိလှပေသည်။

(လင်္ကာ) တင့်တယ်ရောင်ဝါ, ထွန်းတောက်ဖြာလည်း, နံ့မှာကင်းပ, ပန်းထိုမျှတို့, ဆင်ရ သူတွက်, နံ့မထွက်၍, ဂုဏ်တက်မလာ, ထို့တူသာလျှင်, ကောင်းစွာဟောထား, မြတ်တရားလည်း, လေးစားနာယူ, မပြုသူတွက်, ကျိုးမထွက်တည်း။

တိုးတက်ဆန်းကြယ်, တင့်တယ်ရောင်ဝါ, ထွန်းတောက်ဖြာလျက်, နံ့ဖြာမွှေးလှ, ပန်းထိုမျှတို့, ဆင်ရသူတွက်, မွှေးနံ့ထွက်၍, ဂုဏ်တက်လွန်စွာ, ကျိုးရှိလာသို့, ကောင်းစွာ ဟောထား, မြတ်တရားလည်း, လေးစားကြည်ဖြူ, လိုက်နာသူတွက်, ဂုဏ်တက်လွန်စွာ, ကျိုးရှိပါ၏။

## ၈-ဝိသာခါဝတ္ထု

၅၃။ ယထာပိ ပုပ္ဖရာသိမှာ , ကယိရာ မာလာဂုဏေ ဗဟူ၊
ဧဝံ ဇာတေန မစ္စေန , ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

(အနက်) (မာလာကာရော-ကျွမ်းကျင်ထူးခြား, ဆန်းပြားကြံစည်, တစ်ဦးသောပန်း သည်သည်၊) ပုပ္ဖရာသိမှာ-ဆန်းပြားဖုံဖုံ, မျိုးပေါင်းစုံသည့်, ပန်းပုံကြီးထဲမှ၊ ဗဟူ-

---

**အကုဗ္ဗတော**= [န+ကုဗ္ဗန္တ] န ကုဗ္ဗန္တော-အကုဗ္ဗန္တော၊ မပြုလုပ်သော-သူ။

**ကုဗ္ဗန္တ**= [√ ကရ+ဩ+အန္တ] ဩ-ပစ္စည်းနှင့် က-၏ အ-ကို ဥ-ပြု၊ ဥ-ကို ဝ-ပြု၊ ဒွေဘော်လာ၊ ဝ-နှစ်လုံးကို ဗ-နှစ်လုံးပြု၊ ဓာတွန် ရ-ကို ချေ၊ ကရောတီတဲ-ကုဗ္ဗန္တော၊ ပြုလုပ်သော၊ ရူ-နာ၊ ၄၀၀။

**သဂန္ဓက်**= [သဟ+ဂန္ဓ] သဟ ဂန္ဓေန ယံ ဝတ္တတီ-သဂန္ဓကံ၊ အနံ့နှင့်တကွဖြစ်သော၊ အနံ့ ရှိသော-(ပန်း။)

**သဖလာ**= [သဟ+ဖလ+အာ] သဟ ဖလေန ယာ ဝတ္တတီတိ-သဖလာ၊ အကျိုးရှိသော- (စကား။)

### ၅၃-ပဒဝိဘာဂ

**ပုပ္ဖရာသိမှာ**= [ပုပ္ဖ+ရာသိ] ပုပ္ဖာနံ ရာသိ-ပုပ္ဖရာသိ၊ ပန်းတို့၏အစု၊ ပန်းပုံ။

**ရာသိ**= [ √ ရသ+ဏ္ဏ] ရသီယတိ အဿာဒနဝသေန သမောသရီယတီတိ-ရာသိ= သမူဟော၊ အစု၊ အပုံ၊ မောဂ်-၇၊ ၁၀။

ကြီးငယ်ပုံသွင်, စုံလင်ထူးခြား, များပြားလှကုန်သော၊ မာလာဂုဏော–တွေ့သူရှင်ပြုံး, ဝယ်ယူသုံးဖို့, လှပသောပန်းကုံးတို့ကို၊ ကယိရာယထာ–ဝမ်းမြောက်ကြည်သာ, ပြုလုပ်ရာသကဲ့သို့၊ ဇဝ်–ဤအတူ၊ ဇာတေန–ရှေးကံပင့်တင်, ဖွားမြင်လာပြီးသည်ဖြစ်၍၊ မစ္စေနပိ–မချွတ်ကေန်, သေရန်ဖြစ်လာ, သတ္တဝါသည်လည်း၊ ဗဟု–ကြီးငယ်ရွေးကာ, မနေသာသည့်, များပြားလှစွာသော၊ ကုသလံ–ဒါနသီလာ, ဘာဝနာဟု, ကုသိုလ်စုကို၊ ကတ္တဗ္ဗံ–ရှောင်လွှဲမနေ, ပြုထိုက်ပေ၏။

---

**မာလာဂုဏော**= [မာလာ+ဂုဏ] မာလာနံ ဂုဏော–မာလာဂုဏော၊ ပန်းတို့၏အပေါင်း–အစု၊ ပန်းကုံး။

**မာလာ**= [√မာ+လ+အာ] မီယတိ ပရိမီယတီတိ–မာလာ= ပန္တိ၊ ပန်းကုံး၊ ပန်း၊ မောဂ်–၇၊ ၁၈၈။

[√မလ+အ+အာ] ဓာန်–ဋီ၊ ၃၀၇။ မလီယတေ ဓာရီယတေတိ–မာလာ၊ မလတိ ဓာရေတီတိ ဝါ–မာလာ၊ ပန်း၊ ပန်းကုံး။ မလ=(ဘူ) ဓာရဏ စလန သံကိလေသေသု–ဆောင်ခြင်း, လှုပ်ရှားခြင်း, ညစ်နွမ်းခြင်းတို့၌၊ (မလတိ။)

[မာ √လသ+ကွိ] မာ ဘမရာ လသန္တိ ကီဠန္တိ ပိဝန္တေနေ ဧတ္ထာတိ–မာလံ၊ မာသဒ္ဒူပပဒ လသဓာတု ကွိပစ္စယော၊ ဇ–ဋီ၊ ဤသည်ကိုပင် အထောက်အထားပြု၍ ပုဒ်စစ်၌ မာလာ–ကို (ထီ+န)ဟု ပြဆိုထားဟန် တူပါသည်၊ လသ=(ဘူ) သိလေသ သန္တိ ကီဠာသု–စေးငြိခြင်း, ထွန်းပခြင်း, ကစားပျော်မြူးခြင်းတို့၌၊ (လသတိ။)

**မာ**=　　“မာ” ဣန္ဒု မာသဓာတူသု , “မာ” မာတု ဘိင်္ဂ သိရီသု၊
မာနနေ အဗျယေစာဟု , ပဋိသေဓေ တဒါဗျယံ။　　ဧ။

မာ–သဒ္ဒါသည် ဣန္ဒု–လ၊ မာသ–လ၊ ဓာတု–မာဓာတ်၊ မာတု–အမိ၊ ဘိင်္ဂ–ပိတုန်း၊ သိရီ–သိရီနတ်သမီး၊ မာနန–မြတ်နိုးခြင်းအနက်တို့၌ ဖြစ်၏၊ ပဋိသေဓ အနက်၌ ဖြစ်သောအခါ အဗျယ–နိပါတ်ပုဒ်ဖြစ်၏။

**ဂုဏ**= [√ဂုဏ+အ] ဂုဏေတိ ပကာသေတိ နာနာဝတ္ထုံ နီတိ–ဂုဏော၊ ဂုဏီယန္တိ ပကာသိယန္တိ နာနာဝတ္ထူနိ ဧတ္ထာတိ–ဂုဏော၊ အပေါင်းအစု။ ဂုဏ=(စု) အာမန္တန ပကာသန ပရိစယေသု–တိုင်ပင်ပြောဆိုခြင်း, ထင်ရှားပြခြင်း, လေ့ကျင့်ခြင်းတို့၌၊ (ဂုဏေတိ၊ ဂုဏယတိ။)

**ဇာတေန**= [√ဇန+တ] ဓာတွန် န–ကို အာ–ပြု၊ အဇာယိတ္ထာတိ–ဇာတော၊ ဖြစ်ပေါ်လာသော၊ မွေးဖွားလာသော။

**မစ္စေန**= [√မရ+တျ] မရတီတိ–မစ္စော၊ ဓာတွန် ရ–ကိုချေ၊ တျ–ကို စ–ပြု၊ သဒ္ဒသဒ္ဒေဘော် စ–လာ၊ ရူ၊ ၆၆၀။

[√မရ+စ] ဓာတွန် ရ–ကို ပရရုပ် စ–ပြု၊ မရတီတိ–မစ္စော= သတ္တော၊ သတ္တဝါ၊ မောဂ်–၇၊ ၄၀။

[√မန+စ] ဓာတွန် န–ကို ပရရုပ် စ–ပြု၊ မနတိ ဇာနာတီတိ အာဒိဝစနတ္တေန–မစ္စော၊ လူ၊ နေတ္တိ–ဝိ၊ ၅၅။

(မြန်မာပြန်) ကျွမ်းကျင်သော ပန်းသည်သည် ပန်းပုံထဲမှ ပန်းကုံးအများအပြားတို့ကို ပြုလုပ်သကဲ့သို့ မွေးပြီးနောက်မှာ မချွတ်သေရမည်ဖြစ်သော သတ္တဝါသည်လည်း ကြီးငယ်မဆို များပြားလှစွာသော ဒါန, သီလ, ဘာဝနာကုသိုလ်ကို ရှောင်လွှဲမနေ ပြုလုပ်သင့်ပေသည်။

(လင်္ကာ) ကျွမ်းကျင်ထူးခြား, ပန်းသည်ကားမူ, မျိုးစားပေါင်းဆုံ, ပန်းအပုံမှ, စုလင်ဆန်းပြား, ပန်းကုံးများကို, ကုံးထားသည့်ဟန်, မွေးပြန်သေရ, သဘာဝမှ, မလွတ်ကြပါ, သတ္တဝါလည်း, များစွာထိုထို, မြတ်ကုသိုလ်ကို, လိုတိုင်းလျှင်စွာ, ပြုသင့်ပါ၏။

## ၉-အာနန္ဒတ္ထေရပဉှာဝတ္ထု

၅၄။ န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ , န စန္ဒနံ တဂရမလ္လိကာ ဝါ၊
 သတဉ္စ ဂန္ဓော ပဋိဝါတမေတိ , သဗ္ဗာဒိသာ သပ္ပုရိသော ပဝါယတိ။

---

**ကတ္တဗ္ဗံ=** [ √ကရ+တဗ္ဗ ] ဓာတွန် ရ-ကို တ-ပြု၊ ကရီယတီတိ-ကတ္တဗ္ဗံ၊ ရူ၊ ၅၄၉။ ပြုအပ်၏၊ ပြုသင့်၏၊ ပြုထိုက်၏။

**ကုသလံ=** [ √ကုသ+အလ ] ပါပကေ အကုသလေ ဓမ္မေ ကုသတိ ဆိန္ဒတီတိ-ကုသလံ၊ ကုသိုလ်၊ ကစ္စည်း၊ ၆၆၅။

[ကု √သလ+အ] ကုစ္ဆိတေ ပါပဓမ္မေ သလယတိ စလယတိ ကမ္ပေတိ ဝိဒ္ဓံသေတီတိ-ကုသလံ၊ ကုစ္ဆိတံ ဝါ အပါယဒုါရံ သလန္တိ သံဝရန္တိ ပိဒဟန္တိ သာဓဝေါ ဧတေနာတိ-ကုသလံ။

[ကုသ √လူ+အ] ကုသသင်္ခါတေ ပါပဓမ္မေ လုနာတိ ဆိန္ဒတီတိ-ကုသလံ၊ လူ=(ကီ) ဆေဒနေ-ဖြတ်ခြင်း၌၊ (လုနာတိ။)

ကုသောဝိယ-(သမန်းမြက်ကဲ့သို့) လုနာတိ ဆိန္ဒတိ ကိလေသေတိ-ကုသလံ။

[ကုသ √လာ+အ] ကုသေန ဉာဏေန လာတဗ္ဗံ ပဝတ္တေတဗ္ဗန္တိ-ကုသလံ၊ ကုသိုလ်၊ ရူ၊ ၆၇၅။

**ကုသ=** [ကု √သီ+အ] ကုစ္ဆိတေန အာကာရေန သေန္တိ တိ-(စက်ဆုပ်ဖွယ်သော အခြင်းအရာဖြင့် သတ္တဝါတို့သန္တာန်၌ ကိန်းတတ်သောကြောင့်၊) ကုသာ၊ အကုသိုလ်တို့။

[ √ကုသ+အ] ကုသတိ ဆိန္ဒတီတိ-(ကိုင်သူ့လက်ကို ရှတတ်သောကြောင့်၊) ကုသော၊ သမန်းမြက်။

[ √ကု+သက် ] ကဝတိ ဝါတေန နဒတီတိ-ကုသော= တိဏဝိသေသော၊ သမန်းမြက်၊ မောဂ်-၇၊ ၂၁၄။ ကု=(ဘူ) သဒ္ဒေ-အသံပြုခြင်း၌၊ (ကောတိ၊ ကဝတိ။)

[ကု √သာ+အ] ကုစ္ဆိတာနိ အကုသလာနိ သာတိ တနုံ ကရောတီတိ-ကုသံ= ဉာဏံ၊ ဉာဏ်။ သာ=(ဘူ+ဒိ+ဂ) တနုကရဏာဝသာနေသု-ခေါင်းပါးအောင်ပြုခြင်း, ပြီးဆုံးခြင်းတို့၌၊ (သာတိ၊ သာယတိ x ) ဂဟာဒိအာချာတ်ရုပ် မတွေ့သေးပါ။

## ၅၄၊ ၅၅-ပဒဝိဘာဂ

**ပုပ္ဖဂန္ဓော=** [ပုပ္ဖ+ဂန္ဓ] ပုပ္ဖာနံ ဂန္ဓော-ပုပ္ဖဂန္ဓော၊ ပန်းတို့၏အနံ့။

**ပဋိဝါတံ=** [ပဋိ+ဝါတ ]ဝါတဿ ပဋိမုခံ-ပဋိဝါတံ၊ အဗျယီဘော၊ လေထက်၊ လေညာ၊ လေဆန်။

၅၅။ စန္ဒနံ တဂရံ ဝါပိ , ဥပ္ပလံ အထ ဝဿိကီ၊
ဧတေသံ ဂန္ဓဇာတာနံ , သီလဂန္ဓော အနုတ္တရော။

**အနက်** ပုပ္ဖဂန္ဓော–ကြိုင်လှိုင်သင်းထုံ,ပန်းတို့၏ ရနံ့စုံသည်၊ ပဋိဝါတံ–မိမိတည်ရာ, ထက်လေညာသို့၊ န ဧတိ–ဆန်တက်ထွင်းဖောက်, လက်ရှစ်သစ်လောက်မျှ, မသွားရောက်နိုင်ပေ၊ စန္ဒနံ–နှစ်နံ့သာတွင်, ဂုဏ်အင်လွန်ကြူး, မွေးပုံထူးသည့်, စန္ဒကူး အနံ့သည်လည်းကောင်း၊ တဂရမလ္လိကာဝါ–တောင်ဇလပ်နံ့, စပယ်နံ့သည်လည်းကောင်း၊ ပဋိဝါတံ–မိမိတည်ရာ, ထက်လေညာသို့၊ န ဧတိ–ဆန်တက်ထွင်းဖောက်, မသွားမရောက် နိုင်ပေ၊ သတံ–သီလသိက္ခာ, ကောင်းစွာထိန်းကျောင်း, သူတော်ကောင်းတို့၏၊ ဂန္ဓောစ–သနံ့စင်မွှေးဖြူ, သီလတည်းဟူသော အနံ့မူကား၊ပဋိဝါတံ–ပြန်လှန်လျက်သာ, ထက်လေ ညာသို့၊ ဧတိ–ဆီးတားမပိုင်, သွားရောက်နိုင်၏၊ သပ္ပုရိသော–သီလပြောင်ဝင်း, သူတော် ကောင်းတို့၏ ဂုဏ်သတင်းသည်၊ သဗ္ဗာဒိသာ–လေအောက်လေညာ, အလုံးစုံသော အရပ် မျက်နှာတို့သို့၊ ပဝါယတိ–မွှေးတကြိုင်ကြိုင်, ပျံ့နှံ့လှိုင်၏။

---

**ဧတိ**= [ √ဣ+အ+တိ ] သွား၏၊ ဣတိ ဧတိ အန္တိ၊ ဧတိ ဧထ၊ ဧမိ ဧမ၊–စသည်ဖြင့် ဂိုဏ်းစဉ်ပါ။

**စန္ဒနံ**= [ √စဒိ+ယု ] ရူ၊ ၆၅၁။ စန္ဒယတိ ဟိလာဒယတိ သီတဂုဏသမင်္ဂိတာယ သတ္တာနံ ပရိဠာဟံ ဝူပသမေန္တီ သုခံ ဥပ္ပာဒေတီတိ–စန္ဒနံ၊ နီတိ–ဓာ၊ ၉၀။ ဤ၌ သဟစရဏနည်း ဌာနူပစာရအားဖြင့် စန္ဒကူးနံ့ကိုသာ ယူပါ၊ စဒိ=(ဘု) ဟိလာဒနေ–ဝမ်းမြောက်ခြင်း၌၊ ဒိတ္တိ ကန္တိ ကန္တိသုစ–ထွန်းပတင့်တယ်ခြင်း, လိုချင်နှစ်သက်ခြင်းတို့၌လည်း၊ (စန္ဒတိ။)

**တဂရမလ္လိကာ**= [ တဂရ+မလ္လိကာ ] တောင်ဇလပ်နှင့် စပယ်ပန်း၊ တောင်ဇလပ်နံ့နှင့် စပယ်နံ့။

**တဂရ**= [ √တဂိ+အရ ] တဂိ ဂတျတ္ထော ဒဏ္ဍကောဓာတု၊ (ဒဏ္ဍကကျမ်းမှ လာသောဓာတ်၊) အရော–တဂရံ၊ ဓာန်–ဋီ၊ ၁၄၇။ တဂိ=(ဘု) ဂမနေ–သွားခြင်း၌၊ (တင်္ဂတိ။)

**မလ္လိကာ**= [ √မလ္လ+ဣ+က+အာ ] မလ္လတေ ဓာရီယတေ သဗ္ဗေဟီတိ–မလ္လိကာ၊ မလ္လ–ဓာရဏေ၊ ဣ၊ သကတ္ထေ ကော၊ စပယ်၊ ဓာန်–ဋီ၊ ၅၇၄။ မလ္လ=(ဘု) ဓာရဏေ–ဆောင်ခြင်း၌၊ (မလ္လတိ။)

**သတံ**= [ √သမ+တ ] အသမီတိ–သန္တော၊ တ–ကို န္တ–ပြု၊ ဓာတွန် မ–ကိုချေ၊ ရူ၊ ၆၁၈။ သမတီတိ–သန္တော၊ ဓာတွန် မ–ကို နိဂ္ဂဟိတ်ပြု၊ နိရုတ္တိ၊ ၄၈၈။ သူတော်ကောင်း၊ သမိ=(ဒိ) ဥပသမေ–ငြိမ်းအေးငြိမ်သက်ခြင်း၌၊ (သမ္မတိ။) သန္တော–ကား ဂစ္ဆန္တာဒိဂိုဏ်း ဝင်တည်း။

**သဗ္ဗာ**= [ √သရ+ဝ ] သဗ္ဗနာမ်၊ ကောတ္ထုဘာ။ ရ–ကို ပရရုပ် ဝ–ပြု၊ ဝ–နှစ်လုံးကို ဗ–နှစ်လုံးပြု၊ ဤ၌ ဒိသာ၏ ဝိသေသနဖြစ်သောကြောင့် ဣတ္ထိလိင် အာ–ပစ္စည်းသက်၊ သဗ္ဗာ–အလုံးစုံသော။

**ဒိသာ**= [ √ဒိသ+အ+အာ ] ဒိဿတိ စန္ဒဝတ္တနာဒိဝသေန အယံ ပုရိမာ အယံ ပစ္ဆိမာဒိအာဒိနာ နာနပ္ပကာရတော ပညာယတီတိ–ဒိသာ၊ အရပ်မျက်နှာ။

စန္ဒန်-နံ့သာတွင်၊ ဂုဏ်အင်လွန်ကြူး၊ မွှေးပုံထူးသည့်၊ စန္ဒကူးအနံ့သည်လည်းကောင်း၊ တဂရုဝါပိ-အဝေးအရပ်၊ ပျံ့နှံ့တတ်သည့်၊ တောင်ဇလပ်အနံ့သည် လည်းကောင်း၊ ဥပ္ပလံ-ရေကိုသောက်ငုံ၊ ကြာမျိုးစုံတို့၏ အနံ့သည်လည်းကောင်း၊ အထ-ထိုမှတစ်ပါး၊ ဝဿိကီ-မိုးခါပွင့်လန်း၊ မြတ်လေးပန်းအနံ့သည်လည်းကောင်း၊ (အတ္တိ-အမှန်မသွေ၊ ထင်ရှားရှိနေပါပေ၏၊) ဧတေသံ ဂန္ဓဇာတာနံ-လွန်စွာသင်းထုံ၊ ဤနံ့သာမျိုးစုံတို့၏ အနံ့ထက်၊ သီလဂန္ဓော-ဝန်းကျင်ပျံ့နှံ့၊ သီလတည်းဟူသောအနံ့သည်၊ အနုတ္တရော-လူလည်းနှစ်သက်၊ နတ်နှစ်သက်၍၊ အတိုင်းထက်အလွန်၊ မွန်မြတ်လှပါပေ၏။

(မြန်မာပြန်) ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့လှိုင်နိုင်၊ စန္ဒကူးနံ့နှင့် တောင်ဇလပ် စပယ်တို့၏ အနံ့သည်လည်း လေထက်လေညာသို့ မပျံ့လှိုင်နိုင်၊ သူတော်ကောင်းတို့၏ သီလဟူသော ဂုဏ်ရနံ့သည်ကား လေထက်လေညာသို့ ပျံ့နှံ့ကြိုင်လှိုင်နိုင်၏၊ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အလုံးစုံသော အရပ်မျက်နှာတို့သို့ ပျံ့နှံ့ကြိုင်လှိုင်၏။

---

**သပ္ပုရိသော=** [သန္တ+ပုရိသ] သန္တော စ သော ပုရိသော စာတိ-သပ္ပုရိသော၊ သန္တသဒ္ဒါကို သ-ပြု၊ ရူ၊ ၃၄၁။ သူတော်ကောင်း။

**ပဝါယတိ=** [ပ √ဝါ+ယ+တိ] ဘူဝါဒိဖြင့်လည်း အာ-ကို အာယ-ပြု၍ ပြီးနိုင်ပါ၏၊ ပျံ့လှိုင်၏၊ ဝါ=(ဒိ) ဂတိ ဗန္ဓန ဂန္ဓေသု-သွားခြင်း၊ ဖွဲ့ခြင်း၊ ပြခြင်း၊ (ဖြတ်ခြင်း၊ ညှဉ်းဆဲခြင်း)တို့၌၊ (ဝါယတိ။)

**ဥပ္ပလံ=** [ဥ √ပါ+ကလ] ဒွိဘာဝ သရလောပါ၊ ဥဒကံ ပိဝတီတိ-ဥပ္ပလံ= ကုဝလယံ-ကြာ၊ မောဂ်-၇၊ ၁၈၄။

[ဥဒ √ ပ္လု+အ] ဥဒကေ ပ္လဝတီတိဝါ-ဥပ္ပလံ၊ ယဒါဒိ၊ ဓာန်-ဋီ၊ ၆၈၈။ ဒ-နှင့် ပ်-ကို ရှေ့နောက်ပြန်၊ ဒ-ကို ပ-ပြု၊ ပ်-ကို ပ-သို့ကပ်၊ လ-ကို အ-သို့ကပ်၊ ဥပ္ပလ။

[ဥဒ √ပလ+အစ်] ဒ-ကို ပ-ပြု၊ ကောဏ္ဍညာ။ ထောမ။ ကြာ၊ ကြာညို၊ ကုမုဒြာကြာ။

**ဥဒက= ဥဒ=** [√ဥန္ဒ+က] သံယုတ်အစ န်-ကိုချေ၊ ဓာတ်၏အဆုံး၌ အ-လည်းလာ၊ ဥန္ဒတိ ဒြဝံ ကရောတီတိ-(ပျော့ပျောင်းခြင်းကို ပြုတတ်သောကြောင့်၊) ဥဒကံ= ဇလံ၊ ရေ၊ မောဂ်-၇၊ ၁၅။ ဥဒက-ကို ဥဒ-ပြု၊ ကောဏ္ဍညာ။ န။ ရေ။ ဥန္ဒ=(ရု) ပသဝန ကိလေဒနေသု-ပွားခြင်း၊ စိုစွတ်ခြင်းတို့၌၊ (ဥန္ဒတိ။)

**ဝဿိကီ=** [ဝဿ+ဣက+ဤ] ဝဿကာလ သဉ္ဇာတပုပ္ဖတာယ-ဝဿိကီ ဣကော နဒါဒိ၊ ဓာန်-ဋီ၊ ၅၇၆။ ဝဿကာလေ ပုပ္ဖတီတိ-ဝဿိကီ၊ မြတ်လေးပန်း။

**ဂန္ဓဇာတာနံ=** [ဂန္ဓ+ဇာတ] ဂန္ဓော ဇာတော ဧတေသန္တိ-ဂန္ဓဇာတာနိ၊ နံ့သာမျိုးတို့။

**သီလဂန္ဓော=** [သီလ+ဂန္ဓ] သီလမေဝ ဂန္ဓော-သီလဂန္ဓော၊ သီလသာလျှင် အနံ့၊ သီလတည်းဟူသောအနံ့။

စန္ဒကူး တောင်ဇလပ် ကြာမျိုးစုံနှင့် မြတ်လေးပန်းတို့၏ အနံ့များထက် သီလ တည်းဟူသော အနံ့သည် ထူးကဲလွန်မြတ်လှပေသည်။

**လင်္ကာ** စန္ဒကူးတစ်ရပ်, တောင်ဇလပ်ပန်း, စပယ်ပန်းတို့, မွှေးလွန်းစေကာ, လေအောက်သာတည်း၊ လေညာမပျံ့၊ သူတော်နံ့မူ, သင်းပျံ့လေညာ, လေအောက်ပါတည်း၊ စိတ်ပါထိန်းကျောင်း, သူတော်ကောင်းကား, စုပေါင်းဆယ်ဖြာ, ရပ်မျက်နှာကို, ကောင်းစွာဖြန့်ဝေ, ကြိုင်လှိုင်စေ၏။

မှတ်လေအထူး, စန္ဒကူးတစ်ရပ်, တောင်ဇလပ်ပန်း, မြတ်လေးပန်းနှင့်, ကြာပန်းသင်းထုံ, နံ့မျိုးစုံထက်, လုံခြုံစောင့်ထ, သီလနံ့သာ, လွန်မြတ်ပါ၏။

## ၁၀–မဟာကဿပတ္ထေရပိဏ္ဍပါတဒိန္နဝတ္ထု

၅၆။ အပ္ပမတ္တော အယံ ဂန္ဓော , ယွာယံ တဂရစန္ဒနီ၊
ယော စ သီလဝတံ ဂန္ဓော , ဝါတိ ဒေဝေသု ဥတ္တမော။

**အနက်** တဂရစန္ဒနီ–မွှေးပျံ့အထူး, တောင်ဇလပ်နှင့် စန္ဒကူး၏၊ [ဝိဘတ္တိဝိပလ္လာသ] ယွာယံ–ယော အယံ ဂန္ဓော–မွှေးထုံသင်းပျံ့, အကြင်အနံ့သည်၊ (အတ္ထိ–အမှန်ပကတိ, ဧကန်ပင် ရှိနေပါ၏၊) အယံ ဂန္ဓော–မွှေးထုံသင်းပျံ့, ဤတောင်ဇလပ် စန္ဒကူးအနံ့သည်၊ အပ္ပမတ္တော–မပွားမစည်, နည်းသောအတိုင်းအရှည်ရှိ၏၊ သီလဝတံ–ကျိုးပေါက်ကင်းဘိ, သီလရှိသောပုဂ္ဂိုလ်တို့၏၊ ယော ဂန္ဓော–ဝန်းကျင်ပျံ့နှံ့, အကြင်ဂုဏ်အနံ့သည်၊ (အတ္ထိ–ရှိ၏၊) သော စ–ဝန်းကျင်ပျံ့နှံ့, ထိုဂုဏ်အနံ့သည်ကား၊ ဥတ္တမော–ဂုဏ်ရည်သာလွန်, ထူးချွန်မွန်မြတ်သည်၊ ဟုတ္တာ–ဖြစ်၍၊ ဒေဝေသု–လူတွင်မက, နတ်လောက, ဗြဟ္မာလောကတို့၌၊ ဝါတိ–သင်းပျံ့မွှေးကြိုင်, ရနံ့လှိုင်၏။

---

## ၅၆–ပဒဝိဘာဂ

**အပ္ပမတ္တော**= [အပ္ပ+မတ္တ] အပ္ပာ မတ္တာ ယဿာတိ–အပ္ပမတ္တော၊ နည်းသော အတိုင်းအရှည်ရှိသော၊ အနည်းငယ်သော။

**သီလဝတံ**= [သီလ+ဝန္တု] သီလံ အတ္ထိ ယေသန္တိ–သီလဝန္တော၊ သီလရှိသူတို့၊ သီလပြည့်စုံသူတို့။

**ဝါတိ**= [ √ဝါ+အ+တိ ] ပျံ့လှိုင်၏။

**ဥတ္တမော**= [ဥဘ+တမ] အဗ္ဘုတော အတျုတ္တံ–ဥတ္တမော၊ ဥဘာသဒ္ဒတော အဗ္ဘုတတ္တတော ဝိသေသတ္တေ တမော၊ ထူးသော၊ လွန်မြတ်သော၊ မြင့်မြတ်သော၊ ပဓာနဖြစ်သော၊ ပြဋ္ဌာန်းသော။

[ ဥ+တမ ] ဥဂ္ဂတတမတ္တာဝါ–ဥတ္တမော၊ မြတ်သော၊ ထူးသော၊ လွန်သော၊ ဓာန်–ဋီ၊ ၆၉၄။

(မြန်မာပြန်) တောင်ဇလပ်နှင့် စန္ဒကူးတို့၏ အနံ့သည် မပြောလောက်ပ, အနည်းငယ်မျှသာတည်း၊ သီလရှိသူတို့၏ ဂုဏ်သတင်းနံ့မူကား ထူးကဲလွန်မြတ်သည်ဖြစ်၍ နတ်ပြည်ဗြဟ္မာပြည်တိုင်အောင်ပင် ထုံသင်းကြိုင်လှိုင်၏။

(လင်္ကာ) တောင်ဇလပ် စန္ဒကူး, မွှေးပုံထူးလည်း, ချီးကျူးမရာ, နည်းငယ်သာတည်း၊ ကောင်းစွာစောင့်ထ, သီလရှိသူ, ဂုဏ်နံ့မူကား, ကြီးထူလွန်မြတ်, နတ်ဗြဟ္မာတိုင်, ပျံ့ကြိုင်လှိုင်၏။

## ၁၁–ဂေါဓိကတ္ထေရပရိနိဗ္ဗာနဝတ္ထု

၅၇။ တေသံ သမ္ပန္နသီလာနံ , အပ္ပမာဒဝိဟာရိနံ၊
သမ္မဒညာ ဝိမုတ္တာနံ , မာရော မဂ္ဂံ န ဝိန္ဒတိ။

(အနက်) သမ္ပန္နသီလာနံ–လုံလောက်ပြောဟုန်, ပြည့်စုံသောသီလရှိကုန်သော၊ အပ္ပမာဒဝိဟာရိနံ–သတိမလွတ်, မမေ့မလျော့တတ်ကုန်သော၊ ဝါ–တရားမမေ့, အပ္ပမာဒဖြင့် နေလေ့ရှိကုန်သော၊ သမ္မာ–သင့်လျော်လှငြား, အကြောင်းအားဖြင့်၊ အညာ–အညာယ–သစ္စာသိးသိး, သိမြင်ပြီး၍၊ ဝိမုတ္တာနံ–လွန်စွာဖိစီး, ကိလေသာအပူမီးတို့မှ လွတ်ကြကုန်ပြီးသော၊ ဝါ–ခိုက်တန့် ပယ်ခွာ, ဖြတ်ပါ ငြိမ်းအေး, ထွက်မြောက်ရေးဟု, ငါးခုသော ဝိမုတ္တိတို့ဖြင့် ကင်းလွတ်ကြကုန်ပြီးသော၊ တေသံ–ကျွတ်တန်းဝင်ခို, ထိုရဟန္တာ ပုဂ္ဂိုလ်တို့၏၊ မဂ္ဂံ–နိဗ္ဗာန်သွားကြောင်း, ခရီးကောင်းကို၊ မာရော–မာရ်နတ်သည်၊ န ဝိန္ဒတိ–အခိုးစုဟန်, မိုက်မှောင်ဟန်သို့, ဖန်ဆင်းလျက်သာ, လိုက်လံရှာလည်း, ကောင်းစွာပိုင်ပိုင်, မရနိုင်တော့ပေ။

---

### ၅၇–ပဒဝိဘာဂ

**သမ္ပန္နသီလာနံ**= [သမ္ပန္န+ သီလ] သမ္ပန္နံ သီလံ ယေသန္တိ–သမ္ပန္နသီလာ၊ ပြည့်စုံသောသီလရှိသူ။

**သမ္ပန္န**= [သံ √ ပဒ+တ] သမ္ပဇ္ဇတီတိ–(ကောင်းစွာဖြစ်တတ် ပြည့်စုံတတ်သောကြောင့်၊) သမ္ပန္နံ၊ ပြည့်စုံသော။

**အပ္ပမာဒဝိဟာရိနံ**= [အပ္ပမာဒဝိဟာရ+ဏီ] အပ္ပမာဒဝိဟာရော ယေသံ အတ္ထီတိ–အပ္ပမာဒဝိဟာရီ၊ အပ္ပမာဒဖြင့် နေခြင်းရှိကုန်သော။

[အပ္ပမာဒ+ဝိဟာရီ] အပ္ပမာဒေန ဝိဟာရီ–အပ္ပမာဒဝိဟာရီ၊ အပ္ပမာဒဖြင့် နေတတ်ကုန်သော၊ –နေလေ့ရှိကုန်သော။

**အပ္ပမာဒဝိဟာရ**= [အပ္ပမာဒ+ဝိဟာရ] အပ္ပမာဒေန ဝိဟာရော–အပ္ပမာဒဝိဟာရော၊ အပ္ပမာဒဖြင့်နေခြင်း။

**ဝိဟာရ**= [ဝိ √ ဟရ+ဏ] ဝိဟရဏံ–ဝိဟာရော၊ နေခြင်း။

**ဝိဟာရီ**= [ဝိ √ ဟရ+ဏီ] ဝိဟရတိ သီလေနာတိ–ဝိဟာရီ၊ နေတတ်သူ၊ နေလေ့ရှိသူ။

**အညာ**= [အာ √ ဉာ+တွာ] တွာပစ္စည်းကို ယ–ပြု၊ သုတ်ကြီးဖြင့် ယ–ကိုချေ၊ သိပြီး၍။

(မြန်မာပြန်) သီလနှင့်ပြည့်စုံ၍ မမေ့မလျော့ နေလေ့ရှိသည့်အပြင် တရားမှန်ကို ကောင်းစွာ သိမြင်သောကြောင့် ကိလေသာမှ ကောင်းစွာလွတ်မြောက်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့၏ သွားရာခရီးကို မာရ်နတ်သည် ရှာမရနိုင်တော့ပေ။

(လင်္ကာ) သီလပြည့်တင်း, မကင်းသတိ, အမှန်သိ၍, ကိလေကင်းကွာ, ရဟန္တာ၏, သွားရာ ဖြောင့်တန်း, ခရီးလမ်းကို, ဆိုးသွမ်းမာရ, ရှာမရပေ။

## ၁၂–ဂရဟဒိန္နဝတ္ထု

၅၈။ ယထာ သင်္ကာရဓာနသ္မိံ , ဥဇ္ဈိတသ္မိံ မဟာပထေ၊
ပဒုမံ တတ္ထ ဇာယေထ , သုစိဂန္ဓံ မနောရမံ။

၅၉။ ဧဝံ သင်္ကာရဘူတေသု , အန္ဓဘူတေ ပုထုဇ္ဇနေ၊
အတိရောစတိ ပညာယ , သမ္မာသမ္ဗုဒ္ဓသာဝကော။

(အနက်) မဟာပထေ–လူသွားရှုပ်ထွေး, လမ်းမကြီးဘေး၌၊ ဥဇ္ဈိတသ္မိံ–လူတွေထပ်ထပ်, စွန့်ပစ်ထားအပ်သော၊ တတ္ထ သင်္ကာရဓာနသ္မိံ–ရွံ့ဖွယ်ပေါင်းစုံ, ထိုအမှိုက်ပုံ၌၊ သုစိဂန္ဓံ–မွေးကြိုင်သင်းပျံ့, စင်ကြယ်သောအနံ့ရှိသော၊ မနောရမံ–တင့်တယ်လွန်စွာ, စိတ်၏မွေ့လျော်ရာဖြစ်သော၊ ပဒုမံ–ပွင့်ကားလန်းဆန်း, ပဒုမ္မာကြာပန်းသည်၊ ဇာယေထ ယထာ–အံ့ဩဖွယ်ရာ, ပေါ်ပေါက်လာသကဲ့သို့၊ –

---

**ဝိမုတ္တာနံ**= [ ဝိ √မုစ+တ ] ဝိမုစ္စိံသူတိ–ဝိမုတ္တာ၊ လွတ်ကုန်ပြီးသော။

**မဂ္ဂံ**= [√မဇ္ဇ+ဏ ] ပထိကေဟိ မဇ္ဇတေ နိတ္တိဏံ ကရီယတေတိ–မဂ္ဂေါ၊ လမ်း၊ ဓာန်–ဋီ၊ ၁၉၀။ မဇ္ဇ=(ဘူ) သံသုဒ္ဓိယံ–စင်ကြယ်ခြင်း၌၊ (မဇ္ဇတိ။)

[ √မဂ္ဂ+အ ] ပထိကေဟိ မဂ္ဂီယတေတိ ဝါ–မဂ္ဂေါ၊ မဂ္ဂ=(ဘူ+စု) ဂဝေသနေ–ရှာမှီးခြင်း၌၊ (မဂ္ဂတိ၊ မဂ္ဂေတိ၊ မဂ္ဂယတိ။)

[မ √ ဂမု+ဏ္ဏ ] မံ သိဝံ ဂစ္ဆတိ ဧတ္ထ ဧတေနာတိ ဝါ–မဂ္ဂေါ၊ ၄င်း။

**မ**= "မော သိဝေ ပရိယာယဍ္ဎေတိ" နာနတ္ထသင်္ဂဟော။

**ဝိန္ဒတိ**= [ √ ဝိဒ+အ+တိ ] ရ၏၊ ဝိ–ပေါ်၌ နိဂ္ဂဟိတ်လာ၊ ဝိဒ=(ရု) ဝိဓာရဏ လာဘ တုဋ္ဌိသု–စုံစမ်းဆင်ခြင်ခြင်း, ရခြင်း, နှစ်သက်ခြင်းတို့၌၊ (ဝိန္ဒတိ။)

[ ဝိဒိ+အ+တိ ] ရ၏၊ ဝိဒိ=(ဘူ) လာဘေ–ရခြင်း၌၊ အဝယဝေစ–အစိတ်အစိတ်ပြုခြင်း၌လည်း၊ (ဝိန္ဒတိ။)

### ၅၈, ၅၉–ပဒဝိဘာဂ

**သင်္ကာရဓာနသ္မိံ**= [သင်္ကာရ √ဓာ+ယု ] သင်္ကာရာ ဓီယန္တိ ထပီယန္တိ ဧတ္ထာတိ–သင်္ကာရဓာနံ၊ အမှိုက်ပုံ၊ ဤ၌ ဓာ–ဓာတ်သည် ထပနအနက်ကို ဟော၏။

[ သင်္ကာရ+ဌာန ] သင်္ကာရဿ ဌာနံ–သင်္ကာရဋ္ဌာနံ၊ ဓာန်–ဋီ၊ ၂၂၄။ ဌဿ ဓော၊ သူစိ။ အမှိုက်ပုံ၊ အဘိဓာန်၌ကား သင်္ကာရဋ္ဌာနံ–ဟုပင် ရှိနေသည်။

**သင်္ကာရ**= [သံ √ကရ+ဏ ] နာနာဝိဓေဟိ တိဏာဒီဟိ သင်္ကိရိယတေ မိဿီကရီယတေတိ–သင်္ကာရော၊ အမှိုက်၊ ပု+န။

ဓဝံ-ဤအတူ၊ သက္ကာရဘူတေသု-ဉာဏ်အားမကြွယ်, အမိုက်သဖွယ်ဖြစ်သော သတ္တဝါတို့၌၊ (ဇာတော-ကံအားလျော်စွာ, မွေးဖွား၍လာရသော၊) သမ္မာသမ္ဗုဒ္ဓသာဝကော-ဆုံးမစကား, လေးစားနာယူ, ဘုရား၏တပည့်ဖြစ်သူသည်၊ အန္ဓဘူတေ-အသိဉာဏ်ပျောက်ကွယ်, အကန်းသဖွယ်ဖြစ်၍ဖြစ်ကုန်သော၊ ပုထုဇ္ဇနေ-များပြားလှစွာ, ကိလေသာတို့, ဖြစ်ရာထိုထို, ပုထုဇဉ်ပုဂ္ဂိုလ်တို့ကို၊ ပညာယ-အသိအလိမ္မာ, ဉာဏ်ပညာဖြင့်၊ အတိရောစတိ-ကျော်လွန်တကယ်, တင့်တယ်ပါပေ၏။

---

**ဌာန**= [ √ ဌာ+ယု ] တိဋ္ဌန္တိ တသ္မိန္တိ-ဌာနံ၊ တည်ရာ၊ အကြောင်း၊ အရပ်၊ ကစ္စည်း၊ ၅၄၈။ ရူ၊ ၁၉၇။

**ဥဇ္ဈိတသ္မိံ**= [ √ ဥဇ္ဈ+တ ] ဥဇ္ဈိတ္ထာတိ-ဥဇ္ဈိတံ၊ စွန့်ပစ်အပ်သော၊ ဥဇ္ဈ=(ဘူ) ဥဿဂ္ဂေ-စွန့်ခြင်း၌၊ (ဥဇ္ဈတိ။)

**မဟာပထေ**= [မဟန္တ+ပထ] မဟန္တော ပထော-မဟာပထော၊ ကြီးသောလမ်း၊ လမ်းမကြီး။

**ပထ**= [ √ ပထ+အ ] ပထတိ ယာတျနေနာတိ-ပထော၊ လမ်း၊ ဓာန်-ဋီ၊ ၁၉၀။ ပထ=(ဘူ) ဂတိယံ-သွားခြင်း၌၊ (ပထတိ။)

ပထတိ ဂစ္ဆတိ ဧတ္တာတိ-ပထော၊ သူစိ။ ဥပ္ပန္နကိစ္စာကိစ္စေဟိ ဇနေဟိ ပထီယတိ ဂစ္ဆီယတီတိ -ပထော= မဂ္ဂေါ ပကတိမဂ္ဂေါ၊ အမတမဟာပုရံ ဂန္တုကာမေဟိ ကုလပုတ္တေဟိ သဒ္ဓါပါထေယျံ ဂဟေတွာ ပထီယတိ ပဋိပဇ္ဇီယတီတိ-ပထော၊ အထဝါ= ပါထေတိ ကာရကံ ပုဂ္ဂလံ ဂမေတိ နိဗ္ဗာနံ သမ္ပာပေတီတိ ဝါ-ပထော= ပဋိပဒါသင်္ခါတော အရိယမဂ္ဂေါ၊ နီတိ-ဓာ၊ ၇၃။

**ပဒုမံ**= [ √ ပဒ+ကုမ ] ပဇ္ဇတိ ဒေဝပူဇာဒိံ ယာတီတိ-ပဒုမံ= ပဒုမံ၊ ကြာ၊ မောဂ်-၇၊ ၁၃၀။ ပု+န။

**ဇာယေထ**= [ √ဇန+ယ+ဧထ ] ပေါက်ရာ၏၊ ဖြစ်ရာ၏။

**သုစိဂန္ဓံ**= [သုစိ+ဂန္ဓ] သုစိ ဂန္ဓော ယဿာတိ-သုစိဂန္ဓံ၊ စင်ကြယ်သော အနံ့ရှိသော-(ပဒုမ္မာကြာ။)

**မနောရမံ**= [မန √ရမု+အ] မနော ရမတိ ဧတ္တာတိ-မနောရမံ၊ စိတ်၏မွေ့လျော်ရာဖြစ်သော။

**သင်္ကာရဘူတေသု**= [သင်္ကာရ+ဘူတ] သင်္ကာရမိဝ ဘူတာ-သင်္ကာရဘူတာ၊ အမှိုက်သဖွယ်ဖြစ်ကုန်သော။

**ဘူတ**= [ √ဘူ+တ ] အဘဝီတိ-ဘူတော၊ ပု+န။ ဖြစ်သော၊ သတ္တဝါ၊ သစ်ပင်၊ ရဟန္တာ၊ နတ်၊ တစ္ဆေ၊ မှင်စာ။

**အန္ဓဘူတေ**= [အန္ဓ+ဘူတ] အန္ဓောဝိယ ဘူတော အယန္တိ-အန္ဓဘူတော= ဇာလော၊ ရူ-နာ၊ ၂၀၆။ အကန်းသဖွယ်ဖြစ်၍ဖြစ်သော။

**အန္ဓ**= [ √အမ+တ ] အမတိ အင်္ဂမင်္ဂံ ရုဇ္ဇနဘာဝံ ဂစ္ဆတီတိ-အန္ဓော၊ စက္ခုနာ အမတိ ရုဇ္ဇတီတိဝါ-အန္ဓော၊ ကစ္စည်း၊ ၆၆၄။ မျက်စိကွယ်ပျက်သူ။

**မြန်မာပြန်** လမ်းမကြီးနား စွန့်ပစ်ထားသော အမှိုက်ပုံ၌ သင်းပျံ့မွေးကြိုင်၍ နှစ်လိုဖွယ်ကောင်းသော ပဒုမ္မာကြာပန်းသည် အံ့ဩဖွယ်ရာ ပေါ်ပေါက်လာသကဲ့သို့-

ထို့အတူ အမှိုက်ပုံသဖွယ်ဖြစ်သောသူတို့၏ အလယ်၌ မွေးဖွားလာရသော ဘုရား၏ တပည့်ဖြစ်သူသည် ပညာမျက်စိ မရှိသဖြင့် အကန်းသဖွယ်ဖြစ်ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့ကို ပညာဖြင့် သာလွန်တင့်တယ်၏။

**လင်္ကာ** လမ်းမကြီးနား, စွန့်ပစ်ထားသည့်, ဆိုးဝါးပေါင်းဆုံ, အမှိုက်ပုံမှ, သင်းထုံပျံ့လွှန်း, နံ့မခန်းဘဲ, ထူးဆန်းမိုမောက်, ကြာပန်းပေါက်သို့-

မှောက်မှားလွန်စွာ, ပညာဖျင်းသုန်, အမှိုက်ပုံလား, လူမိုက်ကြားတွင်, ဘုရားသားမှန်, တပည့်မွန်သည်, ဉာဏ်ပညာဖြင့်, ပိုလွန်တင့်၏။

---

[ √ အန+မ ] အနတိ ဇီဝတိ ဧတေနာတိ-အန္ဓော= အစက္ခုကော၊ မျက်စိမရှိသူ၊ မောဂ်-၇၊ ၉၈။ အန=(ဘူ+ဒိ) ပါဏနေ-ရှူရှိုက်ခြင်း၌၊ ဇီဝနေစ-အသက်ရှင်ခြင်း၌လည်း၊ (အနတိ၊ အနျတိ။)

[ √ အန္ဓ+အ ] အန္ဓေတီတိ-အန္ဓော၊ နီတိ-ဓာ၊ ၃၂၀။ အန္ဓ=(စု) ဒိဋ္ဌုပသံဟာရေ-မျက်စိအမြင်၏ပျက်ခြင်း၌၊ ဝါ-ကန်းခြင်း၌၊ (အန္ဓေတိ၊ အန္ဓယတိ။)

**ပုထုဇ္ဇနေ=** [ပုထု+ဇန] အရိယေဟိ ပုထု ဝိသုံ ဘူတော ဇနော-ပုထုဇ္ဇနော။

[ပုထု √ ဇန+အ] ပုထုဝါ နာနာကိလေသေ ဇနေတီတိ-ပုထုဇ္ဇနော၊ ဓာန်-ဋီ၊ ၄၃၅။ ပုထုဇဉ်။

[ပုထု √ ဇနီ+ဏ] ပုထုကိလေသာ ဇာယန္တိ ဧတ္ထာတိ-ပုထုဇ္ဇနော၊ နီတိ-ဓာ၊ ၂၃၃။ ပုထုဇဉ်၊ အကျယ်ကို သီ-ဋ၊ ၅၉-စသည်တို့၌ ရှုပါ။

**ပုထု=** [ √ ပုထ+ကု ] ပုထတိ မဟန္တဘာဝေန ပတ္ထရတီတိ-ပုထု= ဝိတ္ထိဏ္ဏော၊ ကျယ်ပြန့်သော၊ များသော၊ မောဂ်-၇၊ ၅။

ပုထ+ပုထ=(ဗျ) ပဒ္ဓနေ-ကြဉ်ခြင်း၌၊ အသီးအခြား။

**အတိရောစတိ=** [အတိ √ ရုစ+အ+တိ] အလွန်တင့်တယ်၏၊ ပိုလွန်တင့်တယ်၏။

**သမ္မာသမ္ဗုဒ္ဓသာဝကော=** [သမ္မာသမ္ဗုဒ္ဓ+သာဝက] သမ္မာသမ္ဗုဒ္ဓဿ သာဝကော-သမ္မာသမ္ဗုဒ္ဓသာဝကော၊ ဘုရား၏တပည့်သား။

**သမ္မာသမ္ဗုဒ္ဓ=** [သမ္မာ+သံ √ ဗုဓ+တ] သမ္မာ အဝိပရီတေန သံ အတ္တနာယေဝ သဗ္ဗဓမ္မေ ဗုဇ္ဈတိ အဗုဇ္ဈိ ဗုဇ္ဈိဿတီတိ-သမ္မာသမ္ဗုဒ္ဓေါ၊ ဘုရား၊ ဓာန်-ဋီ၊ ၄။

**သာဝက=** [ √ သု+ဏွု] ဝစနံ သုဏန္တီတိ-သာဝကာ၊ ဓမ္မံ သုဏန္တီတိ-သာဝကာ၊ အဆုံးအမကို လိုက်နာတတ်သူ-တပည့်။ သု=(ဘွာ) သဝနေ-ကြားနာခြင်း၌၊ အဘိသဝေစ-ယိုစီးခြင်း၌လည်း၊ (သုဏာတိ၊ သုဏာတေ။)

# ၅–ဗာလဝဂ္ဂ

## ၁–အညတရပုရိသဝတ္ထု

၆၀။ ဒီဃာ ဇာဂရတော ရတ္တိ , ဒီဃံ သန္တဿ ယောဇနံ၊
ဒီဃော ဗာလာန သံသာရော , သဒ္ဓမ္မံ အဝိဇာနတံ။

(အနက်) ဇာဂရတော–ဟိုဟိုဒီဒီ, ကြံစည်တွေးခေါ်, အိပ်မပျော်သူအား၊ ရတ္တိ–သတ္တဝါများ, အနားယူလျက်, အိပ်စက်ကြရာ, ညဥ့်အခါသည်၊ ဒီဃာ–သုံးယာမ်မျှသာ, ရှိနေပါလည်း, ရှည်ကြာသကဲ့သို့ ဖြစ်နေပေ၏၊ သန္တဿ–ရောက်ရန်ရည်မှန်း, အားကုန်လှမ်း၍, ခရီးပန်းလာသောသူအား၊ ယောဇနံ–တစ်ယူဇနာ, ခရီးတာသည်၊ ဒီဃံ–လေးဂါဝုတ်သာ, ဖြစ်တုံပါလည်း, ဝေးကွာရှည်လျားသကဲ့သို့ ဖြစ်နေပါ၏၊ သဒ္ဓမ္မံ–စတ္တာရော သတိပဋ္ဌာနာ, စ၍လာသား, သူတော်ကောင်းတို့၏တရားကို၊ အဝိဇာနတံ–နာကြားသင်ယူ, ပြုမှုမရှိ, မသိနားမလည်ကြကုန်သော၊ ဗာလာနံ–တရားမကြိုက်, အမှားလိုက်သည့်, လူမိုက်တို့အား၊ သံသာရော–သတ္တဝါအနန္တ, ဘဝစုံစီ, ကျင်လည်ကြရာ, သံသရာသည်၊ ဒီဃော–အဆုံးပြုရန်, မစွမ်းသန်၍, အလွန်ပင် ရှည်လျားရတော့သည်သာ။

---

### ၆၀–ပဒဝိဘာဂ

**ဒီဃာ=** [ √ဒီ+ဃ ] ရှည်သော၊ မြင့်သော၊ ကြာသော၊ တိ။ ဣတ္ထိလိင်၌ အာ–ပစ္စည်းသက်၍ ဒီဃာ–ဟု ဖြစ်သည်၊ ဓာန်–ဋီ၊ ၇၀၇–၌ ဒီ–ခယေ၊ ဃော၊ ဒီဃာဒိ–ဟု ပါဌ်ရှိနေသည်၊ ဒီ–ခယေ–မှ ပျက်နေဟန်တူသည်၊ ဒီဃာဒိ–ကား နောက်ထည့်ပါဌ်သာ ဖြစ်ဖွယ်ရာ ရှိပါသည်၊ ဓာတ်ကျမ်းများ၌ ဒီ–ဓာတ်–ဟု မတွေ့ရပါ၊ ဒီ=(ဒိ) ခယေ–ကုန်ခန်းခြင်း၌၊ (ဒီယတေ။)

**ရတ္တိ=** [ √ ရန္ဇ+တိ ] ရဉ္ဇန္တိ သတ္တာ ဧတ္ထာတိ–ရတ္တိ၊ ညဥ့်၊ ည။
[ ရာ √တိရ+က္ဂိ ] ရာသဒ္ဒေါ တိယျတိ ဆိဇ္ဇတိ ဧတ္ထာတိ–ရတ္တိ၊ သတ္တာနံ သဒ္ဒဿ ဂူပသမကာလောတိအတ္ထော၊ တိရ=(ဘူ) အဓောဂတိယံ–အောက်သို့သွားခြင်း၌၊ (တိရတိ။)

ရန္ဇဓာတုဝသာ စေဝ , ရာပုဗ္ဗတိရတောပိစ၊
ရတ္တိသဒ္ဒဿ နိပ္ဖတ္တိံ , သဒ္ဒတ္ထညူ ဝိဘာဝယေ။ နီတိ–ဓာ၊ ၃၆၈။

[ √ ရာ+တိ ] ရာတိ ဂဏှာတိ အဗျာပါရန္တိ–ရတ္တိ၊ ဓာန်–ဋီ၊ ၆၉။
[ √ ရာ+တြိပ် ] ရာတိ ဒဒါတိ ကမ္မေဟိ အဝသရံ နိဒ္ဒါဒိသုခံ ဝါတိ–ရာတြိ= ရတ္တိ။ ကောတ္ထုဘာ။

**သန္တဿ=** [ √သမု+တ ] ပင်ပန်းသော၊ နွမ်းနယ်သော၊ သမု=(ဒိ) ခေဒေ–ပင်ပန်းခြင်း၌၊ (သမ္မတိ။) နီတိ–ဓာ၊ ၂၁၆။

**ယောဇနံ=** [ √ယုဇ+ယု ] ဧတ္ထကံ ယောဇနံနာမ ဟောတူတိ စတုဂါဝုတေဟိ သမာဓာနန္တိအတ္ထော၊ ဓာန်–ဋီ၊ ၁၆၉။ တစ်ယူဇနာ အကွာအဝေး၊ ၁၂–မိုင် ၅–ဖာလုံ၊ ယုဇ=(ဒိ) သမာဓိမှိ–

**မြန်မာပြန်** အိပ်မပျော်သူအတွက် ညတာရှည်သကဲ့သို့ ထင်ရ၏၊ ခရီးပန်းလာသူအတွက် တစ်ယူဇနာခရီးသည် ရှည်လျားဝေးကွာသကဲ့သို့ ထင်ရ၏၊ သူတော်ကောင်းတရားကို မသိနားမလည်ကြသော လူမိုက်များအတွက် သံသရာသည် အလွန်ရှည်လျားရတော့သည်။

**လင်္ကာ** တစ်မေးလောက်မျှ, အိပ်မရ၍, စိတ်ကဝှန်ဆူ, နိုးနေသူမှာ, တစ်ညတာကား, လွန်ရှည်လျား၏၊ အားအင်ကုန်ခန်း, ခရီးကြမ်း၍, ပင်ပန်းသူမှာ, ယူဇနာကား, လွန်ရှည်လျား၏၊ တရားမကြိုက်, မသိထိုက်သည့်, လူမိုက်တို့မှာ, သံသရာကား, လွန်ရှည်လျား၏။

## ၂-မဟာကဿပတ္ထေရသဒ္ဓိဝိဟာရိကဝတ္ထု

၆၁။ စရဉ္စေ နာဓိဂစ္ဆေယျ , သေယျံ သဒိသမတ္တနော၊
ဧကစရိယံ ဒဠှံ ကယိရာ , နတ္ထိ ဗာလေ သဟာယတာ။

**အနက်** စရံ-တရားကျင့်ရန်, အဖော်ရှာကြသော ပုဂ္ဂိုလ်သည်၊ အတ္တနော-မိမိထက်၊ သေယျံ-ဂုဏ်ဖြင့်ထူးချွန်, သာလွန်မွန်မြတ်သော သူကိုလည်းကောင်း၊ အတ္တနော-မိမိနှင့်၊ သဒိသံ-ယုတ်လွန်မမူ, ဂုဏ်ဖြင့်တူမျှသောသူကိုလည်းကောင်း၊ စေ နာဓိဂစ္ဆေယျ-အကယ်၍များ, မရခဲ့ငြားအံ့၊ ဧဝံ-ဤသို့ယွင်းချွတ်, မရလတ်သော်၊ ဧကစရိယံ-စိတ်ဓာတ်ကိုတင်း, တစ်ယောက်တည်း ကျင့်ခြင်းကို၊ ဒဠှံ-မလျှပ်မယိုင်, မြဲခိုင်လှစွာ၊ ကယိရာ-ကြိုးကုတ်သေချာ,ပြုလုပ်ရာ၏၊ ဗာလေ-ကိုယ်ကျင့်တရား, လေးစားမမူ, မလိမ္မာသောသူ၌၊ သဟာယတာ-အပေါင်းအဖော်၏ ဖြစ်ကြောင်းဖြစ်ရာ သီလစသော ဂုဏ်အဖြာဖြာသည်၊ နတ္ထိ-သွေနွာယုတ်လျော့, မရှိတော့သည်သာတည်း။

---

ကောင်းစွာထားခြင်း၌၊ (ယုဇ္ဇတိ။)

**သံသာရော**= [သံ √သရ+ဏ] သံသရန္တိ ဧတ္ထာတိ-သံသာရော၊ သံသရဏံ သံသာရော၊ ကျင်လည်ရာအရပ်၊ ကျင်လည်ခြင်း၊ သံသရာ၊ ကျင်လည်တတ်သော (အဝိဇ္ဇာ-မောဟ၊) ကျင်လည်ကြောင်း (ကံ, ကိလေသာ။)

### ၆၁-ပဒဝိဘာဂ

**စရံ**= [√စရ+အန္တ] စရတီတိ-စရန္တော၊ ကျင့်သောသူ။

**သေယျံ**= [ပသတ္ထ+ဣယ] အယဉ္စ ပသတ္ထော အယဉ္စ ပသတ္ထော သဗ္ဗေ ဣမေ ပသတ္ထာ၊ အယမိမေသံ ဝိသေသေန ပသတ္ထောတိ-သေယျော၊ ရူ၊ ၃၉၂။

အတိသယေန ပသတ္ထောတိ-သေယျော၊ မောဂ်-၄၊ ၁၃၆-ပဉ္စိကာ၊ အထူးအားဖြင့် ချီးမွမ်းအပ်သော၊ မြတ်သော။

**သဒိသံ**= [သမာန √ဒိသ+ကွိ] သမာနံ ကတွာ နံ ပဿတိ သမာနောဝိယ ဒိဿတီတိ-

(မြန်မာပြန်) တရားကျင့်ရန် အဖော်ရှာသူသည် မိမိထက် သီလ,သမာဓိ,ပညာဂုဏ်ဖြင့် သာလွန်သူနှင့် ဂုဏ်ရည်တူမျှသူကိုမျှ မရခဲ့ပါလျှင် ခိုင်မြဲစွာ တစ်ယောက်တည်း ကျင့်ရာ၏၊ (အကြောင်းမူကား) လူမိုက်မှာ မှီခိုအားထားစရာ သီလ-စသောဂုဏ် မရှိသည့်အတွက်ပင် ဖြစ်ပေသည်။

(သက်သာ) တရားကျင့်ရန်, ဖော်ရှာပြန်သော်, ဂုဏ်လွန်မြတ်သူ, တူသူကိုမျှ, မရကလျှင်, *တယောက်တည်းသာ, ကျင့်သင့်ပါ၏၊ သဟာယမှု, တရားစုကား, မိုက်မှားသူမှာ, မရှိပါတည်း။ [ *ကာရန်ကိုင်၍ တယောက်တည်းသာ-ဟု ထားပါသည်။]

## ၃-အာနန္ဒသေဋ္ဌိဝတ္ထု

၆၂။ ပုတ္တာ မတ္ထိ ဓနမ္မတ္ထိ ,·ဣတိ ဗာလော ဝိဟညတိ၊
အတ္တာပိ အတ္တနော နတ္ထိ , ကုတော ပုတ္တာ ကုတော ဓနံ။

---

သဒိသော၊ သမာန-သဒ္ဒါကို သ-ပြု၊ ရူ၊ ၅၈၈။ တူသော၊ နီတိ-သုတ္တ၊ ၁၂၆၇-၌ ဒုသ-ဓာတ်ဖြင့် ပြဆိုထားသည်။

**ဧကစရိယံ=** [ဧက+စရိယ] ဧကော ဟုတ္ဝာ စရိယံ-ဧကစရိယံ၊ တစ်ယောက်တည်းသာကျင့်ခြင်း။

**စရိယ=** [√စရ+ဏျ] ဣ-လာ၊ ဝုဒ္ဓိ မပြုရ၊ စရဏ်- စရိယံ၊ စရိယာဝါ၊ ထီ+န။ ကျင့်ခြင်း၊ အကျင့်၊ အကျင့်တရား၊ ကျင့်အပ်သောတရား၊ ပြုကျင့်ခြင်း၊ လှည့်လည်သွားလာခြင်း-စသည်။

**သဟာယတာ=** [သဟာယ+တာ] သဟာယဿ ဘာဝေါ-သဟာယတာ၊ အပေါင်းအဖော်၏ ဖြစ်ကြောင်း (သီလ-စသော ဂုဏ်ကျေးဇူး။)

**သဟာယ=** [သဟ √အယ+ဏ] သဟ အယတိ ကိစ္စေသူတိ-သဟာယော၊ မိတ်ဆွေ၊ အပေါင်းအဖော်၊ ဓာန်-ဋီ၊ ၃၄၆။

[သဟ+ဟာနိ+အယ] သဟ ဝါ ဟာနိ အယော ဝါ ဝုဒ္ဓိ ယဿ-သဟာယော၊ တိပဒဗဟုဗ္ဗီဟိ၊ ဓာန်-ဋီ၊ ၄င်း။

အထဝါ= [သဟ+ဟာယ] သဟ-ဝိဓ္မာနာ ဟာယာ ယဿာတိ-သဟာယော၊ ထင်ရှားရှိသည့် ဆုတ်ယုတ်မှုတိုးပွားမှုရှိသော- သူ။ သပက္ခကော သလောမကောတျာဒိသု ဝိယ သသဒ္ဒဿ ဝိဇ္ဇမာနတ္ထတ္တာ၊ ဓာန်-ဋီ၊ ၄င်း။

**ဟာယ=** [ဟာနိ+အာယ] ဟာနိစ အာယောစ-ဟာယာ၊ နိ-ကို ချေ၊ ဟာယာ၊ ဆုတ်ယုတ်တိုးပွားမှုတို့၊ ဓာန်-ဋီ၊ ၄င်း။

**ဟာနိ=** [√ဟာ+တိ] ဟာဒိတော တိဿ နိဟောတိ၊ ရူ-နှာ၊ ၃၇၁။

[√ဟာ+နိ] ဟာ-စာဂေ၊ ဟာနံ-ဟာနိ၊ ဆုတ်ယုတ်ခြင်း၊ မောဂ်-၅၊ ၅၀-ပဉ္စိကာ။

**အယ=** [√ဣ+အ] အယနံ ဝမုနံ-အယော၊ ကြီးပွားခြင်း၊ တိုးတက်ခြင်း။

## ၆၂-ပဒဝိဘာဂ

**ပုတ္တာ=** [ပုတ္တ+ဓိတု] ပုတ္တာစ ဓိတရောစ-ပုတ္တာ၊ သားသမီးတို့၊ (ဝိရူပေကသေသ်။)

**အနက်** မေ–ငါ့အား၊ ဝါ–ငါ့မှာ၊ ပုတ္တာ–ချစ်၍မငြီး, သားသ္မီးတို့သည်၊ အတ္ထိ–အားထား စရာ, ရှိနေကြပါ၏၊ မေ–ငါ့အား၊ ဝါ–ငါ့မှာ၊ ဓနံ–သုံးစွဲစရာ, ပစ္စည်းဥစ္စာသည်၊ အတ္ထိ–ပေါများလွန်စွာ, ရှိနေပါ၏၊ ဣတိ–ဤသို့၊ ဗာလော–ဖြစ်ကပျက်ရ, သဘာဝကို, ကျနနိုင်းညှိ, မသိမလိမ္မာသောလူမိုက်သည်၊ ဝိဟညတိ–သားသမီးနှင့်, ပစ္စည်းဥစ္စာ, ကပ်ငြိကာ ဖြင့်, လွန်စွာပင်ပန်းရ၏၊ (ဧဝမ္ပိ–ဤသို့ ကပ်ငြိနွမ်းလျ, ပင်ပန်းရပါသော်လည်း၊) အတ္တာပိ–တစ်နေ့သုံးခါ, ကျွေးမွေးကာဖြင့်, တန်ဆာဝတ်စား, ဆင်ထားပြုပြင်, မိမိပင်သော်မှလည်း၊ အတ္တနော–သက်ရှင်ခိုက်ခါ, သေချိန်ခါဝယ်, များစွာဒုက္ခ, တွေ့ကြုံ ရဘိ, မိမိအတွက်၊ နတ္ထိ–ဒုက္ခတားရန်, မစွမ်းသန်၍, အမှန်ပင်မရှိတော့ပေ၊ ပုတ္တာ–ဘေးတား ရန်ဆီး, သားသမီးတို့သည်၊ ကုတော အတ္ထိ–ဘယ်မှာတစ်, ရှိကြတော့မည်နည်း၊ ဓနံ–ဘေးဆီး ရန်ကာ, ပစ္စည်းဥစ္စာသည်၊ ကုတော အတ္ထိ–ဘယ်မှာကိုယ်ပိုင်, ရှိနိုင်ပါတော့မည်နည်း။

**မြန်မာပြန်** "ငါ့မှာ သားသမီးတွေ ရှိနေ၏၊ ပစ္စည်းဥစ္စာတွေ ရှိနေ၏"ဟု ယူဆကာ အနိစ္စ–မမြဲခြင်းသဘောကို သတိမမူသော လူမိုက်သည် လွန်စွာပင်ပန်း ဆင်းရဲရ၏၊ (ထိုသို့ပင်ပန်းဆင်းရဲရသော်လည်း အိုဘေး, နာဘေး, သေဘေးနှင့် ကြုံရသည့် အခါ) မိမိပင်သော်လည်း မိမိအတွက် အားထားရာ မဖြစ်နိုင်၊ သားသမီးနှင့် ပစ္စည်းဥစ္စာ ရတနာတို့သည် အဘယ်မှာလျှင် အားထားရာ ဖြစ်နိုင်ပါတော့မည်နည်း။

**လင်္ကာ** မကြိုက်တရား, လူမိုက်များသည်, သားသမီးရှိ, ဥစ္စာရှိဟု, ကပ်ငြိတွယ်တာ, ပင်ပန်းရှာ၏၊ ကိုယ်ပါ ကိုယ့်တွက်, ပိုင်ချက်သေချာ,မရှိပါဘဲ၊ ဘယ်မှာစီးပွား, သမီးသားသည်, ......အားထားမှီရာ ဖြစ်မည်နည်း။

## ၄–ဂဏ္ဍိဘေဒကစောရဝတ္ထု

၆၃။ ယော ဗာလော မညတိ ဗာလျံ , ပဏ္ဍိတော ဝါပိ တေန သော၊
ဗာလော စ ပဏ္ဍိတမာနီ , သ ဝေ ဗာလောတိ ဝုစ္စတိ။

---

**ပုတ္တ**= [ √ ပုသ+တက် ] ပေါသီယတီတိ–ပုတ္တော= အတ္တဇော၊ သား၊ မောဂ်–၇၊ ၈၃။ ပုသ=(ဘူ+ကီ+ဒိ+စု) ပေါသနေ–မွေးမြူခြင်း၌၊ (ပေါသတိ၊ ပုသ္နာတိ၊ ပုဿတိ၊ ပေါသေတိ၊ ပေါသယတိ။)

[ √ ပူ+တ ] အတ္တနော ကုလံ ပုနာတိ သောဓေတီတိ–ပုတ္တော၊ နီတိ–ဓာ၊ ၂၅၂။

[ √ ပူရ+တ ] အတ္တနော ပိတုဟဒယံ ပူရေတီတိ–ပုတ္တော၊ နီတိ–ဓာ၊ ၂၅၂။

**ဓီတု**= [ √ဓေ+ရိတု ] မာတာပိတူဟိ ဓရီယတီတိ–ဓီတာ၊ ကွစိဓာတုတိအာဒိနာ ဣကာရဿ ဒီဃော၊ ရူ၊ ၅၇၅။ သမီး။

[ √ဓာ+တု ] အာ–ကို ဤ–ပြု၊ ဓာရီယတီတိ–ဓီတာ= ပုတ္တီ၊ သမီး၊ မောဂ်–၇၊ ၇၂။ ထီ။

### ၆၃–ပဒဝိဘာဂ

**မညတိ**= [ √ မန+ယ+တိ ] သိ၏၊ မန–ဉာဏေ၊ ဉာဒေသော၀ ဝိသေသော၊ မညတိ၊ မည န္တိ ဣစ္စာဒိ။ ရူ–နာ၊ ၃၁၀။

(အနက်) ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ ဗာလော-သိဉာဏ်ကွာကင်း, အလွန်ညံ့ဖျင်းသော လူမိုက်သည်၊ သမာနော-ဖြစ်ပါလျက်၊ ဗာလျံ-အမှန်စင်စစ်, မိမိမိုက်သည်၏အဖြစ်ကို၊ မညတိ-ကြည့်ရှုဆင်ခြင်, သိမြင်တတ်၏၊ တေန-မိမိမိုက်မှု, ကြည့်ရှုဆင်ခြင်, ထိုသို့ သိမြင်ခြင်းကြောင့်၊ သော ဗာလော-အမှန်ဆင်ခြင်, သိမြင်တတ်သော, ထိုလူမိုက်သည်၊ ပဏ္ဍိတောဝါပိ-ပညာရှိမြတ်, ဆည်းကပ်သင်ယူ, ပညာရှိနှင့် တူသူသည်လည်း၊ ဟောတိ-အမြန်မကြာ, ဖြစ်နိုင်ပါ၏၊ [ဝါ=ပဏ္ဍိတောဝါပိတိ ဧတ္ထ ဝါကာရော ဝါနရောတျာဒီသု ဝိယ သဒိသတ္ထောတိ အာဟ ပဏ္ဍိတသဒိသော ဟောတီတိ၊ ဓံ-မဟာဋီ၊ ၉၅။] ယောစ-အကြင်သူသည်ကား၊ ဗာလော-သိဉာဏ်ကွာကင်း, အလွန်ဖျင်းအသော လူမိုက်သည်၊ သမာနော-ဖြစ်ပါလျက်၊ ပဏ္ဍိတမာနီ-ကိုယ့်ကို ကိုယ်ပင်, ပညာရှိဟု မှတ်ထင်သည်၊ ဟောတိ-ဘဝင်မြင့်ကာ, ဖြစ်နေပါ၏၊ သော ဗာလော-မာနဖိစီး, ကိုယ့်ကို ကိုယ်အထင်ကြီးသော ထိုလူမိုက်ကို၊ ဝေ-စင်စစ်ဧကန်, အမှန်အားဖြင့်၊ ဗာလော-ပြုပြင်မရ, ဗာလအစစ်ဟူ၍၊ ဝုစ္စတိ-ပိုင်းခြားသေချာ, ဆိုအပ်ပါ၏။

(မြန်မာပြန်) လူမိုက်ဖြစ်စေကာမူ မိမိမိုက်ကြောင်းကို သိသူသည် ယင်းသို့ အဖြစ်မှန်ကို သိမြင်ခြင်းကြောင့် ပညာရှိနှင့်တူသူဖြစ်နိုင်၏၊ လူမိုက်ဖြစ်လျက် ကိုယ့်ကို ကိုယ် ပညာရှိထင်နေသူကိုမူ မိမိမိုက်ကြောင်းကို နားမလည်သောကြောင့် တကယ့် ပညာမဲ့လူမိုက်-ဟု ဆိုသင့်၏။

(လင်္ကာ) လူမိုက်အစစ်, တကယ်ဖြစ်လည်း, ကိုယ့်ပြစ်ကိုပင်, ကိုယ်သိမြင်က, ကိုယ်ပင်ဉာဏ်ရှိ, ဖြစ်လာဘိ၏၊ မိမိလွန်စွာ, မိုက်နေပါလျက်, ပညာရှိပင်, ကိုယ့်ကိုထင်မူ, ထိုသူစင်စစ်, လူမိုက်ဖြစ်၏။

## ၅-ဥဒါယိတ္ထေရဝတ္ထု

၆၄။ ယာဝဇီဝမ္ပိ စေ ဗာလော , ပဏ္ဍိတံ ပယိရုပါသတိ၊
န သော ဓမ္မံ ဝိဇာနာတိ , ဒဗ္ဗိ သူပရသံ ယထာ။

(အနက်) ဒဗ္ဗိ-ချက်ပြုတ်တိုင်းပင်, ယူငင်သုံးချ, ဟင်းမွှေယောက်မသည်၊ သူပရသံ-စပ်ငန်ဖန်ခါး, စသောအားဖြင့်, ခြောက်ပါးပြားလာ, ဟင်း၏အရသာကို၊ န

ဗာလျံ= [ဗာလ+ဏျ] ဗာလဿ ဘာဝေါ-ဗာလျံ၊ ဗာလဿ-လူမိုက်၏၊ ဘာဝေါ-ဖြစ်ကြောင်းတည်း၊ ဗာလျံ-လူမိုက်၏ဖြစ်ကြောင်း၊ န ။ လူမိုက်၏ အဖြစ်၊ မိုက်ခြင်း။

**ပဏ္ဍိတမာနီ=** [ပဏ္ဍိတ √ မန+ဏီ] ပဏ္ဍိတံ အတ္တာနံ မညတီတိ-ပဏ္ဍိတမာနီ၊ မိမိကိုယ်ကို ပညာရှိ-ဟု ထင်မှတ်သူ၊ ရူ၊ ၅၉၀။ မန=(ဒိ) မညနာယံ-မှတ်ထင်ခြင်း၌၊ (မညတိ။)

၆၄-ပဒဝိဘာဂ

**ယာဝဇီဝံ=** [ယာဝ+ဇီဝ] ဇီဝဿ ယတ္တကော ပရိစ္ဆေဒေါ-ယာဝဇီဝံ၊ အသက်ထက်ဆုံး၊ ရူ၊ ၃၃၈။ မောဂ်-၃၊ ၄-ပဋ္ဌိကာ။

ဝိဇာနာတိ ယထာ-နေ့ရက်မခြား, မွေဖန်များ၍, တုံးသွားသည့်တိုင်, မသိနိုင်သကဲ့သို့၊ ဧဝံ-ဤအတူ၊ ဗာလော-ပစ္စုပ္ပန်နှင့်, တမလွန်ရေး, အလေးမမူ, မိုက်သောသူသည်၊ ယာဝ ဇီဝမ္ပိ-အသက်ရှည်သမျှ, ကာလပတ်လုံးလည်း၊ ပဏ္ဍိတံ-ပရိယတ်နှင့်, ပဋိပတ် ဆိုင်ရာ, ပညာရှိသူကို၊ စေ ပယိရုပါသတိ-ခွဲခွာမသွား, အကယ်၍ ဆည်းကပ်နေထိုင် ရငြားအံ့၊ ဝေမ္ပိ-မခွဲမခွာ, ဤသို့ပင် ဆည်းကပ်နေထိုင်ရပါသော်လည်း၊ သော ဗာလော- တရားမကြိုက်, ထိုလူမိုက်သည်၊ ဓမ္မံ-ပရိယတ်နှင့်, ပဋိပတ်တစ်ထွေ, ပဋိဝေသတ်မှတ်, တရားတော်မြတ်ကို၊ န ဝိဇာနာတိ-တိကျပိုင်ပိုင်, မသိနိုင်ပေ။

(မြန်မာပြန်) ဟင်းမွှေယောက်မသည် ဟင်း၏အရသာကို (မွေဖန်များ၍ တုံးသွားသည့်တိုင်) မသိနိုင်သကဲ့သို့ လူမိုက်သည်လည်း အသက်ရှည်သမျှ ပညာရှိကို ဆည်းကပ် နေထိုင်ရပါသော်လည်း (ပရိယတ်, ပဋိပတ်, ပဋိဝေဓ-ဟူသော) တရားကို မသိနိုင်ပေ။

(လင်္ကာ) ဟင်းမွှေယောက်မ, ဟင်းအရသာ, မသိရာသို့, လိမ္မာမဖက်, လူပေါ့ပျက်သည်, တစ်သက်လုံးပင်, ပညာရှင်ကို, အစဉ်မကွာ, ဆည်းကပ်ပါလည်း, ဓမ္မာရသ, မသိရတည်း။

## ၆-တိံသပါဝေယျကာဘိက္ခုဝတ္ထု

၆၅။ မုဟုတ္တမပိ စေ ဝိညူ , ပဏ္ဍိတံ ပယိရုပါသတိ၊
ခိပ္ပံ ဓမ္မံ ဝိဇာနာတိ , ဇိဝှါ သူပရသံ ယထာ။

---

**ပယိရုပါသတိ=** [ပရိ+ဥပ √အာသ+အ+တိ] ဆည်းကပ်၏၊ ခစား၏၊ အာသ=(ဘူ) ဥပ ဝေသနေ-နေခြင်း၌၊ ဝိဇ္ဇမာနေစ-ထင်ရှားရှိခြင်း၌လည်း၊ (အာသတိ၊ အစ္ဆတိ။)

**ဒဗ္ဗိ=** [√ဒရ+ဗိ] ရ-ကို ပရရုပ် ဗ-ပြု၊ ဩဒနာဒိနိ ဒါရေန္တိ ဧတာယာတိ-ဒဗ္ဗိ= ကဋစ္ဆု၊ ငီမှ ဒဗ္ဗီ၊ ထီ။ မောဂ်-၇၊ ၁၂၃။ ဟင်းမွှေယောက်မ၊ ယောက်ချို၊ ဇွန်း၊ ဒရ=(ဘူ) ဝိဒါရဏေ-ဖောက်ခွဲခြင်း၌၊ (ဒရတိ၊ ဒါရေတိ၊ ဒါရယတိ။)

[√ဒု+ဗ+ဤ] ဒု-ဂတိယံ၊ ဗော၊ နဒါဒိ ဒဗ္ဗီ၊ ရဿေ ဒဗ္ဗိ၊ ဓာန်-ဋီ၊ ၄၅၈။

**သူပရသံ=** [သူပ+ရသ] သူပဿ ရသော-သူပရသော၊ ဟင်း၏အရသာ။

**သူပ=** [√သူ+ပက်] သဝတိ ရုစိံ ဇနေတီတိ-သူပေါ= ဗျဉ္ဇနဝိသေသော၊ ပဲဟင်း၊ ဟင်း၊ မောဂ်-၇၊ ၁၁၆။ သူ=(ဘူ+ဒိ) ပသုတိယံ-ဖြစ်စေခြင်း၌၊ ဝါ-သားဖွားခြင်း၌၊ (သူတော၊ သူယတေ။)

[သု √ပါ+အ] သုခဗ္ဘာယ ပါတဗ္ဗတ္တာ-သူပေါ၊ ဒီဃာဒိ၊ ဓာန်-ဋီ၊ ၄၆၄။ ပ+န ။ ပဲဟင်း၊ ဟင်း။

### ၆၅-ပဒဝိဘာဂ

**မုဟုတ္တံ=** [√ ဟုစ္ဆ+တ] ဟုစ္ဆ-ကောဋိလျေ၊ ကုဋိလယတိ ရတ္တိဒိဝသေ သုဘာသုဘဒဿန တောတိ-မုဟုတ္တော၊ တော၊ ဓာတွာယာဒိမှိ မုကာရာဂမော စ္ဆလောပေါစ၊ ပု။ တစ်မုဟုတ်၊ တစ်ခဏမျှသောကာလ။ ဓာန်-ဋီ၊ ၆၇။

**အနက်** ဓိဝှါ-သက်ရှင်ကြောင်းရာ, သတ္တဝါတို့၏လျှာသည်၊ ဝါ-ဓိဝှါပသာဒ, ကောင်းလှလွန်စွာ, သတ္တဝါသည်၊ သူပရသံ-ငန်ပေါ့စသား, ထွေပြားလှပါ, ဟင်း၏အရသာကို၊ ခိပ္ပံ-တွေ့ထိရောက်လာ, လျင်မြန်စွာပင်၊ ဝိဇာနာတိ ယထာ-ပိုင်းခြားခွဲဝေ, သိမြင်လေသကဲ့သို့၊ ဧဝံ-ဤအတူ၊ ဝိညူ-ကြောင်းကျိုးနှစ်တန်, ဝေဖန်မြင်သိ, ပညာရှိသည်၊ မုဟုတ္တံအပိ-မကြာကာလ, တစ်ခဏမျှလည်း၊ ပဏ္ဍိတံ-ဓုရနှစ်ပါး, အားထုတ်ထားဘိ, ပညာရှိကို၊ စေ ပယိရုပါသတိ-နီးရပ်ထံပါး, အကယ်၍ ဆည်းကပ်နေထိုင်ရငြားအံ့၊ ဧဝံ-ဤသို့ခဏ, ဆည်းကပ်နေထိုင်ရလတ်သော်၊ ခိပ္ပံ-ကာလမကြာ, ဆောလျင်စွာသာလျှင်၊ [ဧဝံ-အကျေုကြံ ၊] ဓမ္မံ-သင်ယူသင့်လျော်, ပရိယတ်တရားတော်ကို၊ ဝိဇာနာတိ-ပိုင်းခြားခွဲဝေ, သိနိုင်ပါပေ၏။

**မြန်မာပြန်** လျှာသည် ဟင်း၏အရသာကို လျင်မြန်စွာ သိဘိသကဲ့သို့ အသိအလိမ္မာဉာဏ်ပညာရှိသူသည် ခဏလောက်မျှ ပညာရှိကို ဆည်းကပ်ခွင့် ရခဲ့ပါလျှင် လျင်မြန်စွာ တရားတော်မြတ်ကို သိမြင်နိုင်ပေသည်။

---

မုဟုတ္တံ= [ဗျ] သမ္ဗတိ ။ ပ ။ မုဟုံ၊ မုဟုတ္တံ။ ပ ။ ကဒါ ဣစ္စာဒယော ကာလသတ္တမိယာ၊ ရူ-နှာ၊ ၁၃၄။ နီတိ-သုတ္တ-နှာ၊ ၃၈၁။

စိရံ, စိရဿံ, နိစ္စံ, သတတံ, အဘိဏှံ, အဘိက္ခဏံ, မုဟုတ္တံဣစ္စာဒိ အစ္စန္တသံယောဂလက္ခဏေ ဒုတိယာယ၊ နိရုတ္တိ-နှာ၊ ၁၅၅။

**ဝိညူ**= [ဝိ √ဉာ+ရူ] ဝိဇာနိတုံ သီလံ ယဿ ဝိဇာနနသီလောတိဝါ-ဝိညူ၊ ပညာရှိ၊ ရူ၊ ၅၉၃။

[ဝိ √ဉာ+ကူ] ဉာ-အဝဗောဓနေ ဝိပုဗ္ဗော၊ ဝိဇာနာတီတိ-ဝိညူ ပုဗ္ဗသရလောပေါ ပါဒိသမာသော။ ပ ။ ဉာဿ ဒွိဘာဝေါ၊ မောဂ်-၅၊ ၃၉-ပဉ္စိကာ။

**ခိပ္ပံ**= [ √ ခိပ+ပက် ] ခိပတိ ခယံ ဂစ္ဆတီတိ-ခိပ္ပံ= သီဃံ ။ န ။ အလျင်အမြန်၊ မောဂ်-၇၊ ၁၁၆။ ခိပ္ပတိ ပေရတီတိ-ခိပ္ပံ၊ ဓာန်-ဋီ၊ ၄၀။ ခိပ=(ဘူ+ဒိ+စု) ပေရဏေ-ပစ်လွှင့်ခြင်း၌၊ (ခိပတိ၊ ခိပ္ပတိ၊ ခေပတိ၊ ခေပယတိ။)

ခိပ္ပံ= [ဗျ] အလျင်အမြန်၊ လျင်မြန်စွာ၊ ခိပ္ပံ, အရံ, လဟု, အာသုံ, တုဏ္ဏံ, အစိရံ-သီဃတ္ထေ၊ ရူ-နှာ၊ ၁၃၆။

ခိပ္ပံ အရံ လဟုံ အာသုံ တုဏ္ဏံ အစိရံ တုဝဋံ ဣစ္စေတေ သီဃတ္ထေ၊ နီတိ-သုတ္တ၊ ၃၉၁။

**ဇိဝှါ**= [ √ဇိဝ+ဟ+အာ] ဤ-ကို ရဿပြု၊ ဇိဝန္တိ တောယာတိ-ဇိဝှါ= ရသနာ၊ လျှာ၊ မောဂ်-၇၊ ၂၂၂။

[ ဇီဝိတ+အာ √ဝှေ+အ+အာ] ဇီဝိတံ အဝှါယတီတိ-ဇိဝှါ၊ ဝဏ္ဏလောပေါ၊ ဓာန်-ဋီ၊ ၁၅၀။ ဝှေ=(ဘူ) အဝှါယန သဒ္ဒါဟံကာရေသု-ခေါ်ခြင်း, အသံပြုခြင်း, ငါတကားဟုထောင်လွှားထိပါး ချုပ်ချယ်ခြင်းတို့၌၊ (ဝှေတိ၊ ဝှါယတိ။)

**လက်ာ** လျှာဟူသည်မှာ, ဟင်းရသာကို, ထိကာလျက်မိ, ချက်ချင်းသိသို့, ဉာဏ်ရှိသူကား, သူတော်များကို, ပေါင်းဖြားခဏ, ဓမ္မရသာ, သိနိုင်ပါ၏။

## ၇-သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု

၆၆။ စရန္တိ ဗာလာ ဒုမ္မေဓာ , အမိတ္တေနေဝ အတ္တနာ၊
ကရောန္တာ ပါပကံ ကမ္မံ , ယံ ဟောတိ ကဋုကပ္ဖလံ။

**အနက်** ဗာလာ-ပစ္စုပ် တမလွန်, ကျိုးနှစ်တန်ကို, သိရန်ဝေးလှ, မိုက်မဲတွေဝေကြကုန်သော၊ ဒုမ္မေဓာ-အသိအလိမ္မာ, ဉာဏ်ပညာမရှိသူတို့သည်၊ အမိတ္တေနေဝ-ရန်သူပမာ, ဖြစ်နေပါသော၊ အတ္တနာ-မိမိကိုယ်ဖြင့်၊ ပါပကံ-အပါယ်လေးရပ်, ရောက်စေတတ်သော၊ ကမ္မံ-ကိုယ်ပြု ကိုယ်ခံ, အကုသိုလ်ကံကို၊ ကရောန္တာ-မတွန့်မဆုတ်, ပြုလုပ်ကြကုန်လျက်၊ စရန္တိ-စားကာ သောက်ကာ, ပျော်မြူးကာဖြင့်, လှည့်ပတ်သွားလာ၍ နေကြကုန်၏၊ ယံ ကမ္မံ-ဆိုးဝါးကျူးလွန်, ယင်းအကုသိုလ်ကံသည်၊ ကဋုကပ္ဖလံ-ပူစပ်လွန်စွာ, အရသာသို့, လွန်စွာဆင်းရဲသော အကျိုးရှိသည်၊ ဟောတိ-အကြောင်းလျော်စွာ, အကျိုးလာစမြဲပေမို့, မှန်စွာမသွေ, ဖြစ်ရပါပေ၏။

---

### ၆၆-ပဒဝိဘာဂ

**စရန္တိ**= [ √စရ+အ+အန္တိ ] သွားကြ၏၊ လှည့်လည်ကြ၏၊ ကျင့်ကြ၏။

**ဒုမ္မေဓာ**= [ ဒု+မေဓာ ] နတ္ထိ မေဓာ ဧတေသန္တိ-ဒုမ္မေဓာ၊ ပညာမရှိသူတို့၊ ပညာနည်းသူတို့။

**အမိတ္တေန**= [ န+မိတ္တ ] မိတ္တပဋိပက္ခတ္တာ န မိတ္တော-အမိတ္တော၊ မိတ်ဆွေ၏ ဆန့်ကျင်ဘက်ဖြစ်သူ၊ ရန်သူ၊ ရူ-နှာ၊ ၁၈၈။

**မိတ္တ**= [ √မိဒ+တ ] မိဇ္ဇတိ သိနေဟတီတိ-မိတ္တော၊ ချစ်ခင်တတ်သော, ချစ်အပ်သော-သူ။ မိတ်ဆွေ၊ ရူ၊ ၆၆၆။ နိရုတ္တိ၊ ၄၈၅။ ပု+န ။ မိဒ=(ဘူ+ဒိ+စု ) သိနေဟေ-စေးကပ်ခြင်း၌၊ ဝါ-ချစ်ခင်နှစ်သက်ခြင်း၌၊ (မိဒတိ၊ မိဇ္ဇတိ၊ မေဒေတိ၊ မေဒယတိ။)

[ √မိဒ+တက် ] မိဇ္ဇတိ သိနေဟတီတိ-မိတ္တော= သုဟဒယော၊ မိတ်ဆွေ၊ မောဂ်-၇၊ ၈၃။

[√မိ+တ ] သဗ္ဗဂုယှေသု မိနိယတိ ပက္ခိပီယတီတိ-မိတ္တော၊ နီတိ-ဓာ၊ ၂၄၅။

**ကရောန္တာ**=[√ကရ+ဩ+အန္တ ] ကရောန္တီတိ-ကရောန္တာ၊ ပြုလုပ်ကြသူတို့၊ တိ။ ထီ-၌ ကရောန္တီ။

**ပါပကံ**= [ ပ √အပ+ဏော+အက ] နိရုတ္တိ၊ ၅၄၇။ ကစ္စည်းနှင့်ရူအလို ဏျ-ပစ္စည်း၊ ဒုဂ္ဂတိံ ပါပေတီတိ-ပါပကံ၊ ယုတ်မာသော၊ ထီ-၌ ပါပိကာ။

[ ပါပ+က ] ကုစ္ဆိတံ ပါပံ-ပါပကံ၊ ကုစ္ဆိတအနက်၌ က-ပစ္စည်း။

**ကဋုကပ္ဖလံ**= [ကဋုက+ဖလ ] ကဋုကံ ဖလံ ဧတဿာတိ-ကဋုကပ္ဖလံ၊ အလွန်ကြမ်းတမ်းသော, အလွန်ဆင်းရဲသော-အကျိုးရှိသောကံ။

(မြန်မာပြန်) ပစ္စုပ်ပတမလွန်, ကျိုးနှစ်တန်ကို, မသိနားမလည်ကြကုန်သော ပညာမဲ့လူတန်းစားတို့သည် မိမိကိုယ်တိုင်ပင် မိမိ၏ ရန်သူသဖွယ်ဖြစ်ကာ အပါယ်သို့ ရောက်စေတတ်သော အကုသိုလ်ကို ပြုလုပ်လျက် လှည့်လည်နေထိုင်ကြကုန်၏၊ သူတို့ ပြုလုပ် ထားသော ယင်းအကုသိုလ်ကံသည် လွန်စွာဆင်းရဲသော အကျိုးကိုပေးတတ်၏။

(လကာ) ပစ္စုပ်ပတမလွန်, ကျိုးနှစ်တန်ကို, သိရန်ဝေးငြား, လူမိုက်များသည်, ကိုယ့်အား ကိုယ်ပင်, ရန်သူသွင်သို့, ပါယ်ခွင်ရောက်ကြောင်း, မကောင်းမှုများ, ကြိုးစားပြုကာ, လှည့်လည်ပါ၏၊ ပြုလာခဲ့ငြား, ယင်းကံများကား, ဆိုးဝါးအကျိုး, ပေးလေရိုးတည်း။

## ၈-ကဿကဝတ္ထု

၆၇။ န တံ ကမ္မံ ကတံ သာဓု , ယံ ကတ္វာ အနုတပ္ပတိ၊
ယဿ အဿုမုခေါ ရောဒံ , ဝိပါကံ ပဋိသေဝတိ။

(အနက်) ယံ ကမ္မံ-အပါယ်ရောက်စေ, ဆင်းရဲတွေတိုး, အကြင်အလုပ်မျိုးကို၊ ကတွာ-မတွန့်မဆုတ်, ပြုလုပ်ပြီး၍၊ အနုတပ္ပတိ-နောင်တတစ်ဖန်, ပူပန်ရ၏၊ ကတံ-မှားယွင်းထပ်ထပ်, ပြုလုပ်အပ်သော၊ တံ ကမ္မံ-နောင်တတစ်ဖန်, ပူပန်ရရိုး, ထိုအလုပ်မျိုးသည်၊ န သာဓု-ယခုပူပန်, တမလွန်ဒုက္ခ, တွေ့ကြုံရ၍, မကောင်းလှပေ၊ ယဿ ကမ္မဿ-ကိုယ်ပင်စီမံ, ယင်းမကောင်းမှုအကုသိုလ်ကံ၏၊ ဝိပါကံ-ဆင်းရဲပွားတိုး, အမျိုးမျိုးသော အကျိုးကို၊ အဿုမုခေါ-မျက်ရည်စီးယို, စွတ်စိုသောမျက်နှာရှိသည်ဖြစ်၍၊ ရောဒံ-ရောဒန္တော-ကယ်သူကင်းဝေး, ငိုကြွေးမြည်တမ်းလျက်၊ ပဋိသေဝတိ-နေ့မခြား ညမခြား, မှီဝဲခံစားရလေတော့၏။

---

**ကဿက=** [ √ကဋ+ဏွု ] ကဋ-ဂတိယံ ဏွု၊ ဥတ္တံ၊ ဓာန်-ဋီ၊ ၁၄၈။ စပ်သောအရသာ၊ ထီ+ပု ။ ကဋ=(ဘူ) ဂတိ ဝဿာဝရဏ မဒ္ဒနေသု-သွားခြင်း, မိုးရွာသွန်းခြင်း, ပိတ်ပင် တားမြစ်ခြင်း, နှိမ်နင်းခြင်းတို့၌၊ (ကဋတိ။)

[ ကဿက+အ ] ကဿကောဝိယာတိ-ကဿကံ၊ စပ်သောအရသာကဲ့သို့ ကြမ်းကြုတ်သော၊ အလွန်ဆင်းရဲသော။

## ၆၇-ပဒဝိဘာဂ

**အနုတပ္ပတိ=** [အနု √တပ+ယ+တိ] နောင်တတစ်ဖန် ပူပန်၏၊ စိုးရိမ်၏။

**အဿုမုခေါ=** [အဿု+မုခ ]အဿူနိ မုခေ ဧတဿာတိ-အဿုမုခေါ၊ မျက်နှာ၌ မျက်ရည် ရှိသော- သူ။

**အဿု=** [ √ အသ+သု ] အသီယတိ ခိပီယတီတိ-အဿု= ဗဟွော၊ မျက်ရည်၊ န ။ မောဂ်-၇၊ ၂၁၉။ အသ=(ဘူ) ခေပနေ-ပစ်ပယ်ခြင်း၌၊ (အသတိ။)

**မုခ=** [ √မု+ခ ] မု-ဗန္ဓနေ၊ ဩတ္တာဘာဝေါ နိပါတနာ၊ မုနန္တိ ဗန္ဓန္တိ ဧတေနာတိ- မုခံ= လပန်၊ န ။ ခံတွင်း၊ ပါးစပ်၊ မျက်နှာ၊ အဝ၊ မုခ်၊ တံခါး၊ အကြောင်း၊ မောဂ်-၇၊ ၃၁။ မုခ

**မြန်မာပြန်** ပြုလုပ်ပြီးသည့်နောက် နောင်တတစ်ဖန်ပူပန်ရသော အလုပ်မျိုးသည် မကောင်းလှပေ၊ ယင်းမကောင်းသောအလုပ်၏အကျိုးကို မျက်ရည်စွတ်စို ငိုယိုမြည်တမ်းလျက် (ဘဝသံသရာ တလျှောက်လုံးမှာ) ခံစားရတတ်သည်။

**လင်္ကာ** ပြုမိတုံက, နောင်တတစ်ဖန်, ပူပန်ရရိုး, အလုပ်မျိုးမှာ, မကောင်းပါတည်း၊ ကိုယ်သာကြိုးကုတ်, ယင်းအလုပ်၏, ဆိုးယုတ်ငြင်ငြို, အကျိုးကိုကား, ငိုယိုပြင်းစွာ, မျက်ရည်ဖြာလျက်, ကိုယ်သာမုချ, ခံစားရ၏။

## ၉-သုမနမာလာကာရဝတ္ထု

၆၈။ တဉ္စ ကမ္မံ ကတံ သာဓု , ယံ ကတွာ နာနုတပ္ပတိ၊
ယဿ ပတီတော သုမနော , ဝိပါကံ ပဋိသေဝတိ။

**အနက်** ယံ ကမ္မံ-လူနတ်နိဗ္ဗာန်, သုံးတန်ပြားလာ, ချမ်းသာပွားတိုး, အကြောင်းအလုပ်မျိုးကို၊ ကတွာ-ခွင့်သာတိုင်းသာ, ပြုလုပ်လာ၍၊ နာနုတပ္ပတိ-နောင်တတစ်ဖန်,

---

ပဝတ္တိယံဝါ၊ ဟိတသုခံ မုခတိ ပဝတ္တတိ ဧတေနာတိ-မုခံ-ဟု သုစိ-၌ ပြထားသေးသည်၊ ဓာတ်ကျမ်းများ၌ မုခ-ဓာတ်ကို မတွေ့ရပါ။

[ √ ခနု+ရ] ခနတိ ဝိဒါရယတိ အန္နာဒိကံ အနေနာတိ-မုခံ၊ အစ၌ မု-လာ၊ ကောတ္ထုဘာ။

**ရောဒံ=** [ √ ရုဒ+အန္တ ] ရောဒတီတိ-ရောဒံ ရောဒန္တော၊ ငိုယိုသောသူ၊ ရုဒ=(ဘူ) အဿုဝိမောစနေ-မျက်ရည်စွတ်စို ငိုယိုမြည်တမ်းခြင်း၌၊ (ရုဒတိ၊ ရောဒတိ။)

**ဝိပါကံ=** [ ဝိ √ ပစ+ဏ ] ဝိပစ္စနံ-ဝိပါကော၊ မှည့်ရင့်ခြင်း၊ အကျိုး၊ ပစ=(ဘူ+ဒိ) ပါကေ-ကျက်ခြင်း၌၊ (ပစတိ၊ ပစ္စတိ။)

[ဝိ+ပါက] အညမညဝိသိဋ္ဌာနံ ကုသလာကုသလာနံ ပါကာ-ဝိပါကာ၊ ဘိ-ဋ- ၁၊ ၁၀၈။ အချင်းချင်းထူးကုန်သော ကုသိုလ်အကုသိုလ်တို့၏အကျိုး။

**ပါက=** [ √ ပစ+ဏ ] ပစနံ-ပါကော၊ ရင့်ကျက်ခြင်း၊ အကျိုး။

**ပဋိသေဝတိ=** [ပဋိ √သေဝ+အ+တိ] မှီဝဲ၏၊ သုံးဆောင်၏၊ မှီဝဲခံစား၏၊ သေဝ=(ဘူ) သေဝနေ-မှီဝဲခြင်း၌၊ (သေဝတိ။)

### ၆၈-ပဒဝိဘာဂ

**ပတီတော=** [ √ပတိ+ဣ+တ ] ပတီယတေ ပါပုဏီယတေတိ-ပတီတော၊ ပီတိအဟုန်သည် ရှေးရှုရောက်အပ်သော၊ နှစ်သက်သော၊ အဘိမုခံ ဧတီတိ-ပတီတော၊ ကျော်စောသော၊ ထင်ရှားသော၊ နှစ်သက်သော၊ ဓာန်-ဋီ၊ ၇၂၄။

**သုမနော=** [ သု+မန ] သုန္ဒရံ မနော ယဿာတိ-သုမနော၊ ကောင်းသောစိတ်ရှိသော၊ ဝမ်းမြောက်သော၊ ဝမ်းသာသော-သူ။

မပူပန်ရပေ၊ ယသ္မ–ကိုယ်ပြုစိမ်, အကြင်ကုသိုလ်ကံ၏၊ ဝိပါကံ–ချမ်းသာပြည့်ဖြိုး, အမျိုးမျိုးသော အကျိုးကို၊ ပတီတော–အောက်မေ့တိုင်းသာ, ပီတိဖြာလျက်, လွန်စွာနှစ်သက်သည်၊ သုမနော–နှစ်လိုအားရ, ဝမ်းသာရွှင်ပျသည်၊ ဟုတွာ–ဖြစ်၍၊ ပဋိသေဝတိ–နောင်ခါစိတ်ချ, ခံစားရ၏၊ ကတံ–ခွင့်သာတိုင်းမှာ, ပြုလုပ်လာသော၊ တဥ္စ ကမ္မံ–ချမ်းသာပွားတိုး, ထိုအလုပ်မျိုးသည်ကား၊ သာဓု–ယခုနှစ်သက်, နောင်တွက်ချမ်းသာ, အလွန်တရာပင်, ကောင်းမြတ်လှပါပေ၏။

(မြန်မာပြန်) ပြုလုပ်ပြီးနောက် နောင်တတစ်ဖန် မပူပန်ရဘဲ နှစ်သက်ဝမ်းမြောက်စွာ ကောင်းကျိုးချမ်းသာကို ခံစားရသော အလုပ်မျိုးသည် ကောင်းမွန်လှပေသည်။

(လင်္ကာ) ပြုလုပ်မိက, နောင်တတစ်ဖန်, မပူပန်ရ, နှစ်သက်လှ၍, ရွှင်ပျမျက်နှာ, ဝမ်းသာစွာဖြင့်, ချမ်းသာကျိုးများ, ခံစားရရိုး, အလုပ်မျိုးမှာ, ကောင်းလှပါ၏။

## ၁၀–ဥပ္ပလဝဏ္ဏာထေရီဝတ္ထု

၆၉။ မဓုဝ မညတိ ဗာလော , ယာဝ ပါပံ န ပစ္စတိ၊
ယဒါ စ ပစ္စတိ ပါပံ , ဗာလော ဒုက္ခံ နိဂစ္ဆတိ။

(အနက်) ယာဝ–အခွင့်မသာ, ချိန်ခါမရောက်, အကြင်မျှလောက်ကာလပတ်လုံး၊ ပါပံ–ကိုယ်ပြုစိမ်, မကောင်းမှုအကုသိုလ်ကံသည်၊ န ပစ္စတိ–ပစ္စုပ်တမလွန်, နှစ်တန်ညစ်ထေး, အကျိုးမပေးသေး၊ တာဝ–ကျိုးမလာရောက်, ထိုမျှလောက်သော ကာလပတ်လုံး၊ ဗာလော–ပစ္စုပ် သံသရာ, ကျိုးမဲ့သာဟု, နှစ်ဖြာရယူ, မိုက်သောသူသည်၊ နံ–ပါပံ–ကိုယ်ကစိမ်, ထိုမကောင်းမှု, အကုသိုလ်ကံကို၊ မဓုဝ–ချိုမြိန်လွန်စွာ, ပျားသကာကိုကဲ့သို့၊ မညတိ–ကောင်းသလိုပင်, အောက်မေ့မှတ်ထင်၏၊ ယဒါစ–ကျိုးပေးခွင့်သာ, အကြင်အခါ၌ကား၊ ပါပံ–ကိုယ်ပြုစိမ်, မကောင်းမှု, အကုသိုလ်ကံသည်၊ ပစ္စတိ–ပစ္စုပ်တမလွန်, နှစ်တန်လုံးမှာ, လွန်စွာညစ်ထေး, အကျိုးပေး၏၊ တဒါ–ကျိုးပေးလာရာ, ထိုအခါ၌၊ ဗာလော–ပစ္စုပ် သံသရာ, ကျိုးမဲ့သာဟု, နှစ်ဖြာရယူ, မိုက်သောသူသည်၊ ပစ္စတိ–ယခုပစ္စုပ္ပန်, ချုပ်နှောင်ခံရ, နောင်ဘဝဝယ်, ပါယ်လေးဘုံတွင်း, ဆင်းရဲခြင်းကို၊ နိဂစ္ဆတိ–ရှောင်လွှဲမသာ, ရရှိနေရပါတော့၏။

---

### ၆၉–ပဒဝိဘာဂ

**မဓု=** [ √မန+ဓု ] မန–ဉာဏေ၊ နသ္သ ဓော။ မညတိ ဉာယတိ မဓုရန္တိ–မဓု= မဓုကရိဟိ ကတာမဓု၊ ပု+န ။ ပျား၊ ပျားရည်၊ မောဂ်–၇၊ ၆။

[ √မဓု+ဥ ] မဓု–ဥဒ္ဒေ၊ ဥ၊ ဓာန်–ဋီ၊ ၄၉၄။ မဓု=(ဘူ) ဥဒ္ဒေ–စိုစွတ်ခြင်း၌၊ (မဓတိ။) နိတိ–ဓာ၊ ၁၁၀။

**ပစ္စတိ=** [ √ ပစ+ယ+တိ ] ကျက်၏၊ ခံရ၏၊ ရင့်ကျက်၏၊ မှည့်၏၊ အကျိုးပေး၏။

**နိဂစ္ဆတိ=** [ နိ √ဂမု+အ+တိ ] ရောက်၏၊ ရ၏။

**မြန်မာပြန်** မိမိပြုလုပ်သော အကုသိုလ်ကံက အကျိုးမပေးသေးခင် လူမိုက်သည် မိမိ ပြုလုပ်သော မကောင်းမှု အကုသိုလ်ကံကို ချိုမြိန်သာယာ ပျားသကာကဲ့သို့ မှတ်ထင်၏၊ မကောင်းမှု အကုသိုလ်ကံက အကျိုးပေးလာသည့်အခါမှာမူ လူမိုက်သည် ဆင်းရဲဒုက္ခ ရောက်ရလေတော့၏။

**လင်္ကာ** အကုသိုလ်စု, မကောင်းမှုကို, ပြုလုပ်အားကြိုး, လူမိုက်မျိုးကား, ကျိုးမပေးခင်, ပျားသို့ထင်၏၊ ကျိုးလျှင်ပေးခါ, ယင်းဗာလာကား, သေချာဆင်းရဲ, ရဖို့မြဲ၏။

## ၁၁-ဇမ္ဗုကတ္ထေရဝတ္ထု

၇၀။ မာသေ မာသေ ကုသဂ္ဂေန , ဗာလော ဘုဉ္ဇေယျ ဘောဇနံ၊
န သော သင်္ခါတဓမ္မာနံ , ကလံ အဂ္ဃတိ သောဠသိံ။

**အနက်** ဗာလော-သီလသိက္ခာ, ကိုယ်မှာကင်းဘိ, တရားမရှိသော လူမိုက်သည်၊ မာသေ မာသေ-လတိုင်းလတိုင်း၌၊ (တစ်နည်း= မာသေ မာသေ-တစ်လ တစ်လသည်၊ သမ္ပတ္တေ-ရောက်လာလတ်သော်၊) ဘောဇနံ-ပို့ဆောင်ယူလာ, စားစရာကို၊ ကုသဂ္ဂေန-နည်းနည်းပါးပါး, သမန်းမြက်ဖျားဖြင့်၊ ဘုဉ္ဇေယျ-တို့ယူလျက်သာ, စားသောက် သုံးဆောင်ရာ၏၊ သော ဗာလော-သီလသိက္ခာ, မရှိပါဘဲ, မှားယွင်းစွာကျင့်သော ထို လူမိုက်သည်၊ သင်္ခါတဓမ္မာနံ-တရားမှန်များ, ပိုင်းခြားသိမြင်, အရိယာသူတော်စင်တို့၏၊ သောဠသိံ-တစ်ဆယ့်ခြောက်စိတ် တစ်ဆယ့်ခြောက်ခါစိတ်လျက် တစ်စိတ်လောက်မျှ၊ ကလံ-နှစ်ရာငါးဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်လောက်မျှ၊ န အဂ္ဃတိ-မပါအနှစ်, အကျင့် ဖြစ်၍, စင်စစ်ဧကန်, မထိုက်တန်လှပေ။

---

### ၇၀-ပဒဝိဘာဂ

**မာသေ**= [ √ မသီ+ဏ ] မသီ-ပရိမာဏေ၊ ကမ္မနိ ဏော၊ ဓာန်-ဋီ၊ ၇၄။ မသီယတေ ပရိမီယတေတိ-မာသော၊ လ။ မသီ=(ဒိ) ပရိမာဏဝိကာရေသု-နှိုင်းယှဉ်ခြင်း, ဖောက်ပြန် ခြင်းတို့၌၊ (မဿတိ။) ဓာန်-ဋီ-၌ မသီ-ဟု ပါဠ်ပျက်လျက် ရှိနေသည်။

[ √ မာ √ သော+အ ] သတ္တာနံ အာယုံ မာနန္တော ဝိယ သိယတိ အန္တံ ကရောတီတိ-မာသော၊ လ။ နိတိ-ဓာ၊ ၃၆၈။ မာ=(ကီ+တ) ပရိမာဏေ-နှိုင်းယှဉ်ခြင်း၌၊ (မိနာတိ၊ မိနောတိ။) သော=(ဒိ) အန္တကမ္မနိ-အဆုံးကိုပြုခြင်း၌၊ (သျတိ၊ သိယတိ။)

**ကုသဂ္ဂေန**= [ ကုသ+အဂ္ဂ ]ကုသဿ အဂ္ဂံ-ကုသဂ္ဂံ၊ န ။ သမန်းမြက်ဖျား။

**အဂ္ဂ**= [ √ အဇ+ဂက် ] အဇတိ ဂစ္ဆတိ သေဋ္ဌဘာဝန္တိ-အဂ္ဂေါ= သေဋ္ဌော၊ မြတ်သော၊ မောဂ်- ၇၊ ၃၂။ အစွန်းအဖျား, အဖို့အစု-စသည်။

[ √ အဇ+အ ] အဇ-ဂမနေ၊ အ၊ ဇဿ ဂေါ၊ ဒွိတ္တံ၊ အဂ္ဂေါ။ ဓာန်-ဋီ၊ ၆၉၆။

[ √ အဇ+ဏျ ]-သာ ဖြစ်သင့်မည် ထင်ပါသည်။

**ဘုဉ္ဇေယျ**= [ √ ဘုဇ+အ+ဧယျ ] ရုဓာဒိ၊ ဘု-ပေါ်၌ နိဂ္ဂဟိတ်လာ၊ ဝဂ္ဂန္တပြု၊ စားရာ၏။

**သင်္ခါတဓမ္မာနံ**= [သင်္ခါတ+ဓမ္မ ] သင်္ခါတာ ပရိညာတာ ဓမ္မာ ယေသန္တေ-သင်္ခါတဓမ္မာ၊ ပိုင်းခြား၍ သိအပ်သောတရားရှိသူတို့။

(မြန်မာပြန်) တရားသဘောကို မသိနားလည်သော လူမိုက်သည် တစ်လတစ်ခါ လူများဆောင်ယူဆက်ကပ်လာသော စားစရာကို သမန်းမြက်ဖျားဖြင့် တို့ယူလျက် အနည်းငယ်မျှသာ စားနေ၏၊ ထိုလူမိုက်သည် တရားမှန်ကို ပိုင်းခြားသိမြင်ထားသော အရိယာသူတော်စင်တို့၏ ဆယ့်ခြောက်ပုံတစ်ပုံကိုမျှ (၂၅၆-ပုံ ပုံ၍ တစ်ပုံကိုမျှ) မမီနိုင်ပေ။

(လင်္ကာ) တရားမကြိုက်, အမှားလိုက်သည့်, လူမိုက်တို့မှာ, ခြိုးခြံစွာဖြင့်, ရောက်လာတစ်လ, တစ်ကြိမ်မျှသာ, ချွန်မြမြက်ဖျား, တို့ကာစားလည်း, တရားသိမြင်, သူတော်စင်၏, များဖြင်အကျိုး, ဆယ့်ခြောက်ချိုးတွင်, တစ်ချိုးလောက်မျှ, ကျိုးမရတည်း။

## ၁၂-အဟိပေတဝတ္ထု

၇၁။ န ဟိ ပါပံ ကတံ ကမ္မံ , သဇ္ဇုခီရံဝ မုစ္စတိ၊
ဍဟန္တံ ဗာလမနွေတိ , ဘသ္မစ္ဆန္နောဝ ပါဝကော။

(အနက်) သဇ္ဇုခီရံ-လောလောလတ်လတ်, ညှစ်ထားအပ်၍, ဖြူဆွတ်ဖွေးဖွေး, ပူနွေးနေသော နို့ရည်သည်၊ န မုစ္စတိဣဝ-ဖြူဆွတ်ပူနွေး, မူလသဘောမှ မကင်းလွတ်သေးသကဲ့သို့၊ ကတံ-မမြင့်မကြာ, ပြုလုပ်ပြီးကာစဖြစ်သော၊ ပါပံကမ္မံ-ဆိုးယုတ်အလွန်, မကောင်းမှုအကုသိုလ်ကံသည်၊ န ဟိ ပစ္စတိ-မကောင်းဆိုးဝါး, အကျိုးများကို, လျင်လျားဆက်လက်, မရင့်ကျက်စေသေးသည်သာ၊ ( ဝိပစ္စမာနံ-ခန္ဓာပျက်သွား, ပါယ်လေးပါးဝယ်, ဖြစ်ပွား၍လာ, ကိုယ်ခန္ဓာ၌, လွန်စွာဆိုးဝါး, ကျိုးများထပ်ထပ်, ရင့်ကျက်စေ

---

**သင်္ခါတ=** [သံ √ခါ+တ] သင်္ခါယတိ ပရိညာယတီတိ-သင်္ခါတော၊ ပိုင်းခြား၍သိအပ်သော။

**ကလံ=** [ √ကလ+အ+အာ] ကလီယတေ ဧကာဒိနာ သင်္ချာယတေတိ-ကလာ၊ အစိတ်၊ လ-၏ တစ်ဆယ့်ခြောက်စိတ်စိတ် တစ်စိတ်၊ ဓာန်-ဋီ၊ ၅၃။ ကလ=(ဘူ) သင်္ချာနေ-ရေတွက်ခြင်း၌၊ သဒ္ဒေစ-အသံပြုခြင်း၌လည်း၊ (ကလတိ။)

**အဂ္ဃတိ=** [ √အဂ္ဃ+အ+တိ ] အဖိုးထိုက်၏၊ ညီ၏၊ မီ၏၊ အဂ္ဃ=(ဘူ) မူလျေ-အဖိုးဖြတ်ခြင်း, အဖိုးထိုက်ခြင်း၌၊ (အဂ္ဃတိ။)

**သောဠသိံ=** [သောဠသ+ဤ] သောဠသန္နံ ပူရဏီ-သောဠသီ၊ ထိ ။ တစ်ဆယ့်ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ တစ်ဆယ့်ခြောက်ခုမြောက်ဖြစ်သော။

**သောဠသ=** [ဆ+ဒသ] ဆစ ဒသစ, ဆဟိ ဝါ အဓိကာ ဒသ-သောဠသ၊ တစ်ဆယ့်ခြောက်ခုတို့၊ ရုပ်ပြီးပုံကို ရူ-နှာ၊ ၂၄၉-၌ရှုပါ။

### ၇၁-ပဒဝိဘာဂ

**သဇ္ဇုခီရံ=** [သဇ္ဇု+ခီရ] သဇ္ဇု တံ ခဏံယေဝ နိက္ခန္တံ ခီရံ-သဇ္ဇုခီရံ၊ ထိုခဏ၌ထွက်သောနို့ရည်။

သဇ္ဇု= [သမာန+ဇ္ဇု] သမာနသဒ္ဒါကို သ-ပြု၊ သမာနေ အဟနိ-သဇ္ဇု၊ တူမျှသောနေ့၌၊ ချက်ချင်း၊ လောလောလတ်လတ်၊ ဗျ ။ မောဂ်-၄၊ ၁၀၇။
သမ္ပတိ ..... သဇ္ဇု..... ကဒါ ဣစ္စာဒယော ကာလသတ္တမိယာ၊ ရူ-နှာ၊ ၁၃၄။

လတ်သော်၊) ဘသ္မစ္ဆန္နော-ပြာအထပ်ထပ်, ဖုံးလွှမ်းထားအပ်သော၊ ပါဝကော-ပူရှိန်အားကြီး, အတွင်းမှာ ရှိနေသောမီးသည်၊ ဥပဟန္တော-သတိမမူ, နင်းမိသူကို, လိုက်ဆူဖြိုးဝေ, တဖြည်းဖြည်း ပူလောင်စေလျက်၊ အန္ဝေတိက္ကာဝ-ခြေဖျားမှစ, ဦးနှောက်ကျအောင်, ပူလောင်မြိုက်ကာ, အစဉ်လိုက်လာဘိသကဲ့သို့၊ ဧဝံ-ပမာနှိုင်းယှ, ဤအတူပင်၊ ဗာလံ-ကံဆိုးသိမ်းပိုက်, မသိနားမလည်သော လူမိုက်ကို၊ ဥဟန္တံ-ဒုက္ခဖြိုးဝေ, ပူလောင်စေလျက်၊ အန္ဝေတိ-အစဉ်တစိုက်, လိုက်နေလေတော့၏။

**မြန်မာပြန်** ညစ်ပြီးလျှင်ညစ်ပြီးချင်းနို့ရည်သည် နို့ချဉ်နို့ခမ်း-စသောသဘောသို့ မပြောင်းသေးဘဲ တဖြည်းဖြည်းသာ ပြောင်းလာသကဲ့သို့ ပြုလုပ်ပြီးလျှင် ပြုလုပ်ပြီးချင်း မကောင်းမှုအကုသိုလ်သည် အကျိုးမပေးသေးပေ၊ အကျိုးပေးလာသည့်အခါမှာမူ ပြာဖုံးနေသော မီးကဲ့သို့ လူမိုက်ကို ပူလောင်စေလျက် အစဉ်လိုက်နေတော့၏။

**လင်္ကာ** ညှစ်စနို့မှာ, ချက်ချင်းသာလျှင်, မူကွာမပြောင်း, ဖြည်းဖြည်းပြောင်းသို့, မကောင်းမှုသာ, ပြုခဲ့ပါလျှင်, နောင်ခါဖြည်းနှေး, အကျိုးပေးသော်, ပြာမြှေးဖုံးထား, မီးကျီးလားသို့, တအားလောင်မြိုက်, မကောင်းကြိုက်သည့်, လူမိုက်နောက်မှာ, စဉ်လိုက်ပါ၏။

## ၁၃-သင္ဒိကုဋပေတဝတ္ထု

၇၂။ ယာဝဒေဝ အနတ္ထာယ , ဉတ္တံ ဗာလဿ ဇာယတိ၊
ဟန္တိ ဗာလဿ သုက္ကံသံ , မုဒ္ဓမဿ ဝိပါတယံ။

---

**ခီရံ**= [ ခီ+ရက် ] ခယတိ ဒုဟနေနာတိ-ခီရံ= ပယော၊ န ။ နို့ရည်၊ မောဂ်-၇၊ ၁၄၃။ ခီ-ခယေ၊ ဤရော၊ ဓာန်-ဋီ၊ ၅၀၀။

**မုစ္စတိ**= [ √ မုစ+ယ+တိ ] လွတ်၏၊ ထွက်၏၊ ပြောင်းလဲ၏၊ ပင်ကိုယ်သဘောကို စွန့်၏။

**ဘသ္မစ္ဆန္နော**= [ ဘသ္မ+ဆန္န ] ဘသ္မေန (ဘသ္မနာ) ဆန္နော-ဘသ္မစ္ဆန္နော၊ ပြာဖြင့်ဖုံးလွှမ်းအပ်သော။

**ဘသ္မ**= [ √ဘသ+မ ] ဘသ-ဘသ္မီကရဏေ၊ ဘသတိ ပဋ္ဌရတီတိ-(ယိုစီးပြန့်လွင့်တတ်သောကြောင့်၊) ဘသ္မာ= ဆာရိကာ၊ ပြာ၊ မောဂ်-၇၊ ၁၃၇။ ဘသ-ဘသ္မီကရဏေ၊ ဘသ္မာ ဇြပ္ပာဒိတ္တာ သျာစာတိ အာတ္တံ၊ ရူ-နာ၊ ၄၀၆။

ဘသတိ ဝါ အဓောပတတိဝတ္ထာဒီနံ မလံ ဧတေနာတိ-ဘသ္မံ၊ ဓာန်-ဋီ၊ ၃၅။ ဇြပ္ပာဒိဂိုဏ်း၊ ပု+န ။ ဘသ=(ဘူ) ဘသ္မီကရဏေ-ပြာဖြစ်အောင်ပြုလုပ်ခြင်း၌၊ (ဒိ) အဓောပတနေ-အောက်သို့ကျခြင်း၌၊ (ဘသတိ၊ ဘဿတိ။)

[ ဘာ √သေ+ဏေ+မ ] မလီနကံသဝတ္ထာဒီနံ ဘံ ဒိတ္တိံ သေတိ ပဝတ္တေတီတိ-ဘသ္မံ၊ ဓာန်-ဋီ၊ ၃၅။ ပြာ၊ သေ=(ဘူ) ဂတိ ပါက ခယေသု-သွားခြင်း, ချက်ခြင်း, ကုန်ခြင်းတို့၌၊ (သေတိ၊ သာယတိ။)

**ပါဝကော**= [ √ပု+ဏွု ] ပုနာတီတိ-ပါဝကော၊ မီး။ ဓာန်-ဋီ၊ ၃၃။

### ၇၂-ပဒဝိဘာဂ

**အနတ္ထာယ**= [ န+အတ္ထ ] န အတ္ထော-အနတ္ထော= အတ္ထဿ ပဋိပက္ခော အဘာဝေါ စ၊ အကျိုးမရှိသော၊ သာရတ္ထ-၁၊ ၂၃၈။

(အနက်) ဗာလဿ-တရားမကြိုက်, အမှားလိုက်၍, စရိုက်မဖြူ, မိုက်သောသူ၏၊ ဉတ္တံ-တတ်သိပညာ, လွန်ချမ်းသာ၍, ရာထူးကြီးမား, ကျော်စောထင်ရှားသူ၏ အဖြစ်သည်၊ ယာဝဒေဝ အနတ္ထာယ-စီးပွားဉစ္စာ, တတ်ပညာနှင့်, ရာထူးအားကိုး, ပိုလွန်ဆိုး၍, အကျိုးမဲ့ရန်အလို့ငှာသာလျှင်၊ ဇာယတိ-မလွဲသေချာ, ဖြစ်ရပါ၏၊ ဗာလဿ-မကြိုက်တရား, အမှားဘက်လိုက်, မလိမ္မာသောလူမိုက်၏၊ ဉတ္တံ-တတ်သိပညာ, လွန်ချမ်းသာ၍, ရာထူးကြီးမား, ကျော်စောထင်ရှားခြင်းသည်၊ (ဥပ္ပဇ္ဇမာနံ-အကြောင်းအားလျော်စွာ, ဖြစ်ပေါ်လာလတ်သော်၊) သုက္ကံသံ-ချမ်းသာစေတတ်, ကုသိုလ်မြတ်၏, ဖြူဆွတ်စင်ကြယ်သောအဖို့ကို၊ ဟန္တိ-ဖျက်ဆီးလျက်သာ, ဖြစ်ပေါ်လာ၏၊ အဿ-တရားမကြိုက်, ထိုလူမိုက်၏၊ မုဒ္ဓံ-ဦးထိပ်ပမာ, အသိအလိမ္မာ, ဉာဏ်ပညာကို၊ ဝိပါတယံ-ဖြိုခွဲပျက်ကြေ, ကျစေတတ်သည်သာလျှင်၊ [ဝေ-ကျေ၊] ဟုတ္ဂာ-ဖြစ်၍၊ ဟန္တိ-ဖျက်ဆီးလျက်သာ, ဖြစ်ပေါ်လာ၏။

(မြန်မာပြန်) လူမိုက်၏ အတတ်ပညာ ဉစ္စာစီးပွားနှင့် ရာထူးကြီးမားမှုသည် အကျိုးမဲ့ပျက်စီးရန်သာ ဖြစ်ပေသည်၊ (ယင်းအတတ်ပညာ ဉစ္စာစီးပွားနှင့် ရာထူးကြီးမားမှုသည်) လူမိုက်၏ ဖြူစင်သောကုသိုလ်အဖို့ကိုလည်း ဖျက်ဆီးတတ်၏၊ လူမိုက်၏ ဦးထိပ်ပမာပညာကိုလည်း ဖြိုခွဲဖျက်ဆီးတတ်၏။

---

**ဉတ္တံ**= [ဉာတ+တ္တ] ဉာတဿ ဘာဝေါ-ဉတ္တံ၊ သိတတ်သူ၏အဖြစ်= အတတ်ပညာ၊ သိအပ်သူ= ထင်ရှားကျော်စောသူ၏အဖြစ်= အစိုးရခြင်း အခြံအရံစည်းစိမ်။ န ။

**ဉာတ**= [√ ဉာ+တ] အညာယိတ္ထာတိ-ဉာတော၊ ရူ၊ ၆၃၅။ ဉာယတီတိ-ဉာတော၊ သိအပ်သူ၊ ထင်ရှားသူ၊ ဇာနာတီတိ-ဉာတော၊ သိတတ်သူ။

**ဇာယတိ**= [√ ဇန+ယ+တိ] ဖြစ်၏။

**ဟန္တိ**= [√ ဟန+အ+တိ] အ-ပစ္စည်းကိုချေ၊ န-ကို တိ-သို့ကပ်၊ ဟန္တိ-သတ်ဖြတ်၏၊ ဖျက်ဆီး၏။

**သုက္ကံသံ**= [သုက္က+အံသ] သုက္ကော စ သော အံသောစာတိ-သုက္ကံသော၊ ဖြူစင်သောကုသိုလ်အဖို့။

**သုက္က**= [√ သုစ+က] သုစ-သောကေ၊ သောစန္တိ ဧတေနာတိ-သုက္ကံ= သမ္မာဝေါ၊ သုက်၊ သေတဥ္စ-ဖြူသောအဆင်း။ မောဂ်-၇၊ ၁၅။

[သုခ √ ကရ+က္ဂိ] သုခံ ကရောတီတိ-သုက္ကံ၊ န ။ ကုသိုလ်၊ ကောင်းမှု၊ ဓာန်-ဋီ၊ ၈၅။

**အံသ**= [√ အန+သ] ဓာတွန် န-ကို နိဂ္ဂဟိတ်ပြု၊ အနတိ ဇီဝတိ ဧတေနာတိ-အံသော= ကောဋ္ဌာသော၊ အဖို့အစု၊ ဘုဇသိရောစ၊ ပခုံး၊ မောဂ်-၇၊ ၂၁၃။

[√ အံသ+အ] အံသီယတေတိ-အံသော၊ အစိတ်အပိုင်း၊ အံသ=(စု) သံဃာတေ-စုပေါင်းခြင်း၌၊ (အံသေတိ၊ အံသယတိ။)

**လက်ာ** လူမိုက်ရလာ, တတ်ပညာနှင့်, ဥစ္စာစီးပွား, ရာထူးများကား, ပျက်ပြားကိုယ်ကျိုး, ဖျက်ချိုးရန်သာ, ဖြစ်လာပါ၏၊ ချမ်းသာစေတတ်, ကုသိုလ်မြတ်နှင့်, ဉာဏ်ဓာတ်ဦးထိပ်, ခွဲစိတ်မွကြေ, ပျက်စီးစေ၏။

## ၁၄–စိတ္တဂဟပတိဝတ္ထု

၇၃။ အသန္တံ ဘာဝနမိစ္ဆေယျ , ပုရေက္ခာရဉ္စ ဘိက္ခုသု၊
အာဝါသေသု စ ဣဿရိယံ , ပူဇာ ပရကုလေသု စ။

၇၄။ မမေဝ ကတမညန္တု , ဂိဟီ ပဗ္ဗဇိတာ ဥဘော၊
မမေဝါတိဝသာ အဿု , ကိစ္စာကိစ္စေသု ကိသ္မိစိ၊
ဣတိ ဗာလဿ သင်္ကပ္ပော , ဣစ္ဆာ မာနော စ ဝဍ္ဎတိ။

**အနက်** ယောဗာလော–လိုဆိုးသိမ်းပိုက်, အကြင်ရဟန်းမိုက်သည်၊ အသန္တံ–မိမိကိုယ်မှာ, သဒ္ဓါစသား, ဂုဏ်အများတို့, ထင်ရှားမရှိသည်ကို၊ ဘာဝနံ–သဒ္ဓါစသား, ဂုဏ်အများတို့, ထင်ရှားရှိဟန်, ဝေဖန်ထင်လင်း, သူတစ်ပါး၏ ချီးမွမ်းခြင်းကို၊ ဣစ္ဆေယျ–တောင့်တလွန်စွာ, အလိုရှိရာ၏၊ ဘိက္ခုသု–သာသနာ့ဝန်ထမ်း, ရှင်ရဟန်းတို့၌၊ ပုရေက္ခာရဉ္စ–ဝန်းရံခစား, ရှေ့သွားပြုခြင်းကိုလည်း၊ ဣစ္ဆေယျ–စိတ်ကြံယုတ်မာ, အလိုရှိရာ၏၊ အာဝါသေသု–ယုတ်မြတ်စုံပေါင်း, သံဃိကကျောင်းတို့၌၊ ဣဿရိယံစ–ဝေဖန်ရဲတင်း, အစိုးရခြင်းကိုလည်း၊ ဣစ္ဆေယျ–စိတ်ကြံယုတ်မာ, အလိုရှိရာ၏၊ ပရကုလေသု–ဆွေမျိုးမှတစ်ပါး, အခြားသော ဒါယကာ ဒါယိကာမများတို့၌၊ ပူဇာစ–သူ့ကိုရှောင်ကွင်း, ကိုယ်တစ်ဦးတည်းကိုသာ ပူဇော်ခြင်းကိုလည်း၊ ဣစ္ဆေယျ–တောင့်တလွန်စွာ, အလိုရှိရာ၏။

---

**မုဒ္ဒံ=** [ √မုဒ+ဓ ] မောဒန္တိ ဧတ္ထ ဦကာဒယောတိ–မုဒ္ဒါ= မတ္ထကော၊ ဦးခေါင်း၊ မောဂ်–၇၊ ၉၉။

ဖြဟ္မာ တိဋ္ဌတိ ဓဝံ အတ္တာ အာတုမာ သခါ ရာဇာ သာ ပုမာ ရဟာ ဒဠှဓမ္မာ ပစ္စက္ခဓမ္မာ ဝိဝဋ္ဋစ္ဆဒါ ဝတ္တဟာ ယုဝါ မဃဝါ အဒ္ဓါ မုဒ္ဒါ ဣမာနိ ပဒါနိ ကာသုစိ ဝိဘတ္တီသု အညမည သမသမာနိ ဘဝန္တိ၊ ကာသုစိ ဝိသဒိသာနိ၊ နီတိ–သုတ္တ၊ ၃၉၀။

**ဝိပါတယံ=** [ ဝိ √ပတ+ဏာယ+အန္တ ] ဝိပါတယတီတိ–ဝိပါတယန္တော= ဝိပါတယံ၊ ကျစေတတ်သော၊ ဖျက်ဆီးတတ်သော။

### ၇၃, ၇၄–ပဒဝိဘာဂ

**အသန္တံ=** [ န+သန္တ ] န သန္တံ–အသန္တံ၊ ထင်ရှားမရှိသော။

**သန္တ=** [ √အသ+အန္တ ] အသ–သတ္တာဝေ၊ သဗ္ဗတ္ထာသဿာဒိလောပေါစာတိ အကာရဿ လောပေါ၊ အတ္ထီတိ–သံ သန္တော သတိ သန္တိ သန္တံ–ထင်ရှားရှိသော၊ ရူ–နှာ၊ ၃၉၉။

**ဘာဝနံ=** [ √ဘူ+ဏေ+ယု ] ဘာဝိယတေ–ဘာဝနံ၊ ဖြစ်စေခြင်း, ချီးမွမ်းခြင်း။

ယဿဗာလဿ-လိုဆိုးခေါင်ခိုက်, အကြင်ရဟန်းမိုက်၏၊ ဂိဟီ-အိမ်ရာထောင်သူ, လူတို့သည်လည်းကောင်း၊ ပဗ္ဗဇိတာစ-မြတ်ရာတက်လှမ်း, ရှင်ရဟန်းတို့သည်လည်းကောင်း၊ ဥဘော-ရဟန်းရှင်လူ, နှစ်ဦးသောသူတို့သည်၊ မမေဝ-ငါကိုသာလျှင်၊ (နိဿာယ-အားကိုးတစ်ခု, အမှီပြု၍၊) ကတံ-သေနာသန, စသည်ကျင့်ဝတ်, ပြုထားအပ်၏ဟူ၍၊ မညန္တု-အောက်မေ့မှတ်ထင်ကြပါစေ၊ ဣတိ-ဤသို့၊ သင်္ကပ္ပော-အကြံအစည်သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်လာ၏၊ ကိစ္စာကိစ္စေသု-ငယ်ကြီးကွဲပြား, ကိစ္စများ တို့တွင်၊ ကိသ္မိဉ္စိ-အမှတ်မပြု, တစ်စုံတစ်ခုသော အမှုကိစ္စ၌သော်လည်း၊ မမေဝ-ငါ၏ သာလျှင်၊ အတိဝသာ-လွဲရှောင်မခွာ, အလိုသို့ လိုက်ပါကြကုန်သည်၊ အဿု-မလွဲမသွေ, ဖြစ်ကြပါစေ၊ ဣတိ-ဤသို့၊ သင်္ကပ္ပော-အကြံအစည်သည်လည်း၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ တဿ ဗာလဿ-လိုဆိုးနောက်လိုက်, ထိုရဟန်းမိုက်၏၊ ဣစ္ဆာ စ-အရာရာကို, လိုချင်လွန်စွာ, တဏှာသည်လည်းကောင်း၊ မာနော စ-ကိုယ့်ကိုကိုယ်ပင်, အထင်ကြီးလှ, မာန်မာနသည်လည်းကောင်း၊ ဝဍ္ဎတိ-လတက်သည့်ခါ, ဒီရေလာသို့, လွန်စွာတိုးပွားလေတော့၏။

---

**ဣစ္ဆေယျ**= [ဣသု+အ+ဧယျ]အလိုရှိရာ၏၊ ဣသု=(ဘု) ဣစ္ဆာကန္တီသု-လိုချင်ခြင်း, နှစ်သက်ခြင်းတို့၌၊ (ဣစ္ဆတိ။)

**ပုရေက္ခာရ**= [ပုရ √ကရ+ဏ ] ပုရေ ကရီယတီတိ-ပုရေက္ခာရော၊ ဝိဘတ်မကျေသော အလုတ္တသမာသ်၊ ရှေး၌ ပြုစီမံခြင်း၊ ရှေး၌ထားခြင်း၊ ရူ၊ ၅၈၂။ မောဂ်-၅၊ ၁၃၄-တို့ကို ရှုပါ။

**အာဝါသေသု**= [အာ √ဝသ+ဏ ] ဝသ-နိဝါသေ၊ အာဝသန္တိ အတြာတိ-အာဝါသော၊ အိမ်၊ ကျောင်း၊ ကျောင်းတိုက်၊ တိုက်ခန်း၊ ပရဝုဏ်၊ ဓာန်-ဋီ၊ ၂၀၆။

**ဣဿရိယံ**= [ဣဿရ+ဏိက ] ဣဿရဿ ဘာဝေါ-ဣဿရိယံ၊ အစိုးရသူ၏အဖြစ်၊ စိုးမိုးအုပ်ချုပ်ခြင်း၊ ရူ၊ ၃၈၂။

**ဣဿရ**= [ √ဤသ+အရ] ဤသ-ဣဿရိယေ၊ ဤသတီတိ-ဣဿရော၊ အရော ရဿာဒိဒွိတ္တံ၊ အစိုးရသော၊ အကြီးအကဲ၊ အရှင်သခင်၊ ဓာန်-ဋီ၊ ၇၂၅။ ဤသ=(ဘု) ဣဿရိယေ-အစိုးရခြင်း၌၊ ဒါန ဂတိ ဥစ္ဆ ဟိံသာဒဿနေသုစ-ပေးကမ်းခြင်း, သွားခြင်း, ရှာမှီးခြင်း, ညှဉ်းဆဲခြင်း, ကြည့်ရှုခြင်းတို့၌လည်း၊ (ဤသတိ။)

**ပူဇာ**= [ √ပူဇ+အ+အာ] ပူဇနံ-ပူဇာ၊ ပူဇော်ခြင်း၊ ပူဇ=(စု) ပူဇာယံ-ပူဇော်ခြင်း၌၊ (ပူဇေတိ၊ ပူဇယတေ။)

**ပရကုလေသု**= [ပရ+ကုလ ] ပရေသု ကုလေသု-ပရကုလေသု၊ ၄ ။ တစ်ပါးသောအမျိုးတို့၌၊ ပရံ ကုလံ-ပရကုလံ-ဟု ဂရုကနည်းဖြင့်ပြုပါ။

**ကုလ**= [ √ကုလ+အ] အမျိုးအနွယ်၊ န ။ ကုလ=(ဘု) သင်္ခါန ဗန္ဓုသု-ချဲ့ထွင်ခြင်း, ဆွေမျိုးစပ်ခြင်းတို့၌၊ သချာနေစ-ရေတွက်ခြင်း၌လည်း၊ (ကုလတိ၊ ကောလတိ။)

**ဂိဟီ**= [ဂေဟ+ဤ] ဂေဟံ အဿ အတ္ထီတိ-ဂိဟီ၊ အိမ်ရာထောင်သူ၊ လူ။

ဂေဟသေကာရော အကာရံ ဣကာရဥ္စ သမာသတဒ္ဓိတေသု၊ နီတိ-သုတ်၊ ၁၇၃။

(မြန်မာပြန်) ရဟန်းဖျင်းသည် ကိုယ့်မှာမရှိသောဂုဏ်ဖြင့် ချီးမွမ်းခံလို၏၊ ရဟန်းပရိသတ်အလယ်မှာ ရှေ့သွားခေါင်းဆောင် ပြုလုပ်ခြင်းကိုလည်း အလိုရှိ၏၊ သံဃာပိုင်ကျောင်းတိုက်တို့၌ လိုရာအပ်နှင်း စိုးရပိုင်ဆိုင်ခြင်းကိုလည်း အလိုရှိ၏၊ ဆွေမတော် မျိုးမစပ်သော ဒါယကာ ဒါယိကာမများ ပစ္စည်းလေးပါးဖြင့် ပူဇော်လှူဒါန်းမှုကိုလည်း အလိုရှိ၏။

ငါ့ကြောင့်သာ အလုပ်ကိစ္စမှန်သမျှ ပြီးစီးရသည်ဟု လူရောရှင်ပါ မှတ်ထင်ကြပါစေဟုလည်း ကြံစည်ပြန်၏၊ ကိစ္စကြီးငယ် တစ်စုံတစ်ရာ ဖြစ်ပေါ်လာပြန်လျှင် လူရောရှင်ပါ ငါ့အလိုသို့ လိုက်ပါကြပါစေ-ဟုလည်း ကြံစည်ပြန်၏၊ ထိုရဟန်းမျိုးမှာ, လိုချင်မက်မောမှု (တဏှာ)နှင့် အထင်ကြီးမှု ဘဝင်မြင့်မှု(မာန)တို့သာ လထွက်လာသည့်အခါမှာ ဒီရေတိုးလာသကဲ့သို့ တိုးပွားလာရတော့သည်။

---

ဓာန်-ဋီ၊ ၄၄၆-၌ကား [ဂဟ+ဤ] ဂဟမေတသ္မတ္ထီတိ-ဂိဟီ အဿ ဂီ ရသောစ-ဟု မိန့်ဆိုထားသည်။

**ပဗ္ဗဇိတာ**= [ ပ √ဝဇ+တ ] သေဌွတ္တံ ဝဇတီတိ-ပဗ္ဗဇိတော၊ ရှင်၊ ရဟန်း၊ ဝဇ=(ဘု) ဂမနေ-သွားခြင်း၌၊ (ဝဇတိ။)

[ ပဗ္ဗဇာ+ဣတ ] ပဗ္ဗဇာ သဉ္ဇာတာ ယဿာတိ-ပဗ္ဗဇိတော၊ သဉ္ဇာတတ္ထေ ဣတော၊ ဓာန်-ဋီ၊ ၄၃၃။ ရှင်၊ ရဟန်း။

**ပဗ္ဗဇာ**= [ ပ √ဝဇ+အ+အာ ] ပဌမမေဝ ဝဇနံ-ပဗ္ဗဇာ၊ ရှေးဦးစွာ ကပ်ရောက်ခြင်း၊ ရှင်,ရဟန်း ပြုခြင်း။

**အတိဝသာ**= [အတိ+ဝသ ] အလိုသို့လိုက်သောသူ။

**အဿု**= [ √အဿ+ယျော ] ဓာတွန်နှင့်တကွ ယျော-ဝိဘတ်ကို ဿု-ပြု၊ အဿု-ဖြစ်ကုန်ရာ၏။ ရူ-နှာ၊ ၃၀၀။

**ကိစ္စာကိစ္စေသု**= [ ကိစ္စ+အကိစ္စ ] ကိစ္စဉ္စ အကိစ္စဉ္စ-ကိစ္စာကိစ္စာနိ၊ ငယ်သောအမှု ကြီးသောအမှုတို့၊ ခုဒ္ဒကမဟန္တေသု ကရဏီယေသု၊ ဌ။

**ကိစ္စ**= [ √ကရ+ရိစ္စ ] ကတ္တဗ္ဗံ-ကိစ္စံ၊ ကစ္စည်း၊ ၅၄၂။ ပြုအပ်သမျှအမှုကိစ္စ၊ ဤ၌ကား ယှဉ်ဖက် အကိစ္စ-၏ အနက်မှတစ်ပါး ငယ်သောအမှုကိစ္စကိုသာ ယူရသည်။

**အကိစ္စ**= [ န+ကိစ္စ ] မဟန္တံ ကိစ္စံ-အကိစ္စံ၊ ကြီးသောအမှုကိစ္စ၊ ဤ၌ အသဒ္ဒါဝုဒ္ဓိအနက်ဟော။

**သက်ပ္ပော**= [ သံ √ကပ္ပ+ဏ ] သက်ပ္ပနံ-သက်ပ္ပော၊ နီတိ-ဓာ၊ ၃၂၃။ သက်ပ္ပန္တိ အနေနာတိ-သက်ပ္ပော၊ အကြံ၊ ဝိတက်။

**ဣစ္ဆာ**= [ √ဣသု+အ+အာ ] သေနံ-ဣစ္ဆာ၊ အလိုဆန္ဒ၊ တဏှာ၊ ရူ၊ ၅၉၉။

**မာန**= [ √မန+ဏ ] သေယျာဒိဝသေန မညတီတိ-မာနော၊ မန=(ဒိ) ဉာဏေ။ နီတိ-ဓာ၊ ၂၃၂။

(လင်္ကာ) လိုဆိုးခေါင်ခိုက်, ရဟန်းမိုက်ကား, ကိုယ်၌ဂုဏ်ထူး, မရှိဘူးလည်း, ချီးကျူးမွမ်းတင်, ခံယူချင်၏၊ များဖြင်သံဃာ, ခြံရံကာဖြင့်, သူ့သာရှေ့သွား, လုပ်လိုများ၏၊ ကျောင်းများလွှမ်းမိုး, အုပ်စိုးခွဲဝေ, လိုရှိနေ၏၊ ဆွေမတော်ပါ, များဒကာ၏, ပူဇာဝိသေ, ခံလိုပေ၏။

တစ်ထွေသူ့ပင်, မှုစိရင်ဟု, မှတ်ထင်စေရန်, လိုလားပြန်၏၊ နှစ်တန်လူရှင်, သူ့လိုအင်သို့, အစဉ်လိုက်ရန်, ကြံစည်ပြန်၏၊ ပြုရန်ကြီးငယ်, မှုသွယ်သွယ်ကို, ပြီးလွယ်စိမ့်ငှာ, ဆောင်ရွက်ခါမူ, သူ့လိုတိုင်းသာ, ဖြစ်စေပါလို, တောင့်တဆို၏၊ ဤလိုအကြံ, ဤလိုမာန်မျိုး, ရဟန်းဆိုးမှာ, ပွားတိုးလာ၏။

## ၁၅-ဝနဝါသီတိဿသာမဏေရဝတ္ထု

၇၅။ အညာ ဟိ လာဘူပနိသာ , အညာ နိဗ္ဗာနဂါမိနီ၊
ဧဝမေတံ အဘိညာယ , ဘိက္ခု ဗုဒ္ဓဿ သာဝကော၊
သက္ကာရံ နာဘိနန္ဒေယျ , ဝိဝေကမနုဗြူဟယေ။

(အနက်) လာဘူပနိသာ-လာဘ်ရကြောင်းမှန်, ကျင့်အကြံသည်၊ အညာဟိ-နိဗ္ဗာန်သွားရန်, ကျင့်စဉ်မှန်နှင့်, အလွန်ခြားနား, တစ်မျိုးတစ်ပါးသာတည်း၊ နိဗ္ဗာနဂါမိနီ-နိဗ္ဗာန်သွားကြောင်း, ကျင့်စဉ်ကောင်းသည်၊ အညာဟိ-လာဘ်ကိုရရန်, ကျင့်အကြံနှင့်, အလွန်ခြားနား, တစ်မျိုးတစ်ပါးသာတည်း၊ ဧဝံ-ဤသို့၊ ဧတံ-မတူထူးခြား, ဤကျင့်စဉ်နှစ်ပါးကို, အဘိညာယ-ဝေဖန်နိုင်းညှိ, ပိုင်းခြားသိ၍၊ ဗုဒ္ဓဿ-သဗ္ဗညုတ သဗ္ဗညုတ, နှစ်ဝကွဲပြား, တရားများကို, ပိုင်းခြားသိမြင်, ဘုရားရှင်၏၊ သာဝကော-ညွှန်ကြားသမျှ, ဩဝါဒကို, စိတ်ချလေးမြတ်, နာယူတတ်သော၊ ဘိက္ခု-သံသရာဘေး, လွတ်ရေးမျှော်မှန်း, ရှင်ရဟန်းသည်၊ သက္ကာရံ-တရားမလျော်, ဖြစ်ပေါ်ရလာ, လာဘ်ပူဇော်သက္ကာကို၊ န အဘိနန္ဒေယျ-တွယ်တာစုံမက်, မနှစ်သက် မတောင့်တရာ၊ ဝိဝေကံ-ကာယစိတ္တ, ဥပဓိဟူပြား, သုံးပါးသော ဝိဝေကတရားကို၊ အနုဗြူဟယေ-စိတ်ပါအားခဲ, အမြဲမကွာ, အဖန်ဖန်ပွားများရာ၏။

---

သေယျောဟမသ္မိတျာဒိနာ မညတီတိ-မာနော၊ ငါကာကျော်၊ ထောင်လွှားတက်ကြွခြင်း၊ ဘဝင်မြင့်ခြင်း၊

**ဝဍ္ဎတိ=** [ √ဝဍ္ဎ+အ+တိ ] တိုးပွား၏၊ ဖွံ့ဖြိုး၏၊ ဖြစ်ပွား၏။

### ၇၅-ပဒဝိဘာဂ

**အညာ=** [ √အန+ယ ] ကောတ္ထုဘာ။ တိ ။ ဣတ္ထိလိင်၌ အာ-ပစ္စည်းသက်-အညာ၊ အခြားတစ်ပါးသော၊ ဓာန်-ဋီ၊ ၇၁၇-၌ကား အညသဒ္ဒေါ ပါဋိပဒိကော ဘိန္နတ္ထော၊ န ဉာယတေတိ ဝါ-အညော-ဟု ပြဆိုထားသည်။

**လာဘူပနိသာ=** [လာဘ+ဥပနိသာ] လာဘဿ ဥပနိသာ-လာဘူပနိသာ၊ လာဘ်၏အကြောင်း၊ လာဘ်ရကြောင်း-အကျင့်။

**မြန်မာပြန်** လာဘ်ရကြောင်းအကျင့်နှင့် နိဗ္ဗာန်ရောက်ကြောင်းအကျင့်သည် အလွန်ဝေးကွာခြားနားပေ၏၊ ဤသို့ ကျင့်စဉ်နှစ်ပါး၏ ခြားနားပုံကို သိမြင်နားလည်၍ ဘုရားတပည့်ဖြစ်သော ရှင်ရဟန်းသည် လာဘ်ပူဇော်သက္ကာကို မနှစ်သက် မတောင့်တရာ၊ အပေါင်းအသင်းများ, နိဝရဏတရားများနှင့် သင်္ခါရတရားတို့မှ ကင်းဆိတ်ခြင်းကိုသာ တိုးပွားအောင် ပြုသင့်ပေသည်။

**လင်္ကာ** လာဘ်ကိုရရန်, ကျင့်အကြံနှင့်, နိဗ္ဗာန်ကိုသွား, ကျင့်စဉ်များကား, တခြားစီပင်, စပ်မယှဉ်ဟု, သိမြင်ပိုင်းခြား, ဘုရားသားသည်, လေးပါးပစ္စယ, လာဘ်လာဘကို, တောင့်တမွေ့ရာ, မသာယာဘဲ, သုံးဖြာဝိဝေ, တိုးပွားစေလော့။

---

**လာဘာ**= [ √လဘ+ဏ ] လဗ္ဘတီတိ-လာဘော၊ ရူ၊ ၅၇၉။ လာဘ်၊ ရအပ်သောပစ္စည်းလေးပါး၊ လဘ=(ဘူ) လာဘေ-ရခြင်း၌၊ (လဘတိ။)

**ဥပနိသာ**= [ ဥပ+နိ √သဒ+ကွိ+အာ ] ဥပနိသီဒတိ ဖလံ ဧတ္ထာတိ-ဥပနိသာ၊ အကြောင်း၊ သူစိ။

**နိဗ္ဗာနဂါမိနီ**= [ နိဗ္ဗာန √ဂမု+ဏီ+ဣနီ ] နိဗ္ဗာနံ ဂစ္ဆန္တိ ဧတာယာတိ-နိဗ္ဗာနဂါမိနီ= ပဋိပဒါ၊ နိဗ္ဗာန်ရောက်ကြောင်းအကျင့်။

**အဘိညာယ**= [ အဘိ √ဉာ+တွာ ] တွာ-ပစ္စည်းကို ယ-ပြု၊ သိ၍။

**ဗုဒ္ဓဿ**= [ √ဗုဓ+တ ] သဗ္ဗံ ဗုဇ္ဈတီတိ-ဗုဒ္ဓေါ၊ ဘုရား။
[ √ဗုဓ+ဏေ+တ ] ဗောဓေတာ ပဇာယ စတုသစ္စဓမ္မန္တိ-ဗုဒ္ဓေါ၊
[ ဗုဒ္ဓိ+ဏ ] ဝိသိဋ္ဌာ ဗုဒ္ဓိ အဿတ္ထီတိ-ဗုဒ္ဓေါ၊ ပသံသာယံ ယဒါဒိနာ ဏပစ္စယော၊ ဓာန်-ဋီ-၁။ နီတိ-ဓာ၊ ၂၂၈-ကိုလည်း ရှုပါ။

**ဗုဒ္ဓိ**= [ √ဗုဓ+တိ ] ဗုဇ္ဈန္တိ ဗုဇ္ဈတိ ဝါ ဧတာယာတိ-ဗုဒ္ဓိ၊ အသိဉာဏ်၊ ပညာ၊ ရူ၊ ၆၁၅။

**သက္ကာရံ**= [ သံ √ကရ+ဏ ] နိဂ္ဂဟိတ်ကို ပရရုပ် က-ပြု၊ နိရုတ္တိ၊ ၃၇။ တစ်နည်း= [ သန္တ √ကရ+ဏ ] နောက်ကာရသဒ္ဒါ-စသည်တို့ကြောင့် သန္တ-သဒ္ဒါတစ်ခုလုံးကို သ-ပြု၊ နီတိ-သုတ္တ၊ ၃၇၉။ ကောင်းစွာပြုအပ်သော ပစ္စည်းလေးပါး၊ ရိုရိုသေသေ လေးလေးစားစားပြုခြင်း၊ ရိုသေစွာ လှူဒါန်းပေးကမ်းခြင်း။

**အဘိနန္ဒေယျ**= [ အဘိ √နန္ဒ+အ+ဧယျ ] နှစ်သက်ရာ၏။

**ဝိဝေကံ**= [ ဝိ √ဝိစ+ဏ ] ဝိဝိစ္စနံ-ဝိဝေကော၊ နိဝရဏတို့မှ ကင်းဆိတ်ခြင်း၊ ခွဲစိတ်ဝေဖန်ခြင်း၊ ဝိစ=(ဘူ+ဒိ) ဝိဝေကေ-ကင်းဆိတ်ခြင်း၌၊ (ဝိစတိ၊ ဝိဝေစတိ၊ ဝိဝိစ္စတိ။)

**အနုဗြူဟယေ**= [ အနု √ဗြူဟ+ဏယ+ဧယျ ] ပွားစေရာ၏၊ ဗြူဟ=(ဘူ) ဝဍ္ဎနေ-ကြီးပွားခြင်း၌။ (ဗြူဟတိ။)

# ၆-ပဏ္ဍိတဝဂ္ဂ

## ၁-ရာဓတ္ထေရဝတ္ထု

၇၆။ နိဓီနံဝ ပဝတ္တာရံ , ယံ ပဿေ ဝဇ္ဇဒဿိနံ၊
နိဂ္ဂယှဝါဒိံ မေဓာဝိံ , တာဒိသံ ပဏ္ဍိတံ ဘဇေ၊
တာဒိသံ ဘဇမာနဿ , သေယျော ဟောတိ န ပါပိယော။

(အနက်) ဝဇ္ဇဒဿိနံ-ကြီးပွားစေလို, စိတ်ကောင်းသို၍, အပြစ်ကို ဖော်ပြတတ်သော၊ နိဂ္ဂယှဝါဒိံ-ဖိနှိပ်ကွပ်ညှပ်, ပြောဆိုတတ်သော၊ မေဓာဝိံ-တရားဆီနှစ်, ပညာစစ်ရှိသော၊ ယံ ပဏ္ဍိတံ-အကျင့်သိဉာဏ်, နှစ်တန်စုံဘိ, အကြင်ပညာရှိကို၊ ပဿေ-ကံကောင်းထောက်မ, တွေ့မြင်ရငြားအံ့၊ တာဒိသံ-ကောင်းရာဆောင်ပို့, ထိုသို့သဘောရှိသော၊ ပဏ္ဍိတံ-ကြောင်းကျိုးစုံသိ, ပညာရှိကို၊ နိဓီနံ-မြေမှာမြှုပ်ထား, ရွှေအိုးများကို၊ ပဝတ္တာရံဣဝ-ငွေညွှာသနား, ထုတ်ဖော်ပြောကြားသောသူကိုကဲ့သို့၊ ဘဇေ-ဆရာအရာ, ထားကာမပြတ်, ဆည်းကပ်ရာ၏၊ တာဒိသံ-ထိုသို့သွန်သင်, ပညာရှင်ကို၊ ဘဇမာနဿ-အမြဲမပြတ်, ဆည်းကပ်နေသူ၏၊ သေယျော-ပညာအကျင့်, ဘက်စုံတင့်၍, အထူးမြင့်မြတ်သည်၊ ဟောတိ-မုန်စွာမသွေ, ဖြစ်ရပါပေ၏၊ ပါပိယော-အကျင့်သိက္ခာ, ပညာကွာကင်း, လူချင်းမတူ, ယုတ်ညံ့သူသည်၊ န ဟောတိ-ဘယ်နည်းနှင့်မျှ, မဖြစ်ရတော့ပေ။

---

### ၇၆-ပဒဝိဘာဂ

**နိဓီနံ**= [နိ √ဓာ+ဣ] နိဓိယတီတိ-နိဓိ၊ မြေ၌မြှုပ်ထားသော ရွှေအိုး၊ ရူ၊ ၅၉၈။

**ပဝတ္တာရံ**= [ပ √ဝဒ+တု] ပဝဒတီတိ-ပဝတ္တာ၊ ပြောကြားတတ်သော၊ သတ္ထာဒိဂိုဏ်း၊ ဝဒ=(ဘု) ဝိယတ္တိယံ ဝါစာယံ-ပီပြင်စွာဆိုခြင်း၌၊ (ဝဒတိ၊ ဝဒေတိ။)

**ပဿေ**= [ √ဒိသ+အ+ဧယျ] ဒိသ-ဓာတ်ကို ပဿ-ပြု၊ ဧယျ-ဝိဘတ်ကို ဧ-ပြု၊ တွေ့မြင်ရာ၏။

**ဝဇ္ဇဒဿိနံ**= [ဝဇ္ဇ √ဒိသ+ဏီ] ဝဇ္ဇံ ပဿတိ သီလေနာတိ-ဝဇ္ဇဒဿီ၊ အပြစ်ကို ရှုလေ့ရှိသော၊ အပြစ်ကို ဖော်ပြတတ်သော။

**ဝဇ္ဇ**= [√ဝဒ+ဏျ] ဝတ္တဗ္ဗံ-ဝဇ္ဇံ၊ ကစ္စည်း၊ ၅၄၄။ ရူ၊ ၅၅၆။
[ √ဝဒ+ယ ] ဝဒနံ ဝဒိတဗ္ဗံ ဝါ-ဝဇ္ဇံ၊ မောဂ်-၅၊ ၃၀။ ပဥ္စိကာ။ ပြောဆိုအပ်သောအပြစ်။

**နိဂ္ဂယှဝါဒိံ**= [နိဂ္ဂယှ √ဝဒ+ဏီ] နိဂ္ဂယှ ဝဒိတုံ သီလံ ယဿာတိ-နိဂ္ဂယှဝါဒီ၊ နှိပ်ကွပ်၍ ပြောဆိုဆုံးမလေ့ရှိသော-သူ။ ဓံ-မဟာဋီ၊ ၁၀၀-ကိုရှုဦး။

**နိဂ္ဂယှ**= [နိ √ဂဟ+တွာ] တွာ-ပစ္စည်းကို ယ-ပြု၊ ဟနှင့်ယ-ကို ရှေ့နောက်ပြန်၊ နှိပ်၍။

**တာဒိသံ**= [တ √ဒိသ+ကွိ] တမိဝ နံ ပဿတီတိ-တာဒိသော၊ သောဝိယ ဒိဿတီတိ-ဝါ-တာဒိသော၊ ရူ၊ ၅၈၈။ မောဂ်-၅၊ ၄၃-ကိုလည်းရှုပါ၊ ထိုကဲ့သို့ရှုအပ်သော၊ ထိုသို့သဘောရှိသော၊ တိ ။

**မြန်မာပြန်** (အကျိုးလိုလား, စိတ်ကောင်းထားကာ) အပြစ်ဖော်ပြလျက် ဖိနှိပ်ကွပ်ညှပ်, ပြောဆိုဆုံးမတတ်သော ပညာရှိကို မြေထဲမှာမြှုပ်ထားသော ရွှေအိုးများကို ညွှန်ကြားပြောဆိုလာသူကိုကဲ့သို့ သဘောထားကာ ဆည်းကပ်ရမည်၊ ထိုပညာရှိမျိုးကို ဆည်းကပ်သူမှာ တိုးတက်စရာသာ ရှိပေသည်၊ ဆုတ်ယုတ်စရာ မရှိချေ။

**လင်္ကာ** အပြစ်တွေ့ခါ, ငုံမညှာဘဲ, နှိပ်ကာသွန်သင်, ပညာရှင်ကို, မြေတွင်မြှုပ်ထား, ရွှေအိုးများကို, ညွှန်ကြားသူလား, စိတ်မှာထား၍, ခစားဆည်းကပ်, ပြုတုံလတ်က, မြတ်လှသည်သာ, မယုတ်မာတည်း။

## ၂-အဿဇိပုနဗ္ဗသုကဝတ္ထု

၇၇။ ဩဝဒေယျာနုသာသေယျ , အသဗ္ဘာ စ နိဝါရယေ၊
　　သတံ ဟိ သော ပိယော ဟောတိ , အသတံ ဟောတိ အပ္ပိယော။

**အနက်** ဩဝဒေယျ-အကြောင်းပေါ်လာ, ဆုံးမရာ၏၊ အနုသာသေယျ-အကြောင်း မပေါ်ခင်, ကြိုတင်လျက်သာ, သွန်သင်ရာ၏၊ အသဗ္ဘာစ-ရှင်လူမြင်သော်, သင့်လျော်ကင်းကွာ, မကောင်းသောအရာမှလည်း၊ ဝါ-များပြားသောအား, လူမိုက်များဝယ်, ဖြစ်ပွားပေါ်င်းစု, မကောင်းမှုမှလည်း၊ နိဝါရယေ-ကြောင်းကျိုးပြကာ, မြစ်တား

---

**ဘဇေ=** [ဘဇ+အ+ဧယျ] မှီဝဲဆည်းကပ်ရာ၏။

**ဘဇမာနဿ=** [ √ဘဇ+အ+မာန ] မှီဝဲဆည်းကပ်သော။

### ၇၇-ပဒဝိဘာဂ

**ဩဝဒေယျ=** [အဝ √ဝဒ+အ+ဧယျ] အဝ-ကို ဩ-ပြု၊ ကစ္စည်း၊ ၅ဝ။ ဆုံးမရာ၏။
　　[ ဩ √ဝဒ+အ+ဧယျ] မောဂ်-၌ ဩ-ကို ဥပသာရတစ်ခုအနေဖြင့် ထည့်သွင်း ထားသည်၊ နီ-ကို နိ-သဒ္ဒါ၏ဒီဃမျှသာ-ဟု ယူဆ၍ ဥပသာရပုဒ်စုမှ ပယ်နုတ်ထားသည်။

**အနုသာသေယျ=** [အနု √သာသု+အ+ဧယျ] အဖန်ဖန်ဆုံးမရာ၏၊ သွန်သင်ရာ၏၊ ညွှန်ကြား ရာ၏၊ သာသု=(ဘူ) အနုသိဋ္ဌိမှိ-ဆုံးမခြင်း၌၊ (သာသတိ။)

**အသဗ္ဘာ=** [န+သဗ္ဘ] န သဗ္ဘော-အသဗ္ဘော၊ အစည်းအဝေး၌ မကောင်းသောအရာ။

**သဗ္ဘ=** [သဘာ+ဏျ] သဘာယံ သာဓု-သဗ္ဘော၊ အစည်းအဝေး၌ ကောင်းသောအရာ၊ မောဂ်-၄၊ ၇၂-ပဥ္စိကာ။ သာဓူတိ-ကုသလော ယောဂ္ဂေါ ဟိတော ဝါ၊ သာဓု-ဟူသည်ကား ကောင်းသောအရာ, သင့်လျော်သောအရာ, ဥပကာရပြုသောအရာတို့ပင်တည်း။ မောဂ်-၄၊ ၇၂။

**သဘာ=** [သန္တ √ ဘာ+ကွိ+အာ] ဘာ-ဒိတ္တိယံ၊ သန္တော ဘာတီတိ-သဘာ၊ သူတော်ကောင်း တို့ဖြင့် တင့်တယ်သောကြောင့်-သဘာ၊ သန္တ-သဒ္ဒါကို သ-ပြု၊ ဘာ=(ဘူ) ဒိတ္တိယံ-ထွန်းပခြင်း၌၊ (ဘာတိ၊ ဝိဘာယတိ။)

ရာ၏၊ (သော-ထိုသို့ ဆုံးမြစ်တား, ပြောကြားတတ်သူသည်၊ သတံ-ဘုရားစသား, သူတော်ကောင်းများကို၊ ပိယော-နှစ်သိမ့်စေတတ်သည်၊ ဟောတိ-မုချမသွေ, ဖြစ်ရ ပါပေ၏၊) သော-ဆုံးမြစ်တား, ထိုသို့ပြောကြားတတ်သူသည်၊ ဝါ-ကို၊ သတံ-နှလုံး ပျော့ပျောင်း, သူတော်ကောင်းတို့သည်၊ ပိယော-နှစ်သက်ခုံမင်, ချစ်ခင်မြတ်နိုးအပ်သည်၊ ဟောတိ-အမှန်မသွေ, ဖြစ်ပါပေ၏၊ အသတံ-စိတ်ထားသိုးပုပ်, လူညံ့လူယုတ်တို့သည်၊ အပ္ပိယော-မျက်မာန်ပွားတိုး, နှုတ်လှန်ထိုးလျက်, မမြတ်နိုး မချစ်ခင်အပ်သည်၊ ဟောတိ-လောကသဘာဝ, ဖြစ်ရပါပေ၏။

(မြန်မာပြန်) အပြစ်ဖြစ်လာသည့်အခါ ဆုံးမရမည်၊ အပြစ်မဖြစ်ခင် ကြိုတင်၍သွန်သင် ထားရမည်၊ မကောင်းသော အပြုအမူတို့မှ တားမြစ်ထားရမည်၊ ထိုသို့ဆုံးမ တားမြစ်သူကို သူတော်ကောင်းများက ချစ်ခင်မြတ်နိုးကြ၏၊ လူယုတ်မာများကမူ, မချစ်ခင် မမြတ်နိုးကြပေ။

(လင်္ကာ) အပြစ်ပြကာ, ဆုံးမရာ၏၊ ထပ်ကာထပ်ကာ, သွန်သင်ရာ၏၊ ပြုလာမတော်, မလျော်ပြစ်ဆာ, တားမြစ်ရာ၏၊ သို့သာထောက်ရှု, လမ်းညွှန်သူကို, သူတော် ကောင်းများ, အချစ်ပွား၍, စိတ်ထားလွဲချော်, မသူတော်ကား, အမုန်းပွား၏။

---

[သံ √ဘာသ+ဏွ+အာ] သံဂမ္မ ဘာသန္တိ ဧတ္ထာတိ ဝါ-သဘာ၊ နိဂ္ဂဟိတ်ကို ချေ၊ မောဂ်-၅၊ ၄၇-ပဉ္စိကာ၊ အစည်းအဝေး။

**အသဗ္ဘာ=** [အသဗ္ဘိ+ဏျ] ယေဘုယျေန အသဗ္ဘိသု ဘဝံ-အသဗ္ဘံ= အကုသလံ၊ အများအားဖြင့် သူယုတ်မာတို့၌ဖြစ်သော၊ တိ ။ နီတိ-ပဒ၊ ၂၃၄။

အသဗ္ဘိနံ ဧတာ-အသဗ္ဘာ= ဝါစာ၊ အသဗ္ဘာဟိ ဝါစာဟိ၊ ဇာတက-၄-၇၊ ၃၇၂။

**အသဗ္ဘိ=** [န+သဗ္ဘိ] န သဗ္ဘိ-အသဗ္ဘိ၊ မကောင်းသောသူ၊ လူယုတ်မာ။

**သဗ္ဘိ=** [ √သဒ √ဘိဒ+ဏွိ ] နီတိ-သုတ္တ၊ ၃၈၁။ သီဒန္တော ဘိန္ဒတိ ပါပေတိ-(မကောင်းမှု အကုသိုလ်တို့ကို နှစ်မြုပ်ခွဲဖျက်တတ်သောကြောင့်၊) သဗ္ဘိ၊ သူတော်ကောင်း၊ နိဗ္ဗာန်၊ နီတိ-သုတ္တ၊ ၃၈၁။ တစ်နည်း=ဝိဘတ်ခုနစ်သွယ်တို့ကြောင့် သန္တ-သဒ္ဒါကို သဗ္ဘိ-ပြု၊ နီတိ-သုတ္တ၊ ၃၈၀။

**နိဝါရယေ=** [နိ √ဝရ+ဏာယ+ဧယျ] တားမြစ်ရာ၏။

**ပိယော=** [ √ပီ+က ] ဤ-ကို ဣယ-ပြု၊ ပီ-တပ္ပနေ၊ ပိနေတီတိ-(နှစ်သိမ့်စေတတ်သောကြောင့်၊) ပိယော၊ နှစ်သိမ့်စေတတ်သူ။ ချစ်အပ်သူ၊ မောဂ်-၅၊ ၄၄-ပဉ္စိကာ။

[√ပီ+ဏျ] ပိယာယိတဗ္ဗန္တိ-ပိယံ၊ ပီ-တပ္ပနကန္တီသု ဓာတ္ဝာ ရဿာဒိ၊ ဓာန်-ဋီ၊ ၆၉၇။

## ၃–ဆန္ဓေဝဂ္ဂ

၇၈။ န ဘဇေ ပါပကေ မိတ္တေ , န ဘဇေ ပုရိသာဓမေ၊
ဘဇေထ မိတ္တေ ကလျာဏေ , ဘဇေထ ပုရိသုတ္တမေ။

**အနက်** ပါပကေမိတ္တေ–စိတ်နောက်ကိုယ်လိုက်, ဒုစရိုက်၌, ပျော်ပိုက်၍နေ, ယုတ်ညံ့သော မိတ်ဆွေတို့ကို၊ န ဘဇေ–ငါးပိထုပ်ဖက်, နံ့ကူးစက်သို့, ဆိုးပျက်မချွတ်, ဖြစ်လာတတ်၍, မမှီဝဲ မဆည်းကပ်ရာ၊ ပုရိသာဓမေ–မကောင်းလုပ်ရပ်, တိုက်တွန်းတတ်ကြသား, ယုတ်ညံ့သော ယောကျ်ားတို့ကို၊ န ဘဇေ–ပေါင်းဖော်ယှဉ်တွဲ, မမှီဝဲ မဆည်းကပ်ရာ၊ ကလျာဏေ မိတ္တေ–တရားကိုကြိုက်, သုစရိုက်ဝယ်, ပျော်ပိုက်၍နေ, ကောင်းသောမိတ်ဆွေ တို့ကို၊ ဘဇေထ–အမြဲမကွာ, မှီဝဲဆည်းကပ်ရာ၏၊ ပုရိသုတ္တမေ–မကောင်းမှုများ, ရှောင်ရှားကြရန်, မြစ်တားညွှန်တတ်, ယောကျ်ားမြတ်တို့ကို ၊ ဘဇေထ–ကိုယ့်ကြီးပွားရေး, ထောက်မျှော်တွေး၍, အလေးပြုကာ, မှီဝဲဆည်းကပ်ရာ၏။

**မြန်မာပြန်** ယုတ်ညံ့သော အဆွေခင်ပွန်းတို့ကို မဆည်းကပ်သင့်၊ အောက်တန်းစားလူ တို့ကိုလည်း ဆည်းကပ်ပေါင်းသင်းမှု မပြုသင့်၊ မိတ်ဆွေကောင်းနှင့် အထက် တန်းစားဖြစ်သူတို့ကိုသာ မှီဝဲဆည်းကပ်ရမည်။

**လင်္ကာ** ယုတ်မာဆိုးဝါး, မိတ်ဆွေများကို, ရှောင်ရှားဝေးခွာ၊ မတော်တာကို, ပြုပါ တိုက်တွန်း, လူသရမ်းလည်း, ကျွမ်းမဝင်သင့်၊ သင့်တင့်မိတ်ကောင်း, ရွေးချယ် ပေါင်း၍, လူကောင်းလူမြတ်, ခိုဆည်းကပ်လော။

---

### ၇၈–ပဒဝိဘာဂ

**ပုရိသာဓမေ=** [ပုရိသ+အဓမ] ပုရိသော စ သော အဓမောစာတိ–ပုရိသာဓမော၊ ယုတ်ညံ့သော ယောကျ်ား။

**ပုရိသ=** [ √ ပူရ+ဣသ] ပူရတီတိ–ပုရိသော၊ ရဿတ္တံ= ပေါသော၊ ယောကျ်ား။ ရူ၊ ၆၈၃။ မောဂ်–၇၊ ၂၀၉။

[ √ပုရ+ဣသ] ပုရတိ အဂ္ဂေ ဂစ္ဆတီတိ–ပုရိသော၊ ဓာတွတ္ထ။ ပုရ=(ဘူ) အဂ္ဂဂမနေ–ရှေ့သွားခြင်း(ပြဌာန်းခြင်း)၌၊ (ပုရတိ။)

[ပုရေ √သီ+အ] ပုရေ ဥစ္စဋ္ဌာနေ သေတိ ပဝတ္တတီတိဝါ–ပုရိသော၊ မောဂ်–၇၊ ၂၀၉။ ရူ၊ ၆၈၃။ နီတိ–ဓာ၊ ၁၅၁–၌ကား ပုရိ–ဥစ္စဋ္ဌာနေ–စသည် ရှိနေသည်။

[ပု √ရိသ+အ] ပု ဝုစ္စတိ နိရယော၊ တံ ရေသတိ ဂစ္ဆတီတိ–ပုရိသော၊ ( “ပု” ကရိသမှိ နိရယေ။ ဧ။) ရိသ=(ဘူ) ဟိံသာဂတီသု–ညှဉ်းဆဲခြင်း, သွားခြင်းတို့၌၊ (ရိသတိ၊ ရေသတိ။)

**အဓမ=** [အဓော+မ] အဓောဘာဂေ ဇာတော–အဓမော ဩသတ္တံ၊ ဩ–ကို အ–ပြု၊ ဓာန်–ဋီ၊ ၇၀၀။ အောက်ကျသော၊ ယုတ်ညံ့သော။

[ √အဓ+အမ] ဓာတွန် ဓ–ကို ဓ–ပြု၊ ကောဏ္ဍိကာ။

## ၄–မဟာကပ္ပိနတ္ထေရဝတ္ထု

၇၉။ ဓမ္မပီတိ သုခံ သေတိ , ဝိပ္ပသန္နေန စေတသာ၊
အရိယပ္ပဝေဒိတေ ဓမ္မေ , သဒါ ရမတိ ပဏ္ဍိတော။

(အနက်) ဓမ္မပီတိ–မဂ်ဖိုလ်နိဗ္ဗာန်, ကိုးတန်ပြားလာ, တရားအရသာကို သောက်ရသော သူသည်၊ သုခံ–ကိလေသာဟူ, အပူကင်းကွာ,အလွန်ချမ်းသာစွာ၊ သေတိ–လေးဣရိယာပုတ်လေးဖြာ, အိပ်ရ နေရပါ၏၊ ပဏ္ဍိတော–လေးပါးသစ္စာ, ကောင်းစွာမြင်သိ, ပညာရှိသည်၊ အရိယပ္ပဝေဒိတေ–ဘုရား ပစ္စေကာ, အရိယာတို့, ကောင်းစွာခွဲဝေ, သိစေအပ်သော၊ ဝါ–ဘုရားစသား, ရိယာများတို့, ဟောကြားတော်မူအပ်သော၊ ဓမ္မေ–မဂ်သင်းပင်းတွင်, ပါဝင်ထင်ရှား, ဗောဓိပက္ခိယတရား၌၊ ဝိပ္ပသန္နေန–ညစ်ကြေးကင်းစင်, အလွန်ကြည်လင်သော၊ စေတသာ–ကုသိုလ် ကြိယာ, စိတ်မဟာဖြင့်၊ သဒါ–နေ့ရောညပါ, ခပ်သိမ်းသောအခါ၌၊ ရမတိ–အလွန်အကြူး, အထူးအားဖြင့် မွေ့လျော်ရ၏။

---

**ကလျာဏော**= [ √ကလ+ယာဏ ] ကလိတဗ္ဗံ သချာတဗ္ဗန္တိ–ကလျာဏံ၊ ကစ္စည်း၊ ၆၃၃။ ရူ၊ ၆၅၇။ ကာလေတိ ယထာသုခံ ဂစ္ဆတိ ပဝတ္တတီတိ–ကလျာဏံ၊ ကောင်းသော၊ ဝတ္ထု၊ ကလ=(စု) ဂတိ သချာန ခေပနေသု–သွားခြင်း, ရေတွက်ခြင်း, ပစ်ပယ်ခြင်းတို့၌၊ (ကာလေတိ၊ ကာလယတိ။)

[ကလျ √အဏ+ဏ ] ကလျံ နိရောဂံ အဏတိ ဂစ္ဆတီတိ–ကလျာဏံ၊ ကလျံ ဝါ ဟိတံ အဏယတိ ပါပယတီတိ–ကလျာဏံ၊ ဓာန်–ဋီ၊ ၈၈။

**ပုရိသုတ္တမေ**= [ ပုရိသ+ဥတ္တမ ] ပုရိသော စ သော ဥတ္တမောစာတိ–ပုရိသုတ္တမော၊ ယောက်ျားမြတ်၊ မြတ်သောယောက်ျား။

### ၇၉–ပဒဝိဘာဂ

**ဓမ္မပီတိ**= [ဓမ္မ+ပီတိ] ဓမ္မံ ပီတိ–ဓမ္မပီတိ၊ တရားကို သောက်တတ်သူ၊ ဤ၌–ပု ။

**ပီတိ**= [ √ပီ+တိ] ပီယတီတိ–(သောက်တတ်သောကြောင့်၊) ပီတိ၊ သောက်တတ်သူ၊ ပီ=( ဒိ ) ပီတိ ပါနေသု–ချစ်ခင်ခြင်း, သောက်ခြင်းတို့၌၊ (ပီယတိ။)

**သေတိ**= [ √သီ+အ+တိ ] အိပ်၏။

**ဝိပ္ပသန္နေန**= [ဝိ+ပ √ သဒ+တ ] ဝိပ္ပသီဒတီတိ–ဝိပ္ပသန္နော၊ အထူးသဖြင့် ကြည်လင်သော။

**အရိယပ္ပဝေဒိတေ**= [အရိယ+ပဝေဒိတ ] အရိယေဟိ ပဝေဒိတော–အရိယပ္ပဝေဒိတော၊ အရိယာတို့ သိစေအပ်သော၊ အရိယာတို့ ဟောကြားအပ်သော။

**ပဝေဒိတ**= [ပ √ ဝိဒ+ဏေ+တ ] ပဝေဒိယိတ္ထာတိ–ပဝေဒိတော၊ သိစေအပ်သော၊ ဟောပြောအပ်သော။

**သဒါ**= [သဗ္ဗ+ဒါ ] ကစ္စည်း၊ ၂၆၀။ ရူ၊ ၂၇၇။ သဗ္ဗသ္မိံ ကာလေ–သဒါ၊ ကောတ္ထုဘာ။ ခပ်သိမ်းသောအခါ၌။

**ရမတိ**= [ √ရမု+အ+တိ ] မွေ့လျော်၏။

(မြန်မာပြန်) လောကုတ္တရာတရားအရသာကို သောက်ရသူသည် ချမ်းသာစွာ နေရ၏၊ ပညာရှိသည် အရိယာများ ဟောကြားအပ်သော ဗောဓိပက္ခိယတရား၌၊ အလွန်သန့်ရှင်းစင်ကြယ်သောစိတ်ဖြင့် နေ့ရောညပါ အခါမပြတ် မွေ့လျော်ရ၏။

(လင်္ကာ) ဓမ္မရသ, သောက်စို့ရလျှင်, အေးမြချမ်းသာ, နေရပါရ၏၊ သစ္စာမြင်သိ, ပညာရှိသည်, အရိယာများ, ဟောညွှန်ထားသည့်, တရားတော်တွင်, စိတ်ကြည်လင်လျက်, အစဉ်မပြတ်, မွေ့လျော်တတ်၏။

## ၅-ပဏ္ဍိတသာမဏေရဝတ္ထု

၈၀။ ဥဒကံ ဟိ နယန္တိ နေတ္တိကာ , ဥသုကာရာ နမယန္တိ တေဇနံ၊
ဒါရုံ နမယန္တိ တစ္ဆကာ , အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။

(အနက်) နေတ္တိကာ-လိုရာစိုက်ခင်း, ရေသွင်းရအောင်, ရေကိုဆောင်ယူ, တောင်သူလယ်သမားတို့သည်၊ ဥဒကံ-မြစ်ချောင်းအိုင်အင်း, တွင်းကျင်းထွေထွေ, တည်ရှိနေသော ရေကို၊ နယန္တိ-ခန့်ရူမောင်း, ရေစက်ပေါင်းဖြင့်, မြောင်းကြီးမြောင်းငယ်, တန်းသွယ်လွယ်ကူ, ဆောင်ယူကြကုန်၏၊ ဥသုကာရာ-မြားရေးအရာ, လေ့လာမပြတ်, ပစ်ခတ်ကစား, လေးသမားတို့သည်၊ တေဇနံ-အဖျားချွန်ထက်, အရွက်ဖားဖား, မိမိ၏ မြားကို၊ နမယန္တိ-မီးကင်မြှုက်ကာ, လိုရာညွှတ်စေ, ဖြောင့်နေကြကုန်၏၊ တစ္ဆကာ-မလိုပါးလွှာ, လိုရာကိုထား, လက်သမားတို့သည်၊ ဒါရုံ-တောမြိုင်အထဲ, စိတ်ခွဲယူထား, တောသစ်သားကို၊ နမယန္တိ-ကွေးကောက်ဖြောင့်မတ်, လိုရာညွှတ်အောင်, လုပ်ဆောင်တတ်ကြကုန်၏၊ ပဏ္ဍိတာ-ကျင့်မှုအရာ, လေ့လာမြင်သိ, ပညာရှိတို့သည်၊ အတ္တာနံ-ဇာတိဒုက္ခ, စသည်ဝါးမျို, မိမိ၏ကိုယ်ကို၊ ဝါ-အာရုံအများ, ပြေးသွားယိုဖိတ်, မိမိ၏ စိတ်ကို၊ ဒမယန္တိ-မဂ်ဉာဏ်ပေါ်ပေါက်, နိဗ္ဗာန်ရောက်အောင်, စောင့်ရှောက်ကျန,ဆုံးမကြကုန်၏။

---

### ၈၀-ပဒဝိဘာဂ

**နယန္တိ**= [ √နီ+အ+အန္တိ ] ဆောင်ကုန်၏။

**နေတ္တိကာ**= [ √နီ+တိ ] နေတီတိ-နေတ္တိကော၊ သကထ္တေ ကော၊ ရေကို ဆောင်သူ၊ [အဋ္ဌကထာ၌ နေန္တီတိ-နေတ္တိကာ-ဟုပင် ပြထားသည်။]

[နေတ္တိ+ဏိက] နေတ္တိယံ ဥဒကနယနေ နိယုတ္တော ဝါ-နေတ္တိကော၊ နေတ္တိယာ မာတိကာယ နေတီတိ-နေတ္တိကော၊ ဏိကော၊ ဓာန်-ဋီ၊ ၅၁၀။

**နေတ္တိ**= [ √နီ+တိ ] နယနံ-နေတ္တိ၊ နေန္တိ ဧတာယာတိ-နေတ္တိ၊ရေမြောင်း။

**နမယန္တိ**= [ √နမု+ဏာယ+အန္တိ ] ညွတ်စေကုန်၏၊ ဖြောင့်အောင်ပြုကုန်၏၊ ရွှေကုန်၏၊ ဖျဉ်ကုန်၏၊ နမု=(ဘူ) နမနေ-ညွတ်ကိုင်းခြင်း၌၊ (နမတိ။)

**ဒါရုံ**= [ √ဒရ+ဏု ] ဒရ ဝိဒါရဏေ၊ ဒရီယတီတိ-ဒါရု= ကဋ္ဌ၊ ထင်း၊ သစ်သား၊ ရူ၊ ၆၅၁။ မောဂ်-၇၊ ၁။

(မြန်မာပြန်) ရေကိုဆောင်ယူ တောင်သူလယ်သမားတို့သည် လိုရာရောက်အောင် ရေကို သွယ်ယူကြကုန်၏၊ လေးသမားတို့သည် မြားကိုဖြောင့်ကြကုန်၏၊ လက်သမားတို့သည် သစ်ကို မိမိလိုရာဖြစ်အောင် ခုတ်ထစ်ရွေချောကြကုန်၏၊ ပညာရှိတို့သည် မိမိတို့၏စိတ်ကို ယဉ်ကျေးအောင် ဆုံးမကြကုန်၏။

(လင်္ကာ) ရေကိုလိုလား, လယ်သမားသည်, ရေအား လိုရာ, သယ်ဆောင်ပါ၏၊ လေ့လာထူးခြား, လေးသမားမူ, မြားကိုဖြောင့်စေ, ပြုပြင်နေ၏၊ သစ်ရွေနေကြား, လက်သမားကား, သစ်သားထွေထွေ, လိုတိုင်းရွေ၏၊ သံဝေရဘိ, ပညာရှိမူ, မိမိကိုသာ, ဆုံးမရာ၏။

## ၆-လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု

၈၁။ သေလော ယထာ ဧကဃနော , ဝါတေန န သမီရတိ၊
ဧဝံ နိန္ဒာပသံသာသု , န သမိဉ္ဇန္တိ ပဏ္ဍိတာ။

(အနက်) ဧကဃနော-ခေါင်းပေါက်မဖက်, တစ်ခဲနက်သော၊ သေလော-ကျောက်ဖျာကျောက်သား, ကျောက်များစုကာ, ဖြစ်ပွားလာသောတောင်သည်၊ ဝါတေန-အရပ်ရှစ်မျက်နှာ, တိုက်ခတ်လာသောလေကြောင့်၊ န သမီရတိယထာ-ရွေ့တိုးနောက်ဆုတ်, မတုန်လှုပ်သကဲ့သို့၊ ဧဝံ-ဤအတူ၊ ပဏ္ဍိတာ-သစ္စာသိမြင်, ပညာရှင်တို့သည်၊ နိန္ဒာပသံသာသု-ကဲ့ရဲ့ကြမှု, ချီးမွမ်းမှု(ဟု, စပြုထင်ရှား, ရှစ်ခုသော လောကဓံတရား)တို့ကြောင့်၊ န သမိဉ္ဇန္တိ-မာန်အမျက်ဝင်, ချစ်ခင်သောအား, မှုထားယွင်းယုတ်, မတုန်လှုပ်တော့ကုန်။

---

**တစ္ဆကာ=** [ √တစ္ဆ+ဏ္ဍု ] တစ္ဆတိ တနုံ ကရောတီတိ-တစ္ဆကော၊ သစ်ရွေသမား၊ လက်သမား၊ ဓာန်-ဋီ၊ ၅၀၆။ တစ္ဆ=(ဘူ) တနုကရဏေ-ပါးအောင်ပြုခြင်း၌၊ (တစ္ဆတိ။)

**ဒမယန္တိ=** [ √ဒမု+ဏာယ+အန္တိ ] ဆုံးမနှိပ်ကွပ်ကုန်၏၊ ယဉ်ကျေးစေကုန်၏။

**၈၁-ပဒဝိဘာဂ**

**ဧကဃနော=** [ဧက+ဃန] တစ်ခဲနက်ဖြစ်သော၊ တစ်လုံးတစ်ခဲတည်းသော။

**ဃန=** [ √ဟန+အ ] ဟနတိသ္မာ အ၊ ဟဿ ဃောစ-ဃနံ၊ ဓာန်-ဋီ၊ ၇၀၇။ ထူထပ်သော၊ တစ်ခဲနက်။

**သမီရတိ=** [သံ √ဤရ+အ+တိ ] တုန်လှုပ်၏၊ လှုပ်ရှား၏၊ ဤရ=(ဘူ+စု) ဝစန ဂတိ ကမ္ပန ခေပနေသု-ပြောဆိုခြင်း, သွားခြင်း, တုန်လှုပ်ခြင်း, ပစ်ပယ်ခြင်းတို့၌၊ (ဤရတိ၊ ဤရေတိ၊ ဤရယတိ။)

**နိန္ဒာပသံသာသု=** [ နိန္ဒာ+ပသံသာ ] နိန္ဒာစ ပသံသာစ-နိန္ဒာပသံသာ၊ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းတို့။

**နိန္ဒာ=** [ √နိဒိ+အ+အာ ] နိန္ဒိယတေ-နိန္ဒာ၊ ကဲ့ရဲ့ခြင်း၊ နိဒိ+နိန္ဒ=(ဘူ) ကုစ္ဆာယံ-ကဲ့ရဲ့ခြင်း၌၊ (နိန္ဒတိ။)

**မြန်မာပြန်** တစ်ခဲနက်သော ကျောက်တောင်သည် အရပ်ရှစ်မျက်နှာမှလာသော လေကြောင့် မတုန်လှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်း(စသော လောကဓံတရား)တို့ကြောင့် မတုန်လှုပ်ကြတော့ပေ။

**လင်္ကာ** ခေါင်းပေါက်ကင်းကွာ, ကျောက်တောင်မှာကား, လေလာတိုက်သုတ်, မတုန်လှုပ်သို့, အဟုတ်သိမြင်, ပညာရှင်လည်း, ဆင်ခြင်ကင်းမဲ့, ကဲ့ရဲ့ကြမှု, ချီးမွမ်းမှုကြောင့်, လှုပ်မှုမရှိ, ခိုင်မြဲဘိ၏။

## ၇-ကာလကမာတုဝတ္ထု

၈၂။ ယထာပိ ရဟဒေါ ဂမ္ဘီရော , ဝိပ္ပသန္နော အနာဝိလော၊
ဧဝံ ဓမ္မာနိ သုတွာန , ဝိပ္ပသီဒန္တိ ပဏ္ဍိတာ။

**အနက်** ဂမ္ဘီရော-မြေကိုခွဲကာ, ဖြစ်ပေါ်လာ၍, နက်လှစွာသော၊ ဝါ-လူးလာဖြတ်သွား, လှုအများတို့, ကြောက်အားပိုရာ, နက်လှစွာသော၊ ရဟဒေါ-ငှက်များထက်ယံ, မြည်တွန်ပျော်မြူးရာ, မဟာသမုဒ္ဒရာသည်၊ ဝိပ္ပသန္နောယထာပိ-နောက်ကျုကင်းစင်, အထူးသဖြင့် ကြည်လင်သကဲ့သို့လည်းကောင်း၊ အနာဝိလောယထာပိ-လှုပ်ရှားကင်းမှု, အကြောင်းပြု၍, မနောက်ကျုသကဲ့သို့လည်းကောင်း၊ ဧဝံ-ဤအတူ၊ ပဏ္ဍိတာ-ကြောင်းပြကျိုးသိ, ပညာရှိတို့သည်၊ ဓမ္မာနိ-ဘုရားဟောကြား, တရားများကို၊ သုတွာန-ရှုးစိုက်အာရုံ, ကြားနာကြကုန်၍၊ ဝိပ္ပသီဒန္တိ-စိတ်နောက်ကျုစရာ, ကိလေသာတို့, ဝေးကွာကင်းစင်, အထူးသဖြင့်ကြည်လင်ကြကုန်၏။

---

**ပသံသာ=** [ပ √သံသ+အ+အာ] ပသံသနံ-ပသံသာ၊ ချီးမွမ်းခြင်း။

**သမိဉ္ဇန္တိ=** [သံ+ဣဇိ+အ+အန္တိ ] တုန်လှုပ်ကုန်၏၊ ဣဇိ+ဣဉ္ဇ=(ဘူ) ကမ္ပနေ-တုန်လှုပ်ခြင်း၌၊ (ဣဉ္ဇတိ။)

### ၈၂-ပဒဝိဘာဂ

**ရဟဒေါ=** [ √ရဟဒ+အ ] ရဟဒန္တိ သဒ္ဒံ ကရောန္တိ သကုနာဒယော ဧတ္ထာတိ-ရဟဒေါ= အဂါဓဇလာသယော၊ ဓာတွတ္ထ။ ရေအိုင်ကြီး၊ သမုဒ္ဒရာ၊ ရဟဒ=(ဘူ) အဗျတ္တသဒ္ဒေ-မပီပြင်သောအသံ၌၊ (ရဟဒတိ။)

[ √ဟရ+ဒ ] ဟရ-ဟရဏေ၊ ဘူဝါဒိ ဒေါ ဝဏ္ဏဝိပရိယယော ရဟဒေါ၊ ဓာန်-ဋီ၊ ၆၇၇။ ဥဒကံ ဟရတီတိ-ရဟဒေါ။

[ ရဟော √ဒါ+အ ] ရဟော စက္ခုရဟာဒိကံ ဒဒါတီတိ-ရဟဒေါ၊ သီ-ဋီ-သစ်-၂၊ ၁၆၃။

**ဂမ္ဘီရော=** [ √ဂမု+ဤရ] ဂမုဓာတ်၏ အန္တသ္ၓယဝ ဘ-လာ၊ ပထဝိံ ဘိန္ဒိတွာ ဂစ္ဆတိ ပဝတ္တတီတိ-ဂမ္ဘီရော= အဂါဓော၊ မ-ကိုချေက ဂဘီရော၊ နက်သော၊ မောဂ်-၇၊ ၁၇၀။ဓာန်-ဋီ၊ ၆၆၉။

(မြန်မာပြန်) နက်လှစွာသော သမုဒ္ဒရာသည် နောက်ကျုကင်းစင် အထူးသဖြင့် ကြည်လင်သကဲ့သို့ ပညာရှိတို့သည် ဘုရားရှင်ဟောကြားအပ်သော တရားတော်တို့ကို ကြားနာရ၍ နောက်ကျုကင်းစင် အထူးသဖြင့် စိတ်ကြည်လင်ကြကုန်၏။

(လင်္ကာ) နက်ရှိုင်းလွန်စွာ, သမုဒ္ဒရာဟု, ရေအစုကား, နောက်ကျုမထင်, လွန်ကြည်လင်သို့, ဆင်ခြင်နိုင်းညှိ, ပညာရှိကား, မြတ်တရားကို, နာကြားရလျှင်, လွန်ကြည်လင်၏။

## ၈–ပဥ္စသတဘိက္ခုဝတ္ထု

၈၃။ သဗ္ဗတ္ထ ဝေ သပ္ပုရိသာ စဇန္တိ , န ကာမကာမာ လပယန္တိ သန္တော၊
သုခေန ဖုဋ္ဌာ အထဝါ ဒုခေန , န ဥစ္စာဝစံ ပဏ္ဍိတာ ဒဿယန္တိ။

---

[ √ဂမု √ဘိ+ဤရ] ဂစ္ဆန္တာ ဘာယန္တိ အသ္မိန္တိ–ဂဘိရော၊ ဂမ္ဘိရောစ၊ ဓာန်–ဋီ၊ ၆၆၉။

**အနာဝိလော**= [န+အာဝိလ] မနောက်ကျုသော၊ နောက်ကျုခြင်းမရှိသော။

**အာဝိလ**= [အာ √ ဝိလ+အ] စက္ခုဒဿနံ ဝိလတိ အစ္ဆာဒေတီတိ–အာဝိလော၊ နောက်ကျုသော၊ မကြည်လင်သော၊ မသန့်ရှင်းသော၊ ဝိလ=(ဘူ) သံဝရဏေ–စောင့်စည်းခြင်း၌၊ (ဝိလတိ။)

ဝိလ–ဘေဒနေ၊ ဏော၊ အာဝိလော၊ ဓာန်–ဋီ၊ ၆၆၉။

[ √ အဝ+ဣလ] အဝ=(ဘူ) ရက္ခဏေဝါ ဣလော၊ ဓာန်–ဋီ၊ ၆၆၉။

စက္ခုဒဿနံ အဝတိ ရက္ခတီတိ–အာဝိလော၊ ဒီဃပြု။

**ဓမ္မာနိ**=[လိင်္ဂဝိပလ္လာသ၊ ပုံလိင်မှ နပုံလိင်ပြန်နေသည်၊ န စ တာနိ သဗ္ဗာနိပိ လိင်္ဂါနိ တန္တိတဝသေန အညလိင်္ဂါနိ ဇာတာနိ၊ အထခေါ ဂဟာပတိ ဓမ္မာဒိနံ အပေက္ခနဝသေနေဝ အညလိင်္ဂါနိ ဇာတာနိ၊ တသ္မာ "ပေတာနိ ဘောတိ ပုတ္တာနိ၊ ခါဒမာနာ တုဝံ ပုရေ။ သိဝိပုတ္တာနိစ ဝှယ၊ ဇဝံ ဓမ္မာနိ သုတွာန ဝိပ္ပသီဒန္တိ ပဏ္ဍိတာ"တိအာဒိသုယေဝ လိင်္ဂဝိပလ္လာသော ဣစ္ဆိတဗ္ဗော အညပေက္ခကတ္တာ ဝုတ္တဓမ္မသဒ္ဒါဒီနံ၊ နီတိ–ပဒ၊ ၃၀၃။

## ၈၃–ပဒဝိဘာဂ

**စဇန္တိ**= [ √ စဇ+အ+အန္တိ] စွန့်ကုန်၏၊ စဇ=(ဘူ) စာဂေ–စွန့်ခြင်း၌၊ (စဇတိ။)

**ကာမကာမာ**= [ကာမ √ ကမု+ဏ] ကာမေ ကာမေန္တီတိ–ကာမကာမာ၊ ကာမဂုဏ်တို့ကို လိုချင်မက်မော တောင့်တသူတို့။

**လပယန္တိ**= [လပ+ဏယ+အန္တိ] ပြောဆိုကုန်၏၊ လပ=(ဘူ+စု) ဝိယတ္တိယံ ဝါစာယံ–ပီပြင်စွာဆိုခြင်း၌၊ (လပတိ၊ လပေတိ၊ လပယတိ။)

**ဖုဋ္ဌာ**= [ √ဖုသ+တ] ဖုသီယန္တေတိ–ဖုဋ္ဌာ၊ တွေ့ထိအပ်ကုန်သော။

**အနက်** သပ္ပုရိသာ–ဓမ္မသဘာဝ, ကျနသိမြင်, သူတော်စင်တို့သည်၊ သဗ္ဗတ္ထ–ခန္ဓာငါးပါး, စသည်ပြားမှု, အလုံးစုံသောတရားအစုတို့၌၊ ဝေ–စင်စစ်ကေန်, အမှန်အားဖြင့်၊ (ဆန္ဒရာဂံ–တပ်နှစ်သက်လှ, ဆန္ဒရာဂကို၊) စဇန္တိ–အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, ပယ်ဖျက်အကုန်, စွန့်ပစ်ကြကုန်၏၊ သန္တော–အပူကင်းဝေး, ငြိမ်းအေးပေတောင်း, သူတော်ကောင်းတို့သည်၊ ကာမကာမာ–ကာမဂုဏ်ငါး, အာရုံများကို, လိုလားမက်မောကြကုန်သည်ဖြစ်၍၊ နလပယန္တိ–ကိုယ်တိုင်ပြောကြား, သူပြောကြားအောင်, မလုပ်ဆောင်ကြကုန်၊ ပဏ္ဍိတာ–တရားမြင်သိ, ပညာရှိတို့သည်၊ သုခေနဝါ–လွယ်လွယ်ကူကူ, ခံယူသာယာ, သက်သာလွှန်မင်း, ချမ်းသာခြင်းသည်လည်းကောင်း၊ အထ–ထိုမှတစ်ပါး၊ ဒုခေနဝါ–မသက်မသာ, လွန်စွာခံပြင်း, ဆင်းရဲခြင်းသည်လည်းကောင်း၊ ဖုဋ္ဌာ–လောကအတွင်း, ရှောင်ကွင်းမလွတ်, တွေ့ထိအပ်ကုန်သည်၊ သမာနာပိ–ဖြစ်ပင်ဖြစ်ကြပါသော်လည်း၊ ဥစ္စာဝစံ–ကောင်းကောင်းဆိုးဆိုး, အမျိုးမျိုးသော အခြင်းအရာကို၊ န ဒဿယန္တိ–တက်ကြွနိမ့်ကျ, မဖော်ပြကြကုန်။

**မြန်မာပြန်** သူတော်သူမြတ်တို့သည် ခန္ဓာငါးပါးစသော တရားတို့၌ တပ်နှစ်သက်ခြင်းကို ပယ်ကြ၏၊ ငါးပါးအာရုံ, ကာမဂုဏ်ကို, လိုလားမက်မောသောအားဖြင့် ကိုယ်တိုင်လည်း မပြောကြကုန်၊ သူတစ်ပါးတို့ကိုလည်း မပြောစေကြကုန်၊ ချမ်းသာဆင်းရဲနှင့် ကြုံတွေ့ရစေကာမူ တက်ကြွ နိမ့်ကျသော သဘောကို မပြကြကုန်။

**လက်ာ** သူတော်တကာ, သဘောမှာကား, ခန္ဓာငါးပါး, စသည်ပြားမှု, တရားစုဝယ်, တပ်မှုခြင်းရာ, စွန့်ပယ်ခွာ၏၊ ကာမလိုလား, သဘောထားဖြင့်, စကားဆိုခြင်း, စင်စစ်ကင်း၏၊ ဆင်းရဲချမ်းသာ, တွေ့ထိပါလည်း, မျက်နှာပျက်မှု, ရွှင်လန်းမှုနှင့်, နိမ့်မှု မြင့်မှု, ဘာတစ်ခုမျှ, မပြကြတည်း။

---

**ဥစ္စာဝစံ=** [ ဥစ္စ+အဝစ ] ဥစ္စံ စ တံ အဝစံစာတိ–ဥစ္စာဝစံ၊ အမြတ်လည်းပါ အယုတ်လည်း ပါသောကိစ္စ၊ အကောင်းလည်းပါ အဆိုးလည်းပါသောကိစ္စ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောကိစ္စ။

**ဥစ္စ=** [ ဥ √စိ+အ ] စိ–စယေ၊ ဥစ္စိနောတီတိ–ဥစ္စော၊ အ၊ မြင့်သော၊ အမြင့်၊ တန်–ဋီ၊ ၇၀၈။ မြင့်သော၊ မြင့်မြတ်သော၊ ကြီးသော၊ ဥဒ္ဓံ စယတိ ဝဍ္ဎတီတိ–ဥစ္စ၊ ပါစိတ်–ယော၊ ၂၃၄။

**အဝစ=** [အဝ √စိ+အ] အဝစီယတေတိ–အဝစံ၊ ထက်ဝန်းကျင်မှ ပိုင်းဖြတ်အပ်သော၊ ယုတ်သော၊ နိမ့်သော၊ သေးငယ်သော၊ စယတော အဝဂတော ဝိယောဂေါတိ–အဝစံ၊ ပါစိတ်–ယော၊ ၂၃၄။ ရုပ်ပြီးပုံကို ကြံပါ။

**ဒဿယန္တိ =** [ √ဒိသ+ဏယ+အန္တိ ] မောဂ်–၅၊ ၁၂၄–သုတ်ဖြင့် ဒိသဓာတ်ကို ဒဿပြု၊ မြင်စေကုန်၏၊ ပြကုန်၏။

## ၉-ဓမ္မိကတ္ထေရဝတ္ထု

၈၄။ န အတ္တဟေတု န ပရဿဟေတု , န ပုတ္တမိစ္ဆေ န ဓနံ န ရဋ္ဌံ၊
န ဣစ္ဆေယျ အဓမ္မေန သမိဒ္ဓိမတ္တနော , သသီလဝါ ပညဝါ ဓမ္မိကော သိယာ။

(အနက်) (ပဏ္ဍိတောနာမ-ပစ္စုပ် တမလွန်, နှစ်တန်မြင်သိ, ပညာရှိမည်သည်၊) အတ္တဟေတု-ကိုယ်လက်အင်္ဂါ, ဥစ္စာစီးပွား, ပျက်ပြားခြင်းဟူသော မိမိ၏အကြောင်းကြောင့်၊ (ပါပံ-ယုတ်မာညစ်ကျူ, မကောင်းမှုကို၊) န ကရောတိ-ချွတ်ယွင်းရုံခါ, မပြုလုပ်ပါပေ၊ ပရဿ-သား သမီး မယား, မိတ်ဆွေများဟူ, တစ်ပါးသောသူ၏၊ ဟေတု-ချမ်းသာများပြား, တိုးတက်ကြီးပွားခြင်းဟူသော အကြောင်းကြောင့်၊ (ပါပံ-ယုတ်ညံ့ထိုထို, အကုသိုလ်အလုပ်ကို၊) န ကရောတိ-ယွင်းချွတ်ကြီးကုတ်, မပြုလုပ်ပေ၊ (ပါပကမ္မေန-ယုတ်မာညစ်စုတ်, မကောင်းသောအလုပ်ဖြင့်၊) ပုတ္တံ-ငယ်ကမွေးမြူ, ကြီးမူအားထား, သားယောက်ျားကို၊ န ဣစ္ဆေ-တရားပျက်ရေး, မျှော်တွေးနိုင်းညှိ, အလိုမရှိနိုင်ပေ၊ [သတ္တိအနက်၌ သတ္တမီ၊] ဓနံ-ငွေဟောင်ငွေဟာ, ပြောကာသိမ်းဆည်း, ဥစ္စာပစ္စည်းကို၊ န ဣစ္ဆေ-တရားပျက်ရေး, မျှော်တွေးနိုင်းညှိ, အလိုမရှိနိုင်ပေ၊ ရဋ္ဌံ-မြို့ရွာနိဂုံး, စုရုံးဖြစ်ရာ, ပြည်စည်း

---

### ၈၄-ပဒဝိဘာဂ

**အတ္တဟေတု=** [အတ္တ+ဟေတု] အတ္တနော ဟေတု-အတ္တဟေတု၊ မိမိ၏အကြောင်း၊ မိမိ၏လက်ခြေအင်္ဂါ ပျက်စီးခြင်းဟူသောအကြောင်း၊ မိမိဥစ္စာရခြင်း, ဆုံးရှုံးခြင်း-ဟူသောအကြောင်း။

**ဟေတု=** [√ဟိ+တု] ဟိနောတိ ဂစ္ဆတီတိ-ဟေတု၊ နီတိ-ဓာ၊ ၁၆၉။ ဟိနောတိဝါ ပတိဋ္ဌာတိ ဖလမေတ္ထာတိ-ဟေတု၊ ဟိ-ပတိဋ္ဌာယံ၊ ဓာန်-ဋီ၊ ၉၁။ ဟိနောတိ ဖလံ ပတိဋ္ဌာတိ ပဝတ္တတိ ဧတေန ဧတသ္မာ ဧတ္ထာတိ ဝါ-ဟေတု၊ အကြောင်း၊ ဟိတ်။

**ရဋ္ဌံ=** [√ရန္+ဋ] ရဉ္ဇန္တိ ဧတ္ထာတိ-ရဋ္ဌံ၊ ကစ္စည်း၊ ၆၅၉။ တိုင်းပြည်၊ နိုင်ငံ။
[√ရဋ္ဌ+တ] ရဋ္ဌန္တိ ဧတ္ထ နာဂရာဒယောတိ-ရဋ္ဌံ၊ တော၊ ဓာန်-ဋီ၊ ၁၈၉။ တိုင်း၊ နိုင်ငံ၊ ရဋ္ဌ=(ဘူ) ပရိဘာသနဂတီသု-ဆိုခြင်း, သွားခြင်းတို့၌၊ (ရဋ္ဌတိ။)

**အဓမ္မေန=** [န+ဓမ္မ] န ဓမ္မော-အဓမ္မော၊ ဓမ္မမဟုတ်သော၊ ဓမ္မ၏ဆန့်ကျင်ဘက်ဖြစ်သောအမှု။

**သမိဒ္ဓိံ=** [သံ √ဣဓ+တိ] သမိဇ္ဈနံ-သမိဒ္ဓိ၊ နိရုတ္တိ၊ ၄၉၉။ ပြည့်စုံခြင်း, ကြီးပွားခြင်း၊ ထိ ။ ဣဓ=(ဘူ) ဝုဒ္ဓိယံ-ကြီးပွားခြင်း၌၊ (ဧဓတိ။)

**ပညဝါ=** [ပညာ+ဝန္တု] ပညာ အဿ အတ္ထီတိ-ပညဝါ၊ ပညာရှိသော၊ ကစ္စည်း၊ ၃၆၈။

**ဓမ္မိကော=** [ဓမ္မ+ဏိက] ဓမ္မံ စရတီတိ-ဓမ္မိကော၊ နိရုတ္တိ၊ ၃၀၂။ ဓမ္မေန စရတိ ပဝတ္တတီတိ-ဓမ္မိကော၊ ရူ၊ ၃၇၃။ တရားကျင့်သော၊ တရားရှိသော၊ ဓမ္မိကေတိ-ဓမ္မေန ယုတ္တေ၊ ပါစိတ်-ယော၊ ၁၁၇။

စိမ်ချမ်းသာကို၊ န ဣစ္ဆေ–တရားပျက်ရေး, မျှော်တွေးနိုင်းညှိ, အလိုမရှိနိုင်ပေ၊ အဓမ္မေန–တရားလမ်းကြောင်း, ချွတ်ချော်တိမ်းစောင်းသဖြင့်၊ အတ္တနော–မိမိ၏၊ သမိဒ္ဓိံ–ပစ္စည်းပြည့်လျှံ, ခြွေရံပေါများ, ပြည့်စုံကြီးပွားခြင်းကို၊ န ဣစ္ဆေ–ထိန်းချုပ်စိတ်ကို, အလိုမရှိနိုင်ပေ၊ သ–သော–တရားမစောင်း, ထိန်းကျောင်းကိုယ့်ကို, ထိုသို့သဘောရှိသောပုဂ္ဂိုလ်သည်၊ သီလဝါ–ကိုယ်နှုတ်နှစ်ဝ, စင်ကြယ်လှ၍, သီလရှိသူသည်၊ သိယာ–မလွဲသေချာ, ဖြစ်လောက်ရာ၏၊ သ–သော–တရားမစောင်း, ထိန်းကျောင်းကိုယ့်ကို, ထိုသို့သဘောရှိသောပုဂ္ဂိုလ်သည်၊ ပညဝါ–အမှားအမှန်, ဝေဖန်ပြုမှု, ပညာရှိသူသည်၊ ဓမ္မိကော–အကုသိုလ်စု, မပြုမမှု, တရားကျင့်သူသည်၊ သိယာ–မလွဲသေချာ, ဖြစ်လောက်ရာ၏။

**မြန်မာပြန်** ပညာရှိမည်သည် ကိုယ်ရေးကိုယ်တာအတွက်ဖြစ်စေ, သူများအတွက်ဖြစ်စေ မကောင်းမှုကို မပြုပေ၊ ယုတ်ညံ့သော အလုပ်မျိုးဖြင့် သမီး သားနှင့် စီးပွား ဥစ္စာ တိုင်းကားပြည်ရွာကို အလိုမရှိနိုင်ပေ၊ တရားချွတ်ချော်သဖြင့် မိမိ၏ကြီးပွားခြင်းကို အလိုမရှိနိုင်၊ ထိုပုဂ္ဂိုလ်မျိုးသည် သီလရှိသူ, ပညာရှိသူ, တရားကျင့်သူ ဖြစ်ရာ၏။

**လင်္ကာ** ကြောင်းကျိုးမြင်သိ, ပညာရှိကား, မိမိအတွက်, သူ့တွက်ဖြစ်စေ, ညစ်ပေယုတ်မာ, မပြုပါတည်း၊ ဥစ္စာစီးပွား, သမီးသားနှင့်, တိုင်းကားပြည်ရွာ, ကိုယ့်ချမ်းသာကို, ကင်းကွာတရား, အကျင့်များဖြင့်, လိုလားရယူ, မရှိဟူ၏၊ ထိုသူမျိုးကား, ပြည့်ဖြိုးသီလ, ပြည့်ဝဉာဏ်အား, တရားစောင့်သူ, ဖြစ်သည်ဟူ၏။

## ၁၀–ဓမ္မဿဝနဝတ္ထု

၈၅။ အပ္ပကာ တေ မနုဿေသု , ယေ ဇနာ ပါရဂါမိနော၊
အထာယံ ဣတရာ ပဇာ , တီရမေဝါ’နုဓာဝတိ။

၈၆။ ယေ စ ခေါ သမ္မဒက္ခာတေ , ဓမ္မေ ဓမ္မာနုဝတ္တိနော၊
တေ ဇနာ ပါရ’မေဿန္တိ , မစ္စုဓေယျံ သုဒုတ္တရံ။

**အနက်** မနုဿေသု–မိမိစီးပွား, စွမ်းအားသတ္တိ, ရှိသလောက်မျှ, သိမြင်နားလည်ကြသောသူတို့တွင်၊ ယေ ဇနာ–သီလကိုအခြေခံ, ဝိပဿနာကျင့်စဉ်မှန်ကို, ဖွဲ့သန်ကြိုးစား, အကြင်ရှင်လူများတို့သည်၊ ပါရဂါမိနော–သံသရာဒုက္ခ, ငြိမ်းအေးရအောင်, စွမ်းဆောင်နိုင်ပြန်, နိဗ္ဗာန်သို့တိုင်, သွားရောက်နိုင်ကြကုန်၏၊ တေ ဇနာ–ထိုသို့ကြိုးပမ်း, နိဗ္ဗာန်နန်းသို့, ကူးသန်းထုတ်ချောက်, သွားရောက်နိုင်သူတို့သည်၊ အပ္ပကာ–ရေတွက်မများ, နည်းပါး

---

### ၈၅, ၈၆–ပဒဝိဘာဂ

**အပ္ပကာ**= [အပ္ပ+က] အပ္ပောယေဝ–အပ္ပကော၊ အနည်းငယ်သော။

**မနုဿေသု**= [ √မန+ဥဿ] ကုသလာကုသလေ ဓမ္မေ, ကာရဏာကာရဏံ ဝါ, အတ္ထာနတ္ထံ ဝါ မနတိ ဇာနာတီတိ–မနုဿော၊ လူ၊ ကစ္စည်း၊ ၆၇၃။

လှကုန်၏၊ အထ-ထိုမြို့၊ ဣတရာ-နိဗ္ဗာန်ရောက်သူ, ရဟန်းရှင်လူတို့မှ တစ်ပါးသော၊ အယံ ပဇာ-စိတ်လိုကိုယ်လိုက်, မှားမိုက်လွန်စွာ, ဤသတ္တဝါအပေါင်းသည်၊ တီရမေဝ-မောဟ ဖုံးလွှမ်း, သက္ကာယဒိဋ္ဌိဟူသော ကမ်းသို့သာလျှင်၊ အနုဓာဝတိ-အစဉ်တစိုက်, လိုက်ပါ နေလေတော့၏။

ယေ စ ခေါ ဇနာ-စိတ်ကိုဆုံးမ, သီလစင်ဖြူ, အကြင်လူတို့သည်ကား၊ သမ္မဒက္ခာတေ-စိစဉ်မချွတ်, ကောင်းစွာဟောကြားအပ်သော၊ ဓမ္မေ-ပရိယတ်ခေါ်, တရားတော်၌၊ ဓမ္မာနု ဝတ္တိနော-ကြားနာလေ့ကျင့်, သိဉာဏ်ရင့်လျက်, မဂ်ပွားဖိုလ်ဆိုက်, တရားသို့လိုက်၍, ပြုကျင့်တတ်ကုန်၏၊ တေ ဇနာ-ကောင်းစွာပြုမူ, ထိုသို့သဘောရှိသောသူတို့သည်၊ သုဒုတ္တရံ-ကူးမြောက်ဖို့ရန်, အလွန်ခဲယဉ်းလှသော၊ မစ္စုဓေယျံ-ကိလေသမာရ်, တည်ရာ မှန်ငြား, တေဘူမကဝဋ်တရားကို၊ (တရိတွာ-ကိလေသာမာရ်နတ်, မဂ်ဖြင့်သတ်ကာ, လွန်မြောက်လာ၍၊) ပါရံ-ဟိုမှာဘက်ကမ်း, နိဗ္ဗာန်နန်းသို့၊ ဧဿန္တိ-နှောင့်ယှက်ကင်းကွာ, ရောက်နိုင်ကြပါလတ္တံ့။

---

[ √မန+ဉသ ] ယထာဗလံ အတ္တနော ဟိတံ မနုတေ ဇာနာတီတိ-မနုဿော၊ နီတိ-ဓာ၊ ၂၆၄။ မန=(တ) ဗောဓနေ-သိခြင်း၌၊ (မနောတိ၊ မနုတေ။)

[ မန+ဉသ ] မနော ဉဿန္နမဿာတိ-မနုဿော၊ ဓာန်-ဋီ၊ ၂၂၇။

[ မနု+သ ] မနုနော အပစ္စံ မနုဿဇာတိ-မနုဿော၊ မောဂ်-၄၊ ၈-ပဉ္စိ။ နီတိ-ဓာ၊ ၂၆၄။

**ဉဿ=** [ √ဉဒ+သျ ] မြင့်သော၊ မြတ်သော။

**မနု=** [ √မန+ဏု ] သကလလောကဿ ဟိတံ ကာတုံ မနုတေ ဇာနာတီတိ-မနု= မဟာသမ္မတရာဇာ၊ မဟာသမ္မတမင်း၊ နီတိ-ဓာ၊ ၂၄၆။

**ပါရဂါမိနော=** [ ပါရ √ဂမု+ဏီ ] ပါရံ ဂစ္ဆတိ သီလေနာတိ-ပါရဂါမီ၊ နိဗ္ဗာန်ဟူသော တစ်ဖက်ကမ်းသို့ ရောက်လေ့ရှိသော-သူ။

**ပါရ=** [ √ပါရ+အ ] ပါရေတိ သက္ကောတိ သံသာရဒုက္ခသန္တာပံ သမေတုန္တိ-ပါရံ၊ နိဗ္ဗာန်၊ ဓာန်-ဋီ၊ ၉။ ပါရယတိ တရဂ်ါဒယော ဝါရေတုန္တိ-ပါရံ၊ တစ်ဖက်ကမ်း၊ ဓာန်-ဋီ၊ ၆၆၅။ ပါရ=(စု) ကမ္မသမာပနေ-အမှုကိစ္စကို ပြီးဆုံးစေခြင်း၌၊ (ပါရေတိ၊ ပါရယတိ။)

[ ပ+အရ ] ပဂတာ သံသာရစက္ကဿ အရာ ဧတသ္မာတိ ဝါ-ပါရံ၊ နိဗ္ဗာန်၊ ဓာန်-ဋီ၊ ၉။

**အရ=** [ √အရ+ဏ ] အရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတေနာတိ-အရံ၊ အကန့်၊ ဒေါက်ဆန်၊ ပု+န ။

**တီရ=** [ √တီရ+အ ] ကမ်း၊ န ။ ဓာန်-ဋီ၊ ၆၆၄။ တီရ=(စု) ကမ္မသမ္ပတ္တိယံ-အမှုကို ပြီးဆုံး စေခြင်း၌၊ (တီရေတိ၊ တီရယတိ။)

[ √တာ+ရက် ] တာ-၏ အာ-ကို ဤ-ပြု၊ ဇလံ တာယတီတိ-တီရံ=တင့်။ ကမ်း၊ မောဂ်-၇၊ ၁၄၅။ တာ=(ဒိ) ပါလနေ-စောင့်ရှောက်ခြင်း၌၊ (တာယတိ။)

**မြန်မာပြန်** လူအပေါင်းတို့တွင် ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ သွားရောက်နိုင်သူတို့သည် နည်းပါးလှကုန်၏၊ ကျန်နေသော သတ္တဝါအပေါင်းတို့သည် သက္ကာဒိဋ္ဌိ ဟူသော ဤမှာဘက်ကမ်းသို့သာ အစဉ်လိုက်ပါနေကြ၏။

ကောင်းစွာဟောကြားထားသော တရားတော်ကို ကြားနာ၍ တရားတော်နှင့်အညီ လိုက်နာကျင့်နေသူတို့မူကား, လွန်မြောက်ရန် ခဲယဉ်းလှသော သေမင်းတည်ရာ တေဘူမက ဝဋ်တရားဟူသော သမုဒ္ဒရာကို လွန်မြောက်၍ နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့ ရောက်ကြရပေလိမ့်မည်။

**လင်္ကာ** များလှသောင်းပြောင်း, လူအပေါင်းတွင်, နိဗ္ဗာန်ဝင်သွား, ပုဂ္ဂိုလ်များကား, နည်းပါးလှပေ၊ ကျန်နေခဲ့ငြား, ပုဂ္ဂိုလ်များမူ, ကမ်းပါးသက္ကာယ, ပြေးဝင်ကြ၏။

ကောင်းစွာဟောထား, မြတ်တရားကို, နာကြားကောင်းစွာ, လိုက်နာကြိုးစား, ကျင့်သူများကား, ကူးသွားဖို့ရန်, ခဲယဉ်းလွန်သည့်, မာရ်၏တည်ရာ, ဝဋ်သံသာကို, ကူးကာ ဖြောင့်တန်း, နိဗ္ဗာန်ကမ်းသို့, ...... အေးချမ်းရောက်လိမ့် မချွတ်တည်း။

---

**အနုဝတ္တိ**= [အနု √ဝတ္တ+အ+တိ] အစဉ်လိုက်၏။ ဝတ္တ=(ဘူ) ဂတိသုဒ္ဓိသု–ပြေးသွားခြင်း, သုတ်သင်ခြင်းတို့၌။ (ဓာဝတိ။)

**သမ္မဒက္ခာတေ**= [သမ္မာ+အာ √ခါ+တ] သမ္မာ အက္ခာယတေ အက္ခာယိတ္ထာတိ ဝါ–သမ္မဒက္ခာတော၊ ကောင်းစွာဟောကြားအပ်သော၊ ခါ=(ဘူ) ပကထနေ–ပြောဆိုခြင်း၌၊ (ခါတိ။)

**ဓမ္မာနုဝတ္တိနော**= [ဓမ္မ+အနုဝတ္တီ] ဓမ္မဿ အနုဝတ္တီ–ဓမ္မာနုဝတ္တီ၊ တရားအားလျော်စွာ ပြုကျင့်တတ်သော၊ တရားကိုလိုက်၍ ပြုကျင့်တတ်သော။

**အနုဝတ္တီ**= [အနု √ဝတ္တု+ဏီ] လျော်စွာကျင့်သုံးလေ့ရှိသော၊ ဝတ္တု=(ဘူ) ဝတ္တနေ–ဖြစ်ခြင်း၌၊ ဝါ–အသက်မွေးခြင်း၌၊ (ဝတ္တတိ။) (စု) ဘာသာယံ၊ (ဝတ္တေတိ၊ ဝတ္တယတိ။)

**ဧဿန္တိ**= [√ဣ+အ+ဿန္တိ] ဖြစ်ကုန်လတ္တံ့၊ ရောက်ကုန်လတ္တံ့၊ ဣ=(ဘူ) ဂတိယံ–သွားခြင်း၌၊ (ဧတိ၊ အယတိ။)

**မစ္စုဓေယျံ**= [မစ္စု √ဓာ+ဏျ] ဓာ–၏ အာ–ကို ဧ–ပြု၊ ယ–ကို ဒွေဘော်ဆင့်၊ မစ္စုနော အာဏာ ဒဟာတိ ဧတ္ထာတိ–မစ္စုဓေယျံ၊ နိရုတ္တိ၊ ၅၃၂။

မစ္စု ဓီယတိ ဧတ္ထာတိ–မစ္စုဓေယျံ= ခန္ဓပဥ္စက် မရဏဓမ္မတ္တာ၊ သံ–ဋီ– ၁၊ ၁၀၆။ သေမင်း၏အာဏာပျံ့နှံ့ရာ၊ သေမင်း၏စားကျက်၊ (တေဘူကဝဋ်တရား=ခန္ဓာငါးပါး။)

**သုဒုတ္တရံ**= [သု+ဒု √တရ+ခ] အတိဒုက္ခေန တရဏီယော–သုဒုတ္တရော၊ အလွန်ကူးမြောက်နိုင်ခဲသော၊ အလွန်ကျော်လွှားနိုင်ခဲသော၊ ကူးမြောက်ရန် အလွန်ခဲယဉ်းသော၊ ကျော်လွန်ရန် အလွန်ခဲယဉ်းသော။

## ၁၁-ပဉ္စသတအာဂန္တုကဘိက္ခုဝတ္ထု

၈၇။ ကဏှံ ဓမ္မံ ဝိပ္ပဟာယ , သုက္ကံ ဘာဝေထ ပဏ္ဍိတော၊
ဩကာ အနောကမာဂမ္မ , ဝိဝေကေ ယတ္ထ ဒူရမံ။

၈၈။ တတြာဘိရတိမိစ္ဆေယျ , ဟိတွာ ကာမေ အကိဉ္စနော၊
ပရိယောဒပေယျ အတ္တာနံ , စိတ္တက္လေသေဟိ ပဏ္ဍိတော။

၈၉။ ယေသံ သမ္ဗောဓိယင်္ဂေသု , သမ္မာ စိတ္တံ သုဘာဝိတံ၊
အာဒါနပဋိနိဿဂ္ဂေ , အနုပါဒါယ ယေ ရတာ၊
ခီဏာသဝါ ဇုတိမန္တော , တေ လောကေ ပရိနိဗ္ဗုတာ။

(အနက်) ပဏ္ဍိတော-သံသရာဘေး, လာမည့်ရေးကို, မျှော်တွေးကြောက်လွန်း, ပညာရှိရဟန်းသည်၊ ကဏှံ ဓမ္မံ-မည်းညစ်ထိုထို, အကုသိုလ်များ, ဒုစရိုက်တရားကို၊ ဝိပ္ပဟာယ-တွေးတောကြောက်လန့်, အထူးအားဖြင့်ပယ်စွန့်၍၊ ဩကာ-ငြိကပ်တွယ်တာ, တဏှာဟူသော တည်ရာမှ၊ (နိက္ခမိတွာ-အလွတ်ရုံးခွာ, ထွက်မြောက်လာ၍၊) အနောကံ-တဏှာကင်းရာ, ချမ်းသာအထွတ်, နိဗ္ဗာန်မြတ်ကို၊ အာဂမ္မ-စိတ်ဖြင့်ရောက်မှု, အာရုံပြု၍၊ သုက္ကံ ဓမ္မံ-ဖြူစင်သန့်ရှင်း, အပြစ်ကင်းငြား, သုစရိုက်တရားကို၊ ဘာဝေထ-ထွက်လာသည်မှ, အစပြုလျက်, အထက်မဂ်တိုင်, မြဲခိုင်လှစွာ, ပွားများရာ၏၊ ယတ္ထ ဝိဝေကေ-ကိုယ် စိတ် ဥပဓိ, ပြားဘိသုံးပါး, အကြင်ဝိဝေကတရား၌၊ (ဝါ-တစ်ပါးတည်း နေခြင်းဟူသော ကာယဝိဝေက, ကိလေသာတို့မှ ကင်းဆိတ်ခြင်းဟူသော စိတ္တဝိဝေက, နိဗ္ဗာန်တည်းဟူသော ဥပဓိဝိဝေက၌၊) ဒူရမံ-စိတ်ဓာတ်နံ့ချာ, သတ္တဝါတသင်း, ပျော်မွေ့ရန်ခဲယဉ်းလှပေ၏။

---

### ၈၇, ၈၈, ၈၉-ပဒဝိဘာဂ

**ကဏှံ=** [ √ကသ+ဟ ] သဿ ဏတ္တံ- သ-ကို ဏ-ပြု၊ ကသတိတိ-ကဏှော= ကာဠော၊ မည်းနက်သော၊ မကောင်းမှုအကုသိုလ်၊ မောဂ်-၇၊ ၂၂၃။

[ √ကသ+ဏှ ] ကဿတေတိ-ကဏှော၊ ဓာန်-ဋီ၊ ၉၆။ ကသ=(ဘူ+ဒိ) ဝိလေခနေ-ရေးချစ်ခြင်း၌၊ (ကသတိ၊ ကဿတိ။)

[ က √ဟန+ဏွိ ] ကံ သုခံ ဟနတိတိ-ကဏှံ၊ န-နှင့်ဟ-ကို ရှေ့နောက်ပြန်၊ န-ကို ဏ-ပြု၊ မကောင်းမှု အကုသိုလ်၊ န ။

[ √ကု+ဏှ ] အပဘဿရဘာဝကရဏတ္တာ ပဏ္ဍိတေဟိ ကုစ္ဆိတဗ္ဗာ ဂရဟိတဗ္ဗာတိ-ကဏှာ= အကုသလဓမ္မာ၊ အကုသိုလ်တရားများ၊ ကာဠဝဏ္ဏတ္တာ သုဝဏ္ဏဝဏ္ဏာဒိကံ ဥပနိဓာယ ကုစ္ဆိတဗ္ဗော နိန္ဒိတဗ္ဗောတိ-ကဏှော= ကာဠဝဏ္ဏော၊ မည်းနက်သော၊ နီတိ-ဓာ၊ ၂၅၉။ ကု=(ဘူ+တ) ကုစ္ဆာယံ-ကဲ့ရဲ့ခြင်း၌၊ (ကောတိ၊ ကဝတိ။) တနာဒိအာချာတ်ရုပ်မထင်။

**ဝိပ္ပဟာယ=** [ ဝိ+ပ √ဟာ+တွာ ] အထူးသဖြင့်ပယ်စွန့်၍။

**ဘာဝေထ=** [ √ဘူ+ဏေ+ဧထ ] ဖြစ်စေရာ၏၊ ပွားစေရာ၏၊ ပွားများရာ၏။

ပဏ္ဍိတော–နိဗ္ဗာန်ရည်မှန်း, ပညာရှိရဟန်းသည်၊ ကာမေ–ဝတ္ထု ကိလေ, နှစ်ထွေသော ကာမတို့ကို၊ ဟိတွာ–မလိုရှောင်ရှား, ပယ်စွန့်ထား၍၊ အကိဉ္စနော–ရာဂဒေါသ, စသည် ကွာကင်း, စိုးရိမ်ခြင်းမရှိသည်ဖြစ်၍၊ ဝါ–စိုးရိမ်ကြောင့်ကြ, ရာဂစသောတရား မရှိသည် ဖြစ်၍၊ တတြ–တသ္မိံ ဝိဝေကေ–သုံးဖြာကွဲပြား, ထိုဝိဝေကတရား၌၊ အဘိရတိံ–မခွဲမခွာ, လွန်စွာနှစ်ခြိုက်, မွေ့လျော်ပျော်ပိုက်ခြင်းကို၊ ဣစ္ဆေယျ–သံသရာဘေး, လွတ်မြောက်ရေးကို, မျှော်တွေးလျက်သာ, အလိုရှိရာ၏၊ စိတ္တက္လေသေဟိ–စိတ်ညစ်ညူးကြောင်း, မကောင်း ဆိုးဝါး, နီဝရဏတရားတို့မှ၊ အတ္တာနံ–တရားရလို, မိမိကိုယ်ကို၊ ပရိယောဒပေယျ– အမှတ်မကွာ, ဖြူစင်စေရာ၏။

---

**အနောကံ**= [ န+ဩက ] န ဩကံ–အနောကံ၊ တဏှာကင်းရာနိဗ္ဗာန်။

**အာဂမ္မ**= [ အာ √ဂမု+တွာ ] လာ၍၊ ရောက်၍။

**ဒူရမံ**= [ ဒု √ရမု+ခ ] ဒုက္ခေန ရမီယတေတိ–ဒူရမံ၊ ဆင်းရဲသဖြင့် မွေ့လျော်အပ်သော၊ မွေ့လျော် နိုင်ခဲသော။

**အဘိရတိံ**= [ အဘိ √ ရမု+တိ ] အဘိရမီယတေ–အဘိရတိ၊ မွေ့လျော်ခြင်း၊ မငြီးငွေ့မပျင်း ရှိခြင်း။

**အကိဉ္စနော**= [ န+ကိဉ္စန ] ကြောင့်ကြမှုမရှိသော၊ နှိပ်စက်တတ်သော ရာဂစသော တရားမရှိသော။

**ကိဉ္စန**= [ √ကိစိ+ယု ] ကိဉ္စေတိ သတ္တေ မဒ္ဒတီတိ–ကိဉ္စနံ= ပလိဗောဓော၊ နီတိ–ဓာ၊ ၂၉၂။ နှိပ်နင်းတတ်သော၊ နှောင့်ယှက်တားမြစ်တပ်သော၊ ကြောင့်ကြတတ်သော၊ နှောင်ဖွဲ့ တတ်သော၊ ကိစိ=(စု) မဒ္ဒနေ–နှိပ်နင်းခြင်း၌၊ (ကိဉ္စေတိ၊ ကိဉ္စယတိ။)

**ပရိယောဒပေယျ**= [ ပရိ+အဝ √ဒါ+ဏာပေ+ဧယျ ] ဖြူစင်စေရာ၏၊ သုတ်သင်ရာ၏။

**စိတ္တက္လေသေဟိ**= [ စိတ္တ √ကိလိသ+ဏ ] လ–ဗျည်းကြောင့် က–၏မှီရာ ဣ–ကို ချေ၊ စိတ္တံ က္လိဿတိ ဧတေနာတိ–စိတ္တက္လေသော၊ စိတ်၏ညစ်ညူးကြောင်းဖြစ်သော၊ စိတ်ကို ပူပန်စေတတ်, ညစ်ညူးစေတတ်သော–နီဝရဏတရား။ ကိလိသ=(ဒိ) ဥပတာပမလီနေသု– ပူလောင်ခြင်း, ညစ်ညူးခြင်းတို့၌၊ (ကိလိဿတိ၊ က္လိဿတိ။)

**သမ္ဗောဓိယင်္ဂေသု**= [ သမ္ဗောဓိ+အင်္ဂ ] သမ္ဗောဓိယာ အင်္ဂါ–သမ္ဗောဓိယင်္ဂါ၊ သမ္ဗောဓိ၏ အကြောင်းဖြစ်သော–ဗောဇ္ဈင်။

**သမ္ဗောဓိ**= [ သံ √ဗုဓ+ဣ ] သမ္ဗုဇ္ဈတီတိ–သမ္ဗောဓိ၊ သာရတ္ထ–၁၊ ၄၅၂။သမ္ဗုဇ္ဈတိ ဧတာယာတိ ဝါ–သမ္ဗောဓိ၊ ကောင်းစွာထိုးထွင်းသိတတ်သော၊ ကောင်းစွာထိုးထွင်း သိကြောင်းဖြစ်သော– အရိယမဂ်ဉာဏ်၊ ထိ+ပု ။

**အင်္ဂ**= [ √အင်္ဂ+ဏော+အ ] အင်္ဂေတိ ဂမေတိ ဉာပေတီတိ–အင်္ဂံ၊ နှ ။ အကြောင်း၊ အင်္ဂါ၊ ဒီ–ဋီ–၁၊ ၃၁၄။

[ √အင်္ဂ+အ ] အင်္ဂီယတေ ဉာယတေ ဧတေန သမုဒါယော (ဖလံ ဝါ)တိ–အင်္ဂံ၊

ယေသံ-တရားရလို့, အကြင်ပုဂ္ဂိုလ်တို့သည်၊ သမ္ဗောဓိယင်္ဂေသု-မဂ်ဉာဏ်ရရန်, ကြောင်းမှန်ထင်ရှား, ဗောဇ္ဈင်တရားတို့၌၊ သမ္မာ-နည်းမှန် လမ်းမှန်, လျော်ကန်သင့်တင့်သော အကြောင်းအားဖြင့်၊ စိတ္တံ-လှုပ်ယှက်မဆိတ်, မိမိစိတ်ကို၊ သုဘာဝိတံ-အာရုံတစ်ပါ:, ပြေးမသွားအောင်, ကောင်းစွာပွားများအပ်ပေ၏၊ ယေ-တရားသိမြင်, အကြင်ပုဂ္ဂိုလ်တို့သည်၊ အနုပါဒါယ-တစ်စုံတစ်ခု, အာရုံစုကိုမျှ, တဏှာဒိဋ္ဌိတို့ဖြင့် မယူကြမူ၍၊ အာဒါနပဋိနိဿဂ္ဂေ-စွဲလမ်းမှုမှန်သမျှကို, စွန့်ချပယ်ခွာရာ, နိဗ္ဗာနဓာတ် တရားတော်မြတ်၌၊ ရတာ-ချမ်းသာပဟူသမျှ, ယှဉ်မရအောင်, လွန်စွာလွန်စွာ, အေးမြပါ၍, သမာပတ်ဖိုလ်, အေးရိပ်ခိုလှုံ, မွေ့လျော်ကြကုန်၏၊ ခီဏာသဝါ-လွန်စွာထက်မြက်, မဂ်ဖြင့်ဖျက်ဆီး, ကုန်ပြီးသော အာသဝေါရှိကုန်သော၊ ဇုတိမန္တော-ခန္ဓာစသား, တရားများတို့, ထင်ရှားတောက်ပြောင်, မဂ်ဉာဏ်ရောင်ရှိကြကုန်သော၊ တေ-နိဗ္ဗာန်ဟုခေါ်, တရားတော်ဝယ်, မွေ့လျော်နေတတ်, ထိုရဟန္တာအရှင်မြတ်တို့သည်၊ လောကေ-ခန္ဓာ အာယတန, စသည်သွယ်သွယ်, လောကအလယ်၌၊ ပရိနိဗ္ဗုတာ-ခန္ဓာကြွင်းကျန်, မကျန်ကွဲပြား, နှစ်ပါးပြားလတ်, အအေးဓာတ်ဖြင့်, မပြတ်မြဲစွာ, ငြိမ်းအေးကြရပါ၏။

---

အစိတ်အင်္ဂါ၊ အကြောင်း၊ သူစိ။ အဂိ+အင်္ဂ=(ဘူ) ဂမနေ-သွားခြင်း၌၊ (အင်္ဂတိ၊ အင်္ဂေတိ။)

အာဒါနပဋိနိဿဂ္ဂေ= [ အာဒါန+ပဋိနိဿဂ္ဂ ] အာဒါနဿ ပဋိနိဿဂ္ဂေါ-အာဒါနပဋိနိဿဂ္ဂေါ၊ စွဲလမ်းခြင်းကို စွန့်လွှတ်ရာ-နိဗ္ဗာန်။

အာဒါန= [ အာ √ဒါ+ယု ] အာဒိယတေ-အာဒါနံ၊ ပြင်းစွာယူခြင်း၊ စွဲလမ်းခြင်း။

ပဋိနိဿဂ္ဂ= [ ပဋိ+နိ √သဇ္ဇ+ဏ ] နိဗ္ဗာနဉ္စ အာဂမ္မ တဏှာ စဇိယတိ ပဋိနိဿဇ္ဇိယတိ မုစ္စတိ န အလ္လီယတိ တသ္မာ နိဗ္ဗာနံ စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယောတိ ဝုစ္စတိ၊ အဘိ-ဋ-၂၊ ၁၀၆။ တဏှာ(စွဲလမ်းခြင်း)ကို စွန့်လွှတ်ရာ နိဗ္ဗာန်၊ သဇ္ဇ=(ဘူ) လာဘသိဋ္ဌနသင်္ဂေသု-ရခြင်း, သွန်းလောင်းခြင်း, ငြိကပ်ခြင်းတို့၌၊ (သဇ္ဇတိ။) နိရုတ္တိ၊ ၅၄၁-၌ သဇ-ဓာတ်ဖြင့် ပြထားသည်။

အနုပါဒါယ= [ န+ဥပါဒါယ ] မစွဲလမ်းမူ၍၊ (တဏှာဒိဋ္ဌိတို့၏အစွမ်းဖြင့် တစ်စုံတစ်ခုသော တရားကို ) မယူမူ၍။

ဥပါဒါယ= [ ဥပ+အာ √ဒါ+တွာ ] စွဲလမ်း၍၊ (တဏှာဒိဋ္ဌိတို့၏အစွမ်းဖြင့် တစ်စုံတစ်ခုသော တရားကို) ယူ၍။

ခီဏာသဝါ= [ ခီဏ+အာသဝ ] ခီဏာ စတ္တာရော အာသဝါ ဧတေသန္တိ-ခီဏာသဝါ၊ ကုန်ပြီးသော အာသဝေါရှိကုန်သော၊ အာသဝကုန်ပြီးသော ရဟန္တာတို့။

ခီဏ= [ √ခိ +တ ] ခိ-ခယေ, ကုန်ဆုံးခြင်း၊ အခိယိတိ-ခီဏော၊ ကုန်ပြီးသော။ ရူ၊ ၆၃၁။

အာသဝ= [ အာ √သု+ဏ ] စတ္တာရိတော အာသဝန္တီတိ-အာသဝါ၊ စက္ခုစသော ဒွါရခြောက်ပါးတို့မှ ယိုစီးတတ်, ဖြစ်တတ်သော-တရား။

(မြန်မာပြန်) ပညာရှိသည် ညစ်ထေးသော အကုသိုလ်ဒုစရိုက်တရားတို့ကို ပယ်စွန့်ရမည်၊ ငြိကပ်တွယ်တာတတ်သော တဏှာမှအလွတ်ရုံး၍ တဏှာကင်းရာ နိဗ္ဗာန်ကို ရည်မှန်းလျက် ဖြူစင်သောကုသိုလ် သုစရိုက်တရားကို ပွားများစေရမည်။

ပညာရှိသူသည် ကာမတို့ကို ပယ်စွန့်လျက် စိုးရိမ်ကြောင့်ကြ မရှိဘဲ လူသာမန်တို့ မွေ့လျော်နိုင်ခဲသော ကင်းဆိတ်မှု(ဝိဝေက)၌ မွေ့လျော်အောင် ကြိုးစားရမည်၊ မိမိကို စိတ်၏အညစ်အကြေး နီဝရဏတရားတို့မှ ကင်းဝေးဖြူစင်အောင် အားထုတ်ရမည်။

မဂ်၏အကြောင်းဖြစ်သော ဗောဇ္ဈင်တရားတို့၌ စိတ်ကို ကောင်းစွာပွားများထား သူတို့သည် ဘယ်အာရုံကိုမျှ မစွဲလမ်းတော့ဘဲ စွဲလမ်းမှုကင်းရာ နိဗ္ဗာန်၌ မွေ့လျော်ကြ ရကုန်၏၊ ထိုရဟန္တာ အရှင်မြတ်တို့သည် ဤလောကအလယ်၌ အာသဝေါကုန်ခန်းလျက် မဂ်ဉာဏ်ရောင်ဖြင့် တောက်ပြောင်ထွန်းလင်းကာ ငြိမ်းချမ်းရေးအစစ်အမှန်ကို ရရှိကြ လေတော့သည်။

(လင်္ကာ) စိတ်ထားစင်ဖြူ, ဉာဏ်ရှိသူကား, မည်းတူညစ်ကျု, မကောင်းမှုကို, မပြုလိုပါ၊ ပယ်စွန့်ခွာ၍, တဏှာကင်းပ, နိဗ္ဗာနကို, တောင့်တလျက်ပင်, ဖြူစင်ကောင်းမှု, တရားစုကို, အားပြုလျက်သာ, ပွားများရာ၏။

ပညာပြည့်ဝ, ပဏ္ဍိတကား, ကာမစွန့်ရှင်း, စိုးရိမ်ကင်းလျက်, ညံ့ဖျင်းသူတွက်, ပျော်မွေ့ ခက်လှ, ဝိဝေကဝယ်, ကျနမှတ်ရှု, ပျော်မွေ့မှုသာ, လိုရှိရာ၏။

သေချာမှတ်သိ, သမ္ဗောဓိယင်, မြတ်ဗောဇ္ဈင်ဝယ်, ကျိုးမြင်ထင်ရှား, စိတ်ပွားထားသူ, များရှင်လူသည်, စွဲယူစရာ, ရှင်းရှင်းကွာ၍, နိဗ္ဗာနဓာတ်, တရားမြတ်ဝယ်, ထပ်ထပ်

---

ဓမ္မတော ယာဝဂေါတြဘုံ ဩကာသတော ယာဝဘဝဂ္ဂ သဝန္တီတိ ဝါ-အာသဝါ၊ ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင်, ဘုံအားဖြင့် ဘဝဂ်တိုင်အောင် သွားတတ်(အာရုံပြုသော အားဖြင့် ဖြစ်တတ်)သော-တရား။

[ အာယတ √သု+ဏ ] အာယတံ ဝါ သံသာရဒုက္ခံ ပသဝန္တီတိပိ-အာသဝါ၊ ရှည်လျားသော သံသရာဆင်းရဲကို ဖြစ်စေတတ်သောတရား၊ အဘိ-ဌ-၁၊ ၉၀။

**ဇုတိမန္တော=** [ ဇုတိ+မန္တု ] ဇုတိ ယဿ အတ္ထီတိ-ဇုတိမာ၊ အရောင်အဝါရှိသော၊ ဉာဏ်ရောင် ရှိသော၊ အစွမ်းသတ္တိတန်ခိုးရှိသော။

**ဇုတိ=** [ √ဇုတ+က္ထ ] ဇောတယတီတိ-ဇုတိ၊ အရောင်၊ ကိုယ်ရောင်၊ ဉာဏ်ရောင်၊ အစွမ်း၊ တန်ခိုး၊ ဇုတ=(ဘု) ဘာသန ဒိတ္တီသု-ပြောဆိုခြင်း, ထွန်းပခြင်းတို့၌၊ (ဇောတတိ။)

[ √ဇု+တိ ] ဇဝနံ-ဇုတိ၊ နိရုတ္တိ၊ ၅၅၈။ ဇု=(ဘု) ဂတိယံ-သွားခြင်း၌၊ (ဇဝတိ။)

**ပရိနိဗ္ဗုတော=** [ ပရိ+နိ √ဝါ+တ ] မဟာဝုတ္တိနာ ဝါဿုတ္တံ၊ ငြိမ်းအေးပြီးသော၊ ပရိနိဗ္ဗာန် ပြုတော်မူပြီးသော။

ပျော်မွေ့, မဂ်၏ဉာဏ်ရောင်, ထွန်းလင်းပြောင်လျက်, ဘုန်းခေါင်ထွတ်ချာ, ရဟန္တာခစ်, အမှန်ဖြစ်၍, စင်စစ်မုချ, ငြိမ်းအေးရ၏။

# ၇–အရဟန္တဝဂ္ဂ

## ၁–ဇီဝကပဥှဝတ္ထု

၉၀။ ဂတဒ္ဓိနော ဝိသောကဿ , ဝိပ္ပမုတ္တဿ သဗ္ဗဓိ၊
သဗ္ဗဂန္ထပ္ပဟီနဿ , ပရိဠာဟော န ဝိဇ္ဇတိ။

(အနက်) ဂတဒ္ဓိနော–ဇာတိကန္တာရ, စသည်ရှည်စွာ, သံသရာခရီး, သွားရောက်ပြီးသော၊ ဝိသောကဿ–ဝဋ်မြစ်ကြောင်းရင်း,စိုးရိမ်ခြင်းကင်းပြီးသော၊ သဗ္ဗဓိ–ခန္ဓာစသား, ခပ်သိမ်းသောတရားတို့၌၊ ဝိပ္ပမုတ္တဿ–ဇာတိကင်းကွာ, ကောင်းစွာလွတ်မြောက်ပြီးသော၊ ဝါ–ဇာတိကုန်သွား, အထူးထူး အပြားပြားအားဖြင့် လွန်မြောက်ပြီးသော၊ သဗ္ဗဂန္ထပ္ပဟီနဿ–ဂန္ထဥသုံ, အလုံးစုံကို, အကုန်ပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား၊ ပရိဠာဟော–ကိလေသာညှဉ်း, စိတ်၏ပူပန်ခြင်းသည်၊ န ဝိဇ္ဇတိ–ကေန်တိတိ, မရှိတော့ပေ။

---

### ၉၀–ပဒဝိဘာဂ

**ဂတဒ္ဓိနော**= [ ဂတဒ္ဓ+ဤ ] ဂတဒ္ဓါ အဿ အတ္ထီတိ–ဂတဒ္ဓိ၊ သွားပြီးသော (သံသရာ)ခရီးရှိသော၊ (သံသရာ)ခရီးကို သွားပြီးသော။

**ဂတဒ္ဓ**= [ဂတ+အဒ္ဓ ] ဂတော အဒ္ဓါ–ဂတဒ္ဓါ၊ သွားပြီးသော (သံသရာ)ခရီး၊ ဂတော အဒ္ဓါနံ ဝါ–ဂတဒ္ဓါ။

**အဒ္ဓ**= [ √အဒ+ဓ ] အဒ–ဂမနေ၊ အဒန္တိ ဂစ္ဆန္တိ ဧတ္ထာတိ–အဒ္ဓါ= မဂ္ဂေါ ကာလော စ၊ မောဂ်–၇၊ ၉၉။ ပု ။ ပုမာဒိဂိုဏ်းဝင်။

[ √အဒ္ဓ+ဓ ] အဒ္ဓန္တိ ဂစ္ဆန္တိ ဧတ္ထာတိ–အဒ္ဓါ၊ အဒ္ဓ=(ဘု) ဂတိ ယာစန တာဠနေသု–သွားခြင်း, တောင်းခြင်း, ပုတ်ခတ်ခြင်းတို့၌၊ (အဒ္ဓတိ။)

**ဝိသောကဿ**= [ဝိ+သောက ] ဝိဂတော သောကော အဿာတိ–ဝိသောကော၊ ကင်းပြီးသော စိုးရိမ်ခြင်းရှိသော၊ စိုးရိမ်ခြင်းကင်းပြီးသော၊ စိုးရိမ်ခြင်းမရှိသော။

**ဝိပ္ပမုတ္တဿ**= [ ဝိ+ပ √မုစ+တ ] အထူးထူး အပြားပြားအားဖြင့် လွတ်မြောက်သော၊ ကောင်းစွာ လွတ်မြောက်ပြီးသော။

**သဗ္ဗဂန္ထပ္ပဟီနဿ**= [သဗ္ဗဂန္ထ +ပဟီန ] သဗ္ဗဂန္ထာ ပဟီနာ ယေနာတိ–သဗ္ဗဂန္ထပ္ပဟီနော၊ အလုံးစုံသော ဂန္ထတရားကို ပယ်ပြီးသော။

**သဗ္ဗဂန္ထ**= [သဗ္ဗ+ဂန္ထ ] သဗ္ဗေ ဂန္ထာ–သဗ္ဗဂန္ထာ၊ အလုံးစုံသော ဂန္ထတရားတို့။

**သဗ္ဗ**= [ √သရ+ဝ ] သရတီတိ–သဗ္ဗံ, ဝေါ၊ ရဿစ ဝေါ၊ ဓာန်–ဋီ၊ ၇ဝ၂။ အလုံးစုံသော၊ ဂတိ–အနက်ဟော သပ္ပ–ဓာတ်, သဗ္ဗ–ဓာတ်တို့ဖြင့်လည်း ကြံပါ၊ သပ္ပ+သဗ္ဗ=(ဘု) ဂတိယံ–သွားခြင်း၌၊ (သပ္ပတိ၊ သဗ္ဗတိ။)

(မြန်မာပြန်) ရဟန္တာဟူသည် သံသရာခရီးကို သွားပြီးသူဖြစ်၏၊ စိုးရိမ်ခြင်း ကင်းသူလည်းဖြစ်၏၊ ပဋိသန္ဓေနေရမှု(ဇာတိ) မရှိသည့်အတွက် ခန္ဓာစသော ဝဋ်တရားအကုန်လုံးတို့မှ လွတ်မြောက်ပြီးသူလည်း ဖြစ်၏၊ အနှောင်အဖွဲ့ အကုန်လုံးကို ပယ်ပြီးသူလည်း ဖြစ်၏၊ သို့ဖြစ်၍ ရဟန္တာပုဂ္ဂိုလ်များမှာ စိတ်ပူပန်မှု မရှိတော့ချေ။

(လင်္ကာ) ပုဂ္ဂိုလ်ထူးချွန်, အရဟန်ကား, သံသရာခရီး, သွားရောက်ပြီးတည်း၊ ကင်းပြီးသောက, ဝဋ္ဋဒုက္ခာ, လွတ်မြောက်ခွာခဲ့၊ လေးဖြာဂန္ထ, လုံးဝဖျက်ဆီး, ပယ်စွန့်ပြီးမို့, ပူမီးသူ့မှာ, မရှိပါတည်း။

## ၂-မဟာကဿပတ္ထေရဝတ္ထု

၉၁။ ဥယျုဉ္ဇန္တိ သတီမန္တော , န နိကေတေ ရမန္တိ တေ၊
ဟံသာဝ ပလ္လလံ ဟိတွာ , ဩကမောကံ ဇဟန္တိ တေ။

(အနက်) သတီမန္တော-အောက်မေ့သတိ, အမြဲရှိနေသော ပုဂ္ဂိုလ်တို့သည်၊ ဥယျုဉ္ဇန္တိ-ဝသီဘော်ငါးပါး, ထပ်ထပ်ပွား၍, ကြိုးစားအားထုတ်ကြကုန်၏၊ တေ-တရားရသာ, ကောင်းစွာသောက်မျို, ထိုပုဂ္ဂိုလ်တို့သည်၊ နိကေတေ-ကိလေသာများ, ဖြစ်ပွားနေရာ, ငါးဖြာအာရုံ, ကာမဂုဏ်၌၊ န ရမန္တိ-တရားလွဲချော်, မမွေ့လျော်ကြကုန်၊

---

ပရိဒ္ဒဝဟော= [ ပရိ √ဒဟ+ဏ ] ပရိဒဟန္-ပရိဠာဟော၊ ပူပန်ခြင်း၊ ကစ္စည်း၊ ၆၁၄။
ဝိဇ္ဇတိ= [ √ဝိဒ+ယ+တိ ] ရှိ၏၊ ဝိဒ=(ဒိ) သတ္တာယံ-ထင်ရှားရှိခြင်း၌၊ (ဝိဇ္ဇတိ။)

### ၉၁-ပဒဝိဘာဂ

ဥယျုဉ္ဇန္တိ= [ ဥ √ယုဇ+အ+အန္တိ ] ရဓာဒိ၊ လုံ့လပြုကုန်၏၊ အားထုတ်ကြကုန်၏။

နိကေတေ= [ နိ √ကိတ+အ ] နိကေတန္တိ နိဝသန္တိ ဧတ္ထာတိ-နိကေတော၊ အိမ်၊ တည်ရာ၊ နေထိုင်ရာအရပ်၊ လောကီအာရုံ ကာမဂုဏ်ဟူသောအိမ်။ ကိတ=(ဘူ) နိဝါသေ-နေခြင်း၌၊ ရောဂါပနယန ဉာဏေသု စ-ရောဂါပျောက်မှု ဆေးကုခြင်း, သိခြင်းတို့၌လည်း။ (ကေတတိ။)

ရမန္တိ= [ √ရမု+အ+အန္တိ ] မွေ့လျော်ကြကုန်၏။

ဟံသာ= [ √ဟန+သ ] ဟန္တိ အဒ္ဓါနံ-ဟံသော၊ ဟသ်ာ၊ ငန်း၊ ဝမ်းဘဲ၊ ပု ။ ဓာန်-ဋီ၊ ၆၄၆။

ပလ္လလံ= [ √ပလ္လ+အလ ] ပလ္လတိ အာဂစ္ဆတိ ဥဒကမေတသ္မာတိ-ပလ္လလံ= အပ္ပောဒကော သရော၊ ရေအိုင်ငယ်၊ န ။ မောဂ်-၇၊ ၁၈၂။ ပလ္လ=(ဘူ) ဂတိ နိန္နဋ္ဌာနေသု-သွားခြင်း, ချိုင့်ဝှမ်းရာအရပ်တို့၌၊ (ပလ္လတိ။)
အပလ္လိ အဂစ္ဆိ ဥဒကမေတသ္မာတိ-ပလ္လလံ= အပ္ပောဒကော သရော၊ ပလ္လေ နိန္နဋ္ဌာနေဝါ အလန္တိ-ပလ္လလံ၊ ညွန်အိုင်၊ ညွန်ပျောင်း၊ ဓာတွတ္ထ။

ဇဟန္တိ= [ √ဟာ+အ+အန္တိ ] စွန့်ကုန်၏၊ စွန့်ပယ်ကုန်၏၊ စွန့်ပစ်ကုန်၏၊ စွန့်လွှတ်ကုန်၏။

ဟံသာ-ဝေးလံခရီး, ဖျက်ဆီးသည့်ဟန်, လျင်မြန်သွားလာ, ငှက်ဟသာ်တို့သည်၊ ဝါ-ရေမှာကျက်စား, ငှက်အများတို့သည်၊ ပလ္လလံ-ရေများကုန်လွယ်, မိမိတို့ကျက်စားရာ ရေအိုင်ငယ်ကို၊ ဟိတွာ-တွယ်တာကင်းမဲ့, စွန့်ထားခဲ့၍၊ ဂစ္ဆန္တိ ဣဝ-စိမ်းညို့ကြည်လင်, ထက်ကောင်းကင်ဝယ်, ပျော်ရွှင်ကစား, ပျံသွားကြကုန်သကဲ့သို့၊ ဧဝံ-ဤအတူ၊ တေ-တရားသြဇာ, မြိုက်ရသာကို, ကောင်းစွာသောက်စား, ထိုပုဂ္ဂိုလ်များတို့သည်၊ ဩကမောကံ-ကိလေညစ်ကြေး, စုဝေးတည်ရာ, ငါးဖြာအာရုံ, ကာမဂုဏ်မှန်သမျှကို၊ ဇဟန္တိ-ငါ့ကျောင်း ငါ့အာရာမ်, ငါ့ဆွမ်းခံရွာ, မငဲ့ပါဘဲ ပယ်ခွာစွန့်ပစ်ကြကုန်၏။

**မြန်မာပြန်** သတိခိုင်မြဲသော ပုဂ္ဂိုလ်တို့သည် မိမိရလာသော တရားတို့ကို အလွန်ကြိုးစားအားထုတ်ကြ၏၊ သူတို့သည် ငါးပါးအာရုံ ကာမဂုဏ်တို့၌ မမွေ့လျော်ကြတော့ပေ၊ ရေမှာကျက်စား, ငှက်အများတို့သည် မိမိတို့၏ ကျက်စားရာ ရေအိုင်ငယ်ကို ငဲ့ကွက်မှုမရှိဘဲ စွန့်ခွာပျံသန်းသွားကြသကဲ့သို့ ထိုပုဂ္ဂိုလ်တို့သည်လည်း ငဲ့ကွက်တွယ်တာစရာ ဟူသမျှကို ပယ်စွန့်ကြကုန်၏။

**လင်္ကာ** သတိကဲလွန်, အရဟန်ကား, ဈာန်ဝိပဿနာ, အစဖြာသား, တရားများကို, အဝါးဝစွာ, လေ့လာကြိုးကုတ်, လွန်အားထုတ်၏၊ ကျောင်းကုဋ္ဋိဥစ္စာ, စသည်မှာကား, အာသာပယ်ရှင်း, ငဲ့ကွက်ကင်း၏၊ ဟသာ်ငှက်များ, ကျက်စားအိုင်မှာ, မတွယ်တာဘဲ, စွန့်ကာပစ်ထား, ပျံသန်းသွားသို့, ကင်းငြားပြစ်ဆာ, ရဟန္တာလည်း, တွယ်တာစရာ, အဖြာဖြာကို, အာသာကင်းရှင်း, စွန့်ပယ်လျှင်း၏။

## ၃-ဗေလဋ္ဌသီသတ္ထေရဝတ္ထု

၉၂။ ယေသံ သန္နိစယော နတ္ထိ , ယေ ပရိညာတဘောဇနာ၊
သုညတော အနိမိတ္တော စ , ဝိမောက္ခော ယေသံ ဂေါစရော၊
အာကာသေဝ သကုန္တာနံ , ဂတိ တေသံ ဒုရန္နယာ။

**အနက်** ယေသံ-ကိလေသာကုန်ခန်း, အကြင်ရဟန်းတို့၏၊ သန္နိစယော-ကံနှင့်ပစ္စည်း, သိုမှီးသိမ်းဆည်းခြင်းသည်၊ နတ္ထိ-မင်္ဂဖြင့်ထပ်ထပ်, ပယ်နှိမ်သတ်၍,ကိန်းဝပ်စွဲငြိ, မရှိနိုင်တော့ပေ၊ ယေ-သစ္စာသိမြင်, အကြင်ပုဂ္ဂိုလ်တို့သည်၊ ပရိညာတဘောဇနာ-ပရိညာ သုံးပါး, အစွမ်းအားဖြင့်, ပိုင်းခြားထပ်ထပ်, သိမြင်အပ်သော ဘောဇဉ်ရှိကုန်၏၊

---

### ၉၂-ပဒဝိဘာဂ

**သန္နိစယော**= [ သံ+နိ √စိ+အ ] သိုမှီးခြင်း, သိမ်းဆည်းခြင်း, စုဆောင်းခြင်း၊ သိုမှီးအပ်သော-စသည်။

**ပရိညာတဘောဇနာ**= [ ပရိညာတ+ဘောဇန ] ပရိညာတံ ဘောဇနံ ယေဟိတိ-ပရိညာတဘောဇနာ၊ ပိုင်းခြား၍သိအပ်သော ဘောဇဉ်ရှိသူတို့။

**ပရိညာတ**= [ ပရိ √ဉာ+တ ] ပိုင်းခြား၍သိအပ်ပြီးသော။

(ဝါ–ဉာတ တီရဏ, ပဟာနပဟု, သုံးဝပြားလာ, ပရိညာဖြင့်, ကောင်းစွာပိုင်းခြား, သိမြင်ထားသော ဘောဇဉ်ရှိကုန်၏၊) သုညတောဝိမောက္ခော–ရာဂဒေါသ, မောဟဆိတ်သုဉ်း, လုံးဝလွတ်မြောက်သော နိဗ္ဗာန်သည်လည်းကောင်း၊ အနိမိတ္တောဝိမောက္ခောစ–ရာဂဒေါသ, မောဟကြောင်းရင်း, မရှိကင်း၍, ရှင်းရှင်းလွတ်မြောက်သော နိဗ္ဗာန်သည်လည်းကောင်း၊ (အပ္ပဏိဟိတော ဝိမောက္ခောစ–ရာဂဒေါသ, မောဟပဏိဓိ, မရှိကွာကင်း, ရှင်းရှင်းလွတ်မြောက်သော နိဗ္ဗာန်သည်လည်းကောင်း၊) ယေသံ–သစ္စာလေးပါး, ပိုင်းခြားသိမြင်, အကြင်ပုဂ္ဂိုလ်တို့၏၊ ဂေါစရော–ဖလသမာပတ်, မပြတ်မွေ့ထုံ, မှီဝဲစရာ အာရုံသည်၊ ဟောတိ–အမှန်မသွေ, ဖြစ်နေပါပေ၏၊ တေသံ–သစ္စာသိမြင်, ထိုရဟန္တာအရှင်မြတ်တို့၏၊ ဂတိ–ထင်ရှားမရှိ, သွားရာဂတိကို၊ အာကာသေ–ရေးခြစ်မထင်, ထက်ကောင်းကင်၌၊ သကုန္တာနံ–ပျံတက်သွားရန်, စွမ်းသန်လှငြား, ငှက်အများတို့၏၊ ဂတိဣဝ–ထိုဤဖြတ်သန်း, သွားရာလမ်းကိုကဲ့သို့၊ ဒုရန္နယာ–ကင်းလွတ်ဂတိ, ဖြစ်ပါဘိ၍, သိရှိရန်မှာ, ခဲယဉ်းလှပါပေ၏။

---

**ဘောဇနေ**= [ √ဘုဇ+ယု ] ဘုဉ္ဇိယတိ ပရိဘုဉ္ဇိယတီတိ ဝါ–ဘောဇနံ= စတ္တာရော ပစ္စယာ၊ ထေရ–ဌ–၁၊ ၇၁။ ဘုဉ္ဇနံ–ဘောဇနံ၊ မဇ်–ဋီ–၃၊ ၇၀။ စားအပ်သော အာဟာရ၊ စားဖွယ်ဘောဇဉ်၊ သုံးဆောင်အပ်သော ပစ္စည်းလေးပါး။

**သုညတော**= [ သုည+တ ] သုညံယေဝ–သုညတော၊ ပဋိသံ–ဌ–၁၊ ၂၇၈။ အတ္တ ရာဂဒေါသ–စသည်တို့မှ ကင်းဆိတ်သော နိဗ္ဗာန်။

**သုည**= [သုန+ယ] သုနဿ–(ခွေး၏၊) ဟိတံ–သုညံ၊ နျဿ ညော။

[ √သုန+ယ ] သုန–ဂတိယံ ဝါ ယော၊ အသာရော၊ ဓာန်–ဋီ၊ ၆၉၈။ အနှစ်သာရ မရှိသော၊ ကင်းဆိတ်သော၊ နိဗ္ဗာန်။

**သုန**= [ √သုန+အ ] သုနတိ ဂစ္ဆတိ သဒ္ဒါယတီတိ ဝါ–သုနော၊ ခွေး၊ သု=(ဘူ) ဂတိယံ–သွားခြင်း၌၊ သဒ္ဒေစ–အသံပြုခြင်း၌လည်း၊ (သုနတိ။) ဓာတွတ္ထ။

**အနိမိတ္တော**= [ န+နိမိတ္တ ] ရာဂ ဒေါသ မောဟနိမိတ်, သင်္ခါရနိမိတ်မရှိသော နိဗ္ဗာန်၊ နိဗ္ဗာနဉ္စ ။ ပ ။ ရာဂါဒိနိမိတ္တာဘာဝေန သင်္ခါရနိမိတ္တာဘာဝေန စ အနိမိတ္တံ, တေဟိ ဝိမုတ္တဉ္စာတိ–အနိမိတ္တဝိမောက္ခော၊ ထေရ–ဌ–၁၊ ၂၄၃။

**နိမိတ္တ**= [ နိ √မာ+တ ] အတ္တနော ဖလံ နိမိနာတီတိ–နိမိတ္တံ၊ မာ–ပရိမာနေ နိပုဗ္ဗော၊ ဓာန်–ဋီ၊ ၉၁။ အကြောင်း။

[ နိ √မိ+တ ] နိပုဗ္ဗော မိ–ပက္ခိပနေ ဝါ နိမီယတိပက္ခိပီယတိ ဧတ္ထ ဖလံ တဒါယတ္တဝုတ္တိတာယာတိ–နိမိတ္တံ၊ တပ္ပစ္စယော၊ အကြောင်း၊ သူစိ။

**ဝိမောက္ခော**= [ ဝိ√မောက္ခ+အ ] ရာဂဒေါသမောဟေဟိ ဝိမောက္ခတိ ဝိမုစ္စတီတိ–ဝိမောက္ခော၊ ရာဂဒေါသမောဟတို့မှ လွတ်မြောက်သောနိဗ္ဗာန်။

[ ယသ္မာ ပနေသ အနိစ္စာနုပဿနာယ သင်္ခါရာနံ ဃနဝိနိဗ္ဘောဂံ ကတွာ နိစ္စနိမိတ္တ ဓုဝနိမိတ္တ သဿတနိမိတ္တာနိ ပဇဟန္တော အာဂတော တသ္မာ အနိမိတ္တော၊ ဒုက္ခာနုပဿနာယ ပန

**မြန်မာပြန်** ရဟန္တာပုဂ္ဂိုလ်တို့သည် ကံနှင့်ပစ္စည်းဥစ္စာတို့ကို သိုမှီးသိမ်းဆည်းမှု မပြုကြကုန်၊ စားစရာ သောက်စရာကိုလည်း ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သိမြင်ကြ၏၊ ရာဂဒေါသ မောဟတို့မှ လွတ်မြောက်သော နိဗ္ဗာန်ကို ဖိုလ်ဝင်စားကာ အာရုံပြုနေကြ၏၊ ကောင်းကင်၌ ငှက်တို့၏ သွားရာလမ်းကို မမြင်နိုင်, မသိနိုင်သကဲ့သို့ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ သွားရာဂတိကို မသိမမြင်နိုင်တော့ပေ။

**လင်္ကာ** ရှင်အရဟန်, ပုဂ္ဂိုလ်မှန်လျှင်, ကံနှင့်ပစ္စည်း, မသိမ်းဆည်းပါ၊ စားအစာကို, ပရိညာ သုံးပါး, အစွမ်းအားဖြင့်, ပိုင်းခြားကောင်းစွာ, သိမြင်ပါ၏၊ တဏှာသင်းပင်း, အကြောင်းကင်းပြန်, နိဗ္ဗာန်အာရုံ, ကျက်စားထုံ၏၊ လုံးစုံများစွာ, ရဟန္တာ၏, သွားရာ လမ်းကား, ငှက်အများတို့, ပျံသွားကောင်းကင်, လမ်းမထင်သို့, သိမြင်ခြင်းငှာ, ခက်လှပါ၏။

## ၄-အနုရုဒ္ဓတ္ထေရဝတ္ထု

၉၃။ ယဿာသဝါ ပရိက္ခီဏာ , အာဟာရေ စ အနိဿိတော၊
သုညတော အနိမိတ္တော စ , ဝိမောက္ခော ယဿ ဂေါစရော၊
အာကာသေဝ သကုန္တာနံ , ပဒံ တဿ ဒုရန္နယံ။

---

သုခသည် ပဟာယ ပဏိဓိ' ပတ္တန် သုက္ခာပေတွာ အာဂတတ္တာ အပ္ပဏိဟိတော၊ အနတ္တာနုပဿနာယ အတ္တ သတ္တ ပုဂ္ဂလသည် ပဟာယ သခ်ါရာနံ သုညတော ဒိဋ္ဌတ္တာ သုညတောတိ ဣဒံ ပစ္စနီကတော နာမံနာမ၊ သာရတ္ထ-၂၊ ၂၈၇။ ]

**အာကာသေ**= [ န √ကသ+ဏ ] နကဿတီတိ-(မရေးခြစ်အပ်သောကြောင့်၊)အာကာသော= နဘံ၊ ကောင်းကင်၊ နီတိ-ဓာ၊ ၁၇၃။

[ အာ √ကာသု+အ ] ဘုသံ ကာသန္တေ ဒိပ္ပန္တေ ပဒတ္ထာ ဧတေနာတိ-အာကာသော၊ ပု+န ။ ကောင်းကင်၊ ဓာန်-ဋီ၊ ၄၅။ ကာသု=(ဘူ) ဒိတ္တိယံ-ထွန်းတောက် ထင်ရှားခြင်း၌၊ (ကာသတိ။)

**သကုန္တာနံ**= [ √သက+ဥန္တ ] သက္ကောတီတိ-သကုန္တော= ပက္ခီ၊ ငှက်၊ မောဂ်-၇၊ ၇၄။ သက္ကောတိ ဥဒ္ဓံ ဂန္တုန္တိ-သကုဏော, သကုန္တော, သကုဏီ စ၊ သက-သတ္တိယံ ဥဏော ဥန္တော, ဥဏီ စ၊ ဓာန်-ဋီ၊ ၆၂၄။ သက=(ဘူ+ဒိ+တ+သွာ) သတ္တိယံ-စွမ်းနိုင်ခြင်း၌၊ (သကတိ၊ သကျတိ၊ သက္ကတိ၊ သက္ကောတိ၊ သက္ကုဏာတိ။)

**ဒုရန္နယာ**= [ ဒု+အန္နယ ] အန္နယကို အနအယ-ဟု သမ္ဗာရဏပြု၊ အ-ကြောင့် ဥ-ကိုချေ၊ ကပ်၊ (ဒုအနယ) ရ-လာ၊ န-ကို ဒွေဘော်ဆင့်၊ (ဒုရန္နယ) ဆင်းရဲသဖြင့် အစဉ်လိုက်၍ သိရန်ခက်သော၊ အတုလိုက်၍ သိနိုင်ခဲသော။

**အန္နယ**= [ အနု √ဣ+အ ] အန္ဝေတိ အနုဂစ္ဆတိ အနုဇာနာတီတိ-အန္နယံ၊ အစဉ်လိုက်၍ သိအပ်သောဉာဏ်၊ လျော်စွာသိတတ်သောဉာဏ်၊ အနုလောမဉာဏ်။

### ၉၃-ပဒဝိဘာဂ

**ပရိက္ခီဏာ**= [ ပရိ √ခီ+တ ] ကုန်ခန်းပြီ၊ ခီဏာ-ကို ပြန်ရှုပါ။

**အာဟာရေ**= [ အာ √ဟရ+ဏ ] ဟရ-ဟရဏေ၊ အာဟရတိ ဗလာယူနီတိ-အာဟာရော၊

**အနက်** ယဿ-ဘဝကင်းပြတ်, အကြင်ရဟန္တာအရှင်မြတ်၏၊ အာသဝါ-ကာမာသဝ, စရှိလေးပါး, အာသဝေါတရားတို့သည်၊ ပရိက္ခီဏာ-အရဟတ္တမဂ်, နင်းချေဖျက်၍, ပြိုပျက်လုံးလုံး, ကုန်ဆုံးကြလေပြီ၊ ယော-အာသဝကင်းပြတ်, အကြင်ရဟန္တာအရှင်မြတ်သည်၊ အာဟာရေစ-ခွန်အားအသက်, ဆောင်ရွက်တတ်လှ, ဆွမ်းစသော အာဟာရ၌လည်း၊ အနိဿိတော-တပ်မက်ယူမှား, မှီခြင်းအားဖြင့်, အားထားမှီခိုခြင်း မရှိပေ၊ သုညတောဝိမောက္ခောစ-ရာဂဒေါသ, မောဟဆိတ်သုဉ်း, လုံးဝလွတ်မြောက်သော နိဗ္ဗာန်သည်လည်းကောင်း၊ အနိမိတ္တောဝိမောက္ခောစ-ရာဂဒေါသ, မောဟကြောင်းရင်း, မရှိကင်းကွာ, ရှင်းရှင်းလွတ်မြောက်လာသော နိဗ္ဗာန်သည်လည်းကောင်း၊ (အပ္ပဏိဟိတော ဝိမောက္ခောစ-ရာဂဒေါသ, မောဟပဏိဓိ, မရှိကွာကင်း, ရှင်းရှင်းလွတ်မြောက်သော နိဗ္ဗာန်သည်လည်းကောင်း၊) ယဿ-ဘဝကင်းပြတ်, အကြင်ရဟန္တာအရှင်မြတ်၏၊ ဂေါစရော-ဖလသမာပတ်, မပြတ်မွေ့ထုံ, ကျက်စားရာအာရုံသည်၊ ဟောတိ-အမှန်မသွေ, ဖြစ်နေပါပေ၏၊ တဿ-ဘဝကင်းပြတ်, ထိုရဟန္တာအရှင်မြတ်၏၊ ပဒံ-ထိုထိုဘဝ, ရောက်ရအကြောင်း, ခြေလမ်းကြောင်းကို၊ အာကာသေ-ရေးခြစ်မထင်, မိုးကောင်းကင်၌၊ သကုန္တာနံ-ထက်ကောင်းကင်လမ်း, ပျံသန်းစွမ်းကြား, ငှက်အများတို့၏၊ ပဒံဣဝ-နင်းထိသွားလာ, ခြေရာကိုကဲ့သို့၊ ဒုရန္နယံ-ကင်းလွတ်ဂတိ, ဖြစ်လေဘိ၍, သိရှိရန်မှာ, ခက်လှပါပေ၏။

**မြန်မာပြန်** ရဟန္တာပုဂ္ဂိုလ်ဟူသည် အာသဝေါကုန်ပြီးသော ပုဂ္ဂိုလ်မျိုးဖြစ်၏၊ အစာအာဟာရကိုလည်း တပ်မက်လွဲမှား မှီဝဲစားသောက်ခြင်း မရှိတော့ချေ၊ ရာဂဒေါသ မောဟတို့မှ လွတ်မြောက်သော နိဗ္ဗာန်ကို ဖိုလ်ဝင်းစားကာ အာရုံပြုနေကြ၏၊ ကောင်းကင်၌ ငှက်တို့၏ ခြေရာကို မသိမမြင်နိုင်သကဲ့သို့ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ ဘဝရောက်ကြောင်း ခြေလမ်းကြောင်းကို  မတွေ့မမြင်နိုင်တော့ချေ။

**လင်္ကာ** အရဟန္တာ, ပုဂ္ဂိုလ်မှာကား, လေးဖြာအာသဝ, ကုန်ခန်းရ၏၊   အာဟာရဝယ်, မမှီကြပါ၊ တပ်မက်ကွာ၏၊ တဏှာသင်းပင်း, အကြောင်းကင်းပြန်, နိဗ္ဗာန်အာရုံ, ကျက်စားထုံ၏၊ လုံးစုံများစွာ, ရဟန္တာ၏, ခြေရာအသွင်, သွားလမ်းစဉ်ကား, ငှက်အများတို့, ပျံသွားကောင်းကင်, လမ်း မထင်သို့, သိမြင်ခြင်းငှာ, မလွယ်ပါတည်း။

---

ဏော၊ စားဖွယ်၊ အစာ၊ ဓာန်-ဋီ၊ ၄၆၅။ ဩဇဋ္ဌမကရူပံ အာဟရတီတိ ဝါ-အာဟာရော၊ သူစိ။ အာဟရီယတီတိ-အာဟာရော၊ အဇ္ဈောဟရိတဗ္ဗံ ယံ ကိဉ္စိ၊ ကခ်ါဋီ-သစ်၊ ၃၉၄။

**အနိဿိတော=** [ န+နိဿိတ ] မှီခိုခြင်းမရှိသော၊ မကပ်ငြိမစွဲလမ်းသော၊ မတွယ်တာသော။

**နိဿိတ=** [ နိ √သိ+တ ] သိ-သေဝါယံ၊ နိဿီယတေတိ-နိဿိတော၊ မှီဝဲအပ်သော၊ ဤ၌ ဘာဝလောပကြဲ၍ နိဿိတအရ မှီဝဲခြင်းကိုယူပါ၊ သို့မဟုတ် နိဿီယတေ-နိဿိတော-ဟု ဘာဝသာဓန ကြံပါ။

## ၅-မဟာကစ္စာယနတ္ထေရဝတ္ထု

၉၄။ ယဿိန္ဒြိယာနိ သမထင်္ဂတာနိ , အဿာ ယထာ သာရထိနာ သုဒန္တာ၊
ပဟီနမာနဿ အနာသဝဿ , ဒေဝါပိ တဿ ပိဟယန္တိ တာဒိနော။

(အနက်) သာရထိနာ-ကျွမ်းကျင်လှစွာ, မြင်းလည်းမောင်းသမားသည်၊ သုဒန္တာ-သေချာကျနစ, သင်ကြားဆုံးမအပ်ကုန်သော၊ အဿာယထာ-သွားလာငြိမ်သက်, ရှန်းထွက်မသွား, မြင်းအများတို့ကဲ့သို့၊ ယဿ-ကိလေသာကုန်စင်, အကြင်ရဟန္တာပုဂ္ဂိုလ်၏၊ ဣန္ဒြိယာနိ-မျက်စိနားနှာ, လျှာကိုယ်စိတ်များ, ခြောက်ပါးသော ဣန္ဒြေတို့သည်၊ သမထံ-ချစ်မုန်းမဖက်, တည်ကြည်ငြိမ်သက်ခြင်းသို့၊ ဂတာနိ-ဖောက်ပြန်ကင်းပ, ရောက်ရှိကြကုန်ပြီ၊ ပဟီနမာနဿ-ဟီန ပဏီတ, စသည်ကွဲပြား, ကိုးပါးသောမာနကို ပယ်ပြီးသော၊ အနာသဝဿ-မဂ်ဖြင့်ပယ်ခွင်း, အာသဝေါကင်းပြီးသော၊ တာဒိနော-ကောင်းဆိုးတွေ့ကြုံ, မတုန်မလှုပ်သော၊ ( ဝါ-ကောင်းဆိုးကွဲပြန်, လောကဓံကြောင့်, ဖောက်ပြန်ကင်းဘိ, တည်ကြည်သော သဘောရှိသော၊) တဿ-ဆိုးယုတ်ကိလေသာ, ပယ်ခွာဖျက်ဖြို, ထိုရဟန္တာပုဂ္ဂိုလ်အား၊ ဒေဝါပိ-ထက်နတ်ဗြဟ္မာ, လူများစွာတို့သည်လည်း၊ ပိဟယန္တိ-ဖူးမြင်ရခြင်း, ကြွလာခြင်းကို, ထန်ပြင်းအားသာ, လိုလားတောင့်တကြသည်သာတည်း။

---

### ၉၄-ပဒဝိဘာဂ

သမထံ= [ √သမ+ထ ] ကစ္စည်း၊ ၆၂၈။ သမ-ဥပသမေ ကွစိဂ္ဂဟဏာဓိကာရာ န ဓာတွန္တလောပေါ၊ ကိလေသေ သမေတီတိ-သမထော= သမာဓိ၊ ရူ၊ ၆၅၃။ နိတိ-သုတ္တ၊ ၁၂၃၆-၌လည်း သမဓာတ်ဖြင့်ပင် ပြထားသည်၊ သို့သော် ဥပသမအနက်ဟော သမဓာတ်ကို နိတိ-ဓာ-၌ မတွေ့ရ၊ သမုဓာတ်ကိုသာ တွေ့ရသည်၊ မောဂ္ဂလာန ဓာတုပါဌ-၌ကား သမ=(ဒိ) ဥပသမေ ခေဒေသု-ငြိမ်းအေးစေခြင်း, ပင်ပန်းခြင်းတို့၌ ဟုတွေ့ရသည်။

ထို့ကြောင့် ကစ္စည်းဝုတ္တိ၌ သမု ဒမု-စသည်ဖြင့် ရှိနေသည်ကို သမ ဒမ-ဟု ပြင်မှ သင့်မည်ထင်ပါသည်။

[ √သမ+အထ ] သမ-ဥပသမေ၊ သမေတီတိ-သမထော= သမာဓိ၊ မောဂ်-၈၅။ ဆန့်ကျင်ဘက်နီဝရဏတို့ကို ငြိမ်းစေတတ်သော သမာဓိ၊ ဧကဂ္ဂတာ၊ သမနံ-သမထော၊ ငြိမ်းအေးခြင်း၊ လိမ္မာခြင်း၊ ယဉ်ကျေးခြင်း။

သာရထိနာ= [ √သရ+ဏ+ရထိ ] =သာရိ+ရထိ။ ရ-အနုဗန္ဓနှင့်တကွ ရှေ့ရ-၏ ဣ-ကို ချေ၊ ရ-ကို နောက်အ-သို့ကပ်၊ သာရထိ၊ သာရေတီတိ-သာရထိ= ရထဝါဟော၊ ယာဉ်မောင်း သမား၊ မောဂ်-၇၊ ၉၂။

(ဤ၌ ဏိ-ကား ကာရိတ်ပစ္စည်းတည်း၊ ကစ္စည်း၌ ဏေ ဏယ ဏာပေ ဏာပယ-ဟု ကာရိတ်လေးပစ္စည်း ပြထားသော်လည်း မောဂ္ဂလ္လာန်၌ကား ဏိ ဏာပိ-ဟု ကာရိတ် နှစ်ပစ္စည်းသာ ပြထားသည်၊ ထိုတွင် ဏိပစ္စည်းမှ ဣ-ကို ဧ-ပြုက ဏေ, ဧ-ကို အယပြုက ဏယဖြစ်လာသည်၊ ဏာပိပစ္စည်းမှ ဣ-ကို ဧ-ပြုက ဏာပေ၊ ဧ-ကို

(မြန်မာပြန်) မြင်းဆရာက ကောင်းစွာလေ့ကျင့်သင်ကြားထားသော မြင်းများကဲ့သို့ ရဟန္တာပုဂ္ဂိုလ်သည် မိမိ၏ စက္ခုစသော ဣန္ဒြေတို့ ငြိမ်သက်တည်ကြည်အောင် ကောင်းစွာ စောင့်ရှောက်၏၊ မာနတရားကိုလည်း ပယ်ပြီးဖြစ်၏၊ အာသဝေါတရားများကိုလည်း ပယ်ခွာထား၏၊ အကောင်းအဆိုး, လောကဓံတရားမျိုးကြောင့် တုန်လှုပ်မှုလည်း မရှိပေ၊ ထိုရဟန္တာပုဂ္ဂိုလ်ကို လူသာမက နတ်ဗြဟ္မာများကပါ ချစ်မြတ်နိုးကြ၏။

(လင်္ကာ) ရထားမောင်းက ထိန်းကျောင်းဆုံးမ, ယဉ်ကျေးလှပါ, မြင်းလိမ္မာသို့, ခြောက်ဖြာဣန္ဒြေ, ငြိမ်သက်စေသား, ပယ်ထားမာန, အာသဝများ, ကင်းသွားမကျန်, လောကဓံကြို့, မတုန်လှုပ်ပါ, ရဟန္တာကို, လူသာမက, နတ်များကပါ, လွန်စွာရိုကျိုး, ချစ်မြတ်နိုး၏။

## ၆–သာရိပုတ္တတ္ထေရဝတ္ထု

၉၅။ ပထဝိသမော နော ဝိရုဇ္ဈတိ , ဣန္ဒခိလုပမော တာဒိ သုဗ္ဗတော၊
ရဟာဒေါဝ အပေတကဒ္ဒမော , သံသာရာ န ဘဝန္တိ တာဒိနော။

---

အယ–ပြုက ဏာပယဖြစ်လာသည်၊ ထို့ကြောင့် ကစ္စည်းလေးပစ္စည်းနှင့် မောဂ္ဂလ္လာန် နှစ်ပစ္စည်းမှာ ထပ်တူထပ်မျှပင် ဖြစ်ပါတော့သည်။)

[ √သာရ+ထိ ] ဓာတွန်မကျေ၊ သာရေတိ အသေ ဒုဗ္ဗလေ ကရောတီတိ–သာရထိ= ရထဝါဟော၊ ဓာတွတ္ထ။

[သရထ+ဏ] သရထံ သာရေတီတိ–သာရထိ၊ ဓာန်–ဋီ၊ ၃၇၆။ မြင်းကို သွားစေတတ်သော မြင်းလှည်းမောင်းသမား။

**သရထ=** [သဟ+ရထ] သဟ ရထေန ယော ဝတ္တတီတိ–သရထော= အသော၊ မြင်း။

**သုဒန္တ=** [သု+ဒန္တ ] သုဋ္ဌု ဒန္တော–သုဒန္တော၊ ကောင်းစွာဆုံးမအပ်ပြီး (သင်ပြအပ်ပြီး)သော၊ ကောင်းစွာယဉ်ကျေးစေပြီးသော။

**ပဟီနမာနဿ=** [ပဟီန+မာန ] ပဟီနော မာနော ယေနာတိ–ပဟီနမာနော၊ ပယ်အပ်ပြီးသော မာနရှိသော၊ မာနကိုပယ်စွန့်ပြီးသော၊

**အနာသဝဿ=** [န+အာသဝ ] နတ္ထိ အာသဝါ ယဿာတိ–အနာသဝေါ၊ အာသဝတရားမရှိသူ။

**ပိဟယန္တိ=** [ √ ပိဟ+ဏယ+အန္တိ ] ချစ်မြတ်နိုးကုန်၏၊ ပိဟ=(စု) ဣစ္ဆာယံ–လိုချင်ခြင်း၌၊ (ပိဟေတိ၊ ပိဟယတိ။)

**တာဒိနော=** [တ √ဒိသ+ကွိ] တ–၏ အ–ကို အာ–ဒီဃပြု၊ ဓာတွန်သ–ကို ဤ–ပြု၊ ဒ–ကိုခွင်း ချေ ကပ်၊ ရူ၊ ၅၈၈။ တမိဝ ဒိဿတီတိ–တာဒီ=ဣဋ္ဌမိဝ အနိဋ္ဌမ္ပိ ပဿတီတိ အတ္ထော၊ သီ–ဋီ–သစ်–၁၊ ၂၂၇။ ထိုဣဋ္ဌကိုကဲ့သို့ အနိဋ္ဌကိုရှုတတ်, ထိုအနိဋ္ဌကိုကဲ့သို့ ဣဋ္ဌကိုရှုတတ်သော၊ လောကဓံကြို့ မဟုန်လှုပ်သော။

၉၅–ပဒဝိဘာဂ

**ပထဝိသမော=** [ ပထဝီ+သမ ] ပထဝိယာ သမော–ပထဝိသမော၊ မြေကြီးနှင့်တူသော–သူ။

(အနက်) ယော–ရာဂဒေါသ, မောဟကင်းစင်, အကြင်ပုဂ္ဂိုလ်သည်၊ ပထဝိသမော–ချစ်ခင်မျက်ပွား, ကင်းသောအားဖြင့်, စိတ်ထားစင်ဖြူ, မြေကြီးနှင့်တူသည်လည်းကောင်း၊ ဣန္ဒခီလူပမော–မြို့တံခါးနား, စိုက်ထူထားသည့်, တံခါးတိုင်နှင့်တူသည်လည်းကောင်း၊ ဟုတ္တာ–ဖြစ်၍၊ နော ဝိရုဇ္ဈတိ–ပူဇော်ရှုတ်ချ, ပြုလုပ်ကြလည်း, တက်ကြွချစ်ခင်, မာန်မျက်ဝင်ကာ, မလိုက်လျော မဆန့်ကျင်ပါပေ၊ တာဒီ–ကောင်းဆိုးဒွယ်, လောကဓံကြောင့်, ဖောက်ပြန်ကင်းဘိ, တည်ကြည်သောသဘောရှိ၏၊ သုဗ္ဗတော–သီလသမာဓိပညာ, သိက္ခာပြည့်တင့်, ကောင်းသောအကျင့်ရှိ၏၊ အပေတကဒ္ဒမော–ရွံ့ညွန်ကွာကင်း, သန့်ရှင်းသောရေရှိသော၊ ရဟာဒေါဣဝ–ရေအိုင်ကဲ့သို့၊ (ဝိပ္ပသန္နောဝ–ရာဂညွန်များ, ကင်းစင်သွား၍, စိတ်ထားသန့်စင်, အလွန်ကြည်လင်သည်သာလျှင်၊) တာဒိနော–ထိုသို့ရှုအပ်, ပုဂ္ဂိုလ်မြတ်အား၊ သံသာရာ–ကောင်းဆိုးနှစ်ဖြာ, ကျင်လည်ရာဘဝတို့သည်၊ န ဘဝန္တိ–နှစ်တန်ဝဋ်မြစ်, ပြတ်ပြီးဖြစ်၍, စင်စစ်မုချ, မရှိကြတော့ပေ။

(မြန်မာပြန်) ရဟန္တာပုဂ္ဂိုလ်မြတ်သည် မြေကြီးကဲ့သို့လည်းကောင်း, တံခါးတိုင်ကဲ့သို့လည်းကောင်း (ပူဇော်မှုကိုပြုသူ, ဆန့်ကျင်မှုကိုပြုသူတို့အပေါ်၌) လိုက်လျောမှု, ဆန့်ကျင်မှုကို မပြုတတ်ပေ၊ တည်ကြည်သောသဘောရှိ၏၊ ကိုယ်ကျင့်ကောင်း၏၊ ရွံ့ညွန်ကင်းသဖြင့် ကြည်လင်သောရေအိုင်ကဲ့သို့ ရာဂကင်းသဖြင့် အလွန်ကြည်လင်သောစိတ်ရှိ၏၊ ထိုသို့သဘောရှိသော ရဟန္တာ ပုဂ္ဂိုလ်သည် သုဂတိဘဝ, ဒုဂ္ဂတိဘဝတို့၌ မဖြစ်ရတော့ပေ။

---

**သမ=** [ √သမ+အ ] သမတီတိ–သမော၊ တူသော၊ သမ=(ဘူ) ဝေလမ္ဗေ–တူညီခြင်း၌၊ (သမတိ။) နီတိ–ဓာ–နိဿယ–၁၊ ၃၂၀–၌ကား ဝေလမ္ဗေ–တွဲရွဲဆွဲခြင်း၌၊ သမတိ–တွဲရွဲဆွဲ၏–ဟု အနက်ပေးထားသည်။

**ဝိရုဇ္ဈတိ=** [ ဝိ √ရုဓ+ယ+တိ ] ဆန့်ကျင်၏၊ ဖီလာဖြစ်၏၊ ရုဓ=(ဒိ) အာဝရဏေ–ပိတ်ပင်ခြင်း၌၊ (ရုဇ္ဈတိ။) နီတိ–ဓာ၊ ၂၃၂–၌ ရုဓိ–အာဝရဏေ–ဟု ရှိသေးသည်။

**ဣန္ဒခီလူပမော=** [ဣန္ဒခီလ+ဥပမာ] ဣန္ဒခီလော ဥပမာ ယဿာတိ–ဣန္ဒခီလူပမော၊ တံခါးတိုင် ဥပမာရှိသော၊ တံခါးတိုင်နှင့်တူသော။

**ဣန္ဒခီလ=** [ဣန္ဒ √ခိပ+အ ] ဣန္ဒောဇဝ ပါဒံ ခိပတိ ဧတ္ထာတိ–(စိုးရပိုင်ဆိုင်သူ၏သာ ခြေကို ပစ်လွှင့်ကျော်လွှားရာ ဖြစ်သောကြောင့်၊)ဣန္ဒခီလော၊ ပဿ လော၊ ဓာန်–ဋီ၊ ၂၂၀။ တံခါးခုံ၊ ခိပ=(ဘူ+စု) ပေရဏေ–ပစ်လွှင့်ခြင်း၌၊ (ခေပတိ၊ ခေပေတိ၊ ခေပယတိ။)

[ဣန္ဒ+ခီလ] ဣန္ဒဿ သက္ကဿ ခီလော ကဏ္ဍကောတိ–ဣန္ဒခီလော၊ တံခါးတိုင်၊ ဓာန်–ဋီ၊ ၂၀၄။ ဣန္ဒေ ဌပိတော ခီလော ကဏ္ဍကောတိ–ဣန္ဒခီလော၊ တံခါးခုံ၊ ဝေဂဂတိ ယာတနတော ဟိ သော ခီလောဝိယ ဟောတိ၊ ဓာန်–ဋီ၊ ၂၂၀။

**ဣန္ဒ=** [ √ဣဒိ+ဒ ] ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ–ဣန္ဒော၊ သိကြားမင်း၊ အစိုးရသူ၊ အကြီးအမှူး၊ အရှင်သခင်၊ ကစ္စည်း၊ ၆၆၁။ ဓာတွန္တဿ နကာရာဒေသံ ကတွာ၊ နျာသ။

(လက်ာ) ရဟန္တာကား, မြေကြီးလားနှင့်, တံခါးတိုင်သွင်, ဆန့်ကျင်လိုက်လျော,ကင်းသဘောဖြင့်, လောကဓံကြုံ, မတုန်လှုပ်ပါ၊ ကျင့်မှာကောင်းမွန်, ရွံ့ညွှန်ကင်းစင်, ရေအိုင်သွင်သို့, ကြည်လင်စိတ်ဓာတ်, မြဲကိန်းဝပ်၍၊ ဖြစ်လတ်သို့သာ, ရဟန္တာအား, သံသရာတစ်ခွင်, ကျင်လည်ရခြင်း, လုံးဝကင်း၏။

## ၇-ကောသမ္ဗိဝါသီတိဿတ္ထေရဝတ္ထု

၉၆။ သန္တံ တဿ မနံ ဟောတိ , သန္တာဝါစာ စ ကမ္မ စ၊
သမ္မဒညာ ဝိမုတ္တဿ , ဥပသန္တဿ တာဒိနော။

(အနက်) သမ္မာ-သင့်လျော်ထင်ရှား, အကြောင်းအားဖြင့်၊ အညာ-သစ္စာလေးပါး, သိမြင်ထား၍၊ ဝိမုတ္တဿ-တဒင် ဝိက္ခမ္ဘန, သမုစ္ဆေဒ ပဋိပဿ်, တစ်ရပ်နိဿရဏ, ငါးဝသော ဝိမုတ္တိတို့ဖြင့် လွတ်မြောက်ပြီးသော၊ ဥပသန္တဿ-ကိုယ်တွင်းရာဂ, စသည်ပူမီး, ငြိမ်းအေးပြီးသော၊ တာဒိနော-ထိုသို့လောက်လုံ, ဂုဏ်ပြည့်စုံသော၊ ( ဝါ-ပြခဲ့သမျှ, ဂုဏ်ပြည့်ဝ၍, တစ်စမချို့, ထိုသို့ရှုအပ်သောသဘောရှိသော၊) တဿ-အာသဝေါကင်းကွာ, ထိုရဟန္တာ၏၊ မနံ-ဆိုးကောင်းယုတ်မြတ်, သိမြင်တတ်သောစိတ်သည်၊ သန္တံ-အဘိဇ္ဈာစသား, အပြစ်များတို့, ကင်းသွားသည့်တွက်, အေးဆေးငြိမ်သက်သည်၊ ဟောတိ-ဖြစ်၏၊ ဝါစာစ-နှုတ်ဟမြွက်ကြား, ပြောစကားသည်လည်း၊ သန္တာ-ဝစီကံလေးပါး, အပြစ်များတို့, ကင်းသွားသည့်တွက်, အေးဆေးငြိမ်သက်သည်သာလျှင်၊ ဟောတိ-ဖြစ်၏၊ ကမ္မံစ-ကိုယ်ဖြင့်လုပ်သမျှ, မှုကိစ္စသည်လည်း၊ သန္တံ-ကာယကံသုံးပါး, အပြစ်များတို့, ကင်းသွားသည့်တွက်, အေးဆေးငြိမ်သက်သည်သာလျှင်၊ ဟောတိ-စင်စစ်မသွေ, ဖြစ်ရပါပေ၏။

(မြန်မာပြန်) သစ္စာလေးပါးတရားကို အမှန်အကန် သိမြင်ထားသဖြင့် ကိလေသာတို့မှ လွတ်မြောက်ပြီးသည့်အပြင် ရာဂစသောကိလေသာအပူများလည်း ငြိမ်းအေး

---

[ဣ √ဒါ+အ] ဣံ ဂမနံ ဒဒါတီတိ-ဣန္ဒော= ဒွါရ်၊ တံခါး၊ ဓာန်-ဋီ၊ ၂၂၀။
**သုဗ္ဗတော=** [သု+ဝတ] သုန္ဒရံ ဝတံ ဧတဿာတိ-သုဗ္ဗတော၊ ကောင်းသော, စင်ကြယ်သော အကျင့်ရှိသော-သူ။
**ဝတ=** [ √ဝတု+အ] ဝတု ဝတ္တနေ၊ ဝတ္တနဥ္စာတြ စရဏံ သမာဓာနံ ဝါ၊ ပု+န ။ အကျင့်၊ ဓာန်-ဋီ၊ ၄၃၀။
**အပေတကဒ္ဒမော=** [အပေတ+ကဒ္ဒမ] အပေတော ကဒ္ဒမော ဧတသ္မာတိ-အပေတကဒ္ဒမော၊ ကင်းသောရွံ့ညွှန်ရှိသော၊ ရွံ့ညွှန်မရှိသော။
**ကဒ္ဒမ=** [ √ကဒ+အမ] ကဒ=(ဘူ) မဒ္ဒနေ-နှိပ်နင်းခြင်း၌၊ (ကဒတိ။) အမော ဒ္ဒိတ္တံ၊ ဓာန်-ဋီ၊ ၆၆၃။ ကဒျတေတိ-ကဒ္ဒမော၊ ရွံ့ညွှန်။

### ၉၆-ပဒဝိဘာဂ

**ဥပသန္တဿ=** [ဥပ √သမု+တ] ဥပသမ္မတီတိ-ဥပသန္တော၊ ငြိမ်းအေးသော၊ ကြွင်းသောပုဒ်များမှာ ပြဆိုပြီးဖြစ်သည်။

ပြီးဖြစ်၍ ဂုဏ်ပေါင်းလောက်လုံ, ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ငြိမ်သက်လှသည်သာ၊ အပြောအဆိုလည်း ငြိမ်သက်လှသည်သာ၊ ကိုယ်အမူအရာလည်း ငြိမ်သက်လှသည်သာ။

(လင်္ကာ) သစ္စာသိမြင်, ကိလေစင်၍, ပူပင်ငြိမ်းအေး, ဂုဏ်စုဝေးလာ, ရဟန္တာ၏, စိတ်မှာငြိမ်သက်, နှုတ်ထွက်စကား,ကိုယ်မှုများလည်း, ငြိမ်းသွားစင်စစ်, ဧကန်ဖြစ်၏။

## ၈-သာရိပုတ္တတ္ထေရဝတ္ထု

၉၇။ အဿဒ္ဓေါ အကတညူ စ , သန္ဓိစ္ဆေဒေါ စ ယော နရော၊
ဟတာဝကာသော ဝန္တာသော , သ ဝေ ဥတ္တမပေါရိသော။

(အနက်) ယော နရော-အကြင်လူသည်၊ အဿဒ္ဓေါ-သဒ္ဓါတရားလည်းမရှိ၊ အကတညူစ-သူပြုဖူးသောကျေးဇူးကိုလည်း မသိတတ်၊ သန္ဓိစ္ဆေဒေါစ-အိမ်နံရံအစပ်ကိုလည်း ဖောက်ဖြတ်တတ်၏၊ ဝါ-ဖောက်ထွင်းခိုးယူမှုကိုလည်း ပြုတတ်၏၊ ဟတာဝကာသော-မြို့ပြပြည်ရွာ, လူနေရာကိုလည်း ဖျက်ဆီးတတ်၏၊ ဝန္တာသော-ထွေးပြီးအန်ဖတ်, ကောက်ယူစားသောက်တတ်၏၊ သ-သော နရော-ထိုလူသည်၊ ဝေ-စင်စစ်၊ ဥတ္တမပေါရိသော-သူမတူတန်, လွန်မြတ်သော ယောကျ်ားသည်၊ ဟောတိ-မလွဲသေချာ, ဖြစ်ရပါပေ၏၊ (ဤကား အလို မရှိအပ်သော အနက်တည်း။)

ယော နရော-မဂ်ဖိုလ်ရယူ, အကြင်လူသည်၊ အဿဒ္ဓေါစ-အခြားသူများ, ပြောစကားဖြင့်, ရထားအစုံ, မိမိဂုဏ်ကို, မယုံတတ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ အကတညူစ-မပြုပြင်အပ်, နိဗ္ဗာန်ဓာတ်ကို, မချွတ်ဧကန်, အမှန်သိသူသည်လည်း၊ ဟောတိ-ဖြစ်၏၊ သန္ဓိစ္ဆေဒေါစ-သံသရာဝဋ်, ဆက်အစပ်ကို, ဖြို့ခွဲဖြတ်တောက်တတ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ ဟတာဝကာသောစ-ဖြစ်ရာဘဝ, ဘုံဌာနကို ဖျက်ဆီးတတ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ ဝန္တာသောစ-လေးဖြာမဂ္ဂ, ကိစ္စသီးသီး, ကုန်ပြီးစီး၍, ထွေးအန်ပြီးသော အလိုအာသာရှိသည်လည်း၊ ဟောတိ-ဖြစ်၏၊ သ-သော နရော-ဂုဏ်ရည်ပြောထူ, ထိုသို့သဘောရှိသောသူသည်၊ ဝေ-စင်စစ်ဧကန်, အမှန်အားဖြင့်၊ ဥတ္တမပေါရိသော-လူတွင်အထွတ်, ယောကျ်ားမြတ်သည်၊ ဟောတိ-မလွဲပုံသေ, ဖြစ်ရပါပေ၏။

---

### ၉၇-ပဒဝိဘာဂ

အဿဒ္ဓေါ= [န+သဒ္ဓါ] နတ္ထိ သဒ္ဓါ ဧတဿာတိ-အဿဒ္ဓေါ၊ (မလိုအပ်သော အနက်၊)

[န+သံ √ဓာ+အ] နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ န-ပြု၊ န-ကို ဒ-ပြု၊ ရူ-နှာ၊ ၄၀၉။ အတ္တနော ပဋိဝိဒ္ဓဂုဏံ ပရေသံ ကထာယ န သဒ္ဒဟတီတိ-အဿဒ္ဓေါ၊ ကိုယ်ရထားသော ဂုဏ်ကို သူပြောစကားဖြင့် မယုံကြည်တတ်သော။

အကတညူ= [ကတ √ဉာ+ရူ] ကတံ ဇာနာတီတိ-ကတညူ၊ ပြုဖူးသော သူ့ကျေးဇူးကို သိတတ်သူ၊ [န+ကတညူ ] န ကတညူ-အကတညူ၊ ပြုဖူးသော သူ့ကျေးဇူးကို မသိတတ်သူ၊ (ဤ၌ မလိုအပ်သောအနက်။)

**မြန်မာပြန်** မဂ်ဖိုလ်အာလုံးကို ရထားသူသည် ကိုယ်ရထားသောဂုဏ်ကို သူများပြောစကားဖြင့် မယုံကြည်ပေ၊ (ကိုယ်တွေ့ဖြင့်သာ ယုံကြည်၏၊) အကြောင်းတရားတို့ မပြုပြင်အပ်သော နိဗ္ဗာန်ကိုလည်း သိမြင်တတ်၏၊ သံသရာဝဋ်, ဆက်အစပ်ကိုလည်း ဖြတ်တောက်ဖျက်ဆီးတတ်၏၊ ဖြစ်ရာဘဝ, ဘုံဌာနကိုလည်း ပယ်ဖျက် ပြီးဖြစ်၏၊ အလိုအာသာ တဏှာကိုလည်း ထွေးအန်ပယ်စွန့်ထား၏၊ ထိုသူမျိုးသည် လူတွင်အထွတ်, ယောကျ်ားမြတ်အစစ်, ဖြစ်ပါပေသည်။

**လင်္ကာ** အရိယဇာတ်, ပုဂ္ဂိုလ်မြတ်ကား, ရအပ်သရွေ့, ဂုဏ်အစေ့ကို, ကိုယ်တွေ့ဖြင့်သာ, ယုံကြည်ပါ၏၊ နိဗ္ဗာနဓာတ်, သိမြင်တတ်၏၊ ဝဋ်သံသရာ, ဆက်စပ်ကွာအောင်, ကောင်းစွာဖြတ်လျက်, ဘဝဖျက်၏၊ တပ်မက်ကဲလွန်, တဏှာမှန်လျှင်, ထွေးအန်လျက်သာ, ပယ်စွန့်ခွာ၏၊ သို့သာဖြစ်ငြား, ထိုသူကားမူ, ယောကျ်ားမြတ်စစ်, ဧကန်ဖြစ်၏။

---

[အကတ √ဉာ+ရူ] အကတံ နိဗ္ဗာနံ ဇာနာတီတိ–အကတညူ၊ ဌ၊ တစ်စုံတစ်ခုသော အကြောင်းသည် မပြုပြင်အပ်သော နိဗ္ဗာန်ကို သိသူ။ (လို။)

**သန္ဓိစ္ဆေဒေါ=** [သံ √ဓာ+ဣ] သန္ဓီယတီတိ–သန္ဓိ၊ အစပ်၊

[သန္ဓိ √ဆိဒိ+ဏ] သန္ဓိံ ဆိန္ဒတီတိ–သန္ဓိစ္ဆေဒေါ၊ ခြစပ်, အိမ်နံရံစပ်ကို ဖောက်ထွင်းတတ်သော၊ ဖောက်ထွင်းခိုးယူတတ်သော။ (မလို။)

[သန္ဓိ √ဆိဒိ+ဏ] ဝဋ္ဋသန္ဓိံ သံသာရသန္ဓိံ ဆိန္ဒတီတိ–သန္ဓိစ္ဆေဒေါ၊ သံသရာဝဋ်အစပ်ကို ဖြိုခွဲဖျက်ဆီးတတ်သော၊ ဆိဒိ=(ဘု) ဒွေဓာကရဏေ–နှစ်ဖြာပြုခြင်း၌၊ (ဆိန္ဒတိ။)

**ဟတာဝကာသော=** [ √ဟန+တ] ဟတ–ဖျက်ဆီးအပ်သော။

[အဝ √ကာသ+ဏ] အဝကာသ–အရပ်ဒေသ။

[ဟတ+အဝကာသ] ဟတော အဝကာသော အဿာတိ–ဟတာဝကာသော၊ မြို့ပြပြည်ရွာ လူနေရာကို ဖျက်ဆီးတတ်သော၊ (မလို။) ဖြစ်ရာဘဝ ဘုံဌာနကို ဖျက်ဆီးတတ်သော၊ (လို။)

**ဝန္တာသော=** [ √ဝမု+တ] ဝန္တ–အန်ဖတ်၊ န ။

[ဝန္တ √အသ+ဏ] ဝန္တံ အသတီတိ–ဝန္တာသော၊ အန်ဖတ်ကို စားတတ်သော။ (မလို၊)

[ √ဣသု+အ+အာ] ဣ–ကို အာ–ပြု၊ အာသာ–တဏှာ၊ တပ်မက်ခြင်း၊ စွဲလမ်းခြင်း။

[ဝန္တ+အာသာ] ဝန္တာ အာသာ အနေနာတိ–ဝန္တာသော၊ ထွေးအန်ပြီးသော အလိုအာသာ တဏှာရှိသော၊ အလိုအာသာတဏှာကို ထွေးအန်ပယ်စွန့်ပြီးသော။ (လို။)

**ဥတ္တမပေါရိသော=** [ဥတ္တမ+ပေါရိသ] ဥတ္တမော စ သော ပေါရိသော စာတိ–ဥတ္တမပေါရိသော၊ မြတ်သောယောကျ်ား။

**ပေါရိသ=** [ √ပုရ+ဣသ] ပုရေတီတိ–ပုရိသော၊ ပေါရိသော စ၊ ဣသော၊ ဓာန်–ဋီ၊ ၂၂၇။ ယောကျ်ား၊ ပုရ=(ဘု) အဂ္ဂဂမနေ–ရှေ့သွားခြင်း၌၊ ဝါ–ပြဌာန်းခြင်း၌၊ (ပုရတိ။) ပူရ ပူရဏေ–လည်း သင့်ပါ၏။

## ၉-ခဒိရဝနိယရေဝတတ္ထေရဝတ္ထု

၉၈။ ဂါမေ ဝါ ယဒိ ဝါ ရညေ , နိန္နေ ဝါ ယဒိ ဝါ ထလေ၊
ယတ္ထ အရဟန္တော ဝိဟရန္တိ , တံ ဘူမိရာမဏေယျကံ။

(အနက်) ဂါမေဝါ-ဆူဆူညံညံ, အသံပြုရာ, မြို့ပြကျေးရွာ၌သော်လည်းကောင်း၊ ယဒိဝါ အရညေ-ဝိဝေကလိုလား, ပုဂ္ဂိုလ်များတို့, ကြွသွားသင့်မြတ်, တောအရပ်၌သော်လည်းကောင်း၊ ဝါ-စိမ်းစိမ်းညို့ညို့, လေတို့တိုင်းလှုပ်, တောမြိုင်အုပ်၌သော်လည်းကောင်း၊ နိန္နေဝါ-မညီမညွတ်, ဖြစ်နေလတ်၍, ညီညွတ်လာအောင်, သယ်ဆောင်ဖြည့်အပ်, ချိုင့်ဝှမ်းရာ အရပ်၌သော်လည်းကောင်း၊ ယဒိဝါ ထလေ-မြေပြင်အထက်, ပေါ်မြင့်တက်ကာ, တည်လာမချွတ်, ကုန်းအရပ်၌သော်လည်းကောင်း၊ ယတ္ထ-မှတ်မပြုအပ်, အကြင်အရပ်၌၊ အရဟန္တော-ပူဇော်ထိုက်ငြား, ရဟန္တာပုဂ္ဂိုလ်များတို့သည်၊ ဝိဟရန္တိ-သမာပတ်ဖိုလ်, အေးရိပ်ခို၍, နှစ်လိုရွှင်ပျ, နေထိုင်ကြကုန်၏၊ တံ ဌာနံ-ရဟန္တာများ, ဖိုလ်ဝင်စားရန်, လျော်ကန်သင့်မြတ်, ထိုအရပ်သည်၊ ဘူမိရာမဏေယျကံ-လွန်စွာတင့်တယ်, မွေ့လျော်ဖွယ်ကောင်းသောအရပ် ဖြစ်ပါပေ၏။

---

၉၈-ပဒဝိဘာဂ

ယဒိဝါ= ယဒိခတ္တိယပရိသံ ယဒိဗြာဟ္မဏပရိသံ-အစရှိသည်တို့၌ ယဒိ-သဒ္ဒါကဲ့သို့ ဝါ-သဒ္ဒါ၏ အနက်၌ ဖြစ်သည်၊ ဟတ္ထီ စ ကုဋရော စ နာဂေါ-ကဲ့သို့ အနက်တူသဒ္ဒါချင်း တွဲဖက်၍ ဤ၌ ယဒိဝါ-ဟု အသုံးပြုထားသည်။

အရညေ= [ √အရ+အည ] အရ-ဂမနေ၊ အရီယတေ ဂမျတေတိ-အရည်= ဝန်၊ တော၊ န ။ မောဂ်-၇၊ ၅၁။ အရတိ ဂစ္ဆတိ မိဂသမူဟော ဧတ္ထာတိ-အရည်၊ အပ-ဌ-၂၊ ၁၀၄။

[ အာ √ရနွ+ဏျ ] အာ သမန္တတော ရဇ္ဇန္တိ တတ္ထ သပ္ပုရိသာတိ-အရည်၊ အပ-ဌ-၂၊ ၁၀၄။

[ န+ရာဇ ] နတ္ထိ ရာဇာ ဧတ္ထာတိ-အရည်၊ ဓာန်-ဋီ၊ ၅၃၆။ နိဿယ။

နိန္နေ= [ နိ √မန+ဏ ] နိပုဗ္ဗော မန-အဘျာသေ-ဏော၊ မဿ နော၊ ဓာန်-ဋီ၊ ၆၆၉။ နိမ္မည တေတိ-(ထပ်ဖြည့်အပ်သောကြောင့်၊) နိန္န= ဌာန်၊ ချိုင့်ဝှမ်းရာအရပ်၊ နိမ့်ရာအရပ်၊ မန=(ဘု) အဘျာသေ-အဖန်ဖန်လေ့ကျင့်ခြင်း၌၊ ဝါ-ထပ်ဖြည့်ခြင်း၌၊ (မနတိ။)

[ နမု+ယု ] နမတိ နာမိယတီတိဝါ-နိန္န၊ ညွတ်သော၊ ညွတ်စေအပ်သော၊ ပါစိတ်-ယော၊ ၅၈၄။

အရဟန္တော= [ √အရဟ+အန္တ ] နိက္ကိလေသတ္တာ ဧကန္တဒက္ခိဏေယျဘာဝေန အတ္တနော ကတပူဇာသက္ကာရာဒိနံ မဟပ္ဖလဘာဝကရဏေန အရဟဏီယော ပူဇနီယောတိ-အရဟာ= ခီဏာသဝေါ၊ ရဟန္တာ၊ နိတိ-ဓာ၊ ၁၉၆။

အာရကာ-စသည်မှ အရဟံ-ဟု ပြီးသမျှသော ပုဒ်တို့သည် ဂစ္ဆန္တာဒိဂိုဏ်းဝင်ချည်းသာ ဖြစ်ကြပါသည်၊ ဤ၌ အကျယ်မပြတော့ပါ၊ အရဟံ-ဂုဏ်တော်ဖွင့် အဋ္ဌကထာ ဋီကာများကို ရှုပါ။

**မြန်မာပြန်** ရွာဖြစ်စေ, တောဖြစ်စေ, ချိုင့်ဝှမ်းရာဖြစ်စေ,ကုန်းအရပ်ဖြစ်စေ ဘယ်လိုအရပ် မျိုးပင်ဖြစ်နေနေ ရဟန္တာသူတော်ကောင်းတို့ နေထိုင်ရာအရပ်သည် မွေ့လျော် ဖွယ်ကောင်းသည်သာ။

**လင်္ကာ** ရွာတောချိုင့်ဝှမ်း, ကုန်းခင်တန်းဆို, ဘယ်လိုနေရာ, ဖြစ်နေပါစေ, ကိလေ ကင်းကွာ, ရဟန္တာမြတ်, နေရာရပ်ကား, ထူးမြတ်တင့်တယ်, ပျော်မွေ့ဖွယ်တည်း။

## ၁၀–အညတရက္ကုတ္တိဝတ္ထု

၉၉။ ရမဏီယာနိ အရညာနိ , ယတ္ထ န ရမတီ ဇနော၊
ဝီတရာဂါ ရမိဿန္တိ , န တေ ကာမဂဝေသိနော။

**အနက်** အရညာနိ–ကောင်းစွာပွင့်ငုံ, ပန်းပေါင်းစုံတို့, ပြည့်စုံဖြိုးစည်, ရေကြည်မချို့, တောတို့မည်သည်၊ ရမဏီယာနိ–တရားမှာပျော်, များသူတော်တို့, မွေ့လျော် ဖွယ်ရာ, ဖြစ်နေပါကုန်၏၊ယတ္ထ–လူသူပြတ်လပ်, ယင်းတောအရပ်၌၊ ဇနော–ကာမ ဂုဏ်ငါး, အာရုံများကို, လိုက်စားစုဆောင်း, လူအပေါင်းသည်၊ န ရမတိ–သဘောမတွေ့, မပျော်မွေ့နိုင်ပေ၊ ဝီတရာဂါ–တပ်ခြင်းကင်းကွာ, ရဟန္တာတို့သည်ကား၊ ရမိဿန္တိ–ပျားတို့ ခလေ့, ကြာတောတွေ့သို့, တိုးဖေ့စုဆုံ, မွေ့လျော်ကြကုန်လတ္တံ့၊ (ကသ္မာ–သို့မွေ့လျော်ဖွယ်, အကြောင်းအဘယ်နည်းဟူမူကား၊) ယသ္မာ–အကြင်ကြောင့်၊ တေ–တပ်ခြင်းကင်းကွာ, ထိုရဟန္တာတို့သည်၊ ကာမဂဝေသိနော–ငါးကာမဂုဏ်, များအာရုံကို, စုံမက်ရယူ, ရှာဖွေလေ့ ရှိသူတို့သည်၊ န ဟောန္တိ–တဏှာအယုတ်, အမြစ်ပြုတ်၍, မဟုတ်ကြတော့ပါကုန်၊ (တသ္မာ– ထို့ကြောင့်ပါတည်း။)

---

**ဘူမိရာမဏေယျကံ**= [ ဘူမိ+ရာမဏေယျ ] ဘူမိ ရာမဏေယျာ ဧတ္ထာတိ–ဘူမိရာမဏေယျကံ– ဌာနံ၊ သမာသ်အဆုံးမှာ က–လာ၊ မွေ့လျော်ဖွယ်ကောင်းသော မြေရှိရာအရပ်၊ မွေ့လျော်ဖွယ် ကောင်းသော မြေအရပ်။ နီတိ–သုတ္တ၊ ၇၈၂။

**ရာမဏေယျာ**= [ ရမဏီယ+ဏ+အာ ] ရမဏီယာ ဧဝ–ရာမဏေယျာ၊ မွေ့လျော်ဖွယ် ကောင်းသော၊ နီတိ–သုတ္တ၊ ၇၈၂။

**ရမဏီယာ**= [ √ရမု+အနီယ+အာ ] ရမိတဗ္ဗာတိ–ရမဏီယာ၊ မွေ့လျော်အပ်သော၊ မွေ့လျော်ဖွယ် ကောင်းသော၊ နီတိ–သုတ္တ၊ ၇၈၂။

### ၉၉–ပဒဝိဘာဂ

**ဝီတရာဂါ**= [ ဝီတ+ရာဂ ] ဝိဂတော ရာဂေါ ဧတေသန္တိ–ဝီတရာဂေါ= အရဟာ၊ ရာဂကင်းပြီးသော ရဟန္တာ၊ ဓာန်–ဋီ၊ ၁၀။

**ဝီတ**= [ဝိ √ဣ+တ ] ဝိရဟာဝသေန ဇတိ ပဝတ္တတီတိ–ဝီတော၊ သီ–ဋီ–သစ်–၁၊ ၁၈။ ကင်းသော။

**ကာမဂဝေသိနော**= [ ကာမ √ဂဝေသ+ဏီ ] ကာမေ ဂဝေသေတိ သီလေနာတိ–ကာမဂဝေသီ၊ ကာမဂုဏ်ကို ရှာဖွေလေ့ရှိသော။ ဂဝေသ=(ဘူ+စု) မဂ္ဂနေ–ရှာမှီးခြင်း၌၊ (ဂဝေသတိ၊ ဂဝေသေတိ၊ ဂဝေသယတိ။)

(မြန်မာပြန်) တောတို့မည်သည် မွေ့လျော်ဖွယ်ရာ ဖြစ်နေပါကုန်၏၊ (သို့ဖြစ်စေကာမူ) ကာမဂုဏ်လိုလား, လူအများတို့သည် ယင်းတောများ၌ မမွေ့လျော်ကြချေ၊ တပ်ခြင်းကင်းကွာ, ရဟန္တာပုဂ္ဂိုလ်မြတ်တို့သည် ကာမဂုဏ်ကို ရှာနေသူများ မဟုတ်ကြသည့်အတွက် ယင်းတောများ၌ မွေ့လျော်ကြပေလိမ့်မည်။

(လင်္ကာ) တောမြိုင်ဓလေ့, ပျော်မွေ့ဖွယ်သာ, ယင်းတောမှာပင်, များလူရှင်တို့, နေလျှင်ငြီးငွေ့, မပျော်မွေ့တည်း၊ အတွေ့ပယ်ခွာ, ရဟန္တာမူ, ကာမဂုဏ်များ, မလိုက်စား၍, လိုလားလွန်စွာ, မွေ့လျော်ပါ၏။

# ၈–သဟဿဝဂ္ဂ

## ၁–တမ္ဗဒါဌိက စောရဃာတကဝတ္ထု

၁၀၀။ သဟဿမပိ စေ ဝါစာ , အနတ္ထပဒသံဟိတာ၊
ဧကံ အတ္ထပဒံ သေယျော , ယံ သုတွာ ဥပသမ္မတိ။

(အနက်) အနတ္ထပဒသံဟိတာ–တောဖွဲ့တောင်ဖွဲ့, အကျိုးမဲ့သောပုဒ်တို့နှင့် စပ်ယှဉ်သော၊ ဝါစာ–ပြေပြစ်လှငြား, ပြောစကားသည်၊ သဟဿံ–ထောင်စုဖွဲ့လျက်, ရေတွက်ပိုင်းခြား, အလွန်များသည်၊ သမာနာပိ–ဖြစ်ပင်ဖြစ်ပါသော်လည်း၊ (ပါဠိကာဝေ–များသလောက်ပင်, ကျိုးမထင်၍, အလွန်ပင်ယုတ်ညံ့လှသည်သာ၊) ယံ အတ္ထပဒံ–ကာယဂတာသတိ, စရိုများပြား, အကြင်အကျိုးစီးပွားကို ပြတတ်သောပုဒ်ကို၊ သုတွာ–စိတ်ပါဝင်စား, နာကြားရလတ်သော်၊ ဥပသမ္မတိ–ရာဂစသား, မီးပွားကင်းဝေး, ငြိမ်းအေးရ၏၊ တံ–ရာဂကင်းလွတ်, ငြိမ်းစေတတ်သော ထိုပုဒ်သည်၊ ဧကံ သမာနံအပိ–အများမဟုတ်, တစ်ပုဒ်တည်းသာ, ဖြစ်နေပါသော်လည်း၊ သေယျော–အကျိုးမဟတ်, ပြီးစေတတ်၍, မြင့်မြတ်လှတော့သည်သာ။

---

### ၁၀၀–ပဒဝိဘာဂ

**သဟဿံ=** [ သတ+သတ =၁၀ ] သတ–ဆယ်ခုအပေါင်း၏ တစ်ခုကြွင်း သတ–သဒ္ဒါကို သဟဿပြု၊ ယော–ဝိဘတ်ကိုလည်း ချေ။ ရူ၊ ၄၁၅။

[ သမာန √ဟသ+ရ ] သမာနံ ဟသတီတိ–သဟဿံ၊ သမာနသ သာဒေသော၊ တစ်ထောင်၊ ကောတ္ထုဘာ။ ဟသ=(ဘူ) ဟာသသဒ္ဒေသု–ရယ်ရွှင်ခြင်း (ပျက်ရယ်ပြုခြင်း) အသံပြုခြင်းတို့၌၊ (ဟသတိ။)

**အနတ္ထပဒသံဟိတာ=** [ အနတ္ထပဒ+သံဟိတ ] အနတ္ထပဒေဟိ သံဟိတာ–အနတ္ထပဒသံဟိတာ၊ အကျိုးမရှိသောပုဒ်တို့နှင့်စပ်သော။

**အနတ္ထပဒ=** [ အနတ္ထ+ပဒ ] အနတ္ထာနိ စ တာနိ ပဒါနိ စာတိ–အနတ္ထပဒါနိ၊ အကျိုးမရှိသော ပုဒ်များ။

**အနတ္ထ=** [ န+အတ္ထ ] နတ္ထိ အတ္ထော ဧတေသန္တိ–အနတ္ထာနိ= ပဒါနိ၊ အကျိုးမရှိသော ပုဒ်တို့။

**မြန်မာပြန်** တောဖွဲ့ တောင်ဖွဲ့ အကျိုးမဲ့သောပုဒ်တို့နှင့် စပ်ယှဉ်သောစကားသည် ထောင်စု ဖွဲ့၍ ရေတွက်ရလောက်အောင် အလွန်များပါသော်လည်း များသလောက် အကျိုးမရှိသည့်အတွက် အလွန်ယုတ်ညံ့သေးသိမ်လှသည်သာ၊ ကြားနာရလျှင် ရာဂမီးတွေ ငြိမ်းအေးစေသည့် အကျိုးစီးပွားနှင့် စပ်ယှဉ်သောစကားမူကား တစ်ခွန်းမျှသာ ဖြစ်ပါ သော်လည်း အကျိုးစီးပွား များလှသည့်အတွက် မြင့်မြတ်လှသည်သာ။

**လင်္ကာ** တောဖွဲ့ တောင်ဖွဲ့, အကျိုးမဲ့သာ, နှစ်မပါသည့်, ကဗျာတစ်ထောင်, လွန်များ မြောင်ထက်, နားထောင်ရလျှင်, ပူပင်ကင်းစေ, ရလေအကျိုး, သယ်ဆောင် ပိုးသည့်, တစ်ချိုးမျှသာ, ယင်းကဗျာကား, သာလွန်ထူးထွေ, မြင့်မြတ်ပေ၏။

## ၂-ဗာဟိယဒါရုစီရိယတ္ထေရဝတ္ထု

၁၀၁။ သဟဿမပိ စေ ဂါထာ , အနတ္ထပဒသံဟိတာ၊
ဧကံ ဂါထာပဒံ သေယျော , ယံ သုတွာ ဥပသမ္မတိ။

**အနက်** အနတ္ထပဒသံဟိတာ-တောဖွဲ့တောင်ဖွဲ့, အကျိုးစီးပွားမဲ့သော ပုဒ်တို့နှင့်စပ် ယှဉ်သော၊ ဂါထာ-ဆန်းဂိုဏ်းအညီ, ဖွဲ့စီအပ်သောကဗျာသည်၊ သဟဿံ- ထောင်စုဖွဲ့လျက်, ရေတွက်ရအောင်, လွန်များမြောင်သည်၊ သမာနာအပိ-ဖြစ်ပင်ဖြစ်ပါ သော်လည်း၊ (ပါပိကာဧဝ-များသလောက်ပင်, ကျိုးမထင်၍, အလွန်ပင်ယုတ်ညံ့လှ သည်သာ၊) ယံ ဂါထာပဒံ-အကျိုးစီးပွား, များအပြားကို, ထင်ရှားဖော်ထုတ်, အကြင် ဂါထာပုဒ်ကို၊ သုတွာ-စိတ်ပါဝင်စား, နာကြားရလတ်သော်၊ ဥပသမ္မတိ-စိတ်ကလန်းရွှင်, အပူစင်၍, အလွန်ပင်ငြိမ်းအေးရပေ၏၊ တံ ဂါထာပဒံ-ပူပင်ပျက်ပြေ, ငြိမ်းစေအဟုတ်, ထိုဂါထာပုဒ်သည်၊ ဧကံသမာနံအပိ-တစ်ပုဒ်တည်းသာ, ဖြစ်နေပါသော်လည်း၊ သေယျော- အကျိုးမဟုတ်, ဖြစ်စေတတ်၍, မြင့်မြတ်လှသည်သာ။

---

**အတ္ထပဒံ=** [ အတ္ထ+ပဒ ] အတ္ထံ ပကာသကံ ပဒံ-အတ္ထပဒံ၊ အနက်ကို ပြတတ်သောပုဒ်၊ ဝါကျ- စကား၊ အတ္ထပဒန္တိ-အတ္ထာဘိဗျဉ္ဇနကံ။ ဝါကျန္တိ အတ္ထော၊ သာရတ္ထ-၁၊ ၂၉၂။
[အတ္ထ √ပဒ+အ ] အတ္ထော ပဇ္ဇတေ ဉာယတေ ဧတေနာတိ-အတ္ထပဒံ၊ အနက်ကို သိစေတတ်သောပုဒ်၊ ဝါကျ။

**ဥပသမ္မတိ=** [ ဥပ √သမု+ယ+တိ ] ငြိမ်းအေး၏။

### ၁၀၁-ပဒဝိဘာဂ

**ဂါထာ=** [ √ဂါ+ထက်+အာ ] ဂါယတီတိ-(သီဆိုအပ်သောကြောင့်၊) ဂါထာ= ပဇ္ဇဝိသေသော၊ ဂါထာအထူး၊ မောဂ်-၇၊ ၈၈။
[ √ဂေ+ထ+အာ ] ဂီယတီတိ-ဂါထာ၊ =အနုဋ္ဌုဘာဒိဝသေန ဣသီဟိ ပဝတ္တိတံ စတုပ္ပဒံ ဆပ္ပဒံ ဝါ ဝစနံ။ ထေရ-ဋ္ဌ-၁၊ ၈။ သီဆိုအပ်သော ဂါထာ၊ ကဗျာ၊ သီချင်း၊ ဂေ=(ဘူ+သွာ)သဒ္ဒေ-အသံပြုခြင်း၌၊ (ဂါယတိ၊ ဂီယောတိ၊ ဂိဏာတိ။)

(မြန်မာပြန်) အကျိုးမရှိသောပုဒ်တို့ဖြင့် ဖွဲ့စီထားသော ဂါထာသည် ထောင်ပေါင်းများစွာ ဖြစ်နေပါသော်လည်း များသလောက် အကျိုးမရှိသည့်အတွက် ယုတ်ညံ့လှသည်သာ၊ ကြားနာရလျှင် စိတ်ရွှင်ငြိမ်းအေးစေတတ်သော ဂါထာမူကား တစ်ပုဒ်တည်းပင် ဖြစ်နေပါသော်လည်း မြင့်မြတ်လှသည်သာ။

(လင်္ကာ) တောဖွဲ့ တောင်ဖွဲ့၊ မြို့ရွာဖွဲ့ဟု၊ ကျိုးမဲ့လွန်စွာ၊ နှစ်မပါသည့်၊ ဂါထာတစ်ထောင်၊ လွန်များမြောင်ထက်၊ နားထောင်ရလျှင်၊ ပူပင်ကင်းစေ၊ ရလေအကျိုး၊ ဆောင်သယ်ပိုးသည့်၊ တစ်ချိုးမျှသာ၊ ယင်းကဗျာကား၊ သာလွန်ထူးထွေ၊ မြင့်မြတ်ပေ၏။

## ၃–ကုဏ္ဍလကေသိတ္ထေရီဝတ္ထု

၁၀၂။ ယော စ ဂါထာသတံ ဘာသေ , အနတ္ထပဒသံဟိတာ၊
ဧကံ ဓမ္မပဒံ သေယျော , ယံ သုတွာ ဥပသမ္မတိ။
၁၀၃။ ယော သဟဿံ သဟဿေန , သင်္ဂါမေ မာနုသေ ဇိနေ၊
ဧကဉ္စ ဇေယျမတ္တာနံ , သ ဝေ သင်္ဂါမဇုတ္တမော။

(အနက်) ယောစ–ဆန်းဂိုဏ်းညီစွာ၊ ဂါထာဖွဲ့ဆို၊ အကြင်ပုဂ္ဂိုလ်သည်လည်း၊ အနတ္ထပဒသံဟိတာ–ကောင်းကင် တောင်ကမ်း၊ ချိုးမွမ်းတုံဘိ၊ အကျိုးမရှိသောပုဒ်တို့နှင့် စပ်ယှဉ်သော၊ ဂါထာသတံ–ရာစုဖွဲ့ပြ၊ ရေတွက်ရအောင်၊ များပြားလှသောဂါထာကို၊ ဘာသေ–သွက်လက်နှုတ်လျှာ၊ ပြောဆိုရွတ်ပြရာ၏၊ (တဿ–ရွတ်ပြပြောဆို၊ ထိုပုဂ္ဂိုလ်၏၊ တတော–ရာစုများပြား၊ ထိုဂါထာများထက်၊) ယံ ဓမ္မပဒံ–ခန္ဓာ အာယတန, –စသည်ဖော်ထုတ်၊ အကြင်တရားသဘောနှင့်စပ်ယှဉ်သောပုဒ်ကို၊ သုတွာ–စိတ်ပါဝင်စား၊ နာကြားရလတ်သော်၊ ဥပသမ္မတိ–ကိလေသာဟူ၊ အပူခပ်သိမ်း၊ အေးငြိမ်းရလေ၏၊ ဧကံ–မများလှပါ၊ တစ်ခုမျှသာဖြစ်သော၊ တံ ဓမ္မပဒံ–ပူမီးဖျက်ချေ၊ ငြိမ်းစေအဟုတ်၊ ထိုတရားသဘောနှင့်ယှဉ်သောပုဒ်သည်၊ သေယျော–အကျိုးစီးပွား၊ အလွန်များ၍၊ ယှဉ်ထားဖို့ရန်၊ မထိုက်တန်အောင်၊ အလွန်ပင်မြင့်မြတ်လှပါပေ၏။

---

[ √ဂဒ္ဒ+အ+အာ] အတ္ထေ ဂန္ထေတိ သူစေတိ ပကာသေတီတိ–ဂါထာ၊ နိရုတ္တိနယေန၊ မဏိမဉ္ဇူ–၁၊ ၁၈၃။

ဂါထာပဒံ= [ဂါထာ+ပဒ] ဂါထာယေဝ ပဒံ–ဂါထာပဒံ၊ ဂါထာပုဒ်။

၁၀၂, ၁၀၃–ပဒဝိဘာဂ

ဂါထာသတံ= [ဂါထာ+သတ] ဂါထာယ သတံ–ဂါထာသတံ၊ ဂါထာတစ်ထောင်။

သင်္ဂါမေ= [ √သင်္ဂါမ+အ] သင်္ဂါမ–ယုဒ္ဓေ၊ စုရာဒိ၊ အ၊ ဓာန်–ဋီ၊ ၃၉၉။ သင်္ဂါမ=(စု) ယုဒ္ဓေ–စစ်ထိုးခြင်း၌၊ (သင်္ဂါမေတိ၊ သင်္ဂါမယတိ။)

မာနုသေ= [ √မန+ဥသ] ကုသလာကုသလေ ဓမ္မေ မနတိ ဇာနာတီတိ–မာနုသော၊ ကာရဏာကာရဏံ မနတိ ဇာနာတီတိ ဝါ–မာနုသော၊ အတ္တာနတ္တံ မနတိ ဇာနာတီတိ ဝါ–

ယောလက်နက်ကိုင်စွဲ၊ အကြွင်စစ်သူရဲသည်၊ သဟာဿံ သဟဿေန –တစ်ထောင်တည်ထား၊ ထောင်မြှောက်ပွားက၊ ထင်ရှားပေါ်ထွန်း၊ တစ်သန်းမျှ အရေအတွက်ရှိသော၊ မာနုသေ–လက်နက်ကိုင်ကာ၊ ချိတက်လာကြား၊ လူအများတို့ကို၊ သင်္ဂါမေ–သူနိုင် ငါနိုင်၊ ယှဉ်ပြိုင်ဆင်နွှဲ၊ စစ်မြေပြင်ထဲ၌၊ ဇိနေ–ထိုးနှက်ရဲတင်း၊ တပ်လုံးနင်းကာ၊ အောင်မြင်ရာ၏၊ ယောစ–နေ့ညဉ့်မကွာ၊ နေရာထိုထို၊ ရှုမှတ်ပွားများနေသော အကြွင်ပုဂ္ဂိုလ်သည်ကား၊ ဧကံ အတ္တာနံ–တစ်ဦးတည်းဆို၊ မိမိ၏ခန္ဓာကိုယ်ကို၊ ဇေယျ–ကိုယ်တွင်ဖြစ်ပွား၊ကိလေများကို၊ ထွားထွားညက်ညက်၊ ပယ်ဖျက်ကောင်းစွာ၊ အောင်မြင်ရာ၏၊ ဝေသု–အောင်ပွဲရယူ၊ ထိုနှစ်ဦးသောသူတို့တွင်၊ သ–သော–တစ်ခုတည်းသာ၊ ကိုယ့်ခန္ဓာဝယ်၊ ပယ်ခွာကိလေ၊ အောင်မြင်နေသော ထိုပုဂ္ဂိုလ်သည်၊ သင်္ဂါမဇုတ္တမော–စစ်မြေပြင်ထဲ၊ အောင်ပွဲရယူ၊ အောင်မြင်သူတို့ထက်၊ တိုးတက်လွန်စွာ၊ မြင့်မြတ်လှပါပေ၏။

**မြန်မာပြန်** ဖွဲ့ဆိုရွတ်ပြသူ တစ်ဦးတစ်ယောက်ထံမှ ကြားနာရသည့် အကျိုးမရှိသော ပုဒ်တို့ဖြင့် ပြည့်နှက်နေသော ရာပေါင်းများစွာသော ဂါထာထက် ကိလေသာအပူမီးကို ငြိမ်းစေတတ်သည့် တရားသဘောနှင့်စပ်ယှဉ်သော ဂါထာတစ်ပုဒ်ကသာ ပိုလွန်မြင့်မြတ်လှပေသည်။

စစ်မြေပြင်၌ တစ်သန်းသောရန်သူတို့ကို တစ်ဦးတည်း တိုက်ခိုက်အောင်မြင်သူနှင့် ကိုယ်တွင်းကိလေသာတို့ကို ပယ်သတ်လျက် မိမိ၏ ကိုယ်ခန္ဓာတစ်ခုတည်းကို အောင်မြင်သူတို့တွင် မိမိကိုယ်ခန္ဓာတစ်ခုတည်းကို အောင်သူကသာ စစ်မြေပြင်မှာ အောင်ပွဲရသူတို့ထက် မြင့်မြတ်အထက်တန်းကျသူ ဖြစ်ပေသည်။

**လင်္ကာ** မိုးကောင်းကင်ဖွဲ့၊ မောင်မယ်ဖွဲ့ဟု၊ ကျိုးမဲ့လွန်စွာ၊နှစ်မပါသည့်၊ ရာပေါင်းများစွာ၊ ထိုကဗျာထက်၊ နှစ်သက်နာခံ၊ ကြားရပြန်လျှင်၊ ပူပန်ခပ်သိမ်း၊ အေးငြိမ်းစေမှု၊ အကျိုးပြုသည့်၊ တစ်ခုဂါထာ၊ မြတ်လှပါ၏။

စစ်မြေရှေ့တန်း၊ လူတစ်သန်းကို၊ အောင်ပန်းဆွတ်ရူး၊ လူတစ်ဦးနှင့်၊ တစ်ဦးတည်းသာ၊ ကိုယ့်ခန္ဓာကို၊ ပယ်ခွာကိလေ၊ အောင်မြင်နေသူ၊ နှစ်ဦးလူတွင်၊ ထိုသူကပင်၊ စစ်မြေပြင်ဝယ်၊ အောင်မြင်သူထက်၊ တိုးတက်လွန်စွာ၊ မွန်မြတ်ပါ၏။

---

မာနုသော၊ လူ၊ ဒီဃပြု၊ ကစ္စည်း၊ ၆၇၃။

[ မနု+ဥသဏ် ] မနုနော အပစ္စံ–မာနုသော၊ နီတိ–သုတ္တ၊ ၇၅၃။

**ဇိနေ=** [ √ဇိ+နာ+ဧယျ ] အောင်မြင်ရာ၏၊ အောင်နိုင်ရာ၏။

**ဇေယျ=** [ √ဇိ+ဧယျ ] အောင်မြင်ရာ၏၊ အောင်နိုင်ရာ၏။

**သင်္ဂါမဇုတ္တမော=** [ သင်္ဂါမဇိ+ဥတ္တမ ] သင်္ဂါမဇိနံ ဥတ္တမော–သင်္ဂါမဇုတ္တမော၊ စစ်မြေပြင်၌ အောင်သူတို့ထက် မြတ်သူ။

**သင်္ဂါမဇိ=** [သင်္ဂါမ √ဇိ+ကွိ ] သင်္ဂါမေ ဇိနာတီတိ–သင်္ဂါမဇိ၊ စစ်မြေပြင်၌ အောင်နိုင်သူ။

## ၄–အနတ္တပုစ္ဆကဗြာဟ္မဏဝတ္ထု

၁၀၄။ အတ္တာ ဟဝေ ဇိတံ သေယျော , ယာ စာယံ ဣတရာ ပဇာ၊
အတ္တဒန္တဿ ပေါသဿ , နိစ္စံ သညတစာရိနော။

၁၀၅။ နေဝ ဒေဝေါ န ဂန္ဓဗ္ဗော , န မာရော သဟ ဗြဟ္မုနာ၊
ဇိတံ အပဇိတံ ကယိရာ , တထာရူပဿ ဇန္တုနော။

**အနက်** ယသ္မာ–အကြင်ကြောင့်၊ အတ္တဒန္တဿ–ကိုယ့်ကို ကိုယ်ပင်, ကိလေစင်အောင်, ရှုမြင်ကျန, ဆုံးမပြီးသော၊ နိစ္စံ–နေ့ရောညပါ, အခါမပြတ်၊ သညတစာရိနော–ကိုယ်နှုတ်စိတ်ဖြင့်, စောင့်စည်းသော အကျင့်ရှိသော၊ တထာရူပဿ–နေ့ညမယွင်း, ထိုသို့ စောင့်စည်းခြင်းရှိသော၊ ဇန္တုနော–ကမ္မကိလေ, တရားတွေက, ဖြစ်စေအပ်သော၊ (ဝါ–ကံကိလေသာ, ကြောင်းများစွာကြောင့်, ဖြစ်ပွား၍လာရသော၊) ပေါသဿ–လူတွင်ထင်ရှား, ယောကျ်ားတစ်ယောက်, ဆိုစလောက်သောသူ၏၊ ဇိတံ–ကိုယ်တွင်းရန်ရှင်း, အောင်နိုင်ခြင်းကို၊ အပဇိတံ–ပုန်ကန်ဆင့်ပွား, ပြန်၍ရှုံးသွားအောင်၊ ဒေဝေါဝါ–လိုတိုင်းဖြစ်ရန်, စွမ်းသန်ပေတောင်း, နတ်အပေါင်းသည်လည်း၊ နေဝကယိရာ–သေချာစေ့ငု, မပြုနိုင်လေရာ၊ ဂန္ဓဗ္ဗော ဝါ–နံ့သာစားတတ်, ဂန္ဓဗ္ဗနတ်သည်လည်း၊ န ကယိရာ–သေချာစေ့ငု, မပြုနိုင်လေရာ၊ သဟဗြဟ္မုနာ–ထိုထိုဂုဏ်ဖြင့်, ကြီးမြင့်လွန်စွာ, ဗြဟ္မာနှင့်တကွ၊ မာရော ဝါ–သတ္တဝါများ, ကုသိုလ်ပွားရန်, စိတ်ရည်သန်က, လိုက်လံဖျက်ဆီး, မာရ်နတ်ကြီးသည်လည်း၊ န ကယိရာ–မုချပိုင်ပိုင်, မပြုနိုင်လေရာ၊ တသ္မာ–ကိုယ်အောင်ထားပြန်, ကိုယ်တွင်း ရန်ကို, ကိုယ်ပြန်ရှုံးအောင်, ထိုသို့ မည်သူကမျှ မစွမ်းဆောင်နိုင်သောကြောင့်၊ (တဿ–လူတွင်တစ်ယောက်, ခေါ်စလောက်အောင်, ထွန်းပေါက်ထင်ရှား, ထိုယောကျ်ား၏၊) ဇိတံ–ဇိတော–မိမိကိုယ်တွင်း, ကိလေကင်းအောင်, နှိမ်နင်းအောင်မြင်ပြီးသော၊ အတ္တာ–အတ္တခေါ်ဆို, မိမိကိုယ်သည်၊ ဟဝေ–စင်စစ်ဧကန်, အမှန်အားဖြင့်၊ သေယျော–အောင်သူဟူသမျှ, ယှဉ်မရအောင်, သာစွာဂုဏ်ဝါ, မြင့်မြတ်လှပါပေ၏၊ ဣတရာ–ဤမှတစ်ပါး, လောင်းကစားခြင်း, စစ်တိုက်ခြင်းစသည်ဖြင့် အောင်နိုင်သော၊ ယာစာယံပဇာ–များလှသောင်းသောင်း, အကြင်သတ္တဝါအပေါင်းသည်၊ အတ္ထိ–မလွဲမသွေ, ရှိနေပါပေ၏၊ တဿာ ပဇာယ–အောင်ပုံမကောင်း, ထိုသတ္တဝါအပေါင်း၏၊ ဇိတံ–ဇိတော–လောင်းကစားမှု, စစ်တိုက်မှုစသည်ဖြင့် အောင်နိုင်သော၊ အတ္တာ–အတ္တခေါ်ဆို, မိမိကိုယ်သည်၊ ( န သေယျော–သူကပူပန်, ကိုယ်ပူပန်ရ, ကြောင်းထောက်ဆက, မမြတ်လှပါပေ။)

---

### ၁၀၄, ၁၀၅–ပဒဝိဘာဂ

**သေယျော**= သေယျဣတိ သဒ္ဒေါ ပန ယေဘုယျေန ဩကာရန္တဘာဝေ ဌတွာ လိင်္ဂတ္တယာနုကူလော ဘဝတိ ဧကာကာရေနေဝ တိဋ္ဌနတော၊ နီတိ–ပဒ၊ ၁၃၀။

**ဣတရာ**= [ ဣဒံ+တရော] ဣတရသဒ္ဒေါ ပါဋိပဒိကော အညတ္ထဝါစကော၊ ဣဒံ သဒ္ဒါဝါတရော အညတ္ထော၊ ဒံ–လောပေါ စ၊ ဓာန်–ဋီ၊ ၇၁၇။ ဤမှတစ်ပါးသော။

(မြန်မာပြန်) ကိုယ်တွင်းကိလေသာများကို ပယ်ရှင်းအောင်မြင်သူသည် အမှန်အားဖြင့် အလွန်မြင့်မြတ် အထက်တန်းကျ၏၊ လောင်းကစားခြင်း, စစ်တိုက်ခြင်း စသည်ဖြင့် သူတစ်ပါးကို အောင်မြင်သော သတ္တဝါအပေါင်းသည် မမြင့်မြတ်လှပေ၊ အဘယ်ကြောင့်နည်းဟူမူ–

ကိုယ်နှုတ်စိတ်ကို စောင့်စည်းကာ ကျင့်နေသူတစ်ဦးတစ်ယောက်၏ ကိလေသာ အောင်မြင်မှုကို နတ်, ဂန္ဓဗ္ဗ, မာရ, ဗြဟ္မာ မည်သူတစ်ဦးတစ်ယောက်မျှ မဖျက်ဆီးနိုင်သောကြောင့်ပင် ဖြစ်ပါသည်။

---

**အတ္တဒန္တဿ**= [အတ္တ+ဒန္တ] အတ္တာ ဒန္တော ယေနာတိ–အတ္တဒန္တော၊ ဆုံးမအပ်ပြီးသောစိတ်ရှိသော၊ စိတ်ကိုဆုံးမထားသော။

အတ္တနာယေဝ အတ္တာနံ ဒန္တော–အတ္တဒန္တော၊ မိမိကိုယ်ကို ဆုံးမပြီးသော၊ ကိုယ်တိုင်ဆုံးမယဉ်ကျေးပြီးသော။

**ပေါသဿ**= [ √ပုသ+ဏ ] ကမ္မ စိတ္တ ဥတု အာဟာရေဟိ ပေါသိယတီတိ–ပေါသော၊နီတိ–ဓာ၊ ၁၇၄။ ပုသ=(ဘူ+ကီ+ဒိ+စု) ပေါသေ–မွေးမြူခြင်း၌၊ (ပေါသတိ၊ ပုသ္နာတိ၊ ပုဿတိ၊ ပေါသေတိ၊ ပေါသယတိ။)

[ √ပူရ+သ ] ရ–ကိုချေ၊ ဦ–ကို ဩ–ပြု၊ ပူရေတီတိ–ပေါသော၊ ယောကျ်ား၊ သူစိ။

**သညတစာရိနော**= [သညတစာရ+ဤ] သညတစာရော ယဿ အတ္ထီတိ–သညတစာရီ၊ကိုယ်နှုတ်တို့ဖြင့် စောင့်စည်းသော အကျင့်ရှိသော။

**သညတစာရ**= [ သညတ+စာရ ] သညတော စ သော စာရောစာတိ–သညတစာရော၊ စောင့်စည်းသော အကျင့်။

**စာရ**= [ √စရ+ဏ ] စရ–စရဏေ၊ စရိယတေ, စရဏံ ဝါ– စာရော၊ ကျင့်အပ်သောအကျင့်၊ ကျင့်ခြင်း။

**ဂန္ဓဗ္ဗော**= [ ဂန္ဓ √အဗ္ဗ+အ ] ဂန္ဓံ အဗ္ဗတိ ပရိဘုဥ္ဇတီတိ–ဂန္ဓဗ္ဗော= ဒေဝဂါယနာ ဟာဟာဟူဟူပဘုတယော၊ ဓာန်–ဋီ၊ ၁၃။ ဂန္ဓဗ္ဗနတ်၊ အဗ္ဗ=(ဘူ) ဂုမ္ဗန ဟိံသာ ဂတိ ယောဂ ဘက္ခဏေသု–အပေါင်းအစုပြုခြင်း,ညှဉ်းဆဲခြင်း, သွားခြင်း, ယှဉ်ခြင်း, စားခြင်းတို့၌၊ (အဗ္ဗတိ။)

[ ဂေါ √ဓု+ဏ ] ဂေါ၏အစိတ် ဩ–ကို အ–ပြု၊ ဓု၏အစိတ် ဥ–ကို အဝ–ပြု၊ ဂ–ပေါ်၌ နိဂ္ဂဟိတ်လာ၊ ဂေါမှိ သဂ္ဂေ ဓုနာတိ ကမ္ပတိ ဝိဏာဝါဒန ဂါယန နဋ္ဋာဒိ ဝသေနာတိ–ဂန္ဓဗ္ဗော၊ ဓ–ဋီ။

**ဗြဟ္မုနာ**= [ √ဗြဟ+မ ] မဟန္တသရီရတာယ ဗြဟ္မာ၊ ဗြဟ=(ဘူ) ဝုဒ္ဓိယံ–ကြီးပွားခြင်း၌၊ (ဗြဟတိ။)

[ ဗြူဟ+မ ] ဗြူဟ–ဝဍ္ဎနေ၊ တေဟိ တေဟိ ဂုဏဝိသေသေဟိ ဗြူဟိ တောတိ–ဗြဟ္မာ။ မဟာဗြဟ္မာ၊ ဘုရား၊ ပုဏ္ဏား၊ အမိအဖ၊ မြင့်မြတ်သောအကျင့်၊ နီတိ–ဓာ၊ ၁၉၈။ ဦ–ကို အ–ပြု။

[ √ဗဟ+မ ] ဗ–ကို ဗြ–ပြု၊ ရူ၊ ၆၅၃။ ဗဟ–ဝုဒ္ဓိယံ။

**လက်ာ** ကိုယ်တွင်းကိလေ, ရန်သူတွေကို, ငြိမ်းစေပယ်ရှင်း, သတ်ဖြတ်ခြင်းဖြင့်, ကိုယ်တွင်းရန်စု, အောင်နိုင်မှုသာ, မြတ်လှပါ၏၊ တစ်ဖြာစစ်ခင်း, ကစားခြင်းဟု, စသည်မှုဖြင့်, သူ့ကိုနိုင်ခြင်း, မကောင်းလျှင်းတည်း။

ကိုယ်တွင်းရန်လျှင်, ကိုယ်ပင်သတ်ပုတ်, နိုင်အောင်လုပ်ရန်, ကိုယ်နှုတ်နှလုံး, သုံးပါးလုံးကို, ဆုံးမပြုတ်, စောင့်ရှောက်တတ်သူ, ထိုသို့လူ၏, ရန်သူခပင်း, အောင်နိုင်ခြင်းကို, နတ်မင်းဣန္ဒ, ဂန္ဓဗ္ဗနှင့်, မာရဗြဟ္မာ, နတ်တကာပင်, ရှောက်လာပြိုင်ဆိုင်, မဖျက်နိုင်တည်း။

## ၅–သာရိပုတ္တတ္ထေရဿ မာတုလဗြာဟ္မဏဝတ္ထု

၁၀၆။ မာသေ မာသေ သဟဿေန , ယော ယဇေထ သတံ သမံ၊
ဧကဉ္စ ဘာဝိတတ္တာနံ , မုဟုတ္တမပိ ပူဇယေ၊
သာယေဝ ပူဇနာ သေယျော , ယဉ္စေ ဝဿသတံ ဟုတံ။

**အနက်** ယော–တိမ်းစောင်းအယူ, အကြင်လူသည်၊ သတံ သမံ–သက်တန်းရှည်ကြာ, အနှစ်တရာကာလပတ်လုံး၊ မာသေ မာသေ–မရပ်မဆိုင်း, လတိုင်းလတိုင်း၌၊ သဟဿေန–တစ်ထောင်ကုန်ခန်း, စွန့်လွှတ်ပေးကမ်းသဖြင့်၊ ယဇေထ–လောကီလူသား, ပုဂ္ဂိုလ်များအား, လေးစားကြည်ဖြူ, ပေးလှူပူဇော်ရာ၏၊ ယောစ–တည့်မတ်အယူ, အကြင်သူသည်ကား၊ ဘာဝိတတ္တာနံ–ဝိပဿနာဉာဏ်, ရင့်သန်အားကြီး,ပွားများပြီးသောစိတ်ရှိသော၊ ဧကံ–ပေါင်းဖော်မပါ, တစ်ဦးတည်းသာဖြစ်သော အရိယာပုဂ္ဂိုလ်ကို၊ မုဟုတ္တမပိ–မကြာကာလ, တစ်ခဏမျှလည်း၊ ပူဇယေ–တစ်ဇွန်းမျှဆွမ်း, အဝတ်ကြမ်းဖြင့်, ထုံမွမ်းသဒ္ဓါ, ပေးလှူပူဇော်ရာ၏၊ (တေသံ–ပူဇော်ပြုမှု, ထိုနှစ်ဦးသူတို့၏၊ ပူဇနာသု–အာသာထန်ပြင်း, ပူဇော် ခြင်းတို့တွင်၊) သာယေဝပူဇနာ–ကာလမကြာ, အရိယာအား, သဒ္ဓါထန်ပြင်း, ထိုသို့အနည်းငယ်မျှ ပေးလှူပူဇော်ခြင်းသည်သာလျှင်၊ သေယျော–အကျိုးအရာ, မယှဉ်သာ၍,

---

**အပဇိတံ**= [ အပ √ဇိ+တ ] မအောင်နိုင်သော၊ ရှုံးသော၊ မအောင်ခြင်း၊ ရှုံးခြင်း။

**တထာရူပဿ**= [ တထာ+ရူပ ] တထာ တာဒိသံ ရူပံ အဿာတိ–တထာရူပေါ၊ ထိုသို့သဘောရှိသော။ နိရုတ္တိ၊ ၂၄၈။ နီတိ–သုတ္တ–နှာ၊ ၂၀၉။

**ဇိန္နုံနော**= [ √ဇန+တု ] ဇန–ဇနနေ၊ ဇာယတီတိ–ဇန္တု၊ ရူ၊ ၆၈၁။ ဇနီယတေ ကမ္မကိလေသေဟီတိ ဇန္တု, ဇာယတိ ကမ္မကိလေသေဟီတိဝါ–ဇန္တု=သတ္တော၊ သတ္တဝါ၊ မောဂ်–၇၊ ၇၀။
[ √ဇရ+တု ] ဇီယတီတိ–ဇန္တု၊ မဟာနိ–၄၊ ၂၂။

၁၀၆–ပဒဝိဘာဂ

**ယဇေထ**= [ √ယဇ+အ+ဧထ ] လှူဒါန်းပူဇော်ရာ၏၊ ယဇ=(ဘူ) ဒေဝပူဇာ သင်္ဂတကရဏဒါန ဓမ္မေသု–နတ်အားပူဇော်ခြင်း, အပေါင်းအစုပြုခြင်း, ပေးခြင်း, တရားကျင့်ခြင်းတို့၌၊ (ယဇတိ။)

ဂုဏ်ဝါကြီးလတ်, အလွန်ပင်မြင့်မြတ်လှပေ၏၊ ဝဿသတံ–ကာလရှည်ကြာ, နှစ်ပေါင်း တစ်ရာ,ကာလပတ်လုံး၊ ဟုတံ–လူသာမန်အား, လေးစားကြည်ဖြူ, ပေးလှူပူဇော်ခြင်းသည်၊ ယဉ္စေသေယျော–ကျိုးပေးသည့်ခါ, သေးသိမ်ပါ၍, ဂုဏ်ဝါနိမ့်ကျ, မမြင့်မြတ်လှပေ။

**မြန်မာပြန်** နှစ်ပေါင်းတစ်ရာပတ်လုံး လတိုင်းလတိုင်း ငွေတစ်ထောင်ကို စွန့်လွှတ်သဖြင့် လောကီလူအများအား ပေးလှူပူဇော်ခြင်းနှင့် ဝိပဿနာဉာဏ်ဖြင့် စိတ်ကို ပွားများပြီးသော အရိယာပုဂ္ဂိုလ်တစ်ဦးအား ခဏခေတ္တ ဆွမ်းကလေးတစ်ဇွန်း, အဝတ်ကြမ်း ကလေးတစ်ပိုင်းမျှ ပေးလှူပူဇော်ခြင်းတို့တွင် အရိယာပုဂ္ဂိုလ်တစ်ဦးအား ခဏမျှပေးလှူ ပူဇော်ခြင်းကသာ မြင့်မြတ်လှပေသည်၊ သာမန်လူသားအား နှစ်ပေါင်းတစ်ရာပတ်လုံး ပေးလှူပူဇော်ခြင်းကား မမြင့်မြတ်လှပေ။

**လင်္ကာ** နှစ်ပေါင်းတစ်ရာ, လတိုင်းသာလျှင်, လူသာမန်အား, ငွေသားထောင်တန်, ပစ္စည်းမွန်ကို, ထက်သန်စိတ်ရင်း, ပူဇော်ခြင်းထက်, မကောင်းသတိ, ဖြစ်ပျက်သိ၍, ဝိပဿနာ, ဘာဝနာဉာဏ်, ရင့်သန်လှပါ, အရိယာကို, မကြာကာလ, ခဏအတွင်း, ပူဇော်ခြင်းသာ, မွန်မြတ်ပါ၏။

---

**သတံ**= [ ဒသ+ဒသ=ဒ၀ ] ဒသ–ဆယ်ခု၏ တစ်ခုကြွင်း ဒသ–သဒ္ဒါကို သတ–ပြု၊ ယော– ဝိဘတ်ကိုလည်း ချေ၊ ရူ၊ ၄၁၅။

[ ဒသ+တ ] ဒသ ဒသတော ပရိမာဏံ အဿာတိ–သတံ၊ ဒသသဒ္ဒါကို သ–ပြု၊ ကောတ္ထုဘ။ တစ်ရာ။

**သမံ**= [ √သမ+အ+အာ ] သမယတိ ဝိကလယတိ ဘာဝေတိ–(ချို့တဲ့စေတတ်သောကြောင့်၊) သမာ၊ နှစ်၊ ဓာန်–ဋီ၊ ၈၁။ သမ=(စု) ဝေကလျေ–ချို့တဲ့ခြင်း၌၊ (သမေတိ၊ သမယတိ။) သမီယတေ ဝိတက္ကိယတေတိ–သမာ၊ ဓာတွတ္ထ။ သမ=(စု) ဝိတက္က သဒ္ဒါ လောစနေသု–ကြံစည်ခြင်း, အသံပြုခြင်း, ကြည့်ရှုစုံစမ်းခြင်းတို့၌၊ (သာမေတိ၊ သာမယတိ။)

**ဘာဝိတတ္တာနံ**= [ဘာဝိတ+အတ္တ] ဘာဝိတော အတ္တာ ယေနာတိ–ဘာဝိတတ္တာ၊ ပွားများ အပ်ပြီးသော စိတ်နှလုံးရှိသော၊ ရာဇာဒိဂုဏ်း၊ အံ–ဝိဘတ်။

**ဘာဝိတ**= [ √ဘူ+ဏေ+တ ] အဘာဝိယိတ္ထာတိ–ဘာဝိတော၊ ရူ–နှာ၊ ၃၈၇။ ဖြစ်စေအပ်ပြီးသော၊ ပွားများအပ်ပြီးသော။

**ပူဇယေ**= [ √ ပူဇ+ဏယ+ဧယျ ] လှူဒါန်းပူဇော်ရာ၏။

**ပူဇနာ**= [ √ ပူဇ+ယု+အာ ] ပူဇီယတေ–ပူဇနာ၊ ပေးလှူပူဇော်ခြင်း။

**ယဉ္စေ**= ယဉ္စေဣတိ–ပဋိသေဓတ္ထေ၊ နီတိ–သုတ္တ–နှာ၊ ၃၉၀။

**ဟုတံ**= [ √ ဟု+တ ] ဟဝနံ–ဟုတံ၊ န ။ ပူဇော်ခြင်း၊ ဟု=(ဘူ) ဒါနာဒနဟဗျပ္ပဒါနေသု– ပေးလှူခြင်း, စားခြင်း, ယဇ်ပူဇော်ခြင်းတို့၌၊ (ဟုတိ၊ ဟဝတိ၊ ဇုဟောတိ။)

## ၆-သာရိပုတ္တတ္ထေရဿ ဘာဂိနေယျဝတ္ထု

၁၀၇။ ယော စ ဝဿသတံ ဇန္တု , အဂ္ဂိံ ပရိစရေ ဝနေ၊
ဧကဉ္စ ဘာဝိတတ္တာနံ , မုဟုတ္တမပိ ပူဇယေ၊
သာယေဝ ပူဇနာ သေယျော , ယဉ္စေ ဝဿသတံ ဟုတံ။

(အနက်) ယောစဇန္တု-လွဲမှားအယူ, အကြင်သူသည်လည်း၊ ဝဿသတံ-ကြာမြင့်လှစွာ, အနှစ်တစ်ရာပတ်လုံး၊ ဝနေ-ဥဒေါင်း ဥဩ , စသောငှက်များ, ပျော်ပါးနေရာ၊ တောမြိုင်သာ၌၊ အဂ္ဂိံ-ဗြဟ္မာရောက်ရန်, မိဋ္ဌာန်ဖန်တီး, မီးပုံကြီးကို၊ ပရိစရေ-သားကောင်ကိုသတ်, ထောပတ်ဆီကောင်း, သွန်းလောင်းပေးကာ, ပြုစုလုပ်ကျွေးရာ၏၊ ယော စ-မှန်ကန်အယူ, အကြင်သူသည်ကား၊ ဘာဝိတတ္တာနံ-ဝိပဿနာဉာဏ်, ရင့်သန်အားကြီး, ပွားများ ပြီးသောစိတ်ရှိသော၊ ဧကံ-အဖော်မလှောက်, တစ်ယောက်တည်းသာ, အရိယာပုဂ္ဂိုလ်ကို၊ မုဟုတ္တမပိ-မကြာကာလ, တစ်ခဏမျှလည်း၊ ပူဇယေ-တစ်ဇွန်းမျှဆွမ်း, အဝတ်ကြမ်းဖြင့်, ထုံမွှမ်းသဒ္ဓါ, ပေးလှူပူဇော်ရာ၏၊ တောသံ-ပူဇော်ပြုမှု, ထိုနှစ်ဦးသူတို့၏၊ တာသု-မချွတ်မယွင်း, ထိုလုပ်ကျွေးပူဇော်ခြင်းတို့တွင်၊ သာယေဝပူဇနာ-ကာလမကြာ, အရိယာအား, သဒ္ဓါထန်ပြင်း, ထိုအနည်းငယ်မျှ, ပေးလှူပူဇော်ခြင်းသည်သာလျှင်၊ သေယျော-အကျိုးအရာ, မယှဉ်သာ၍, ဂုဏ်ဝါကြီးလတ်, အလွန်ပင်မြင့်မြတ်လှပေ၏၊ ဝဿသတံ-ကာလရှည်ကြာ, နှစ်ပေါင်းတစ်ရာပတ်လုံး၊ ဟုတံ-သားကောင်သတ်ဖြတ်, ထောပတ်လောင်းသွင်း, မီးပူဇော်ခြင်းသည်၊ ယဉ္စေ သေယျော-ကျိုးပေးသည့်ခါ, ဆိုးဝါးပါ၍, ဂုဏ်ဝါနိမ့်ကျ, မမြင့်မြတ်လှပေ။

(မြန်မာပြန်) ဗြဟ္မာ့ပြည်ရောက်ရန် ရည်သန်၍ နှစ်ပေါင်းတစ်ရာပတ်လုံး တောထဲမှာ မီးပူဇော်ခြင်းထက် ဝိပဿနာဉာဏ်ဖြင့် စိတ်ကိုပွားများပြီးသော အရိယာပုဂ္ဂိုလ်တစ်ဦးအား ခဏအတွင်း ဆွမ်းကလေးတစ်ဇွန်း, အဝတ်ကြမ်းကလေးတစ်ပိုင်းမျှ ပေးလှူပူဇော်ခြင်းကသာ မွန်မြတ်အထက်တန်းကျလှပေသည်။

---

### ၁၀၇-ပဒဝိဘာဂ

**ဝဿသတံ=** [ ဝဿ+သတ ] ဝဿာနံ သတံ-ဝဿသတံ၊ နှစ်ပေါင်းတစ်ရာ။

**ဝဿ=** [ဝသ+သ] ဝသ-နိဝါသေ၊ ဝသန္တိ ဧတ္ထာတိ-ဝဿံ= သံဝစ္ဆရော၊ နှစ်၊ မောဂ်-၇၊ ၂၁၃။

[ √ ဝဿု+ဏ ] ဝဿု-သေစနေ၊ ဝဿန္တိ ဧတ္ထာတိ-ဝဿော၊ မိုးဥတု။

**ပရိစရေ=** [ ပရိ √စရ+အ+ဧယျ ] ပြုစုလုပ်ကျွေးရာ၏။

**ဝနေ=** [ √ဝန+အ ] ဝန-သမ္ဘတ္တိယံ၊ ဝနန္တိ တံ သမ္ဘဇန္တိ မယူရကောကိလာဒယော သတ္တာတိ-ဝနံ= အရည်၊ နံ ။ တော ။ ဝနတိ သမ္ဘဇတိ သံကိလေသပုဂ္ဂလန္တိ-ဝနံ= တဏှာ၊ တဏှာ၊ လောဘ၊ နီတိ-ဓာ၊ ၁၁၃။

(လက်ာ) နှစ်ပေါင်းတစ်ရာ, ကာလကြာအောင်, တောမှာမီးထင်း, ပူဇော်ခြင်းထက်, မကင်းသတိ, ဖြစ်ပျက်သိ၍, ဝိပဿနာ, ဘာဝနာဉာဏ်, ရင့်သန်လှပါ, အရိယာကို, မကြာကာလ, ခဏအတွင်း, ပူဇော်ခြင်းက, လွန်မြတ်လှ၏။

## ၇-သာရိပုတ္တတ္ထေရဿ သဟာယကဗြာဟ္မဏဝတ္ထု

၁၀၈။ ယံကိဉ္စိ ယိဋ္ဌံဝ ဟုတံဝ လောကေ , သံဝစ္ဆရံ ယဇေထ ပုညပေက္ခော၊
သဗ္ဗမ္ပိ တံ န စတုဘာဂမေတိ , အဘိဝါဒနာ ဥဇ္ဇုဂတေသု သေယျော။

(အနက်) လောကေ-ဖြစ်ပျက်မကင်း, လောကကြီးအတွင်း၌၊ ပုညပေက္ခော-ကုသိုလ်ပွားရေး, မျှော်တွေးရှုငဲ့သည်ဖြစ်၍၊ ( ဝါ-ကောင်းမှုကုသိုလ်, အလိုရှိသည်ဖြစ်၍၊) ယံကိဉ္စိ-မချန်မခြွင်း, ခပင်းဥဿုံ, အလုံးစုံသော၊ ယိဋ္ဌံဝါ-လက်ထပ်မင်္ဂလာ, စသည်ခါဝယ်, လွန်စွာကြည်ဖြူ, ညှော်ခံကျွေးမွေးသော အလှူကိုလည်းကောင်း၊ ဟုတံဝါ-ညှော်သည်ထက်တန်း, ရည်ရွယ်ညွှန်း၍, ထူဆန်းသပ်ယပ်, ပြုပြင်စီမံအပ်သော အလှူကိုလည်းကောင်း၊ ( ဝါ-ကံနှင့်အကျိုး, အားကိုးကြည်ဖြူ, ပြုလုပ်အပ်သော အလှူကိုလည်းကောင်း၊) သံဝစ္ဆရံ-အမြဲမပြတ်, တစ်နှစ်ပတ်လုံး၊ (လောကိယမဟာဇနဿ-ယုတ်မြတ်ဖုံဖုံ, လုံးစုံစုဆောင်း, လောကသူလောကသားအပေါင်းအား၊) ယဇေထ-လှူဒါန်းကော်ရော်, ပူဇော်ငြားအံ့၊ တံ သဗ္ဗမ္ပိ-ပေးထားကြည်ဖြူ, ထိုအလုံးစုံသော အလှူသည်လည်း၊ ဥဇ္ဇုဂတေသု-မရွှိမပဋိပတ်, အကျင့်မြတ်ဖြင့်, ဖြောင့်မတ်စွာကျင့်ကြသော အရိယာပုဂ္ဂိုလ်တို့၌၊ အဘိဝါဒနာ-အဘိဝါဒနာယ-သဒ္ဒါဖြူဆွတ်, ကိုယ်ကိုင်းညွှတ်ကာ, ရှိခိုးရခြင်းကုသိုလ်စေတနာ၏၊ စတုဘာဂံပိ-လေးဖို့ညီစွာ, ခွဲပါကျန, တစ်ဖို့မျှကိုလည်း၊ န ဧတိ-အကျိုးပြိုင်ဆိုင်, မမီမလိုက်နိုင်ပေ၊ တသ္မာ-ထိုသို့ဖြစ်ရ, သဘာဝကြောင့်၊ ဥဇ္ဇု ဂတေသု-တရားလမ်းကြောင်း, မတိမ်းစောင်းအောင်, ထိန်းကျောင်းဖြောင့်မတ်, ကျင့်ကြံတတ်သော အရိယာပုဂ္ဂိုလ်တို့၌၊ အဘိဝါဒနာမေဝ-ကိုင်းညွှတ်ရိုကျိုး, ရှိခိုးခြင်းသည်သာလျှင်၊ သေယျော-အကျိုးအရာ, မယှဉ်သာ၍, လွန်စွာပင်, မြင့်မြတ်လှပါပေ၏။

---

**၁၀၈-ပဒဝိဘာဂ**

**ယံကိဉ္စိ**= [ ယ+ကိံ+စိ ] အလုံးစုံသော၊ အမှတ်မပြု တစ်စုံတစ်ခုသော၊ ယံကိဉ္စိ ယောကောစိ ယာကာစိ-အစရှိသော ဤပုဒ်တို့သည် နိပါတ်ပုဒ်များမဟုတ်ကုန်၊ နိပါတပဋိရူပကသဒ္ဒဂဏများသာ ဖြစ်ကြသည်၊ နီတိ-ပဒ၊ ၃၇၅။

**ယိဋ္ဌံ**= [ √ယဇ+တ ] ဣဋ္ဌိတ္တာတိ-ယိဋ္ဌော၊ ရူ၊ ၆၂၇။ တိ ။ ပူဇော်အပ်သော၊ ယဇနံ-ယိဋ္ဌံ၊ န ။ ယဇ်ပူဇော်ခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ ပေးကမ်းလှူဒါန်းခြင်း။

**သံဝစ္ဆရံ**= [ သံ √ဝသ+ဆရ ] ဝသ-နိဝါသေ၊ ဝသန္တိ ဧတ္ထာတိ-ဝစ္ဆရော= ဝဿော၊ သံပုဗ္ဗော၊ သံ ဝသန္တိ ဧတ္ထာတိ-သံဝစ္ဆရော= သော၀၊ နှစ်၊ မောဂ်-၇၊ ၁၅၆၊ သ-ကို ပရရုပ် ဆ-ပြု၊ ဒုတိယက္ခရာ ဆ-ကို ပဌမက္ခရာ စ-ပြု။

[သံ √ဝဒ √စရ+အ] တံတံ သတ္တံ ဓမ္မပဝတ္တိဉ္စ သင်္ဂမ္မ ဝဒန္တော ဝိယ စရတိ ပဝတ္တတီတိ-သံဝစ္ဆရော။

(မြန်မာပြန်) လောက၌ ကောင်းမှုမင်္ဂလာဖြစ်ရန် ရည်သန်၍ လောကီလူသား သာမန်ပုဂ္ဂိုလ်များအား အနှစ်တစ်ရာပတ်လုံး မပြတ်မလပ် မင်္ဂလာအခမ်းအနားစသည်၌ ဖည့်ခံကျွေးမွေးမှု, ကံ ကံ၏အကျိုးကို သိမြင်၍ ပေးလှူပူဇော်မှု အကုန်လုံးပင် ဖြောင့်မတ်စွာ ကျင့်ကြံသော အရိယာပုဂ္ဂိုလ်တို့၌ တစ်ကြိမ်တစ်ခါ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးရသော ကုသိုလ်စေတနာ၏ လေးဖို့တစ်ဖို့ကိုမျှ မမီချေ၊ ထို့ကြောင့် အရိယာပုဂ္ဂိုလ်တို့အား ရိုသေမြတ်နိုး ရှိခိုးခြင်းကသာ မြင့်မြတ်အထက်တန်း ကျလှပေသည်။

(လက်ာ) ကောင်းကျိုးစုံမက်, လိုလားချက်ဖြင့်, နေ့ရက်မခြား, တစ်နှစ်ကြာအောင်, မင်္ဂလာပြုရေး, လှူဒါန်းရေးဖြင့်, ကျွေးမွေးလွန်မင်း, ပေးလှူခြင်းသည်, ဖြောင့်စင်းလှုပါ, အရိယာကို, သဒ္ဓါရိုကျိုး, လက်စုံမိုး၍, ရှိခိုးရမှု, ကုသိုလ်ထုကို, လေးစု စုက, တစ်စုမျှကို, မမီဆို၏၊ ထိုကြောင့်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးခြင်းသာ, လွန်မြတ်ပါ၏။

---

သံပုဗ္ဗဝဒစရေဟိ , သံဝစ္ဆရရဝသတု၊
နိပ္ပတ္တိံ သမုဒိရေယျ , သကျသီဟာဿ သာသနေ။ -နီတိ-ဓာ၊ ၃၆၈။

**ပုညပေက္ခော**= [ ပုည+ပ √က္ခ+ဏ ] ပုညံ ပေက္ခတီတိ-ပုညပေက္ခော၊ ကောင်းမှုကို ငံ့သော၊ ကောင်းမှုကို အလိုရှိသော။

**စတုဘာဂံ**= [ စတုတ္ထ+ဘာဂ ] စတုတ္ထော ဘာဂေါ-စတုဘာဂေါ၊ တ္ထ-ကို ချေ၊ လေးခုမြောက်အဖို့၊ လေးဖို့တစ်ဖို့၊ လေးပုံတစ်ပုံ၊ လေးပိုင်းတစ်ပိုင်း။

**စတုတ္ထ**= [စတု+ထ ] စတုန္နံ ပူရဏော-စတုတ္ထော၊ ဒွိတ္တံ၊ စတုတ္ထီ၊ စတုတ္ထာ၊ စတုတ္ထံ၊ ရူ၊ ၄၀၇။ လေးခုတို့၏ပြည့်ကြောင်း၊ လေးခုမြောက်ဖြစ်သော။

**စတု**= [ √စတ+ဥ ] စတီယန္တေတိ-စတသော၊ လေးခုသင်္ချာ၊ [စတ+ဥရန် ] စတုရ် သင်္ချာ ဝါစီသဒ္ဒါ ဗဟုဝစနန္တ၊ ကောတ္ထုဘာ။ စတ=(ဘု) အာယာစနေ-တောင်းခြင်း၌၊ (စတတိ။)

**အဘိဝါဒန**= [ အဘိ √ဝဒ+ဏေ+ယု ] အဘိမုခံ ဝါဒါပနံ ကထာပနံ "သုခီ ဟောတု"တိ-အဘိဝါဒနံ၊ ရှိခိုးခြင်း၊ အဘိဝါဒေန္တိ ဧတေနာတိ-အဘိဝါဒနံ၊ ဝန္ဒမာနာဟိ အန္တေဝါသိကာ အာစရိယံ "သုခီ ဟောတု"တိ အာဒိနာ အဘိဝါဒေန္တိနာမ၊ တေန ဝုတ္တံ အဘိဝါဒနန္တိ။ မဓိ-ဋီ-၃၊ ၄၀၈။

[ အဘိ √ဝဒိ+ဏေ+ယု ] ရှိခိုးခြင်း၊ ဤ၌ ဏေ-ပစ္စည်းကား ကာရိတ်မဟုတ်၊ ဝိကရဏသာ၊ နီတိဆရာကား ကာရိတ်ဖြင့် ရုပ်ပြီးမှုကို မကြိုက်၊ ဓာတု၊ ၃၁၅-မှစ၍ ရှုပါ။

**အဘိဝါဒနာ**= [ အဘိဝဒန+ဏ+အာ ] ရှိခိုးခြင်းကြောင့်ဖြစ်သော ကုသိုလ်စေတနာ၊ အဘိဝါဒနာယ-ဟု ဆိုလိုလျက် ဤ၌ ယ-ကို ချေထားသည်။

**ဥဇ္ဇုဂတေသု**= [ဥဇ္ဇု+ဂတ ] ဥဇ္ဇုံ ဂတာ-ဥဇ္ဇုဂတာ၊ ဖြောင့်မတ်သည်၏အဖြစ်သို့ရောက်ကုန်သော၊ ဖြောင့်မတ်စွာ ဖြစ်ကုန်, ကျင့်ကုန်သော၊ (အရိယာပုဂ္ဂိုလ်များ။)

## ၈–အာယုဝဍ္ဎနကုမာရဝတ္ထု

၁၀၉။ အဘိဝါဒနသီလိဿ , နိစ္စံ ဝုဍ္ဎာပစာယိနော၊
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ , အာယု ဝဏ္ဏော သုခံ ဗလံ။

**အနက်** အဘိဝါဒနသီလိဿ–ဦးညွတ်ရှိကျိုး, လက်စုံမိုး၍, ရှိခိုးလေ့ရှိသော၊ နိစ္စံ–အမြဲ၊ ဝုဍ္ဎာပစာယိနော–အသက်သိက္ခာ, ဂုဏ်ဝါကြီးမား, သူတို့အားလျှင်, လေးစားကော်ရော်, ပူဇော်လေ့ရှိသော၊ (ပုဂ္ဂလဿ–လူ့ထုံးတမ်းဟောင်း, မတိမ်းစောင်းအောင်, ထိန်းကျောင်းလိုက်နာသော ပုဂ္ဂိုလ်အား၊) အာယု–သက်တမ်းအကြား, ဖြစ်ပွား အန္တရာယ်, ပျက်ပြယ်ကွာကင်း, အသက်ရှည်ခြင်းလည်းကောင်း၊ ဝဏ္ဏော–ကိုယ်ဆင်း ဂုဏ်ဆင်း, ပြောင်ဝင်းထွန်းပ, အဆင်းလှခြင်းလည်းကောင်း၊ သုခံ–ကာယသုခ, စိတ္တသုခ, ပြည့်ဝလွန်မင်း, ချမ်းသာခြင်းလည်းကောင်း၊ ဗလံ–ကာယဗလ, ဉာဏဗလ, ပြည့်ဝလွန်မင်း, ခွန်အားကြီးခြင်းလည်းကောင်း၊ ဣတိ–ဤသို့၊ စတ္တာရော–ရေတွက်ပိုင်းခြား, လေးပါးကုန်သော၊ ဓမ္မာ–ဖြစ်ပေါ်ထင်ရှား, အကျိုးတရားတို့သည်၊ ဝဍ္ဎန္တိ–တစ်နေ့တစ်ခြား, တိုးပွားလာကုန်၏။

---

### ၁၀၉–ပဒဝိဘာဂ

**အဘိဝါဒနသီလိဿ**= [အဘိဝါဒနသီလ+ဤ] အဘိဝါဒနသီလံ ယဿ အတ္ထီတိ–အဘိဝါဒနသီလီ၊ ရှိခိုးခြင်းသဘော(အလေ့)ရှိသောသူ။

**အဘိဝါဒနသီလ**= [အဘိဝါဒန+သီလ] အဘိဝါဒနံ အဘိဝါဒနသင်္ခါတံ သီလံ–အဘိဝါဒနသီလံ၊ ရှိခိုးခြင်းသဘော။

**သီလ**= [√သီလ+အ] သီလ –သမာဓိမှိ၊ သမာဓိ–နိယမော၊ ဓာန်–ဋီ၊ ၁၇၈။ သီလ–သီလဓာတ်သည်၊ သမာဓိမှိ–မြဲခြင်း၌ဖြစ်၏၊ နိယမော–မြဲခြင်းသည်၊ သမာဓိ–သမာဓိမည်၏၊ သီလတီတိ–သီလံ၊ မြဲသောသဘော၊ အလေ့အကျင့်။

သီလတိ ကာယဝစီကမ္မာနိ သမာဒဟတီတိ–သီလံ၊ သီလ=(ဘု) သမာဓိမှိ–ကာယကံ–စသည်တို့ကို ငြိမ်သက်စွာထားခြင်း၌၊ (သီလတိ။)

သီလယတိ ဥပဓာရေတိ ကုသလဓမ္မေတိ–သီလံ၊ သီလယန္တိ ဝါ ဘုသော ဓာရေန္တိ သာဓဝေါ ကုသလဓမ္မေ ဧတေနာတိ–သီလံ၊ သီလ၊ သီလ=(စု) ဥပဓာရဏေ–လွန်စွာဆောင်ခြင်း၌၊ (သီလေတိ၊ သီလယတိ။)

**ဝုဍ္ဎာပစာယိနော**= [ဝုဍ္ဎ+အပစာယီ] ဝုဍ္ဎေ အပစာယိနော–ဝုဍ္ဎာပစာယိနော၊ ကြီးသူတို့ကို ပူဇော်(မြတ်နိုး)လေ့ရှိသော။

**အပစာယီ**= [အပ √စာယ+ဏီ] အပစာယတိ သီလေနာတိ–အပစာယီ၊ ပူဇော်လေ့ရှိသော၊ ရိုသေလေးစားလေ့ရှိသော၊ စာယ=(ဘု) ပူဇာ နိသာမနေသု–ပူဇော်ခြင်း, ကြည့်ရှုနားထောင်ခြင်းတို့၌၊ (စာယတိ။)

**အာယု**= [√ဣ+ဏု] ဣ–ဂတိမှိ၊ ဧန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ သတ္တာ ဧတေနာတိ–အာယု၊ အသက်၊ ဇီဝိတိန္ဒြေ၊ သက်တမ်း၊ ပု+န ။ ရူ၊ ၆၅၁။

(မြန်မာပြန်) မိမိထက် အသက်သိက္ခာ ဂုဏ်ဝါကြီးသူတို့ကို အမြဲရှိခိုးပူဇော်သူတို့မှာ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်း, ကိုယ်အား ဉာဏ်အား ကြီးမားခြင်း-ဟူသော အကျိုးတရား လေးပါးတို့သည် တိုးပွားလာရကုန်၏။

(လင်္ကာ) ကိုယ့်ထက် သိက္ခာ, သက်ဝါကြီးလတ်, ပုဂ္ဂိုလ်မြတ်ကို, လေးမြတ်ရိုကျိုး, လက်စုံမိုး၍, ရှိခိုးသူမှာ, သက်တာရှည်ရ, လှပအဆင်း, ချမ်းသာခြင်းနှင့်; ပြည့်တင်းခွန်အား, လေးပါးအကျိုး, လွန်ပွားတိုး၏။

## ၉-သံကိစ္စသာမဏေဝတ္ထု

၁၁၀။ ယော စ ဝဿသတံ ဇီဝေ , ဒုဿီလော အသမာဟိတော၊
ဧကာဟံ ဇီဝိတံ သေယျော , သီလဝန္တဿ ဈာယိနော။

(အနက်) ယော စ-ကိုယ်နှုတ်မူရာ, လွန်စွာဟောင့်ရမ်း, အကြင်ရဟန်းသည်ကား၊ ဒုဿီလော-အချို့အဝက်, ပျက်သောသီလရှိသည်၊ (ဝါ-အန္တိမဝတ္ထု, လွန်ကျူးမှုကြောင့်, ဘိက္ခုဘာဝ, သီလမရှိသည်၊) အသမာဟိတော-ဥပစာရ, အပ္ပနာဟု, နှစ်ခုသော သမာဓိမှကင်းသည်၊ (ဝါ-သီလသိက္ခာ, ကျင့်စရာဝယ်, ကောင်းစွာမတည်သည်၊) ဟုတ္တာ-ဖြစ်၍၊ ဝဿသတံ-အနှစ်တစ်ရာ, ချိန်ခါကာလပတ်လုံး၊ ဇီဝေ-အသွင်မလိုက်, ကျင့်စရိုက်ဖြင့်, မိုက်လှအစဉ်, အသက်ရှင်ငြားအံ့၊ (တဿ-သီလကင်းကွာ, ထိုရှင်ယုတ်မာ၏၊ တတော-တစ်ရာပြည့်တင်း, ထိုသို့အသက်ရှင်ရခြင်းထက်၊) သီ လဝန္တဿ-ဘုရားနှုတ်မြွက်, အာဏာစက်ကို, အသက်ပမာ, လိုက်နာစောင့်ဘိ, သီလရှိသည်ဖြစ်၍၊ ဈာယိနော-သမထဝိပဿနာ အာရုံနှစ်ခု, မပြတ်ရှုသောသူ၏၊ ဧကာဟံ-တစ်နေ့ တစ်ရက်, တစ်နံနက်မျှလည်း၊ [ ပိ-ကျေ၊ ] ဇီဝိတံ-တရားအာရုံ, ပွားထုံမပျက်, အသက်ရှင်ရခြင်းသည်၊ သေယျော-အဆထောင်ရာ, မကသာ၍, လွန်စွာမြင့်မြတ်လှပါပေ၏။

---

[ √အယ+ဏု ]အယန္တိ ပဝတ္တန္တိ သတ္တာ ဧတေနာတိ-အာယု= ဇီဝိတံ၊ မောဂ်-၇၊ ၁။
[ အာ √ယု+ဏု ] အာယဝန္တိ မိဿီ ဘဝန္တိ သတ္တာ ဧတေနာတိ-အာယု၊ အထဝါ= အာယဝန္တိ အာဂစ္ဆန္တိ ပဝတ္တန္တိ တသ္မိံ သတိ အရူပဓမ္မာတိ-အာယု၊ နီတိ-ဓာ၊ ၁၃၈။ ယု=(ဘူ) မိဿနေ-ရောနှောခြင်း၌၊ ဂတိယဥ္စ-သွားခြင်း၌လည်း၊ (ယောတိ၊ ယဝတိ။)

### ၁၁၀-ပဒဝိဘာဂ

**ဇီဝေ**= [ √ဇီဝ+အ+ဧယျ ] အသက်ရှင်ရာ၏၊ အသက်မွေးရာ၏၊ အသက်ရှည်ရာ၏။

**ဒုဿီလော**= [ ဒု+သီလ ] နတ္ထိ သီလံ အဿာတိ-ဒုဿီလော၊ နိရုတ္တိ၊ ၂၄၆။ ဒုဋ္ဌု ကုစ္ဆိတံ သီလံ အဿာတိ-ဒုဿီလော၊ ရူ-နှာ၊ ၂၀၂။ သီလမရှိသော၊ သီလပျက်သော။

**အသမာဟိတော**= [ န+သမာဟိတ ] န သမာဟိတော-အသမာဟိတော၊ ကောင်းစွာမတည် ကြည်သော၊ ဥပစာရ အပ္ပနာသမာဓိတို့မှ ကင်းသော၊ သီလတို့၌ ကောင်းစွာမတည်သော။

**ဧကာဟံ**= [ ဧက+အဟ ] ဧကံ အဟံ-ဧကာဟံ၊ တစ်ရက်။

**မြန်မာပြန်** သီလလည်းမရှိ, တည်ကြည်မှုလည်းမရှိသောသူ၏ နှစ်ပေါင်းတစ်ရာပတ်လုံး အသက်ရှင်နေရသည်ထက် သီလရှိသည့်အပြင် တရားရှုမှတ်နေသူ၏ တစ်ရက်, တစ်ခဏမျှ အသက်ရှင်နေရခြင်းက ပိုလွန်မွန်မြတ်လှပေသည်။

**လင်္ကာ** သီလသမာဓိ, မရှိကင်းကွာ, လူယုတ်မာ၏, တစ်ရာပြည့်တင်း, သက်ရှင်ခြင်းထက်, မကင်းသီလ, သမထဝိပဿနာ, ဘာဝနာမှု, မှတ်ရှုကောင်းလှ, ပဏ္ဍိတ၏, ခဏအတွင်း, သက်ရှင်ခြင်းသာ, မြတ်လှပါ၏။

## ၁၀–ခါဏုကောဏ္ဍညတ္ထေရဝတ္ထု

၁၁၁။ ယော စ ဝဿသတံ ဇီဝေ , ဒုပ္ပညော အသမာဟိတော၊
ဧကာဟံ ဇီဝိတံ သေယျော , ပညဝန္တဿ ဈာယိနော။

**အနက်** ယောစ–အိပ်ကာ စားကာ, ခန္ဓာမွေးမြူ, အကြင်သူသည်ကား၊ ဒုပ္ပညော–အသိအလိမ္မာ, ဉာဏ်ပညာမရှိသည်၊ အသမာဟိတော–ကိုယ်ကျင့်သိက္ခာ, ကျင့်စရာဝယ်, ကောင်းစွာမတည်သည်၊ ဟုတ္ဂာ–ဖြစ်၍၊ ဝဿသတံ–သက်တမ်းကျော်ကာ, အနှစ်တစ်ရာပတ်လုံး၊ ဇီဝေ–ဘုရားမကြိုက်, ကျင့်စရိုက်ဖြင့်, ရှုးမိုက်တွင်တွင်, အသက်ရှင်နေငြားအံ့၊ (တဿ–ပညာသမာဓိ, ကင်းဘိအဟုတ်, ထိုသူယုတ်၏၊ တတော–တစ်ရာပြည့်တင်း, ထိုသို့အသက်ရှင်နေရခြင်းထက်၊) ပညဝန္တဿ–အသိအလိမ္မာ, ဉာဏ်ပညာပြည့်ဝသည်ဖြစ်၍၊ ဈာယိနော–ကသိုဏ်းစသား, အာရုံများနှင့်,သုံးပါးလက္ခဏာ, ဈာန်နှစ်ဖြာကို, မြဲစွာရှုနေသူ၏၊ ဧကာဟံ–တစ်နေ့တစ်ရက်, တစ်နံနက်မျှလည်း၊ ဇီဝိတံ–တရားအာရုံ, ပွားထုံမကင်း, အသက်ရှင်နေရခြင်းသည်၊ သေယျော–မြင့်မြတ်လှပါပေ၏။

**မြန်မာပြန်** ပညာလည်းမရှိ, တည်ကြည်မှု(သမာဓိ)လည်းမရှိသူ၏ နှစ်ပေါင်းတစ်ရာပတ်လုံး အသက်ရှင်နေရခြင်းထက် ပညာရှိသည့်အပြင် ကမ္မဋ္ဌာန်းရှုမှတ်နေသူ၏ တစ်ရက်တစ်ခဏမျှ အသက်ရှင်နေရခြင်းက ပိုလွန်မွန်မြတ်လှပေသည်။

---

**ဧက**= [ √ဣ+ကန် ] ကောတ္တဍာ။ သဗ္ဗနာမ်၊ ဧတိ ဂစ္ဆတီတိ–ဧကော၊ တစ်ခုသော၊ တစ်ယောက်သော၊ တူသော။

**အဟ**= [န √ဟာ+အ ] န ဇဟာတိ ပစ္စာဂမန်–အဟံ၊ ဓာန်–ဋီ၊ ၆၇။ နေ့။ ရက်။

**ဇီဝိတံ**= [ √ဇီဝ+တ ] ဇီဝန္တိ အနေနာတိ–ဇီဝိတံ၊ ဓာန်–ဋီ၊ ၁၅၅။ န ။ အသက်၊ ဇီဝိတိန္ဒြေ၊ ဇီဝန္တိ တေန သမ္ပယုတ္တကာ ဓမ္မာတိ–ဇီဝိတံ၊ အဘိ–ဋ–၁၊ ၁၆၇။ ဇီဝနံ–ဇီဝိတံ၊ အသက်ရှင်ခြင်း၊ အသက်မွေးခြင်း။

### ၁၁၁–ပဒဝိဘာဂ

**ဒုပ္ပညော**= [ ဒု+ပညာ ] နတ္ထိ ပညာ ဧတဿာတိ–ဒုပ္ပညော၊ ပညာမရှိသောသူ၊ ပညာမဲ့သူ။

**ပညဝန္တဿ**= [ ပညာ+ဝန္တု ]ပညာ ယဿ အတ္ထီတိ–ပညဝါ၊ ပညာရှိသော၊ ပညာနှင့်ပြည့်စုံသော။

(လင်္ကာ) ပညာသမာဓိ, မရှိကင်းကွာ, လူတကာ၏, တစ်ရာပြည့်တင်း, သက်ရှင်ခြင်းထက်, မကင်းပညာ, ဘာဝနာမှု, မှတ်ရှုကောင်းလှ, ပဏ္ဍိတ၏, ခဏအတွင်း, သက်ရှင်ခြင်းက, လွန်မြတ်လှ၏။

## ၁၁-သပ္ပဒါသတ္ထေရဝတ္ထု

၁၁၂။ ယော စ ဝဿသတံ ဇီဝေ , ကုသီတော ဟီနဝီရိယော၊
ဧကာဟံ ဇီဝိတံ သေယျော , ဝီရိယမာရဘတော ဒဠှံ။

(အနက်) ယောစ-အမှတ်မထင်, အကြင်ပုဂ္ဂိုလ်သည်လည်း၊ ကုသီတော-ကာမဗျာပါ, ဝိဟိံသာဟု, သုံးဖြာဝိတက်, ကြံစည်လျက်ပင်, နေ့ရက်လွန်စေ, စိတ်နေချို့ယွင်း, အလွန်ပျင်းသည်၊ ဟီနဝီရိယော-မတက်မကြွ, ယုတ်ညံ့အောက်ကျသော၊ ဝီရိယရှိသည်၊ ဟုတ္វာ-ဖြစ်၍၊ ဝဿသတံ-ကာလရှည်ကြာ, နှစ်ပေါင်းတစ်ရာပတ်လုံး၊ ဇီဝေ-ကင်းကွာတရား, အသက်ရှင်နေငြားအံ့၊ (တဿ-ပျင်းရိခြင်းများ, ကြီးစားယွင်းယို, ထိုပုဂ္ဂိုလ်၏၊ တတော-တစ်ရာပြည့်ဝ, ထိုသို့အသက်ရှင်နေရသည်ထက်၊) ဝီရိယံ-ရဲရင့်သူဝယ်, မှီတွယ်ဖြစ်ရ, ဝီရိယကို၊ ဒဠှံ-မလျှပ်မယိုင်, မြဲခိုင်လှစွာ၊ အာရဘတော-သမထဝိပဿနာ, ဈာန်နှစ်ဖြာတို့, ဖြစ်လာစေရန်, ဖွဲ့သန်ကြိုးကုတ်, အားထုတ်နေသူ၏၊ ဧကာဟံ-တစ်နေ့ တစ်ရက်, တစ်နံ့နက်မျှလည်း၊ ဇီဝိတံ-တရားအလုပ်, အားထုတ်ထန်ပြင်း, အသက်ရှင်နေရခြင်းသည်၊ သေယျော-မြင့်မြတ်လှပါပေ၏။

(မြန်မာပြန်) ကာမဂုဏ်စသည်တို့ကို ကြံစည်ခြင်းဖြင့်သာ အချိန်ကုန်လွန်စေ၍ ပေါ့တန်ပျင်းရိ, လုံ့လမရှိသူ၏ နှစ်ပေါင်းတစ်ရာ အသက်ရှင်ရသည်ထက် ကိလေသာငြိမ်းအေးရန် ခိုင်မြဲစွာအားထုတ်နေသူ၏ တစ်နေ့ တစ်ရက် တစ်နံ့နက်မျှ အသက်ရှင်နေရခြင်းက ပိုလွန်မြင့်မြတ်လှပေသည်။

(လင်္ကာ) ပျင်းရိပေါ့ဆ, လုံ့လကင်းကွာ, လူတကာ၏, တစ်ရာပြည့်တင်း, သက်ရှင်ခြင်းထက်, စိတ်တင်းမြဲမြံ, မဂ်ဖိုလ်ဈာန်ကို, ရရန်လုံ့လ, ပဏ္ဍိတ၏, ခဏအတွင်း, သက်ရှင်ခြင်းသာ, မြတ်လှပါ၏။

## ၁၂-ပဋာစာရာထေရီဝတ္ထု

၁၁၃။ ယော စ ဝဿသတံ ဇီဝေ , အပဿံ ဥဒယဗ္ဗယံ၊
ဧကာဟံ ဇီဝိတံ သေယျော , ပဿတော ဥဒယဗ္ဗယံ။

---

### ၁၁၂-ပဒဝိဘာဂ

**အာရဘတော**= [အာ √ရဘ+အ+အန္တ] အာရဘတီတိ-အာရဘန္တော၊ အားထုတ်သော၊ ကြိုးစားသော၊ လုံ့လပြုသော။

### ၁၁၃-ပဒဝိဘာဂ

**အပဿံ**= [န+ပဿန္တ] န ပဿန္တော-အပဿန္တော၊ မမြင်သောသူ။
**ပဿန္တ**= [√ဒိသ+အ+အန္တ] ပဿတီတိ-ပဿံ၊ ဒိသ-ဓာတ်ကို ပဿပြု၊ ရှုမြင်သော။

**အနက်** ယော စ–ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်လည်း၊ ဥဒယဗ္ဗယံ–ခန္ဓာငါးပါး, ရုပ်နာမ်များ၏, မနားသွက်လက်, ဖြစ်အပျက်ကို, အပဿံ–ဝိပဿနာဉာဏ်, ရှင့်သန်ထင်ထင်, မတွေ့မြင်သည်ဖြစ်၍၊ ဝဿသတံ–ကာလရှည်ကြာ, နှစ်ပေါင်းတစ်ရာပတ်လုံး၊ ဇီဝေ–တရားမမြင်, အသက်ရှင်နေအံ့၊ (တဿ–ဖြစ်ပျက်မမြင်, ဆင်ခြင်ယွင်းယို, ထိုပုဂ္ဂိုလ်၏၊ တတော–တစ်ရာပြည့်တင်း, ထိုသို့အသက်ရှင်နေခြင်းထက်၊) ဥဒယဗ္ဗယံ–ခန္ဓာငါးပါး, ရုပ်နာမ်များ၏, မနားသွက်လက်, ဖြစ်အပျက်ကို၊ ပဿတော–ဝိပဿနာဉာဏ်, ရှင့်သန်ကြည်လင်, တွေ့မြင်နေသော ပုဂ္ဂိုလ်၏၊ ဧကာဟံ–တစ်နေ့တစ်ရက်, တစ်နံနက်မျှလည်း၊ ဇီဝိတံ–ရှုမှတ်ပွားရင်း, အသက်ရှင်ရခြင်းသည်၊ သေယျော–အဆထောင်ရာ, မကသာအောင်, လွန်စွာပင် မြင့်မြတ်လှပါပေ၏။

**မြန်မာပြန်** ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မှုကို မရှုဘဲ နှစ်ပေါင်းတစ်ရာ ပတ်လုံး အသက်ရှင်နေရသည်ထက် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို ရှုမြင်နေသူ၏ တစ်နေ့တစ်ရက် တစ်နံနက်မျှ အသက်ရှင်နေရခြင်းက ပိုလွန်မွန်မြတ်လှပေ၏။

**လင်္ကာ** ခန္ဓာငါးတန်, ဖြစ်ပျက်ဟန်တွင်, ဉာဏ်မြင်ကင်းကွာ, လူများစွာ၏, တစ်ရာပြည့်တင်း, သက်ရှည်ခြင်းထက်, ဆင်းရဲလှပါ, ငါးခန္ဓာ၏, ဖြစ်လာပျက်မှု, သဘောစုကို, ရှုမြင်ဉာဏ်ရ, ပဏ္ဍိတ၏, ခဏအတွင်း, သက်ရှင်ခြင်းက, လွန်မြတ်လှ၏။

## ၁၃–ကိသာဂေါတမီဝတ္ထု

၁၁၄။ ယော စ ဝဿသတံ ဇီဝေ , အပဿံ အမတံ ပဒံ၊
ဧကာဟံ ဇီဝိတံ သေယျော , ပဿတော အမတံ ပဒံ။

**အနက်** ယော စ–ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်ကား၊ ပဒံ–အရိယဇာတ်, ပုဂ္ဂိုလ်မြတ်တို့, ရောက်အပ်ရောက်ထိုက်သော၊ အမတံ–သေခြင်းကင်းလွတ်, နိဗ္ဗာန်ဓာတ်ကို၊ အပဿံ–မျက်မှောက်ထင်ထင်, မတွေ့မြင်ဘဲ၊ ဝဿသတံ–ကာလရှည်ကြာ, နှစ်ပေါင်းတစ်ရာပတ်လုံး၊ ဇီဝေ–အသက်ရှင်နေငြားအံ့၊ (တဿ–ထို

---

**ဥဒယဗ္ဗယံ=** [ဥဒယ+ဝယ] ဥဒယော စ ဝယော စ–ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်း။

**ဥဒယ=** [ဥ √ဣ+အ] ဥဒယနံ–ဥဒယော၊ ဖြစ်ခြင်း၊ နိရုတ္တိ၊ ၅၃၇။

**ဝယ=** [ဝိ √ဣ+အ] ဝယနံ–ဝယော၊ ကုန်ခြင်း၊ ပျက်စီးခြင်း။ ဝေတိ ဝိနဿတီတိ–ဝယော= မန္ဒာဒိ၊ အရွယ်၊ ဝိဂမနံ ဝိနဿနံ–ဝယော= ဘာဝေါ၊ ပျက်စီးခြင်း၊ နိရုတ္တိ၊ ၅၃၇။

[ √ဝယ+အ ] ဝယတိ ပရိဟာနိံ ဂစ္ဆတီတိ–ဝယော၊ အရွယ်၊ သုစိ။ ဝယနံ–ဝယော၊ ကုန်ခြင်း၊ ပျက်စီးခြင်း။

### ၁၁၄–ပဒဝိဘာဂ

**ပဒံ=** [ √ပဒ+အ ] အရိယေဟိ ပဇ္ဇိတဗ္ဗတ္တာ ဂန္တဗ္ဗတ္တာ–ပဒံ၊ ဓာန်–ဋီ၊ ၈။ ပဇ္ဇတေတိ–ပဒံ၊ အရိယာပုဂ္ဂိုလ်တို့ ရောက်အပ်ရောက်သင့်သော နိဗ္ဗာန်။

ပုဂ္ဂိုလ်၏၊ တတော–ထိုသို့အသက်ရှင်နေရခြင်းထက်၊) အမတံ–ဖြစ်ပျက်လွတ်ကင်း, သေရခြင်းမရှိသော၊ ပဒံ–အရိယဖာတ်, ပုဂ္ဂိုလ်မြတ်တို့, ရောက်အပ်အမှန်, မြတ်နိဗ္ဗာန်ကို၊ ပဿတော–မျက်မှောက်ထင်ထင်, တွေ့မြင်ရသောပုဂ္ဂိုလ်၏၊ ဧကာဟံ–တစ်နေ့တစ်ရက်, တစ်နံနက်မျှလည်း၊ ဇီဝိတံ–ဇီဝိန်မကင်း, အသက်ရှင်နေရခြင်းသည်၊ သေယျော–အဆထောင်ရာ, မကသာအောင်, လွန်စွာပင် မြင့်မြတ်လှပါပေ၏။

(မြန်မာပြန်) သေခြင်းကင်းရာနိဗ္ဗာန်ကို မမြင်ဘဲ နှစ်ပေါင်းတစ်ရာပတ်လုံး အသက်ရှင်နေရခြင်းထက် သေခြင်းကင်းရာနိဗ္ဗာန်ကို မြင်သောသူ၏ တစ်ရက်မျှ အသက်ရှင်နေရခြင်းသည် သာလွန်မြင့်မြတ်လှ၏။

(လင်္ကာ) သေခြင်းကင်းပြန်, အေးနိဗ္ဗာန်ကို, ဉာဏ်မြင်ကင်းကွာ, လူတကာ၏, တစ်ရာပြည့်တင်း, သက်ရှင်ခြင်းထက်, သေခြင်းလွတ်ပြန်, မြတ်နိဗ္ဗာန်ကို, ဉာဏ်မြင်စူးရှ, ပဏ္ဍိတ၏, ခဏအတွင်း, သက်ရှင်ခြင်းသာ, လွန်မြတ်ပါ၏။

## ၁၄–ဗဟုပုတ္တိကတ္ထေရီဝတ္ထု

၁၁၅။ ယော စ ဝဿသတံ ဇီဝေ , အပဿံ ဓမ္မမုတ္တမံ၊
ဧကာဟံ ဇီဝိတံ သေယျော , ပဿတော ဓမ္မမုတ္တမံ။

(အနက်) ယော စ–ကျားမ မဆို, အကြင်ပုဂ္ဂိုလ်သည်ကား၊ ဥတ္တမံ–လောကီတရား,အစားစားထက်, ထူးခြားလွန်မြတ်သော၊ဓမ္မံ–မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်သတ်မှတ်, ကိုးပါးသော တရားတော်မြတ်ကို၊ အပဿံ–မျက်မှောက်ထင်ထင်, မတွေ့မြင်ဘဲ၊ ဝဿသတံ–ကာလရှည်ကြာ, နှစ်ပေါင်းတစ်ရာပတ်လုံး၊ ဇီဝေ–အသက်ရှင်နေငြားအံ့၊ ( တဿ–ထိုပုဂ္ဂိုလ်၏၊ တတော–ထိုသို့ အသက်ရှင်နေရခြင်းထက်၊ ) ဥတ္တမံ–လောကီတရား, အစားစားထက်, ထူးခြားလွန်မြတ်သော၊ ဓမ္မံ–မဂ်လေးပါး, ဖိုလ်လေးတန်, နိဗ္ဗာန်သတ်မှတ်, ကိုးပါးသော တရားတော်မြတ်ကို၊ ပဿတော–မျက်မှောက်ထင်ထင်, တွေ့မြင်ရသော ပုဂ္ဂိုလ်၏၊ ဧကာဟံ–တစ်နေ့တစ်ရက်, တစ်နံနက်မျှလည်း၊ ဇီဝိတံ–ဇီဝိန်မကင်း, အသက်ရှင်နေရခြင်းသည်၊ သေယျော–အဆထောင်ရာ, မကသာအောင်, လွန်စွာပင် မြင့်မြတ်လှပါပေ၏။

(မြန်မာပြန်) မြင့်မြတ်အထက်တန်းကျသော လောကုတ္တရာတရားကိုးပါးကို မတွေ့မမြင်ဘဲ နှစ်ပေါင်းတစ်ရာ အသက်ရှင်ရသည်ထက် မြင့်မြတ်သော လောကုတ္တရာတရားကိုးပါးကို တွေ့မြင်သူ၏ တစ်နေ့တစ်ရက် တစ်နံနက်မျှ အသက်ရှင်ရခြင်းသည် သာလွန်မြင့်မြတ်၏။

(လင်္ကာ) အမြတ်တရား, လောကုတ်များကို, ဉာဏ်အားထင်ထင်, သိမြင်ကင်းကွာ, လူတကာ၏, တစ်ရာနှစ်စု, သက်ရှင်မှုထက်, နှိုင်းတုကင်းလွတ်, တရားမြတ်ကို, မချွတ်မြင်ရ, ပဏ္ဍိတ၏, ခဏအတွင်း, သက်ရှည်ခြင်းက, လွန်မြတ်လှ၏။

# ၉-ပါပဝဂ္ဂ

## ၁-စူဠေကသာဋကဗြာဟ္မဏဝတ္ထု

၁၁၆။ အဘိတ္ထရေထ ကလျာဏေ , ပါပါ စိတ္တံ နိဝါရယေ၊
ဒန္ဓံ ဟိ ကရောတော ပုညံ , ပါပသ္မိံ ရမတီ မနော။

(အနက်) ပုညံ-ကုသိုလ်ကောင်းမှု, အစုစုကို၊ ဒန္ဓံ-ပြုလုပ်တော့မည်, ဆိုင်းဦးမည်ဟု, ကြံစည်မျှော်တွေး, ဖြည်းနှေးလေးကန်စွာ၊ ကရောတော-တွန့်ဆုတ်တွန့်ဆုတ်, ပြုလုပ်နေသူ၏၊ မနော-ငါးကာမဂုဏ်, များအာရုံသို့, လွှားခုန်ပြေးဝင်, စိတ်ဝိညာဉ်သည်၊ ပါပသ္မိံ-အကုသိုလ်စု, မကောင်းမှု၌၊ ဟိ-ယသ္မာ-အကြင်ကြောင့်၊ ရမတိ-ဣဿာမစ္ဆေရ, စသည်အဖော်, ရမတော်၍, မွေ့လျော်ရလေတော့၏၊ တသ္မာ-ထို့ကြောင့်၊ ကလျာဏေ-ကုသိုလ်ကောင်းမှု, အစုစုတို့ကို၊အဘိတ္ထရေထ-နေ့မဆိုင်း, ညမဆိုင်း, ကြံတိုင်းမြန်စွာ, ပြုရမည်သာတည်း၊ ပါပါ-အကုသိုလ်စု, မကောင်းမှုမှ၊ စိတ္တံ-ထိုထိုဤဤ, ကြံစည်များတတ်, ကိုယ့်စိတ်ဓာတ်ကို၊ နိဝါရယေ-သတိတရား, လက်ကိုင်ထားကာ, အစွမ်းကုန်တားမြစ်ရာ၏။

(မြန်မာပြန်) ကုသိုလ်ကောင်းမှုကို ဖြည်းနှေးလေးကန်စွာ ပြုလုပ်ရန်ကြံစည်သူ၏ စိတ်သည် မကောင်းမှုဘက်ကို ပါသွားတတ်သောကြောင့် ကုသိုလ်ကောင်းမှုကို (ပြုလိုစိတ်ဖြစ်လာသည်နှင့်တစ်ပြိုင်နက်) မြန်မြန်ပြုလုပ်ရမည်၊ စိတ်ကို မကောင်းမှုမှ တားမြစ်ထားရမည်။

(လင်္ကာ) ကုသိုလ်ကောင်းမှု, မြန်မြန်ပြုသင့်, ညစ်ကျုထိုထို, အကုသိုလ်မှ, စိတ်ကိုဝေးစွာ, မြစ်တားရာ၏၊ နှေးစွာကုသိုလ်, ပြုလုပ်လိုသူ, ထိုထိုလူ၏, စိတ်မူအကု, မွေ့လျော်ပြု၏၊ စေ့ငုကျနု, ကြောင်းထောက်ဆလော့။

## ၂-သေယျသကတ္ထေရဝတ္ထု

၁၁၇။ ပါပဉ္စေ ပုရိသော ကယိရာ , န နံ ကယိရာ ပုနပ္ပုနံ၊
န တမှိ ဆန္ဒံ ကယိရာထ , ဒုက္ခော ပါပဿ ဥစ္စယော။

(အနက်) ပုရိသော-ခေါင်းဆောင်ရှေ့သွား, လူ့ယောကျ်ားသည်၊ ပါပံ-ယုတ်မာညစ်ကျု, မကောင်းမှုကို၊ စေ ကယိရာ-တစ်ကြိမ်တစ်ခါ, မလိမ္မာ၍, သာယာလွဲမှား,

---

### ၁၁၆-ပဒဝိဘာဂ

**အဘိတ္ထရေထ=** [အဘိ √ထရ+အ+ထေ] လျင်လျင်မြန်မြန်ပြုရာ၏။

**ဒန္ဓံ=** [√ဒမ+ဓ] ဒမေတဗ္ဗောတိ-(ဆုံးမအပ်သောကြောင့်၊) ဒန္ဓော= ဇဠော၊ နှေးကွေးသော၊ မောဂ်-၇၊ ၉၈။

### ၁၁၇-ပဒဝိဘာဂ

**ပုနပ္ပုနံ=** [ပုန+ပုန] ပုနပ္ပုနံဣတိ အဘိဏှတ္ထေ၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ၊ နီတိ-သုတ္တ-နှာ၊ ၃၈၈။ အဖန်ဖန်အတပ်ထပ်၊ အမြဲမပြတ်။

အကယ်၍ပြုမိငြားအံ့၊ နံ-ဆိုးဝါးညစ်ကျု၊ ထိုမကောင်းမှုကို၊ ပုနပ္ပုနံ-ထပ်ဖန်တလဲလဲ၊ အမြဲမကွာ၊ န ကယိရာ-မသင့်တော်ဟု၊ ထင်အောင်ရှု၍၊ မပြုဝေးစွာ၊ ရှောင်ကြဉ်ရာ၏၊ တမှိ-ယုတ်မာညစ်ကျု၊ ထိုမကောင်းမှု၌၊ ဆန္ဒ-နောက်ထပ်ရဲတင်း၊ ပြုလိုခြင်းကိုလည်း၊ န ကယိရာထ-စိတ်ကိုထိန်းချုပ်၊ မပြုမလုပ်ရာ၊ (ဟိ-အကြောင်းမူကား၊) ပါပဿ-ယုတ်မာညစ်ကျု၊ မကောင်းမှု၏၊ ဥစ္စယော-တစ်နေ့တခြား၊ တိုးပွားလာခြင်းသည်၊ ဒုက္ခော-ပစ္စုပ် တမလွန်၊ နှစ်တန်ဘဝ၊ ဆင်းရဲခြင်း၏၊ အကြောင်းရင်းပေတည်း။

**မြန်မာပြန်** မကောင်းမှုများ တိုးပွားလာခြင်းသည် ခုရောနောင်ပါ နှစ်ဖြာသောဘဝတို့၌ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သောကြောင့် အကယ်၍ မကောင်းမှုကို တစ်ကြိမ် တစ်ခါ ပြုလုပ်မိပါလျှင် ထိုမကောင်းမှုကို ထပ်ကာထပ်ကာ မပြုသင့်၊ မကောင်းမှု၌ စိတ်ပါ ဝင်စားမှုကိုလည်း မပြုသင့်။

**လင်္ကာ** မကောင်းမှုသာ, တိုးပွားလာလျှင်, များစွာဆင်းရဲ, တိုးပွားမြဲတည်း၊ လွှဲဖယ် မပြောင်း, ဤအကြောင်းကြောင့်, မကောင်းမှုကို, နှစ်လိုရုံခါ, ပြုမိပါလျှင်, ငါပ်ကာထိုမှု, နောင်မပြုသင့်၊ ထိုမှုကိုပင်, ပြုချင်ဆန္ဒ, မဖြစ်ရအောင်, စိတ်ကကောင်းစွာ, စောင့်ထိန်းရာ၏။

## ၃-လာဇဒေဝဓီတာဝတ္ထု

၁၁၈။ ပုညဉ္စေ ပုရိသော ကယိရာ , ကယိရာ နံ ပုနပ္ပုနံ၊
တမှိ ဆန္ဒံ ကယိရာထ , သုခေါ ပုညဿ ဥစ္စယော။

**အနက်** ပုရိသော-ဘမိနှစ်ပါး, လိုပြည့်သွားအောင်, ဂုဏ်များကိန်းဝပ်, ယောကျာ်း မြတ်သည်၊ ပုညံ-ကောင်းစွာပြုလျှင်, စိတ်အစဉ်ကို, ကြည်လင်စေတတ်,ကုသိုလ် မြတ်ကို၊ စေ ကယိရာ-ကလျာဏမိတ္တ, အဖော်ရ၍, ကျနသေချာ, အကယ်၍ပြုလုပ်ပါအံ့၊ ဧဝံ-ဤသို့မချွတ်, ပြုလုပ်လတ်သော်၊ နံ-ပြုစဉ်ခိုက်တွင်, စိတ်ကြည်လင်၍, နောင်တွင် ကောငးကျိုး, ပွံ့ဖြိုးစေတတ်, ထိုကုသိုလ် မြတ်ကို၊ ပုနပ္ပုနံ-ထပ်ဖန်တလဲလဲ, အမြဲမကွာ၊ ကယိရာ-မတွန့်မဆုတ်, ပြုလုပ်ရမည်သာ၊ တမှိ-နောင်တွင်ကောင်းကျိုး, ပွံ့ဖြိုးစေတတ်, ထိုကုသိုလ်မြတ်၌၊ ဆန္ဒံ-မပြုလုပ်ခင်, ပြုချင်လွန်မင်း, လိုလားနှစ်သက်ခြင်းကို၊ ကယိရာထ-ကြိုးစားလွန်စွာ, ပြုလုပ်ရမည် သာတည်း၊ (ဟိ-အကြောင်းမူကား၊) ပုညဿ-

---

ပုန= [ √ပန+အ ] ဓာတ်၏ အ-ကို ဥ-ပြု၊ ကောဏ္ဍုဘ။ သက္ကတ၌ အရ်-ပစ္စည်းသက်၍ ပုနရ်-ဟု ရှိသည်၊ ပါဠိ၌ ကျေနေသော ရ်-အစား နောက်မှာ ဒွေဘော်လာရသည်၊ အဗျ။ တစ်ဖန်၊ ပန=(ဘူ) ထုတိ သဒ္ဒေသု-ချီးမွမ်းခြင်း, အသံပြုခြင်းတို့၌၊ (ပနတိ။)

**ဆန္ဒံ=** [ √ဆန္ဒ+အ ] ဆန္ဒနံ-ဆန္ဒော၊ အလိုရှိခြင်း၊ တောင့်တခြင်း၊ ရှာမှီးခြင်း၊ ဓာန်-ဋီ၊ ၁၆၂။ ဆန္ဒ=(စု) ဣစ္ဆာယံ-အလိုရှိခြင်း၌၊ (ဆန္ဒေတိ၊ ဆန္ဒယတိ။)

**ဥစ္စယော=** [ ဥ √စိ+အ ] စိ-စယေ၊ ဥစ္စယနံ-ဥစ္စယော၊ ရူ၊ ၅၆၈။ ဆည်းပူးခြင်း၊ တိုးပွားခြင်း၊ အစုအပုံ။

ကောင်းစွာပြုလျှင်, စိတ်အစဉ်ကို, ကြည်လင်စေတတ်, ကုသိုလ်မြတ်၏၊ ဥစ္စယော–တစ်နေ့တစ်မျိုး, ဒီရေတိုးသို့, ပွားတိုးလာခြင်းသည်၊ သုခေါ–ပစ္စုပ် တမလွန်, နှစ်တန်ဘဝ, ချမ်းသာရခြင်း, အကြောင်းရင်းပေတည်း။

(မြန်မာပြန်) ကုသိုလ်ကောင်းမှု၏ တိုးပွားခြင်းသည် မျက်မှောက် တမလွန် နှစ်တန်သော ဘဝတို့၌ ချမ်းသာကို ဖြစ်စေတတ်သောကြောင့် အကယ်၍ ကုသိုလ်ကောင်းမှုကို တစ်ကြိမ်တစ်ခါ ပြုလုပ်မိပါလျှင် ယင်းကောင်းမှုကို ထပ်ကာထပ်ကာ ပြုလုပ်ရမည်၊ မပြုရသေးလျှင်လည်း ပြုလိုသောဆန္ဒကို ဖြစ်စေရမည်၊

(လင်္ကာ) ကောင်းမှုမျိုးသာ, တိုးပွားလာက, ချမ်းသာစီးပွား, လွန်တိုးပွား၏၊ အားရဖွယ်ကောင်း, ဤအကြောင်းကြောင့်, ကောင်းမှုမျိုးကို, နှစ်လိုရှုံခါ, ပြုမိပါလျှင်, ထပ်ကာယင်းမှု, ဆက်လက်ပြုသင့်, ယင်းမှုကိုပင်, ပြုချင်အာသာ, ဖြစ်စေရာ၏။

## ၄–အနာထပိဏ္ဍိကသေဋ္ဌိဝတ္ထု

၁၁၉။ ပါပေါပိ ပဿတိ ဘဒြံ , ယာဝ ပါပံ န ပစ္စတိ၊
ယဒါ စ ပစ္စတိ ပါပံ , အထ ပါပေါ ပါပါနိ ပဿတိ။
၁၂၀။ ဘဒြောပိ ပဿတိ ပါပံ , ယာဝ ဘဒြံ န ပစ္စတိ၊
ယဒါ စ ပစ္စတိ ဘဒြံ , အထ ဘဒြော ဘဒြာနိ ပဿတိ။

(အနက်) ယာဝ–အကြင်မျှလောက်ကာလပတ်လုံး၊ ပါပံ–အသစ်စီမံ, အကုသိုလ်ကံသည်၊ န ပစ္စတိ–ပစ္စုပ် တမလွန်, နှစ်တန်ဘဝ, ခွင့်ရဖြည်းနှေး, အကျိုးမပေးသေး၊ တာဝ–ထိုမျှလောက်ကာလပတ်လုံး၊ ပါပေါပိ–တရားမကြိုက်, ဒုစရိုက်ဟု, မကောင်းမှုနှင့် ယှဉ်သောသူသည်လည်း၊ (ဝါ–ယုတ်မာဆိုးဝါး, အလုပ်များကို, စိတ်ထားငြူစူ, ပြုလုပ်နေသူသည်လည်း၊) ဘဒြံ–ရှေးကံထောက်မ, ဖြစ်လာရသည့်, သုခပွားတိုး, ချမ်းသာသော အကျိုးကို၊ ပဿတိ–သာယာချမ်းမြေ့, ကြုံတွေ့နေရသေး၏၊ ယဒါ စ–ကျိုးပေးခွင့်သာ,

---

### ၁၁၉, ၁၂၀–ပဒဝိဘာဂ

**ပါပေါ**= [ ပါပ+ဏ ] ကာယဒုစ္စရိတာဒိနာ ပါပကမ္မေန ယုတ္တော–ပါပေါ၊ မကောင်းမှု အကုသိုလ်နှင့်ယှဉ်သော၊ မကောင်းမှုအကုသိုလ်ကို ပြုလုပ်နေသော–သူ၊

**ဘဒြံ**= [ √ဘဒ္ဒ+ရက် ] ဘဒ္ဒ–ကလျာဏေ ဒလောပေါ၊ ပရရူပါဘာဝေါ၊ ဘဓိယတီတိ–(မှီဝဲအပ်သောကြောင့်၊) ဘဒြံ= ကလျာဏံ၊ ကောင်းမြတ်သော၊ မောဂ်–၇၊ ၁၄၆။ နီတိ–ဓာတုမာလာ–စသည်တို့၌ ဘဒ္ဒ–ဓာတ်ကို မတွေ့ရပါ၊ န ။ ကောင်းခြင်း၊ ကောင်းသောအမှု၊ အကောင်း၊ ကုသိုလ်ကံ။

**ဘဒြော**= [ ဘဒြ +ဏ ] ကာယသုစရိတာဒိနာ ဘဒြကမ္မေန ယုတ္တော–ဘဒြော၊ ၄။ ကောင်းမှု ကုသိုလ်နှင့်ယှဉ်သော၊ ကောင်းမှုကိုပြုသော–သူ။

အကြင်အခါ၌ကား၊ ပါပံ-ပြုပြီးဆိုးညစ်, အကုသိုလ်ကံသစ်သည်၊ ပစ္စတိ-မျက်မှောက်တမလွန်, နှစ်တန်လုံးမှာ, အကျိုးပေးလာ၏၊ အထ-ကျိုးပေးလာရာ, ထိုအခါ၌၊ ပါပေါ-တရားမကြိုက်, ဒုစရိုက်ကို, နှစ်ခြိုက်ရွေးယူ, ပြုလုပ်သူသည်၊ ပါပါနိ-ယခုဘဝ, ဒုက္ခမျိုးစုံ, တွေ့ကြုံခံစား, ပါယ်လေးပါးဝယ်, ဆိုးဝါးမျိုးမျိုး, မကောင်းကျိုးတို့ကို၊ ပဿတိ-မရှောင်သာ မတိမ်းသာ, ပူဆာနွမ်းလျ, တွေ့ကြုံရလေတော့၏။

ယာဝ-အကြင်မျှလောက်ကာလပတ်လုံး၊ ဘဒြံ-အသစ်စီမံ, ကုသိုလ်ကံသည်၊ နပစ္စတိ-ခွင့်ရဖြည်းနှေး, အကျိုးမပေးသေး၊ တာဝ-ထိုမျှလောက်ကာလပတ်လုံး၊ ဘဒြောပိ-တရားဘက်လိုက်, သုစရိုက်စု, ကောင်းသောအမှုနှင့် ယှဉ်သောသူသည်လည်း၊ ( ဝါ-ကောင်းမြတ်စီးပွား, အလုပ်များကို, စိတ်ထားကြည်ဖြူ, ပြုလုပ်သူသည်လည်း၊ ) ပါပံ-ရေးကပြုကြား, ကံအများကြောင့်, ဖြစ်ပွားမျိုးမျိုး, မကောင်းကျိုးကို၊ ပဿတိ-မသက်မသာ, စိတ်မှာမအေး, ကြုံတွေ့နေရသေး၏၊ ယဒါ စ-ကျိုးပေးခွင့်သာ, အကြင်အခါ၌ကား၊ ဘဒြံ-အသစ်စီမံ, ကောင်းသောကံသည်၊ ပစ္စတိ-ကြောင်းအားလျော်စွာ, အကျိုးပေးလာတော့၏၊ အထ-အကျိုးပေးလာ, ထိုအခါ၌၊ ဘဒြော-ကောင်းမြတ်စီးပွား, အလုပ်များကို, စိတ်ထားကြည်ဖြူ, ပြုလုပ်သူသည်၊ ဘဒြာနိ-ပစ္စုပ် တမလွန်, နှစ်တန်လုံးဝယ်, ပေါကြွယ်စီးပွား, ကောင်းကျိုးများကို၊ ပဿတိ-ချမ်းသာရွှင်ပျ, တွေ့ကြုံရလေတော့၏။

**မြန်မာပြန်** ပြုလုပ်ထားသော အကုသိုလ်ကံက အကျိုးပေးခွင့် မရသေးမီ မကောင်းမှုကို ပြုလုပ်နေသူပင် ဖြစ်သော်လည်း ကောင်းကျိုးမင်္ဂလာ စီးပွားချမ်းသာတို့ကို တွေ့မြင်နေရသေး၏၊ မိမိပြုလုပ်ထားသော မကောင်းမှုများ အကျိုးပေးခွင့် ရလာသည့်အခါမှာကား ယင်းမကောင်းမှုကို ပြုလုပ်ထားသူသည် လွန်စွာဆိုးဝါး, မကောင်းသောအကျိုးများကို တွေ့ကြုံရလေတော့၏။

ပြုလုပ်ထားသော ကုသိုလ်ကံက အကျိုးပေးခွင့် မရသေးခင် ကုသိုလ်ကောင်းမှုကို ပြုလုပ်နေသူပင် ဖြစ်ပါသော်လည်း မကောင်းဆိုးဝါးသော အကျိုးတို့ကို တွေ့ကြုံနေရသေး၏၊ မိမိပြုလုပ်ထားသော ကုသိုလ်ကံများ အကျိုးပေးခွင့် ရလာသည့်အခါမှာကား ယင်းသို့ ကောင်းမှုကို ပြုလုပ်ထားသူသည် ကောင်းသောအကျိုးများကိုသာ တွေ့ကြုံရတော့သည်။

**လင်္ကာ** မကောင်းမှုများ, ပြုထားသူသာ, ဖြစ်နေပါလည်း, ပြုလာအကု, ကျိုးပေးမှုကို, မပြုမချင်း, ကောင်းခြင်းမင်္ဂလာ, တွေ့ရပါ၏၊ ချိန်ခါသင့်ရေး, ကျိုးပေးလာမူ, ဆိုးယုတ်သူကား, ကြီးထူဒုက္ခ, ကြုံတွေ့ရ၏။

ကောင်းမှုအများ, ပြုထားသူသာ, ဖြစ်နေပါလည်း, ပြုလာကောင်းမှု, ကျိုးပေးမှုကို, မပြုမချင်း, လွန်မင်းဆိုးဝါး, အကျိုးများသာ, တွေ့ရပါ၏၊ ချိန်ခါသင့်မြတ်, ကျိုးပေးလတ်သော်, ကောင်းမြတ်သူကား, ကောင်းကျိုးများသာ, တွေ့ရပါ၏။

## ၅–အသညတပရိက္ခာရဘိက္ခုဝတ္ထု

၁၂၁။ မာ၀မညေထ ပါပဿ , န မန္တံ အာဂမိဿတိ၊
ဥဒဗိန္ဒုနိပါတေန , ဥဒကုမ္ဘောပိ ပူရတိ၊
ဗာလော ပူရတိ ပါပဿ , ထောကံထောကမ္ပိ အာစိနံ။

**အနက်** မန္တံ–ငါလုပ်ခဲ့ပြန်, အနည်းငယ်သော အကုသိုလ်ကံသည်၊ (ဝါ–မပြောလောက်ပ, နည်းလှအလွန်, ငါပြုလုပ်လာသော အကုသိုလ်ကံသည်၊) န အာဂမိဿတိ–အကျိုးပေးရန်, ငါ့အထံသို့, တစ်ဖန်ပြန်ကာ, ရောက်လာလိမ့်မည်မဟုတ်၊ (ဣတိ–ဤသို့တွေးရှု, နှလုံးပြု၍၊) ပါပဿ–ပြုထားပေါင်းစု, မကောင်းမှုကို၊ မာဝမညေထ–မထီမဲ့မြင်, မအောက်မေ့ မမှတ်ထင်ရာ၊ ဥဒဗိန္ဒုနိပါတေန–မိုးရေစက်များ, ကျဖန်များသဖြင့်၊ ဥဒကုမ္ဘောပိ–အဝထက်ဖျား, ဖွင့်လှန်ထားပြီး,ရေလှောင်အိုးကြီးသော်မှလည်း၊ ပူရတိယထာ–မိုးရွာဖန်များ, ရေပြည့်သွားရသကဲ့သို့၊ ဧဝံ–ဤအတူ၊ ဗာလော–ပစ္စုပ် တမလွန်, နှစ်တန်ကျိုးမဲ့, မင့်ရယူ, မိုက်သောသူသည်၊ ထောကံထောကမ္ပိ–ကြိမ်ပေါင်းများလှ, အနည်းငယ်အနည်းငယ်မျှလည်း၊ အာစိနံ–အာစိနန္တော–တန့်ရပ်မထား, ဆည်းပူးစုဆောင်းဖန်များလတ်သော်၊ ပါပဿ–ဆိုးဝါးညစ်ကျု, မကောင်းမှုဖြင့်၊ ပူရတိ–ပြည့်နှက်၍သာ, လာရပါပေ၏။

---

### ၁၂၁–ပဒဝိဘာဂ

**အဝမညေထ**= [ အဝ √မန+ယ+ဧထ ] မထေမဲ့မြင်အောက်မေ့ရာ၏၊ အထင်အမြင်သေးရာ၏။

**မန္တံ**= [ √မဏ–ဒက် ] မဏ–ဓာတ်ကို မန်–ပြု၊ မညတေတိ–(အယုတ်အားဖြင့် သိအပ်သောကြောင့်၊) မန္တော= ဇဠော၊ မသိမလိမ္မာသူ၊ မောဂ်–၇၊ ၉၆။ မဏ=(ဘု) စာဂ ဟိံသာ သဒ္ဒေသု–စွန့်ပစ်ခြင်း, ညှဉ်းဆဲခြင်း, အသံပြုခြင်းတို့၌၊ (မဏတိ။)

[ √မဒိ+အ ] မန္ဒတိ အညာဏဘာဝေန အပ္ပသံသိတဗ္ဗမ္ပိ ပုဂ္ဂလံ ထောမေတီတိ–မန္ဒော၊ မန္ဒတိ အမောဒိတဗ္ဗဋ္ဌာနေပိ မောဒတီတိ–မန္ဒော၊ မန္ဒတိ ဒါနသီလာဒိပုညကြိယာသု ပမဇ္ဇတီတိ–မန္ဒော၊ မန္ဒတိ အတ္တနော စ ပရေသဉ္စ ဟိတာဟိတံ အစိန္တေန္တော ခါဒနီယဘောဇနီယာဒီဟိ အတ္တနော ကာယံ သန္တပ္ပေတိ ကုရုမာနော သုပတီတိ–မန္ဒော၊ မန္ဒတိ အယုတ္တံ ပရေသံ ကြိယံ ဒိဋ္ဌာနုဂတိအာပဇ္ဇနေန ဂစ္ဆတိ ဇဏာတီတိပိ–မန္ဒော= အညာဏီ၊ ပညာမဲ့သူ၊ မသိတတ်သူ၊ ထုံထိုင်းဖျင်းအသူ။

မန္ဒတိ ယုတ္တာယုတ္တံ အဇာနန္တော ဥတ္တာနသေယျံ ပရိဝတ္တနသေယျံ ဝါ သုပတီတိ–မန္ဒော= ဗာလဒါရကော၊ ကလေးသူငယ်။

အပ္ပတ္တဝါစကောပိ ပန မန္ဒသဒ္ဒေါ ဟောတိ သော ပါဠိပဒိကတ္တာ ဣဓ နာဓိပ္ပေတော။ အထဝါ= မန္ဒတိ အပ္ပဘာဝေန ဂစ္ဆတိ ပဝတ္တတီတိ–(မန္ဒောတိ၊) နိပ္ဖန္နပါဠိ ပဒိကဝသေနပိ ဂဟေတဗ္ဗော၊ နီတိ–ဓာ၊ ၉၂။ နည်းသော၊ အနည်းငယ်သော၊ မဒိ=(ဘု) ထုတိ မောဒန မဒ ဗာလျ သောပ္ပန ဂတိ ဒိတ္တိသု–ချီးမွမ်းခြင်း, ဝမ်းမြောက်ခြင်း, မေ့လျော့ခြင်း, မိုက်မဲတွေဝေခြင်း, အိပ်ငိုက်ခြင်း, သွားခြင်း, ထွန်းပတင့်တယ်ခြင်းတို့၌၊ (မန္ဒတိ။)

**အာဂမိဿတိ**= [ အာ √ဂမု+အ+ဿတိ ] ရောက်လာလတ္တံ့၊ ရောက်လာလိမ့်မည်။

(မြန်မာပြန်) ငါက မကောင်းမှုကို နည်းနည်းချင်းသာ ပြုလုပ်လာခဲ့သည်၊ အကျိုးပေးမှာ မဟုတ်ပါဘူးဟု မကောင်းမှုကို အထင်အမြင်မသေးသင့်၊ ရေစက်ရေပေါက် ကျဖန်များလျှင် ရေအိုးကြီးပင် ပြည့်လာရသကဲ့သို့ မကောင်းမှုကို အနည်းငယ် အနည်းငယ် ပြုဖန်များလျှင် လူမိုက်သည် မကောင်းမှုဖြင့် ပြည့်နေလေတော့၏။

(လင်္ကာ) မကောင်းမှုကား, ငါပြုထားလည်း, မများလှပါ, နည်းငယ်သာတည်း၊ ဘယ်မှာ ငါ့တွင်, အကျိုးထင်လိမ့်၊ သို့ထင်သေးမှု, မကောင်းမှုကို, မပြုကြရာ၊ မိုးရွာသည်လျှောက်, မိုးရေပေါက်တို့, ကျရောက်ဖန်များ, အိုးကြီးမားပင်, ပြည့်သောသွင်သို့, နည်းပင်နည်းစေ, ထပ်ပြုလေက, တွေဝေများလှ, လူ့ဗာလမှာ,မကောင်းမှုများ, ပြည့်လျှံသွား၏။

## ၆–ဗိဠာလပါဒကသေဋ္ဌိဝတ္ထု

၁၂၂။ မာဝမညေထ ပုညဿ , န မန္တံ အာဂမိဿတိ၊
ဥဒဗိန္ဒုနိပါတေန , ဥဒကုမ္ဘောပိ ပူရတိ၊
ဓီရော ပူရတိ ပုညဿ , ထောကံထောကမ္ပိ အာစိနံ။

(အနက်) မန္တံ–ငါလုပ်ထားပြန်, အနည်းငယ်မျှသော ကုသိုလ်ကံသည်၊ န အာဂမိဿတိ–ငါ၏ထံမှောက်, အကျိုးပေးသောအားဖြင့် လာရောက်လိမ့်မည်မဟုတ်၊ (ဣတိ–ဤသို့ကြံတင်, လွဲမှားဆင်ခြင်၍၊) ပုညဿ–နည်းနည်းချင်းပြု, ကုသိုလ်ကောင်းမှုကို, မာဝမညေထ–လွဲမှားဆင်ခြင်, အထင်အမြင်မသေးရာ၊ ဥဒဗိန္ဒုနိပါတေန–မိုးရေပေါက်များ, ကျဖန်များသဖြင့်၊ ဥဒကုမ္ဘောပိ–အဝထက်ဖျား, ဖွင့်လှန်ထားပြီး, ရေလှောင်အိုးကြီးသော်မှလည်း၊ ပူရတိယထာ–မိုးရွာဖန်များ, ပြည့်လျှံသွားရသကဲ့သို့၊ ဧဝံ–ပမာနှိုင်းယှ, ဤအတူသာလျှင်၊ ဓီရော–သူ့ကျိုး ကိုယ့်ကျိုး, သယ်ပိုးဆောင်ဘိ, ပညာရှိသည်၊ ထောကံထောကမ္ပိ–ကြိမ်ပေါင်းများလှ, အနည်းငယ်မျှ, အနည်းငယ်မျှလည်း၊ အာစိနံ–တန့်ရပ်မနား, ဆည်းပူးပွားများလတ်သော်၊ ပုညဿ–စိတ်အစဉ်ကို, ဖြူစင်အောင်ပြု, ကုသိုလ်ကောင်းမှုဖြင့်၊ ပူရတိ–ပြည့်နှက်၍သာ, လာရပါပေ၏။

(မြန်မာပြန်) "ငါက ကုသိုလ်ကောင်းမှုကို နည်းနည်းချင်းသာ ပြုလုပ်လာခဲ့သည်၊ အကျိုးပေးမှာ မဟုတ်ပါဘူး"ဟု ကုသိုလ်ကောင်းမှုကို အထင်အမြင်မသေးသင့်၊ ရေစက်ရေပေါက် ကျရောက်ဖန်များလျှင် အဝဖွင့်လှန်ထားသော ရေအိုးကြီးပင် ပြည့်လာရသကဲ့သို့ ကုသိုလ်ကောင်းမှုကို နည်းနည်းချင်း ပြုဖန်များလျှင် ပညာရှိသည် ကုသိုလ်ကောင်းမှုဖြင့် ပြည့်လာတော့သည်။

(လင်္ကာ) ကောင်းမှုသော်ကား, ငါပြုထားလည်း, မများလှပါ, နည်းငယ်သာတည်း၊ ဘယ်မှာ ငါ့တွင်, အကျိုးထင်လိမ့်၊ သို့ထင်သေးမှု, ကုသိုလ်စုကို, မပြုသင့်ပါ၊ မိုးရွာ

---

**ဥဒဗိန္ဒုနိပါတေန**= [ ဥဒဗိန္ဒု+နိပါတ ] ဥဒဗိန္ဒုဿ နိပါတော–ဥဒဗိန္ဒုနိပါတော၊ ရေစက်ရေပေါက်၏ ကျရောက်ခြင်း။

**ဥဒဗိန္ဒု**= [ ဥဒက+ဗိန္ဒု ] ဥဒကဿ ဗိန္ဒု–ဥဒဗိန္ဒု၊ ဥဒက–သဒ္ဒါကို ဥဒ–ပြု၊ ရေစက်ရေပေါက်၊ မောဂ်–၃၊ ၇၂။

သည်လျှောက်, မိုးရေပေါက်တို့, ကျရောက်ဖန်များ, အိုးကြီးမားပင်, ပြည့်သောသွင်သို့, နည်းပင်နည်းစေ, ထပ်ပြုလေသော်, တွေဝေကောင်းစင်, ပညာရှင်မှာ, စုဝင်ကောင်းမှု, ပေါင်းအထုကား, ပြည့်လျှံသွား၏။

## ၇–မဟာခနပါဏိဇဝတ္ထု

၁၂၃။ ဝါဏိဇောဝ ဘယံ မဂ္ဂံ , အပ္ပသတ္ထော မဟဒ္ဓနော၊
ဝိသံ ဇီဝိတုကာမောဝ , ပါပါနိ ပရိဝဇ္ဇယေ။

(အနက်) အပ္ပသတ္ထော–အတူလှည့်လည်, နည်းသောအဖော်ကုန်သည်ရှိသော၊ မဟဒ္ဓနော–ရောင်းဝယ်စရာ, များသောဥစ္စာပါရှိသော၊ ဝါဏိဇော–ပြည်နယ်ရပ်ခြား, တိုင်းတစ်ပါးသို့, သွားလာလှည့်ပတ်, ရောင်းဝယ်တတ်သောကုန်သည်သည်၊ ဘယံ–ဓားပြအုပ်လိုက်, လုယူတိုက်၍, ကြောက်ထိုက်အလွန်, ဘေးရန်ရှိနေသော၊ မဂ္ဂံ–သွားသူများဖြင့်, ပေါင်းမြက်

---

မိန္နု= [ √ဝိဒ+ကု ] ဝိဒ–လာဘေ၊ နကာရာဂမော၊ ဝဿ ဗော၊ ဝိန္ဒတျနေန နန္ဒနန္တိ–မိန္နု= ကဏိကာ၊ အနည်းငယ်၊ မောဂ်–၇၊ ၆။

[ √ဝိဒိ+ဥ ] ဝိဒိ–အဝယဝေ ဥ–မိန္နု၊ ရေစက်ရေပေါက်၊ ပု+န ။ ဓာန်–ဋီ၊ ၆၆၀။

**နိပါတ**= [ နိ √ ပတ+ဏ ] နိပတန်–နိပါတော၊ ကျရောက်ခြင်း။

**ဥဒကုမ္ဘော**= [ ဥဒက+ကုမ္ဘ ] ဥဒကဿ ကုမ္ဘော–ဥဒကုမ္ဘော၊ ရေအိုး၊ ဥဒက–ကို ဥဒ–ပြု၊ မောဂ်–၃၊ ၇၂။

**ကုမ္ဘ**= [ √ကမ+ဘ ] ကမိဿ အဿု၊ ကာမိယတီတိ–ကုမ္ဘော= ဒသမ္ဗဏမတ္တော, ဃဋော စ၊ မောဂ်–၇၊ ၁၂၉။ ဆယ်အမ္ဗဏအတိုင်းအရှည်၊ အိုး၊ ကမ=(စု) ဣစ္ဆာယံ–အလိုရှိခြင်း၌၊ (ကာမေတိ၊ ကာမယတိ။)

[က √ဥဘ+အ ] ကေန ဇလေန ဥမ္ဘီယတိ ပူရီယတီတိဝါ–ကုမ္ဘော= ဇလာသယော၊ ရေအိုင်၊ မောဂ်–၇၊ ၁၂၉။

**ပူရတိ**= [ √ပူရ+အ+တိ ] ပြည့်၏၊ ပူရ=(ဘူ+စု) ပူရဏေ–ပြည့်ခြင်း, ပြည့်စေခြင်း၌၊ (ပူရတိ၊ ပူရေတိ၊ ပူရယတိ။)

**ထောက**= [ √ထုစ+ဏ ] အနည်းငယ်သော၊ တိုတောင်းသော (အချိန်)၊ ဓာန်–ဋီ၊ ၇၀၄။ ထုစ=(ဘူ) ပသာဒေ–ကြည်လင်ခြင်း၌၊ (ထောစတိ။)

**အာစိနံ**= [ အာ √စိ+နာ+အန္တ ] အာစိနတီတိ–အာစိနန္တော၊ ဆည်းပူးသော၊ ပွားစေသော။

### ၁၂၃–ပဒဝိဘာဂ

**ဝါဏိဇော**= [ ဝဏိဇ+ဏ ] ဝဏိဇောယေဝ–ဝါဏိဇော၊ ကောတ္ထုဘာ။ ကုန်သည်၊ ကူးသန်းရောင်းဝယ်သူ။

**ဝဏိဇ**= [ √ပဏ+ဣဇ ] ပ–ကို ဝ–ပြု၊ ပဏတိ ဗျဝဟရတီတိ–ဝဏိဇော၊ ကုန်သည်၊ ကူးသန်းရောင်းဝယ်သူ၊ ကောတ္ထုဘာ။ ပဏ=(ဘူ) ဗျဝဟာရ ထုတီသု–လဲလှယ်ရောင်းဝယ်ခြင်း, ချီးမွမ်းခြင်းတို့၌၊ (ပဏတိ။)

[ √ဝဏ+ဣဇ ] ဝဏ–သဒ္ဒေ၊ ဣဇော၊ ဓာန်–ဋီ၊ ၄၆၉။ ဝဏတိ သဒ္ဒါယတီတိ- ဝဏိဇော၊ ဝဏ=(ဘူ) သဒ္ဒေ–အသံပြုခြင်း၌၊ (ဝဏတိ။)

စင်အောင်, သုတ်သင်ကြွလှမ်း, ခရီးလမ်းကို၊ ပရိဝဇ္ဇေတိက္ကာ-မကပ်မဝင်, ဖယ်ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ ဇီဝိတုကာမော-ရှရှိချမ်းသာ, အဖြာဖြာဝယ်, တွယ်တာမှီခို, အသက်ရှင်လိုသော ပုဂ္ဂိုလ်သည်၊ ဝိသံ-စားလျှင်စားချင်း, မယွင်းမချွတ်, သေစေတတ်သော အဆိပ်ကို၊ ပရိဝဇ္ဇေတိက္ကာ-အဝေးမှပင်, ဖယ်ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ ဧဝံ-ဤအတူ၊ ပဏ္ဍိတော-ပစ္စုပ် တမလွန်, နှစ်တန်ကျိုးကြောင်း, ဆိုးကောင်းမြင်သိ, ပညာရှိသည်၊ ပါပါနိ-မကြီးမကျယ်, သေးငယ်သော မကောင်းမှုတို့ကိုသော်မှလည်း၊ ပရိဝဇ္ဇယေ-မပြုဝေးစွာ, ရှောင်ကြဉ်ရာ၏။

(မြန်မာပြန်) ပစ္စည်းဥစ္စာအများအပြား သယ်ဆောင်လာသော ကုန်သည်သည် အဖော်ကုန်သည် အနည်းငယ်မျှဖြင့် ဘေးရန်များသောလမ်းကို မသွားဘဲ ရှောင်ကြဉ်သကဲ့သို့လည်းကောင်း, အသက်ရှင်လိုသူသည် လတ်တလောသေစေတတ်သော အဆိပ်ကို မစားမသောက်ဘဲ ရှောင်ကြဉ်သကဲ့သို့လည်းကောင်း, ပညာရှိပုဂ္ဂိုလ်သည် မပြောလောက်ပ အနည်းငယ်မျှသော မကောင်းမှုကိုသော်မှလည်း မပြုလုပ်ဘဲရှောင်ကြဉ်ရာ၏။

(လင်္ကာ) ဥစ္စာကြီးကျယ်, ပေါ်များကြွယ်သည့်, ရောင်းဝယ်ဖောက်ကား, ကုန်သည်ကားမူ, နည်းပါးအလွန်, ခြွေအရံဖြင့်, ဘေးရန်စုံပြွမ်း, ခရီးလမ်းကို, ဖြတ်သန်းမသွား, ဖယ်ရှောင်ရှား၏၊ လိုလားသက်ရှင်, များလူရှင်လည်း, မျိုလျှင်သေစေ, အဆိပ်တွေကို, မဖွေမရှာ, ရှောင်ကြဉ်ပါ၏၊ ပမာတူမျှ, ပဏ္ဍိတလည်း, အကုသိုလ်စု, မကောင်းမှုကို, မပြုဝေးစွာ, ရှောင်ကြဉ်ပါ၏။

---

**ဘယံ=** [ √ဘီ+ဏ ] ကြောက်ခြင်း၊ လန့်ခြင်း၊ ဘေး၊ ကြောက်အပ်သော, ကြောက်ဖွယ်ကောင်းသော-ဘေး၊ ကြောက်တတ်သော၊ ကြောက်လန့်ကြောင်းဖြစ်သော-စိတ်၊ (ဒေါသမူစိတ်။)

**အပ္ပသတ္ထော=** [အပ္ပ+သတ္ထ ] အပ္ပော သတ္ထော ယဿာတိ-အပ္ပသတ္ထော= ဝါဏိဇော၊ နည်းသော အဖော်လှည်းကုန်သည်ရှိသော= ကုန်သည်။

**သတ္ထ=** [ √သရ+ထ ] သရန္တိ ဝတ္တန္တိ အဝယဝါ ယသ္မိန္တိ-သတ္ထော၊ ထော, ရဿ တော၊ ဓာန်-ဋီ၊ ၆၃၂။ ဓာတ်တူ, မတူသော သတ္တဝါတို့၏အပေါင်း။

[ သဟ+အတ္ထ ] သဟ အတ္ထေန ဝတ္တတီတိ-သတ္ထော၊ ဝိမတိ-၁၊ ၅၇။ ခြေကုန်သည်, လှည်းကုန်သည်အပေါင်း။

**မဟဒ္ဓနော=** [ မဟန္တ+ဓန ] မဟန္တံဓနံ ဓနာနိ ယဿာတိ-မဟဒ္ဓနော၊ များသော ဥစ္စာရှိသော-သူ။

**ဝိသံ=** [ √ဝိသ+အ ] သောဏိတပထဂတံ ဝိသတိ ဒေဟန္တိ-ဝိသံ၊ ဝိသ ပဝေသနေ၊ အဆိပ်၊ ဓာန်-ဋီ၊ ၆၅၅။ ဝိသတိ ပဝိသတိ လောဟိတာနုသာရေန ဝါ သရီရေ ဗျာပတီတိ-ဝိသံ= ဂရလံ၊ အဆိပ်၊ ဓာတွတ္ထ။

**ဇီဝိတုကာမော=** [ ဇီဝိတုံ √ကမု+ဏ ] ဇီဝိတုံ ကာမေတီတိ-ဇီဝိတုကာမော၊ အသက်ရှင်ခြင်းငှာ အလိုရှိသော၊ အသက်ရှင်လိုသော။

**ပရိဝဇ္ဇယေ=** [ ပရိ √ဝဇ္ဇ+ဏယ+ဧယျ ] ရှောင်ကြဉ်ရာ၏။

## ၈-ကုက္ကုဋမိတ္တနေသာဒဝတ္ထု

၁၂၄။ ပါဏိမှိ စေ ဝဏော နာဿ , ဟရေယျ ပါဏိနာ ဝိသံ၊
နာဗ္ဗဏံ ဝိသမန္ဝေတိ , နတ္ထိ ပါပံ အကုဗ္ဗတော။

**အနက်** ပါဏိမှိ-ပစ္စည်းအများ, ဖောက်ကားရောင်းဝယ်, ကိုင်တွယ်ယူငင်, လက်ဝါးပြင်၌၊ ဝဏော-ကိုယ်ခန္ဓာရပ်, ဖျက်တတ်လှပါ, တစ်စုံတစ်ခုသော အနာသည်၊ စေ န အဿ-အကယ်ထင်ရှား, မရှိငြားအံ့၊ ဧဝံ-အနာကင်းလွတ်, ဤသို့မရှိလတ်သော်၊ ပါဏိနာ-ရှုနမထင်, အနာမရှိသော လက်ဝါးပြင်ဖြင့်၊ ဝိသံ-အနာရှိလျှင်, စိမ့်ဝင်တတ်သော အဆိပ်ကို၊ ဟရေယျ-ကိုင်တွယ်လျက်သာ, ဆောင်ယူနိုင်ရာ၏၊ အဗ္ဗဏံ-အနာကင်းစင်, လက်ဝါးပြင်ကို၊ ဝိသံ-အဆိပ်သည်၊ န အန္ဝေတိ-အတွင်းစိမ့်ဝင်, အစဉ်မလိုက်နိုင်ပေ၊ (ဧဝမေဝ-ပမာနှိုင်းယူ, ဤအတူသာလျှင်၊) အကုဗ္ဗတော-အကုသိုလ်စေတနာ, မရှိပါ၍, စိတ်မှာစင်ဖြူ, လုပ်ရာမရောက်သူ၏၊ ပါပံ-ယုတ်မာညစ်ကျူ,မကောင်းမှုသည်, နတ္ထိ-အကယ်တိတိ, မရှိနိုင် တော့ပေ။

**မြန်မာပြန်** လက်မှာ အနာမရှိပါလျှင် လက်ဖြင့် အဆိပ်ကို ကိုင်စေကာမူ ထိုလက်မှ လျှောက်ကာ, အဆိပ်မတက်နိုင်သကဲ့သို့ အကုသိုလ်စေတနာ မရှိပါလျှင် မကောင်းမှု ပြုမိသော်လည်း ပြုရာမရောက်၊ အပြစ်လည်း မရှိနိုင်ပေ။

**လင်္ကာ** လက်မှာအနာ, မရှိပါလျှင်, ပြင်းစွာဆိပ်များ, ကိုင်ဆောင်ငြားလည်း, ကိုင်ထား ထိုလက်, ဆိပ်မတက်သို့, ဖျက်လိုစိတ်သာ, မရှိပါလျှင်, ······· ဘယ်မှာအကု ဖြစ်မည်နည်း။

## ၉-ကောကသုနခလုဒ္ဒကဝတ္ထု

၁၂၅။ ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ , သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ၊
တမေဝ ဗာလံ ပစ္စေတိ ပါပံ , သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။

---

### ၁၂၄-ပဒဝိဘာဂ

**ပါဏိမှိ=** [ √ပဏ+ဏ္ဏဏ် ] ပဏ-ဗျဝဟာရ ထုတိသု၊ ပဏတိ ဝေါဟရတီတိ-ပါဏိ၊ ပဏတိ ဝေါဟရတိ ဧတေနာတိ ဝါ-ပါဏိ= ကရော၊ လက်၊ မောဂ်-၇၊ ၁၀။
[ √ပါ+ဏိ ] ပါ-ရက္ခဏေ ဝါ ဏိ၊ ဓာန်-ဋီ၊ ၂၆၅။

**ဝဏော=** [ √ဝဏ+အ ] သရီရံ ဝဏယတိ ဝိစုဏ္ဏေတိ ဆိဒ္ဒါဝဆိဒ္ဒံ ကရောတီတိ-ဝဏော= အရု၊ အနာ၊ ပု+န ။ အိုင်းအမာ၊ နီတိ-ဓာ၊ ၃၀၄။ ဝဏ=(စု) ဂတ္တဝိစုဏ္ဏနေ-ကိုယ်အင်္ဂါကို မှုန့်မှုန့်ညက်ညက် ဖျက်ဆီးခြင်း၌ (ဝဏေတိ၊ ဝဏယတိ။)

**ဟရေယျ=** [ ဟရ+အ+ဧယျ ] အ-ပစ္စည်းကို ချေ၍ ရ-ကို ဧ-သို့ကပ်။

**အဗ္ဗဏံ=** [ န+ဝဏ ] နတ္ထိ ဝဏော ယသ္မိံ န္တိ-အဗ္ဗဏော၊ အနာမရှိသော။

### ၁၂၅-ပဒဝိဘာဂ

**အပ္ပဒုဋ္ဌဿ=** [ န+ပဒုဋ္ဌ ] န ပဒုဋ္ဌော-အပ္ပဒုဋ္ဌော၊ မပြစ်မှားတတ်သော၊ မဖျက်ဆီးအပ်သော၊ မနှောင့်ယှက်အပ်သော။

**အနက်** ယော-သိဉ္စဏ်ကင်းကွာ, အကြင်မလိမ္မာသောသူသည်၊ အနင်္ဂဏဿ-ယုတ်ညံ့သေးသိမ်, မေးမှိန်အောက်ကျ, ရောက်ရကြောင်းရင်း, ကိလေသာကင်းပြီးသော၊ ဝါ-ယုတ်ညံ့သေးသိမ်, မေးမှိန်အောက်ကျ, ရောက်ရကြောင်းရင်း, ကိလေသာကင်းပြီးသည်ဖြစ်၍၊ သုဒ္ဓဿ-ယုတ်မာဆိုးညစ်, အပြစ်မတွယ်, စင်ကြယ်သော၊ ဝါ-ယုတ်မာဆိုးညစ်, အပြစ်မတွယ်, စင်ကြယ်သည်ဖြစ်၍၊ အပ္ပဒုဋ္ဌဿ-ပြစ်မှားဖို့ရန်, မထိုက်တန်သော၊ ပေါသဿ-ဝတ်စားဆက်လှူ, မွေးမြူပူဇော်ထိုက်သော၊ နရဿ-ကောင်းရာရောက်အောင်, ပို့ဆောင်တတ်ပြန်, ပုဂ္ဂိုလ်မွန်အား၊ ဒုဿတိ-ဆိုးယုတ်စိတ်ထား, ကိုယ်နှုတ်တို့ဖြင့် ပြစ်မှားအံ့၊ တမေဝ ဗာလံ-သိဉ္စဏ်ကင်းကွာ, ထိုမလိမ္မာသူသို့သာလျှင်၊ ပါပံ-ပြစ်မှားပြုစု, မကောင်းမှုသည်၊ ပဋိဝါတံ-လေပြင်းတိုက်ခါ, ထက်လေညာသို့၊ ခိတ္တော-သူ့ထံရောက်ရန်, ဒေါသထန်၍, လျင်မြန်ကော်ခပ်, ပစ်လွှင့်အပ်သော၊ သုခုမော ရဇော ဣဝ-ထိလျှင်မလွတ်, စွဲငြိတတ်၍, ညစ်ပတ်အောင်ပြု, မြူမှုန်နုကဲ့သို့၊ ပစ္စေတိ-မကောင်းအကျိုး, ဆောင်သယ်ပိုးကာ, ပြန်ရောက်လာ၏။

**မြန်မာပြန်** လေဆန်ပစ်လွှင့်လိုက်သောမြူမှုန်နုသည် ပစ်လွှင့်သူအပေါ်သို့သာ ပြန်ကျလာသကဲ့သို့ ကိလေသာကင်း၍ အပြစ်မှ စင်ကြယ်သည့်အတွက် မပြစ်မှားထိုက်သော ပုဂ္ဂိုလ်အား ပြစ်မှားလျှင် ထိုအပြစ်သည် ပြစ်မှားသူ ထံသို့သာ မကောင်းကျိုးအနေဖြင့် ပြန်ရောက်လာ၏။

**လင်္ကာ** လေဆန်ပစ်မှု, မြူမှုန်နုသည်, ပစ်သူ့ထံသာ, ပြန်ကျလာသို့, ကိလေသာကင်း, လွှန်သန့်ရှင်း၍, မှားယွင်းမတန်, ပုဂ္ဂိုလ်မွန်ကို, ကျူးလွန်ပြစ်မှား, အပြစ်များသည်, ပြစ်မှားကျူးလွန်, ပြုသူထံသာ, ကျိုးပြန်လာ၏။

---

**ပဒုဋ္ဌ=** [ ပ √ဒုသ+တ ] ပဒုဿိယတီတိ-ပဒုဋ္ဌော၊ ဖျက်ဆီးအပ်သော၊ အမျက်ထွက်သော၊ စိတ်ဆိုးသော၊ ပဒုဿတီတိ-ပဒုဋ္ဌော၊ ဖျက်ဆီးတတ်သော၊ ပြစ်မှားတတ်သော။

**ဒုဿတိ=** [ √ဒုသ+ယ+တိ ] ပြစ်မှား၏၊ ဖျက်ဆီး၏၊ ပျက်စီး၏။

**သုဒ္ဓဿ=** [ √သုဓ+တ ] သုဇ္ဈတီတိ-သုဒ္ဓေါ၊ စင်ကြယ်သော၊ အပြစ်ကင်းသော၊ သီးသန့်ဖြစ်သော။

**အနင်္ဂဏဿ=** [ န+အင်္ဂဏ ] နတ္ထိ အင်္ဂဏာနိ ယဿာတိ-အနင်္ဂဏော၊ ကိလေသာအညစ်အကြေးမရှိသော-သူ။

**အင်္ဂဏ=** [ √အင်္ဂ+ယု ] အင်္ဂန္တိ ဧတေဟိ တံသမင်္ဂိပုဂ္ဂလာ နိဟီနဘာဝံ ဂစ္ဆန္တီတိ-အင်္ဂဏာနိ= ရာဂါဒယော၊ မဇ်-ဋီ-၁၊ ၂၄၅။ ရာဂစသော ကိလေသာအညစ်အကြေး။

**ပစ္စေတိ=** [ ပတိ √ဣ+အ+တိ ] ပြန်လာ၏၊ ရ၏၊ ရောက်၏၊ ကပ်ရောက်၏၊ ယုံကြည်၏၊ ထင်မှတ်၏၊ သိ၏၊ နှစ်သက်၏၊ ဝန်ခံ၏။

**သုခုမော=** [ √သုခ+ကုမ ] သုခယတီတိ-သုခုမံ= အဏု၊ သိမ်မွေ့သော၊ ငယ်သော၊ မောဂ်-၇၊ ၁၃၀။

**ရဇော=** [ √ရဉ္ဇ+အ ] ရဉ္ဇ-ရာဂေ၊ ရဇော မနောဂဏောပိ နပုံသကေ၊ ဓာန်-ဋီ၊ ၃၉၅။ ရဇ္ဇတီတိ-ရဇော၊ မြူမှုန်။

## ၁၀–မဏိကာရကုလူပကတိဿဝတ္ထုရဝတ္ထု

၁၂၆။ ဂဗ္ဘမေကေ ဥပ္ပဇ္ဇန္တိ , နိရယံ ပါပကမ္မိနော၊
သဂ္ဂံ သုဂတိနော ယန္တိ , ပရိနိဗ္ဗန္တိ အနာသဝါ။

(အနက်) ဧကေ–ကြီးကြာတည်းဟူ, အချို့သူတို့သည်၊ ဂဗ္ဘံ–လူမိန်းမဝမ်း, သားအိမ်ခန်း၌၊ ဥပ္ပဇ္ဇန္တိ–တည်လာသန္ဓေ, ဖြစ်နေကြရကုန်၏၊ ပါပကမ္မိနော–သီလသန့်စင်, ရဟန်း ရှင်ကို, ထင်မြင်လွဲလျက်, ရိုက်နှက်ထောင်းထု, မကောင်းမှုပြုသူတို့သည်၊ နိရယံ–ချမ်းသာ ကင်းကွာ, ငရဲရွာ၌၊ ဥပ္ပဇ္ဇန္တိ–ကိုယ်ပြုစိမံ, ကိုယ့်ကြောင်းကံကြောင့်, အမှန်မသွေ, ဖြစ်နေ ကြရကုန်၏၊ သုဂတိနော–မထေရ်ပေါ်တွင်, ကြည်လင်စိတ်ထား, ကောင်းသော အလား ရှိသူတို့သည်၊ သဂ္ဂံ–ငါးပါးအာရုံ, ကာမဂုဏ်တို့, ပြည့်စုံဖြိုးစည်, နတ်တို့ပြည်သို့၊ ယန္တိ–ကိုယ့်ကံအလျောက်, လားရောက်ကြရကုန်၏၊ အနာသဝါ–အာသဝေါကင်းကွာ, ရဟန္တာအရှင်မြတ်တို့သည်၊ ပရိနိဗ္ဗန္တိ–ခန္ဓာဝန်သိမ်း, အေးငြိမ်းကြရကုန်၏။

---

### ၁၂၆–ပဒဝိဘာဂ

**ဂဗ္ဘံ**= [ √ဂရ+ဘ ] ဂရတိ ဗဟိနိက္ခမနဝသေန သိဥ္စတီတိ–ဂဗ္ဘော= ပသဝေါ, သြဝရကောစ၊ သားငယ်၊ (ကိုယ်ဝန်သူငယ်၊) တိုက်ခန်း၊ မောဂ်–၇၊ ၁၂၈။ ပု ။ ဂရ=(ဘူ) သေစနေ–သွန်းလောင်းခြင်း၌လည်းကောင်း၊ ဝမနေ–ပျို့အန်ခြင်း၌လည်းကောင်း၊ ဥဂ္ဂမေ–ကျော်စော ခြင်း၌လည်းကောင်း၊ ဥယျာမေစ–အားထုတ်ခြင်း၌လည်းကောင်း၊ (ဂရတိ။)

[ √ဂု+အဘ ] ဂု–သဒ္ဒေ၊ အဘော၊ ဒိတ္တာဒိ ဂဗ္ဘော၊ ဓာန်–ဋီ၊ ၂၇၁။ ဝမ်းတွင်း၊ ဝမ်းတိုက်၊ ဂု=(ဘူ) သဒ္ဒ ကရိသုဿဂ္ဂ ဥဂ္ဂမေသု–အသံပြုခြင်း, ကျင်ကြီးစွန့်ခြင်း, ပျံတက်ကျော်စောခြင်းတို့၌၊ (ဂဝတိ။)

[ √ဂဗ္ဘ+အ ] ဂဗ္ဘတိ အတ္တဘာဝဘာဝေန ပဝတ္တတီတိ–ဂဗ္ဘော= ကလလာဒိ အဝတ္ထော ဓမ္မပဗန္ဓော၊ ကိုယ်ဝန်၊ ဂဗ္ဘတိ ဓာရေတီတိ–ဂဗ္ဘော၊ သားအိမ်တိုက်ခန်း၊ ဂဗ္ဘ=(ဘူ) ပါဂဗ္ဘိယေ–ကြမ်းကြုတ်ခြင်း၌လည်းကောင်း၊ ဟိံသာယံ–ညှဉ်းဆဲ ခြင်း၌လည်းကောင်း၊ ဓာရဏေ–ဆောင်ခြင်း၌လည်းကောင်း၊ (ဂဗ္ဘတိ။)

[ √ဂသ+ဘ ] ဂသ–ဂမနေ၊ ဘော၊ သဿ ဗော၊ ဓာန်–ဋီ၊ ၂၁၄။ တိုက်ခန်း။

**ဧကေ**= [ √ဣ+ဏ္ဍု ] ဣ–ဂတိယံ ဏ္ဍု ဣဿေ အလောပေါစ–ဧကော၊ [ဧက+က ] သဒိသ ရဟိတတာယ ဝါ ဧကီဘာဝေ တိဋ္ဌတီတိ–ဧကော၊ ကော၊ မြတ်သော၊ ပြဋ္ဌာန်းသော၊ တစ်ခုသော၊ တူသော၊ မတူသော၊ အခြားသော၊ ဓာန်–ဋီ၊ ၆၉၆။

[ √ဣ+က ] ဣ–အဇ္ဈေန ဂတိသု၊ ဧတိ ပဝတ္တတီတိ–ဧကော= အသဟာယော၊ အဖော်ကင်းမဲ့သော၊ သင်္ချာနာမ်၊ အညအနက်၌ ဝုစ်နှစ်ပါး၊ သင်္ချာ တုလျ အတုလျ အသဟာယ အနက်တို့၌ ဧကဝုစ်သာ။

**ဥပ္ပဇ္ဇန္တိ**= [ဥ √ပဒ+ယ+အန္တိ ] ဖြစ်ကုန်၏၊ ရူ၊ ၅၁၁။

**နိရယံ**= [နိ+အယ ] အယော ဣဋ္ဌဖလံ နိဂ္ဂတော အသ္မာတိ–နိရယော၊ ငရဲ၊ ဓာန်–ဋီ၊ ၆၅၇။

[ နိ+ရယ ] နိန္နိတော ရယော ဂမနံ ဧတ္ထာတိ ဝါ–နိရယော၊ ၄င်း။

**အယ**= [ √အယ+အ ] ပုညတော အယတိ ဂစ္ဆတိ ပဝတ္တတီတိ–အယော၊ ပုညကာရိဟိ

(မြန်မာပြန်) အချို့သူတို့သည် လူ့မိခင်ဝယ်, သန္ဓေတည်နေကြကုန်၏၊ မကောင်းမှုကို ပြုသူတို့သည် ငရဲ၌ဖြစ်ကြရကုန်၏၊ အသိအလိမ္မာ ဉာဏ်ပညာရှိသူတို့သည် နတ်ပြည်သို့ လားရောက်ကြရကုန်၏၊ အာသဝေါကင်းကွာ, ရဟန္တာ အရှင်မြတ်တို့သည် ပရိနိဗ္ဗာန် စံလွန်ကြရကုန်၏။

(လင်္ကာ) (သို့သာဖြစ်မှု, ပုဂ္ဂိုလ်စုတွင်,) တစ်ခုသူမှာ, မိကြာတိုက်ဝယ်, သန္ဓေတွယ်၏၊ မဖွယ်ပြုမှု, တစ်ဦးသူကား, ငရဲလား၏၊ စိတ်ထားဖြောင့်သူ, တစ်ဦးမူကား, နတ်ရွာလား၏၊ သူ့အားငဲ့ညာ, ရဟန်းမှာကား, အာသဝစင်, နိဗ္ဗာန်ဝင်၏။

## ၁၁-တယောဇနဝတ္ထု

၁၂၇။ န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ , န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ၊
န ဝိဇ္ဇတီ သော ဇဂတိပ္ပဒေသော , ယတ္ထဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။

(အနက်) အန္တလိက္ခေ-ထိုထိုဝတ္ထု, ကွဲပြားမှုကို, ကြည့်ရှုထင်မြင်, ထက်ကောင်းကင်၌၊ ဌိတော (သမာနောပိ)-ပျံသန်းသွားလာ, တည်နေပါသော်လည်း၊ ပါပကမ္မာ-ပြုထားစီမံ, အကုသိုလ်ကံစု, ကျိုးပေးမှုမှ၊ န မုစ္စေယျ-ကိုယ်ပြုစီမံ, ကိုယ်သာခံရ, သဘာ

---

အယိတဗ္ဗော ဂန္တဗ္ဗောတိ ဝါ-အယော= သုခ သောမနဿဝေဒနာ။ ပု ။
ရယ= [ √ရယ+အ ] ရယနံ ဂမနံ-ရယော၊ သွားခြင်း၊ လျင်မြန်ခြင်း၊ ရယ=(ဘူ) ဂတိယံ-သွားခြင်း၌၊ (ရယတိ။)
**ပါပကမ္မိနော=** [ ပါပကမ္မ+ဤ ] ပါပကမ္မာနိ ယေသံ အတ္ထီတိ-ပါပကမ္မိနော၊ အကုသိုလ်ကံရှိသူတို့။
**ပါပကမ္မ=** [ပါပ+ကမ္မ] ပါပါနိ စ တာနိ ကမ္မာနိစာတိ-ပါပကမ္မာနိ၊ အကုသိုလ်ကံတို့။
**သဂ္ဂ=** [သု+အဂ္ဂ] ရူပါဒိဝိသယေဟိ သုဋ္ဌု အဂ္ဂေါတိ-သဂ္ဂေါ၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်။
**သုဂတိနော=** [သု+ဂတိ] သောဘနာ ဂတိ ယေသန္တိ-သုဂတိနော၊ ဣကာရန္တ ပုံလိင်၊ ဣတောညတ္ထေသု ပုမေ-ဟူသော မောဂ္ဂလာန်သုတ်ဖြင့် ပထမာယော-ကို နော-ပြု၊ အသိအလိမ္မာ ဉာဏ်ပညာရှိသူ၊ ကောင်းသော(တင့်တယ်သော) အလိုဆန္ဒဖြစ်ခြင်း ရှိသူ၊ ကောင်းသော အသိအလိမ္မာ ဉာဏ်ပညာရှိသူတို့။
**ဂတိ=** [ √ဂမု+တိ ] ဂမတိ ယထာသဘာဝံ ဇာနာတီတိ-ဂတိ= ပညာ၊ အသိအလိမ္မာ ဉာဏ်ပညာ၊ သီ-ဋီ-သစ်-၂၊ ၂၂၉။ သုကတဒုက္ကတကမ္မဝသေန ဂန္တဗ္ဗာတိ-ဂတိယော၊ မဓိ-၅-၁၊ ၃၄၁။ လားရောက်အပ်သောဘုံ, ဘဝ၊ လားရာ၊ တည်ရာ၊ အားကိုးရာ။
**ယန္တိ=** [ယာ+အ+အန္တိ ] သွားကုန်၏၊ ရောက်ကုန်၏။
**ပရိနိဗ္ဗန္တိ=** [ပရိ+နိ √ဝါ+အ+အန္တိ ] ပရိနိဗ္ဗာန် စံလွန်ကုန်၏။

## ၁၂၇-ပဒဝိဘာဂ

**အန္တလိက္ခေ=** [ အန္တ ရ √ဣက္ခ+အ ] တေသံတေသံ ဝတ္ထုနံ အန္တ ရံ နာနတ္တံ ဣက္ခတေ လောကော ဧတ္ထ, အနေနာတိ ဝါ-အန္တလိက္ခံ၊ ရဿ လော။
[အန္တ ရ+ဣက္ခာ ] ဣက္ခနံ ဝါ ဒဿနံ-ဣက္ခာ၊ တဿာ အန္တ ရံ ကာရဏံ အန္တလိက္ခံ၊ ဓာန်-ဋီ၊ ၄၅။ ကောင်းကင်၊ န ။

ဝမို့, မုချပိုင်ပိုင်, မလွတ်နိုင်ရာ၊ သမုဒ္ဒမဇ္ဈေ-ငါးမကရ်းများ, ပျော်ပါးကြရာ, လွန်စွာနက်ကျယ်, သမုဒ္ဒရာအလယ်၌၊ ဌိတော (သမာနောပိ)-ငုပ်လျှိုးသွားလာ, တည်နေပါသော်လည်း၊ ပါပကမ္မာ-ပြုထားစီမံ,အကုသိုလ်ကံစု,ကျိုးပေးမှုမှ၊ န မုစ္စေယျ-ကိုယ်ပြုကံကျိုး, ကိုယ်ခံရိုးမို့, လွှမ်းမိုးမပိုင်, မလွတ်နိုင်လေရာ၊ ပဗ္ဗတာနံ ဝိဝရံ-ဆစ်ဖုလျှိုမြောင်, များမြောင်ရှိငြား, တောင်တို့၏အကြားသို့၊ ပဝိဿ-လွတ်နိုးတွေးထင်, ခိုကိုးဝင်၍၊ ဌိတော (သမာနောပိ)-ပုန်းအောင်းခိုကာ, တည်နေပါသော်လည်း၊ ပါပကမ္မာ-ပြုထားထိုထို, အကုသိုလ်စု, ကျိုးပေးမှုမှ၊ န မုစ္စေယျ-ခိုကိုးမပိုင်, မလွတ်နိုင်လေရာ၊ ယတ္ထ-အရှေ့အနောက်, တောင် မြောက်သတ်မှတ်, အကြင်မြေအရပ်၌၊ ဌိတော-တည်နေသောသူသည်၊ ပါပကမ္မာ-ကိုယ်ကလွဲမှား, လုပ်ထားအားကြိုး, အကုသိုလ်ကံ၏အကျိုးမှ၊ မုစ္စေယျ-ရှောင်လွှဲပယ်ခွာ, လွတ်နိုင်ရာ၏၊ သော ဇဂတိပ္ပဒေသော-အရှေ့အနောက်, တောင်မြောက်သတ်မှတ်, မကောင်းမှုမှ လွတ်မြောက်နိုင်ရာ ထိုမြေအရပ်သည်၊ န ဝိဇ္ဇတိ-သားမြီးတစ်ပင်, ဆံမျှင်ဖျားမျှ, တွေ့ရစရာ, မရှိပါပေ။

**မြန်မာပြန်** မကောင်းမှုအကုသိုလ်ကံ၏ အကျိုးမှ ကောင်းကင်၌ တည်နေသူလည်း မလွတ်၊ သမုဒ္ဒရာအလယ်၌ တည်နေသူလည်းမလွတ်၊ တောင်ခေါင်းထဲသို့ ဝင်နေသူလည်း မလွတ်၊ မကောင်းမှုအကုသိုလ်ကံ၏ အကျိုးမှ လွတ်မြောက်ရာမြေအရပ်ကား တစ်ဆံဖျားမျှပင် မရှိချေ။

---

[ အန္တရ √ဣက္ခ+အ ] အန္တရေန ဆိဒ္ဒေန ဣက္ခိတဗ္ဗောတိ-အန္တလိက္ခော၊ ပါစိတ်-ယော၊ ၅၁။

**အန္တရ**= [ √အတိ+အရ ] အတိ-ဗန္ဓနေ အရော၊ ဓာန်-ဋီ၊ ၇၇၁။ အတွင်း၊ အလယ်၊ အကြား၊ အတိ=(ဘု) ဗန္ဓနေ-ဖွဲ့စည်းခြင်း၌၊ (အန္တတိ။)

[ အန္တ √ရာ+တ ] အန္တံ ရာတိ ဒဒါတီတိ၊ ဝါစပ္ပတိ။

**သမုဒ္ဒမဇ္ဈေ**= [သမုဒ္ဒ+မဇ္ဈ] သမုဒ္ဒဿ မဇ္ဈံ-သမုဒ္ဒမဇ္ဈံ၊ သမုဒ္ဒရာအလယ်၊ န ။

**သမုဒ္ဒ**= [သံ √ဥဒိ+ဒ ] အတ္တာနိ သန္ဓိဿိတာနံ မစ္ဆမကရာနံ ပီတိသောမနဿံ ဥန္ဒတိ ပဿဝတိ ဇနေတီတိ-သမုဒ္ဒေါ၊ ကစ္စည်း၊ ၆၆၁။ ကစ္စည်း၌ ဥဒ-ဟု ပါ၌ပျက်နေသည်၊ သမုဒ္ဒေါတိ-သံပုဗ္ဗဿ ဥဒိ-ပဿဝန ခေပနေသု-စသည်ဖြင့် နျာသ၌ ပြဆိုထားသည်၊ ရှု၊ ၆၇၁-ကိုလည်းရှုပါ။

[သမ+ဥဒက ] သမံ ဥဒကေန လောဏံ ဇတ္တာတိ-သမုဒ္ဒေါ၊ နီတိ-ဓာ၊ ၃၅၇။

**သမ**= [ √သမု+အ ] အတူတကွ၊ တူညီသော၊ ညီညာသော၊ ငြိမ်းအေးစေသော။

**မဇ္ဈ**= [ √မဇ+ဈ ] မဇ-သုဒ္ဓိယံ ဈော၊ ဓာန်-ဋီ၊ ၇၆၇။ အလယ်၊ အကြား၊ အလယ်ပစ္စုပ္ပန်ခန္ဓာ၊ မဇ=(ဘု) သံသုဒ္ဓိယံ-စင်ကြယ်ခြင်း၌၊ (မဇတိ။)

**ဝိဝရံ**= [ဝိ+ဝရ] ဝိဂတော ဝရော ဝါရဏံ အဿ-ဝိဝရံ၊ ဓာန်-ဋီ၊ ၆၄၉။ အပေါက်အခေါင်း၊ ပု+န ။

**ဝရ**= [ √ဝရ+အ ] ဝရ-အာဝရဏေ ဝရော၊ ဓာန်-ဋီ၊ ၇၆၂။ ရစ်ပတ်ခြင်း၊ ဆည်းကပ်ခြင်း၊ ပိတ်ဆို့တားဆီးခြင်း။

(လက်) မကောင်းမှုပင်, ပြုခဲ့လျှင်ကား, ကောင်းကင်ပျံတက်, လယ်ချက်သမုဒ္ဒရာ, တစ်ဖြာတောင်ခေါင်း, ခိုဝင်အောင်းလည်း, မကောင်းကျိုးမှ, မလွတ်ရတည်း၊ လောကတစ်ခွင်, ဘုံအပြင်ဝယ်, များဖြင်လွန်ဆိုး, မကောင်းကျိုးမှ, ပုန်းလျှိုးလွတ်ရ, ရပ်ဒေသမှာ, မရှိပါတည်း။

## ၁၂-သုပ္ပဗုဒ္ဓသကျဝတ္ထု

၁၂၈။ န အန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ , န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ၊
န ဝိဇ္ဇတိ သော ဇဂတိပ္ပဒေသော , ယတ္ထဋ္ဌိတံ နပ္ပသဟေယျ မစ္စု။

(အနက်) အန္တလိက္ခေ-ရှုမြင်ကြောင်းရင်း, ဟင်းလင်းအပြင်, ထက်ကောင်းကင်၌၊ ဌိတော သမာနောပိ-ပျံသန်းသွားလာ, တည်နေပါသော်လည်း၊ မစ္စုနော-ဓိဝိန်ကွာကင်း, သေရခြင်းမှ၊ န မုစ္စေယျ-ဖြစ်ကပျက်ရ, သဘာဝမို့, မုချပိုင်ပိုင်, မလွတ်နိုင်လေရာ၊ သမုဒ္ဒမဇ္ဈေ-ရေနှင့်ညီမျှ, ဆားရှိရ၍, နက်လှပြောကျယ်, သမုဒ္ဒရာအလယ်၌၊ ဌိတော သမာနောပိ-ငုပ်လျှိုးဝင်ကာ, တည်နေပါသော်လည်း၊ မစ္စုနော-ရုပ်နာမ်နှစ်ထွေ, ဣန္ဒြေပြတ်ကင်း, သေရခြင်းမှ၊ န မုစ္စေယျ-ရှောင်လွှဲပိုင်ပိုင်, မလွတ်နိုင်ရာ၊ ပဗ္ဗတာနံ ဝိဝရံ-ဆစ်ဖုလျှိုမြောင်, တောသာခေါင်နှင့်, လိုဏ်ချောင်ပေါ်များ, တောင်တို့၏အကြားသို့၊ ပဝိဿ-လွတ်နိုးတွေးထင်, ခိုကိုးဝင်၍၊ ဌိတော သမာနောပိ-ပုန်းခိုအောင်းကာ, တည်နေပါသော်လည်း၊ မစ္စုနော-ရုပ်ဇီဝိတ, နာမ်ဇီဝိတ,နှစ်ဝပျက်ကြေ, ဣန္ဒြေယိုယွင်း, သေရခြင်းမှ၊ န မုစ္စေယျ-ဇာတိရှိက, မရဏမှာ, ဖြစ်မြဲသာမို့, ကောင်းစွာပိုင်ပိုင်, မလွတ်နိုင်လေရာ၊ ယတ္ထ-အရှေ့အနောက်, တောင်မြောက်သတ်မှတ်, အကြင်မြေအရပ်၌၊ ဌိတံ-ပြေးထွက်ပြုမူ, တည်နေသူကို၊ (မစ္စု-ဓိဝိန်ယိုယွင်း, သေရခြင်းသည်၊) နပ္ပသဟေယျ-လွှမ်းမိုးဖိစီး, မဖျက်ဆီးနိုင်ရာ၊ သော ဇဂတိပ္ပဒေသော-အရှေ့အနောက်, တောင်မြောက်သတ်မှတ်, သေရခြင်းမှလွတ်သော ထိုမြေအရပ်သည်၊ န ဝိဇ္ဇတိ-သားမြီးတစ်ပင်, ဆံတစ်ပင်ဖျား, ထိနားရုံပင်, တွေ့မြင်ကင်းဘိ, မရှိတော့သည်သာတည်း။ [ ဌိတောနှင့်မစ္စုနောကား ဝိဘတ်ပြင်လိုက်ထားသည်။ ]

---

ပဝိဿ= [ပ √ဝိသ+တွာ] ဝင်၍၊ နိရုတ္တိ၊ ၅၀၉။

ဇဂတိပ္ပဒေသော= [ဇဂတီ+ပဒေသ] ဇဂတိယာ ပဒေသော-ဇဂတိပ္ပဒေသော၊ မြေအရပ်။

ဇဂတီ= [√ဂမု+အန္တ+ဤ] ဂမု-ဂမနေ၊ ဂစ္ဆန္တီ့သဿ-ဇဂတီ၊ အန္တပစ္စယော၊ ဂဿ ဒွိတ္တံ ဇတ္တဉ္စ၊ နလောပေါ၊ နဒါဒိ၊ ဓာန်-ဋီ၊ ၁၈၁။ မြေ။

ပဒေသ= [ပ √ဒိသ+ဏ] ပဒိဿတေတိ-(ညွှန်ပြအပ်သောကြောင့်၊) ပဒေသော၊ အရပ်၊ ရပ်ကွက်၊ နယ်ပယ်၊ အစိတ်၊ တစ်စိတ်တစ်ဒေသ။

ဌိတော= [ √ဌာ+တ] အဋ္ဌာသီတိ-ဌိတော၊ ရပ်တည်နေသော၊ နိရုတ္တိ၊ ၄၈၀။

မုစ္စေယျ= [ √မုစ+ယ+ဧယျ] လွတ်ရာ၏။

၁၂၈-ပဒဝိဘာဂ

ပသဟေယျ= [ပ √သဟ+အ+ဧယျ] နှိပ်စက်ညှဉ်းဆဲရာ၏၊ ဖိစီးရာ၏၊ နိုင်ထက်မူရာ၏။

(မြန်မာပြန်) သေရခြင်းမှ ကောင်းကင်၌ တည်နေသူလည်း မလွတ်၊ သမုဒ္ဒရာအလယ်၌ နေသူလည်း မလွတ်၊ တောင်ခေါင်းထဲသို့ ဝင်နေသူလည်း မလွတ်၊ သေရခြင်းမှ လွတ်မြောက်ရာ မြေအရပ်ကား သားမြီးဖျားမျှပင် မရှိချေ။

(လင်္ကာ) ကောင်းကင်ပျံတက်, လယ်ချက်သမုဒ္ဒရာ, တစ်ဖြာတောင်ခေါင်း, ခိုဝင်အောင်းလည်း, မကောင်းညွှဲဖျင်း, သေရခြင်းမှ, မလွတ်ရတည်း၊ လောကတစ်ခွင်, ဘုံအပြင်ဝယ်, အရှင်သေမင်း, မညှဉ်းဆဲရာ, ရပ်ဒေသာကား, သားမြီးဖျားမျှ, ရှာမရတည်း။

# ၁၀-ဒဏ္ဍဝဂ္ဂ

## ၁-ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု

၁၂၉။ သဗ္ဗေ တသန္တိ ဒဏ္ဍဿ , သဗ္ဗေ ဘာယန္တိ မစ္စုနော၊
အတ္တာနံ ဥပမံ ကတွာ , န ဟနေယျ န ဃာတယေ။

(အနက်) သဗ္ဗေ-လုံးစုံများစွာ, သတ္တဝါတို့သည်၊ ဒဏ္ဍဿ-ကျရောက်ပြင်းထန်, ဥစ္စာဒဏ်, လက်နက်ဒဏ်မှ၊ ဘာယန္တိ-ကယ်ပါယူပါ, အော်ဟစ်ကာဖြင့်, လွန်စွာစိုးရွံ့, ကြောက်လန့်ကြကုန်၏၊ သဗ္ဗေ-လုံးစုံများစွာ, သတ္တဝါတို့သည်၊ မစ္စုနော-ရုပ်သက်နာမ်သက်, ချုပ်ပျက်ယိုယွင်း, သေရခြင်းမှ၊ ဘာယန္တိ-အူလှိုက်သဲလှိုက်, ဖိုဟိုက်ရင်တုန်, ကြောက်လန့်ကြကုန်၏၊ အတ္တာနံ-ကိုယ်ရောစိတ်ပါ, ချမ်းသာရလို, မိမိကိုယ်ကို၊ ဥပမံ ကတွာ-နှိုင်းယှဉ်တိုင်းတာ, ဥပမာပြု၍၊ န ဟနေယျ-သူများတွန့်ဆုတ်, အကျိုးယုတ်အောင်, မသတ်ပုတ် မညှဉ်းဆဲရာ၊ န ဃာတယေ-သတ်ရန်သူ့အား, ဒုတ်ဓားပေးကာ, မစေခိုင်း မတိုက်တွန်းရာ။

(မြန်မာပြန်) သတ္တဝါအကုန်လုံးသည် အများအားဖြင့် ဒဏ်အမျိုးမျိုးမှ ထိတ်လန့်ကြ၏၊ သေရမှာကို ကြောက်ရွံ့ကြ၏၊ (သို့ဖြစ်သည်အားလျော်စွာ) ကိုယ်ချင်းစာတရားထား၍ အခြားသတ္တဝါတို့ကို ကိုယ်တိုင်လည်း မသတ်သင့်၊ သူ့ကိုလည်း အသတ်မခိုင်းသင့်။

---

### ၁၂၉-ပဒဝိဘာဂ

**တသန္တိ**= [ √တသ+အ+အန္တိ ] ထိတ်လန့်ကုန်၏၊ တသ=(ဘူ) ဥဗ္ဗေဂေ-ထိတ်လန့်ခြင်း၌၊ (တသတိ။)

ဒဏ္ဍဿ= [ √ဒဍိ+တ ] ဒဏ္ဍတိ အာဏံ ကရောတိ ဧတေနာတိ-ဒဏ္ဍော၊ ကစ္စည်း၊ ၆၆၃။
ဒဍိ=(ဘူ+စု) အာဏာယံ-ကြိမ်းမောင်းနှိပ်ကွပ်ခြင်း၌၊ (ဒဏ္ဍတိ၊ ဒဏ္ဍေတိ၊ ဒဏ္ဍယတိ။)
[ √ဒမ+ဍ ] ဒမ ဒမနေ၊ ဒမန္တျနေနာတိ-ဒဏ္ဍော= နိဂ္ဂဟော၊ နှိပ်ကွပ်ခြင်း၊ မောဂ်-၇၊ ၅၈။

**ဘာယန္တိ**= [ √ဘီ+အ+အန္တိ ] ကြောက်ရွံ့ထိတ်လန့်ကုန်၏၊ ဘီ=(ဘူ) ဘယေ-ကြောက်ရွံ့ခြင်း၌၊ (ဘေတိ၊ ဘာယတိ။)

(လက်) လုံးစုံများစွာ, သတ္တဝါကား, ဒဏ်ထားခြင်းမှ, ထိတ်လန့်ကြ၏၊ ဘဝဆုံးစွန်, ဝိညာဏ်ကင်းပ, သေခြင်းမှလည်း,ကြောက်ကြသည်သာ၊ ထောက်စာကိုယ့်လား, သဘောထား၍, အခြားများစွာ, သတ္တဝါကို, ကြင်နာမှုကင်း, မာန်ဟုန်ပြင်း၍, ညှဉ်းဆဲသတ်မှု, သတ်စေမှုကို, မပြုလုံးဝ, ရှောင်ကြဉ်ကြလော့။

## ၂–ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု

၁၃၀။ သဗ္ဗေ တသန္တိ ဒဏ္ဍဿ , သဗ္ဗေသံ ဇီဝိတံ ပိယံ၊
အတ္တာနံ ဥပမံ ကတွာ , န ဟနေယျ န ဃာတယေ။

(အနက်) သဗ္ဗေ–လုံးစုံများစွာ, သတ္တဝါတို့သည်၊ ဒဏ္ဍဿ–ကျရောက်ကိုယ့်ထံ, ဥစ္စာဒဏ်, လက်နက်ဒဏ်မှ၊ ဘာယန္တိ–စိုးရွံ့ဖိုလှိုက်, သည်းခိုက်ရင်တုန်, ထိတ်လန့်ကြကုန်၏၊ သဗ္ဗေသံ–လုံးစုံများစွာ, သတ္တဝါတို့သည်၊ ဇီဝိတံ–သတ္တဝါပေါင်း, ရှင်နေကြောင်းမို့, နှစ်ထောင်းစုံမက်, ကိုယ့်အသက်ကို၊ ပိယံ–နှစ်သက်လေးမြတ်, ချစ်ခင်အပ်၏၊ အတ္တာနံ–ဒဏ်တွေကင်းစင်, အသက်ရှင်လို, မိမိကိုယ်ကို၊ ဥပမံ ကတွာ–ထောက်ထားနှိုင်းစာ, ဥပမာပြု၍၊ န ဟနေယျ–ကိုယ်တိုင်အားထုတ်, သူ့ကိုမသတ်ပုတ်ရာ၊ န ဃာတယေ–ကိုယ်ကားရှောင်နေ, သူတစ်ပါးကိုလည်း မသတ်စေရာ။

(မြန်မာပြန်) သတ္တဝါအကုန်လုံးသည် အများအားဖြင့် ဒဏ်အမျိုးမျိုးမှ, ထိတ်လန့်ကြ၏၊ ကိုယ့်အသက်ကို ချစ်ခင်မြတ်နိုးကြ၏၊(သို့ဖြစ်သည်အားလျော်စွာ) ကိုယ်ချင်းစာ၍ အခြားသတ္တဝါကို မညှဉ်းဆဲ မသတ်ဖြတ်သင့်၊ သူ့ကိုလည်း သတ်ရန်မခိုင်းစေသင့်။

(လက်) လုံးစုံများစွာ, သတ္တဝါကား, ဒဏ်အများမှ, ထိတ်လန့်ကြ၏၊ ဇီဝခေါ်ဆို,ကိုယ့်သက်ကိုလည်း, နှစ်လိုလွန်စွာ, မြတ်နိုးပါ၏၊ ထောက်စာကိုယ့်လား, ပမာထား၍, အခြားများစွာ, သတ္တဝါကို, ကြင်နာမှုကင်း, မာန်ဟုန်ပြင်း၍, ညှဉ်းဆဲသတ်မှု, သတ်စေမှုကို, မပြုလုံးဝ, ရှောင်ကြဉ်ကြလော့။

## ၃–သမ္ဗဟုလကုမာရကဝတ္ထု

၁၃၁။ သုခကာမာနိ ဘူတာနိ , ယော ဒဏ္ဍေန ဝိဟိံသတိ၊
အတ္တနော သုခမေသာနော , ပေစ္စ သော န လဘတေ သုခံ။

၁၃၂။ သုခကာမာနိ ဘူတာနိ , ယော ဒဏ္ဍေန န ဟိံသတိ၊
အတ္တနော သုခမေသာနော , ပေစ္စ သော လဘတေ သုခံ။

---

**ဟနေယျ**= [ √ဟန+အ+ဧယျ ] သတ်ပုတ်ရာ၏၊ ညှဉ်းဆဲရာ၏။

**ဃာတယေ**= [ √ဟန+ဏာယ+ဧယျ ] ဟန–ကို ဃာတ–ပြု၊ သတ်ပုတ်စေရာ၏၊ညှဉ်းဆဲစေရာ၏။

**၁၃၁–ပဒဝိဘာဂ**

**သုခကာမာနိ**= [သုခ √ကမု+ဏ] ကမု–ကန္တိမို၊ ရူ–နှာ၊ ၃၄၉။ သုခံ ကာမေတီတိ–သုခကာမော၊ တိ ။ ချမ်းသာကို အလိုရှိသော–သူ။

**အနက်** ယော–မျက်ထားမာန်သို့, အကြင်ပုဂ္ဂိုလ်သည်၊ အတ္တနော သုခံ–ကိုယ်ကျိုးငဲ့ကာ, ကိုယ့်ချမ်းသာကို၊ ဧသာနော–မနေမနား, လိုလားရယူ, ရှာဖွေနေသူဖြစ်ပါလျက်၊ သုခကာမာနိ–ကိုယ့်လိုချည်းသာ, အာသာထန်ပြင်း, ချမ်းသာခြင်းကို လိုလားကြကုန်သော၊ ဘူတာနိ–သက်ရှိထင်ရှား, သတ္တဝါများတို့ကို၊ ဒဏ္ဍေန–သေနတ်ခဲအုတ်, ဓားလှံတုတ်ဖြင့်၊ ဝိဟိံသတိ–ပစ်ခတ်ထိုးခုတ်, ရိုက်ပုတ်ညှဉ်းဆဲ၏၊ သော–ညှဉ်းဆဲရန်လို, ထိုပုဂ္ဂိုလ်သည်၊ ပေစ္စ–ဤကိုယ်ခန္ဓာ, စွန့်ပယ်ခွာ၍, နောင်ခါဖြစ်ရ, တမလွန်ဘဝ၌၊ သုခံ–လူနတ်နိဗ္ဗာန်, သုံးတန်သောချမ်းသာကို၊ ဝါ–ကိုယ်ရောစိတ်ပါ, ပူဆာလွတ်ကင်း, ချမ်းသာခြင်းကို၊ န လဘတေ–ကံ၏အကျိုး, ပေးရိုးစဉ်လာ, ဓမ္မတာမို့, ကောင်းစွာပိုင်ပိုင်, မရနိုင်တော့ပေ။

ယော–မျက်မာန်မသို့, အကြင်ပုဂ္ဂိုလ်သည်၊ အတ္တနောသုခံ–ကိုယ်ကျိုးငဲ့ကာ, ကိုယ့်ချမ်းသာကို၊ ဧသာနော–မနေမနား, လိုလားရယူ, ရှာဖွေနေသူသည်၊ (ဟုတွာ–ဖြစ်၍၊) သုခကာမာနိ–ကိုယ့်လိုချည်းသာ, အာသာထန်ပြင်း, ချမ်းသာခြင်းကို, လိုလားနေ ကြကုန်သော၊ ဘူတာနိ–သက်ရှိထင်ရှား, သတ္တဝါများတို့ကို၊ ဒဏ္ဍေန–သေနတ်ခဲအုတ်, ဓားလှံတုတ်ဖြင့်၊ န ဟိံသတိ–ပစ်ခတ်ထိုးခုတ်, မရိုက်ပုတ်, မသတ်ဖြတ်ပေ၊ သော–ညှဉ်းဆဲကင်းကွာ, မေတ္တာထားသို့, ထိုပုဂ္ဂိုလ်သည်၊ ပေစ္စ–ဤကိုယ်ခန္ဓာ, စွန့်ပယ်ခွာ၍, နောင်ခါဖြစ်ရ, တမလွန်ဘဝ၌၊ သုခံ–လူနတ်နိဗ္ဗာန်, သုံးတန်သောချမ်းသာကို၊ ဝါ–ကိုယ်ရောစိတ်ပါ, ပူဆာလွတ်ကင်း, ချမ်းသာခြင်းကို၊ လဘတေ–ကောင်းသည့်ကံကျိုး, ပေးရိုးစဉ်လာ, ဓမ္မတာမို့, သေချာပိုင်ပိုင်, ရရှိနိုင်ပါပေ၏။

**မြန်မာပြန်** ကိုယ့်ချမ်းသာမှုကို ရှာဖွေနေသူဖြစ်ပါလျက် ကိုယ့်လိုပင် ချမ်းသာမှုကို လိုလားနေကြသော သတ္တဝါများကို, ဓားတုတ်တို့ဖြင့် ညှဉ်းဆဲသတ်ပုတ်သူသည် တမလွန်ဘဝ၌ ချမ်းသာသုခကို မရနိုင်တော့ပေ။

ကိုယ့်ချမ်းသာမှုကို ရှာဖွေနေသူ ဖြစ်သည်အားလျော်စွာ ကိုယ့်လိုပင် ချမ်းသာမှုကို လိုလားနေကြသော သတ္တဝါများကို ဓားတုတ်တို့ဖြင့် မညှဉ်းဆဲ မသတ်ပုတ်သူသည် တမလွန်ဘဝ၌ ချမ်းသာသုခကို ရရှိနိုင်ပေသည်။

**လင်္ကာ** ကိုယ့်ချမ်းသာကို, ရှာဖွေလိုလျက်, ကိုယ့်လိုချမ်းသာ, လိုလားပါသည့်, သတ္တဝါများ, အစားစားကို, တုတ်ဓားလက်နက်, ကိုင်လျက်သတ်ဖြတ်, ပုတ်ခတ်သူကား, သေသွားနောက်မှာ, ဘဝတာဝယ်, ချမ်းသာမရ, ဆင်းရဲရလိမ့်။

---

**ဝိဟိံသတိ**= [ဝိ √ဟိသိ+အ+တိ] ညှဉ်းဆဲနှိပ်စက်၏၊ ဆင်းရဲစေ၏၊ ဒုက္ခရောက်စေ၏၊ သတ်ဖြတ်၏၊ ဟိသိ=(ဘူ+ရု+စု) ဟိံသာယံ–ညှဉ်းဆဲခြင်း၌၊ (ဟိံသတိ၊ ဟိံသေတိ၊ ဟိံသယတိ။)

**ဧသာနော**= [ √ဧသ+အ+မာန ] မာန–ကို အာန–ပြု၊ ရူ–နှာ၊ ၃၉၉။ ဧသတီတိ–ဧသာနော၊ ရှာဖွေနေသူ၊ ဧသ=(ဘူ) ဧသနေ–ရှာမှီးခြင်း၌၊ ဂတိ ဝုဒ္ဓိသုစ–သွားခြင်း, ကြီးပွားခြင်းတို့၌လည်း၊ (ဧသတိ။)

**လဘတေ**= [ √လဘ+အ+တေ ] ရနိုင်၏။

ကိုယ့်ချမ်းသာကို, ရှာဖွေလို၍, ကိုယ်လိုချမ်းသာ, လိုလားရှာသည့်, သတ္တဝါများ, အစားစားကို, တုတ်ဓားလက်နက်, ကိုင်လျက်သတ်ပုတ်, မပြုလုပ်သူ, ထိုထိုလူကား, သေသွားနောက်မှာ, ဘဝတာဝယ်, ချမ်းသာသုခ, ရရှိကြလိမ့်။

## ၄-ကောဏ္ဍဓာနတ္ထေရဝတ္ထု

၁၃၃။ မာဝေါ စ ဖရုသံ ကဉ္စိ , ဝုတ္တာ ပဋိဝဒေယျု တံ၊
ဒုက္ခာ ဟိ သာရမ္ဘကထာ , ပဋိဒဏ္ဍာ ဖုသေယျု တံ။

၁၃၄။ သစေ နေရေသိ အတ္တာနံ , ကံသော ဥပဟတော ယထာ၊
ဧသ ပတ္တောသိ နိဗ္ဗာနံ , သာရမ္ဘော တေ န ဝိဇ္ဇတိ။

(အနက်) ကဉ္စိ-ယုတ်မြတ်မဟူ, တစ်ဦးတစ်ယောက်သောသူကိုမျှ၊ ဖရုသံ-ကြားရသူများ, ပူပန်သွားအောင်, ဆိုးဝါးညံ့ယုတ်, ကြမ်းကြုတ်သောစကားကို၊ မာ အဝေါစ-မာန်မျက်တိုးပွား, မပြောကြားပါနှင့်၊ ဝုတ္တာ-ယုတ်မာဆိုးဝါး, သင့်စကားကို, ကြားရသောသူ, တစ်ဖက်လူတို့သည်၊ တံ-သီလကင်းကွာ, လူယုတ်မာများ, စသောအားဖြင့်, ကြုံးဝါးပြောဆိုသောသင့်ကို၊ ပဋိဝဒေယျုံ-သီလကင်းကွာ, လူယုတ်မာကား, သင်သာအစစ်, တို့မဖြစ်ဟု, အော်ဟစ်ဖန်ဖန်, ပြန်လှန်ပြောဆိုကုန်ရာ၏၊ သာရမ္ဘကထာ-ပရိသတ်လယ်, မတင့်တယ်အောင်, ချုပ်ချယ်စော်ကား, ဖက်ပြိုင်ပြောဆိုသောစကားသည်၊ ဒုက္ခာဟိ-ဆင်းရဲရခြင်း, အကြောင်းရင်းသာ, ဖြစ်နေပါ၏၊ တံ-ခြေလက်တုတ်ဓား, စသည်များဖြင့်, သူ့အားထောင်းထု, ဒဏ်ခတ်မှုကိုပြုသော သင့်ထံသို့၊ ပဋိဒဏ္ဍာ-လားတူပိုလွန်, ဒဏ်တုန့်ဒဏ်ပြန်တို့သည်၊ ဖုသေယျုံ-တွေ့ထိဖုံဖုံ, ကျရောက်ကြကုန်ရာ၏ ။

---

## ၁၃၃, ၁၃၄-ပဒဝိဘာဂ

**အဝေါစ**= [ ✓ ဝစ+အ+အာ ] ဝစဓာတ်၏ အ-ကို ဩ-ပြု၊ အာ-ကိုလည်း ရဿပြု၊ ရူ၊ ၄၇၉။ ပြောဆိုပြီ။

**ဖရုသံ**= [ပရ ✓ ဥသ+အ] ပရေ ဇနေ ဥသာပေတိ ဒါဟေတီတိ-ဖရုသံ၊ တဒေဝ ပဿ ဖကာရံ ကတွာ ဖရုသံ၊ ဓာန်-ဋီ၊ ၁၂၅။ ကြမ်းတမ်းသော၊ ခက်ထန်သော၊ ကြမ်းကြုတ်သော၊ ဥသ=(ဘူ+ဂ )ဒါဟေ-ပူလောင်ခြင်း၌၊ (ဥသတိ။) ဥသဓာတ်၏ ဂဟာဒိအာချာတ်ရုပ်ကို ပါဠိဓာတ်ကျမ်းများ၌ မတွေ့ရပါ။

[ ✓ ပရ+ဥသန် ] ကောတ္ထုဘာ။ ထောမ။ ပရိယတိ ပါလိယတီတိ-(ကာကွယ် စောင့်ရှောက်အပ်သောကြောင့်၊) ဖရုသံ၊ ကြမ်းတမ်းသော-စကား။ ပရ=(ဘူ+စု) ပါလန ပူရဏေသု-စောင့်ရှောက်ခြင်း, ပြည့်စေခြင်းတို့၌၊ (ပရတိ၊ ပါရေတိ၊ ပါရယတိ။)

**ဝုတ္တာ**= [ ✓ဝစ+တ ] ဝစဓာတ်၏ အ-ကို ဥ-ပြု၊ ဥစ္စိတ္တာတိ-ဝုတ္တော၊ ပြောဆိုအပ်သော၊ အပြောခံရသော-သူ။

**ပဋိဝဒေယျုံ**= [ပဋိ ✓ဝဒ+အ+ဧယျုံ] ပြန်လှန်ပြောဆိုကုန်ရာ၏၊ ဆိုတုံ့ဆိုကုန်ရာ၏၊ ဆန်းကြောင် နိဂ္ဂဟိတ်ကို ချေထားသည်။

ဥပဟာတော–နခမ်းရစ်များ, ဖြတ်တောက်ထားသော, ကံသော ယထာ–မောင်းကြေး နင်းခွက်, (အသံမထွက်သ)ကဲ့သို့၊ အတ္တာနံ–မျက်မာန်မသို, မိမိကိုယ်ကို၊ သစေ န ဤရေသိ– ကောင်းစွာထိန်းချုပ်, အကယ်၍ မတုန်လှုပ်စေနိုင်လိမ့်အံ့၊ (ဇဝံသတိ–အကယ်မချွတ်, ဤသို့ထိန်းချုပ်လတ်သော်၊) ဧသ တွံ–ဤအကျင့်မြတ်, ဖြည့်ကျင့်တတ်သောသင်သည်၊ နိဗ္ဗာနံ–တဏှာကင်းလွတ်, နိဗ္ဗာန်ဓာတ်သို့၊ ပတ္တော–ခုချက်ချင်းသာ, မရောက်ပါလည်း, မကြာလွယ်ကူ, ရောက်မည့်သူသည်၊ အသိ–မလွဲသေချာ, ဖြစ်နေပါ၏၊ တေ–သင်၏၊ ဝါ–သင့်မှာ၊ သာရမ္ဘော–သူတစ်ပါးအား, ချုပ်ချယ်စော်ကားခြင်းသည်၊ နဝိဇ္ဇတိ–မဂ်ဖြင့် သတ်ကာ, ပယ်ဖျက်လာ၍, ဖြစ်နိုင်စရာ, မရှိတော့ပါပေ။

(မြန်မာပြန်) မည်သူ့ကိုမှ မကြားကောင်းမနာသာ ကြမ်းကြမ်းတမ်းတမ်း မပြောဆိုသင့်၊ သင်က သူများကို ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခဲ့ပါလျှင် သူများကလည်း သင့်ကို အလားတူပင် ကြမ်းကြမ်းတမ်းတမ်း ပြန်လှန်ပြောဆိုကြရာ၏၊ ချုပ်ချယ်စော်ကား, အရျေအတင်ပြောဆိုသော စကားသည် ဆင်းရဲရကြောင်းသာတည်း၊ သူ့အား ဒဏ်ထားလျှင် ကိုယ်လည်း ဒဏ်ပြန်ခံရတတ်သည်။

အနားရစ်များ ဖြတ်တောက်ထားသော မောင်းကြေးနင်းသည် အသံမထွက်သကဲ့သို့ ကိုယ့်ကိုယ်ကို ငြိမ်သက်တည်ကြည်အောင် ထိန်းချုပ်နိုင်ပါလျှင် မကြာမြင့်မီပင် နိဗ္ဗာန်သို့ ရောက်ရပေလိမ့်မည်၊သင့်မှာ သူတစ်ပါးအား ချုပ်ချယ်စော်ကားမှုသဘောလည်း မရှိနိုင် တော့ပေ။

---

**သာရမ္ဘကထာ=** [သာရမ္ဘ+ကထာ] ချုပ်ချယ်သောစကား၊ ချုပ်ချယ်လျက် တုပြိုင်ပြောဆို သောစကား၊ တစ်ဖက်သားကို ချုပ်ချယ်စော်ကားလျက် အနိုင်လုပြောဆိုသောစကား၊ သူများမခံချင်အောင် အနိုင်လုပြောဆိုသောစကား။

**သာရမ္ဘ=** [သံ √ရဘ+အ] ဓာတ်၏ ရ–ပေါ်ကို နိဂ္ဂဟိတ်လာ၊ ယင်းနိဂ္ဂဟိတ်ကို ဝဂ္ဂန္တ မ–ပြု၊ သံ–၌ နိဂ္ဂဟိတ်ကိုချေ၊ နိဂ္ဂဟိတ်ကျေပြီးသော် သ–၏မှီရာ အ–ကို ဒီဃပြု၊ ချုပ်ချယ်ခြင်း၊ အပြစ်တင်လိုခြင်း၊ ပြင်းစွာပူပန်ခြင်း။

**ကထာ=** [ √ကထ+အ+အာ] စကား၊ စကားပြောဆိုခြင်း၊ ပြိုင်ဆိုင်ပြောဆိုခြင်း၊ ပုံပြင်ဝတ္ထု၊ ကထ=(စု) ကထနေ–စကားဆိုခြင်း၌၊ (ကထေတိ၊ ကထယတိ။)

**ပဋိဒဏ္ဍာ=** [ပဋိ √ဒဍိ+အ] ပဋိဒဏ္ဍတိ ပဋိကရောတိ အာဏာ ဇတေနာတိ–ပဋိဒဏ္ဍော၊ တုံ့ပြန်ဒဏ်ပြုကြောင်း၊ ဒဏ်တုံ့ဒဏ်ပြန်၊ ရန်တုံ့ရန်ပြန်။

**ဖုသေယျုံ=** [ √ဖုသ+အ+ဧယျုံ] တွေ့ထိကုန်ရာ၏၊ ရောက်ကုန်ရာ၏။

**နေရေသိ=** န+ဤရေသိ = [ √ဤရ+ဏေ+သိ ] န ဤရေသိ–မတုန်လှုပ်စေနိုင်လိမ့်အံ့၊ တုန်လှုပ်အောင် မပြုနိုင်လိမ့်အံ့၊ သမီပဝတ္တမာန်၊ အနာဂတ်သမီပ၊ ထို့ကြောင့် ဌ–၌ အတ္တာနံ နိစ္စလံ ကာတုံ သက္ခိဿတိ–ဟု မိန့်ဆိုထားသည်၊ ဤရ=(ဘူ+စု) ဝစန ဂတိ ကမ္ပန

(လက်ာ) မည်သူ့ကိုမျှ၊ ရိုင်းပျစော်ကား၊ မပြောကြားသင့်၊ ပြောကြားခံရ၊ သူများကပင်၊ ရိုင်းပျပြန်လှန်၊ ပြောဆိုပြန်လိမ့်၊ အမှန်မုချ၊ သဘာဝကား၊ ရိုင်းပျစော်ကား၊ ပြောစကားသည်၊ ဒုက္ခများမှု၊ ဖြစ်အောင်ပြု၏၊ သူ့ကိုညှဉ်းရန်၊ ဒဏ်ပြုပြန်သော်၊ ဒဏ်ပြန်လှည့်ကာ၊ ကိုယ်သို့လာ၏။

နခမ်းဖြတ်ကာ၊ တော်ရာပစ်ထား၊ ကြေးနှောင်များသည်၊ တုတ်ဖျားဖြင့်ပင်၊ ရိုက်တီးလျှင်လည်း၊ ပင်ကိုယ်အသံ၊ ထွက်လျှံမရှိ၊ ဖြစ်လေဘိသို့၊ မိမိကိုယ်ကို၊ ထိန်းသိုအဟုတ်၊ မတုန်လှုပ်အောင်၊ ပြုလုပ်ခြင်းငှာ၊ စွမ်းနိုင်ပါလျှင်၊ ထိုလူရှင်တွက်၊ ဝင်ရန်နိဗ္ဗာန်၊ လမ်းဖြောင့်မှန်၏၊ အမှန်သူ့ဝယ်၊ ချုပ်ချယ်စော်ကား၊ ပြောစကားသည်၊ လားလားမရှိ၊ ကင်းစင်ဘိ၏။

## ၅–ဥပေါသထိကဏ္ဍတ္ထိနံ ဝတ္ထု

၁၃၅။ ယထာ ဒဏ္ဍေန ဂေါပါလော , ဂါဝေါ ပါဇေတိ ဂေါစရံ၊
ဇဝံ ဇရာ စ မစ္စု စ , အာယုံ ပါဇေန္တိ ပါဏိနံ။

(အနက်) ဂေါပါလော–ကိုယ့်လုပ်ငန်းတွင်၊ ကျွမ်းကျင်ထူးခြား၊ နွားကျောင်းသားသည်၊ ဒဏ္ဍေန–အသင့်ယူလာ၊ နှင်တန်တံဖျာဖြင့်၊ ဂါဝေါ–နေ့စဉ်နံနက်၊ နွားရှင်လက်မှ၊ ရေတွက်ယူထား၊ မိမိကျောင်းမည့်နွားတို့ကို၊ ဂေါစရံ–ရေစာမြက်ပေါ၊ စားကျက်တောသို့၊

---

ခေပနေသု–ပြောဆိုခြင်း၊ သွားခြင်း၊ တုန်လှုပ်ခြင်း၊ ပစ်ပယ်ခြင်းတို့၌၊ (ဤရတိ၊ ဤရေတိ၊ ဤရယတိ။)

**ကံသော**= [ √ကမ+သ ] ဓာတွန် မ–ကို နိဂ္ဂဟိတ်ပြု၊ (မနာနံ နိဂ္ဂဟီတံ၊ မောဂ်–၅၊ ၉၆။) ကမ–က္လစ္ဆာယံ၊ ကာမီယတီတိ–ကံသော= ပရိမာဏံ၊ လေးကျပ်သားအတိုင်းအရှည်၊ မောဂ်–၂၁၃။ သောက်ရေခွက်၊ ခွက်၊ ကြေးနီနှင့်ခဲမဖြူစပ်သော သတ္တု။ ကောတ္ထုဘာ။

[ √ကန+သ ] ဓာန်–ဋီ၊ ၄၅၇။ ဓာတွန် န–ကို နိဂ္ဂဟိတ်ပြု၊ ခွက်၊ ကြေး၊ ကြေးဖြူ၊ မောင်းကြေးနင်းစသောတူရိယာ၊ ကန=(ဘူ) ဒိတ္တိ ဂတိ ကန္တီသု–ထွန်းတောက်ပခြင်း၊ သွားခြင်း၊ လိုချင်နှစ်သက်ခြင်းတို့၌၊ (ကနတိ။)

**ဥပဟတော**= [ ဥပ √ဟန+တ ] ဥပဟညိတ္ထာတိ–ဥပဟတော၊ ဖျက်ဆီးအပ်သော၊ နှိပ်စက်အပ်သော၊ ညှဉ်းဆဲအပ်သော။

**ပတ္တော**= [ √ပဒ+တ ] ပဇ္ဇိတ္ထာတိ–ပတ္တော၊ ရောက်ပြီးသော၊ ရပြီးသော။

**အသိ**= [ √အသ+အ+သိ ] ဓာတွန် သ–ကိုချေ၊ ကစ္စည်း၊ ၄၉၆။ ဖြစ်၏။

### ၁၃၅–ပဒဝိဘာဂ

**ပါဇေတိ**= [ ပ √အဇ+အ+တိ ] အ–ပစ္စည်းကို ဧ–ပြု၊ မောင်းနှင်၏။

**ဇရာ**= [ √ဇရ+အ+အာ ] ဇီရတိ ဇီရဏံ ဝါ–ဇရာ၊ ရူ၊ ၅၉၉။ ဆွေးမြေ့ခြင်း၊ ရင့်ရော်ခြင်း၊ အိုမင်းခြင်း၊ ဇရ=(ဘူ+ဒိ+စု) ဝယောဟာနိမှိ–အရွယ်ယုတ်ယွင်း၊ အိုမင်းဆွေးမြေ့ခြင်း၌၊ (ဇရတိ၊ ဇီရတိ၊ ဇီယျတိ၊ ဇီယတိ၊ ဇရေတိ၊ ဇရယတိ။)

ပါဖေတိ ယထာ–သူများလယ်ကြား, ဝင်မစားအောင်, မြစ်တားလျှင်စွာ, မောင်းနှင်လာသကဲ့သို့၊ ဧဝံ–ပမာနှိုင်းယှ, ဤအတူသာလျှင်၊ ဇရာစ–သွားကျိုးဆံဖြူ, ငယ်မူယိုယွင်း, အိုရခြင်းသည်လည်းကောင်း၊ မစ္စုစ–ဓိဝိန်ကွာကင်း, သေရခြင်းသည်လည်းကောင်း၊ ပါဏီနံ–သက်ရှိများစွာ, သတ္တဝါတို့၏၊ အာယုံ–သတ္တဝါများ, အစားစားတို့, ဖြစ်ပွားနေခြင်း, အကြောင်းရင်းဖြစ်သော အသက်ကို၊ ပါဖေန္တိ–ဓာတိဇရာ, ဗျာဓိမရဏာ, လမ်းဆုံးကျအောင်, နေ့ညတွင်တွင်, မောင်းနှင်၍နေကြလေကုန်၏။

(မြန်မာပြန်) နွားကျောင်းသားသည် အသင့်ယူလာသောတုတ်ဖြင့် နွားများကို စားကျက်သို့ မောင်းနှင်နေသကဲ့သို့ အိုခြင်းနှင့် သေခြင်းတို့သည်လည်း သတ္တဝါတို့၏ အသက်ကို သေမင်းနိုင်ငံသို့ မောင်းနှင်နေကြ၏။

(လင်္ကာ) မပြတ်နိုးကြား, နွားကျောင်းသားသည်, ကိုင်ထားတံဖျာ, နွားများစွာကို, ရေစာမြက်ပေါ်, စားကျက်တောသို့, အဆောတလျင်, မောင်းကာနှင်သို့, အားအင်ယိုယွင်း, အိုရခြင်းနှင့်, သေခြင်းတစ်မျိုး, တရားဆိုးတို့, နာမျိုးလက်နက်, စွဲကိုင်လျက်သာ, သတ္တဝါတို့, လွန်စွာစုံမက်, အာယုသက်ကို, ဆိုးပျက်သေမင်း, သူ့လက်တွင်းသို့, အတင်းရောက်အောင်, ပို့နှင်းဆောင်၏။

## ၆–အဇဂရပေတဝတ္ထု

၁၃၆။ အထ ပါပါနိ ကမ္မာနိ , ကရံ ဗာလော န ဗုဇ္ဈတိ၊
သေဟိ ကမ္မေဟိ ဒုမ္မေဓော , အဂ္ဂိ ဒဍ္ဎောဝ တပ္ပတိ။

(အနက်) ဗာလော–ပစ္စုပ္ပန် တမလွန်, နှစ်တန်ဆိုးဝါး, အကျိုးများကို, သိမ်းထားရယူ, မိုက်သောသူသည်၊ ပါပါနိ–မိမိကိန်းရာ,သတ္တဝါကို, အပါယ်လေးရွာသို့ရောက်

---

**ပါဏီနံ**= [ပါဏ+ဤ] ပါဏော ယဿ အတ္ထိ သော–ပါဏီ၊ ဓာန်–ဋီ၊ ၉၃။ သတ္တဝါ။

**ပါဏ**= [ပ √အန+ဏ] ပဏန္တိ ဇီဝန္တိ သတ္တာ ယေနာတိ–ပါဏော၊ ဓာန်–ဋီ၊ ၉၃။ ထွက်သက်ဝင်သက်၊ အသက် ဇီဝိတိန္ဒြေ။

[ပါဏ+ဏ] ပါဏော ယဿ အတ္ထီတိ–ပါဏော၊ သတ္တဝါ။

### ၁၃၆–ပဒဝိဘာဂ

**ဗုဇ္ဈတိ**= [√ဗုဓ+ယ+တိ] သိ၏၊ ထိုးထွင်းသိ၏၊ မျက်မှောက်ပြု၏၊ နိုး၏၊ ပွင့်၏။

**သေဟိ**= [သ+ဏ] သဿ အတ္တနော အယန္တိ–သော= သကော၊ သဿ အတ္တနော–မိမိ၏၊ အယံ–ဥစ္စာတည်း၊ ဣတိ–ထို့ကြောင့်၊ သော–သမည်၏၊ သကော–မိမိဥစ္စာတည်း။

ပစ္စယေ ဗုဒ္ဓနေ အတ္တ , နိယေ သော အတ္တနိ ဗန္ဓဝေ၊ ဓ ။

ဤဂါထာလာ သော အတ္တနိ–ဟူသောပါဌ်ဖြင့် သ–သဒ္ဒါ အတ္တဝါစကဖြစ်ကြောင်း သိအပ်၏၊ သော သာ၊ သံ သေ၊ သေန သေဟိ သေဘိ–စသည်ဖြင့် ပုရိသသဒ္ဒါနည်းတူ ဂိုဏ်းစဉ်ရမည်၊ နီတိ–ပဒ၊ ၂၁၂။

စေတတ်ကုန်သော၊ ကမ္မာနိ–ယုတ်မာညစ်ကျူ, မကောင်းမှုတို့ကို၊ ကရံ–ကရောန္တောပိ–မာန်မျက်ဟုန်ပွား, ရန်ငြိုးထားကာ,ပြုလုပ်နေပါသော်လည်း၊ အထ–ပြုလုပ်နေရာ, ထိုအချိန်အခါ၌၊ န ဗုဇ္ဈတိ–ဤအလုပ်မျိုး, ဤသို့ဆိုးဝါး, ဖြစ်ပွားစေရန်, ပြုနိုင် ပြန်ဟု, ဝေဖန်ပိုင်းဖြတ်, မသိတတ်ပေ၊ ဒုမ္မေဓော–ကျောက်တောင်ခွဲဖျက်, မိုးကြိုးစက်သို့, အနက်အနဲ, ခက်အခဲကို, ဖျက်ခွဲဝေဖန်, အသိဉာဏ်မရှိသူသည်၊ သေဟိ ကမ္မေဟိ–ကိုယ်ပြုစီမံ, ကိုယ်ပိုင်ကံတို့ကြောင့်၊ အဂ္ဂိဍဍ္ဍောဝ–ထိန်ညီးတောက်ပြောင်, ငရဲမီးအလောင်ခံရသည် ဖြစ်၍သာလျှင်၊ တပ္ပတိ–ကူပါ ကယ်ပါ, တစာစာဖြင့်, လွန်စွာနွမ်းလျ, ပင်းပန်းရလေတော့၏။

**မြန်မာပြန်** လူမိုက်သည် မကောင်းမှုများကို ပြုလုပ်နေပါသော်လည်း ပြုလုပ်နေစဉ် (နောင်ခါ ဘယ်လိုအကျိုးပေးမည်ကို) မသိပေ၊ သို့ပင်ဖြစ်စေကာမူ ပညာမရှိသူသည် ကိုယ်ပြုစီမံ ကိုယ်ပိုင်ကံတို့ကြောင့် ငရဲမီးအလောင် ခံရလျက်သာ ပူပန်နေရတော့၏။

**လင်္ကာ** မသိတရား, လူမိုက်များသည်, ဆိုးဝါးထိုထို, အကုသိုလ်ကို, စိတ်လိုလိုက်ကာ, ပြုနေပါလည်း, ရလာအပြစ်, စိစစ်ခွဲဝေ, မသိပေတည်း၊ တွေဝေသို့သာ, ဖြစ်နေပါလည်း, ကိုယ်သာပြုမှား, ကိုယ့်ကံများကြောင့်, တရားကင်းကွာ, ပညာကင်းပ, လူဗာလသည်, ငရဲမီးလျှံ, လောင်ခံလျက်သာ, ပူပန်လာ၏။

## ၇–မဟာမောဂ္ဂလ္လာနတ္ထေရဝတ္ထု

၁၃၇။ ယော ဒဏ္ဍေန အဒဏ္ဍေသု , အပ္ပဒုဋ္ဌေသု ဒုဿတိ၊
ဒသန္နမညတရံ ဌာနံ , ခိပ္ပမေဝ နိဂစ္ဆတိ။

၁၃၈။ ဝေဒနံ ဖရုသံ ဇာနိံ , သရီရဿ ဝ ဘေဒနံ၊
ဂရုကံ ဝါပိ အာဗာဓံ , စိတ္တက္ခေပံ ဝ ပါပုဏေ။

---

ဤ၌ကား သဿ အတ္တနော ဣဒံ–သံ= ကမ္မံ–ဟု ဝိဂ္ဂဟပြု၍ နပုံလိင်စိတ္တသဒ္ဒါကဲ့သို့ ဂိုဏ်းစဉ်ရမည်၊ ဣတ္ထိလိင်ဖြစ်က အာ–ပစ္စည်းသက်၍ ကညာသဒ္ဒါကဲ့သို့ ဂိုဏ်းစဉ်ပါ။

**အဂ္ဂိဍဍ္ဍော**= [ အဂ္ဂိ+ဍဍ္ဍ ] အဂ္ဂိနာ ဍဍ္ဍော–အဂ္ဂိဍဍ္ဍော၊ မီးလောင်အပ်သော၊ မီးလောင်ခံရသော–သူ။

**ဍဍ္ဍ**= [ ဍဟ+တ ] ဒယှတီတိ–ဍဍ္ဍော၊ တ–ပစ္စည်းကို ဗ–ပြု၊ ကစ္စည်း၊ ၅၇၆။ ဓာတွန်ဟ–ကို ဍ–ပြု၊ ကစ္စည်း၊ ၆၁၂။ ပူလောင်အပ်သော။

### ၁၃၇ ။ ပ ။ ၁၄၀–ပဒဝိဘာဂ

**အဒဏ္ဍေသု**= [ န+ဒဏ္ဍ ] နတ္ထိ ဒဏ္ဍာနိ ဧတေသန္တိ–အဒဏ္ဍာ။ ကာယဒဏ်(ကာယကံ) စသော ဒဏ်မရှိသူ၊ ဒဏ်မရှိသော၊ ဥစ္စာဒဏ် လက်နက်ဒဏ်မှ ကင်းလွတ်သော။

**ဒသန္နံ**= [ √ဒံသ+က ] တစ်ဆယ်၊ ဆယ်ခု၊ ဆယ်ယောက်၊ ဆယ်မျိုး၊ ဒံသ=(ဘူ+စု) ဒိတ္တိ

၁၃၉။ ရာဇတော ဝါ ဥပသဂ္ဂံ , အဗ္ဘက္ခာနံ ဝ ဒါရုဏံ၊
ပရိက္ခယံ ဝ ဉာတီနံ , ဘောဂါနံ ဝ ပဘင်္ဂုရံ။

၁၄၀။ အထဝါဿ အဂါရာနိ , အဂ္ဂိ ဍဟတိ ပါဝကော၊
ကာယဿ ဘေဒါ ဒုပ္ပညော , နိရယံ သောပပဇ္ဇတိ။

**အနက်** ယော-မျက်မာန်ပြောထူ, အကြင်လူသည်၊ အပ္ပဒုဋ္ဌေသု-ယုတ်မြတ်ပိုင်းခြား, မည်သူ့အားမျှ, မပြစ်မှားတတ်ကုန်သော၊ အဒဏ္ဍေသု-ကာယဒဏ္ဍ, စသည်ကင်းကွာ, ရဟန္တာတို့၌၊ ဝါ-ထိုထိုကံစု, မကောင်းမှုကို, မပြုရှောင်ကြဉ်, သူတော်စင်တို့၌၊ ဒဏ္ဍေန-ကိုယ်ထိလက်ရောက်, ရိုက်ကိုင်ပေါက်၍, အော်ငေါက်ပြင်းထန်, တစ်မျိုးမျိုးသော ဒဏ်ဖြင့်၊ ဒုဿတိ-ဒေါသမျက်မာန်, ပြင်းထန်တိုးပွား, ပြစ်မှားတတ်၏၊ သော-သူတော်ကောင်းအား, မျက်မာန်ပွား၍, ပြစ်မှားပြုမူ, ထိုထိုလူသည်၊ ဒသန္နံ ဌာနာနံ-ဒုက္ခရောက်ကြောင်း, မကောင်းဆိုးဝါး, ဒဏ်ဆယ်ပါးတို့တွင်၊ (ဝါ-ဒုက္ခရောက်ကြောင်း, မကောင်းဆိုးဝါး, ဆယ်ပါးသော အကြောင်းတို့တွင်၊) အညတရံ ဌာနံ-အမှတ်မထား, တစ်ပါးပါးသော ဒဏ်(အကြောင်း)သို့၊ ခိပ္ပမေဝ-ကာလမကြာ, ဆောလျင်စွာသာလျှင်၊ နိဂစ္ဆတိ-မသွေမဖောက်, ရောက်ရလေတော့၏။

ဖရုသံ-လူးကာ လိမ့်ကာ, တစာစာဖြင့်, ကြင်နာမြည်တမ်း, ကြမ်းတမ်းလှစွာသော၊ ဝေဒနံ-ခေါင်းခဲဖျားနာ, အစရှိသော, ရောဂါဝေဒနာသို့လည်းကောင်း၊ ဇာနိံ-ပင်ပန်းလှစွာ, ရှာဖွေလာသည့်, ဥစ္စာပျက်ပြုန်း, ဆုံးရှုံးခြင်းသို့လည်းကောင်း၊ သရီရဿ ဘေဒနံ ဝါ-လက်ခြေစသား, ခန္ဓာများတို့, ဆုံးပါးယိုယွင်း, ပျက်စီးခြင်းသို့လည်းကောင်း၊ ဂရုကံ အာဗာဓံ ဝါပိ-လေဖြတ်ဆွံ့အ, နူနာစသည့်, ကြီးလေးလှစွာ, အနာရောဂါသို့လည်းကောင်း၊ စိတ္တက္ခေပံ ဝါ-စိတ်ထားဖောက်ပြန်, သိညာဏ်ကွာကင်း, ရူးသွပ်ခြင်းသို့လည်းကောင်း၊ ပါပုဏေ-မကြာခဏ, ရောက်ရလေရာ၏။

---

ဒုဿန ဒုံသနေသု-ထွန်းပတင့်တယ်ခြင်း, ပြုခြင်း, ကိုက်ဖြတ်ဖျက်ဆီးခြင်းတို့၌၊ (ဒုံသတိ၊ ဒုံသေတိ၊ ဒုံသယတိ။)

**အညတရံ**= [ အည+တရ ] အညောဧဝ-အညတရော၊ အညသဒ္ဒါ သကတ္ထေ တရော၊ ဓာန်-ဋီ၊ ၇၁၇။ တစ်ပါးသော၊ တစ်မျိုးသော၊ တစ်မျိုးမျိုးသော၊ နှစ်ခုတွင် တစ်ခုခု။

**ဝေဒနံ**= [ √ဝိဒ+ယု+အာ ] ဝေဒယတီတိ-ဝေဒနာ၊ ခံစားတတ်သောသဘော၊ ဝိဒ=(စု) အနုဘဝန နိဝါသာချာနထေရိယေသု-သုံးဆောင်ခံစားခြင်း, နေခြင်း, ပြောဆိုခြင်း, မြဲမြံခိုင်ခံ့ခြင်းတို့၌၊ (ဝေဒေတိ၊ ဝေဒယတိ။)

**ဇာနိံ**= [ဟာ+တိ] ကွစိဓာတူတိအာဒိနာ ဟာဒိတော တိဿ နိဟောတိ၊ ဟာနိ ဇာနိ၊ ရူ-နှာ၊ ၃၇၁။ ဆုံးရှုံးခြင်း။

[ √ဟာ+နိ ] ဟာ-စာဂေ၊ ဟာနံ-ဟာနိ၊ မောဂ်-၅၊ ၅၀၊ ပဉ္စိကာ။

ရာဇတော-ပြည်သူခပင်း, အာဏာနှင်း၍, မင်းဖြစ်ရယူ, အုပ်ချုပ်သူတို့မှ၊ ဥပသဂ္ဂံဝါ-ခြွေရံသိမ်းရုပ်, ရာထူးဖြုတ်၍, ချုပ်နှောင်ခံရ, ထောင်တန်းကျခြင်းစသော ဘေးရန်သို့လည်းကောင်း၊ ဒါရုဏံ-ရှက်ကွဲကျိုးယုတ်, ကြမ်းကြုတ်လှပေသော၊ အဗ္ဘက္ခာနံ ဝါ-သူပုန်ဓားပြ, ခိုးခြင်းစသား, ပြစ်မှုများဖြင့်, လွဲမှားလုပ်ကြံ, စွပ်စွဲခံရခြင်းသို့လည်းကောင်း၊ ဉာတီနံ-မိုခိုအားထား, ဆွေမျိုးများတို့၏, ပရိက္ခယံဝါ-သေပျောက်ပြုန်းတီး, ပျက်စီးခြင်းသို့လည်းကောင်း၊ ဘောဂါနံ-သုံးစွဲစရာ, ပစ္စည်းဥစ္စာတို့၏၊ ပဘင်္ဂုရံဝါ-အလိုအလျောက်, ကွယ်ပျောက်ပြုန်းတီး, ပျက်စီးခြင်းသို့လည်းကောင်း၊ ပါပုဏေ-ပြုမှားသည့်ကံ, လွန်လေးလံ၍, လွန်ဆန်မသာ, ရောက်ရလေရာ၏။

---

[ √ဓာ+နိ ] ဓာ-ဝယောဟာနိယံ၊ ဓာန်-ဓာနိ၊ မောဂ်-၅၊ ၅၀-ပဥ္စိကာ၊ ဓာ=(ကိ) ဇရာယံ-ရင့်ရော်အိုမင်း ပျက်စီးခြင်း၌၊ (ဇိနာတိ။)

[ √ဟာ+ယု+ဤ] ဟာ-စာဂေ, ယု, နဒါဒိ ရသော၊ ဟဿ ဇော, ဓာနိ။ ဆုံးရှုံးခြင်း၊ ဓာန်-ဋီ၊ ၇၆၃။

ဘာဒနံ= [ √ဘိဒိ+ယု ] ပျက်စီးခြင်း၊ ဘိဒိ=(ဒိ) ဘိဇ္ဇနေ-ပျက်ပြားခြင်း၌၊ (ဘိဇ္ဇတိ။)

ဂရုကံ= [ √ ဂရ+က ] ပြင်းထန်သော၊ ကြီးလေးသော၊ အလေးပြုအပ်သော၊ ရိုသေလေးစားထိုက်သော။

ဂရု= [ √ဂရ+ဏု ] ဏုမှိ ဃင္ဃာဒီနံဝါတိဇ္ဇော ဝါသဒ္ဒေန နဝုဒ္ဓိ၊ ရူ၊ ၆၅၁။

[ √ဂိရ+ဥ ] ဂိရာတိဝါ နိပါတနာ အ-ကာရော၊ --ဂိရတိ ဝမတိ ဝါ သိသေသု သိနေဟန္တိ-ဂရု= အာစရိယော၊ မောဂ်-၇၊ ၂။ ဂိရ=(ဘူ) နိဂိရဏာဒိသု-ယိုစီးခြင်း-စသည်တို့၌၊ (ဂိရတိ။)

ပုံလိင်ဂရုသဒ္ဒါသည် ဆရာ-စသည်၌လည်းကောင်း, အမိအဖတို့၌လည်းကောင်း ဖြစ်၏၊ လိင်သုံးပါး၌ဖြစ်သော ဂရုသဒ္ဒါသည် များသည်၌လည်းကောင်း, ကျေစေနိုင်ခဲသည် လေးသည်တို့၌လည်းကောင်း ဖြစ်၏၊ ဓာန်၊ ၈၄၀။

အာဗာဓံ= [ အာ √ဗာဓ+အ ] အာဗာဓတိ စိတ္တံ ဝိလောဠေတီတိ-အာဗာဓော၊ နီတိ-ဓာ၊ ၁၀၈။ အနာရောဂါ၊ ညှဉ်းဆဲနှိပ်စက်ခြင်း၊ နာကျင်ခြင်း၊ ဆင်းရဲဒုက္ခ။

စိတ္တက္ခေပံ= [ စိတ္တ+ခေပ ] စိတ္တဿ ခေပေါ-စိတ္တက္ခေပေါ၊ စိတ်ကို အာရုံအမျိုးမျိုး၌ ပစ်ထားခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ ရူးသွပ်ခြင်း။

ခေပ= [ √ခိပ+ဏ ] ခိပ-ပေရဏေ-ပစ်လွှင့်ခြင်း၌၊ ခိပနံ ဗဟိကရဏံ-ခေပေါ၊ ဓာန်-ဋီ၊ ၁၂၁။ ပစ်ပယ်ခြင်း၊ ပစ်လွှင့်ခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်း။

ပါပုဏေ= [ ပ √အပ+ဥဏာ+ဧယျ ] ဧယျ-ဝိဘတ်ကို ဧ-ပြု၊ ရောက်ရာ၏။

ဥပသဂ္ဂံ= [ ဥပ √သဇ္ဇ+ဏ ] ဥပ ဂန္တွာ သဇ္ဇတိ ပကာသေတီတိ-ဥပသဂ္ဂေါ၊ ဘေးရန်၊ ဓာန်-ဋီ၊ ၄၀၁။ ပု ။ ဒဏ်သင့်ခြင်း၊ ဥပဿာရပုဒ်။

အဗ္ဘက္ခာနံ= [ အဘိ+အာ √ခါ+ယု ] အဘိအက္ခာနံ ပရိဘာသနံ-အဗ္ဘက္ခာနံ၊ အပ-၄-၁၊

အထ–ထိုမှတစ်ပါး၊ အဿ–သူတော်စင်အား, မျက်မာန်ထား၍, ပြစ်မှားငြုစူ, ထိုသို့သဘောရှိသောသူ၏၊ အဂါရာနိ–ဝင်ထွက်သွားလာ, ချမ်းသာရိပ်ငြိမ်, နေရာအိမ်တို့ကို၊ အဂ္ဂိဝါ–လူသုံးသောမီး, မိုးကြိုးမီးသည်သော်လည်းကောင်း၊ ပါဝကောဝါ–လိုလျောက်ပွားစီး, တောက်လောင်သောမီးသည်သော်လည်းကောင်း၊ ဍဟတိ–တစ်နှစ်မှာနှစ်ကြိမ်, သုံးကြိမ်မက, စွဲလောင်ခံရလေတော့၏၊ ဒုပ္ပညော–ဒေါသမာန, မောဟလွှမ်းဖိ, ပညာမရှိသော၊ သော–ဖော်ပြထင်ရှား, ဒဏ်ဆယ်ပါးတွင်, တစ်ပါးပါးသင့်ပြီးသူသည်၊ ကာယဿ–ယခုရလာ, ကိုယ်ခန္ဓာ၏၊ ဘေဒါ–ရုပ်သက်နာမ်သက်, ချုပ်လျက်သီးသီး, ပျက်စီးသည်မှ၊ ပရံ–တစ်ဆက်တည်းလာ, နောက်အခါ၌၊ နိရယံ–ချမ်းသာကင်းကွာ, ငရဲရွာသို့၊ ဥပပဇ္ဇတိ–မသွေမဖောက်, ကပ်ရောက်ရလေတော့၏။

---

၁၂၉။ မဟုတ်မမှန် လုပ်ကြံစွပ်စွဲခြင်း၊ ဆဲရေးခြင်း။

**ဒါရုဏံ**= [ √ဒရ+ဏိ+ကုန ] ကိဏာဒီနံ တေန–ဟူသောသုတ်၌ ကိဏာဒီနံ–ဟူသော ယောဂဝိဘာဂဖြင့် ကာရိတ်ပစ္စည်းကို ချေ၊ ဝိဒါရေတီတိ–(ကွဲစေတတ်သောကြောင့်၊) ဒါရုဏော= ကက္ခဠော၊ ကြမ်းကြုတ်သော၊ မောဂ်–၇၊ ၁၀၁။

[ √ဒရ+ဥဏ ] ဒရ–ဝိဒါရဏေ၊ ဒရီယတီတိ–ဒါရုဏံ၊ ကြောက်မက်ဖွယ်ကောင်းသော၊ ဓာန်–ဋီ၊ ၁၆၇။ ကြမ်းတမ်းသော၊ ခက်ထန်သော။

**ပရိက္ခယံ**= [ပရိ √ခိ+အ ] ပရိတော ခယနံ–ပရိက္ခယော၊ ပု ။ ထက်ဝန်းကျင်မှ ကုန်ခန်းခြင်း၊ ကုန်ပျောက်ခြင်း။

**ဘောဂါနံ**= [ √ဘုဇ+ဏ ] ဘုဇ္ဇတီတိ–ဘောဂါ၊ ရူ၊ ၅၇၉။ စည်းစိမ်ဥစ္စာ၊ ဘုဥ္ဇနံ–ဘောဂေါ၊ သုံးဆောင်ခံစားခြင်း၊ ဘုဇီယတိ ကုဋိလံ ကရီယတီတိ–ဘောဂေါ၊ မြွေ၏ကိုယ်၊ အခွေ၊ သက်န်းစသည်တို့၏အခွေအခေါက်၊ ဘုဇ=(ဘုဇ ) ကောဋိလ္လေ–ကောက်ကွေ့ခြင်း၌၊ (ဘုဇတိ။)

**ပဘင်္ဂုရံ**= [ပ √ဘဥ္ဇ+ဃုရ ] ပဘဉ္ဇတေ သယမေဝ ပဘဉ္ဇတီတိဝါ အတ္တာနန္တိ–ပဘင်္ဂုရော၊ ကိုယ်တိုင်ပျက်စီးတတ်သော၊ ကိုယ့်ကိုယ်ကို ဖျက်တတ်သော၊ ဘဥ္ဇ+ဘဉ္ဇ+ဘံဇ=(ဘုဇ+ရ ) အဝမဒ္ဒနေ–ချိုးဖဲ့ဖျက်ဆီးခြင်း၌၊ (ဘဥ္ဇတိ။)

ဤ၌ ဘင်္ဂုရသဒ္ဒါ၏ ရုပ်ပြီးပုံကို သိနားလည်မှ ပို၍ အသိဉာဏ်ရှင်းလင်းမည်ထင်၍ ဘင်္ဂုရသဒ္ဒါ၏ ရုပ်ပြီးပုံကို ထည့်သွင်းပြဆိုလိုက်ပါသည်။

**ဘင်္ဂုရ**= [ √ဘဥ္ဇ+ဃုရ] ဘဥ္ဇ–ဩမဒ္ဒနေ ၊ ဘဉ္ဇတေ သယမေဝ ဘဉ္ဇတိဝါ အတ္တာနန္တိ–ဘင်္ဂုရော၊ ကမ္မ ကတ္တရိ ဃုရော နိပစ္စတေ၊ နိပါတနသ ဣန္ဒဝိသယတ္တာ ယော ပရံ ဘဥ္ဇတိ တဿိံ န ဟောတိ၊ မောဂ်–၅၊ ၅၄။ ပဋိကာ၊ ကိုယ်တိုင်(အလိုအလျောက်) ပျက်စီးတတ်သော၊ မိမိကိုယ်ကို ချိုးဖျက်တတ်သော၊

ယော ပရံ ဘဥ္ဇတိ တတ္ထပိ သိယာ သာမညဝိဓာနတောတိ အာဟ–နိပါတနသိဒ္ဓါဒိ၊ ဒေါသန္တကာရံ ဘိန္ဒတီတိ–ဒေါသန္တကာရဘိဒုရော၊ ၄င်းပဋိကာ–ဋီ။

(မြန်မာပြန်) မည်သူ့အားမျှ မပြစ်မှားတတ်သည်ဖြစ်၍ ပြစ်ဒဏ်မရှိသူတို့ကို ကိုယ်နှုတ်ထိပါး, ပြစ်မှားသူသည် ဒုက္ခရောက်ကြောင်း ဒဏ်ဆယ်ပါးတို့တွင် တစ်ပါးပါးသို့ လျင်မြန်စွာ ရောက်ရတတ်သည်။

ယင်းဒဏ်ဆယ်ပါးဟူသည်မှာ–

၁။ ပြင်းထန်သောဝေဒနာစွဲကပ်ခြင်း၊
၂။ ဥစ္စာပစ္စည်း ပျက်စီးဆုံးရှုံးရခြင်း၊
၃။ လက်ပြတ်ခြေပြတ်စသည်ဖြင့် ကိုယ်အင်္ဂါပျက်စီးရခြင်း၊
၄။ လေဖြတ် ဆွံ့အ အနူ–စသော ကြီးမားသောအနာမျိုး ဖြစ်ပွားခြင်း၊
၅။ စိတ်ဓာတ်မမှန်, သိညာဏ်ကွာကင်း, ရူးသွပ်ရခြင်း၊
၆။ မင်းဒဏ်သင့်၍ စည်းစိမ်ဥစ္စာ ရာထူးဌာနန္တရ လျော့ကျခြင်း၊
၇။ ရက်ကွဲကျိုးယုတ်, ကြမ်းကြုတ်လှစွာ, သူပုန်ဓားပြ–စသည်ဖြင့် လုပ်ကြံစွပ်စွဲခံရခြင်း၊
၈။ မိမိမှီခိုအားထားနေရသော ဆွေမျိုးများ, သေပျောက်ပြုန်းတီး, ပျက်စီးသွားရခြင်း၊
၉။ အသုံးအဆောင် ပစ္စည်းဥစ္စာများ အလိုအလျောက် ကွယ်ပျောက်ပြုန်းတီး ပျက်စီးပြောင်းလဲသွားရခြင်း၊
၁၀။ တစ်နှစ်မှာ နှစ်ကြိမ်သုံးကြိမ်, နေအိမ်ကို မီးလောင်ခံရခြင်း၊

ဤသည်တို့ပင် ဖြစ်ပါသည်။

ယင်း–ဒဏ်ဆယ်ပါးတို့တွင် ဤဘဝ၌ တစ်ပါးပါးကို ခံရတတ်သည်၊ သေလွန်ပြီးသည့်အခါမှာကား ထိုပညာမဲ့ လူမိုက်သည် ငရဲသို့ ရောက်ရလေတော့သည်။

ပြစ်မှားဖို့ရန်, မထိုက်တန်သည့်, ပြစ်ဒဏ်ကင်းငြား, သူတို့အားလျှင်, လေးစားမမှု, ပြစ်မှားသူထံ, ဆယ်ပါးဒဏ်တွင်, ဒဏ်တစ်ပါးပါး, လျင်လျားဆောစွာ, ကျရောက်လာ၏။

ဝေဒနာကြမ်း[၁], ကုန်ခန်းဥစ္စာ[၂], ကိုယ်အင်္ဂါပျက်[၃], နှိပ်စက်နာဆိုး[၄], ရူးသွပ်မျိုးနှင့်[၅], မင်းစိုးပြစ်ဒဏ်[၆], စွပ်စွဲခံရိုး[၇], ဆွေမျိုးပျက်စီး[၈], ပစ္စည်းဆွေးပုပ်[၉], အိမ်ကုဋ်မီးဝါး[၁၀], ဤဆယ်ပါးသည် ······· ရထားလက်ငင်းအပြစ်တည်း။

---

**ဒုဟတိ=** [ √ဒုဟ+အ+တိ ] ဒ–ကို ဒု–ပြု၊ လောင်၏၊ လောင်မြိုက်၏၊ ကျွမ်း၏၊ ပူလောင်၏။

**ဘေဒ=** [ √ဘိဒိ+ဏ ] ဘိဒ္ဓန်–ဘေဒေါ၊ နီတိ–ဓာ၊ ၂၂၆။ ပု ။ ပျက်စီးခြင်း၊ ကွဲပြားခြင်း၊ ဘေဒဥပါယ်။

**ဥပပဇ္ဇတိ=** [ဥပ √ပဒ+ယ+တိ] ဖြစ်ရ၏၊ ကျရောက်၏၊ သွားရောက်၏၊ ကပ်ရောက်၏။

တရားမခင်, အမှားမြင်လျက်, အစဉ်ဆိုးဝါး, လူမိုက်များသည်, သေသွားပြီးနောက်, ငရဲရောက်သော်, နောက်ထပ်တစ်ဖန်, ပူရပြန်၏။

## ၈–ဗဟုဘဏ္ဍိကဘိက္ခုဝတ္ထု

၁၄၁။ န နဂ္ဂစရိယာ န ဇဋာ န ပင်္ကာ , နာနာသကာ ထဏ္ဍိလသာယိကာ ဝါ၊
ရဇောဇလ္လံ ဥက္ကုဋိကပ္ပဓာနံ , သောဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ ။

(အနက်) အဝိတိဏ္ဏကင်္ခံ –သိညာဏ်ကင်းဝေး, မလွန်မြောက်သေးသော ယုံမှားခြင်းရှိသော၊ (ဝါ–သိညာဏ်ကွာကင်း, ယုံမှားခြင်းကို မလွန်မြောက်သေးသော၊) မစ္စံ–ဓာတိ ရှိက, သေရမည်သာ, သတ္တဝါကို၊ နဂ္ဂစရိယာ–မတင့်မတယ်, ရှက်ဖွယ်စင်စစ်, ဝတ်လစ်စလစ် ကျင့်ခြင်းတို့သည်၊ န သောဓေန္တိ–စင်ကြယ်စေရေး, ကြဲမျှော်တွေးကာ, ကျင့်ကြ ပါလည်း, ကိုယ်သာပင်ပန်း, ကျွတ်တန်းမပိုင်, မသုတ်သင်နိုင်ကြကုန်၊ ဇဋာ–ပြုပြင် ကင်းဝေး, ရှုပ်ထွေးနေသော ဆံကျစ်တို့သည်၊ န သောဓေန္တိ–စင်ကြယ်စေရေး, ကြဲမျှော် တွေးကာ, ထားကြပါလည်း, ကောင်းစွာပိုင်ပိုင်, မစင်ကြယ်စေနိုင်ကုန်၊ ပင်္ကာ–ရွှံ့ညွှန် အလား, ညစ်ကြေးများတို့, တိုးပွားပေကျံအောင် ကျင့်ခြင်းတို့သည်၊ န သောဓေန္တိ–မျှော်မှန်း တခြား, ကျင့်တခြားမို့, မှန်းထားပိုင်ပိုင်, မစင်ကြယ်စေနိုင်ကုန်၊ အနာသကာ–အစာ ကိုဖြတ်, အငတ်ခံ၍ကျင့်သော အကျင့်တို့သည်၊ န သောဓေန္တိ–မိစ္ဆာပွားတိုး, ကျင့်တစ်မျိုးမို့, ကိုယ်ကျိုးမပိုင်, မစင်ကြယ်စေနိုင်ကုန်၊ ထဏ္ဍိလသာယိကာဝါ–မြေပြင်အထက်, အိပ်စက်၍ ကျင့်ခြင်းတို့သည်လည်း၊ န သောဓေန္တိ–ညစ်ကြေးစွန့်ပယ်, မစင်ကြယ်စေနိုင်ကုန်၊ ရဇော ဇလ္လံဝါ–မြူ၏ညစ်ကြေး, ရှုပ်ထွေးပေကျံအောင် ကျင့်ခြင်းသည်လည်း၊ န သောဓေတိ– ညစ်ကြေး ပျောက်ကွယ်, မစင်ကြယ်စေနိုင်ပေ၊ ဥက္ကုဋိကပ္ပဓာနံဝါ–ဆောင့်ကြောင့်ထိုင်မှု, လုံ့လပြု၍ ကျင့်ခြင်းသည်လည်း၊ န သောဓေတိ–မိစ္ဆာတိုးပွား, ကျင့်တစ်ပါးမို့, မှန်းထား ပိုင်ပိုင်, မစင်ကြယ်စေနိုင်ပေ။

---

### ၁၄၁–ပဒဝိဘာဂ

**နဂ္ဂစရိယာ=** [နဂ္ဂ+စရိယ] အဝတ်မဝတ်သောအကျင့်၊ အဝတ်မဝတ်ဘဲကျင့်ခြင်း၊ ဝတ်လစ်စလစ် ကျင့်ခြင်း။

**နဂ္ဂ=** [ √နဇ+တ္တ] ကောတ္ထုဉာ။ န ဇိယတေတိ–နဂ္ဂေါ၊ အဝတ်မဝတ်သော၊ ဏျ–ပစ္စည်း ဖြင့်လည်း ပြီးနိုင်ပါသည်၊ နဇ=(ဘူ) လဇ္ဇာယံ–ရှက်ချခြင်း၌၊ (နဇတိ။)

[န √ဂမု+ကွိ] န ဂစ္ဆတီတိ–နဂ္ဂေါ ၊ ဒိတ္တံ။

[ √လဂ္ဂ+ဏ] လဂ္ဂ–သင်္ဂေ ဝါ နတ္တံ။

[ √နဓိ+ဏ] [လဓိ+ဏ] နဓိ+လဓိ–ဗိလေဝါ, ဏော ဓဿ ဂေါ ဒိတ္တံ၊ တိ ။ ဓာန်–ဋီ၊ ၇၃၄၊

**ဇဋာ=** [ √ဇဋ+အ+အာ] တာပသာနံ ဝတိနံ တပဿီ ကေသစယေ ဇဋာသဒ္ဒေါ ဝုတ္တတိ၊ ဓာန်–ဋီ၊ ၂၅၇။ ဆံကျစ်၊ ရှုပ်ထွေးသောဆံပင်အပေါင်း၊ ဇဋ=(ဘူ) သင်္ဃာတေ–ပေါင်းစု ယှက်ထွေးခြင်း၌၊ (ဇဋတိ။)

(မြန်မာပြန်) အဝတ်မဝတ်ဘဲကျင့်ခြင်း, ဆံကျစ်ထုံးခြင်း, အညစ်အကြေး တိုးပွားပေကျံကာ ကျင့်ခြင်း, အစာကိုဖြတ် အငတ်ခံကာကျင့်ခြင်း, မြေပေါ်၌အိပ်၍ကျင့်ခြင်း, မြူအညစ်အကြေး ပေါက်ထွေးပေကျံနေအောင်ကျင့်ခြင်း, ဆောင့်ကြောင့်ထိုင်လျက်ကျင့်ခြင်းတို့သည် ယုံမှားခြင်းသဘောကို မလွန်မြောက်သေးသည့် သတ္တဝါအပေါင်းကို ကိလေသာတို့မှ မစင်ကြယ်စေနိုင်ပေ။ (မိစ္ဆာအယူတိုးပွား၍ ကိုယ်ပင်ပန်းရုံသာ ဖြစ်ပေသည်။)

---

ပင်္ကာ= [ ပင်္က+ဏ ] ပင်္ကောဝိယ-ပင်္ကော= မလံ၊ ဒန္တပင်္ကော ပုရိမပဒလောပေန ပင်္ကောတိ ဝုတ္တောတိ-ပင်္ကောနာမ ဒန္တမလန္တိ ဝုတ္တံ၊ သံ-ဋီ-၂၊ ၃၁၃။ သွား၏အညစ်အကြေး၊ သွားချေး၊ ညွန်နှင့်တူသောတရား၊ ကိလေသာညွန်၊ လာဘ်၊ ကျော်စောခြင်း၊ ရိုသေခြင်း၊ ရှိခိုးပူဇော်ခြင်း။

ပင်္က= [ √ကမ္ပ+က ] ကမ္ပ-စလနေ၊ ကမ္ပိဿ ပံ၊ ကမ္ပဓာတ်ကို ပံ-ပြု၊ ကမ္ပတိ စလတီတိ-ပင်္ကော၊ ကဒ္ဒမော၊ ရွံ့ညွန်၊ မောဂ်-၇၊ ၁၅။ ကမ္ပ=(ဘူ) ကမ္ပနေ-တုန်လှုပ်ခြင်း၌၊ (ကမ္ပတိ၊ ကမ္ပတေ။)

[ √ပစိ+ဏ ] ပစီယတိ ဝိတ္ထာရီယတီတိ-ပင်္ကော= ပကတိကဒ္ဒမော၊ ဓာတ်-ဋီ-သစ်။ ပစိ=(စု) ဝိတ္ထာရေ-ချဲ့ခြင်း၌၊ (ပဉ္စေတိ၊ ပဉ္စယတိ။)

အနာသကာ= [ န √အသ+ဏွု ] န အသ္နာတိ-အနာသကော၊ တိ ။ အစာမစားသော။

ထဏ္ဍိလသာယိကာ= [ ထဏ္ဍိလ+သာယိကာ ] ဟရိတကုသသန္ထတေ ဘူမိဘာဂေ သယနံ၊ သံ-ဋ-၃၊ ၄၃။ သမန်းမြက်စိုတို့ဖြင့် ခင်းအပ်သော ယဇ်မြေ၌အိပ်ခြင်း၊ မြေ၌အိပ်ခြင်း၊ ထိ ။

ထဏ္ဍိလ= [ ထဏ္ဍ+ဣလ ] ထဏ္ဍာနိ ဝသူနိ ရတနာနိ ဧတ္ထ အတ္ထီတိ-ထဏ္ဍိလာ အဿတ္ထိ အတ္ထေ ဣလပစ္စယော ယထာ တုဏ္ဍိလောတိ၊ ဓာတ်-ဋီ၊ ယဇ်မြေ၊ မြင့်သောမြေအရပ်၊ ကြမ်းတမ်းသောမြေအရပ်၊ ပု+န ။

[ √ထလ+ဣလစ် ] ဓာတ်ပေါ်၌ နိဂ္ဂဟိတ်လာ၊ ဓာတွန်လ-ကို ဍ-ပြု၊ ကောတ္ထုဘာ။ မြေ၊ ယဇ်မြေ၊ ကုန်းမြေ၊ ထလ-ဌာနေ၊ ထလတိ ဧတ္ထာတိ-ထဏ္ဍိလံ။

ထဏ္ဍာ= [ √ထဍိ+က ] ဥစ္စာ ရတနာ၊ ထဍိဓာတ် မတွေ့သေး၊ တိ-ပိ-ဓာန်။

သာယိကာ= [ √သီ+ဏွု+အာ ] အာ-ပစ္စည်းကြောင့် အ-ကို ဣ-ပြု၊ သယနံ-သာယိကာ၊ အိပ်ခြင်း။

ရဇောဇလ္လံ= [ ရဇ+ဇလ္လ ] ရဇသော ဇလ္လံ-ရဇောဇလ္လံ၊ မောဂ်-ပဉ္စိကာ-၃၊ ၅၉။ ရဇသော-မြူ၏၊ ဇလ္လံ-အညစ်အကြေးတည်း၊ ရဇောဇလ္လံ၊ မြူ၏အညစ်အကြေး။

ဇလ္လ= [ √ဇလ+ဏျ ] အညစ်အကြေး၊ ဇလ=(ဘူ) ဒိတ္တိ စလန တိက္ခ ဓညေသု-တောက်ပခြင်း, တုန်လှုပ်ခြင်း, ထက်မြက်ခြင်း, ပြည့်စုံခြင်းတို့၌၊ (ဇလတိ။)

ဥက္ကုဋိကပ္ပဓာနံ= [ ဥက္ကုဋိကာ+ပဓာန ] ဆောင့်ကြောင့်ထိုင်သည်၏အဖြစ်ဖြင့် အားထုတ်အပ်သော၊ ဆောင့်ကြောင့်ထိုင်ခြင်းဟူသောလုံ့လ၊ ဖဝါးဆွန့်နင်းလျက် သွားသည်၏ အဖြစ်ဖြင့် အားထုတ်အပ်သော၊ ဖဝါးဆွန့်နင်းလျက် သွားခြင်းဟူသော လုံ့လ။

**လင်္ကာ** အဝတ်မဆီး, ကိုယ်လုံးတီးဖြင့်, ဖွဲ့စည်းဆံကျစ်, မြေပျစ်လိမ်းကာ, အစာ ဖြတ်လျက်, အိပ်စက်မြေပေါ်, ချေးညှော်မဖျောက်, ထက်အောက်မဖြောင့်, ဆောင့်ကြောင့်ထိုင်မှု, စသည်ပြုကာ, ကျင့်နေပါလည်း, ရှစ်ဖြာကြောင်းများ, ယုံမှားမကွာ, သတ္တဝါသည် .......ဘယ်မှာညစ်ကြေး စင်မည်နည်း။

## ၉-သန္တတိမဟာမတ္တဝတ္ထု

၁၄၂။ အလင်္ကတော စေပိ သမံ စရေယျ, သန္တော ဒန္တော နိယတော ဗြဟ္မစာရီ၊
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ, သော ဗြာဟ္မဏော သော သမဏော သ ဘိက္ခု။

**အနက်** ယော-မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ သန္တော-ကိလေသာမီး, ငြိမ်းအေး ပြီးသည်၊ ဒန္တော-စက္ခုစသား, ခြောက်ပါးသော ဣန္ဒြေတို့ကို ဆုံးမပြီးသည်၊ နိယတော-လေးဖြာမဂ်, နိယမဖြင့် မြဲသည်၊ ဗြဟ္မစာရီ-မေထုန်ပယ်လွှင့်, မြတ်သော အကျင့်ကို ကျင့်လေ့ရှိသည်၊ ဟုတွာ-ဖြစ်၍၊ သဗ္ဗေသု-ကြီးငယ်မကြွင်း, ခပင်းဥဿုံ,

---

**ဥက္ကုဋိကာ=** [ ဥ √ကုဋ+ဏ္ဍု+အာ ] ဆောင့်ကြောင့်၊ ဆောင့်ကြောင့်ဖြစ်သော၊ ကုဋ=(ဘု) ကောဋိလ္လေ-ကောက်ကွေးခြင်း၌၊ ဆေဒန ပဝတ္တနေသုစ-ဖြတ်ခြင်း, ဖြစ်ခြင်းတို့၌လည်း၊ (ကုဋတိ။)

[ ဥ+ကောဋိ+က+အာ ] ဥဒ္ဓံ ဧကာ ကောဋိ ဣမိဿာ ဂမနာယာတိ-ဥက္ကုဋိကာ၊ ပါစိတ်-ယော၊ ၁၃၄။ ဖဝါးဆွန့်နင်းသွားခြင်း။

**ပဓာနှ=** [ ပ √ဓာ+ယု ] ပဒဟတိ ယေနာတိ-ပဓာနံ၊ အားထုတ်ကြောင်း၊ လုံ့လ၊ ဓာန်-ဋီ၊ ၁၅၆။ ဒဟဿ ဓော၊ ဒဟ ဘဿိကရဏေ-ဟု တွေ့ရသေး၏၊ နောက်ထည့်ပါ၌သာ ဖြစ်တန်ရာပါသည်။

ပဒဟတီတိ-ပဓာနံ၊ ပကဋ္ဌေန ဓာရေတိ ပတိဋ္ဌာတီတိ-ပဓာနံ၊ ပပုဗ္ဗော ဓာ ပတိဋ္ဌာယံ ယု၊ မြတ်သော၊ ပြဋ္ဌာန်းသော၊ သူစိ။

**သောဓေန္တိ=** [ √သုဓ+ဏေ+အန္တိ ] စင်ကြယ်စေကုန်၏၊ သုတ်သင်ကုန်၏။

**အဝိတိဏ္ဏကင်္ခ=** [ အဝိတိဏ္ဏ+ကင်္ခါ ] အဝိတိဏ္ဏာ ကင်္ခါ ယဿာတိ-အဝိတိဏ္ဏကင်္ခေါ၊ မလွန် မြောက်သေးသော ယုံမှားခြင်းရှိသော၊ ယုံမှားခြင်းကို မလွန်မြောက်သေးသော။

**အဝိတိဏ္ဏာ=** [ န+ဝိတိဏ္ဏာ ] န ဝိတိဏ္ဏာ-အဝိတိဏ္ဏာ၊ မလွန်မြောက်သေးသော။

**ဝိတိဏ္ဏာ=** [ ဝိ √တရ+တ+အာ ] ဝိတရိတ္ထာတိ-ဝိတိဏ္ဏာ= ကင်္ခါ၊ လွန်မြောက်ပြီးသော။

**ကင်္ခါ=** [ √ကခိ+အ+အာ ] ကင်္ခါယနာ-ကင်္ခါ၊ ယုံမှားခြင်း၊ ကခိ+ကင်္ခ= (ဘု) ကင်္ခါယံ-ယုံမှားခြင်း၌၊ ကင်္ခါယဉ္စ-လိုချင်ခြင်း၌လည်း၊ (ကင်္ခတိ။)

### ၁၄၂-ပဒဝိဘာဂ

**အလင်္ကတော=** [ အလံ+ကတ ] ဤ၌ အလံသဒ္ဒါသည် တန်ဆာဆင်ခြင်း၌ဖြစ်သော နိပါတ်တည်း၊ အလံ ကတော-အလင်္ကတော၊ မောဂ်-၃၊ ၁၅။ တန်ဆာဆင်အပ်ပြီးသော။

အလုံးစုံကုန်သော၊ ဘူတေသု-သက်ရှိထင်ရှား, သတ္တဝါများတို့၌၊ ဒဏ္ဍံ-ကိုင်၍တုတ်ဓား, ထိပါးတတ်ပြန်, ထိုထိုဒဏ်ကို၊ နိဓာယ-ကြဉ်ဖယ်ရှောင်ရှား, ပယ်စွန့်ထား၍၊ သမံ-ကိုယ်နှုတ်စိတ်များ, ညီစွာထားလျက်၊ စေ စရေယျ-အကယ်၍များ, ကျင့်နေငြားအံ့၊ ဧဝံ-ဤသို့ညီညွတ်, ကျင့်နေလတ်သော်၊ အလင်္ကတော-ဝတ်စားတန်ဆာ, ပြည့်စုံစွာဖြင့်, ကောင်းစွာသပ်ယပ်, တန်ဆာဆင်အပ်သည်၊ သမာနောပိ-ဖြစ်နေပါသော်လည်း၊ သော-ကိလေကုန်ခန်း, စိတ်ငြိမ်းချမ်း၍, ကျွတ်တန်းဝင်ခို, ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏော-မကောင်းမှုများ, ပယ်စွန့်ထားမှု, ကြောင်းထောက်ရှုက, ဗြာဟ္မဏဟုလည်းကောင်း၊ သော-ကိလေကုန်ခန်း, စိတ်ငြိမ်းချမ်း၍, ကျွတ်တန်းဝင်ခို, ထိုပုဂ္ဂိုလ်ကို၊ သမဏော-မကောင်းမှုတွေ, ငြိမ်းစေတတ်မှု, ကြောင်းထောက်ရှုက, သမဏဟုလည်းကောင်း၊ သော-ကိလေကုန်ခန်း, စိတ်အေးချမ်း၍, ကျွတ်တန်းဝင်ခို, ထိုပုဂ္ဂိုလ်ကို၊ ဘိက္ခု-ကိလေသာစု, ဖြိုဖျက်မှုကြောင့်, ဘိက္ခုဟုလည်းကောင်း၊ (ဝတ္တဗ္ဗောဃေဝ-သူ့ဂုဏ်အလိုက်, ခေါ်ဆိုထိုက်တော့သည်သာ။)

(မြန်မာပြန်) တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်သည် ကိလေသာမီးကို ငြိမ်းသတ်ထား၏၊ ဣန္ဒြေတို့ကိုလည်း ဆုံးမထား၏၊ မဂ်လေးပါးကို ရထားသည့်အတွက် ခိုင်မြဲသောသဘောလည်း ရှိနေ၏၊ မြတ်သောအကျင့်ကိုလည်းကျင့်နေ၏၊ သတ္တဝါအကုန်လုံးတို့၏အပေါ်၌ ညှဉ်းဆဲခြင်းဒဏ်ကို ပယ်စွန့်၍ ညီညီမျှမျှ ကျင့်နေ၏၊ သို့ဖြစ်နေပါလျှင် ထိုပုဂ္ဂိုလ်မျိုးသည် ဝတ်စားတန်ဆာ ဆင်ယင်ထားစေကာမူ မကောင်းမှုကို ပယ်ပြီးဖြစ်သည့်အတွက် ဗြာဟ္မဏလည်းမည်၏၊ ကိလေသာမီး ငြိမ်းအေးပြီးဖြစ်သည့်အတွက် သမဏလည်းမည်၏၊ ကိလေသာတို့ကို ဖျက်ဆီးပြီးဖြစ်သည့်အတွက် ဘိက္ခုလည်းမည်၏။

---

**စရေယျ**= [ √စရ+အ+ဧယျ ] ကျင့်ရာ၏၊ လှည့်လည်ရာ၏၊ သွားလာကျက်စားရာ၏၊ နေရာ၏။

**နိယတော**= [ နိ √ယမု+တ ] ယမု ဥပရမေ၊ နိယစ္ဆိတိ-နိယတော၊ ရူ-နှာ၊ ၃၈၆။ ဆုံးဖြတ်ထားသော၊ ကန့်သတ်ထားသော၊ မြဲသော။

**ဗြဟ္မစာရီ**= [ဗြဟ္မ √စရ+ဏီ] ဗြဟ္မံ စရိတုံ သီလံ ယဿာတိ ဝါ, ဗြဟ္မံ စရတိ သီလေန ဓမ္မေန သာဓု ဝါတိ-ဗြဟ္မစာရီ (ဗြဟ္မစာရိနီ, ဗြဟ္မစာရီ။) ရူ၊ ၅၉၀။ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသူ၊ ....... ကျင့်နေသူ၊ ....... ကျင့်တတ်သူ။

**နိဓာယ**= [နိ √ဓာ+တွာ] တွာပစ္စည်းကို ယ-ပြု၊ ကစ္စည်း၊ ၅၉၇။ ထား၍၊ သိုမှီး၍၊ သိမ်းဆည်း၍။

**ဗြာဟ္မဏော**= [ ဗာဟိတ+ပါပ ] ဗာဟိတော ပါပေါ ယေနာတိ-ဗြာဟ္မဏော၊ ဗာဟိတပါပ-ဟု ဆိုလိုလျက် အစ၌ ရ-လာ၊ ဗာ-သို့ကပ်၊ ဟ-၏မှီရာ ဣ-ကိုချေ၊ တ-ကို မ-ပြု၊ ဟ-ကို မ-သို့ကပ်၊ [ ဗြာဟ္မ+ပါပ ] ပါ-ကိုချေ၊ ပ-ကို ဏ-ပြုလျက် ဗြာဟ္မဏ-ဟု ပြီးသည်၊ အပပြုအပ်ပြီးသော မကောင်းမှုရှိသည့် ရဟန္တာရဟန်း၊ ဓမ္မပဒမဟာဋီကာ-နှာ၊ ၃၀။ ဆက်လက်၍လည်း များစွာပြဆိုထားသေးသည်၊ ဇာတိ ဗြာဟ္မဏနှင့်စပ်၍လည်း ၂၁-မှ ၃၁-ထိ ကျယ်ဝန်းစွာ ပြဆိုထားသေးသည်၊ ကျယ်အံ့စိုး၍ လျှစ်လျူရှုရပါသည်။

(လက်ာ) ငြိမ်းအေးကိလေ, ဣန္ဒြေဆုံးမ, မြဲလှသဘော, မြတ်သောအကျင့်, ဒဏ်ပယ်လွှင့်ခြင်း, မကင်းတရား, ရှိသူများသည်, ဝတ်စားတန်ဆာ, ဆင်ထားပါလည်း, လွန်စွာညစ်ကျူ, မကောင်းမှုကို, ပ–ပြုထားကြ, သဘာဝကြောင့်, ဗြာဟ္မဏပင်, အမည်တွင်၏၊ ထိုပြင်ကိလေ, မီးငြိမ်းစေရ, ကြောင်းထောက်ဆ၍, သမဏလည်း, ကမ္ပည်းတင်ကာ, ခေါ်သင့်ပါ၏၊ ကိလေသာထု, ဖျက်ခွဲမှုကြောင့်, ဘိက္ခုဟုလည်း, ကမ္ပည်းတင်မှတ်, ခေါ်ဝေါ်အပ်၏။

## ၁၀–ပိလောတိကတိဿတ္ထေရဝတ္ထု

၁၄၃။ ဟိရီနိသေဓော ပုရိသော , ကောစိ လောကသ္မိံ ဝိဇ္ဇတိ၊
ယော နိဒ္ဒံ အပဗောဓေတိ , အဿော ဘဒြော ကသာမိဝ။

၁၄၄။ အဿော ယထာ ဘဒြော ကသာနိဝိဋ္ဌော , အာတာပိနော သံဝေဂိနော ဘဝါထ၊
သဒ္ဓါယ သီလေန စ ဝီရိယေန စ , သမာဓိနာ ဓမ္မဝိနိစ္ဆယေန စ၊
သမ္ပန္နဝိဇ္ဇာစရဏာ ပတိဿတာ , ဇဟိဿထ ဒုက္ခမိဒံ အနပ္ပကံ။

(အနက်) ဘဒြော အဿော–ဖွဲ့ထူအားသန်, စိတ်မာန်ဟုန်ပြင်း, ကောင်းသောမြင်းသည်၊ ကသာ–တုန့်နှေးလေးကန်, ပေကပ်ခံက, ကိုယ့်ထံကျတတ်, မြင်းဆရာ၏ ကြာပွတ်မှ၊ ဝါ–တုန့်နှေးလေးကန်, ပေကပ်ခံက, ကိုယ့်ထံကျတတ်, မြင်းဆရာ၏ ကြာပွတ်ကို၊ (အပဟာရတိက္က၀–ဆရာ့အကြိုက်, အလိုလိုက်ကာ, အရိုက်လွတ်အောင်, လွှဲဖယ်ရှောင်သကဲ့သို့၊) ယောပုရိသော–တရားအလုပ်, အားထုတ်ကြိုးစား,အကြင်ယောကျာ်းသည်၊ နိဒ္ဒံ–တရားမှတ်ရင်း, အိပ်ငိုက်ခြင်းကို၊ အပဗောဓေတိ–ရှောင်လွှဲလျက်သာ, မှတ်သိပါ၏၊ ဟိရီနိသေဓော–ကိုယ်တွင်းပွားတိုး, အကြံဆိုးကို, နှိမ်ချိုးပယ်သတ်, အရှက်ဖြင့်တားမြစ်တတ်သော၊ သောပုရိသော–အိပ်ငိုက်ပယ်ရှင်း, ကြံဆိုးကင်းအောင်, ရှက်ခြင်းဖြင့်တား, ထိုယောကျာ်းမျိုးသည်၊ လောကသ္မိံ–မျိုးဇာတ်ဖုံဖုံ, လူပေါင်းစုံတို့, ခိုလှုံနေကြ, လူ့လောကဥ္၊ ကောစိ–ကာမဂုဏ်ငါး,ဆွဲငင်ထား၍, များမပေါ်ပေါက်, တစ်ယောက်တလေမျှသာ၊ ဝိဇ္ဇတိ–ထင်ရှားတစေ, ရှိနေပါပေ၏။

---

**ဗာဟိတ=** [ √ဗာဟ+တ ] ဗာဟျိတ္ထာတိ–ဗာဟိတော၊ အပပြုအပ်ပြီးသော၊ ပယ်အပ်ပြီးသော၊ ဗာဟ=(ဘူ) နိဝါရဏေ–တားမြစ်ခြင်း၌၊ (ဗာဟတိ။)

### ၁၄၃, ၁၄၄–ပဒဝိဘာဂ

**ဟိရီနိသေဓော=** [ဟိရီ+နိသေဓ] ဟိရိယာ နိသေဓော–ဟိရီနိသေဓော၊ အကုသိုလ်ဝိတက်ကို အရှက်ဖြင့် တားမြစ်တတ်သော။

**ဟိရီ=** [ √ဟိရိ+ကွိ ] သက္ကတ ဟြီ–ဟူသော ဓကေဿရဓာတ်မှ သက်ဆင်းလာသောကြောင့် ဓာတွန့်မကျေ၊ ဟိရိယနာ–ဟိရီ၊ အဘိ–၁၊ ၉၄။ ကာယဒုစ္စရိတာဒီဟိ ဟိရိယတီတိ–ဟိရီ၊ ဝိဘာဝိနီ–၄၊ ၁၁၀။ ရှက်ခြင်း, စက်ဆုပ်ခြင်း, ရှက်တတ်သောသဘော–ဟိရီစေတသိက်၊ ဟိရီ=(ဒိ) လဇ္ဇာယံ–ရှက်ခြင်း၌၊ (ဟိရီယတိ။)

ဘဒြော အသော–ကြိမ်တို့မခံ, စိတ်မာန်ဟုန်ပြင်း, ကောင်းသောမြင်းသည်၊ ကသာ နိဝိဋ္ဌော–မေ့လျော့နေခြင်း, အကြောင်းရင်းကြောင့်, မြင်းဆရာက အသာပုတ်ခတ် ကြိမ်ဖြင့် တို့ထိအပ်သည်၊ သမာနော–ဖြစ်လတ်သော်၊ အာတာပီ ယထာ–ငါလိုမြင်းကောင်း, တိမ်းစောင်းလွဲမှား, ကြိမ်ဖျားတို့ရန်, မထိုက်တန်ဟု, အားမာန်တင်းကာ, ပြင်းထန်စွာ လုံ့လပြုသကဲ့သို့၊ သံဝေဂိယထာ–ဇာတိဝယာ, ထောက်ဆကာဖြင့်, စိတ်မှာမသန့်, ထိတ်လန့်လာသကဲ့သို့၊ ဧဝံ–မခြားတမူ, အလားတူပင်၊ တုမှေပိ–ဆင်းရဲကုန်ရန်, ရည်သန် ကြငြား, သင်ချစ်သားတို့သည်လည်း၊ အာတာပိနော–ကိလေသာဟူ, တွင်းရန်သူကို, ပူပန်စေတတ်, လွန်မြတ်လှဘိ, ထက်သန်သော လုံ့လရှိကြကုန်သည်၊ သံဝေဂိနော– သံသရာဘေး, တွေ့မည့်ရေးကို, မျှော်တွေးထန်ပြင်း, ထိတ်လန့်ခြင်းရှိကြကုန်သည်၊ ဘဝထ–ကိုယ်ကျိုးငဲ့ညှာ, ဖြစ်ကြပါတော့လော၊ သဒ္ဓါယစ–လောကီလောကုတ္တရာ, နှစ်ဖြာ ကွဲပြား, သဒ္ဓါတရားနှင့်လည်းကောင်း၊ သီလေနစ–အာ ဏ္ဍ ပစ် ပါ, လေးဖြာဝန်းကျင်, သန့်စင်တုံဘိ, စတုပါရိသုဒ္ဓိသီလနှင့်လည်းကောင်း၊ ဝီရိယေနစ–ကိုယ်နှုတ်စိတ်မှာ, ဖြစ်ပွားလာသည့်, နှစ်ဖြာပြားထ, ဝီရိယနှင့်လည်းကောင်း၊ သမာဓိနာ–ကိုးပါးသောဈာန်, ရှစ်တန်သမာပတ်, သတ်မှတ်နှိုင်းညှိ, သမာဓိနှင့်လည်းကောင်း၊ ဓမ္မဝိနိစ္ဆယေနစ–အကြောင်း ဟုတ်သည်, မဟုတ်သည်ကို, ကြံစည်ဆုံးဖြတ်, သိမြင်တတ်သော အသိဉာဏ်နှင့်လည်း ကောင်း၊ သမန္နာဂတာ–ကောင်းစွာလောက်လုံ, ပြည့်စုံကြကုန်သည်၊ သမ္ပန္နဝိဇ္ဇာစရဏာ– သုံးပါးရှစ်ပါး, ဝိဇ္ဇာများနှင့်, ဆယ့်ငါးစရဏ, ပြည့်စုံကြကုန်သည်၊ ပတိဿတာ–အဖန်ဖန် အထပ်ထပ်, အောက်မေ့တတ်ဘိ, ထင်သောသတိ, ရှိကြကုန်သည်၊ ဟုတွာ–ဖြစ်ကြ ကုန်၍၊ အနပ္ပကံ–မည်၍မည်မျှ, ဂဏန်းချ၍, ရေပြခြင်းငှာ, မတတ်သာအောင်, လွန်စွာ များပြားလှပေသော၊ ဣဒံ ဒုက္ခံ–တဏှာရှိက, တွေ့ရစမြဲ, ဤဝဋ်ဆင်းရဲကို၊ ဇဟိဿထ– တဏှာအယုတ်, မဂ်ဖြင့်ဖြုတ်ကာ, အဟုတ်ပိုင်ပိုင်, စွန့်ပစ်နိုင်ကြကုန်လတ္တံ့။

---

**နိသေဓ**= [ နိ √သိဓု+ဏ ] နိသေဓေတီတိ–နိသေဓော၊ တားမြစ်တတ်သော၊ နိသေဓနံ– နိသေဓော၊ တားမြစ်ခြင်း၊ သိဓု=(ဘူ) ဂတိယံ–သွားခြင်း၌၊ (သေဓတိ၊ သေဓေတိ။) နိပုဗ္ဗော– နိရှေးရှိမူ၊ နိဝါရဏေ–တားမြစ်ခြင်း၌၊ (နိသေဓတိ၊ နိသေဓေတိ။)

**နိဒ္ဒါ**= [ √နိဒိ+ဒ+အာ ] နိဒိ –ကုစ္ဆာယံ–နိဒ္ဒါ၊ ရူ၊ ၆၇၁။ နိန္ဒိယတေ–နိဒ္ဒါ= သောပ္ပံ၊ အိပ်ခြင်း။

[ √နိန္ဒ+ဒက်+အာ ] နိန္ဒ–ဂရဟာယံ၊ န လောပေါ၊ နိန္ဒိယတီတိ–နိဒ္ဒါ= သောပ္ပံ၊ အိပ်ခြင်း၊ မောဂ်–၇၊ ၉၆။

[ နိ √ဒါ+အ+အာ ] နိပုဗ္ဗော ဒါ–သုပနေ၊ အ၊ ဓာန်–ဋီ၊ ၁၇၆။ နိဒ္ဒိယတေ–နိဒ္ဒါ၊ အိပ်ခြင်း။

**အပဗောဓေတိ**= [အပ √ဗုဓ+အ+တိ ] အ–ကို ဧ–ပြု၊ ပယ်လျက်သိ၏၊ ရှောင်ရှားလျက်သိ၏။

**ကသာ**= [ √ကသ+အ+အာ ] အဿာဘိတာဠနီဝေတ္တဝိကတာဒိ ကသာနာမ၊ ကသ–ဂမနေ, အ၊ ကရဏသာဓန်၊ ဓာန်–ဋီ၊ ၃၇၀။ ကြာပွတ်၊ နှင်တန်၊ တံဖျာ၊ ကြိမ်လုံး၊ ကြိမ်တုတ်။

(မြန်မာပြန်) မြင်းကောင်းသည် ကြာပွတ်ဖြင့် အရိုက်မခံရအောင် ရှောင်ကြဉ်သကဲ့သို့ တရားမှတ်ရင်း အိပ်ငိုက်လာခြင်းကို ရှောင်လွှဲလျက် အမှတ်သတိ ရှိနေပြီး အကုသလဝိတက်ခေါ်သော အကြံဆိုးတို့ကို အရှက်ဖြင့်တားမြစ်တတ်သော ပုဂ္ဂိုလ်မျိုးသည် လောက၌ အလွန်ရှား၏။

ကောင်းသောမြင်းသည် ကြိမ်ဖြင့်တို့ထိလိုက်ပါလျှင် အားထုတ်ကြိုးစား, ထိတ်လန့်သွားသကဲ့သို့ သင်တို့လည်း ကြိုးစားကြလော့၊ (သံသရာဝဋ်ဆင်းရဲမှ) ထိတ်လန့်ကြလော့၊ ယုံကြည်မှုသဒ္ဓါ, ဖြူစင်သောကိုယ်ကျင့်သီလ, ကြိုးစားအားထုတ်မှုဝီရိယ, တည်ကြည်မှုသမာဓိ, အကြောင်းမှားမှန်ကို ဆုံးဖြတ်နိုင်မှုတို့နှင့်, ပြည့်စုံကြသည့်အပြင် အသိဉာဏ်ဝိဇ္ဇာ, အကျင့်စရဏတို့နှင့်လည်း ပြည့်စုံကြလျက် အမှတ်သတိ, အမြဲရှိနေကြပါလျှင် အတိုင်းမသိများပြားလှသော ဤသံသရာဝဋ်ဆင်းရဲကို ပယ်စွန့်နိုင်ကြပေလိမ့်မည်။

---

**ကသာနိဝိဋ္ဌော**= [ကသာ+နိဝိဋ္ဌ] ကသာယ နိဝိဋ္ဌော-ကသာနိဝိဋ္ဌော၊ ကြိမ်ဖြင့်ခတ်အပ်သော၊ ကြိမ်ဖြင့်တို့ထိအပ်သော။

**နိဝိဋ္ဌ**= [နိ ✓ဝိသ+တ] နိဝိသီယိတ္ထာတိ-နိဝိဋ္ဌော၊ သွင်းအပ်သော၊ တို့ထိအပ်သော၊ ရိုက်နှက်အပ်သော။

**အာတာပီ**= [အာတာပ+ဤ] ကိလေသာတို့ကို ပူပန်စေတတ် နှိပ်စက်တတ်သော လုံ့လရှိသော၊ အာတာပေါ အဿ အတ္ထီတိ-အာတာပီ၊ ထိ-၌ အာတာပိနီ။

**အာတာပ**= [အာ ✓တပ+ဏ] အာ သမန္တတော *ဟာ*ပေတီတိ-အာတာပေါ၊ ပု ။ သူစိ။ ကိလေသာတို့ကို ပူပန်စေတတ်သောလုံ့လ၊ ပူပန်ခြင်း။

**သံဝေဂိနော**= [သံ ✓ဝိဇိ+ဏီ] သံဝိဇ္ဇတီတိ-သံဝေဂီ၊ ကြောက်ရွံ့သော၊ ထိတ်လန့်သော။
　　[သံဝေဂ+ဤ] သံဝေဂေါ အဿ အတ္ထီတိ-သံဝေဂီ၊ ကြောက်ရွံ့ခြင်းရှိသော၊ ထိတ်လန့်ခြင်းရှိသော။

**သံဝေဂ**= [သံ ✓ဝိဇီ+ဏ] သံဝေဇနံ-သံဝေဂေါ၊ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း၊ ဝိဇီ=(ဘူ+ဒိ) ဘယ စလနေသု-ကြောက်ခြင်း, တုန်လှုပ်ခြင်းတို့၌၊ (ဝေဇတိ၊ ဝိဇ္ဇတိ။)

**ဘဝထ**= [ ✓ဘူ+အ+ထ] ဖြစ်ကြကုန်လော့။

**သဒ္ဓါယ**= [သံ ✓ဓာ+ကွိ] ကွိ-ပစ္စည်းကိုချေ၊ သံဓာ-ကို ဝဇာဒိဟိ-စသော (ကစ္စည်း ၆၃၈) သုတ်ဖြင့် သဒ္ဓါပြု၊ ဍျာသ ။ သမ္မာ စိတ္တံ ဒဓာတိ ဓောယာတိ-သဒ္ဓါ၊ ကစ္စည်း၊ ၆၃၈။ သဒ္ဓါစေတသိက်။

　　[သံ ✓ဓာ+အ+အာ] ဓာ-ဓာရဏေ သံပုဗ္ဗော၊ သမ္မာ စိတ္တံ ဒဓာတိ ဓောယ, သယံ ဝါ သဒ္ဒဟတီတိ အတ္ထေ ဣတ္ထိယမတိယဝေါဝါတိ အပစ္စယော သန္တာတိရူပေ သမ္ပတ္တေ ဣမိနာ(၆၆၀) နကာရဿ ဒကာရော-သဒ္ဓါ၊ သဒ္ဓါတရား၊ ရူ၊ ၆၆၀။နီတိ-သုတ္တ၊ ၁၂၄၈။

(လင်္ကာ) သိန္နောဇာတ်မှန်, မြင်းကောင်းမွန်လျှင်, ကြိမ်ဒဏ်တို့ထိ, မခံချိသို့, မရှိအိပ်ငိုက်, တရားဥ္စလျှင်, ဈူးစိုက်မှတ်ရှု, နိုးကြားမှုဖြင့်, ညစ်ကျုပုပ်သိုး, အလိုဆိုးကို, ရှက်နိုးမြစ်တား, ယောက်ျားမြတ်မှန်, ပုဂ္ဂိုလ်မွန်ကို, တွေ့ရန်မလွယ်, လောကလယ်တည်း။

မြင်းကောင်းမှန်လျှင်, ကြိမ်တို့နှင်သော်, လွန်ပင်ကြိုးစား, ထိတ်လန့်သွားသို့, ကြိုးစားလုံ့လ, ပြုကုန်ကြလော့၊ ဝဋ္ဋဒုက္ခ, ထိတ်လန့်ကြလော့၊ ဖြူဆွသဒ္ဓါ, ကျင့်ရာ သီလ, လုံ့လ သမာဓိ, မှန်သိဆုံးဖြတ်, ဉာဏ်မြတ်ဝိဇ္ဇာ, ကျင့်မှာစရဏ, ပြည့်စေကြလျက်, သတိတရား, ထင်အောင်ပွားသော်, များပြားလှပါ, ဤသံသာရ, ဝဋ်ဒုက္ခကို, မချပိုင်ပိုင်, ပယ်စွန့်နိုင်လိမ့်။

---

**ဝီရ=** [ ဝီရ+ဏ ] ဝီရံ ယဿတ္ထီတိ–ဝီရော၊ ပါစိတ်–ယော၊ ၂၀၀။ လုံ့လဝီရိယရှိသော၊ ရဲရင့်သူ။

**သမာဓိနာ=** [သံ+အာ √ဓာ+ဣ ] သမ္မာ သမံ ဝါ စိတ္တံ အာဒဓာတီတိ–သမာဓိ၊ ရူ၊ ၅၉၈။ တည်ကြည်သော၊ သမာဓိ၊ ဧကဂ္ဂတာစေတသိက်၊ ပု ။

**ဓမ္မဝိနိစ္ဆယေန=** [ဓမ္မ+ဝိနိစ္ဆယ ] ဓမ္မော စ သော ဝိနိစ္ဆယော စာတိ–ဓမ္မဝိနိစ္ဆယော၊ ဆုံးဖြတ်အပ်သောတရား၊ တရားအဆုံးအဖြတ်၊ ဓမ္မဿ ဝိနိစ္ဆယော–ဓမ္မဝိနိစ္ဆယော၊ တရားကိုဆုံးဖြတ်ခြင်း၊ တရားကိုဆုံးဖြတ်နိုင်သော ပညာ။

**ဝိနိစ္ဆယ=** [ဝိ+နိ √စိ+အ] စိ–စယေ၊ ဝိနိစ္ဆိယတေ အနေန ဝိနိစ္ဆယနံ ဝါ–ဝိနိစ္ဆယော၊ ရူ၊ ၅၆၈။ ဝိနိစ္ဆိတဗ္ဗောတိ–ဝိနိစ္ဆယော၊ ဒီ–ဋီ–၂၊ ၁၆၈။ ဆုံးဖြတ်ကြောင်းဉာဏ်၊ ဆုံးဖြတ်ခြင်း၊ ဆုံးဖြတ်အပ်သော။

**သမ္ပန္နဝိဇ္ဇာစရဏာ=** [သမ္ပန္န+ဝိဇ္ဇာစရဏ ] သမ္ပန္နံ ဝိဇ္ဇာစရဏံ ယေသန္တိ–သမ္ပန္နဝိဇ္ဇာစရဏာ၊ ပြည့်စုံသော ဝိဇ္ဇာစရဏရှိသူတို့။

**သမ္ပန္န=** [သံ √ပဒ+တ ] ပဒ ဂတိယံ၊ သမ္ပဇ္ဇိတ္ထာတိ–သမ္ပန္နော၊ ပြည့်စုံသော၊ ချိုမြိန်သော၊ သင့်လျော်လျောက်ပတ်သော။

**ဝိဇ္ဇာစရဏ=** [ဝိဇ္ဇာ+စရဏ ] ဝိဇ္ဇာ စ စရဏဉ္စ–ဝိဇ္ဇာစရဏံ၊ အသိဉာဏ်ဝိဇ္ဇာနှင့် အကျင့်စရဏ။

**ဝိဇ္ဇာ=** [ √ဝိဒိ+ဏျ+အာ ] ဝိန္ဒိယံ ကာယသုစရိတာဒိံ ဝိန္ဒတိ ယာထာဝတော ဥပလဘတီတိ–ဝိဇ္ဇာ။

[ √ဝိဓ+ဏျ+အာ ] တမောခန္ဓာဒိပဒါလနဋ္ဌေ ဝါ အတ္တနော ပဋိပက္ခံ ဝိဇ္ဈတီတိ–ဝိဇ္ဇာ။

[ √ဝိဒ+ဏျ+အာ ] တတောဧဝ အတ္တနော ဝိသယံ ဝိဒိတံ ကရောတီတိပိ–ဝိဇ္ဇာ၊ နီတိ–ဓာ၊ ၃၆၇။ ဝိဒတိ ဇာနာတီတိ–ဝိဇ္ဇာ၊ ဝိဒန္တိ ဇာနန္တိ ဧတာယာတိ ဝါ ဝိဇ္ဇာ၊ နိရုတ္တိ၊ ၅၅၇။ ဝိဒ–ဉာဏေ၊ ဝိဇာနနံ, ဝိဒတီတိ ဝါ–ဝိဇ္ဇာ၊ ရူ၊ ၆၆၀။ အသိဉာဏ်၊ အတတ်ပညာ၊ ဝိဇ္ဇာသုံးပါး ရှစ်ပါး။ အာသဝက္ခယဉာဏ်။

## ၁၁–သုခသာမဏေရဝတ္ထု

၁၄၅။ ဥဒကံ ဟိ နယန္တိ နေတ္တိကာ , ဥသုကာရာ နမယန္တိ တေဇနံ၊
ဒါရုံ နမယန္တိ တစ္ဆကာ , အတ္တာနံ ဒမယန္တိ သုဗ္ဗတာ။

**အနက်** နေတ္တိကာ–လိုရာစိုက်ခင်း, ရေသွင်းရအောင်, ရေကိုဆောင်ယူ, စိုက်ပျိုးသူတို့သည်၊ ဥဒကံ–မြစ်ချောင်းအိုင်အင်း, တွင်းကျင်းထွေထွေ, တည်ရှိနေသောရေကို၊ နယန္တိ–ခန့်ရူမောင်း, ရေစက်ကောင်းဖြင့်, မြောင်းကြီးမြောင်းငယ်, တန်းသွယ်လွယ်ကူ, ဆောင်ယူကြကုန်၏၊ ဥသုကာရာ–မြားရေးအရာ, လေ့လာမပြတ်, ပစ်ခတ်ကစား, လေးသမားတို့သည်၊ တေဇနံ–အဖျားချွန်ထက်, အရွက်ဖားဖား, မိမိတို့၏မြားကို၊ နမယန္တိ–မီးကင်မြိုက်ကာ, လိုရာညွတ်စေ, ဖြောင့်အောင်ပြုနေကြကုန်၏၊ တစ္ဆကာ–မလိုပါးလွှာ, လိုရာချန်ထား, လက်သမားတို့သည်၊ ဒါရုံ–တောမြိုင်အထဲ, စိတ်ခွဲယူထား, တောသစ်သားကို၊ နမယန္တိ–ကွေးကောက်ဖြောင့်မတ်, လိုရာညွတ်အောင်, စွမ်းဆောင်သပ်ယပ်, ပြုလုပ်တတ်ကြကုန်၏၊ သုဗ္ဗတာ–ဆရာညွှန်ပြ, သြဝါဒကို, တစ်စမပယ်, ဆိုဆုံးမလွယ်သူတို့သည်၊ အတ္တာနံ–အာရုံအများ, ပြေးသွားယိုဖိတ်, မိမိ၏စိတ်ကို၊ ဝါ–ဓာတ်ဒွက္ခ, စသည်ဝါးမျို, မိမိ၏ ကိုယ်ကို၊ ဒမယန္တိ–မဂ်ဉာဏ်ပေါ်ပေါက်, နိဗ္ဗာန်ရောက်အောင်, စောင့်ရှောက်ကျန, ဆုံးမကြကုန်၏။

**မြန်မာပြန်** ရေကိုဆောင်ယူကြသော တောင်သူလယ်သမားတို့သည် ရေကို လိုရာရောက်အောင် သွယ်ယူကြကုန်၏၊ လေးသမားတို့သည် မြားကို ဖြောင့်ကြကုန်၏၊ လက်သမားတို့သည် သစ်ကို မိမိတို့လိုသလို ခုတ်ထစ်ရွေချောကြကုန်၏၊ဆိုဆုံးမရလွယ်သူတို့သည် မိမိတို့၏စိတ်ကို ယဉ်ကျေးအောင် ဆုံးမကြကုန်၏။

**လင်္ကာ** ရေကိုလိုလား, လယ်သမားသည်, ရေအားလိုရာ, သယ်ဆောင်ပါ၏၊ လေ့လာထူးခြား, လေးသမားကား, မြားကိုဖြောင့်စေ, ပြုပြင်နေ၏၊ သစ်ရွေသူများ, လက်သမားကား, သစ်သားထွေထွေ, လိုတိုင်းရွေ၏၊ စိတ်နေနှိမ့်ချ, ဆုံးမလွယ်ကူ, သူတို့မူကား, ကိုယ်ထူကိုယ်ထ, ကိုယ်ဆုံးမ၏။

---

**စရဏ=** [ √စရ+ယု ] စရိတဗ္ဗံ–စရဏံ၊ ရူ၊ ၅၉၆။ ကျင့်အပ်သောအကျင့်၊ စရဏတရားဆယ့်ငါးပါး။

**ပတိဿတာ=** [ပတိ √သရ+တ ] နိရုတ္တိ၊ ၄၈၂။ ပတိ သရတီတိ–ပတိဿတော၊ အဖန်ဖန် အောက်မေ့တတ်သော။

**ဗဟိဿထ=** [ √ဟာ+အ+ဿထ ] စွန့်ကုန်လတ္တံ့၊ စွန့်ပယ်ကုန်လတ္တံ့၊ စွန့်လွှတ်ကုန်လတ္တံ့။

**အနပ္ပက=** [န+အပ္ပက ] အနည်းငယ်မဟုတ်သော၊ အလွန်များသော၊ အတိုင်းမသိများသော။

### ၁၄၅–ပဒဝိဘာဂ

**သုဗ္ဗတာ=** [သု √ဝဒ+အ ] ဒ–ကို တ–ပြု၊ သုခေန သြဝဒိတဗ္ဗာ အနုသာသိတဗ္ဗာတိ–သုဗ္ဗတာ၊ ၅၁။ ချမ်းသာသဖြင့်ဆုံးမအပ်သော၊ လွယ်ကူစွာဆုံးမအပ်သော၊ ဆိုဆုံးမရလွယ်ကူသော။

# ၁၁-ဇရာဝဂ္ဂ

## ၁- ဝိသာခါယ သဟာယိကာနံ ဝတ္ထု

၁၄၆။ ကော နု ဟာသော ကိမာနန္ဒော , နိစ္စံ ပဇ္ဇလိတေ သတိ၊
အန္ဓကာရေန ဩနဒ္ဓါ , ပဒီပံ န ဂဝေသထ။

(အနက်) နိစ္စံ-နေ့ရောညဥ့်ပါ, ဘယ်ခါမစဲ, အမြဲမပြတ်၊ ပဇ္ဇလိတေ-ရာဂစသား, ဆယ့်တစ်ပါးသောမီးတို့ဖြင့်, တညီးညီးတပြောင်ပြောင်, တောက်လောင်၍ နေသည်၊ သတိ-သတ္တလောက, သဘာဝသာ, ဖြစ်နေပါလျက်၊ (တုမှာကံ-ကလိုခုန်လို, ထိုထိုဖောက်ပြား, သင်ဒါယိကာမများတို့၏၊) ဟာသော-ဣန္ဒြေကြွကောင်း, ရယ်ရွှင်ခြင်းသည်၊ ကောနု ဘဝတိ-ထူးထွေခြားနား, ဘယ်လိုသဘောအားဖြင့် မှောက်မှား

---

### ၁၄၆-ပဒဝိဘာဂ

**ကော=** [ဗျ] ကောသဒ္ဒါသည် "ကော တေ ဗလံ မဟာရာဇ"အစရှိသော ဝေဿန္တရာဇာတ် ပါဠိရပ်တို့၌ ကွသဒ္ဒါ၏အနက်၌ဖြစ်သည်၊ နီတိ-ပဒ၊ ၃၆၉။ ကွသဒ္ဒါကို ကော-ပြု၊ နီတိ-သုတ္တ၊ ၅၂၂။

"ပေတံ တံ သာမမဒ္ဒက္ခိံ, ကောနု တွံ သာမ ဓိဝသိ"ဟူသော သုဝဏ္ဏသာမဇာတ် ပါဠိရပ်တို့၌ ကထံသဒ္ဒါ၏အနက်၌ ဖြစ်သည်၊ နီတိ-ပဒ၊ ၃၇၀။ ကောနု တွန္တိ-ကထံနု တွံ၊ ဇာတ်-၄-၆၊ ၁၁၅။

ဤကွသဒ္ဒါ ကထံသဒ္ဒါ၏အနက်နှစ်ပါးတို့၌ တွေ့မြင်ရသော "ကော"ဟူသော ဤသဒ္ဒါကို နိပါတ်-ဟု ယူသင့်သည်၊ ထိုတွင် ဤဂါထာ၌ပါသော ကောသဒ္ဒါသည် ကထံသဒ္ဒါ၏အနက်၌ဖြစ်သော နိပါတ်ပုဒ်ဖြစ်သည်။

**ဟာသော=** [ √ ဟသ+ဏ ] ဟသတိ ယေနာတိ-ဟာသော၊ ဓာန်-ဋီ၊ ၈၇။ ဟသနံ-ဟာသော၊ ရယ်ရွှင်ခြင်း, ဝမ်းမြောက်ခြင်း။

**ကိံ=** [ဗျ] ဂရဟာယံ အနိယမေ , နိပ္ပယောဇနတာယ စ၊
သမ္ဘာဝိုဋ္ဌနပုစ္ဆာသု , ကိံသဒ္ဒေါ သမ္ပဝတ္တတိ။-
ဟူသော ကိံသဒ္ဒါ၏အနက်များတွင် ဤ၌ ပုစ္ဆာအနက်မှာဖြစ်သည်၊ အကျယ်ကို နီတိ-ပဒ၊ ၃၇၀၊ -၁-၌ ရှုပါ။

ဤကိံသဒ္ဒါသည် နိပါတ်ဖြစ်၍ လိင်သုံးပါး ဝိဘတ်ခုနစ်သွယ်တို့၌ ရုပ်အထူးမရှိ၊ ကစ္စိနု, ကိံနု, နနု, ကထံ, ကိံသု, ကိံလ္လဆွေတေ ပုစ္ဆနတ္ထေ၊ ရူ-နှာ၊ ၁၃၄။

**အာနန္ဒော=** [အာ √ နန္ဒ+အ] အာနန္ဒန္တိ ဧတေနာတိ-အာနန္ဒော၊ ပီတိယာ ဧတံ အဓိဝစနံ။ ဒီ-၄-၁၊ ၅၃။ နှစ်သက်ဝမ်းမြောက်ကြောင်း ပီတိ။ အာနန္ဒိယတေ အာနန္ဒော၊ နှစ်သက်

ယွင်းသွေ့, ဖြစ်ရလေသနည်း၊ အာနန္ဒော–ထူးခြား လွန်မင်း, နှစ်သက် ဝမ်းမြောက် ခြင်းသည်၊ ကိံ–ဘယ်လိုအခင်း, ဘယ်ကြောင်းရင်းကြောင့်၊ ဘဝတိ–မလျော်လှပေ, ဖြစ်ရလေသနည်း၊ အန္ဓကာရေန–မိုက်မှောင်ပမာ, အဝိဇ္ဇာသည်၊ ဩနဒ္ဓါ–သိဉာဏ်ပယ်ဖျက်, ဖုံးကွယ်မြေးယှက်အပ်ကုန်သော၊ (တုမှေ–ဘုရားရှေ့မှာ, ရောက်လာနေကြ, သင်ဒါယိကာမ တို့သည်၊) ပဒီပံ–အဝိဇ္ဇာမှောင်ကြီး, ပယ်ဖျက်ဆီးဖို့, ဆီမီးပမာ, ဉာဏ်ပညာကို၊ ကိံ–ဘယ်လိုတိမ်းစောင်း, ဘယ်အကြောင်းကြောင့်၊ န ဂဝေသထ–မေ့လျော့လွဲသုန်, မရှာဖွေဘဲ နေကြကုန်ဘိသနည်း။

**မြန်မာပြန်** မိမိကိုယ်တွင်းမှာ ရာဂစသား ၁၁–ပါးသောမီးတို့ အမြဲတောက်လောင် နေပါလျက် အဘယ်ကြောင့် ရယ်ရွှင်အားရ နှစ်သက်ဝမ်းမြောက်ကြရပါသနည်း၊ မိုက်မှောင်ပမာ, အဝိဇ္ဇာ၏ တရားမှန်ကို မသိနိုင်အောင် ဖုံးကွယ်ပိတ်ပင်မှုကို ခံနေကြရပါလျက် အဘယ့်ကြောင့် ဆီမီးပမာ, ဉာဏ်ပညာကို မရှာကြဘိသနည်း။

**လက်ာ** (သင်တို့သီးသီး), ပူအားကြီးသည့်, မီးဆယ့်တစ်ပါး, လောင်မြိုက်ထားလျက်, အားရရယ်ခြင်း, နှစ်သက်ခြင်းမှာ, ဘယ်လိုဟာနည်း၊ အဝိဇ္ဇာမှောင်ကြီး, ပိတ်ဆီးနေလျက်, ဘယ်အတွက်ကြောင့်, မှောင်ဖျက်ဝိဇ္ဇာ, ဉာဏ်ပညာကို, ဖွေရှာမပြု, အမှုမဲ့သာ, နေပါသနည်း။

---

ဝမ်းမြောက်ခြင်း၊ အာ ဘုသော နန္ဒယတီတိ–အာနန္ဒော၊ ဓာန်–ဋီ၊ ၈၇။ နှစ်သက်ဝမ်းမြောက် စေတတ်သော။

**ပဇ္ဇလိတေ**= [ပ √ဇလ+တ ] တောက်လောင်သော၊ ထွန်းလင်းသော၊ တောက်ပသော၊ အလျှံ ပြောင်ပြောင် တောက်လောင်သော။ ဇလ=(ဘူ) ဒိတ္တိ စလန တိက္ခ ခဥ္စသု– တောက်ပခြင်း, တုန်လှုပ်ခြင်း, ထက်မြက်ခြင်း, ပြည့်စုံခြင်းတို့၌။ (ဇလတိ။)

**အန္ဓကာရေန**= [အန္ဓကာရ+ဏ ] အမိုက်မှောင်နှင့်တူသော။ (မောဟ၊ အဝိဇ္ဇာ။)

**အန္ဓကာရ**= [အန္ဓ √ကရ+ဏ ] အန္ဓံ ဟတံ ဒိဋ္ဌသတ္တိကံ လောကံ ကရောတီတိ–အန္ဓကာရော။ ဓာန်–ဋီ၊ ၇၀။ လောကံ–သတ္တလောကကို၊ အန္ဓံ ဟတံ–ပျက်စီးသော၊ ဒိဋ္ဌသတ္တိကံ– မြင်တတ်သောသတ္တိကို၊ ကရောတီတိ–ပြုတတ်သောကြောင့်၊ အန္ဓကာရော–မည်၏။ အမိုက်မှောင်။

**ဩနဒ္ဓါ**= [အဝ √နဟ+တ ] ဩနယှိတ္ထာတိ–ဩနဒ္ဓေါ၊ မြေးယှက်ဖုံးကွယ်အပ်သော။

**ပဒီပံ**= [ပဒီပ+ဏ] ဆီမီးနှင့်တူသော။ (ဉာဏ်ပညာ။)

**ဂဝေသထ**= [ √ဂဝေသ+အ+ထ ] ရှာကြကုန်၏။

## ၂- သိရိမာဝတ္ထု

၁၄၇။ ပဿ စိတ္တကတံ ဗိမ္ဗံ , အရုကာယံ သမုဿိတံ၊
အာတုရံ ဗဟုသင်္ကပ္ပံ , ယဿ နတ္ထိ ဓုဝံ ဌိတိ။

(အနက်) စိတ္တကတံ-ဝတ်စားတန်ဆာ, ပန်းနံ့သာတို့ဖြင့်, ဆန်းကြယ်စွာပြုပြင်ထားအပ်သော၊ ဗိမ္ဗံ-သည်းခြေစသား, ညစ်ကြေးများကို, မနားမရပ်, အန်ထုတ်တတ်သော၊ ဝါ-လက်တတ်ပန်းပု, ကောင်းစွာထုသည့်, ရုပ်တုပမာ, အမျိုးမျိုးသော ကိုယ်အင်္ဂါတို့ဖြင့်တည်နေသော၊ သမုဿိတံ-အရိုးသုံးရာ, ဆက်စပ်ကာဖြင့်, ကောင်းစွာသပ်ယပ်, စိုက်ထောင်အပ်သော၊ အာတုရံ-ဣရိယာပုတ်, ထိန်းချုပ်ပြောင်းကာ, နေရပါ၍, အခါမပြတ်, နာကျင်တတ်သော၊ ဗဟုသင်္ကပ္ပံ-ကိလေတွဲယှဉ်, ပုထုဇဉ်တို့, အမြင်လွဲချွတ်, အမျိုးမျိုးကြံစည်အပ်သော၊ အရုကာယံ-ညစ်ကြေးမလ, အဝဝတို့, ဒွါရကိုးပေါက်, မွေးညင်းပေါက်တို့မှ, တောက်လျှောက်စီးယို, အနာအတိဖြစ်သောကိုယ်ကို၊ ပဿ-ရှုးစိုက်သေချာ, ကြည့်ရှုလိုက်ပါလော့၊ ယဿ-ချစ်ဖွယ်ခင်ဖွယ်, ချယ်လှယ်ရုပ်ဆောင်, ယင်းကိုယ်ကောင်၏၊ ဓုဝံ-မြဲမြဲခိုင်ခံ့, တည်တံ့ခြင်းသည်လည်းကောင်း၊ ဌိတိ-ပျက်စီးခြင်းကင်း, တည်နေခြင်းသည်လည်းကောင်း၊ နတ္ထိ-အကယ်တိတိ, မရှိလေစွတကား။

---

### ၁၄၇-ပဒဝိဘာဂ

**စိတ္တကတံ=** [စိတ္တ+ကတ] စိတ္တံ ကတံ- စိတ္တကတံ၊ ဝတ္ထာဘရဏမာလာဒီဟိ ဝိစိတ္တံ ကတန္တိ အတ္ထော၊ ထေရ-၄-၂၊ ၂၉၂။ အဝတ်တန်ဆာ, ပန်းနံ့သာစသည်တို့ဖြင့်ဆန်းကြယ်စွာ ပြုပြင်ဆင်ယင်အပ်သော၊ ....... အဆန်းတကြယ် ပြုပြင်ဆင်ယင် ချယ်သအပ်သော၊ ....... ပြုပြင် ဆင်ယင်အပ်သော၊ ဆန်းကြယ်မှုရှိသော။

**ဗိမ္ဗံ=** [ √ဝမ+ဗ ] ဝမဓာတ်၏ ဝ-ကို ဗိ-ပြု၊ ပိတ္တာဒယော ဝမတိ ဥဂ္ဂိရတီတိ- ဗိမ္ဗံ=သရီရံ-ကိုယ်ခန္ဓာ, အတ္တဘော၊ မောဂ်-၇၊ ၁၂၂။ ဆင်းတု, ရုပ်တု, အရုပ်, ဓာတ်ပုံ။

[ဗိမ္ဗ+ဏ] ဗိမ္ဗဝိယာတိ-ဗိမ္ဗံ၊ အရုပ်နှင့်တူသော။

**အရုကာယံ=** [အရု+ကာယ] အရုဘူတံ ကာယံ-အရုကာယံ၊ ၄။ အရူနံ ဝါ ကာယံ- အရုကာယံ၊ ထေရ-၄-၂၊ ၂၉၂။ အနာချည်းဖြစ်သောကိုယ်၊ အနာတို့၏ စုဝေးရာ။

**အရု=** [ √အရ+ဥ ] အရတိ သူနဘာဝေန ဥဒ္ဓံ ဂစ္ဆတီတိ-အရု= ဝဏော၊ အနာ။ မောဂ်-၇၊ ၂။

**သမုဿိတံ=** [သံ+ဥ √သိ+တ] သမုဿီယိတ္ထာတိ- သမုဿိတော၊ ကောင်းစွာစိုက်ထောင်အပ်သော၊ ဥ ပုဗ္ဗော သိ=(ဘူ) ဥစ္စယေ-မြင့်မောက်ထောင်မတ်ခြင်း၌၊ (ဥဿယတိ။) [ဤဂါထာ၌ အရုကာယဟူသော ဝိသေသျပုဒ်သည် ပုလိင်ဖြစ်၍ ယင်း၏ဝိသေသနပုဒ်များကိုလည်း ပုလိင်ပင် ယူသင့်သည်။]

**အာတုရံ=** [ √အတ+ဥရ] အတ-သာတစ္စဂမနေ၊ အဓိကရဏော, ကတ္တရိ ဝါ ဥရော၊ အာတုရော၊

**မြန်မာပြန်** ( ဒွါရကိုးပေါက်နှင့် မွေးညင်းပေါက်တို့မှ အညစ်အကြေး အမြဲယိုစီးနေရကား) အနာအတိဖြစ်သော ဤကိုယ်ကာယသည် ဝတ်စားတန်ဆာ, ပန်းနံ့သာတို့ဖြင့် အဆန်းတကြယ် ပြုပြင်နေရသောသဘော ရှိ၏၊ အရိုးသုံးရာတို့ကို စုပေါင်းတွဲစပ် စိုက်ထူထားအပ်၏၊ သည်းခြေစသော အညစ်အကြေးများကို မနားမရပ် အန်ထုတ်တတ်၏၊ လက်ရာမြောက်လှသော ပန်းပုဆရာက အမျိုးမျိုးသော ကိုယ်အင်္ဂါအစိတ်အပိုင်း ပါရှိအောင်ထုလုပ်ထားသော ရုပ်တုသဖွယ် ဖြစ်၏၊ အမြဲမပြတ် နာကျင်တတ်၏၊ ပုထုဇဉ်အများတို့က ထင်မြင်လွဲမှား အမျိုးမျိုးကြံစည်အပ်သော သဘောရှိ၏ ၊ ယင်းကိုယ် ကာယကို စူးစိုက်သေချာ ကြည့်စမ်းပါဦး၊ ယင်းကိုယ် ကာယမှာ မြဲမြဲခိုင်ခံ့ တည်တံ့ခြင်းသဘော ရှိသေးရဲ့လား။

**လင်္ကာ** အနာချည်းဆို,ဤသည့်ကိုယ်ကား, တင့်လိုတင့်ငြား, ဝတ်အစားနှင့်, ထုံးပြားတန်ဆာ, ပန်းနံ့သာဖြင့်, မကွာနိစ္စ, ပြုပြင်ရ၏၊ တတ်လှပန်းပု, ကောင်းစွာထုသည့်, ရုပ်တုပမာ, ဖြစ်နေပါ၏၊ သုံးရာရိုးများ, ပေါင်းထားတွဲစပ်, တည်ဆောက်အပ်၏၊ မလပ်ခဏ, နာကျင်ရ၏၊ လောဘတွဲယှဉ်, ပုထုဇဉ်တို့, အမြင်လွဲချွတ်, တွေးကြံအပ်၏၊ ဖြစ်လတ်သို့သာ, ဤခန္ဓာကို, သေချာစေ့ငု, ထပ်ထပ်ရှုလော့၊ မြဲမှုတည်ခြင်း, မရှိကင်းသည် ...... ...... မယွင်းအနိစ္စ, များဒုက္ခနှင့်, အနတ္တသာ, မဟုတ်ပါလား–။

## ၃– ဥတ္တရာထေရီဝတ္ထု

၁၄၈။ ပရိဇိဏ္ဏမိဒံ ရူပံ , ရောဂနိဍ္ဍံ ပဘင်္ဂုရံ၊
ဘိဇ္ဇတိ ပူတိသန္ဒေဟော , မရဏန္တံ ဟိ ဇီဝိတံ။

**အနက်** ဣဒံ ရူပံ–ရုပ်ဟုခေါ်ဆို, ဤသင်၏ကိုယ်သည်၊ ပရိဇိဏ္ဏံ–တစ်နေ့တစ်နေ့, တရွေ့ရွေ့ဖြင့်, ဆွေးမြေ့ယိုယွင်း, အိုမင်းတတ်၏၊ ရောဂနိဍ္ဍံ–နာကျင်လှပါ,

---

ဒီဃာဒိ၊ ဓာန်–ဋီ၊ ၃၂၂။ နာဖျားသော၊ နာမကျန်းသော။ [အာ √တုရ+အ] အာတုရတီတိ–အာတုရော၊ သံ–ဋီ–၂၊ ၂၀၂။ တုရ=(ဘူ) ဝေဂေ–လျင်မြန်စွာဖြစ်ခြင်း၌၊ (တုရတိ။)

[အာ √အတ+ဥရစ်] ကောတ္ထုဘာ။ နာဖျားသော၊ နာကျင်သော။

**ဗဟုသင်္ကပ္ပံ**= [ဗဟု+သင်္ကပ္ပ] ဗဟူဟိ သင်္ကပ္ပော–ဗဟုသင်္ကပ္ပော၊ လူမိုက်တို့ အမျိုးမျိုး=(များယွင်းစွာ) ကြံစည်အပ်သော။

**ဓုဝံ**= [ √ဓု+အ] သဒ္ဒါ ဓဝတိ ဂစ္ဆတီတိ–ဓုဝံ၊ ဓာန်–ဋီ၊ ၄၁၊ ဓု–ဂတိထေရိယေသု၊ အ၊ ဥဏါဒေသော၊ ဓာန်–ဋီ၊ ၇၀၉။ မြဲသော, တည်တံ့သော၊ နီတိ–ဓာ–၁၀၇–ကိုလည်းရှု။ ဓု=(ဘူ) ဂတိ ထေရိယေသု–သွားခြင်း, မြဲမြဲခိုင်ခံ့ခြင်းတို့၌၊ (ဓဝတိ။)

**ဌိတိ**= [ √ဌာ+တိ] တည်တံ့ခြင်း၊ ခိုင်မြဲခြင်း။

### ၁၄၈– ပဒဝိဘာဂ

**ပရိဇိဏ္ဏံ**= [ပရိ √ဇရ+တ] ပရိဇီရိတိ–ပရိဇိဏ္ဏော၊ ရူ၊ ၆၁၆။ ရင့်ရော်၏၊ အိုမင်း၏။

များရောဂါတို့, ဖြစ်လာစုဆုံ, အသိုက်အအုံလည်းဖြစ်၏၊ ပဘင်္ဂုရံ-တည်မြဲခြင်းကင်း, ပျက်စီးယိုယွင်းတတ်၏၊ ပူတိ-ရွံ့ဖွယ်ပေါကြွယ်, မတင့်တယ်၍, စင်ကြယ်စေအပ်, ပုပ်စပ်သည်၊ သံ သန္ဒေဟ-လောကဓမ္မတာ, ဖြစ်နေပါ၍၊ ဒေဟော-ကုသိုလ်တရား, အကုများတို့, တိုးပွားမှီရာ, သင်၏ကိုယ်သည်၊ (တစ်နည်း=ပူတိ-ရွံ့ဖွယ်ပေါကြွယ်, မတင့်တယ်၍, စင်ကြယ်စေအပ်, ပုပ်စပ်လှပေ၏၊ သန္ဒေဟော-နိစ္စယွင်းယို, မိမိ၏ကိုယ်သည်၊) ဘိဇ္ဇတိ-မကြာမြင့်ခင်, ဝိညာဉ်ကင်းကွာ, ပျက်စီးပါလတ္တံ့၊ ဟိ-အကြောင်းမူကား၊ ဇီဝိတံ-ဇီဝိန်မကင်း, အသက်ရှည်နေရခြင်းသည်၊ မရဏန္တံ-ဇီဝိန်ပျက်ပြုန်း, သေရခြင်းသာ အဆုံးရှိနေပါ၏။

---

ရူပံ= [ √ရူပ+အ ] ရုပ္ပတီတိ- ရုပ်၊ ရူပက္ခန္ဓာ၊ ရူပဘာ၀၊ ကသိုဏ်းနိမိတ်၊ အကြောင်း၊ ခန္ဓာကိုယ်၊ အဆင်း၊ ပုံသဏ္ဌာန်-စသည်၊ နိတိ-ဓာ၊ ၂၃၄။ ရူပယတီတိ-ရုပ်။ ရူပ=(ဒိ) ရုပ္ပနေ-ဖောက်ပြန်ခြင်း၌၊ (ရုပ္ပတိ။) =(စု) ရူပကြိယာယံ-ပြသည်ကိုပြုခြင်း၌၊ (ရူပေတိ၊ ရူပယတိ။) ဓာတွတ္ထနှင့်ပါဏိနီဓာတုပါဌတို့၌ ဒိဝါဒိကို မတွေ့။

ရောဂနိဍ္ဍံ= [ရောဂ+နိဍ္ဍ] ရောဂါနံ နိဍ္ဍံ-ရောဂနိဍ္ဍံ။ အနာရောဂါတို့၏တည်ရာ (အသိုက်အအုံ)၊ အက္ခိရောဂါဒီနံ အနေကေသံ ရောဂါနံ နိဍ္ဍံ ကုလာဝကန္တိ-ရောဂနိဍ္ဍံ၊ ဋ္ဌတိဝုတ်၊ ၄၊ ၁၅၆။ ရောဂါဒီနံ နိဍ္ဍဘာဝေန ကုလာဝကဘာဝေန နိဍ္ဍံ-ရောဂနိဍ္ဍံ။ မဟာနိ-၄၊ ၈၀။

ရောဂ= [ √ရုဇ+ဏ ] အရုဇိ, ရုဇတိ, ရုဇိဿတီတိ ဝါ-ရောဂေါ၊ အနာရောဂါ၊ ရူ၊ ၅၇၇။ ရုဇတိ ဘဉ္ဇတိ အင်္ဂပစ္စင်္ဂါနီတိ-ရောဂေါ၊ ဗျာဓိယေဝ။ နိတိ-ဓာ၊ ၄၈။ ရုဇ=(ဒိ) ရောဂေ-နာကျင်ခြင်း၌၊ (ရုဇ္ဇတိ။) ရုဇ=(ဘူ+စု) ဘင်္ဂေ-ချိုးဖျက်ခြင်း၌၊ ဝါ-ချမ်းသာကိုဖျက်ဆီးခြင်း၌၊ (ရုဇတိ+ရောဇေတိ၊ ရောဇယတိ။)

နိဍ္ဍ= [ √နီလ+အ ] ဍ-ပြု။ ဍက်သိုက်။ နီလ=(ဘူ)ဝဏ္ဏေ-မည်းနက်စိမ်းညိုခြင်း, စိမ်းညိုအောင်ပြုခြင်း၌ (နီလတိ။) [ √နီ+ဍလ] နိဍ္ဍော-ပက္ခိဂေဟော။ ပု+န။ သူစိ။

ဘိဇ္ဇတိ= [ √ဘိဒိ+ယ+တိ ] ပျက်၏၊ ပျက်ပြား၏။

ပူတိ= [ √ပူ+တိ ] ပူယတေတိ-စင်ကြယ်စေအပ်သောကြောင့်၊ ပူတိ-အပုပ်၊ ဓာတွတ္ထ။

သံ= [ √အသ+အန္တ ] ဖြစ်သော၊ ရှိသော၊ ထင်ရှားသော၊ ဂစ္ဆန္တာဒိဂိုဏ်းဝင်။

ဒေဟော= [ √ဒိဟ+ဏ ] ဒိဟတိ ဝဍ္ဎတိ ဧတ္ထ ကုသလာကုသလန္တိ-ဒေဟော။ ပု+န။ ခန္ဓာကိုယ်၊ အတ္တဘော၊ ဓာန်-ဋီ၊ ၁၅၁။ ဒိဟ=(ဘူ) ဥပစယ လေပနေသု-ကြီးပွားခြင်း,လိမ်းကျံခြင်းတို့၌၊ (ဒိဟတိ၊ ဒေဟတိ။)

သန္ဒေဟော= [သ+ဒေဟ] မိမိကိုယ်၊ ဓာတွတ္ထ။ သဿ ဒေဟော-သန္ဒေဟော၊ မိမိ၏ (ဥစ္စာဖြစ်သော) ကိုယ်။

သ= [ √သုန+ရ] ကောတ္ထုဘာ။ ပုလ္လိင်္ဂေ ဝတ္တမာနဿ သကောဏ္ဍတိ အတ္တဝါစကဿ သသဒ္ဒဿ "အတ္တနော အယန္တိ-သော"တိ ဧတသ္မိံ အတ္ထေ သော, သာ၊ သံ, သေ ။ပ။

(မြန်မာပြန်) သင်၏ ဤကိုယ်ကောင်သည် ဆွေးမြည့်ယိုယွင်း အိုမင်းတတ်၏၊ အနာရောဂါတို့၏ တည်ရာလည်းဖြစ်၏၊ တည်မြဲမှုကင်း ယိုယွင်းပျက်စီးတတ်၏၊ ပုပ်သည်ဖြစ်၍ သင်၏ကိုယ်သည် မကြာမြင့်မီ ပျက်စီးလတ္တံ့၊ အဘယ်ကြောင့်နည်းဟူမူကား၊ အသက်ရှင်ခြင်းသည် သေရခြင်းသာ အဆုံးရှိနေသောကြောင့်ပင်တည်း။

(လင်္ကာ) ရုပ်ခေါ်ဆို, ဤသင့်ကိုယ်ကား, နပျိုခွန်အား, ပျက်ပြားမချွတ်, အိုမင်းတတ်၏၊ မပြတ်ကျင်နာ,များရောဂါ၏, တည်ရာမသွေ, ဖြစ်နေပေ၏၊ ပုပ်ရေယိုထွက်, ဆွေးမြည့်ပျက်၏၊ သက်ရှည်ရမှု, သဘောစုသည် ....... သေမှုဆုံးစွန်, အမှန်သဘော, မဟုတ်လော။

## ၄- သမ္ဗဟုလအဝိမာနိကဘိက္ခုဝတ္ထု

၁၄၉။ ယာနိမာနိ အပတ္ထာနိ , အလာဗူနေဝ သာရဒေ၊<br>ကာပေါတကာနိ အဋ္ဌီနိ , တာနိ ဒိသွာန ကာ ရတိ။

(အနက်) ယာနိမာနိ အဋ္ဌီနိ-ခွေးလင်းတများ, အသားစား၍, စွန့်ထားမျိုးမျိုး, အကြင်အရိုးတို့သည်၊ သာရဒေ-ဖြူနီကြောင်ကျား, ခွေးအများတို့, ပျော်ပါးကြရာ, သရဒဥတု အခါ၌၊ အပတ္ထာနိ-ထိုဤအရပ်, စွန့်ပစ်ထားအပ်ကုန်သော၊ အလာဗူနိဣဝ-လေနေပူများ, တွေ့ထိထား၍, ပျက်ပြားယွင်းယို, ဖရိုဖရဲ, ပြန့်ကျဲသောင်းပြောင်း, ဘူးတောင်းသဖွယ် ဖြစ်ကုန်၏၊ ကာပေါတကာနိ-ဖြူ မွဲဆင်းရောင်, ခိုတောင်နှိုင်းညှိ, တူမျှသောအဆင်း ရှိကုန်၏၊ တာနိ-ပုံဆင်းယုတ်ညံ့, ပုပ်နံ့လွှမ်းမိုး, ထိုအရိုးတို့ကို၊ ဒိသွာန-မျက်ဝါးထင်ထင်, ကြုံတွေ့မြင်၍၊ တုမှာက်-ရာဂဖြစ်ပွား, သင်ရဟန်းများတို့အား၊ ကာ ရတိ-မွေ့လျော်ဖွယ်ရာ, အဘယ်မှာ ရှိပါတော့မည်နည်း။

---

သေသူတိပုရိသနယေန ရူပါနိ ဘဝန္တိ၊ (ပ) နပုံသကေ ဝတ္တမာနဿ သကမိစ္ဆတ္တဝါစကဿ သသဒ္ဒဿ သံ, သာနိ, သာ၊ သံ, သာနိ, သေ ။ပ။ သေသူတိ စိတ္တနယေန ရူပါနိ ဘဝန္တိ၊ နီတိ-ပ၁၊ ၂၁၂။

**မရဏန္တံ**= [မရဏ+အန္တ ] မရဏံ အန္တံ ယဿာတိ-မရဏန္တံ၊ သေခြင်းအဆုံးရှိသော။

**မရဏ**= [ √မရ+ယု ] မရိယတေ-မရဏံ၊ သေခြင်း။

### ၁၄၉-ပဒဝိဘာဂ

**အပတ္ထာနိ**= [အပ √အသ+တ] ကောတ္တုဘာ။ စွန့်ပစ်အပ်သော၊ အပတ္ထာနီတိ-ဆဍ္ဍိတာနိ။ ၄။

**အလာဗူနိ**= [အာ √လမ္ဗ+ဦ ] လမ္ဗ-အဝသံသနေ၊ အာပုဗ္ဗော, သံယောဂါဒိလောပဒီဃရဿာ၊ အာလမ္ဗတိ အဝသံသတီတိ-(တွဲလျားကျတတ်သောကြောင့်၊) အလာဗူ=တုမ္ဗိ၊ ဘူးသီး၊ မောဂ် ၇၊ ၄။ ထိ+န။ ဘူး၊ ဘူးပင်၊ လမ္ဗ=(ဘု) အဝသံသနသဒ္ဒေသု-တွဲလျားကျခြင်း, အသံပြုခြင်းတို့၌။ (လမ္ဗတိ၊) အလာဗု၊ အာလာဗု၊ နီတိ-သုတ္တ-နှာ၊ ၄၁၉။

**မြန်မာပြန်** သရဒဥတု၌ စွန့်ပစ်ထားသော ဘူးသီးနှင့် တူနေသည့်အပြင် ခိုတောင်ပမာ ဖြူမွဲသောအဆင်းရှိနေကြသည့် အရိုးတို့ကို တွေ့မြင်နေကြရသဖြင့် သင်တို့အား အဘယ်မှာလျှင် မွေ့လျော်ဖွယ် ရှိတော့မည်နည်း။

**လင်္ကာ** ဥတုသရဒ, ခါကာလတွင်, ကွင်းပြင်ပစ်ထား,ဘူးသီးလားသို့, စွန့်ထားပြန့်ကျဲ, ဖြူမွဲဆင်းရောင်, ခိုတောင်အလား, အရိုးများကို, ရှောင်ရှားမရ, သုသာန်စဝယ်, တွေ့ကြထင်ထင်, ကိုယ်တိုင်မြင်သည့်, သင်တို့အတွက်, တပ်မက်ခြင်းဌာ, မထိုက်ပါတည်း။

## ၅-ဇနပဒကလျာဏီ ရူပနန္ဒာထေရီဝတ္ထု

၁၅၀။ အဋ္ဌီနံ နဂရံ ကတံ , မံသလောဟိတလေပနံ၊
ယတ္ထ ဇရာ စ မစ္စု စ , မာနော မက္ခော စ ဩဟိတော။

---

[န √လမ္ဘ+ဥ] န ပုဗ္ဗော လမ္ဘ-အဝသဲသနေ, ဥ၊ မ လောပေါ်, နသာ အတ္တံ အလာဗု၊ ဓာန်-ဋီ၊ ၅၉၆။

**သာရဒေ=** [သရဒ+ဏ] သရဒေါယေဝ-သာရဒေါ၊ သရဒဥတု။ သရဒေ ဇာတော-သာရဒေါ မာသော ……သာရဒေါ ရတ္တိ, သာရဒံ ပုပ္ဖံ။ ရူ-နှာ၊ ၂၂၈။ သရဒဥတု၌ဖြစ်သော။

**သရဒ=** [ √ သရ+တ ] သရတိ ပိဠယတိ အသ္မိန္တိ-(နှိပ်စက်ရာ၏အဖြစ်ကြောင့်၊) သရဒေါ၊ တ-ကို ဒ-ပြု။

[သာ √ ရမု+အ] သာ သုနခါ ရမန္တိ ဧတ္ထာတိ ဝါ-(ခွေးတို့၏ မွေ့လျော်ပျော်ပါးရာ ဖြစ်သောကြောင့်လည်း၊) သရဒေါ၊ မ-ကို ဒ-ပြု။ သရဒဥတု။ ဓာန်-ဋီ၊ ၇၉။ တော်သလင်းလပြည့်ကျော်တစ်ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၂-လ။

**ကာပေါတကာနိ=** [ကာပေါတ+က] ခိုအဆင်းရှိသော၊ ခိုတောင်အဆင်းရှိသော။

**ကာပေါတ=** [ကပေါတ+ဏ]ကပေါတဿ အဝယဝေါ-ကာပေါတံ၊ ခိုမွေး၊ ခိုတောင်၊ မောဂ်-၄၊ ၆၆။

**ကပေါတ=** [ √ကပ+ဩတ ] ကပတီတိ-(ဖုံးလွှမ်းတတ်သောကြောင့်၊) ကပေါတော= ပါရေဝတော၊ ခို၊ ဣော တဿ ဝါ ဟောတိ-ကပေါဏော= သောယေဝ။ မောဂ်-၇၊ ၇၅။ ကပ=(ဘူ) အစ္ဆာဒနေ-ဖုံးလွှမ်းခြင်း၌၊ ကရုဏာသာမတ္ထိယေသုစ- သနားကြင်နာခြင်း, စွမ်းနိုင်ခြင်းတို့၌လည်း၊ (ကပတိ။)

[ √ ကမ္ဘ+ဩတ ] မ-ကိုချေ။ ဓာန်-ဋီ၊ ၆၃၆။ ကမ္ဗတီတိ-ကပေါတော။

**အဋ္ဌီနံ=** [ √အသု+က္ထ ] သ-ကို ဌ-ပြု။ ဓာန်-ဋီ၊ ၂၇၈။ အသီယတိ ခိပီယတိ ဆဍ္ဍီယတီတိဝါ-အဋ္ဌိ၊ ပါစိတ်-ယော၊ ၈၁။ အရိုး၊ အစေ့၊ အသု=(ဒိ) ခေပေ-ပစ်ပယ်ခြင်း၌၊ (အဿတိ။)

[ √ အသ+တိ ] အသတိ ခေပေတိ အဒ္ဓါနန္တိ-အဋ္ဌိ၊ တိ ။ နပုံသကေ၊ နေရုတ္တော။

[အာ √ ဌာ+က္က ] အာ ဘုသော တိဋ္ဌတိ ဧတေနာတိ ဝါ- အဋ္ဌိ၊ က္က။ ဓာန်-ဋီ၊ ၁၅၇။

### ၁၅၀-ပဒဝိဘာဂ

**မံသလောဟိတလေပနံ=** [ မံသလောဟိတ+လေပန ] မံသလောဟိတံ လေပနံ ယဿာတိ-

**အနက်** အဒ္ဒိနံ–ကြီးငယ်မျိုးမျိုး, သုံးရာသော အရိုးတို့ကို၊ (ဥဿာပေတွာ–ပေါင်းစပ် သီးသီး, စိုက်ထူပြီး၍၊ နှာရုဝိနဒ္ဓံ–ထိုဤဆက်စပ်, အကြောတို့ဖြင့် ဖွဲ့ယှက်အပ်သည်ဖြစ်၍၊) မံသလောဟိတလေပနံ–ပြည့်စုံစေစပ်, အသားအသွေးတို့ဖြင့် လိမ်းကျံထားအပ်သော၊ နဂရံ–နာမ်တရားများ, ခိုနားစရာ, အတ္တဘောတည်းဟူသော အိမ်ဂေဟာကို၊ ကတံ–တဏှာယောကျ်ား, လက်သမားက, ကြိုးစားကြပ်မတ်, ဆောက်လုပ်ထားအပ်ခဲ့လေပြီ၊ ယတ္ထ–နာမ်တရားများ, ခိုနားရိပ်ငြိမ်, ယင်းအတ္တဘောတည်းဟူသော ခန္ဓာအိမ်၌၊ ဇရာစ–သွားကျိုးဆံဖြူ, ငယ်မူယိုယွင်း, အိုရင့် ခြင်းသည်လည်းကောင်း၊ မစ္စုစ–ရုပ်နာမ်နှစ်ထွေ, ဇီဝိတိန္ဒြေပြတ်ကင်း, သေရခြင်းသည်လည်းကောင်း၊ မာနောစ–ကိုယ့်ကိုကိုယ်ပင်, ထင်မြင်ကြီးလှ, မာန်မာနသည်လည်းကောင်း၊ မက္ခောစ–သူကပြုဖူး, ဂုဏ်ထူးကွယ်ဝှက်, ချေဖျက်ခြင်းသည်လည်းကောင်း၊ ဩဟိတော–သက်ဝင်အရှည်, ပေါင်းဆုံတည်နေ၏။

**မြန်မာပြန်** အရိုးသုံးရာတို့ကို အကြောတို့ဖြင့်ချည်တုပ်ပြီး အသားအသွေးတို့ဖြင့် လိမ်းကျံလျက် ဆောက်လုပ်ထားသော ခန္ဓာအိမ်၌ အိုခြင်း, သေခြင်း, မာန်ထောင်လွှားခြင်း, သူတစ်ပါး၏ ဂုဏ်ကို ချေဖျက်ခြင်းတို့သာ တည်နေပေသည်။

---

မံသလောဟိတလေပနံ၊ အသားအသွေးဟူသော လိမ်းကျံခြင်းရှိသော။ မံသလောဟိတေဟိ လေပနံ–မံသလောဟိတလေပနံ၊ အသားအသွေးတို့ဖြင့် လိမ်းကျံအပ်သော။

**မံသလောဟိတ=** [မံသ+လောဟိတ] မံသဉ္စ လောဟိတဉ္စာတိ–မံသလောဟိတာနိ၊ အသားအသွေးတို့။

**လေပန=** [ √လိပ+ယု ] လိမ်းကျံခြင်း၊ န ။ လိမ်းကျံအပ်သော၊ တိ ။ လိပ=(ရု) လေပနေ–လိမ်းကျံကပ်ငြိခြင်း၌၊ (လိမ္ပတိ။)

**မံသ=** [ √မန+သ ] မညတေတိ–(သိအပ်သောကြောင့်၊) မံသံ=ပိသိတံ၊ အသား၊ မောဂ်–၇၊ ၂၁၃။
[ √မသ+အ ] မသိယတေ အာမသိယတေတိ–မံသံ၊ ဝိနယာလင်္ကာရ–ဋီ–၁၊ ၇၈။ မသ=(ဘူ) အာမသန သဒ္ဒ ရောသ ဟိံသာသု–သုံးသပ်ခြင်း, အသံပြုခြင်း, ချုပ်ချယ်စောင်းမြောင်းခြင်း, ညဉ်းဆဲခြင်းတို့၌။ (မသတိ။)
[ √မာန+သ ] မာနီယတိ ဘုဉ္ဇနှေ ဟိတိ–(စားသူများက စုံစမ်းဆင်ခြင်အပ်သောကြောင့်၊) မံသ။ ပါစိတ်–ယော၊ ၇၀။ မာန=(ဘူ) ဝီမံသာယံ–စုံစမ်းဆင်ခြင်ခြင်း၌၊ (ဝီမံသတိ၊) မာန=(စု) ပေမနေ–မြတ်နိုးစုံမက်ခြင်း၌၊ (မာနေတိ၊ မာနယတိ။)

**လောဟိတ=** [ √ရုဟ+က္တ ] ရုဟ–ဇနနေ၊ ဥ–ကို ဩ–ပြု၊ ရ–ကို လ–ပြု၊ ဓာန်–ဋီ၊ ၁၅၇။ သွေး။ တ–ပစ္စည်းဖြင့် က္တ–လာ၍လည်း ပြီးနိုင်၏။

**မက္ခော=** [ √မက္ခ+အ ] ပရေဟိ ကတဂုဏံ မက္ခေတိ ပိသတီတိ–မက္ခော=ဂုဏမံသနာ။ ပြုဖူးသော သူ့ဂုဏ်ကျေးဇူးကို ကြိတ်ချေဖျက်ဆီးတတ်သောသဘော၊ ကျေးဇူးကန်းခြင်း၊ (ဒေါသ။)

(လက်ာ) အရိုးသုံးရာ, တိုင်ထူကာဖြင့်, များစွာကြောမျှား, ယှက်တွယ်ထား၍, သွေးသား လိမ်းကျံ, (အရေရုံလျက်, ပန်းရန်တဏှာ, ဆောက်လုပ်လာသည့်), ခန္ဓာအိမ်တွင်း, လွန်ညှံဖျင်းသည့်, အိုခြင်း သေခြင်း, မာန်မူခြင်းနှင့်, ရိုင်းပင်းကျူးဖွား, သူတထူး၏, ကျေးဇူး ခပင်း, ချေဖျက်ခြင်းဟု, နှစ်ခုကိုယ်နှာ, စိတ်အနှာသာ, တည်နေပါ၏။

## ၆-မလ္လိကာဒေဝိဝတ္ထု

၁၅၁။ ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ , အထော သရီရမ္ပိ ဇရံ ဥပေတိ၊
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ , သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

(အနက်) သုစိတ္တာ-ဂုဏ်သိန်ကဲမောက်, ထိန်ထိန်တောက်အောင်, စိန်ကျောက်ရတနာ, တစ်ပါးသောအဆင်တန်ဆာတို့ဖြင့်,လွန်စွာဆန်းကြွယ်, ပြုပြင်ချယ်လှယ်အပ် ကုန်သော၊ ရာဇရထာ-ဂုဏ်ရှိန်မြင့်မား, မင်းစီးရထားတို့သည်၊ ဝေ-စင်စစ်ကေန်, အမှန် အားဖြင့်၊ ဇီရန္တိ-ဆွေးမြည့်ယိုယွင်း, အိုမင်းဟောင်းနွမ်းကြရကုန်၏၊ အထော-ထိုမှတစ်ပါး၊ သရီရမ္ပိ- တစ်နေ့သုံးခါ, ကျွေးမွေးကာဖြင့်, ကောင်းစွာသုတ်သင်, ပြုပြင်စောင့်ရှောက် လာသော ကိုယ်သည်လည်း၊ ဇရံ-သွားကျိုး ဆံဖြူ, ငယ်မူယိုယွင်း, ရင့်ရော်အိုမင်းခြင်းသို့၊ ဥပေတိ-မလွဲမသွေ, ရောက်ရပေ၏၊ သတံ-ဘုရား ပစ္စေကာ, ရဟန္တာဟု, သိက္ခာ ထိန်း ကျောင်း, သူတော်ကောင်းတို့၏၊ ဓမ္မောစ-မဂ်လေးပါး, ဖိုလ်လေးတန်, နိဗ္ဗာန်အထွတ်, ကိုးပါးသော တရားတော်မြတ်သည်ကား၊ ဇရံ-ဖောက်ပြန်ယိုယွင်း, ဆွေးမြည့်ပျက်စီးခြင်းသို့၊ န ဥပေတိ-ဘယ်အခါမျှ, မရောက်ရပါပေ၊ ဇဝံ-ဤသို့၊ သန္တော-ကိုယ်ကျင့်သိက္ခာ, ကောင်းစွာထိန်းကျောင်း,ဘုရားအစရှိသော သူတော်ကောင်းတို့သည်၊ ဟဝေ-စင်စစ်ကေန်, အမှန်အားဖြင့်၊ သဗ္ဘိ-ကိုယ်ကျင့်သိက္ခာ, ကောင်းစွာထိန်းကျောင်း, သူတော်ကောင်းတို့နှင့်၊ သဒ္ဓိံ-ချင်းချင်းကြည်ဖြူ, အတူတကွ၊ ပဝေဒယန္တိ -တရားသဘော, နှီးနှောမချွတ်, ဟောပြောတတ်ကြကုန်၏။

---

နိတိ-ဓာ၊ ၂၈၄။ မက္ခ=(ဘူ+စု) သံယောဇန မက္ခနေသု-ပေါင်းယှဉ်ရောနှော လိမ်းကျံခြင်း၊ ချုပ်ချယ်ရန်လို ဂုဏ်ကိုကြိတ်ချေခြင်းတို့၌၊ (မက္ခတိ၊ မက္ခေတိ၊ မက္ခယတိ။)

[မဟန္တ+ကာရ √ခိပ+ကွိ] ပရေဟိ ကတာနံ မဟန္တေပိ ကာရေ ခိပတိ ဓံသတီတိ- မက္ခော၊ ဣတိဝုတ်-၄၊ ၄၇-ကို မှီသည်၊ နိရုတ္တိနည်းဖြင့် စီရင်။

**ဩဟိတော=** [ဩ √ဓာ+တ္တ] ဩဒိယိတ္ထာတိ-ဩဟိတော၊ နိရုတ္တိ-နှာ၊ ၄၈၁။ ထားအပ်၏၊ တည်နေ၏။

### ၁၅၁-ပဒဝိဘာဂ

**ဇီရန္တိ=** [√ဇရ+အ+အန္တိ] ဆွေးမြည့်ယိုယွင်း အိုမင်းရင့်ရော်ကုန်၏၊ ဆွေးမြည့်ပျက်စီးကုန်၏၊ ယုတ်လျော့ဆုံးရှုံးကုန်၏၊ ကစ္စည်း၊ ၅၀၅။ ရူ၊ ၄၈၂။

**ဝေ=** [နိပါတော] ပဒပူရဏေ ဧကံသတ္ထေပိ။ ရူ-နှာ၊ ၁၃၂၊-၃။

**မြန်မာပြန်** အဆန်းတကြယ် ချယ်လှယ်ပြုပြင် မင်းစီးယာဉ်တို့သည် ဆွေးမြည့်ဟောင်းနွမ်းကြကုန်၏၊ ထိုပြင် ကိုယ်ခန္ဓာလည်း ရင့်ရော်အိုမင်းရ၏၊ သူတော်ကောင်းတို့၏တရားသည်ကား မဆွေးမြည့် မပျက်စီးပေ၊ သူတော်ကောင်းတို့သည် သူတော်ကောင်းတို့နှင့်အတူ တရားသဘောကို နှီးနှောဟောပြောကြကုန်၏။

**လင်္ကာ** အဆန်းတကြယ်, ချယ်လှယ်ပြုပြင်, မင်းစီးယာဉ်လည်း, ကြာလျှင်ရွေ့ရွေ့, အိုဆွေးမြေ့၏၊ တစ်နေ့မခြာ, ပြုပြင်လာသည့်, ခန္ဓာဟုဆို, ဤသည့်ကိုယ်လည်း, ယွင်းယိုရွေ့ရွေ့, အိုဆွေးမြေ့၏၊ မမေ့လျော့ပါ, အရိယာတို့, ရလာမယုတ်, လောကုတ္တရာ, တရားမှာကား, ခန္ဓာ ယာဉ်လို, ယွင်းယိုရွေ့ရွေ့, မဆွေးမြေ့တည်း၊ ပျော်မွေ့တရား, သူတော်များကား, အခြားတူလျော်, များသူတော်နှင့်, ရှင်ပျော်နှီးနှော, ဆိုပြောဟော၏။

## ၇-လာဠုဒါယိတ္ထေရဝတ္ထု

၁၅၂။ အပ္ပဿုတာယံ ပုရိသော , ဗလိဗဒ္ဒေါဝ ဇီရတိ၊
မံသာနိ တဿ ဝဍ္ဎန္တိ , ပညာ တဿ န ဝဍ္ဎတိ။

**အနက်** အပ္ပဿုတော-သင်အပ် ကျင့်အပ်, ပရိယတ်နှင့်, ပဋိပတ်ကင်းစင်, နည်းသောအကြားအမြင်ရှိသော၊ အယံ ပုရိသော-အပါယ်ငရဲ, မလွဲမချွတ်, သွားရောက်တတ်သား, ဤယောက်ျားသည်၊ ဗလိဗဒ္ဒေါဝ-မိဆွေ ဘမျိုး, အကျိုးမပြီး, နွားလားကြီး

---

**ရာဇရထာ**= [ရာဇ+ရထ] ရာဇူနံ ရထာ-ရာဇရထာ၊ မင်းတို့၏ရထားများ။ ၄။

**ရထ**= [√ရမ+ထက်] ဓာတွန် မ-ကိုချေ၊ ရမန္တိ ဧတ္ထာတိ ဧတေနာတိ-(ကစားမြူးတူးကြောင်း၏ အဖြစ်ကြောင့်၊) ရထော= သန္ဒာနော၊ ရထား။ မောဂ်-၇၊ ၈၇။
[√ရဟ+ထ] ကွစိဓာတု-စသောသုတ်ဖြင့် ဟ-ကိုချေ၊ ရဟီယတီတိ-(ယူအပ်သောကြောင့်၊) ရထော၊ ရူ၊ ၆၅၃။ ဇိဏ္ဏာဘာဝံ ရဟိဿတိ ဂစ္ဆိဿတီတိ-ရထော၊ ဒဗ္ဗသမ္ဘာရေ ရဟာတိ ဂစ္ဆာတီတိ ဝါ-ရထော။ ကစ္စည်း၊ ၆၂၈။ ရဟ=(ဘူ) ဥပါဒါနေ-ယူခြင်း၌၊ (ရဟတိ။)

**သုစိတ္တာ**= [သု+စိတ္တ] ကောင်းစွာ (အလွန်) ဆန်းကြယ်ကုန်သော၊ ကောင်းစွာအဆန်းတကြယ် ပြုပြင်ချယ်လှယ်အပ်ကုန်သော၊ ကောင်းစွာဆန်းကြယ်စေအပ်ကုန်သော။

**အထော**= [နိပါတ်] ပဒပူရဏမတ္တေ-ပုဒ်ပြည့်ကာမျှ၌လည်းကောင်း၊ အန္တာဒေသေ-နောက်ထပ်ညွှန်ပြခြင်း၌လည်းကောင်း၊ အထော-ထို့ပြင်။ ရူ-နှာ၊ ၁၃၂။

**ဥပေတိ**= [ဥပ √ဣ+အ+တိ] ရောက်၏။

**ပဝေဒယန္တိ**= [ပ √ဝိဒ+ဏယ+အန္တိ] ပြောဟောကုန်၏၊ ပြောကြားကုန်၏။

### ၁၅၂-ပဒဝိဘာဂ

**အပ္ပဿုတော**= [√အပ္ပ+သုတ] အပ္ပံ သုတံ ဧတဿာတိ-အပ္ပဿုတော၊ နည်းသောအကြားအမြင်ရှိသော၊ အကြားအမြင်နည်းသော။

**သုတ**= [√သု+တ] သဝနံ-သုတံ၊ အသုယိတ္တာတ်ဝါ-သုတံ၊ နီတိ-ဓာ၊ ၂၄၁။ ကြားနာခြင်း၊

ကဲ့သို့၊ ဇီရတိ-ဝတ်အကျင့်များ, တရားအလုပ်, အားမထုတ်ဘဲ, ကျိုးယုတ်လွန်မင်း, အိုရင့်ကြီးပြင်းနေရပေ၏၊ ဝါ-ပစ္စုပ်တမလွန်, နှစ်တန်ချမ်းသာ, ကင်းကွာမုချ, ကြီးပြင်းအိုမင်းနေရတော့၏၊ တဿ-စားပြီးလျှင်အိပ်, အိပ်ပြီးလျှင်စား, ထိုယောကျ်ား၏၊ ဝါ- ကြားမြင်နည်းပါး, ထိုယောကျ်ား၏၊ မံသာနိ-ခန္ဓာမွေးမြူ, ဖြိုးဆူလာငြား,ကိုယ်အသားတို့သည်သာလျှင်၊ ဝဍ္ဎန္တိ-တစ်နေ့တစ်ခြား, တိုးပွားနေကြကုန်၏၊ တဿ-စားပြီးလျှင်အိပ်, အိပ်ပြီးလျှင်စား, ထိုယောကျ်ား၏၊ ဝါ-ကြားမြင်နည်းပါး, ထိုယောကျ်ား၏၊ ပညာ-လောကီလောကုတ္တရာ, နှစ်မျိုးသောပညာသည်၊ န ဝဍ္ဎတိ-လက်တစ်သစ်မျှ, ညှိဆပိုင်းခြား, မတိုးပွားတော့သည်သာ။

(မြန်မာပြန်) အကြားအမြင်မရှိသူသည် နွားကဲ့သို့ ကြီးပြင်းအိုမင်းလာရ၏၊ ထိုသူ့မှာ အသားများသာ တိုးပွားသည်၊ ပညာမူကား မတိုးပွားတော့ချေ။

(လင်္ကာ) ကြားမြင်နည်းပါး, ဤယောကျ်ားမူ, နွားနှင့်တူစွာ, ကြီးရင့်လာ၏၊ သူ့မှာများပြား, အသားတွေသာ, တိုးပွားလာ၏၊ ပညာမူကား, မတိုးပွားတည်း။

## ၈-ဥဒါနဝတ္ထု

၁၅၃။ အနေကဇာတိ သံသာရံ , သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟကာရံ ဂဝေသန္တော , ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၁၅၄။ ဂဟကာရက ဒိဋ္ဌောသိ , ပုန ဂေဟံ န ကာဟသိ၊
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ , ဂဟကူဋံ ဝိသင်္ခတံ၊
ဝိသင်္ခါရဂတံ စိတ္တံ , တဏှာနံ ခယမဇ္ဈဂါ။

---

ကြားအပ်သော၊ သိမှတ်အပ်သော၊ ဆောင်အပ်သော၊ အတတ်ပညာ၊ များစွာကြားနာအပ်သော ဗဟုဿုတ၊ အကြားအမြင်များသော ဗာဟုသစ္စ၊ ပရိယတ်ကျမ်းဂန်။

**ဗလီဗဒ္ဒေါ**= [ဗလ √ဝဒ္ဒ+ဏ] ဗလံ ဝဒ္ဓယတီတိ-ဗလီဗဒ္ဒေါ၊ နိပါတနှာ၊ ဓာန်-ဋီ၊ ၄၉၅။ သုတ်ကြီးဖြင့် လ-၏ အ-ကို ဤ, ဝဒ္ဓ-ဓာတ်၏ ဓ-ကို ဒ-ပြု၍ ဗလီဝဒ္ဒ-ဟုလည်းကောင်း၊ ဝ-ကို ဗ-ပြု၍ ဗလီဗဒ္ဒ-ဟုလည်းကောင်း ပုဒ်ပြီးစေရမည်၊ ဗလီဗဒ္ဓ, ဗလီဗဒ္ဓ-နှစ်ပုဒ်လုံးပင် အသင့်ဖြစ်သည်၊ ကောတ္ထုဘာ။ ဝဒ္ဓ=(ဘူ) ဝဒ္ဓနေ-တိုးပွားခြင်း၌၊ (ဝဒ္ဓတိ။)

### ၁၅၃, ၁၅၄-ပဒဝိဘာဂ

**အနေကဇာတိသံသာရံ**= [အနေကဇာတိ+သံသာရ] များစွာသော ဘဝ-ဟုဆိုအပ်ကုန်သော သံသရာဝဋ်၊ များစွာသောဘဝရှိသော သံသရာဝဋ်။

**အနေကဇာတိ**= [အနေက+ဇာတိ] များသောဘဝဇာတ်၊ များသောဘဝဇာတ်ရှိသော။

**အနေက**= [န+ဧက] တိလိင်၊ ဗဟုဝုစ်၊ သဗ္ဗနာမ်အစီအရင်မဖြ၊ တစ်ခု မဟုတ်သော၊ များသော။

**ဇာတိ**= [√ဇန+တိ] ဇနနံ-ဇာတိ၊ ကစ္စည်း၊ ၅၈၅။ ရူ၊ ၆၁၉။

**အနက်** (ယသ္မာ-အကြင်ကြောင့်၊ ဇာတိ-ငြိကပ်သန္ဓေ, တည်နေရခြင်းမည်သည်၊ ဇရာဗျာဓိ မရဏမိဿိတာယ-အို, နာ, သေဘေး ရောထွေးနေသည်၏ အဖြစ်ကြောင့်၊) ပုနပ္ပုနံ-အဖန်အဖန်အထပ်ထပ်၊ (ဥပဂန္တု-ကပ်ရောက်ခြင်းငှာ၊) ဒုက္ခာ-ငြိုငြင်ခက်ခဲ, ဆင်းရဲလှပေ၏၊ (တသ္မာစ-ထို့ကြောင့်လည်းကောင်း၊ တသ္မိံ-ခန္ဓာအိမ်ကို, ကြိမ်ဖန်များစွာ, တည်ဆောက်လာသော တဏှာယောက်ျား, ထိုလက်သမားကို၊ အဒိဋ္ဌေ-ဉာဏ်ဖြင့်တပ်တပ်, မမြင်အပ်သော်၊ သာ ဇာတိ-ထိုပဋိသန္ဓေ, တည်နေရခြင်းသည်၊ န နိဝတ္တတိ- နောက်တွန့်သွေဖည်, ဆုတ်နစ်တော့မည်မဟုတ်၊ တသ္မာ စ-ထို့ကြောင့် လည်းကောင်း၊) ဂဟကာရံ-ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ, ဆောက်လုပ်လာသော, တဏှာ ယောက်ျား, လက်သမားကို၊ ဂဝေသန္တော-သုံးပါးဆယ်လီ, ပါရမီဖြည့်ကာ, ရှာဖွေ လာသော၊ အဟံ-သုံးလူ့ထွတ်ထား, ငါ ဘုရားသည်၊ အနိဗ္ဗိသံ- သိမြင်နဲ့စပ်, ဉာဏ်တော် မြတ်ကို, တပ်အပ်ကိုယ်ပိုင်, မရနိုင် သေးသည်ဖြစ်၍၊ ဝါ-သိမြင်နဲ့စပ်, ဉာဏ်တော်မြတ်ကို တပ်အပ်ပိုင်ပိုင်, မရနိုင်သေးသောကြောင့်၊ (တွေက် ကာလ်-လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း, တွက်ကိန်းများလှ, ဤမျှ လောက်သောကာလပတ်လုံး၊) အနေကဇာတိသံသာရံ-ရေတွက် မရ, ဘဝများစွာ, သံသရာစက်ဝိုင်းကို၊ သန္ဓာဝိဿံ-ဆီဆိုတပ်နွား, ရဟတ်ချားသို့, မနား မရပ်, လှည့်ပတ်ပြေးသွား နေခဲ့ရလေပြီ။

---

[√ဇနီ+တိ] နီတိ-ဓာ၊ ၂၃၃။ ဖြစ်ခြင်း, ပဋိသန္ဓေတည်နေခြင်း, မွေးဖွားခြင်း, ပေါက်ခြင်း, ဖြစ်မှုဥပါဒ်, အမျိုးဇာတ်, ဘဝ, အတ္တဘော-စသည်။

**သန္ဓာဝိဿံ=** [သံ√ဓာဝု+အ+ဿံ] လျင်စွာပြေးသွား၏၊ ကျင်လည်၏၊ ထိုထိုဤဤ လှည့်လည် ပြေးသွား၏၊

**အနိဗ္ဗိသံ=** [န+နိဝိသန္တ] န နိဝိသန္တော-အနိဗ္ဗိသန္တော၊ မရသော၊ မသက်ဝင်သော။

**နိဝိသန္တ=** [ နိ √ဝိသ+အန္တ ] နိဝိသတီတိ-နိဝိသန္တော၊ ရသော။

**ဂဟကာရံ=** [ ဂဟ √ကရ+ဏ ] ဂဟံ ကရောတီတိ-ဂဟကာရော၊ အိမ်ကိုဆောက်လုပ် တတ်သော။

**ဂဟ=** [√ဂဟ+အ ] ဒုဗ္ဗသမ္ဘာရံ ဂဏှာတီတိ-ဂေဟံ၊ ဂဟံ ဝါ၊ အိမ်၊ ကစ္စည်း၊ ၆၂၉။ ရူ၊ ၅၆၉။

**ဂဝေသန္တော=** [ √ဂဝေသ+အန္တ ]ရှာဖွေသော, ရှာသော။

**ဂဟကာရက=** [ဂဟ√ကရ+ဏွု] ဂဟံ ကရောတီတိ-ဂဟကာရကော၊ အိမ်ကိုဆောက်လုပ် တတ်သောလက်သမား။

**ဒိဋ္ဌော=** [√ဒိသ+တ ] ကစ္စည်း၊ ၅၇၂။ ရူ၊ ၆၂၅။ အဒဿိယိတ္ထာတိ-ဒိဋ္ဌော၊ မြင်အပ်ပြီးသော။

**ကာဟသိ=** [ √ကရ+ဿ+ဿသိ] ကစ္စည်း၊ ၄၈၁။ ရူ၊ ၅၂၄။ ပြုလတ္တံ့။

**ဖာသုကာ=** [√ပါ+သု+က+အာ] ပါ-ရက္ခဏေ၊ သု၊ သကတ္ထေ ကော၊ ပဿ ဖော၊ ဖာသုကာ၊ ထိ။ နံရိုး။

ဂဟကာရက-ခန္ဓာအိမ်ကို, ကြိမ်ဖန်များစွာ, ဆောက်လုပ်လာသည့်, တဏှာယောကျ်ား, ..... လက်သမား ! ( ဣဒါနိ-သိမြင်နှံ့စပ်, ဉာဏ်တော်မြတ်ကို, ရလတ်ပြီးရာ, ယခုအခါ၌၊) တွံ-တဏှာယောကျ်ား သင်လက်သမားသည်၊ ဝါ-တဏှာယောကျ်ား သင်လက်သမားကို၊ မယာ-သုံးလောကထွတ်ထား, ငါဘုရားသည်။ ဒိဋ္ဌော-ဉာဏ်ဖြင့်ထင်ထင်, တွေ့မြင်အပ်ပြီးသည်၊ အသိ-အမှန်မသွေ, ဖြစ်နေပေ၏၊ ပုန-ရှေးနည်းမချွတ်, နောက်ထပ်တစ်ဖန်၊ ဂေဟံ-သံသရာဝယ်, အပါယ်မျိုးဇာတ်, လူနတ်ဗြဟ္မာ, များစွာကြိမ်ကြိမ်, တစ်ခုခုသော ခန္ဓာအိမ်ကိုမျှ၊ န ကာဟသိ-ငါ့တွက်ကြံစည်, ပြုလုပ်နိုင်တော့မည်မဟုတ်၊ တေ-တဏှာယောကျ်ား, သင်လက်သမား၏၊ သဗ္ဗာ-တစ်ခုမကြွင်း, ခပင်းဥဿုံ, အလုံးစုံကုန်သော၊ ဖာသုကာ-နံရိုးအသွင်, ကိလေသာဟူသော အခြင်တို့ကို၊ မယာ-သုံးလူ့ထွတ်ထား, ငါဘုရားသည်၊ ဘဂ္ဂါ-မှုန့်မှုန့်ညက်ညက်, ချိုးဖျက်အပ်ကုန်ပြီ၊ ဂဟကူဋံ-သင် တပ်ဆင်အပ်, အဝိဇ္ဇာဟူသော အိမ်အထွဋ်ကို၊ ဝိသင်္ခတံ-ငါကအပြီး, ဖျက်ဆီးအပ်ပြီ၊ စိတ္တံ-လောကထွတ်ထား, ငါဘုရား၏စိတ်သည်၊ ဝိသင်္ခါရဂတံ-သင်္ခါရကင်းလွတ်, နိဗ္ဗာန်ဓာတ်ကို, လေးမြတ်ပြောင်မြောက်, အာရုံပြုသောအားဖြင့်ရောက်ခဲ့ပြီ၊ အဟံ စ-လောကထွတ်ထား, ငါဘုရားသည်လည်း၊ တဏှာနံ-လက်သမားဆရာ, သင်တဏှာတို့၏၊ ခယံ-ကုန်ရာခေါ်ဆို, အရဟတ္တဖိုလ်ကို၊ အဇ္ဈဂါ-ဂုဏ်ပေါင်းလွှမ်းခြုံ, ပြည့်စုံကြွင်းမဲ့, ရရှိခဲ့လေပြီ။

---

[√ဖုသ+ဥ+က+အာ] ဖုသ- သမ္ဗယောတိပိ ဓာတု၊ တဒါ ဥပစ္စယာဒိ၊ ဓာန်-ဋီ၊ ၂၇၈။ ဖုသိတဗ္ဗာတိ ဝါ-ဖာသု၊ သာယေဝ-ဖာသုကာ၊ သီ-ဋီ-သစ်-၁၊ ၈၆။ နံရိုး။ (ကိလေသာတည်းဟူသော အခြင်ရနယ်, အမိုးအောက်ခံတန်း။)

ဘဂ္ဂါ= [√ဘန္ဇ+တ] ကစ္စည်း၊ ၅၇၇။ ရူ၊ ၆၂၈၊ ဖျက်ဆီးအပ်သော၊ ဖျက်ဆီးခြင်း။

ဂဟကူဋံ= [ ဂဟ+ကူဋ ] ဂဟဿ ကူဋံ-ဂဟကူဋံ။ အိမ်၏အထွတ်။ (ဤ၌ သဒိသူပစာဖြင့် အဝိဇ္ဇာကိုယူ၊)

ကူဋ= [√ကုဋ+ဏ ] ကုဋ-ဆေဒနေ၊ ကမ္မနိ ဏော၊ ဓာန်-ဋီ၊ ၂၁၉။ အထွတ်၊ အိမ်အထွတ်၊ နှ။

ဝိသင်္ခတံ= [ဝိ+သံ√ကရ+တ] ဖျက်ဆီးအပ်ပြီးသော၊

ဝိသင်္ခါရဂတံ=[ ဝိသင်္ခါရ+ဂတ ] ဝိသင်္ခါရံ ဂတံ-ဝိသင်္ခါရဂတံ၊ သင်္ခါရကင်းသော နိဗ္ဗာန်သို့ရောက်ပြီးသော။

ဝိသင်္ခါရ= [ဝိ+သင်္ခါရ] ဝိဂတော သင်္ခါရော ဧတသ္မာတိ- ဝိသင်္ခါရံ၊ သင်္ခါရမရှိသော၊ သင်္ခါရတို့မှ လွတ်မြောက်ရာဖြစ်သော၊ သင်္ခါရမှကင်းသော- နိဗ္ဗာန်။

သင်္ခါရ= [သံ√ကရ+ဏ] ရူ၊ ၅၈၂။ သင်္ခရဏံ-သင်္ခါရော၊ သင်္ခရိယတီတိ ဝါ-သင်္ခါရော၊ သင်္ခရောတီတိ ဝါ -သင်္ခါရော၊ နိရုတ္တိ-နှာ၊ ၅၄၀။ သင်္ခါရတရား။

တဏှာနံ= [√တသ+ဟ+အာ] သ-ကို ဏ-ပြု၊ တသတိ ပါတုမိစ္ဆတိ တေယာတိ-

**မြန်မာပြန်** ပဋိသန္ဓေ တည်နေရခြင်းမှာ ဆင်းရဲလှပါ၏၊ တဏှာကို ဉာဏ်ဖြင့် မတွေ့မြင်ပြန်လျှင်လည်း ယင်းပဋိသန္ဓေ တည်နေရခြင်းက လွဲဖယ် နောက်ဆုတ်မည် မဟုတ်၊ ထို့ကြောင့် ခန္ဓာအိမ်ကို တည်ဆောက်တတ်သော တဏှာ လက်သမားကို မရမနေရှာဖွေလာခဲ့သောငါဘုရားသည် ယင်းတဏှာကို မြင်စွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်ကို မရနိုင်ခဲ့သည့်အတွက် ရေတွက်မရ, ဘဝများစွာ, သံသရာ စက်ဝိုင်းကို လှည့်ပတ်ပြေးသွားနေခဲ့ရလေပြီ။

ဟဲ့····· တဏှာယောက်ျားလက်သမား ! ယခု ငါဘုရားက သင့်ကို တွေ့မြင်ထား ပေပြီ၊ နောက်ထပ် ငါ့အတွက် ခန္ဓာအိမ်ကို သင်ဆောက်နိုင်တော့မည်မဟုတ်၊ သင်၏ ကိလေသာ အခြင်အကုန်လုံးတို့ကို ငါက ချိုးဖဲ့ဖျက်ဆီးထားခဲ့ပေပြီ၊ အဝိဇ္ဇာအိမ်ထွတ် ကိုလည်း ငါက ဖျက်ဆီးထားအပ်ခဲ့ပေပြီ၊ ငါ၏စိတ်သည် ပြုပြင်ကင်းလွတ်, နိဗ္ဗာန် ဓာတ်ကို အာရုံပြုသောအားဖြင့် ရောက်နေခဲ့လေပြီ၊ ငါဘုရားသည်လည်း တဏှာ ကုန်ရာ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရရှိထားခဲ့လေပြီ။

**လင်္ကာ** ဖန်ဖန်ကပ်ငြိ, ပဋိသန္ဓေ, နေရခြင်းမှာ, ဆင်းရဲပါ၏၊ တဏှာကိုပင်, မတွေ့ လျှင်လည်း, ကင်းစင်သန္ဓေ, မရှိပေတည်း၊ ဖြစ်လေသို့သာ, ကြောင်းထောက် စာ၍, ခန္ဓာအိမ်ကို, ကြိမ်ဖန်များစွာ, ဆောက်လုပ်လာသည့်, တဏှာယောက်ျား, လက်သ မားကို, ကြိုးစားလျက်သာ, ရှာဖွေပါလည်း, မြင်၄ာစွမ်းသန်, သဗ္ဗဉ်ဉာဏ်ကို, ဇာကန် မုချ, မရသည့်တွက်, ဆက်ကာဆက်ကာ, သံသရာဝယ်, များစွာဘဝ, ကျင်လည်ရခဲ့။

ငါ့ခန္ဓာအိမ်, ကြိမ်ဖန်များစွာ, ဆောက်လုပ်လာသည့်, တဏှာယောက်ျား, ····· လက်သမား ! သင့်အား ငါက, တွေ့မြင်ရပြီ၊ ငါ့ခန္ဓာအိမ်, နောက်တစ်ကြိမ်မျှ, သင်က ဆောက်စရာ, မရှိပါတည့်၊ သင့်မှာရှိနေ, ကိလေအခြင်, များဖြင်နံရိုး, ငါရိုက်ချိုးခဲ့၊ အိမ်မိုး ခေါင်အုပ်, ခေါင်ချုပ်ပမာ, အဝိဇ္ဇာကို, ငါက ဖယ်ရှား, ဖျက်ဆီးထားခဲ့၊ ငါ့စိတ်ကားမူ,

---

တဏှာ=လောဘော၊ မောဂ်-၇၊ ၂၂၃။ တဏှာလောဘ။ တသ=(ဘူ+ဒိ+ဂ) ပိပါသာယံ- မွတ်သိပ်ခြင်း၌၊ (တသတိ၊ တဿတိ၊) ဂဟာဒိ အာချာတ်ရုပ် မထင်။

[√တသ+ဏှ+အာ] သ-ကိုချေ၊ ယာယ တသန္တိ၊ သာ တဏှာ၊ ဏျော၊ ဓာန်-ဋီ၊ ၁၆၂။

**ခယံ**= [ √ ခိ+အ ] ခိယနံ-ခယော၊ ခယနံ ဝါ-ခယော၊

[ √ခီ+ဏ ] အထဝါ= ခီယန္တိ ပဟီယန္တိ ဧတေနာတိ-ခယော၊ ခီယန္တိ ကိလေသာ ဧတ္ထာတိ-ခယော=မဂ္ဂနိဗ္ဗာနာနိ၊ ကိလေသာတို့၏ကုန်ကြောင်းတရား(မဂ်။) ကိလေသာ တို့၏ကုန်ရာတရား(ဖိုလ်, နိဗ္ဗာန်၊) ကုန်ခြင်း။ ခယသင်္ခါတေန မဂ္ဂေန ပါပုဏိယတ္တာ ဖလမ္ပိ-ခယော။ ဖိုလ်။ နီတိ-ဓာ၊ ၁၈။

**အဇ္ဈဂါ**= [အဓိ√ဂမု+ဤ] ဂမုဓာတ်ကို ဂ-ပြု၊ နီတိ-သုတ္တ၊ ၁၀၉၅။ ဤ-ဝိဘတ်ကို အာ- ပြု၊ ၄င်း- ၁၁၀၄။ ရပြီ။

ကင်းငြားပြုပြင်, နိဗ္ဗာန်ခွင်သို့, ပြေးဝင်လျက်သာ, ရှိနေပါ၏၊ တဏှာဖျက်ဖြို, ဆုံးမဂ် ဖိုလ်လည်း, ငါလိုတိုင်းသာ, ရရှိလာ၏။

## ၉-မဟာဓနသေဋ္ဌိပုတ္တဝတ္ထု

၁၅၅။ အစရိတွာ ဗြဟ္မစရိယံ , အလဒ္ဓါ ယောဗ္ဗနေ ဓနံ၊
ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ , ခီဏမစ္ဆေဝ ပလ္လလေ။
၁၅၆။ အစရိတွာ ဗြဟ္မစရိယံ , အလဒ္ဓါ ယောဗ္ဗနေ ဓနံ၊
သေန္တိ စာပါတိခီဏာဝ , ပုရာဏာနိ အနုတ္ထုနံ။

(အနက်) ယောဗ္ဗနေ-ကိုယ်အားဉာဏ်အား, နှစ်ပါးပြည့်ကြွယ်, သန်စွမ်းနုပျိုသော အရွယ်၌၊ ဗြဟ္မစရိယံ-ဒါန သီလ, မဂ္ဂဘာဝနာ, သာသနာဟု, ဂုဏ်ဝါကြီးမြင့်, မြတ်သောအကျင့်ကို၊ အစရိတွာ-သောက်လိုက်စားလိုက်, ပျော်ပါးလိုက်ဖြင့်, မိုက်၍ မဆုံး, မကျင့်သုံးမူ၍၊ ဓနံ-ပစ္စုပ္ပ်တမလွန်, နှစ်တန်ဘဝ, ချမ်းသာရဖို့ သုံးချစရာ, ပစ္စည်းဥစ္စာကို၊ အလဒ္ဓါ-ရှာမှုစုမှု, မပြုတုံဘိ, မရရှိ၍၊ (တေဗာလာ-စိတ်လိုကိုယ်လိုက်, ထိုသို့သဘောရှိသော လူဖျင်းလူမိုက်တို့သည်၊) ခီဏမစ္ဆေဝ-ငှက်မျိုးပေါင်းစုံ, ဝိုင်းအုံ စားထား, ငါးကုန်သွားသည်သာလျှင်ဖြစ်သော၊ ဝါ-ရေခန်းသည့်လျောက်, ငှက်တွေ ရောက်၍, ရွေးကောက်စားထား, ငါးကုန်သွားပြီးသည်သာလျှင်ဖြစ်သော၊ ပလ္လလေ-ရေကုန်ခန်းလွယ်, ကျက်စားနေကျ ရေအိုင်ငယ်၌၊ ဇိဏ္ဏကောဉ္စာဝ-တောင်ပံယွင်းယို, ကြိုးကြာအိုတို့ကဲ့သို့၊ ဈာယန္တိ-နေရေးမလှ, မဝစားရေး, ပူဆွေးကြောင့်ကြ, ကြံမှိုင်နေ ကြရကုန်၏။

---

### ၁၅၅, ၁၅၆-ပဒဝိဘာဂ

**အစရိတွာ=** [န+စရိတွာ] မကျင့်သုံးမူ၍။

**စရိတွာ=** [√စရ+တွာ] ကျင့်၍၊ ပြုကျင့်၍၊ လှည့်လည်၍၊ သွားလာ၍၊ ကျက်စား၍။

**ဗြဟ္မစရိယံ=** [ဗြဟ္မ+စရိယ] ဗြဟ္မံ စရိယာ-ဗြဟ္မစရိယာ၊ ဗြဟ္မုနော စရိယာ=ဗြဟ္မစရိယာ၊ မြတ်သောအကျင့်၊ ဖြူစင်သန့်ရှင်းသောအကျင့်၊ မြတ်သောအကျင့်ကို ကျင့်သုံးခြင်း၊ သူစိ၊ (ဤ၌ ဒါန, ပဉ္စသိက္ခာပဒ, ဥပေါသထ, အရိယမဂ္ဂ, သာသနတို့ကို ဗြဟ္မစရိယ အရယူပါ။ ဓမ္မပဒမဟာဋီကာ။

**ဗြဟ္မ=** [√ဗဟ+မ] ဗဟ-ဝုဒ္ဓိမှိ၊ ဗြဟ္မာ၊ နိပါတနတော ဗြော ဗသေ၊ ရူ၊ ၆၅၃။ ဗဟတိ ဝုဒ္ဓိံ ဂစ္ဆတီတိ-ဗြဟ္မာ။

[√ဗြူဟ+မ] ဗြူဟ-ဝမနေ၊ ဥပရူပရိ ဗြူဟတီတိ-ဗြဟ္မာ၊ တေဟိ တေဟိ ဂုဏ ဝိသေသေဟိ ဗြူဟိတောတိ-ဗြဟ္မာ၊ နီတိ-ဓာ၊ ၁၉၈။

[√ဗြဟ+မ] မဟန္တသရီရတာယ-ဗြဟ္မာ၊ ဗြဟ-ဝုဒ္ဓိယံ၊ မပစ္စယော၊ ဓာန်-ဋီ၊ ၁၅။ ပု။ ဗြဟ္မာ, မိဘ, ဘုရား-စသည်။ တိ။ အမြတ်၊ မြတ်သော၊ တိုးပွားသော၊ ဖြူစင် သန့်ရှင်းသော။

ယောဗ္ဗနေ-ကိုယ်အားဉာဏ်အား, နှစ်ပါးပြည့်ကြွယ်, သန်စွမ်းနုပျိုသောအရွယ်၌၊ ဗြဟ္မစရိယံ-ဒါနသီလ, မဂ္ဂဘာဝနာ, သာသနာဟု, ဂုဏ်ဝါကြီးမြင့်, မြတ်သောအကျင့်ကို၊ အစရိတွာ-သောက်လိုက်စားလိုက်, ပျော်ပါးလိုက်ဖြင့်, မိုက်၍မဆုံး, မကျင့်သုံးမူ၍၊ ဓနံ-ပစ္စုပ်တမလွန်, နှစ်တန်ဘဝ, ချမ်းသာရဖို့ အသုံးချစရာ, ပစ္စည်းဥစ္စာကို၊ အလဒ္ဓါ-ရှာမှုစုမှု, မပြုတုံဘိ, မရရှိ၍၊ (တေ ဗာလာ-အရွယ်လွန်သွား, ထိုလူမိုက်များတို့သည်၊) ပုရာဏာနိ-ရှေးကလုပ်လာ, စားသောက်လာ၍, ပျော်လာခဲ့ပုံ, အဖြစ်စုံတို့ကို၊ အနုတ္ထုနံ-အနုတ္ထုနန္တာ-အောက်မေ့ညှိုးမှိန်, စိုးရိမ်ညည်းတွားကြကုန်လျက်၊ စာပါတိခီဏာဝ-လေးမှလွန်သွား, ရှိန်ကုန်မြားတို့ကဲ့သို့၊ သေန္တိ-လူလုံးမလှ, နေထိုင်ကြရကုန်၏။

---

**အလဒ္ဓါ**= [န+လဒ္ဓါ] မရမူ၍။

**လဒ္ဓါ**= [√လဘ+တွာ] ကစ္စည်း၊ ၆၀၀။ ရူ၊ ၆၄၅။ ရပြီး၍။

**ယောဗ္ဗနေ**= [ယုဝ+ဏ] ယုဝဿ ဘာဝေါ-ယောဗ္ဗနံ၊ မဟာဝုတ္တိနာ နကာရာဂမော၊ ရူ၊ ၃၈၈။
[√ယု+ယု] အထဝါ=ယုမိဿနေ၊ ယု၊ ဥဿ ဥဝါဒေသော၊ ဝုဒ္ဓိ။ ဓာန်-ဋီ၊ ၂၅၀။
[ယုဝ+နဏ်] ဝ-ကို ဗ-ပြု၊ မောဂ်-၄၊ ၆၁။ ယုဝဿ ဘာဝေါ-ယောဗ္ဗနံ၊ နိရုတ္တိ-နှာ၊ ၃၁၅။ န ။ ပျိုနုသူ၏အဖြစ်၊ ပထမအရွယ်၊ အမှုကိစ္စကို ပြုလုပ်ဆောင်ရွက်နိုင်သော အချိန် အခါ၊ ကိုယ်၏ လှပတင့်တယ်သောဂုဏ်၊ အရွယ်ကောင်းသောဂုဏ်။

**ဇိဏ္ဏကောဉ္စာ**= [ဇိဏ္ဏ+ကောဉ္စ] အိုသောကြိုးကြာ၊ ကြိုးကြာအို။

**ဇိဏ္ဏ**= [√ဇရ+တ] ဇီယျိတ္ထာတိ-ဇိဏ္ဏော၊ နိရုတ္တိ-နှာ၊ ၄၉၅။ ကစ္စည်း၊ ၅၈၁။ကိုလည်းရှုပါ။ ဇရ-ဝယောဟာနိမှိ၊ကတ္တရိ တော၊ တဿ ဣန္နာဒေသော၊ ဓာတွန္တ လောပေါ၊ ဏတ္တဥ္စ-ဇိဏ္ဏော၊ ဓာန်-ဋီ၊ ၂၅၄။ ဆွေးမြည့်သော၊ ယိုယွင်းသော၊ ရင့်ရော်အိုမင်းသော၊ အသက်အရွယ်ကြီးရင့်သော၊ လူအို၊ ဟောင်းနွမ်းသော-စသည်။

**ကောဉ္စ**= [√ကုဉ္စ+အ] ကြိုးကြာငှက်၊ ကုဉ္စ=(ဘူ) ကောဋိလ္လပ္ပိဘာဝေသု-ကောက်ကွေ့ခြင်း, အနည်းငယ်ဖြစ်ခြင်းတို့၌။ (ကုဉ္စတိ) ဓာန်-ဋီ၊ ၆၄၁-၌ကား ကောဉ္စ-ကောဋိလျပ္ပိဘာဝေသု-ဟု ရှိနေသည်၊ ဓာတ်ကျမ်းများ၌ ကောဉ္စဓာတ် မရှိ။

ကောဉ္စကို သက္ကတ အင်္ဂလိပ်အဘိဓာန်များ၌ An osprey= ပင်လယ် လင်းယုန်ငှက်၊ လင်းယုန်ဖြူ၊ သိမ်းရင်ဖြူ ၊ ဝံလက်ငှက်။ A curlew= ခရုစုတ်ငှက်၊ မိန်းမလက်သည်း, ကုလားကောက်ငှက်-ဟု ဖွင့်ဆိုထားကြသည်။

**ဈာယန္တိ**= [√ဈာ+ယ+အန္တိ] အထူးထူး အပြားပြား ကြံကုန်၏၊ ဈာ=(ဒိ) ဝိစိန္တနေ-အထူးထူးအပြားပြားကြံစည်ခြင်း၌၊ (ဈာယတိ။)
[√ဈေ+အ+အန္တိ] ပူလောင်ကုန်၏၊ သိကုန်၏၊ ကြံစည်ကုန်၏၊ ထွန်းပကုန်၏။

**ခီဏမစ္ဆေ**= [ခီဏ+မစ္ဆ] ခီဏာ မစ္ဆာ ယတ္ထာတိ-ခီဏမစ္ဆော၊ ကုန်ပြီးသောငါးရှိသော။

**မစ္ဆ**= [√မုဒ+ဆ] သုခဒုက္ခံ မုဒတိ ဘက္ခတီတိ-မစ္ဆော၊ ငါး။ ကစ္စည်း၊ ၆၃၈။

(မြန်မာပြန်) အရွယ်ကောင်းတုန်းမှာ ဒါန, သီလ, ဘာဝနာနှင့် သာသနာရေးအလုပ်ကိုလည်း မလုပ်၊ ပစ္စည်းဥစ္စာရရှိအောင် ရှာဖွေစုဆောင်းမှုကိုလည်း မပြုသူတို့သည် (အရွယ်လွန်သွားသည့်အခါမှာ) ရေခန်းခြောက်၍ ငါးမရှိသော ရေအိုင်ငယ်၌ တောင်ပံကျိုးနေသော ကြိုးကြာငှက်အိုတို့ကဲ့သို့ ကြံမှိုင်၍သာ နေကြရကုန်၏။

အရွယ်ကောင်းတုန်းမှာ ဒါန, သီလ, ဘာဝနာနှင့် သာသနာရေးအလုပ်ကိုလည်း မလုပ်၊ ပစ္စည်းဥစ္စာရရှိအောင် ရှာဖွေစုဆောင်းမှုကိုလည်း မပြုသူတို့သည် (အရွယ်လွန်သွားသည့်အခါမှာ) လေးမှထွက်သွားပြီးသည့်နောက် အရှိန်အဟုန်ကုန်သော မြားတို့ကဲ့သို့ ရှေးဖြစ်ဟောင်းတို့ကိုသာ ပြန်ပြောင်းအောက်မေ့ ညည်းတွားကြလျက် နေကြရကုန်၏။

---

[√မသ+ဆ] ဓာတွန် သ-ကို ပရရုပ် ဆ-ပြု၊ ဒုတိယက္ခရာ ဆ-ကို ပဌမက္ခရာ စ-ပြု၊ မစ္ဆ။ မသ-အာမသနေ၊ မသတိ ဓလန္တိ-မစ္ဆော=မိန္ဓော၊ ငါး။ မောဂ်-၇၊ ၄၃။ မသ-အာမသနေ ဆော၊ မရဓာတုဝသေန ဝါ သိဒ္ဓေါ။ ဓာန်-ဋီ၊ ၆၇၁။

**ပလ္လလေ**= [√ပလ္လ+အလ] ပလ္လ-ရက္ခဏေ၊ စုရာဒိ၊ အလော။ ဓာန်-ဋီ၊ ၆၇၈။ အပလ္လိ အဂစ္ဆိ ဥဒကမေတသ္မာတိ-ပလ္လလံ၊ ရွံ့အိုင်၊ ရွံ့ဗွက်၊ ပလ္လေ နိန္နဋ္ဌာနေ ဝါ အလန္တိ-ပလ္လလံ၊ ညွန်အိုင်, ညွန်ပျောင်း၊ ပလ္လ=(ဘူ) ဂတိ နိန္နဋ္ဌာနေသု- သွားခြင်း, ချိုင့်ဝှမ်းရာအရပ်တို့၌၊ (ပလ္လတိ။)

**စာပါတိခိဏာ**= [စာပ+အတိခိဏ] စာပတော အတိခိဏာ-စာပါတိခိဏာ၊ လေးမှလွန်သွားကုန်သော၊ လေးမှလွတ်ထွက်သွားကုန်သော၊ နိတိ-ဓာ၊ ၂၄၇-ကိုလည်း ရှုပါ၊ စာပါတိခိဏာ-ဟု ရဿဖြင့် ပြထားသည်။

**စာပ**= [စပ+အဏ] စပဿ (ဝါးအထူး၏၊) ဝိကာရော-စာပေါ၊ ကောဏ္ဍပုဘာ။ လေး။

**စပ**= [√စပ+အ] စပ-သန္တ္ဝပေ၊ အ၊ စပေါ၊ ဝံသ ဘေဒေါ၊ တဗ္ဗိကာရော-စာပေါ၊ ဏော၊ ဓာန်-ဋီ၊ ၃၈၈။ စပ=(ဘူ)သာန္တ္ဝနေ-ချစ်ခင်နှစ်သက်ခြင်း၌၊ (စပတိ။)

**အတိခိဏ**= [အတိ√ခိ+တ] တ-ပစ္စည်းကို ဤဏ-ပြု။ ကျော်လွန်ထွက်သွားသော၊ ကျော်လွန်ရောက်သွားသော၊ ခိ=(ဘူ+ကီ) ဂတိယံ-သွားခြင်း၌၊ (ခိယတိ၊ ခိဏာတိ။)

**ပုရာဏာနိ**= [ပုရာ+ဏ] ဤ၌ ဏ-အက္ခရာကား အဝယဝသာ၊ အနုဗန်မဟုတ်၊ ပုရာဘဝေါ-ပုရာဏော၊ ရှေးကဖြစ်သည်၊ ရှေးကျသည်၊ အဟောင်း။

**ပုရာ**= [√ပုရ+ကာ] အဗျယ၊ ကောဏ္ဍပုဘာ။ ပုရာကာလသတ္တမိယာ၊ နိတိ-သုတ္တ-နှာ၊ ၃၈၁။ ရှေးအခါ၌။

**အနုတ္ထုနံ**= [အနု √ထု+နာ+အန္တ] ညည်းတွားသော၊ ထု=(ကီ)နိတ္ထုနနေ-ညည်းတွား ခြင်း၌ (ထုနာတိ။)

(လင်္ကာ) အရွယ်ရှိတုန်း, အချိန်ဖြုန်းလျက်, လုံးလုံးလျားလျား, မြတ်တရားကို, ကြိုးစားမမှု,တစ်ဦးသူနှင့်, ရယူသင့်နိုး, ဥစ္စာမျိုးကို, ကြိုးကြိုးစားစား, ရှာထားမမှု, တစ်ဦးသူတို့, ပူရှိန်များပြား, ရေခန်းသွား၍, ငါးများကုန်စင်, ရွှံ့ညွန်ပြင်ဝယ်, အားအင်နည်းပြန်, တောင်ပံယွင်းယို, ကြိုးကြာအိုသို့, စိတ်လိုယိမ်းယိုင်, ကြံမှိုင်လျက်သာ, နေရပါ၏။

အရွယ်ကောင်းတုန်း, အချိန်ဖြုန်းလျက်, လုံးလုံးလျားလျား, မြတ်တရားကို, ကြိုးစားမမှု, တစ်ဦးသူနှင့်, ရယူသင့်နိုး, ဥစ္စာမျိုးကို, ကြိုးကြိုးစားစား, ရှာထားမမှု, တစ်ဦးသူတို့, ရှေးမှုပျက်ရ, နောက်ကာလဝယ်, လေးမှထွက်သွား, ရှိန်ကုန်မြားသို့, ခံစားရေးက, ချမ်းသာလှသည့်, လောကရေးရာ, အဖြာဖြာကို, ပြန်ကာအောက်မေ့, ညည်းတွားရှာ၍သာ, နေရပါ၏။

# ၁၂-အတ္တဝဂ္ဂ

## ၁-ဗောဓိရာဇကုမာရဝတ္ထု

၁၅၇။ အတ္တာနဉ္စေ ပိယံ ဇညာ , ရက္ခေယျ နံ သုရက္ခိတံ၊
တိဏ္ဏံ အညတရံ ယာမံ , ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

(အနက်) အတ္တာနံ-သံသရာဆင်းရဲ, အမြဲရောက်တတ်, မပြတ်ငြင်ငြို, မိမိကိုယ်ကို၊ ပိယံ-ရှေးကကောင်းလို့, ယခုကောင်းလာ, ခုကောင်းပါမှ, နောင်ခါကောင်းမည်, ယုံကြည်သိမှတ်, ချစ်ခင်မြတ်နိုးအပ်၏ဟူ၍၊ စေဇညာ-ကိုယ့်ကိုကိုယ်ပင်, ဆင်ခြင်နှိုင်းညှို့, အကယ်၍သိငြားအံ့၊ ဧဝံ-ဤသို့မချွတ်, သိမြင်လတ်သော်၊ နံ အတ္တာနံ-ဘဝင်တိုးဝင်, တံခွန်သွင်သို့, မာန်ဝင်စိုက်ထူရာဖြစ်သော ထိုမိမိကိုယ်ကို၊ သုရက္ခိတံ-လွဲသွေမဖောက်, ကောင်းစွာစောင့်ရှောက်ရာရောက်အောင်။ ရက္ခေယျ-ဒါနသီလာ, ဘာဝနာမှု, စသည်ပြုကာ, စောင့်ရှောက်ရာ၏၊ ပဏ္ဍိတော-ကြောင်းကျိုးမြင်သိ, ပညာရှိသည်၊ (ဧဝံ အသက္ကောန္တော-သုံးပါးအရွယ်, အကယ်သို့တိုင်, မစွမ်းနိုင်လတ်သော်၊) တိဏ္ဏံ-ပထမ ဒုတိယ, တတိယဟု, တိကျပိုင်းခြား, အရွယ်သုံးပါးတို့တွင်၊ အညတရံယာမံ-မလွဲမဖယ်, တစ်ပါးပါးသော အရွယ်၌၊ အတ္တာနံ-သံသရာဆင်းရဲ, အမြဲရောက်တတ်, မပြတ်ငြင်ငြို, မိမိကိုယ်ကို၊ ပဋိဇဂ္ဂေယျ-ဒါန သီလာ, ဘာဝနာမှု, စသည်ပြုကာ, သုတ်သင်ရာ၏။

---

### ၁၅၇-ပဒဝိဘာဂ

**ဇညာ=** [√ဉာ+နာ+ဧယျ] သိရာ၏၊ ကစ္စည်း၊ ၄၇၀၊ ၅၀၈၊ ၅၀၉-တို့ကို ရှုပါ။

**သုရက္ခိတံ=** [သု+ရက္ခိတ] ကောင်းစွာစောင့်ရှောက်အပ်သော၊ ကောင်းစွာလုံခြုံစေအပ်သော၊ ကောင်းစွာစောင့်သော၊ ကောင်းစွာလုံခြုံစေသော။

**ရက္ခိတ=** [√ရက္ခ+တ] စောင့်ရှောက်အပ်သော၊ လုံခြုံစေအပ်သော၊ စောင့်ရှောက်သော၊ လုံခြုံစေသော။

(မြန်မာပြန်) မိမိကိုယ်ကို ချစ်သင့်သည်ဟု သိမြင်နားလည်ပါလျှင် ကောင်းစွာစောင့်ရှောက်ရာရောက်အောင် ဒါန, သီလ, ဘာဝနာမှုစသည်ပြုလျက် မိမိကိုယ်ကို စောင့်ရှောက်သင့်၏၊ အရွယ်သုံးပါးလုံးမှာ ယင်းသို့ မစွမ်းနိုင်ပါလျှင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသည် မိမိကိုယ်ကို ဒါန, သီလ, ဘာဝနာမှု-စသည်ပြုလျက် ကောင်းစောင့်ရှောက်သင့်၏။

(လင်္ကာ) ကိုယ့်ကိုစင်စစ်, ကိုယ်ကချစ်လျှင်, အပြစ်နည်းများ, ကြဉ်ရှောင်ရှား၍, ကောင်းကြားအလုပ်, ကြိုးစားလုပ်လျက်, ထိန်းချုပ်ကိုယ့်ကို, စောင့်ရန်လို၏၊ ထိုသို့ဆုံးတိုင်, မစွမ်းနိုင်က,ကိုယ်တိုင်ရထား, ရွယ်သုံးပါးဝယ်, တစ်ပါးပါးတွင်, ပညာ ရှင်ကား,ဖြူစင်တရား, ဆင့်ဆင့်ပွားအောင်, ကြိုးစားကောင်းစွာ, သုတ်သင်ရာ၏။

## ၂-ဥပနန္ဒသကျပုတ္တတ္ထေရဝတ္ထု

၁၅၈။ အတ္တာနမေဝ ပဌမံ , ပတိရူပေ နိဝေသယေ၊
အထညမနုသာသေယျ , န ကိလိဿေယျ ပဏ္ဍိတော။

(အနက်) အတ္တာနမေဝ-သူတစ်ပါးအား,ဆုံးမကြားပြောလို, မိမိကိုယ်ကိုသာလျှင်၊ ပဌမံ-သူတစ်ပါးအား, မဆုံးမကြားခင်, ကြိုတင်လျက်သာ, ရှေးဦးစွာ၊ ပတိရူပေ-သင့်တော်လျောက်ပတ်, ဆုံးမကြားလိုသော ဂုဏ်ကျင့်ဝတ်၌၊ နိဝေသယေ-သွင်းထားကောင်းစွာ, တည်နေစေရာ၏၊ အထ-ကိုယ်ကလောက်လုံ, ဂုဏ်ပြည့်စုံမှ, နောက်ကာလ၌၊ အညံ-ကိုယ်ဆုံးမကြားလို, တစ်ပါးသော ပုဂ္ဂိုလ်ကို၊ အနုသာသေယျ-ကိုယ်ကကျင့်ထား, အကျင့်များဖြင့်, သနားငဲ့ညှာ, ဆုံးမကြားဆုံးမရာ၏၊ ပဏ္ဍိတော-သာသနာတော်ရေး, လောကရေးကို, မြော်တွေးမြင်သိ, ပညာရှိသည်၊ န ကိလိဿေယျ-သူကဲ့ရဲ့ခြင်း, လွတ်ကင်းရှင်း၍,စိတ်တွင်းအထူး, မညစ်ညူး မပင်ပန်းရတော့ပေ။

---

**တိရ္ဆံ=** [√တရ+ရိ] တိလိင်၊ သုံးခုဟော သချာသဒ္ဒါ။ ကောတ္တုဘာ။

**ယာမံ=** [√ယာ+မ] ယာတိတိ-ယာမော=ဒိနဿ ဆဗ္ဗော ဘာဂေါ၊ အဋ္ဌမော ဝါ။ နေ့၏ခြောက်ခုမြောက်အဖို့၊ တစ်နည်း= ရှစ်ခုမြောက်အဖို့။ မောဂ်-၇၊ ၁၃၆။
[√ယမ+ဏ] ဥပယမေတိ ဝါ အဟောရတ္တံစာနေန-ယာမော၊ ယမိတော ဏော။ ဓာန်-ဋီ၊ ၇၂။ ယာမ်၊ အရွယ်-စသည်။

**ပဋိဇဂ္ဂေယျ=** [ပတိ √ဇဂ္ဂ+အ+ဧယျ]သုတ်သင်ရာ၏၊မွေးမြူရာ၏၊ဇဂ္ဂ=(ဘု) သောဓနပေါသန ရက္ခဏေသု-သုတ်သင်ခြင်း, မွေးမြူခြင်း, စောင့်ရှောက်ခြင်းတို့၌ (ဇဂ္ဂတိ။)

### ၁၅၈-ပဒဝိဘာဂ

**ပဌမံ=ပထမံ=** [√ပဌ+အမ] ပဋ္ဌီယတိ ဥစ္စာရီယတိတိ-ဥတ္တမဘာဝေနာတိ-ပဌမံ=သေဋ္ဌ၊ အမြတ်၊ မြတ်သော၊ ရှေးဦးအစ၊ မောဂ်-၇၊ ၁၃၃။ ပဌ=(ဘု) ဝိယတ္တိယံ ဝါစာယံ-ပီပြင်ထင်ရှားသော စကား၌၊ (ပဌတိ။)

**မြန်မာပြန်** သူတစ်ပါးကို ဆုံးမသွန်သင်လိုသူသည် ဦးစွာကြိုတင်လျက် ဆုံးမလိုသော ဂုဏ်အကျင့်များကို ကိုယ်တိုင်ကျင့်ထားရမည်၊ ယင်းသို့ ကိုယ်တိုင်ကျင့်ထားပြီးမှ သူတစ်ပါးကို ကိုယ်ကျင့်သောဂုဏ်များဖြင့် ဆုံးမရမည်၊ ယင်းသို့ ပြုကျင့်သော ပညာရှိသည် (သူကဲ့ရဲ့ခြင်း လွတ်ကင်း၍) စိတ်ပင်ပန်း ညစ်နွမ်းစရာ မရှိတော့ချေ။

**လင်္ကာ** ကိုယ်တိုင်ဦးစွာ, ကျင့်ပြပါ၍, နောက်မှာသူ့ကို, ဆုံးမဆိုလော့၊ ကိုယ့်ကို ပြုပြင်, ပညာရှင်သည်, လူရှင်ရဟန်း, နှစ်သက်လွန်း၍, ညစ်နွမ်းစရာ, မရှိပါတည်း။

## ၃-ပဓာနိကတိဿတ္ထေရဝတ္ထု

၁၅၉။ အတ္တာနဉ္စေ တထာ ကယိရာ , ယထာညမနုသာသတိ၊
သုဒန္တော၀တ ဒမေထ , အတ္တာ ဟိ ကိရ ဒုဒ္ဒမော။

**အနက်** (ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊) ယထာ-စကြံ လျှောက်မှု,စသည်ပြုရန်, လမ်းညွှန်ပြောကြား, အကြင်အခြင်းအရာအားဖြင့်၊ အညံ-ကိုယ့်အားမိခို, အခြားသောပုဂ္ဂိုလ်ကို၊ အနုသာသတိ-ကြောင်းကျိုးညွှန်ပြ, ဆိုဆုံးမ၏၊ တထာ-ကိုယ်ကညွှန်ကြား, ထိုအခြင်းအရာအားဖြင့်၊ အတ္တာနံ-အခြားသူအား, ညွှန်ကြားပြောဆို, မိမိကိုယ်ကို၊ စေကယိရာ-အကယ်၍များ,လိုက်နာပြုကျင့်ငြားအံ့၊ ဧဝံ-ဤသို့မချွတ်, ပြုကျင့်လတ်သော်၊ (သော-အခြားသူအား, ညွှန်ကြားပြောဆို, ထိုပုဂ္ဂိုလ်သည်၊) ဝတ-စင်စစ်ကေန်, အမှန်အားဖြင့်၊ သုဒန္တော-သေချာကျန, ကောင်းစွာ ဆုံးမအပ်ပြီးသည်ဖြစ်၍၊ ဒမေထ-သူရောကိုယ်ပါ ဆိုဆုံးမနိုင်ရာ၏၊ ဟိ-ယသ္မာ-

---

[ √ပထ+အမ ] ပထ-သချ်ာနေ ဝါ၊ အမော၊ ဝဏ္ဏဝိကာရော၊ ပဌမံ၊ ဓာန်-ဋီ၊ ၇၁၅။ ပထတိ အာဒိမှိ ပဝတ္တတီတိ-ပထမော၊ ကျယ်ပြန့်ရာအစ။ ရူ-ဘာဋီ၊ ကစ္စည်း၊ ၆၆၆-နှင့် ရူ၊ ၆၇၆-တို့ကိုလည်း ရှုပါ။

**ပတိရူပေ**= [ပတိ+ရူပ] ပဋိရူပဟိတော ရူပေါ-ပတိရူပေါ၊ သင့်လျော်လျောက်ပတ်သော။

**နိဝေသယေ**= [နိ √ဝိသ+ဏာယ+ဧယျ] ဝင်စေရာ၏၊ သွင်းထားရာ၏၊ (တည်စေရာ၏။)

**အထ**= "အထောထာနန္တ ရာရမ္ဘ , ပဉှေသု ပဒပူရဏော၊" အထောသဒ္ဒါနှင့် အထသဒ္ဒါတို့သည် အခြားမဲ့, အားထုတ်ခြင်း, အမေး, ပုဒ်ပြည့်ကာမျှတို့၌ ဖြစ်၏။ ဓာန်၊ ၁၁၉၀။ ထို့နောက်, ထို့ပြင်, ထိုသို့ဖြစ်လျှင်, သို့မဟုတ်, ထိုအခါ၌, စင်စစ်-စသည်ဖြင့် အရာဌာနအားလျော်စွာ အနက်ပေးရပါမည်။

**ကိလိဿေယျ**= [ √ကိလိသ+ယ+ဧယျ] ပူပန်ရာ၏၊ ညစ်ညှိုးရာ၏။

### ၁၅၉-ပဒဝိဘာဂ

**အနုသာသတိ**= [အနု √သာသု+အ+တိ] အဖန်ဖန်ဆုံးမ၏၊ သွန်သင်၏၊ ညွှန်ကြား၏။

**သုဒန္တော**= [သု+ဒန္တ) ကောင်းစွာ=ဆုံးမအပ်ပြီးသော၊ ယဉ်ကျေးစေအပ်ပြီးသော။

အကြင့်ကြောင့်၊ အတ္တာ-အမြဲ ယုယ, ဖေးမထိန်းသို, မိမိကိုယ်ကို၊ ကိရ-စင်စစ်ကေန်, အမှန်အားဖြင့်၊ ဒုဒ္ဒမော-ဆင်းရဲ ခဲကပ်, ဆိုဆုံးမအပ်၏၊ ဝါ-သူ့ကိုဆုံးမ, ပြုရသည်ထက်, ခက်ခက်ခဲခဲ, ဆင်းရဲသဖြင့် ဆုံးမအပ်၏၊ တသ္မာ-ထိုသို့ကိုယ့်ကို, ဆိုဆုံးမရ, ခက်ခဲလှသောကြောင့်၊ သော အတ္တာ- ယုယထိန်းသို, ထိုမိမိ၏ကိုယ်သည်၊ ဝါ-ကို၊ ယထာ-သူ့အားညွှန်ကြား, အကြင်အခြင်းအရာအားဖြင့်၊ သုဒန္တော-သေချာကျန, ဆုံးမအပ်ပြီးသည်၊ ဟောတိ-အမှန်မသွေ, ဖြစ်ပါပေ၏၊ တထာ-သူ့အားညွှန်ကြား, ထိုအခြင်းအရာအားဖြင့်၊ ဒမေတဗ္ဗော-ကြိုးစားနှစ်ခြိုက်, ဆိုဆုံးမထိုက်ပါပေ၏။

**မြန်မာပြန်** သူများကိုဆုံးမသောနည်းဖြင့် မိမိကိုယ်တိုင် လိုက်နာပြုကျင့်နေသူသည် တကယ်ပင် မိမိကို ကောင်းစွာဆုံးမသူ ဖြစ်တော့၏၊ မိမိကိုယ်မည်သည် ဆိုဆုံးမရ ခက်လှသောကြောင့် သူတစ်ပါးအား ဆုံးမထားသော နည်းများဖြင့်ပင် မိမိကိုယ်ကို ဆုံးမထိုက်၏။

**လင်္ကာ** သူတစ်ပါးအား, ဆုံးမထားသည့်, နည်းများဖြင့်ပင်, ကိုယ်ပြုပြင်က, ကိုယ်ပင်ကိုယ့်ကို, ဆိုဆုံးမသူ, ဖြစ်သည်ဟူ၏၊ ဖေးကူ ကိုယ့်တွက်, ဆုံးမ ခက်လှ, သဘာဝကြောင့်, ညွှန်ပြသူ့အား, နည်းနာများဖြင့်, ကြိုးစားလျက်သာ, ဆုံးမရာ၏။

## ၄-ကုမာရကဿပမာတုထေရီဝတ္ထု

၁၆၀။ အတ္တာ ဟိ အတ္တနော နာထော , ကောဟိ နာထော ပရော သိယာ၊
အတ္တနာ ဟိ သုဒန္တေန , နာထံ လဘတိ ဒုလ္လဘံ။

---

**ဝတ=** "ဝတေကံသဒယာဟာသ, ခေဒါလပနဝိမှယေ၊" ဝတသဒ္ဒါသည် စင်စစ်, သနားခြင်း, ရွှင်ပျခြင်း, ပင်ပန်းခြင်း, ခေါ်ငင်ခြင်း, အံ့ဩခြင်း-တို့၌ ဖြစ်၏။ ဓာန်၊ ၁၁၉၂။
ပဒပူရဏ-ပုဒ်ပြည့်ကာမျှ ဝါစာသိလိဋ္ဌ-စကားပြေပြစ်ချောမောရုံမျှ၊ အနက်ထူးမရှိ၊ နီတိ-သုတ္တ-နှာ၊ ၃၇၅။

**ဒမေထ=** [ √ဒမု+အ+ဧထ ] ဆုံးမရာ၏၊ သွန်သင်ရာ၏၊ ပဲ့ပြင်ရာ၏။ (ဒမုဓာတ်သည် ဘူ+ဒိ+စု တည်း။)

**ကိရ=** [ √ကိလ+က ] ကောတ္ထုဘာ။။ ပါဠိ၌ လ-ကို ရ-ပြု၊ တစ်နည်း= [ √ကိရ+က ] တစ်ဆင့်ကြားခြင်း၊ မနှစ်သက်ခြင်း၊ ဧဝသဒ္ဒါ၏အနက်-သာလျှင်၊ ဝိတ္ထာရ၊ ဧကံသတ္တ။
ကိရာနုဿဝါရုစိသု= ကိရသဒ္ဒါသည် တစ်ဆင့်ကြားခြင်း, မနှစ်သက်ခြင်းတို့၌ဖြစ်၏၊ ဓာန် ၊ ၁၁၉၉။

**ဒုဒ္ဒမ=** [ ဒု+ဒမ ] ဒုက္ခေန ဒမော-ဒုဒ္ဒမော။ တစ်နည်း= [ ဒု√ဒမု+ခ ] ဒုက္ခေန ဒမီယတေတိ-ဒုဒ္ဒမော။ ခဲယဉ်းသဖြင့်ဆုံးမအပ်သော၊ ဆုံးမရန်ခဲယဉ်းသော၊ ဆိုဆုံးမခက်သော။

### ၁၆၀-ပဒဝိဘာဂ

**နာထော=** [ √နာထ+အ ] နာထတီတိ-နာထော၊ နီတိ-ဓာ၊ ၇၁-၌ အကျယ်ကိုဆက်ရှု၊ ကိုးကွယ်အားထားရာ၊ မှီခိုရာဖြစ်သော၊ ဘုရား, အရဟတ္တဖိုလ်, မိမိကိုယ်-စသည်။

**အနက်** အတ္တာဟိ-ကိုယ့်ကံကြောင့်ပင်, ကိုယ်လျှင်ဖြစ်လာ, ချမ်းသာလိုရှိ, မိမိသည် သာလျှင်၊ အတ္တနော-နတ်ရွာမဂ်ဖိုလ်, တကယ်ရလိုသော မိမိ၏၊ နာထော-ကိုယ်တိုင်အားကြိုး, ကိုယ်ရရိုးမို့, ခိုကိုးရာအစစ်, တကယ်ပင်ဖြစ်ပါပေ၏၊ ပရော-ကိုယ့်ကိုဖယ်ထား, အခြားတစ်ပါးသော၊ ကော-ဖြဟ္မာနတ်လူ, အဘယ်မည်သောသူသည်၊ နာထော-မိမိတွက်တာ, ကိုးကွယ်ရာသည်၊ သိယာ-ကိုယ်ရေးမပိုင်, အဘယ်မှာဖြစ်နိုင် ပါမည်နည်း၊ အတ္တနာဟိ-ဘုရားပွင့်ရာ, ခေတ်အခါကို, ကောင်းစွာပိုင်ဆိုင်, မိမိကိုယ်တိုင် သာလျှင်၊ သုဒန္တေန-သီလဖြူဆွတ်, စတင်ဝတ်နှင့်, ရှုမှတ်မကွာ, ကောင်းစွာဆုံးမသဖြင့်၊ ဒုလ္လဘံ-ကမ္ဘာအသင်္ချေယျ, ကျော်လွန်ကလည်း, ရရှိခြင်းငှာ, ခဲယဉ်းလှပါသော၊ နာထံ-ကိလေသာမီးပွား, ကုန်ငြိမ်းသွား၍, ထူးခြားချမ်းသာ, အရဟတ္တဖိုလ်ဟုဆိုအပ်သော ခိုကိုး ရာကို၊ လဘတိ-မုချပိုင်ဆိုင်, ရရှိနိုင်ပါပေ၏။

**မြန်မာပြန်** မိမိသည်သာ မိမိ၏ကိုးကွယ်ရာဖြစ်သည်၊ သူတစ်ပါးသည် မိမိ၏ကိုးကွယ် ရာမဖြစ်နိုင်ချေ၊ မိမိကိုယ်တိုင် ကောင်းစွာ ဆုံးမသဖြင့် ရခဲလှသည့် အရ ဟတ္တဖိုလ်-ဟု ဆိုအပ်သော ကိုးကွယ်ရာကို ရနိုင်ပေသည်။

**လင်္ကာ** ကိုယ့်တွက် ကိုယ်သာ, ကိုးကွယ်ရာတည်း၊ တစ်ဖြာအခြား, ရှင်လူများကား, အားထားမှီတွယ်,ကိုးကွယ်စရာ, မဟုတ်ပါပေ၊ ကောင်းစွာကိုယ်ပင်, ယဉ်ကျေး လျှင်ကား, လိုချင်ပါလျက်, ရနိုင်ခက်သည့်, အထက်ဖိုလ်မြတ်, အရဟတ်ကို, မချွတ် သေချာ, ရနိုင်ပါ၏။

## ၅-မဟာကာလဥပါသကဝတ္ထု

၁၆၁။ အတ္တနာ ဟိ ကတံ ပါပံ , အတ္တဇံ အတ္တသမ္ဘဝံ၊
အဘိမတ္ထတိ ဒုမ္မေဓံ , ဝဇိရံဝသ္မမယံ မဏိံ။

**အနက်** အသ္မမယံ-မာကျောထူးခြား, ကျောက်၏အထူးအပြားဖြစ်သော၊ ဝဇိရံ-ပြောင်တလက်လက်, ရောင်ပျက်မမှိန်, ဖောက်ခွဲသွားတတ်သောစိန်သည်၊ မဏိံ-မိမိမှီကာ, ဖြစ်ပေါ်လာသောကျောက်ကို၊ အဘိမတ္ထတိဣဝ-အပိုင်းပိုင်း အပေါက်

---

နာထ=(ဘူ) ယာစနာသိဳသဥပတာပိဿရိယေသု-တောင်းပန်ခြင်း, တောင့်တခြင်း, ပူပန် စေခြင်း, စိုးအုပ်ခြင်းတို့၌၊ (နာထတိ။)

**ဒုလ္လဘံ**= [ဒု√လဘ+ခ] ဒုက္ခေန လဗ္ဘတီတိ-ဒုလ္လဘော။ တိ။ ဆင်းရဲသဖြင့်ရအပ်သော၊ မကောင်း သဖြင့်ရအပ်သော၊ ရခြင်းငှာ ခဲယဉ်းသော၊ ရနိုင်ခက်သော။

**၁၆၁-ပဒဝိဘာဂ**

**အတ္တဇံ**= [အတ္တ √ဇန+ကွိ] ရူ၊ ၅၈၆။ အတ္တတော ဇာတံ-အတ္တဇံ၊ မိမိကြောင့်ဖြစ်သော၊ မိမိမှဖြစ်သော။

**အတ္တသမ္ဘဝံ**= [အတ္တ+သမ္ဘဝ] အတ္တနိ သမ္ဘဝံ-အတ္တသမ္ဘဝံ၊ မိမိ၌ဖြစ်သော။

**သမ္ဘဝ**= [သံ√ဘူ+အ] သမ္ဘဝတီတိ-သမ္ဘဝံ၊ တိ။ ဖြစ်သော။

ပေါက်, ထွင်းဖောက်မချွတ်, မွေနှောက်ဖျက်ဆီးတတ်သကဲ့သို့၊ တထာဟိ-မခြားတမူ, အလားတူပင်၊ အတ္တနာကတံ-အဘိဇ္ဈာဗျာပါဒ, မာနတရား, ဖိစီးထား၍, စိတ်ထား သိုးပုပ်, မိမိကိုယ်တိုင်ပြုလုပ်အပ်သော၊ အတ္တဇံ-စိတ်ထားမဖြောင့်, မိမိကြောင့်သာ, ဖြစ်ပွားလာသော၊ အတ္တသမ္ဘဝံ-တရားမခင်, အမှားမြင်၍, တားလျှင်မကြိုက်, မိမိကိုယ်၌ ဖြစ်သော၊ ပါပံ-မိမိဖြစ်ရာ, သတ္တဝါကို, လေးဖြာပါယ်ရပ်, ပို့တတ်ကေန်, မကောင်းမှု အကုသိုလ်ကံသည်၊ ဒုမ္မေဓံ-မိမိဖြစ်ရာ, ပညာမရှိသောသတ္တဝါကို၊ အဘိမတ္ထတိ-ပါယ်လေးပါးဝယ်, များပြားဆင်းရဲ, ရှောင်လွဲမလွတ်, မွေနှောက်ဖျက်ဆီးတတ်ပါပေ၏။

**( မြန်မာပြန် )** ကျောက်၏အထူးဖြစ်သောစိန်သည် မိမိမှီရာဖြစ်သောကျောက်ကိုပင် ထွင်းဖောက်ဖျက်ဆီးတတ်သကဲ့သို့ မိမိပြုထားသည်ဖြစ်၍ မိမိကြောင့် ဖြစ်သည့်အပြင် မိမိ၌ဖြစ်ပွားလာသော မကောင်းမှုအကုသိုလ်ကံသည် မကောင်းမှု ဖြစ်ရာထိုပညာမရှိသူကိုပင် ဖျက်ဆီးလေတော့၏။

**( လင်္ကာ )** ကျောက်မှပေါ်ထွက်, စိန်လက်နက်ကား, ပေါ်ထွက်ခဲ့ရာ,ယင်းကျောက်ဖျာကို, စိတ်ဖြာခွဲခြမ်း, ပြုနိုင်စွမ်းသို့, ကြိုးပမ်းလျက်သာ, ပြုလုပ်လာသည့်, များစွာ ပေါင်းစု, မကောင်းမှုလည်း, သူ့ကိုပြုမှု, မိုက်မဲသူကို, နှောင်မူဖိစီး, ဖြိုဖျက်ဆီး၏။

---

**အဘိမတ္ထတိ=** [အဘိ√မတ္ထ+အ+တိ] နှိပ်စက်၏၊ ဖျက်ဆီး၏၊ မတ္ထ=(ဘူ) ဝိဋ္ဋောလနေ- မွေနှောက်ချောက်ချားခြင်း၌ (မတ္ထတိ။)

**ဝဇိရံ=** [√ဝဇ+ဣရ] အပ္ပဋိဟတော ဟုတွာ ဝဇတိ ဂစ္ဆတီတိ-ဝဇိရံ၊ ကစ္စည်း၊ ၆၆၁။ အပ္ပဋိ ဟတံ ဝဇတီတိ-ဝဇိရံ။ ရူ၊ ၆၇၁။ ဓာန်-ဋီ၊ ၂၄-ကိုလည်းရှုပါ။

[√ဝဇ+ကိရ]ဝဇတီတိ-ဝဇိရံ=ကုလိသံ၊ မိုးကြိုး၊ မောဂ်-၇၊ ၁၄၉။

**အသ္မမယံ=** [အသ္မ+မယ] အသ္မနော, အသ္မသ ဝါ ဝိကာရော-အသ္မမယံ၊ အသ္မတော နိဗ္ဗတ္တံ ဝါ-အသ္မမယံ၊ ကျောက်၏အထူး၊ ကျောက်မှဖြစ်ပေါ်သော။

**အသ္မ=** [ √အသ+မ] အသ-ခေပနေ၊ အဿတေတိ-(ပစ်အပ်သောကြောင့်၊) အသ္မာ= ပါသာဏော၊ ပု။ ကျောက်ခဲ, ကျောက်။ မောဂ်-၇၊ ၁၃၇။

[√အသု+မ] အသု ခေပနေ၊ မော၊ အသ္မာ၊ ရာဇာဒိ၊ အသု-ဗျာပနေ ဝါ၊ ဓာန်-ဋီ၊ ၆၀၅။ အသု=(သွာ) ဗျာပနသံဃာတေသု-ပျံ့နှံ့ခြင်း, ပေါင်းစုခြင်းတို့၌၊ (အသုဏာတိ။)

**မဏိ=** [√မန+ဏ] န-ကို ဏ-ပြု၊ မနတိ မဟဂ္ဃဘာဝံ ဂစ္ဆတီတိ-(အဖိုးထိုက်သည်၏အဖြစ်သို့ ရောက်တတ်သောကြောင့်၊) မဏိ=ရတနံ၊ ကျောက်မျက်ရတနာ၊ ပတ္တမြား၊ မနသဒ္ဒတော ဏ, ဤပစ္စယေ မဏိ၊ ဓာန်-ဋီ၊ ၄၈၉။ ထီ+ပု ။

[√မာ+ဏိ] ဓာတ်-၏အာကို ရဿပြု၊ မာ-မာနနေ ဝါ၊ မီယတိ အတိမာနီယတိ အာဘရဏံ ဧတေနာတိ ဝါ- မဏိ၊ သူစိ။

[√မဏ+ဣန်] ကောတ္ထုဘာ။ အဖိုးများစွာ ထိုက်တန်သော ရတနာ၊ ကျောက်မျက် ရတနာ၊ အဆင်တန်ဆာ၊ မိမိတို့ အမျိုး(ဇာတ်)မှာ အမြတ်ဆုံးသော အရာဝတ္ထု။

## ၆-ဒေဝဒတ္တဝတ္ထု

၁၆၂။ ယဿ အစ္စန္တဒုဿီလျံ , မာလုဝါ သာလမိဝေါတ္ထတံ၊
ကရောတိ သော တထတ္တာနံ , ယထာ နံ ဣစ္ဆတီ ဒိသော။

**(အနက်)** မာလုဝါ-အညွန့်အတက်, အရွက်ပေါကြွယ်, မာလောနွယ်သည်၊ သာလံ-ညွန့်ခက်စည်ပင်, မိမိမှီတက်ရာသစ်ပင်ကို၊ ဩတ္ထတာဣဝ-ဝန်းကျင်မြွေးယှက်, ရံတက်ပွားစီး, လွှမ်းမိုးဖျက်ဆီးသကဲ့သို့၊ ဧဝံ-မယွင်းတမူ, အလားတူသာလျှင်၊ ယဿ-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်၏၊ အစ္စန္တဒုဿီလျံ-ဘဝသုံး နှစ်, ဆက်ကာဖြစ်သည့်, စင်စစ်ယုတ်မာ, သီလမရှိသူ၏အဖြစ်ဟူသော တဏှာသည်၊ နံ-သီလယွင်းယို, ထိုပုဂ္ဂိုလ်ကို၊ ဩတ္ထတံ-ပါယ်လေးဘုံတွင်, ဆင်းရဲပွားစီး, လွှမ်းမိုးဖျက်ဆီး၏၊ ဒိသော-ကျိုးမဲ့လိုလား, မျက်မာန်ပွားထူ, ညှဉ်းဆဲတတ်သော ရန်သူသည်၊ နံ-ထိုပုဂ္ဂိုလ်ကို၊ ယထာ-အကြင်အခြင်းအရာအားဖြင့်၊ ကာတုံ-ဣစ္ဆတိ-ရိုက်နှက်သတ်ပုတ်, ပြုလုပ်ခြင်းငှာအလိုရှိ၏၊ တထာ-ထိုအခြင်းအရာအားဖြင့်၊ သော-သီလ ယွင်းယို, ထိုဒုဿီလပုဂ္ဂိုလ်သည်၊ အတ္တာနံ-မိမိကိုယ်ကို၊ ကရောတိ-အပါယ်ဘေးကြီး, လွှမ်းဖျက်ဆီးအောင်, ပွားစီးအားထုတ်, ပြုလုပ်လေတော့၏။

---

### ၁၆၂-ပဒဝိဘာဂ

**အစ္စန္တဒုဿီလျံ**= [အစ္စန္တ+ဒုဿီလျ] စင်စစ် (အမြဲတမ်း) သီလမရှိသူ၏အဖြစ်။ နု။

**အစ္စန္တ**= [အတိ+အန္တ] အန္တံ အတိက္ကန္တံ-အစ္စန္တံ၊ အပိုင်းအခြားကို လွန်သောအမှု၊ ရူ-နှာ၊ ၁၉၈။ တိလိင်။ စင်စစ်, ဧကန်, မှန်သော။

**အတိ**= အတိ-သဒ္ဒေါ အတိက္ကန္တေ , တထာ တိက္ကမနေပိစ၊
အတိသယေ ဘုသတ္ထာဒိ-အတ္ထေသု စ ပဝတ္တတိ။ နီတိ-သုတ္တ-နှာ၊ ၃၆၂။

အတိသဒ္ဒါသည် လွန်သောအဆုံး, သာလွန်ခြင်း, လွန်၍ဖြစ်ခြင်း, အပြင်းအထန်-စသောအနက်တို့၌ ဖြစ်၏။

**ဒုဿီလျ**= [ဒုဿီလ+ဏျ] ဒုဿီလဿ ဘာဝေါ-ဒုဿီလျံ၊ သီလမရှိသူ၏အဖြစ်၊ သီလပျက်ခြင်း၊ (ပါဏာတိပါတ စေတနာ-စသည်။)

**မာလုဝါ**= [√မလ+ဏုဝ] မလ-ဓာရဏေ၊ မလတိ ဓာရေတီတိ-မာလုဝေါ= ပတ္တလတာ။ ထီ+ပု။ မာလောနွယ်၊( ခွေးတောက်နွယ်။) မောဂ်-၇၊ ၂၀၂။

**သာလံ**= [√သလ+ဏ] သာလီယတေ ပသံသီယတေတိ-သာလော၊ သလ=(စု) ထုတိယံ-ချီးမွမ်းခြင်း၌ (သာလေတိ၊ သာလယတိ။) သလ-ဂမနေ၊ ဏော။

[သာရ+ဏ] သာရဝန္တတာယ ဝါ-သာရော၊ (သာရော အဿ အတ္ထီတိ-သာရော။) သောဧဝ သာလော၊ အညတြောပစာရာ၊ ဓာန်-ဋီ၊ ၅၃၉။ သစ်ပင်၊ တောစိုးသစ်ပင်၊ အင်ကြင်းပင်၊ နီတိ-ဓာ၊ ၂၄။

**ဩတ္ထတံ**= [အဝ√ထရ+တ] ဩတ္ထရတီတိ-ဩတ္ထတံ၊ တိ။ လွှမ်းမိုးဖျက်ဆီး၏။

**မြန်မာပြန်** မာလောနွယ်သည် မိမိမှီရာသစ်ပင်ကို လွှမ်းမိုးဖျက်ဆီးဘိသကဲ့သို့ စင်စစ် သီလမရှိခြင်းဟူသော တဏှာ၏လွှမ်းမိုးဖျက်ဆီးမှုကို ခံရသူသည် ရန်သူက သူ့ကို ပြုလုပ်လိုသောနည်းအတိုင်း မိမိကို ပြုလုပ်နေတော့၏။

**လင်္ကာ** မာလောနွယ်လျှင်, ကိုယ့်သစ်ပင်ကို, ဝန်းကျင်မြွေးယှက်, လွှမ်းမိုးလျက်သာ, ဖျက်ဆီးပါသို့, တဏှာဆိုရ, သီလပျက်မှု,အစုစုလည်း,သူ့ကိုပါယ်ရှာ, ရောက်စေကာဖြင့်, လွန်စွာမြွေးယှက်, လွှမ်းမိုးဖျက်၏၊ ဆိုးပျက်လွန်စွာ, ဒုသီလာကား, လိုရာပြုမူ, ကိုယ့်ရန်သူလို, ကိုယ်ပင် ကိုယ့်ကို, ပြုလုပ်လို၏။

## ၇-သံဃဘေဒပရိသက္ကနဝတ္ထု

၁၆၃။ သုကရာနိ အသာဓူနိ , အတ္တနော အဟိတာနိ စ၊
ယံ ဝေ ဟိတဉ္စ သာဓုဉ္စ , တံ ဝေ ပရမ ဒုက္ကရံ။

**အနက်** ယာနိ ကမ္မာနိ-ဂုဏ်သိန်သေးနုပ်, အကြင်အကုသိုလ်အလုပ်တို့သည်၊ အသာဓူနိ-လောကဓမ္မ, နှစ်ဝကျင့်ဝတ်, ယွင်းချွတ်ဆိုးညစ်, အပြစ်စုပေါင်း, မကောင်းကုန်သည်လည်းကောင်း၊ အတ္တနော အဟိတာနိစ-အပါယ်ရောက်ရန်, လမ်းစဉ် မှန်၍၊ ဧကန်တိတိ, မိမိအတွက် အကျိုးမရှိကုန်သည်လည်းကောင်း၊ ဟောန္တိ-ဓမ္မသဘာဝ, ဖြစ်နေကြကုန်၏၊ တာနိ ကမ္မာနိ-မကောင်းဆိုးဝါး, စီးပွားယွင်းယုတ်, ထိုအကုသိုလ် အလုပ်တို့ကို၊ သုကရာနိ-အရေးတယူ, အလေးမူ၍, လွယ်ကူထပ်ထပ်, ပြုလုပ်အပ်ကုန်၏၊ ယံ-ဂုဏ်သိန်ပွားတိုး, အကြင်ကုသိုလ်အလုပ်မျိုးသည်ကား၊ ဝေ-စင်စစ်ဧကန်, အမှန်အားဖြင့်၊ ဟိတဉ္စ-လူနတ်နိဗ္ဗာန်, ရရန်ထင်ရှား, လောကီလောကုတ္တရာ အစီးအပွားသည်လည်းကောင်း၊ သာဓုဉ္စ-အပြစ်ကင်းလွတ်, ကောင်းမြတ်သည်လည်းကောင်း၊ ဝေ-စင်စစ်ဧကန်, အမှန်အားဖြင့်၊ ဟောတိ-ဓမ္မသဘာဝ, ဖြစ်နေရပေ၏၊ တံ-သုဂတိဘဝ, နိဗ္ဗာန်ရရန်, လမ်းမှန်လမ်းရိုး, ထိုအလုပ်မျိုးကို၊ ဝေ-စင်စစ်ဧကန်, အမှန်အားဖြင့်၊ ပရမ ဒုက္ကရံ-အလွန်အမင်း, ဆင်းရဲခဲကပ်, ပြုလုပ်အပ်ပါပေ၏။

---

### ၁၆၃-ပဒဝိဘာဂ

**သုကရာနိ=** [သု+√ကရ+ခ ] သုခေန ကရီယတီတိ-သုကရံ၊ ချမ်းသာသဖြင့်(လွယ်ကူသဖြင့်) ပြုအပ်သော၊ ပြုလွယ်သော။

**အသာဓူနိ=** [န+သာဓု ] မကောင်းသော၊ သူတော်ကောင်းမဟုတ်သူ၊ လူယုတ်၊ လူမိုက်။

**အဟိတာနိ=** [န+ဟိတ] နတ္ထိ ဟိတော ဧတဿာတိ-အဟိတံ၊ အကျိုးစီးပွားမရှိသော၊ အကျိုးမဲ့သော၊ စီးပွားမဲ့သော။

**ပရမဒုက္ကရံ=** [ပရမ+ဒုက္ကရ] ပရမံ ဒုက္ကရန္တိ-ပရမဒုက္ကရံ၊ အလွန်ဆင်းရဲသဖြင့်ပြုအပ်သော၊ အလွန်ခဲယဉ်းသဖြင့်ပြုအပ်သော၊ ပြုနိုင်ခဲသော။

**ပရမ=** [ပရ+√မရ+ကွိ] ပရံ ပစ္စနီကံ မာရေတီတိ-ပရမံ၊

**မြန်မာပြန်** အကုသိုလ်အလုပ်တို့သည် ကောင်းလည်းမကောင်းကုန်၊ မိမိအတွက် အကျိုးစီးပွားလည်းမရှိကုန်၊ ယင်းအကုသိုလ်အလုပ်မျိုးတို့ကို လွယ်ကူစွာ ပြုနေကြကုန်၏၊ ကုသိုလ်အလုပ်မျိုးသည်ကား တကယ်တမ်း အကျိုးစီးပွားလည်း ရှိ၏၊ ကောင်းလည်းကောင်း၏၊ ယင်းကုသိုလ်အလုပ်များကိုမူ ပြုလုပ်ရန် အလွန်အမင်း ခဲယဉ်းလှပေသည်။

**လင်္ကာ** အပါယ်လားကြောင်း, မကောင်းဆိုးဝါး, စီးပွားမဲ့စေ, အလုပ်တွေကို, တွေးနေမရှိ, ပြုလွယ်ဘိ၏၊ ရှိစီးပွား, နိဗ္ဗာန်သွားရန်, လမ်းစဉ်မှန်သည့်, ကောင်းမွန်အလုပ်, ပြုလုပ်ရန်မှာ, ခဲယဉ်းပါ၏။

## ၈–ကာလင္တေရဝတ္ထု

၁၆၄။ ယော သာသနံ အရဟတံ , အရိယာနံ ဓမ္မဇီဝိနံ၊
ပဋိက္ကောသတိ ဒုမ္မေဓော , ဒိဋ္ဌိံ နိဿာယ ပါပိကံ၊
ဖလာနိ ကဋ္ဌကဿေဝ , အတ္တဃာတာယ ဖလ္လတိ။

**အနက်** ဒုမ္မေဓော–တရားဆီနှစ်, ပညာစစ်မရှိသော၊ ယော–ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ပါပိကံ–ကိုယ့်မှာလာဘ်များ, လျော့ပါးကြောက်ရွံ့, ယုတ်ညံ့လှပေသော၊ ဒိဋ္ဌိံ–တိမ်းစောင်းအမူ, မကောင်းသောအယူကို၊ နိဿာယ–ယုံကြည်သမှု, အမှီပြု၍၊ ဓမ္မဇီဝိနံ–တရားမချွတ်, အသက်မွေးတတ်ကုန်သော၊ အရဟတံ–ပူဇော်ဝိသေသ, ခံထိုက်တော်မူကြပေကုန်သော၊ အရိယာနံ–ဗုဒ္ဓမြတ်စွာ, အရိယာတို့၏၊ သာသနံ–ဆုံးမ

---

[ပ√ရမ+အ] ပကဋ္ဌဘာဝေ ရမတီတိ ဝါ– ပရမံ၊

[√ပရ+မ] ပရတိ အတ္တနော ဥတ္တမဘာဝံ ပါလေတိ ပူရေတီတိ ဝါ–ပရမံ၊ ပရ–ပါလနပူရဏေသု၊ မော၊ န ဓာတွန္တလောပေါ၊ သူစိ။ မြတ်သော၊ ပြဋ္ဌာန်းသော၊ လွန်ကဲသော။

[ပရ√မာ+က] ပရံ ဥက္ကဋ္ဌံ မာတီတိ–ပရမော၊ ကောတ္ထုဘာ။

**ဒုက္ကရ**= [ဒု √ကရ+ခ] ဒုက္ခေန ကရီယတေတိ–ဒုက္ကရံ၊ ဆင်းရဲငြိုငြင်သဖြင့်ပြုအပ်သော၊ ခဲယဉ်းစွာပြုအပ်သော၊ ပြုခြင်းငှာ ခဲယဉ်းသော၊ ပြုနိုင်ခဲသော၊ မကောင်းသဖြင့်ပြုအပ်သော၊ လွန်မြောက်နိုင်ခဲသော။

### ၁၆၄–ပဒဝိဘာဂ

**သာသနံ**= [√သာသ+ယု] သာသတိ ဧတေန, ဧတ္ထ ဝါတိ သာသနံ= အဓိသီလာဒိ သိက္ခတ္တယသင်္ဂဟိတသာသနံ, ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓသင်္ခါတံ ဝါ– သာသနံ။ ဆုံးမကြောင်း, ဆုံးမရာ–အဓိသီလ, အစိတ္တ, အဓိပညာသိက္ခာသုံးပါး၊ ပရိယတ်, ပဋိပတ်, ပဋိဝေဓသာသနာ။ နီတိ–ဓာ၊ ၁၈၆။ သက္ကတ၌ သာသုဓာတ်ဟု ဆို၏၊ မထူး လှပါ။

**ပဋိက္ကောသတိ**= [ပတိ√ကုသ+အ+တိ] တားမြစ်၏၊ ပယ်မြစ်၏၊ ကန့်ကွက်၏။။

ထားရာ, သုံးပါးသော သာသနာတော်ကို၊ ပဋိက္ကောသတိ-တားမြစ်ပယ်ဖျက်, ကန့်ကွက်တတ်၏၊ တဿ-တရားဆိုနှစ်, ပညာစစ်မရှိသူ, ထိုရဟန်းရှင်လူ၏၊ (တံ ပဋိက္ကောသနံ-ထိုသို့တားမြစ်ပယ်ဖျက်, ကန့်ကွက်ခြင်းသည်လည်းကောင်း၊ သာစဒိဋ္ဌိ-လွဲဖယ်မပြောင်း, ထိုမကောင်းသော အယူသည်လည်းကောင်း၊) ကဋ္ဌကဿ-သစ်ချောင်းတူဆင်, ဝါးရုံပင်၏၊ ဖလာနိဣဝ-မိမိမှသာ, ဖြစ်လာထင်ရှား, အသီးများကဲ့သို့၊ အတ္တဃာတာယ-မိမိခိုဖြစ်လာ, မိမိကို သတ်ရန်အလို့ငှာသာလျှင်၊ ဖလတိ-ကြောင်းအားလျော်စွာ, ဖြစ်ပေါ်လာရပါပေ၏။

**မြန်မာပြန်** ပညာမရှိသူသည် (ကိုယ့်လာဘ်လာဘ ယုတ်လျော့မည်ကို စိုးရိမ်သည့်အတွက်) ယုတ်ညံ့သောအယူကို အခြေခံလျက် တရားနှင့်အညီ အသက်မွေး၍ ပူဇော်ဝိသေသ ခံထိုက်ကြသည့် အပြစ်ကင်းကွာ ဗုဒ္ဓမြတ်စွာတို့၏ သာသနာတော်ကို (တရားမနာရအောင်, မလှူရအောင်) တားမြစ်ပိတ်ပင်၏၊ ထိုပညာမဲ့လူမိုက်၏ (ယင်းသို့ တားမြစ်မှုနှင့် ထိုမကောင်းသောအယူသည်၊) ဝါးပင်၏အသီးများကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးရန်သာ ဖြစ်နေပါတော့သည်။

---

**ဒိဋ္ဌိ**= [√ဒိသ+တိ] ပဿန္တိ ဧတာယ, သယံဝါ ပဿတိ, တထာ ဒဿနမတ္တမေဝါတိ-ဒိဋ္ဌိ၊ မိစ္ဆာဘိနိဝေသသေတံ အဓိဝစနံ၊ ဥဒါန်း-ဋ၊ ၃၀၇။ အယူ၊ အမြင်မှား၊ အယူမှား။

**နိဿာယ**= [နိ√သိ+တွာ] သိ-သေဝါယံ၊ ကွစိဓာတူတိအာဒိနာ ဣကာရဿ အာတ္တံ၊ နိဿာယ-မှီ၍။ ရူ၊ ၆၄၁။

**ပါပိကံ**= [ပ √အပ+ဏက+အာ] အပ-ပါပုဏာနေ၊ ပါပေတီတိ-ပါပကော။ နိရုတ္တိ၊ ၅၄၇။ ဣတ္ထိလိင် အာ-ပစ္စည်းသက်၍ ရှေ့ပ-၏ အ-ကို ဣ-ပြုလျှင်၊ ပါပိကာဟု ဖြစ်၏၊ အပါယ်လေးရွာသို့ ရောက်စေတတ်သော၊ ယုတ်မာသော၊ ယုတ်ညံ့သော။ ဏက-သည် ကစ္စည်းအလို ဏွု-ပစ္စည်းပင်တည်း။

**ဖလာနိ**= [ √ဖလ+အ ] ဖလတီတိ-( အခါအားလျော်စွာ ထင်ရှားဖြစ်ပေါ်လာတတ်သောကြောင့်၊) ဖလံ၊ အသီး-စသည်။ ပါစိတျာဒိ-ယော၊ ၈၁။

**ကဋ္ဌက**= [ကဋ္ဌ+က] ကဋ္ဌသဏ္ဍဝ-ကဋ္ဌကော၊ ဝါးပင်။ ရူ၊ ၃၈၄-ကိုရှုပါ။

**ကဋ္ဌ**= [ √ကဋ+ဋ ] ကဋိတဗ္ဗံ မဒ္ဒိတဗ္ဗန္တိ-ကဋ္ဌံ၊ ကစ္စည်း၊ ၆၇၂။ ကဋတိ မဒ္ဒတီတိ-(နှိပ်နင်းတတ်သောကြောင့်၊) ကဋ္ဌံ၊ ထင်း။ ရူ၊ ၆၈၂။ ကဋ=(ဘူ) ဂတိဝဿာဝရဏမဒ္ဒနေသု-သွားခြင်း, မိုးရွာသွန်းခြင်း, ပိတ်ပင်တားမြစ်ခြင်း, နှိပ်နင်းခြင်းတို့၌၊ (ကဋတိ။)

[ √ကသ+ဋ ] ကသတိ ယာတိ ဝိနာသန္တိ-ကဋ္ဌံ= ဒါရု၊ သစ်သား၊ မောဂ်-၇၊ ၅၅။ ကသ=(ဘူ)ဟိံသာဂတီသု-ညှဉ်းဆဲခြင်း, သွားခြင်းတို့၌၊ (ကသတိ။)

[ √ကာသ+တ ] ကာသတေ အဂ္ဂိနာ ဒိဗ္ဗတေတိ-ကဋ္ဌံ၊ တော, တဿ ဋ္ဌော၊ ရဿော စ၊ ကာသ=(ဘူ+ဒိ ) ဒိတ္တိယံ-ထွန်းပခြင်း၌၊ (ကာသတိ၊ ကသျတေ ။)

[ √ကသ+တ ] ကသ-ဂမနေ ဝါ တော၊ ကဋ္ဌံ၊ ထင်း၊ သစ်သား။ ဓာန်-ဋီ၊ ၅၄၈။

**လက်ာ** ပညာဉာဏ်ကင်း, လူညံ့ဖျင်းကား, ချို့ယွင်းယူမှား, ခြေခံထားလျက်,တရား ညီစွာ, သက်မွေးလာ၍, ပူဇာဝိသေ, ခံထိုက်ပေသား, မြတ်ဘုရား၏, သုံးပါး ပြားလာ, သာသနာကို, လိုက်နာသူအား, ပယ်မြစ်တား၏၊ သို့–တားမြစ်ခြင်း, ချို့ယွင်း ယူမှား, ယင်းနှစ်ပါးမူ, ဝါးမှဖြစ်ပွား, အသီးများက, ဝါးကိုသတ်ရန်, ဖြစ်သည့်ဟန်သို့, ပြန်လှန်မချွတ်, သူ့ကိုသတ်ရန်, ဖြစ်နေပြန်၏။

## ၉–စူဠကာလဥပါသကဝတ္ထု

၁၆၅။ အတ္တနာ ဟိ ကတံ ပါပံ , အတ္တနာ သံကိလိဿတိ၊
အတ္တနာ အကတံ ပါပံ , အတ္တနာဝ ဝိသုဇ္ဈတိ၊
သုဒ္ဓိ အသုဒ္ဓိ ပစ္စတ္တံ , နညော အညံ ဝိသောဓယေ။

**အနက်** အတ္တနာ ဟိ–ပေါင်းဖော်မပါ, မိမိကိုယ်တိုင်သာလျှင်၊ ပါပံ–ယုတ်မာညစ်ကျူ, မကောင်းမှုကို၊ စေကတံ–အကယ်လွဲချွတ်, ပြုလုပ်အပ်သည်ဖြစ်အံ့၊ ဧဝံ–ဤသို့လွဲချွတ်, ပြုမှားလတ်သော်၊ အတ္တနာဝ–မကောင်းမှုများ, ပြုထားပိုင်ဆိုင်, မိမိကိုယ်တိုင်သာလျှင်၊ သံကိလိဿတိ–အပါယ်ဒုက္ခ, ခံစားရ၍, စိတ်ကန္စမ်းလျ, ပူပန် ညစ်နွမ်းရ၏၊ အတ္တနာ–ပေါင်းဖော် မပါ, မိမိသည်သာလျှင်၊ ပါပံ–ယုတ်မာ ညစ်ကျူ, မကောင်းမှုကို၊ စေအကတံ–ရှောင်လွဲထိန်းကွပ်, အကယ်၍ မပြုအပ်သည်ဖြစ်အံ့၊ ဧဝံ–ယင်းသို့ကြပ်မတ်, မပြုလတ်သော်၊ အတ္တနာဝ–သူများမဆိုင် မိမိကိုယ်တိုင်သာလျှင်၊ ဝိသုဇ္ဈတိ–သုဂတိနိဗ္ဗာန်, ရောက်ကြောင်းမှန်၍, အလွန်အေးမြ, စင်ကြယ်ရလေတော့၏၊ သုဒ္ဓိ–ညစ်ကြေးမတင်, သန့်ရှင်းစင်၍, လူရှင်နှစ်လို, ကောင်းမှုကုသိုလ်သည်လည်းကောင်း၊ အသုဒ္ဓိ–စင်ကြယ်ကင်းဝေး, ညစ်ကြေးမိုခို, အကုသိုလ်သည်လည်းကောင်း၊ ပစ္စတ္တံ–

---

**အတ္တဃာတာယ**= [ အတ္တ+ဃာတ ] အတ္တနော ဃာတော–အတ္တဃာတော၊ ပု ။ မိမိကိုသတ်ခြင်း၊ –ဖျက်ဆီးခြင်း။

**ဃာတ**= [ √ဟန+ဏ ] ဃာတနံ–ဃာတော၊ ဟန–ဟိံသာယံ, ဏော၊ ဟနဿ ဃာတော၊ သူစိ။ သတ်ခြင်း, သေစေခြင်း။

**ဖလ္လတိ**= [ √ဖလ+အ+တိ ] သီး၏၊ ဆန်းကြောင့် ဒွေဘော်လာထားသည်၊ ထို့ကြောင့် အဋ္ဌကထာ၌ အတ္တနော ဃာတတ္ထမေဝ ဖလတိ–ဟု ဖွင့်ဆိုထားသည်။

## ၁၆၅–ပဒဝိဘာဂ

**သံကိလိဿတိ**= [ သံ √ကိလိသ+ယ+တိ ] ညစ်နွမ်း၏၊ ညှဉ်းဆဲ၏၊ နှိပ်စက်၏၊ ဖျက်ဆီး၏၊ ပူပန်၏။

**ဝိသုဇ္ဈတိ**= [ ဝိ √သုဓ+ယ+တိ ] စင်ကြယ်၏၊ အထူးသဖြင့် စင်ကြယ်၏၊ အလွန်စင်ကြယ်၏။

**သုဒ္ဓိ**= [ √သုဓ+တိ ] သုဇ္ဈနံ–သုဒ္ဓိ၊ နိရုတ္တိ–နှာ၊ ၄၉၉။ ထီ။ ညစ်ကြေးမတင်, သန့်ရှင်းစင်ကြယ်ခြင်း၊ (မဂ် ဖိုလ် နိဗ္ဗာန် ကုသိုလ်ကံ။)

လုပ်ကိုင်ပြုမှု, အသီးသီးသောသူတို့၌သာလျှင်၊ (ဝိပစ္စတိ-ချိန်ခါသင့်က, မလင့်ပုံသေ, အကျိုးပေးလေတော့၏၊) အညော-မိမိမှတစ်ပါး အခြားသူသည်၊ အညံ-မိမိတည်းဟူသော တစ်ပါးသူကို၊ န ဝိသောဓယေ-ဒါန သီလာ, ဘာဝနာမှု, ကိုယ်စားပြုကာ, မသုတ်သင် နိုင်ရာ၊ (န ကိလိဿာပယေ-အကုသိုလ်မှု, ထပ်ပြုဖန်ဖန်, မညစ်နွမ်း မပူပန်စေ နိုင်ရာ။)

**မြန်မာပြန်** မိမိက မကောင်းမှုကို ပြုလုပ်ပါလျှင် မိမိပင် ညစ်နွမ်းပူပန်ရ၏၊ မိမိက မကောင်းမှုကို မပြုလျှင် မိမိပင် စင်ကြယ်ရ၏၊ စင်ကြယ်သောကောင်းမှုနှင့် မစင်ကြယ်သော မကောင်းမှုတို့သည် ပြုလုပ်သူအသီးသီးတို့၌သာ အကျိုးပေးတတ်သည်၊ အခြားသူတစ်ဦးက အခြားသူတစ်ဦးကို မသုတ်သင်နိုင်ချေ။

**လင်္ကာ** မကောင်းအလုပ်, ကိုယ်ကလုပ်လျှင်, ကိုယ်ပင်ပူရ, ညစ်နွမ်းရ၏၊ မကောင်း အလုပ်, ကိုယ်မလုပ်လျှင်, ကိုယ်ပင်စင်ကြယ်, ကိုယ်တင့်တယ်၏၊ စင်ကြယ် စေတတ်, ကုသိုလ်မြတ်နှင့်, ညစ်ပတ်ထိုထို, အကုသိုလ်များ, ကျိုးပေးငြားမူ, သီးခြား စီသာ, ကျိုးပေးလာ၏၊ မှတ်ပါအထူး, သူတစ်ဦးက, သူတစ်ဦးတွက်, ဝင်ကာစွက်၍, နှစ်သက်စဖွယ်, စင်ကြယ်စေရေး, ပြုပေးခြင်းငှာ, မစွမ်းပါတည်း။ [လွန်စွာညစ်ထေး, ပြုပေးခြင်းငှာ, မစွမ်းပါတည်း။]

## ၁၀-အတ္တဒတ္ထတ္ထေရဝတ္ထု

၁၆၆။ အတ္တဒတ္ထံ ပရတ္ထေန , ဗဟုနာပိ န ဟာပယေ၊
အတ္တဒတ္ထမဘိညာယ , သဒတ္ထပသုတော သိယာ။

**အနက်** အတ္တဒတ္ထံ-ကိုယ်နှင့်စပ်ဆိုင်, ကိုယ်ပိုင်မှန်းထား, ကိုယ့်အကျိုးစီးပွားကို၊ ဗဟုနာပိ-အလွန်တိုးပွား, များပြားသည်လည်းဖြစ်သော၊ ပရတ္ထေန-အခြားသူများ, ကျိုးစီးပွားဖြင့်၊ န ဟာပယေ-ရှောင်တိမ်းတွေဝေ, မဆုတ်ယုတ်စေရာ၊ အတ္တဒတ္ထံ-ကိုယ်နှင့် စပ်ဆိုင်, ကိုယ်ပိုင်မှန်းထား, ကိုယ့်အကျိုးစီးပွားကို၊ အဘိညာယ-ကောင်းစွာမှတ်သား,

---

**အသုဒ္ဓိ=** [န+သုဒ္ဓိ] န သုဒ္ဓိ-အသုဒ္ဓိ၊ မစင်ကြယ် မသန့်ရှင်းခြင်း၊ မစင်ကြယ်သော အကုသိုလ် တရား။

**ပစ္စတ္တံ=** [ပတိ+အတ္တ] အတ္တာနမတ္တာနံ ပတိ-ပစ္စတ္တံ၊ ရူ၊ ၃၃၆။ အသီးသီး၊ အသီးအခြား- မိမိကိုယ်တိုင်၊ မိမိကိုစွဲ၍ဖြစ်သော၊ မိမိသန္တာန်၌ဖြစ်သော။

**ဝိသောဓယေ=** [ဝိ √သုဓ+ဏာယ+ဧယျ] ဧယျ-ဝိဘတ်ကို ဧ-ပြု၊ ဏာယ-ကား ကာရိတ် မဟုတ်၊ စုရာဒိ ဏာယ-သာ၊ သုတ်သင်နိုင်ရာ၏။

### ၁၆၆-ပဒဝိဘာဂ

**အတ္တဒတ္ထံ=** [အတ္တ+အတ္ထ] အတ္တနော အတ္ထော-အတ္တဒတ္ထော၊ ဒ-လာ၊ မိမိ၏အကျိုးစီးပွား။

**ပရတ္ထေန=** [ပရ+အတ္ထ] ပရဿ အတ္ထော-ပရတ္ထော၊ သူတစ်ပါး၏ အကျိုးစီးပွား။

သိမြင်ထား၍၊ သဒတ္ထပသုတော-သိမြင်မှတ်သား, ကိုယ့်စီးပွားၓ္ဍ, လေးစားမယုတ်, လေ့ကျက်အားထုတ်သည်၊ သိယာ-မလွဲမသွေ, ဖြစ်သင့်ပေ၏။

**မြန်မာပြန်** သူတစ်ပါး၏ များပြားလှသော အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွားကို မဆုတ်ယုတ်စေသင့်၊ (အပျက်မခံသင့်၊) မိမိ၏ အကျိုးစီးပွားကို သိမြင်နားလည်ပြီးသည့်နောက် မိမိ၏ အကျိုးစီးပွားကိုသာ လေ့ကျက်အားထုတ်သင့်ပေသည်။

**လင်္ကာ** သူ၏စီးပွား, များပြားဖွင့်ဖြိုး, မြော်ရှယ်ကိုး၍, ကိုယ်ကျိုးစီးပွား, နည်းအပါးမျှ, ယုတ်သွားစေမှု, မပြုသင့်ပါ၊ ဤဟာသည်ကား, ငါ့စီးပွားဟု, မှတ်သားပြီးကာ, ကိုယ့်မှာဖြစ်ပွား, ကိုယ့်စီးပွားသာ, အားထုတ်ရာ၏။

# ၁၃-လောကဝဂ္ဂ

## ၁-ဒဟရဘိက္ခုဝတ္ထု

၁၆၇။ ဟီနံ ဓမ္မံ န သေဝေယျ , ပမာဒေန န သံဝသေ၊
မိစ္ဆာဒိဋ္ဌိံ န သေဝေယျ , န သိယာ လောကဝဍ္ဎနော။

---

**ဟာပယေ**= [ √ဟာ+ဏာပယ+ဧယျ ] ဆုတ်ယုတ်စေရာ၏၊ လျော့ပါးစေရာ၏။

**သဒတ္ထပသုတော**= [ သဒတ္ထ+ပသုတ ] သဒတ္ထေ ပသုတော-သဒတ္ထပသုတော၊ မိမိအကျိုးစီးပွား (ဟူသော အရဟတ္တဖိုလ်)၌ လေ့လာအားထုတ်သော၊ မိမိအကျိုး၌ လေ့ကျက်သော။

**သဒတ္ထ**= [သက+အတ္ထ] က-ကို ဒ-ပြု၊ ကစ္စည်း၊ ၃၅။

[သံ+အတ္ထ ] နိဂ္ဂဟိတ်ကို ဒ-ပြု၊ သုန္ဒရော အတ္ထော, သကော ဝါ အတ္ထော-သဒတ္ထော။ ဒီ-၅-၃၊ ၄၇။ မိမိ၏အကျိုး၊ ကိုယ့်အကျိုး၊ အရဟတ္တဖိုလ်၊ မိမိကိစ္စ၊ ကိုယ့်ကိစ္စ။

**သက**= [သ+က ] သဿ အတ္တနော အယံ-သကော၊ ဣဒမတ္ထေ ကော၊ မိမိ၏ ဥစ္စာဖြစ်သော၊ သော ဧဝ ဝါ-သကော၊ မိမိ၊ ဓာန်-ဋီ၊ ၇၃၆။

[သ+က ] အတ္တဝါစက သနိပါတတော သဗ္ဗတောကောတျာဒိနာ ကာဂမော ဝါ သော ဧဝ ဝါ တဿာယံ ဝါ-သကော၊ မိမိ၊ မိမိ၏ဥစ္စာဖြစ်သော၊ သူစိ။

**ပသုတ**= [ပ √သု+တ] လေ့ကျက်သော၊ လေ့လာအားထုတ်သော၊ အလွန်လေ့လာသော၊ အလွန်ကြိုးကုတ်သော၊ အလွန်အားထုတ်သော။ သု=(ဘူ+သွာ+ကီ)၊ ပီဠနေ-နှိပ်စက်ခြင်း၌၊ (သဝတိ၊ သုဏောတိ၊ သုနာတိ။)

**၁၆၇-ပဒဝိဘာဂ**

**ဟီနံ**= [ဟီန+အ ] ဟီနေသု ဘဝေါ- ဟီနော၊ ယုတ်ညံ့သော အပါယ်ဘုံတို့၌ ဖြစ်တတ်သော။

**သေဝေယျ**= [√သေဝ+အ+ဧယျ] မှီဝဲရာ၏၊ ဆည်းကပ်ခစား အနီးသို့သွားရာ၏၊ မှီဝဲ ဆည်းကပ်ရာ၏။

**အနက်** ဟီန်–ယုတ်ညံ့အောက်ကျ, ပါယ်လေးဝဠ်, မုချဆတ်ဆတ်, ဖြစ်စေတတ်သော၊ ဓမ္မံ–ကုလားအုပ်နွား, စသည်များပင်, ရ–ထားပြောဟုန်, ကာမဂုဏ်ငါး, အာရုံတရားကို၊ နသေဝေယျ–အပါယ်ဘေးကြီး, တားဆီးရှောင်လွှဲ, မပြုကျင့် မမှီဝဲရာ၊ ပမာဒေန–သတိလွတ်ကင်း, မေ့လျော့ခြင်းနှင့်လည်း၊ န သံဝသေ–ထပ်ထပ်သေခြင်း,အကြောင်းရင်းမို့, မပေါင်းသင်း မဆက်ဆံမိစေရာ၊ မိစ္ဆာဒိဋ္ဌိံ–ချို့ယွင်းဖောက်ပြန်, မမှန်ကန်သောအယူကို၊ နသေဝေယျ–မှီဝဲကြည်ဖြူ, မယူမိစေရာ၊ လောကဝဍ္ဎနော–လူဖြစ်လိုက်, နတ်ဖြစ်လိုက်, အပါယ်ဘုံ၌အကြိမ်ကြိမ်, စိုးရိမ်နွမ်းလျ, လောကကိုတိုးပွားစေတတ်သူသည်၊ နသိယာ–သံသရာဒုက္ခ, ကြီးလေးလှ၍, ဝေးကရှောင်ခွာ, မဖြစ်သင့်ပါပေ။

**မြန်မာပြန်** ယုတ်ညံ့သော ကာမဂုဏ်ငါး အာရုံတရားကို မမှီဝဲသင့်၊ မေ့လျော့ပေါ့ဆစွာ မနေသင့်၊ အယူမှားကို မယူသင့်၊ လောကကို တိုးပွားစေတတ်သူမျိုး မဖြစ်စေရာ။

**လင်္ကာ** ယုတ်ညံ့ဆိုးဝါး, ငါးပါးအာရုံ, ကာမဂုဏ်ကို, ပွားထုံအမြဲ, မမှီဝဲသင့်၊ အမြဲမေ့လျော့, ပေါ့ပေါ့ဆဆ, မနေကြနှင့်၊ ခြားလှအမူ, အယူလွဲမှား, ပယ်ရှောင်ရှားသင့်၊ ကြီးပွားလောက, တစ်ခုမျှသာ, မပြုရာတည်း။

## ၂–သုဒ္ဓေါဒနဝတ္ထု

၁၆၈။ ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ , ဓမ္မံ သုစရိတံ စရေ၊
ဓမ္မစာရီ သုခံ သေတိ , အသ္မိံ လောကေ ပရမှိ စ။

---

**သံဝသေ=** [သံ √ဝသ+ဧယျ] ပေါင်းဖော်ရာ၏၊ ပေါင်းသင်းဆက်ဆံရာ၏၊ နေ၏၊ မှီဝဲဆည်းကပ်ရာ၏၊ အတူနေရာ၏။

**မိစ္ဆာဒိဋ္ဌိံ=** [မိစ္ဆာ+ဒိဋ္ဌိ] မိစ္ဆာ ဝိပရီတာ ဒိဋ္ဌိ–မိစ္ဆာဒိဋ္ဌိ၊ ချို့ယွင်းဖောက်ပြန် မမှန်ကန်သော အယူ၊ ချွတ်ယွင်းသောအယူ၊ မှားယွင်းသောအယူ၊ ယုတ်မာသောအယူ။

**လောကဝဍ္ဎနော=** [လောက+ဝဍ္ဎန] လောကဿ ဝဍ္ဎနော–လောကဝဍ္ဎနော၊ လောကကို ပြည့်စေတတ်သော၊ လောကကိုလောင်းထည့်တတ်သော၊ လောက၏ တိုးပွားသည်၏အဖြစ်၊ လောက၏ ကြီးပွားတိုးတက်ခြင်း။

**ဝဍ္ဎန=** [ √ဝဍ္ဎ+ယု ] ဝဍ္ဎေတီတိ–ဝဍ္ဎနော၊ တိုးပွားစေတတ်သော၊ ပြည့်စေတတ်သော၊ လောင်းထည့်တတ်သော။

ဝဍ္ဎ=(စု) ဆေဒန ပူရဏ အာကိရဏေသု–ဖြတ်ခြင်း, ပြည့်စေခြင်း, လောင်းထည့်ခြင်းတို့၌၊ (ဝဍ္ဎေတိ၊ ဝဍ္ဎယတိ။)

[ဝဍ္ဎန+တ္တ ] ဝဍ္ဎနဿ ဘာဝေါ–ဝဍ္ဎနံ၊ မောဂ်–၄၊ ၁၂၃–သုတ်ဖြင့် ဘာဝ–ပစ္စည်းကိုချေ၊ တိုးပွားစေတတ်သည်၏အဖြစ်၊ တိုးပွားစေခြင်း။

### ၁၆၈, ၁၆၉–ပဒဝိဘာဂ

**ဥတ္တိဋ္ဌေ=** [ဥ √ဌာ+အ] ဥဒ္ဒိဿ တိဋ္ဌနံ–ဥတ္တိဋ္ဌံ၊ နိရုတ္တိ–နှာ၊ ၃၄။ ပိဏ္ဍာယ ဥဒ္ဒိဿ, ဥဋ္ဌ

၁၆၉။ ဓမ္မံ စရေ သုစရိတံ , န နံ ဒုစ္စရိတံ စရေ၊
ဓမ္မစာရီ သုခံ သေတိ ၊ အသ္မိံ လောကေ ပရမှိ စ။

(အနက်) ဥတ္တိဋ္ဌေ-မြို့သူရွာသား, အိမ်တံခါးဝယ်, ရပ်နားမျှော်မှန်း, ခံယူအပ်သောဆွမ်း၌၊ နပ္ပမဇ္ဇေယျ-အိမ်စဉ်မပြတ်, တန့်နားရပ်လျက်, ခံအပ်ဓလေ့, မမေ့မလျော့, မပေါ့ဆရာ၊ ဝါ-ဆွမ်းခံဖျက်ကာ, ဆွမ်းကောင်းရာလျက်, သဒ္ဓါအားပျော့, မမေ့လျော့ မပေါ့ဆရာ၊ သုစရိတံ-ဗုဒ္ဓမြတ်စွာ, အရိယာတို့, လွန်စွာလေးမြတ်, ကောင်းစွာပြုကျင့် အပ်သော၊ ဓမ္မံ-မအပ်သောဇဉ်, ပယ်ရှောင်ကြဉ်လျက်, အိမ်စဉ်လှည့်ပတ်, ဆွမ်းခံကျင့် ဝတ်ကို၊ စရေ-ဘုရားအဆူဆူ, ကျင့်ရိုးမူမို့, ကြည်ဖြူကောင်းစွာ, ပြုကျင့်ရာ၏၊ ဓမ္မစာရီ-အိမ်စဉ်လှည့်ပတ်, ဆွမ်းခံဝတ်ကို, မပြတ်ကြည်ဖြူ, ကျင့်နေသူသည်၊ အသ္မိံ လောကေ-မျက်မှောက်ကြုံရ, ဤလောက၌လည်းကောင်း၊ ပရမှိစ-မျက်ကွယ်ဖြစ်ရ, တစ်ပါးသော ဘဝ၌လည်းကောင်း၊ သုခံ-လျောင်းထိုင်ရပ်သွား, လေးပါးလုံးမှာ, ချမ်းသာစွာ၊ သေတိ-ဝမ်းသာရွှင်ပျ, နေထိုင်ရလေတော့၏။

သုစရိတံ-ပုဂ္ဂိုလ်ထူးချွန်, ရိယာမွန်တို့, အလွန်လေးမြတ်, ကောင်းစွာပြုကျင့် အပ်သော၊ ဓမ္မံ-မအပ်မရာ, မဖွေရှာဘဲ, ဝေးစွာရှောင်ကြဉ်, အိမ်စဉ်လှည့်ပတ်, ဆွမ်းခံ သွားခြင်းဟူသော အကျင့်မြတ်ကို၊ စရေ-အရေးတယူ, အလေးမူလျက်, ကြည်ဖြူစိတ်ပါ, ပြုကျင့်ရာ၏၊ ဒုစ္စရိတံ-အဂေါစရ, ခြောက်ဌာနဝယ်, နိစ္စလှည့်ပတ်, မကောင်းသဖြင့် ပြုကျင့်အပ်သော၊ နံ-သီလသိက္ခာ, လွယ်စွာပျက်တတ်, ထိုဆွမ်းခံကျင့်ဝတ်မျိုးကို၊ နစရေ-အသက်ပမာ,ကျင့်သိက္ခာကို, ကောင်းစွာထိန်းသင့်, မပြုမကျင့်ရာ၊ ဓမ္မစာရီ-အိမ်စဉ် လှည့်ပတ်, ဆွမ်းခံ ဝတ်ကို, မပြတ်ကြည်ဖြူ, ကျင့်နေသူသည်၊ အသ္မိံလောကေ-မျက်မှောက် ကြုံရ, ဤလောက၌လည်းကောင်း၊ ပရမှိ စ-မျက်ကွယ်ဖြစ်ရ, တစ်ပါးသော ဘဝ၌ လည်းကောင်း၊ သုခံ-လျောင်းထိုင်ရပ်သွား, လေးပါးလုံးမှာ, ချမ်းသာစွာပင်၊ သေတိ-ဝမ်းသာရွှင်ပျ, နေထိုင်ရလေတော့၏။

---

ဟိတွာ ဝါ တိဋ္ဌန္တိ-ဥတ္တိဋ္ဌံ= ပိဏ္ဍာယ စရဏံ၊ ပါစိတျာဒိ-ယော၊ ၂၁၇။ ဆွမ်းကိုရည်၍ ရပ်ခြင်း၊ ဆွမ်းအလို့ငှာ ထ၍ရပ်ခြင်း၊ ဆွမ်းခံခြင်း။

**ပမဇ္ဇေယျ**= [ပ √မဒ+ယ+ဧယျ] မေ့လျော့ရာ၏။

**သုစရိတံ**= [သု+စရိတ] သုဋ္ဌု စရိတော သုစရိတော, သုန္ဒရော ဝါ စရိတော သုစရိတော၊ ကောင်းသောအကျင့်၊ ကောင်းစွာကျင့်အပ်သော။

**စရိတ**= [ √စရ+တ] စရီယတေတိ-စရိတော၊ အစရီယိတ္ထာတိ ဝါ-စရိတော၊ ကျင့်အပ်သော၊ ကျင့်အပ်ပြီးသော၊ ကျင့်ခြင်း။

**ဓမ္မစာရီ**= [ဓမ္မ √စရ+ဏီ] ဓမ္မံ စရိတုံ သီလံ ယဿာတိ-ဓမ္မစာရီ၊ တရားကျင့်လေ့ရှိသူ၊ ဆွမ်းခံကျင့်ဝတ်ကို ကျင့်လေ့ရှိသူ။

**ဒုစ္စရိတံ**= [ဒု+စရိတ] ဒုဋ္ဌု စရိတံ-ဒုစ္စရိတံ၊ မကောင်းသဖြင့် ကျင့်အပ်သောအကျင့်၊ မကောင်း သောအကျင့်။

(မြန်မာပြန်) သူ့အိမ်တံခါးမှာ ရပ်နားခံယူရသောဆွမ်း၌ မမေ့လျော့သင့်၊ ကောင်းစွာ ပြုကျင့်သင့်သော ဆွမ်းခံဝတ်ကို အမြဲပြုကျင့်နေသူသည် ဤလောကမှာရော, တမလွန်လောကမှာပါ ချမ်းသာစွာ နေရ၏။

ကောင်းစွာကျင့်သင့်သော ဆွမ်းခံဝတ်မျိုးကို ပြုကျင့်ရမည်၊ မကောင်းသဖြင့် ပြုကျင့်အပ်သော ဆွမ်းခံဝတ်မျိုးကိုကား မပြုကျင့်သင့်ပေ၊ ဆွမ်းခံကျင့်ဝတ်ကို မြဲမြဲစွဲစွဲ ပြုကျင့်နေသူသည် ဤလောကမှာရော, တမလွန်လောကမှာပါ ချမ်းသာစွာ နေရ၏။

(လင်္ကာ) သူ့အိမ်တံခါး, တနံ့ရပ်နားကာ, ခံထားဆွမ်းမှာ, မမေ့ပါနှင့်၊ ကောင်းစွာကျင့်အပ်, ဆွမ်းခံဝတ်ကို, မချွတ်စေရာ၊ ကောင်းစွာကျင့်ဝတ်, ဖြည့်ကျင့်တတ်လျှင်, မျက်မြင်နောင်ပါ, ဘဝတာဝယ်, ချမ်းသာပြည့်ဝ, နေပါရ၏။

မအပ်မရာ, မဖွေရှာဘဲ, ရောက်ရာတံခါး, တနံ့ရပ်နားလျက်, လေးစားကောင်းစွာ, ဆွမ်းခံရာ၏၊ ဆွမ်းသာရရေး, မျက်ချိုသွေးလျက်, ပေးပါ လှူပါ, သနားပါဟု, ဖိတ်ကာခံမှု, မပြုသင့်ပါ, ရှောင်ကြဉ်ရာ၏၊ ကောင်းစွာကျင့်ဝတ်, ဖြည့်ကျင့်တတ်လျှင်, မျက်မြင်နောင်ပါ, ဘဝတာဝယ်, ချမ်းသာပြည့်ဝ, နေပါရ၏။

## ၃–ပဉ္စသတဝိပဿကဘိက္ခုဝတ္ထု

၁၇၀။ ယထာ ပုဗ္ဗုဠကံ ပဿေ , ယထာ ပဿေ မရီစိကံ၊
ဧဝံ လောကံ အဝေက္ခန္တံ , မစ္စုရာဇာ န ပဿတိ။

(အနက်) ပုဗ္ဗုဠကံ–ရေပြင်အထက်, ပေါင်းစုပေါ်ထွက်လာသော ရေပွက်ကို၊ ပဿေယထာ–ဖြစ်ပြီးခဏ, ပျက်သွားရဟု, ကျနသေချာ, ကြည့်ရှုရာသကဲ့သို့လည်းကောင်း၊ မရီစိကံ–ဝေးကကြည့်လျှင်, ရပ်သွင်ထင်လည်း, နီးလျှင်ပျောက်တတ်, နေပူရှိန်ကြောင့်ဖြစ်ပေါ်လာသော တံလျှပ်ကို၊ ပဿေယထာ–အချည်းနှီးသာ, ယူရာမရ, အနှစ်သာရ, ကင်းဆိတ်စွဟု, ကျနသေချာ, ရှုကြည့်ရာသကဲ့သို့လည်းကောင်း၊ ဧဝံ–မခြားတမူ, အလားတူသာလျှင်၊ လောကံ–ပေါင်းစုစပ်တွဲ, စိုင်ခဲထင်ရ, ခန္ဓာစသောလောကကို၊ အဝေက္ခန္တံ–ဖြစ်ပြီးပျက်သွား, နှစ်သားကင်းကွာ, မရှိပါဟု, ကောင်းစွာသိမြင်, ရှုဆင်ခြင်နေသူကို၊ မစ္စုရာဇာ–သတ္တဝါမှန်က, မကျန်ရအောင်, နိစ္စဖိညှဉ်း, ရှင်သေမင်းသည်၊ န ပဿတိ–နိဗ္ဗာန်စခန်း, ကြွရောက်လှမ်းပြီမို့, ထောက်လှမ်းမပိုင်, မမြင်နိုင်တော့ပေ။

---

### ၁၇၀–ပဒဝိဘာဂ

**ပုဗ္ဗုဠကံ=** [ပုဗ္ဗ √ဥဠ+အက] ရေပြင်အထက် ပေါင်းစုပေါ်ထွက်လာသော ရေပွက်၊ ဥဠ= (ဘူ) ဂဝေသနေ–ရှာမှီးခြင်း၌၊ သံဟတေစ–ပေါင်းစုခြင်း၌လည်း။ (ဥဠတိ၊ ဩဠတိ။)

**မရီစိကံ=** [မရီစိ+က] မရီစိယေဝ–မရီစိကာ။ ထီ+ပု ။ တံလျှပ်။

**အဝေက္ခန္တံ=** [အဝ √ဣက္ခ+အ+အန္တ ] ကြည့်ရှုသော၊ ဆင်ခြင်သော၊ ရှုမြင်သော။

**မြန်မာပြန်** ခန္ဓာငါးပါးစသော ရုပ်နာမ်အပေါင်းအစုကို ရေပွက်ပမာ ဖြစ်ပြီးက ပျောက်သွားတတ်၏ဟုလည်းကောင်း, တံလျှပ်အသွင်, ထင်တိုင်းမဟုတ် ပါတကားဟုလည်းကောင်း ရှုဆင်ခြင်နေသူကို သေမင်း မမြင်နိုင်တော့ပေ။

**လင်္ကာ** ဤသည့်ခန္ဓာ, သဘောမှာကား, တည်လာအမြဲ, စိုင်ခဲအနှစ်, ထင်မြင်ချစ်လည်း, ဖြစ်ပြီးကပျက်, ရေပွက်ပမာ, မမြဲပါတည်း၊ ဝေးကွာနေလျှင်, ရုပ်သွင်ထင်လည်း, နီးလျှင်ပျောက်သွား, တံလျှပ်လားသို့, နှစ်သားကင်းကွာ, ချည်းနီးသာတည်း၊ သို့သာ ထင်မြင်, ရှုဆင်ခြင်လျှင်, မမြင်သေမင်း, ပယ်ရှောင်ကွင်း၏။

## ၄-အဘယရာဇကုမာရဝတ္ထု

၁၇၁။ ဧထ ပဿထိမံ လောကံ , စိတ္တံ ရာဇရထူပမံ၊
ယတ္ထ ဗာလာ ဝိသီဒန္တိ , နတ္ထိ သင်္ဂေါ ဝိဇာနတံ။

**အနက်** (ဗောဓိရာဇကုမာရ-ရှင်လူအပေါင်း အိုသူတော်ကောင်းတို့ !၊ တုမှေ-သင်တို့သည်၊) ဧထ-မလွဲမသုန်, လာကြကုန်လော၊ ရာဇရထူပမံ-ရတနာခုနစ်ပါး, စသည် များဖြင့်, ဆန်းပြားပြင်ဆင်, မင်းစီးယာဉ်လျှင် ဥပမာရှိသော၊ စိတ္တံ-ဝတ်စားတန်ဆာ, ပန်းနံ့သာတို့ဖြင့် ကောင်းစွာချယ်လှယ်, ဆန်းကြယ်လှပေသော၊ ဣမံ လောကံ-ရုပ်နာမ် နှစ်ဖြာ, ပေါင်းစပ်ကာဖြင့်, ခန္ဓာခေါ်ရ, ဤအတ္တဘောဟူသော ကိုယ်ကာယကို၊ ပဿထ-စေ့စပ်သေချာ, ဉာဏ်ဖြင့်ရှုကြပါတော့လော၊ ယတ္ထ-ရုပ်နာမ်မှိုခို, ယင်းအတ္တဘောဟူသော ခန္ဓာကိုယ်၌၊ ဗာလာ-ရုပ်နာမ်မခြား, တစ်သားတည်းယူ, မိုက်သောသူတို့သည်၊ ဝိသီဒန္တိ- အချောအလှ, ထင်မြင်ကြ၍, စိတ်ကစွဲလမ်း, အငမ်းမရ, နစ်မြုပ်နေကြကုန်၏၊ ဝိဇာနတံ- ရုပ်နာမ်နှစ်ပါး, ခွဲခြားသိမြင်, ပညာရှင်တို့၏၊ သင်္ဂေါ-ငြိကပ်စွဲမှု, ရာဂ-စသောတရား စုသည်၊ နတ္ထိ-တစ်ခုခုမျှ, မရှိရတော့သည်သာ။

---

### ၁၇၁-ပဒဝိဘာဂ

**ရာဇရထူပမံ**= [ရာဇရထ+ဥပမာ] မင်း၏ရထားလျှင် ဥပမာရှိသော၊ မင်း၏ရထားနှင့်တူသော။

**ဝိသီဒန္တိ**= [ဝိ √သဒ+အ+အန္တိ] နစ်မြုပ်ကုန်၏၊ တွန့်တိုကုန်၏၊ ဆုတ်နစ်ကုန်၏၊ သက်ဝင် ကုန်၏၊ ပင်ပန်းကုန်၏။

**သင်္ဂေါ**= [√သန္ဇ+ဏ] သန္ဇ-သင်္ဂ၊ သဥ္ဇန်-သင်္ဂေါ၊ နဿ နိဂ္ဂဟီတံ၊ ရူ၊ ၅၈၁။ ငြိကပ် စွဲလမ်းခြင်း၊ ငြိကပ်တွယ်တာကြောင်းတဏှာ၊ ငြိကပ်စွဲလမ်းရာ-ကာမဂုဏ်၊ ငြိကပ် စွဲလမ်းတတ်သော၊ ( တဏှာ, ဒိဋ္ဌိ, မာန, ကောဓ, အဝိဇ္ဇာ, ကိလေသ, ဒုစ္စရိတ-ဟု သင်္ဂတရား ၇-ပါး၊ ဣတိ-ပါ၊ ၂၅၈။ ဋ၊ ၂၈၅။)

**ဆောင်**။ ။တဏှာ ဒိဋ္ဌိ မာန, ကောဓ အဝိဇ္ဇာ, ကိလေသာ ဒုစ္စရိတ, ပေါင်းသတ္တ, သင်္ဂ မှတ်လေပါ။

(မြန်မာပြန်) လာကြလော့၊ ရတနာခုနစ်ပါး စသည်များဖြင့် အဆန်းတကြယ် တန်ဆာဆင်ယင်ထားသော မင်းစီးယာဉ်ကဲ့သို့ ဝတ်စားတန်ဆာ ပန်းနံ့သာတို့ဖြင့် အဆန်းတကြယ် ပြုပြင်ဆင်ယင်ထားသော ဤခန္ဓာကိုယ်ကို ကြည့်ကြလော့၊ ယင်းခန္ဓာကိုယ်၌ ရုပ်နာမ်နှစ်ပါး ခွဲခြားမသိမြင်သူတို့သည် အငမ်းမရ စွဲလမ်းနစ်မြုပ် နေကြ၏၊ ရုပ်နာမ်နှစ်ပါး ခွဲခြားသိမြင် ပညာရှင်တို့မှာကား စွဲလမ်းစရာ ဘာတစ်ခုမျှ မရှိတော့ချေ။

(လင်္ကာ) အဆန်းတကြယ်, တင့်တယ်ပြင်ဆင်, မင်းစီးယာဉ်သို့, များဖြင့်ဝတ်စား, တန်ဆာများဖြင့်, ဆင်ထားရုပ်ပါ, ဤခန္ဓာကို, သေချာစေ့ငု, လာကြည့်ရှုလော့၊ မရှုတရား, လူမိုက်များက, အမှားလိုက်ကာ, ဤခန္ဓာဝယ်, ပြင်းစွာတပ်ကြ, နစ်မြုပ်ကြ၏၊ ကျွန်မြင်သိ, ပညာရှိမူ, ကပ်ငြိတွယ်တာ, မရှိပါတည်း။

## ၅-သမ္မဇ္ဇနတ္ထေရဝတ္ထု

၁၇၂။ ယော စ ပုဗ္ဗေ ပမဇ္ဇိတွာ , ပစ္ဆာ သော နပ္ပမဇ္ဇတိ၊
သော မံ လောကံ ပဘာသေတိ , အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

(အနက်) ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ ပုဗ္ဗေ-သတိကင်းစင်, ရှေးယခင်၌၊ ပမဇ္ဇိတွာ-ဝတ်ကိုပြုကာ, စာအံကာဖြင့်, ဘာဝနာမှု, မပြုလုံးဝ, မေ့လျော့ပေါ့ဆ၍၊ ပစ္ဆာ စ-သတိရလာ, နောက်အခါ၌ကား၊ န ပမဇ္ဇတိ- မဂ်ဖိုလ်ရအောင်, ကြံဆောင်ကြိုးစား, စိတ်ထားမပျော့, မမေ့လျော့ပေ၊ သော-မေ့လျော့ယခင်, နောက်တွင်မမေ့, နိဗ္ဗာန်ကိုမြင်တွေ့နေသော ထိုပုဂ္ဂိုလ်သည်၊ အဗ္ဘာ-ထပ်လွှာ များပြား, တိမ်တိုက်ကြားမှ၊ မုတ္တော-လေကအဟှေ့, တိမ်တွေရွှေ့ကာ, လွတ်ထွက် လာသော၊ စန္ဒိမာဣဝ-ပြောင်တဝင်းဝင်း, မိုက်မှောင်ခွင်းကာ, ထွန်းလင်းလာသောလမင်း ကဲ့သို့၊ ဣမံ လောကံ-ရုပ်နာမ်နှစ်ဝ, ဤသင်္ခါရလောကကို၊ ပဘာသေတိ-လွှန်မင်း တောက်ပြောင်, မဂ်ဉာဏ်ရောင်ဖြင့်, မှောင်ထုဖျက်ချေ, ထွန်းလင်းတောက်ပြောင်စေ၏။ [ "သော" တစ်ခုကား ပဒါလင်္ကာရ။]

---

၁၇၂-ပဒဝိဘာဂ

**ပမဇ္ဇိတွာ**= [ပ √မဒ+ယ+တွာ] မေ့လျော့၍။

**ပစ္ဆာ**= [ဗျ] သတ္တမျန္တနိပါတ်၊ ရူ-နှာ၊ ၁၃၄။ နောက်၊ နောက်အဖို့၊ နောက်ကာလ၊ အနောက်။

**ပမဇ္ဇတိ**= [ပ √မဒ+ယ+တိ] မေ့လျော့၏။

**အပရ**= [န+ပရ] န ပရော-အပရော၊ တပ္ပုရိသ်၊ ဗဟုဗ္ဗီဟိ၊ ကောတ္ထုဘာ။ အခြားသော၊ တစ်ပါးသော။

**ပဘာသေတိ**= [ပ √ဘာသ+ဏေ+တိ] ထွန်းလင်းစေ၏၊ ထွန်းပစေ၏၊ ဘာသ=(ဘူ) ဒိတ္တိယံ-ထွန်းပထင်ရှားခြင်း၌၊ (ဘာသတိ။)

**မြန်မာပြန်** ရှေးအခါက မေ့လျော့ခဲ့သော်လည်း နောက်အခါမှာ မမေ့လျော့သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤ(သခၤါရ)လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပြောင်စေ၏။

**လင်္ကာ** ရှေးခါဝတ်ကျင့်, စာပေဖြင့်သာ, မေ့လျော့လာလည်း, နောက်မှာမမေ့, နိဗ္ဗာန်တွေ့၍, မှောင်ငွေ့ကင်းစင်, မြတ်အရှင်သည်, ဤသခၤါရ, တစ်လောကကို, တိမ်မှလွတ်ကင်း, ငွေလမင်းသို့, ထွန်းလင်းတောက်ပြောင်, မဂ်ဉာဏ်ရောင်ဖြင့်, မှောင်ထုဖျက်ချေ, ထွန်းလင်းစေ၏။

## ၆-အင်္ဂုလိမာလတ္ထေရဝတ္ထု

၁၇၃။ ယဿ ပါပံ ကတံ ကမ္မံ , ကုသလေန ပိဓီယတိ၊
　　သော' မံ လောကံ ပဘာသေတိ , အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

---

**အဗ္ဘာ**= [ √အဝ+ဘ ] အဝတိ သတ္တေ ရက္ခတီတိ-အဗ္ဘံ= မေဃော၊ မိုးတိမ်၊ မောဂ်-၇၊ ၁၂၈။ တိ။ အဝ=(ဘူ) ပါလနေ-စောင့်ရှောက်ခြင်း၌၊ (အဝတိ။)

[ √အဗ္ဘ+အ ] အဗ္ဘတိ အနေကသတပဋလော ဟုတွာ ဂစ္ဆတီတိ-အဗ္ဘော=မေဃော။ နီတိ-ဓာ၊ ၁၂၅။ အဗ္ဘ=(ဘူ) ဂတိယံ-သွားခြင်း၌၊ (အဗ္ဘတိ။)

[အာပ √ဘရ+ကွိ] အာပံ ဘရတီတိ-အဗ္ဘံ၊ ကွိ, ပဿ ဗော။ ဓာန်-ဋီ၊ ၄၈။

[န √ဘူ+အ] န ဘဝတီတိ- အဗ္ဘံ၊ ဓာန် ဋီ၊ ၄၅။ ကောင်းကင်။

**မုတ္တော**= [ √မုစ+တ ] မုစ-မောစနေ၊ အမုစ္စီတိ-ဗန္ဓနာ မုတ္တော။ လွတ်ပြီးသော။ ရူ၊ ၆၁၄။

**စန္ဒိမာ**= [စန္ဒ+ဣမန္တု] စန္ဒ ဝိမာနသခၤါတော စန္ဒော အဿ အတ္ထီတိ-စန္ဒိမာ= စန္ဒဒေဝပုတ္တော၊ လနတ်သား။ အထဝါ= စန္ဒသခၤါတော ဒေဝပုတ္တော အသ္မိံ ဝိဇ္ဇတီတိ-စန္ဒိမာ=စန္ဒဝိမာနံ၊ လဗိမာန်၊ လ ။ နီတိ-သုတ္တ၊ ၇၉၄။

[စန္ဒ+ဣမ] စန္ဒိမာ- ရာဇာဒိဂိုဏ်း၊ မောဂ်-၄၊ ၉၄-သုတ်၏နိဿယကို ရှုပါ။

**စန္ဒ**= [ √စဒိ+က ] စန္ဒတဗ္ဗော ဣစ္ဆိတဗ္ဗောတိ-စန္ဒော။ ကစ္စည်း၊ ၆၆၁။ စဒိ-ဣစ္ဆာကန္တီသု-စန္ဒော၊ ရူ၊ ၆၇၃။ လ၊ လနတ်သား။

စန္ဒယတိ ဟိလာဒယတိ သီတဂုဏသမ္ပတ္တိယာ အတ္တနော ပဘာယ သတ္တာနံ ပရိဠာဟံ ဝူပသမေန္တော သုခံ ဥပ္ပာဒေတီတိ-စန္ဒော= သောမော။ အထဝါ=စန္ဒတိ ဒိဗ္ဗတိ သိရိယာ ဝိရောစတီတိ-စန္ဒော။ နီတိ-ဓာ၊ ၉ဝ။

ဆန္ဒံ ဇနေတီတိ-စန္ဒော။ တေ "ဘဒ္ဒကံဝတ သဇေ အညော အာလောကော ဥပ္ပဇ္ဇေယျာ"တိ စိန္တယိံသု၊ အထ နေသံ ဆန္ဒံ ဥတ္တာဝ စန္ဒမဏ္ဍလံ ဥဋ္ဌဟိ၊ တေနေဝဿ စန္ဒောတိ နာမံ အဟောသိ။ ဒီ-ဋ္ဌ-၃၊ ၅ဝ။

### ၁၇၃-ပဒဝိဘာဂ

**ပိဓီယတိ**= [အပိ √ဓာ+ယ+တိ] ပိတ်ဆို့အပ်၏၊ တားမြစ်အပ်၏၊ အပိပုဗ္ဗော, ဓာ-ပိဒဟနေ-ဖုံးပိတ်ခြင်း၌။ (အပိဓာတိ၊ ပိဒဟတိ။)

**အနက်** ယဿ-အကြင်ပုဂ္ဂိုလ်၏၊ ကတံ-မိတ်ဆွေကောင်းကို မတွေ့ရမီ ရှေးအတိတ်ဆီက ပြုလုပ်အပ်ခဲ့သော၊ ပါပံ-အပါယ်ရောက်အောင် ပို့ဆောင်နိုင်သော၊ ကမ္မ-များလှပေါင်းစု, မကောင်းမှု အကုသိုလ်ကံကို၊ ကုသလေန-ကိလေသာခပင်း, အကုန်ရှင်း၍, မြစ်ရင်းဖျက်ဖြို, အရဟတ္တမဂ်ကုသိုလ်သည်၊ ပိဓီယတိ-အကြောင်းကင်းဝေး, ကျိုးမပေးအောင်, ဖေးကူထပ်ထပ်, ပိတ်ဆို့တားမြစ်အပ်၏၊ သော-အရဟတ္တမဂ်, ကြွင်းမဲ့ဖျက်ဖြို, မကောင်းမှုကင်းပြီးသော ထိုပုဂ္ဂိုလ်သည်၊ အဗ္ဘာ-သက်ရှိများးစွာ, သတ္တဝါကို, ငဲ့ညှာစောင့်တတ်, အထွတ်များပြား, တိမ်တိုက်ကြားမှ၊ မုတ္တော-လေပြင်း တိုက်ဇော့, တိမ်တိုက်ရွေ့ကာ, လွတ်ထွက်လာသော၊ စန္ဒိမာဣဝ-လူအများက, လိုလား တောင့်တ, မိုးပေါ်လကဲ့သို့၊ ဣမံလောကံ-ရုပ်နှင့်နာမ်သာ, နှစ်ဖြာရှိရ, ဤသင်္ခါရလောကကို၊ ပဘာသေတိ-ပယ်ဖျက်မိုက်မှောင်, မဂ်ဉာဏ်ရောင်ဖြင့်, ပြောင်တဝင်းဝင်း, ထွန်းလင်းတောက်ပစေ၏။

**မြန်မာပြန်** ပြုလုပ်လာခဲ့သမျှသော မကောင်းမှုအကုသိုလ်ကံကို အရဟတ္တမဂ်ကုသိုလ်ဖြင့် ဖုံးအုပ်(ဖျက်ဆီး)ထားသော ပုဂ္ဂိုလ်သည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤ(သင်္ခါရ)လောကကို အရဟတ္တမဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပြောင်စေ၏။

**လင်္ကာ** ပြုခဲ့ထိုထို, အကုသိုလ်ကို, စိန်လိုထက်မြက်, ထိပ်ဆုံးမဂ်ဖြင့်, ပယ်ဖျက်သုတ်သင်, မြတ်အရှင်သည်, ဤသင်္ခါရ, နာမ်ရူပကို, တိမ်မှလွတ်ကင်း, ငွေလမင်းသို့, လွှန်မင်းတောက်ပြောင်, မဂ်ဉာဏ်ရောင်ဖြင့်, မှောင်ထုဖျက်ချေ, ထွန်းလင်းစေ၏။

## ၇-ပေသကာရဓီတုဝတ္ထု

၁၇၄။ အန္ဓဘူတော အယံ လောကော , တနုကေ'တ္ထ ဝိပဿတိ၊
သကုဏော ဇာလမုတ္တောဝ , အပ္ပော သဂ္ဂါယ ဂစ္ဆတိ။

**အနက်** အယံ လောကော-ကိလေသာပြောထူ, ဤလောကီလူအပေါင်းသည်၊ အန္ဓဘူတော-ပညာမျက်စိ, စုံမရှိ၍, မသိယောင်ယမ်း, အကန်းအလား, စမ်းတဝါးဝါး ဖြစ်နေပေ၏၊ ဧတ္ထ-မရှိပညာ,ကိလေသာပြောထူ, ဤလောကီလူအပေါင်း၌၊

---

### ၁၇၄-ပဒဝိဘာဂ

**အန္ဓဘူတော=** [အန္ဓ+ဘူတ] အန္ဓောဝိယ ဘူတော အယန္တိ-အန္ဓဘူတော= ဗာလော၊ ရူ-နှာ၊ ၂၀၆။ နိရုတ္တိ-နှာ၊ ၂၄၄။ အန္ဓောဣဝ ဘူတော-အန္ဓဘူတော-လည်းပြုသင့်၏။ ဆရာတို့ကား ဥပမာနပုဗ္ဗပဒ ပဋ္ဌမာယတ္တဗဟုဗ္ဗီ-ကို မနှစ်သက်ကြ၊ အကန်းကဲ့သို့ဖြစ်သော၊ အန္ဓော ဟုတွာ ဘူတော-အန္ဓဘူတော-လည်း ပြုကြ၏၊ ကန်းသည်ဖြစ်၍ဖြစ်သော။

**တနုကော=** [တနု+က] နည်းသော၊ ပါးလွှာသော၊ ကျဲသော၊ ငယ်သော၊ အနည်းငယ်သော၊ နည်းပါးသော။

တနုကော–မများပြားလှ, အနည်းငယ်မျှသောသူသည်၊ ဝိပဿတိ–ကိုယ်မှာဖြစ်ပွား, ရုပ်နာမ်များကို, သုံးပါးလက္ခဏာ, တင်ကာထပ်ထပ်, ပွားရှုမှတ်၍၊ ဓာလမုတ္တော–ငှက်ဖမ်းရာတွင်, ကျွမ်းကျင်အလွန်, ငှက်မုဆိုး၏ပိုက်ကွန်မှ လွတ်မြောက်သော၊ သကုဏော–မိုးပေါ်အထက်, ပျံတက်သွားနိုင်သောငှက်သည်၊ အပ္ပောဟ္လ–မများပြားလှ, အလွန်တရာ နည်းပါးလှသကဲ့သို့၊ တထာ–မခြားတမူ, အလားတူပင်၊ ဧတ္ထ–သေမင်းကွန်ရက်, ဖြန့်ကြက်ဖမ်းထား, ဤလောကီလူသားအပေါင်း၌၊ အပ္ပော–ပြောရမဖွယ်, အနည်းငယ်သောသတ္တဝါအပေါင်းသည်၊ သဂ္ဂါယ–လွန်စွာမြတ်မွန်, သုဂတိနိဗ္ဗာန်အကျိုးငှာ၊ ဝါ–လွန်စွာမြတ်မွန်, သုဂတိနိဗ္ဗာန်သို့၊ ဂစ္ဆတိ–မကွေ့မထောက်, သွားရောက်နိုင်ပေ၏၊ (တစ်နည်း= တထာ– မခြားတစ်မူ, အလားတူပင်လျှင်၊ ဧတ္ထ–သေမင်းကွန်ရက်, ဖြန့်ကြက်ဖမ်းထား, ဤလောကီလူသားအပေါင်း၌၊ သဂ္ဂါယ–လွန်စွာမြတ်မွန်,သုဂတိနိဗ္ဗာန်သို့၊ ဂစ္ဆတိ–မကွေ့မထောက်, သွားရောက်နိုင်သောသူသည်၊ အပ္ပော–ပြောရမဖွယ်, အနည်းငယ်မျှသာတည်း။)

**မြန်မာပြန်** ဤလောကီလူအပေါင်းသည် ပညာမျက်စိ မရှိသဖြင့် အကန်းအလားစမ်းတဝါးဝါး ဖြစ်နေကုန်၏၊ အနည်းငယ်မျှသောသူကသာ ဝိပဿနာပွားများရှုမှတ်၍၊ ငှက်မုဆိုး၏ပိုက်ကွန်မှ လွတ်မြောက်သောငှက် နည်းပါးလှသကဲ့သို့ (သေခြင်းပိုက်ကွန်၌ မိနေကြသော သတ္တဝါအပေါင်းတို့၌) သုဂတိနိဗ္ဗာန်သို့ သွားရောက်နိုင်သူတို့ကား နည်းပါးလှပေသည်။ (အပါယ်သွားသူကသာ များပြားလှပေသည်။)

---

**တနု=** [ √တနု+ဥ ] တနီယတိ ဝိတ္ထာရီယတီတိ–တနု၊ နည်းသော၊ နည်းပါးသော၊ အနည်းငယ်သော၊ ဤအပ္ပတ္တဝါစက တနုသဒ္ဒါကို နီတိ–ဓာ၊ ၂၆၂–၌ အနိပ္ဖန္နပါဋိပဒိက–ဟုဆုံးဖြတ်ထား၏။

**ဝိပဿတိ=** [ဝိ √ဒိသ+အ+တိ] အထူးထူး အပြားပြားအားဖြင့်ရှု၏၊ ဆင်ခြင်သုံးသပ်၏၊ အထူးသဖြင့် မြင်၏၊ သိ၏၊ ကြည့်၏။

**သကုဏော=** [ √သက+ဥန ] သက္ကောတီတိ–သကုဏော= ပက္ခီ၊ ငှက်။ မောဂ်–၁၊ ၂၇။ တထနရာနံ ဋဌဏလာ–သုတ်ဖြင့် ဏ–ပြုက သကုဏော–ဟု ဖြစ်၏၊ ထီ–၌၊ သကုနီ, သကုဏီ၊ မောဂ်–၇၊ ၁၀၁။ ဓာန်–ဋီ၊ ၆၂၄။

[သဟ √ကုဏ+အ] ဧကတော ကုဏန္တိ သဒ္ဒံ ကရောန္တီတိ–သကုဏာ၊ အပ–၅– ၂၊ ၁၀၂။ ကုဏ=(ဘူ+တ) သဒ္ဒေါပကရဏ–အသံနှင့်သက်ဆိုင်ရာ၌၊ (ကုဏတိ၊ ကောဏတိ၊ ကုဏောတိ။)

**ဓာလမုတ္တော=** [ဓာလ+မုတ္တ] ဓာလသ္မာ မုတ္တော–ဓာလမုတ္တော၊ ပိုက်ကွန်မှလွတ်သော။

**ဓာလ=** [ဇလ+ဏ] ဇလေ ဟိတံ–ဓာလံ၊ ဏ။ ဓာန်–ဋီ၊ ၅၂၁။ ပု+န ။ ပိုက်ကွန်။

**ဇလ=** [ √ဇလ+အ ] ဇလ–ဓညေ၊ အ၊ ဓာန်–ဋီ၊ ၆၆၁။ ဇလ–သန္တနေဝါ၊ ဇလတိ သန္တတီတိ–ဇလံ၊ သူစိ။ ရေ။ န ။

(လင်္ကာ) လောကတွင်းမှာ, လူများစွာကား, ပညာမျက်စိ, စုံမရှိ၍, မသိဝိုးဝါး, အကန်းများသာ, ဖြစ်နေပါ၏၊ လွန်စွာနည်းလှ, အချို့မျှသာ, ဝိပဿနာဉာဏ်, ရှင်သန်စေမှု, ပွားမှတ်ရှု၏၊ မုဆိုးကွန်မှ, လွတ်ရငှက်မှာ, နည်းလှပါသို့, မာရသေမင်း, သူ့လက်တွင်းမှ, အတင်းရုန်းကာ, နတ်ရွာနိဗ္ဗာန်, ဝင်စံသူမှာ, နည်းလှပါ၏။ (ပါယ်ရွာကိုသွား, သူကများ၏။)

## ၈-တိံသဘိက္ခုဝတ္ထု

၁၇၅။ ဟံသာဒိစ္စပထေ ယန္တိ , အာကာသေ ယန္တိ ဣဒ္ဓိယာ၊
နီယန္တိ ဓီရာ လောကမှာ , ဇေတွာ မာရံ သဝါဟိနိံ။

(အနက်) ဟံသာ-ဝေးကွာခရီး, ဖျက်ဆီးသည့်ဟန်, လျင်မြန်သွားလာ, ငှက်ဟင်္သာတို့သည်၊ အာဒိစ္စပထေ-နေသွားလမ်းကြီး, ကောင်းကင်ခရီး၌၊ ယန္တိ-ပျော်မြူးသံသာ, ဆူညံစွာဖြင့်, လူးလာပျံသွားကြကုန်၏၊ (ဣဒ္ဓိမန္တာ-ဣဒ္ဓိပါဒ်လေးပါး, ထပ်ထပ် ပွားလျက်, အဝါးဝစွာ, လေ့လာထားသော တန်ခိုးရှင်တို့သည်၊) ဣဒ္ဓိယာ-ကိုယ်တိုင်အားကြီး, ကိုယ့်တန်ခိုးဖြင့်၊ အာကာသေ-ရေးခြစ်မထင်, ထက်ကောင်းကင်၌၊ ယန္တိ-ဈာန်ဟုန်တန်ခိုး, စက်ကုန်နှိုးကာ, သွားလာနေကြကုန်၏၊ ဓီရာ-ရုပ်နာမ်နှစ်ပါး, သဘောသွားကို, ခွဲခြားမှတ်သိ, ဝိပဿနာပညာရှိတို့သည်၊ သဝါဟိနိံ-ပေါင်းစုညီညာ, စစ်သည် ဗိုလ်ပါနှင့်တကွဖြစ်သော၊ မာရံ-ကိုယ်တွင်းဘေးရန်, ကိလေမာရ်ကို, ဇေတွာ-လေးဖြာသောမဂ်, ဉာဏ်လက်နက်ဖြင့်, ပယ်ဖျက်သုတ်သင်, အောင်မြင်ကြကုန်၍၊ လောကမှာ-ခန္ဓာအာယတန, စသည်ဆက်စပ်, လည်ပတ်နေရ, ဝဋ်လောကမှ၊ နီယန္တိ-နိဗ္ဗာန်အရောက်, ထွက်မြောက်နိုင်ကြကုန်၏။

---

### ၁၇၅-ပဒဝိဘာဂ

**အာဒိစ္စပထေ=** [အာဒိစ္စ+ပထ] အာဒိစ္စဿ ပထော မဂ္ဂေါ-အာဒိစ္စပထော၊ ဓာန်-ဋီ၊ ၄၅။ နေသွားရာလမ်း၊ ကောင်းကင်။

**အာဒိစ္စ=** [အဒိတိ+ဏျ] အဒိတိယာ ပုတ္တော-အာဒိစ္စော၊ ရူ၊ ၃၆၈။ နေ။

[အာ √ဒီပ+ယ+အ] အာ ဘုသော ဒိပ္ပတီတိ-အာဒိစ္စော၊ ပ္ပဿ စ္စော၊ ဓာန်-ဋီ၊ ၆၂။ ဒီပ=(ဒိ) ဒိတ္တိယံ-ထွန်းပခြင်း၌၊ (ဒိပ္ပတိ။)

[အာဒိကပ္ပိက √ဣ+ရိစ္စ] သယံ ပဘာယ နဋ္ဌာယ အာဒိကပ္ပိကေဟိ ဣစ္စော ဥပဂန္တဗ္ဗောတိ ဝါ-အာဒိစ္စော၊ ဣ-ဂတိယံ၊ ရိစ္စော၊ တေသုဝုဒ္ဓျာဒိနာ ကပ္ပိကဿ လောပေါ။ သူစိ။ နေ၊ နေမင်း။

**ဣဒ္ဓိ=** [ √ဣဓ+တ] ဣဇ္ဈန်-ဣဒ္ဓိ၊ ဣဇ္ဈန္တိ ဝါ သတ္တာ ဧတာယ ဣဒ္ဓါ ဝုဒ္ဓါ ဥက္ကံသဂတာ ဟောန္တီတိ-ဣဒ္ဓိ၊ နီတိ-ဓာ၊ ၂၃၁။ ဣဇ္ဈန်-ဣဒ္ဓိ၊ ဣဇ္ဈန္တိ ဧတာယာတိ ဝါ-ဣဒ္ဓိ၊ နိရုတ္တိ-နှာ၊ ၄၉၉။ တန်ခိုး။ ဣဓ=(ဒိ) သံသိဒ္ဓိဝုဒ္ဓိသု-ပြီးစီးခြင်း, ကြီးပွားခြင်းတို့၌၊ (ဣဇ္ဈတိ။)

**နီယန္တိ=** [နိ √ယာ+အ+အန္တိ ] ထွက်မြောက်ကြကုန်၏။ နီတိ-သုတ္တ၊ ၁၀၄၆-အလို "နိယျန္တိ" ဟုရှိသင့်၏။

(မြန်မာပြန်) ဟင်္သာတို့သည် ကောင်းကင်ခရီး၌ သွားနေကြ၏၊ တန်ခိုးရှင်တို့သည် ကိုယ့် တန်ခိုးဖြင့် ကောင်းကင်၌ သွားနိုင်ကြကုန်၏၊ ဝိပဿနာပညာရှိတို့သည် နောက်လိုက်နောက်ပါ မိုလ်ပါအလုံးအရင်းနှင့် တကွဖြစ်သော ကိုယ်တွင်းဘေးရန် ကိလေသာမာရ်ကို အောင်နိုင်၍ လောကမှ ထွက်မြောက်နိုင်ကြ၏။

(လင်္ကာ) ဟင်္သာငှက်ပင်, ထက်ကောင်းကင်ဝယ်, လျင်မြန်လူးလာ, သွားနိုင်ပါ၏၊ လေးဖြာဣဒ္ဓိပါဒ်, ထပ်ထပ်ပွားကာ, လေ့လာ၍ထား, ပုဂ္ဂိုလ်များလည်း, ရ–ထား မျိုးမျိုး, တန်ခိုးဖြင့်ပင်, ထက်ကောင်းကင်ဝယ်, လျင်မြန်ပျံကြွ, သွားနိုင်ကြ၏၊ လုံ့လထောက်ကူ, ဉာဏ်ရှိသူကား, စစ်ကူခြံရံ, ကိလေမာရ်ကို, တွန်းလှန်အောင်မြင်, နိဗ္ဗာန်ဝင်၏။

## ၉–စိဋ္ဌမာနဝိကာဝတ္ထု

၁၇၆။ ဧကံ ဓမ္မံ အတီတဿ , မုသာဝါဒိဿ ဇန္တုနော၊
ဝိတိဏ္ဏပရလောကဿ , နတ္ထိ ပါပံ အကာရိယံ။

(အနက်) ဧကံဓမ္မံ–မှန်စွာပြောကြား, တစ်ခုသောတရားကို၊ အတီတဿ–ဖဲကြဉ်ရှောင်ခွာ, ကျော်လွန်၍လာသော၊ မုသာဝါဒိဿ–ဆယ်ခွန်းမြွက်ဟ , တစ်ခွန်း မှုပင်, မှန်မထင်ဘဲ, ကုန်စင်လွဲချွတ်, မမှန်မကန်ပြောဆိုတတ်သော၊ ဝိတိဏ္ဏပရလောကဿ–ကျော်ခိုင်း စွန့်ထား, တစ်ပါးသောလောကရှိသော၊ ဝါ–နောက်ဘဝများ, မလေးစားဘဲ, ကျော်ခိုင်း စွန့်လွှတ်ထားသော၊ ဇန္တုနော–ရှေးကံပင့်မြှောက်, လူ့ဌာရောက်လာ, သတ္တဝါ၏၊ အကာရိယံ–စိတ်ကတွန့်ဆုတ်, မပြုမလုပ်ဝံ့သော၊ ပါပံ–အပါယ်ရောက်ကြောင်း, မကောင်းသော အလုပ်မျိုးသည်၊ နတ္ထိ–ကေန်တိတိ, မရှိနိုင်တော့ချေ။

---

**ဇေတွာ**= [ √ဇိ+အ+တွာ ] အောင်၍။

**သဝါဟိနိံ**= [သဟ+ဝါဟိနီ] သဟ ဝါဟိနိယာ ယော ဝတ္တတီတိ–သဝါဟိနီ၊ စစ်သည်၊ (စစ်တပ်)နှင့် တကွဖြစ်သော။

**ဝါဟိနီ**= [√ဝဟ+ဏီ+ဣနီ] ဝဟတိ ဇောယာတိ–ဝါဟိနီ၊ ဝဟတီတိ–ဝါဟိနီ၊ စစ်သည်၊ စစ်တပ်။

[ဝါဟ+ဤ+ဣနီ] ဝါဟယောဂါ–ဝါဟိနီ။ ဓာန်–ဋီ၊ ၃၈၁။

**ဝါဟ**= [√ဝဟ+ဏ] ဝဟတိ အနေနာတိ– ဝါဟော၊ ဆင်ယာဉ်၊ မြင်းယာဉ်။

### ၁၇၆–ပဒဝိဘာဂ

**အတီတဿ**= [အတိ √ဣ+တ ] အတိက္ကမ္မ ဣတောတိ–အတီတော၊ ဟုတွာ အတိက္ကန္တောတိ အတ္ထော။ ရူ–နှာ၊ ၂၇၅။ လွန်ခဲ့သော၊ လွန်ပြီးသော၊ အတိတ်ဖြစ်သော။

**မုသာဝါဒိဿ**= [မုသာ √ဝဒ+ဏီ ] မုသာ ဝဒတီတိ–မုသာဝါဒီ၊ ထီ–၌ မုသာဝါဒိနီ၊ မုသား ပြောဆိုတတ်သော၊ မုသားပြောလေ့ရှိသော။

**မြန်မာပြန်** တစ်ဦးတစ်ယောက်သောသူသည် မှန်ကန်စွာပြောဆိုမှု တရားတစ်ခုကို ကျော်နင်းလွန်ကျူး၍ မမှန်မကန်ပြောဆိုတတ်၏၊ နောက်ဘဝအတွက် လုံးဝထည့်မတွက်ဘဲ ကျောခိုင်းစွန့်လွှတ်ထား၏၊ ထိုသူမျိုးအတွက် မလုပ်ရဲသော အကုသိုလ်မည်သည် မရှိနိုင်တော့ချေ။

**လက်ာ** အမှန်စကား, ကျော်လွန်သွား၍, မုသားပြောကာ, နောင်ခါရောက်ရ, ဘဝ အတွက်, ထည့်မတွက်သည့်, လူပျက်များမှာ, ရှောင်စရာဟု, မကောင်းမှုကား, မရှိရှား၏။

## ၁၀–အသဒိသဒါနဝတ္ထု

၁၇၇။ န ဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ , ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ၊
ဓီရော စ ဒါနံ အနုမောဒမာနော , တေနေဝ သော ဟောတိ သုခီ ပရတ္ထ။

**အနက်** ကဒရိယာ–စက်ဆုပ်ဖွယ်ရာ, သတ္တဝါဟု, ဘယ်ခါမလှူ, လွန်စွာဝန်တိုစေးနှဲသူတို့သည်၊ ဒေဝလောကံ–ကုသိုလ်ရှင်များ, စံစားနေရာ, ချမ်းသာဖြိုးစည်, နတ်တို့ပြည်သို့၊ ဝေ–စင်စစ်ဧကန်, အမှန်အားဖြင့်၊ န ဝဇန္တိ–မကောင်းမှုများ, ကောင်းမှုပါး၍, မှန်းထားမပေါက်, မသွားမရောက်နိုင်ကြကုန်။

---

**မုသာ=** [ √မုသ+ကာ ] ထီ။ ကောတ္ထုဘာ။ ပါဠိဒ္ဒိ–ဗျ ။ မုသား။

**ဝိတိဏ္ဏပရလောကဿ=** [ဝိတိဏ္ဏ+ပရလောက] ဝိတိဏ္ဏော ဝိဿဋ္ဌော ပရလောကော ယေနာတိ–ဝိတိဏ္ဏပရလောကော။ စွန့်လွှတ်အပ်သော တမလွန်လောကရှိသော၊ တမလွန်လောကကို စွန့်လွှတ်ကျောခိုင်းထားသော။

**ဝိတိဏ္ဏ=** [ဝိ √တရ+တ] ဝိတရိတ္ထာတိ–ဝိတဏ္ဏော–လွန်မြောက်အပ်(ပယ်အပ်)ပြီးသော၊ စွန့်အပ်ပြီးသော။

**ပရလောက=** [ပရ+လောက] ပရော လောကော–ပရလောကော၊ တစ်ပါးသော လောက၊ တမလွန်လောက။

**ပရ=** [ √ပရ+အပ်] ကတ္တရိ ဘာဝေ ဝါ၊ ကောတ္ထုဘာ။ တစ်ပါးသော၊ ကွဲပြားသော၊ မြတ်သော။

**အကာရိယံ=** [န+ကာရိယ] န ကာရိယံ– အကာရိယံ၊ မပြုအပ်သော၊ မပြုနိုင်သော၊ မပြုဝံ့သော၊ မပြုရဲသော။

**ကာရိယ=** [ √ကရ+ဏျ] ကရိယတေတိ–ကာရိယံ၊ ပြုအပ်သော။ တိ။ ကတ္တဗ္ဗံ–ကာရိယံ၊ ရူ၊ ၅၅၃။ ပြုခြင်း။ န ။

### ၁၇၇–ပဒဝိဘာဂ

**ကဒရိယာ=** [ကု+အရိယ] ကုစ္ဆိတော အရိယော–ကဒရိယော=မစ္ဆရီ၊ နိရုတ္တိ–နှာ၊ ၂၃၉။ ဝန်တိုသော၊ စေးနှဲသော။ (သတ္တဝါ။)

**အရိယ=** [ √အရ+ဣယ ] တံတံ ဂတိယော အရန္တိ ဥပဂစ္ဆန္တီတိ–အရိယာ=သတ္တာ၊ သတ္တဝါ။

ဗာလာ–မျက်မှောက်တမလွန်, နှစ်တန်ဘ၀, မသိကြ၍, စိတ်ကမဖြူ, မိုက်သောသူတို့သည်၊ ဟဝေ–စင်စစ်ကေန်, အမှန်အားဖြင့်၊ ဒါနံ–အခြားသူများ, လေးစားကြည်ဖြူ, ပေးလှူအပ်သော အလှူကို၊နှပ္ပသံသန္တိ–သာဓု သာဓု, ကောင်းချီးပြုလျက်, နှစ်သက်ရွှင်လန်း, မချီးမွမ်းနိုင်ကြကုန်။

ဓိရောစ–မျက်မှောက်တမလွန်, နှစ်တန်ဘ၀, ကျနမြင်သိ, ပညာရှိသည်ကား၊ ဒါနံ–အခြားသူများ, လေးစားကြည်ဖြူ, ပေးလှူအပ်သော အလှူကို၊ အနုမောဒမာနော–သာဓုသာဓု, ကောင်းချီးပြုလျက်, လွန်စွာဝမ်းမြောက်နှစ်သက်သည်၊ ဟောတိ–အမှန်မသွေ, ဖြစ်ပါပေ၏။

တေနေဝ–ဝမ်းမြောက်နမော်, သာဓုခေါ်မြွက်, ထိုကုသိုလ်ကောင်းမှုအတွက်ကြောင့်ပင်လျှင်၊ သော–ဝမ်းမြောက်နမော်, သာဓုခေါ်တတ်, ထိုပုဂ္ဂိုလ်မြတ်သည်၊ ပရတ္ထ–လက်ရှိခန္ဓာ, စွန့်ခွာပြောင်းရ, နောက်ဘ၀၌၊ သုခီ–နတ်စည်းစိမ်များ, စံစားလျက်သာ, ချမ်းသာပြည့်ဝ, နေထိုင်ရသည်၊ ဟောတိ–အကြောင်းကမှန်, ကျိုးပေးသန်၍, အမှန်မသွေ, ဖြစ်ရပါပေ၏။

**မြန်မာပြန်** မပေးမလှူ ဝန်တိုစေးနဲသူတို့သည် နတ်ပြည်သို့ မသွားရောက်နိုင်ကြကုန်၊ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်၊ ပညာရှိတို့မူကား အလှူဒါနကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြ၏၊ ထို့ကြောင့်ပင် ထိုပညာရှိပုဂ္ဂိုလ်မျိုးသည် နောက်ဘ၀၌ နတ်စည်းစိမ်ချမ်းသာကို ရရှိနိုင်ပေသည်။

**လင်္ကာ** ဝန်တိုစေးနဲ, မစွန့်ကြဲတတ်, လှူဝတ်ချွတ်လျှင်, နတ်ပြည်ရပ်ဌာန်, မရောက်ပြန်တည်း၊ နှစ်တန်ဘ၀, မသိကြသူ, လူမိုက်မူကား, သူများလှူဒါန်း, မချီးမွမ်းပေ၊ ခွဲခြမ်းသိမြင်, ပညာရှင်သာ, ချီးမွမ်းပါ၏၊ သို့သာဖြစ်ရ, သဘာဝကြောင့်, ကျနသိမြင်, ထိုဉာဏ်ရှင်သည်, ပြောင်းလျှင်ဤမှ, နောက်ဘ၀ဝယ်, များလှချမ်းသာ, ရရှိပါ၏။

---

**ဒေဝလောကံ**= [ဒေဝ+လောက] ဒေဝါနံ လောကော–ဒေဝလောကော၊ နတ်ပြည်၊ ဗြဟ္မာပြည်။

**ဝဇန္တိ**= [ √ဝဇ+အ+အန္တိ ] သွားကုန်၏၊ ရောက်ကုန်၏။

**ဒါနံ**= [√ဒါ+ယု] ဒီယတိ အနေနာတိ–ဒါနံ၊ ရူ၊ ၅၉၇။ ဒါ–ဒါနေ၊ ဒီယတေ ဒဒါတိ ဝါ အနေန–ဒါနံ။ မောဂ်–၅၊ ၄၈။ ပဋိကာ။ ဒီယတေတိ–ဒါနံ၊ ဒီယတေ–ဒါနံ၊ ပေးလှူခြင်း၊ ပေးလှူအပ်သောဝတ္ထု၊ အလှူဒါန။

**အနုမောဒမာနော**= [အနု √မုဒ+အ+မာန] အနုမောဒတီတိ–အနုမောဒမာနော။ ဝမ်းမြောက်သော၊ နှစ်သက်သော၊ အနုမောဒနာပြုသော၊ သာဓုခေါ်သော။

**သုခီ**= [သုခ+ဤ] သုခံ အဿ အတ္ထီတိ–သုခီ၊ ချမ်းသာခြင်းရှိသော။

## ၁၁–အနာထပိဏ္ဍိကပုတ္တကာလဝတ္ထု

၁၇၈။ ပထဗျာ ဧကရဇ္ဇေန , သဂ္ဂဿ ဂမနေန ဝါ၊
သဗ္ဗလောကာဓိပစ္စေန , သောတာပတ္တိဖလံ ဝရံ။

**အနက်** ပထဗျာ–လေးကျွန်းတစ်မြင့်မိုရ်, ခေါ်ဆိုသတ်မှတ်, ကျယ်ပြန့်လှသော, မြေအရပ်၌၊ ဝါ–မြင့်မိုရ်တောင်မင်း, အလယ်သွင်း၍, လေးစင်းသမုဒ္ဒရာ, ပိုင်းခြားကာဖြင့်, ဖြစ်လာပေါ်ထွန်း လေးကျွန်းခေါ်တွင်, ကျယ်ပြန့်လှစွာသော မြေအပြင်၌၊ ဧကရဇ္ဇေန–ဂုဏ်ရည်တူသူ, မပြုမထွက်, ဧကရာဇ်မင်း ဖြစ်ရသည်ထက် လည်းကောင်း၊ ဝါ–တန်ခိုးအာဏာ, ဂုဏ်ဝါမမှိန်, စကြဝတေးမင်း စည်းစိမ်ထက်လည်းကောင်း၊ သဂ္ဂဿ–ငါးကာမဂုဏ်, မျှားအာရုံတို့, ပွားထုံထပ်ထပ်, လွှန်များမြတ်သည့်, နတ်ပြည် နတ်ရွာ, ဗြဟ္မရွာသို့၊ ဂမနေန ဝါ–ကုသိုလ်ပင့်ထောက်, ရောက်ရသည်ထက်လည်းကောင်း၊ သဗ္ဗလောကာဓိပစ္စေန–ဂဠုန်နဂါး, နတ်များမကြွင်း, ခပင်းဥဿုံ, အလုံစုံသောလောကို အစိုးရသည်ထက်လည်းကောင်း၊ သောတာပတ္တိဖလံ–အပါယ်ဘေးကြီး, တားဆီးဖျက်ဖြို, သောတာပတ္တိဖိုလ်သည်သာလျှင်၊ ဝရံ–အရှိန်အဝါ, နည်းစေကာလည်း, ရှစ်ခါဘဝ, ဖြစ်ရကင်းလွတ်, မြင့်မြတ်လှပါပေ၏။

---

### ၁၇၈–ပဒဝိဘာဂ

**ပထဗျာ**= [ပထဝီ+သ္မိံ] နီတိ၊ ၂၁၇–သုတ်ဖြင့် သ္မိံ–ဝိဘတ်ကို အာ–ပြု၊ ဤ–မှ ဝ–ကိုခွင်း၊ ဤ–ကို ပ–မှည့်၊ နောက်အာသရကြောင့် ပ–မည်သော ဤ–ကို ယ–ပြု၊ ယ–ကို နောက်အာသို့ကပ်၊ ဝ–ကို ယာ–သို့ကပ်၊ ဝ–ကို ဗ–ပြု၊ ပထဗျာ၊ မြေ၌။

**ဧကရဇ္ဇေန**= [ဧကရာဇ+ဏျ] ဧကရာဇိနော ဘာဝေါ–ဧကရဇ္ဇံ၊ ဧကရာဇ်မင်း၏အဖြစ်၊ စကြဝတေးမင်း၏အဖြစ်၊ ( စည်းစိမ်၊ ချမ်းသာ၊ တန်ခိုးအာဏာ။)

**ဧကရာဇ**= [ဧက+ရာဇ] ဧကော စ သော ရာဇာစာတိ–ဧကရာဇာ၊ အသမာဟာရဒိဂု၊ ဧကရာဇ်မင်း၊ စကြဝတေးမင်း။

**ဂမနေန**= [√ဂမု+ယု] ဂတိ–ဂမနံ၊ သွားခြင်း။ န။ မောဂ်–၅၊ ၄၈။ ပဉ္စိကာ–ကိုလည်းရှု။

**သဗ္ဗလောကာဓိပစ္စေန**= [သဗ္ဗလောကာဓိပတိ+ဏျ] သဗ္ဗလောကာဓိပတိဿ ဘာဝေါ–သဗ္ဗလောကာဓိပစ္စံ၊ အလုံးစုံသောလောကကို အစိုးရသူ၏အဖြစ်၊ –အစိုးရခြင်း။

**သဗ္ဗလောကာဓိပတိ**= [သဗ္ဗလောက+အဓိပတိ] သဗ္ဗလောကဿ အဓိပတိ–သဗ္ဗလောကာဓိပတိ၊ အလုံးစုံသောလောကကို အစိုးရသူ။

**သဗ္ဗလောက**= [သဗ္ဗ+လောက] သဗ္ဗော စ သော လောကောစာတိ–သဗ္ဗလောကော၊ အလုံးစုံသော လောက။

**အဓိပတိ**= [အဓိ√ပါ+တိ] အဓိပုဗ္ဗော, ပါ–ရက္ခဏေ၊ တိ။ အဓိပါတီတိ–အဓိပတိ။ သူစိ။ အရှင်၊ သခင်၊ အစိုးရသူ၊ အကြီးအကဲ၊ အကြီးအမှူး၊ ပု။ ဟေတုယာ အဓိပတိယာတိ

မြန်မာပြန် သောတာပတ္တိဖိုလ်ကို ရရှိထားခြင်း(သောတာပန်ဖြစ်ရခြင်း)သည် (အပါယ်ဘေးကြီးကင်းလွတ်ပြီးဖြစ်သည့်အတွက်) စကြဝတေးမင်း ဖြစ်ရသည်ထက်လည်း မြတ်၏၊ နတ်ဗြဟ္မာဖြစ်ရသည်ထက်လည်း မြတ်၏၊ တစ်လောကလုံးကို လွှမ်းမိုးအုပ်စိုးရသည်ထက်လည်း မြတ်၏။

လင်္ကာ လေးကျွန်းသနင်း, စကြာမင်းမှာ, လွှန်ချမ်းသာ၏၊ ဗြဟ္မာနတ်များ, အစားစားလည်း, ထူးခြားကဲလွန်, ချမ်းသာပြန်၏၊ အလွန်ပွားထုံ, ကံစွမ်းဟုန်ကြောင့်, အကုန်လောက, အုပ်စိုးရသည့်, လောကသခင်, ထိုအရှင်လည်း, လွန်ပင်ထူးခြား, ချမ်းသာပွား၏၊ လေးပါးပါယ်ရှာ, ဘေးကင်းကွာသည့်, သောတာပန်ဆို, ထိုပုဂ္ဂိုလ်၏, ဖိုလ်တရားကား, ထူးခြားအထွတ်, ကျော်လွန်မြတ်၏။

# ၁၄–ဗုဒ္ဓဝဂ္ဂ

## ၁–မာရဓီတရဝတ္ထု

၁၇၉။ ယဿ ဇိတံ နာဝ ဇီယတိ , ဇိတံ ယဿ နော’ ယာတိ ကောစိ လောကေ၊
တံ ဗုဒ္ဓ’မနန္တဂေါစရံ , အပဒံ ကေန ပဒေန နေဿထ။

---

ဒွယမိဒံ ဣတ္ထိလိင်္ဂရူပပဋိဘာဂံ ပုလ္လိင်္ဂရူပန္တိ ဂဟေတဗ္ဗံ။ နီတိ–ပဒ၊ ၃၉၆၊ ၃၉၈–ကိုလည်းရှု။

**သောတာပတ္တိဖလံ**= [ သောတာပတ္တိ+ဖလ ] သောတာပတ္တိမဂ်၏အကျိုး၊ သောတာပတ္တိဖိုလ်။

**သောတာပတ္တိ**= [ သောတ+အာပတ္တိ ] သောတဿ အာပတ္တိ–သောတာပတ္တိ၊ သောတာပတ္တိမဂ်သို့ရောက်ခြင်း၊ သောတာပတ္တိမဂ်ကိုရခြင်း၊ သောတာပတ္တိမဂ်။

သောတဿ အာပတ္တိ ဧတဿာတိ–သောတာပတ္တိ၊ သောတာပတ္တိမဂ်ကိုရသော ပုဂ္ဂိုလ်။

**သောတ**=[√သု+တ ] နိဗ္ဗာနံ အဘိမုခံ ဟုတွာ သဝတိ ဥပဂစ္ဆတီတိ–သောတော၊ နိဗ္ဗာန်သို့ရောက်တတ်သော အရိယမဂ်၊ မဏိမဉ္ဇူ–၁၊ ၂၇၃။ နိန္နဋ္ဌာနေ သဝတိ သန္ဒတီတိ–သောတော= ဇလပ္ပဝါဟော။ ရေအလျဉ်။

[ သောတ+ဏ ] သောတောဝိယာတိ–သောတော=မဂ္ဂေါ။ ရေအလျဉ်နှင့်တူသော အရိယမဂ်။

**အာပတ္တိ**= [ အာ√ပဒ+တိ ] အာဒိတော ပဇ္ဇနံ ပါပုဏနံ–အာပတ္တိ၊ ရှေးဦးစွာရောက်ခြင်း။

**ဝရံ**= [ √ဝရ+အ ] ဝရီယတေ ယာစီယတေ, ဣစ္ဆီယတေ ဝါ–ဝရော၊ အလိုရှိအပ်သော၊ မြတ်သော၊ ကောင်းသော၊ တောင့်တအပ်သော။

### ၁၇၉, ၁၈၀–ပဒဝိဘာဂ

**အဝဇီယတိ**= [အဝ √ဇိ+ယ+တေ ] ယုတ်ယုတ်ညံ့ညံ့အောင်အပ်၏၊ တစ်ဖန်အောင်အပ်၏၊ မကောင်းသဖြင့်အောင်အပ်၏။

**ဥယျာတိ**= [ဥ √ယာ+အ+တိ] နောက်ကလိုက်၏၊ စစ်ထွက်၏။

၁၈၀။ ယဿ ဇာလိနီ ဝိသတ္တိကာ , တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ၊
တံ ဗုဒ္ဓမ’နန္တဂေါစရံ , အပဒံ ကေန ပဒေန နေဿထ။

(အနက်) ယဿ ဗုဒ္ဓဿ-သစ္စာလေးပါး, ပိုင်းခြားသိမြင်, အကြင်ဘုရားရှင်သည်၊ ဇိတံ-ထိုထိုမဂ်ဖြင့်, ပယ်ဖျက်သုတ်သင်, အောင်မြင်အပ်သမျှ, ရာဂစသော ကိလေသာအပေါင်းကို၊ န အဝဇိယတိ-နောင်ထပ်ပြန်ကာ, ဥပါဒ်လာအောင်, ရှိန်ဝါမမြင့်, မကောင်းသဖြင့် အောင်အပ်သည် မဟုတ်ပေ။

လောကေ-ကစင့်ကရဲ, ပြိုကွဲပျက်ရ, သခၤါရလောကဥ္၊ ဇိတံ-အောင်အပ်ပြီးသမျှ, ရာဂစသောကိလေသာအပေါင်းသည်၊ ဝါ-တွင်၊ ကောစိ-အမှတ်မထား,တစ်ပါးပါးသော ကိလေသာမျှ၊ ယဿ-သစ္စာသိမြင်, အကြင်ဘုရားရှင်၏နောက်သို့၊ နော’ယာတိ-န ဥယျာတိ-စဉ်စိုက်မကွာ, မလိုက်ပါနိုင်တော့ပေ။

အနန္တဂေါစရံ-ပိုင်းခြားမရ, များလှအာရုံ, အကုန်သိမြင်, သဗ္ဗညုတဉာဏ်ရှင်ဖြစ်တော်မူသော၊ အပဒံ-ကာမဂုဏ်နှောက်, အာရုံရောက်ကာ, မှားမှောက်တိမ်းစောင်း, ရာဂစသောအကြောင်းမရှိသော၊ တံ ဗုဒ္ဓံ-သစ္စာသိမြင်, ထိုဘုရားရှင်ကို၊ တုမှေ-နတ္ထွတ်ပျိုစင်, မဖွားမြင်သေး, တစ်သားမွေးနှင့်, မွေးပြီးနှစ်သား, လတ်ကြီးမားဟု, မျိုးစားခြောက်ဖြာ, တစ်မျိုးမှာလျှင်, တစ်ရာဖန်ဆင်း, မာရ်နတ်မင်း၏,သမီးရင်းစစ်, စစ်ကူတပ်သားများဖြစ်ကြသော သင်တို့သည်၊ ကေန ပဒေန-ကာမဂုဏ်နှောက်, အာရုံရောက်အောင်, မှားမှောက်တိမ်းစောင်း, အဘယ်အကြောင်းဖြင့်၊ နေဿထ-သင်တို့လိုရာ, ငါလိုက်ပါအောင်, ဆွဲဆောင်နိုင်ကြပါတော့မည်နည်း။

---

**အနန္တဂေါစရံ**= [အနန္တ+ဂေါစရ] အနန္တော ဂေါစရော အဿာတိ-အနန္တဂေါစရော= ဗုဒ္ဓေါ။ အဆုံး, အပိုင်းအခြားမရှိသည့် အာရုံရှိသော(သဗ္ဗဉ်ဉာဏ်ရှင်ဘုရား။)

**အနန္တ**= [န+အန္တ ] နတ္ထိ အန္တော ယဿာတိ-အနန္တော၊ အဆုံး, အပိုင်းအခြားမရှိသော-(အာရုံ။)

**အပဒံ**= [န+ပဒ ] နတ္ထိ ပဒံ ဧတဿာတိ-အပဒေါ၊ အကြောင်းမရှိသော၊ ရာဂ-စသော အကြောင်း မရှိသော(ဘုရား။)

**ပဒ**= [√ပဒ+အ ] ပဇ္ဇတိ, နိပဇ္ဇတိ ဖလမေတေနာတိ -ပဒံ။ ဓာန်-ဋီ၊ ၉၁။ အကြောင်း။ နာ။

**နေဿထ**= [√နီ+အ+ဿထ ] ဆောင်နိုင်ကြကုန်လတ္တံ့။

**ဇာလိနီ**= [ဇာလ+ဣနီ ] သံသာရတော နိဿရိတုမပ္ပဒါနဝသေန ဇာလသဒိသတ္တာ-ဇာလိနီ၊ ဥပမာနေ ဣနီ၊ ဓာန်-ဋီ၊ ၁၆၂။ တဏှာ။ ထီ။

**ဝိသတ္တိကာ**= [ဝိသတာ+ဏိက ] ဝိသတာယေဝ-ဝိသတ္တိကာ၊ သကတ္ထေ ဏိကော၊ တစ်နည်း= [ ဝိသတ္တာ+ဏိက ] ဝိသတ္တာယေဝ-ဝိသတ္တိကာ၊ ကပ်ငြိ, ဖွဲလမ်းတပ်မက်တတ်သော (တဏှာ။) ဓာန်-ဋီ၊ ၁၆၂-ကိုရှု။

ယသ-သစ္စာသိမြင်, အကြင်ဘုရားရှင်၏၊ ကုဟိဉ္စိ-လူနတ်အပါယ, တစ်စုံတစ်ခု သောဘဝသို့၊ ဝါ-ကာမဂုဏ်ငါး, အာရုံများတွင်, တစ်ပါးပါးသောအာရုံသို့၊ နေတဝေ-မရောက် ရောက်အောင်, ဆွဲဆောင်ခြင်းငှာ၊ ဇာလိနီ-ဝန်းကျင်ဖြန့်ကြက်, လွတ်ထွက်မလွယ်, ပိုက်ကွန်သဖွယ်ဖြစ်သော၊ ဝိသတ္တိကာ-ငါးကာမဂုဏ်, များအာရုံဝယ်, ပွားထုံထပ်ထပ်, အထူးအားဖြင့် စွဲလမ်းငြိကပ်တတ်သော၊ တဏှာ-မွတ်သိပ်လွန်စွာ, တဏှာခေါ်ကြ, တပ်မက်တတ်သော လောဘသည်၊ နတ္ထိ-မဂ်ဖြင့်ထပ်ထပ်, ပယ်နှိမ်သတ်၍, ကင်းပြတ် တိတိ, မရှိတော့ပါပေ။

အနန္တ ဂေါစရံ-ပိုင်းခြားမရ, များလှအာရုံ, အစုံသိမြင်, သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တော်မူသော၊ အပဒံ-ကာမဂုဏ်နောက်, အာရုံရောက်ကာ, မှားမှောက်တိမ်းစောင်း, ရာဂစသော အကြောင်းမရှိသော၊ တံ ဗုဒ္ဓံ-သစ္စာလေးပါး, ပိုင်းခြားသိမြင်, ထိုဘုရားရှင်ကို၊ တုမှေ-မာရ်နတ်မင်း၏, သမီးရင်းစစ်, စစ်ကူတပ်သားများဖြစ်ကြသော သင်တို့သည်၊ ကေန ပဒေန-ကာမဂုဏ်တရား, အာရုံများဝယ်, လွဲမှားတိမ်းစောင်း, ဘယ်အကြောင်းဖြင့်၊ နေဿထ-သင်တို့လိုရာ, ငါလိုက်ပါအောင်, ဆွဲဆောင်နိုင်ကြပါတော့မည်နည်း။

**(မြန်မာပြန်)** ဗုဒ္ဓမြတ်စွာသည် အောင်မြင်ပြီးသမျှ ကိလေသာအပေါင်းကို (မိမိသန္တာန်မှာ နောက်ထပ်တစ်ဖန် ပြန်မဖြစ်နိုင်အောင်) ကောင်းစွာ အောင်မြင်ထားပေသည်၊ လောက၌ အောင်မြင်ထားသမျှ ကိလေသာများအနက် တစ်ပါးပါးသော ကိလေသာမျှ ဘုရားရှင်၏နောက်တော်သို့ မလိုက်ပါနိုင်တော့ချေ၊ အာရုံအကုန်လုံးကို သိမြင်တတ်သည့် သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်သည့်အပြင် (ကာမဂုဏ်နောက်သို့ လိုက်ပါရန်) အကြောင်း ကင်းစင်ပြီးသော ဘုရားရှင်ကို သင်တို့က ကိုယ့်အလိုသို့ လိုက်ပါအောင် ဘယ်လိုအကြောင်းမျိုးဖြင့် ဆွဲဆောင်နိုင်ကြပါတော့မည်နည်း။

ဗုဒ္ဓမြတ်စွာမှာ တစ်စုံတစ်ခုသောဘဝ(အာရုံ)သို့ ဆွဲဆောင်ရန် ပိုက်ကွန်အလား, ထက်ဝန်းကျင်မှ ဖြန့်ကြက်မြွေးယှက်ထားတတ်သည့်အပြင် ထိုထိုအာရုံ ကာမဂုဏ်၌ အလွန်စွဲလမ်းကပ်ငြိတတ်သော တပ်မက်မှု(တဏှာ)လည်း မရှိတော့ချေ၊ အာရုံအကုန်လုံးကို သိမြင်တတ်သည့်သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်၍ (ကာမဂုဏ်နောက် လိုက်ပါရန်) အကြောင်းကင်းစင်ပြီးသော ဗုဒ္ဓမြတ်စွာကို သင်တို့တစ်တွေက ကိုယ့်အလိုသို့ လိုက်ပါလာအောင် ဘယ်လိုအကြောင်းမျိုးဖြင့် ဆွဲဆောင်နိုင်ကြပါတော့မည်နည်း။

---

**ဝိသတာ=** [ ဝိ√သရ+တ ] ဝိသရယတီတိ-ဝိသတာ၊ ပျံ့နှံ့ကျယ်ပြန့်တတ်သော၊ (ဤ၌ တဏှာကို ယူ။) သရ=(စု) အင္ကေပပသာရဏေသု-ပစ်ပယ်ခြင်း, ချဲ့ဖြန့်ခြင်းတို့၌၊ (သာရေတိ၊ သာရယတိ။)

**ဝိသတ္တာ=** [ ဝိ√သန္ဇ+တ+အာ ] ရူပါဒိသု ဝိသဋ္ဌတီတိ-ဝိသတ္တော၊ ကပ်ငြိတတ်သော၊ စွဲလမ်းတပ်မက်တတ်သော။

**နေတဝေ=** [ √နီ+အ+တဝေ ] ဆောင်ခြင်းငှာ။

**လင်္ကာ** သစ္စာသိမြင်, ဘုရားရှင်သည်, အောင်မြင်တန်တန်,ကိလေရန်ကို, တစ်ဖန်နောက်ထပ်, မဥပါဒ်အောင်, ပယ်သတ်အောင်မြင်, အောင်ပွဲယင်၏၊ သို့-အောင်မြင်မှု, ကိလေစုတွင်, တစ်ခုခုမျှ, နောက်ကလိုက်လာ, မရှိပါတည့်၊ သိရာနှံ့စပ်, သဗ္ဗဉ်ဉာဏ်ရှင်, ကြောင်းကင်းစင်သား, ထိုဘုရားကို, အများသင်တို့, ဘယ်ကြောင်းတို့ဖြင့်, လိုသို့ပါအောင်, ...... ဆွဲဆောင်နိုင်ကြတော့မည်နည်း။

အစိန္တေယျ,မြတ်ဗုဒ္ဓကား, ဘဝအများ, အစားစားတွင်, တစ်ပါးပါးသို့, ဆောင်သွားပို့ရန်, ပိုက်ကွန်သဖွယ်, ငြိတွယ်ရစ်ပတ်, မြေးယှက်တတ်သည့်, တပ်မက်တဏှာ, ပယ်သတ်လာ၏၊သိရာမှန်က, မကျန်ရအောင်, လုံးဝကုန်စင်, သိမြင်ပေတတ်, ဉာဏ်တော်မြတ်ကို, ရလတ်သည့်ပြင်, ကြောင်းကင်းစင်သား, ထိုဘုရားကို, အများသင်တို့, ဘယ်ကြောင်းတို့ဖြင့်, လိုသို့ပါအောင်, ...... ဆွဲဆောင်နိုင်ကြတော့မည်နည်း။

## ၂-ဒေဝေါရောဟဏဝတ္ထု

၁၈၁။ ယေ ဈာနပသုတာ ဓီရာ , နေက္ခမ္မူပသမေ ရတာ၊
ဒေဝါပိ တေသံ ပိဟယန္တိ , သမ္ဗုဒ္ဓါနံ သတီမတံ။

**အနက်** ယေ ဓီရာ-သိစရာဖုံဖုံ, အစုံသိမြင်, အကြင်ပညာရှင်တို့သည်၊ ဈာနပသုတာ-အာရမဏူ, လက္ခဏူဟု, နှစ်ဆူကွဲပြား, ဈာန်တရားတို့၌, အဝါးဝစ္စာ, လေ့လာကြိုးကုတ်, အားထုတ်ကြကုန်၏၊ နေက္ခမ္မူပသမေ-ထွက်မြောက်ရာမှန်, ကိလေသာအပူမီးတို့ ငြိမ်းအေးရာနိဗ္ဗာန်၌၊ ရတာ-ဖလသမာ, ဝင်စားကာဖြင့်, ပြုပါအာရုံ, မွေ့လျော်ပျော်ပိုက်နိုင်ကြကုန်၏၊ သတီမတံ-အများမှတ်သိ, တရားရှိ၍, သတိလောက်လုံ, ပြည့်စုံတော်မူကြကုန်သော၊ သမ္ဗုဒ္ဓါနံ-သိဖွယ်ဟူသမျှ, ဥဿျင်္ဂါးတန်, တရားမှန်ကို, ဖောက်ပြန်မရှိ, အကုန်အစင်, သိမြင်တော်မူကြကုန်သော၊ တေသံ ဓီရာနံ-သိစရာအကုန်, အစုံသိမြင်, ထိုပညာရှင်တို့အား၊ ဒေဝါပိ-နတ်နှင့်ဗြဟ္မာ,လူများစွာတို့သည်လည်း၊ ပိဟယန္တိ-ယင်းသို့ဖြစ်လို, မြွက်ဆိုဆုတောင်း, သောင်းသောင်းဖြဖြ, ချစ်ခင်မြတ်နိုးကြကုန်၏။

---

### ၁၈၁-ပဒဝိဘာဂ

**ဈာနပသုတာ**= [ ဈာန+ပသုတ ] ဈာနေသု ပသုတာ-ဈာနပသုတာ၊ ဈာန်တို့၌ အလွန်လေ့လာထားကုန်သော၊ ဈာန်တို့၌ အလွန်ကြိုးစားအားထုတ်ကုန်သော။

**ဈာန**= [ √ဈေ+ယု ] ဈေ-စိန္တာယံ၊ ဈာယတီတိ-ဈာနံ၊ ကွစိဓာတူတိအာဒိနာ အာတ္တံ။ ရူ၊ ၅၉၇။ ဈာနံ။ ဈာယတေ-ဈာနံ၊ ဈာယတိ ဧတေနာတိ ဝါ-ဈာနံ၊ နိရုတ္တိ-နှာ၊ ၅၄၄။
[√ဈပ+ယု ] နီဝရဏဓမ္မေ ဈာပေတီတိ-(နီဝရဏတရားတို့ကို လောင်ကျွမ်းတတ်, ရှို့မြိုက်တတ်, ပယ်တတ်သောကြောင့်၊) ဈာနံ။ သဝုဒ္ဓိကာ၊ နီတိ-ဓာ၊ ၃၂၃။ ဈပ=(ဘူ+စု) ဒါဟေ-ပူလောင်ခြင်း၌၊ (ဈပတိ၊ ဈာပေတိ၊ ဈာပယတိ။)

**နေက္ခမ္မူပသမေ**= [နေက္ခမ္မ+ဥပသမ] ကိလေသာတို့၏ ချုပ်ငြိမ်းအေးရာ နိဗ္ဗာန်ဟူသော နေက္ခမ္မ၊ သင်္ခါရတို့မှလည်းထွက်မြောက်, ကိလေသာတို့ ငြိမ်းအေးရာလည်းဖြစ်သော နိဗ္ဗာန်။

**မြန်မာပြန်** ဘုရားရှင်တို့သည် သိစရာအကုန်ကို အစုံအလင် သိမြင်တော်မူကြ၏၊ လောကီလောကုတ္တရာ ဈာန်နှစ်မျိုးကို လေ့လာအားထုတ်တော်မူကြ၏၊ ထွက်မြောက်ရာမှန် အေးနိဗ္ဗာန်ကို အာရုံပြုကာ မွေ့လျော်တော်မူကြ၏၊ အမှတ်သတိလည်း အမြဲရှိနေကြ၏၊ ထိုဘုရားရှင်တို့အား နတ်ရောလူပါ ချစ်ခင်မြတ်နိုးကြ၏။ (နတ်ရောလူပါ ဘုရားဖြစ်ရန် ဆုတောင်းကြ၏။)

**လင်္ကာ** လောကထွတ်ထား, မြတ်ဘုရားကား, ထူးခြားမြင်သိ, ပညာရှိ၏၊ မိမိရလာ, ဈာန်နှစ်ဖြာဝယ်, လွန်စွာကြိုးစား, လေ့လာထား၏၊ မီးပွားကိလေ, ပျက်ကြေသွားရာ, နိဗ္ဗာနဘုံ, အေးရိပ်မြုံကို, အာရုံပြုကာ, မွေ့လျော်ပါ၏၊ မကွာသတိ, အမြဲရှိ၏၊ ဖြစ်ဘိသို့သာ, မြတ်ဗုဒ္ဓါကို, လူသာမက, နတ်များကပါ, သဒ္ဓါဝေဖြိုး, လွန်မြတ်နိုး၏။

## ၃-ဧရကပတ္တနာဂရာဇဝတ္ထု

၁၈၂။ ကိစ္ဆော မနုဿပဋိလာဘော , ကိစ္ဆံ မစ္စာန ဇီဝိတံ၊
ကိစ္ဆံ သဒ္ဓမ္မဿဝနံ , ကိစ္ဆော ဗုဒ္ဓါန'မုပ္ပါဒေါ။

**အနက်** မနုဿပဋိလာဘော-ဘုရားပစ္စေကာ, ရာဇာစက္ကဝတ်, မျိုးဇာတ်မှန်လှ, လူ့ဘဝကို ရခြင်းသည်၊ ကိစ္ဆော-ကြီးကျယ်များပြား, ကုသိုလ်ပွားအောင်, ကြိုးစားမှသာ, ဖြစ်တတ်ပါ၍, လွန်စွာရခဲလှပါပေ၏၊ မစ္စာနံ-မွေးဖွားလာက, သေရမည်သာ, သတ္တဝါ

---

**နေက္ခမ္မ=** [နိ√ကမု+ဏျ] ကမု- ပဒဝိက္ခေပေ၊ ဏျ-ပစ္စည်းသက်၊ နိဥပသာရမှနောက်ဖြစ်သော ကမု-ဓာတ်၏ ပဌမက္ခရာ က-ကို ဒုတိယက္ခရာ ခ-ပြု၊ အသဒိသဒွေဘော် က-လာ၊ နိ-၏ ဣ-ကို ဧ-ဝုဒ္ဓိပြု၊ ဏျ-ပစ္စည်းကို ဓာတွန်မနှင့်တကွ မ္မ-ပြု၊ နေက္ခမ္မ-ပြီး၏။ (ကာမဂုဏ်)ကိလေသာတို့မှ ထွက်မြောက်ရာ- ပဌမဈာန် ရှင်ရဟန်းအဖြစ်၊ နိဗ္ဗာန်၊ မဂ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်။

**ဥပသမ=** [ဥပ√သမု+ဏ] ကိလေသာ ဥပသမ္မန္တိ ဧတ္ထာတိ-ဥပသမော၊ ကိလေသာတို့၏ ငြိမ်းအေးရာ မဂ်, ဖိုလ်၊ သင်္ခါရတို့၏ ငြိမ်းအေးရာ နိဗ္ဗာန်။ နီဝရဏတို့၏ ငြိမ်းအေးရာ ပဌမဈာန်။

**သမ္ဗုဒ္ဓါနံ=** [သံ√ဗုဓ+တ] ဘုရား။

**သတီမတံ=** [သတိ+မန္တု] သတိ အဿ အတ္ထီတိ-သတိမာ၊ ရူ၊ ၄၀၃။ သတိရှိသော။ ဆန်းကြောင့် ဒီဃ။

**၁၈၂-ပဒဝိဘာဂ**

**ကိစ္ဆော=** [√ကိရ+ဆ] ကိရတိ သုခန္တိ-ကိစ္ဆံ၊ ဓာတွန် ရ-ကို ပရရုပ် ဆ-ပြု၊ ယင်းဒုတိယက္ခရာ ဆ-ကို ပဌမက္ခရာ စ-ပြု၊ ကိရ=(ဘူ) ဝိက္ခေပဝိကိရဏေသု-ပယ်ရှားခြင်း၊ ကြဲဖြန့်ခြင်းတို့၌၊ (ကိရတိ။)

[ကတာ+ဣစ္ဆာ]ကတာဝါ ပုညကရဏိစ္ဆာယေနာတိ-ကိစ္ဆံ၊ နိရုတ္တိနည်းဖြင့် စီရင်။ ဓာန်-ဋီ၊ ၈၉။ ရခဲသော၊ ဆင်းရဲသော၊ ငြိုငြင်-ပင်ပန်းသော။

တို့၏၊ ဧိဝိတံ-ရောဂါကင်းရှင်း, အသက်ရှည်ခြင်းသည်၊ ကိစ္ဆံ-အသက် မွေးကြောင်း, လုပ်ပေါင်းကြံရာ, လုပ်ရပါ၍, လွန်စွာဆင်းရဲ, ရခဲလှပါပေ၏။ ဝါ-သက်တန်း ခုခါ, တိုလှပါ၍, လွန်စွာဆင်းရဲ, ရခဲလှပါပေ၏၊ သဒ္ဓမ္မဿဝနံ-သူတော်ကောင်းများ, ဟောတရားကို, လေးစားကောင်းစွာ, ကြားနာရခြင်းသည်၊ ကိစ္ဆံ-ကမ္ဘာများစွာ, ကျော်လွန်လာလည်း, ကောင်းစွာတရား, ဟောကြားသူမှာ, ပေါ်မလာ၍, လွန်စွာဆင်းရဲ, ရခဲလှပါပေ၏၊ ဗုဒ္ဓါနံ-သစ္စာလေးပါး, ပိုင်းခြားသိမြင်, ဘုရားရှင်တို့၏၊ ဥပ္ပာဒေါ-လောကအတွင်း, ပွင့်တော်မူလာခြင်းသည်၊ ကိစ္ဆော-သင်္ချေကမ္ဘာ, များပြားစွာဖြင့်, ပါရမီဖြည့်မှ, ဖြစ်လာရ၍, လွန်စွာ့လွန်စွာ, ရခဲလှပါပေ၏။

(မြန်မာပြန်) လူ့ဘဝကိုရရန် ခဲယဉ်းလှ၏၊ သတ္တဝါများ အသက်ရှည်ရန်လည်း ခဲယဉ်းလှ၏၊ သူတော်ကောင်းတရားကို ကြားနာရရန်လည်း ခဲယဉ်းလှ၏၊ ဘုရားပွင့်ရာ ခေတ်အခါနှင့် တွေ့ရန်မှုကား သာလွန်ခက်ခဲလှပေသည်။

(လင်္ကာ) ကုသိုလ်ထောက်မ, လူ့ဘဝကို, ရကြရန်မှာ, ခဲယဉ်းပါ၏၊ သူငါကစ, များပြားလှပါ, သတ္တဝါ၏, ရောဂါကင်းရှင်း, သက်ရှည်ခြင်းလည်း, ခဲယဉ်းသည်သာ၊ အရိယာတို့, ကောင်းစွာဟောကြား, မြတ်တရားကို, နာကြားရရန်, ခဲယဉ်းပြန်၏၊ အမှန်တရား, လွန်ပြန့်ပွားသည့်, ဘုရားပွင့်ရာ, ခေတ်အခါနှင့်, ကြုံလာရခြင်း, လွန်ခဲယဉ်း၏။

## ၄-အာနန္ဒတ္ထေရပဉှဝတ္ထု

၁၈၃။ သဗ္ဗပါပဿ အကရဏံ , ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ , ဧတံ ဗုဒ္ဓါန သာသနံ။

---

**မနုဿပဋိလာဘော=** [မနုဿ+ပဋိလာဘ] မနုဿဿ ပဋိလာဘော-မနုဿပဋိလာဘော၊ လူ့အဖြစ်ကိုရခြင်း။

**မနုဿ=** [ မနုဿ+တ္တ ] မနုဿဿ ဘာဝေါ-မနုဿံ၊ လူ့အဖြစ်၊ မောဂ်-၄၊ ၁၂၃(လောပေါ) သုတ်ဖြင့် တ္တ-ပစ္စည်းကိုချေ။

**ပဋိလာဘ=** [ပဋိ √လဘ+ဏ] ပဋိလဘနံ-ပဋိလာဘော၊ ရခြင်း။

**သဒ္ဓမ္မဿဝနံ=** [သဒ္ဓမ္မ+သဝန] သဒ္ဓမ္မဿ သဝနံ-သဒ္ဓမ္မဿဝနံ၊ သူတော်ကောင်းတရားကို ကြားနာရခြင်း။

**သဝန=** [√သု+ယု] သူယတိ, သုတိ ဝါ-သဝဏံ၊ ရူ၊ ၅၉၆။ ကြားနာခြင်း၊ သဝနံ၊ ရဆွဲရှိသော ( ဩ )-ဓာတ်မှလာသောကြောင့် ရှဉ္ဈ ဏ-ပြန်ထားသည်။ ယိုစီးတတ်သော၊ ယိုစီးခြင်း။

**ဥပ္ပာဒေါ=** [ဥ √ပဒ+ဏ] ဥပ္ပဇ္ဇတီတိ-ဥပ္ပာဒေါ၊ ဖြစ်ပေါ်လာသော၊ ကစ္စည်း၊ ၅၂၈။ ဥပ္ပဇ္ဇနံ-ဥပ္ပာဒေါ၊ ဖြစ်ပေါ်လာခြင်း။

### ၁၈၃, ၁၈၄, ၁၈၅-ပဒဝိဘာဂ

**သဗ္ဗပါပဿ=** [သဗ္ဗ+ပါပ] သဗ္ဗဉ္စ တံ ပါပဉ္စာတိ-သဗ္ဗပါပံ၊ အလုံးစုံသော အကုသိုလ်။

**အကရဏံ=** [န+ကရဏ] န ကရဏံ-အကရဏံ၊ မပြုကျင့်ခြင်း၊ ပြုကျင့်လွတ်ကင်းရှောင်ကြဉ်ခြင်း။

၁၈၄။ ခန္တိ ပရမံ တပေါ တိတိက္ခာ , နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ၊
နှ ဟိ ပဗ္ဗဇိတော ပရူပဃာတီ, န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

၁၈၅။ အနူပဝါဒေါ အနူပဃာတော , ပါတိမောက္ခေ စ သံဝရော၊
မတ္တညုတာ စ ဘတ္တသ္မိံ , ပန္တဉ္စ သယနာသနံ၊
အဓိစိတ္တေ စ အာယောဂေါ , ဧတံ ဗုဒ္ဓါန သာသနံ။

**အနက်** သဗ္ဗပါပဿ-ကြွင်းမဲ့ချက်ကုန်, အလုံးစုံသော အကုသိုလ်ကို၊ အကရဏံ-ဝေးစွာရှောင်ကွင်း, မပြုမကျင့်ခြင်းသည်လည်းကောင်း၊ ကုသလဿ-လောကီလောကုတ္တရာ, နှစ်ဖြာပေါင်းစု, ကုသိုလ်ကောင်းမှုကို၊ ဥပသမ္ပဒါ-စတင်ဖြစ်စေ, ပွားစေကုံလုံ, ပြည့်စုံစေခြင်းသည်လည်းကောင်း၊ သစိတ္တပရိယောဒါပနံ-နီဝရဏငါးပါး, ညစ်ကြေးများမှ, ရှောင်ရှားကြဉ်ဖယ်, မိမိစိတ်ကို စင်ကြယ်စေခြင်းသည်လည်းကောင်း၊ ဧတံ-လုံခြုံသီလ, သမထဝိပဿနာ, မြစ္စာပွားများ, အရဟတ္တဖိုလ်ဟူသော ဤတရား သုံးပါးသည်၊ ဗုဒ္ဓါနံ-ရေတွက်မရ, လွန်သွားကြသည့်, လောကသရဖူ, ဘုရားရှင်အဆူဆူတို့၏၊ သာသနံ-လေးလေးနက်နက်, မိန့်မြွက်ဟောကြား, ဩဝါဒစကားတော်ပေတည်း၊ ဝါ-လေးလေးနက်နက်, မိန့်မြွက်ဟောဖော်, အဆုံးအမတော်ပါပေတည်း။

---

**ကရဏ=** [√ကရ+ယု] ကရီယတေ-ကရဏံ၊ ပြုလုပ်ခြင်း၊ ပြုကျင့်ခြင်း။

**ဥပသမ္ပဒါ=** [ဥပ+သံ √ပဒ+အ+အာ] ဥပသမ္ပာဒနံ-ဥပသမ္ပဒါ၊ ပြည့်စုံခြင်း၊ ပြီးစီးခြင်း၊ မိမိသန္တာန်၌ ဖြစ်စေခြင်း၊ ပြည့်စုံစေခြင်း။

**သစိတ္တပရိယောဒါပနံ=** [သစိတ္တ+ပရိယောဒါပန] သစိတ္တဿ ပရိယောဒါပနံ-သစိတ္တပရိယောဒါပနံ၊ မိမိစိတ်ကို ဖြူစင်စေခြင်း။

**သစိတ္တ=** [သ+စိတ္တ] သဿ စိတ္တံ-သစိတ္တံ၊ မိမိ၏ဥစ္စာဖြစ်သောစိတ်၊ မိမိစိတ်။

**ပရိယောဒါပန=** [ပရိ+အဝ √ဒါ+ဏာပေ+ယု] ဖြူစင်စေခြင်း၊ ဂါထာသာမညဖြစ်၍ ရဿပြုရန်မလို၊ ပရိယောဒါပနံ-ဟူသာ ရှိသင့်မည် ထင်ပါသည်။

**ခန္တိ=** [√ခမု+တိ] ခမနံ-ခန္တိ၊ ရူ၊ ၆၁၈။ ခမနံ သဟနံ-ခန္တိ၊ ဓာန်-ဋီ၊ ၁၆၁။ ပရူပဝါဒံ ပရာပကာရံ သီတုဏှာဒိဘေဒဉ္စ ဂုဏောပရောဓံ ခမတိ သဟတိ အဓိဝါသေတီတိ-ခန္တိ၊ သာရတ္ထ-၁၊ ၄၄၁။ သည်းခံခြင်း၊ သည်းခံတတ်သောတရား(အဓိဝါသနခန္တိ၊) နှစ်သက်တတ်-မြင်စွမ်းနိုင် သောဉာဏ်(အနုလောမခန္တိ၊) နှစ်သက်ခြင်း၊ လက်ခံကျေနပ်ခြင်း(ဒိဋ္ဌိနိဇ္ဈာနခန္တိ၊) အလို၊ အယူအဆ။ ခမု=(ဘူ)၊ ခန္တိယံ-သည်းခံခြင်း၌၊ (ခမတိ။)

**တပေါ=** [√တပ+အ] သီလာဒီနံ ပဋိပက္ခဓမ္မေ သဝိသေသံ တပတိ သန္တပတိ ဝိဓမတီတိ-တပေါ။ သာရတ္ထ-၁၊ ၄၄၁။ တပ-သန္တာပေ၊ ကိလေသေ တာပေတီတိ-တပေါ။ အ။ အကျင့်-သီလ။ အထဝါ=အတ္တာနံ ပရဉ္စ နိရယာဒိသု တာပေတီတိ-တပေါ၊ ဓာန်-ဋီ၊ ၄၃၀။ ဧတ္ထ စ တပါဒယော မုချဝသေန ကုသလသီလေ ဝတ္တန္တိ၊ ရုဠှီဝသေန အကုသလ သီလေ။ သူစိ။

တိတိက္ခာ–ကိုယ်ရေးကြုံလာ, အရာရာဝယ်, အသာမကြဲ, အနာခံခြင်းဟုဆိုအပ်သော၊ ခန္တိ–စွပ်စွဲစော်ကား, အေးပူများလွန်း, ဆာလွန်းစရှိ, တွေ့ထိဆိုးဝါး, ဖျက်သွားကိုယ့်ဂုဏ်, တွေ့ကြိုက်ကြုံလည်း, မတုန်လှုပ်တတ်, စိတ်ဓာတ်ကိုတင်း, သည်းညည်း ခံခြင်းဟူသော အဓိဝါသနခန္တိသည်၊ ပရမံ–တုနှိုင်းမရ, မွန်မြတ်လှပေသော၊ တပေါ–ကိုယ်ကျင့်သီလ, စသည်ပျက်ကြောင်း, တရားပေါင်းကို, ထောင်းထောင်းသတ်ဖြတ်, လောင်မြိုက်တတ်သော အကျင့်ပေတည်း။ ဗုဒ္ဓါ–ရေတွက်မရ, လွန်သွားကြသည့်, လောကသရဖူ,ဘုရားရှင်အဆူဆူတို့သည်၊ ဝါ–သစ္စာလေးပါး, သိမြင်ထားသည့်, ဘုရားပစ္စေကာ, အရိယာသာဝကတို့သည်၊ နိဗ္ဗာနံ–ဘဝနှစ်ရပ်, အထပ်ထပ်လျှင်, ချုပ်စပ်၍လာ, တဏှာမှထွက်မြောက်ရာနိဗ္ဗာန်ကို၊ ပရမံ–ငြိမ်သက်သိမ်မွေ့, ချမ်းမြေ့စသား, ဂုဏ်များစုရုံး, အမြတ်ဆုံးဟူ၍၊ ဝဒန္တိ–သံသာချိုမြ, နှုတ်ဟမြွက်ဖော်, ဟောတော်မူကြကုန်၏။ ပရူပဃာတီ–ခန္တိတရား, တိမ်းပါးယွင်းယို, သူ့ကိုသတ်ဖြတ်, ညှဉ်းဆဲတတ်သောပုဂ္ဂိုလ်သည်၊ န ဟိ ပဗ္ဗဇိတော–အကုသိုလ်တရား, ထွက်သွားစေတတ်, ကိုယ့်သကတ္တ, ဆန့်ကျင်လှ၍, ပဗ္ဗဇိတအစစ်, မဖြစ်နိုင်တော့သည်သာ။ ပရံ–ယုတ်မြတ်မဟူ, တစ်ပါးသူကို, ဝိဟေဌယန္တော–ခိုးမှုစသား, အပြစ်များဖြင့်, စီးပွားဖျက်ဖို့, ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်သည်၊ သမဏော–ကိလေသာတွေ, ငြိမ်းစေတတ်ကြ, သကတ္တကြောင့်, ခေါ်ကြစင်စစ်, သမဏအစစ်သည်၊ န ဟောတိ–ဂုဏ်နှင့်လုပ်ရပ်, စပ်ဟပ်မရ, ယုတ်ညံ့လှ၍, မုချပိုင်ဆိုင်, မဖြစ်နိုင်တော့ပေ။

---

**တိတိက္ခာ**= [ √တိဇ+ခ+အ+အာ ] တိတိက္ခနံ ခမနံ–တိတိက္ခာ၊ ခန္တိ ယာယေဝေ တံ အဓိဝစနံ၊ သာရတ္ထ–၁၊ ၄၄၁။ သည်းခံခြင်း။ တိဇ–နောင် ခ–ပစ္စည်းသက်၍ ခ–ပစ္စည်းကြောင့် ဓာတွန် ဇ–ကို က–ပြု၍ ခ–သို့ကပ်(တိက္ခ)၊ တိ–ကို ဒွေဘော်ပြု(တိတိက္ခ)–ဟု ဖြစ်၏၊ ယင်းတိတိက္ခ–နောင် အ–ပစ္စည်းသက်၊ ဣတ္ထိလိင် အာ–ပစ္စည်းလည်း သက်၊ ခွင်းချေကပ်။ တိတိက္ခာ–ဟု ပြီး၏။ မောဂ်–၅၊ ၁–ပဥ္စိကာ–ကိုလည်းရှုပါ။

**ဝဒန္တိ**= [ √ဝဒ+အ+အန္တိ ] ပြောဆိုကြကုန်၏၊ မိန့်မြွက်ကြကုန်၏၊ ဟောတော်မူကြကုန်၏။

**ပရူပဃာတီ**= [ပရ+ဥပ √ဟန+ဏီ] ပရံ ဥပဟနတိ သီလေနာတိ–ပရူပဃာတီ။ ပရံ ဥပဃာတေတိ ဗာဓေတိ ဝိဟိံသတီတိ–ပရူပဃာတီ။ သူတစ်ပါးကို သတ်ဖြတ်ညှဉ်းဆဲလေ့ရှိသူ၊ သူတစ်ပါးကို ညှဉ်းဆဲနေသူ၊ သူတစ်ပါးကို ညှဉ်းဆဲတတ်သူ။

**ဝိဟေဌယန္တော**= [ဝိ √ဟေဌ+ဏယ+အန္တ ] ဝိဟေဌေတီတိ–ဝိဟေဌယန္တော၊ ညှဉ်းဆဲနှိပ်စက်တတ်သော၊ ညှဉ်းပန်းတတ်သော၊ ရိုက်ပုတ်သတ်ဖြတ်တတ်သော။

**အနူပဝါဒေါ**= [န+ဥပဝါဒ] န ဥပဝါဒေါ–အနုပဝါဒေါ၊ မကဲ့ရဲ့ခြင်း၊ မစွပ်စွဲခြင်း၊ (မစွပ်စွဲစေခြင်း) ကဲ့ရဲ့သောစကားကို မဆိုခြင်း၊ ကဲ့ရဲ့သောစကားကို မဆိုစေခြင်း၊ စွပ်စွဲသောစကားကို မဆိုခြင်း၊ စွပ်စွဲသောစကားကို မဆိုစေခြင်း၊ ကြိမ်းမောင်းခြိမ်းခြောက်သောစကားကို မဆိုခြင်း၊ ကြိမ်းမောင်းခြိမ်းခြောက်သောစကားကို မဆိုစေခြင်း။

**ဥပဝါဒ**= [ဥပ √ဝဒ+ဏ ] ဝါစာယ ကဿစိ ဥပဝဒနံ ဥပဝါဒါပနံ ဝါ–ဥပဝါဒေါ။ ကဲ့ရဲ့ခြင်း၊

အနူပဝါဒေါ–ကျိုးယုတ်ရက်ကွဲ, နှုတ်ဖြင့်မစွပ်စွဲခြင်း, မစွပ်စွဲစေခြင်းသည်လည်းကောင်း၊ အနူပဃာတော– ကြင်နာလွန်မင်း, ကိုယ်စိတ်တို့ဖြင့် မညှဉ်းဆဲ မနှိပ်စက်ခြင်း, မညှဉ်းဆဲမနှိပ်စက်စေခြင်းသည်လည်းကောင်း၊ ပါတိမောက္ခေ–ရဟန်းကျင့်ဝတ်, အလွန်မြတ်သောသီလ၌၊ သံဝရောစ–ကျိုးပေါက်ပြောက်ကျား, ပျက်ပြားခြင်းကင်း, စောင့်စည်းခြင်းသည်လည်းကောင်း၊ ဘတ္တသ္မိံ–ကိုယ်မျှတရန်, ရည်သန်မျှော်မှန်း, သုံးဆောင်စားသောက်အပ်သောဆွမ်း၌၊ မတ္တညုတာစ–ခံ ယူသုံးစား, အစွမ်းအားဖြင့်, ပိုင်းခြားစိစစ်, အတိုင်းအရှည်ပမာဏကို သိသူ၏ အဖြစ်သည်လည်းကောင်း၊ ပန္တံ–မရောက်လူရှင်, ထွက်ဝင်နည်းပါး, အစွန်အဖျားကျ၍ ဆိတ်ငြိမ်သော၊ သယနာသနံစ–မှီခိုကိန်းအောင်း, အိပ်ရာနေရာ ကျောင်းသည်လည်းကောင်း၊ ဝါ–အိပ်ရာနေရာကျောင်း၌ ကိန်းအောင်းမွေ့လျော်ခြင်းသည်လည်းကောင်း၊ အဓိစိတ္တေ–ဝိပဿနာ၏ အခြေခံဖြစ်သည့် လွန်ကဲသောသမာပတ်စိတ်၌၊ ဝါ–မဂ်စိတ်ဖိုလ်စိတ်၌၊ အာယောဂေါ–လွန်စွာကြိုးကုတ်, အားထုတ်ခြင်းသည်လည်းကောင်း၊ ဧတံ–ဖော်ပြထင်ရှား, ဤတရားငါးပါးသည်၊ ဗုဒ္ဓါနံ–ရေတွက်မရ, လွန်သွားကြသည့်, လောကမှန်ကူ, ဘုရားရှင်အဆူဆူတို့၏၊ သာသနံ– လေးလေးနက်နက်, မိန့်မြွက်ဟောကြား, အဆုံးအမ, ဩဝါဒစကားတော်ပါပေတည်း။

---

ကဲ့ရဲ့စေခြင်း၊ စွပ်စွဲခြင်း၊ စွပ်စွဲစေခြင်း၊ ကဲ့ရဲ့စကားပြောကြားခြင်း၊ ကဲ့ရဲ့ စကား ပြောကြားစေခြင်း–စသည်။

**အနူပဃာတော**= [ န+ဥပဃာတ ] န ဥပဃာတော–အနူပဃာတော၊ မညှဉ်းဆဲမနှိပ်စက်ခြင်း၊ မညှဉ်းဆဲမနှိပ်စက်စေခြင်း၊ မဖျက်ဆီးခြင်း၊ မဖျက်ဆီးစေခြင်း၊ ညှဉ်းဆဲသတ်ဖြတ်နှိပ်စက်ဖျက်ဆီးရန်မကြံစည်ခြင်း။

**ဥပဃာတ**= [ ဥပ √ဟန+ဏ ] ဥပဃာတနံ, ဥပဃာတာပနံ ဝါ–ဥပဃာတော၊ ညှဉ်းဆဲနှိပ်စက်–သတ်ဖြတ်ဖျက်ဆီးခြင်း၊ ညှဉ်းဆဲနှိပ်စက်–သတ်ဖြတ်ဖျက်ဆီးစေခြင်း–စသည်။

**ပါတိမောက္ခေ**= [ ပ+အတိ+မောက္ခ ] အတိ ပမောက္ခံ–အလွန်မြတ်သော၊ သီလ။

**မောက္ခ**= [ √မုစ+တ ] မုစ–မောစနေ၊ ဟိနမဇ္ဈိမဘာဝေဟိ မုစ္စတီတိ–မောက္ခော၊ တော၊ တသခေါ။ အယုတ်အလတ်တို့မှ လွတ်မြောက်သော၊ မြတ်သော၊ ပြဋ္ဌာန်းသော။
[ √မောက္ခ+အ ] မောက္ခ–မောစနေ ဝါ၊ အ ။ ဓာန်–ဋီ၊ ၆၉၆။

**တစ်နည်း**= [ ပါတိ+မောက္ခ ] ပါတိ စ သာ မောက္ခောစာတိ–ပါတိမောက္ခော၊ သုဂတိဘေးတို့မှစောင့်တတ်, အပါယ်ဘေးတို့မှ လွတ်မြောက်စေတတ်သော။

**ပါတိ**= [ √ပါ+တိ ] ပါတိ သုဂတိဘယေဟီတိ–ပါတိ၊ သုဂတိဘေးတို့မှစောင့်ရှောက်တတ်သော။

**မောက္ခ**= [ √ မောက္ခ+ဏေ+အ ] မောက္ခေတိ ဒုဂ္ဂတိဘယေဟီတိ–မောက္ခော။ ဒုဂ္ဂတိဘေးတို့မှလွတ်မြောက်စေတတ်သော။

**တစ်နည်း**= [ ပါတိ √မောက္ခ+ဏေ+အ ] ပါတိံ မောက္ခေတီတိ–ပါတိမောက္ခံ၊ စောင့်သူကိုအပါယ်စသည်မှ လွတ်စေတတ်သော။ (သီလ။)

(မြန်မာပြန်)

၁။ မကောင်းသော အလုပ်မှန်သမျှကို မပြုလုပ်ခြင်း၊
၂။ ကောင်းသောအလုပ်မှန်က ပြည့်ပြည့်ဝဝပြုလုပ်ခြင်း၊
၃။ မိမိစိတ်ကို သန့်ရှင်းစင်ကြယ်အောင်ပြုလုပ်ခြင်း။

ဤတရားသုံးမျိုးသည် ဘုရားရှင်အဆူဆူတို့၏ အဆုံးအမ ဩဝါဒတော်ပေတည်း။

သည်းခံခြင်းသည် အလွန်မွန်မြတ်သောအကျင့် ဖြစ်သည်၊ တဏှာကင်းရာနိဗ္ဗာန်ကို အမွန်မြတ်ဆုံး-ဟု ဘုရားရှင် (ပစ္စေကဗုဒ္ဓါ, အရိယာသာဝက)တို့က မိန့်ဆိုတော်မူကြသည်၊ သူ့ကိုသတ်ဖြတ်ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်မျိုးသည် ပဗ္ဗဇိတ(ရှင်ရဟန်း)အစစ် မဖြစ်နိုင်၊ သူ့ကိုညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်မျိုးသည် သမဏ(ရဟန်း)အစစ် မဖြစ်နိုင်။

၁။ သူတစ်ပါးကို နှုတ်ဖြင့်မစွပ်စွဲခြင်း, ကိုယ်စိတ်တို့ဖြင့် မညှဉ်းဆဲခြင်း၊
၂။ ရဟန်းကျင့်ဝတ် အလွန်မြတ်သော (ပါတိမောက္ခ)သီလကို ကောင်းစွာစောင့်စည်းခြင်း၊
၃။ အစားအသောက်၌ အတိုင်းအရှည်ပမာဏကို သိနားလည်ခြင်း၊
၄။ အစွန်အဖျား အနားကျ၍ ဆိတ်ငြိမ်သောကျောင်း၌ နေထိုင်ခြင်း၊
၅။ ဝိပဿနာ၏အခြေခံ ဈာန်သမာပတ်စိတ် (တစ်နည်း=လွန်ကဲသော မဂ်စိတ်, ဖိုလ်စိတ်)ကို လွန်စွာကြိုးကုတ် ပွားများအားထုတ်ရခြင်း။

ဤတရားငါးပါးသည် ဘုရားရှင်အဆူဆူတို့၏ အဆုံးအမဩဝါဒတော် ဖြစ်ပေသည်။

ဤစကားရပ်ဖြင့် သိက္ခာသုံးပါးကိုလည်း ပြပြီးဖြစ်တော့သည်၊ အဋ္ဌကထာကို ရှုပါ။

---

**သံဝရော**= [သံ √ဝရ+အ] သံ ဝရဏံ-သံဝရော၊ ပိတ်ပင်ခြင်း၊ တားဆီးခြင်း၊ စောင့်စည်းခြင်း၊ စောင့်ရှောက်ခြင်း၊ တားမြစ်ခြင်း။

**မတ္တညုတာ**= [မတ္တညူ+တာ] မတ္တညုနော ဘာဝေါ-မတ္တညုတာ၊ အတိုင်းအရှည်ကို သိသူ၏ အဖြစ်၊ အတိုင်းအရှည်ကိုသိခြင်း။

**ဘတ္တသ္မိံ**= [ √ဘဇ+တ] ဘဇတိ ယေနာတိ-ဘတ္တံ။ ဘဇ-သေဝါယံ၊ တော။
[ √ဘုဇ+တ] ဘုဥ္ဇိတဗ္ဗန္တိ ဝါ-ဘတ္တံ၊ ဓာန်-ဋီ၊ ၄၆၅။ ထမင်း၊ ဆွမ်း။

**ပန္တံ** = [ပ+အန္တ ] ပကဋ္ဌံ အန္တံ-ပန္တံ၊ ကောတ္ထုဘာ။ အစွန်ဖြစ်သော၊ အစွန်အနားဖြစ်သော၊ ဆွမ်းခံရွာမှဝေးသော၊ ဆိတ်ငြိမ်သော။

**သယနာသနံ**= [သယန+အာသန] အိပ်ရာနေရာ၊ ကျောင်း။

**သယနံ**= [√သီ+ယု] သေတိ ဧတ္ထာတိ-သယနံ၊ အိပ်ရာ။

**အာသနံ**= [√အာသ+ယု] အာသတိ နိသီဒတိ ဧတ္ထာတိ-အာသနံ၊ နေရာ၊ နေရာထိုင်ခင်း၊ အစ္စနံ-အာသနံ၊ နေခြင်း။

**လင်္ကာ** လွန်စွာညစ်ကျု, မကောင်းမှုကို, မပြုဝေးစွာ, ရှောင်ကြဉ်ရာ၏၊ ရရာကောင်းမှု, ကြိုးစားပြုသင့်၊ မှတ်ရှုဆင်ခြင်, စိတ်အစဉ်ကို, ဖြူစင်စေပါ၊ ဤသုံးဖြာကား, မြတ်ဘုရားတို့, ဟောကြားမြွက်ဟ, ဆိုဆုံးမတည်း။

စိတ်ထားယဉ်နု, သည်းခံမှုကား, နိုင်းတုကင်းလွတ်, အကျင့်မြတ်တည်း၊ ကင်းလွတ်ပူပန်, အေးနိဗ္ဗာန်ကို, မြတ်မွန်ထွတ်ဖျား, လွန်ထူးခြားဟု, ဘုရားပစ္စေက, သာဝကတို့, မိန့်ဟနှုတ်ခွန်း,ဟောဖော်ညွှန်း၏၊ ရဟန်းဖြစ်မှု, တစ်ပါးသူကို, ကလူညှဉ်းဆဲ, ရှောင်ရမြဲတည်း၊ ညှဉ်းဆဲကလူ, ပြုလုပ်မှုကား, ထိုသူရဟန်း, မဟုတ်ညွှန်း၏။

သူ့ကိုစွပ်စွဲ, ညှဉ်းဆဲမမူ, စင်ဖြူသီလ, အာဟာရဝယ်, သိရတိုင်းတာ, ငြိမ်ရာတောကျောင်း, ကိန်းအောင်းနေကာ, သမာပတ်ဈာန်, ရရန်မြဲစွာ, အားထုတ်ရာ၏၊ သိက္ခာသုံးပါး, ဤတရားသည်, ဘုရားဆူဆူ, ဟောတော်မူရ, ဆုံးအမတည်း။

## ၅–အနဘိရတဘိက္ခုဝတ္ထု

၁၈၆။ န ကဟာပဏဝဿေန , တိတ္တိ ကာမေသု ဝိဇ္ဇတိ၊
　　အပ္ပဿာဒါ ဒုခါ ကာမာ , ဣတိ ဝိညာယ ပဏ္ဍိတော။

၁၈၇။ အပိ ဒိဗ္ဗေသု ကာမေသု , ရတိံ သော နာဓိဂစ္ဆတိ,
　　တဏှက္ခယရတော ဟောတိ , သမ္မာသမ္ဗုဒ္ဓသာဝကော။

**အနက်** ကဟာပဏဝဿေန–ရတနာမိုး, ရွာသွန်းဖြိုးသဖြင့်လည်း၊ ကာမေသု–ဝတ္ထုကိလေ, နှစ်ထွေသော ကာမတို့၌၊ တိတ္တိ–အလိုပြည့်တင်း, အားရကျေနပ်ခြင်းသည်၊ န ဝိဇ္ဇတိ–တဏှာအပျက်, ပြည့်ရန်ခက်၍, ဖြည့်စွက်မပိုင်, မရှိနိုင်ပါပေ၊ ကာမာ–

---

**အဓိစိတ္တေ=** [အဓိ+စိတ္တ] စိတ္တမဓိကိစ္စ ပဝတ္တံ ဓမ္မဇာတံ–အဓိစိတ္တံ၊ သာမညနိဒ္ဒေသောပိ သမာဓိယေဝ ဝုစ္စတိ သင်္ကေတဝသေန အတ္တသ ဂဟေတဗ္ဗတ္တာ "သာမညဇောတနာ ဝိသေသေ အဝတိဋ္ဌတိ"တိ ဝစနတော စ၊ အထဝါ= အဓိကံ စိတ္တံ–အဓိစိတ္တန္တိ ကမ္မဓာရယ သမာသဝသေနပိ သမာဓိယေဝဝုစ္စတိ စိတ္တသီသေန တဿေဝ နိဒ္ဒိဋ္ဌတ္တာ၊ တိဿော ဟိ သိက္ခာ အဓိသီလံ အဓိစိတ္တံ အဓိပညန္တိ။ နီတိ–သုတ္တ–နှာ၊ ၁၈၇။ န။ လွန်ကဲမြင့်မြတ်သော စိတ်၊ လွန်ကဲမြင့်မြတ်သော သမာဓိ၊ သမာဓိဘာဝနာ။

**အာယောဂေါ=** [အာ√ယုဇ+ဏ] အာယုဉ္ဇနံ–အာယောဂေါ၊ ပု။ ကြိုးစားအားထုတ်ခြင်း၊ အဖန်ဖန် အားထုတ်ခြင်း၊ လွန်ကဲစွာအားထုတ်ခြင်း။

### ၁၈၆,၁၈၇–ပဒဝိဘာဂ

**ကဟာပဏဝဿေန=** [ကဟာပဏ+ဝဿ] ကဟာပဏာနံ ဝဿံ–ကဟာပဏဝဿံ၊ န ။ ငွေအသပြာမိုး။ ရတနာ ၇–ပါးမိုး။

**ကဟာပဏ=** [ကရိသ+ပဏ] ကရိသပ္ပမာဏေန ရူပိယေန ကတော ပဏော ပဏိယော

ငါးပါးအာရုံ, ကာမဂုဏ်တို့သည်၊ အပ္ပသာဒါ-အိပ်မက်အလား, သာယာဖွယ် နည်းပါးကုန်၏၊ ဒုက္ခာ-လွန်စွာဖိညှဉ်း, ဆင်းရဲခြင်းသာ များကုန်၏၊ ဣတိ-ဤသို့၊ ဝိညာယ-အမှန်တရား, သိမြင်ထား၍၊ ဝါ-ဤသဘောရင်း, သိမြင်နားလည်ခြင်းကြောင့်၊ ပဏ္ဍိတော-ဓမ္မသဘာဝ, ကျနမြင်သိ, ပညာရှိသော၊ သော သမ္မာသမ္ဗုဒ္ဓသာဝကော-ဘုရားဟောကြား, မြတ်တရားကို, ကြားနာပေတတ်, ထိုယောဂီမြတ်သည်၊ ဒိဗ္ဗေသု-မပြစ်လူ့ရွာ, နတ်ပြည်၌သာ ဖြစ်ကုန်သော၊ ကာမေသုအပိ-တပ်ဖွယ်မျိုးစုံ, ကာမဂုဏ် တို့၌သော်မှလည်း၊ ရတိံ-တပ်မက်ထန်ပြင်း, မွေ့လျော်ခြင်းကို၊ နာဓိဂစ္ဆတိ-တဏှာ အယုတ်, ဉာဏ်ဖြင့်ချုပ်၍, အဟုတ်ပိုင်ပိုင်, မရနိုင်တော့ပေ၊ တဏှက္ခယရတော-တဏှာ ကုန်ရာ, ချမ်းသာစစ်မှန်, အရဟတ္တဖိုလ်, နိဗ္ဗာန်၌ မွေ့လျော်သည်၊ ဟောတိ-မလွဲပုံသေ, ဖြစ်ရပါပေ၏။

(မြန်မာပြန်) ရတနာမိုးရွာစေကာမူ ကာမဂုဏ်တို့၌ အားရကျေနပ်မှုမရှိနိုင်၊ ကာမဂုဏ် တို့သည် ချမ်းသာနည်းပါး ဆင်းရဲများကုန်၏၊ ဤသို့ သိမြင်နားလည် သောကြောင့် ပညာရှိဘုရားတပည့်သည် နတ်ကာမဂုဏ်တို့၌သော်မှလည်း မမွေ့လျော် တော့ချေ၊ တဏှာကင်းရာ အရဟတ္တဖိုလ်, နိဗ္ဗာန်၌သာ မွေ့လျော်နေတော့သည်။

---

ဒဗ္ဗဘေဒေါ-ကဟာပဏော၊ ရိသသ ဟာဒေသော၊ ဓာန်-ဋီ၊ ၄၈၁။ ပု+န ။ အသပြာ ဒင်္ဂါး၊ ကျပ်ပြား၊ ရတနာ ၇-ပါး။

**ကရိသ=** [ √ကသ+အ ] ကသ-ဝိလေခနေ၊ အ ၊ ရိမဇ္ဈော၊ အနိတ္ထိ၊ ဓာန်-ဋီ၊ ၄၇၉။ ဆယ်ပဲ-(၂၀-ချင်ရွေး )ရှိသောအလေးချိန်၊ တစ်အက္ခ။

**ပဏ=** [ √ပဏ+အပ် ] ကောတ္ထုဘာ၊ ပဏာတိ ဝေါဟရတိ ယတ္ထာတိ-ပဏော၊ ပု ။ ဈေးဆိုင်၊ ကုန်သွယ်ရောင်းဝယ်ခြင်း၊ လောင်းကစားခြင်း။

**တိတ္တိ=** [ √တိသ+တိ ] တိသ-တိတ္တိယံ၊ တိသန်-တိတ္တိ၊ နီတိ-ဓာ၊ ၁၈၄။ ရောင့်ရဲတင်းတိမ်ခြင်း၊ အားရကျေနပ်ခြင်း၊ အလိုပြည့်ခြင်း။

[ √တိပ+တိ ] တိပ-ပီဏနေ၊ တိပ္ပန်-တိတ္တိ၊ ဓာန်-ဋီ၊ ၄၆၈-၌ တိပိ-ပီဏနေ၊ တိ၊ဘုဇာဒိ-ဟု မိန့်ဆိုထားသည်။

**အပ္ပသာဒါ=** [အပ္ပ+သာဒ ] အပ္ပော သာဒေါ ယေသန္တေ-အပ္ပသာဒါ၊ နည်းသော သာယာဖွယ် ရှိကုန်၏၊ သာယာဖွယ်နည်းပါးကုန်၏။

**သာဒ=** [ √သဒ+ဏ ] သာဒီယတေ အဿာဒီယတေတိ-သာဒေါ၊ ပု ။ သာယာအပ်သော။ သဒ=(ဘူ+စု )၊ အဿာဒနေ-သာယာခြင်း၌၊(သဒတိ၊ သာဒေတိ၊ သာဒယတိ။)

**ဒုခါ=** [ √ဒုက္ခ+အ ] သညုတ္တော ဗျဥ္ဇနောဝိသညောဂေါ-ဟူသော နီတိ၊ ၁၃၅-သုတ်ဖြင့် ဂါထာအရာ၌ သံယုတ်အစ က-အက္ခရာကို ချေ၊ နိရုတ္တိ-နှာ၊ ၁၆-ကိုလည်းရှု။

**ဝိညာယ=** [ဝိ √ဉာ+တွာ ] သိ၍၊ နားလည်၍။

**လင်္ကာ** ရတနာမိုး, ရွာသွန်းဖြိုးလည်း, ပွားတိုးရှိန်ဟုန်, ကာမဂုဏ်ဝယ်, ငြိတွယ်လွန်မင်း, ရောင့်ရဲကင်း၏၊ ညှံ့ဖျင်းကာမာ, ဟူသည်မှာလည်း, ချမ်းသာနည်းပါး, ဒုက္ခပွားခြင်း, အကြောင်းရင်းတည်း၊ မယွင်းသို့သာ, သိထားပါလျှင်, မြတ်စွာဘုရား, တပည့်သားသည်, ခံစားနတ်ရွာ, လွန်ချမ်းသာသည့်, ကာမဂုဏ်ငွေ့, အာရုံတွေ့လည်း, မမွေ့လျော်ပါ, စွန့်ပယ်ခွာ၏၊ နိဗ္ဗာနဓာတ်, အာရုံမြတ်နှင့်, အရဟတ္တဖိုလ်, ချမ်းသာကိုသာ, တောင့်တပါ၏။

## ၆–အဂ္ဂိဒတ္တဗြာဟ္မဏဝတ္ထု

၁၈၈။ ဗဟုံ ဝေ သရဏံ ယန္တိ , ပဗ္ဗတာနိ ဝနာနိ စ၊
အာရာမရုက္ခစေတျာနိ , မနုဿာ ဘယတဇ္ဇိတာ။

၁၈၉။ နေတံ ခေါ သရဏံ ခေမံ , နေတံ သရဏမုတ္တမံ၊
နေတံ သရဏမာဂမ္မ , သဗ္ဗဒုက္ခာ ပမုစ္စတိ။

၁၉၀။ ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ , သံဃဉ္စ သရဏံ ဂတော၊
စတ္တာရိ အရိယသစ္စာနိ , သမ္မပ္ပညာယ ပဿတိ။

၁၉၁။ ဒုက္ခံ ဒုက္ခသမုပ္ပါဒံ , ဒုက္ခဿ စ အတိက္ကမံ၊
အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ , ဒုက္ခူပသမဂါမိနံ။

၁၉၂။ ဧတံ ခေါ သရဏံ ခေမံ , ဧတံ သရဏမုတ္တမံ၊
ဧတံ သရဏမာဂမ္မ , သဗ္ဗဒုက္ခာ ပမုစ္စတိ။

---

**ဒိဗ္ဗသု=** [ဒိဝ+ယ] ဒိဝိ ဘဝေါ–ဒိဗ္ဗော၊ မောဂ်–၄၊ ၂၅။ ပဋိကာ။ နတ်ပြည်၌ဖြစ်သော၊ နတ်ပြည် ဗြဟ္မပြည်၌ဖြစ်သော၊ နတ်တို့၏ဥစ္စာဖြစ်သော၊ နတ်တို့၏ နေရာဖြစ်သော။

**ဒိဝ=** [ √ဒိဝု+အ ] ဒိဗ္ဗန္တိ ဧတ္ထ–ဒိဝေါ။ ဓာန်–ဋီ၊ ၁၀။ နတ်ပြည်၊ ဗြဟ္မပြည်၊ နေ့၊ နေ့အခါ။

**တဏှက္ခယရတော=** [တဏှက္ခယ+ရတ] တဏှက္ခယေ ရတော–တဏှက္ခယရတော၊ အရဟတ္တဖိုလ်နှင့် နိဗ္ဗာန်၌ မွေ့လျော်သော။

**တဏှက္ခယ=** [တဏှာ+ခယ] တဏှာနံ ခယော–တဏှက္ခယော၊ တဏှာ၏ကုန်ရာ(ကုန်ကြောင်း) အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်။

### ၁၈၈ ။ ပ ။ ၁၉၂–ပဒဝိဘာဂ

**သရဏံ=** [ √သရ+ယု ] သရတိ ဥပတာပေတိ ဟိံသတိ သရဏဂတာနံ တေနေဝ သရဏ ဂမနေန ဘယံ သန္တာပံ ဒုက္ခံ ဒုဂ္ဂတိံ ပရိကိလေသဉ္စာတိ– သရဏံ= ဗုဒ္ဓါဒိရတနတ္တယံ။ အထဝါ=သဒ္ဒါ ပဿနာ မနုဿာ "အမှာကံ သရဏမိဒ"န္တိ သရန္တိ စိန္တေန္တိ, တံ တတ္ထ စ ဝါစံ နိဿရန္တိ ဂစ္ဆန္တီတာတိပိ–သရဏံ။ နီတိ–ဓာ၊ ၁၄၉။ မှီခိုကိုးကွယ်ရာ ရတနာသုံးပါး၊ ကိုးကွယ်သူ၏ ဘေးဒုက္ခကို နှိပ်စက်ဖျက်ဆီးတတ်သော ရတနာသုံးပါး။ ဘယံ သရတိ ဟိံသတီတိ–သရဏံ၊ ကိုးကွယ်ရာ။

(အနက်) မနုဿာ–သိဉာဏ်နည်းပါး, လူအများတို့သည်၊ ဘယတဇ္ဇိတာ–မီးဘေး ရေဘေး, အိုနာဘေးတို့, ရောထွေးထပ်ထပ်, ခြိမ်းခြောက်အပ်ကုန်သည်ဖြစ်၍၊ ဗဟုံ–တိကျပိုင်းဖြတ်, သတ်မှတ်မရ, များပြားလှကုန်သော၊ (ဝစနဝိပ္ပလ္လာသ) ပဗ္ဗတာနိစ–ဂိဇ္ဈကုဋ, ဝေပုလ္လ–ဟု, စပြုများမြောင်, ထိုထိုတောင်တို့ကိုလည်းကောင်း၊ ဝနာနိစ–ညို့ညို့ မှိုင်းမှိုင်း, ရှုတိုင်းသာမော, မဟာဝုန်စသော တောတို့ကိုလည်းကောင်း၊ အာရာမ ရုက္ခ စေတျာနိ–ပူဇော်ထိုက်တန်, ဥယျာဉ်ခြံနှင့် ရှင်သန်ပင်ထီး, အဓိကရသစ်ပင်ကြီးတို့ကို လည်းကောင်း၊ ဝေ–စင်စစ်ကေန်, အမှန်အားဖြင့်၊ သရဏံ–ဘေးဆီးရန်ကာ, ကိုးကွယ် ရာဟူ၍၊ ယန္တိ–ယုံကြည်သိမှတ်, ကိုးကွယ်ဆည်းကပ်နေကြကုန်၏။

ဧတံ သရဏံ–သစ်ပင်တောတောင်, များမြောင်လှစွာ, ဤကိုးကွယ်ရာ အကုန် လုံးသည်၊ ခေမံ–ဘေးရန်ကင်းကွာ, ကိုးကွယ်ရာမျိုးသည်၊ ခေါ–စင်စစ်၊ န ဟောတိ–ဂုဏ်နှင့်သတ္တိ, မပါရှိ၍, ထိမိပိုင်ဆိုင်, မဖြစ်နိုင်ပါပေ၊ ဧတံ သရဏံ–သစ်ပင်တောတောင်, များမြောင်လှစွာ, ဤကိုးကွယ်ရာအကုန်လုံးသည်၊ ဥတ္တမံ–တုနိူင်းကင်းကွာ, မြင့်မြတ်သော ကိုးကွယ်ရာသည်၊ နဟောတိ–ဂုဏ်ထူးသတ္တိ, မပါရှိ၍, ထိမိပိုင်ဆိုင်, မဖြစ်နိုင်ပါပေ၊ ဧတံသရဏံ–သစ်ပင်တောတောင်, များမြောင်လှစွာ, ဤကိုးကွယ်ရာကို၊ အာဂမ္မ–ဘေးရန်ပျက်ပြယ်, မှန်းထားရွယ်လျက်, ကိုးကွယ်သမှု, အကြောင်းပြု၍၊ (ကောပိ–ဘေးရန်ရှိငြား, လူအများတွင်, ထူးခြားပေါ်ပေါက်, တစ်ဦးတစ်ယောက်မျှလည်း၊) သဗ္ဗ ဒုက္ခာ–သန္ဓေတည်နေ, အိုနာသေဟု, တွက်ရေမရ, အလုံးစုံသော ဆင်းရဲဒုက္ခမှ၊ နပမုစ္စတိ–မကိုးကွယ်သင့်ရာ, ကိုးကွယ်ပါ၍, ကောင်းစွာပိုင်ပိုင်, မလွတ်မြောက်နိုင်ပါပေ။

---

**အာရာမရုက္ခစေတျာနိ=** [အာရာမရုက္ခ+စေတိယ] အာရာမရုက္ခာ စ တေ စေတိယာနိစာတိ–အာရာမရုက္ခစေတျာနိ၊ ပူဇော်အပ်သော အာရာမ် သစ်ပင်တို့။ စေတိယာနိ= ယ–ဗျည်းကြောင့် ဣ–ကိုချေ၊ တ–ကိုယာသို့ကပ်၊ စေတျာနိ။ နိရုတ္တိ–နှာ၊ ၁၆။

**အာရာမရုက္ခ=** [အာရာမ+ရုက္ခ] အာရာမော စ ရုက္ခော စာတိ–အာရာမရုက္ခာ၊ အာရာမ် သစ်ပင်တို့။

**အာရာမ=** [အာ √ရမ္+ဏ] အာ ရမန္တိ ဧတသ္မိန္တိ–အာရာမော၊ ရူ၊ ၅၇၉။ ပု ။ အရံ၊ ဥယျာဉ်၊ မွေ့လျော်ရာ။

**စေတိယ=** [ √စိတ+ဏျယ] စိတ–ပူဇာယံ၊ ကမ္မနိ ဏျယော၊ ဓာန်–ဋီ၊ ၂၀၇။

[ √စိတ+ဏျ] စေတိတဗ္ဗံ ပူဇေတဗ္ဗန္တိ–ဏျော၊ စေတိယံ၊ ဓာန်–ဋီ၊ ၄၃၆။ စေတီ= နတ်ကွန်း၊ ဘုရားကျောင်း၊ စေတီ=ဓာတ်တော်အိမ်။

စိတ– စယနေ ဝါ၊ ယံ ဌာနံ ဇနေန ဣဋ္ဌကာဒီဟိ စယိတဗ္ဗံ၊ တသ္မာ တံ ဌာနံ စေတိယံ။

[စိတ္တ+ဏျ] စိတ္တေ ကတံ ဌပိတန္တိ ဝါ–စေတိယံ၊ သူစိ။

[စေတ+ဏျယ] စေတော စေတသိ စိတ္တေ ကတံ–ဌပိတန္တိ–စေတိယံ၊ နီတိ–သုတ္တ–နှာ၊ ၃၅၄။ သစ်ပင်၊ အရံတောအုပ်–စသည်။

ယောစ-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်ကား၊ ဗုဒ္ဓဉ္စ-အရဟံစသား ဂုဏ်တော်များကို ပွားများနေမှု, အကြောင်းပြု၍, သုံးလူ့ထွတ်ထား, မြတ်ဘုရားကို လည်းကောင်း၊ ဓမ္မဉ္စ-သွာက္ခာတတာ, အစဖြာသား, ဂုဏ်တော်များကို, ပွားများဖန်ဖန်, အကြောင်းခံ၍, ဆယ်တန်ထင်ပေါ်, တရားတော်ကိုလည်းကောင်း၊ သံဃဉ္စ-သုပ္ပဋိပန္န, အစရှိသား, ဂုဏ်တော်များကို, ပွားများဖန်ဖန်, အကြောင်းခံ၍, ရှစ်တန်ထင်ပေါ်, အရိယာ သံဃာတော်ကိုလည်းကောင်း၊ သရဏံ-ဆင်းရဲပယ်ဖျောက်, ချမ်းသာရောက်အောင်, စောင့်ရှောက်တတ်ပါ, အမြတ်ရတနာ, ကိုးကွယ်ရာဟူ၍၊ ဂတော-ယုံကြည်သိမှတ်, ကိုးကွယ်ဆည်းကပ်၏၊ စတ္တာရိ-တိကျပိုင်းခြား, လေးပါးကုန်သော၊ အရိယသစ္စာနိ-အရိယဇာတ်, ပုဂ္ဂိုလ်မြတ်တို့, မချွတ်သိရန်, ထိုက်တန်လှငြား, အမှန်တရားတို့ကို၊ သမ္မပ္ပညာယ-မဖောက်မပြန်, မှန်ကန်သေချာ, ဝိပဿနာပညာ, မဂ်ပညာဖြင့်၊ ပဿတိ-ပိုင်းခြားထင်ထင်, သိမြင်နိုင်၏။

---

**ဘယတဇ္ဇိတာ=** [ဘယ+တဇ္ဇိတ] ဘယေန တဇ္ဇိတာ-ဘတဇ္ဇိတာ၊ ဘေးရန်ဖြင့်ခြိမ်းခြောက် အပ်ကုန်သော၊ ဘေးရန်ဖြင့် ခြိမ်းခြောက်ခံရကုန်သော။

**တဇ္ဇိတ=** [ √တဇ္ဇ+တ ] တဇ္ဇီယတေတိ-တဇ္ဇိတော။ ခြိမ်းခြောက်အပ်သော၊ မောင်းမဲအပ်သော၊ နှိပ်စက်အပ်သော၊ ထိတ်လန့်စေအပ်သော။

**သဗ္ဗဒုက္ခာ=** [သဗ္ဗ+ဒုက္ခ] သဗ္ဗဉ္စ တံ ဒုက္ခဉ္စာတိ-သဗ္ဗဒုက္ခံ၊ အလုံးစုံသောဒုက္ခ။

**ပမုစ္စတိ=** [ပ √မုစ+ယ+တိ] လွတ်၏၊ လွတ်မြောက်၏။

**သံဃံ=** [သံ √ဟန+ရ] သံ ဟနတိ သမဂ္ဂံ ကမ္မံ သမုပဂစ္ဆတိ, သမ္မဒေဝ ကိလေသဒရထေ ဟနတီတိ ဝါ-သံဃော။ သမ္မုတိသံဃာ (သာမညရဟန်းအပေါင်း)၊ ပရမတ္ထသံဃာ (မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် အရိယာရဟန်းအပေါင်း)။ အပေါင်းအစု။ ရှု၊ ၅၉၅။ ကစ္စည်း၊ ၅၃၈။

**အရိယသစ္စာနိ=** [အရိယ+သစ္စ] အရိယဿ သစ္စာနိ-အရိယသစ္စာနိ၊ အရိယာနံ သစ္စာနိ-အရိယသစ္စာနိ၊ အရိယာနိ သစ္စာနိ-အရိယသစ္စာနိ။

[အရိယပဋိဝိဇ္ဈိတဗ္ဗ+သစ္စ] အရိယပဋိဝိဇ္ဈိတဗ္ဗာနိ သစ္စာနိ-အရိယသစ္စာနိ၊ ရှေ့ပုဒ်၌ နောက်ပဋိဝိဇ္ဈိတဗ္ဗ-ဟူသောပုဒ်ကို ချေ။

[အရိယသာဓက+သစ္စ]၊[အရိယဘာဝကရ+သစ္စ] အရိယာဖြစ်တော်မူသော မြတ်စွာ ဘုရား၏ အမှန်တရား၊ အရိယာတို့၏ အမှန်တရား၊ မချွတ်မယွင်းသိသင့်သော အမှန်တရား၊ မချွတ်မယွင်း မှန်ကန်သော သစ္စာတရား-စသည်။

**သမ္မပ္ပညာယ=** [သမ္မာ+ပညာ] နီတိ-သုတ္တ၊ ၁၇၉-ကိုရှု၊ ဝိပဿနာပညာ မဂ်ပညာဖြင့်၊ ဝိပဿနာပညာ မဂ်ပညာဖြင့် မဖောက်မပြန် မှန်ကန်စွာ။

**ဒုက္ခသမုပ္ပာဒံ=** [ဒုက္ခ+သမုပ္ပာဒ] ဒုက္ခဿ သမုပ္ပာဒေါ-ဒုက္ခသမုပ္ပာဒေါ၊ ဒုက္ခ၏ဖြစ်ကြောင်း။

ဒုက္ခံ-တဏှာပယ်နုတ် လောကီရုပ်နာမ် ဆင်းရဲခြင်းအမှန်တရားကိုလည်းကောင်း၊ ဒုက္ခသမုပ္ပာဒံ-ဒုက္ခဖြစ်ခြင်း, ကြောင်းရင်းမှန်ပြား, တဏှာဟူသော သမုဒယသစ္စာတရားကိုလည်းကောင်း၊ ဒုက္ခဿ-တေဘူမက, ဝဋ်ဒုက္ခကို၊ အတိက္ကမံ စ-လွန်ကြောင်းအမှန်, နိဗ္ဗာန်ဟူပြား, နိရောဓသစ္စာတရားကိုလည်းကောင်း၊ အရိယံ-ကိလေသာမြူမြေး, ညစ်အကြေးတို့မှ, ကင်းဝေးစင်ကြယ်သော၊ အဋ္ဌင်္ဂိကံ-သမ္မာဒိဋ္ဌိ, အစရှိသား, အင်္ဂါ ရှစ်ပါးနှင့်ပြည့်စုံသော၊ ဒုက္ခူပသမဂါမိနံ-ဒုက္ခကင်းဝေး, ငြိမ်းအေးရာမှန်, မြတ်နိဗ္ဗာန်သို့ ရောက်စေတတ်သော၊ မဂ္ဂံ စ-ကိလေဖျက်ဖြို, နိဗ္ဗာန်ကိုသွား, မဂ္ဂသစ္စာဟူသော အမှန်တရားကိုလည်းကောင်း၊ (သမ္မပ္ပညာယ-မဖောက်မပြန်, မှန်ကန်သေချာ, ဝိပဿနာပညာ, မဂ်ပညာဖြင့်၊ ပဿတိ-ပိုင်းခြားထင်ထင်, သိမြင်နိုင်၏။)

တေဿ-သစ္စာလေးပါး, ပိုင်းခြားထင်ထင်, သိမြင်ပေတတ်, ဤပုဂ္ဂိုလ်မြတ်၏၊ ဧတံသရဏံ-သုံးပါးရတနာ, ဤကိုးကွယ်ရာသည်၊ ခေမံ-ဘေးရန်ကင်းကွာ, လွန်ချမ်းသာသည့်, ကိုးကွယ်ရာမျိုးပေတည်း၊ ဧတံ သရဏံ-သုံးပါးရတနာ, ဤကိုးကွယ်ရာသည်၊ ဥတ္တမံ-တုနှိုင်းမရ, မြင့်မြတ်အထက်တန်းကျသော ကိုးကွယ်ရာမျိုးပေတည်း၊ သော စ ပုဂ္ဂလော-ရတနာသုံးပါး, အားထားမှီခို, ထိုပုဂ္ဂိုလ်သည်လည်း၊ ဧတံ သရဏံ-သုံးပါးရတနာ, ဤကိုးကွယ်ရာကို၊ အာဂမ္မ-ဒုက္ခပျက်ပြယ်, မှန်းထားရွယ်လျက်, ကိုးကွယ်လာမှု, အကြောင်းပြု၍၊ သဗ္ဗဒုက္ခာ-စွဲကပ်သန္ဓေ, အိုနာသေ-ဟု, တွက်ရေမရ, အလုံးစုံသော ဆင်းရဲဒုက္ခမှ၊ ပမုစ္စတိ-ကိုးကွယ်သင့်ရာ, ကိုးကွယ်ပါ၍, မှန်စွာမသွေ, လွတ်မြောက်ရပါပေ၏။

---

**သမုပ္ပာဒ**= [သံ+ဥ √ပဒ+ဏ] သမုပ္ပဇ္ဇတိ ဧတေနာတိ-သမုပ္ပာဒေါ၊ ပု။ ဖြစ်ကြောင်း(သဘောတရား။)

**အတိက္ကမံ**= [အတိ √ကမု+အ] ဒုက္ခံ အတိက္ကမတိ ဧတေန အာရမဏပစ္စယဘူတေန, ဧတ္ထ ဝါတိ-ဒုက္ခဿ အတိက္ကမော=နိဗ္ဗာန်။ ဣတိဝုတ်-၄၊ ၈၁။ လွန်မြောက်ကြောင်း-လွန်မြောက်ရာဖြစ်သော နိဗ္ဗာန်။ အတိက္ကမနံ-အတိက္ကမော၊ လွန်မြောက်ခြင်း၊ လွန်သွားခြင်း။

**အဋ္ဌင်္ဂိကံ**= [အဋ္ဌင်္ဂ+ဣက] အဋ္ဌင်္ဂ ယဿ အတ္ထီတိ-အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်။

**အဋ္ဌင်္ဂ**= [အဋ္ဌ+အင်္ဂ] အဋ္ဌ အင်္ဂါနိ-အဋ္ဌင်္ဂံ၊ ရှစ်ပါးသောအင်္ဂါ၊ အင်္ဂါရှစ်ပါး။

**အဋ္ဌ**= [ √အသ+တ] ကစ္စည်း၊ ၅၇၂-သုတ် စ-သဒ္ဒါဖြင့် တ-ပစ္စည်းကို ရဋ္ဌ-ပြု၊ ရှစ်ခုကုန်သော၊ ရှစ်ပါးကုန်သော။ အသ=(သွာ) ဗျာပနသံဃာတေသု-ပျံ့နှံ့ခြင်း, ပေါင်းစုခြင်းတို့၌၊ (အသ္နုတေ။) ဏ-ကို န-ပြန်။

**ဒုက္ခူပသမဂါမိနံ**= [ဒုက္ခူပသမ√ဂမု+ဏီ ] ဒုက္ခူပသမံ နိဗ္ဗာနံ ဂစ္ဆတိ ဧတေနာတိ-ဒုက္ခူပသမဂါမီ၊ ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော။

(မြန်မာပြန်) လူအများတို့သည် ဘေးရန်မှကြောက်လန့်သည့်အတွက် များပြားလှသော တော, တောင်, ပူဇော်ရန်သတ်မှတ်ထားသောအာရာမ်, ဥယျာဉ်, အဓိကရ သစ်ပင်ကြီးတို့ကို (ဘေးကင်းရန်ရည်ရွယ်ချက်ဖြင့်) ကိုးကွယ်နေကြသည်။

ဤကိုးကွယ်ရာမျိုးသည် ဘေးရန်ကင်းစေနိုင်သော ကိုးကွယ်ရာမျိုးမဟုတ်၊ မြင့်မြတ်သော ကိုးကွယ်ရာမျိုးလည်းမဟုတ်ချေ၊ ဤအရာမျိုးကို ကိုးကွယ်သည့်အတွက် (မည်သူတစ်ဦးတစ်ယောက်မျှ) ပဋိသန္ဓေနေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်း–စသော ဆင်းရဲဒုက္ခအကုန်လုံးမှ မလွတ်မြောက်နိုင်ပေ။

တစ်ဦးတစ်ယောက်သောသူမူကား ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို ယုံကြည်လေးမြတ် ဆည်းကပ်ကိုးကွယ်၏၊ အရိယာပုဂ္ဂိုလ်မြတ်တို့သိသင့်သည့် အမှန်တရားလေးပါး(သစ္စာလေးပါး)တို့ကို ဉာဏ်ဖြင့်ကောင်းစွာသိမြင်၏။

ယင်းသစ္စာလေးပါးဟူသည်မှာ–

၁။ ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊
၂။ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊
၃။ ဆင်းရဲခြင်းမှလွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊
၄။ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်းအမှန်ဖြစ်သော ဖြူဖွေးသန့်စင်၍ အင်္ဂါ ရှစ်ပါးရှိသည့် မဂ္ဂသစ္စာ၊

ဤသည်တို့ပင် ဖြစ်ပေသည်။

ယင်းသို့ အမှန်တရားလေးပါးကို သိမြင်ထားသူ၏ သုံးပါး ရတနာ ကိုးကွယ်ရာကသာ ဘေးရန်ကင်းစေနိုင်သော ကိုးကွယ်ရာမျိုးဖြစ်သည်၊ မြင့်မြတ်သောကိုးကွယ်ရာမျိုးလည်း ဖြစ်သည်၊ ဤရတနာသုံးပါးကို ကိုးကွယ်သည့်အတွက် ထိုသူသည်လည်း ဆင်းရဲအားလုံးမှ လွတ်မြောက်ရတော့သည်။

(လင်္ကာ) ဘေးမှကြောက်ငြား, လူအများသည်, ဘေးများကွင်းရှောင်, လွတ်မြောက် အောင်ဟု, တောတောင် အာရာမ်, ဥယျာဉ်ခြံမျိုး, တောစိုးသစ်ပင်, တွေ့မြင် ရာရာ, ကိုးကွယ်လာ၏။

သို့သာချွတ်ယွင်း, ကိုးကွယ်ခြင်းကား, ဘေးကင်းရန်ကွာ, မဖြစ်ပါတည်း၊ များစွာ လူနတ်, ချီးမွမ်းအပ်သည့်, မြင့်မြတ်မှုမျိုး, မဖြစ်ရိုးတည်း၊ သို့ ကိုးကွယ်မှု, အကြောင်းပြု၍, အိုမှု နာမှု, သေမှုစသား, ဒုက္ခများမှ, မလွတ်ရတည်း။

---

[ဒုက္ခူပသမ √ဂမု+ဏော+ဏီ] ဒုက္ခမှလွတ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော။

**ဒုက္ခူပသမ=** [ဒုက္ခ+ဥပသမ] ဒုက္ခဿ ဥပသမော–ဒုက္ခူပသမော၊ ဒုက္ခ၏ချုပ်ငြိမ်းရာ (နိဗ္ဗာန်။)

ဉာဏ်စရှိသူ, တစ်ဦးလူကား, ဘုရား တရား, သံဃာအားဖြင့်, သုံးပါးရတနာ, ကိုးကွယ်လာ၏၊ သစ္စာလေးပါး, မြတ်တရားကို, ဉာဏ်အားထင်ထင်, ကောင်းစွာမြင်၏။

တဏှာကြွဥ်ဘိ, လောကီရုပ်နာမ်, ဒုက္ခမှန်၏၊ ပြင်းထန်ဒုက္ခ, ဖြစ်လာရခြင်း, အကြောင်းရင်းမို့, ယင်းတဏှာပင်, မည်တွင်သမုဒယ, မှန်ပါလှ၏၊ ဒုက္ခချုပ်ရာ, နိဗ္ဗာန် မှာကား, မည်ပါနိရောဓ, ဟုတ်မှန်လှ၏၊ ရှစ်ဝယာဥ်သာ, မဂ္ဂင်မှာကား, ငြိမ်းရာဒုက္ခ, နိဗ္ဗာနသို့, သွားရလမ်းမှန်, ဖြောင့်တန်းပြန်၍, အမှန်မဂ္ဂ, အမည်ရ၏၊ မှန်လှတရား, ဤလေးပါးကို, ဉာဏ်အားထင်ထင်, ကောင်းစွာမြင်၏။

သို့ပင်ပိုင်းခြား, သိမြင်ထားသူ, တစ်ဦးလူ၏, အတူကင်းကွာ, ရတနာကို, သဒ္ဓါ ထန်ပြင်း, ကိုးကွယ်ခြင်းသာ, ဘေးကင်းရန်ကွာ, ဖြစ်နိုင်ပါ၏၊ ချမ်းသာဆောင်တတ်, မြတ်လည်းမြတ်၏၊ မချွတ်သို့သာ, ပြုကျင့်လာသည့်, သဒ္ဓါဖွံ့ဖြိုး, ပုဂ္ဂိုလ်မျိုးသာ, သို့ကိုး ကွယ်မှု, အကြောင်းပြု၍, အိုမှု နာမှု, သေမှုစသား, ဒုက္ခများမှ, လျင်လျားမုချ, လွတ်မြောက် ရ၏။

## ၇-အာနန္ဒတ္ထေရပဉှဝတ္ထု

၁၉၃။ ဒုလ္လဘော ပုရိသာဇညော , န သော သဗ္ဗတ္ထ ဇာယတိ၊
ယတ္ထ သော ဇာယတိ ဓီရော , တံ ကုလံ သုခမေဓတိ။

**အနက်** ပုရိသာဇညော-လွန်ကဲထူးချွန်, သူမတန်အောင်, အကြောင်းမှန်သည်, မမှန် သည်ကို, ကြံစည်သိတတ်, ယောကျ်ားမြတ်ကို၊ ဒုလ္လဘော-ကတ်သီးကတ် သတ်, ခဲယဉ်းသဖြင့် ရအပ်ပါပေ၏၊သော-အာဇာနည်ဇာတ်, ထိုယောကျ်ား မြတ်သည်၊ သဗ္ဗတ္ထ-လုံးစုံမျိုးဇာတ်, ခပ်သိမ်းသောအရပ်၌၊ န ဇာယတိ-ကြောင်းအားမလျော်, မသင့် တော်၍, ထွန်းပေါ်လှိုင်လှိုင်, မဖြစ်နိုင်ပါပေ၊ ဓီရော-မြင့်မြတ်လွန်စွာ, ဉာဏ်ပညာ ပြည့်ဝသော၊ သော-အာဇာနည်ဇာတ်, ထိုယောကျ်ားမြတ်သည်၊ ယတ္ထ-မင်းနှင့်ပုဏ္ဏား, နှစ်ပါးသတ်မှတ်, အကြင်အမျိုးဇာတ်၌၊ ဇာယတိ-အဘိဝါဒန, စသည်ကြောင်းအား, လျော်သောအားဖြင့်၊ ထွန်းကားထင်စွာ, ဖြစ်ပေါ်လာ၏၊ တံကုလံ-အာဇာနည်ဇာတ်, ယောကျ်ားမြတ်တို့, ဖြစ်တတ်ကျော်ဟိုး, ထိုအမျိုးသည်၊ သုခံ-ပစ္စုပ် တမလွန်, နှစ်တန် သောချမ်းသာကို၊ ဧဓတိ-လက်ဆုပ်လက်ကိုင်, ရရှိနိုင်ပါပေ၏။

---

### ၁၉၃-ပဒဝိဘာဂ

**ပုရိသာဇညော**= [ ပုရိသ+အာဇည ] ပုရိသော စ သော အာဇညောစာတိ-ပုရိသာဇညော၊ ယောကျ်ားအာဇာနည်၊ အာဇာနည်ယောကျ်ား၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိတတ်သောယောကျ်ား။

**အာဇည**= [အာဇာနိယ+ဏျ] အာဇာနိယဿ ဘာဝေါ, သော ဧဝ ဝါ-အာဇညံ၊ မောဂ်-၄၊ ၁၂၇။ အာဇာနည်၏အဖြစ်၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိတတ်သော အာဇာနည်ပုဂ္ဂိုလ်။

**မြန်မာပြန်** ယောက်ျားအာဇာနည်ကို ရရှိရန် ခဲယဉ်းလှပေသည်၊ ယောက်ျားအာဇာနည်သည် မျိုးနွယ်တိုင်း, အရပ်တိုင်းမှာ ဖြစ်ထွန်းပေါ်ပေါက်သည်ကား မဟုတ်ပေ၊ အသိဉာဏ်ပြည့်ဝသော ယောက်ျားအာဇာနည် ဖြစ်ထွန်းပေါ်ပေါက်လာရာ အမျိုးအနွယ်သည် ချမ်းသာသုခကို ရရှိနိုင်ပေသည်။

**လင်္ကာ** သိဉာဏ်ပွားစည်, အာဇာနည်ဟု, တည်ကြည်ယောက်ျား, အလွန်ရှား၏၊ များပြားထွေရာ, ရပ်တကာမှာ, ဖြစ်ရာမလျော်, မသင့်တော်တည်း၊ ဖြစ်ပေါ်၍လာ, မျိုးနွယ်မှာကား, ချမ်းသာစီးပွား, တိုးတက်များ၏။

## ၈–သမ္မဟုလာဘိက္ခုဝတ္ထု

၁၉၄။ သုခေါ ဗုဒ္ဓါနမုပ္ပာဒေါ , သုခါ သဒ္ဓမ္မဒေသနာ၊
သုခါ သံဃဿ သာမဂ္ဂီ , သမဂ္ဂါနံ တပေါ သုခေါ။

**အနက်** ဗုဒ္ဓါနံ–သစ္စာလေးပါး, ပိုင်းခြားသိမြင်, ဘုရားရှင်တို့၏၊ ဥပ္ပာဒေါ–လောကအတွင်း, ပွင့်တော်မူလာခြင်းသည်၊ သုခေါ–ရာဂစသား, ခက်ခဲများကို, ကျော်လွှားစေတတ်, ချမ်းသာမြင့်မြတ်လှပါပေ၏၊ သဒ္ဓမ္မဒေသနာ–သတိပဋ္ဌာန, စသည်အပြား, သူတော်ကောင်းတို့၏တရားကို, မြွက်ကြားထုတ်ဖော်, ဟောတော်မူခြင်းသည်၊ သုခါ–ဇာတိစသား, ဆင်းရဲများမှ, လွတ်သွားလူနတ်, ဂုဏ်သကတ်ကြောင့်, ချမ်းသာမြင့်မြတ်လှပါပေ၏၊ သံဃဿ–ဗုဒ္ဓမြတ်စွာ, သာသနာဝယ်, ဝင်လာခိုအောင်း, သံဃာတော်

---

အာဇာနီယ+ဏျတည်၊ အာဇာနီယ–မှ ယနှင့်ဤ–ကို ချေ၊ ဏ–ကား အနုဗန်မျှသာ၊ [အာဇာန်+ယ] န်–ကို ဉ်–ပြု၊ ယ–ကိုလည်း ဉ–ပြု၊ ဉ်–ကို ဉ–သို့ကပ်၊ ဇာ–၏ အာ–ကို ရဿပြု၊ အာဇဉ–ဟု ဖြစ်၏။

**အာဇာနီယ=** [အာ √ဉာ+အနီယ] တစ်နည်း= [အာ √ဉာ+နာ+ဏျ] အာ ဘုသော ကာရဏာကာရဏံ ဇာနာတီတိ–အာဇာနီယော၊ အနီယော၊ ဏျပစ္စယေန ဝါ သိဒ္ဓါ၊ တဒါ ကိယာဒိတော နာတိ နာဂမော၊ ဤကာရာဂမော စ၊ ဓာန်–ဋီ၊ ၃၆၉။ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိတတ်သောပုဂ္ဂိုလ်၊ အကြောင်းအကျိုးကို သိတတ်သောပုဂ္ဂိုလ်။

**ဧဓတိ=** [ √ဧဓ+အ+တိ ] ရင်၏၊ ကြီးပွား၏၊ ဧဓ=(ဘူ) လာဘဝုဒ္ဓိသု–ရခြင်း၊ ကြီးပွားခြင်းတို့၌၊ (ဧဓတိ။)

### ၁၉၄–ပဒဝိဘာဂ

**သဒ္ဓမ္မဒေသနာ=** [သဒ္ဓမ္မ+ဒေသနာ] သဒ္ဓမ္မဿ ဒေသနာ–သဒ္ဓမ္မဒေသနာ၊ သူတော်ကောင်းတို့၏ တရားကိုဟောကြားခြင်း။

**ဒေသနာ=** [ √ဒိသ+ယု+အာ ] ဒေသီယတေ–ဒေသနာ, ဒေသီယတိ ဧတာယာတိ ဝါ–ဒေသနာ၊ နိရုတ္တိ–နှာ၊ ၅၅၇။ ဟောပြောခြင်း၊ ဟောပြောကြောင်း(ပါဠိ–စသည်။) ဒိသ=(စု) ဥစ္စာရဏေ–ရွတ်ဆိုပြောကြားခြင်း၌၊ (ဒေသေတိ၊ ဒေသယတိ။)

အပေါင်း၏၊ ဝါ-သဘောတူရာ, လူတကာတို့, ဝင်လာပေါင်းစု, အစည်းအရုံး တစ်ခုခု၏၊ သာမဂ္ဂီ-စိတ်တူကိုယ်မျှ, ညီညွတ်ကြခြင်းသည်၊ သုခါ-ကိစ္စသီးသီး, ပြီးစီးဖို့ရန်, ကြောင်းရင်းမှန်၍, အလွန်တရာ, မြင့်မြတ်ချမ်းသာလှပါပေ၏၊ သမဂ္ဂါနံ-စိတ်တူကိုယ်မျှ, ညီညွတ်ကြသူ, များရှင်လူတို့၏၊ တပေါ-ကိုယ်ကျင့်သီလ, စသည်ပျက်ကြောင်း, တရားပေါင်းကို, ကောင်းကောင်းသတ်ဖြတ်, လောင်မြိုက်တတ်သော အကျင့်သည်၊ သုခေါ-ဆိုင်ရာကိစ္စ, ပြီးစီးရ၍, မုချသေချာ, မြင့်မြတ်ချမ်းသာလှပါပေ၏။

**မြန်မာပြန်** ဘုရားရှင်တို့ ပွင့်တော်မူလာခြင်းသည် ချမ်းသာ၏၊ သူတော်ကောင်းတရားကို ဟောကြားခြင်းသည် ချမ်းသာ၏၊ သံဃာညီညွတ်မှုသည် ချမ်းသာ၏၊ ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာ၏။

**လင်္ကာ** ဘုရားရှင်တော်, များကျိုးမြော်၍, ပွင့်ပေါ်ခြင်းမှာ, ချမ်းသာပါ၏၊ ကြားနာသူပေါင်း, ကောင်းထက်ကောင်းအောင်, သူကောင်းအများ, တရားသဘော, ဟောပြောခြင်းမှာ, ချမ်းသာပါ၏၊ သံဃာတော်များ, ယူမပြားဘဲ, စိတ်ထားမချွတ်, ညီညွတ်ခြင်းမှာ, ချမ်းသာပါ၏၊ မကွာအယူ, ညီညွတ်သူတို့, စိတ်တူကိုယ်မျှ, ကျင့်ရခြင်းမှာ, ချမ်းသာပါ၏။

## ၉-ကဿပဒသဗလဿသုဝဏ္ဏစေတိယဝတ္ထု

၁၉၅။ ပူဇာရဟေ ပူဇယတော , ဗုဒ္ဓေ ယဒိဝ သာဝကေ၊
ပပဉ္စသမတိက္ကန္တေ , တိဏ္ဏသောကပရိဒ္ဒဝေ။

၁၉၆။ တေ တာဒိသေ ပူဇယတော , နိဗ္ဗုတေ အကုတောဘယေ၊
န သက္ကာ ပုညံ သင်္ခါတုံ , ဣမေတ္တမပိ ကေနစိ။

**အနက်** ပူဇာရဟေ-ပူဇော်ဖို့ရန်, ထိုက်တန်တော်မူကြကုန်သော၊ ပပဉ္စသမတိက္ကန္တေ-တဏှာ မာန, ဒိဋ္ဌိကဟု, သုံးဝကွဲပြား, သံသရာနယ်ချဲ့တရားတို့ကို လွန်မြောက်ပြီးကုန်သော၊ တိဏ္ဏသောကပရိဒ္ဒဝေ-စိုးရိမ်ပူဆွေး, ငိုကြွေးမြည်တမ်းခြင်းတို့ကို လွန်မြောက် ပြီးကုန်သော၊ ဗုဒ္ဓေ ဝါ-သစ္စာလေးပါး, ပိုင်းခြားသိမြင်, သဗ္ဗညုဘုရားရှင်

---

**သာမဂ္ဂီ**= [သမဂ္ဂ+ဏ+ဤ] သမဂ္ဂဿ ဘာဝေါ-သာမဂ္ဂီ၊ ညီညွတ်သောစိတ်ဆန္ဒရှိသူတို့၏ အဖြစ်။

**သမဂ္ဂ**= [သံ √အဇ+ဏ] သမံ အဇတိ ဂစ္ဆတိ ပဝတ္တတီတိ-သမဂ္ဂေါ၊ ညီညွတ်သော။
[သမ √ဂဟ+ကွိ] သမံ သကလံ ယထာ ဘဝတိ, တထာ ဂယှတေတိ-၊ ကောတ္ထုဘာ။
သမံ သကလံ ဂဏှာတီတိ-သမဂ္ဂေါ။

### ၁၉၅, ၁၉၆-ပဒဝိဘာဂ

**ပူဇာရဟော**= [ပူဇာ+အရဟ] ပူဇာယ အရဟော-ပူဇာရဟော၊ ပူဇော်ခြင်းငှာ ထိုက်တန်သော။

**အရဟ**= [ √အရဟ+အ] ထိုက်တန်သော၊ သင့်လျော်သော၊ လျောက်ပတ်သော။

တို့ကိုလည်းကောင်း၊ ယဒိဝါ–ထိုမှတစ်ပါး, ပစ္စေကဗုဒ္ဓါ အရှင်မြတ်များတို့ကိုလည်းကောင်း၊ သာဝကေဝါ–ရှင်တော်ဟောကြား, မြတ်တရားကို, နာကြားလိုက်နာ, တပည့်အရိယာတို့ကို လည်းကောင်း၊ ပူဇယတော–ရှိခိုးဦးချ, အစပြုကာ, ကောင်းစွာ ပေးလှူ, ပူဇော်သူ၏ လည်းကောင်း၊–

တာဒိသေ–မြင့်မြတ်ထူးခြား, ဂုဏ်ရည်အားဖြင့်, မပြားရောနှော, ထိုသို့သော ရှိကုန်သော၊ နိဗ္ဗုတေ–ခန္ဓာဇာတ်သိမ်း, အေးငြိမ်းနိဗ္ဗာန်, ဝင်စံတော်မူပြီးကုန်သော၊ အကုတော ဘယေ–ဘဝအာရုံ, တစ်စုံတစ်ခုမှ, ဘေးမရှိကြကုန်သော၊ တေ–ဘုရား ပစ္စေကာ, အရိယာသာဝက, များလှပေတောင်း, ထိုအရှင်မြတ် အရှင်ကောင်းတို့ကို၊ ပူဇယတော–ရည်မှန်းဦးချ, အစပြုကာ, ကောင်းစွာပေးလှူ, ပူဇော်သူ၏ လည်းကောင်း၊ ပုညံ–မကောင်း ကျိုးပယ်, ကောင်းကျိုးကြွယ်အောင်, ချယ်လှယ်ပေးတတ်, ကုသိုလ်မြတ်ကို၊ ဣမံ–ပူဇော်ပေါင်းစု, ဤကုသိုလ်ကောင်းမှုသည်၊ ဧတ္တံ–ဤမျှအတိုင်းအရှည်ရှိ၏၊ ဣမံ– ပူဇော်ကြောင်းပြု, ဤကုသိုလ်ကောင်းမှုသည်၊ ဧတ္တံ–ဤမျှအတိုင်းအရှည်ရှိ၏၊ ဣတိ– ဤသို့၊ ကေနစိအပိ–ဗြဟ္မာနတ်လူ, တစ်ဦးတစ်ယောက်သောသူကသော်မှလည်း၊ ကေနစိ အပိ–ချိန်တွယ်စရာ, ခြင်စရာဟု, တစ်ခုခုဖြင့်လည်း၊ သင်္ခါတုံ–ဤ၍ဤမျှ, ဂဏန်းချလျက်, ရေတွက်ပြခြင်းငှာ၊ နသက္ကာ–ဘယ်လိုစီမံ, ဘယ်လိုကြံလည်း, ပြည့်ဝွန်ပိုင်ပိုင်, မစွမ်းနိုင် ပါပေ။

---

**ပူဇယတော**= [ √ပူဇ+ဏယ+အန္တ ] ပူဇေတီတိ–ပူဇယန္တော၊ ပူဇော်သော(သူ)။

**ပပဉ္စသမတိက္ကန္တေ**= [ပပဉ္စ+သမတိက္ကန္တ ] ပပဉ္စာ သမတိက္ကန္တာ ယေဟီတိ–ပပဉ္စသမတိက္ကန္တာ၊ လွန်မြောက်အပ်ပြီးသော ပပဉ္စတရားရှိကုန်သော၊ ပပဉ္စတရားကို လွန်မြောက်ပြီးကုန်သော။

**ပပဉ္စ**= [ပ √ပစိ+ဏ ] အတ္တနိဿိတာနံ သတ္တာနံ သံသာရေ ပပဉ္စေန္တိ ဝိတ္ထိန္နံ ကရောန္တီတိ– ပပဉ္စာ=တဏှာမာနဒိဋ္ဌိယော။ အထဝါ= ပပဉ္စေန္တိ ယတ္ထ သယံ ဥပ္ပန္နာ တံ သန္တာနံ ဝိတ္ထာ ရေန္တိ စိရံ ဌပေန္တီတိ–ပပဉ္စာ၊ နီတိ–ဓာ၊ ၂၉၂။ ပပဉ္စေန္တိ သံသာရေ စိရံ ဌပေန္တီတိ– ပပဉ္စာ။ ပါစိတျာဒိ–ယော၊ ၄၈၄။ သံသရာကို ချဲ့ထွင်တတ်ကုန်သော (တဏှာ, မာန, ဒိဋ္ဌိ။)

**သမတိက္ကန္တ**= [သံ+အတိ √ကမု+တ ] သမတိက္ကမိတ္ထာတိ, သမတိက္ကမီယိတ္ထာတိ ဝါ– သမတိက္ကန္တော၊ ကောင်းစွာ လွန်မြောက်ပြီးသော၊ ကောင်းစွာ လွန်မြောက်အပ်(ပယ်အပ်) ပြီးသော။

**တိဏ္ဏသောကပရိဒ္ဒဝေ**= [တိဏ္ဏ+သောကပရိဒ္ဒဝ ]တိဏ္ဏာ သောကပရိဒ္ဒဝါ ယေသန္တေ–တိဏ္ဏ သောကပရိဒ္ဒဝါ၊ လွန်မြောက်ပြီးသော စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်းရှိကုန်သော၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်းကို လွန်မြောက်ပြီးကုန်သော။

**တိဏ္ဏ**= [ √တရ+တ ] အတရီတိ–တိဏ္ဏော၊ ရူ၊ ၆၁၆။ ကူးမြောက်လွန်မြောက်ပြီးသော။

**သောကပရိဒ္ဒဝ**= [သောက+ပရိဒ္ဒဝ ] သောကော စ ပရိဒ္ဒဝေါ စာတိ–သောကပရိဒ္ဒဝါ၊ စိုးရိမ် ပူဆွေးခြင်းနှင့် ငိုကြွေးမြည်တမ်းခြင်းတို့။

**မြန်မာပြန်** ပူဇော်ထိုက်ကုန်, တဏှာမာနဒိဋ္ဌိဟူသော သံသရာနယ်ချဲ့တရားများ မရှိကုန်, စိုးရိမ်ခြင်း ငိုကြွေးခြင်းကင်းကုန်ပြီးသော (သက်တော်ထင်ရှား) ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ကို ပူဇော်သူနှင့်-

(သက်တော်ထင်ရှား) ဘုရား-ပစ္စေကဗုဒ္ဓါ-အရိယာသာဝကတို့နှင့် အလားတူကြသည့် အပြင်, တစ်စုံတစ်ခုသော ဘဝ အာရုံနှင့်ပတ်သက်၍ ဘေးမရှိကြသည့် ပရိနိဗ္ဗာန်ဝင်စံ တော်မူပြီးသော ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ကို ပူဇော်သူများ၏ ကုသိုလ် ကောင်းမှုကို "ဤကောင်းမှုသည် ဤမျှရှိ၏၊ ဤကောင်းမှုသည် ဤမျှရှိ၏"ဟု တစ်ဦး တစ်ယောက်မျှ ချိန်နှင့်ခြင်ခွက် တစ်ခုခုဖြင့် ရေတွက်ပြခြင်းငှာ မစွမ်းဆောင်နိုင်ပေ။

**လင်္ကာ** သံသရာတွင်, ဆုံးမထင်အောင်, ချဲ့ထွင်တဏှာ, မာနာဒိဋ္ဌိ, ကျော်လွန်ဘိ၍, မရှိပူဆွေး, ငိုကြွေးကင်းရှင်း, ပူဇော်ခြင်းငှာ, ထိုက်တန်ပါသည့်, မြတ်စွာဗုဒ္ဓ, ပစ္စေကနှင့်, သာဝကကို, စိတ်ကကြည်ဖြူ, ပူဇော်သူနှင့်-

နိဗ္ဗုတာနန်း, ကြွမြန်းစံဝင်, ဘေးကင်းစင်သည့်, သို့စင် ဗုဒ္ဓ, ပစ္စေကနှင့်, သာဝက များ, အစားစားကို, လေးစားကြည်ဖြူ, ပူဇော်သူ၏, ရယူပွားတိုး, ကုသိုလ်မျိုးကို, မိုးနတ် နှင့်လူ, မည်သည့်သူမှ, ဤမျှလောက်သာ, ရရှိလာဟု, တိုင်းတာပိုင်ပိုင်, မရေနိုင်တည်း။

---

**ပရိဒ္ဒဝ=** [ပရိ √ဒေဝု+ဏ] ပရိဒေဝနံ-ပရိဒေဝေါ၊ သောဇဝ ပရိဒ္ဒဝေါ၊ ဓာန်-ဋီ၊ ၁၂၃။ ပုနပ္ပုနံ, သမန္တတော ဝါ ဒေဝေါ-ပရိဒေဝေါ, ပရိဒ္ဒဝေါစ၊ ဓာန်-ဋီ၊ ၁၆၅။ အထူးထူး အပြားပြား ပြောကြားငိုကြွေးခြင်း၊ ငိုယိုပြောဆိုခြင်း၊ တမ်းတငိုယိုခြင်း။

**နိဗ္ဗုတေ=** [နိ √ဝါ+တ] မဟာဝုတ္တိနာ ဝါဿုတ္တံ၊ နိရုတ္တိ-နှာ၊ ၁၁၀။ နိဗ္ဗာယိတ္ထာတိ-(ငြိမ်းအေး ပြီးဖြစ်သောကြောင့်၊) နိဗ္ဗုတော။

[နိ √ဝု+တ] နိဗ္ဗုဏိတ္ထာတိ-နိဗ္ဗုတော။

[နိ √ဝရ+တ] ကောတ္ထုဘာ။ ငြိမ်းအေးပြီးသော၊ ပရိနိဗ္ဗာန်စံလွန်ပြီးသော။

**အကုတောဘယေ=** [န+ကုတော+ဘယ] နတ္ထိ ကုတောစိ ဘယံ ယေသန္တိ-အကုတောဘယာ= ဗုဒ္ဓါဒယော ခီဏာသဝါ၊ မည်သည့်အကြောင်းကြောင့်မျှ ဘေးရန်မရှိကုန်သော၊ မည်သည့် ဘဝ, အာရုံကမျှ (လာသော)ဘေးရန်မရှိကုန်သော။

**သက္ကာ=** [ဗျ] စွမ်းနိုင်၏၊ တတ်နိုင်၏၊ တတ်ကောင်း၏။ အတ္ထိ သက္ကာ လဗ္ဘာ ဣစ္စာဒိ- ဣမေ ပါဋိပဒိကံနာမ၊ နိရုတ္တိ-နှာ၊ ၁၆၅။ နတ္ထိ သက္ကာ လဗ္ဘာ သိယာ သိယုံ သာဓု တုဏှီ ဣစ္စာဒီဟိ စ ပဌမာယ လောပေါ။ နိရုတ္တိ-နှာ၊ ၁၅၅။

**သင်္ခါတုံ=** [သံ √ခါ+တုံ] ရေတွက်ခြင်းငှာ။

**ဧတ္တံ ,ဧတ္တကံ=** [ဧတ+တ္တက] ဧတံ ပရိမာဏံ အဿာတိ-ဧတ္တကံ၊ ဧတ္တကမေဝ ဧတ္တံ၊ ဧတ သဒ္ဒါကို သုတ်ကြီးဖြင့် ဧ-ပြု၊ က-ကိုလည်း ချေ၊ ဤမျှအတိုင်းအရှည်ရှိသော။

# ၁၅-သုခဝဂ္ဂ

## ၁-ဉာတိကလဟဝူပသမနဝတ္ထု

၁၉၇။ သုသုခံ ဝတ ဇီဝါမ , ဝေရိနေသု အဝေရိနော၊
ဝေရိနေသု မနုဿေသု , ဝိဟရာမ အဝေရိနော။

၁၉၈။ သုသုခံ ဝတ ဇီဝါမ , အာတုရေသု အနာတုရာ၊
အာတုရေသု မနုဿေသု , ဝိဟရာမ အနာတုရာ။

၁၉၉။ သုသုခံ ဝတ ဇီဝါမ , ဥဿုကေသု အနုဿုကာ၊
ဥဿုကေသု မနုဿေသု , ဝိဟရာမ အနုဿုကာ။

**အနက်** ယေ မယံ-သိဖွယ်မှန်က, မကျန်ရအောင်, သိကြကုန်စင်, အကြင်ငါတို့သည်၊ ဝေရိနေသု-ရာဇဘယ, စသည်ငါးတန်, ဘေးရန်ရှိကြကုန်သော၊ မနုဿေသု-ကိုယ်ကျိုးစီးပွား, ကိုယ့်စွမ်းအားဖြင့်, သိထားကြသူ, လောကီလူတို့၌၊ အဝေရိနော-တွင်းပြင်နှစ်တန်, ဘေးရန်မရှိကုန်သည်ဖြစ်၍၊ ဝိဟရာမ-သူများအကျိုး, ဆောင်သယ်ပိုးကာ, နေကြရပါကုန်၏၊ တေ မယံ-လုံးစုံသိမြင်, တွင်းပြင်နှစ်တန်, ဘေးရန်ပယ်ထား, ထိုငါဘုရားတို့သည်၊ ဝေရိနေသု-ရာဇဘယ, စသည်ငါးတန်, ဘေးရန်ပြောထူ, လောကီလူတို့၌၊ အဝေရိနော-တွင်းပြင်နှစ်တန်, ဘေးရန်မရှိကုန်သည်ဖြစ်၍၊ သုသုခံ-မိစ္ဆာဇီဝ, စသည်ကင်းကွာ, အလွန်ချမ်းသာစွာ၊ ဇီဝါမ ဝတ-လွန်စွာငြိမ်းအေး, အသက်မွေးကြရပါပေစွတကား။

---

### ၁၉၇, ၁၉၈, ၁၉၉-ပဒဝိဘာဂ

**သုသုခံ**= [သု+သုခ] သုဋ္ဌု သုခံ-သုသုခံ၊ တိ ။ အလွန်ချမ်းသာသော။

**ဝေရိနေသု**= [ဝေရီ+သု] မောဂ်-၂၊ ၁၉၅။ (သုဟိသုနက် )သုတ်၌ နက်ဟူသော ယောဂဝိဘာဂဖြင့် နောက် သု-ဝိဘတ်ကြောင့် န-လာ၍ ဝေရိနေသု-ဟု ပြီးသည်။ နီတိ-ပဒ၊ ၂၅၀။ နိရုတ္တိ၊ ၁၀၇-တို့ကိုလည်းရှု။

**အဝေရိနော**= [န+ဝေရီ] န ဝေရီ-အဝေရီ၊ ရန်မရှိသော၊ ရန်ကင်းသော(သူ။)

**ဝိဟရာမ**= [ဝိ √ဟရ+အ+မ] နေကြကုန်၏၊ ဝိပုဗ္ဗော ဟရ-ဝိဟရဏေ-နေခြင်း၌၊ (ဝိဟရတိ။)

**အာတုရေသု**= [အာ √တုရ+အ] အာတုရတီတိ-အာတုရော၊ သံ-ဋီ-၂၊ ၂၀၂။ (အနာရောဂါ, ကိလေသာတို့ဖြင့် ) နာကျင်နေသော။

[ √အတ+ဥရ] အတ-သာတစ္စဂမနေ၊ အဓိကရဏေ,ကတ္တရိ ဝါ ဥရော- အာတုရော။ ဒီဃာဒိ။ ဓာန်-ဋီ၊ ၃၂၂။ နာဖျားသော၊ နာမကျန်းသော။

**အနာတုရာ**= [န+အာတုရ] န အာတုရော-အနာတုရော၊ နတ္ထိ အာတုရော ယဿာတိ ဝါ-အနာတုရော။မနာကျင်သော၊ နာကျင်ခြင်းမရှိသော၊ ရောဂါမရှိသော၊ ကိလေသာအနာ

ယေ မယံ-သိဖွယ်မှန်က, မကျန်ရအောင်, တိကျမြင်လာ, အကြင်ငါတို့သည်၊ အာတု ရေသု-ကုခက်လှပါ, ကိလေနာဖြင့်, လွန်စွာနာကျင်နေကြကုန်သော၊ မနုဿေသု-မနုမည်တွင်, လေးကျွန်ရှင်မှ, စတင်ပေါက်ပွား, လူအများတို့၌၊ အနာတုရာ-ကုခက်လွန်စွာ, ကိလေနာတို့, မြစ်ပါကင်းစင်, မနာကျင်ကြကုန်သည်ဖြစ်၍၊ ဝိဟရာမ-သူ့မှာစွဲလာ, ကိလေနာကို, ဖွေရှာကုမ, နေကြရကုန်၏၊ တေ မယံ-ကိုယ်ရောဂါကင်း, သူလည်းကင်းအောင်, ထန်ပြင်းကြိုးစား, ထိုငါဘုရားတို့သည်၊ အာတုရေသု-ကုခက်လှပါ, ကိလေနာဖြင့်, နာနေကြသူ, လောကီလူတို့၌၊ အနာတုရာ-ကုခက်လွန်စွာ, ကိလေနာတို့, မြစ်ပါကင်းစင်, မနာကျင်ကြကုန်သည်ဖြစ်၍၊ သုသုခံ-တုနှိုင်းမတန်, အလွန်ချမ်းသာစွာ၊ ဇီဝါမ ဝတ-အေးမြကြည်လင်, အသက်ရှင်ကြရပါပေစွတကား။

ယေ မယံ-အကြင်ငါတို့သည်၊ ဥဿုကေသု-ကာမဂုဏ်ငါး, အာရုံများကို, လိုလားလွန်မင်း, ရှာဖွေခြင်းဝယ်, ထန်ပြင်းကြိုးကုတ်, အားထုတ်နေကြကုန်သော၊ မနုဿေသု-မနုခေါ်ကြ, သမ္မတမှ, စ၍ပေါက်ပွား, လူအများတို့၌၊ အနုဿုကာ-ကာမဂုဏ်ငါး, အာရုံများဝယ်, အားထုတ်ကြောင့်ကြ, ဗျာပါရမရှိကုန်သည်ဖြစ်၍၊ ဝိဟရာမ-သမာပတ်ဖိုလ်, အေးရိပ်ခိုကာ, ချမ်းသာအေးမြ,နေထိုင်ကြရကုန်၏၊ တေ မယံ-သမာပတ်ဖိုလ်, အေးရိပ်ခိုကာ, ချမ်းသာစံစား, ထိုငါဘုရားတို့သည်၊ ဥဿုကေသု-ကာမဂုဏ်ငါး, အာရုံများကို, လိုလားလွန်မင်း, ရှာဖွေခြင်းဝယ်, ထန်ပြင်းကြိုးစား, လူအများတို့၌၊ အနုဿုကာ-ကာမဂုဏ်ငါး, အာရုံများဝယ်, အားထုတ်ကြောင့်ကြ, ဗျာပါရမရှိကုန်သည်ဖြစ်၍၊ သုသုခံ-ကိလေမီးများ, ငြိမ်းအေးသွား၍, ထူးခြားမြတ်မွန်, အလွန်ချမ်းသာစွာ၊ ဇီဝါမ-သက်သောင့်သက်သာ, အသက်ရှင်နေကြရပါပေစွတကား။

(မြန်မာပြန်) ဘေးရန်ပြောထူ လူတို့၏အလယ်၌ ဘေးရန်ကင်းကွာ နေထိုင်လာသော ငါဘုရားသည် ဘေးရန်ပြောထူ လူတို့အလယ်၌ ဘေးရန်ကင်းကွာ အလွန်ချမ်းသာစွာ အသက်မွေးရပါပေစွ။

ကိလေသာအနာ နှိပ်စက်ခံနေရသော လူထုကြားဝယ် အနာကင်းကွာ နေထိုင်လာသော ငါဘုရားသည် ကိလေသာနာ နှိပ်စက်ခံနေရသူ လူတို့၏အလယ်၌ အနာကင်းကွာ အလွန်ချမ်းသာစွာ အသက်ရှင်ရပါပေစွ။

---

မရှိသော။

**ဥဿုကေသု=** [ဥ+သု √ကာ+အ] ဥဋ္ဌာနံ သုဋ္ဌု ကာယတီတိ-ဥဿုကော၊ ဓာန်-ဋီ၊ ၇၂၇။ အလိုရှိအပ်သော အကျိုး၌ အားထုတ်သူ။ကြိုးစားသူ၊ ကာ=(ဘု)၊ သဒ္ဒေ-အသံပြုခြင်း၌၊ (ကာတိ၊ ကာယတိ။)

[ဥ √သု+ကွိ+က] ကောတ္တုဘာ။ သု=(ဘူ)၊ ခေပနေ-ပစ်ပယ်ခြင်း၌၊ ပသုတိယံ စ-ဖြစ်စေခြင်း၌လည်း။ (သုဝတိ။)

**အနုဿုကာ=** [န+ဥဿုက] အားထုတ်, ကြောင့်ကြ, ဗျာပါရမရှိသော။လွတ်လပ်ချမ်းမြေ့သော။

ကာမဂုဏ်ငါးပါး အာရုံတရားတို့ကို ဖွေရှာကြိုးကုတ် အားထုတ်နေကြသော လူထုကြားဝယ် အားထုတ်ကင်းကွာ နေထိုင်လာသော ငါဘုရားသည် ကာမဂုဏ်ကိုရရန် အားထုတ်ကြိုးစားနေကြသူ လူတို့၏အလယ်၌ အားထုတ်ကင်းကွာ အလွန်ချမ်းသာစွာ အသက်ရှင်နေရပါပေစွ။

**လင်္ကာ** ဘေးရန်ထွေပြား, လူထုကြားဝယ်, ရန်များကင်းကွာ, နေရလာသည့်, ငါဘုရားကား, ထိုသူကြားဝယ်, ထူးခြားလှပါ, ချမ်းသာစွာဖြင့်, ပူဆာမဖက်, မှုမပျက်ဘဲ, အသက်မွေးရပါပေစွ။

ကိလေသာနာ, နှိပ်စက်လာ၍, ကျင်နာခြင်းများ, လူထုကြားဝယ်, နာဖျားကင်းကွာ, နေရလာသည့်, ငါဘုရားကား, ထိုသူကြားဝယ်, ထူးခြားလှပါ, ပူဆာမဖက်, မှုမပျက်ဘဲ, အသက်ရှင်ရပါပေစွ။

ငါးပါးအာရုံ, ကာမဂုဏ်ကို, တလုံလဲလဲ, မှီဝဲလိုက်စား, လူထုကြားဝယ်, လိုက်စားကင်းကွာ, နေထိုင်လာသည့်, ငါဘုရားကား, ထိုသူကြားဝယ်, ထူးခြားလှပါ, ပူဆာမဖက်, မှုမပျက်ဘဲ, အသက်ရှင်ရပါပေစွ။

## ၂-မာရဝဂ္ဂ

၂၀၀။ သုသုခံ ဝတ ဇီဝါမ , ယေသံ နော နတ္ထိ ကိဉ္စနံ၊
ပီတိဘက္ခာ ဘဝိဿာမ , ဒေဝါ အာဘဿရာ ယထာ။

**အနက်** (ပါပိမ-စိတ်ထားညစ်ပုပ်, ဟဲ့ မာရ်နတ်ယုတ် ! ) ယေသံ နော-လူသုံးပါးတို့, ကိုးစားရာသခင်, အကြင်ငါတို့အား(မှာ)၊ ကိဉ္စနံ-ရာဂအစ, ကြောင့်ကြတတ်ငြား, တရားများတွင်, တစ်ပါးပါးမျှလည်း၊ နတ္ထိ-မဂ်ဖြင့်ပယ်ခွင်း, အကုန်ရှင်း၍, မြစ်ရင်းပြတ်ကာ, မရှိတော့ပါပေ၊ တေ မယံ-ကြောင့်ကြမျိုးစုံ, အကုန်ဖျက်ထား, ထိုငါဘုရားတို့သည်၊ သုသုခံ-အပူဟူက, မြူမျှမသန်း, အလွန်အေးချမ်းစွာ၊ ဇီဝါမ ဝတ-သက်သောင့်သက်သာ အသက်ရှင်နေရပါပေစွတကား၊ အာဘဿရာဒေဝါ-ပြိုးပြိုး ပြက်ပြက်, တလက်လက်ဖြင့်, ပေါ်ထွက်ကိုယ်ရောင်, ထွန်းပြောင်ပြန့်ပွား, အာဘဿရ ဗြဟ္မာများတို့သည်၊ ပီတိဘက္ခာယထာ-အပိုမရှာ, ပီတိဟူသောအစာ ရှိကြကုန်သကဲ့သို့၊ မယမ္ပိ-သုံးလူ့ထွတ်ဖျား, ငါဘုရားတို့သည်လည်း၊ ပီတိဘက္ခာ-ကြောင့်ကြကင်းကွာ, ပီတိဟူသော အစာရှိကြကုန်သည်၊ ဘဝိဿာမ-တစ်ထပ်စာမျှ, ဆွမ်းမရလည်း, စိတ်က ကြည်သာ, ဖြစ်ကြရပါတော့အံ့။

---

## ၂၀၀-ပဒဝိဘာဂ

**ပီတိဘက္ခာ**= [ပီတိ+ဘက္ခ]ပီတိ ဘက္ခော အာဟာရော ယေသန္တိ-ပီတိဘက္ခာ၊ ပီတိဟူသော အစာရှိကုန်သော။

**ပီတိ**= [ √ပီ+တိ ] ပီဏေတိ တပ္ပေတီတိ-ပီတိ၊ ဓာန်-ဋီ၊ ၈၇။ ပီဏန်-ပီတိ၊ ဝမ်းမြောက်ခြင်း၊ နှစ်သက်ခြင်း။

(မြန်မာပြန်) စိုးရိမ်ကြောင့်ကြစရာ တစ်စုံတစ်ခုမျှ မရှိတော့သည့်အတွက် ငါဘုရားတို့သည် အလွန်ချမ်းသာစွာ အသက်မွေးနေကြရကုန်၏၊ အာဘဿရဗြဟ္မာများသည် နှစ်သက်မှု(ပီတိ)အစာကို အမှီပြုကာ နေကြရသကဲ့သို့ ငါဘုရားတို့သည်လည်း နှစ်သက်မှု(ပီတိ)အစာကို အမှီပြုကာ နေထိုင်ရကုန်အံ့။

(လင်္ကာ) ငါမှာတောင့်တ, ကြောင့်ကြစရာ, မရှိပါ၍, ချမ်းသာအေးမြ, သက်မွေးရ၏၊ ဆွမ်းမျှဖွေရှာ, မရပါလည်း, အာဘဿရ, ဗြဟ္မပမာ, ပီတိစာဖြင့်, ဝမ်းသာရွှင်ပျ, နေပါရအံ့။

## ၃-ကောသလရညော ပရာဇယဝတ္ထု

၂၀၁။ ဇယံ ဝေရံ ပသဝတိ , ဒုက္ခံ သေတိ ပရာဇိတော၊
ဥပသန္တော သုခံ သေတိ , ဟိတွာ ဇယပရာဇယံ။

(အနက်) ဇယံ-သူနိုင် ကိုယ်နိုင်, ယှဉ်ပြိုင်ကြရာ, တစ်ဖက်သားကို အောင်မြင်လာသောသူသည်၊ဝေရံ-ရှုံးသူတို့ပြန်, နောက်ထပ်ရန်ကို၊ ပသဝတိ-မလွဲမသွေ, ဖြစ်ပွားစေ၏၊ ပရာဇိတော-သူနိုင်ကိုယ်နိုင်, ယှဉ်ပြိုင်ကြရာ, ရှုံးနိမ့်လာသောသူသည်၊ ဒုက္ခံ-ရန်သူ

---

**ဘက္ခ**= [ √ဘက္ခ+အ ] ဘက္ခီယတေတိ-ဘက္ခော၊ ပု ။ စားအပ်သောအစာ၊ အာဟာရ၊ ဘက္ခ= (ဘူ+စု) အဒနေ-စားခြင်း၌၊ (ဘက္ခတိ၊ ဘက္ခေတိ၊ ဘက္ခယတိ ။)

**အာဘဿရာ**= [အာဘာ+သရ] အာဘာ သရာ ဧတေသန္တိ-အာဘဿရာ၊ ပြိုးပြိုးပြက်ပြက် တလက်လက်ထွက်သောကိုယ်ရောင်ရှိသော၊ (အာဘဿရဗြဟ္မာ။)

[အာဘာသ+ရ] အာဘာသော သီလံ ဧတေသန္တိ-အာဘဿရာ၊ တသီလတဒ္ဓိတ်၊ သ-ဒွေဘော်လာ၊ ရှေ့အာ-ကို ရဿပြု၊ ကိုယ်ရောင်ထွန်းတောက်ပခြင်း အလေ့ရှိသော ဗြဟ္မာ။

**အာဘာ**= [အာ √ဘာ+အ+အာ] အာ ဘုသော ဘာတီတိ-အာဘာ၊ ဓာန်-ဋီ၊ ၆၄။ အရောင် အရောင်အလင်း။

**သရာ**= [ √သရ+အ+အာ] သရတိ နိဿရတီတိ-သရာ၊ ထွက်သွားတတ်သော(အရောင်-စသည်၊) တိ ။ ဤ၌ အရာဋ္ဌာနအားလျော်စွာ ဣတ္ထိလိင်ဖြင့် ပြထားသည်။

**အာဘာသ**= [အာ √ဘာသ+အ ] အာဘာသနံ ဩဘာသနံ-အာဘာသော၊ တိ ။ ထွန်းလင်းတောက်ပခြင်း၊ အရောင်အဝါ။

## ၂၀၁-ပဒဝိဘာဂ

**ဇယံ**= [ √ဇိ+အန္တ ] ဇိနာတီတိ-ဇယန္တော၊ အောင်သော၊ အောင်နိုင်သော၊ အောင်မြင်သော။

**ပသဝတိ**= [ပ √သူ+အ+တိ ] ဖြစ်စေ၏၊ မွေးဖွား၏။

**ပရာဇိတော**= [ပရာ √ဇိ+တ ] ပရာဇယိတ္ထာတိ-ပရာဇိတော၊ ရှုံးသော(သူ။)

**ဇယပရာဇယံ**= [ဇယ+ပရာဇယ ] ဇယော စ ပရာဇယော စ-ဇယပရာဇယော၊ ပု ။ အောင်ခြင်း ရှုံးခြင်း။

ပျက်ရေး, ကြံတွေးလျက်ပင်, ငြိုငြင်ဆင်းရဲစွာ၊ သေတိ–အမြဲတစေ, နေရလေ၏၊ ဥပသန္တော–ကိုယ်တွင်းရာဂ, စသည်ပူမီး, ငြိမ်းအေးပြီးသော ရဟန္တာပုဂ္ဂိုလ်သည်၊ ဇယပရာဇယံ–သူနှင့်ယှဉ်ပြိုင်, အနိုင်ရခြင်း, ရှုံးရခြင်းကို၊ ဟိတွာ–မပြုရှောင်ရှား, စွန့်ပယ်ထား၍၊ သုခံ သေတိ–လျောင်းထိုင်ရပ်သွား, လေးပါးလုံးမှာ, ချမ်းသာအေးမြ, နေထိုင်ရလေတော့၏။

**မြန်မာပြန်** (နှစ်ဦးနှစ်ဖက် ယှဉ်ပြိုင်ကြရာ၌) အနိုင်ရသူမှာ ရန်တိုးပွားလာ၏၊ ရှုံးသူမှာကား ငြိုငြင်ဆင်းရဲစွာနေရ၏၊ ကိလေသာကိုယ်တွင်းမီး ငြိမ်းအေးပြီးသော ရဟန္တာပုဂ္ဂိုလ်သည် အောင်မှု,ရှုံးမှု နှစ်ခုလုံးကိုပယ်၍ ချမ်းသာအေးမြ နေထိုင်ရ၏။

**လင်္ကာ** ယှဉ်ပြိုင်ပြုမူ,နှစ်ဖက်လူတွင်, အောင်သူရန်ပွား, ရှုံးသွားဆင်းရဲ,နေရမြဲတည်း၊ ပြတ်စဲအပူ, ငြိမ်းအေးသူကား, ရယူအောင်ခြင်း, ရှုံးခြင်းနှစ်ပါး, ပယ်စွန့်ထား၍, ထူးခြားလွန်စွာ, ချမ်းသာအေးမြ, နေပါရ၏။

## ၄–အညတရကုလဒါရိကာဝတ္ထု

၂၀၂။ နတ္ထိ ရာဂသမော အဂ္ဂိ , နတ္ထိ ဒေါသသမော ကလိ၊
နတ္ထိ ခန္ဓသမာ ဒုက္ခာ , နတ္ထိ သန္တိ ပရံ သုခံ။

**အနက်** ရာဂသမော–ခိုးလျှံမထင်, ထဲတွင်လှိုက်ပူ, ရာဂနှင့်တူသော၊ အဂ္ဂိ–ပူရှိန်အားကြီး, အခြားသောမီးသည်၊ နတ္ထိ–လူ့ပြည်နတ်ရွာ, အနံ့ရှာလည်း, ဘယ်မှာတစ်, မတွေ့ရှိနိုင်ပေ၊ ဒေါသသမော–မျက်မာန်ပြောထူ, ဒေါသနှင့်တူသော၊ ကလိ–ယုတ်မာဆိုးညစ်, တစ်စုံတစ်ခုသောအပြစ်သည်၊ နတ္ထိ–နတ်နှင့်ဗြဟ္မာ, လူတို့ရွာဝယ်, ဘယ်မှာတစ်, မရှိနိုင်ပါပေ၊ ခန္ဓသမာ–အမြဲနိစ္စ, ရွက်ဆောင်ရပါ, ကိုယ်ခန္ဓာနှင့် တူကုန်သော၊ ဝါ–ဇာတိဒုက္ခ, စသည်ပြောထူ, ကိုယ်ခန္ဓာကိုရွက်ဆောင်ရခြင်းနှင့် တူကုန်သော၊ ဒုက္ခာ–သည်းခံခက်ခဲ, အခြားသော ဆင်းရဲတို့သည်၊ နတ္ထိ–ဘယ်ရပ်ဒေသာ, ဘယ်မှာရှာလည်း, ဘယ်ခါတစ်, မတွေ့ရှိနိုင်ပါကုန်၊ သန္တိပရံ–အပူခပ်သိမ်း, အေးငြိမ်းရာမှန်, နိဗ္ဗာန်ထက် လွန်မြတ်သော၊ သုခံ–ပူမီးကင်းကွာ, အခြားသော ချမ်းသာသည်လည်း၊ နတ္ထိ–နတ်နှင့်ဗြဟ္မာ, လူတို့ရွာဝယ်, ဘယ်မှာတစ်, မရှိနိုင်တော့သည်သာ။

---

**ဇယံ=** [ √ဇိ+အ ] ဇယနံ–ဇယော၊ အောင်ခြင်း၊ အောင်နိုင်ခြင်း၊ အောင်မြင်ခြင်း။

**ပရာဇယ=** [ပရာ √ဇိ+အ ] ပရာဇယနံ–ပရာဇယော၊ ရှုံးခြင်း။

### ၂၀၂–ပဒဝိဘာဂ

**ရာဂသမော=** [ရာဂ+သမ] ရာဂေန သမော–ရာဂသမော၊ ရာဂနှင့်တူသော။

**ဒေါသသမော=** [ဒေါသ+သမ] ဒေါသေန သမော–ဒေါသသမော၊ ဒေါသနှင့်တူသော။

**ကလိ=** [ √ကလ+ဣ ] ကလ–သင်္ချာနေ၊ ကလီယတိ ပရိမီယတီတိ–(နှိုင်းယှဉ်အပ်သောကြောင့်၊) ကလိ= ပါပံ၊ မောဂ်–၇၊ ၇။ အပြစ်၊ ချွတ်ယွင်းချက်၊ မကောင်းမှု၊ ခန္ဓာကိုယ်၊ အတ္တဘော။

**မြန်မာပြန်** ရာဂနှင့်တူသောမီး မရှိ၊ ဒေါသနှင့်တူသောအပြစ်မရှိ၊ ကိုယ်ခန္ဓာ(ကို ရွက်ဆောင်ရခြင်း)နှင့်တူသောဆင်းရဲမရှိ၊ အပူခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်ထက် လွန်မြတ်သောချမ်းသာ မရှိ။

**လင်္ကာ** ရာဂအလား, ပူရှိန်များသည့်, မီးပွားမီးစ, မရှိကြတည်း၊ ဒေါသတူငြား, အပြစ်များကား, ထင်ရှားဘယ်မှာ, မရှိပါပေ၊ ခန္ဓာအလား, ဆင်းရဲများကား, ရှားပါးအလွန်, မရှိပြန်တည်း၊ ပူပန်ခပ်သိမ်း, အေးငြိမ်းရာမှန်, မြတ်နိဗ္ဗာန်ထက်, သာလွန်ချမ်းသာ, မရှိပါတည်း။

## ၅-ဧကဉပါသကဝတ္ထု

၂၀၃။ ဇိဃစ္ဆာ ပရမာ ရောဂါ , သင်္ခါရာ ပရမာ ဒုခါ၊
ဧတံ ဉတွာ ယထာဘူတံ , နိဗ္ဗာနံ ပရမံ သုခံ။

**အနက်** ဇိဃစ္ဆာ-စားလိုအာသာ, လွန်စွာထန်ပြင်း, ဆာလောင်မွတ်သိပ်ခြင်းသည်၊ ပရမာ-တစ်နေ့သုံးခါ, စားစာဖန်ဖန်, ပေးကုပြန်လည်း, ပျောက်ရန်ခက်ခဲ, လွန်ကဲလှပေသော၊ ရောဂါ-အသက်ရှိသမျှ, ခံစားရသည့်, ကုရခက်ပါ, အနာရောဂါ, မည်ပါပေ၏၊ သင်္ခါရာ-ခန္ဓာငါးပါး, သင်္ခါရတရားတို့သည်၊ ပရမာ-ဖြစ်ပျက်မစဲ, လွန်ကဲကုန်သော၊ ဒုက္ခာ-အစိုးမရ, ဆင်းရဲဒုက္ခတို့မည်၏၊ ဧတံ-ဆာလောင်ရောဂါ, ခန္ဓာဒုက္ခ, ကြီးလေးလှမော, ဤသဘောကို၊ ယထာဘူတံ-မဖောက်မပြန်, ဟုတ်မှန်သည့်အတိုင်း၊ ဉတွာ-ဝိပဿနာ, ဉာဏ်ပညာဖြင့်, ကောင်းစွာဆင်ခြင်, သိမြင်လတ်သော်၊ (ပဏ္ဍိတော-ဒုက္ခလက္ခဏာ, ထင်လာမြင်သိ, ပညာရှိသည်၊) နိဗ္ဗာနံ-အပူခပ်သိမ်း,

---

**ခန္ဓသမာ=** [ခန္ဓ+သမ] ခန္ဓေဟိ သမာ-ခန္ဓသမာ၊ ခန္ဓာတို့နှင့်တူကုန်သော။

**ခန္ဓ=** [ √ခါဒ+က ] ခါဒ-ဘက္ခနေ၊ ဇာတိဇရာမရဏာဒီဟိ သံသာရဒုက္ခေဟိ ခဇ္ဇတီတိ-ခန္ဓော၊ ခန္ဓာငါးပါး၊ ရူ၊ ၆၇၄။

[ √ခန+ဓ ] ဉာဏေန ခညတေတိ-ခန္ဓော=ရာသိ။ မောဂ်-၇၊ ၉၈။ အစု။

[ခံ √ဓရ+ကွိ] အန္တတ္တေန ခံသင်္ခါတံ အဝယဝံ ဓာရေတီတိ-ခန္ဓော။

[ √ခါဒ+တ ] ခါဒတိ အဝယဝေတိ ဝါ-ခန္ဓော၊ ဓာန်-ဋီ၊ ၆၃၀။ အစု၊ အပေါင်း။

**သန္တိပရံ=** [သန္တိ+ပရံ] သန္တိတော ပရံ-သန္တိပရံ၊ နိဗ္ဗာန်ထက်မြတ်သော။

**သန္တိ=** [ √သမု+တိ ] ကိလေသ သမနတော-သန္တိ၊ ဓာန်-ဋီ၊ ၉။ ကိလေသာ သမ္မန္တိ ဧတာယ, ဧတ္ထာတိ ဝါ-သန္တိ၊ နိဗ္ဗာန်၊ အရိယမဂ်သမာဓိ၊ အရဟတ္တဖိုလ်။ သမန်-သန္တိ၊ ငြိမ်းအေးခြင်း။

## ၂၀၃-ပဒဝိဘာဂ

**ဇိဃစ္ဆာ=** [ √ဃသ+ဆ+အ+အာ] ဃသိတုမိစ္ဆာ-ဇိဃစ္ဆာ၊ စားလိုခြင်း၊ ဆာလောင်ခြင်း။

**သင်္ခါရာ=** [သံ √ကရ+ဏ ] ပစ္စယေဟိ သင်္ဂမ္မ ကရီယတိ, သင်္ခရီယတိ ဧတေန ဝါတိ-သင်္ခါရော၊ သင်္ခရဏံ-သင်္ခါရော၊ ရူ၊ ၅၈၂။ အကြောင်းတရားတို့က ပေါင်းစု၍ ပြုပြင်စီမံအပ်သော (ခန္ဓာငါးပါး။)

အေးငြိမ်းရာမှန်, မြတ်နိဗ္ဗာန်ကို၊ (သစ္စာကရောတိ-မဂ်ဖိုလ်ပါလာ, ဉာဏ်ပညာဖြင့်, ကောင်းစွာထင်ထင်, တွေ့မြင်နိုင်တော့၏၊ တံ နိဗ္ဗာနံ-ကောင်းစွာထင်ထင်, တွေ့မြင်ရပြန်, ထိုနိဗ္ဗာန်သည်၊) ပရမံ သုခံ-ချမ်းသာဟူသမျှ, ယှဉ်မရအောင်, အေးမြလွန်စွာ, လွန်မြတ်သောချမ်းသာ မည်ပါပေ၏။

**မြန်မာပြန်** ဆာလောင်ခြင်းသည် အကုသရ အခက်ဆုံးသော ရောဂါမည်၏၊ ခန္ဓာငါးပါး သင်္ခါရတရားတို့သည် အကြီးမားဆုံးဆင်းရဲမည်၏၊ ဤသဘောကို အမှန်အကန်သိမြင်လျှင် ပညာရှိသည် နိဗ္ဗာန်ကို သိမြင်နိုင်၏၊ ထိုနိဗ္ဗာန်သည် အမွန်မြတ်ဆုံးချမ်းသာ ဖြစ်ပေသည်။

**လင်္ကာ** ဝတ်မွတ်လွန်းမင်း, ဆာလောင်ခြင်းကား, ထန်ပြင်းရောဂါ, ဖြစ်သည်သာတည်း၊ ခန္ဓာပဥ္စက, သင်္ခါရမူ, စိုးရကင်းပြန်, ဆင်းရဲလွန်၏၊ အမှန်သို့ပင်, သိမြင်ထိမိ, ပညာရှိသည်, အသိကြည်လင်, နိဗ္ဗာန်မြင်၏၊ သို့ပင်မြင်အပ်, နိဗ္ဗာန်ဓာတ်ကား, လွန်မြတ်ချမ်းသာ, ဖြစ်သည်သာတည်း။

## ၆-ပသေနဒိကောသလဝတ္ထု

၂၀၄။ အာရောဂျပရမာ လာဘာ , သန္တုဋ္ဌိပရမံ ဓနံ၊
ဝိဿာသပရမာ ဉာတိ ; နိဗ္ဗာနပရမံ သုခံ။

**အနက်** လာဘာ-ရအပ်သမျှ, ပစ္စယဝတ္ထု, အစုစုတို့သည်၊ အာရောဂျပရမာ-အနာကင်းရှင်း,ကျန်းမာခြင်းလျှင်,အမွန်အမြတ်ရှိကုန်၏၊ ဓနံ-ငါ၏ဟာဟု, အသံပြုလျက်, စုဆောင်းထိုက်ပါ, ဥစ္စာဟူသမျှသည်၊ သန္တုဋ္ဌိပရမံ-ကိုယ့်မှာရှိထား, ပစ္စည်းများဖြင့်, အားရတင်းတိမ်ခြင်းလျှင် အလွန်အမြတ်ရှိ၏၊ ဉာတိ-ထိုသူဤသူ, တို့တွင်းလူဟု, မှတ်ယူကြရိုး, ဆွေမျိုးဟူသည်မှာလည်း၊ ဝိဿာသပရမာ-ညှဉ်းဆဲခြင်းကင်း, ချစ်ကျွမ်းဝင်ခြင်းလျှင် အလွန်အမြတ်ရှိ၏၊ သုခံ-ဆင်းရဲသီးသီး, ဖျက်ဆီးတတ်ပါ, ချမ်းသာဟူသည်မှာလည်း၊ နိဗ္ဗာနပရမံ-ဘဝတွယ်အပ်, တဏှာဓာတ်မှ, ကျွတ်လွတ်ရာမှန်, နိဗ္ဗာန်လျှင် အလွန်အမြတ်ရှိ၏။

---

**ယထာဘူတံ=** [ယထာ+ဘူတ] ဘူ တဿာ နတိက္ကမော-ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း၊
**ဘူတ=** [ √ဘူ+တ ] အဘဝိ, ဘဝတီတိဝါ-ဘူတံ=ယက္ခာဒိ၊ ပု+န ။ ရူ၊ ၆၅၁။ နတ်-စသည်၊ ဟုတ်မှန်သော၊ မချွတ်ယွင်းသော၊ မဖောက်ပြန်သော။

### ၂၀၄-ပဒဝိဘာဂ

**အာရောဂျပရမာ=** [အာရောဂျ+ပရမ] အာရောဂျမေဝ ပရမံ ယေသန္တိ-အာရောဂျပရမာ၊ အနာမရှိသူ၏အဖြစ်လျှင် အမွန်အမြတ်ရှိကုန်သော၊ အနာကင်းရှင်း ကျန်းမာခြင်းလျှင် အမွန်အမြတ်ရှိကုန်သော။
**အာရောဂျ=** [အရောဂ+ဏျ] အရောဂဿ ဘာဝေါ-အာရောဂျံ၊ အနာရောဂါမရှိသူ၏အဖြစ်၊ ရောဂါကင်းရှင်း ကျန်းမာခြင်း။

**မြန်မာပြန်** ကျန်းမာခြင်းသည် အမွန်မြတ်ဆုံးလာဘ်ဖြစ်၏၊ ကိုယ့်မှာရှိနေသောပစ္စည်းများဖြင့် ရောင့်ရဲတင်းတိမ်ခြင်းသည် အမွန်မြတ်ဆုံးဥစ္စာဖြစ်၏၊ ချစ်ကျွမ်းဝင်သူသည် အမွန်မြတ်ဆုံးဆွေမျိုးဖြစ်၏၊ နိဗ္ဗာန်သည် အမွန်မြတ်ဆုံး ချမ်းသာဖြစ်၏။

**လင်္ကာ** အနာကင်းရှင်း, ကျန်းမာခြင်းကား, လွန်မင်းကြီးမား, လာဘ်တစ်ပါးတည်း၊ များပြားထွေရာ, ပိုမရှာဘဲ, ကိုယ့်မှာရှိထား, ပစ္စည်းများဖြင့်, စိတ်ထားဖြောင့်စင်း, ရောင့်ရဲခြင်းမှာ, လွန်မင်းမြတ်မွန်, ဥစ္စာမုန်၏၊ အလွန်ကျွမ်းဝင်, ချစ်ခင်သူကား, များပြားအကျိုး, ဆောင်သယ်ပိုး၍, ဆွေမျိုးရင်းချာ, ဖြစ်နေပေ၏၊ နိဗ္ဗာနဓာတ်, ပရမတ်မူ, လွန်မြတ်ချမ်းသာ, ဖြစ်သည်သာတည်း။

## ၇–တိဿတ္ထေရဝတ္ထု

၂၀၅။ ပဝိဝေကရသံ ပိတွာ , ရသံ ဥပသမဿ စ၊
နိဒ္ဒရော ဟောတိ နိပ္ပာပေါ , ဓမ္မပီတိ ရသံ ပိဝံ။

---

**အရောဂ**= [န+ရောဂ] နတ္ထိ ရောဂေါ ဧတဿာတိ–အရောဂေါ၊ ရောဂါမရှိသော၊ ကျန်းမာသော–(သူ)။

**သန္တုဋ္ဌိပရမံ**= [သန္တုဋ္ဌိ+ပရမ] သန္တုဋ္ဌိဧဝ ပရမာ ယဿာတိ၊ ကိုယ်ပိုင်ပစ္စည်းဖြင့် တင်းတိမ်ရောင့်ရဲခြင်းလျှင် အလွန်အမြတ်ရှိသော။

**သန္တုဋ္ဌိ**= [သံ √တုသ+တိ] သန္တောသနံ–သန္တုဋ္ဌိ၊ ကိုယ်ပိုင်ပစ္စည်းဖြင့် တင်းတိမ်ရောင့်ရဲခြင်း၊ တုသ=(ဒိ)၊ တုဋ္ဌိယံ–နှစ်သက်ရောင့်ရဲခြင်း၌၊ (တုဿတိ။)

**ဝိဿာသပရမာ**= [ဝိဿာသ+ပရမ] ဝိဿာသောဧဝ ပရမော ဧတိဿာတိ–ဝိဿာသပရမာ၊ အကျွမ်းဝင်ခြင်းလျှင် အလွန်အမြတ်ရှိသော။

**ဝိဿာသ**= [ဝိ+သာသ] ဝိဂတော သာသော ဧတသ္မာ ဂါဟာတိ–ဝိဿာသော၊ ညှဉ်းဆဲခြင်းမရှိသောယူခြင်း၊ ချစ်ကျွမ်းဝင်ခြင်း၊ ဝိနယာလင်္ကာရ ဋီ–၁၊ ၁၅၅။

**တစ်နည်း**= [ဝိ √သသ+ဏ] ဝိဿာသနံ ဝိဿာသော၊ ယုံကြည်အားထားခြင်း၊ အကျွမ်းဝင်ခြင်း၊ သသ=(ဘူ) ပါဏန သုသန သုပန ဟိံသာ ပ္လုတဂတီသု–အသက်ရှူခြင်း, ခြောက်သွေ့ခြင်း, အိပ်ခြင်း, ညှဉ်းဆဲခြင်း, ခုန်ကျော်လျှင်လျားပြေးသွားခြင်းတို့၌၊ (သသတိ။) ဝိပုဗ္ဗော–ဝိရေးရှိမူ၊ ဝိဿာသေ–အကျွမ်းဝင်ခြင်း၌၊ (ဝိဿသတိ။)

**သာသ**= [ √သသု+ဏ] သသနံ–သာသော၊ ညှဉ်းဆဲခြင်း၊ သသု=(ဘူ) ဟိံသာယံ–ညှဉ်းဆဲခြင်း၌၊ (သသတိ။)

**နိဗ္ဗာနပရမံ**= [နိဗ္ဗာန+ပရမ] နိဗ္ဗာနံ ဧဝ ပရမံ ဧတဿာတိ–နိဗ္ဗာနပရမံ၊ နိဗ္ဗာန်လျှင် အမွန်အမြတ်ရှိသော။

### ၂၀၅–ပဒဝိဘာဂ

**ပဝိဝေကရသံ**= [ပဝိဝေက+ရသ] ပဝိဝေကတော ဥပ္ပန္နော ရသော–ပဝိဝေကရသော၊ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော အရသာ။

**အနက်** ဓမ္မပီတိ-မဂ်ဖိုလ်နိဗ္ဗာန်, ကိုးတန်ပြားလာ, တရားအရသာကို သောက်ရသော သူသည်၊ ပဝိဝေကရသံ-ပေါင်းဖော်ရှောင်ကွင်း, ကင်းဆိတ်ခြင်းကြောင့်, လက်ငင်းရလာ, ဈာန်မဂ်ဖိုလ်၏ အရသာကို၊ ပိတွာ-ဒုက္ခစသား, သဘောများကို, ပိုင်းခြားထင်ထင်, သိမြင်မချို့, သောက်စို့ရသောကြောင့်လည်းကောင်း၊ ဥပသမဿ ရသံ-ပူပန်လှစွာ, ကိလေသာ၏, ငြိမ်းရာစစ်မှန်, နိဗ္ဗာန်၏အရသာကို၊ ပိတွာစ-အာရုံပြုသော, သဘောဖြင့်ပင်, တွေ့မြင်မချို့, သောက်စို့ရသောကြောင့်လည်းကောင်း၊ ရသံ-လောကုတ္တရာ,ကိုးဖြာ ကွဲပြား, တရားအားဖြင့်, ဖြစ်ပွား၍လာ, ပီတိဟူသော အရသာကို၊ ပိဝံ-ပိဝန္တောပိ-အလိုရှိသမျှ, သောက်စို့နေရပါသော်လည်း၊နိဒ္ဒရော-ရာဂစသား, မီးပွားများတို့, ငြိမ်းသွားကြပြန်, ပူပန်ခြင်းမရှိသည်လည်းကောင်း၊ နိပ္ပာပေါ-မတင့်မတယ်, မဖွယ်မရာ, ယုတ်မာမှုမရှိသည်လည်းကောင်း၊ ဟောတိ-မလွဲမသွေ, ဖြစ်ရပါပေ၏။

**မြန်မာပြန်** တရားအရသာကို သောက်စို့ရသူသည် အဖော်မပါ တစ်ဦးတည်းနေထိုင်ရခြင်း အရသာနှင့် အပူကင်းကွာ နိဗ္ဗာန်၏အရသာတို့ကို သောက်စို့ရပြီး ဖြစ်ရကား လောကုတ္တရာကိုးပါးနှင့်စပ်၍ ဖြစ်ပွားလာသည့် ပီတိဟူသော အရသာကို၊ အလိုရှိသမျှ သောက်စို့နေရပါသော်လည်း ပူပန်မှုလည်း မရှိ၊ ယုတ်မာမှုလည်းမရှိ တော့ချေ။

**လင်္ကာ** တရားရသာ, ဖွေရှာသောက်မျို, ပုဂ္ဂိုလ်သော်ကား, ပေါင်းဖော်ဖဲခွာ, ဆိတ်ငြိမ်ရာမှ, ရလာထူးခြား, တရားရသာ, ချမ်းသာအေးမြ, နိဗ္ဗာန၏, ထူးလှရသာ, ပေါင်းနှစ်ဖြာကို, ကောင်းစွာသောက်ရ, ခံစားရ၍, မဂ္ဂဖလ, နိဗ္ဗာနဓာတ်, ဆက်စပ်ရရှိ, ပီတိရသာ, သောက်ရပါလည်း, ရာဂစသား, ပူများကင်းရှင်း, ယုတ်မာကင်း၏။

---

**ပဝိဝေက=** [ပ+ဝိ √ဝိစ+ဏ] ပဝိဝိစ္စနံ-ပဝိဝေကော၊ကင်းဆိတ်ခြင်း၊ အပေါင်းအသင်း ကိလေသာတို့မှ ကင်းဆိတ်ခြင်း။

**ပိတွာ=** [ √ပါ+အ+တွာ ] သောက်၍။

**ဥပသမဿ=** [ဥပ √သမု+ဏ ] ကိလေသာ ဥပသမ္မန္တိ ဧတ္ထာတိ-ဥပသမော၊ ကိလေသာတို့၏ ငြိမ်းအေးရာ နိဗ္ဗာန်၊ ငြိမ်းအေးရာ၊ ငြိမ်းအေးစေတတ်သော။

**နိဒ္ဒရော=** [နိ+ဒရ] နတ္ထိ ဒရော ဧတဿာတိ-နိဒ္ဒရော၊ ပူပန်ခြင်းမရှိသော။

**ဒရ=** [ √ဒရ+အ ] ဒရဏံ-ဒရော၊ ကိုယ်စိတ်ပူပန်ခြင်း၊ ဒရ=(ဘူ) ဘယဒါဟေသု-ကြောက်ခြင်း၊ ပူပန်ခြင်းတို့၌။ (ဒရတိ။)

**နိပ္ပာပေါ=** [နိ+ပါပ] နတ္ထိ ပါပံ ဧတဿာတိ-နိပ္ပာပေါ၊ မကောင်းမှုမရှိသော၊ ယုတ်မာမှု မရှိသော။

**ပိဝံ=** [ √ပါ+အန္တ ] ပိဝတီတိ-ပိဝန္တော၊ သောက်ရသော(သူ။)

## ၈-သက္ကဝတ္ထု

၂၀၆။ သာဟုဒဿနမရိယာနံ , သန္နိဝါသော သဒါ သုခေါ၊
အဒဿနေန ဗာလာနံ , နိစ္စမေဝ သုခီ သိယာ။

၂၀၇။ ဗာလသင်္ဂတစာရီ ဟိ , ဒီဃမဒ္ဓါန သောစတိ၊
ဒုက္ခော ဗာလေဟိ သံဝါသော , အမိတ္တေနေဝ သဗ္ဗဒါ၊
ဓီရော စ သုခသံဝါသော , ဉာတီနံဝ သမာဂမော။

တသ္မာ ဟိ-

၂၀၈။ ဓီရဉ္စ ပညဉ္စ ဗဟုဿုတဉ္စ , ဓောရယှသီလံ ဝတဝန္တမရိယံ၊
တံ တာဒိသံ သပ္ပုရိသံ သုမေဓံ , ဘဇေထ နက္ခတ္တပထံဝ စန္ဒိမာ။

**(အနက်)** အရိယာနံ-ညစ်ထေးလွန်စွာ, ကိလေသာတို့မှ, ဝေးကွာပေတောင်း, အရိယာသူတော်ကောင်းတို့ကို၊ ဒဿနံ-သဒ္ဒါကြည်လင်, ဖူးမြင်ရခြင်းသည်၊ သာဟု-ဖြစ်သင့် ထိုက်တန်, လုပ်မျိုးမှန်၍, ကောင်းမွန်လှပါပေ၏၊ သန္နိဝါသော-ပြုစုကြည်ဖြူ, သူတော် ကောင်းတို့နှင့် အတူနေရခြင်းသည်လည်း၊ သဒါ-နေ့ရောညဉ့်ပါ, ခပ်သိမ်းသော အခါ၌၊ သုခေါ-ခုလည်းချမ်းသာ, နောင်ချမ်းသာခြင်း, အကြောင်းရင်းပါပေတည်း၊ ဗာလာနံ-တရားမကြိုက်, အမှားလိုက်သည့်, စရိုက်ဆိုးဝါး, လူမိုက်များတို့ကို၊ အဒဿနေန-ဝေးကရှောင်ကွင်း, မတွေ့မမြင်ရခြင်းကြောင့်၊ နိစ္စမေဝ-မပြတ်မစဲ, အမြဲသာလျှင်၊ သုခီ-ကိုယ်ရောစိတ်ပါ, ချမ်းသာခြင်းရှိသည်၊ သိယာ-မလွဲသေချာ, ဖြစ်နိုင်ရာ၏။

---

### ၂၀၆, ၂၀၇, ၂၀၈-ပဒဝိဘာဂ

**သာဟု=** [သာဓု=သာဟု] သာဓုသဒ္ဒါ၏ ဓကို ဟပြု၊ ကောင်းသော၊ ကောင်းမြတ်သော။

**သန္နိဝါသော=** [သံ+နိ √ဝသ+ဏ]သန္နိဝသနံ-သန္နိဝါသော၊ အတူတကွနေခြင်း၊ ပေါင်းသင်းခြင်း။

**ဗာလသင်္ဂတစာရီ=** [ဗာလ+သင်္ဂတစာရီ] ဗာလေန သင်္ဂတစာရီ-ဗာလသင်္ဂတစာရီ၊ လူမိုက်နှင့် အတူတကွ သွားလာလှည့်ပတ်လေ့ရှိသော။

**သင်္ဂတစာရီ=** [သင်္ဂတ+စာရီ] သင်္ဂတော စာရီ-သင်္ဂတစာရီ၊ အတူတကွလှည့်လည်သွားလာလေ့ရှိသော။

**သင်္ဂတ=** [သံ √ဂမု+တ ]သင်္ဂမနံ-သင်္ဂမော၊ပေါင်းဆုံခြင်း၊ ပေါင်းသင်းခြင်း၊ စုဝေးခြင်း၊ ဆုံစည်းမိခြင်း၊ သင်္ဂမိတ္ထာဟိ-သင်္ဂမော၊ပေါင်းဆုံဖူးသော၊ ကောင်းစွာထိစပ်အပ်သော၊ တကွဖြစ်သော။

**သံဝါသော=** [သံ √ဝသ+ဏ] သံဝသီယတေ-သံဝါသော၊ ပေါင်းဖော်ခြင်း၊ ပေါင်းသင်း ဆက်ဆံခြင်း။

**သုခသံဝါသော=** [သုခ+သံဝါသ] သုခေါသံဝါသော ဧတေနာတိ-သုခသံဝါသော၊ ချမ်းသာသည့် ပေါင်းဖော်ခြင်းရှိသော။

ဟိ–လူကောင်းပေါင်းသင်း, ရှောင်ကွင်းမိုက်သူ, ချမ်းသာခြင်း၏အကြောင်းမူကား၊ ဗာလသင်္ဂတစာရီ–လူမိုက်နှင့်အတူ ပေါင်းသင်းလှည့်လည်လေ့ရှိ သောသူသည်၊ ဒီဃမဒ္ဓါနံ–နေ့ကုန်လများ, ရှည်လျားလှသော ကာလပတ်လုံး၊ သောစတိ–ချုပ်နှောင်ခံရ, ထောင်တန်းကျ၍, စိတ်ကမငြိမ်, ဝမ်းနည်းစိုးရိမ်ရ၏၊ အမိတ္တေန–လက်နက်ယူလာ, တစ်ဖြာရန်သူ, မြွေဆိုး စသောရန်သူနှင့်၊ သံဝါသော–ယှဉ်ကြည်ရဲတင်း, ကျွမ်းဝင်ပေါင်းသင်းခြင်းသည်၊ သဗ္ဗဒါ–နေ့ရောညပါ, ခပ်သိမ်းသောအခါ၌၊ ဒုက္ခောဣဝ–စိုးရိမ်ကြောင့်ကြ, ဆင်းရဲရသကဲ့သို့၊ ဗာလေဟိ–တရားတိမ်းစောင်း, မကောင်းအမူ, မိုက်သောသူတို့နှင့်၊ သံဝါသော–အတူတကွ, နေထိုင်ရခြင်းသည်၊ သဗ္ဗဒါ–နေ့ရောညပါ, ခပ်သိမ်းသောအခါ၌၊ ဒုက္ခော–ပြစ်မျိုးစုံစွာ, ဖြစ်ပွားလာ၍, ချမ်းသာရှောင်လွှဲ, ဆင်းရဲရပါပေ၏၊ ဉာတီနံ–အတွင်းသားဟု, သိမှတ်ပြုရိုး,မိဘစသောဆွေမျိုးတို့နှင့်၊ သမာဂမော–ရင်းနှီးကျွမ်းဝင်, ချစ်ခင်ပေါင်းသင်းခြင်းသည်၊ သုခသံဝါသောဣဝ–ကျိုးများလွန်စွာ, ချမ်းသာသော ပေါင်းဖော်ရခြင်း ရှိသကဲ့သို့၊ ဓီရောစ–သူများအကျိုး, ကောင်းဆိုးရွေးလျက်, ဆောင်ရွက်တတ်ဘိ, ပညာရှိသည်လည်း၊ သုခသံဝါသော–ကျိုးများလွန်စွာ, ချမ်းသာသော ပေါင်းဖော်ရခြင်းရှိပါပေ၏။

---

**သမာဂမော**= [သံ+အာ √ဂမု+အ] နိရုတ္တိ၊ ၅၃၉။ သမာဂမနံ–သမာဂမော၊ ပေါင်းဖော်ခြင်း၊ ပေါင်းသင်းဆက်ဆံခြင်း။

**ပည်**= [ပညာ+ဏ] ပညာ ယဿတ္ထိတိ–ပညော၊ ပညာရှိသော။

**ဗဟုဿုတံ**= [ဗဟု+သုတ] ဗဟုသုတံ သုတ္တဂေယျာဒိ ဧတေနာတိ–ဗဟုဿုတော၊ ဒီ–ဋ္ဌ–၂၊ ၁၂၈။ ဗဟုသုတမဿာတိ–ဗဟုဿုတော၊ ဝိ–ဋ္ဌ–၃၊ ၅၄။ များသောအကြားအမြင်ရှိသော။

**သုတ**= [ √သု+တ ] အသုယျိတ္ထာတိ–သုတံ၊ ကြားနာအပ်ပြီးသော၊ ကြားနာသိမှတ်–ဆောင်ရွက်အပ်ပြီးသော၊ သဝနံ–သုတံ၊ ကြားနာခြင်း။

**ဓောရယှသီလံ**= [ဓောရယှ+သီလ] ဓောရယှံ သီလံ ယဿာတိ–ဓောရယှသီလော၊ ဝန်ကိုဆောင်တတ်သောအလေ့ရှိသော။

**ဓောရယှ**= [ဓုရ+ယှဏ်] ဓုရံ ဝဟတီတိ–ဓောရယှော၊ မောဂ်–၄၊ ၁၂၀။ ဝန်ကို ဆောင်တတ်သော၊ ရှေ့ဆောင်ရှေ့ရွက်ဖြစ်သော။

[ဓုရ √ဝဟ+ဏ] ဓုရံ ဝဟိတုမရဟတီတိ–ဓောရယှော၊ ဏော၊ ဝဿ ယော၊ ဓာန်–ဋီ၊ ၄၉၆။ ဝန်ကိုဆောင်တတ်သော၊ ဝန်ဆောင်နွား၊ ခိုင်းနွား။

**ဓုရ**= [ √ဓရ+အ ] ဓရ–ဓာရဏေ အဿု၊ ဓာန်–ဋီ၊ ၃၇၅။ ဓရီယတေတိ–ဓုရော၊ ရွက်ဆောင်အပ်သော၊ လှည်းဦး၊ တာဝန်၊ ဝန်ထုပ်ဝန်ပိုး–စသည်။

**ဝတဝန္တံ**= [ဝတ+ဝန္တု] ဝတံ အဿ အတ္ထီတိ–ဝတဝန္တော၊ အကျင့်ရှိသော၊ ကျင့်ဝတ်ရှိသော။

**သုမေဓံ**= [သု+မေဓာ] သုန္ဒရာ မေဓာ ယဿာတိ–သုမေဓော၊ ကောင်းသောပညာရှိသော။

တသ္မာဟိ-လူမိုက်ပေါင်းမှု, ဆင်းရဲထူ၍, လူပညာရှိ, ပေါင်းသင်းမိလျှင်, ရရှိချမ်းသာ, သို့ဖြစ်ရာသောကြောင့်ပင်လျှင်၊ ဓီရဉ္စ-လော်လည်ကင်းဘိ, တည်ကြည်သော သမာဓိလည်းရှိသော၊ ပညဉ္စ-လောကီလောကုတ္တရာ, နှစ်မျိုးသောပညာလည်းရှိထသော၊ ဗဟုဿုတဉ္စ-အာဂမ မိဂမ, ဗဟုသုတလည်းရှိထသော၊ ဓောရယှသီလံ-အရဟတ္တ ဖိုလ်တိုင်အောင် ဝန်ဆောင်တတ်သော အလေ့လည်းရှိထသော၊ ဝတဝန္တံ-သီလစုတင်, စုံလင်ဖြိုးတင့်, နှစ်မျိုးသော အကျင့်လည်းရှိထသော၊ အရိယံ-ကိလေသာတို့မှလည်း ဝေးကွာလှပေထသော၊ တံတာဒိသံ-ဆိုခဲ့လောက်လုံ, ဂုဏ်တွေမချို., ထိုသို့သဘောရှိပေထသော၊ သုမေဓံ-တင့်တယ်ကောင်းမြတ်, ချီးမွမ်းအပ်သော ပညာလည်းရှိပေထသော၊ သပ္ပုရိသံ-တရားထိန်းကျောင်း, သူတော်ကောင်းကို၊ စန္ဒိမာ-ရှင်လူအများ, လိုလားတောင့်တ, မိုးပေါ်လသည်၊ နက္ခတ္တပထံ-နက္ခတ်တာရာ, ကြယ်တကာတို့, သွားရာ လမ်းပင်, ထက်ကောင်းကင်ကို၊ ဘဇတိဣဝ-မခွဲမခွာ, ဆည်းကပ်နေရပါသကဲ့သို့၊ ဘဇေထ-အမြဲမကွာ, ဆည်းကပ်ခစားကြပါတော့လော။

**မြန်မာပြန်** အရိယာသူတော်ကောင်းတို့ကို တွေ့မြင်ရခြင်းသည် ကောင်းလှပေ၏၊ သူတော်ကောင်းတို့နှင့် အတူနေရခြင်းသည်လည်း အခါခပ်သိမ်းချမ်းသာ၏၊ လူမိုက်တို့ကို မတွေ့ရ, မမြင်ရလျှင် အမြဲပင် ချမ်းသာ၏။

အကြောင်းကိုဆိုရသော် လူမိုက်နှင့်အတူ ပေါင်းဖော်လှည့်လည်နေသူသည် ကြာရှည်လေးမြင့်စွာ စိုးရိမ်ရ၏၊ လူမိုက်နှင့် ပေါင်းဖော်ခြင်းသည် ရန်သူနှင့်အတူ နေရသကဲ့သို့ အမြဲဆင်းရဲရ၏၊ သူတော်ကောင်းတို့ကို ပေါင်းဖော်ခြင်းသည် မိဘဆွေမျိုးတို့နှင့် ပေါင်းဖော် နေထိုင်ရသကဲ့သို့ ချမ်းသာလှပေ၏။

သူတော်ကောင်းတစ်ဦးသည် တည်ကြည်မည်၊ လောကီလောကုတ္တရာပညာနှင့်လည်း ပြည့်စုံမည်၊ အကြားအမြင်လည်းများမည်၊ အရဟတ္တဖိုလ်ရောက်အောင်လည်း တာဝန်ယူနိုင်မည်၊ သီလအကျင့်, ဓုတင်အကျင့်နှင့်လည်း ပြည့်စုံမည်၊ ကိလေသာတို့မှလည်း ကင်းကွာမည်၊ ချီးမွမ်းအပ်သော ပညာနှင့်လည်း ပြည့်စုံမည်ဆိုပါလျှင် ထိုသူတော်ကောင်းမျိုးကို လမင်းက ကောင်းကင်ကို မခွဲမခွာ ဆည်းကပ်နေရသကဲ့သို့ (ပညာရှိအမျိုးကောင်းသားသည်) အမြဲမကွာ ဆည်းကပ်ခစားသင့်၏။

---

**နက္ခတ္တပထံ**= [နက္ခတ္တ+ပထ] နက္ခတ္တာနံ ပထော-နက္ခတ္တပထော၊ နက္ခတ်တို့သွားရာလမ်း၊ ကောင်းကင်။

**နက္ခတ္တ**= [န √ခီ+အ] အထဝါ= [န √ခရ+အ] န ခိယတိ န ခရတီတိ ဝါ-နက္ခတ္တံ၊ ခတ္တာဒေသော နိပါတနာ၊ မောဂ်-၃၊ ၇၆။ ပဥ္စိကာ။ န ခိယတီတိ-မကုန်တတ်သောကြောင့်ဖြစ်စေ, န ခရတီတိ ဝါ-မပျက်စီးတတ်သောကြောင့်ဖြစ်စေ-နက္ခတ္တံ-မည်၏။ န ခယ, န ခရ ဖြစ်လာသည့်အခါ ခတ္တပြု၊ နက္ခတ်။ ခရ=(ဘူ) ခယေ-ကုန်ခန်းခြင်း၌၊

(လင်္ကာ) တရားချစ်ခင်, သူတော်စင်ကို, တွေ့မြင်ရုံမျှ, ကောင်းမြတ်လှ၏၊ တကွအတူ, နေရမှုကား, အယူမတိမ်း, အပူငြိမ်း၍, ခါခပ်သိမ်းမှာ, ချမ်းသာပါ၏၊ ကင်းကွာတရား, လူမိုက်များကို, ရှောင်ရှားဖဲကြဉ်, တွဲမယှဉ်မှု, အစဉ်ချမ်းသာ, ရရှိရာ၏။

ယုတ်မာစရိုက်, အမှားကြိုက်သည့်, လူမိုက်နှင့်သာ, သွားလာတူကွ, လှည့်လည်ကမူ, ကာလရှည်လျား, စိုးရိမ်ပွား၏၊ တရားလွဲချော်, မသူတော်နှင့်, ပေါင်းဖော်ခြင်းကား, ရန်သူများနှင့်, တူသွားတူလာ, နေရပါသို့, မကွာနိစ္စ, ဆင်းရဲရ၏၊ ဓမ္မမွေ့လျော်, များသူတော်နှင့်, ပေါင်းဖော်ခြင်းကား, ဆွေမျိုးများနှင့်, အေးကားအတူ, ပူကားအမျှ, နေထိုင်ရသို့, ဘေးပရန်ကွာ, ချမ်းသာပါ၏။

သို့သာဖြစ်ငြား, သဘောသွားကြောင့်, စိတ်ထားငြိမ်သက်, ဉာဏ်ထက်မြက်သည့်, လေ့ကျက်ကုန်စင်, ကြားမြင်များမြောင်, တာဝန်ဆောင်လျက်, ကောင်းအောင်ညွှန်ပြ, သီလဖြူစင်, ဓုတင်ကျင့်ဝတ်, ဖြည့်ကျင့်တတ်သည့်, မြင့်မြတ်အရှင်, သူတော်စင်ကို, ကောင်းကင်လမ်းမ, လကကောင်းစွာ, ဆည်းကပ်လာသို့, ရံခါမလပ်, မှီဆည်းကပ်လော့။

# ၁၆-ပိယဝဂ္ဂ

## ၁-တယောဇနပဗ္ဗဇိတဝတ္ထု

၂၀၉။ အယောဂေ ယုဉ္ဇ'မတ္တာနံ , ယောဂသ္မိဉ္စ အယောဇယံ၊
အတ္ထံ ဟိတွာ ပိယဂ္ဂါဟီ , ပိဟေတ'တ္တာနုယောဂိနံ။

၂၁၀။ မာ ပိယေဟိ သမာဂဉ္ဆိ , အပ္ပိယေဟိ ကုဒါစနံ၊
ပိယာနံ အဒဿနံ ဒုက္ခံ , အပ္ပိယာနဉ္စ ဒဿနံ။

---

သေက နာသ ဖာရယ ကမ္ပနေသု စ-သွန်းလောင်းခြင်း, ပျက်စီးခြင်း, ကြမ်းတမ်းခြင်း, တုန်လှုပ်ခြင်းတို့၌လည်း၊ (ခရတိ။)

[န √ခီ+တ] ပုနပ္ပုနံ ဥဒယတ္တာ န ခီယတေ-နက္ခတ္တံ။

[န √ခရ+တ] အတ္တနော ဂမနဋ္ဌာနံ န ခရတိ, န ဝိနာသေတီတိ ဝါ-နက္ခတ္တံ။

[ √နက္ခ+တ္တ ] အထ ဝါ= နက္ခ-ဂတိယံ၊ နက္ခတီတိ ဝါ-နက္ခတ္တံ၊ ဓာန်-ဋီ၊ ၅၇။ နက္ခ= (ဘူ) ဂတိယံ (နက္ခတိ။)

[ √နက္ခ √တာ+က ] ဇောတ္တော ဣတောစာတိ ဝိသမဂတိယာ အဂန္တွာ အတ္တနော ဝိထိယာဝ ဂမနေန နက္ခနံ ဂမနံ တာယတိ ရက္ခတီတိ-နက္ခတ္တံ၊ နီတိ-ဓာ၊ ၂၂။

### ၂၀၉, ၂၁၀, ၂၁၁-ပဒဝိဘာဂ

**အယောဂေ**= [န+ယောဂ] န ယောဂေါ-အယောဂေါ၊ အားမထုတ်သင့်သော၊ မမှီဝဲသင့်သော။

**ယောဂ**= [ √ယုဇ+ဏ ] ယုဉ္ဇိတဗ္ဗောတိ-ယောဂေါ၊ အားထုတ်အပ်သော၊ အားထုတ်ထိုက်သော၊ အားထုတ်သင့်သော။

၂၁၁။ တသ္မာ ပိယံ န ကယိရာထ , ပိယာပါယော ဟိ ပါပကော၊
ဂန္ထာ တေသံ န ဝိဇ္ဇန္တိ , ယေသံ နတ္ထိ ပိယာပ္ပိယံ။

**အနက်** အယောဂေ-လွဲချော်မှားယွင်း, နှလုံးသွင်းခြင်းဟူသော အားမထုတ်သင့်ရာ၌၊ ဝါ-အဂေါစရ, ခြောက်ဌာနဝယ်, စိတ်ချရဲတင်း, မှီဝဲခြင်းဟူသော အားမထုတ်သင့်ရာ၌၊ အတ္တာနံ-ခန္ဓာငါးဝ, ပဥ္စကကို, အတ္တခေါ်ဆို, မိမိကိုယ်ကို၊ ယုဉ္ဇံ- ရောနှော ယှက်တင်, ကျွမ်းဝင်တစေ, အားထုတ်နေသော၊ ယောဂသ္မိံ စ-သင့်တင့်လျော်ကန်, ကောင်းမွန်ပြစ်ကင်း, နှလုံးသွင်းခြင်းဟူသော အားထုတ်သင့်ရာ၌ကား၊ အယောဇယံ-စိတ်နေတွန့်ဆုတ်, အားမထုတ်သော၊ အတ္တံ-သိက္ခာသုံးပါး, ကိုယ်ကျိုးစီးပွားကို၊ ဟိတွာ-လွှဲဖယ်ရှောင်ရှား, ပယ်စွန့်ထား၍၊ ပိယဂ္ဂါဟီ-ငါးဖြာ အာရုံ, ကာမဂုဏ်ဟု, စုံမက်စရာ, အဖြာဖြာကို လွန်စွာစွဲလမ်းလေ့ရှိသူသည်၊ အတ္တာနု ယောဂိနံ-သိက္ခာသုံးပါး, ကိုယ့်စီးပွားကို, အားထုတ်နေသူတို့အား၊ ပိဟေတိ-သူ့လိုငါပါ, ဖြစ်၍လာက, ကောင်းလေစွဟု, လိုလားတောင့်တရလေတော့၏။

---

**ယုဉ္ဇံ**= [ √ယုဇ+အ+အန္တ ] ယုဉ္ဇတီတိ-ယုဉ္ဇန္တော၊ အားထုတ်သော၊ ယှဉ်သော။

**အယောဇယံ**= [ န+ယောဇယန္တ ] န ယောဇယံ-အယောဇယံ၊ အားမထုတ်သော၊ မယှဉ်စေသော။

**ယောဇယန္တ**= [ √ယုဇ+ဏယ+အန္တ ] ယောဇယတီတိ-ယောဇယန္တော။ အားထုတ်သော၊ ယှဉ်စေသော။

**ပိယဂ္ဂါဟီ**= [ ပိယ √ဂဟ+ဏီ ] ပိယံ ဂဏှာတိ သီလေနာတိ-ပိယဂ္ဂါဟီ၊ ချစ်အပ်(စုံမက်အပ်) သည်ကို ယူလေ့ရှိသော၊ ချစ်ခင်စုံမက်စရာကို စွဲလမ်းလေ့ရှိသူ။

**ပိဟေတိ**= [ √ပိဟ+ဧ+တိ ] ချစ်မြတ်နိုး၏၊ အလိုရှိ၏၊ တောင့်တ၏၊ လိုလားတောင့်တ၏။

**အတ္တာနုယောဂိနံ**= [ အတ္တ+အနု √ယုဇ+ဏီ ] အတ္တာနံ အနုယုဉ္ဇတိ သီလေနာတိ-အတ္တာနုယောဂီ၊ မိမိကို ကောင်းစွာအားထုတ်လေ့ရှိသော။ အတ္တနော အတ္တနော အတ္ထံ အနုယုဉ္ဇတိ သီလေနာတိ-အတ္တာနုယောဂီ၊ ကိုယ်ကျိုးကိုယ်စီးပွားကိုသာ အားထုတ်လေ့ရှိသော။
[အတ္တာနုယောဂ+ဤ] အတ္တာနုယောဂေါ အဿ အတ္ထီတိ-အတ္တာနုယောဂီ၊ မိမိ၏ အကျိုးကို အားထုတ်မှု(အကျင့်) ရှိသော၊ မိမိ၏အားထုတ်မှုကို အားထုတ်သော။

**အတ္တာနုယောဂ**= [အတ္တ+အနုယောဂ] အတ္တနော အတ္ထံ အနုယောဂေါ-အတ္တာနုယောဂေါ၊ မိမိအကျိုးကို အားထုတ်မှု၊ မိမိ၏အကျင့်တရား။

**အနုယောဂ**= [ အနု √ယုဇ+ဏ ] အနုယုဉ္ဇနံ-အနုယောဂေါ၊ အဖန်ဖန်အားထုတ်ခြင်း၊ ကြိုးစားခြင်း၊ ပြည့်စုံစေခြင်း၊ ကျင့်ခြင်း၊ ဖြစ်စေခြင်း။

**သမာဂန္တွာ**= [ သံ+အာ √ဂမု+အ+ဤ ] တွေ့ကြုံပြီ၊ ပေါင်းဆုံပြီ၊ ပေါင်းသင်းပြီ၊ ဆက်ဆံပြီ၊ ပေါင်းဖော်ပြီ။

**အပ္ပိယေဟိ**= [ န+ပိယ ] န ပိယော-အပ္ပိယော၊ မချစ်အပ်သော(သတ္တဝါ၊ သင်္ခါရ။)

ပိယေဟိ-နှစ်သက်ခုံမင်, ချစ်ခင်စုံမက်အပ်သည့်, သတ္တဝါများ, သင်္ခါရတရားတို့နှင့်၊ ကုဒါစနံ-မကြာကာလ, တစ်ခဏမျှလည်း၊ မာ သမာဂဉ္ဆိ-စိတ်ပါကပ်ငြိ, မပေါင်းဖော်မိစေလင့်၊ အပ္ပိယေဟိ-မုန်းတီးဖွယ်ပင် မချစ်ခင် မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့်လည်း၊ ကုဒါစနံ-တစ်ရံတစ်ဆစ်မျှ၊ မာ သမာဂဉ္ဆိ-ရောင်လွှဲမရှိ, မပေါင်းမိစေလင့်၊ ပိယာနံ-နှစ်သက်ခုံမင်, ချစ်ခင်မြတ်နိုးအပ်သော သတ္တဝါသင်္ခါရတို့ကို၊ အဒဿနံ-ဝေးခွာ ရှောင်ကွင်း, မမြင်ရခြင်းသည်၊ ဒုက္ခံ-စိုးရိမ်ကြောင့်ကြ, ဆင်းရဲရ၏၊ အပ္ပိယာနံ-မုန်းတီးဖွယ်ပင်, မချစ်ခင် မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့ကို၊ ဒဿနံစ-မျက်ဝါး ထင်ထင်, တွေ့မြင်ရခြင်းသည်လည်း၊ ဒုက္ခံ-ခံပြင်းလွန်စွာ, ဆင်းရဲရပါ၏။

တသ္မာ-ချစ်သူမမြင်, မုန်းသူမြင်က, ထိုသို့ဆင်းရဲရသောကြောင့်၊ (ကိဉ္စိ-အမှတ်မပြု, တစ်စုံတစ်ခုသော သတ္တဝါ သင်္ခါရကိုမျှ၊) ပိယံ-တွယ်တာနှစ်သက်, ချစ်ခင်စုံမက်ခြင်းကို၊ န ကယိရာထ-လွဲမှားရုံခါ, မပြုသင့်သည်သာ၊ ဟိ-သိဖွယ်ထပ်လောင်း, အကြောင်းမူကား၊ ပိယာပါယော-စုံမက်ကြည်ဖြူ, ချစ်ခင်သူတို့နှင့် ကွေကွင်းရခြင်းသည်၊ ပါပကော-တောင့်တခါခါ, ကြောင့်ကြပါ၍, ယုတ်မာလှပေ၏၊ ယေသံ-မည်သူမဆို, အကြင်ပုဂ္ဂိုလ်တို့၏၊ ဝါ-မည်သူမဆို, အကြင်ပုဂ္ဂိုလ်တို့မှာ၊ ပိယာပ္ပိယံ-တစ်စုံတစ်ခု, ချစ်မှု မုန်းမှုသည်၊ နတ္ထိ-မင်ဖြင့်ပယ်ခွင်း, အကုန်ရှင်း၍, အလျှင်းပင်မရှိတော့ပေ၊ တေသံ-ချစ်ခြင်းမုန်းခြင်း, ကွာကင်းယွင်းယို, ထိုပုဂ္ဂိုလ်တို့၏၊ ဝါ-ချစ်ခြင်းမုန်းခြင်း, ကွာကင်းယွင်းယို, ထိုပုဂ္ဂိုလ်တို့မှာ၊ ဂန္ထာ-အဘိဇ္ဈာကာယဂန္ထ , စရှိလေးပါး, ဝဋ်ဆင်းရဲ၌ နှောင်ဖွဲ့တတ်သော တရားတို့သည်၊ န ဝိဇ္ဇန္တိ-ချစ်မုန်းနှစ်ဖြာ, အဘိဇ္ဈာဗျာပါဒ, ပယ်ပြီးကလျှင်, ကြွင်းဂန္ထ များ, ကင်းစင်သွား၍, ထင်ရှားတစ်စ, မရှိကြတော့ပေ။

**မြန်မာပြန်** အားမထုတ်သင့်ရာ၌ ကိုယ်တိုင်အားထုတ်လျက် အားထုတ်သင့်ရာ၌ အားမထုတ်ဘဲ မိမိအကျိုးစီးပွားကို စွန့်လွှတ်ပြီးလျှင် ချစ်ခင်မြတ်နိုးစရာ ကာမဂုဏ်တို့ကို စွဲလမ်းနေသူသည် မိမိအကျိုးစီးပွားကို အားထုတ်နေသူတို့ (ရရှိသော ပူဇော်သက္ကာရကိုတွေ့ရလတ်သော် ငါလည်း ထိုသူတို့ကဲ့သို့ ဖြစ်ပါမူကား ကောင်းလေစွ-ဟု) လိုလားတောင့်တနေရတော့၏။

မည်သည့်အခါမျှ ချစ်သောသူတို့နှင့် ရောနှောယှက်တင် မပြုသင့်၊ မုန်းသောသူတို့နှင့်လည်း ရောနှောယှက်တင် မပြုသင့်၊ ချစ်သောသူတို့ကို မမြင်ရခြင်းသည် ဆင်းရဲ၏၊ မုန်းသောသူတို့ကို မြင်နေရခြင်းသည်လည်း ဆင်းရဲ၏။

---

**ပိယံ=** [ပိယ+ဏျ] ပိယဿ ဘာဝေါ-ပိယံ၊ ဘာဝပစ္စည်းကိုချေ၊ ချစ်အပ်သူ၏အဖြစ်၊ ချစ်ခြင်း။

**ပိယာပါယော=** [ပိယ+အပါယ] ပိယေဟိ အပါယော-ပိယာပါယော၊ ချစ်သူတို့နှင့် ကွေကွင်းခြင်း။

**အပါယ=** [အပ √ဣ+အ] အပါယနံ-အပါယော၊ ကင်းခြင်း၊ ထွက်သွားခြင်း၊ ကွဲကွာခြင်း၊ ကွေကွင်းရခြင်း။

ထို့ကြောင့် တစ်စုံတစ်ခုကိုမျှ ချစ်ခင်စုံမက်မှုကို မပြုသင့်၊ အကြောင်းမူကား- ချစ်ခင်စုံမက်သူတို့နှင့် ကွေကွင်းရခြင်းသည် ဆိုးဝါးလှ၏၊ ချစ်ခြင်းမုန်းခြင်း မရှိသူတို့မှာ သံသရာဝဋ်ဆင်းရဲ၌ နှောင်ဖွဲ့တတ်သော (ဂန္ထ)တရားများလည်း မရှိတော့ချေ။

**လင်္ကာ** အဂေါစရ, ခြောက်ဌာနဟု, မသင့်တော်ရာ, အားထုတ်ကာဖြင့်, သင့်ရာကမ္မဋ္ဌာန်း, စီးဖြန်းမွေ့လျော်, သင့်တော်ရာမှာ, လေ့လာအားထုတ်, မပြုလုပ်ဘဲ, သိမ်းထုပ်စရာ, ကိုယ့်ဥစ္စာဟု, သိက္ခာသုံးပါး, ကျိုးစီးပွားကို, ပယ်ထားပြီးလျှင်, ချစ်ခင်တောင့်တ, ငါးကာမကို, မလွှတ်စတမ်း, မျှော်သွေးစမ်းသို့, ဖွဲလမ်းဖမ်းယူ, နေသောသူကား, ကြည်ဖြူလေးစား, ကိုယ့်တရားကို, ကြိုးစားအားထုတ်, ပြုလုပ်နေကြား, ယောဂီများ၏, စီးပွားမြင်ရ, မျှော်တောင့်တ၏။

ချစ်သူများစွာ, ဆွေသဟာနှင့်, မခွာရက်ရက်, ရောထွေးယှက်လျက်, ပေါင်းဖက်သမှု, မပြုကြရာ၊ များစွာမုန်းသူ, အလားတူပင်, ရေးယူထွေးယှက်, မပေါင်းဖက်ရာ၊ နှစ်သက်သူများ, ခွဲခွာသွားက, စိတ်အားငယ်ကာ, ဆင်းရဲပါ၏၊ များစွာမုန်းသူ, တွေ့ပြန်မူလည်း, စိတ်ပူနွမ်းလျှ, ဆင်းရဲရ၏။

ဖြစ်ရသို့ပင်, ကြောင်းဆင်ခြင်၍, ချစ်ခင်အမှု, မပြုသင့်ပါ၊ အကြောင်းမှာမူ, ကွဲကွာချစ်သူ, မတွေ့မူကား, စိတ်ပူတောင့်တ, ကြောင့်ကြလွန်စွာ, ယုတ်မာပါ၏၊ နှစ်ဖြာအုပ်စု, ချစ်ခင်မှုနှင့်, မုန်းမှုကင်းကွာ, သူတို့မှာကား, မြဲစွာဖွဲ့ကြ, ဂန္ထတရား, ကင်းပြတ်သွား၏။

## ၂-အညတရကုဋုမ္ဗိကဝတ္ထု

၂၁၂။ ပိယတော ဇာယတီ သောကော , ပိယတော ဇာယတီ ဘယံ၊
ပိယတော ဝိပ္ပမုတ္တဿ , နတ္ထိ သောကော ကုတော ဘယံ။

**အနက်** ပိယတော-ချစ်ခင်ခြင်းငှာ, ထိုက်တန်ပါသည့်, သတ္တဝါနှင့်, အရာဝတ္ထု, အစုစုတို့ကြောင့်၊ သောကော-နှလုံးမငြိမ်, စိုးရိမ်ဝမ်းနည်းခြင်းသည်၊ ဇာယတိ-မလွဲမသွေ, ဖြစ်ရပါပေ၏၊ ပိယတော-ချစ်အပ်သတ္တဝါ, အရာဝတ္ထု, အစုစုတို့ကြောင့်၊ ဘယံ-တွင်းပြင်နှစ်တန်, အမျိုးမျိုးသောဘေးရန်သည်၊ ဇာယတိ-မလွဲကေန်, အမှန်ပင်ဖြစ်လာရပါပေ၏၊ ပိယတော-ချစ်အပ်သတ္တဝါ, အရာဝတ္ထု, အစုစုတို့မှ၊ ဝိပ္ပ မုတ္တဿ-ချစ်ခြင်းကင်းပျောက်, ကောင်းစွာလွတ်မြောက်ပြီးသောပုဂ္ဂိုလ်၏၊ ဝါ-ချစ်ခြင်းကင်းပျောက်, ကောင်းစွာ လွတ်မြောက်ပြီးသောပုဂ္ဂိုလ်မှာ၊ သောကော-နှလုံးမငြိမ်, စိုးရိမ်ဝမ်းနည်းခြင်းသည်၊ နတ္ထိ-အကြောင်းကင်းကွာ, မရှိတော့ပါပေ၊ ဘယံ-တွင်းပနှစ်တန်, အမျိုးမျိုးသောဘေးရန်သည်၊ ကုတောအတ္ထိ-ဘယ်မှာတစ်, ရှိနိုင်ပါတော့မည်နည်း။

**မြန်မာပြန်** ချစ်ခင်မြတ်နိုးခင်တွယ်နေသော သတ္တဝါနှင့်ပစ္စည်းဥစ္စာတို့ကြောင့် စိုးရိမ်ဝမ်းနည်းခြင်းစသည်ဖြစ်ရ၏၊ ဘေးရန်လည်းဖြစ်ရ၏၊ သတ္တဝါနှင့် ပစ္စည်းဥစ္စာတို့အပေါ်မှာ ချစ်ခင်မြတ်နိုးမှု, တွယ်တာမှုမရှိသူမှာ စိုးရိမ်ဝမ်းနည်းရခြင်းလည်း မရှိ၊ ဘေးရန်လည်း မရှိတော့ချေ။

**လက်ာ** ချစ်ခင်မြတ်နိုး, အကြောင်းမျိုးကြောင့်, စိုးရိမ်ပူဆာ, ဘေးဘယာတို့, မခွာမလွတ်, ဖြစ်လာတတ်၏၊ ချစ်မြတ်နိုးခြင်း, ကင်းရှင်းသူမှာ, ပူဆာလွတ်ကင်း, ဘေးလည်းရှင်း၏။

## ၃–ဝိသာခါဝတ္ထု

၂၁၃။ ပေမတော ဇာယတီ သောကော , ပေမတော ဇာယတီ ဘယံ၊
ပေမတော ဝိပ္ပမုတ္တဿ , နတ္ထိ သောကော ကုတော ဘယံ။

**အနက်** ပေမတော–သမီးနှင့်သား, ဆွေမျိုးများ၌, ဖြစ်ပွားစုံမက်, နှစ်သက်ခြင်းဟူသော အကြောင်းကြောင့်၊ သောကော ဇာယတိ၊ ပေမတော ဘယံ ဇာယတိ၊ ပေမတော–သမီးနှင့်သား, ဆွေမျိုးများ၌, ဖြစ်ပွားစုံမက်, ချစ်ခင်နှစ်သက်ခြင်းမှ၊ ဝိပ္ပမုတ္တဿ–နှစ်သက်ပြေပျောက်, ကောင်းစွာလွတ်မြောက်သောပုဂ္ဂိုလ်၏၊ သောကော နတ္ထိ၊ ဘယံ ကုတော အတ္ထိ။

**မြန်မာပြန်** သားသမီးစသူတို့၌ ခင်တွယ်နှစ်သက်ခြင်းကြောင့် စိုးရိမ်ဝမ်းနည်းခြင်းလည်း ဖြစ်ရ၏၊ ဘေးရန်လည်းဖြစ်ရ၏၊ သားသမီးစသူတို့အပေါ်၌ တွယ်တာနှစ်သက်မှု မရှိသူမှာ စိုးရိမ်ဝမ်းနည်းရခြင်းလည်းမရှိ၊ ဘေးရန်းလည်း မရှိတော့ချေ။

**လက်ာ** သားသမီးက, စရှိများပြား, သူတို့ကြားဝယ်, ဖြစ်ပွားနှစ်သက်,တပ်မက်ပွားတိုး, အကြောင်းမျိုးကြောင့်, စိုးရိမ်ပူဆာ, ဘေးဘယာတို့, ဖြစ်လာမယွင်း၊ နှစ်သက်ခြင်းသာ,ကင်းလွတ်ကွာက, ပူဆာလွတ်ကင်း, ဘေးလည်းရှင်း၏။

## ၄–လိစ္ဆဝိဝတ္ထု

၂၁၄။ ရတိယာ ဇာယတီ သောကော , ရတိယာ ဇာယတီ ဘယံ၊
ရတိယာ ဝိပ္ပမုတ္တဿ , နတ္ထိ သောကော ကုတော ဘယံ။

---

**ဂန္ထာ**= [ √ဂန္ထ+အ ] ယဿ သံဝိဇ္ဇန္တိ၊ တံ စုတိပဋိသန္ဓိဝသေန ဝဋ္ဋသ္မိံ ဂန္ထေန္တိ ဃဋ္ဋေန္တီတိ–ဂန္ထာ၊ အဘိ–၄–၁၊ ၉၁။ နှောင်ဖွဲ့ရစ်ပတ် ဆက်စပ်တတ်သော (ဂန္ထ)တရား။ ကျမ်းဂန်၊ သီကုံးခြင်း။

**ပိယာပ္ပိယံ**= [ပိယ+အပ္ပိယ] ပိယဉ္စ အပ္ပိယဉ္စ–ပိယာပ္ပိယံ။ ချစ်ခြင်းမချစ်ခြင်း၊ ချစ်ခြင်းမုန်းခြင်း။

### ၂၁၃–ပဒဝိဘာဂ

**ပေမတော**= [ √ပီ+မန် ] ပီ–တပ္ပနေ၊ ပီနန်–ပေမော၊ ရူ၊ ၆၅၂။ ပု+န ။ နှစ်သက်ခြင်း။

[ပိယ+ဣမ] ပိယဿ ဘာဝေါ–ပေမံ၊ ပိယ–ကို ပ–ပြု၊ နှစ်သက်သူ၏ အဖြစ်၊ နှစ်သက်ခြင်း။

[ √ပီ+ဏီ] ပီနယတီတိ ဝါ–ပီ။

[ပီ+ဣမ] ပီနော ဘာဝေါ–ပေမံ။ ဓာန်–ဋီ၊ ၁၇၃။

**အနက်** ရတိယာ-ကာမဂုဏ်ငါး, အာရုံကြားဝယ်, ပျော်ပါးလွန်မင်း, မွေ့လျော်ခြင်းကြောင့်၊ သောကော ဇာယတိ၊ ရတိယာ ဘယံ ဇာယတိ၊ ရတိယာ- ကာမဂုဏ်များ, အာရုံကြားဝယ်, ပျော်ပါးလွန်မင်း, မွေ့လျော်ခြင်းမှ၊ ဝိပ္ပမုတ္တဿ-ရက်ရက်စက်စက်, မငဲ့ကွက်ဘဲ, ဖဲထွက်သီးသီး, လွတ်မြောက်ပြီးသော ပုဂ္ဂိုလ်၏၊ ဝါ-ရက်ရက်စက်စက်, မငဲ့ကွက်ဘဲ, ဖဲထွက်သီးသီး, လွတ်မြောက်ပြီးသော ပုဂ္ဂိုလ်မှာ၊ သောကော နတ္ထိ၊ ဘယံ ကုတော အတ္ထိ။

**မြန်မာပြန်** ငါးပါးအာရုံ ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပါးခြင်းကြောင့် စိုးရိမ်ဝမ်းနည်းခြင်းလည်း ဖြစ်လာရ၏၊ ဘေးရန်လည်းဖြစ်လာရ၏၊ မွေ့လျော်ပျော်ပါးခြင်း မရှိသူမှာ စိုးရိမ်ဝမ်းနည်းရခြင်းလည်းမရှိ၊ ဘေးရန်လည်း မရှိတော့ချေ။

**လင်္ကာ** ကာမဂုဏ်ငွေ့, အကြိုက်တွေ့၍, ပျော်မွေ့ခြင်းမျိုး, တရားဆိုးကြောင့်, စိုးရိမ်ရခြင်း, ကြောက်လန့်ခြင်းတို့, မယွင်းသေချာ, ဖြစ်ပေါ်လာ၏၊ သို့သာဒုက္ခ, ဖြစ်ရကြောင်းရင်း, မွေ့လျော်ခြင်းမှ, လွတ်ကင်းသူမှာ, စိုးရိမ်ကွာသည်၊....... ဘယ်မှာကြောက်လန့်, ရှိအံ့နည်း။

## ၅-အနိတ္ထိဂန္ဓကုမာရဝတ္ထု

၂၁၅။ ကာမတော ဇာယတီ သောကော , ကာမတော ဇာယတီ ဘယံ၊
ကာမတော ဝိပ္ပမုတ္တဿ , နတ္ထိ သောကော ကုတော ဘယံ။

**အနက်** ကာမတော-ဝတ္ထုကိလေ, နှစ်ထွေသောကာမကြောင့်၊ ဝါ-လိုလားပေအပ်, လိုလားတတ်ဟု,နှစ်ရပ်သော ကာမကြောင့်၊ သောကော ဇာယတိ၊ ကာမတော ဘယံ ဇာယတိ၊ ကာမတော-လိုလားပေအပ်, လိုလားတတ်ဟု, နှစ်ရပ်သော ကာမမှ၊ ဝိပ္ပမုတ္တဿ-လိုလားကင်းပျောက်, လွတ်မြောက်ပြီးသော ပုဂ္ဂိုလ်၏၊ ဝါ-လိုလားကင်းပျောက်, လွတ်မြောက်ပြီးသော ပုဂ္ဂိုလ်မှာ၊ သောကော နတ္ထိ၊ ဘယံ ကုတော အတ္ထိ။

**မြန်မာပြန်** လိုအပ် လိုတတ် နှစ်ရပ်သော ကာမကြောင့် စိုးရိမ်ဝမ်းနည်းခြင်းလည်း ဖြစ်လာရ၏၊ ဘေးရန်လည်း ဖြစ်လာရ၏၊ လိုအပ် လိုတတ် နှစ်မျိုးသော ကာမ မရှိသူမှာ စိုးရိမ်ဝမ်းနည်းရခြင်းလည်းမရှိ၊ ဘေးရန်လည်း မရှိတော့ချေ။

**လင်္ကာ** လိုအပ် လိုတတ်, ခွဲအပ်နှစ်မျိုး,ကာမဆိုးကြောင့်, စိုးရိမ်ရခြင်း, ကြောက်လန့်ခြင်းတို့, မယွင်းသေချာ, ပွားတိုးလာ၏၊ သို့သာဒုက္ခ, ဖြစ်ရကြောင်းရင်း, လိုလားခြင်းမှ, လွတ်ကင်းသူမှာ, စိုးရိမ်ကွာသည်,....... ဘယ်မှာကြောက်လန့် ရှိမည်နည်း။

## ၆-အညတရဗြာဟ္မဏဝတ္ထု

၂၁၆။ တဏှာယ ဇာယတီ သောကော , တဏှာယ ဇာယတီ ဘယံ၊
တဏှာယ ဝိပ္ပမုတ္တဿ , နတ္ထိ သောကော ကုတော ဘယံ။

(အနက်) တဏှာယ–ဒွါရခြောက်ပါး, ဖြစ်ပွား၍လာ, တပ်မက်မှုတဏှာကြောင့်၊ သောကော ဇာယတိ၊ တဏှာယ ဘယံ ဇာယတိ၊ တဏှာယ–ဒွါရခြောက်ပါး, ဖြစ်ပွား၍လာ, တပ်မက်မှုတဏှာမှ၊ ဝိပ္ပမုတ္တဿ–တပ်မက်ကင်းပျောက်, ကောင်းစွာ လွတ်မြောက်ပြီးသူ၏၊ ဝါ–တပ်မက်ကင်းပျောက်, ကောင်းစွာလွတ်မြောက်ပြီးသူမှာ၊ သောကော နတ္ထိ၊ ဘယံ ကုတော အတ္ထိ။

(မြန်မာပြန်) တပ်မက်မှုတဏှာကြောင့် စိုးရိမ်ဝမ်းနည်းခြင်းလည်းဖြစ်လာရ၏၊ ဘေးရန်လည်းဖြစ်လာရ၏၊ တပ်မက်မှုတဏှာကင်းသူမှာ စိုးရိမ်ဝမ်းနည်းရခြင်းလည်းမရှိ၊ ဘေးရန်လည်း မရှိတော့ချေ။

(လင်္ကာ) ဒွါရခြောက်ဖြာ, ဝင်ရောက်ကာဖြင့်, ဖြစ်လာပွားတိုး, တဏှာဆိုးကြောင့်, စိုးရိမ်ရခြင်း, ကြောက်လန့်ခြင်းတို့, မယွင်းသေချာ, ပွားတိုးလာ၏၊ သို့သာဒုက္ခ, ဖြစ်ရကြောင်းရင်း, တပ်မက်ခြင်းမှ, လွတ်ကင်းသူမှာ, စိုးရိမ်ကွာသည်, ....... ဘယ်မှာကြောက်လန့်, ရှိအံ့နည်း။

## ၇–ပဥ္စသတဒါရကဝတ္ထု

၂၁၇။ သီလဒဿနသမ္ပန္နံ , ဓမ္မဋ္ဌံ သစ္စဝေဒိနံ၊
အတ္တနော ကမ္မကုဗ္ဗာနံ , တံ ဇနော ကုရုတေ ပိယံ။

(အနက်) သီလဒဿနသမ္ပန္နံ–စတုပါရိ, သုဒ္ဓိခေါ်ကြ, သီလလေးဖြာ, မဂ်ပညာ ဖိုလ်ပညာနှင့် ပြည့်စုံသော၊ ဓမ္မဋ္ဌံ–မဂ်ဖိုလ်နိဗ္ဗာန်, ကိုးတန်ကွဲပြား, လောကုတ္တရာတရား၌တည်သော၊ သစ္စဝေဒိနံ–သစ္စာလေးပါး, မြတ်တရားကို, ပိုင်းခြားထင်ထင်, သစ္စဉာဏ်ဖြင့် သိမြင်တတ်သော၊ အတ္တနော ကမ္မကုဗ္ဗာနံ–သုံးပါးသိက္ခာ, ကိုယ့်ဆိုင်ရာအလုပ်, ဖြည့်ကျင့်ပြုလုပ်နေသော၊ တံ ပုဂ္ဂလံ–ဆိုခဲ့ဉဿုံ, ဂုဏ်ပေါင်းစုံတို့, လွှမ်းခြုံပြည့်ဖြိုး, ထိုပုဂ္ဂိုလ်မျိုးကို၊ ဇနော–လောကထင်ရှား, လူနတ်များသည်၊ ပိယံ–ဖူးမြင်ဝပ်ချ, ပူဇော်ရရန်, လိုပြင်းထန်လျက်, အမှန်စင်စစ်, ချစ်ခင်မြတ်နိုးသူ၏အဖြစ်ကို၊ ကုရုတေ–ကြည်သာရွှင်ပျ, ပြုလုပ်ရလေတော့၏။

---

### ၂၁၇–ပဒဝိဘာဂ

**သီလဒဿနသမ္ပန္နံ**= [သီလဒဿန+သမ္ပန္န] သီလဒဿနေန သမ္ပန္နော–သီလဒဿနသမ္ပန္နော၊ စတုပါရိသုဒ္ဓိသီလ, မဂ်ဉာဏ်, ဖိုလ်ဉာဏ်နှင့် ပြည့်စုံသော။

**သီလဒဿန**= [သီလ+ဒဿန] သီလဉ္စ ဒဿနဉ္စာတိ–သီလဒဿနံ၊ သီလနှင့်မဂ်ဉာဏ်ဖိုလ်ဉာဏ်။

**ဒဿန**= [ √ဒိသ+ယု] နိဗ္ဗာနံ ပဿတီတိ–ဒဿနံ၊ နိဗ္ဗာန်ကို (အာရုံပြုသောအားဖြင့်) မြင်တတ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်။

**ဓမ္မဋ္ဌ**= [ဓမ္မ √ဌာ+အ] ဓမ္မေ တိဋ္ဌတီတိ–ဓမ္မဋ္ဌော၊ တရား၌တည်သော(သူ။)

(မြန်မာပြန်) ပုဂ္ဂိုလ်တစ်ဦးသည် အကျင့်သီလဉာဏ်အမြင်နှင့် ပြည့်စုံနေမည်၊ တရား သဘော၌တည်နေမည်၊ အမှန်တရားလေးပါးကို သိမြင်နေမည်၊ သိက္ခာ သုံးပါးဟူသော ကိုယ့်အလုပ်ကို ပြုလုပ်နေမည်-ဆိုပါလျှင် ထိုပုဂ္ဂိုလ်မျိုးကို နတ်လူ အပေါင်းက ချစ်ခင်မြတ်နိုး၏။

(လင်္ကာ) သီလဉာဏ်မြင်, ပြည့်စုံလင်၍, ဖြူစင်အဟုတ်, ပူပင်ပြုတ်သည့်, လောကုတ် ခေါ်မှတ်, တရားမြတ်ကို, ရလတ်တစ်ဖန်, အမှန်တရား, မြင်ထားမချွတ်, ကိုယ်ပြုအပ်သည့်, သုံးရပ်သိက္ခာ, ဖြည့်ကျင့်လာတတ်, ပုဂ္ဂိုလ်မြတ်ကို, လူနတ်မျိုးမျိုး, ချစ်မြတ်နိုး၏။

## ၈-ဧကအနာဂါမိတ္ထေရဝတ္ထု

၂၁၈။ ဆန္ဒဇာတော အနက္ခာတေ , မနသာ စ ဖုဋ္ဌော သိယာ၊
ကာမေသု စ အပ္ပဋိဗဒ္ဓစိတ္တော , ဥဒ္ဓံသောတောတိ ဝုစ္စတိ။

(အနက်) ယော-ရဟန်းရှင်လူ,မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ အနက္ခာတေ-မည်သူ ပြုအပ်, ဖန်ဆင်းအပ်ဟု, မပြောဆိုအပ်သော နိဗ္ဗာန်၌၊ ဝါ-ဖြူနီကြောင်ကျား, စသောအားဖြင့်, ပြောကြားဖို့ရန်, မထိုက်တန်သည့်, ကျော်လွန်ဒြပ်, နိဗ္ဗာန်ဓာတ်၌၊ ဆန္ဒဇာတော-ဖြစ်ပွားခဲ့မင်, လိုချင်မက်မောမှု ရှိသည်လည်းကောင်း၊ မနသာ-အောက်မဂ် သုံးပါး, ဖိုလ်သုံးပါးဟု, ခြောက်ပါးသောစိတ်ဖြင့်၊ ဖုဋ္ဌောစ-အလေးပြုအပ်, အာရုံမြတ်မို့, ကိန်းဝပ်ပျံ့နှံ့သည်လည်းကောင်း၊ သိယာ-အာရမ်မိပတိ, ကြောင်းကျိုးညီကာ, ဖြစ်နိုင် ရာ၏၊ ကာမေသု-ဝတ္ထုအာရုံ, ကာမဂုဏ်တို့၌၊ အပ္ပဋိဗဒ္ဓစိတ္တောစ-ဖွဲ့စပ်ကပ်ငြိ, တပ်မက်သောစိတ်မရှိသည်လည်း၊ သိယာ-မဂ်ဖြင့်ပယ်ခွာ, ဖြစ်နိုင်ရာ၏၊ သော-နိဗ္ဗာန် လိုလား, အောက်ဖိုလ်များဖြင့်, ပြုထားအာရုံ, ကာမဂုဏ်ကို, မစုံမက်လို, ထိုပုဂ္ဂိုလ်ကို၊ ဥဒ္ဓံသောတောတိ-ဥဒ္ဓံသောတဟူ၍၊ ဝါ-ထက်သို့ပင့်တင်, တဏှာအလျဉ်,ဝဋ်အလျဉ်

---

**သစ္စဝေဒိနံ=** [သစ္စ √ဝိဒ+ဏီ] သစ္စံ ဝိဒတိ ဇာနာတီတိ-သစ္စဝေဒီ၊ သစ္စာလေးပါးကို သိမြင် တတ်သော။

**အတ္တနောကမ္မကုဗ္ဗာနံ=** [အတ္တနောကမ္မ+ကုဗ္ဗာန] အတ္တနောကမ္မံ ကုဗ္ဗာနော-အတ္တနောကမ္မ ကုဗ္ဗာနော၊ မိမိ၏အမှု သိက္ခာသုံးခုကို ပြုနေသော။

**အတ္တနောကမ္မ=** [အတ္တ+ကမ္မ] အတ္တနော ကမ္မံ- အတ္တနောကမ္မံ၊ မိမိ၏အမှုဖြစ်သော သိက္ခာ သုံးပါး၊ အတ္တနောပဒံကဲ့သို့ အလုတ္တတပ္ပုရိသ်သမာသ်။

**ကုဗ္ဗာန=** [ √ကရ+ဩ+မာန] ကရောတီတိ-ကုဗ္ဗာနော၊ ရုပ်ပြီးပုံ ရူ-နှာ၊ ၄၀၀-၌ရှု။ မာန-ကို အာန-ပြု။ ပြုလုပ်နေသော။

### ၂၁၈-ပဒဝိဘာဂ

**ဆန္ဒဇာတော=** [ဆန္ဒ+ဇာတ] ဆန္ဒော ဇာတော အဿာတိ-ဆန္ဒဇာတော၊ ရူ၊ ၃၅၂။ ဖြစ်သော ဆန္ဒရှိသော၊ အားထုတ်ကြိုးစားလိုသော။

ရှိသော ပုဂ္ဂိုလ်ဟူ၍၊ ဝါ-အဝိဟာမှ, ကနိဋ္ဌတိုင်, ဖြစ်နိုင်သော ပုဂ္ဂိုလ်ဟူ၍၊ ဝုစ္စတိ-သကတ်အလိုက်, ဒြပ်ကိုက်အောင်, ဆိုထိုက်ပါပေ၏။

**မြန်မာပြန်** တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်သည် နိဗ္ဗာန်ကိုလိုလားသည်အားလျော်စွာ ကြိုးစားအားထုတ်၏၊ အောက်မင်္ဂအောက်ဖိုလ်တို့ဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်၏၊ ကာမဂုဏ်တို့၌ တပ်မက်သောစိတ်လည်း မရှိတော့ချေ၊ ထိုပုဂ္ဂိုလ်မျိုးကို ဥဒ္ဓံသောတပုဂ္ဂိုလ်ဟု ဆိုထိုက်၏။

**လင်္ကာ** ဒြပ်ကျော်လွှန်, အေးနိဗ္ဗာန်ကို, အလွန်လိုလား, ကြိုးအားထုတ်သူ, တစ်ဦးသူကား, အပူကင်းလွတ်, နိဗ္ဗာန်ဓာတ်ကို, လေးမြတ်ပြုကာ, နေတတ်ပါ၏၊ ကာမဘုံဝယ်,

---

**အနက္ခာတေ=** [န+အက္ခာတ] န အက္ခာတံ-အနက္ခာတံ၊ မည်သူကပြုလုပ်ထားသည်ဟု မပြောသင့်သော နိဗ္ဗာန်၊ ဖြူနီကြောင်းကျား ဤသို့ သဘောသွားရှိ၏ဟု မပြောကြားသင့်သော နိဗ္ဗာန်၊ မပြောအပ်သော၊ မဟောအပ်သော။

**အက္ခာတ=** [အာ √ခါ+တ] အက္ခာယတေတိ-အက္ခာတံ၊ ဟောကြားအပ်သော၊ ပြောဆိုအပ်သော။

**ဖုဋော=** [√ဖရ+တ] ဖရိတ္တာ, ဖရိယိတ္တာတိ ဝါ-ဖုဋော၊ သုတ်ကြီးဖြင့် ဖ-၏ အ-ကို ဥ-ပြု၊ တ-ကို ဋ-ပြု၊ နိရုတ္တိ-နှာ၊ ၄၈၁။ပျံ့နှံ့သော၊ ပျံ့နှံ့စေအပ်သော၊ ဖြန့်အပ်သော၊ တွေ့ထိအပ်သော။ ဖရ=(ဘူ) ဖရဏ ပကာသ စလနေသု-ပျံ့နှံ့ခြင်း, ထင်ရှားခြင်း, တုန်လှုပ်ခြင်းတို့၌၊ ဂတိယာ စ-သွားခြင်း၌လည်း၊ (ဖရတိ။)

**အပ္ပဋိဗဒ္ဓစိတ္တော=** [အပ္ပဋိဗဒ္ဓ+စိတ္တ] အပ္ပဋိဗဒ္ဓံ စိတ္တံ ယဿာတိ-အပ္ပဋိဗဒ္ဓစိတ္တော၊ မဖွဲ့မစပ်အပ်သောစိတ်ရှိသော၊ မတွယ်တာ မကပ်ငြိသောစိတ်ရှိသော။ မစွဲမြဲ-မတပ်မက်သောစိတ်ရှိသော။

**အပ္ပဋိဗဒ္ဓ=** [န+ပဋိဗဒ္ဓ] န ပဋိဗဒ္ဓံ-အပ္ပဋိဗဒ္ဓံ၊ မဖွဲ့နှောင်အပ်သော၊ မဖွဲ့မစပ်အပ်သော။

**ပဋိဗဒ္ဓ=** [ပဋိ √ဗဓ+တ] ပဋိဗဇ္ဈတီတိ, ပဋိဗဇ္ဈိတ္တာတိ ဝါ-ပဋိဗဒ္ဓေါ၊ ဗဓ=(ဘူ+စု) ဗန္ဓနေ-နှောင်ဖွဲ့ခြင်း၌၊ ( ဗဓတိ၊ ဗာဓေတိ၊ ဗာဓယတိ။)
[ပဋိ √ဗန္ဓ+တ] ဖွဲ့နှောင်တတ်သော၊ ဖွဲ့နှောင်အပ်သော။

**ဥဒ္ဓံသောတော=** [ဥဒ္ဓံ+သောတ] ဥဒ္ဓံ ဝါဟိဘာဝေန ဥဒ္ဓမဿ တဏှာသောတံ ဝဋ္ဋသောတံ ဝါတိ-ဥဒ္ဓံသောတော၊ ဥဒ္ဓံ ဝါ ဂန္တွာ ပဋိလဘိတဗ္ဗတော ဥဒ္ဓမဿ မဂ္ဂသောတန္တိ-ဥဒ္ဓံသောတော၊ အံ-ဋီ-၂၊၁၀၉။ အထက်၌ တဏှာအလျဉ် ဝဋ်အလျဉ်ရှိသော၊ အထက်၌ မဂ်အလျဉ်ရှိသော၊(အနာဂါမ်ပုဂ္ဂိုလ်။)

**သောတ=** [√သု+တ] နိန္နဋ္ဌာန် သဝတီတိ-သောတော=ဇလပ္ပဝါဟော၊ ရေအလျဉ်၊
[သောတ+ဏ] သောတောဝိယာတိ-သောတော၊တဏှာအလျဉ်, ဝဋ်အလျဉ်။ နိဗ္ဗာနံ (အဘိမုခံ ဟုတွာ ) သဝတီတိ-သောတော၊ မဂ်အလျဉ်။

**ဝုစ္စတိ=** [√ဝစ+ယ+တေ] ရူ၊ ၄၇၈။ ဆိုအပ်၏။

ငြိတွယ်နှစ်သက်, တပ်မက်များပြား, ဖွဲ့ယှက်ထားသည့်, စိတ်များကင်းကွာ, ဖြစ်နေပါ၏၊ သို့သာဖြစ်လျှင်, ထိုလူရှင်ကား, ရေလျဉ်အထက်, ဆန်တက်သူလား, ဘဝဂ်သွားမည့်, ယောက်ျားမြတ်မွန်, တကယ်မှန်၏။

## ၉-နန္ဒိယဝတ္ထု

၂၁၉။ စိရပ္ပဝါသိံ ပုရိသံ , ဒူရတော သောတ္ထိ မာဂတံ၊
ဉာတိမိတ္တာ သုဟဇ္ဇာ စ , အဘိနန္ဒန္တိ အာဂတံ။

၂၂၀။ တထေဝ ကတပုညမ္ပိ , အသ္မာ လောကာ ပရံ ဂတံ၊
ပုညာနိ ပဋိဂဏှန္တိ , ပိယံ ဉာတီဝ အာဂတံ။

**အနက်** စိရပ္ပဝါသိံ-ကာလရှည်ကြာ,ကွဲကွာနေရသည်ဖြစ်၍၊ ဒူရတော-ခရီးဝေးကွာ,တစ်မြို့တစ်ရွာမှ၊ သောတ္ထိံ-ရောင်းဝယ် ဖောက်ကား,လခစားမှု,တစ်ခုခုဖြင့်, ဆည်းစုဥစ္စာ, ချမ်းသာစွာဖြင့်၊ အာဂတံ-ကိုယ့်မြို့ ကိုယ့်ရွာ,ပြန်ရောက်လာသော၊ ပုရိသံ-ခေါင်းဆောင်ရှေ့သွား, တစ်ဦးသောယောက်ျားကို၊ ဉာတိမိတ္တာ-မိမျိုး ဖမျိုး, မယားမျိုးမှ, ပွားတိုးသက်ဆင်း, ဆွေမျိုးရင်းနှင့်, ပေါင်းသင်းဖူးပေ, ချစ်မိတ်ဆွေတို့သည်လည်းကောင်း၊ သုဟဇ္ဇာစ-စိတ်ကောင်းမွေးမြူ,ခင်မင်သူတို့သည်လည်းကောင်း၊ အာဂတံ-ပြန်လာပြီလား, ကျန်းမာလားဟု, စကားသာချို, ပြောကြားဆိုလျက်၊ အဘိနန္ဒန္တိ ယထာ-ဝမ်းသာရွှင်ပျ, အလွန်နှစ်သက်ကြကုန်သကဲ့သို့။-

---

### ၂၁၉, ၂၂၀-ပဒဝိဘာဂ

**စိရပ္ပဝါသိံ=** [စိရံ+ပဝါသီ] ကြာမြင့်စွာ ကွဲကွာနေသူ။

**စိရံ=** [ √စိ+ရမ်] အဗျ။ ကြာမြင့်စွာ၊ ကြာရှည်လေးမြင့်။

**ပဝါသီ=** [ပ √ဝသ+ဏီ] ပါ ဝသီတိ-ပဝါသီ၊ အရပ်တစ်ပါးသို့ သွားနေခဲ့သော၊ ကွေကွင်းနေခဲ့သော။

**သောတ္ထိံ=** [သု+အတ္ထ]သုန္ဒရော အတ္ထော ယဿာတိ-သောတ္ထိ၊ နိရုတ္တိ-နှာ၊ ၂၁။ အဆုံး၌ ဣ-လာ၊ ဂိုဏ်းစဉ် နီတိ-ပဒ၊ ၃၄၀-ကိုရှုပါ။ ပထမာ, ဒုတိယာ, တတိယာ-ဧကဝုစ်သာ တွေ့ရသည်၊ ကောင်းသော၊ အကျိုးရှိသော၊ ချမ်းသာခြင်း၊ ဘေးမရှိခြင်း၊ အနာကင်းခြင်း။

**အာဂတံ=** [အာ √ဂမု+တ] အာဂစ္ဆတီတိ-အာဂတော၊ လာသော၊ ရောက်လာသော၊ ပြန်ရောက်လာသော။

**ဉာတိမိတ္တာ=** [ဉာတိ+မိတ္တ] ဉာတီစ မိတ္တာစာတိ-ဉာတိမိတ္တာ၊ ဆွေမျိုး မိတ်ဆွေတို့။

**သုဟဇ္ဇာ=** [သုဟဒ+ဏျ] သုဟဒယာဝယော-သုဟဇ္ဇာ၊ စိတ်ကောင်းရှိသော၊ ချစ်မိတ်ဆွေ။

**သုဟဒယ=** သုဟဒ= [သု+ဟဒယ] သုဋ္ဌု ဟဒယံ ဧတေသန္တိ- သုဟဒယာ၊ သုဟဒယာဝယော သုဟဒါ၊ ယကာရလောပေန၊ နိရုတ္တိ-နှာ၊ ၃၄၃-ကိုရှုပါ၊ စိတ်ကောင်းရှိသော၊ ချစ်မိတ်ဆွေ။

တထေဝ-တေနေဝါကာရေန-စံနမူနာထား, ထိုအခြင်းအရာအားဖြင့်ပင်လျှင်၊ ကတပုညမ္ပိ-ဆည်းပူးကြိုးစား, ပြုလုပ်ထားသော, ကုသိုလ်ကောင်းမှု ရှိသူကိုလည်း၊ အသ္မာ လောကာ- အထိုက်အလျောက်, ရွေးကံထောက်၍, ရောက်လာကြရ, ဤလူ့လောကမှ၊ ပရံ လောကံ-ငါးကာမဂုဏ်, များအာရုံတို့, ပြည့်စုံကြွယ်ဝ, တစ်ပါးသောနတ်လောကသို့၊ ဂတံသမာနံ-ဟောင်းနွမ်းခန္ဓာ, စွန့်ခွာပစ်ထား, ရောက်သွားရလတ်သော်၊ ပိယံ-ချစ်ကြခင်ကြ, ချစ်မဝသည့်, ချစ်စမည်း, ဤလောကဋ္ဌရှိသော ဆွေမျိုးတစ်ဦးကို၊ အာဂတံ သမာနံ-တစ်ခါတစ်ခေါက်, ကိုယ့်ထံမှောက်သို့, ရောက်လာလတ်သော်၊ ဉာတီ-စိတ်ကောင်းပြည့်ဖြိုး, ကြွင်းကျန်သော ဆွေမျိုးတို့သည်၊ ပဋိဂ္ဂဏှန္တိ ဣဝ-ချိုသာပြောကြား, ဝတ်ထည်များနှင့်, စားသောက်များမြောင်, လက်ဆောင်တွေပေး, ပိုက်ထွေးလက်ခံကြကုန်သကဲ့သို့၊ ပုညာနိ-မိဘအသွင်, ရှင်စဉ်ပြုစု, ကုသိုလ်ကောင်းမှုတို့သည်၊ အာဂတံ-ရောက်လာပြီတကားဟု၊ ပဋိဂ္ဂဏှန္တိ-အာယုစသား, ဆယ်ပါးပြားလာ, နတ်ပဏ္ဏာကို, ယူလာနှစ်ခြိုက်, လက်ခံသိမ်းပိုက်ကြကုန်၏။

**မြန်မာပြန်** အချိန်ကြာမြင့်စွာ ခွဲခွာနေရ၍ ရပ်ဝေးမှ ချမ်းသာစွာပြန်လာသူကို ဆွေမျိုး, မိတ်ဆွေ, ရင်းနှီးခင်မင်သူများက ပြန်လာခဲ့ပြီတကားဟု ပြောကြားလျက် လွန်စွာနှစ်သက်ကြကုန်၏။

ဤစံနမူနာအတိုင်းပင် ကုသိုလ်ကောင်းမှု ပြုထားသူတစ်ဦးကိုလည်း ဤလူ့ဘဝမှ စုတေ၍ နတ်ဘဝသို့ ရောက်သွားခဲ့ပါလျှင် ချစ်ခင်သောဆွေမျိုးတစ်ဦး ရောက်လာသည့်အခါ ကြွင်းဆွေမျိုးတို့က "ရောက်လာပါပေါ့လား"ဟု အစားအသောက်တို့ဖြင့် ကြိုဆိုလက်ခံ ထားကြသကဲ့သို့ မိမိပြုလာခဲ့သော ကုသိုလ်ကောင်းမှုများက "ရောက်လာပါပေါ့လား "ဟူသော သဘောဖြင့် အသက်ရှည်ခြင်းစသော လက်ဆောင်ပဏ္ဏာဆယ်မျိုးဖြင့် ကြိုဆိုလက်ခံကြကုန်၏။

**လင်္ကာ** ကြာမြင့်ကာလ, ခွဲနေရ၍, ဝေးမှကျန်းမာ, ချမ်းသာစွာဖြင့်, ပြန်လာသည့်သူ, တစ်ဦးလူကို, တူရှုမသွေ, တွေ့မြင်လေသော်, မျိုးဆွေချစ်ခင်, လူများဖြင်တို့, ကြည်လင်လှစွာ, ပြန်လာပြီလား, သူကောင်းသားဟု, အားရပါးရ, ပြောကြနှုတ်ဆက်, လွန်နှစ်သက်၏။

ချင့်တွက်မှတ်ယူ, စံနမူဖြင့်, ကြည်ဖြူကောင်းမှု, ပြုထားသူက, ဤဘဝမှ, ဘဝတစ်ပါး,ပြောင်းရွှေ့သွားသော်, ပြုထားထိုထို, များကုသိုလ်က, နှစ်လိုမျိုးဆွေ, လာရောက်နေသို့, အခြေလှလှ, အနေကျအောင်, စောင်မသူ့ကို, လက်ခံကြို၏။

---

**ဟဒယ=** [ √ဟရ+ယ ] ဟရ-ဓာတ်၏ ရ-ကို ဒ-ပြု၊ ဟရတီတိ-ဟဒယံ= စိတ္တံ, မနော ဓာတု မနောဝိညာဏဓာတု နိဿယော စ၊ မောဂ်-၇၊ ၁၄၂။ စိတ်၊ ဟဒယဝတ္ထု။

**ပဋိဂဏှန္တိ =** [ ပဋိ √ဂဟ+ဏှာ+အန္တိ ] ဂ-ဒွေးဘော်လာသင့်သော်လည်း ဆန်းကြောင့် မလာ၊ ခံယူကုန်၏၊ စွဲကိုင်ယူငင်ကုန်၏။

# ၁၇–ကောဓဝဂ္ဂ

## ၁–ရောဟိနီခတ္တိယကညာဝတ္ထု

၂၂၁။ ကောဓံ ဇဟေ ဝိပ္ပဇဟေယျ မာနံ , သံယောဇနံ သဗ္ဗမတိက္ကမေယျ၊
တံ နာမရူပသ္မိမသဇ္ဇမာနံ , အကိဥ္စနံ နာနုပတန္တိ ဒုက္ခာ။

**အနက်** ကောဓံ–ခန္တီတရား, ပျက်ပြားယိုယွင်း, အမျက်ထွက်ခြင်း(လက္ခဏာရှိသော ဒေါသ)ကို၊ ဇဟေ–မထားအမျက်, တရားဖက်ကာ, ပယ်စွန့်ရာ၏၊ မာနံ–ကိုးမျိုးကွဲပြား, (ထောင်လွှားခြင်းလက္ခဏာရှိသော)မာနတရားကို၊ ဝိပ္ပဇဟေယျ–ဦးချိုကျိုးနွား, ပမာထားကာ, အထူးအားဖြင့် ပယ်စွန့်ရာ၏၊ သဗ္ဗံ သံယောဇနံ–ကာမရာဂ, စရှိဆယ်ပါး, အလုံးစုံသော သံယောဇဉ်တရားကို၊ အတိက္ကမေယျ–ဝိပဿနာမဂ်, ယာဉ်တက် စီးကာ, လွန်မြောက်ရာ၏၊ နာမရူပသ္မိံ–ခန္ဓာငါးပါး, နာမ်ရုပ်တရား၌၊ အသဇ္ဇမာနံ–ငါ့နာမ် ငါ့ရုပ်, သမုတ်မှတ်သိ, မကပ်ငြိသော၊ ဝါ–ငါ့နာမ် ငါ့ရုပ်, အစွဲပြုတ်သော၊ အကိဥ္စနံ–စိုးရိမ်ကြောင့်ကြ, ရာဂစသောအနှောင်အဖွဲ့မရှိသော၊ တံပုဂ္ဂလံ–ပွားများကုသိုလ်, ထိုပုဂ္ဂိုလ်သို့၊ ဒုက္ခာ–ဆိုးဆိုးဝါးဝါး, ခံစားချမ်းသာ, ဆင်းရဲဝေဒနာတို့သည်၊ န အနုပတန္တိ–ရှောင်ရှားလွဲသုန်, မကျမရောက်နိုင်တော့ကုန်။

**မြန်မာပြန်** အမျက်ဒေါသကို ပယ်ရမည်၊ မာန်မာနကိုလည်း ပယ်ရမည်၊ သံယောဇဉ် အကုန်လုံးကိုကျော်လွန်ရမည်၊ နာမ်ရုပ်၌ ငါ့နာမ် ငါ့ရုပ်ဟုစွဲလမ်းမှု မရှိသည့် အပြင် (ရာဂစသော)စိုးရိမ်ကြောင့်ကြ မရှိသူထံသို့ ဆင်းရဲဝေဒနာများမကျရောက်နိုင်ကြချေ။

---

### ၂၂၁–ပဒဝိဘာဂ

**ကောဓံ**= [ √ကုဓ+ဏ ] ကုဇ္ဈနံ–ကောဓော၊ ဓာန်–ဋီ၊ ၁၆၄။ အမျက်ဒေါသ၊ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ ကုဇ္ဈတီတိ–ကောဓော၊ အမျက်ဒေါသထွက်သော၊ စိတ်ဆိုးသော(သူ။) ကုဓ= ( ဒိ ) ကောပေ–စိတ်ဆိုးခြင်း၌၊ (ကုဇ္ဈတိ။)

**နာမရူပသ္မိံ**= [နာမ+ရူပ] နာမဉ္စ ရူပဉ္စ–နာမရူပံ၊ နာမ်ရုပ်၊ နာမ်နှင့်ရုပ်။

**နာမ**= [ √နမု+ဏ ] နမျတေ အဘိမုခံ ဟောတိ ဝါ အဿိ နမတိ, နမယတီတိ ဝါ–နာမံ၊ ဓာန်–ဋီ၊ ၁၁၄။ အမည်၊ ညွတ်တတ်, ညွတ်စေတတ်သော နာမ်တရား။

**ရူပ**= [ √ရုပ+အ ] ရုပ–ရုပ္ပနေ၊ သူစိ။ သီတုဏှာဒိဝိရောဓိပစ္စယေဟိ ရုပ္ပတိ, ကုပ္ပတိ, ပီဠီယတီတိ ဝါ–ရူပံ၊ ဒီဃပြု၊ ဓာတွတ္ထ။ ရုပ်။ ရုပ=( ဒိ ) ရုပ္ပနေ–ဖောက်ပြန်နှောင့်ယှက်နှိပ်စက်ထိပါးခြင်း၌၊ (ရုပ္ပတိ။)

[ √ရူပ+အ ] ရူပယတိ ဝဏ္ဏဝိကာရ အာပဇ္ဇနမာနံ ဟဒယင်္ဂတဘာဝံပကာသေတီတိ–ရူပံ၊ အဆင်း၊ ငွေ၊ ဓာတွတ္ထ။

**အသဇ္ဇမာနံ**= [န+သဇ္ဇမာန ] န သဇ္ဇမာနော–အသဇ္ဇမာနော၊ မကပ်ငြိသော၊ မတွယ်တာသော။

**လင်္ကာ** အမျက်ဒေါသ, မာန်မာနကို, စွန့်ချပယ်ခွာ, ပြုကြရာ၏၊ ဝဋ်မှာစပ်ယှဉ်, သံယောဇဉ်ကို, ကုန်စင်ပယ်ခွာ, လွန်မြောက်ရာ၏၊ နှစ်ဖြာကွဲပြန်, ကိုယ့်ရုပ်နာမ်ဝယ်, ငါ့နာမ်ငါ့ရုပ်, အစွဲပြုတ်လျက်, ပယ်နုတ်ကြောင့်ကြ, လုံးဝပျက်ပြီ, ထိုပုဂ္ဂိုလ်သို့, ငြင်ငြိခက်ခဲ, ဆင်းရဲတစ်ပေါက်, မကျရောက်တည်း။

## ၂-အညတရာဘိက္ခုဝဂ္ဂ

၂၂၂။ ယော ဝေ ဥပ္ပတိတံ ကောဓံ , ရထံ ဘန္တံဝ ဝါရယေ၊
တမဟံ သာရထိံ ဗြူမိ , ရသ္မိဂ္ဂါဟော ဣတရော ဇနော။

**အနက်** (သာရထိ-ကျွမ်းကျင်ထူးခြား, ရထားမောင်းသမားသည်၊) ဘန္တံ-ရှိန်ဟုန်မြင့်မား, ပြေးသွားနေသော၊ ရထံ-ကိုယ်တိုင်ထိန်းကျောင်း, မတိမ်းစောင်းအောင်, မောင်းနှင်လာသောရထားကို၊ ဝါရယေဣဝ-လိုရာရပ်မှာ, တန့်ရပ်လာအောင်, ကောင်းစွာထိန်းကိုင်, တားမြစ်နိုင်သကဲ့သို့၊ ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ ဝေ-စင်စစ်ကေန်, အမှန်အားဖြင့်၊ ဥပ္ပတိတံ-သူတစ်ပါးအား, လက်စားချေရန်, အလွန် ပြင်းစွာ, ဖြစ်ပေါ်လာသော၊ ကောဓံ-ကြီးမားလွန်မင်း, စိတ်ဆိုးအမျက်ထွက်ခြင်းကို၊ ဝါရယေ-နိရယဘေး, စသည်တွေးကာ, တားမြစ်နိုင်ရာ၏၊ တံ-ဒေါသအမျက်, ပြင်မထွက်အောင်, သွက်လက်ထိန်းသို, ထိုပုဂ္ဂိုလ်ကို၊ အဟံ-သင်တို့ကိုးစား, ငါဘုရားသည်၊ သာရထိံ-ကျွမ်းကျင်ထူးခြား, ရထားမောင်းသမားဟူ၍၊ ဗြူမိ-လူသိထင်ရှား, မိန့်ကြားမြွက်ဖော်, ဟောတော်မူ၏၊ ဣတရောဇနော-ဤမှတစ်ပါး, ရထားကိုမောင်း, လူအပေါင်းသည်၊ ရသ္မိဂ္ဂါဟော-မာန်မျက်ဖြစ်ပွား, မတားဆီးနိုင်, ကြိုးကိုင်မျှသာ, ဖြစ်ရပါပေ၏။

**မြန်မာပြန်** ပြေးသွားနေသောရထားကို လိုရာရပ်အောင် မြစ်တားနိုင်သော ရထားမောင်း သမားကဲ့သို့ ဖြစ်ပေါ်လာသော အမျက်ဒေါသကို မြစ်တားနိုင်သူကိုသာ ငါ ဘုရားက ထူးခြားသောရထားမောင်းသမားဟု မိန့်ဆိုပေသည်၊ အခြားသော မာန်မျက်ဖြစ်ပွား, ရထားမောင်းသမားများမှာ ကြိုးကိုင်မျှသာ ဖြစ်ကြပေသည်။

---

**သဒ္ဓမာန=** [ √သဒ္ဓ+အ+မာန ] သဒ္ဓတီတိ-သဒ္ဓမာနော၊ ကပ်ငြိသော၊ တွယ်တာသော၊ သဒ္ဓ=(ဘု) လာဘာသိဥ္စနသင်္ဂေသု-ရခြင်း, သွန်းလောင်းခြင်း, ငြိကပ်ခြင်းတို့၌၊ (သဒ္ဓတိ။)

**အနုပတန္တိ=** [အနု √ပတ+အ+အန္တိ ] လိုက်ကုန်၏၊ ကျကုန်၏၊ ကျရောက်ကုန်၏။

### ၂၂၂-ပဒဝိဘာဂ

**ဥပ္ပတိတံ=** [ဥ √ပတ+တ] ဥပ္ပတီတိ-ဥပ္ပတိတံ၊ ဖြစ်ပေါ်လာသော၊ ဖြစ်လာသော။

**ဘန္တံ=** [ √ဘမု+တ] ဘမု-အနဝဋ္ဌာနေ ၊ အဘာမီတိ-ဘန္တော၊ ရူ၊ ဖ၁၈။ မရပ်မတည်လည်သော၊ တုန်လှုပ်သော၊ လှည့်လည်ပြေးသွားသော။ )

**ဝါရယေ=** [ √ဝရ+ဏာယ+ဧယျ] တားမြစ်နိုင်၏၊ နှိပ်ကွပ်ရာ၏။

(လင်္ကာ) ရထားမောင်းသူ, ကျွမ်းကျင်မှုကား, ရှိန်ယူပြေးသွား, ကိုယ့်ရထားကို, ရပ်နားလိုရာ, ရပ်စေပါသို့, ပြင်းစွာထွက်ကြွ, မျက်ဒေါသကို, ကိုယ်ကလိုတိုင်း, ဆုတ်ဆိုင်းမရှိ, တားနိုင်ဘိမူ, ထိုသူသည်သာ, လိမ္မာထိန်းကျောင်း, ရထားမောင်းတည်း၊ ထိန်းကျောင်းမပိုင်, မတားနိုင်မူ, ထိုသူများမှာ, ကြိုးကိုင်သာတည်း။

## ၃–ဥတ္တရာဥပါသိကာဝတ္ထု

၂၂၃။ အက္ကောဓေန ဇိနေ ကောဓံ , အသာဓုံ သာဓုနာ ဇိနေ၊
ဇိနေ ကဒရိယံ ဒါနေန , သစ္စေနာလိကဝါဒိနံ။

(အနက်) ကောဓံ–ဒေါသမာန်မူ, အမျက်ထွက်နေသူကို၊ အက္ကောဓေန–သည်းခံကြင်နာ, မေတ္တာပို့လျက်, ကိုယ်ကအမျက်, မထွက်သဖြင့်၊ ဇိနေ–အေးမြကြည်သာ, အောင်နိုင်ရာ၏၊ အသာဓုံ–စိတ်ထားမဖြူ, မကောင်းသောသူကို၊ သာဓုနာ–စိတ်ထားစင်ဖြူ, မူရာမပြောင်း, ကိုယ်ကကောင်းသဖြင့်၊ ဇိနေ–အေးမြကြည်သာ, အောင်နိုင်ရာ၏၊ ကဒရိယံ–စက်ဆုပ်ဖွယ်ရာ, သတ္တဝါဟု, လွန်စွာဝန်တို, မပေးလိုသူကို၊ ဒါနေန–ကိုယ့်ပစ္စည်းကို, ပေးလိုသူ့အား, စိတ်ကိုထားသဖြင့်၊ ဇိနေ–အောင်နိုင်ရာ၏၊ အလိကဝါဒိနံ–ဖောက်ပြန်လွဲမှား, မမှန်သောစကားကို, ပြောဆိုလေ့ရှိသူကို၊ သစ္စေန–မဖောက်မပြန်, မှန်ကန်စကား, ပြောကြားသဖြင့်၊ ဇိနေ–အေးမြကြည်သာ, အောင်နိုင်ရာ၏။

(မြန်မာပြန်) အမျက်ထွက်သူကို, အမျက်မထွက်သဖြင့် အောင်နိုင်ရာ၏၊ မကောင်းသူကို, ကိုယ်ကကောင်းသဖြင့် အောင်နိုင်ရာ၏၊ မပေးကမ်းလို ဝန်တိုစေးနှဲသူကို ကိုယ်ကပေးလိုသောစိတ်ကို ထားသဖြင့် အောင်နိုင်ရာ၏၊ မမှန်စကား, ပြောကြားသူကို ကိုယ်ကအမှန်ပြောဆိုသဖြင့် အောင်နိုင်ရာ၏။

(လင်္ကာ) မျက်မာန်ဒေါသ, ထကြွရန်မူ, ကြမ်းတမ်းသူကို, မာန်မူအမျက်, ပြန်မထွက်ဘဲ, ငြိမ်သက်လှစွာ, မေတ္တာလက်ငင်း, ပို့ခြင်းဖြင့်သာ, အောင်နိုင်ရာ၏၊ လွန်စွာ

---

**ရသ္မိဂ္ဂါဟော=** [ရသ္မိ √ဂဟ+ဏ] ရသ္မိံ ဂဏှာတီတိ–ရသ္မိဂ္ဂါဟော၊ ကြိုးကိုကိုင်သော၊ ကြိုးကိုင်ဆွဲသော၊ ကြိုးကိုင်သမား၊ ကြိုးဆွဲသမား။

**ရသ္မိ=** [ √ရသ+မိ ] ရသန္တိ သတ္တာ ဧတာယာတိ–ရသ္မိ=ရဿ၊ မောဂ်–၇၊ ၁၃၉။ ကြိုး၊ အရောင်၊ အလင်း၊ ရောင်ခြည်တော်။

### ၂၂၃–ပဒဝိဘာဂ

**အက္ကောဓေန=** [န+ကောဓ] အမျက်မထွက်ခြင်း၊ အမျက်မထွက်သော။

**အလိကဝါဒိနံ=** [အလိက √ဝဒ+ဏီ] အလိကံ ဝဒတိ သီလေနာတိ–အလိကဝါဒီ၊ မှားသောစကားကို ပြောဆိုလေ့ရှိသော။

ဖျင်းသောင်း, လူမကောင်းကို, ကိုယ်ကောင်းလျက်သာ, အောင်နိုင်ရာ၏၊ လွန်စွာဝန်တို, ပေးလိုမမူ, နှမြောသူကို, ကြည်ဖြူမလင့်, ပေးခြင်းဖြင့်သာ, အောင်နိုင်ရာ၏၊ လိမ်ညာလွဲမှား, ပြောသူများကို, မမှားမယွင်း, ပြောခြင်းဖြင့်သာ, အောင်နိုင်ရာ၏။

## ၄-မဟာမောဂ္ဂလ္လာနတ္ထေရပဉှဝတ္ထု

၂၂၄။ သစ္စံ ဘဏေ န ကုဇ္ဈေယျ , ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော၊
ဧတေဟိ တီဟိ ဌာနေဟိ , ဂစ္ဆေ ဒေဝါန သန္တိကေ။

**အနက်** သစ္စံ-သူတစ်ပါးအား, ထိပါးလွတ်ဘိ, ကျိုးရှိအလွန်, မှန်ကန်သောစကားကို၊ ဘဏေ-တည်ငြိမ်လေးနက်, နှုတ်ထွက်ချိုသာ, ပြောဆိုရာ၏၊ န ကုဇ္ဈေယျ-အခြားသူက, လာရန်စလည်း, ကိုယ်ကပြန်ကာ, အမျက်မထွက်ရာ၊ ယာစိတော သမာနော-သီလစင်ဖြူ, များရှင်လူတို့, တူရူလာရပ်, တောင်းခံအပ်သော်၊ အပ္ပမ္ပိ-ထားရှိအလွယ်, အနည်းငယ်မျှကိုသော်လည်း၊ ဒဇ္ဇာ-သဒ္ဓါကြည်ဖြူ, ပေးစွန့်လှူရာ၏၊ ဧတေဟိ တီဟိ ဌာနေဟိ-မှန်ကန်ပြောဆို, မျက်သိုမထား, နည်းပါးပေးမှု, ဤသုံးခုသော အကြောင်းတို့ကြောင့်၊ ဝါ-ပြောဆိုမှန်ကန်, မျက်မာန်မပွား, တတ်အားသမျှ ပေးဝေမှု, ဤသုံးခုတွင်, တစ်ခုခုသောအကြောင်းကြောင့်သော်လည်း၊ ဒေဝါနံ သန္တိကေ-ဘုန်းကံ ဂုဏ်ရောင်, ကိုယ်အရောင်တို့, ထွန်းပြောင်ဝင်းပ, ဒေဝဒေဝီ, စုံညီလှစွာ, နတ်တို့ရွာသို့၊ ဂစ္ဆေ-မလွဲသေချာ, ရောက်နိုင်လေရာ၏။

**မြန်မာပြန်** မှန်ကန်စွာပြောဆိုရမည်၊ အမျက်မထွက်ရ၊ သီလရှိသူတို့ လာတောင်းလျှင် နည်းများမဟူ ပေးလှူရမည်၊ ဤသုံးပါးသော အကြောင်းများထဲက အကြောင်းတစ်ပါးပါးကြောင့်သော်မှလည်း နတ်ပြည်သို့ ရောက်နိုင်ရာ၏။

**လင်္ကာ** အမှန်ကိုသာ, ပြောဆိုရာ၏၊ ပြင်းစွာအမျက်, မထွက်စေရာ၊ တောင်းခံလာက, နည်းလှစေကာ, ပေးစွန့်ရာ၏၊ သုံးဖြာစုပေါင်း, ဤအကြောင်းကြောင့်, နတ်ပေါင်းစံရာ, နတ်တို့ရွာသို့, သေချာကိုယ်တိုင်, သွားရောက်နိုင်၏။

---

**အလိက=** [ √အလ+ကိက ] အလတိ ဗန္ဓတိ ဧတေနာတိ-အလိကံ=အသစ္စံ၊ မောဂ်-၇၊ ၂၁။ မမှန်သော၊ မှားသော၊ တိ။ မမှန်သောစကား၊ မှားသောစကား၊ န ။

### ၂၂၄-ပဒဝိဘာဂ

**ဘဏေ=** [ √ဘဏ+အ+ဧယျ ] ပြောဆိုရာ၏၊ ပြောဆိုသင့်၏၊ ဘဏ=(ဘူ) သဒ္ဒ ဘဏေသု-အသံပြုခြင်း, ရွတ်ဆိုခြင်းတို့၌၊ (ဘဏတိ။)

**ကုဇ္ဈေယျ=** [ √ကုဓ+ယ+ဧယျ ] အမျက်ထွက်ရာ၏၊ စိတ်ဆိုးရာ၏။

**ဒဇ္ဇာ=** [ √ဒါ+အ+ဧယျ ] ကွစိဓာတု-စသောသုတ်ဖြင့် ဧယျ-ဝိဘတ်ကို အာ-ပြု၊ ရူ- နှာ၊ ၃၀၅။ ပေးကမ်းရာ၏၊ လှူဒါန်းရာ၏။

## ၅-ဗုဒ္ဓပိတုဗြာဟ္မဏဝတ္ထု

၂၂၅။ အဟိံသကာ ယေ မုနယော , နိစ္စံ ကာယေန သံဝုတာ၊
တေ ယန္တိ အစ္စုတံ ဌာနံ , ယတ္ထ ဂန္တွာ န သောစရေ။

**အနက်** ယေ မုနယော-ရဟန်းကျင့်ဝတ်, ပဋိပတ်ဖြင့်, ရလတ်မဂ်ဖိုလ်, အကြင် အသေခပုဂ္ဂိုလ်တို့သည်၊ အဟိံသကာ-မေတ္တာထားသို, သူ့ကိုမသတ်, မညှဉ်းဆဲ မနှိပ်စက်တတ်ကြပေ၊ နိစ္စံ-အမြဲ၊ ကာယေန-ကာယဒွါရ, ညွှန်းရုံမျှသာ, သုံးဖြာသော ဒွါရဖြင့်လည်း၊ သံဝုတာ-ကံဆိုးသုံးဖြာ, ဝင်မလာအောင်, ကောင်းစွာ သိပ်သည်း, စောင့်စည်းကြကုန်၏၊ တေ မုနယော-ရဟန်းကျင့်ဝတ်, အကျင့်မြတ်ဖြင့်, ရလတ်မဂ်ဖိုလ်, ထိုအသေခပုဂ္ဂိုလ်တို့သည်၊ ယတ္ထ-ပျက်စီးကင်းကွာ, တည်မြဲရာဟု, နိဗ္ဗာနဓာတ်, အကြင်အရပ်သို့၊ ဂန္တွာ-ခန္ဓာစွန့်လွှတ်, သွားရောက်ရလတ်သော်၊ န သောစရေ-ဒိုကြွေးတမ်းတ, မစိုးရိမ်မပင်ပန်းရတော့ကုန်၊ အစ္စုတံ-စုတေ့ရွေ့လျော, သဘောပြတ်စဲ, ခိုင်မြဲလှပေသော၊ တံ ဌာနံ-ပျက်စီးကင်းကွာ, တည်မြဲရာဟု, နိဗ္ဗာနဓာတ်, ထိုအရပ်သို့၊ ယန္တိ-မလွဲမသုန်, ရောက်ကြရကုန်၏။

**မြန်မာပြန်** သူတစ်ပါးအား ညှဉ်းဆဲနှိပ်စက်မှုကိုလည်း မပြုကြ၊ ဒွါရသုံးခုကိုလည်း စောင့်စည်းထားကြသော အသေခ(ရဟန္တာ)ပုဂ္ဂိုလ်တို့သည် စိုးရိမ်ကင်းရှင်း သေခြင်းကင်းကွာ တည်မြဲရာဌာနဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြရကုန်၏။

**လင်္ကာ** ပေါင်းစုများစွာ, သတ္တဝါကို, ကြင်နာစိတ်စွဲ, မေတ္တာမြဲလျက်, ညှဉ်းဆဲကင်းကွာ, သုံးဖြာဒွါရ, စောင့်ရှောက်ကြသည့်, ကိစ္စပြီးပြတ်, ရဟန်းမြတ်ကား, ကင်းလွတ် သေခြင်း, စိုးရိမ်ကင်းသည့်, သန့်ရှင်းနိဗ္ဗာန်, ရောက်ရပြန်၏။

---

**ယာစိတော**= [ √ယာစ+တ ] ယာစီယိတ္ထာတိ-ယာစိတော၊ တောင်းအပ်သော၊ အတောင်းခံရသော။

**သန္တိကော**= [သန္တ+ဏ္ဏက ]သန္တမေဝ-သန္တိကံ၊ တိ ။ နီးသော၊ နီးကပ်သော။

### ၂၂၅-ပဒဝိဘာဂ

**အဟိံသကာ**= [ န+ဟိံသက ] န ဟိံသကော-အဟိံသကော၊ မညှဉ်းဆဲမနှိပ်စက်တတ်သော။

**ဟိံသက**= [ √ဟိသိ+ဏွု ] ဟိံသတီတိ-ဟိံသကော၊ ညှဉ်းဆဲနှိပ်စက်တတ်သော။

**အစ္စုတံ**= [န+စုတ] နတ္ထိ တေသံ့ အဓိဂတေ အရိယာနံ စုတံ စဝနန္တိ-အစ္စုတံ၊ ဓာန်-ဋီ၊ ၈။ နတ္ထိ စုတံ ဧတ္ထာတိ-အစ္စုတံ၊ စုတေ့ရွေ့ရှားခြင်းမရှိသော (နိဗ္ဗာန်။)

**စုတ**= [ √စု+တ ] စဝနံ-စုတံ၊ ရွေ့ရှားခြင်း၊ စုတေ့ခြင်း၊ စု=(ဘူ) စဝန ဂတီသု-ရွေ့လျောခြင်း, သွားခြင်းတို့၌၊ (စဝတိ။)

**ဂန္တွာ**= [ √ဂမု+အ+တွာ ] ဓာတွန် မ်-ကို န်-ပြု။ ကစ္စည်း၊ ၅၉၆။ သွား၍၊ ရောက်၍။

## ၆-ပုဏ္ဏဒါသိဝတ္ထု

၂၂၆။ သဒါ ဇာဂရမာနာနံ , အဟောရတ္တာနုသိက္ခိနံ၊
နိဗ္ဗာနံ အဓိမုတ္တာနံ , အတ္ထံ ဂစ္ဆန္တိ အာသဝါ။

**အနက်** သဒါ-နေ့ရောညဥ့်ပါ, ခပ်သိမ်းသော အခါ၌၊ ဇာဂရမာနာနံ-တရားရှုမှတ်, သတိကပ်လျက်, မပြတ်ကြိုးစား, နိုးကြားနေကြကုန်သော၊ အဟောရတ္တာနုသိက္ခိနံ-နေ့ညဥ့်မပြတ်, သုံးရပ်သိက္ခာ, ကျင့်စရာကို, လျော်စွာကျင့်နေကြကုန်သော၊ နိဗ္ဗာနံ-ရာဂစသား,မီးအများတို့, ငြိမ်းသွားရာမှန်, အေးနိဗ္ဗာန်ကို၊ အဓိမုတ္တာနံ-လိုချင် လေးမြတ်, စိတ်ညွတ်နေကြကုန်သော ပုဂ္ဂိုလ်တို့၏၊ အာသဝါ-ကာမာသဝ, စရှိလေးပါး, အာသဝေါတရားတို့သည်၊ အတ္ထံ-အရဟတ္တမဂ်, ဉာဏ်သံလျက်ဖြင့်, ခုတ်ဖျက်ဖြတ်တောက်, အကြွင်းမဲ့ကင်းပျောက်ခြင်းသို့၊ ဂစ္ဆန္တိ-မလွဲမသွေ, ရောက်ကြရလေကုန်၏။

**မြန်မာပြန်** အမြဲနိုးကြား တရားအားထုတ်နေခြင်း, နေ့ညဥ့်မပြတ် သိက္ခာသုံးရပ်ကို ကျင့်နေခြင်း, နိဗ္ဗာန်ကို တကယ်လိုလား စိတ်ပါဝင်စားနေခြင်း, ဤအင်္ဂါ သုံးပါးနှင့် ပြည့်စုံနေသူသည် အာသဝေါကင်းကွာ ရဟန္တာဖြစ်နိုင်၏။

**လင်္ကာ** နေ့ရောညဥ့်ပါ, သိက္ခာသုံးပါး, ကျင့်သောအားဖြင့်, နိုးကြားမပြတ်, နိဗ္ဗာန် ဓာတ်ဝယ်, စိတ်ညွတ်နေငြား, ပုဂ္ဂိုလ်များမှာ, လေးပါးအာသဝ, ချုပ်ငြိမ်းရ၏။

---

### ၂၂၆-ပဒဝိဘာဂ

**ဇာဂရမာနာနံ**= [ √ဇာဂရ+အ+မာန ] ဇာဂရတီတိ-ဇာဂရမာနော၊ နိုးကြားသော။

**အဟောရတ္တာနုသိက္ခိနံ**= [အဟောရတ္တ+အနုသိက္ခီ ] အဟောရတ္တံ အနုသိက္ခီ-အဟောရတ္တာနုသိက္ခီ၊ နေ့ညဥ့်ပတ်လုံး သိက္ခာသုံးပါးကို ကျင့်လေ့ရှိသော၊ .......ကျင့်နေသော၊ ....... ကျင့်တတ်သော။

**အဟောရတ္တ**= [အဟ+ရတ္တိ ] အဟဥ္စ ရတ္တိစ-အဟောရတ္တံ၊ အဟောရတ္တာ ဝါ၊ ကွစိသမာသန္တ ဣစ္စာဒိနှာ အာကာရိကာရာနမတ္တံ၊ ရူ-နှာ၊ ၂၁၄။ အဟောရတ္တိ ဝါ၊ နေ့ညဥ့်၊ နေ့ညဥ့်တို့။

**အနုသိက္ခီ**= [အနု √သိက္ခ+ဏီ ] အနုသိက္ခတိ သီလေနာတိ-အနုသိက္ခီ၊ ကျင့်လေ့ရှိသော၊ ကျင့်နေသော၊ အဖန်ဖန်ကျင့်သော(သူ။)

**အဓိမုတ္တာနံ**= [အဓိ √မုစ+တ ] အဓိမုစ္စတီတိ-အဓိမုတ္တော၊ သက်ဝင်ယုံကြည်သော၊ ဆုံးဖြတ်သော၊ စိတ်ညွတ်သော၊ မျက်မှောက်ပြုပြီးသော၊ အားထုတ်သော၊ အထူးအားဖြင့် ကိလေသာတို့မှ လွတ်သော။

**အတ္ထံ**= [ √အသ+ထ ] အသီယတေ-အတ္ထံ၊ ပျက်စီးခြင်း၊ ကွယ်ပျောက်ခြင်း၊ မရှိခြင်း၊ ကုန်ဆုံး ချုပ်ငြိမ်းခြင်း။ [ √အရ+ထ ] အရီယတေ ဂမျတေတိ-အတ္ထံ၊ နိဗ္ဗာန်။

## ၇-အတုလဥပါသကဝတ္ထု

၂၂၇။ ပေါရာဏမေတံ အတုလ , နေတံ အဇ္ဇတနာမိဝ၊
နိန္ဒန္တိ တုဏှိမာသီနံ , နိန္ဒန္တိ ဗဟုဘာဏိနံ၊
မိတဘာဏိမ္ပိ နိန္ဒန္တိ , နတ္ထိ လောကေ အနိန္ဒိတော။

၂၂၈။ န စာဟု န စ ဘဝိဿတိ , န စေတရဟိ ဝိဇ္ဇတိ၊
ဧကန္တံ နိန္ဒိတော ပေါသော , ဧကန္တံ ဝါ ပသံသိတော။

၂၂၉။ ယံ စေ ဝိညူ ပသံသန္တိ , အနုဝိစ္စ သုဝေ သုဝေ၊
အစ္ဆိဒ္ဒဝုတ္တိံ မေဓာဝိံ , ပညာသီလသမာဟိတံ။

၂၃၀။ နိက္ခံ ဇမ္ဗောနဒဿေဝ , ကော တံ နိန္ဒိတုမရဟတိ၊
ဒေဝါပိ နံ ပသံသန္တိ , ဗြဟ္မုနာပိ ပသံသိတော။

**အနက်** အတုလ-နှုတ်မြွက်မဟ, များလှတရား, နည်းအပါးကို, ကြားနာရလျက်, အမျက်ထွက်ကာ, ရောက်လာခဲ့ရ, အတုလ !၊ ဧတံ-ဤကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းသဘောသည်၊ ပေါရာဏံ-ကာလကြာညောင်း, ရှေးဟောင်းသဘောပေတည်း၊ ဧတံ-ဤကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းသဘောသည်၊ အဇ္ဇတနံ္ဏဝ-ခုချိန်ရောက်မှ ဖြစ်ပေါ်လာရသည်သာလျှင်၊ န ဟောတိ-လူများနှုတ်က, ပြောနေကျမို့, မုချသေချာ, မဟုတ်နိုင်ပါပေ၊ [နေတံ အဇ္ဇတနာမိဝ ဣစ္စာဒီသု ဣဝသဒ္ဒေါ ဧဝတ္ထေ ဝတ္တတိ၊ နိရုတ္တိ-နှာ၊ ၄၃။] တုဏှိမာသီနံပိ-နှုတ်ဟစကား, ပြောကြားမမှု, ဆိတ်ဆိတ်နေသူကိုလည်း၊ နိန္ဒန္တိ-အ-သူ ပင်းသူ, မသိသူလား, စကား မပြော, တုဏှီဘောသာ, နေဘိပါဟု, ပြောကာ မဲ့ရွဲ့, ကဲ့ရဲ့ကြကုန်၏၊ ဗဟုဘာဏိနံပိ-မရပ် မနား, များစွာပြောကြားလေ့ရှိသူကိုလည်း၊ နိန္ဒန္တိ-ထန်းရွက်လေခတ်, တတင်ငြတင်ငြသို့, မပြတ်ဟောင်ဖွာ, ပြောဘိပါဟု, ပြောကာမဲ့ရွဲ့, ကဲ့ရဲ့ကြ

---

### ၂၂၇, ။ ပ ။ ၂၃၀-ပဒဝိဘာဂ

**ပေါရာဏံ**= [ပုရာဏ+ဏ] ပုရာဏေ ဘဝံ-ပေါရာဏံ၊ ပါစိတျာဒိ-ယော၊ ၂၀၄။ ရှေး၌ဖြစ်သော၊ ရှေးဟောင်းဖြစ်သော။

**ပုရာဏ**= [ပုရာ+ဏ] ပုရာ ဘဝေါ-ပုရာဏော၊ (ဧတ္ထ ဏကာရော’ဝယဝေါ၊ နအနုဗန္ဓော။) မောဂ်-၄၊ ၂၂။ ပဉ္စိကာ။ ရှေး၌ဖြစ်သော။

**အဇ္ဇတနံ**= [အဇ္ဇ+တန] အဇ္ဇ ဘဝံ-အဇ္ဇတနံ၊ ရူ၊ ၄၂၃။ မောဂ်-၄၊ ၂၁။ ယနေ့၌ဖြစ်သော၊ ယခုကာလ၌ဖြစ်သော၊ ယခုမှဖြစ်သော။ အသ္မိံ အဟနိ-အဇ္ဇ၊ ဣမသဒ္ဒတော အဟနိတိ အတ္ထေ ဇ္ဇပစ္စယော, ဣမသဒ္ဒဿ စ အကာရော၊ အဇ္ဇဧဝ-အဇ္ဇတနာ၊ သွတ္ထော ဟိ တနပစ္စယော၊ ပါစိတျာဒိ-ယော၊ ၄၉။

**အဇ္ဇ**= [ဣမ+ဇ္ဇ] ဣမသ္မိံ ကာလေ ဣမသ္မိံ ဒိဝသေ ဝါ-အဇ္ဇ၊ ရူ၊ ၄၂၃။ ဗျ ။ ဤအခါ၌၊ ယခုအချိန်၌၊ ဤနေ့၌၊ ယနေ့။

ကုန်၏၊ မိတဘာဏိမှ–နူးညံ့ချိုချိုင်း တိုင်းတာ, သင့်တော်ရုံသာ ပြောလေ့ရှိသူကိုလည်း၊ နိန္ဒန္တိ– မိမိစကား, ရွှေငွေလားသို့, ကုန်သွားမည့်ဟန်, အလွန်နည်းစွာ, ပြောဘိပါဟု, ပြောကာမဲ့ရွဲ့, ကဲ့ရဲ့ကြကုန်၏၊ လောကေ–လူပေါင်းစုံတို့, ခိုလှုံနေကြ, ဤလောက၌၊ အနိန္ဒိတော– လူများမဲ့ရွဲ့, အကဲ့ရဲ့မခံရသောသူမည်သည်၊ နတ္ထိ–ဘယ်လိုနေရာ, ဘယ်လိုရှာလည်း, ဘယ်မှာတစ်, မတွေ့ရှိနိုင်တော့ပါပေ။

ဧကန္တံ–လွှဲပြောင်းမဖယ်, တကယ်စင်စစ်အားဖြင့်၊ နိန္ဒိတော–လူများထပ်ထပ်, ကဲ့ရဲ့အပ်သော၊ ပေါသော ဝါ–ကံစိတ်ဥပဟာ, ကြောင်းလေးဖြာတို့, ပေါင်းကာမွေးမြူ, ယောကျ်ားဖြစ်သူသည်လည်းကောင်း၊ ဧကန္တံ–လွှဲ ပြောင်းမဖယ်, တကယ်စင်စစ် အားဖြင့်၊ ပသံသိတော–လူများထပ်ထပ်, ချီးမွမ်းအပ်သော၊ ပေါသော ဝါ–ကံစိတ်ဥပဟာ, ကြောင်းလေးဖြာတို့, ပေါင်းကာမွေးမြူ, ယောကျ်ားဖြစ်သူသည်လည်းကောင်း၊ န စ အဟု– ရှေးကလည်းမဖြစ်ခဲ့ဘူးပေ၊ န စ ဘဝိဿတိ–နောင်အခါမှာလည်း ဖြစ်လိမ့်မည်မဟုတ်၊ ဧတရဟိ စ–မျက်မှောက်ထင်ထင်, တွေ့မြင်နေရ, ယခုပစ္စုပ္ပန်ကာလ၌လည်း၊ န ဝိဇ္ဇတိ– ဘယ်လိုနေရာ, ဘယ်လိုရှာလည်း, ဘယ်မှာတစ်, မရှိနိုင်တော့ပါပေ။

---

**နိန္ဒန္တိ**= [ √နိဒိ+အ+အန္တိ ] ကဲ့ရဲ့ကုန်၏။ နိန္ဒ–ဓာတ်လည်း အလားတူပင်။

**တုဏှီမာသီနံ**= [တုဏှီ √အာသ+ဏီ ] တုဏှီ အာသတိ သီလေနာတိ–တုဏှီမာသီ။ ဆိတ်ဆိတ် နေလေ့ရှိသော၊ တုဏှီ အစ္ဆတီတိ–တုဏှီမာသီ၊ ဆိတ်ဆိတ်နေသော။

**တုဏှီ**= [ဗျ] တုဏှီတုမောနေ၊ တုဏှီသဒ္ဒါသည် ဆိတ်ဆိတ်နေခြင်း၌ ဖြစ်၏၊ ဓာန်–၁၁၄၉။ တုဏှီဣတိ အဘာသနေ၊ နီတိ–သုတ္တ–နှာ၊ ၃၈၆။ တုဏှီတိ အသဉ်္ဇ၊ မောဂ်–၃၊ ၁၆။ ပဉ္စိကာ။ တတ္ထ အာဝုသော ။ ပ ။ အာမန္တန နိပါတေဟိ နတ္ထိ သင်္ကာ၊ ပ ။ တုဏှီ ဣစ္စေဝမာဒီဟိ စ ပဌမာယ လောပေါ။ နိရုတ္တိ–နှာ၊ ၁၅၅။

**ဗဟုဘာဏိနံ**= [ဗဟု √ဘဏ+ဏီ ] ဗဟုံ ဘဏတိ သီလေနာတိ–ဗဟုဘာဏီ၊ စကားများများ ပြောကြားလေ့ရှိသော။

[ဗဟုဘာဏ+ဤ] ဗဟုဘာဏော အဿ အတ္ထီတိ–ဗဟုဘာဏီ၊ များစွာ စကား ပြောခြင်းရှိသူ။ ဗဟုဘာဏ–သိလွယ်ပါပြီ။

**မိတဘာဏိံ**= [မိတ √ဘဏ+ဏီ ] မိတံ ဘဏတိ သီလေနာတိ–မိတဘာဏီ၊ နူးညံ့ ချိုချိုင်း ပြောဆိုလေ့ရှိသော။ ဘဏ=(ဘူ) သဒ္ဒဘဏောသု–အသံပြုခြင်း, ရွတ်ဆိုခြင်းတို့၌၊ (ဘဏတိ။)

[မိတ+ဘာဏီ ] မိတံ ဘာဏီ–မိတဘာဏီ၊ နူးညံ့ချိုင်းတိုင်းတာအပ်သော စကားကို ပြောလေ့ရှိသူ။

**မိတ**= [ √မာ+တ ] မိနိတဗ္ဗာတိ–မိတာ၊ ချင့်ချိန်တိုင်းတာအပ်သော။

**အနိန္ဒိတော**= [န+နိန္ဒိတ ] န နိန္ဒိတော–အနိန္ဒိတော၊ မကဲ့ရဲ့အပ်သော၊ အကဲ့ရဲ့လွတ်သော(သူ။)

အစ္စိဒ္ဓဝုတ္တိ-ပေါက်ပျက်မထင်, ဖြူစင်အကျင့်, အသက်မွေးခြင်းနှင့်လည်းပြည့်စုံသော၊ မေဓာဝိ-တရားဆီနှစ်, ပညာစစ်လည်းရှိထသော၊ ပညာသီလသမာဟိတံ-လောကီလောကုတ်, မယုတ်ပညာ, လွန်စွာဖြူဆွ, စတုပါရိသုဒ္ဓိ သီလနှင့်လည်း ပြည့်စုံထသော၊ ယံ-ရဟန်းရှင်လူ, မည်သူမဆို, အကြွင်ပုဂ္ဂိုလ်ကို၊ ဝိညူ-အဆိုးအကောင်း, ကျိုးအကြောင်းကို, ကောင်းကောင်းသိမြင်, ပညာရှင်တို့သည်၊ သုဝေသုဝေ-မဖြတ်မပိုင်း, မရပ်ဆိုင်းဘဲ, နေ့တိုင်းနေ့တိုင်း၌၊ အနုဝိစ္စ-ကဲ့ရဲ့သင့်မှု, ချီးမွမ်းမှုဟု, နှစ်ခုကြောင်းရင်း, ရှင်းလင်းစုံလင်, သိမြင်ပြီး၍၊ စေ ပသံသန္တိ-ဝမ်းသာအားရ, အကယ်၍ ချီးမွမ်းကြကုန်အံ့၊ ဇဝံ-ဥုသို့ မချွတ်, ဖြစ်တုံလတ်သော်-

တံ-သိမြင်စုံလင်, ပညာရှင်တို့, မွမ်းတင်ထပ်ထပ်, ချီးမွမ်းပြောဆိုအပ်သော ထိုပုဂ္ဂိုလ်ကို၊ ဇမ္ဗောနဒဿ-ဇမ္ဗူမြစ်မှာ, စကာဖြစ်ပွား, အကောင်းစားဟု, မှတ်သားလူတွေ, ဇမ္ဗူရာဇ်ရွှေ၏၊ နိက္ခံဣဝ-ဆယ်ကျပ်ပြည့်ဝ, တစ်နိက္ခကိုကဲ့သို့၊ ကော-ရဟန်းရှင်လူ, အဘယ် သူသည်၊ နိန္ဒိတုံ အရဟတိ-ကဲ့ရဲ့ခြင်းငှာ, ထိုက်ပါတော့မည်နည်း၊ နံ-သိမြင်စုံလင်, ပညာရှင်တို့, မွမ်းတင်ထပ်ထပ်, ချီးမွမ်းပြောဆိုအပ်သော ထိုပုဂ္ဂိုလ်ကို၊ ဒေဝါပိ-သိဉာဏ်စုံလင်, နတ်ပညာရှင်တို့သည်လည်း၊ ပသံသန္တိ-တက်တက်ကြွကြွ, ချီးမွမ်းကြကုန်၏၊ သော-သိမြင်စုံလင်, ပညာရှင်တို့, မွမ်းတင်ထပ်ထပ်, ချီးမွမ်းအပ်သော ထိုပုဂ္ဂိုလ်ကို၊ ဗြဟ္မုနာပိ-စကြဝဠာ, ကမ္ဘာသောင်းတွင်း, မဟာဗြဟ္မာမင်းသည်လည်း၊ ပသံသိတော-မြွက်ဆိုထပ်ထပ်, ချီးမွမ်းအပ်ပါပေ၏။

---

**နိန္ဒိတ=** [ √နိန္ဒ+တ ] နိန္ဒိတဗ္ဗောတိ-နိန္ဒိတော၊ ကဲ့ရဲ့အပ်သော၊ ကဲ့ရဲ့ခံရသော။

**အဟု=** [ √ဟူ+အ+ဉ ] ကွစိဓာတုအာဒိနာ-ဟူတော ဉုဝိဘတ္တိဿ လောပေါ၊ ရဿတ္တံ၊ သော အဟု၊ ရူ-နာ၊ ၂၉၅။ ဖြစ်ခဲ့ပြီ။

**ဧကန္တ=** [ဧက+အန္တ ] ဧကောယေဝ အန္တော ဧတဿာတိ-ဧကန္တော၊ တစ်ခုတည်းသော အဖို့ ရှိသော၊ တစ်ဖက်တည်းသော၊ စင်စစ်ဖြစ်သော။ တိ။ ဧတိ ဂစ္ဆတီတိ-ဧကော၊ သော ဧဝ-ဧကန္တံ၊ သကတ္ထေ န္တပစ္စယော၊ သူစိ။

[ဧက √တရ+ကွိ ] ဧကံ တရတိ အတိက္ကမတီတိ ဝါ-ဧကန္တံ၊ ဧကသဒ္ဒူပပဒ တရ-တရဏေ၊ ကွိ။ သူစိ။ အလွန်အကဲ၊ အပြင်းအထန်။

**ပသံသိတော=** [ပ √သံသ+တ ] ပသံသီယိတ္ထာတိ-ပသံသိတော၊ ချီးမွမ်းအပ်သော။

**အနုဝိစ္စ=** [အနု+ဝိ √ဣ+တွာ ] ဉာဏ်ဖြင့်သက်ဝင်၍၊ နှိုင်းချိန်စဉ်းစား၍၊ စူးစမ်းဆင်ခြင်၍၊ သိ၍။

[အနု √ဝိစ+တွာ ] စူးစမ်းဆင်ခြင်သိမြင်၍၊ ပါစိတျာဒိ-ယော၊ ၃၅၂။

**သုဝေ=** [အာဂါမီ အဟော ] ပိသော၊ ကောတ္ထုဘာ။ သုဝေ တု သွေ အနာဂတေ။ ဓာန်၊ ၁၁၅၅။ သမ္ပတိ အာယတိ ။ ပ ။သုဝေ, သွေ ။ပ ။ကဒါ ဣစ္စာဒယော ကာလသတ္တမိယာ၊ ရူ-နာ၊ ၁၃၄။ နိရုတ္တိ၊ ၁၅၆။ နီတိ-သုတ္တ-နာ၊ ၃၈၁။ နက်ဖြန်၊ သုဝေသုဝေ-နေ့တိုင်းနေ့တိုင်း။

**မြန်မာပြန်** အို-အတုလ ! ဤကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းသဘောသည် ရှေးဟောင်းသဘော တစ်ခုဖြစ်ပေသည်၊ ယခုမှသာ စတင်ဖြစ်ပေါ်လာသောသဘော မဟုတ်ချေ၊ လူအများက စကားမပြောဘဲ တိတ်တိတ်နေသူကိုလည်း ကဲ့ရဲ့တတ်ကြသည်၊ စကား များများပြောသူကိုလည်း ကဲ့ရဲ့တတ်ကြသည်၊ နှိုင်းနှိုင်းချိန်ချိန် သင့်တော်ရုံပြောသူကိုလည်း ကဲ့ရဲ့တတ်ကြသည်၊ လောကဥ္စ အကဲ့ရဲ့လွတ်သူကား မရှိနိုင်သည်သာ။

လုံးလုံးလျားလျား အကဲ့ရဲ့ခံနေရသူ, လုံးလုံးလျားလျား အချီးမွမ်းခံနေရသူဟူ၍ ရှေးကလည်း မရှိဘူး၊ နောင်လည်း ရှိမည်မဟုတ်၊ ယခုလည်း မရှိချေ။

တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်သည် အပြစ်တမ်းကောင်းသော အသက်မွေးမှုနှင့် ပြည့်စုံနေမည်၊ ဉာဏ်ထက်မြက်မည်၊ ပညာသီလနှင့်လည်း ပြည့်စုံနေမည်၊ ဟုတ်မှန်သည့် အတိုင်းသိ၍ ပညာရှိတို့၏ ချီးမွမ်းမှုကို အမြဲခံနေရမည်ဆိုပါလျှင်-

အကောင်းစား ဇမ္ဗူရာဇ်ရွှေ တစ်ဆယ်ကျပ်သားသဖွယ် ဖြစ်နေသော ထိုပုဂ္ဂိုလ် မျိုးကို အဘယ်သူက ကဲ့ရဲ့နိုင်ပါတော့မည်နည်း၊ ထိုပုဂ္ဂိုလ်မျိုးကို နတ်များကလည်း ချီးမွမ်းကြ၏၊ မဟာဗြဟ္မာမင်းကလည်း ချီးမွမ်း၏။

---

**အစ္ဆိဒ္ဒဝုတ္တိံ**= [အစ္ဆိဒ္ဒ+ဝုတ္တိ] အဆိဒ္ဒါ ဝုတ္တိ ယဿာတိ-အစ္ဆိဒ္ဒဝုတ္တိ၊ မပေါက်မပျက်သော အကျင့်, မပေါက်ပျက်သော အသက်မွေးမှုရှိသော။

**အစ္ဆိဒ္ဒ**= [န+ဆိဒ္ဒ] နတ္ထိ ဆိဒ္ဒံ ဧတိဿာတိ-အဆိဒ္ဒါ၊ အပေါက်အကြား မရှိသော။

**ဆိဒ္ဒ**= [ √ဆိဒိ+ဒ] ဆိန္ဒိတဗ္ဗောတိ-ဆိဒ္ဒေါ၊ ကစ္စည်း၊ ၆၆၁။

[ √ဆိဒ+ဒက်] ဆိဇ္ဇတီတိ-ဆိဒ္ဒံ- ရန္ဓ။ မောဂ်-၇၊ ၉၅။ ဆိဒ+ဆိဒိ=(ဒိ) ဆိဇ္ဇနေ- ပြတ်ခြင်း၌၊ (ဆိဇ္ဇတိ။)

[ √ဆိဒ္ဒ+အ] ဆိဒ္ဒယတီတိ-ဆိဒ္ဒံ၊အပေါက်၊ အကြား၊ ချွတ်ယွင်းပျက်ကွက်ခြင်း၊ န။

**ဝုတ္တိ**= [ √ဝတု+တိ] ဝတ္တနံ-ဝုတ္တိ၊ (ဓာတွတ္ထဒ္ဒ ဝတ္တုဟု-ရှိသည်၊) အသက်မွေးခြင်း၊ ဖြစ်ခြင်း၊ ဖွင့်ဆိုခြင်း၊ အကျယ်ချဲ့ခြင်း၊ သီတင်းသုံးခြင်း၊ ဝတ-ဝတ္တနေ၊ တိ။ အဿု၊ ဓာန်-ဋီ၊ ၄၄၅။

**ပညာသီလသမာဟိတံ**= [ပညာသီလ+သမာဟိတ] ပညာသီလေန သမာဟိတော-ပညာ သီလသမာဟိတော၊ ပညာသီလနှင့်ပြည့်စုံသော။

**ပညာသီလ**= [ပညာ+သီလ] ပညာ စ သီလဉ္စာတိ-ပညာသီလံ၊ ပညာသီလ၊ ပညာနှင့်သီလ။

**နိက္ခံ**= [နိ √ကန+ခ] ကန-ဒိတ္တိ ဂတိ ကန္တီသု၊ နိပုဗ္ဗော, အန်ဘာဂလောပေါ၊ ကနတိ ဒိပ္ပတီတိ-နိက္ခော=သုဝဏ္ဏဝိကာရော၊ မောဂ်-၇၊ ၃၁။ ရွှေအထူး။

[နိ √ကန+အ] နဿ ခေါ၊ နိက္ခော= သုဝဏ္ဏဝိကာရေပိ၊ ဓာန်-ဋီ၊ ၄၈၀။ တစ်နိက္ခ- ငါးသုဝဏ်- (ရွှေးတစ်ထောင်) အလေးချိန်။ သိင်္ဂီနိက်ရွှေ။

**လင်္ကာ** တရားစကား, နာကြားရလျက်, မနှစ်သက်၍, အမျက်ထွက်ကာ,ဆိုက်ရောက်လာရ, အတုလ ! နှိမ့်ချမဲ့ရွဲ့, ကဲ့ရဲ့ရခြင်း, ချီးမွမ်းခြင်းမှာ, သက်ဆင်းရေးက, ဖြစ်လာရ၏၊ ယခုမှသာ, ဖြစ်လာသည်ကား, မဟုတ်ငြားတည်း၊ စကားမဆို, ထိုပုဂ္ဂိုလ်အား, မလိုရှုတ်ချ, ကဲ့ရဲ့ကြ၏၊ များလှစကား, ပုဂ္ဂိုလ်အားလည်း, နားငြီးဖွယ်ရာ, ပြောနိုင်ပါဟု, ဝိုင်းကာရှုတ်ချ, ကဲ့ရဲ့ကြ၏၊ ချိန်ဆ၍သာ, တိုင်းအတာဖြင့်, နည်းစွာစကား, ပြောပြန်ငြားလည်း, ကုန်သွားမည့်ဟန်, စိုးရိမ်လွန်ဟု, ဖန်ဖန်ရှုတ်ချ, ကဲ့ရဲ့ကြ၏၊ လောကတစ်ခွင်, ဘုံအပြင်ဝယ်, လူရှင်မဲ့ရွဲ့, ကဲ့ရဲ့လွတ်သူ, မရှိဟူ၏။

မပြတ်နိယံ, ကဲ့ရဲ့ခံရ, ပုဂ္ဂလနှင့်, နိစ္စမြဲမြံ, ချီးမွမ်းခံရ, ပုဂ္ဂလတို့, ရှေးကမရှိ, နောင်မရှိနှင့်, မရှိခုခါ, ရှင်းရှင်းကွာ၏။

တရားဆီနှစ်, ဖြစ်သည့်ပညာ*, ပါရှိလာလျက်, သိက္ခာသုံးရပ်, သက်မွေးဝတ်ကို, မချွတ်စိမ့်ငှာ, စောင့်ရှောက်လာ၍, ပညာသီလ,စုံပြည့်ဝမူ, ထိုသို့သူကို, ငြူစူကင်းဘိ, ပညာရှိတို့, စိစစ်ကောင်းစွာ, သိမြင်ပါ၍, ထပ်ကာထပ်ကာ, လွန်စွာရှင်ပျ, ချီးမွမ်းကြ၏။

တစ်နိက္ခဖြစ်, ဇမ္ဗူရာဇ်ဟု, ရွှေစစ်နှင့်တူ, ထိုသို့သူကို, မည်သူကမျှ, ရှုတ်ချမဲ့ရွဲ့, ကဲ့ရဲ့ခြင်းငှာ, မထိုက်ပါတည်း၊ ပညာတိုးပွား, နတ်အများနှင့်, သိကြားဗြဟ္မာ, လူတကာတို့, ဝမ်းသာရွှင်ပျ, ချီးမွမ်းကြ၏။

## ၈-ဆဗ္ဗဂ္ဂိယဝတ္ထု

၂၃၁။ ကာယပ္ပကောပံ ရက္ခေယျ , ကာယေန သံဝုတော သိယာ၊
ကာယဒုစ္စရိတံ ဟိတွာ , ကာယေန သုစရိတံ စရေ။

၂၃၂။ ဝစီပကောပံ ရက္ခေယျ , ဝါစာယ သံဝုတော သိယာ၊
ဝစီဒုစ္စရိတံ ဟိတွာ , ဝါစာယ သုစရိတံ စရေ။

---

**ဇမ္ဗောနဒဿ=** [ဇမ္ဗုနဒီ+ဏ] ဇမ္ဗုနဒိယာ ဇာတံ-ဇမ္ဗောနဒံ၊ နိရုတ္တိ၊ ၂၇။ ဇမ္ဗူရာဇ်ရွှေ၊ မြစ်ထဲ၌ကြွေကျသည့် သပြေစေ့တို့မှဖြစ်သော နီမြန်းသောရွှေ။

**ဇမ္ဗုနဒီ=** [ဇမ္ဗု+နဒီ] ဇမ္ဗုမြစ်၊ သပြေပင်ကြီး၏တည်ရာအရပ်၌ဖြစ်သော မြစ်။

**နိန္ဒိတုံ=** [ √နိန္ဒ+တုံ ] ကဲ့ရဲ့ခြင်းငှာ။

### ၂၃၁, ။ ပ ။ ၂၃၄-ပဒဝိဘာဂ

**ကာယပ္ပကောပံ=** [ကာယ+ပကောပ] ကာယဿ ပကောပေါ-ကာယပ္ပကောပေါ၊ ပု ။ ကိုယ်၏ပျက်စီးခြင်း၊ ကာယဒုစရိုက်။

**ပကောပ=** [ပ √ကုပ+ဏော+ဏ] ပကောပေတီတိ-ပကောပေါ၊ ပု ။ ဖျက်ဆီးတတ်သော၊ ပကုပ္ပနံ-ပကောပေါ၊အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ ပျက်စီးခြင်း။

---

* ပဋိသန္ဓေက ပါလာသောပညာ။

၂၃၃။ မနောပကောပံ ရက္ခေယျ , မနသာ သံဝုတော သိယာ၊
မနောဒုစ္စရိတံ ဟိတွာ , မနသာ သုစရိတံ စရေ။

၂၃၄။ ကာယေန သံဝုတာ ဓီရာ , အထော ဝါစာယ သံဝုတာ၊
မနသာ သံဝုတာ ဓီရာ , တေ ဝေ သုပရိသံဝုတာ။

**အနက်** ကာယပ္ပကောပံ–ကိုယ်ပျက်စီးမှု, သုံးခုကွဲပြား, ကာယဒုစရိက်တရားကို၊ ရက္ခေယျ–မပြုရအောင်ခွာ, စောင့်ရှောက်ရာ၏၊ ကာယေန–ကာယဝိညတ်, ခေါ်သတ်မှတ်ကြ, ကာယဒွါရဖြင့်၊ သံဝုတော သိယာ–ကာယကံများ, မဖြစ်ပွားအောင်, လေးစားကောင်းစွာ, ကာကွယ်စောင့်ရှောက်ရာ၏၊ ကာယဒုစ္စရိတံ–သက်သတ်ခိုးလု, ကြာခိုမှုဟု, သုံးခုကွဲပြား, ကာယဒုစရိက်တရားကို၊ ဟိတွာ–မပြုရှောင်ရှား, ပယ်စွန့်ထား၍၊ ကာယေန–ကာယဝိညတ်, ခေါ်သတ်မှတ်ကြ, ကာယဒွါရဖြင့်၊ သုစရိတံ–မသတ်သူ့သက်, ခိုးဝှက်ကင်းကွာ, အိမ်ရာမမှား, သုံးပါးသော သုစရိက်တရားကို၊ စရေ–အမြဲမကွာ, ပြုကျင့်ရာ၏။

ဝစီပကောပံ–နှုတ်ပျက်စီးမှု, လေးခုကွဲပြား, ဝစီဒုစရိက်တရားကို၊ ရက္ခေယျ–မပြုမြဲစွာ, စောင့်ရှောက်ရာ၏၊ ဝါစာယ–ဝစီဝိညတ်, ခေါ်သတ်မှတ်ကြ, ဝစီဒွါရဖြင့်၊ သံဝုတော သိယာ–ဝစီကံများ, မဖြစ်ပွားအောင်, လေးစားကောင်းစွာ, ကာကွယ်စောင့်ရှောက်ရာ၏၊ ဝစီဒုစ္စရိတံ–လိမ်ညာကုန်းချော, အပြောကြမ်းတမ်း, ပရမ်းပတာ, မပါနှစ်သား, လေးပါးသောဝစီဒုစရိက်တရားကို၊ ဟိတွာ–မပြောရှောင်ရှား, ပယ်စွန့်ထား၍၊ ဝါစာယ–ဝစီဝိညတ်, ခေါ်သတ်မှတ်ကြ, ဝစီဒွါရဖြင့်၊ သုစရိတံ–ပြောဆိုအမှန်, ကွဲပြန်စေ့စပ်, ပြောလတ်ချိုသာ, ပြည့်ပါနှစ်သား, လေးပါးသော သုစရိက်တရားကို၊ စရေ–အမြဲ မကွာ, ပြောဆိုပြုကျင့်ရာ၏။

---

**ကာယဒုစ္စရိတံ**= [ကာယ+ဒုစ္စရိတ] ကာယေန ကတံ ဒုစ္စရိတံ, ကာယတော ဝါ ပဝတ္တံ ဒုစ္စရိတံ–ကာယဒုစ္စရိတံ၊ ကိုယ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့်၊ ကာယဒွါရမှဖြစ်သော မကောင်းသောအကျင့်၊ ကာယဒုစရိုက်။

**ဝစီပကောပံ**= [ဝစီ+ပကောပ] ဝစီယာ ပကောပေါ–ဝစီပကောပေါ၊ နှုတ်ဖြင့်ဖျက်ဆီးခြင်း၊ နှုတ်၏ပျက်စီးခြင်း၊ ဝစီဒုစရိုက်။

**ဝစီ**= [√ဝစ+အ+ဤ] ဝုစ္စတေတိ–ဝစီ၊ ဤ၊ ဓာန်–ဋီ၊ ၁၀၅။ ဝုစ္စတိ ဧတာယာတိ–ဝစီ၊ ဝစ–ဝိယတ္တိယံ ဝါစာယံ, အ, ဣတ္ထိယံ ဤ၊ သုစိ။ စကား၊ ပြောဆိုကြောင်း ဝစီဝိညတ်၊ ဝစီဒွါရ။

**ဝစီဒုစ္စရိတံ**= [ဝစီ+ဒုစ္စရိတ]ဝစိယာ ကတံ ဒုစ္စရိတံ–ဝစီဒုစ္စရိတံ၊ ဝစိတော ဝါ ပဝတ္တံ ဒုစ္စရိတံ–ဝစီဒုစ္စရိတံ၊ နှုတ်ဖြင့်ပြုအပ်သော မကောင်းသော အကျင့်၊ ဝစီဒွါရမှ ဖြစ်သော မကောင်းသောအကျင့်၊ ဝစီဒုစရိုက်။

**မနောပကောပံ**= [မန+ပကောပ] မနသော ပကောပေါ–မနောပကောပေါ၊ စိတ်၏ပျက်စီးခြင်း၊ စိတ်အမှုအရာပျက်စီးမှု၊ မနောဒုစရိုက်။

မနောပကောပံ-စိတ်ပျက်စီးမှု, သုံးခုကွဲပြား, မနောသုစရိုက်တရားကို၊ ရက္ခေယျ-မကြဲမြဲစွာ, စောင့်ရှောက်ရာ၏၊ မနသာ-ဝိညတ်မပါ, စိတ်မျှသာဟု, သိမှတ်ပြုကြ, မနော ဒွါရဖြင့်၊ သံဝုတော သိယာ-မနောကံများ, မဖြစ်ပွားအောင်, လေးစားကောင်းစွာ, ကာကွယ်စောင့်ရှောက်ရာ၏၊ မနောဒုစ္စရိတံ-အလိုကြီးလှ, ဒေါသပြောထူ, အယူလွဲမှား, သုံးပါးသော မနောဒုစရိုက်တရားကို၊ ဟိတွာ-မကြဲရှောင်ရှား, စွန့်ပယ်ထား၍၊ မနသာ-ဝိညတ်မပါ, စိတ်မျှသာဟု, သိမှတ်ပြုကြ, မနောဒွါရဖြင့်၊ သုစရိတံ-လိုနည်းလှပါ, မေတ္တာပို့သ, ယူဆမမှား, သုံးပါးသော သုစရိုက်တရားကို၊ စရေ-အမြဲမကွာ, ကြံစည် ပြုကျင့်ရာ၏။

ယေ ဓီရာ-ကောင်းမှုအများ, ဆောင်ထားခံ့မင်, အကြင်ပညာရှင်တို့သည်၊ ကာယေန-ကာယဝိညတ်, ခေါ်သတ်မှတ်ကြ, ကာယဒွါရဖြင့်၊ သံဝုတာ-ကာယကံများ, မဖြစ် ပွားအောင်, လေးစားလုံ့ခြုံ, ကာကွယ်ပိတ်ဆို့ကြကုန်၏၊ အထော-ထိုမှတစ်ပါး၊ ဝါစာယ-ဝစီဝိညတ်, ခေါ်သတ်မှတ်ကြ, ဝစီဒွါရဖြင့်၊ သံဝုတာ-ဝစီကံများ, မဖြစ်ပွားအောင်, လေးစား လုံ့ခြုံ, ကာကွယ်ပိတ်ဆို့ကြကုန်၏၊ မနသာ-ဝိညတ်မပါ, စိတ်မျှသာဟု, သိမှတ်ပြုကြ, မနောဒွါရဖြင့်၊ သံဝုတာ-မနောကံများ, မဖြစ်ပွားအောင်, လေးစားလုံ့ခြုံ, ကာကွယ်ပိတ်ဆို့ ကြကုန်၏၊ တေ ဓီရာ-ကုသိုလ်အများ, ဆောင်ထားခံ့မင်, ထိုပညာရှင်တို့သည်၊ ဝေ-စင်စစ်ဧကန်, အမှန်အားဖြင့်၊ သုပရိသံဝုတာ-ဝန်းကျင်လုံ့ခြုံ, ကောင်းစွာပိတ်ဆို့တတ်သူတို့ မည်ကုန်၏။

**မြန်မာပြန်** ကိုယ်နှင့်ဆက်စပ် ဖြစ်ပွားတတ်သော မကောင်းမှုများ မဖြစ်ပွားအောင် စောင့်ရှောက်ရမည်၊ ကိုယ်ဖြင့် မကောင်းမှုကို မပြုမိအောင် စောင့်စည်းရမည်၊ ကိုယ်မှဖြစ်ပွားတတ်သည့် မကောင်းသောအကျင့်ကိုပယ်လျက် ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ပြုကျင့်ရမည်။

နှုတ်နှင့်ဆက်စပ် ဖြစ်ပွားတတ်သော မကောင်းမှုများ မဖြစ်ရအောင် စောင့်ရှောက် ရမည်၊ နှုတ်ဖြင့် မကောင်းမှုကိုမပြုမိအောင်စောင့်စည်းရမည်၊ နှုတ်မှ ဖြစ်ပွားတတ်သည့် မကောင်းသောအကျင့်ကို ပယ်လျက် နှုတ်ဖြင့် ကောင်းသောအကျင့်ကို ပြောဆိုပြုကျင့် ရမည်။

---

**မနောဒုစ္စရိတံ=** [မန+ဒုစ္စရိတ] မနသာ ကတံ ဒုစ္စရိတံ-မနောဒုစ္စရိတံ၊ မနတော ဝါ ပဝတ္တံ ဒုစ္စရိတံ-မနောဒုစ္စရိတံ၊ စိတ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့်၊ မနောဒွါရမှဖြစ်သော မကောင်းသောအကျင့်၊ မနောဒုစရိုက်။

**သုပရိသံဝုတာ=** [သု+ပရိ+သံ √ဝု+တ] သု ပရိသံဝုဏာတီတိ-သုပရိသံဝုတော၊ ကောင်းစွာ ကာကွယ်စောင့်ရှောက်တတ်သော၊ ကောင်းစွာလုံ့ခြုံစေတတ်သော၊ ကောင်းစွာပိတ်ဆို့ တတ်သော။

စိတ်နှင့်ဆက်စပ် ဖြစ်ပွားတတ်သော မကောင်းမှုများ မဖြစ်ပွားအောင် စောင့်ရှောက်ရမည်၊ စိတ်ဖြင့် မကောင်းမှုကိုမကြံမိအောင် စောင့်စည်းရမည်၊ စိတ်မှဖြစ်ပွားတတ်သည့် မကောင်းသောအကျင့်ကို ပယ်လျက် စိတ်ဖြင့် ကောင်းသောအကျင့်ကို ကြံစည်ပြုကျင့်ရမည်။

ပညာရှိများသည် ကိုယ်ဖြင့်လည်း အကုသိုလ်ကို မပြုမိအောင် စောင့်စည်းကြ၏၊ နှုတ်ဖြင့်လည်း အကုသိုလ်ကို မပြောမိအောင် စောင့်စည်းကြ၏၊ စိတ်ဖြင့်လည်း အကုသိုလ်ကို မကြံမိအောင် စောင့်စည်းကြ၏၊ ထိုပညာရှိတို့သည် အကုသိုလ်မဖြစ်အောင် ဝန်းကျင်လုံခြုံ ပိတ်ဆို့စောင့်စည်းသူတို့ မည်ကုန်၏။

**လင်္ကာ** ဖြစ်ပွားကိုယ်၌, ဒုစရိုက်ဟု, အမိုက်သုံးဖြာ, စောင့်ရှောက်ရာ၏၊ သုံးဖြာဒုစ္စရိတ, မဝင်ရအောင်, ကာယတံခါး, ဆို့ပိတ်ထားလော့၊ ဆိုးဝါးမသင့်, ကိုယ်အကျင့်ကို, မကျင့်ဝေးစွာ, ပစ်ပယ်ခွာ၍, ကိုယ်မှာဖြစ်ပွား, ကောင်းမှုများကို, ကြိုးစားမြဲစွာ, ပြုကျင့်ရာ၏။

ဖြစ်ပွားနှုတ်၌, ဒုစရိုက်ဟု, အမိုက်လေးဖြာ, စောင့်ရှောက်ရာ၏၊ လေးဖြာဒုစ္စရိတ, မဝင်ရအောင်, နှုတ်ဟတံခါး, ပိတ်ဆို့ထားလော့၊ ဆိုးဝါးမသင့်, နှုတ်အကျင့်ကို, မကျင့်ဝေးစွာ, ပစ်ပယ်ခွာ၍, နှုတ်မှာဖြစ်ပွား, ကောင်းမှုများကို, ကြိုးစားမြဲစွာ, ပြုကျင့်ရာ၏။

ဖြစ်ပွားစိတ်၌, ဒုစရိုက်ဟု, အမိုက်သုံးဖြာ, စောင့်ရှောက်ရာ၏၊ သုံးဖြာဒုစ္စရိတ, မဝင်ရအောင်, မနတံခါး, ဆို့ပိတ်ထားလော့၊ ဆိုးဝါးမတင့်, စိတ်အကျင့်ကို, မကျင့်ဝေးစွာ, ပစ်ပယ်ခွာ၍, စိတ်မှာဖြစ်ပွား, ကောင်းမှုများကို, ကြိုးစားမြဲစွာ, ပြုကျင့်ရာ၏။

သိခက်ငုပ်လျှိုး, ကြောင်းရာမျိုးကို, ထိုးထွင်းမြင်သိ, ပညာရှိသည်, ဒုစ္စရိတ, မဝင်ရအောင်, ကာယ ဝါစာ, မနသာဟု, သုံးဖြာတံခါး, ပိတ်ဆို့ထား၏၊ ကြိုးစား ထိုသို့, ပိတ်ဆို့ထားဘိ, ပညာရှိသာ, ကြားဟာမလပ်, စေ့စပ်ခိုင်ခိုင်, ပိတ်ထားနိုင်သူ, ဖြစ်သည်ဟူ၏။

# ၁၈-မလဝဂ္ဂ

## ၁-ဂေါဃာတကပုတ္တဝတ္ထု

၂၃၅။ ပဏ္ဍုပလာသောဝ ဒါနိသိ , ယမပုရိသာပိ စ တေ ဥပဋ္ဌိတာ၊
ဥယျောဂမုခေ စ တိဋ္ဌသိ , ပါထေယျမ္ပိ စ တေ န ဝိဇ္ဇတိ။

၂၃၆။ သော ကရောဟိ ဒီပမတ္တနော , ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘဝ၊
နိဒ္ဓန္တမလော အနင်္ဂဏော , ဒိဗ္ဗံ အရိယဘူမိံ ဥပေဟိသိ။

---

### ၂၃၅, ၂၃၆-ပဒဝိဘာဂ

**ပဏ္ဍုပလာသော**=[ပဏ္ဍု+ပလာသ] ပဏ္ဍုဧဝ ပလာသော-ပဏ္ဍုပလာသော၊ ဖျော့သောအဆင်းရှိသော ဖက်ရွက်၊ ဖက်ရွက်ရော်၊ပဏ္ဍုပလာသောတိ သမာသောပိ ဗျာသောပိ ယုတ္တော

(အနက်) ဘော ဥပါသက–ကုသိုလ်ကောင်းမှု, မစုရိက္ခာ, အို ····· ဒါယကာ !၊ တွံ–မေ့လျော့ပေါ့ဆ, နေနိုင်လှပါ, သင်ဒါယကာသည်၊ ဒါနိ–ငါဘုရားနှင့်, အသင့်ကြုံလာ, ယခုအခါ၌၊ ပဏ္ဍုပလာသောဣဝ–လေကအသုတ်, ညှာမှပြုတ်ကာ, ကျလာမြေပေါ်, ဖက်ရွက်ရော်ကဲ့သို့၊ ဝါ–တိုက်ခတ်လေပြေ, ညှာပြတ်ကြွေ၍, မြေဝယ်ရပ်တန့်, ဝါကြန့်ကြန့်အဆင်းရှိသော ဖက်ရွက်ရော်ကဲ့သို့၊ အသိ–သွေးရောင်မလျှမ်း, ညှိုးနွမ်းသားရေ, ဖြစ်နေပါပေ၏၊ ယမပုရိသာပိ–သေခြင်းဟူကြား, တမန်ယောကျ်ားတို့သည်လည်း၊ တေ–အသက်ကြီးမြင့်, အရွယ်ရင့်လာ, သင်ဒါယကာ၏၊ ဥပဋ္ဌိတာ–အနီးအပါး, ရပ်နားတည်နေခဲ့ကုန်ပြီ၊ ဥယျောဂမုခေစ–သွားကျိုးဆံဖြူ, ငယ်မူယိုယွင်း, ဆုတ်ယုတ်ပျက်စီးခြင်း၏ ဝင်ဝ၌လည်း၊ တိဋ္ဌသိ–ချိန်စောင့်ဆိုင်းကာ, တည်နေလာ၏၊ တေ–စားလိုက် သောက်လိုက်, ပျော်ပါးလိုက်ဖြင့်, ရိုင်းမိုက်၍လာ, သင်ဒါယကာ၏၊ ဝါ–စားလိုက် သောက်လိုက်, ပျော်ပါးလိုက်ဖြင့်, ရိုင်းမိုက်၍လာ, သင်ဒါယကာမှာ၊ ပါထေယျမ္ပိ–ဘဝတစ်ပါး, ပြောင်းသွားဖို့ရာ, ကုသိုလ်ရိက္ခာသည်လည်း၊ နဝိဇ္ဇတိ–အားထားစရာ, မရှိသေးပါပေ။

သောတွံ–သင့်အားရည်မှတ်, ဇီဝဘတ်ကို, လှူတတ်ကြည်လင်, သားကောင်းဖခင်ဖြစ်သော ထိုသင်သည်၊ အတ္တနော–ဝဋ္ဋသမုဒ္ဒရာ, ထောက်တည်ရာဟု, ဘယ်ခါကောင်းမှု, မပြုခဲ့သော မိမိ၏၊ ဒီပံ–လှေပျက်သူများ, အားထားစခန်း, ရေလယ်ကျွန်းပမာ, ကုသိုလ်ကောင်းမှုဟူသော ထောက်တည်ရာကို၊ ကရောဟိ–တက်ကြွဝမ်းသာ, ပြုလုပ်လိုက်ပါတော့လော၊ ခိပ္ပံ–လျင်လျင်မြန်မြန်၊ ဝါယမ–လုံ့လကြိုးကုတ်, အားထုတ်လိုက်ပါတော့လော၊ ပဏ္ဍိတော–သက်မသေခင်, ကြိုတင်ကောင်းမှု, ပြုစုကြည်ဖြူ, ပညာရှိသူသည်၊ ဘဝ–ကိုယ်ကျိုးငဲ့ကာ, ဖြစ်လိုက်ပါတော့လော၊ [ဓဝ်–ဤသို့မချွတ်, ကြိုးစားလတ်သော်၊] နိဒ္ဓန္တမလော–ရာဂစသား, ညစ်ကြေးများကို, လွင့်မှုတ်ပယ်ရှားပြီးသူသည်၊ အနင်္ဂဏော–ယုတ်ညံ့သေးသိမ်, မေးမိုန်အောက်ကျ, ဖြစ်ရကြောင်းရင်း, ကိလေသာကင်းပြီးသူသည်၊ ဟုတွာ–ဖြစ်၍၊ ဒိဗ္ဗံ–ထွန်းတောက်ရောင်ဝါ, ဗြဟ္မာတို့၏ဥစ္စာဖြစ်သော၊ အရိယဘူမိံ– အရိယာသူမွန်, အနာဂါမ်တို့၏သာ, ဖြစ်ရာခိုလှုံ, သုဒ္ဓါဝါသဘုံသို့၊ ဥပေဟိသိ–ဈာန်ပဋ္ဌက, ဧကန်ရကာ, ရောက်ရပါလိမ့်အံ့။

---

ယေဝ၊ သမာသကာလေ ပဏ္ဍု ယဿတ္ထီတိ–ပဏ္ဍု၊ သောယေဝ ပလာသော– ပဏ္ဍုပလာသောတိ ကာတဗ္ဗော၊ ပါစိတျာဒိ–ယော၊ ၂၇၈။

ပဏ္ဍု= [ √ပဒိ+ဥ ] ပဏ္ဍတိ ဧကဂဏန် ဂစ္ဆတီတိ–ပဏ္ဍု၊ ဓာန်–ဋီ၊ ၉၆။ အဖြူအဝါရောသောအဆင်း၊ ဖျော့သောအဆင်း၊ ဝါကြန့်ကြန့်အဆင်း၊ ဖျော့သောအဝါရောင်။

ပလာသ= [ပ √လသ+ဏ ] လသ–ကန္တိယံ၊ ပကာရေန လသတီတိ–ပလာသော၊ ဓာန်–ဋီ၊ ၅၄၃၊ သစ်ရွက်။ ပေန ဝါတေန လသတိ အပဂစ္ဆတီတိ ဝါ–ပလာသံ၊ လသ–ဂမနေ၊ [ပ √လူ+အသ] ပံ ဝါတံ လုနာတီတိ–ပလာသော၊ သူစိ။

(မြန်မာပြန်) အို ····ဒါယကာ ! သင်သည် ယခု ဖက်ရွက်ရော်ပမာဖြစ်နေပါ၏၊ သေခြင်းတရားကလည်း သင့်အနားမှာ ရပ်တည်နေလာခဲ့ပြီ၊ သင်သည် ဆုတ်ယုတ်ပျက်စီးခြင်း၏ တံခါးဝ၌လည်း တည်နေလာခဲ့ပေပြီ၊ သင့်မှာ (ကောင်းရာဘဝကိုသွားရန်) ကုသိုလ်ကောင်းမှုဟူသော ရိက္ခာလည်း မရှိသေးပေ။

သင်သည် မိမိ၏ ကုသိုလ်ကောင်းမှုဟူသော ထောက်တည်မှီခိုစရာကို ပြုလုပ်ပါဦးလော၊ လျင်မြန်ဆောစွာ ကြိုးစားအားထုတ်လိုက်ပါလော၊ အသက်ရှင်စဉ် ကုသိုလ်ကြိုတင်ပြုသူ ပညာရှိဖြစ်ပါတော့လော၊ ( ဤအတိုင်းသာ ကြိုးစားအားထုတ်ပါလျှင် ) သင်ဒါယကာသည် ရာဂစသောအညစ်အကြေးများ ကင်းစင်ကာ ကိလေသာမရှိသူ ဖြစ်လာလျက် အနာဂါမ်အရိယာတို့ စံပျော်ရာ သုဒ္ဓါဝါသဗြဟ္မာ့ဘုံသို့ ရောက်ရပေလိမ့်မည်။

---

**ယမပုရိသာ**= [ယမ+ပုရိသ] ယမော ဧဝ ပုရိသော–ယမပုရိသော၊ ဓံ–မဟာဋီ၊ ၂၄၃။ သေခြင်းတည်းဟူသောယောက်ျား၊ သေခြင်း။

**ယမ**= [ √ယမု+အ] ယမု–ဥပရမေ၊ ယမန် ဥပရမနန္တိ–ယမော၊ အနုဋီ–၃၊ ၁၆၀။ သေခြင်း။ [ √ယမ+အ] ယမ=(ဘူ) နာသေ–ပျက်စီးခြင်း၌။ (ယမတိ။)

**ဥပဋ္ဌိတာ**= [ ဥပ √ဌာ+တ ] ဥပဋ္ဌာသီတိ–ဥပဋ္ဌိတော၊ ရှေးရှုတည်သော၊ ကပ်၍တည်သော၊ အနီး၌တည်သော၊ ပြုစုလုပ်ကျွေးသော။

**ဥယျောဂမုခေ**= [ဥယျောဂ+မုခ] ဥယျောဂဿ မုခံ–ဥယျောဂမုခံ၊ ထွက်သွားခြင်း (ပျက်စီးခြင်း)၏ အဝ, လမ်းစ။

**ဥယျောဂ**= [ဥ √ယုဇ+ဏ ]ဥယျုဇ္ဇနံ–ဥယျောဂေါ၊ အားထုတ်ခြင်း၊ထွက်ခွာသွားခြင်း၊ ပျက်စီးခြင်း။

**တိဋ္ဌသိ**= [ √ဌာ+အ+သိ ] တည်၏၊ တည်နေ၏။

**ပါထေယျံ**= [ပထ+ဏေယျ] ပထဿ ဟိတံ–ပါထေယျံ၊ ရူ–နာ၊ ၂၃၀။ ပထေ သာဓု–ပါထေယျံ။ မောဂ်–၄၊ ၇၅။ နိရုတ္တိ၊ ၃၃၀။ လမ်းစာရိက္ခာ၊ လမ်းစရိတ်၊ ရိက္ခာထုပ်။

**ဝါယမ**= [ √ဝါယမ+အ+ဟိ ]တစ်နည်း=[ဝိ+အာ √ယမု+အ+ဟိ ] အားထုတ်လော၊ ကြိုးစားလော၊ လုံ့လပြုလော၊ ကြိုးပမ်းလော၊ ဝါယမ=(ဘူ) ဤဟာယံ–အားထုတ်ခြင်း၌၊ (ဝါယမတိ။)

**နိဒ္ဓန္တမလော**= [နိဒ္ဓန္တ+မလ] နိဒ္ဓန္တံ မလံ ယေနာတိ (ယဿာတိ ဝါ)–နိဒ္ဓန္တမလော၊ လွင့်ထုတ်ပြီးသော (ရာဂ–စသော) အညစ်အကြေးရှိသော။

**နိဒ္ဓန္တ**= [နိ √ဓမ+တ] နိဒ္ဓမိယိတ္ထာတိ–နိဒ္ဓန္တံ၊ မှုတ်ထုတ်အပ်ပြီးသော၊ ပယ်အပ်ပြီးသော၊ ဦးပြီးလျော့ပြီးသော၊ ဓမ=(ဘူ) သဒ္ဒဂ္ဂိသံယောဂေသု–အသံပြုခြင်း၊ မီးမှုတ်ခြင်းတို့၌၊ (ဓမတိ။)

**မလ**= [ √မလ+အ] မလတိ စလတိ, သံကိလိဿတိ ဝါ ဧတေနာတိ–မလံ၊ အညစ်အကြေး၊ ချေး၊ မင်၊ ကျင်ကြီး။

**လက်ာ** ကောင်းမှုကင်းကွာ, အို…ဒကာ !, ခုခါသင်ကား, ရွက်ရော်လားသို့, ပျက်ပြား ယွင်းယို, မှည့်ရင့်အိုခဲ့၊ သင့်ကိုခေါ်ရန်, သေတမန်လည်း, သင့်ဌာန်ပါးမှာ, ရပ်နားလာပြီ၊ ခုခါ သင်ကား, ပျက်ပြားလမ်း၀, တည်နေရ၏၊ နောင်ဘ၀မှာ, အားကိုး ရာဟု, ရိက္ခာစုလည်း, ယခုသင့်မှာ, မရှိပါတည်း။

မိရာကျွန်းလား, ကုသိုလ်များကို, လိုလားကောင်းစွာ, ပြုလိုက်ပါလော၊ လျင်စွာ ထကြွ, ကြိုးစားပြလော၊ ကြောင်းပြကျိုးသိ, ပညာရှိသာ, ဖြစ်လိုက်ပါလော၊ သို့သာဖြစ်လျှင်, ညစ်ကြေးစင်၍, ပူပင်ကင်းကွာ, အရိယာတို့, စံရာဌာန, ငါး၀သုဒ္ဓါ, ဗြဟ္မာ့ရွာသို့, မကြာမုချ, ရောက်ပါရလိမ့်။

၂၃၇။ ဥပနီတ၀ယော စ ဒါနိသိ , သမ္ပယာတောသိ ယမဿ သန္တိကံ၊
ဝါသော တေ နတ္ထိ အန္တရာ , ပါထေယျမ္ပိ စ တေ န ဝိဇ္ဇတိ။

၂၃၈။ သော ကရောဟိ ဒီပမတ္တနော , ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘ၀၊
နိဒ္ဓန္တမလော အနင်္ဂဏော , န ပုန ဇာတိဇရံ ဥပေဟိသိ။

**အနက်** ဥပါသက-သပ္ပုရိသ, အမိရှု၍, ဘ၀ခရီး, ကုန်ရန်နီးလာ, အို….. ဒါယကာ ! ဒါနိ-တရားစကား, ဆက်လက်ကြားနှာ, ယခုအခါ၌၊ တွံ-သင့်တွက်ရည်မှတ်, ဇိ၀ဘတ်ကို, လျှတတ်ကြည်လင်, သားကောင်းဖခင်ဖြစ်သောသင်သည်၊ ဥပနီတ၀ယောစ- ပနှင့် ဒု တ, သုံး၀ဆက်နွယ်, အရွယ်သီးသီး, ရောက်အပ်ပြီးသည်လည်း၊ ၀ါ-အသက် ကကြီး, အရွယ်လွန်ပြီးသူသည်လည်း၊ အသိ-မလွဲမသွေ, ဖြစ်နေပါပေ၏၊ ယမဿ သန္တိကံ-သက်ဇိဝိန်ကင်း, သေရခြင်း၏အနီးသို့၊ သမ္ပယာတောစ-မကြာမတင်, ရောက်လု ရောက်ခင် ဖြစ်နေသည်လည်း၊ အသိ-မလွဲမသွေ, ဖြစ်နေပါပေ၏၊ တေ-အရွယ်လွန်လာ, သင် ဒါယကာ၏၊ အန္တ ရာ-ဘ၀နှစ်ပါး, အလယ်ကြား၌၊ ဝါသောစ-သီလစောင့်မည်, လှူဒါန်းမည်ဟု, ကြံစည်ရိုးရင်း, နေထိုင်ရခြင်းသည်လည်း၊ နတ္ထိ-ဘ၀နှစ်ဖြာ, ကြားဟာ

---

**အရိယဘူမိ** = [အရိယ+ဘူမိ] အရိယာနံ ဘူမိ-အရိယဘူမိ၊ အရိယာတို့၏ ဖြစ်ရာဘုံ၊ အနာဂါမ်ပုဂ္ဂိုလ်တို့ဖြစ်ရာ-သုဒ္ဓါဝါသ-ငါးဘုံ။

**ဥပေဟိသိ**= [ဥပ √ဣ+အ+ဿသိ] အ-ပစ္စည်းကိုချေ၊ မောဂ်-၆၊ ၆၆။ (ဇောတိသွာ)သုတ်ဖြင့် ဣ-ဓာတ်မှနောက်ဖြစ်သော ဿ-ကို ဟိ-ပြု၊ ဣ-ကို ဧ-ပြု၊ ပ-ကိုခွင်း ချေ ကပ်၊ ဥပေဟိသိ- ရောက်ရလတ္တံ့။

၂၃၇, ၂၃၈-ပဒဝိဘာဂ

**ဥပနီတ၀ယော**= [ဥပနီတ+၀ယ] ဥပနီတော ၀ယော ယဿာတိ-ဥပနီတ၀ယော၊ ဆောင်အပ် ပြီးသော အရွယ်ရှိသော(သူ။) အရွယ်လွန်ပြီးသော(သူ။)

**ဥပနီတ**= [ဥပ √နီ+တ] ဥပနယိတ္ထာတိ-ဥပနီတော၊ ဆောင်အပ်ပြီးသော၊ ရောက်အပ် ပြီးသော။ (ဥပ-ကား ဓာတွတ္ထာနုဝတ္တကမျှသာ။)

မလပ်, တစ်စပ်တည်းသာ, ဖြစ်နေပါ၍, ဘယ်မှာတစ်, မရှိနိုင်တော့ပါပေ၊ တေ–သောတာပန်ဖြစ်လာ, သင်ဒါယကာ၏၊ ပါထေယျမွိ–ဘ၀တစ်ပါး, ပြောင်းသွားဖို့ရာ, ကုသိုလ်ရိက္ခာသည်လည်း၊ န ဝိဇ္ဇတိ–အားထားစရာ, များများစားစား, မရှိသေးပါပေ။

သောတွံ–သင့်အားရည်မှတ်, ဇီဝဘတ်ကို, လှူတတ်ကြည်လင်, သားကောင်းဖခင်ဖြစ်သော ထိုသင်သည်၊ အတ္တနော–ဝင့်သမုဒ္ဒရာ, ထောက်တည်ရာဟု, သေချာကောင်းမှု, မပြုမလုပ်ခဲ့သော မိမိ၏၊ ဒီပံ–လှေပျက်သူများ, အားထားစခန်း, ရေလယ်ကျွန်းပမာ, ကုသိုလ်ကောင်းမှုဟူသော ထောက်တည်ရာကို၊ ကရောဟိ–တက်ကြွ၀မ်းသာ, ဆက်လက်ပြုလုပ်လိုက်ပါတော့လော၊ ခိပ္ပံ–မကြာမတင်, လျင်မြန်စွာ၊ ဝါယမ–လုံ့လကြိုးကုတ်, အားထုတ်လိုက်ပါတော့လော၊ ပဏ္ဍိတော–အသက်ရှင်စဉ်, ကြိုတင်ကောင်းမှု, ပြုလုပ်တတ်ဘိ, ပညာရှိသူသည်၊ ဘဝ–ဘဝါဟိ–ကိုယ့်ကိုင်ငဲ့ညှာ, ဖြစ်လိုက်ပါတော့လော၊ (ဧဝံ–ဤသို့မချွတ်, ကြိုးစားလတ်သော်၊) နိဒ္ဓန္တမလော–ရာဂစသား, ညစ်ကြေးများကို, လွှင့်မှုတ်ပယ်ရှားပြီးသူသည်၊ အနင်္ဂဏော–ယုတ်ညံ့သေးသိမ်, မေးမှိန်အောက်ကျ, ရောက်ရကြောင်းရင်း, ကိလေသာကင်းပြီးသူသည်၊ (ဟုတွာ–ဖြစ်၍၊) ပုန–ရှေးရှေးဘဝ, ခုဘဝဝယ်, ကြုံရသည့်ဟန်, နောက်ထပ်တစ်ဖန်၊ ဇာတိဇရံ–စွဲငြိသန္ဓေ, တည်နေရခြင်း, အိုရခြင်းသို့၊ န ဥပေဟိသိ–အကြောင်းတဏှာ, ပယ်ပြီးပါက, ကျိုးပါကင်းပျောက်, ရောက်ရတော့မည် မဟုတ်ပေ။

(မြန်မာပြန်) အို....ဒါယကာ !၊ သင်ကား ယခု အရွယ်လွန်လာခဲ့ပြီ၊ သေလုနီးပါး ဖြစ်နေခဲ့ပြီ၊ သင့်အတွက် ယခုဘဝနှင့်နောက်ဘဝ၏ အကြားမှာ နားနေစရာလည်း မရှိပေ၊ ထို့ပြင် သင့်မှာ နောက်ဘဝကိုသွားရန် ကုသိုလ်ရိက္ခာလည်း မရှိသေးပါ။

(သို့ဖြစ်၍) သင်သည် မိမိအတွက် ကုသိုလ်ကောင်းမှုဟူသော ထောက်တည်မှီခိုရာကို ပြုလုပ်ပါဦးလော၊ လျင်မြန်သောစွာ ကြိုးစားအာထုတ်လိုက်ပါလော၊ ပညာရှိပီပီ အသက်မသေခင် ကြိုတင်၍ ကုသိုလ်ကောင်းမှု ပြုထားပါတော့လော၊ (ဤအတိုင်းသာ ကြိုးစား

---

**သံမွယာတော**= [သံ+ပ √ယာ+တ] သမ္ပယိဿတိ, သမ္ပယိတ္ထာတိ ဝါ–သမ္ပယာတော။ ရောက်လတ္တံ့သော၊ ရောက်လုဆဲဆဲဖြစ်သော၊ ရောက်လုရောက်ခင်ဖြစ်သော၊ ထက်ဝန်းကျင် လှည့်လည်သွားလာသော။

**ဝါသော**= [ √ဝသ+ဏ ] ဝသန်–ဝါသော၊ နေခြင်း၊ နေရာဌာနအိမ်၊ အဝတ်အထည်။

**အန္တရာ**= [ အန္တ √ဣ+အ ] အန္တရေ ဧတိတိ–အန္တရာ၊ ရ–လာ၊ ဗျ။ အလယ်၌၊ အကြား၌၊ အတွင်း၌၊ သမန္တာ, သာမန္တာ ॥ ပ ॥ အန္တရာ॥ ပ ॥ ဟုရံ ပေစ္စ ဣစ္စေတေ သတ္တမိယာ။ ရူ–နှာ၊ ၁၃၄။

**ဇာတိဇရံ**= [ဇာတိ+ဇရာ] ဇာတိ စ ဇရာစာတိ–ဇာတိဇရာ။ ပဋိသန္ဓေနေခြင်း အိုခြင်း။

အားထုတ်ပါလျှင်) သင်သည် ရာဂစသော အညစ်အကြေးများကင်းစင်ကာ ကိလေသာ မရှိသူဖြစ်လျက် နောက်ထပ်တစ်ဖန် ပဋိသန္ဓေနေရ, အိုရတော့မည်မဟုတ်ပါ။

[ရှေးနှစ်ဂါထာဖြင့် အနာဂါမိမဂ်ကိုပြသည်၊ နောက်နှစ်ဂါထာဖြင့် အရဟတ္တမဂ်ကို ပြသည်။]

**လင်္ကာ** တရားကိုနာ, အို ···· ဒကာ !၊ သေချာစဉ်းစား, ငါမိန့်ကြားအံ့၊ သင်ကားခုခါ, ရွယ်လွန်လာ၍၊ သေရာတံခါး, ဝင်ရောက်သွားဖို့, စောင့်နားလျက်သာ, တည်နေပါခဲ့၊ ကြားမှာနားရန်, မရှိပြန်တည်း၊ ယူရန်ပြုလုပ်, ရိက္ခာထုပ်လည်း, မထုပ်သင့်မှာ, မရှိပါတည်း။

မိုရာကျွန်းလား, ကုသိုလ်များကို, လိုလားကောင်းစွာ, ပြုလိုက်ပါလော၊ လွန်စွာတက်ကြွ, ကြိုးစားပြလော၊ ကြောင်းပြကျိုးသိ, ပညာရှိသာ, ဖြစ်စေပါလော၊ သို့သာဖြစ်လျှင်, ညစ်ကြေးစင်၍, ပူပင်ကင်းကွာ, နောက်အခါဝယ်, စွဲလာသန္ဓေ, တည်နေရခြင်း, စိုးရိမ်ခြင်းသို့, လွတ်ကင်းလုံးဝ, မရောက်ရလိမ့်။

## ၂-အညတရဗြာဟ္မဏဝတ္ထု

၂၃၉။ အနုပုဗ္ဗေန မေဓာဝီ , ထောကံ ထောကံ ခဏေ ခဏေ၊
ကမ္မာရော ရဇတဿေဝ , နိဒ္ဓမေ မလမတ္တနော။

**အနက်** ကမ္မာရော-ကိုယ့်အလုပ်တွင်, ကျွမ်းကျင်လိမ္မာ, ပန်းထိမ်ဆရာသည်၊ ရဇတဿ-ဖွေရှာစီးပွား, လူအများတို့, လိုလားမပြေ, ရွှေနှင့်ငွေ၏၊ မလံ-ညစ်ညူးရခြင်း, ကြောင်းရင်းဖြစ်လာ, ပေါင်းကာစုဝေး, ညစ်အကြေးကို၊ နိဒ္ဓမတိ္တ-မီးမှာဖုတ်လိုက်, တူထုလိုက်ဖြင့်, စိတ်ကြိုက်သေချာ, လွင့်ထုတ်ရပါသကဲ့သို့၊ မေဓာဝီ-တရားဆိနှစ်, ပညာစစ်ရှိသောသူသည်၊ အနုပုဗ္ဗေန-ရှေ့အားလျော်စွာ, နောက်မှာဖြစ်ပွား, အစဉ်အားဖြင့်၊ ခဏေ ခဏေ-မရပ်မဆိုင်း, အခွင့်ရတိုင်း, အခွင့်ရတိုင်း၌၊ ထောကံ ထောကံ-ပြုလုပ်ရန်လွယ်, အနည်းငယ်အနည်းငယ်သောကုသိုလ်ကို၊ (ကရောန္တော-ထပ်ကာထပ်ကာ, မြဲစွာအားထုတ်, ကြိုးစားပြုလုပ်လျက်၊) အတ္တနော-ဘဝကုန်ဆုံး, ကိစ္စတုံးရန်, အမှန်လိုလားနေသော မိမိ၏၊ မလံ-ညစ်နွမ်းကြောင်းရင်း, ကိုယ်တွင်းစုဝေး, ရာဂစသော ညစ်အကြေးကို၊ နိဒ္ဓမေ-ဖြည်းဖြည်းချင်းသာ, မှုတ်ထုတ်ရာ၏။

---

## ၂၃၉-ပဒဝိဘာဂ

**အနုပုဗ္ဗေန=** [အနု+ပုဗ္ဗ] ပုဗ္ဗံ ပုဗ္ဗံ အနု-အနုပုဗ္ဗံ၊ ပဋိသံ-၄-၂၊ ၈၃။ အစဉ်၊ အစဉ်အတိုင်း၊

**ခဏေ=** [√ခဏ+အ] ခဏု-ဟိံသာယံ၊ ခဏောတီတိ-ခဏော၊ အ၊ ဓာန်-ဋီ၊ ၆၆၊ ၇၊ တိုတောင်းသော အချိန်ကာလ၊ လက်ဖျစ်ဆယ်တွက်ခန့်ကြာမြင့်စွာတည်ခြင်း။

[ √ခီ+ယု] သတ္တာနံ အာယု ခီယတိ ဟာယတိ ဧတ္ထ ကာလေတိ-ခဏော၊ ခီ-ခယေ၊ ယု။ သူစိ။

**ကမ္မာရော=** [ √ကရ+မာရ] ဓာတွန် ရ်-ကို ပရရုပ် မ်-ပြု၊ လောဟကိစ္စံ ကရောတီတိ-ကမ္မာရော= လောဟကာရော၊ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းထိမ်။ မောဂ်-၇၊ ၁၆၇။

**မြန်မာပြန်** ပန်းထိမ်ဆရာသည် ရွှေငွေ၏အညစ်အကြေးကို ထပ်ကာထပ်ကာ နည်းနည်းချင်းသာ ထုတ်ရသကဲ့သို့ ပဋိသန္ဓေပညာရှိသူသည် အစဉ်သဖြင့် အခွင့်ရတိုင်း အခွင့်ရတိုင်း အနည်းငယ် အနည်းငယ်သော ကုသိုလ်ကိုပြုလျက် မိမိ၏ ရာဂစသော အညစ်အကြေးကို လွှင့်ထုတ်ပစ်ရမည်။

**လင်္ကာ** ပန်းထိမ်ဆရာ, လူလိမ္မာကား, ရွှေမှာယှက်ထွေး, ညစ်အကြေးကို, ဖြည်းနှေးထုကာ, ထုတ်လွှင့်ပါသို့, လိမ္မာမြင်သိ, ပညာရှိလည်း, သတိမကွာ, နည်းစွာကောင်းမှု, ထပ်ထပ်ပြုလျက်, စုဝေးလိုက်ပါ,ကိုယ်မှာယှက်ထွေး, ညစ်အကြေးကို, ဖြည်းနှေးသေချာ, ထုတ်လွှင့်ရာ၏။

## ၃–တိဿတ္ထေရဝတ္ထု

၂၄၀။ အယသာဝ မလံ သမုဋ္ဌိတံ , တတုဋ္ဌာယ တမေဝ ခါဒတိ၊
ဧဝံ အတိဓောနစာရိနံ , သာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။

**အနက်** အယသာဝ–ဓားလှံစသား, လက်နက်များကို, ကြိုးစားပြုစု, ပန်းပဲမှုဝယ်, သုံးပြုကြပါ, သံမှသာလျှင်၊ သမုဋ္ဌိတံ–လေ ရေစိုဓာတ်, တွေ့ထိဟပ်ကာ, ဖြစ်ပေါ်လာသော၊ မလံ–လူအများက, ခေါ်ကြသံချေး, ညစ်အကြေးသည်၊ တတော–မိမိဖြစ်ရာ, ထိုသံမှသာလျှင်၊ ဥဋ္ဌာယ–ဖြည်းဖြည်းကြွရွ, ဖောင်းပွလျက်သာ, ပေါ်တက်လာ၍၊ တမေဝ–မိမိပေါ်တက်လာရာ, ထိုသံကိုသာလျှင်၊ ခါဒတိယထာ–ခြေနေဆိုးဝါး, ပျက်စီးသွားအောင်, ခဲစားထားဘိသကဲ့သို့၊ ဧဝံ–ပမာနှိုင်းယှူ, ဤအတူသာလျှင်၊ အတိဓောနစာရိနံ–ပစ္စည်းလေးပါး, သုံးစားသည့်ခါ, ပညာမယှဉ်, မဆင်ခြင်ဘဲ, ယူငင်သုံးဆောင်လေ့ရှိသော ရှင်ရဟန်းကို၊ သာနိကမ္မာနိ–ကိုယ်သာပြုမှု, ပည်သူမဆိုင်,ကိုယ်ပိုင်ဥစ္စာဖြစ်သော ကံတို့သည်၊ ဒုဂ္ဂတိံ–မကောင်းလှပါ, လားရောက်ရာဟု, ချမ်းသာကင်းပ, ပါယ်လေးဝသို့၊ နယန္တိ–မရောက် ရောက်အောင်, ပို့ဆောင်ကြကုန်၏။

---

[ကမ္မ+အာရ] အယောကမ္မ လောဟကမ္မာဒိနာ ကမ္မေန ဇီဝတိ ရဟတိ ဝဒ္ဓိံ ဝိရုဠှိံ အာပဇ္ဇတီတိ–ကမ္မာရော၊ အပ–၅–၂၊ ၁၁၆။

**ရဇတ=** [ √ရဇ+အတ] နိဂ္ဂဟီတလောပေါ၊ ရဥ္ဇန္တိ ဧတ္ထာတိ–ရဇတံ=သဈွ၊ ငွေ၊ မောဂ်–၇၊ ၇၉။ ရွှေစစ်။

**နိဒ္ဓမေ=** [နိ √ဓမ+အ+ဧယျ] မှုတ်ထုတ်ရာ၏။ မှုတ်လွှင့်ပယ်ဖျက်ရာ၏။

### ၂၄၀–ပဒဝိဘာဂ

**အယသာ=** [ √ဣ+အ] အယတိ နာနာကမ္မာရကိစ္စေသု ဥပယောဂံ ဂစ္ဆတီတိ–အယော၊ နီတိ–ဓာ၊ ၁၄၀။ သံ၊ သံသတ္တု၊ (ဇ–ဓာတ်, အယ–ဓာတ်လည်း ဖြစ်သင့်၏။)

**သမုဋ္ဌိတံ=** [သံ+ဥ √ဌာ+တ] ဌာ–၏ အာ–ကို ဣ–ပြု၊ ရူ၊ ၆၂၀။ သမုဋ္ဌာသီတိ–သမုဋ္ဌိတံ၊ ဖြစ်ပေါ်လာသော၊ ထွက်ပေါ်လာသော။

**မြန်မာပြန်** သံမှဖြစ်ပေါ်လာသော သံချေးသည် သံမှပင် ကြွရွပေါ်တက်လာကာ သံကိုပင် စားပစ်ဘိသကဲ့သို့ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ ပစ္စည်းလေးပါးကို သုံးဆောင် စားသောက်နေသော ရှင်ရဟန်းကို ကိုယ့်ဥစ္စာဖြစ်သော ကံများက အပါယ် လေးပါးသို့ ပို့ဆောင်ကြကုန်၏။

**လင်္ကာ** သံမှဖြစ်ပွား, သံချေးများသည်, ဖြစ်ပွားမှီရာ, သံကိုသာလျှင်, ပြန်ကာ စားသို့, ကြိုးစားပမ်းစား, လူယုတ်များတို့, ပြုထားထိုထို, အကုသိုလ်လည်း, သူ့ကိုပြုလုပ်, သူယုတ်ကိုပင်, ပါယ်လေးခွင်သို့, ယှုငင်မသွေ, ပို့ဆောင်လေ၏။

## ၄–လာလုဒါယိတ္ထေရဝတ္ထု

၂၄၁။ အသဇ္ဈာယမလာ မန္တာ , အနုဋ္ဌာနမလာ ဃရာ၊
မလံ ဝဏ္ဏဿ ကောသဇ္ဇံ , ပမာဒေါ ရက္ခတော မလံ။

**အနက်** မန္တာ–သင်ယူကျက်ထား, ပိဋကတ်ဗေဒင်များတို့သည်၊ အသဇ္ဈာယမလာ–လေ့ကျက်ထပ်မံ,မအံကြခြင်း, မပြန်ခြင်းဟူသော အညစ်အကြေးရှိကုန်၏၊ ဃရာ–ကျောက် အုတ် သစ် ဝါး, ဆောက်အုံများဖြင့်, လုပ်ထားရိပ်ငြိမ်, နေရာအိမ်တို့သည်၊ အနုဋ္ဌာနမလာ–အိမ်မှာခိုဝင်, အိမ်ပိုင်ရှင်တို့, ပြုပြင်ရန်ပျင်း, ထကြွလုံ့လမရှိခြင်းလျှင် အပြစ်ရှိကုန်၏၊ ကောသဇ္ဇံ–ကိုယ်ကိုသုတ်သင်, ပြုပြင်မှုကင်း,ပျင်းရိခြင်းသည်၊ ဝဏ္ဏဿ–နဂိုပြောင်ဝင်း, ကိုယ်အဆင်း၏၊ မလံ–နံလည်းနံစော်, မြင်မတော်အောင်, ကြေးညှော် ယှက်ထွေး, အညစ်အကြေးမည်၏၊ ပမာဒေါ–သတိလွတ်ကင်း, မေ့လျော့ခြင်းသည်၊

---

**ဥဋ္ဌာယ=** [ဥ √ဌာ+တွာ] ထ၍၊ ထထကြွကြွပြုလုပ်၍၊ ကြိုးစားအားထုတ်၍၊ တက်၍။

**ခါဒတိ=** [ √ခါဒ+အ+တိ] ခဲ၏၊ စား၏၊ ဖျက်ဆီး၏။

**အတိဓောနစာရိနံ=** [အတိ+ဓောနာ √စရ+ဏီ] ဓောနံ အတိက္ကမိတွာ စရတိ သီလေနာတိ–အတိဓောနစာရီ၊ ပစ္စည်းလေးပါးကို ဆင်ခြင်သောပညာကို လွန်၍ကျင့်လေ့ရှိသော၊ ပစ္စည်းလေးပါးကို ပညာဖြင့် မဆင်ခြင်ဘဲ သုံးဆောင်လေ့ရှိသော(သူ။)

**ဓောနာ=** [ √ဓူ+ယု+အာ] အဝိဇ္ဇာဒိကေ သံကိလေသဓမ္မေ တဒင်္ဂါဒိဝသေန ဓုနာတီတိ–ဓောနာ= ပညာ။ နေတ္တိ–ဋီ၊ ၁၃၀။ အဟိတေ ဓမ္မေ ဓုနာတီတိ–ဓောနာ=ပညာ။ အကုသိုလ်တရား တို့ကို ခါတွက်–ဖျက်ဆီး–တုန်လှုပ်စေတတ်သောပညာ။ ပစ္စည်းလေးပါးတို့ကို ဆင်ခြင် တတ်သောပညာ။ ဓူ=(ဘူ+သွာ+ကိ+စ) ကမ္ပနေ–တုန်လှုပ်ခြင်း၌၊ (ဓဝတိ၊ ဓုဝတိ၊ ဓူဏောတိ၊ ဓူနောတိ ဝါ(နငယ်ပြန်၊) ဓုနာတိ၊ ဓာဝေတိ၊ ဓာဝယတိ။)

### ၂၄၁–ပဒဝိဘာဂ

**အသဇ္ဈာယမလာ=** [အသဇ္ဈာယ+မလ] အသဇ္ဈာယသင်္ခါတံ မလံ ဧတေသန္တိ–အသဇ္ဈာယ မလာ၊ မရွတ်ဖတ်ခြင်း, မပြန်မအံခြင်း–ဟူသော အညစ်အကြေးရှိကုန်သော။

**အသဇ္ဈာယ=** [န+သဇ္ဈာယ] န သဇ္ဈာယော–အသဇ္ဈာယော၊ မရွတ်ဖတ်ခြင်း၊ မပြန်မအံခြင်း။

ရက္ခတော-ကိုယ့်ကိုအပ်ထား, ပစ္စည်းများတို့, ပျောက်မသွားရန်, တာဝန်ခံယူ, စောင့်ရှောက်နေသူ၏၊ မလံ-သူ့ပစ္စည်းများ, ပျောက်ပျက်သွားက, အစားလျော်ရ, ထောင်တန်းကျခြင်း, လွန်မင်းကြီးလေး, အညစ် အကြေးမည်၏။ [တစ်နည်း= ပမာဒေါ-သတိလွတ်ကင်း, မေ့လျော့ခြင်းသည်၊ ရက္ခတော-တံခါးခြောက်ပေါက်, ဒွါရခြောက်ကို, စောင့်ရှောက်လျက်သာ, နေရပါသော ရဟန်း၏၊ မလံ-ကိလေသာများ, လွှမ်းဖိသွားက, ပျက်ပြားသီလ, လူထွက်ရရန်, အညစ်အကြေး မှန်လှပါပေ၏။]

**မြန်မာပြန်** သင်ယူထားသော စာပေကျမ်းဂန် မန္တန်တို့သည် မအံမပြန်လျှင် မေ့ပျောက်လွင့်စင် ညစ်ကြေးတင်၏၊ အိမ်,အဆောက်အအုံ တို့သည် နေထိုင်သူတို့က ထကြွပြုပြင် မသုတ်သင်လျှင် ပျက်စီးဆောလျင် ညစ်ကြေးတင်၏၊ အသုတ် အသင်မရှိ ပျင်းရိခြင်းသည် နဂိုပြောင်ဝင်း ကိုယ်အဆင်း၏ ကြေးညှော်များဖြင့် ညစ်ကြေး တင်၏၊ မေ့လျော့ပေါ့ဆခြင်းသည် စောင့်ရှောက်နေရသူ ၏ အပြစ်များဖြင့် ညစ်ကြေး တင်၏။

**လင်္ကာ** အတတ်ပညာ, ဟူသည်မှာကား, ပြန်လေ့လာမှု, ရွတ်အံမှုကို, မပြုကလျှင်, ညစ်ကြေးတင်၏၊ လူရှင်နေရာ, ဆောက်အုံမှာလည်း, နေလာသူက, လုံ့လချို့ယွင်း, ပြုပြင်ကင်းလျှင်, ညစ်ကြေးတင်၏၊ လူရှင်တစ်သင်း, ကိုယ်အဆင်းလည်း, သန့်ရှင်းမမူ, အပျင်းထူလျှင်, ညစ်ကြေးတင်၏၊ လူရှင်ခပင်း, စောင့်ရှောက်ခြင်းကား, သတိကင်းကွာ, မေ့လျော့ပါလျှင်, ညစ်ကြေးတင်၏။

---

**သဇ္ဈာယ=** [သံ √ဈေ+အ] နိဂ္ဂဟိတ်ကို ဇ-ပြု၊ သဇ္ဈာယနံ-သဇ္ဈာယော၊ ရွတ်ဖတ်ခြင်း၊ ပြန်ခြင်း၊ အံခြင်း၊ သံပုဗ္ဗော ဈေ=(ဘူ) အဇ္ဈယနေ-သရဇ္ဈာယ်ခြင်း၌၊ (သဇ္ဈာယတိ။)
　[သု+အဓိ √ဣ+ဏ] သဇ္ဈယနံ-သဇ္ဈာယော။

**မန္တာ=** [ √မန္တ+ဏ] နီတိ-ဓာ၊ ၃၀၈။ မန္တ=(စု) ဂုတ္တဘာသနေ-လျှို့ဝှက်တိုင်ပင်ခြင်း၌၊ (မန္တေတိ၊ မန္တယတိ။)
　[ √မုန+တ] မုနာတိ ဇာနာတိ ဧမွံ အနေနာတိ-မန္တော၊ တော၊ ဥဿ အ၊ ဓာန်-ဋီ၊ ၁၀၈။ ဗေဒင်၊ ဗေဒင်ကျမ်း၊ လျှို့ဝှက်တိုင်ပင်ခြင်း၊ မန္တန်၊ မန္တရား။ ပု+န ။

**အနုဋ္ဌာနမလာ=** [အနုဋ္ဌာန+မလ] အနုဋ္ဌာနမေဝ မလံ ဧတေသန္တိ-အနုဋ္ဌာနမလာ။ ထကြွလုံ့လဝီရိယမရှိခြင်းလျှင် အညစ်အကြေးရှိကုန်သော၊ လုံ့လမပြုခြင်းဟူသော အညစ်အကြေးရှိကုန်သော၊ ထကြွလုံ့လဖြင့် မသုတ်သင်ခြင်းဟူသော အညစ်အကြေးရှိကုန်သော။

**အနုဋ္ဌာန=** [န+ဥဋ္ဌာန] န ဥဋ္ဌာနံ-အနုဋ္ဌာနံ၊ ထကြွလုံ့လမပြုခြင်း။

**ကောသဇ္ဇ=** [ကုသီဒ+ဏျ] ကုသီဒဿ ဘာဝေါ-ကောသဇ္ဇံ၊ တေသုဝုဒ္ဓိတိအာဒိနာ ဤကာရဿ အကာရော၊ ရူ၊ ၃၈၇။
　[ကုသီတ+ဏျ] ကုသီတဿ ဘာဝေါ-ကောသဇ္ဇံ၊ မောဂ်-၄၊ ၁၂၇။ ပျင်းရိသူ၏အဖြစ်၊ ပျင်းရိခြင်း၊ တွန့်တိုဆုတ်နစ်ခြင်း။ (ထိနမိဒ္ဓပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်။)

**ရက္ခတော=** [ √ရက္ခ+အ+အန္တ] ရက္ခတီတိ-ရက္ခန္တော၊ စောင့်ရှောက်သော၊ သိမ်းဆည်းသော၊ ထိန်းသိမ်းသော။

## ၅-အညတရကုလပုတ္တဝတ္ထု

၂၄၂။ မလိတ္ထိယာ ဒုစ္စရိတံ , မစ္ဆေရံ ဒဒတော မလံ၊
မလာ ဝေ ပါပကာ ဓမ္မာ , အသ္မိံ လောကေ ပရမှိ စ။

၂၄၃။ တတော မလာ မလတရံ , အဝိဇ္ဇာ ပရမံ မလံ၊
ဧတံ မလံ ပဟန္တွာန , နိမ္မလာ ဟောထ ဘိက္ခဝေါ။

(အနက်) ဒုစ္စရိတံ-လင်မှတစ်ပါး, ယောက်ျားများနှင့်, ဖောက်ပြားလေလွင့်, မကောင်းသော အကျင့်သည်၊ ဣတ္ထိယာ-ကြင်နာလုပ်ကျွေး, သက်ပေးချစ်ခင်, ကာမပိုင်လင်ရှိသောမိန်းမ၏၊ မလံ-လင်ကစွန့်ပစ်, မချစ်ဆွေမျိုး, ခိုကိုးကင်းဝေး, အညစ်အကြေးမည်၏၊ မစ္ဆေရံ-ကုန်မှာ ကြောက်ရွံ့, မပေးစွန့်လို, ဝန်တိုစေးနှဲခြင်းသည်၊ ဒဒတော-စွန့်ကြဲပေးကမ်း, လှူဒါန်းလိုသူ၏၊ မလံ-လူနတ်နိဗ္ဗာန်, သုံးတန်ချမ်းသာ, ရရာကင်းဝေး, အညစ်အကြေးမည်၏၊ ပါပကာ-မိမိဖြစ်ရာ, သတ္တဝါကို, အပါယ်လေးရွာသို့ ရောက်စေတတ်ကုန်သော၊ ဓမ္မာ-မကောင်းဆိုးဝါး, အကုသိုလ်တရားတို့သည်၊ အသ္မိံ လောကေ စ-မျက်မှောက်ကြုံရ, ဤလောက၌လည်းကောင်း၊ ပရမှိ စ-တွေ့မြင်မလွယ်, နောင်ဝယ်ကြုံရ, တစ်ပါးသောလောက၌လည်းကောင်း၊ ဝေ-စင်စစ်ကေန်, အမှန်အားဖြင့်၊ မလာ-ခုရော နောင်ပါ, ချမ်းသာကင်းဝေး, အညစ်အကြေးတို့ မည်ကုန်၏။

---

### ၂၄၂, ၂၄၃-ပဒဝိဘာဂ

**ဣတ္ထိယာ**= [ √ဣသ+ထိ ] ဣစ္ဆတိ ဣစ္ဆီယတီတိ ဝါ-ဣတ္ထီ=နာရီ၊ မောဂ်-၇၊ ၉၄။ မိန်းမ၊ ဣသ=(ဘူ) ဣစ္ဆာယံ၊ လိုချင်ခြင်း၌၊ ဂတိ ပရိယေသနေသုစ-သွားခြင်း, ရှာမှီးခြင်းတို့၌လည်း၊ (ဧသတိ၊ ဣစ္ဆတိ။)

[ √ဣသု+တ+ဤ ] ဣသု-ဣစ္ဆာယံ, တော, နဒါဒိ။ ဓာန်-ဋီ၊ ၂၃၀။ နရေ ဣစ္ဆတိ ဣစ္ဆာပေတီတိ ဝါ-ဣတ္ထီ၊ နီတိ-ဓာ၊ ၆၉။

[ √ထေ+အ+ဤ ] ဂဗ္ဘော ထီယတိ ဧတိဿန္တိ-ထီ ဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် ဣနှင့်တ-လာ၍ ဣတ္ထီ-ဟု ပြီးသည်။ နီတိ-ဓာ၊ ၆၈, ၆၉။ ထေ=(ဘူ) သဒ္ဒသံဃာတေသု-အသံပြုခြင်း၊ ပေါင်းစုခြင်းတို့၌၊ (ထာယတိ၊ ထီယတိ။)

**မစ္ဆေရံ**= [ √မသု+ကွိ ] သု-ကို ဆ္ဆေရ-ပြု၊ ရူ၊ ၆၅၄။ အတ္တသမ္ပတ္တိံ မစ္ဆေရတိ နိဂူဟတီတိ-မစ္ဆေရော၊ သူစိ။ မသု=(ဘူ) မစ္ဆေရေ-ကိုယ့်ဥစ္စာကို ဝန်တိုခြင်း၌၊ (မစ္ဆရတိ။)

[ √မသ+ဆေရ ] မသ-အာမသနေ၊ တဏှာယ ပရာမသနံ-မစ္ဆေရံ= သကသမ္ပတ္တိဂုဟနံ။ မောဂ်-၇၊ ၁၅၇။

[ √မသု+ဆ္ဆေရ ] ဓာန်-ဋီ၊ ၁၆၈။ မစ္ဆရတီတိ-မစ္ဆရော, မစ္ဆေရော၊ ဓာတွတ္ထ။

[ √မသု+ဏ ] မသုဣစ္စေတဿ ပါဋိပဒိကဿ သုဿ ဏာမှိ ဆ္ဆေရ စ္ဆရာ၊ မသု မစ္ဆေရေတိပိ ဓာတု။ ဓာန်-ဋီ၊ ၁၆၈။ ဝန်တိုခြင်း၊ ကိုယ့်စည်းစိမ်ကို လျှို့ဝှက်ခြင်း၊ နှမြောစေးနှဲခြင်း။

တတော မလာ-ဆိုထားရှေးရှေး, ထိုညစ်အကြေးထက်၊ မလတရံ-ပိုလွန်ယုက်မြေး, ညစ်အကြေးကို၊ (ကထေမိ-သိသာထင်ရှား, ငါဟောကြားအံ့၊) အဝိဇ္ဇာ-ရှစ်ပါးဝတ္ထု, သိမှုမရာ, အဝိဇ္ဇာသည်၊ ပရမံ မလံ-ဆိုးဝါးယုက်မြေး, လွန်ကဲသော အညစ်အကြေးမည်၏၊ ဘိက္ခဝေါ-သံသရာဘေး, တွေ့မည့်ရေးကို, မျှော်တွေးရှုတတ်, အို..... တရားနာ ပရိသတ်တို့ !၊ တုမှေ-အမြတ်တရား, နာကြားမှတ်ယူ, သင်ရဟန်းရှင်လူတို့သည်၊ ဧတံ မလံ-ဆိုးဝါးကြီးလေး, ဤအဝိဇ္ဇာဟူသော အညစ်အကြေးကို၊ ပဟန္တွာန-မဂ်ဖြင့်သတ်ကာ, ပယ်စွန့်ခွာ၍၊ နိမ္မလာ-ညစ်ကြေးမထူ,သန့်စင်သူတို့သည်၊ ဟောထ-မလွဲမသုန်, ဖြစ်ကြ ပါကုန်လော။

**မြန်မာပြန်** လင်ကိုကျော်လွှား အခြားယောကျ်ားများနှင့် ဖောက်ပြားသောအကျင့်သည် လင်ရှိမိန်းမ၏ အညစ်အကြေးမည်၏၊ ဝန်တိုစေးနဲခြင်းသည် ပေးကမ်း လှူဒါန်းလိုသူ၏ အညစ်အကြေးမည်၏၊ ယုတ်ညံ့ဆိုးဝါး အကုသိုလ်တရားတို့သည် ဤဘဝ မှာရော နောင်ဘဝမှာပါ အစစ်အမှန် အညစ်အကြေးတို့ မည်ကုန်၏။

ဤအညစ်အကြေးများထက် သာလွန်ဆိုးဝါးသော အညစ်အကြေးတစ်မျိုးကို ပြောရ မည်ဆိုပါလျှင် အမှန်တရားကို မသိနားမလည်မှု(အဝိဇ္ဇာ)သည် အလွန်ဆိုးဝါးသော အညစ်အကြေးပေတည်း၊ သံသရာဘေးကို ရှုမြင်တတ်သူ အို..... ရဟန်းရှင်လူတို့ !၊ သင်တို့သည် ဤအဝိဇ္ဇာအညစ်အကြေးကို ပယ်စွန့်၍ ညစ်ကြေးမတင် သန့်စင်သူတို့သာ ဖြစ်ကြပါလော။

**လင်္ကာ** လင်မှတစ်ပါး, ယောကျ်ားများနှင့်, ကျူးလွန်ကျင့်က, မိန်းမတို့တွင်, ညစ်ကြေး တင်၏၊ ကြည်လင်နဂို, ပေးလှူလိုလည်း, ဝန်တိုမှုသာ, ဖြစ်ပွားလာမူ, အလှူ ရှင်တွင်, ညစ်ကြေးတင်၏၊ ပုပင်ရကြောင်း, မကောင်းအမှု, အစုစုကား, ယခုဘဝ, နောက်ဘဝတွင်, ညစ်ကြေးတင်၏။

---

**ဒဒတော=** [ √ဒါ+အ+အန္တ ] ဒေတီတိ-ဒဒန္တော၊ ပေးလှူသော၊ ပူဇော်စွန့်ကြဲသော၊ ချီးမြှောက် ထောက်ပံ့သော။

**မလတရံ=** [မလ+တရ] သဗ္ဗေသံ အတိသယေန မလံ-မလတရံ၊ လွန်ကဲသော အညစ်အကြေး။

**ပဟန္တွာန=** [ပ √ဟန+တွာန] ပယ်သတ်၍၊ စွန့်ခွာ၍။

**ဘိက္ခဝေါ=** [ √ဘိက္ခ+ရူ] ဘိက္ခ-ယာစနေ ဘိက္ခိတုံ သီလံ ယဿာတိ ဝါ, အဘိက္ခိ ဘိက္ခတိ ဘိက္ခိဿတိ သီလေနာတိ ဝါ, ဘိက္ခနဓမ္မော ဝါ, ဘိက္ခနေ သာဓုကာရီတိ ဝါ-ဘိက္ခု၊ ကွစိဓာတူတိအာဒိနာ ရဿတ္တံ။

[ဘယ √ဣက္ခ+ရူ] ဣက္ခ-ဒဿနေ၊ သံသာရေ ဘယံ ဣက္ခတီတိပိ-ဘိက္ခု၊ ယ-ကို သုတ်ကြီးဖြင့် ချေ။ ရူ၊ ၅၆၃။ ရဟန်း၊ သံသရာဘေးကို ရှုလေ့ရှိသူ။

ရှေးတွင်ပြထား, ညစ်ကြေးများထက်, ဆိုးဝါးလွန်စွာ, ညစ်ကြေးမှာကား, မှန်စွာ သိခြင်း, မရှိကင်းကွာ, အဝိဇ္ဇာတည်း၊ နာယူတရား, ရှင်လူများတို့, ဆိုးဝါးလွန်စွာ, အဝိဇ္ဇာဟု, ညစ်ကြေးထုကို, လေးခုကြီးကျယ်, မဂ်ဖြင့်ပယ်၍, စင်ကြယ်သူသာ, ဖြစ်ကြ ပါလော။

## ၆–စူဠသာရိဝတ္ထု

၂၄၄။ သုဇီဝံ အဟိရိကေန , ကာကသူရေန ဓံသိနာ၊
ပက္ခန္ဒိနာ ပဂဗ္ဘေန , သံကိလိဋ္ဌေန ဇီဝိတံ။

၂၄၅။ ဟိရိမတာ စ ဒုဇ္ဇီဝံ , နိစ္စံ သုစိဂဝေသိနာ၊
အလီနေနာပ္ပဂဗ္ဘေန , သုဒ္ဓါဇီဝေန ပဿတာ။

**အနက်** အဟိရိကေန–အနေသန, စသည်အမှု, ပြုလုပ်ထပ်ထပ်, မရှက်တတ်သော ရဟန်းသည်၊ ကာကသူရေန–ကျီးရဲမယွင်း, ရဲတင်းသဖြင့်လည်းကောင်း၊ ဓံသိနာ– သူ့ဂုဏ်စကား, ပြောသံကြားက, နားအလွန်ငြီး, ဖျက်ဆီးလေ့ရှိသဖြင့်လည်းကောင်း၊ ပက္ခန္ဒိနာ–သူများလုပ်ထား, အလုပ်များကို, လုပ်ထားကိုယ်ပင်, ပြေးဝင်ပြလေ့ရှိသဖြင့် လည်းကောင်း၊ ပဂဗ္ဘေန–ကိုယ်မှု နှုတ်မှု, စိတ်အမှုတို့, မနုဟော့ရမ်း, ကြမ်းတမ်းသဖြင့် လည်းကောင်း၊ သံကိလိဋ္ဌေန–မကောင်းစုံပွမ်း, ညစ်နွမ်းသည်ဖြစ်၍၊ ဇီဝိတံ–ယုတ်မာ ညံ့ဖျင်း, မကောင်းသော အသက်မွေးခြင်းကို၊ ဝါ–ယုတ်မာညံ့ဖျင်း, မကောင်းသော အသက် မွေးခြင်းဖြင့်၊ (ဇီဝန္တေန–ခန္ဓာတည်ရေး, အသက်မွေးလျက်၊) သုဇီဝံ–သက်သောင့်သက်သာ, လွယ်ကူစွာပင်, မပါအပူ, အသက်မွေးလွယ်ကူလှပါပေ၏။

---

## ၂၄၄, ၂၄၅–ပဒဝိဘာဂ

**သုဇီဝံ**= [သု √ဇီဝ+ခ] သုခေန ဇီဝိယတေတိ–သုဇီဝံ၊ ချမ်းသာလွယ်ကူစွာ အသက်မွေး အပ်သော၊ အသက်မွေးလွယ်ကူသော။ န ။

**အဟိရိကေန**= [န √ဟိရီ+က ] ဤ– ကေဿရဓာတ်ရင်းဖြစ်၍ ဓာတွန်မကျေ၊ န ဟိရီယတိ န လဇ္ဇတီတိ–အဟိရိကော၊ မကောင်းမှုမှ မရှက်တတ်သော၊ (စက်ဆုပ်အပ်သော ကာယ ဒုစရိုက်–စသည်ကို) မစက်ဆုပ်သော၊ (ရှက်အပ်သော ကာယဒုစရိုက်–စသည်ကို ) မရှက်သော။

**ကာကသူရေန**= [ကာက+သူရ] ကာကောဣဝ သူရော–ကာကသူရော၊ နိရုတ္တိ၊ ၂၄၄။ ကျီးကဲ့သို့ ရဲရင့်သော၊ ရဲရင့်သောကျီးနှင့်တူသော၊ ကျီးရဲနှင့်တူသော။

ကာက= [ √ကာ+က ] ကာယတိ သဒ္ဒံ ကရောတီတိ–ကာကော= ဝါယသော၊ မောဂ်–၇၊ ၁၄။ ကျီး။ ကာ=(ဘူ) သဒ္ဒေ–အသံပြုခြင်း၌၊ (ကာတိ၊ ကာယတိ။)

[ကာ √ကေ+အ ] ကာဣတိ သဒ္ဒံ ကာယတီတိ–ကာကော၊ ကေ=(ဘူ) သဒ္ဒေ–အသံ ပြုခြင်း၌၊ (ကာယတိ။)

**သူရ**= [ √သူရ+ဏ ] သူရေတီတိ–သူရော၊ ရဲရင့်သော၊ ရဲစွမ်းသတ္တိရှိသော၊ သူရ=(စု) ဝိက္ကန္တိ ယံ–ရဲဝံ့အားထုတ်ခြင်း၌၊ (သူရေတိ၊ သူရယတိ။)

ဟိရိမတာ စ-ရှက်ကြောက်ပြည့်လျှမ်း, ရှင်ရဟန်းသည်ကား၊ နိစ္စ-မပြတ်မစဲ, အမြဲ မက္ခာ၊ သုစိဂဝေသိနာ-ကာယကမ္မ, စသည်မယွင်း, စင်ကြယ်ခြင်းကို ရှာလေ့ ရှိသဖြင့် လည်းကောင်း၊ အလီနေန-သက်မွေးကျစ်လျစ်, မတွန့်တို မဆုတ်နစ်သဖြင့်လည်းကောင်း၊ အပ္ပဂဗ္ဘေန-ကိုယ်မှု နှုတ်မှု, စိတ်အမှုတို့, ယဉ်နုငြိမ်းချမ်း, မကြမ်းတမ်းသဖြင့်လည်းကောင်း၊ သုဒ္ဓါဇီဝေန-စင်ကြယ်သန့်ရှင်း, အသက်မွေးခြင်းရှိသည်ဖြစ်၍၊ ဓိဝိတံ-စင်ကြယ်သန့်ရှင်း, မိမိ၏အသက်မွေးခြင်းကို၊ ပဿတာ-သေချာစေ့ငု, အနှစ်သာရအားဖြင့်ရှုလျက်၊ ဒုဇ္ဇီဝံ-ခက်ခက်ခဲခဲ, ဆင်းရဲသဖြင့် အသက်မွေးအပ်ပါပေ၏။

**မြန်မာပြန်** အရှက်မရှိသောရဟန်းသည် ကျီးကဲ့သို့ ရဲရင့်၏၊ သူတစ်ပါး၏ဂုဏ်ကို ဖျက်ဆီးတတ်၏၊ သူများလုပ်ထားသော အလုပ်ကိုကိုယ်လုပ်ထားသယောင် ဟန်ဆောင်ပြတတ်၏၊ ကိုယ်နှုတ်စိတ် ကြမ်းတမ်း၏၊ ယင်းသို့ ယုတ်မာညစ်ညမ်းသော အမှုဖြင့် အသက်မွေးတတ်၏၊ ထိုရဟန်းမျိုးအတွက် အသက်မွေးရ လွယ်ကူလှပေသည်။

ရှက်တတ်ကြောက်တတ်သော ရဟန်းတစ်ပါးသည် အမြဲစင်ကြယ်မှုကို ရှာဖွေလေ့ ရှိ၏၊ တွန့်တိုဆုတ်နစ်ခြင်းမရှိ၊ ကိုယ်နှုတ်စိတ် သိမ်မွေ့၏၊ ယင်းသို့ စင်ကြယ်သန့်ရှင်းစွာ မိမိ၏ အသက်မွေးမှုကို ဆင်ခြင်ကြည့်ရှုလျက် အသက်မွေး၏၊ ထိုရဟန်းအတွက်မှာမူ အသက်မွေးခက်လှပေသည်။

---

[သု+ဥရ] သုဋ္ဌု ဥရော-သူရော၊ ဝိသဒ္ဒ ဥရော, နိန္န ဥရောတိ အတ္ထော၊ မဟာနိ- ဠ၊ ၂၄၉။

**ဓံသိနာ=** [ √ဓံသ+ဏီ] ပရေသံ ဂုဏံ ဓံသယတိ သီလေနာတိ-ဓံသီ၊ (ဂုဏ်ကျေးဇူးကို) ဖျက်ဆီးလေ့ရှိသောဖျက်ဆီးတတ်သော၊ ဓံသ=(စု) ဝိဒ္ဓံသနေ-ဖျက်ဆီး၌၊ (ဓံသေတိ၊ ဓံသယတိ။)

**ပက္ခန္ဒိနာ=** [ပ √ခဒိ+ဏီ] ပက္ခန္ဒတိ သီလေနာတိ-ပက္ခန္ဒီ၊ ပြေးဝင်သော၊ ဝင်ရောက်သော၊ အတွင်းသို့ ဝင်ရောက်နိုကပ်နေသော။ ခဒိ=(ဘူ) ပက္ခန္ဒဥဒ္ဒါရေသု-ကောင်းကင်သို့ပျံခြင်း၊ ထုတ်ဆောင်ခြင်းတို့၌၊ (ခန္ဒတိ။)

**ပဂဗ္ဘေန=** [ပ √ဂဗ္ဘ+အ] ကာယာဒီဟိ ပဂဗ္ဘတီတိ-ပဂဗ္ဘော၊ ကိုယ်နှုတ်စိတ်တို့ဖြင့် ခက်ထန် ကြမ်းတမ်းသော၊ ရိုင်းပြသော။

**သံကိလိဋ္ဌေန=** [သံ √ကိလိသ+တ] သံကိလိဿတီတိ-သံကိလိဋ္ဌော၊ နှိပ်စက်အပ်သော၊ ညစ်ညူးသော၊ ညစ်နွမ်းသော။ ကိလိသ=(ဘူ+ကီ) ဗာဓနေ-နှိပ်စက်တားမြစ်ခြင်း၌၊ (ကိလိသတိ၊ ကိလိဿတိ။)

**ဟိရိမတာ=** [ဟိရီ+မန္တု] ဟိရီ အဿ အတ္ထီတိ-ဟိရိမန္တော၊ အရှက်ရှိသော၊ ရှက်တတ်သော ဟိရီတရားရှိသော။

**ဒုဇ္ဇီဝံ=** [ဒု √ဇီဝ+ခ] ဒုက္ခေန ဇီဝိတဗ္ဗောတိ-ဒုဇ္ဇီဝေါ၊ ဆင်းရဲငြိုငြင်သဖြင့် အသက်မွေးအပ်သော။

(လင်္ကာ) ရှက်ကြောက်ကွာကင်း, ရဟန်းဖျင်းသည်, ရဲတင်းအမူ, ကျီးနှင့်တူ၏၊ သူ၏ဂုဏ်များ, ချေဖျက်ထား၏၊ သူများပြုစု, ထိုထိုမှုကို, ကိုယ်ပြုသယောင်, ဟန်လည်းဆောင်၏၊ မာန်ထောင်လွန်စွာ, ကြမ်းတမ်းပါ၏၊ သို့သာသော့သွမ်း, ညစ်နွမ်းပြုမူ, သက်မွေးသူမှာ, လွယ်ကူသက်မွေး, ပြစ်ကြီးလေး၏။

ရှက်တတ်ကြောက်တတ်, ရဟန်းမြတ်ကား, မပြတ်သန့်ရှင်း, အပြစ်ကင်းရှိ:, အလုပ်မျိုးသာ, ရှာနေပါ၏၊ ကောင်းရာအလုပ်, မတွန့်ဆုတ်တည်း၊ ကြမ်းကြုတ်ကင်းကွာ, သိမ်မွေ့ပါ၏၊ သို့သာသန့်ရှင်း, သက်မွေးခြင်းဖြင့်, သင့်မသင့်ပင်, ဆင်ခြင်နိစ္စ, သက်မွေးကလျှင်, ခက်လှသက်မွေး, ကောင်းကျိုးပေး၏။

## ၇–ပဉ္စဥပါသကဝတ္ထု

၂၄၆။ ယော ပါဏမတိပါတေတိ , မုသာဝါဒဉ္စ ဘာသတိ၊
လောကေ အဒိန္နမာဒိယတိ , ပရဒါရဉ္စ ဂစ္ဆတိ။

၂၄၇။ သုရာမေရယပါနဉ္စ , ယော နရော အနုယုဉ္ဇတိ၊
ဣဓေဝ မေသော လောကသ္မိံ , မူလံ ခဏတိ အတ္တနော။

၂၄၈။ ဧဝံ ဘော ပုရိသ ဇာနာဟိ , ပါပဓမ္မာ အသညတာ၊
မာ တံ လောဘော အဓမ္မော စ , စိရံ ဒုက္ခာယ ရန္ဓယုံ။

---

**သုစိဂဝေသိနာ**= [သုစိ √ဂဝေသ+ဏီ] သုစိံ ဂဝေသတိ သီလေနာတိ–သုစိဂဝေသီ၊ စင်ကြယ်သော ကာယကံ–စသည်တို့ကို ရှာဖွေလေ့ရှိသော၊–ရှာဖွေနေသော။

**အလီနေန**= [န+လီန] န လီနော–အလီနော၊ မတွန့်တိုမဆုတ်နစ်သော၊ (အသက်မွေးခြင်းကို) မကပ်ငြိသော။

**လီန**= [ √လီ+တ] လီယတီတိ–လီနော၊ ရူ၊ ၆၃၁။ တွန့်တိုဆုတ်နစ်သော၊ (အသက်မွေးခြင်း၌) ကပ်ငြိသော၊ လီ=(ကီ+ဒိ) သိလေသနေ–ကပ်ရောက်ခြင်း၌၊ (လီနာတိ၊ လီယတိ။)

**အပ္ပဂဗ္ဘေန**= [န+ပဂဗ္ဘ] န ပဂဗ္ဘော–အပ္ပဂဗ္ဘော၊ မကြမ်းတမ်းသော၊ မရိုင်းစိုင်းသော။

**သုဒ္ဓါဇီဝေန**= [သုဒ္ဓ+အာဇီဝ] သုဒ္ဓေါ အာဇီဝေါ ယဿာတိ–သုဒ္ဓါဇီဝေါ၊ စင်ကြယ်သော အသက်မွေးမှုရှိသော၊ စင်ကြယ်သော အသက်မွေးဝမ်းကျောင်းရှိသော။

**အာဇီဝ**= [အာ √ဇီဝ+အ] အာဇီဝန်–အာဇီဝေါ၊ အာဇီဝတိ ဧတေနာတိ ဝါ–အာဇီဝေါ၊ သုစိ။ အသက်မွေးခြင်း၊ အသက်မွေးဝမ်းကျောင်း၊ အသက်မွေးကြောင်းလုံ့လ၊ အသက်မွေးကြောင်း ပစ္စည်းလေးပါး။

## ၂၄၆, ၂၄၇, ၂၄၈–ပဒဝိဘာဂ

**အတိပါတေတိ**= [အတိ √ပတ+ဏေ+တိ] လျင်စွာကျစေ၏၊ လျင်စွာချ၏၊ သတ်၏။

**မုသာဝါဒံ**= [မုသာ+ဝါဒ] မုသာ အဘူတဝတ္ထုဿ ဝါဒေါ–မုသာဝါဒေါ၊ ကစ်္စါယန–မဟာဋီ–၃၊ ၂၇၀။

**အနက်** ယောနရော–ကျား မ မဟူ, အကြင်သူသည်၊ ပါဏံ–ရုပ်ဇီဝိတ, နာမ်ဇီဝဟု, နှစ်ဝ ပေါင်းဖက်, သူ့အသက်ကို၊ အတိပါတေတိ–သက်တမ်းရှိသမျှ, မနေရအောင်, လုံ့လပြုကာ, သတ်ဖြတ်ပါ၏၊ မုသာဝါဒဥ္စ–ချို့ယွင်းဖောက်ပြန်, မမှန်ကန်သော စကားကို လည်း၊ ဘာသတိ–သူ့ကျိုးစီးပွား, ပျက်စီးသွားအောင်, သွေးဆောင်လှည့်ပတ်, ပြောဆို တတ်၏၊ လောကေ–သဘောတူချင်း, ပေါင်းသင်းနေကြ, လူ့လောက၌၊ အဒိန္နံ–သူသိမ်း ပိုက်ထား, ကိုယ်နှုတ်များဖြင့်, ပေးထားကင်းကွာ, သူ့ဥစ္စာကို၊ အာဒိယတိ–စဉ်းလဲလှည့်ပတ်, ခိုးယူတတ်၏၊ ပရဒါရဉ္စ–မိဘလင်သား, စသူများက, စောင့်ထားမကွာ, သူတစ်ပါး၏ ဥစ္စာဖြစ်သော မိန်းမကိုလည်း၊ ဂစ္ဆတိ–ဖောက်ပြားကြည်နူး, သွားလာလွန်ကျူး၏။

ယော နရော–ကျား မ မဟူ, အကြင်သူသည်၊ သုရာမေရယပါနဉ္စ–သောက်ပြီး သောက်ချင်, များများဝင်က, လွင့်စင်ရှက်ကြောက်, သေရည်အရက်သောက်ခြင်းကိုလည်း၊ အနုယုဥ္စတိ–ကြိမ်ဖန်များစွာ, ထပ်ကာပြုလုပ်, ကြိုးစားအားထုတ်၏၊ ဧသော နရော– သီလပျက်ပြား, ကျား မ မဟူ, ဤသို့သဘောရှိသောလူသည်၊ ဣဓေဝ လောကသ္မိံ–မျက်မြင် တွေ့ကြုံ, လူပေါင်းစုံတို့, ခိုလှုံနေကြ, ဤလောက၌ပင်လျှင်၊ အတ္တနော–စိတ်လိုကိုယ်လိုက်, ရိုင်းမိုက်နေသော မိမိ၏၊ မူလံ–ရွှေငွေဝတ်စား, စီးပွားဥစ္စာ, လယ်နှင့်ယာဟု, မှီရာ စင်စစ်, အရင်းအမြစ်ကို၊ ခဏတိ–ပေါင်နှံရောင်းချ, စွန့်ရအပြီး, တူးဖြိုဖျက်ဆီးလေ တော့၏။

---

[မုသာ √ဝဒ+ဏ] မုသာဝသေန ဝဒန်–မုသာဝါဒေါ၊ ပါစိတျာဒိ–ယော၊ ၅၈၃။ မဟုတ်မမှန်ပြောဆိုခြင်း၊ မုသားပြောဆိုခြင်း၊ လိမ်လည်ပြောဆိုခြင်း၊ လိမ်လည်ပြောဆို ကြောင်းစေတနာ။

**အဒိန္နံ=** [န+ဒိန္န] သာမိကေဟိ ကာယေန ဝါ ဝါစာယ ဝါ နဒိန္နန္တိ–အဒိန္နံ၊ ဝိ–၄–၁၊ ၂၆၁။ ပိုင်ရှင်တို့က ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သောဥစ္စာ။

**ဒိန္နံ=** [ √ဒါ+တ ] အဒီယိတ္ထာတိ–ဒိန္နော၊ ရူ၊ ၆၃၁။ ပေးအပ်သော၊ စွန့်အပ်ပြီးသော၊ လှူဒါန်း အပ်သော၊ ပေးလှူကြောင်း၊ ပေးလှူခြင်း။

**အာဒိယတိ=** [အာ √ဒါ+ယ+တိ ] ယူ၏၊ နာယူ၏၊ လိုက်နာပြုကျင့်၏၊ ရိုသေလေးစား၏။

**ပရဒါရံ=** [ပရ+ဒါရ] ပရဿ ဒါရော–ပရဒါရော၊ သူတစ်ပါး၏မယား၊ ပု။

**ဒါရ=** [ √ဒရ+ဏ ] ဒါရယန္တေ ယေနာတိ–ဒါရော၊ ဓာန်–ဋီ၊ ၂၃၇။ ဒရီယန္တေ ဧတေဟီတိ– ဒါရာ၊ (ဧတေဟိ–ဤသူတို့သည်၊ ဒရီယန္တေ–ခွဲအပ်ကုန်၏၊) မောဂ်–၅၊ ၄၄။ မယား။ ကလေးသူငယ်၊ ဒါရ–သဒ္ဒါ ပုံလိင်ဗဟုဝုစ်၊ ရံခါ ဧကဝုစ်။ နီတိ–ပဒ၊ ၁၃၁။

**ဂစ္ဆတိ=** [ √ဂမု+အ+တိ ] သွား၏၊ သွားလာ၏၊ လွန်ကျူး၏၊ ကျင့်ကြံ၏၊ ဆိုက်ရောက်၏။

**သုရာမေရယပါနံ=** [သုရာမေရယ+ပါန ] သုရာမေရယဿ ပါနံ–သုရာမေရယပါနံ၊ သေရည် အရက်သောက်ခြင်း။

**သုရာမေရယ=** [ သုရာ+မေရယ ] သုရာ စ မေရယဉ္စ–သုရာမေရယံ၊ သေရည်အရက်။

ဘောပုရိသ-သီလပျက်ပြား, အို … ယောကျ်ား !၊ တွံ-စိတ်နောက်ကိုယ်ပါ, ရိုင်းမိုက်လာသော သင်သည်၊ ဧဝံ-ဤသို့၊ ဇာနာဟိ-ကျနမှတ်သား, သိထားပါလော၊ လောဘော-အရာရာကို, လိုချင်မက်မော, လောဘဟူသော သဘောသည်လည်းကောင်း၊ အဓမ္မောစ-တရားသဘော, နိုးနှောမထင်, ဆန့်ကျင်ကွဲပြား, ပြစ်မှားတတ်လှ ဒေါသဟူသော အဓမ္မသည်လည်းကောင်း၊ အသညတာ-ကိုယ်စောင့်စည်းခြင်း စသည်တို့မှ ကင်းကုန်သော၊ ဧတေ ပါပဓမ္မာ-ယုတ်မာဆိုးဝါး ဤအကုသိုလ်တရားတို့သည်၊ တွံ-စိတ်နောက်ကိုယ်ပါ, မိုက်ရိုင်းလာသောသင့်ကို၊ စိရံဒုက္ခာယ-အပါယ်လေးပါး, ဆောင်ပို့ထား၍, ရှည်လျားကာလ, ဆင်းရဲရခြင်းငှာ၊ မာ ရန္ဓယုံ-မညှာမထောက်, မမွှေနှောက် မညှဉ်းဆဲပါစေကုန်လင့်။

**မြန်မာပြန်** ဤလူ့လောကဌ် တစ်ဦးသောသူသည် သူ့အသက်ကို သတ်၏၊ မမှန်မကန် ပြောဆို၏၊ ပိုင်ရှင်မပေးသော သူ့ဥစ္စာကို ခိုးယူ၏၊ သူတစ်ပါး၏ မယားကို လွန်ကျူးပြစ်မှား၏။

သေအရက်သောက်မှုကိုလည်း အမြဲအားထုတ် ပြုလုပ်၏၊ ထိုသူသည် ဤဘဝဌ်ပင် မိမိ၏ အခြေရင်းမြစ်ကို တူးဖြိုဖျက်ဆီးနေ၏။

သီလပျက်ပြား အို ….. ယောကျ်ား !၊ ဤသို့ သိမှတ်ထားလော့၊ လောဘ ဒေါသ ဟူကုန်သော မစောင့်စည်းကြသည့် ဤအကုသိုလ်တရားတို့သည် သင့်ကို ကြာရှည်လေးမြင့် ဆင်းရဲစေခြင်းငှာ မညှဉ်းဆဲကြပါစေကုန်လင့်။

---

**သုရာ=** [ √သု+ရက်+အာ ] သု-သဝနေ၊ အနိဋ္ဌဖလ ဒါယကတ္တံ သဝတီတိ-သုရာ= မဒိရာ။ မောဂ်-၇၊ ၁၄၃။ မကောင်းကျိုးပေးတတ်သည်၏ အဖြစ်ကို ဖြစ်ပွားစေတတ်သောကြောင့် သုရာ။

[ √သု+ရ+အာ ] သု-အဘိသဝေ၊ ရော၊ သု-သဝနေ ဝါ-သုရာ။ ဓာန်-ဋီ၊ ၅၃၃။

[ √သု+ရ+အာ ] အထဝါ=[ သု √ရာ+အ+အာ ] ကောတ္ထုဘာ။ အနုဗန်များကို ချန်ထားသည်။

[ သု √ရေ+အ+အာ ] သုဋ္ဌု ရာယန္တိ ဣမာယာတိ-သုရာ၊ ကပ္ပဒ္ဒုမ။ ရေ=(ဘူ) သဒ္ဒေ-အသံပြုခြင်း၌၊ (ရာယတိ။)

[သုရ+ဏ+အာ ] သုရနာမကေန ဇနေန ဝနစရကေန ကတာတိ-သုရာ။ ပါစိတျာဒိ-ယော၊ ၁၀၁။ သေရည်၊ စိမ်ရည်။

**မေရယ=** [ မဒ+ဏယ ] မဒံ ဇနေတီတိ-မေရယံ၊ ဏယော, အဿေ, ဒဿရောစ၊ သူစိ။ အရက်။ ဓာန်-ဋီ၊ ၅၃၃-၌ ဏေယျ-ပစ္စည်းဟု ဆိုထားသည်။

**ပါန=** [ √ပါ+ယု ] ပီယတေ-ပါနံ၊ သောက်ခြင်း၊ အဖျော်ယမကာ၊ သောက်ဖွယ်အရည်။ န။

**မူလံ=** [ √မူလ+အ ] မူလတိ တိဋ္ဌတိ ဧတ္ထ, ဧတေနာတိ ဝါ-မူလံ၊ မူလယတိ ဝါ သာခါကိုရာ ဒယော ရောပေတိ ဇနေတီတိ-မူလံ၊ သစ်မြစ်၊ အဖိုး၊ အရင်း၊ ဥစ္စာ၊ မူလနက္ခတ်-စသည်၊ ဓာတွတ္ထ။ မူလ=(ဘူ) ပတိဋ္ဌာယံ-တည်ခြင်း၌၊ (မူလတိ။) (စု) ရောဟနလဝန ပဝနေသု-အကိုင်းအညောက် ပေါက်ရောက်ခြင်း၊ ဖြတ်ခြင်း၊ သုတ်သင်ခြင်း တို့၌

(လင်္ကာ) စိတ်ထားမဖြူ, တစ်ဦးလူကား, သူများနှစ်သက်, သူ့အသက်ကို, ရက်စက်မညှာ, သတ်ဖြတ်ပါ၏၊ သူ့မှာစီးပွား, ကျိုးပျက်ပြားအောင်, လွဲမှားယွင်းချွတ်, ပြောဆိုတတ်၏၊ သူမြတ်နိုးပါ, သူ့ဥစ္စာကို, ကိုယ့်ဟာပြုမူ, ခိုးလုယူ၏၊ သူအုပ်ထိန်းထား, မိန်းမသားကို, သွားလာလွန်ကျူး, အပျော်ကြူး၏။

မူးယစ်ဆေးဝါး, သောက်စားမပြတ်, ပြုလုပ်တတ်၏၊ ယွင်းချွတ်သို့သာ, ပြုလုပ်ပါမူ, ထိုသို့သူကား, သူတွေ့ကြုံရ, ခုဘဝပင်, မူလရင်းမြစ်, ဖျက်ဆီးပစ်၏။

ရင်းမြစ်ပျက်ပြား, အို····· ယောက်ျား !၊ သင်ကား သို့သာ, သိထားပါလော၊ ယုတ်မာထိုထို, အကုသိုလ်ကား, ကိုယ်နှုတ်စိတ်များ, ထိန်းမထားမူ, လျင်လျားလွယ်စွာ, ဖြစ်ပေါ်လာ၏၊ တဏှာလောဘ, ဒေါသဟူဝြား, ဤတရားက, သင့်အားရှည်ကြာ, ဆင်းရဲလာအောင်, တုပ်နှောင်မကွေ, မဖွဲ့စေနှင့်။

## ၈–တိဿဒဟရဝတ္ထု

၂၄၉။ ဒဒါတိ ဝေ ယထာ သဒ္ဓံ , ယထာ ပသာဒနံ ဇနော၊
တတ္ထ ယော စ မင်္ကု ဟောတိ , ပရေသံ ပါနဘောဇနေ၊
န သော ဒိဝါ ဝါ ရတ္တိံ ဝါ , သမာဓိမဓိဂစ္ဆတိ။

---

(မူလေတိ၊ မူလယတိ။)

**ခဏတိ**= [ √ခဏု+အ+တိ ] တူးဖြိုဖောက်ခွဲ၏၊ ဖျက်ဆီး၏၊ ခဏ+ခနု– အဝဓာရဏေ၊ မောဂ်–၇၊ ၆၄။

**ဇာနာဟိ**= [ √ဉာ+နာ+ဟိ ] သိလော့၊ မှတ်သားလော့၊ သိမှတ်လော့၊ စိစစ်ဆင်ခြင်–သိမြင်လော့။

**ပါပဓမ္မာ**= [ပါပ+ဓမ္မ] ပါပေါ စ သော ဓမ္မော စာတိ–ပါပဓမ္မော၊ ယုတ်မာသောတရား၊ ယုတ်မာသောအကျင့်၊ ပု။ ပါပေါ ဓမ္မော ယဿာတိ–ပါပဓမ္မော၊ ယုတ်မာသော အကျင့်ရှိသော၊ ယုတ်မာသောသဘောရှိသော။

**အသညတာ**= [န+သညတ] န သညတော–အသညတော၊ မစောင့်စည်းသော။

**လောဘော**= [ √လုဘ+ဏ ] လုဗ္ဘန္တိ တေန, သယံ ဝါ လုဗ္ဘတိ, လုဗ္ဘနမတ္တမေဝ ဝါ တန္တိ–လောဘော၊ လိုချင်တတ်သော၊ တပ်မက်နှစ်သက်တတ်သော၊ မက်မောတတ်သော၊ လောဘ။ လုဘ=(ဒိ) ဂိဒ္ဓိယံ–အလွန်လိုချင်မက်မောခြင်း၌၊ (လုဗ္ဘတိ။)

**အဓမ္မော**= [န+ဓမ္မ] န ဓမ္မော–အဓမ္မော၊ ဓမ္မ၏ဆန့်ကျင်ဘက်ဖြစ်သော၊ ဓမ္မမှကင်းသော (တရားသဘော၊) ဤ၌ ဒေါသကိုယူပါ။

**ရန္ဓယုံ**= [ √ရန္ဓ+ဏာယ+ဥံ ] ချက်ပြုတ်ကုန်ပြီ၊ ဖုတ်ကင်ကုန်ပြီ၊ ကြော်လှော်ကုန်ပြီ၊ နှိပ်စက်ကုန်ပြီ၊ မွှေနှောက်ကုန်ပြီ။ ရန္ဓ=(စု) ပါကေ–ချက်ခြင်း၌၊ (ရန္ဓေတိ၊ ရန္ဓယတိ။)

### ၂၄၉, ၂၅၀–ပဒဝိဘာဂ

**ဒဒါတိ**= [ √ဒါ+အ+တိ ] ပေးကမ်း၏၊ လှူဒါန်း၏၊ ပူဇော်ဆက်ကပ်၏၊ စွန့်ကြဲ၏၊ အပ်နှင်း၏။

၂၅၀။ ယဿ စေတံ သမုစ္ဆိန္နံ , မူလဃစ္စံ သမူဟတံ၊
သ ဝေ ဒိဝါ ဝါ ရတ္တိံ ဝါ , သမာဓိမဓိဂစ္ဆတိ။

(အနက်) ဇနော-လူခ ပဏ္ဍိတ, စသည်ဝတ္ထု, တစ်ခုခုဖြင့်, ရေးရှုခညောင်း, လူအ ပေါင်းသည်၊ ဝေ-စင်စစ်ကေန်, အမှန်အားဖြင့်၊ ယထာသဒ္ဓံ-ကိုယ့်မှာဖြစ်ပွား, သဒ္ဓါတရားလျော်စွာ၊ ယထာပသာဒနံ-ကိုယ်ကကြည်ညို, ထိုထို ပုဂ္ဂိုလ်အားလျော်စွာ၊ ဒဒါတိ-ရည်ရွယ်မှတ်သား, ပိုင်းခြားနားလျက်, စိတ်ထားစင်ဖြူ, ပေးစွန့်လှူ၏၊ ပရေသံ-လာရောက်ပေးလှူ, တစ်ပါးသူတို့၏၊ တတ္ထပါနဘောဇနေ-ဆက်ကပ်စီစဉ်, ထိုအဖျော် ဘောဇဉ်၌၊ ယောစ-မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်ကား၊ မင်္ကု-ငါရရှိထား, ပစ္စည်း များကား, နည်းပါးလှဘိ, ကြမ်းပါဘိဟု, တွေးမိတိုင်းမှာ, စိတ်နှလုံး မသာယာသည်၊ ဟောတိ-မလွဲမသွေ, ဖြစ်တတ်ပါပေ၏၊ သော-ယုတ်ညံ့ကိုသာ, ရရှိပါ၍, မျက်နှာ ထားညို, ထိုပုဂ္ဂိုလ်သည်၊ ဒိဝါ ဝါ-လူသူအများ, ကိုယ့်စီးပွားဖြင့်, လှုပ်ရှား သွားလာ, နေ့အခါ၌လည်းကောင်း၊ ရတ္တိံဝါ-လူသူအများ, အနားယူလျက်, အိပ်စက်ကြရာ, ညဉ့်အခါ ၌လည်းကောင်း၊ သမာဓိံ-လောကီလောကုတ္တရာ, နှစ်ဖြာသောသမာဓိကို၊ နာဓိဂစ္ဆတိ-ပစ္စည်းရရေး, ဖန်ဖန်တွေး၍, ငြိမ်းအေးမပိုင်, မရနိုင်တော့ပေ။

ယဿစ-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်ကား၊ တေံ-ပစ္စည်း နည်းများ, အလေးထား၍, စိတ်ထားငြင်ငြို, ဤအကုသိုလ်ကို၊ သမုစ္ဆိန္နံ-ခြွင်းချန်မထား, ကုန်ပျက်သွားအောင်, ကြိုးစားထပ်ထပ်, ဖြတ်တောက်အပ်ပေပြီ၊ မူလဃစ္စံ (ကတွာ)- ခြွင်းချန်မထား, အမြစ်အရင်းပါပြုတ်သွားအောင်၊ သမူဟတံ-အရဟတ္တမဂ်, ဉာဏ်လက် နက်ဖြင့်, ပယ်ဖျက်သတ်ဖြတ်, နုတ်ပစ်အပ်ပေပြီ၊ သော-ပစ္စည်းလေးပါး, အရေးထား၍, စိတ်ထားငြင်ငြို, အကုသိုလ်ကို, ဖျက်ဖြိုနှိမ်ချိုး, ထိုပုဂ္ဂိုလ်မျိုးသည်၊ ဒိဝါ ဝါ-နေမင်းအရောင်, ထွန်းပြောင်လင်းရာ, နေ့အခါ၌လည်းကောင်း၊ ရတ္တိံ ဝါ-ကာမဂုဏ်ခံစား, လူအများတို့, တပ်အားပိုရာ, ညဉ့်အခါ၌လည်းကောင်း၊ သမာဓိံ-လောကီလောကုတ္တရာ, နှစ်ဖြာသော သမာဓိကို၊ အဓိဂစ္ဆတိ-ပစ္စည်းရရန်, မရည်သန်၍, ကေန်ပိုင်ပိုင်, ရရှိနိုင်ပေ၏။

---

**ယထာသဒ္ဓံ**= [ ယထာ+သဒ္ဓါ ] သဒ္ဓါယ အနုရူပံ-ယထာသဒ္ဓံ၊ သဒ္ဓါတရားအားလျော်စွာ။ သဒ္ဓံ အနတိက္ကမိတွာ-ယထာသဒ္ဓံ၊ သဒ္ဓါရှိတိုင်း။

**ယထာပသာဒနံ**= [ယထာ+ပသာဒန] ပသာဒနဿ အနုရူပံ-ယထာပသာဒနံ၊ ကြည်ညို သည်အားလျော်စွာ၊ ပသာဒနံ အနတိက္ကမိတွာ-ယထာပသာဒနံ၊ ကြည်ညိုသည့် အတိုင်း။

**ပသာဒန**= [ပ √သဒ+ယု] ပသာဒီယတေ-ပသာဒနံ၊ ကြည်ညိုခြင်း၊ ယုံကြည်ခြင်း။

**မင်္ကု**= [ √မကိ+ဥ ] မင်္ကတိ နိတ္တေဇဘာဝံ ဂစ္ဆတိတိ-မင်္ကု၊ တန်ခိုးအရှိန်စော်မဲ့သော၊ စိတ် နှလုံး မသာယာသော၊ ကျက်သရေမရှိသော၊ မကိ=(ဘူ) ဘူသန ဂတိ စလနေသု- တန်ဆာ ဆင်ခြင်း၊ သွားခြင်း၊ တုန်လှုပ်ခြင်းတို့၌၊ (မင်္ကတိ။)

**ပါနဘောဇနေ**= [ပါန+ဘောဇန ] ပါနဉ္စ ဘောဇနဉ္စ-ပါနဘောဇနံ၊ အဖျော်ဘောဇဉ်၊ သောက်ဖွယ် စားဖွယ်။

**မြန်မာပြန်** လူအပေါင်းသည် မိမိသဒ္ဓါသည်အလျောက်, ကြည်ညိုသည်အလျောက် (ကိုယ်က ကြည်ညိုနေသောပုဂ္ဂိုလ်အား) အဖျော်ယမကာ, စားစရာတို့ကို ပေးလှူတတ်ကုန်၏၊ ယင်းသို့ သူတစ်ပါးတို့က အဖျော်ယမကာ, စားစရာကို ပေးလှူရာ၌ အရနည်း၍ စိတ်နှလုံးမသာယာသောသူသည် နေ့အခါ၌ဖြစ်စေ, ညဉ့်အခါ၌ဖြစ်စေ စိတ်၏တည်ငြိမ်မှုကို မရရှိနိုင်တော့ချေ။

ဤစိတ်နှလုံးမသာယာမှု အကုသိုလ်ကို အကြွင်းမဲ့ဖြတ်တောက်လျက် အမြစ်အရင်း မကျန်အောင် ပယ်နုတ်ပြီးသော ပုဂ္ဂိုလ်မူကား နေ့ရောညဉ့်ပါ အခါမလပ် စိတ်တည်ငြိမ်မှုကို ရရှိနိုင်ပေသည်။

**လင်္ကာ** လှူဟူသည်မှာ, ကြည်ညိုရာဝယ်, သဒ္ဓါအလျောက်, ဝမ်းမြောက်ဝမ်းသာ,လှူတတ်ပါ၏၊ သို့သာသူများ, ပေးလှူထားသည့်, များပြားထွေရာ, အဖြာဖြာဝယ်, ဤဟာနည်းဘိ, ကြမ်းတမ်းဘိဟု, မျက်စိမျက်နှာ, မသာယာမှု, ထိုသို့သူကား, နေ့မှု နေ့လျောက်, ညရောက်ညတာ, ဘယ်အခါမှ, သမာဓိမြဲတ်, မရလတ်တည်း။

ဆည်းကပ်လေးမှု, သူများလှူထား, ပစ္စည်းများဝယ်, မျက်နှာထားအို, အကုသိုလ်ကို, တူးဖြိုမြစ်ရင်း, မခြွင်းမချန်, ပယ်လှန်နုတ်ထား, ပုဂ္ဂိုလ်ကားမူ, နေ့ကားနေ့လျောက်, ညရောက်ညတာ, ခပ်သိမ်းခါဝယ်, သမာဓိမြဲတ်, ရရှိတတ်၏။

## ၉–ပဋ္ဌဥပါသကဝတ္ထု

၂၅၁။ နတ္ထိ ရာဂသမော အဂ္ဂိ , နတ္ထိ ဒေါသသမော ဂဟော၊
နတ္ထိ မောဟသမံ ဇာလံ , နတ္ထိ တဏှာသမာ နဒီ။

---

**ဒိဝါ=** [ √ဒိဝု+ဏာ ] နေ့အချိန်၌၊ ဗျ။ ကောတ္ထုဘာ။ ဒိဝါသဒ္ဒေါ–အဟေ အဟနိတျတ္ထေ။ ဓာန်–ဋီ၊ ၁၁၄၇။ ရူ–နှာ၊ ၁၃၃။ နီတိ–သုတ္တ–နှာ၊ ၃၈၁–တို့ကိုရှု။

**သမုစ္ဆိန္နံ=** [သံ+ဥ √ဆိဒိ+တ ] သမုစ္ဆိဇ္ဇိတ္ထာတိ–သမုစ္ဆိန္နံ၊ ကောင်းစွာဖြတ်အပ်ပြီးသော၊ အကြွင်းမဲ့ ဖြတ်အပ်ပြီးသော၊ ပယ်စွန့်အပ်ပြီးသော။

**မူလဃစ္စံ=** [ မူလ+ဃစ္စ ] မူလေ ဃစ္စံ, မူလဿ ဃစ္စံ ဝါ–မူလဃစ္စံ၊ အရင်း၌ဖြတ်ခြင်း၊ အရင်းကို ဖြတ်ခြင်း၊ န ။

**ဃစ္စ=** [ √ဟန+ဃ ] ဟန–ဓာတ်ကို ဃစ်–ပြု၊ ယ–ပစ္စည်းကို စ–ပြု၊ ဟနနံ, ဟညတီတိဝါ–ဃစ္စံ။ မောဂ်–၅၊ ၃၁။ ပဉ္စိကာ။ သတ်ခြင်း၊ သတ်အပ်သော။

**သမူဟတံ=** [သံ+ဥ √ဟန+တ ] သက္ကတ ဥဒ်–မှ ပါဠိ၌ ဥ–ဖြစ်လာသည်၊ ထိုကြောင့် ကျေသော ဒ်–အစား ဥ–ကို ဦ–ဒီဃပြုရသည်၊ သမူဟနိတ္ထာတိ–သမူဟတံ။ နုတ်အပ် ပြီးသော၊ ကောင်းစွာသတ်ဖြတ် ပယ်ရှားအပ်ပြီးသော၊ မဖြစ်အောင်ပြုအပ်ပြီးသော။

### ၂၅၁–ပဒဝိဘာဂ

**ဂဟော=** [ √ဂဟ+အ ] ဂဏှာတီတိ–ဂဟော၊ ဖမ်းယူတတ်သော၊ ဖမ်းစားတတ်သော၊ ဂဏှာတိ ပုရိသေန အာနီတံ ဓနန္တိ–ဂဟံ၊ အိမ်၊ ဓာန်–ဋီ၊ ၂၀၆။ ဂယှတေတိ–ဂဟော၊ ယူအပ်သော၊ သိမ်းပိုက်အပ်သော။ ဂဟနံ–ဂဟော၊ ယူခြင်း၊ ဖမ်းယူခြင်း၊ ဖမ်းစားခြင်း။

**အနက်** ရာဂသမော-နိုးလျှံမထင်, ထဲတွင်လှိုက်ပူ, ရာဂနှင့်တူသော၊ အဂ္ဂိ-ပူရှိန်အားကြီး, အခြားသောမီးသည်၊နတ္ထိ-လူ့ပြည်နတ်ရွာ, အနှံ့ရှာလည်း, ဘယ်မှာတစ်, မတွေ့ရှိနိုင်ပေ၊ ဒေါသသမော-မျက်မာန်ပြောထူ, ဒေါသနှင့်တူသော၊ ဂဟော-ခြသေ့ သစ်ကျား, သားရဲများထက်, ဆိုးဝါးဇာကန်, ခြွင်းချန်မထား, ဘဝတိုင်း ဖမ်းစားတတ်သော တရားမည်သည်၊ နတ္ထိ-လူနတ်ပြဟ္မာ, ပါယ်လေးရွာဝယ်, ဘယ်မှာတစ်, မရှိနိုင်ပါပေ၊ မောဟာသမံ-သိဖွယ်မှန်လျှင်, ဝန်းကျင်မြွေးယှက်, ကွယ်ဝှက်ပြုမူ, မောဟနှင့်တူသော၊ ဇာလံ-အတွင်းဝင်လာ, သတ္တဝါကို, မြဲစွာရစ်ပတ်, ဖွဲ့ယှက်တတ်ပြန်, ပိုက်ကွန်မည်သည်၊ နတ္ထိ-သုံးဆယ့်တစ်ဘုံ, ထက်အောက်စုံကာ, အကုန်ရှာလည်း, ဘယ်မှာတစ်, မတွေ့ရှိနိုင်ပါပေ၊ တဏှာသမော-ပြည့်ခဲလွန်စွာ,တဏှာနှင့်တူသော၊ နဒီ-အမြဲလိုနေ, လျော့နေစင်စစ်, ချောင်းမြစ်မည်သည်၊ နတ္ထိ-လူနတ်ပြဟ္မာ, ပါယ်လေးရွာဝယ်, ဘယ်မှာတစ်, မရှိနိုင်ပါပေ။

**မြန်မာပြန်** (အတွင်းမှာလှိုက်၍ လောင်တတ်ရကား ) ရာဂနှင့်တူသော မီးပူ မရှိ၊ (ဘဝတိုင်း ဖမ်းစားတတ်ရကား) ဒေါသနှင့်တူသော ဖမ်းစားတတ်သည့် သားရဲ ဘီလူးမရှိ၊ (တရားမှန်ကို ဖုံးလွှမ်းထားတတ်ရကား) မောဟနှင့်တူသော ပိုက်ကွန်မရှိ၊ (ရလေလိုလေဖြစ်၍ အလိုပြည့်ရန်, ခဲယဉ်းလှရကား) တဏှာနှင့်တူသော မြစ်မရှိ။

**လင်္ကာ** ရာဂနှင့်တူ, မီးပူမီးပွား, မရှိရှား၏၊ ပြစ်မှားတတ်လှ, ဒေါသနှင့်တူ, ဖမ်းယူတရား, မရှိရှား၏၊ မြွေးထားတတ်လှ, မောဟနှင့်တူ, ပိုက်ကွန်မူကား, မရှိရှား၏၊ ပြည့်သွားရှဲခါ, မရှိပါသည့်, တဏှာနှင့်တူ, မြစ်ဟူသည်ကား, မရှိရှား၏။

### ၁၀-မေဏ္ဍကသေဋ္ဌိဝတ္ထု

၂၅၂။ သုဒဿံ ဝဇ္ဇမညေသံ , အတ္တနော ပန ဒုဒ္ဒသံ၊
ပရေသံ ဟိ သော ဝဇ္ဇာနိ , ဩပုနာတိ ယထာ ဘုသံ၊
အတ္တနော ပန ဆာဒေတိ , ကလိံဝ ကိတဝါ သဌော။

---

**မောဟာသမံ=** [မောဟ+သမ] မောဟေန သမံ-မောဟာသမံ၊ မောဟနှင့်တူသော။
**တဏှာသမာ=** [တဏှာ+သမာ] တဏှာယ သမာ-တဏှာသမာ၊ တဏှာနှင့်တူသော။
**နဒီ=** [ √နဒ+ဤ] ကောတ္ထုဉာ။ နဒတီတိ-နဒီ၊ နဒါဒိ။ ဓာန်ဋီ၊ ၆၈၁။ မြစ်။ နဒ=(ဘူ+စု) အဗျတ္တသဒ္ဒေ-ပုဒ်ဗျည်းမထင် မပီပြင်သောအသံ၌။ (နဒတိ၊ နာဒေတိ၊ နာဒယတိ။)

### ၂၅၂-ပဒဝိဘာဂ

**သုဒဿံ=** [သု √ဒိသ+ခ] သုခေန ပဿိတဗ္ဗန္တိ-သုဒဿံ=ပရဝဇ္ဇံ၊ ရူ၊ ၆၀၄။ ချမ်းသာလွယ်ကူသဖြင့် ရှုမြင်အပ်သော၊ မြင်လွယ်သော။
**ဩပုနာတိ=** [အဝ √ပု+နာ+တိ] ပူ-ဓာတ်လည်း အသင့်ပင်ဖြစ်သည်၊ လွှင့်၏၊ ပြာ၏၊ ခါ၏၊ ပု=(ဘူ+ကီ) သောဓနေ-စင်ကြယ်စေခြင်း၌၊ (ပဝတိ၊ ပုနာတိ။)
**ဘုသံ=** [ √ဘူ+သက်] ဘူ-သတ္တာယံ၊ ဘူသေ ရသော၊ အဘာဝီတိ-ဘုသံ=တုစ္ဆခြည်၊ မောဂ်-၇၊ ၂၁၅။ ဖွဲ၊ စပါးဖျင်း။

**အနက်** ဟိ–ယသ္မာ–အကြင်ကြောင့်၊ အညေသံ–အများရှင်လူ, တစ်ပါးသူတို့၏၊ ဝဇ္ဇံ–အဏုမြူသဖွယ် သေးငယ်သောအပြစ်ကို၊ သုဒသံ–လွယ်တကူပင်, တွေ့မြင်အပ်ပေ၏၊ အတ္တနော ဝဇ္ဇံပန–ထပ်ထပ်ဖြစ်ပွား, အလွန်ကြီးမားသော ကိုယ့်အပြစ်ကိုကား၊ ဒုဒ္ဒသံ–တွေ့မြင်ဖို့ရန်, အလွန်ပင်ခဲယဉ်းလှပေ၏၊ တသ္မာ–မြင်လွယ်သူ့ပြစ်, ကိုယ့်ပြစ်မမြင်, ထို့ကြောင့်ပင်လျှင်၊ သော–သူ့ပြစ်ကိုသာမြင်, ကိုယ့်ပြစ်ကိုမမြင်သော ထိုသူသည်၊ ပရေသံ–အများရှင်လူ, တစ်ပါးသူတို့၏၊ ဝဇ္ဇာနိ–ကိုယ်တွေ့မြင်ထား, အပြစ်များတို့ကို၊ ဘုသံ ယထာ–နှစ်ဆန်ကွာကင်း, ဖွဲအဖျင်းကိုကဲ့သို့၊ ဩပုနာတိ–စုဝေးနေငြား, ရှင်လူကြားဝယ်, ပါးစပ်မဲ့ရွဲ့, ပုံကြီးချဲ့ကာ, လွှင့်ထုတ်လိုက်ပါတော့၏၊ သဌော–စဉ်းလဲလှည့်ပတ်, ကိုယ့်အတတ်ဖြင့်, ငှက်ဖမ်းသတ်စား, ငှက်ခတ်သမားသည်၊ ကလိံ–ငှက်အများအား, ပြစ်မှားမျက်သို, အပြစ်ရှိသော, မိမိကိုယ်ကို၊ ကိတဝါဣဝ–သစ်ခက်စသား, ဝတ္ထုများဖြင့်, ဖုံးလွှမ်းထားဘိသကဲ့သို့၊ အတ္တနောဝဇ္ဇံပန–လွန်စွာဆိုးညစ်, ကိုယ့်မှာရှိသော အပြစ်ကိုကား၊ ဆာဒေတိ–သူတော်ကောင်းယောင်, ဟန်ပန်ဆောင်ကာ, လွန်စွာပိရိ, ဖုံးဖိထားလေတော့၏။

**မြန်မာပြန်** အခြားသူတို့၏ သေးငယ်သောအပြစ်ကိုပင် မြင်လွယ်၏၊ မိမိ၏ ကြီးမားသောအပြစ်ကိုကား မြင်ခဲလှ၏၊ ထို့ကြောင့် ထိုသူမျိုးသည် သူများ၏အပြစ်များကို (စပါးလှေ့သည့်အခါဝယ်) ဖွဲအဖျင်းတို့ကို လွှင့်ထုတ်ပစ်သကဲ့သို့ လွှင့်ထုတ်ပြောဆိုတတ်၏၊ ကိုယ့်အပြစ်ကိုကား ငှက်မုဆိုးသည် ငှက်များလန့်ဖျပ်နေသော မိမိကိုယ်ကို သစ်ခက်တို့ဖြင့် ဖုံးထားဘိသကဲ့သို့ လျှို့ဝှက်ဖုံးထားတတ်၏။

---

[ √ဘာသ+အ ] ဘာသတိ သဗ္ဗေသန္တိ–ဘုသံ၊ အာဿ ဥ။

[ √ဘသု+အ ] ဘဿတိ အဓောပတတီတိ ဝါ–ဘုသံ၊ ဓာန်–ဋီ၊ ၄၁။ ဖွဲ ၊ အဖျင်း၊ လွန်ကဲသော၊ ပြင်းထန်သော၊ အားကြီးသော၊ အလွန်အကဲအပြင်းအထန်။ ဘသု=(ဒိ) အဓောပတနေ–အောက်သို့လျှောကျခြင်း၌၊ (ဘဿတိ။) ဓာန်–ဋီ–၌ ဘသ–ဓာတ်ဟူ၏။

**ဆာဒေတိ=** [ √ဆဒ+ဏေ+တိ ] ဖုံးလွှမ်း၏၊ ဖုံးအုပ်၏၊ ဖုံးကွယ်၏၊ မိုး၏၊ ဝတ်ရုံ၏။

**ကိတဝါ=** [ကိတဝ+ဏ] ကိတဝံ အဿ အတ္ထီတိ–ကိတဝေါ၊ နိပါတနာ။ ပု။

[ √ကိတ+အဝ ] ကိတ–နိဝါသေ ဝါ အဝေါ။ ဓာန်–ဋီ၊ ၅၃၁။ ကြွေအန်ကြူးသူ၊ ကစားသမား၊ သူခိုး၊ ငှက်မုဆိုး ၊ ကြွေအန်သမားကဲ့သို့ ကောက်ကျစ်စဉ်းလဲသော။

[ √ကိတ+အဝ ] ကိတ–နိဝါသေ, ဧတ္ထဘာဝေါ ကေတတီတိ–ကိတဝေါ= ဓူတကာရော, စောရောစ၊ ကြွေအန်သမား၊ ခိုးသူ။ မောဂ်–၇၊ ၂၀၀။ ငှက်မုဆိုး။

[ √ကိ+တ ] = [ကိတ √ဝါ+က ] ကောတ္တုဘာ။ ကေတိ ဥဒ္ဓံ ဂစ္ဆတီတိ–ကိတော၊ သစ်ခက်၊ ကိတေန ဝါယတိ ဗန္ဓတီတိ–ကိတဝေါ။ သစ်ခက်ဖြင့် ဖွဲ့ချည်ဖုံးလွှမ်းထားသော (ငှက်မုဆိုး။)

**သဌော=** [ √သဌ+အ ] သဌ–ကေတဝေ၊ အ ၊ ဓာန်–ဋီ၊ ၇၃၇။ သဌယတီတိ–သဌော၊ စဉ်းလဲလှည့်ပတ်တတ်သော(ငှက်မုဆိုး။)

(လင်္ကာ) သူ့မှာရှိငြား, အပြစ်များကို, မြင်ထားဖို့ရာ, လွယ်လှပါ၏၊ ကိုယ့်မှာရှိထား, အပြစ်များမူ, မြင်ထားဖို့ရာ, မလွယ်ပါတည်း၊ သူ့မှာရှိငြား, အပြစ်များကို, ဖွဲများသဖွယ်, ဖြန့်ကြဲလွယ်၏၊ ကိုယ့်ဝယ်ပွားတိုး, အပြစ်မျိုးကို, ငှက်မုဆိုးလား, ဖုံးကွယ်ထား၏။

## ၁၁–ဥဇ္ဈာနသညိတ္ထေရဝတ္ထု

၂၅၃။ ပရဝဇ္ဇာနုပဿိဿ , နိစ္စံ ဥဇ္ဈာနသညိနော၊
အာသဝါ တဿ ဝဍ္ဎန္တိ , အာရာ သော အာသဝက္ခယာ။

(အနက်) ပရဝဇ္ဇာနုပဿိဿ–ကိုယ်မှတစ်ပါး,ရှင်လူများ၏, ပြစ်များရှာကြံ, အဖန်ဖန်ရှုလေ့ရှိသော၊ နိစ္စံ–အဆက်မပြတ်, တရစပ်ပင်၊ ဥဇ္ဈာနသညိနော–မဟုတ်မဟတ်, လုပ်ဇာတ်စုံခင်း, ကဲ့ရဲ့ခြင်း၌ဖြစ်သော အမှတ်သညာရှိသော၊ တဿ–သူ့ပြစ်ရှာဖွေ, ကဲ့ရဲ့နေလို, ထိုပုဂ္ဂိုလ်၏၊ အာသဝါ–ကာမာသဝ, စရှိလေးပါး, အာသဝေါတရားတို့သည်၊ ဝဍ္ဎန္တိ–လတက်သည့်ခါ, ဒီရေလာသို့, ဆက်ကာဆက်ကာ, တိုးပွားလာကြကုန်၏၊ (တေနေဝ–အာသဝေါတရား, တိုးပွား၍လာ, ထို့ကြောင့်သာလျှင်၊) သော–သူ့ပြစ်ရှာဖွေ, ကဲ့ရဲ့နေလို, ထိုပုဂ္ဂိုလ်သည်၊ အာသဝက္ခယာ–အာသဝေါလေးတန်, ကုန်ကြောင်းမှန်သည့်, အလွန်ထက်မြက်, အရဟတ္တမဂ်မှ၊ အာရာ–ရရန်အရေး, မျှော်တွေးမရာ, ဝေးကွာလှပါပေ၏။

---

သဥ္ဇယန္တိ တိ–သဥ္စာ၊ န သမ္မာ ဘာသန္တိ တိ ဝုတ္တံ ဟောတိ၊ ကေရာဋိက ယုတ္တာနမေတံ အဓိဝစနံ။ မဓိ–၄–၁၊ ၁၉၃။ ကောက်ကျစ်စဉ်းလဲသော၊ လိမ်လည်လှည့်စားသော။

### ၂၅၃–ပဒဝိဘာဂ

**ပရဝဇ္ဇာနုပဿိဿ**= [ပရဝဇ္ဇ+အနု √ဒိသ+ဏီ] ပရဝဇ္ဇံ အနုပဿတိ သီလေနာတိ ပရဝဇ္ဇာနုပဿီ၊ သူတစ်ပါး၏အပြစ်ကို ရှုလေ့ရှိသော။

**ပရဝဇ္ဇ**= [ပရ+ဝဇ္ဇ] ပရဿ ဝဇ္ဇံ–ပရဝဇ္ဇံ၊ သူတစ်ပါး၏အပြစ်၊ သူတစ်ပါးမှာရှိသောအပြစ်။

**ဥဇ္ဈာနသညိနော**= [ဥဇ္ဈာနသညာ+ဤ] ဥဇ္ဈာနသညာ အဿတ္ထီတိ–ဥဇ္ဈာနသညီ၊ ကဲ့ရဲ့ခြင်း၌ဖြစ်သော အမှတ်သညာရှိသော၊ ကဲ့ရဲ့ကြောင်းစိတ်၌ဖြစ်သော အမှတ်သညာရှိသော၊ ကဲ့ရဲ့သည်၏အစွမ်းဖြင့် ဖြစ်သော အမှတ်သညာရှိသော၊ ကဲ့ရဲ့သည်၏အစွမ်းဖြင့် အသိအမှတ်ပြုတတ်သော။

[ဥဇ္ဈာန+သံ √ဉာ+ဏီ] ဥဇ္ဈာနဝသေန ဝါ သဉ္ဇာနန္တီ တိ–ဥဇ္ဈာနသညီ၊ ကဲ့ရဲ့သည်၏အစွမ်းအားဖြင့် အသိအမှတ်ပြုတတ်သော၊ သံ–ဋီ–၁၊ ၁၀၇။

**ဥဇ္ဈာနသညာ**= [ဥဇ္ဈာန+သညာ] ဥဇ္ဈာနေ သညာ–ဥဇ္ဈာနသညာ၊ ကဲ့ရဲ့ခြင်း၌ဖြစ်သော အမှတ်သညာ၊ ကဲ့ရဲ့ကြောင်းစိတ်၌ဖြစ်သော အမှတ်သညာ။ ဥဇ္ဈာနဝသေန ပဝတ္တာ သညာ–ဥဇ္ဈာနသညာ၊ ကဲ့ရဲ့သည်၏အစွမ်းဖြင့်ဖြစ်သော အမှတ်သညာ။

(မြန်မာပြန်) သူတစ်ပါး၏အပြစ်ကိုသာ ကြည့်ရှုနေ၍ အမြဲသူတစ်ပါးကို ကဲ့ရဲ့လိုသူမှာ အာသဝေါတရားများ တိုးပွားလာကုန်၏၊ ထို့ကြောင့်ပင် ထိုသူသည် အာသဝဖြိုဖျက် အရဟတ္တမဂ်မှ ဝေးကွာရတော့၏။

(လင်္ကာ) သူ့အပြစ်စု, ဖန်ဖန်ရှု၍, သူ့ကိုမပြတ်, ကဲ့ရဲ့တတ်ပါ, ပုဂ္ဂိုလ်မှာကား, လေးဖြာအာသဝ, ပွားတိုးရ၏၊ ရှုတ်ချပြောဆို, ထိုပုဂ္ဂိုလ်ကား, ဖြိုဖျက်အာသဝ, မဂ္ဂအရဟတ်, ဝေးကွာလွတ်၏။

## ၁၂-သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု

၂၅၄။ အာကာသေဝ ပဒံ နတ္ထိ , သမဏော နတ္ထိ ဗာဟိရေ၊
ပပဉ္စာဘိရတာ ပဇာ , နိပ္ပပဉ္စာ တထာဂတာ။

၂၅၅။ အာကာသေဝ ပဒံ နတ္ထိ , သမဏော နတ္ထိ ဗာဟိရေ၊
သင်္ခါရာ သဿတာ နတ္ထိ , နတ္ထိ ဗုဒ္ဓါနမိဉ္ဇိတံ။

(အနက်) အာကာသေ-ရေးခြစ်မထင်, ထက်ကောင်းကင်၌၊ ပဒံ-ဘယ်ဆင်းသဏ္ဌာန်, ဘယ်ပုံဟန်ဟု, ပြည့်ွန်စရာ, တစ်ဦးတစ်ယောက်သောသူ၏ ခြေရာသည်၊ နတ္ထေဝ-အကြောင်းကင်းကွာ,တည်ရာချို့ယွင်း, အလျှင်းပင်မရှိတော့သည်သာ၊ ဗာဟိရေ-လောကထွတ်ထား, မြတ်ဘုရား၏, သုံးပါးပြားလာ, သာသနာမှ, အပြင်အပ၌၊ သမဏော-မဂ်ဖိုလ်

---

ဥဇ္ဈာန= [အဝ √ဈေ+ယု] ဥဇ္ဈာယန္တိ ဧတေနာတိ-ဥဇ္ဈာနံ၊ ကဲ့ရဲ့ကြောင်းစိတ်၊ ဥဇ္ဈာယတေ-ဥဇ္ဈာနံ၊ ကဲ့ရဲ့ခြင်း။

**သညာ=** [သံ √ဉာ+အ+အာ] သဉ္ဇာနာတီတိ-သညာ၊ ရှု-၅၉၉။ အမှတ်ပြု၍ သိတတ်သော၊ အမှတ်သညာ၊ သညာစေတသိက်။

**အာရာ** [ဗျ] အာရာ ဒူရာ စ-အာရကာ၊ ဓာန်-၁၁၅၇။ ဝေးသည်၊ အဝေး၊ ရှု-နှာ၊ ၁၃၄-ကိုလည်းရှုပါ။

**အာသဝက္ခယာ=** [အာသဝ+ခယ] အာသဝတို့၏ ကုန်ကြောင်း(မဂ်)၊ အာသဝတရားတို့၏ ကုန်ရာ (ဖိုလ်, နိဗ္ဗာန်။) အာသဝတရားတို့၏ ကုန်ခြင်း၊ (ဘင်ခဏ။) ပု။

### ၂၅၄၊ ၂၅၅-ပဒဝိဘာဂ

**ဗာဟိရေ=** [ဗဟိ+ဏ္ဏရဏ်] ဗဟိ ဇာတံ-ဗာဟိရံ၊ ပြင်ပ၌ဖြစ်သော၊ ပြင်ပ၊ ဓာန်-ဋီ၊ ၇၀၃။

**ဗဟိ=** [ဗျ] အပ၊ ပြင်ပ၊ ဗာဟိရံ, ဗဟိ, ဗဟိဒ္ဓါ, ဗာဟိရာ၊ ဤသဒ္ဒါလေးခုသည် အပ၌ ဖြစ်၏။ ဓာန်၊ ၁၁၅၃။

**ပပဉ္စာဘိရတာ=** [ပပဉ္စ+အဘိရတ] ပပဉ္စေသု ဧဝ အဘိရတာ-ပပဉ္စာဘိရတာ၊ ပပဉ္စတရားတို့၌သာ အလွန်မွေ့လျော်သော။

**အဘိရတာ=** [အဘိ √ရမု+တ] အတိရမီတိ-အဘိရတော၊ မွေ့လျော်ပျော်ပိုက်သော။

ရလာ, အရိယာဇာတ်, ရဟန်းမြတ်သည်၊ နတ္ထိ–အယူတိမ်းစောင်း, အကြောင်းချွတ်ယွင်း, အလျင်းပင် မရှိနိုင်တော့ပေ၊ ပဇာ–ကမ္ဘာလေ, အကြောင်းတွေကြောင့်, ဖြစ်နေသောင်းပြောင်း, သတ္တဝါအပေါင်းသည်၊ ပပဉ္စာဘိရတာ–သံသရာတစ်ခွင်, ချဲ့ထွင် လွန်စွာ, တဏှာမာနဒိဋ္ဌိ, ပြားဘိသုံးပါး, ပပဉ္စတရားတို့၌သာ မွေ့လျော်ကြကုန်၏၊ တထာဂတာ–သိရန်လိုလား, တရားများကို, လွဲမှားမရှိ, ပိုင်းခြားသိတတ်, ဘုရားမြတ်တို့သည်၊ နိပ္ပပဉ္စာ–ဗောဓိပင်ခြေ, ပလ္လင်ဗွေဝယ်, လေးထွေသောမဂ်, ဉာဏ်လက်နက်ဖြင့်, ပယ်ဖျက်သုတ်သင်, ပပဉ္စကင်းစင်ပြီးသူများ ဖြစ်ကြကုန်၏။

အာကာသေ–ရေးခြစ်မထင်, ထက်ကောင်းကင်၌၊ ပဒံ–ဘယ်ဆင်းသဏ္ဍာန်, ဘယ်ပုံဟန်ဟု, ပြညွှန်စရာ,တစ်ဦးတစ်ယောက်သောသူ၏ ခြေရာသည်၊ နတ္ထေဝ–အကြောင်းကင်းကွာ, တည်ရာချို့ယွင်း, အလျင်းပင်မရှိတော့သည်သာ၊ ဗာဟိရေ–လောကထွတ်ထား, မြတ်ဘုရား၏, သုံးပါးပြားလာ, သာသနာမှ, အပြင်အပ၌၊ သမဏော–မဂ်ဖိုလ်ရလာ, အရိယာဇာတ်, ရဟန်းမြတ်သည်၊ နတ္ထိ–အယူလွဲချော်, မတော်ဖြစ်ရန်, အမှန်ပင်မရှိနိုင်ပါပေ၊ သင်္ခတာ–အခါမပြတ်, ဖြစ်နေတတ်၍, မပြတ်မစဲ, တည်မြဲနေကြကုန်သော၊ သင်္ခါရာ–ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့သည်၊ နတ္ထိ–ဖြစ်ကပျက်ရ, သဘာဝမို့, မုချမှန်စွာ, မရှိကြပါပေ၊ ဗုဒ္ဓါနံ–သစ္စာလေးပါး, ပိုင်းခြားသိမြင်, ဘုရားရှင်တို့၏၊ ဝါ–သစ္စာလေးပါး, ပိုင်းခြားသိမြင်, ဘုရားရှင်တို့မှာ၊ ဣဉ္ဇိတံ–ခန္ဓာငါးပါး, ပျက်မသွားဟု, ယူထားဖို့ရာ, တဏှာမာန, စရိုဆိုးဝါး, တစ်စုံတစ်ခုသော တုန်လှုပ်ကြောင်းတရားသည်၊ နတ္ထိ–မဂ်ဖြင့်ပယ်သတ်, အကုန်ဖြတ်၍, မချွတ်ပုံသေ, မရှိတော့ပါပေ။

**မြန်မာပြန်** ကောင်းကင်၌ ခြေရာမရှိ၊ ဘုရားသာသနာမှ ပြင်ပ၌ (မဂ်ဖိုလ်ရသော) ရဟန်းမရှိ၊ သတ္တဝါတို့သည် သံသရာနယ်ချဲ့တရားတို့၌ မွေ့လျော်နေကြကုန်၏၊ ဘုရားရှင်များမှာ (တဏှာမာနဒိဋ္ဌိဟူသော) သံသရာနယ်ချဲ့တရားများ မရှိတော့ချေ။

---

**နိပ္ပပဉ္စာ=** [နိ+ပပဉ္စ] နတ္ထိ ပပဉ္စာ ဧတေသန္တိ–နိပ္ပပဉ္စာ၊ ပပဉ္စတရားမရှိကုန်သော။

**သင်္ခတာ=** [ √သင်္ခ+တ ] သင်္ခတီတိ–သင်္ခတော၊ သင်္ခ သာတစ္စေ, တော။ ( ဓာတ်ကျမ်းများ၌ သင်္ခ–ဓာတ်ကို မတွေ့ရပါ။ )

[သဒါ √သရ+တ] သဒါ သရန္တိ ဂစ္ဆန္တိ ဝါ–သင်္ခတာ၊ သရ–ဂတိယံ, တော၊ သဒါသဒ္ဒသ သော။

[သင်္ခတ+ဏ] သင်္ခတေ နိစ္စေ ဘဝေါ–သင်္ခတော။ မြဲသော၊ သူစိ။

**ဣဉ္ဇိတံ=** [ √ဣဉ္ဇ+တ ] ဣဉ္ဇတီတိ, ဣဉ္ဇတိ တေနာတိ ဝါ, ဣဉ္ဇနမတ္တမေဝ ဝါ တန္တိ–ဣဉ္ဇိတံ၊ တုန်လှုပ်တတ်သောတရား ၊တုန်လှုပ်ကြောင်းတရား ၊တုန်လှုပ်ခြင်း၊ ရာဂ–စသည်၊ ဣဉ္ဇ=(ဘူ) ကမ္ပနေ–တုန်လှုပ်ခြင်း၌၊ (ဣဉ္ဇတိ။)

ကောင်းကင်၌ ခြေရာမရှိ၊ ဘုရားသာသနာမှ ပြင်ပ၌ (မဂ်ဖိုလ်ရသော) ရဟန်းမရှိ၊ ခန္ဓာငါးပါး သင်္ခါရတရားတို့သည် မမြဲကြကုန်၊ ဘုရားရှင်တို့မှာ (ခန္ဓာငါးပါး မြဲ၏ဟု စွဲလမ်းစရာ) စိတ်ထားမခိုင်, လှုပ်ယိုင်စေတတ်သောတရား မရှိတော့ချေ။

(လင်္ကာ) ထက်ကောင်းကင်မှာ, ခြေရာကင်းပ, မတွေ့ရပေ၊ ဗုဒ္ဓသာသနာ, ပြင်ပမှာမူ, ရိယာသမဏ, ကင်းစင်ပ၏၊ များလှသတ္တဝါ, ဟူသည်မှာကား, သံသရာတစ်ခွင်, ချဲ့ထွင်တတ်ကြား, တရားများဝယ်, မခြားတူမျှ, မွေ့လျော်ကြ၏၊ လောကထွတ်ဖျား, ဘုရားတို့မှာ, သံသရာတစ်ခွင်, ချဲ့ထွင်တတ်ကြား, တရားမရှိ, ကင်းစင်ဘိ၏။

ထက်ကောင်းကင်မှာ, ခြေရာမထင်, မတွေ့မြင်တည်း၊ ရှင်ပင်သာသနာ, ပြင်ပမှာလည်း, ရိယာသမဏ, ကင်းစင်ပ၏၊ သင်္ခါရမှန်, ရုပ်နှင့်နာမ်ကား, မြဲမြဲကင်းပ, ပျက်ကြရ၏၊ လောကထွတ်ထား, ဘုရားတို့မှာ, ခန္ဓာငါးပါး, ရုပ်နာမ်များတို့, ထင်ရှားမပြတ်, တည်နေတတ်ဟု, လွဲချွတ်စရာ, တဏှာစသား, တရားများကား, ထင်ရှားဘယ်ခါ, မရှိပါတည်း။

# ၁၉-ဓမ္မဋ္ဌဝဂ္ဂ

## ၁-ဝိနိစ္ဆယမဟာမဏ္ဍဝတ္ထု

၂၅၆။ န တေန ဟောတိ ဓမ္မဋ္ဌော , ယေနတ္ထံ သာဟသာ နယေ၊
ယော စ အတ္ထံ အနတ္ထဉ္စ , ဥဘော နိစ္ဆေယျ ပဏ္ဍိတော။
၂၅၇။ အသာဟသေန ဓမ္မေန , သမေန နယတီ ပရေ၊
ဓမ္မဿ ဂုတ္တော မေဓာဝီ , ဓမ္မဋ္ဌောတိ ပဝုစ္စတိ။

(အနက်) ယေန-စိတ်ထားမခိုင်, ယိမ်းယိုင်တိမ်းစောင်း, အကြင်အကြောင်းကြောင့်၊ ယော-လောဘ ဒေါသ, မောဟဖိစီး, အကြင်တရားသူကြီးသည်၊ အတ္ထံ-ကိုယ့်ကို အပ်ထား, ဆုံးဖြတ်ရမည့်တရားကို၊ သာဟသာ-လာဘ်ယူထားမိ, အဂတိလိုက်စား, အမှားကိုအမှန်, အမှန် ကိုအမှား, အနိုင်အထက်ပြောကြားခြင်းဖြင့်၊ နယေ-ဖောက်ပြန်ယွင်းချွတ်, အနိုင်အရှုံးသို့ ရောက်စေတတ်၏၊ ဝါ-ဖောက်ပြန်ယွင်းချွတ်, ဆုံးဖြတ်တတ်၏၊ တေန-လွဲမှားယွင်းချွတ်, ထိုသို့ ဆုံးဖြတ်ခြင်းကြောင့်၊ သော-လက်ဆောင်ဖိစီး, ထိုတရားသူကြီးသည်၊ ဓမ္မဋ္ဌော-မတိမ်းမစောင်း, ဥပဒေလမ်းကြောင်း၌ တည်သူသည်၊ န ဟောတိ-

---

### ၂၅၆, ၂၅၇-ပဒဝိဘာဂ

**သာဟသာ=** [သဟ+ဏ] သဟော ဝုစ္စတိ ဗလံ၊ တဗ္ဘဝံ သာဟသံ၊ ဓာန်-ဋီ၊ ၃၄၉။ သ-လာ။ သဟသာ ဗလေန နိဗ္ဗတ္တံ-သာဟသံ၊ ကောတ္ထုဘာ။ အားရှိအားမဲ့ အနိုင်အထက် ပြုမူခြင်း၊ အနိုင်အထက် မုသားပြောဆိုခြင်း၊ အဆောတလျင် မဆင်ခြင် မစူးစမ်း ပြုမူခြင်း။ န ။

အကယ်စင်စစ်, မဖြစ်နိုင်တော့ပေ၊ ယော စ ပဏ္ဍိတော-ဖြောင့်မတ်လှဘိ, အကြင်ပညာရှိသည်ကား၊ အတ္ထဉ္စ-မတိမ်းမစောင်း, အကြောင်းဟုတ်သည်ကိုလည်းကောင်း၊ အနတ္ထဉ္စ-လွဲမှားတိမ်းစောင်း, အကြောင်းမဟုတ်သည်ကိုလည်းကောင်း၊ ဥဘော-မှန်ကန်တိမ်းစောင်း, နှစ်ပါးသော အကြောင်းတို့ကို၊ နိစ္ဆေယျ-သေချာစိစစ်, ကျစ်လစ်မြဲခိုင်, ဆုံးဖြတ်နိုင်၏။

အသာဟသေန-မဖိမညှဉ်း, အမှန်ကိုသာ ပြောဆိုခြင်းဖြင့်၊ ဓမ္မေန-ဓမ္မသတ် ရာဇသတ်, နှစ်ရပ်ပိုင်းခြား, တရားဥပဒေနှင့်၊ သမေန-ကျူးလွန်ပြစ်မှား, အပြစ်အား လျော်ညီသဖြင့်သာလျှင်၊ ပရေ-တရားလို တရားခံ, နှစ်တန်ကွဲပြား, တစ်ပါးသောသူတို့ကို၊ နယတိ-မလွဲမချွတ်, ဆုံးဖြတ်တတ်၏၊ ဓမ္မဿ-ဓမ္မသတ် ရာဇသတ်, နှစ်ရပ်ပိုင်းခြား, တရားဥပဒေ၏၊ ဝါ-ဓမ္မသတ် ရာဇသတ်, နှစ်ရပ်ပိုင်းခြား, တရားဥပဒေသည်၊ ဂုတ္တော-လမ်းညွှန်ထပ်ထပ်, စောင့်ရှောက်အပ်သော၊ မေဓာဝီ-ဝမ်းတွင်းကပါ, ဓမ္မောဇပညာနှင့် ပြည့်စုံသော၊ သော ပဏ္ဍိတော-မကောက်မညွတ်, ဖြောင့်မတ်လှဘိ, ထိုပညာရှိကို၊ ဓမ္မဋ္ဌောတိ-ဓမ္မသတ် ရာဇသတ်, နှစ်ရပ်ခွဲဝေ, တရားဥပဒေ၌တည်သူဟူ၍၊ ပဝုစ္စတိ-ဂုဏ်သကတ်နှင့် ဒြပ်ညီညာ, ခေါ်ဆိုအပ်ပါပေ၏။

**မြန်မာပြန်** တရားသူကြီးအချို့သည် အဂတိလိုက်စား တစ်ဖက်စီးနင်း ပြောကြားသဖြင့် တရားဆုံးဖြတ်တတ်၏၊ ထို့ကြောင့် ယင်းတရားသူကြီးသည် တရားဥပဒေကို စောင့်ထိန်းသူ မမည်တော့ပေ၊ ပညာရှိတစ်ဦးမူကား (တရားလို တရားခံတို့ ထွက်ဆိုချက်) အမှန်အမှား နှစ်ပါးကို စိစစ်ဆင်ခြင်လျက် မှန်ကန်တိမတ် ဆုံးဖြတ်တတ်၏။

တစ်ဖက်စီးနင်းမပြောဆိုဘဲ တရားဥပဒေနှင့်အညီ တရားပြိုင်သူ(တရားလို တရားခံ) တို့အား အဆုံးအဖြတ်ပေး၏၊ ယင်းပညာရှိကိုသာ တရားဥပဒေကို လိုက်နာသူ, ဥပဒေကျွမ်းကျင်သူ, တရားဥပဒေကို စောင့်ထိန်းသူ-ဟု ဆိုသင့်ပေသည်။

**လင်္ကာ** ကိုယ့်ကိုအပ်ထား, တရားများကို, လေးပါးအဂတိ, လိုက်ပါဘိ၍, ပြောဘိမသား, လွဲမှားယွင်းချွတ်, ဆုံးဖြတ်လတ်မူ, ထိုသူသည်ကား, တရားသူကြီး, ခုံထိပ်သီးဟု, ဝှဲချီးဖို့ရာ, မထိုက်ပါတည်း၊ ပညာရှိပြန်, လူတော်မှန်ကား, နှစ်တန်မှန်မှား, ထွက်စကားကို, စဉ်းစားဆင်ခြင်, ခုံတင်ဆုံးဖြတ်, ပြောပြတတ်၏။

---

**သဟ**= [ √သဟ+အ ] သဃတီတိ-သဟော၊ သည်းခံနိုင်သော၊ သဟ=(ဒိ+စု) ခန္တိယံ-သည်းခံခြင်း၌၊ (သဃတိ၊ သာဟယတိ။)သဟတိ အဘိဘဝတီတိ-သဟော၊ လွှမ်းမိုးတတ်သော။

**အနတ္ထံ**= [န+အတ္ထ] န အတ္ထော-အနတ္ထော၊ အကြောင်းမဟုတ်။

**နိစ္ဆေယျ**= [နိ √စိ+အ+ဧယျ] မောဂ်-၅၊ ၁၂၂-သုတ်ဖြင့် နိ-မှနောက်ဖြစ်သော စိဓာတ်ကို ဆပြု၊ ဆုံးဖြတ်ရာ၏။

မချွတ်စကား, တရားစောင့်ကာ, မှန်ကန်စွာဖြင့်, သမာသမတ်, ဆုံးဖြတ်နိုင်ဘိ, ပညာရှိအား, တရားကိုစောင့်, တော်မှန်ဖြောင့်သား, အကြောင်းများကြောင့်, တရားသူကြီး, ခံထိုက်သီးဟု, ဝှဲချီးခေါ်ရန်, လွှန်ထိုက်တန်၏။

## ၂-ဆဗ္ဗဂ္ဂိယဝတ္ထု

၂၅၈။ န တေန ပဏ္ဍိတော ဟောတိ , ယာဝတာ ဗဟုဘာသတိ၊
ခေမီ အဝေရီ အဘယော , ပဏ္ဍိတောတိ ပဝုစ္စတိ။

**အနက်** ယော-အကြင်သူသည်၊ ယာဝတာ-ယုတ်ညံ့စုံပေါင်း, အကြင်မျှလောက်သော အကြောင်းဖြင့်၊ ဗဟုံ-ကြမ်းတမ်းဆိုးဝါး, များစွာသောစကားကို၊ ဘာသတိ-မာန်အမျက်ပွား, သံဃာအလယ်စသည်တို့၌ ပြောကြား၏၊ တေန-ဆိုးဝါးညံ့ဖျင်း, ထိုသို့ များသောစကားကို ပြောကြားခြင်းကြောင့်၊ သော-ထိုသူသည်၊ပဏ္ဍိတော-အဆိုးအကောင်း, ကျိုးအကြောင်းကို, ကောင်းကောင်းမြင်သိ, ပညာရှိသည်၊ န ဟောတိ- အခြေယိမ်းယိုင်, မဖြစ်နိုင်ပါပေ၊ ယော စ-အကြင်သူသည်ကား၊ ခေမီ-ဘေးများကွာကင်း, ငြိမ်းအေးခြင်းရှိသည်၊ အဝေရီ-ရန်မျိုးငါးသင်း, မရှိကင်းသည်၊ အဘယော-လူပေါင်းများစွာ, ဘေးကင်းရာသည်၊ ဟောတိ-မလွဲမသွေ, ဖြစ်နေပေ၏၊ သော-ထိုသူကိုသာ၊ ပဏ္ဍိတောတိ-အဆိုးအကောင်း,ကျိုးအကြောင်းကို, ကောင်းကောင်းမြင်သိ, ပညာရှိဟူ၍၊ ပဝုစ္စတိ-ဂုဏ်အား လျော်စွာ, ဆိုအပ်ပါပေ၏။

**မြန်မာပြန်** (ပရိသတ်အလယ်၌ ) စကားများများ ပြောဆိုရုံမျှဖြင့် ပညာရှိမမည်၊ ဘေးကင်းသူ, ရန်ကင်းသူ, သူများအတွက် ဘေးမရှိသူမျိုးကသာ ပညာရှိ မည်ပေသည်။

---

**အသာဟသေန**= [န+သာဟသ] န သာဟသော-အသာဟသော၊ အနိုင်အထက်ပြုမှုခြင်း ကင်းသော၊ တဏှာ၏အလိုသို့ မလိုက်သော၊ တိ ၊ အနိုင်အထက်မပြုခြင်း၊ မချွတ်ယွင်းခြင်း။

**နယတိ**= [ √နီ+အ+တိ] ဆောင်၏၊ ရောက်စေ၏၊ ပင့်ဆောင်၏၊ ခေါ်ဆောင်၏။

**ပဝုစ္စတိ**= [ပ √ဝစ+ယ+တေ] ဆိုအပ်၏။

### ၂၅၈-ပဒဝိဘာဂ

**ယာဝတာ**= [ဗျ] ယာဝတာ တာဝတာ ယာဝ , တာဝ ကိတ္တာဝတာ တထာ၊
ဧတ္တာဝတာ စ ကီဝေတိ , ပရိစ္ဆေဒတ္ထဝါစကာ။ ဓာန်၊ ၁၁၄၁။ အကြင် မျှလောက်သော၊ အကြင်မျှလောက်၊ အကြင်ရွေ့လောက်။ ရူ-နှာ၊ ၁၃၄။ နီတိ-သုတ္တ- နှာ၊ ၃၈၃-တို့ကိုလည်းရှု။

**ခေမီ**= [ခေမ+ဤ] ခေမော ယဿတ္ထီတိ-ခေမီ၊ ဘေးကင်းခြင်းရှိသော၊ ငြိမ်းအေးခြင်းရှိသူ။

**အဘယော**= [န+ဘယ] နတ္ထိ ဘယံ ဧတသ္မာတိ-အဘယော၊ ဘေးကင်းရာဖြစ်သော။

**လင်္ကာ** အများအပြား, ရပ်နားမရ, ပြောရုံမျှဖြင့်, ပဏ္ဍိတစစ်, မဖြစ်သည်သာ၊ကိုယ့်မှာ ဘေးကင်း, ရန်တွေရှင်း၍, ဘေးကင်းသူ့မှာ, ပြုနိုင်ပါလျှင်, ပညာရှိစစ်, ထိုသူဖြစ်၏။

## ၃-ဧကုဒါနတ္ထေရဝတ္ထု

၂၅၉။ န တာဝတာ ဓမ္မဓရော , ယာဝတာ ဗဟုဘာသတိ၊
ယော စ အပ္ပမ္ပိ သုတွာန , ဓမ္မံ ကာယေန ပဿတိ၊
သ ဝေ ဓမ္မဓရော ဟောတိ , ယော ဓမ္မံ နပ္ပမဇ္ဇတိ။

**အနက်** ယော-အကြင်သူသည်၊ ယာဝတာ-သင်ယူဆောင်ထား, သင်ကြားပေးမှု, စပြုသောင်းပြောင်း,အကြင်မျှလောက်သောအကြောင်းဖြင့်၊ ဗဟုံ-ကိုယ်တိုင် သစ္စာ, မသိပါဘဲ, လေ့လာကျက်ထား, များသောတရားစကားကို၊ ဘာသတိ-ထစ်ငေါ့ ကင်းလွတ်, ဟောပြောတတ်၏၊တာဝတာ-သစ္စာအသိ, မရှိကင်းကွာ,နှုတ်လျှာသာကောင်း, ထိုမျှလောက်သောအကြောင်းဖြင့်၊ ဓမ္မဓရော-လူကနှစ်လို, နတ်ကြည်ညိုအောင်, တရားကို ဆောင်သူသည်၊ န ဟောတိ-သစ္စာအသိ, မရှိကင်းကွာ, ဖြစ်နေပါ၍, သေချာပိုင်ပိုင်, မဖြစ်နိုင်ပါပေ။ ယော-အကြင်သူသည်၊ အပ္ပမ္ပိ-သူများဟောကြား, အနည်းငယ်မျှသော တရားစကားကိုလည်း၊ သုတွာန-မှတ်မှတ်သားသား, ကြားနာပြီး၍၊ ဓမ္မံ-သစ္စာလေးပါး, မြတ်တရားကို၊ ကာယေန-လျော်စွာကျင့်ပြန်, ဉာဏ်ရင့်သန်၍၊ မှန်ကန်တိကျ, နာမ ကာယဖြင့်၊ ပဿတိ-မျက်ဝါးထင်ထင်, ကောင်းစွာမြင်၏၊ သ-သော စ-သစ္စာလေးပါး, မြတ်တရားကို, ပိုင်းခြားထင်ထင်, သိမြင်ပေတတ်, ထိုသူမြတ်သည်လည်းကောင်း၊ ယော-အကြင်သူသည်၊ ဓမ္မံ-သစ္စာလေးပါး, မြတ်တရားကို၊ နပ္ပမဇ္ဇတိ-ယနေ့ရရန်, ရည်သန် ကြိုးကုပ်, အားထုတ်မပေါ့,မမေ့လျော့ပေ၊ သ-သော စ-သစ္စာသိရန်, ရည်သန်ကြိုးကုတ်, အားထုတ်နေတတ်, ထိုပုဂ္ဂိုလ်မြတ်သည်လည်းကောင်း၊ ဝေ-စင်စစ်ကေန်, အမှန်အားဖြင့်၊ ဓမ္မဓရော-လူကနှစ်လို, နတ်ကြည်ညိုအောင်, တရားကိုဆောင်သူသည်၊ ဟောတိ-သစ္စာ အသိ, ရှိပြီးရှိရန်, ဖြစ်နေပြန်၍, အမှန်မသွေ, ဖြစ်နိုင်ပါပေ၏။

**မြန်မာပြန်** (သင်ယူလေ့ကျင့်ထားသော တရားကို) အများအပြား ဟောကြားရုံမျှဖြင့် တရားကိုဆောင်သူ မဖြစ်ပေ၊ အနည်းငယ်မျှ, ကြားနာရ၍, တရားအား လျော်စွာကျင့်လျက်, သစ္စာလေးပါးကို သိမြင်ထားသူနှင့် သစ္စာသိမြင်ရန် မမေ့မလျော့ ကြိုးစားအားထုတ် နေသူတို့သာ တရားကိုဆောင်သူ ဖြစ်နိုင်ပေသည်။

---

## ၂၅၉-ပဒဝိဘာဂ

**ဓမ္မဓရော=** [ဓမ္မ √ဓရ+အ] ဓမ္မံ အဓရိ ဓရတိ ဓရိဿတီတိ ဝါ-ဓမ္မဓရော၊ ရူ၊ ၅၆၈။ တရားကိုဆောင်သော။

**လင်္ကာ** အများအပြား, တရားပြသ, ဟောရုံမျှဖြင့်, ဓမ္မဆောင်သူ, မဖြစ်ဟူ၏၊ သူများဟောပြ, မြတ်ဓမ္မကို, နည်းငယ်မျှသာ, နာရပါလည်း, သစ္စာလေးပါး, တရားသိသူ, တစ်ဦးလူနှင့်, နာယူတရား, လျော်သောအားဖြင့်, ကြိုးစားအားထုတ်, မယုတ်သတိ, အမြဲရှိသူ, နှစ်ဦးလူသာ, ကောင်းစွာတရား, ဆောင်ထားသူစစ်, ဧကန်ဖြစ်၏။

## ၄-လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု

၂၆၀။ န တေန ထေရော သော ဟောတိ , ယေနဿ ပလိတံ သိရော၊
ပရိပက္ကော ဝယော တဿ , 'မောဃဇိဏ္ဏော'တိ ဝုစ္စတိ။

၂၆၁။ ယမှိ သစ္စဉ္စ ဓမ္မော စ , အဟိံသာ သံယမော ဒမော၊
သ ဝေ ဝန္တမလော ဓီရော , 'ထေရော' ဣတိ ပဝုစ္စတိ။

**အနက်** ယေန-ငယ်မူယိုယွင်း, အကြင်အရွယ်ကြီးရင့်ခြင်းကြောင့်၊ (ယဿ-မည်သူမဆို, အကြင်တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်၏၊) သိရော-ကိုယ်အင်္ဂါတွင်, အမြတ်တင်ရာ, ဦးခေါင်းရတနာသည်၊ ပလိတံ-ယွင်းဖောက်ငယ်မူ, ဖွေးဖွေးဖြူ သည်၊ အဿ-ဖြစ်ရာ၏၊ တေန-ငယ်မူယိုယွင်း, ထိုသို့ အသက်အရွယ် ကြီးရင့်လာခြင်းကြောင့်၊ သော-ငယ်မူယွင်းယို, ထိုပုဂ္ဂိုလ်သည်၊ ထေရော-မြဲမြဲခိုင်ခံ့, တည်တံ့သော သီလ-စသောဂုဏ်ကျေးဇူးရှိသူသည်၊ န ဟောတိ-အခြေမခိုင်, မဖြစ်နိုင်ပါပေ၊ တဿ-ငယ်မူယွင်းယို, ထိုပုဂ္ဂိုလ်၏၊ ဝယော-အရွယ်သည်၊ ပရိပက္ကော-ရင့်ရော်၏၊ သော-ထိုပုဂ္ဂိုလ်ကို၊ မောဃဇိဏ္ဏောတိ-အချည်းနှီးအိုသူဟူ၍၊ ပဝုစ္စတိ-သေချာသတ်မှတ်, ခေါ်ဆိုအပ်ပေ၏။

ယမှိ-မည်သူမဆို, အကြင်တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်၌၊ သစ္စဉ္စ-တစ်ဆယ့်ခြောက်ပါး, ခြင်းရာအားဖြင့်, သိထားမှန်စွာ, လေးပါးသော သစ္စာသည်လည်းကောင်း၊ ဓမ္မောစ- ဉာဏ်ဖြင့်ထင်ထင်, ကောင်းစွာမြင်ထား, ကိုးပါးသော လောကုတ္တရာတရားသည်လည်းကောင်း၊ အဟိံသာစ-မညှဉ်းဆဲခြင်း, ကြောင်းရင်းခံလာ, လေးပါးသော အပ္ပမညာသည်လည်းကောင်း၊ သံယမောစ-သီလဖြည့်တင်း, စောင့်စည်းခြင်းသည်လည်းကောင်း၊ ဒမောစ-စက္ခုစသား,ဣန္ဒြေခြောက်ပါးတို့ကို ဆုံးမခြင်းသည်လည်းကောင်း၊ အတ္ထိ-မကွာမကွေ, ရှိနေပါပေ၏၊ ဝန္တမလော-ညစ်ကြေးသီးသီး, မဂ်ဖြင့်ထွေးအန်ပြီးသော၊ ဓီရော-မြဲမြဲခိုင်ခံ့, တည်တံ့သော သမာဓိ,ပညာရှိသော၊ သ-သော-ထိုပုဂ္ဂိုလ်မျိုးကို၊ ဝေ-စင်စစ်ဧကန်, အမှန်အားဖြင့်၊ ထေရောဣတိ-မြဲမြဲခိုင်ခံ့, တည်တံ့မှုကိုပြုတတ်သော တရားတို့နှင့် ပြည့်စုံသောကြောင့် ထေရဟူ၍၊ ပဝုစ္စတိ-ဗျုပ္ပတ်အလိုက်, ခေါ်ဆိုထိုက်ပါပေ၏။

---

### ၂၆၀, ၂၆၁-ပဒဝိဘာဂ

**ထေရော**= [ √ထိရ+ဏ ] ထိရတိ သီလာဒိဂုဏေဟီတိ-ထေရော၊ သီလစသောဂုဏ်တို့ဖြင့် မြဲမြဲခိုင်ခံ့သူ။ ထိရ=(ဘူ) ဒဠှ-ခိုင်မြဲခြင်း၌၊ (ထိရတိ။)

**မြန်မာပြန်** အရွယ်ကြီး၍ ခေါင်းဖြူရုံမျှဖြင့် မထေရ်မဖြစ်ပေ၊ (ခိုင်မြဲတည်တံ့သောတရား မရှိဘဲ) အရွယ်ရင့်လာသူကို အချည်းနှီးလူအိုဟု ဆိုအပ်၏။

တစ်ဦးသောပုဂ္ဂိုလ်သည် သစ္စာလေးပါးကိုလည်း သိ၏၊ လောကုတ္တရာတရား ကိုးပါးကိုလည်း သိမြင်ထား၏၊ အပ္ပမညာတရား လေးပါးနှင့်လည်းပြည့်စုံ၏၊ သီလကိုစောင့်၏၊ စက္ခုစသော ဣန္ဒြေတို့ကိုလည်း ဆုံးမထား၏၊ ကိလေသာအညစ်အကြေးကို မဂ်ဖြင့် ပယ်ထား၏၊ တည်တံ့သောသမာဓိပညာရှိ၏၊ ထိုပုဂ္ဂိုလ်မျိုးကိုသာ စင်စစ် မထေရ်ဟု ဆိုအပ်၏။

**လင်္ကာ** ဖရာကထောင်း, ငယ်မူပြောင်း၍, ခေါင်းမွေးဖြူဆွ, လာရုံမျှဖြင့်, ထေရမဖြစ်၊ အနှစ်သာရ, ဓမ္မကင်းကွာ, ရွယ်ရင့်လာမူ, ထိုသို့သူကို, လူအိုသက်ကြီး,အချည်းနှီးသာ, ဆိုသင့်ပါ၏။

---

[ထိရ+ဏ] ထိရာ–သီလက္ခန္ဓာဒိဂုဏာ ဧတဿတ္ထီတိ–ထေရော၊ မြဲမြံခိုင်ခံ့သော သီလ–စသော ဂုဏ်ကျေးဇူးရှိသော။

**ထိရ**= [ √ဌာ+ကိရ] ဌာ–ဂတိနိဝတ္တိယံ၊ ဌဿ ထတ္တံ၊ ဌာတိ ပဝတ္တတီတိ–ထိရံ=စိရဋ္ဌာယီ၊ ကြာမြင့်စွာတည်တတ်, ဖြစ်တတ်သော။ မောဂ်–၇၊ ၁၅၀။

[ √ထိရ+အ] ထိရန္တိ ဒဠှံ ဘဝန္တိ တိ–ထိရာ=သီလက္ခန္ဓာဒိဂုဏာ၊ မြဲမြံခိုင်ခံ့ကုန်သော။

**ပလိတံ**= [ √ပါလ+တက်] ပါလ–ရက္ခဏေ၊ အာ–ကို ရဿပြု၊ အာဒျာဝယဝ ဣ–လည်းလာ၊ ပါလီယတီတိ–ပလိတံ=ကေသလောမာနံ ဇရာယ ကတံ သေတတ္တံ။ မောဂ်–၇၊ ၈၄။ ဆံဖြူ။ ပါလ=(စု) ရက္ခဏေ၊ စောင့်ရှောက်ခြင်း၌၊ (ပါလေတိ၊ ပါလယတိ။)

[ √ပလ+တ] တစ်နည်း= [ √ဖလ+က္တတစ်] ဖ–ကို ပ–ပြု၊ ကောတ္တုဘာ။ ဆံပင်ဖြူ။

[ √ပစ+က္တတ] ပစ–ပါကေ, က္တတော၊ စဿ လတ္တဥ္စ။ ဓာန်–ဋီ၊ ၂၅၁။

**သိရော**= [ √သိ+ရက်] ကုသုမာဒီဟိ သေဝီယတီတိ–သိရော=မုဒ္ဓါ၊ မောဂ်–၇၊ ၁၄၃။ သိ–သေဝါယံ၊ ရော၊ သေဝန္တိ ဧတေနာတိ–သိရော၊ ဓာန်–ဋီ၊ ၂၅၆။ ဦးခေါင်း၊ ပု+န။

**ပရိပက္ကော**= [ပရိ √ပစ+တ] ရင့်ကျက်ပြီးသော၊ ရင့်ရော်သော၊ မှည့်သော။

**မောဃဇိဏ္ဏော**= [မောဃ+ဇိဏ္ဏ] အချည်းနှီးအိုမင်းလာသော။

**မောဃ**= [ √မုဟ+ဃ] မုဟ–မုစ္ဆာယံ, ဟလောပေါ၊ မုယှန္တိ သတ္တာ ဧတ္ထာတိ –မောဃော=တုစ္ဆော၊ မောဂ်–၇၊ ၃၈။ အချည်းနှီးသော၊ အကျိုးမရှိသော။

**အဟိံသာ**= [န+ဟိံသာ] မညှဉ်းဆဲမနှိပ်စက်ခြင်း၊ သနားခြင်း၊ (ကရုဏာ။) ထီ။

**ဟိံသာ**= [ √ဟိသိ+အ+အာ] ညှဉ်းဆဲခြင်း၊ နှိပ်စက်ဖျက်ဆီးခြင်း။

**ဝန္တမလော**= [ဝန္တ+မလ] ထွေးအန်ပြီးသော အညစ်အကြေးရှိသော၊ မဂ်ဖြင့် အညစ်အကြေးကို ထွေးအန်ပြီးသော။

အသက်အရွယ်, ငယ်သေးစေကာ, တစ်ဦးမှာကား, သစ္စာလေးပါး, သိမြင်ထား၍, ရှစ်ပါးလောကုတ်, အပဟုတ်ရရှိ, နိဗ္ဗာန်သိ၏၊ ကင်းဘိညှဉ်းဆဲ, သီလမြဲ၍, လွန်ကဲ ဣန္ဒြေ, စောင့်စည်းနေ၏၊ ကိလေညစ်ကြေး, ရှုပ်အထွေးတို့, ကင်းဝေးကိုယ်တွင်း, မဂ်ဖြင့်ရှင်း၏၊ ထိုးထွင်းဉာဏ်ရှိ, တည်ကြည်ဘိ၏၊ ရရှိသာရ, ဤသူကသာ, ထေရအစစ်, ကေန်ဖြစ်၏။

## ၅-သမ္မဟုလာဘိက္ခုဝတ္ထု

၂၆၂။ န ဝါက္ကရဏမတ္တေန , ဝဏ္ဏပေါက္ခရတာယ ဝါ၊
သာဓုရူပေါ နရော ဟောတိ , ဣဿုကီ မစ္ဆရီ သဌော။
၂၆၃။ ယဿ စေတံ သမုစ္ဆိန္နံ , မူလဃစ္စံ သမူဟတံ၊
သ ဝန္တဒေါသော မေဓာဝီ , သာဓုရူပေါတိ ဝုစ္စတိ။

**အနက်** ဝါက္ကရဏမတ္တေန-ချိုသာကျစ်လျစ်, ပြေပြစ်သောစကားကို ပြောဆိုရုံမျှဖြင့်လည်းကောင်း၊ ဝဏ္ဏပေါက္ခရတာယဝါ-ကိုယ်ရေအဆင်း, လှပပြောင်ဝင်းခြင်းဖြင့်လည်းကောင်း၊ ဣဿုကီ-အခြားသူများ, ကြီးပွားပိုမို, တိုးတက်ပြည့်စုံမှုကို မနာလိုသော၊ မစ္ဆရီ-မပေးရက်လို, စေးနှဲဝန်တိုတတ်သော၊ သဌော-ကောက်ကျစ်ခြင်းများ, လိမ်လည်လှည့်စားတတ်သော၊ နရော-နှုတ်ချိုရုပ်လှ, အကြောင်းပြည့်ဝရုံမျှသောပုဂ္ဂိုလ်သည်၊ သာဓုရူပေါ-လူနတ်ကြည်ဖြူ, ကောင်းသောသဘောရှိသူသည်၊ န ဟောတိ-အတွင်းသဘော, မနှောယိမ်းယိုင်, မဖြစ်နိုင်ပေ။

ယဿ စ-မည်သူမဆို, အကြင်တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်သည်ကား၊ ဧတံ-ငြူစူဝန်တို, လှည့်ပတ်လိုမှု, ဤအပြစ်စုကို၊ သမုစ္ဆိန္နံ-အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, ပယ်ဖျက်သတ်ဖြတ်, အမြစ်ပါဖြတ်တောက်အပ်ပေပြီ၊ မူလဃစ္စံ-ခြွင်းချန်မထား, အမြစ်အရင်းပါပြုတ်သွားအောင်၊ သမူဟတံ-အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့် ပယ်ဖျက်သတ်ဖြတ် နုတ်ပယ်အပ်ပေပြီ၊ ဝန္တဒေါသော-ပြစ်ဒေါသများ, ထွေးအန်ထားပြီးသော၊ မေဓာဝီ-တရားဆီနှစ်, ပညာစစ်ရှိသော၊ သော-ပြစ်မျိုးဖျက်ဖြို, ထိုပုဂ္ဂိုလ်ကို၊ သာဓုရူပေါတိ-စိတ်ထားစင်ဖြူ, ကောင်းသောသဘောရှိသူဟူ၍၊ ဝုစ္စတိ-ဗျူပွတ်အလိုက်, ခေါ်ဆိုထိုက်ပါပေ၏။

---

### ၂၆၂, ၂၆၃-ပဒဝိဘာဂ

**ဝါက္ကရဏမတ္တေန=** [ဝါက္ကရဏ+မတ္တ] ပြောဆိုအပ်သောစကားမျှ၊ စကားကိုပြောဆိုကာမျှ။

**ဝါက္ကရဏ=** [ဝါစာ+ကရဏ] အတ္ထဝိညာပနေ သာခနေတာယ ဝါစာ ဧဝ ကရဏံ-ဝါက္ကရဏံ နိရုတ္တိနယေန၊ သီ-ဋီ-သစ်-၂၊ ၂၆၀။ ပြောဆိုအပ်သောစကား၊ စကားပြောဆိုခြင်း၊ ဝါက္ကရဏန္တိ ဥဒါဟရဏဃောသော။ မဏ္ဍိပဏ်-၅၊ ၂၈၆။ အတ္ထညာပနသာခနေတာယ ဝါစာ ဧဝ ကရဏန္တိ-ဝါက္ကရဏံ၊ ဥဒါဟရဏဃောသော။ ၄င်း-ဋီ၊ ၁၉၁။ သာရတ္ထ-၃၊ ၄၂။

**မြန်မာပြန်** ချိုသာကျစ်လျစ် ပြေပြစ်စွာ ပြောဆိုရုံမျှ ကိုယ်ရေအဆင်း လှပရုံမျှဖြင့် သူတစ်ပါး ကြီးပွားနေသည်ကို မနာလိုတတ်, ကိုယ့်ပစ္စည်းကို ဝန်တိုတတ်, ကောက်ကျစ်စဉ်းလဲတတ်သူသည် ကောင်းသောသဘောရှိသူမျိုး (သူတော်ကောင်း) မဖြစ်နိုင်ပေ။

ငြူစူမှု, ဝန်တိုမှု, လှည့်ပတ်မှုဟူသော အပြစ်များကို အကြွင်းမဲ့ဖြတ်တောက်ထားသည့်အတွက် အပြစ်ကင်းစင်သော ပညာရှိပုဂ္ဂိုလ်ကိုသာ ကောင်းသော သဘောရှိသူ (သူတော်ကောင်း)ဟု ဆိုထိုက်ပေသည်။

---

**ဝဏ္ဏပေါက္ခရတာယ=** [ဝဏ္ဏပေါက္ခရ+တာ] ကိုယ်အဆင်း၏ နှစ်သက်ဖွယ်ရှိသောအဖြစ်၊ အဆင်း၏ကောင်းသည်၏အဖြစ်၊ (အဆင်းလှခြင်း၊) အဆင်းကိုယ်တို့၏ ဖြစ်ကြောင်း ဖြစ်ရာ သန့်ရှင်းခြင်း, သဏ္ဌာနသမ္ပတ္တိဖြစ်ခြင်း။ ပေါက္ခရတာ ဝုစ္စတိ သုန္ဒရဘာဝေါ၊ ဝဏ္ဏဿ ပေါက္ခရတာ-ဝဏ္ဏပေါက္ခရတာ။

[ဝဏ္ဏ+ပေါက္ခရ] ပေါရာဏာ ပန ပေါက္ခရန္တိ သရီရံ ဝဒန္တိ၊ ဝဏ္ဏံ ဝဏ္ဏမေဝ တေသံ မတေန။ ဝဏ္ဏဉ္စ ပေါက္ခရဉ္စ-ဝဏ္ဏပေါက္ခရာနိ။

[ဝဏ္ဏပေါက္ခရ+တာ] တေသံ ဘာဝေါ ဝဏ္ဏပေါက္ခရတာ၊ တသ္မာ ဝဏ္ဏပေါက္ခရတာ ယာတိ ပရိသုဒ္ဓေန ဝဏ္ဏေန စေဝ သရီရသဏ္ဌာနသမ္ပတ္တိယာစာတိ အတ္ထော၊ အထဝါ= ဝဏ္ဏသမ္ပန္နံ ပေါက္ခရံ ဝဏ္ဏပေါက္ခရန္တိ ဥတ္တရပဒလောပေါ ပုဗ္ဗပဒဿ ဒဠ္ဟော၊ တဿ ဘာဝေါ ဝဏ္ဏပေါက္ခရတာ၊ တာယ ဝဏ္ဏပေါက္ခရတာယ၊ ဝဏ္ဏသမ္ပန္နသရီရတာယာတိ အတ္ထော။ သာရတ္ထ-၂၊ ၁၀၀။

**ပေါက္ခရ=** ပေါက္ခရံ ပဒုမေဒေဟေ-စသော အဘိဓာန်၊ ၈၂၇-လာ ဂါထာအနက်တို့တွင် ပေါက္ခရသဒ္ဒါသည် သုန္ဒရတ္ထအနက်၌ ထင်ရှားသော အထင်ရှဋ္ဌိသဒ္ဒါဖြစ်သည်၊ ထို့ကြောင့် ပေါက္ခရတာ ဝုစ္စတိ သုန္ဒရဘာဝေါ-ဟု ဝုစ္စတိသဒ္ဒါဖြင့် ဖွင့်သည်။

[ √ပုသ+ခရ] သ-ကို က-ပြု၊ ဥ-ကို ဩ-ပြု၊ ပေါသီယတီတိ-ပေါက္ခရံ၊ မွေးမြူ အပ်သောကိုယ်။

**သာဓုရူပေါ=** [သာဓု+ရူပ] သာဓုရူပံ ယဿာတိ-သာဓုရူပေါ၊ ကောင်းသောသဘောရှိသော၊ ခန္ဓေ ဘဝေ နိမိတ္တမှိ , ရူပံ ဝဏ္ဏေစ ပစ္စယေ၊ သဘာဝသဒ္ဒသဏ္ဌာန-ရူပဇ္ဈာနဝပုသုစ။-ဟူသောအဘိဓာန်၊ ၈၂၅-ဂါထာလာ အနက်များတွင် ဤ၌ ရူပသဒ္ဒါ သဘာဝတ္ထအနက်မှာ ဖြစ်သည်။

**ဣဿုကီ=** [ဣဿာ+ဥကီ] ဣဿာ အဿ အတ္ထီတိ-ဣဿုကီ-ဥကီ။ မောဂ်-၄၊ ၁၂၀။

[ √ဣဿ+ဥကီ ] ငြူစူခြင်း (မနာလိုခြင်း)ရှိသော၊ သူတစ်ပါးတို့၏ ကြီးပွား တိုးတက် ပြည့်စုံနေမှုကို မနာ လိုသော၊ ငြူစူတတ်သော၊ မနာလိုတတ်သော။ ဣဿန္တီတိ-ဣဿုကီ၊ မဇ်-ဠ-၁၊ ၁၉၃။

**ဣဿာ=** [ √ဣဿ+အ+အာ] ဣဿတီတိ-ဣဿာ၊ ဣဿာစေတသိက်၊ ငြူစူခြင်း၊

**လင်္ကာ** အသံကောင်းခြင်း, ကိုယ်အဆင်းမှာ, ပြည့်စုံပါလည်း, သူ့ဟာငြူစူ, ကိုယ့်ဟာမူကား, ဝန်တိုများလျက်, ဆိုးဝါးကောက်ကျစ်, အပြစ်များသာ, ရှိနေပါမူ, ထိုသူဘူးတောင်း, လူကောင်းဘယ်မှာ, ဖြစ်ပါမည်နည်း။

ငြူ စူဝန်တို, ကောက်ကျစ်လိုသား, အပြစ်များကို, တစ်ပါးမခြွင်း, မြစ်ရင်းဖြတ်ကာ, ပယ်နုတ်ခွာ၍, ကင်းကွာဒေါသ, ဓမ္မဆီနှစ်, အစစ်အမှန်, သိဉာဏ်ရှိမူ, ထိုသူစင်စစ်, လူကောင်းဖြစ်၏။

## ၆-ဟတ္ထကဝဂ္ဂ

၂၆၄။ န မုဏ္ဍကေန သမဏော , အဗ္ဗတော အလိကံ ဘဏံ၊
ဣစ္ဆာလောဘသမာပန္နော , သမဏော ကိံ ဘဝိဿတိ။
၂၆၅။ ယော စ သမေတိ ပါပါနိ , အဏုံ ထူလာနိ သဗ္ဗသော၊
သမိတတ္တာ ဟိ ပါပါနံ , 'သမဏော' တိ ပဝုစ္စတိ။

**အနက်** မုဏ္ဍကေန-ဆံကိုပယ်ချ, ခေါင်းတုံးရိတ်ထားရုံမျှဖြင့်၊ သမဏော-စိတ်နေငြိမ်းချမ်း, ရဟန်းမည်သည်၊ န ဟောတိ-အခြေမခိုင်, မဖြစ်နိုင်ပါပေ၊ အဗ္ဗတော-သီလအကျင့်, ဓုတင်ကျင့်ဟု, အကျင့်နှစ်မျိုး မရှိသော၊ အလိကံ-ဖောက်ပြန်ယွင်းမှား, မဟုတ်မမှန်သော စကားကို၊ ဘဏံ-လိမ်ညာလှည့်ပတ်, ပြောဆိုတတ်သော၊ ဣစ္ဆာလောဘသမာပန္နော-မရသေးသောအာရုံ၌ လိုချင်တောင့်တမှုဣစ္ဆာ, ရပြီးသောအာရုံ၌တပ်မက်မောမှု လောဘနှင့်ပြည့်စုံသောသူသည်၊ သမဏော-စိတ်နေအေးချမ်း ရဟန်းမည်သည်၊ ကိံ ဘဝိဿတိ-အဘယ်မှာလျှင် ဖြစ်နိုင်ပါတော့မည်နည်း။

---

သူတစ်ပါး ကြီးပွားတိုးတက်ပြည့်စုံနေသည်ကို မနာလိုခြင်း၊ ဣဿ=(ဘု) ဣဿာယ-ငြူစူစောင်းမြောင်းခြင်း၌၊ (ဣဿတိ။)

**မစ္ဆရီ**= [မစ္ဆရ+ဏီ] မစ္ဆရာယန္တီ တိ-မစ္ဆရီ။
[မစ္ဆေရ+ဤ] မစ္ဆေရံ ဝါ ဧတေသံ အတ္ထိတိ-မစ္ဆရီ၊ မဓ-၄-၁၊ ၁၉၃။ နှမြော, စေးနဲ, ဝန်တိုတတ်သော၊ နှမြော, စေးနဲ, ဝန်တိုခြင်းရှိသော။

**မစ္ဆရ**= [ √မသ+ဆရ] တဏှာယ ပရာမသနံ-မစ္ဆရံ=သကသမ္ပတ္တိနိဂုဟဏံ၊ မောဂ်-၇၊ ၁၅၇။
[ √မသု+စ္ဆရ] မသု-အာမသနေ၊ စ္ဆေရ, စ္ဆရပစ္စယာ။
[ √မသု+ဏ ] အထဝါ=မသုဣစ္စေတဿ ပါဠိပဒိကဿ သုဿ ဏမှိ စ္ဆေရ, စ္ဆရာ၊ မသု-မစ္ဆေရေတိပိ ဓာတု။ ဓာန်-ဋီ၊ ၁၆၈။

**ဝန္တ ဒေါသော**= [ဝန္တ+ဒေါသ]ထွေးအန်အပ်ပြီးသော အပြစ်ဒေါသရှိသော။

### ၂၆၄, ၂၆၅-ပဒဝိဘာဂ

**မုဏ္ဍကေန**= [မုဏ္ဍ+က] သကတ္ထေ ကော၊ မုဏ္ဍကော၊ ဓာန်-ဋီ၊ ၃၂၁။ ခေါင်းတုံးသော။

**မုဏ္ဍ**= [ √မုဏ္ဍ+အ] ဦးပြည်းသော၊ ခေါင်းတုံးသော၊ ရိတ်ပြီးသောဆံရှိသော။ ဓာန်-ဋီ၊

ယော စ-အကြင်ပုဂ္ဂိုလ်သည်ကား၊ အဏုံထူလာနိ-အသေးအမွှား, ထူထဲကြီးမား ကုန်သော၊ ပါပါနိ-ယုတ်မာညစ်ကျု, မကောင်းမှုတို့ကို၊ သဗ္ဗသော-ခြွင်းချန်မထား, ခပ်သိမ်းသောအပြားအားဖြင့်၊ ဟိ-ယသ္မာ-အကြင်ကြောင့်၊ သမေတိ-ရင်းမြစ်ဖြတ်ချွေ, ငြိမ်းအေးစေ၏၊ ပါပါနံ-ယုတ်မာညစ်ကျု, မကောင်းမှုတို့၏၊ ဝါ-ယုတ်မာညစ်ကျု, မကောင်းမှုတို့ကို၊ တသ္မာ သမိတတ္တာ-ထိုသို့ငြိမ်းအေးစေတတ်သည်၏ အဖြစ်ကြောင့်၊ သော-အကုသိုလ်မီး, ငြိမ်းအေးပြီးသော ထိုပုဂ္ဂိုလ်ကို၊ သမဏောတိ-နှလုံးစိတ်ဝမ်း, အေးချမ်းသူဟူ၍၊ ပဝုစ္စတိ-သကတ်အလိုက်, ခေါ်ဆိုထိုက်ပါပေ၏။

**မြန်မာပြန်** ခေါင်းတုံးရိတ်ထားရုံမျှဖြင့် သမဏအစစ် မဖြစ်သေးပေ၊ သီလအကျင့် ဓုတင်အကျင့်မရှိသူမျိုး, မုသားစကား ပြောဆိုတတ်သူမျိုး, လိုချင်တောင့် တမှုဣစ္ဆာ တပ်မက်မှုလောဘနှင့် ပြည့်စုံနေသူမျိုးသည် အဘယ်မှာလျှင် သမဏအစစ် ဖြစ်နိုင်ပါတော့မည်နည်း။

အသေးစား အကြီးစားမကောင်းမှု အများအပြားတို့ကို လုံးဝငြိမ်းအေးစေတတ်သူ မျိုးကိုသာ ယင်းသို့ မကောင်းမှုတို့ကို ငြိမ်းစေတတ်သောကြောင့်ပင် သမဏ(စိတ်နေ ငြိမ်းအေးသူ)ဟု ခေါ်သင့်ပေသည်။

**လင်္ကာ** ဆံကိုပယ်ချ, ပြုရုံမျှဖြင့်, သမဏစစ်, မဖြစ်သေးပါ၊ ယုတ်မာကိုယ်ကျင့်, နှုတ်ကျင့်များပြင်, လိုချင်မက်မော, သဘောရှိမူ, ထိုသူမုချ, သမဏစစ်, ဘယ်မှာဖြစ်အံ့။

---

၃၂၁။ မုဏ္ဍာ=(ဘု) ခဏ္ဍနေ မဒ္ဒနေ မဇ္ဇနေသု-ဆံဖြတ်ခြင်း, နင်းနယ်ခြင်း, သုတ်သင်ခြင်းတို့၌၊ မုဍိ-ဓာတ်လည်း ဟူ၏။ (မုဏ္ဍတိ။)

**အဗ္ဗတော**= [န+ဝတ] နတ္ထိ ဝတာနိ ယဿာတိ-အဗ္ဗတော၊ သီလအကျင့်, ဓုတင်အကျင့် မရှိသော။

**ဘဏံ**= [ √ဘဏ+အန္တ ] ပြောဆိုသော၊ ဟောကြားသော၊ မြွက်ကြားသော၊ ထီ-၌ ဘဏန္တီ။

**ဣစ္ဆာလောဘသမာပန္နော**= [ဣစ္ဆာလောဘ+သမာပန္န] မရသေးသောအာရုံတို့၌ လိုချင် တောင့်တခြင်းဣစ္ဆာ၊ ရပြီးအာရုံတို့၌ တပ်မက်ခြင်းလောဘနှင့် ပြည့်စုံသော၊ ...... လောဘသို့ ရောက်သော။

**ဣစ္ဆာလောဘ**= [ဣစ္ဆာ+လောဘ] လိုချင်မှုဣစ္ဆာ၊ တပ်မက်မှုလောဘ။

**သမာပန္န**= [သံ+အာ √ပဒ+တ] ကောင်းစွာရောက်သော၊ ပြည့်စုံသော။

**သမေတိ**= [ √သမု+ဏေ+တိ] ငြိမ်းအေးစေ၏၊ငြိမ်းချမ်းစေ၏။

**သမိတတ္တာ**= [သမိတ+တ္တ] ငြိမ်းအေးစေအပ်ပြီးသည်၏အဖြစ်။

**သမိတ**= [ √သမု+တ] ငြိမ်းအေးစေအပ်ပြီးသော။

မေ့လျော့ကင်းပ, တစ်ဦးကမူ, အသေးအမွှား, အကြီးအားဖြင့်, ချန်ထားမပြု, မကောင်းမှုတွေ, ငြိမ်းအေးစေ၏၊ သို့ငြိမ်းစေမှု, အကြောင်းပြု၍, ထိုသူ့ကိုသာ, လျော့စွာဂုဏ, သမဏဟု, ခေါ်ဝေါ်ပြုရန်, လွန်ထိုက်တန်၏။

## ၇–အညတရဗြာဟ္မဏဝတ္ထု

၂၆၆။ န တေန ဘိက္ခု သော ဟောတိ , ယာဝတာ ဘိက္ခတေ ပရေ၊
ဝိဿံ ဓမ္မံ သမာဒါယ , ဘိက္ခု ဟောတိ န တာဝတာ။

၂၆၇။ ယောဓ ပုညဉ္စ ပါပဉ္စ , ဗာဟေတွာ ဗြဟ္မစရိယဝါ၊
သင်္ခါယ လောကေ စရတိ , သ ဝေ 'ဘိက္ခူ'တိ ဝုစ္စတိ။

**အနက်** (ယော–မည်သူမဆို အကြင်တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်သည်၊) ယာဝတာ–ထိုဉ်စုပေါင်း အကြင်မျှလောက်သောအကြောင်းဖြင့်၊ ပရေ–ချက်ပြုတ်လောင်းလှူ တစ်ပါးသောသူတို့ကို၊ ဘိက္ခတေ–ခံယူမပြတ်, တောင်းစားတတ်၏၊ တေန–ထိုသို့စုပေါင်း, တောင်းစားတတ်လှ, အကြောင်းမျှဖြင့်၊ သော–တောင်းစားမှီခို, ထိုပုဂ္ဂိုလ်သည်၊ ဘိက္ခု–ဘိက္ခုမည်သည်၊ န ဟောတိ–မဖြစ်နိုင်ပေ၊ ဝိဿံဓမ္မံ–မညီမညွတ်, မဖြတ်မသင့်, ကာယကံစသောအကျင့်ကို၊ ဝါ–အဆိပ်နံ့အလား, ဆိုးဝါးမတင့်, ကာယကံစသောအကျင့်ကို၊ သမာဒါယ–စိတ်ချယုံကြည်, ကောင်းစွာဆောက်တည်၍၊ (စရန္တော–ကြိုးစားဖွဲ့ထူ, ကျင့်သောသူသည်၊) တာဝတာ–လွဲမှားယွင်းဖောက်, ထိုမျှလောက်ဖြင့်၊ ဘိက္ခု–ကိလေသာပျက်, ဉာဏ်ဖြင့်ဖျက်၍, အနက်လျော်မှု, ဘိက္ခုမည်သူသည်၊ န ဟောတိ–မဖြစ်နိုင်ပေ။

ယော–မည်သူမဆို, အကြင်တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်သည်၊ ဣဓ–ဗုဒ္ဓမြတ်စွာ, ဉာသာသနာတော်၌၊ ပုညဉ္စ–စိတ်အစဉ်ကို, ဖြူစင်အောင်ပြု, ကုသိုလ်ကောင်းမှုကိုလည်းကောင်း၊ ပါပဉ္စ–အပါယ်ရောက်အောင်, ပို့ဆောင်တတ်ငြား, အကုသိုလ်တရားကိုလည်းကောင်း၊ ဗာဟေတွာ–မဂ်ဖြင့်တကယ်, စွန့်ထုတ်ပယ်၍၊ ဗြဟ္မစရိယဝါ–ဖြူသန့်စင်ဘိ, မြတ်သောအကျင့်ရှိသည်၊ ဟောတိ–အမှန်မသွေ, ဖြစ်ပါပေ၏၊ လောကေ–ရုပ်နာမ်ဓမ္မ, ခန္ဓာစသောလောက၌၊ သင်္ခါယ–ဉာဏ်ဖြင့်သက်ဝင်, ကောင်းစွာဆင်ခြင်၍၊ စရတိ–အဓ္ဓုတ်ဗာဟိ, ပိုင်းခြားသိကာ, ကျင့်နေပါ၏၊ သ–သော–သိဉာဏ်ပိုမို, ထိုပုဂ္ဂိုလ်ကို၊ ဝေ–စင်စစ်ကေန်, အမှန်အားဖြင့်၊ ဘိက္ခူတိ–ကိလေသာပျက်, ဉာဏ်ဖြင့်ဖျက်၍, အနက်လျော်မှု, ဘိက္ခုဟူ၍၊ ဝုစ္စတိ–အမှန်မသွေ, ဆိုထိုက်ပါပေ၏။

---

### ၂၆၆, ၂၆၇–ပဒဝိဘာဂ

**ဘိက္ခတေ**= [ √ဘိက္ခ+အ+တေ ] တောင်းတတ်၏။

**ဝိဿံ**= [ √ဝိသ+သ ]ဓာန်–ဋီ၊ ၁၄၆။ ဝိသ္သာတိ အညဂန္ဓေဟိ ဝိပ္ပယုတ္တတီတိ–ဝိဿံ၊ စိမ်းစိုသော အနံ့။ ဝိသ=(ကီ) ဝိပ္ပယောဂေ–မယှဉ်ကင်းကွာခြင်း၌၊ (ဝိသ္သာတိ။)

**မြန်မာပြန်** သူတစ်ပါးထံ တောင်းခံစားသောက်ရုံမျှဖြင့် ရဟန်းမဖြစ်၊ အဆိပ်နံ့အလ ဆိုးဝါးသော အကျင့်တို့ကို ကျင့်ရုံမျှဖြင့် ရဟန်းမဖြစ်။

သာသနာတော်၌ ကောင်းမှု မကောင်းမှုတို့ကို မဂ်ဖြင့်ပယ်ထားသူ, မြတ်သော အကျင့်ရှိသူ, ခန္ဓာစသော လောကီတရားစု၌ ဉာဏ်ဖြင့်ထိုးထွင်းသိမြင်အောင်ကျင့်ထားသူ မျိုးကိုသာ စင်စစ်ဘိက္ခု(ကိလေသာကိုဖျက်ဆီးတတ်သူ)ဟု ဆိုထိုက်၏။

**လက်ာ** သူများထံမှ, တောင်းရုံမျှဖြင့်, ရဟန်းခေါ်မှု, ဘိက္ခုအစစ်, မဖြစ်သည်သာ၊ ယုတ်မာတရား, ဆောက်တည်ထား၍, ထူးခြားကျန, ကျင့်ရုံမျှဖြင့်, ရဟန်း ခေါ်မှု, ဘိက္ခုအစစ်, မှန်မဖြစ်တည်း။

သာသနာတွင်းမှ, တစ်ဦးကမူ, မကောင်းမှုနှင့်, ကောင်းမှုအများ, ပယ်စွန့်ထား၍, ထွတ်ဖျားကျင့်မြတ်, ကျင့်သုံးတတ်၏၊ ပြားလတ်ခန္ဓာ, စသည်မှာလျှင်, ပညာဉာဏ်ဖြင့်, ဆင်ခြင်ကျင့်၏၊ သို့ကျင့်သုံးတတ်, ပုဂ္ဂိုလ်မြတ်သာ, ကိလေသာဘိန္ဒန, သဘာဝကြောင့်, မည်ရဘိက္ခု, ခေါ်မှုရဟန်း, ထိုက်တန်လွန်း၏။

## ၈-တိတ္ထိယဝတ္ထု

၂၆၈။ န မောနေန မုနီ ဟောတိ , မူဠှရူပေါ အဝိဒ္ဒသု၊
ယော စ တုလံဝ ပဂ္ဂယှ , ဝရမာဒါယ ပဏ္ဍိတော။

၂၆၉။ ပါပါနိ ပရိဝဇ္ဇေတိ , သ မုနီ တေန သော မုနိ၊
ယော မုနာတိ ဥဘော လောကေ , မုနိ တေန ပဝုစ္စတိ။

---

[ဝိ √သု+ရ] ဝိရူပံ ဂန္ဓံ ပသဝတီတိ-ဝိဿော=ဒုဂ္ဂန္ဓော၊ သံ-ဋီ-၁၊ ၂၈၀။ ဖောက်ပြန် သောအနံ့၊ မကောင်းသောအနံ့သဖွယ်ဖြစ်သော အကုသိုလ်တရား၊ အကုသိုလ်ကာယ ကံ-စသည်၊ ကိလေသာ၊ အမျက်ဒေါသ၊ မညီညွတ်သောအကျင့်။ ပု+န ။

**သမာဒါယ=** [သံ+အာ √ဒါ+တွာ]ဆောက်တည်၍၊ ဖြည့်ကျင့်၍၊ ယူ၍။

**ဗာဟေတွာ=** [ √ဗာဟ+တွာ] စွန့်၍၊ အပပြု၍၊ ပယ်ထုတ်၍၊ ပယ်နုတ်၍။

**ဗြဟ္မစရိယဝါ=** [ဗြဟ္မစရိယ+ဝန္တု] မြတ်သောအကျင့်ရှိသော (သူ။)

**သင်္ခါယ=** [သံ √ခါ+တွာ]ကောင်းစွာပိုင်းခြားသိ၍၊ ဉာဏ်ဖြင့်ဆင်ခြင်၍။

### ၂၆၈, ၂၆၉-ပဒဝိဘာဂ

**မူဠှရူပေါ=** [မူဠှ+ရူပ] တွေဝေသောသဘောရှိသော, အချည်းနှီးသောသဘောရှိသော-(သူ။)

**မူဠှ=** [ √မုဟ+တ] အမုယှီတိ-မူဠှော၊ ရူ၊ ၆၂၁။ တွေဝေသော၊ မိန်းမောသော၊ မသိသော။

**အဝိဒ္ဒသု=** [န+ဝိဒ္ဒသု] ပညာမရှိသော၊ မသိနားမလည်သော၊ မိုက်ကန်းသော။

**ဝိဒ္ဒသု=** [ √ဝိဒ+ဒသု] ဝိဒတိ ဇာနာတီတိ-ဝိဒ္ဒသု=ဝိဒ္ဒါ၊ ပညာရှိ၊ မောဂ်-၇၊ ၂၂၀။

**အနက်** မူဠှရူပေါ-တွေဝေမိန်းမော, အချည်းနှီးသောသဘောရှိသော၊ အဝိဒ္ဒသု-ကင်းကွာအသိ, ပညာမရှိသောသူသည်၊ မောနေန-ပြောဟောကင်းကွာ, ဆိတ်ဆိတ်နေကာမျှဖြင့်၊ မုနိ-မုနိမည်သည်၊ နဟောတိ-မဖြစ်၊ ယော စ ပဏ္ဍိတော-ကြောင်းကျိုးမြင်သိ, အကြင်ပညာရှိသည်ကား၊ တုလံ ပဂ္ဂယှ-ချိန်ကို မြှောက်ချီ၍၊ (ဋ္ဌိတော ဝိယ-လိုမှုဖြည့်ရ, လွန်ကနုတ်ယူ, တည်နေသူကဲ့သို့၊ ဟုတ္ဟာ-ဖြစ်၍၊) ဝရံ-သီလစသား, မြတ်သောတရားကို၊ အာဒါယ-လျင်မြန်ကြည်ဖြူ, အရယူ၍၊ -

ပါပါနိ-အပါယ်ရောက်ကြောင်း, မကောင်းမှုအကုသိုလ်တို့ကို၊ပရိဝဇ္ဇေတိ-မကပ်မဝင်, ဖယ်ရှောင်ကြဉ်၏၊ သ-သော ပဏ္ဍိတော-ကြောင်းကျိုးမြင်သိ, ထိုပညာရှိသည်၊ မုနိ-မုနိမည်၏၊ (ကေန-အဘယ်ကြောင့်၊ မုနိ-မုနိမည်သနည်း၊) တေန-ကောင်းလျှင်ယူငင်, မကောင်းလျှင်ပယ်ရှင်း, ထိုဆိုခဲ့ပြီးသော အကြောင်းရင်းကြောင့်၊သောပဏ္ဍိတော-ထိုပညာရှိသည်၊ မုနိ-မုနိမည်၏၊ ယော-အကြင်ပုဂ္ဂိုလ်သည်၊ ဥဘောလောကေ-အဇ္ဈတ်ဗာဟိယ, ခန္ဓာစသော နှစ်ပါးသောလောကတို့ကို၊ မုနာတိ-ချိန်ပေါ်တင်လျက်, ချိန်စက်သူလား, ပိုင်းခြားတိမတ်, သိမြင်တတ်၏၊ တေန-ထိုသို့သိတတ်, ဂုဏ်သကတ်ကြောင့်၊ သော-ထိုပုဂ္ဂိုလ်ကို၊ မုနိ-မုနိဟူ၍၊ ပဝုစ္စတိ-ဆိုအပ်၏။

**မြန်မာပြန်** တွေဝေမိန်းမော အသိဉာဏ်မရှိသောသူသည် ဆိတ်ဆိတ်နေကာမျှဖြင့် မုနိမဖြစ်၊ ချိန်ခွင်ကိုကိုင်၍ ချိန်စက်သူကဲ့သို့ သီလစသောအမြတ်ကို ယူ၍-

မကောင်းမှုတို့ကိုရှောင်ကြဉ်သော ပညာရှိသည် အကောင်းကိုယူ မကောင်းမှုပယ်တတ်သောကြောင့် မုနိမည်၏၊ အတွင်းအပခန္ဓာစသော နှစ်ပါးသောလောကတို့ကို သိမြင်တတ်သော ပုဂ္ဂိုလ်ကို ယင်းသိမြင်မှု အကြောင်းပြု၍ မုနိ-ဟု ခေါ်သင့်၏။

**လင်္ကာ** တွေဝေအလွန်, သိဉာဏ်ကွာကင်း, ရဲတင်းစကား, ပြောကြားဝံ့ပါ, နှုတ်လျှာမဟ, နေရုံမျှဖြင့်, ခေါ်ကြတုံဘိ, မုနိရည်ညွှန်း, ရဟန်းသေချာ, မဟုတ်ပါတည်း၊ လွန်စွာကျွမ်းကျင်, ချိန်ခွင်ကိုင်ယူ, နေသောသူ ကား, များမှုပယ်နုတ်, ယုတ်မှုဖြည့်ကာ, ပြုကျင့်ပါသို့, ပညာရှိသူ, တစ်ဦးလူလည်း, မြတ်မှုတရား, ယူကျင့်ထား၍,-

---

**တုလံ**= [ √တုလ+အ+အာ ] တုလယတိ တောယာတိ-တုလာ။ ချိန်ခွင်၊ ထုပ်၊ လျှောက်၊ ပိုလ်တစ်ရာ။ တုလ=(စု) ဥမ္မာနေ-နှိုင်းချိန်ခြင်း၌၊ (တုလေတိ၊ တုလယတိ။)

**ပဂ္ဂယှ**= [ပ √ဂဟ+တွာ ] ကစ္စည်း၊ ၆၀၀။ ရူ၊ ၆၄၅။ ချီးမြှောက်၍၊ အားပေး၍၊ ထောက်ပံ့၍၊ ယူ၍၊ မြှောက်၍၊ ကိုင်၍။

**မုနာတိ**= [ √မုန+နာ+တိ ] အာချာတ်အရာ၌ ဓာတွန်အမြဲကြေသည်၊ ဆိတ်ဆိတ်နေ၏၊ သိ၏။

ဆိုးဝါးအကု, မကောင်းမှုကို, မပြုရှောင်ခွာ, ပယ်နုတ်ပါ၏၊ သို့သာကျင့်ဘိ, ပညာရှိသာ, မုနိရည်ညွှန်း, ရဟန်းအစစ်, တကယ်ဖြစ်၏၊ အဖျွတ် ဗာဟိယာ, နက်နှစ်ဖြာကို, ခန္ဓာစသား, လောကများမှာ, ပိုင်းခြားနိုင်ဘိ, ပညာရှိလည်း, မုနိကေန်, ဆိုထိုက်တန်၏။

## ၉-ဗာလိသိကဝတ္ထု

၂၇၀။ န တေန အရိယော ဟောတိ , ယေန ပါဏာနိ ဟိံသတိ၊
အဟိံသာ သဗ္ဗပါဏာနံ , 'အရိယော'တိ ပဝုစ္စတိ။

**(အနက်)** ယေန-အမှတ်မပြု, အကြင်တစ်စုံတစ်ခုသောအကြောင်းကြောင့်၊ ပါဏာနိ-သက်ရှိများစွာ, သတ္တဝါတို့ကို၊ ဟိံသတိ-ညှဉ်းဆဲပုတ်ခတ်, သတ်ဖြတ်တတ်၏၊ တေန-သတ္တဝါအပေါင်း, ညှဉ်းဆဲခြင်းဟူသော ထိုအကြောင်းကြောင့်၊ အရိယော-အရိယာမည်သည်၊ နဟောတိ-မဖြစ်၊ သဗ္ဗပါဏာနံ-သက်ရှိများစွာ, အလုံးစုံသော သတ္တဝါတို့ကို၊ အဟိံသာ-ကြင်နာစိတ်သွင်း, မညှဉ်းဆဲခြင်းကြောင့်၊ အရိယောတိ-အရိယဟူ၍၊ ပဝုစ္စတိ-ဆိုအပ်၏။

**(မြန်မာပြန်)** သတ္တဝါတို့ကို ညှဉ်းဆဲသတ်ဖြတ်ခြင်းကြောင့် အရိယာ(သူတော်ကောင်း) မဖြစ်၊ သတ္တဝါအကုန်လုံးတို့ကို ကြင်နာစိတ်တွင်း မညှဉ်းဆဲခြင်းကြောင့်သာ အရိယာ(သူတော်ကောင်း)ဟု ခေါ်ထိုက်သည်။

**(လင်္ကာ)** သတ္တဝါများ, ညှဉ်းဆဲငြားမူ, ထိုသူအရိယာ, မဖြစ်ပါတည်း၊ သတ္တဝါခပင်း, ညှဉ်းဆဲကင်းလျက်, မေတ္တာသက်မူ, ထိုသူကိုသာ, အရိယာဟု, မူရာအလိုက်, ခေါ်ဆိုထိုက်၏။

## ၁၀-သမ္ဗဟုလသီလာဒိသမ္ပန္နဘိက္ခုဝတ္ထု

၂၇၁။ န သီလဗ္ဗတမတ္တေန , ဗာဟုသစ္စေန ဝါ ပန၊
အထဝါ သမာဓိလာဘေန , ဝိဝိတ္တသယနေန ဝါ။

၂၇၂။ ဖုသာမိ နေက္ခမ္မသုခံ , အပုထုဇ္ဇနသေဝိတံ၊
ဘိက္ခု ဝိဿာသမာပါဒိ , အပ္ပတ္တော အာသဝက္ခယံ။

---

### ၂၇၀-ပဒဝိဘာဂ

**ဟိံသတိ=** [ √ဟိသိ+အ+တိ] ညှဉ်းဆဲ၏၊ နှိပ်စက်၏၊ ဖျက်ဆီး၏၊ သတ်ဖြတ်၏။

**သဗ္ဗပါဏာနံ=** [သဗ္ဗ+ပါဏ] အလုံးစုံသောသတ္တဝါ။

### ၂၇၁၊ ၂၇၂-ပဒဝိဘာဂ

**သီလဗ္ဗတမတ္တေန=** [သီလဗ္ဗတ+မတ္တ] သီလနှင့်ဝတ်အကျင့်မျှ, သီလစင်ကြယ်ရုံမျှ ဝတ်ကျင့်ရုံမျှ။

**ဗာဟုသစ္စေန=** [ဗဟုသုတ+ဏျ] ဗဟုသုတဿ ဘာဝေါ-ဗာဟုသစ္စံ၊ တေသုဝုဒ္ဓိတိအာဒိနာ

**အနက်** သီလဗ္ဗတမတ္တေန–သီလဖြူစင်, ဓုတင်ကျင့်ဝတ်, မယွင်းချွတ်စေရုံမျှဖြင့်လည်းကောင်း၊ ဗာဟုသစ္စေန ဝါ ပန–သုံးပုံပိဋကတ်, တရားမြတ်ကို, ဆည်းကပ်များပြား, သင်ယူထားရုံမျှဖြင့်လည်းကောင်း၊ အထ–ထိုမှတစ်ပါး၊ သမာဓိလာဘေန ဝါ–လောကီစျာန်မြတ်, သမာပတ်ရှစ်ပါး, ရရှိထားခြင်းမျှဖြင့်လည်းကောင်း၊ ဝိဝိတ္တသယနေန ဝါ–ဖော်ပေါင်းကွာကင်း, ဆိတ်ငြိမ်ရာတောကျောင်း၌ နေခြင်းမျှဖြင့်လည်းကောင်း၊–

အပုထုဇ္ဇနသေဝိတံ–ကိလေသာပြောထူ, ပုထုဇဉ်ဖြစ်သူတို့ မမှီဝဲအပ်သော၊ နေက္ခမ္မသုခံ–ကာမမှထွက်မြောက်ရာ, အနာဂါမိဖိုလ်ချမ်းသာကို၊ ဖုသာမိ–ကောင်းစွာ မသွေ့, ငါရောက်ရှိနေပေ၏၊ (ဣတိ တွေ့ကမတ္တေန ဝါ–ဤသို့သေချာ, အနာဂါမိဖိုလ် ချမ်းသာကို ရရှိရုံမျှဖြင့်လည်းကောင်း၊) ဘိက္ခု–သံသရာဘေး, လာမည့်ရေးကို, ကြိုတွေး ကြောက်သူ, ရဟန်းရှင်လူသည်၊ အာသဝက္ခယံ–အာသဝလေးတန်, ကုန်လွန်သွားရာ, အရဟတ္တဖိုလ် ချမ်းသာသို့၊ အပ္ပတ္တော သမာနော–အာသာကင်းဝေး, မရောက်သေးလတ် သော်၊ ဝိဿာသံ–ငါ့ဘဝများ, နည်းပါးသွားဟု, အားထားယုံကြည်ခြင်းသို့၊ န အာပါဒိ–ဉာဏ်မြင်ထောက်ချင့်, မရောက်စေသင့်ပါပေ။

**မြန်မာပြန်** သီလဖြူစင် ဓုတင်ကျင့်ရုံမျှဖြင့်လည်းကောင်း, စျာန်သမာဓိကို ရရုံမျှဖြင့်လည်းကောင်း, ဆိတ်ငြိမ်ရာတောကျောင်း၌ နေရုံမျှဖြင့်လည်းကောင်း, –

ပုထုဇဉ်တို့ မရအပ်သော အနာဂါမိဖိုလ်ချမ်းသာကို ရထားရုံမျှဖြင့်လည်းကောင်း, (သံသရာဘေးကို ကြိုတွေးကြောက်သူ) ရဟန်းရှင်လူသည် အရဟတ္တဖိုလ်ချမ်းသာကို မရသေးဘဲ ဘဝနည်းသွားပြီဟု အားထားယုံကြည်မနေသင့်။

---

ဥကာရဿ အကာရော။ ရူ၊ ၃၈၇။ များသောအကြားအမြင်ရှိသူ၏အဖြစ်၊ အကြားအမြင်များခြင်း။

**သမာဓိလာဘေန**= [သမာဓိ+လာဘ] စျာန်သမာဓိကိုရခြင်း၊ သမာဓိကိုရကာမျှ။

**ဝိဝိတ္တသယနေန**= [ဝိဝိတ္တ+သယန] ဆိတ်ငြိမ်ရာတောကျောင်း၌ နေခြင်း။

**ဝိဝိတ္တ**= [ဝိ √ဝိစ+တ] ဝိစ–ဝိဝေစနေ, ဝိပုဗ္ဗော၊ ဝိဝိစ္စိတိ–ဝိဝိတ္တော၊ ရူ၊ ၆၁၄။ ကင်းဆိတ်သော၊ တစ်ခုတည်းဖြစ်သော။

**သယန**= [ √သိ+ယု] အိပ်ခြင်း, လျောင်းခြင်း, နေခြင်း။

**နေက္ခမ္မသုခံ**= [နေက္ခမ္မ+သုခ] နေက္ခမ္မေ သုခံ–နေက္ခမ္မသုခံ၊ အနာဂါမိဖိုလ်ချမ်းသာ။

**အပုထုဇ္ဇနသေဝိတံ**= [န+ပုထုဇ္ဇနသေဝိတ] ပုထုဇဉ်တို့သည် မမှီဝဲအပ်သော။
[အပုထုဇ္ဇန+သေဝိတ] ပုထုဇဉ်မဟုတ်သူအရိယာတို့သာ မှီဝဲအပ်သော။

**ပုထုဇ္ဇနသေဝိတ**= [ပုထုဇ္ဇန+သေဝိတ] ပုထုဇ္ဇနေဟိ သေဝိတံ–ပုထုဇ္ဇသေဝိတံ၊ ပုထုဇဉ်တို့မှီဝဲအပ်သော။

**လင်္ကာ** ငါကား သာမည, မဟုတ်ရတည်း၊ သီလကျင့်ဝတ်, ဖြည့်ကျင့်တတ်၏၊ ပိဋကတ်သုံးဖြာ, သင်ထားပါ၏၊ ရှစ်ဖြာဈာန်များ, ရရှိထား၏၊ စွန်ဖျားတောကျောင်း, နေကိန်းအောင်း၏။-

စုပေါင်းများဖြင့်,ပုထုဇဉ်များ, ခံစားခြင်းငှာ, မထိုက် ပါသည့်, အနာဂါမိ, ဖိုလ်ရရှိ၏၊ ရရှိပေါက်ရောက်, ဉာဏ်မျှလောက်ဖြင့်, မရောက်အရဟတ်, ဖြစ်ပါလတ်မူ, ဝဋ်ဘဝမှာ, ကျွမ်းဝင်ကာဖြင့်, မနေသင့်တည်း။

# ၂၀-မဂ္ဂဝဂ္ဂ

## ၁-ပဉ္စသတဘိက္ခုဝတ္ထု

၂၇၃။ မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော , သစ္စာနံ စတုရော ပဒါ၊
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ , ဒွိပဒါနဉ္စ စက္ခုမာ။

၂၇၄။ ဧသေဝ မဂ္ဂေါ နတ္ထညော , ဒဿနဿ ဝိသုဒ္ဓိယာ၊
ဧတဉှိ တုမှေ ပဋိပဇ္ဇထ , မာရဿေတံ ပမောဟနံ။

၂၇၅။ ဧတဉှိ တုမှေ ပဋိပန္နာ , ဒုက္ခဿန္တံ ကရိဿထ၊
အက္ခာတော ဝေါ မယာ မဂ္ဂေါ , အညာယ သလ္လကန္တနံ။

၂၇၆။ တုမှေဟိ ကိစ္စမာတပ္ပံ , အက္ခာတာရော တထာဂတာ၊
ပဋိပန္နာ ပမောက္ခန္တိ , ဈာယိနော မာရဗန္ဓနာ။

**အနက်** မဂ္ဂါနံ-ခြေလမ်း လှည်းလမ်း,မိစ္ဆာလမ်းစသား, လမ်းအများတို့တွင်၊ အဋ္ဌင်္ဂိကော-သမ္မာဒိဋ္ဌိ,အစရှိသား, ရှစ်ပါးအင်္ဂါ, အပြည့်ပါသော မဂ္ဂင်လမ်းခရီးသည်၊ သေဋ္ဌော-အလွန်အကြူး, ချီးကျူးပေအပ်, ကောင်းမြတ်လှပေ၏၊ သစ္စာနံ-ဝစီသမ္မုတိ, ဒိဋ္ဌိစသား, သစ္စာများတို့တွင်၊ စတုရောပဒါ-ဒုက္ခ အရိယသစ္စ, စခံမိန့်ထုတ်, လေးပါးသော ပုဒ်တို့သည်၊ ဝါ-သိပယ်ဆိုက်ပွား, သိထားအပ်, ဒုက္ခ အရိယသစ္စ-စသောလေးပုဒ်တို့သည်၊ သေဋ္ဌာ-အလွန်အကြူး, ချီးကျူးပေအပ်, ကောင်းမြတ်လှကုန်၏၊ ဓမ္မာနံ-

---

**သေဝိတ**= [ √သေဝ+တ ] မှီဝဲအပ်သော။

**အာပါဒိ**= [အာ √ပဒ+ဏေ+ဤ] ရောက်စေပြီ။

**အပ္ပတ္တော**= [န+ပတ္တ] မရောက်သော၊ မရောက်သေးသော။

**၂၇၃, ။ ပ ။ ၂၇၆-ပဒဝိဘာဂ**

**စတုရော**= [စတု+ယော] ပုံလိင်၌ စတုသဒ္ဒါကို ယောဝိဘတ်နှင့်တကွ စတုရောပြု၊ (စတုရောပဒါ၌ လိင်္ဂဝိပလ္လာသ ကြံပါ၊) မောဂ်-၂၊ ၂၀၈။

**ဝိရာဂေါ**= [ဝိ √ရန္စ+ဏ] သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်၊ အရိယမဂ်၊ လွတ်မြောက်ခြင်း။

သင်္ခတာသင်္ခတ, စသည်ကွဲပြား, တရားများတို့တွင်၊ ဝိရာဂေါ-ရာဂကင်းလွတ်, နိဗ္ဗာန် တရားတော်မြတ်သည်၊ သေဋ္ဌော-အလွန်အကြူး, ချီးကျူးထပ်ထပ်, ကောင်းမြတ်လှပေ၏၊ ဒွိပဒါနဉ္စ-ခြေနှစ်ချောင်းရှိသူ, နတ်လူတို့တွင်လည်း၊ စက္ခုမာ-စက္ခုငါးပါး, ရှိတော်မူသော မြတ်စွာဘုရားသည်၊ သေဋ္ဌော-အလွန်အကြူး, အထူးအားဖြင့်, ချီးမွမ်းအပ်ပေ၏။

ဒသ္သနသ္မ-နိဗ္ဗာနဓာတ်ကို အာရုံပြုသောအားဖြင့် မြင်တတ်သော မဂ်ဖိုလ်၏၊ ဝိသုဒ္ဓိယာ-ညစ်ကြေးမတွယ်, စင်ကြယ်စိမ့်သောငှာ၊ ဧသော၀-မြတ်ဆုံးမိန့်မြွက်, ဤအင္ဂါက မဂ်သည်သာလျှင်၊ မဂ္ဂေါ-မတိမ်းမစောင်း, ဖြောင့်မတ်သော ခရီးကောင်း ပေတည်း၊ အညော-အင်္ဂါက, မဂ်မှတစ်ပါး, အခြားသောလမ်းခရီးသည်၊ နတ္ထိ-မရှိပေ၊ ဧတံဟိ-အင်္ဂါက,မဂ္ဂခေါ်ညွှန်း, ဤခရီးလမ်းကိုသာလျှင်၊ တုမှေ-သင်တို့သည်၊ ပဋိပဇ္ဇထ-မလွဲမသုန်, သွားကြကုန်လော့၊ ဧတံ-ဤအင်္ဂါက, ခရီးလမ်းမအတိုင်းသွားခြင်းသည်၊ မာရဿ-မာရ်နတ်ကို၊ ပမောဟနံ-တွေဝေစေခြင်းသည်၊ ဟောတိ-ဖြစ်၏။

ဧတံ ဟိ-အင်္ဂါက, မဂ္ဂခေါ်ညွှန်း, ဤခရီးလမ်းကိုသာလျှင်၊ ပဋိပန္နာ-မလွဲမသုန်, သွားကြကုန်သော၊ တုမှေ-သင်တို့သည်၊ ဒုက္ခဿ-တေဘူမက, ဝဋ်ဒုက္ခ၏၊ အန္တံ-ချုပ်ပျောက်ယိုယွင်း, ကုန်ဆုံးခြင်းကို၊ ကရိဿထ-မုချပိုင်ပိုင်, ပြုနိုင်ကြပေလိမ့်မည်၊ သလ္လ ကန္တနံ-မြားငြောင့်အလား, ရာဂ-စသောတရားကို နုတ်ဖြတ်ပယ်ရှားကြောင်း အရိယ မဂ်ကို၊ အညာယ-ကိုယ်တိုင်ထင်ထင်, သိမြင်ပြီး၍၊ မယာ-သင်တို့ဆရာ ငါ ဘုရားသည်၊ ဝေါ-သင်တို့အား၊ မဂ္ဂေါ-အင်္ဂါက စစ်မှန်သောခရီးလမ်းမကို၊ အက္ခာတော-ကိုယ်တွေ့ ထုတ်ဖော်, ဟောကြားတော်မူအပ်ခဲ့ပြီ။

---

**ဒွိပဒါနံ**= [ဒွိ+ပဒ] ခြေနှစ်ချောင်းရှိသော၊ နှစ်ပုဒ်, နှစ်ဝါကျရှိသော။

**စက္ခုမာ**= [စက္ခု+မန္တု] စက္ခုနိ အဿ သန္တိတိ-စက္ခုမာ။ စက္ခုငါးပါးရှိတော်မူသောဘုရား၊ -စသည်။

**စက္ခု**= [ √စက္ခ+ဏု ] စက္ခ-ဝိယတ္တိယံ ဝါစာယံ၊ စက္ခတီတိ-စက္ခု၊ မျက်စိ။ ရူ၊ ၆၅၁။
[ √စက္ခ+ဥ ] စက္ခတိ ရူပန္တိ-စက္ခု=နယနံ၊ မျက်စိ၊ မောဂ်-၇၊ ၂။ စက္ခ=(ဘု) ဒဿန ဝါစဿာဒဝိဘာဝေသု-ကြည့်ရှုခြင်း, ဆိုခြင်း, သာယာခြင်း, ထင်စွာပြုခြင်းတို့၌၊ (စက္ခတိ။)

**ပဋိပဇ္ဇထ**= [ပဋိ √ပဒ+ယ+ထ] သွားကြကုန်လော့၊ ကျင့်ကြကုန်လော့။

**ပမောဟနံ**= [ပ √မုဟ+ယု] တွေဝေကြောင်းဖြစ်သော၊ တွေဝေစေတတ်သော၊ နှိမ်နင်းနှိပ်စက် အပ်သော။

**ပဋိပန္နာ**= [ပတိ √ပဒ+တ] သွားကြသော၊ ကျင့်ကြသော။

**အညာယ**= [အာ √ဉာ+တွာ] သိ၍။

**သလ္လကန္တနံ**= [သလ္လ+ကန္တန] သလ္လာနံ ကန္တနံ-သလ္လကန္တနံ၊ ရာဂစသောငြောင့်ကို နုတ်ကြောင်း မဂ်။

တုမှေဟိ-သင်တို့သည်၊ အာတပ္ပံ-ကိလေသာတွေ, ပူပန်စေတတ်, ပယ်သတ်တတ်သော လုံ့လကို၊ ကိစ္စံ-စွဲမြဲထပ်ထပ်, ပြုကျင့်အပ်၏၊ တထာဂတာ-ရှေးဘုရားတို့နည်းတူ, လာတော်မူကြား, ရှင်တော်မြတ်ဘုရားတို့သည်၊ အက္ခာတာရော-ကျင့်စဉ်မှန်ကို လမ်းညွှန်ဟောကြားရုံသာ ဟောကြားတတ်ကြကုန်၏၊ ပဋိပန္နာ-လွဲဖယ်မသုဉ် လိုက်နာကျင့်ကြကုန်သော၊ ဈာယိနော-အာရုမ် လက္ခဏာ, နှစ်ပါးသော ဈာန်ရှိကြသူတို့သည်၊ မာရဗန္ဓနာ-မာရ်မင်းဖွဲ့နှောင်, ဝဋ်သုံးဆောင်မှ၊ ပမောက္ခန္တိ-မှန်စွာမသွေ, လွတ်မြောက်ကြလေ၏။

(မြန်မာပြန်) လမ်းအများတို့တွင် အင်္ဂါရှစ်ပါးရှိသောလမ်း(အဋ္ဌင်္ဂိကမဂ်)သည် အမြတ်ဆုံးဖြစ်၏၊ သစ္စာအများတို့တွင် သစ္စာလေးပါးသည် အမြတ်ဆုံးဖြစ်၏၊ တရားအများတို့တွင် ရာဂကင်းရာနိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်၏၊ အခြေနှစ်ချောင်းရှိသူ နတ်လူဗြဟ္မာ သတ္တဝါတို့တွင် စက္ခုငါးပါးသခင် ဘုရားရှင်သည် အမြတ်ဆုံးဖြစ်၏။

မဂ်ဉာဏ် ဖိုလ်ဉာဏ် စင်ကြယ်ရန်အတွက် ဤအင်္ဂါရှစ်ပါးရှိသော လမ်းသည်သာလျှင် လမ်းမှန်လမ်းဖြောင့်ဖြစ်၏၊ အခြားလမ်းမရှိပေ၊ သင်တို့သည် ဤလမ်းမှန်ကိုသာ လိုက်ကြကုန်လော့၊ ဤလမ်းသည် မာရ်မင်းတွေဝေရာလမ်းပေတည်း။

သင်တို့သည် ဤလမ်းကို လိုက်ကြလျှင် ဆင်းရဲအဆုံးသို့ ရောက်ကြကုန်လတ္တံ့၊ မြားငြောင့်သဖွယ်ဖြစ်သည့် ရာဂစသည်တို့ကို ပယ်နုတ်ကြောင်းလမ်းမှန်ကို ကိုယ်တိုင်သိ၍ ဤအဋ္ဌင်္ဂိကမဂ်ဟူသော လမ်းမှန်ကို သင်တို့အား ငါဟောကြားတော်မူ၏။

သင်တို့ကိုယ်တိုင် အားထုတ်ကြလော့၊ ဘုရားရှင်တို့သည် လမ်းကိုညွှန်ကြားရုံသာ ညွှန်ကြားတတ်ကုန်၏၊ ညွှန်ပြသည့်အတိုင်း လိုက်နာကျင့်ကြ၍ ဈာန်နှစ်ပါးကို ရရှိသူတို့သည် ဝဋ်သုံးပါးမှ လွတ်မြောက်ကြရကုန်၏။

---

**သလ္လ**= [ √သလ+လ ] သလတိ ဂစ္ဆတိ ပဝိသတီတိ-သလ္လံ၊ ကစ္စည်း၊ ၆၃၂။ ရူ၊ ၆၅၆။ မြား၊ ငြောင့်။ သလ=(ဘူ) စလန သံဝရ ဂတီသု-တုန်လှုပ်ခြင်း စောင့်စည်းခြင်း, သွားခြင်းတို့၌။ (သလတိ။)

[သလ္လ+က]အဆိပ်လူးသောမြားနှင့်တူသော, ဆူးငြောင့်နှင့်တူသော၊တဏှာမာနဒိဋ္ဌိ-စသည်။

**ကန္တန**= [ √ကတိ+ယု ]နုတ်ခြင်း၊ ဖြတ်ခြင်း၊(နုတ်ကြောင်း၊) ကတိ=(ရု) ဝေဌနဆေဒနေသု-ရစ်ပတ်ခြင်း, ဖြတ်ခြင်းတို့၌၊ (ကန္တတိ။)

**အာတပ္ပံ**= [ အာ √တပ+ဏျ ]အာ ဘုသော ကာယံ စိတ္တဉ္စ တာပေတီတိ-အာတပ္ပော၊ တပ သန္တာပေ၊ ဓာန်-ဋီ၊ ၁၅၆။ သူစိ-၌ အာပုဗ္ဗော တပ-သန္တာပေ၊ ဏော-ဟု ဆိုထားသည်။ ကိလေသာတို့ကို ပူပန်စေတတ်, လောင်ကျွမ်းစေတတ်, ပယ်သတ် တတ်သောလုံ့လဝီရိယ။

**အာက္ခာတာရော**=[အာ √ခါ+တု ] ဟောကြားတတ်သော, ပြောဆိုတတ်သော။

**တထာဂတာ**=[တထာ+အာဂတ ] ဘုရား၊ ဤကား သိသာရုံမျှသာ၊ အကျယ်ကို ဒီ-ဋ-၁၊

**လက်ာ** လောကထင်ရှား, လမ်းစဉ်များတွင်, ရှစ်ပါးအင်္ဂါ, အပြည့်ပါသည့်, လမ်းမှာ အစစ်, မြတ်ဆုံးဖြစ်၏၊ သစ္စာဟူငြား, အမှန်များတွင်, လေးပါးသစ္စာ, မွန်မြတ်ပါ၏၊ သဘာဝဓမ္မ, ရှိသမျှတွင်, ရာဂကင်းလွတ်, နိဗ္ဗာန်ဓာတ်သာ, လွန်မြတ်ပါ၏၊ များစွာပြားလတ်, လူနတ်ဗြဟ္မာ, သတ္တဝါတွင်, ပညာမျက်စိ, အမြင်ရှိသား, ဘုရားကသာ, လွန်မြတ်ပါ၏။

မဂ်ဖိုလ်ဉာဏ်မြင်, စင်ကြယ်ဖို့ရာ, အင်္ဂါရှစ်ပါး, ရှိထားလမ်းမ, မှန်ကန်လှ၏၊ ဤမှ တစ်ပါး, အခြားလမ်းမှန်, မရှိပြန်တည်း၊ လမ်းမှန်ကိုသာ, လိုက်ကြပါလော့၊ သေချာမှန်လှ, ဤလမ်းမကား, မာရတွေဝေ, လမ်းမပေတည်း။

မသွေမလှန်, လမ်းမှန်တိုင်းသာ, သွားကြပါလျှင်, ဝဋ်မှာယှဉ်တွဲ, ဆင်းရဲဆုံးရာ, ရောက်ကြပါလိမ့်၊ ရာဂစသား, ဆူးငြောင့်များတို့, ရှင်းသွားမကျန်, လမ်းစဉ်မှန်ကို, ကေန် တိတိ, ကိုယ်တိုင်သိ၍, မိမိရရ, ငါကသနား, သင်တို့အားလျှင်, ဟောကြားလမ်းညွှန်, ပြခဲ့ပြန်၏။

သင်တို့ ပြင်းပြ, အားထုတ်ကြလော့၊ လောကထွတ်ထား, ဘုရားများက, လမ်းမှန်မျှသာ, ညွှန်ပြပါ၏၊ လိုက်နာအမှန်, ကျင့်ကြပြန်လျှင်, ဈာန်သမာပတ်, ရရှိလတ်၍, မာရ်နတ်ဖွဲ့နှောင်, ဝဋ်သုံးဆောင်မှ, ခွာရှောင်မုချ, လွတ်မြောက်ကြလိမ့်။

## ၂-အနိစ္စလက္ခဏာဝတ္ထု

၂၇၇။ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ , ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ , ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

**အနက်** သဗ္ဗေ-တစ်ခုမကြွင်း, ခပင်းဥဿုံ , အလုံးစုံကုန်သော၊ သင်္ခါရာ-ကံစိတ်ဥတု, ကြောင်းလေးဖြာတို့, ကောင်းစွာပြုဖန်, ရုပ်နာမ်ဓမ္မ, သင်္ခါရတို့သည်၊ အနိစ္စာ-ဖြစ်ပြီးပျက်ရ, သဘာဝကြောင့်, အမြဲမရှိကြလေကုန်၊ ဣတိ-ဤသို့၊ ယဒါ-တရားအလုပ်, ကြိုးအားထုတ်ရာ, အကြင်အခါ၌၊ ပညာယ-ဝိပဿနာ, ဉာဏ်ပညာဖြင့်၊ ပဿတိ-

---

၁၅၉။ အံ-၄-၁၊ ၈၀။ စသည်တို့၌ရှုပါ။

[တထာ+အာဂတ[၁]။ တထာ+ဂထ[၂]။ တထ+အာဂတ[၃]။ တထ+ဂတ[၄]။ တထာ+ဂတ[၅]။ တထ+ဂတ(ဂဒ[၆])။ တထာ+ဂတ။ တယ+အဂဒ]ဟုပုဒ်ခွဲ၍ အနက်အမျိုးမျိုး ကြံစည်ထားသည်ကို တွေ့ရပါလိမ့်မည်။

**ပမောက္ခန္တိ**= [ပ √မောက္ခ+အ+အန္တိ ] လွတ်မြောက်နိုင်ကြကုန်၏။

၂၇၇-ပဒဝိဘာဂ

**အနိစ္စာ**= [န+နိစ္စ] မမြဲသော၊ အမြဲမရှိသောတရား-ခန္ဓာငါးပါး။

**နိစ္စ**= [န+ဣစ္စ] နာသဘာဝေန န ဣစ္စံ န ဂန္တဗ္ဗံ-နိစ္စံ။ နာသံ ဝါ န ဂစ္ဆတီတိ-နိစ္စံ။ ဓာန်-ဋီ၊ ၄၁။ အမြဲ။

ကောင်းစွာထင်ထင်, ရှုမြင်လေ၏၊ အထ-ဉာဏ်ဖြင့်ထင်ထင်, ထိုသို့ရှုမြင်ရာအခါ၌၊ ဝါ-ဉာဏ်ဖြင့်ထင်ထင်, ယင်းသို့ရှုမြင်လတ်သော်၊ ဒုက္ခေ-ဖြစ်ပျက်မစဲ, ဤခန္ဓာကိုယ်ကို ဆောင်ရခြင်းဟူသောဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ-မခင်တွယ်မနှစ်သက်, ငြီးငွေ့စိတ်ပျက်လေတော့၏၊ ဧသ သော-မခင်တွယ် မနှစ်သက်, ဤသို့ငြီးငွေ့စိတ်ပျက်ခြင်းသည်၊ ဝိသုဒ္ဓိယာ-ကိလေညစ်ကြေး, ဖြူဖွေးစင်ကြယ်ခြင်း၏၊ မဂ္ဂေါ-မတိမ်းမစောင်း, လမ်းခရီးကောင်းပေတည်း။

(မြန်မာပြန်) "အကြောင်းတရားတို့က ပြုပြင်အပ်ကုန်သော ရုပ်နာမ်ဓမ္မ သင်္ခါရအားလုံးတို့သည် အမြဲမရှိကုန်"ဟု ဝိပဿနာ ဉာဏ်ပညာဖြင့် အမှန်သိမြင်လာသော အခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏၊ ဤသို့ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ခြင်း၏ လမ်းကြောင်းဖြစ်ပေသည်။

(လင်္ကာ) "အကြောင်းတရား, ပြုပြင်ထားသည့်, တစ်ပါးမကျန်, ရုပ်နှင့်နာမ်မှာ, မမြဲပါ"ဟု, ကောင်းစွာထင်ထင်, ဉာဏ်ဖြင့်မြင်လျှင်, ဝဋ်တွင်လွန်စွာ, ငြီးငွေ့လာ၏၊ လွန်စွာထန်ပြင်း, ငြီးငွေ့ခြင်းကား, သန့်ရှင်းနိဗ္ဗာန်, သွားလမ်းမှန်၏။

## ၃-ဒုက္ခလက္ခဏဝတ္ထု

၂၇၈။ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ , ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ , ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(အနက်) သဗ္ဗေ-ကြွင်းမဲ့ဥဿုံ, အလုံးစုံကုန်သော၊ သင်္ခါရာ-ကံစိတ်ဥတု, အာဟာရ, ကြောင်းလေးဖြာကြောင့်, ဖြစ်လာရပြန်, ရုပ်နာမ်ဓမ္မ, သင်္ခါရတို့သည်၊ ဒုက္ခာ-မတည်အမြဲ, ဆင်းရဲကုန်၏၊ ဣတိ-ဤသို့၊ ယဒါ-ဝိပဿနာဉာဏ်, ရင့်သန်လာရာ, အကြင်အခါ၌၊ ပညာယ-ဝိပဿနာ, ဉာဏ်ပညာဖြင့်၊ ပဿတိ-ကောင်းစွာထင်ထင်, ရှုမြင်တော့၏၊ အထ-ဉာဏ်ဖြင့်ထင်ထင်, ထိုသို့ရှုမြင်ရာအခါ၌၊ ဒုက္ခေ-ဤကိုယ်ကောင်ကို, ဆောင်ရအမြဲ, သံသရာဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ-မခင်တွယ် မနှစ်သက်, ငြီးငွေ့စိတ်ပျက်လေတော့၏၊ ဧသ သော-ယင်းသို့နှစ်သက်ခြင်းကင်း, ငြီးငွေ့စိတ်ပျက်ခြင်းသည်၊ ဝိသုဒ္ဓိယာ-ကိလေညစ်ကြေး, ဖြူဖွေးသင်ကြယ်ခြင်း၏၊ မဂ္ဂေါ-မတိမ်းမစောင်း, လမ်းခရီးကောင်းပေတည်း။

(မြန်မာပြန်) "အကြောင်းတရားတို့က ပြုပြင်အပ်ကုန်သော ရုပ်နာမ်ဓမ္မ သင်္ခါရအားလုံးတို့သည် ဆင်းရဲကုန်၏"ဟု ဝိပဿနာ ဉာဏ်ပညာဖြင့် အမှန်သိမြင်သော အခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏၊ ဤသို့ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ခြင်း၏ လမ်းကြောင်းအစစ် ဖြစ်ပေသည်။

---

[ √နိတ+ယ ] နိတန့်-နိစ္စံ၊ မြဲခြင်း၊ နိတတီတိ-နိစ္စော၊ မြဲသောအရာ။ ရှု၊ ၆၆၀-ကိုလည်းရှု။

**ဣဋ္ဌ**=[ √ဣဋ္ဌ+ဏျ ] သွားအပ်၏၊ ဣဋ္ဌ=(ဘူ) ဂတိယံ-သွားခြင်း၌၊ (ဣဋ္ဌတိ၊ ဧတိ။)

**နိဗ္ဗိန္ဒတိ**=[နိ √ဝိဒ+အ+တိ] နိဂ္ဂဟိတ်လာ၊ မနှစ်သက်၊ ငြီးငွေ့၏။

(လင်္ကာ) "အကြောင်းတရား, ပြုပြင်ထားသည့်, တစ်ပါးမကျန်, ရုပ်နှင့်နာမ်မှာ, ဆင်းရဲသာ"ဟု, ကောင်းစွာထင်ထင်, ဉာဏ်ဖြင့်မြင်လျှင်, ဝဋ်တွင်လွန်စွာ, ငြီးငွေ့လာ၏၊ လွန်စွာထန်ပြင်း, ငြီးငွေ့ခြင်းကား, သန့်ရှင်းနိဗ္ဗာန်, သွားလမ်းမှန်၏။

## ၄-အနတ္တလက္ခဏဝတ္ထု

၂၇၉။ သဗ္ဗေ ဓမ္မာ အနတ္တာတိ , ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ , ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(အနက်) သဗ္ဗေ-တစ်ခုမကြွင်း, ခပင်းဥဿုံ, အလုံးစုံကုန်သော၊ ဓမ္မာ-ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့သည်၊ အနတ္တာ-မအိုပါလို, မသေလိုလည်း, လိုရှိတိုင်းသာ, မလိုက်ပါ၍, သာမိကင်းပ, အစိုးမရကုန်၊ ဣတိ-ဤသို့၊ ယဒါ-ဉာဏ်မြင်ရင့်လာ, အကြင်အခါ၌၊ ပညာယ-ဝိပဿနာ, ဉာဏ်ပညာဖြင့်၊ ပဿတိ-ကောင်းစွာထင်ထင်, ရှုမြင်ရတော့၏၊ အထ-ဉာဏ်ဖြင့်ထင်ထင်, ရှုမြင်ရရာ, ထိုအခါ၌၊ ဒုက္ခေ-ဒုက္ခများမြောင်, ဤကိုယ်ကောင်ကို, ဆောင်ရအမြဲ, သံသရာဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ-မခင်တွယ် မနှစ်သက်, ငြီးငွေ့စိတ်ပျက်လေတော့၏၊ ဧသ ဧသော-နှစ်သက်ခြင်းကင်း, ယင်းသို့ငြီးငွေ့စိတ်ပျက်ခြင်းသည်၊ ဝိသုဒ္ဓိယာ-ကိလေညစ်ကြေး, ဖြူဖွေးရာမှန်, မြတ်နိဗ္ဗာန်၏၊ မဂ္ဂေါ-မတိမ်းမစောင်း, လိုက်ရမည့် ခရီးကောင်းပေတည်း။

(မြန်မာပြန်) "ခန္ဓာငါးပါး အလုံးစုံသော ရုပ်နာမ်တရားတို့သည် အလိုသို့မလိုက်၊ အစိုးမရကုန်"ဟု ဝိပဿနာ ဉာဏ်ပညာဖြင့် အမှန်ကိုသိမြင်သောအခါသံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏၊ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ခြင်း၏ လမ်းကြောင်းအစစ် ဖြစ်ပေသည်။

(လင်္ကာ) "ရှိရှိသမျှ, သဘာဝဟု,တရားစုကား, ပိုင်မူကိုယ့်ဟာ, မဟုတ်ပါ"ဟု, ကောင်းစွာထင်ထင်, ဉာဏ်ဖြင့်မြင်လျှင်, ဝဋ်တွင်လွန်စွာ, ငြီးငွေ့လာ၏၊ လွန်စွာထန်ပြင်း, ငြီးငွေ့ခြင်းကား, သန့်ရှင်းနိဗ္ဗာန်, သွားလမ်းမှန်၏။

---

## ၂၇၉-ပဒဝိဘာဂ

**အနတ္တာ=** [န+အတ္တ] တိတ္တိတို့ ကြံဆအပ်သော အတ္တမဟုတ်သော၊ အတ္တမရှိသော။ လိင် ၃-ပါး ပဌမာဧကဝုစ်-ဗဟုဝုစ်၌ အနတ္တာ၊ လိင် ၃-ပါး ဒုတိယာဧကဝုစ်၌ အနတ္တံ, အနတ္တာနံ၊ ပုလ္လိင် ဒုတိယာဗဟုဝုစ်၌ အနတ္တေ၊ ပုလ္လိင် တတိယာဧကဝုစ်၌ အနတ္တနာ၊ ပုလ္လိင် သတ္တမီဧကဝုစ်၌ အနတ္တနိ-ဟု ပါဠိတော်တို့၌ရုပ်ရှိသည်၊ မောဂ်-၃၊ ၅၀-သုတ်၊ နိဿယအောက်ခြေမှတ်ချက်ကိုလည်း ရှုပါ။

(ပဥ္စကနိပါတ်- အဋ္ဌကထာ) နိဗ္ဗာန်လည်း အနတ္တပင်ဖြစ်သောကြောင့် သဗ္ဗေ ဓမ္မာ အနတ္တာ-ဟု ဟောတော်မူသည်၊ အတ္တ-ဟူသည်ကား အနတ္တစင်စစ်ဖြစ်သော ခန္ဓာငါးပါး၌ စွဲလမ်းအားကြီး၍ သမင်ငယ်သည် ကျားမကို အမိ-ဟု ထင်မှားသကဲ့သို့ ထင်မှား

## ၅-ပဓာနကမ္မိကတိဿတ္ထေရဝတ္ထု

၂၈၀။ ဥဋ္ဌာနကာလမှိ အနုဋ္ဌဟာနော , ယုဝါ ဗလီ အာလသိယံ ဥပေတော၊
သံသန္နသင်္ကပ္ပမနော ကုသီတော , ပညာယ မဂ္ဂံ အလသော န ဝိန္ဒတိ။

(အနက်) ယုဝါ-ပျိုမျစ်နုနယ်, ပဌမအရွယ်၌တည်သော၊ ဗလီ-ကိုယ်အား ဉာဏ်အား, တိုးပွားစည်ပင်မှုရှိသည်၊ ဟုတ္ဂာ-ဖြစ်ပါလျက်၊ ဥဋ္ဌာနကာလမှိ-ထကြွလုံ့လ ပြုသင့်ရာကာလ၌၊ အနုဋ္ဌဟာနော-ထကြွလုံ့လ, ဝီရိယမပြုသော၊ အာလသိယံ-နေ့ကွေး ပြုမှု, ပျင်းရိသူ၏အဖြစ်နှင့်၊ ဥပေတော-စားပြီးအိပ်နေ, ပြည့်စုံလှပေသော၊ (တစ်နည်း= အာလသိယံ-နေ့ကွေးပြုမှု, ပျင်းရိသူ၏အဖြစ်သို့၊ ဥပေတော-စားပြီးအိပ်နေ, ကပ်ရောက် လေသော၊) သံသန္နသင်္ကပ္ပမနော-ဖောက်ပြန်ဆိုးဝါး, ဝိတက်များက, ထူးခြားပြင်းထန်, လွှမ်းမိုးနှိပ်စက်အပ်သော စိတ်အကြံရှိသော၊ ကုသီတော-အလသော-ထကြွလုံ့လ, ဝီရိ ယကင်း, အလွန်ပျင်းသောသူသည်၊ ပညာယ-လောကုတ္တရာ, မဂ်ပညာဖြင့်၊ (ဒဋ္ဌဗ္ဗံ- ကိုယ်တိုင်ကိုယ်ကြပ်, ရှုမြင်အပ်သော၊) မဂ္ဂံ-ပုထုဇဉ်တို့, သိမြင်ခဲခက်, အရိယမဂ်ကို၊ နဝိန္ဒတိ-ဉာဏ်မြင်ကင်းကွာ, မရနိုင်ပါပေ။

(မြန်မာပြန်) အရွယ်ငယ်၍ အားရှိပါလျက် ထကြွလုံ့လ ပြုသင့်ရာအခါ၌ ထကြွလုံ့လ မပြုဘဲ ပျင်းရိမှုရှိနေ၍ မိစ္ဆာဝိတက် ၃-ပါး လွှမ်းမိုးထားသော စိတ်အကြံ ရှိနေသည့် အလွန်ပျင်းရိသောသူသည် ပညာဖြင့်မြင်အပ်သော အရိယမဂ်ကို မရနိုင်ပေ။

---

ခြင်းပင်တည်း၊ ထိုသို့နိဗ္ဗာန်လည်း အနတ္တပင်ဖြစ်ပါသော်လည်း ပုထုဇဉ်တို့ အာရုံ ပြုနိုင်သော အရာမဟုတ်သောကြောင့် အတ္တ-ဟု စွဲလမ်းသူ မရှိ၊ တေဘူမက ခန္ဓာငါးပါးကိုသာ စွဲလမ်း ကြသည်၊ ထိုသို့စွဲလမ်းအပ်သော ခန္ဓာငါးပါးကိုသာ ဝိပဿနာရှုရမည့်အဖြစ်ကို ပြလို၍ သဗ္ဗေ ဓမ္မာတိ- ပဉ္စက္ခန္ဓာဧဝ အဓိပ္ပေတာ-ဟု အဋ္ဌကထာဆရာ မိန့်တော်မူရပါသည်။

### ၂၈၀-ပဒဝိဘာဂ

**ဥဋ္ဌာနကာလမှိ=** [ ဥဋ္ဌာန+ကာလ ] ထရာအခါ၊ ထထကြွကြွပြုလုပ်ရာအခါ။

**အနုဋ္ဌဟာနော=** [ န+ဥဋ္ဌဟာန ] ထကြွလုံ့လမပြုသော။

**ဥဋ္ဌဟာန=** [ဥ √ဌာ+ယု] ဟ-လာ၊ တက်ခြင်း၊ ထကြွလုံ့လပြုခြင်း။

**ယုဝါ=** [ √ယု+အ ] ယု-မိဿနေ, အ၊ ဥဝါဒေသော၊ သိ-ဝိဘတ်ကို အာ-ပြု၊ ဓာန်-ဋီ၊ ၂၅၃။ ပုမာဒိဂိုဏ်း၊ ပျိုမျစ်နုနယ်သူ၊ အရွယ်ရောက်သူ။

**ဗလီ=** [ဗလ+ဤ]ဗလမေတဿတ္ထီတိ-ဗလီ၊ခွန်အားနှင့်ပြည့်စုံသော၊ ခွန်အားကောင်းသော- သူ။

**အာလသိယံ=** [အလသ+ဏျ] ရူ၊ ၃၈၇။ [အလသ+ဏိယ] မောဂ်-၄၊ ၅၉။ ပျင်းရိသော သူ၏အဖြစ်၊ ပျင်းရိခြင်း။

**အလသ=** [ √အလ+ဏ္ဍသ] ဏ္ဍ-ကို အ-ပြု၊ ပါပကရဏေ အလတိ သမတ္ထောတီတိ-

**လက်ာ** ငယ်ရွယ်သေးကာ, အားရှိပါလျက်, လွန်စွာထကြွ, လုံ့လကြိုးကုတ်, အားထုတ်သင့်ရာ, ချိန်အခါဝယ်, လျင်စွာထကြွ, လုံ့လမရှိ, ပျင်းရိတစ်ဖန်, ဆုတ်နစ်ပြန်မှု, စိတ်အကြံများ, ဆုတ်နစ်သွား၏၊ ဖြစ်ပွားသို့သာ, လူပျင်းမှာကား, ပညာဖြင့်ပင်, ရှုမြင်သင့်လှ, မဂ်မှဝေးဘိ, မရရှိတည်း။

## ၆–သူကရပေတဝတ္ထု

၂၈၁။ ဝါစာနုရက္ခီ မနသာ သုသံဝုတော , ကာယေန စ နာကုသလံ ကယိရာ၊
ဧတေ တယော ကမ္မပထေ ဝိသောဓယေ , အာရာဓယေ မဂ္ဂ'မိသိပ္ပဝေဒိတံ။

**အနက်** ဝါစာနုရက္ခီ–ဝစီဒုစရိုက်များ, ရှောင်ရှားပယ်လွှင့်, နှုတ်ဖြင့်မပြတ်, စောင့်ရှောက်တတ်သည်၊ သိယာ–ကိုယ်ကျိုးငဲ့ညှာ, ဖြစ်သင့်ပါ၏၊ မနသာ သုသံဝုတော–မနောဒုစရိုက်များ, ရှောင်ရှားပယ်လွှင့်, စိတ်ဖြင့်မပြတ်, ကောင်းစွာစောင့်ရှောက်တတ်သည်၊ သိယာ–ကိုယ်ကျိုးငဲ့ညှာ, ဖြစ်သင့်ပါ၏၊ ကာယေန စ–ထမင်းစသား, စားဖွယ်များဖြင့်,

---

အလသော၊ ကစ္စည်း၊ ၆၇၃။

[ √အလ+အသ ] အလီယတိ ဗန္ဓီယတီတိ–အလသော–မန္တကာရီ၊ မောဂ်–၇၊ ၂၁၇။

[န √လသ+အ ] န လသတိ ကီဠတီတိ–အလသော၊ ဓာန်–ဋီ၊ ၅၁၆။ ပျင်းရိသော၊ လုံ့လဝီရိယမရှိသော–သူ။

**သံသန္နသင်္ကပ္ပမနော**= [ သံသန္န+သင်္ကပ္ပမန ] မိစ္ဆာဝိတက် ၃–ပါးတို့သည် ကောင်းစွာလွှမ်းမိုးနှိပ်စက်အပ်သော စိတ်အကြံရှိသော၊ ကောင်းသောစိတ်အကြံကို မိစ္ဆာဝိတက် ၃–ပါးတို့က အလွန်လွှမ်းမိုးနှိပ်စက်အပ်သော။

**သံသန္န**= [ သံ √သဒ+ဏော+တ ] ကောင်းစွာ(အလွန်)နစ်မြုပ်စေအပ်သော၊ အလွန်လွှမ်းမိုးအပ်သော၊ အလွန်နှိပ်စက်အပ်သော။

**သင်္ကပ္ပမန**= [ သင်္ကပ္ပ+မန ] ကောင်းသောစိတ်အကြံ။

## ၂၈၁–ပဒဝိဘာဂ

**ဝါစာနုရက္ခီ**= [ ဝါစာ+အနုရက္ခီ ] နှုတ်ဖြင့်မပြတ် စောင့်စည်းသော။

**အနုရက္ခီ**= [ အနု √ရက္ခ+ဏီ ] စောင့်ရှောက်လေ့ရှိသော။

**ကမ္မပထေ**= [ ကမ္မ+ပထ ] အကြောင်းဖြစ်သောကံ၊ သုဂတိ,ဒုဂ္ဂတိသို့ ရောက်ကြောင်းကံ၊ ကမ္မာနိ စ တာနိ ပထာစာတိ–ကမ္မပထာ။

**အာရာဓယေ**= [ အာ √ရာဓ+ဏာယ+ဧယျ ] နှစ်သက်စေရာ၏၊ စိတ်ကျေနပ်စေရာ၏၊ အလိုဆန္ဒ ပြည့်ဝစေရာ၏၊ ရာဓ=(ဒိ+သွာ) သံသိဒ္ဓိယံ–ပြီးစီးခြင်း၌၊ (ရဇ္ဈတိ၊ ရာဓုဏာတိ။)

**ဣသိပ္ပဝေဒိတံ**= [ ဣသိ+ပဝေဒိတ ] ဘုရား–အစရှိသော သူတော်ကောင်းတို့သည် ဟောကြားအပ်သော။

**ဣသိ**= [ √ဣသ+ဣ ] သီလာဒိဂုဏေ ဧသတီတိ–ဣသိ၊ ရူ၊ ၆၇၉။ သီလ–အစရှိသောဂုဏ်ကို

ကြီးပွားလာရ, ကိုယ်ကာယဖြင့်လည်း၊ အကုသလ်-ကာယကံခေါ်ဆို, အကုသိုလ်ကို၊ န ကယိရာ-ကိုယ်ကျိုးငဲ့ကာ, မပြုလုပ်ရာ၊ တယော-ကိုယ်နှုတ်စိတ်ထား, သုံးပါးကုန်သော၊ ဧတေ ကမ္မပထေ-ဤအကုသလ, ကမ္မပထတရားတို့ကို၊ ဝိသောဓယေ-ရှောင်ကြဉ်ဝေးစွာ သုတ်သင်ရာ၏၊ ဓဝံ-ဤသို့ရှောင်တတ်, သုတ်သင်လတ်သော်၊ ဣသိပ္ပဝေဒိတံ-ဘုရား ပစ္စေကာ, အရိယာတို့, ကောင်းစွာသိစေအပ်(ဟောကြားအပ်)သော၊ မဂ္ဂံ-အဋ္ဌင်္ဂ က, အရိယမဂ်ကို၊ အာရာဓယေ-မလွဲသေချာ, ပြီးစေနိုင်ရာ၏။

(မြန်မာပြန်) (ဝစီဒုစရိုက် လေးပါးကို ရှောင်ကြဉ်သောအားဖြင့်) နှုတ်ကိုမပြတ် စောင့်ရှောက်ရာ၏၊ (မနောကံသုံးပါးကို ရှောင်ကြဉ်သောအားဖြင့်) စိတ်ကို ကောင်းစွာစောင့်ရှောက်ရာ၏၊ ကိုယ်ဖြင့် မကောင်းမှုကို မပြုရာ၊ (ကာယကံသုံးပါးကို ရှောင်ကြဉ်ရာ၏၊) ဤအကုသလကမ္မပထတရား သုံးပါးတို့ကို စင်ကြယ်စေရမည်၊ ယင်းသို့ စင်ကြယ်စေလတ်သော် ဘုရားစသော အရိယာသူတော်ကောင်းတို့ ဟောကြားအပ်သော အဋ္ဌင်္ဂကမဂ်ကို မလွဲသေချာ ရနိုင်ရာ၏။

(လင်္ကာ) လေးဖြာဝေဖန်, ဝစီကံကို, သုတ်သင်လိုလျှင်, နှုတ်ကိုမြဲစွာ, စောင့်စည်းရာ၏၊ သုံးဖြာပြားပြန်, မနောကံကို, သုတ်သင်လိုလည်း, စိတ်ကိုကောင်းစွာ, စောင့်စည်းရာ၏၊ ကိုယ်မှာဖြစ်ပွား, ကံသုံးပါးကို, ရှောင်ရှားလိုလျှင်, ကိုယ်ဖြင့်အားပြု, မကောင်းမှုကို, မပြုသင့်ပါ၊ သုံးဖြာကွဲပြန်, အကြောင်းကံကို, ကောင်းမွန်သေချာ, သုတ်သင်ရာ၏၊ သို့သာ သုတ်သင်, ပြုခဲ့လျှင်ကား, ရှင်ပင်ဘုရား, ဟောကြားညွှန်ပြ, မဂ်ကိစ္စကို, ရရှိပိုင်ပိုင်, ပြီးစေနိုင်၏။

## ၇-ပေါဋ္ဌိလတ္ထေရဝတ္ထု

၂၈၂။ ယောဂါ ဝေ ဇာယတီ ဘူရိ , အယောဂါ ဘူရိသင်္ခယော၊
ဧတံ ဒွေဓာပထံ ဉတွာ , ဘဝါယ ဝိဘဝါယ စ၊
တထာတ္တာနံ နိဝေသေယျ , ယထာ ဘူရိ ပဝဍ္ဎတိ။

(အနက်) ယောဂါ-ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းကြောင့်၊ ဘူရိ-မြေကြီးပမာ, ကျယ်ပြန့်သောပညာသည်၊ ဝေ-စင်စစ်ကေန်, အမှန်အားဖြင့်၊ ဇာယတိ-မလွဲ မသွေ, ဖြစ်ပေါ်၍လာရပါပေ၏၊ အယောဂါ-ကမ္မဋ္ဌာန်းအလုပ်, အားမထုတ်ခြင်းကြောင့်၊

---

ရာမိုးသူ၊ သူတော်ကောင်း ရသေ့၊ ရဟန်း၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ-အစရှိသောပုဂ္ဂိုလ်၊ သာသနာပရသေ့၊ ပရဗိုဇ်။

၂၈၂-ပဒဝိဘာဂ

**ဘူရိ**= [ √ဘူ+ရိက် ] ဘဝတီတိ-ဘူရိ=ပဟူတံ။ ငီမှ-ဘူရီ=မေဓာ၊ မောဂ်-၇၊ ၁၇၆။ များသော၊ ဘာဝေတိ ဝဍ္ဎေတီတိ-ဘူရိ၊ ဘူ-သတ္တာယံ၊ ရိ-ဘူရိ။ ဒီဃာဒိ, ရဿန္တော၊ ဤမှ-ဘူရီ=မေဓာ၊ ဓာန်-ဋီ၊ ၇၀၃။ ၁၅၃ကိုလည်းရှု။ (တိ။)

ဘူရိသင်္ခယော–မြေကြီးမယွင်း, ကျယ်ပြန့်သောပညာ၏ ပျက်စီးခြင်းသည်၊ ဇာယတိ–မလွဲမသွေ, ဖြစ်လာတတ်ပေ၏၊ ဘဝါယ–တိုးတက်လွန်စွာ, ပညာပွားခြင်း၏လည်းကောင်း၊ ဝိဘဝါယ စ–ဆုတ်ယုတ်လွန်စွာ, ပညာပျက်စီးခြင်း၏လည်းကောင်း၊ ဧတံ ဒွေဓာပထံ–ကမ္မဋ္ဌာန်းအလုပ်, အားထုတ်ပြုမှု, မပြုမှုဟု, ဤနှစ်ခုသောခရီးကို၊ ဉတွာ–ဉာဏ်ဖြင့်ဆင်ခြင်, သိမြင်ပြီး၍၊ ယထာ–အကြင်အခြင်းအရာအားဖြင့်၊ နိဝေသိယမာနေ–ကိုယ့်ကိုကိုယ်သာ, ဘာဝနာတွင်း, သွင်းထားလတ်သော်၊ ဘူရိ–မြေကြီးပမာ, ကျယ်ပြန့်သော ပညာသည်၊ ပဝဍ္ဎတိ–ထူးခြားလွန်စွာ, တိုးပွားလာ၏၊ တထာ–ပညာဉာဏ်များ, တိုးပွား၍လာ, ထိုအခြင်းအရာအားဖြင့်၊ အတ္တာနံ–မိမိကိုယ်ကို၊ နိဝေသေယျ–ဘာဝနာအတွင်း, သွင်းထားရာ၏။

**မြန်မာပြန်** ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းကြောင့် ပညာတိုးပွား၏၊ ကမ္မဋ္ဌာန်းတရား မကြိုးစား အားမထုတ်ခြင်းကြောင့် ပညာဆုတ်ယုတ်ပျက်စီး၏၊ ဤပညာပွားခြင်း, ပျက်စီးခြင်း၏ အကြောင်းနှစ်ပါးကိုသိ၍ ပညာပွားများအောင် မိမိကိုယ်ကို ဘာဝနာအတွင်း ထည့်သွင်းထားရမည်၊ မိမိကိုယ်တိုင် ဘာဝနာအလုပ် ကြိုးစားအားထုတ်ရမည်။

**လင်္ကာ** ကမ္မဋ္ဌာန်းတရား, ရှုမှတ်ပွားလျှင်, တိုးပွားပညာ, ဖြစ်ပေါ်လာ၏၊ ကောင်းစွာရှုမှတ်, မပွားလတ်က, ပျက်တတ်ပညာ, ဆုတ်ယုတ်လာ၏၊ ပညာပွားမှု, မပွားမှုဟု, နှစ်ခုလမ်းများ, သိမြင်ထား၍, လျင်လျားကိုယ်မှာ, ပညာပွားအောင်, ကြံဆောင်ကောင်းစွာ, ရှုမှတ်ရာ၏။

---

**အယောဂါ**= [နှ+ယောဂ] ဘာဝနာကို အားမထုတ်ခြင်း၊ အားထုတ်ကြောင်း သမာဓိမှ ကင်းခြင်း၊ အားမထုတ်ခြင်း၊ မပြည့်စုံစေခြင်း၊ မယှဉ်ခြင်း။

**ဘူရိသင်္ခယော**= [ဘူရိ+သင်္ခယ] ပညာ၏ ပျက်စီးကုန်ခန်းခြင်း။

**သင်္ခယ**= [သံ √ခီ+အ] ပျက်စီးခြင်း၊ ဆုတ်ယုတ်ခြင်း၊ ကုန်ခန်းခြင်း၊ မရှိခြင်း၊ ကုန်စေတတ်သော၊ ကုန်ရာ ပျက်ရာ (အရိယမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်။)

**ဒွေဓာပထံ**= [ဒွေဓာ+ပထ] နှစ်ပါးအပြားအားဖြင့်ဖြစ်သော၊ နှစ်ဖြာကွဲသော(လမ်းခရီး) လမ်းနှစ်ခွ၊ လမ်းနှစ်သွယ်။

**ဒွေဓာ**= [ဒွိ+ဓာ] နှစ်ပါးအပြားအားဖြင့်၊ နှစ်ဖို့၊ နှစ်ခုအားဖြင့်၊ နှစ်ပါးအပြားရှိသော။

**ဘဝါယ**= [ √ဘူ+ဏ] ဘူ–သတ္တာယံ ၊ ဏော၊ ဘဝနံ ဝဍ္ဎနံ–ဘဝေါ၊ ပွားများခြင်း၊ ကြီးပွားတိုးတက်ခြင်း–စသည်။

**ဝိဘဝ**= [ဝိ √ဘူ+အ] ဝိနာသော ဝိဘဝနံ ဥစ္ဆိဇ္ဇနံ နဿနန္တိ အတ္ထေန–ဝိဘဝေါ၊ နီတိ–ပ၁၊ ၉၆။ ပျက်စီးခြင်း၊ ဆုတ်ယုတ်ခြင်း၊ ပြတ်ခြင်း၊ နိဗ္ဗာန်–စသည်။

**ပဝဍ္ဎတိ**= [ပ √ဝဍ္ဎ+အ+တိ] တိုးပွား၏၊ ပွားများ၏၊ တိုးတက်၏။

## ၈-ပဉ္စမဟာလ္လကတ္ထေရဝတ္ထု

၂၈၃။ ဝနံ ဆိန္ဒထ မာ ရုက္ခံ , ဝနတော ဇာယတေ ဘယံ၊
ဆေတွာ ဝနဉ္စ ဝနထဉ္စ , နိဗ္ဗနာ ဟောထ ဘိက္ခဝေါ။

၂၈၄။ ယာဝ ဟိ ဝနထော န ဆိဇ္ဇတိ , အဏုမတ္တောပိ နရဿ နာရိသု၊
ပဋိဗဒ္ဓမနောဝ တာဝ သော , ဝစ္ဆော ခီရပကောဝ မာတရိ။

(အနက်) ဘိက္ခဝေါ-ရဟန်းတို့ !၊ [ ဘိက္ခဝေါတိ အာမန္တနပဒံ ဗုဒ္ဓဿ ဘိက္ခူနံ အာမန္တန ပါဠိယံ ဂါထာသု စ ဒိဿတိ၊ နီတိ-ပဒ၊ ၂၅၁။] တုမှေ-သင်တို့သည်၊ ဝနံ-လွန်စွာထူပြော, ကိလေသာ တည်းဟူသော တောကို၊ ဆိန္ဒထ-ဝိပဿနာ, မဂ်ပညာဖြင့်, မကြာခဏ, ဖြတ်တောက်ကြကုန်လော့၊ ရုက္ခံ-ပေါက်ရောက်စိမ်းရှင်, တစ်စုံတစ်ခုသော သစ်ပင်ကို၊ မာ ဆိန္ဒထ-ပဲခွပ်ယူကာ, မခုတ်လှဲ မဖြတ်တောက်ကြပါနှင့်၊ ဝနတော-လွန်စွာထူပြော, ကိလေသာတည်းဟူသော တောမှ၊ ဘယံ-ဇာတိဇရာ, ဗျာဓိမရဏာ, များလှသောင်းပြောင်း, ဘေးရန်အပေါင်းသည်၊ ဇာယတေ-မရှောင်သာ မတိမ်းသာ, ဖြစ်ပေါ်လာတတ်ပါပေ၏၊ (တုမှေ-သင်တို့သည်၊) ဝနဉ္စ-ပေါက်ရောက်စည်ပင်, ရှေးသစ်ပင်ကြီးအလား, ကြီးမားသော ကိလေသာကိုလည်းကောင်း၊ ဝနထဉ္စ-နောက်ပေါက်ကြားဝင်, သစ်ပင်ပမာ, သေးငယ်သောကိလေသာကိုလည်းကောင်း၊ ဆေတွာ-အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, ပယ်ဖျက်သုတ်သင်, ခုတ်ထွင်ဖြတ်တောက်ကြကုန်၍၊ နိဗ္ဗနာ-ရှုပ်ထွေးပြောထူ, ကိလေသာတော မရှိသူတို့သည်၊ ဟောထ-မလွဲမသုန်, ဖြစ်ကြပါကုန်လော့။

ယာဝ-အကြင်မျှလောက်၊ [ဟိ-ကား နိပါတ်မျှသာ၊] နရဿ-ကိုယ့်ကံအလျောက်, ပေါ်ပေါက်ထင်ရှား, လူယောကျ်ားအ၏၊ နာရိသု-ယောကျ်ားသတ္တဝါ, ဥစ္စာအလား, မိန်းမသားတို့၌၊ အဏုမတ္တောပိ-မများပြားလှ, အဏုမြူမျှလည်းဖြစ်သော၊ ဝနထော-နောက်ပေါက်သစ်ပင်သဖွယ် , သေးငယ်သောကိလေသာသည်၊ န ဆိဇ္ဇတိ-ကြွင်းမဲ့သွေ့ခြောက်, မပြတ်တောက်သေး၊ တာဝ-ထိုမျှလောက်၊ သော-ထိုမိန်းမအပေါ်မှာ, ကိလေသာတရား, ဖြတ်တောက်မထားသည့် ထိုယောကျ်ားသည်၊ ခီရပကော-သေးသေးငယ်ငယ်, နို့စို့အရွယ်ဖြစ်သော၊ ဝစ္ဆော-"ပင်ပင်"အော်ကြွေး, နွားကလေးသည်၊ မာတရိ-အမိနွားမ၌၊ ပဋိဗဒ္ဓမနောဝ-မခွာလိုဘိ, ကပ်ငြိသောစိတ် ရှိသကဲ့သို့၊ (တထာ-ထို့အတူ၊) နာရိသု-ယောကျ်ားများစွာ, ဥစ္စာအစစ်, ဖြစ်ပွားလာကြား, မိန်းများတို့၌၊ ပဋိဗဒ္ဓမနောဝ-မခွဲပါလို, မခွာလိုဘိ, ကပ်ငြိသောစိတ်ရှိသည်သာလျှင်၊ ဟောတိ-စင်စစ်မသွေ, ဖြစ်ရပေ၏။

---

၂၈၃, ၂၈၄-ပဒဝိဘာဂ

ဆိန္ဒထ= [ √ဆိဒိ+အ+ထ ] ခုတ်ဖြတ်ကြကုန်လော့။

ဝနထံ= [ ဝန √ထာ+အ ] နီတိ-ဓာ၊ ၆၈။ ဝနေ ထာတိ, တိဋ္ဌတီတိ-ဝနထော၊ သစ်ပင်ငယ်၊

**မြန်မာပြန်** ရဟန်းတို့ ! သင်တို့သည် ကိလေသာတောကို ခုတ်ဖြတ်ကြလော့၊ သစ်ပင်ကို မခုတ်ဖြတ်ကုန်လင့်၊ ကိလေသာဟူသောတောမှ ပဋိသန္ဓေနေရခြင်း, သေရခြင်းစသော ဘေးဖြစ်ပေါ်လာ၏၊ သစ်ပင်ကြီးအလား ကြီးမားသော ကိလေသာနှင့် နောက်ပေါက်သစ်ပင်သဖွယ် သေးငယ်သော ကိလေသာတို့ကို (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ဖြတ်တောက်၍ ကိလေသာဟူသော တောမရှိသူများ ဖြစ်ကြပါတော့လော့။

ယောကျ်ားတစ်ဦးတစ်ယောက်၏ မိန်းမများတို့၌ စွဲလမ်းကပ်ငြိနေသည့် အနည်းငယ်မျှပင်ဖြစ်သော ကိလေသာကို မဖြတ်သေးသမျှ ကာလပတ်လုံး နို့စို့နွားငယ်သည် အမိအပေါ်မှာ ကပ်ငြိသောစိတ် ရှိနေသကဲ့သို့ ထိုယောကျ်ားသည်လည်း မိန်းများအပေါ်မှာ ကပ်ငြိသောစိတ် ရှိသည်သာလျှင် ဖြစ်နေပေသည်။

**လင်္ကာ** ကိလေသာတောအုပ်, နှောင်မရှုပ်အောင်, ခုတ်ဖြတ်သုတ်သင်, ရှင်းအောင်ထွင်လော့၊ သစ်ပင်တွေ့လက်, မခုတ်ဖြတ်နှင့်၊ ထူထပ်သဘော, ကိလေတောမှ, ထူပြောဇာတိ, အစရှိသား, ဘေးများမကွာ, ဖြစ်ပေါ်လာ၏၊ လွန်စွာပွားစီး, တောကြီးတောငယ်, အသွယ်သွယ်ကို, ခုတ်ပယ်ရှင်းကာ, ကိလေသာကင်း, တောရှင်းထွက်ခွာ, ဖြစ်ကြပါလော့။

ယောကျ်ားဖြစ်သူ, တစ်ဦးလူ၏, အဏုမြူသဖွယ်, သေးငယ်လှစွာ, ကိလေသာဟူ, တောငယ်မူကား, မိန်းမများဝယ်, ငြိတွယ်ရစ်ပတ်, မပြတ်သမျှ, နို့မကွာသေး, နွားကလေးက, မိနွားမဝယ်, စိတ်ငြိတွယ်သို့၊ တကယ်မခြား, ထိုယောကျ်ားလည်း, မိန်းမများဝယ်, စိတ်ငြိတွယ်၏။

---

တဏှာ၊ကိလေသာ၊ ထာ=(ဘူ) ဂတိနိဝတ္တိယံ-လားခြင်းမှ နစ်ခြင်း၌။ (ထာတိ။)
[ √ဝန+ထရ+ကွိ ]

**နိဗ္ဗနာ**= [ နိ+ဝန ] တဏှာတောချုံ မရှိသူတို့။

**ဆိန္ဒတိ**= [ √ဆိဒိ+ယ+တိ ] ဖြတ်၏။

**အဏုမတ္တော**= [ အဏု+မတ္တာ ] အဏုမြူမျှရှိသော၊ ပရမာဏုမြူမျှရှိသော၊ အငယ်ငယ်သေးငယ်သော။

**နာရီသု**= [ နရ+ဏာ+ဤ ] နရသာယံ-နာရီ၊ ဣဒမတ္ထေ ဏော၊ ဓာန်-ဋီ၊ ၂၃၀။ မိန်းမ။

**ပဋိဗဒ္ဓမနော**= [ ပဋိဗဒ္ဓ+မန ] ငြိကပ်(တွယ်တာ, တပ်မက်)သောစိတ်ရှိသော။

**ဝစ္ဆော**= [ √ဝဒ+ဆ ] ဝဒတီတိ-ဝစ္ဆော=နေလကော၊ နွားငယ်။ မောဂ်-၇၊ ၄၃။

**ခီရပကော**= [ ခီရ √ပါ+ဏွု ] နို့သောက်တတ်သော၊ နို့စို့ကတ်သော၊ နို့စို့အရွယ်ဖြစ်သော။

## ၉-သုဝဏ္ဏကာရတ္ထေရဝတ္ထု

၂၈၅။ ဥစ္ဆိန္ဒသိနေဟမတ္တနော , ကုမုဒံ သာရဒိကံဝ ပါဏိနာ၊
သန္တိမဂ္ဂမေဝ ဗြူဟယ , နိဗ္ဗာနံ သုဂတေန ဒေသိတံ။

**အနက်** သာရဒိကံ-သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလ သရဒကာလ၌ဖြစ်သော၊ ကုမုဒံ-ကောင်းစွာပွင့်လန်း,ကုမုဒြာကြာပန်းကို၊ ပါဏိနာ-ပစ္စည်းအများ, ဖောက်ကားရောင်းဝယ်, ကိုင်တွယ်ယူငင်တတ်သောလက်ဖြင့်၊ ဥစ္ဆိန္ဒတိဣဝ-ရိုးတန်လတ်ဆတ်, ဆွဲယူဖြတ်သကဲ့သို့၊ အတ္တနော-သူများမဆိုင်, ကိုယ်သာပိုင်ဘိ, မိမိ၏၊ သိနေဟံ-ချစ်ခင်စုံမက်, နှစ်သက်စွဲလမ်းခြင်း တဏှာကို၊ ဥစ္ဆိန္ဒ-အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, သွက်လက်ဆောစွာ, ဖြတ်တောက်လိုက်ပါတော့လော့၊ (ဟိ-ယသ္မာ-အကြင်ကြောင့်၊) နိဗ္ဗာနံ-တဏှာကင်းလွတ်, နိဗ္ဗာန်ဓာတ်ကို၊ သုဂတေန-ယင်းနိဗ္ဗာန်ရပ်, ကြွသွားတတ်ဘြား, မြတ်ဘုရားသည်၊ ဒေသိတံ-မြွက်ဖော်ထပ်ထပ်, ဟောကြားအပ်ခဲ့ပြီ၊ (တသ္မာ-ထို့ကြောင့်၊) သန္တိမဂ္ဂမေဝ-တဏှာမီးပွား, ငြိမ်းသွားရာမှန်, နိဗ္ဗာန်ရောက်ကြောင်း, အဋ္ဌင်္ဂိကမဂ်ဟူသောလမ်းကောင်းကိုသာလျှင်၊ ဗြူဟယ-ကိုယ့်သန္တာန်မှာ, လျှင်စွာဖြစ်စေ, တိုးပွားစေပါလော့။

**မြန်မာပြန်** သရဒ(ကျွတ်+မုန်း)ကာလ၌ပွင့်သော ကုမုဒြာကြာပန်းကို လက်ဖြင့်ဖြတ်သကဲ့သို့ မိမိ၏ချစ်ခြင်းတဏှာကို အရဟတ္တမဂ်ဖြင့် ဖြတ်လိုက်ပါလော့၊ မြတ်စွာဘုရားသည် တဏှာကင်းရာနိဗ္ဗာန်ကို ဟောကြားထားသည့်အတွက် တဏှာမီးငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်တရားကိုသာ ပွားများစေလော့။

**လင်္ကာ** ဥတုသရဒ, ခါကာလဝယ်, ပွင့်ရလန်းဆန်း, ငွေကြာပန်းကို, လက်လှမ်းကိုင်ကာ, ဖြတ်ယူပါသို့, ကိုယ်မှာမကင်း, ချစ်ခင်ခြင်းကို, မခြွင်းအရဟတ်, မဂ်ဖြင့်ဖြတ်လော့၊ ကင်းပြတ်ချစ်ခြင်း, တရားမင်းက, ဘေးကင်းနိဗ္ဗာန်, ဟောပြညွှန်၏၊ နိဗ္ဗာန်ရရန်, လမ်းကြောင်းမှန်သည့်, ရှစ်တန်အင်္ဂါ, အပြည့်ပါသား, မဂ်တရားကို, ကြိုးစားကောင်းစွာ, ပွားစေပါလော့။

---

### ၂၈၅-ပဒဝိဘာဂ

**ဥစ္ဆိန္ဒ**= [ဥ √ဆိဒိ+အ+ဟိ] ပယ်ဖြတ်လော့၊ ခုတ်ဖြတ်လော့၊ ဖျက်ဆီးလော့။

**သိနေဟံ**= [ √သိနိဟ+ဏ] ချစ်ခြင်းမေတ္တာ၊ ချစ်ကြိုက်ခြင်း၊ စုံမက်ခြင်း၊ စွဲမက်ခြင်း တဏှာ၊
သိနိဟ=(စု) သိနေဟနေ-စေးကပ်စိုစွတ်ခြင်း၌၊ (သိနေဟေတိ၊ သိနေဟယတိ။)

**ကုမုဒံ**= [ကု √မုဒ+ဏ] ကုယံ မောဒတေ ကုမုဒံ၊ ဏော၊ ဓာန်-ဋီ၊ ၆၈၈။ ကုမုဒြာကြာဖြူ။

**သာရဒိကံ**= [သရဒ+ဏိက] သရဒကာလေ ဥပ္ပန္နော-သာရဒိကော၊ ပါစိတ်-ယော-၃၄၃။
သရဒဥတု၌ဖြစ်သော။

**သန္တိမဂ္ဂံ**= [သန္တိ+မဂ္ဂ] နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါး။

**ဗြူဟယ**= [ √ဗြူဟ+ဏာယ+ဟိ] တိုးပွားစေလော့။

## ၁၀-မဟာခနေ၀ါဏိဇေတ္ထု

၂၈၆။ ဣဓ ဝဿံ ဝသိဿာမိ , ဣဓ ဟေမန္တဂိမှိသု၊
ဣတိ ဗာလော ဝိစိန္တေတိ , အန္တရာယံ န ဗုဇ္ဈတိ။

**အနက်** အဟံ-ငါသည်၊ ဣဓ-သင့်တော်လျောက်ပတ်, ဤအရပ်၌၊ ဝဿံ-စိုစွတ်ပေလှ, မိုးလေးလပတ်လုံး၊ ဝသိဿာမိ-ဤသည့်အလုပ်, ပြုလုပ်လျက်သာ, နေရပါတော့အံ့၊ ဣဓ-သင့်တော်လျောက်ပတ်, ဤအရပ်၌၊ ဟေမန္တဂိမှိသု-ဆောင်းခါလေးလ, နွေလေးလတို့၌၊ ဝသိဿာမိ-ဤသည့်အလုပ်, ပြုလုပ်လျက်သာ, နေရပါတော့အံ့၊ ဣတိ-ဤသို့၊ ဗာလော-မျက်မှောက်တမလွန်, ကျိုးနှစ်တန်ကို, ဝေဖန်ပိုင်းခြတ်, မသိမမြင်တတ်သောလူမိုက်သည်၊ ဝိစိန္တေတိ-အထူးတူးအပြားပြား, ကြံစည်စဉ်းစား၏၊ ဝါ-အထွေအထူး, စိတ်ကူးကြံစည်လေတော့၏၊ အန္တရာယံ-ဤချိန်ကာလ, ဤဒေသနှင့်, ဤမျှသက်ရှယ်, မိမိသေရမည့်အန္တရာယ်ကို၊ န ဗုဇ္ဈတိ-ထိုးထွင်းပိုင်ပိုင်, မသိနိုင်တော့ပေ။

---

**သုဂတေန**= [သု+ဂတ] သောဘနံ ဂတံ ဧတဿာတိ-သုဂတော၊ သုန္ဒရံ ဌာနံ ဂတောတိ-သုဂတော၊ သမ္မာ ဂတောတိ-သုဂတော၊
[သု √ ဂဒ+အ] သမ္မာ ဂဒတီတိ-သုဂတော၊ နီတိ-ဓာ၊ ၃၆၄။ ဗုဒ္ဓမြတ်စွာဘုရား။

၂၈၆-ပဒဝိဘာဂ

**ဝသိဿာမိ**= [ဝသ+အ+ဿာမိ] နေရတော့အံ့၊ နေရလိမ့်မည်။

**ဟေမန္တဂိမှိသု**= [ဟေမန္တ+ဂိမှ] ဆောင်းဥတု နွေဥတု၊ ဆောင်းလေးလ နွေလေးလ။ (နီတိ-၁၃၄-သုတ်ဖြင့် ဂိမှေသု-၌ ဧ-ကို ဣ-ပြု။)

**ဟေမန္တ**= [ √ဟိ+အန္တ ] ဟိ-ဂတိယံ၊ ဓာတ်အဆုံး၌ မ-လာ၊ ဟိမံ ဟိနောတိ ပဝတ္တတိ ဧတသ္မိန္တိ-ဟေမန္တော= ဥတု၊ ဆောင်းဥတု၊ မောဂ်-၇၊ ၇၇။
[ဟိမ+ဏ] ဟိမာနိ ဧတ္ထ သန္တိ-ဟေမော၊ [ဟေမ+အန္တ] သောဧဝ ဟေမန္တော၊ သုတ္တန္တော ဝနန္တောတိယထာ။
[ √ဟိ+အန္တ ] ဟိနောတိ ဝါ ဟာနိံ ဂစ္ဆတိ သဗ္ဗမေတ္ထာတိ-ဟေမန္တော၊ အန္တပစ္စယော, မာဂမော စ၊ ဓာန်-ဋီ၊ ၇၈။ ဆောင်းဥတု, ဆောင်းရာသီ။

**ဟိမ**= [ √ဟိ+မက် ] ဟိနောတိ ပဝတ္တတီတိ-ဟိမံ= တုဟိနံ၊ ဆီးနှင်း, ဆီးနှင်းခဲ၊ မောဂ်-၇၊ ၁၃၄။
[ √ဟိံသ+အ ] ဟိံသတီတိ-ဟိမံ၊ သဿ မော၊ နိဂ္ဂဟီတလောပေါ စ ။ ဓာန်-ဋီ ၊ ၅၆။

**ဂိမှ**= [ √ဂမု+ဟ ] ဂမိဿ အဿိ၊ ဂစ္ဆတိတ်-ဂိမှော= နိဒါဃော၊ နွေ, နွေဥတု။ မောဂ်-၇၊ ၂၂၃။
[ √ဂိရ+မ ] ဂိရတိ ပီဠယတီတိ-ဂိမှော၊ မော, ရဿ ဟော, ဝဏ္ဏဝိပရိယယော စ။ ဓာန်-ဋီ၊ ၈၀။

**မြန်မာပြန်** "ဤအရပ်မှာ မိုးအခါနေမည်၊ ဤအရပ်မှာ ဆောင်းအခါ, နွေအခါ နေမည်"ဟု လူမိုက်သည် ထွေထွေထူးထူး,စိတ်ကူးကြံစည်၏၊ "ဘယ်အခါ ဘယ်အရပ် ဘယ်အရွယ်မှာ သေရလိမ့်မည်"ဟု မိမိ၏အသက်အန္တရာယ်ကိုကား မသိရှာပေ။

**လင်္ကာ** "ဤအရပ်မှာ, မိုးခါနေမည်၊ ဤသည်ရပ်မှာ, ဆောင်းအခါနှင့်, နွေခါနေမည်"၊ ဤသို့စိတ်ကြိုက်,လူမိုက်တို့မှာ, ကြံစည်ပါ၏၊ "ဘယ်ခါကာလ,ဘယ်ဒေသမှာ, ဘယ်ရောဂါဖြင့်, ငါကသေချာ, သေရမှာ"ဟု, ဖြစ်လာအန္တရာယ်, မသိလွယ်တည်း။

## ၁၁-ကိသာဂေါတမီဝတ္ထု

၂၈၇။ တံ ပုတ္တပသုသမ္မတ္တံ , ဗျာသတ္တမနသံ နရံ၊
သုတ္တံ ဂါမံ မဟောဃောဝ , မစ္စု အာဒါယ ဂစ္ဆတိ။

**အနက်** ပုတ္တပသုသမ္မတ္တံ-သမီးနှင့်သား, ကျွဲနွားဥစ္စာတို့ဖြင့်, လွန်စွာယစ်မေ့နေသော၊ ဗျာသတ္တမနသံ-ရ,ထားသည်ထက်, ကျော်လွန်တက်၍, တပ်မက်တောင့်တသောစိတ်ရှိထသော၊ ဝါ-ရ,ထားဥစ္စာ, အဖြာဖြာဝယ်, လွန်စွာကပ်ငြိ, တပ်မက်သောစိတ်ရှိထသော၊ တံ နရံ-မေ့လျော့ပျင်းထူ, ထိုသို့သဘောရှိသောလူကို၊ သုတ္တံဂါမံ-မေ့လျော့ပေါ့ဆ, အိပ်မောကျနေသော တစ်ရွာလုံးကို၊ မဟောဃော-ကမ်းပါးလျှံစီး, ပြင်းထန်သောရေအလျဉ်ကြီးသည်၊ အာဒါယ ဂစ္ဆတိ ဣဝ-အကုန်ယူကာ, သွားလေပါ သကဲ့သို့၊ ဧဝံ-ဤအတူ၊ မစ္စု-သတ္တဝါမုန်လျှင်, မချန်ဖိညှဉ်း, ရှင်သေမင်းသည်၊ အာဒါယ-ယူ၍၊ ဂစ္ဆတိ-သွားလေတော့၏။

---

**ဝိစိန္တေတိ=** [ဝိ √ စိန္တ+ဏေ+တိ] အထူးသဖြင့်ကြံစည်၏၊ တွေးတော၏၊ ဆင်ခြင်၏၊ စဉ်းစား၏။

**အန္တရာယံ=** [အန္တရာ+အာ √ ယာ+အ] ပုရိမကမ္မနိပ္ဖန္နဿ ဝိပါကသန္တာနဿ အန္တရာ ဝေမဇ္ဈေ အာယန္တိ, အာပတန္တီတိ အန္တရာယာတိ လဒ္ဓနာမာနံ ရောဂါဒီ အနတ္ထာနံ။ အနု-ဋီ-၁၊ ၃။

[အန္တရ √ ဣ+အ] တံ တံ သမ္ပတ္တိယာ ဝိဗန္ဓနဝသေန သတ္တသန္တာနဿ အန္တရေ ဝေမဇ္ဈေ ဧတိ အာဂစ္ဆတီတိ-အန္တရာယော=ဒိဋ္ဌဓမ္မိကာဒိအနတ္ထော၊ သာရတ္ထ-၁၊ ၁၅။ ဘေးရန် အနှောင့်အယှက်၊ အန္တရာယ်။

## ၂၈၇-ပဒဝိဘာဂ

**ပုတ္တပသုသမ္မတ္တံ=** [ပုတ္တပသု+သမ္မတ္တ] ပုတ္တပသူဟိ သမ္မတ္တံ-ပုတ္တပသုသမ္မတ္တံ၊ သမီးနှင့်သား ကျွဲနွားဥစ္စာတို့ဖြင့် ပြင်းစွာမူးယစ်သော။

**သမ္မတ္တ=** [သံ √ မဒ+တ] သမ္မဒ္ဒိတ္ထာတိ-သမ္မတ္တော၊ ပြင်းစွာ(အလွန်)တွေဝေသော, မိန်းမောသော, မူးယစ်သော။

**ပုတ္တပသု=** [ပုတ္တ+ပသု] သမီးနှင့်သား ကျွဲနွားဥစ္စာတို့။

(မြန်မာပြန်) သမီးနှင့်သား, ကျွဲနွားဥစ္စာတို့ဖြင့် ယစ်မူးမေ့လျော့လျက် (ယင်းပစ္စည်းဥစ္စာတို့၌) လွန်စွာကပ်ငြိ, တွယ်တာစိတ်ရှိသောလူကို အိပ်ပျော်နေသော ရွာ(သူရွာသားများ)ကို ကြီးစွာသောရေအလျဉ်က လွှမ်းမိုးယူဆောင်သွားသကဲ့သို့ သေမင်းက ယူဆောင်သွားလေတော့၏။

(လင်္ကာ) သားနှင့်သမီး, နွားထီးနွားမ, စသည်ဥစ္စာ, အဖြာဖြာဖြင့်, လွန်စွာမေ့လျော့, ပေါ့ဆသတိ, စိတ်ကပ်ငြိသူ, ထိုသို့လူကို, တောထူမြစ်ဖျား, မိုးရွာများ၍, ရေအားလျှံကာ, အိပ်ပျော်ရွာကို, လွှမ်းကာယူဆောင်, သွားသည့်ယောင်သို့, ရှောင်သွေမကွင်း, ရှင်သေမင်းသည်, အပြင်းဆောင်ကာ, ယူသွားပါ၏။

## ၁၂-ပဋာစာရာဝတ္ထု

၂၈၈။ န သန္တိ ပုတ္တာ တာဏာယ , န ပိတာ နာပိ ဗန္ဓဝါ၊
အန္တကေနာဓိပန္နဿ , နတ္ထိ ဉာတီသု တာဏတာ။
၂၈၉။ ဧတမတ္ထဝသံ ဉတွာ , ပဏ္ဍိတော သီလသံဝုတော၊
နိဗ္ဗာနဂမနံ မဂ္ဂံ , ခိပ္ပမေဝ ဝိသောဓယေ။

(အနက်) တာဏာယ-ကိုယ့်ကိုရိုင်းပင်း, စောင့်ရှောက်ခြင်းငှာ၊ ပုတ္တာ-ကောင်းစွာကျွေးထား, သမီးသားတို့သည်၊ န သန္တိ-မရှိကုန်၊ ပိတာ-အမြဲမပြတ်, စောင့်ရှောက် တတ်ငြား, မိဘများတို့သည်၊ န သန္တိ-မရှိကြကုန်၊ ဗန္ဓဝါပိ-ချစ်ခင်လွန်စွာ, မေတ္တာထုံမွှမ်း, အဆွေခင်ပွန်းတို့သည်လည်း၊ န သန္တိ-မရှိကြကုန်၊ အန္တကေန-ဘဝဥွန့်တုံး, အဆုံးပြုညှဉ်း, သေရခြင်းသည်၊ အဓိပန္နဿ-ညှဉ်းဆဲမျိုးမျိုး, လွှမ်းမိုးနှိပ်စက် အပ်သောသူအား၊ ဉာတီသု-အတွင်းသားဟု, သိမှတ်ပြုရိုး, ဆွေမျိုးသားချင်းတို့၌၊ တာဏတာ-သေခြင်းလွတ်မြောက်, ချမ်းသာရောက်အောင်, စောင့်ရှောက်ကာကွယ်နိုင်သူတို့၏အဖြစ်သည်၊ နတ္ထိ-ဧကန်တိတိ, အမှန်ပင် မရှိနိုင်ပါပေ။

---

**ပသု**= [ √ပသ+ဥ ] ပသီယတိ ဗာဓီယတိ သာမိကေဟီတိ-ပသု=စတုပ္ပဒေါ၊ အခြေလေးချောင်းသားအပေါင်း။ မောဂ်-၇၊ ၂။ ပသ=(ဘူ) ဝိတ္ထာရဗာဓနဖုသနေသု-ချဲ့ခြင်း, နှိပ်စက်ခြင်း, တွေ့ထိခြင်းတို့၌၊ ပသတိ ဂေါစရံ ဝိတ္ထာရေတီတိ-ပသု၊ သားကောင်။ ဓာတွတ္ထ။
[ပ √သု+ဥ]=[ √ပသ+ဥ ] ပသဝတ္တီတိ-ပသဝေါ၊ သု -အဘိသဝေ၊ ပသ-ဗန္ဓနေ ဝါ ဥ။ ဓာန်-ဋီ၊ ၆၂၀။

### ၂၈၈, ၂၈၉-ပဒဝိဘာဂ

**တာဏာယ**= [ √တာ+ဏ ] တာယတီတိ-တာဏံ=ရက္ခာ၊ စောင့်ရှောက်ကာကွယ်တတ်သော၊ မောဂ်-၇၊ ၆၅။
[တာဏ+တာ] စောင့်ရှောက်ကာကွယ်ခြင်း၊ မောဂ်-၄၊ ၁၂၃-ဖြင့် ဘာဝပစ္စည်းကိုချေ။
**ဗန္ဓဝါ**= [ဗန္ဓု+အ] ဗန္ဓုယေဝ-ဗန္ဓဝေါ၊ အ၊ ဓာန်-ဋီ၊ ၂၄၃။ ဆွေမျိုး၊ အဆွေခင်ပွန်း၊ မိတ်ဆွေ။
**ဗန္ဓု**= [ √ဗန္ဓ+ဥ ] ဗန္ဓီယတိ သိနေဟဘာဝေနာတိ-ဗန္ဓု= ဉာတိ။ မောဂ်-၇၊ ၂။ ဆွေမျိုး၊ ဆွေမျိုးသားချင်း။

ဇတော် အတ္ထဝသံ-မိဘသားချင်း, တစ်ဦးက တစ်ဦးကို မကာကွယ်နိုင်ခြင်းဟူသော ဤအကြောင်းကို၊ ဉတွာ-ဆင်ခြင်စဉ်းစား, သိမြင်ထား၍, ပဏ္ဍိတော-ကျိုးကြောင်းမြင်သိ, ပညာရှိသည်၊ သီလသံဝုတော-စတုပါရိ, သုဒ္ဓိခေါ်မှတ်, သီလဖြင့်စောင့်ရှောက်အပ်သည် ဖြစ်၍၊ နိဗ္ဗာနဂမနံ-မတိမ်းမစောင်း, နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော၊ မဂ္ဂံ-လွန်စွာ ထက်မြက်, အဋ္ဌင်္ဂကမဂ်ကို၊ ခိပ္ပမေဝ-လျင်မြန်စွာသာလျှင်၊ ဝိသောဓယေ-သုတ်သင်ရာ၏။

(မြန်မာပြန်) မသေရအောင် သားသမီးလည်း မကာကွယ်မစောင့်ရှောက်နိုင်၊ အမိ အဘလည်း မကာကွယ်မစောင့်ရှောက်နိုင်၊ အဆွေခင်ပွန်းလည်း မကာ ကွယ်မစောင့်ရှောက်နိုင်၊ သေမင်းနှိပ်စက်ခံရသောသူမှာ ဆွေမျိုးသာချင်းကို၌ ကာကွယ် စောင့်ရှောက်မှု မရှိပေ။

ပညာရှိသည် ဤအကြောင်းကို သိ၍ စတုပါရိသုဒ္ဓိသီလကို စောင့်ရှောက်လျက် နိဗ္ဗာန်ရောက်ကြောင်းလမ်းကို လျှင်မြန်စွာ သုတ်သင်ရာ၏။

(လင်္ကာ) အရှင်သေမင်း, နှိပ်စက်ခြင်းကို, မယွင်းခံယူ, နေရသူတွက်, အိမ်သူဇနီး, သမီးသားလှ, မိဘသားချင်း, သူငယ်ချင်းဟူ, ထိုထိုလူတွင်, မည်သူကမျှ, မသေရအောင်, ဖေးမကယ်ဆယ်, ကာကွယ်ခြင်းငှာ, မစွမ်းပါတည်း၊ ကာကွယ်ခြင်းကား, ဆွေမျိုးများမှာ, မရှိပါပေ၊ ကင်းကွာနေ၏။

လွဲသွေမပြောင်း, ဤအကြောင်းကို, ကောင်းစွာသိမြင်, ပညာရှင်သည်, လေးအင်ပါရိ, သုဒ္ဓိသီလ, မြတ်ဓမ္မကို, နိစ္စမကွာ, စောင့်ရှောက်ကာဖြင့်, သွားရာနိဗ္ဗာန်, လမ်းကြောင်း မှန်သား, မဂ်တရားကို, ကြိုးစားမြန်စွာ, သုတ်သင်ရာ၏။

# ၂၁-ပကိဏ္ဏကဝဂ္ဂ

## ၁-အတ္တနော ပုဗ္ဗကမ္မဝတ္ထု

၂၉၀။ မတ္တာ သုခပရိစ္စာဂါ , ပဿေ စေ ဝိပုလံ သုခံ၊
စဇေ မတ္တာ သုခံ ဓီရော , သမ္ပဿံ ဝိပုလံ သုခံ။

---

**အဓိပန္နသ=** [အဓိ √ ပဒ+တ] လွှမ်းမိုးနှိပ်စက်အပ်သော။

**တာဏတာ=** [တာဏ+တာ] စောင့်ရှောက်နိုင်သောသူ၏အဖြစ်, စောင့်ရှောက်ကာကွယ်ခြင်း။

**အတ္ထဝသံ=** [အတ္ထ+ဝသ] အကြောင်း, အစီးအပွား, အကျိုး, အာနိသင်, အထူး။

**သီလသံဝုတော=** [သီလ+သံဝုတ] သီလေန သံဝုတော-သီလသံဝုတော၊ သီလဖြင့်စောင့် စည်းသော။

**နိဗ္ဗာနဂမနံ=** [နိဗ္ဗာန+ဂမန] နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။

### ၂၉၀-ပဒဝိဘာဂ

**မတ္တာသုခပရိစ္စာဂါ=** [မတ္တာသုခ+ပရိစ္စာဂ] အနည်းငယ်သောချမ်းကိုစွန့်ခြင်း။

**ပရိစ္စာဂ=** [ပရိ √ စဇ+ဏ] ပရိစ္စဇနံ-ပရိစ္စာဂေါ၊ စွန့်လွှတ်ခြင်း။

(အနက်) မတ္တာသုခပရိစ္စာဂါ-မပြောလောက်ပ, နည်းငယ်မျှသာ, လွန်စွာသိန်ဖျင်း, ချမ်းသာမှုကို စွန့်လွှတ်ခြင်းကြောင့်၊ ဝိပုလံ-လွန်စွာပေါကြွယ်, ပြန့်ပြောကြီး ကျယ်သော၊ သုခံ-နိဗ္ဗာနဓာတ်, ချမ်းသာမြတ်ကို၊ စေ ပဿေ-အကယ်ထင်ရှား, တွေ့မြင် ငြားအံ့၊ အထ-ထိုသို့ထင်ရှား, တွေ့မြင်ထားလတ်သော်၊ ဝိပုလံ-လွန်စွာပေါကြွယ်, ပြန့်ပြော ကြီးကျယ်သော၊ သုခံ-နိဗ္ဗာနဓာတ်, ချမ်းသာမြတ်ကို၊ သမ္ပဿံ-ဉာဏ်ဖြင့်ဆင်ခြင်, ကောင်းစွာမြင်သော၊ ဓီရော-တရားဆိနှစ်, ပညာစစ်ရှိသူသည်၊ မတ္တာသုခံ-မပြော လောက်ပ, အနည်းငယ်မျှသောချမ်းသာကို၊ စဇေ-မငဲ့မညှာ, စွန့်လွှတ်ရာ၏။

(မြန်မာပြန်) အနည်းငယ်မျှသောချမ်းသာကို စွန့်ခြင်းကြောင့် ကြီးကျယ်သောချမ်းသာကို မြင်ခဲ့ပါလျှင် ထိုကြီးကျယ်ချမ်းသာကို မြင်တွေ့သော ပညာရှိသည် အနည်း ငယ်မျှသော ချမ်းသာကို စွန့်လွှတ်ရာ၏။

(လင်္ကာ) နည်းငယ်ချမ်းသာ, စွန့်ပယ်ခွာမှု, အကြောင်းပြု၍, ပေါင်းစုပေါကြွယ်, ကြီးကျယ် ချမ်းသာ, တွေ့မြင်ပါလျှင်, ပညာရှင်သည်, သို့ပင်ပေါကြွယ်, ကြီးကျယ်ချမ်းသာ, ရှုငဲ့ကာဖြင့်, ချမ်းသာနည်းငယ်, မခင်တွယ်သာ, စွန့်ပယ်ရာ၏။

## ၂-ကုဏ္ဍလွှေအနွှခါဒိကာဝတ္ထု

၂၉၁။ ပရဒုက္ခူပဓာနေန , အတ္တနော သုခမိစ္ဆတိ၊
ဝေရသံသဂ္ဂသံသဋ္ဌော , ဝေရာ သော န ပရိမုစ္စတိ။

(အနက်) ယော-အကြင်သူသည်၊ ပရဒုက္ခူပဓာနေန-တစ်ပါးသူတွေ, ဆင်းရဲစေ သဖြင့်၊ အတ္တနော သုခံ-ကိုယ်ကျိုးငဲ့ကာ, ကိုယ့်ချမ်းသာကို၊ ဣစ္ဆတိ-လွန်စွာ ကပ်ငြိ, အလိုရှိ၏၊ သော-ထိုသူသည်၊ ဝေရသံသဂ္ဂသံသဋ္ဌော-ရန်ကိုရန်ချင်း, ရောနှော ခြင်းဖြင့်, ရောနှောသည်ဖြစ်၍၊ ဝေရာ-သူများတို့ပြန်, တစ်စုံတစ်ခုသော ရန်မှ၊ န ပရိ မုစ္စတိ-ပယ်ခွာထုတ်ချောက်, မလွတ်မြောက်နိုင်ပေ။

---

**မတ္တာသုခ**= [ မတ္တာ+သုခ ] အတိုင်းအရှည်နှင့်ယှဉ်သောချမ်းသာ၊ အနည်းငယ်သောချမ်းသာ။

**သမ္ပဿံ**= [ သံ √ဒိသ+အ+အန္တ ] ကောင်းစွာမြင်သော၊ ကောင်းစွာရှုကြည့်သော။

### ၂၉၁-ပဒဝိဘာဂ

**ပရဒုက္ခူပဓာနေန**= [ ပရ+ဒုက္ခူပဓာန ] ပရဿ ဒုက္ခူပဓာနံ-ပရဒုက္ခူပဓာနံ၊ သူတစ်ပါး၌ ဆင်းရဲကို ဖြစ်စေခြင်း။

**ဒုက္ခူပဓာန**= [ ဒုက္ခ+ဥပဓာန ] ဒုက္ခဿ ဥပဓာနံ-ဒုက္ခူပဓာနံ၊ ဒုက္ခကိုဖြစ်စေခြင်း။

**ဝေရသံသဂ္ဂသံသဋ္ဌော**= [ ဝေရသံသဂ္ဂ+သံသဋ္ဌ ] ဝေရသံသဂ္ဂေန သံသဋ္ဌော-ဝေရသံသဂ္ဂ သံသဋ္ဌော၊ ရန်ရောယှက်ခြင်းဖြင့် ရောနှောသော။

**သံသဋ္ဌ**= [ သံ √သဇ္ဇ+တ ] သံသဇ္ဇိတ္ထာတိ-သံသဋ္ဌော၊ ရောနှောသော။

(မြန်မာပြန်) သူတစ်ပါးကို ဆင်းရဲစေ၍ ကိုယ့်ချမ်းသာကို အလိုရှိသူသည် ရန်မူခြင်း, ရန်တုံ့ ပြန်ခြင်းဖြင့် ရောနှောနေသည်ဖြစ်၍ ရန်မှမလွတ်နိုင်။

(လင်္ကာ) သူတစ်ပါးအား, ဆင်းရဲများစွာ, ပေးထားပါ၍, ချမ်းသာမိမိ, အလိုရှိသူ, တစ်ဦးလူသည်, ရန်မူရန်ပြန်, ရောယှက်ပြန်၍, ရန်မှဘယ်ခါ, မလွတ်ပါတည်း။

## ၃-ဘဒ္ဒိယဘိက္ခုဝတ္ထု

၂၉၂။ ယံ ဟိ ကိစ္စံ အပဝိဒ္ဓံ , အကိစ္စံ ပန ကရီယတိ၊
ဥန္နဠာနံ ပမတ္တာနံ , တေသံ ဝဍ္ဎန္တိ အာသဝါ။

၂၉၃။ ယေသဉ္စ သုသမာရဒ္ဓါ , နိစ္စံ ကာယဂတာသတိ၊
အကိစ္စံ တေ န သေဝန္တိ , ကိစ္စေ သာတစ္စကာရိနော၊
သတာနံ သမ္ပဇာနာနံ , အတ္ထံ ဂစ္ဆန္တိ အာသဝါ။

(အနက်) ယံကိစ္စံ-သီလသုတ်သင်, တောသို့ဝင်လျက်, ဓုတင်ဆောင်ကာ, ဘာဝနာမကင်း, မွေ့လျော်ခြင်းဟူသော အကြင်ရဟန်းကိစ္စသည်၊ အတ္ထိ-ထင်ရှားမသွေ, ရှိနေပါပေ၏၊ တံကိစ္စံ-ရှောင်ကွင်းမရ, ထိုရဟန်းတို့ပြုလုပ်ရမည့်ကိစ္စကို၊ အပဝိဒ္ဓံ-ဝေးစွာရှောင်ရှား, စွန့်ပယ်ထားအပ်၏၊ အကိစ္စံ ပန-သပိတ်ဖိနပ်, ယပ်ကိုပြုပြင်, တန်ဆာဆင်ခြင်းဟူသော ရဟန်းကိစ္စမဟုတ်သည်ကိုကား၊ ကရီယတိ-အမြဲမပြတ်, ပြုလုပ်အပ်၏၊ ဥန္နဠာနံ-ကျူပြင်အလား, ထောင်လွှားတက်ကြွ, မာန်မာနရှိကြကုန်သော၊ ပမတ္တာနံ-သတိကင်းပ, မေ့လျော့နေကြကုန်သော၊ တေသံ-ကိုယ့်အလုပ်များ, စွန့်ပယ်ထား၍, တစ်ပါးအလုပ်, အားထုတ်ကြိုးပမ်း, ထိုရဟန်းတို့၏၊ အာသဝါ-ကာမာသဝ, စသည်လေးပါး, အာသဝေါတရားတို့သည်၊ ဝဍ္ဎန္တိ-တစ်နေ့တစ်ခြား, ဒီရေလားသို့, တိုးပွား၍သာ, လာကြ ပါကုန်၏။

---

**ဝေရသံသဂ္ဂ**= [ဝေရ+သံသဂ္ဂ] ဝေရဿ သံသဂ္ဂေါ-ဝေရသံသဂ္ဂေါ၊ ရန်ရောနှောခြင်း။

**သံသဂ္ဂ**= [သံ √သဇ္ဇ+ဏျ] ရောနှောခြင်း။

**ပရိမုစ္စတိ**= [ပရိ √မုစ+ယ+တိ] လွတ်၏။

### ၂၉၂, ၂၉၃-ပဒဝိဘာဂ

**အပဝိဒ္ဓံ**= [အပ √ဝိဓ+တ] စွန့်ပယ်အပ်သော။

**ဥန္နဠာနံ**= [ဥ+နဠ] မာနသင်္ခါတော ဥဂ္ဂတော နဠော ဧတေသန္တိ-ဥန္နဠာ၊ ဥဂ္ဂတတုစ္ဆမာနာတိ အတ္ထော၊ ဥဒါန-ဋ္ဌ၊ ၂၁၆။ ကျူပြင်အလား ထောင်လွှားသော မာန်မာနရှိကြသော။

**နဠ**= [ √နီ+အလ] နီ-နယေ၊ အလော, ဠတ္တံ၊ ဓာန်-ဋီ၊ ၆၀၁။

[ √နဠ+အ] နဠတိ အသာရော နိဿာရော ဟုတွာ ဝဍ္ဎုဝုဝဍ္ဎတောပိ တနုကော သလ္လဟုကော ဓာတောတိ-နဠော၊ အပ-ဋ္ဌ-၂၊ ၁၂၅။ ကျူပြင်ကျူ ရိုး။

[နဠ+အ] တုစ္ဆဘာဝေန မာနော နဠောဝိယာတိ-နဠော၊ ဥဒါန-ဋ္ဌ၊ ၂၁၆။ ကျူပြင်ကျူရိုးနှင့်တူသော မာနတရား။

ယေသဉ္စ-သိက္ခာခင်မင်, အကြင်ရဟန်းတို့သည်ကား၊ နိစ္စံ-အမြဲမကွာ,အခါခပ်သိမ်း၊ ကာယဂတာသတိ-ကိုယ်၌ဖြစ်ပွား, ဝင်သက်ထွက်သက်စသည်ကို အာရုံပြုသော သတိတရားကို၊ သုသမာရဒ္ဓါ-ကြိုးပမ်းထပ်ထပ်, ကောင်းစွာအားထုတ်အပ်၏၊ တေ-အမြဲမပြတ်, ရှုမှတ်ကြိုးပမ်း, ထိုရဟန်းတို့သည်၊ အကိစ္စံ-သပိတ်ဖိနပ်, ယပ်ကိုပြုပြင်, တန်ဆာဆင်ခြင်းစသော ရဟန်းကိစ္စမဟုတ်သည်ကို၊ န သေဝန္တိ-ပြုလုပ်အားခဲ, မမှီဝဲကြကုန်၊ ကိစ္စေ-မယွင်းမချွ, ပြုကျင့်ရမည့်, သီလစသောကိစ္စ၌၊ သာတစ္စကာရိနော-အမြဲမပြတ်, ပြုလုပ်တတ်ကြကုန်၏၊ သတာနံ-အမှတ်သတိ, အမြဲရှိနေကြကုန်သော၊ သမ္ပဇာနာနံ-သမ္ပဇဉ်လေးပါး, တရားများဖြင့်, မျက်ဝါးထင်ထင်, ကောင်းစွာအပြားအားဖြင့် သိမြင်ကြကုန်သော၊ တေသံ-ကိုယ့်ကိစ္စသာ, ကောင်းစွာကြိုးပမ်း, ထိုရဟန်းတို့အား၊ အာသဝါ-ကာမာသဝ, စသည်လေးပါး, အာသဝေါတရားတို့သည်၊ အတ္ထံ-ကုန်ဆုံးကွာကင်း, ချုပ်ပျောက်ခြင်းသို့၊ ဂစ္ဆန္တိ-မလွဲမသုန်, ရောက်ကြရကုန်၏။

**မြန်မာပြန်** မိမိလုပ်ရမည့် သီလစောင့်ခြင်း, ဓုတင်ကျင့်ခြင်း, ဘာဝနာပွားများခြင်း စသောအလုပ်ကို မလုပ်ဘဲ မပြုလုပ်သင့်သော သပိတ်ဖိနပ်, ယပ်ကို ပြုပြင်, တန်ဆာဆင်ခြင်းစသောအလုပ်ကို ပြုလုပ်လျက် မာနထောင်လွှား ကုသိုလ်တရားတို့၌ မေ့လျော့နေသူတို့မှာ အာသဝေါတရားများ တိုးပွားကုန်၏။

ကာယဂတာဘာဝနာကို အမြဲကောင်းစွာအားထုတ်လျက် မပြုလုပ်သင့်သောအလုပ်တို့ကို မပြုလုပ်ဘဲ ပြုသင့်သောအလုပ်တို့ကို အမြဲပြုလုပ်၍ ကုသိုလ်ကောင်းမှု၌ မမေ့လျော့သူ, ကောင်းစွာပညာအမြော်အမြင်ရှိသူတို့မှာ အာသဝေါတရားများ ချုပ်ငြိမ်းကုန်၏။

---

**သုသမာရဒ္ဓါ**= [ သု+သံ+အာ √ရဘ+တ+အာ ] ကောင်းစွာအားထုတ်အပ်သော။

**ကာယဂတာသတိ**= [ ကာယဂတာ+သတိ ] ကိုယ်၌ဖြစ်သောသတိ၊ ဆံအစရှိသောရူပကာယကို အာရုံပြု၍ဖြစ်သောသတိ၊ ထွက်သက်ဝင်သက်အပေါင်းကိုသိမ်းဆည်းသောသတိ၊ ထွက်သက်ဝင်သက်ကို အာရုံပြုသောသတိ။

**ကာယဂတာ**= [ ကာယ+ဂတာ ] ကာယေ ဂတာ-ကာယဂတာ၊ ကိုယ်၌ဖြစ်သော။

**သေဝန္တိ**= [ √သေဝ+အ+အန္တိ ] မှီဝဲကုန်၏၊ ဆည်းကပ်ခစားကုန်၏။

**သာတစ္စကာရိနော**= [ သာတစ္စ+ကာရီ ] အမြဲမပြတ်ပြုလေ့ရှိသော။

**ကာရီ**= [ √ကရ+ဏီ ] ကရောတိ သီလေနာတိ-ကာရီ၊ ပြုလေ့ရှိသော။

**သာတစ္စ**= [ သတတ+ဏျ ] သတတဘာဝေါ-သာတစ္စံ၊ အဘိ-၄-၂၊ ၄၅၀။ မြဲသည်၏အဖြစ်၊ အမြဲမပြတ်။

**သတာနံ**= [ သတိ+အ ] သတိ အဿ အတ္ထီတိ-သတော၊ နိရုတ္တိ၊ ၃၁၀။ သတိရှိသော၊ သတိနှင့် ပြည့်စုံသော။

[ √သရ+တ ] အောက်မေ့အမှတ်ရတတ်သော။

(လင်္ကာ) လုပ်သင့်အလုပ်, မပြုလုပ်ဘဲ, မလုပ်သင့်ရာ, ပြုလုပ်ကာဖြင့်, မာနထောင်လွှား, မေ့လျော့များမှု, ထိုသူတို့မှာ, လေးဖြာအာသဝ, တိုးပွားကြ၏။

စွဲမြဲလှစွာ, ကိုယ်မှာဖြစ်ပွား, ဖို့စုများကို, ပွားများအဟုတ်, ကြိုးအားထုတ်၍, မလုပ်သင့်ငြား, အလုပ်များကို, ရှောင်ရှားကြကာ, လုပ်သင့်ရာကို, မြန်စွာပြုလုပ်, ထိန်းချုပ်သတိ, ဉာဏ်လည်းရှိငြား, ထိုသူများမှာ, လေးပါးအာသဝ, ချုပ်ငြိမ်းရ၏။

## ၄-လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု

၂၉၄။ မာတရံ ပိတရံ ဟန္တွာ , ရာဇာနော ဒွေ စ ခတ္တိယေ၊
ရဋ္ဌံ သာနုစရံ ဟန္တွာ , အနီဃော ယာတိ ဗြာဟ္မဏော။

(အနက်) မာတရံ-ဘုံသုံးပါးမှာ, သတ္တဝါကို, ဖြစ်လာစေဘိ, တဏှာဟူသော အမိကိုလည်းကောင်း၊ ပိတရံ-မာန်ထောင်တက်ကြွ, ညွန်ပြရသည့်, မာနဟူသောအဖကိုလည်းကောင်း၊ ဟန္တွာ-သတ်ဖြတ်၍၊ ရာဇာနော ဒွေ ခတ္တိယေ စ-သဿတနှင့် ဥစ္ဆေဒဟူငြား, ပြည့်ရှင်မင်းနှစ်ပါးတို့ကိုလည်း၊ ဟန္တွာ-သတ်ဖြတ်၍၊ သာနုစရံ-အခွန်သိမ်းတတ်, နန္ဒီရာဂဟူသော အမတ်နှင့်တကွဖြစ်သော၊ ရဋ္ဌံ-တစ်ဆယ့်နှစ်ပါး,အာယတနတရားဟူသော တိုင်းပြည်ကိုလည်း၊ ဟန္တွာ-ပယ်ဖျက်၍၊ ဗြာဟ္မဏော-မကောင်းမှုများ, အပပြုထားသော ရဟန္တာပုဂ္ဂိုလ်သည်၊ အနီဃော-ဘေးရန်ကွာကင်း, ဆင်းရဲခြင်းမရှိသည်ဖြစ်၍၊ ယာတိ-နိဗ္ဗာန်ထုတ်ချောက်, အရောက်သွားလေတော့၏။

---

### ၂၉၄-ပဒဝိဘာဂ

**ဟန္တွာ**= [ √ဟန+တွာ] သတ်၍။

**ခတ္တိယေ**= [ခတ္တ+ဣယ] ခတ္တဿာပစ္စံ-ခတ္တိယော၊ အပစ္စေ ဣယပစ္စယော ဒိဿတေ။
[ခေတ္တ+ဣယ] ခေတ္တာနံ အဓိပတိဘူတတ္တာ ဝါ-ခတ္တိယောတိ အာဒိကပ္ပိကရာဇာ ဝုစ္စတိ၊ တပ္ပဘဝတ္တာ ပန မုဒ္ဓါဘိသိတ္တောသုပိ တံ သမညာ၊ ဆေယတ္တံ၊ ဓာန်-ဋီ၊ ၃၃၅။
[ခေတ္တ √တာ+အ] ခေတ္တတော ဝိဝါဒါ သတ္တေ တာယတီတိ-ခတ္တိယော၊ သံ-ဋီ-၁၊ ၇၈။ မင်းမျိုး၊ မင်းနွယ်၊ မင်းသား။

**ခတ္တ**= [ခတ္တ+ဏ] ခတ္တဿာပစ္စံ-ခတ္တံ၊ ဏော၊ ဓာန်-ဋီ၊ ၃၃၅။ မင်း၊ မင်းမျိုး၊ ခတ္တိယမျိုး။

**သာနုစရံ**= [သဟ+အနုစရ] နောက်လိုက်နောက်ပါ မှူးမတ်နန္ဒီရာဂ, လောဘနှင့်တကွဖြစ်သော။

**အနုစရ**= [အနု √စရ+အ] အနုသဒ္ဒေါ ပစ္ဆာတ္ထော၊ ဓာန်-ဋီ၊ ၃၈၀။ နောက်လိုက်, အတူသွားဖော်သွားဖက်၊ ရဲဘော်၊ အခွန်ကောက်ခံတတ်သူ၊ မင်းမှုထမ်းတို့နှင့်တူသော နန္ဒီရာဂ။

**အနီဃော**= [န+ဤဃ] တစ်နည်း= [န+နီဃ] ဆင်းရဲမရှိသူ၊ ရာဂ-စသောဆင်းရဲမရှိသူ၊ ကိလေသာဆင်းရဲ မရှိသူ၊ ကိလေသာဆင်းရဲ, ဝိပါက်ဆင်းရဲမရှိသူ၊ ရာဂ-စသော နှိပ်စက်တတ်သော တရားမရှိသူ၊ အနာဂတ်ဝဋ်ဆင်းရဲမရှိသူ၊ ဆင်းရဲမရှိခြင်း။

(မြန်မာပြန်) တဏှာဟူသောအမိ, မာနဟူသောအဖ, သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိဟူသော မင်းနှစ်ပါး, နန္ဒီရာဂ(ကပ်ငြိစွဲလမ်းခြင်း)ဟူသောအခွန်သိမ်းအမတ်နှင့်တကွ အာယတနတစ်ဆယ့်နှစ်ပါးဟူသော တိုင်းပြည်တို့ကိုသတ်ဖြတ်ဖျက်ဆီး၍ ရဟန္တာ ပုဂ္ဂိုလ်သည် ဆင်းရဲကင်းကွာ နိဗ္ဗာန်သို့ သွားနေပါ၏။

(လင်္ကာ) အမိတဏှာ, အဖမာန, သတ်ဖြတ်ချလျက်, သဿတနှင့်, ဥစ္ဆေဒဟူငြား, မင်းနှစ်ပါးကို, ဖြတ်သွားဇိဝိ, သတ်ထားဘိ၍, နန္ဒီရာဂ, တပ်မက်လှသည့်, အခွန်သိမ်းတတ်, တစ်ဦးမတ်နှင့်, အဇ္ဈတ်ဗာဟိ, ပြားဘိအာယတန, ပြည်ရဋ္ဌကို, ဖျက်ရကောင်းစွာ, ရဟန္တာကား, ကင်းကွာဆင်းရဲ, ချမ်းသာမြဲ၏။

၂၉၅။ မာတရံ ပိတရံ ဟန္တွာ , ရာဇာနော ဒွေ စသောတ္ထိယေ၊
ဝေယဂ္ဃပဉ္စမံ ဟန္တွာ , အနီဃော ယာတိ ဗြာဟ္မဏော။

(အနက်) မာတရံ-တဏှာဟူသော အမိကိုလည်းကောင်း၊ ပိတရံ-မာန်မာနဟူသော အဖကိုလည်းကောင်း၊ ဟန္တွာ-သတ်၍၊ ရာဇာနော-မင်းဖြစ်ကုန်သော၊ ဒွေစသောတ္ထိယေ-သဿတနှင့် ဥစ္ဆေဒဟူငြား ပုဏ္ဏားနှစ်ယောက်တို့ကိုလည်း၊ ဟန္တွာ-သတ်၍၊ ဝေယဂ္ဃပဉ္စမံ-ကျားရဲအများ, သွားလာကူးသန်း, လမ်းနှင့်တူဘိ, ဝိစိကိစ္ဆာလျှင် ငါးခုမြောက်ရှိသော နီဝရဏတရားအပေါင်းကို၊ ဟန္တွာ-အကြွင်းမဲ့ဖျက်ဆီး၍၊ ဗြာဟ္မဏော-ရဟန္တာပုဂ္ဂိုလ်သည်၊ အနီဃော-ဆင်းရဲခြင်းမရှိသည်ဖြစ်၍၊ ယာတိ-သွား၏။

(မြန်မာပြန်) အမိတဏှာ, အဖမာန, သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိဟူသော ပုဏ္ဏား, မင်းနှစ်ယောက်, ကျားရဲအမြဲသွားလာနေသော ခရီးနှင့်တူသည့် ဝိစိကိစ္ဆာလျှင် ငါးခုမြောက်ရှိသည့် နီဝရဏတရားအပေါင်းကို သတ်ဖြတ်ပယ်ဖျက်၍ ရဟန္တာပုဂ္ဂိုလ်သည် ဆင်းရဲကင်းကွာ နိဗ္ဗာန်သွားနေပါ၏။

---

**ဤဃ=** ဤဃသဒ္ဒေါ ဒုက္ခပရိယာယောတိ အာဟ နိဒုက္ခောတိ၊ မဓ-ဋီ-၃၊ ၄၁။ ရာဂါဒီဟိ ဤဃေဟိ-အနီဃော စ ဟောတိ။ သုတ္တနိ-ဌ-၂၊ ၁၅၆။

**နီဃ=** [န+ဤဟာ] နတ္ထိ အဓိဂမနတ္ထံ ဤဟာ ဧတ္တာတိ-နီဃော၊ ဟဿ ဃော၊ အထဝါ= [နိ √ဟန+ဏ] နိဟန္တျပုညံ ဟိံသတိ ဂစ္ဆတီတိ ဝါ-နီဃော၊ ပုညံ ဝါ န ဟန္တိ န ဂစ္ဆတီတိ-နီဃော၊ ဓာန်-ဋီ၊ ၈၉။ ဆင်းရဲ။

## ၂၉၅-ပဒဝိဘာဂ

**သောတ္ထိယေ=** [သုတ္တ+ဏိက] က-ကို ယ-ပြု၊ ဗြဟ္မသုတ္တံ အဓီတေ သောတ္ထိယော [ဆန္ဒ+ဏ] ဆန္ဒသဒ္ဒဿ သောတ္ထိယာဒေသော၊ ဓာန်-ဋီ၊ ၄၀၈။ ပုဏ္ဏား။

**ဝေယဂ္ဃ=** [ဗျဂ္ဃ+ဏ] ဓာန်-ဋီ၊ ၃၇၂။ ကစ္စည်း၊ ၄၀၁-တို့ကိုရှုပါ။ ဗျဂ္ဃဿ ဣဿတ္ထိ ဝါ-ဝေယဂ္ဃံ။ ကျားရဲမပြတ်ကျက်စားရာ ခရီးလမ်း၊ ကျားရေ။ ပု+န။ ဗျဂ္ဃော စရတိ ဧတ္ထာတိ၊ ဗျဂ္ဃဿ ဣဒန္တိ ဝါ-ဝေယဂ္ဃံ။

(လက်ာ) အမိတဗျာ, အဖမာန, သတ်ဖြတ်ရလျက်, သဿတနှင့်, ဥစ္ဆေဒဟူဘြား, မင်းလုပ်စားသည့်, ပုဏ္ဏားနှစ်ယောက်, သတ်ပြီးနောက်တွင်, ထွက်မြောက်ခက်ခဲ, ကျားရဲများရှိ, လမ်းတူညီသည့်, ဝိစိကိစ္ဆာ, ပဉ္စမာဟု, ငါးဖြာနီဝရဏ, ဖျက်ချပယ်ခွာ, ရဟန္တာကား, ကင်းကွာဆင်းရဲ, ချမ်းသာမြဲ၏။

## ၅-ဒါရုသာကဋိကပုတ္တဝတ္ထု

၂၉၆။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ , သဒါ ဂေါတမသာဝကာ၊
ယေသံ ဒိဝါ စ ရတ္တော စ , နိစ္စံ ဗုဒ္ဓဂတာ သတိ။

၂၉၇။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ , သဒါ ဂေါတမသာဝကာ၊
ယေသံ ဒိဝါ စ ရတ္တော စ , နိစ္စံ ဓမ္မဂတာ သတိ။

၂၉၈။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ , သဒါ ဂေါတမသာဝကာ၊
ယေသံ ဒိဝါ စ ရတ္တော စ , နိစ္စံ သံဃဂတာ သတိ။

၂၉၉။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ , သဒါ ဂေါတမသာဝကာ၊
ယေသံ ဒိဝါ စ ရတ္တော စ , နိစ္စံ ကာယဂတာ သတိ။

၃၀၀။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ , သဒါ ဂေါတမသာဝကာ၊
ယေသံ ဒိဝါ စ ရတ္တော စ , အဟိံသာယ ရတော မနော။

၃၀၁။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ , သဒါ ဂေါတမသာဝကာ၊
ယေသံ ဒိဝါ စ ရတ္တော စ , ဘာဝနာယ ရတော မနော။

(အနက်) ယေသံ-အကြင်သူတို့အား၊ ဒိဝါစ-မိုက်မှောင်အများ, ကုန်ဆုံးသွားရာ, နေ့အခါ၌လည်းကောင်း၊ ဝါ-ပြောင်ပြောင်ဝင်းဝင်း, နေအဆင်းတို့, ထွန်းလင်းတောက်ပရာ, နေ့အခါ၌လည်းကောင်း၊ ရတ္တော စ-သတ္တဝါများ, တပ်ခြင်းပွားရာ, ညဉ့်အခါ၌လည်းကောင်း၊ နိစ္စံ-အချိန်မဆွဲ, အမြဲမပြတ်၊ ဗုဒ္ဓဂတာ-ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော၊ သတိ-မပျက်မယွင်း, အောက်မေ့အမှတ်ရခြင်းသည်၊ အတ္ထိ-ရှိ၏၊ ဂေါတမသာဝကာ-ဂေါတမနွယ်ဖွား, မြတ်ဘုရား၏, တရားနာရ, သာဝကဖြစ်ကြကုန်သော၊ တေ-ထိုသူတို့သည်၊ သဒါ-နေ့ရောညဉ့်ပါ, ခပ်သိမ်းသောအခါ၌၊ သုပ္ပဗုဒ္ဓံ-ရှင်လန်းဝမ်းမြောက်, ကောင်းမွန်စွာနိုးကြားသည် မည်လောက်အောင်၊ ပဗုဇ္ဈန္တိ-လန်းဆန်းလုစွာ, နိုးကြားလာကြကုန်၏၊ ဝါ-ထိုင်းမှိုင်းလွဲသုန်, နိုးလာကြကုန်၏။

---

## ၂၉၆, ။ ပ ။ ၃၀၁-ပဒဝိဘာဂ

**သုပ္ပဗုဒ္ဓံ**= [သု+ပ √ဗုဓ+တ] ကောင်းစွာနိုးကြားသော၊ ကောင်းစွာသိပြီးသော။

**ပဗုဇ္ဈန္တိ**= [ပ √ဗုဓ+ယ+အန္တိ] နိုးကြားကုန်၏၊ ပွင့်ကုန်၏၊ သွားကုန်၏။

**ဂေါတမသာဝကာ**= [ဂေါတမ+သာဝက] ဂေါတမမြတ်စွာဘုရား၏တပည့်(သာဝက။)

**ဂေါတမ**= [ဂေါတမ+ဏ] ဂေါတမဿ ပုတ္တော-ဂေါတမော။ ရူ၊ ၃၆၅။ ဂေါတမအနွယ်ရှိသူ၊

။ ပ ။ ဓမ္မဂတာ-ခြောက်ပါးပြည့်စုံ, တရားဂုဏ်ကို အာရုံပြု၍ဖြစ်သော၊ သတိ။ ပ ။

။ ပ ။ သံဃဂတာ-ကိုးပါးလွှမ်းခြုံ, သံဃာ့ဂုဏ်ကို, အာရုံပြု၍ဖြစ်သော၊ သတိ ။ ပ ။

။ ပ ။ကာယဂတာ-ဒွတ္တိံသာကာရ, စသည်စွမ်းအား, ဖြစ်ပွားလာသော၊ သတိ၊ ။ ပ ။

။ ပ ။ အဟိံသာယ-ညှဉ်းဆဲကင်းကွာ, ကရုဏာဘာဝနာဖြင့်၊ ရတော မနော-မွေ့လျော်ပျော်ပိုက်, နှစ်ခြိုက်သောစိတ်သည်၊ အတ္ထိ ။ ပ ။

။ ပ ။ ဘာဝနာယ-သတ္တဝါကုန်, လွှမ်းခြုံပွားရာ, မေတ္တာဘာဝနာဖြင့်၊ ရတော မနော-မွေ့လျော်ပျော်ပိုက်, နှစ်ခြိုက်သောစိတ်သည်၊ အတ္ထိ-အမှန်မသွေ, ရှိနေပါပေ၏၊ ဂေါတမသာဝကာ-ဂေါတမနွယ်ဖွား, မြတ်ဘုရား၏ တရားနာရ, တပည့်သာဝကဖြစ်ကြကုန်သော၊ တေ-ထိုသူတို့သည်၊ သဒါ-နေ့ရောညဉ့်ပါ, ခပ်သိမ်းသောအခါ၌၊ သုပ္ပဗုဒ္ဓံ-ရှင်လန်းဝမ်းမြောက်, ကောင်းစွာနိုးကြားသည်မည်လောက်အောင်၊ ပဗုဇ္ဈန္တိ-လန်းဆန်းလှစွာ, နိုးကြားလာကြကုန်၏၊ ဝါ-ထိုင်းမှိုင်းလွဲသုန်, နိုးလာကြကုန်၏။

**မြန်မာပြန်** နေ့ရောညဉ့်ပါ အခါခပ်သိမ်း ဘုရားဂုဏ်တော်ကိုးပါးကို အောက်မေ့ကြသော ဂေါတမမြတ်စွာဘုရား၏ တပည့်သာဝကတို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြကုန်၏။

နေ့ရောညဉ့်ပါ အခါခပ်သိမ်း တရားဂုဏ်တော်ခြောက်ပါးကို အောက်မေ့အမှတ်ရ နေကြကုန်သော ဂေါတမမြတ်စွာဘုရား၏ တပည့်သာဝကတို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြရကုန်၏။

နေ့ရောညဉ့်ပါ အခါခပ်သိမ်း သံဃာ့ဂုဏ်တော်ကိုးပါးကို အောက်မေ့အမှတ်ရ နေကြကုန်သော ဂေါတမမြတ်စွာဘုရား၏ တပည့်သာဝကတို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြရကုန်၏။

နေ့ရောညဉ့်ပါ အခါခပ်သိမ်း ခန္ဓာကိုယ်၌ ဆံစသော ၃၂-ကောဋ္ဌာသ စသည်တို့ကို ရှုမှတ်ပွားများသော ဂေါတမမြတ်စွာဘုရား၏ တပည့်သာဝကတို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြရကုန်၏။

---

ဂေါတမအနွယ်၌ဖြစ်သော၊ (ဂေါတမသည် ဂေါတမအနွယ်ကို အစဦး တည်ထောင်သော ရသေ့၏အမည်ဖြစ်သည်၊ ရုဠှီနာမ်ပုဒ်။)

ဒိဝါ= [ နိပါတ ] ဒိဝါတိ နိပါတသဒ္ဒေါ ပဌမာ ဒုတိယာ သတ္တမီ "ရတ္တိယေဝ သမာနံ ဒိဝါတိ သဉ္ဇာနန္တိ၊ ဒိဝါယေဝ သမာနံ ရတ္တိန္တိ သဉ္ဇာနန္တိ"၊ "ဒိဝါစ ရတ္တောစ ဟရန္တိ ယေ ဗလိံ"။

နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကရုဏာဘာဝနာ ပွားများခြင်း၌ မွေ့လျော်ပျော်ပိုက်သောစိတ် ရှိကြကုန်သည့် ဂေါတမမြတ်စွာဘုရား၏ တပည့်သာဝကတို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြရကုန်၏။

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာဘာဝနာ ပွားများခြင်း၌ မွေ့လျော်ပျော်ပိုက်သောစိတ်ရှိကြသည့် ဂေါတမမြတ်စွာဘုရား၏ တပည့်သာဝကတို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြရကုန်၏။

လကာ နေ့ရောညဉ့်ပါ, အခါမပြတ်, ဘုရားမြတ်၏, ကိုးရပ်သောဂုဏ်, အာရုံပြုကာ, ဖြစ်ပွားလာသည့်, ခိုင်မာသတိ, အမြဲရှိကြား, မြတ်ဘုရား၏, စကားနာယူ, တပည့်မှုကား, နိုးမှုကောင်းစွာ, နိုးသည်သာတည်း။

နေ့ရောညဉ့်ပါ, အခါမပြတ်, တရားမြတ်၏, ခြောက်ရပ်သောဂုဏ်, အာရုံပြုကာ, ဖြစ်ပွားလာသည့်, ခိုင်မာသတိ, ရရှိနေကြား, မြတ်ဘုရား၏, စကားနာယူ, တပည့်မှုကား, နိုးမှုကောင်းစွာ, နိုးသည်သာတည်း။

နေ့ရောညဉ့်ပါ, အခါမပြတ်, သံဃာမြတ်၏, ကိုးရပ်သောဂုဏ်, အာရုံပြုကာ, ဖြစ်ပွားလာသည့်, ခိုင်မာသတိ, ရရှိနေကြား, မြတ်ဘုရား၏, စကားနာယူ, တပည့်မှုကား, နိုးကြားကောင်းစွာ, နိုးသည်သာတည်း။

နေ့ရောညဉ့်ပါ, အခါမပြတ်, ကိုယ်နှင့်စပ်၍, ရှုမှတ်သတိ, ရရှိနေကြား, မြတ်ဘုရား၏, စကားနာယူ, တပည့်မှုကား, နိုးကြားကောင်းစွာ, နိုးသည်သာတည်း။

---

[ √ဒိ+က္ခ ] ဒီယတိ ခီယတိ အန္ဓကာရော ဧတေနာတိ-ဒိဝါ၊ ဒီ-ခယေ၊ အာစရိယာ ပန ဒိဗ္ဗတိ ဩဘာသတီတိ-ဒိဝါတိ ဒိဝုဓာတုဝသေနပိ ဒိဝါသဒ္ဒဿ အတ္ထံ သံဝဏ္ဏေန္တိ၊ သူစိ။
[ √ဒိဝု+ဏ ] ကောတ္ထုဘာ။ နေ့ ။
တစ်နည်း= [ ဒိဝ+သို ] နိတိ-သုတ္တ၊ ၂၁၉-သုတ်ဖြင့် သို-ဝိဘတ်ကို အာ-ပြု၊ ရတ္တော၌ သို-ကို ဩ-ပြု။

**ဗုဒ္ဓဂတာ=** [ ဗုဒ္ဓ+ဂတာ ] ဘုရား၌ဖြစ်သော၊ ဘုရားဂုဏ်တော်လျှင် အာရုံရှိသော။

**ဓမ္မဂတာ=** [ ဓမ္မ+ဂတာ ] သွာက္ခာတတာစသော ဂုဏ်တော်ကို အကြောင်းပြု၍ဖြစ်သော(သတိ။)

**သံဃဂတာ=** [ သံဃ+ဂတာ ] သုပ္ပဋိပန္နတာစသော သံဃဂုဏ်တော်ကို အကြောင်းပြု၍ဖြစ်သော (သတိ။)

**ဘာဝနာယ=** [ √ဘူ+ဏေ+ယု+အာ ] ဖြစ်စေခြင်း၊ စီးဖြန်းပွားများခြင်း၊ ဘာဝနာ၊ ပွားစေခြင်း၊ ပွားများအားထုတ်ကြောင်း စေတနာ။

နေ့ရောညဉ့်ပါ, အခါမပြတ်, ညဉ်းဆဲလွှတ်သား, သနားကရုဏာ, ဘာဝနာဝယ်, စိတ်ပါဝင်စား, မြတ်ဘုရား၏, စကားနာယူ, တပည့်မူကား,နိုးကြားကောင်းစွာ,နိုးသည် သာတည်း။

နေ့ရောညဉ့်ပါ, အခါမပြတ်, ကင်းလွှတ်ဒေါသ, ပို့သမေတ္တာ, ဘာဝနာဝယ်, စိတ်ပါ ဝင်စား, မြတ်ဘုရား၏, စကားနာယူ, တပည့်မူကား, နိုးကြားကောင်းစွာ, နိုးသည် သာတည်း။

## ၆–ဝဋ္ဋိပုတ္တကဘိက္ခုဝတ္ထု

၃၀၂။ ဒုပ္ပဗ္ဗဇ္ဇံ ဒုရဘိရမံ , ဒုရာဝါသာ ဃရာ ဒုခါ၊
ဒုက္ခော’သမာနသံဝါသော , ဒုက္ခာနုပတိတဒ္ဓဂူ၊
တသ္မာ န စဒ္ဓဂူ သိယာ , န စ ဒုက္ခာနုပတိတော သိယာ။

**အနက်** ဒုပ္ပဗ္ဗဇ္ဇံ–နည်းများဥစ္စာ, ဆွေမျိုးခွာ၍, သာသနာ့ဝန်ထမ်း, ရှင်ရဟန်းပြုရန်, အလွန်ပင်ခဲယဉ်းလှပါပေ၏၊ ဒုရဘိရမံ–ရဟန်းကောင်းစွာ, ဖြစ်၍လာလည်း, ဆွမ်းရှာသက်မွေး, ကျင့်ရေးသီလ, သမထဝိပဿနာ, ဘာဝနာမကင်း, မွေ့လျော်ရန် ခဲယဉ်းလှပါပေ၏၊ ဃရာ–လူမှုကိစ္စ, ရှိသမျှကို, နိစ္စဖြည့်တင်း, အိမ်၌နေရခြင်းတို့သည်၊ ဒုရာဝါသာ–အိုးပေါက်သမုဒ္ဒရာ, ကဲ့ပမာသို့, လွန်စွာပြည့်ခဲ, ဆင်းရဲသောနေထိုင်ရခြင်း ရှိကုန်သည်ဖြစ်၍၊ ဒုက္ခာ–ကြီးမားဒုက္ခ, ဆင်းရဲလှကုန်၏၊ အသမာနသံဝါသော–ငြင်းခုံ ခြင်းမှာ, လေ့လာထန်ပြင်း, သဘောမတူသူတို့နှင့် အတူနေရခြင်းသည်၊ ဒုက္ခော–စိတ်က ပူဆာ, ချမ်းသာမရ, ဆင်းရဲလှပါပေ၏၊ အဒ္ဓဂူ–ဝဋ်ဆင်းရဲဟူ, ခရီးရှည်ကို သွားနေသူ တို့သည်၊ ဒုက္ခာနုပတိတာ–ကြီးမားလွန်မင်း, ဆင်းရဲခြင်း၌, ရှောင်ကွင်းမရ, အဖန်ဖန် ကျရောက်ကြရကုန်၏၊ တသ္မာ–ဝဋ်ဆင်းရဲမှာ, ကျရောက်လာသူ, ဝဋ်ခရီးသွားသူတို့, ကြီးထုလွန်မင်း, ထိုသို့ဆင်းရဲရခြင်းကြောင့်၊ အဒ္ဓဂူ စ–လွန်စွာရှည်လျား, ဝဋ်ခရီးသွားသူ သည်လည်း၊ န သိယာ–ကိုယ်ကျိုးငဲ့ညှာ, မဖြစ်သင့်ရာ၊ ဒုက္ခာနုပတိတော စ–ကြီးကျယ် လွန်မင်း, ဆင်းရဲခြင်း၌, ရှောင်ကွင်းမမှု, အဖန်ဖန်ကျရောက်သူသည်လည်း၊ န သိယာ– ကိုယ်ကျိုးငဲ့ညှာ, မဖြစ်သင့်တော့သည်သာတည်း။

---

### ၃၀၂–ပဒဝိဘာဂ

**ဒုပ္ပဗ္ဗဇ္ဇံ=** [ဒု+ပဗ္ဗဇ္ဇာ] အပ္ပံ ဝါ မဟန္တံ ဝါ ဘောဂက္ခန္ဓဉ္စေဝ ဉာတိပရိဝဋ္ဋဉ္စ ပဟာယ ဣမသ္မိံ သာသနေ ဥရံ ဒတွာ ပဗ္ဗဇနသ ဒုက္ကရတ္တာ ဒုက္ခံ ပဗ္ဗဇနံ, ဒုက္ကရာ ပဗ္ဗဇ္ဇာတိ–ဒုပ္ပဗ္ဗဇ္ဇံ၊ ထေရ–၄–၁၊ ၂၇၉။ ဆင်းရဲသဖြင့်ပြုအပ်သော ရှင်ရဟန်း၏အဖြစ်၊ ပြုနိုင်ခဲသော ရှင်ရဟန်း ၏အဖြစ်။

**ဒုရဘိရမံ=** [ဒု+အဘိရမ] မွေ့လျော်နိုင်ခဲသော၊ မွေ့လျော်ခြင်းငှာ ဆင်းရဲလှသော။
[ဒု+အဘိ √ရမု+ခ ]ဒုက္ခေန အဘိရမိတဗ္ဗန္တိ –ဒုရဘိရမံ၊ ဆင်းရဲသဖြင့် မွေ့လျော် အပ်သော၊ မွေ့လျော်နိုင်ခဲသော။

**မြန်မာပြန်** ပစ္စည်းဥစ္စာနှင့် ဆွေမျိုးကို စွန့်ခွာ၍ ရှင်ရဟန်းပြုရန် ခဲယဉ်းလှ၏၊ ရှင်ရဟန်းအဖြစ်၌ မွေ့လျော်နေနိုင်ခဲ၏၊ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေရခြင်းသည် အလိုပြည့်ခဲသည်ဖြစ်၍ ဆင်းရဲလှပေ၏၊ သဘောမတူသူတို့နှင့် ပေါင်းသင်းနေထိုင်ရခြင်းသည် ဆင်းရဲလှပေ၏၊ ဝဋ်ဆင်းရဲတည်းဟူသော ခရီးရှည်ကို သွားနေသူတို့သည် ဆင်းရဲ၌ အဖန်ဖန်ကျရောက်ကြရကုန်၏၊ ထို့ကြောင့် ဝဋ်ဆင်းရဲဟူသော ခရီးရှည်သွားသူမျိုးလည်း မဖြစ်သင့်၊ ဆင်းရဲ၌ အဖန်ဖန်ကျရောက်သူမျိုးလည်း မဖြစ်သင့်ပေ။

**လင်္ကာ** စည်းစိမ်ဥစ္စာ, ဆွေမျိုးခွာ၍, သာသနာ့ဝန်ထမ်း, ရဟန်းဘဝ, ရရှိရန်မှာ, ခဲယဉ်းပါ၏၊ ရလာပြန်လည်း, သိပ်သည်းကောင်းစွာ,ကျင့်ရာများလွန်း, ရဟန်းခလေ့, သဘောတွေ့၍, ပျော်မွေ့ရန်မှာ, ခက်လှပါ၏၊ လွန်စွာရှုပ်ထွေး, သက်မွေးခက်လှ, လူ့ဘဝဝယ်, နေရခြင်းမှာ, ဆင်းရဲပါ၏၊ ခြားကွာကိုယ်ကျင့်, စိတ်ဖြင့်မရော, သဘောမတူ, အများလူနှင့်, အတူတကွ, နေရခြင်းမှာ, ဆင်းရဲပါ၏၊ သံသရာခရီး, မငြီးမငြူ, သွားနေသူမှာ, မကွာနေ့ည, ဆင်းရဲရ၏၊ ဖြစ်ရသို့သာ, ဆင်ခြင်ပါ၍, သံသရာခရီး, မငြီးမငြူ, သွားနေသူသာ, မဖြစ်ပါနှင့်၊ မကွာနေ့ည, ဆင်းရဲရသည့်, ဒုက္ခပွားတိုး, ပုဂ္ဂိုလ်မျိုးသာ, မဖြစ်ပါနှင့်။

## ၇-စိတ္တဂဟပတိဝတ္ထု

၃၀၃။ သဒ္ဓေါ သီလေန သမ္ပန္နော , ယသော ဘောဂသမပ္ပိတော၊
ယံ ယံ ပဒေသံ ဘဇတိ , တတ္ထ တတ္ထေဝ ပူဇိတော။

---

**ဒုရာဝါသာ=** [ ဒု+အာဝါသ ] နေနိုင်ခဲသော၊ ဆင်းရဲသဖြင့် နေရခြင်းရှိသော။

**အသမာနသံဝါသော=** [အသမာန+သံဝါသ ] သဘောမတူသောသူတို့နှင့် အတူနေရခြင်း။

**အသမာန=** [ န+သမာန ] မတူသောသူ၊ သဘောမတူသောသူ။

**သမာန=** [ √သမ+ယု ] သမ-ဝေလမ္ဗေ၊ ယု၊ သမာနော။ [ သဟ+မာန ]သဟမာနေနာတိဝါ-သမာနော၊ ဓာန်-ဋီ၊ ၅၃၀။ အတူ၊ တူညီသော။

**ဒုက္ခာနုပတိတော=** [ ဒုက္ခ+အနုပတိတ ] ဆင်းရဲခြင်း၌ အဖန်ဖန်ကျရောက်သော၊ ဒုက္ခသို့ အစဉ်ကျရောက်သော၊ ဒုက္ခသည် အစဉ်ကျရောက်အပ်သော။

**အနုပတိတ=** [ အနု √ပတ+တ ] အဖန်ဖန်ကျရောက်သော၊ ပါဝင်သော၊ အကျုံးဝင်သော။

**အဒ္ဓဂူ=** [အဒ္ဓ √ဂမု+ရူ ] ဝဋ်ဆင်းရဲခရီးခဲကိုသွားသော သံသရာခရီးကိုသွားသော၊ ခရီးသွားသော။

### ၃၀၃-ပဒဝိဘာဂ

**သမ္ပန္နော=** [ သံ √ပဒ+တ ] ပြည့်စုံသော၊ထက်ဝန်းကျင်(အလုံးစုံသောအဖို့)အားဖြင့် ပြည့်စုံသော။

**ယသောဘောဂသမပ္ပိတော=** [ ယသောဘောဂ+သမပ္ပိတ ] အခြံအရံ စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံသော။

**(အနက်)** သဒ္ဓေါ–လောကီလောကုတ္တရာ, နှစ်ဖြာကွဲပြား, သဒ္ဓါတရားရှိသော၊ သီလေန–သဒ္ဓါရှိသူ, အများလူတို့, ကြည်ဖြူကျင့်ကြ, အဂါရိယသီလနှင့်၊ သမ္ပန္နော–ကောင်းစွာ လုံခြုံ ပြည့်စုံသော၊ ယသောဘောဂသမပ္ပိတော–စိတ်ထားဖြူနု, ခြွေရံစုနှင့်, ဝတ္ထုဓမ္မ, နှစ်ဝကွဲပြား, စည်းစိမ်ဥစ္စာများနှင့် ပြည့်စုံသောသူသည်၊ ယံ ယံ ပဒေသံ–အရှေ့ အနောက်, တောင်မြောက်သတ်မှတ်, အကြင်အကြင်အရပ်သို့၊ ဘဇတိ–အကြောင်းအား လျော်စွာ, ချဉ်းကပ်သွားလာ၏၊ တတ္ထ တတ္ထ–သွားလာချဉ်းကပ်, ထိုထိုအရပ်၌၊ ပူဇိတော ဝေ–သဒ္ဓါရွှန်းစို, လူထိုထိုတို့, ကြည်ညိုလေးမြတ်, ပူဇော်အပ်သည်သာလျှင်၊ ဟောတိ–စင်စစ်မသွေ, ဖြစ်ပါပေ၏။

**(မြန်မာပြန်)** သဒ္ဓါတရားလည်းရှိ သီလနှင့်လည်းပြည့်စုံ အခြံအရံနှင့်စည်းစိမ်ဥစ္စာလည်း ရှိသူသည် ရောက်ရာအရပ်မှာ အပူဇော်ခံရ၏။

**(လင်္ကာ)** သဒ္ဓါ သီလ, ယသဘောဂါ, ပြည့်စုံပါမူ, ထိုသို့သူကို, ကြည်ဖြူလှစွာ, ရောက်ရာ အရပ်, ပူဇော်အပ်၏။

## ဧ–စူဠသုဘဒ္ဒါဝတ္ထု

၃၀၄။ ဒူရေ သန္တော ပကာသေန္တိ , ဟိမဝန္တောဝ ပဗ္ဗတော၊
အသန္တေတ္ထ န ဒိဿန္တိ , ရတ္တိံ ခိတ္တာ ယထာ သရာ။

**(အနက်)** ဟိမဝန္တော ပဗ္ဗတော–ဆောင်းခါပွားတိုး, ပြည့်ဖြိုးဆီးနှင်း, ဟိမဝန္တာတောင် မင်းသည်၊ ဝါ–နွေရာသီတွင်း, ပူရှိန်ပြင်းက, ဆီးနှင်းယိုစီး, ဟိမဝန္တာတောင် ကြီးသည်၊ ပကာသေတိဣဝ–မိုးယံစွင့်စွင့်, ထိုးဝင်မြင့်လို့မို့, ဖြိုးတင့်ဝေဆာ, အဝေးကပင်, ထင်ရှားလာသကဲ့သို့၊ ဒူရေ–မိုင်ပေါင်းများစွာ, ဝေးကွာသောအရပ်၌၊ (ဌိတာ သမာနာပိ–အကြောင်းအားလျော်စွာ တည်နေကြရပါသော်လည်း၊) သန္တော–ရှေးဘုရားများ, ယံတော်ပါးဝယ်, ကြိုးစားပြုစု, ကောင်းမှုများပြား, ပွားများပြီးသော ဘာဝနာရှိသည့်

---

**သမပ္ပိတာ**= [ သံ √အပ္ပ+တ ] ကောင်းစွာပြည့်စုံသော၊ ကောင်းစွာစပ်ယှဉ်သော၊ ကောင်းစွာတကွ ဖြစ်သော။

[သံ+အပိ √ဣ+တ] ဟုလည်း ကြံသင့်သေး၏။

**ယသောဘောဂ**= [ယသ+ဘောဂ] အခြံအရံနှင့်စည်းစိမ်ဥစ္စာတို့၊ သမာသ်အလယ်၌ ဩ–လာ။

**ပူဇိတော**= [ √ပူဇ+တ ] ပူဇ–ပူဇနေ, တောပူဇိယတေတိ–ပူဇိတော၊ သုစိ။ ပူဇော်အပ်သော။

### ၃၀၄–ပဒဝိဘာဂ

**ပကာသေန္တိ**= [ပ √ကာသု+အ+အန္တိ ] ထင်ရှားကုန်၏။

**ဟိမဝန္တော**= [ဟိမ+ဝန္တု] ဟိမံ အဿ အတ္ထီတိ–ဟိမဝါ၊ ဟိမပ္ပစုရတာယ–ဟိမဝါ။ ဟိမ ပါတသမယေ ဟိမယုတ္တောတိ–ဟိမဝါ၊ [ဟိမ √ဝမ+ကွိ] ဂိမှကာလေ ဟိမံ ဝမတီတိ–ဟိမဝါ။ နီတိ–ဓာ၊ ၁၃၆။ ဟိမံ ဝါ ဝမတီတိ–ဟိမဝါ၊ ကွိ၊ ရာဇာဒိပက္ခေ ပတ္တာ သိဿာ၊

သူတော်ကောင်းများတို့သည်၊ ပကာသေန္တိ-ဉာဏ်တော်လမ်း၀, ဝင်လာကြကာ, ထင်ရှားလာကုန်၏၊ ရတ္တိံ-မှောင်မိုက်လွန်စွာ, ညဉ့်အခါ၌၊ ခိတ္တာ သရာ-လေးညှို့ဖြုတ်လွှတ်, ပစ်လွှင့်အပ်သော မြားတို့သည်၊ န ဒိဿန္တိ ယထာ-မျက်ဝါးထင်ထင်, မတွေ့မြင်ကြရကုန်သကဲ့သို့၊ ဧဝံ-မခြားကာဆီး, ဤငါဘုရား၏အနီး၌၊ (ဌိတာ-ကပ်ဝင်နီးစွာ, တည်နေလာကုန်သော၊) အသန္တော-သူတော်မဟုတ်, သူယုတ်ခေါ်ဝေါ်, မသူတော်တို့သည်၊ န ဒိဿန္တိ -အကြောင်းကင်းကွာ, မထင်လာကြကုန်။

(မြန်မာပြန်) ဟိမဝန္တာတောင်သည် အဝေး၌ပင် တည်နေပါသော်လည်း ပေါ်လွင်ထင်ရှားသကဲ့သို့ သူတော်ကောင်းတို့သည် အဝေး၌ပင် တည်နေကြပါသော်လည်း ထင်ရှားကုန်၏၊ ညမှောင်မိုက်ချိန်မှာ ပစ်လွှတ်လိုက်သောမြားတို့သည် မထင်ရှားကုန်သကဲ့သို့ သူယုတ်မာတို့သည် (ဘုရားရှင်၏)အနီး၌ ရှိကြသော်လည်း မထင်ရှားကုန်။

(လင်္ကာ) ဟိမဝန္တာ, တောင်ကြီးမှာကား, ဝေးကွာတည်ငြား, လွန်ထင်ရှားသို့, တရားစုပေါင်း, သူတော်ကောင်းလည်း, ထောင်သောင်းယူဇနာ, ဝေးကွာနေငြား, လွန်ထင်ရှား၏၊ လေးပါးအင်္ဂါ, ပြည့်စုံလာသည့်, ညဉ့်ခါမပြတ်, ပစ်လွှတ်မြားများ, မထင်ရှားသို့, တရားတိမ်းစောင်း, မကောင်းယုတ်မာ, သူတို့မှာကား, လွန်စွာနီးနား, ရှိနေငြားလည်း, မထင်ရှားပါ, ဝေးသည်သာတည်း။

## ၉-ဧကဝိဟာရိတ္ထေရဝတ္ထု

၃၀၅။ ဧကာသနံ ဧကသေယျံ , ဧကော စရမတန္ဒိတော၊
ဧကော ဒမယမတ္တာနံ , ဝနန္တေ ရမိတော သိယာ။

(အနက်) ဧကာသနံ-တရားမှတ်ရင်း, တစ်ပါးတည်းနေခြင်းသို့လည်းကောင်း၊ ဧကသေယျံ-တရားမကင်း, တစ်ပါးတည်းအိပ်ခြင်းသို့လည်းကောင်း၊ (ဘဇေထ-မှုလကမ္မဋ္ဌာန်း, ကြိုးပမ်းလျက်သာ, ဆည်းကပ်ရာ၏၊) အတန္ဒိတော-သက်မွေးသန့်ရှင်း,

---

ဓာန်-ဋီ၊ ၆၀၆။ ဟိမဝန္တာတောင်၊ ဆီးနှင်းရှိသောတောင်၊ ဆီးနှင်းကို ပျို့အန်တတ်ယိုထွက်စေတတ်သောတောင်။

**အသန္တော=** [န+သန္တ ] သူတော်ကောင်းမဟုတ်သူ၊ ပညာမရှိသူ၊ ယုတ်ညံ့မိုက်မဲသူ၊ သူယုတ်။

**ဒိဿန္တိ** = [ √ဒိသ+အ+အန္တိ ] တွေ့မြင်ကုန်၏၊ ရှုကြည့်ကုန်၏၊ ထင်ကုန်၏၊ ထင်ရှားကုန်၏၊ ပေါ်လွင်ကုန်၏။

**သရာ=** [ √သရ+အ] သရိယတေ ခိပီယတေတိ-သရော၊ မြား။

### ၃၀၅-ပဒဝိဘာဂ

**ဧကာသနံ=** [ဧက+အာသန] ဧကဿ အာသနံ-ဧကာသနံ၊ တစ်ဦးတည်းနေခြင်း။

**ဧကသေယျံ=** [ဧက+သေယျာ] တစ်ပါးတည်းအိပ်ခြင်း။

ဆွမ်းခံခြင်းဝယ်, မပျင်းမရိ, လုံ့လရှိသည်ဖြစ်၍၊ ကော–အဖော်မပါ, တစ်ဦးတည်းသာလျှင်၊ စရံ–ကျင့်ကြံကြိုးကုတ်, အားထုတ်လျက်၊ ကော–အဖော်မပါ, တစ်ဦးတည်းသာလျှင်၊ အတ္တာနံ–ချမ်းသာဆင်းရဲ, အမြဲစားမျို, မိမိကိုယ်ကို၊ ဒမယံ–မဂ်ဖိုလ်နိဗ္ဗာန်, ရရန်ကမ္မဋ္ဌာန်း, ကြိုးပမ်းနိစ္စ, ဆိုဆုံးမလျက်၊ ဝနန္တေ–လူရှင်မရှုပ်, ဆိတ်ငြိမ်သောတောအုပ်၌၊ ရမိတော–တရားအာရုံ, မွေ့ထုံလွယ်ကူ, မွေ့လျော်ပျော်ပိုက်သူသည်၊ သိယာ–မလွဲသေချာ, ဖြစ်သင့်ပါ၏။

(မြန်မာပြန်) တစ်ဦးတည်းနေရမည်၊ တစ်ဦးတည်းအိပ်ရမည်၊ ပျင်းရိခြင်းမရှိဘဲ တစ်ဦးတည်းကျင့်ကြံကြိုးကုတ်အားထုတ်ရင်း တစ်ဦးတည်း မိမိကို ဆုံးမလျက် ဆိတ်ငြိမ်ရာတောအုပ်၌ မွေ့လျော်ပျော်ပိုက်သူဖြစ်သင့်၏။

(လင်္ကာ) တစ်ယောက်တည်းသာ, နေထိုင်ပါလော့၊ အာရုံမများ, တရားမပျောက်, တစ်ယောက်တည်းသာ, အိပ်စက်ပါလော့၊ ဝါယာမဟူ, လုံ့လကူထောက်, ပျင်းမဖောက်ဘဲ, တစ်ယောက်တည်းသာ, လှည့်လည်ကာဖြင့်, ရောက်ရာရပ်မှာ, ဘာဝနာ ကမ္မဋ္ဌာန်း, ကြိုးပမ်းလုပ်ဆောင်, ရအောင်မဂ်ဖိုလ်, ကိုယ့်ကိုကိုယ်သာ, ဆုံးမပါလျက်, တောမှာကောင်းစွာ, မွေ့လျော်ပါလော့။

# ၂၂–နိရယဝဂ္ဂ

## ၁–သုန္ဒရိပရိဗ္ဗာဇိကာဝတ္ထု

၃၀၆။ အဘူတဝါဒီ နိရယံ ဥပေတိ , ယော ဝါပိ ကတွာ န ကရောမိ'စာဟ၊
ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ , နိဟီနကမ္မာ မနုဇာ ပရတ္ထ။

---

**သေယျာ**= [ √သီ+ဏျ+အာ ] သီ–သယေ၊ သယနံ, သယန္တိ ဧတ္ထာတိ ဝါ–သေယျာ၊ ဝုဒ္ဓိ၊ ယကာရဿ ဒွိတ္တဥ္စ၊ ရူ၊ ၆၆၀။ အိပ်ခြင်း။

**အတန္ဒိတော**= [ န+တန္ဒိတ ] မပျင်းရိသောသူ။

**တန္ဒိတ**= [ √တဒိ+တ ] ပျင်းရိသောသူ။ တဒိ=(ဘု) အာလသိယေ–ပျင်းရိခြင်း၌၊ (တန္ဒတိ။)
[တန္ဒီ+တ ] ပျင်းရိသောသူ။

**တန္ဒီ**=[ √တန္ဒ+ဤ ]တန္ဒ–အာလသိယေ၊ တန္ဒနံ–တန္ဒီ=အာလသျံ၊ ပျင်းရိခြင်း၊ မောဂ်–၇၊ ၁၂။

**ဒမယံ**= [ √ဒမု+ဏယ+အန္တ ] ဆုံးမသော၊ ယဥ်ကျေးသောသူ။

**ဝနန္တေ**= [ဝန+အန္တ ] တောအုပ်၊ ဆိတ်ငြိမ်သောတောအုပ်။

**ရမိတော**= [ √ရမု+တ ] ရမိတ္ထာတိ–ရမိတော၊ ရူ၊ ၆၃၃။ မွေ့လျော်သော–သူ။

### ၃၀၆–ပဒဝိဘာဂ

**အဘူတဝါဒီ**= [အဘူတ √ဝဒ+ဏီ ] မဟုတ်မမှန် (ထင်ရှားမရှိ)သည်ကို ပြောဆိုတတ်သော၊ မဟုတ်မမှန်သောအားဖြင့် စွပ်စွဲပြောဆိုတတ်သော။

(အနက်) အဘူတဝါဒီ-မဟုတ်မမှန်, လုပ်ကြံလွဲချွတ်, စွပ်စွဲပြောဆိုတတ်သူသည်လည်းကောင်း၊ ယော-အကြင်သူသည်၊ ကတွာ-မကောင်းမှုများ, ပြုလုပ်ထား၍၊ န ကရောမီတိ-ဤအလုပ်များ, ငါကားဘယ်ခါ, မလုပ်ပါဟူ၍၊ အာဟ-သူတော်ကောင်းယောင်, ဟန်ဆောင်ကိုယ့်ကို, လိမ်ညာပြောဆို၏၊ သော ဝါ ပိ-ကိုယ့်အပြစ်များ, ကွယ်ဝှက်ထား၍, လွဲမှားပြောမှု, ထိုသို့သောသူသည်လည်းကောင်း၊ နိရယံ-ကောင်းကျိုးရှောင်ရှား, ထွက်ခွာသွားရာ, ငရဲရွာသို့၊ ဥပေတိ-ကိုယ်ပြုကံမဲ, ကျိုးပေးမြဲသို့, ရှောင်လွှဲမလွတ်, ရောက်ရတတ်၏၊ ဥဘောပိ-ပြောဆိုလွှဲဖောက်, နှစ်ယောက်လည်းဖြစ်ကုန်သော၊ နိဟီနကမ္မာ-ယုတ်မာညစ်ကျု, မကောင်းမှုရှိကုန်သော၊ တေ မနုဇာ-မနုဿယ်ဖွား, ထိုလူများတို့သည်၊ ပေစ္စ-ခွဲခွာဘဝ, ပြောင်းသွားကြ၍၊ ပရတ္ထ-ဆက်လက်ဖြစ်ရ, နောက်ဘဝ၌၊ သမာ-ဖြစ်ရာဘဝ, တူမျှကြကုန်သည်၊ ဘဝတ္တိ-ကိုယ်လုပ်အားခဲ, ကိုယ်ရမြဲမို့, မလွဲမသုန်, ဖြစ်ကြရလေကုန်၏။

(မြန်မာပြန်) သူတစ်ပါးကို မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြောဆိုသူနှင့် မကောင်းမှုလုပ်ထားပါလျက် ငါမလုပ်ဟု ပြောဆိုသူတို့သည် ငရဲသို့ ရောက်ကြရ၏၊ ယုတ်ညံ့သောအမှုရှိကြသည့် ထိုသူနှစ်ယောက်တို့သည် တမလွန်ဘဝ၌ (ရရှိကြသော ဒုဂ္ဂတိဘဝအားဖြင့်) တူမျှကြကုန်၏။

(လင်္ကာ) မမှန်စကား, ပြောကြားငြူစု, စွပ်စွဲသူနှင့်, အားယူကိုယ်တိုင်, လုပ်ကိုင်ပြုစု, မကောင်းမှုကို, မပြုဟန်မှု, ငြင်းဆိုသူများ, ငရဲလား၏၊ ဆိုးဝါးညစ်ကျု, မကောင်းမှုများ, ပြုလုပ်ထားသူ, ထိုလူနှစ်ဦး, ဘဝကူးသော်, ထူးမခြားနား, ငရဲသွားရ, တူမျှကြ၏။

## ၂-ဒုစ္စရိတဖလပီဠိတဝတ္ထု

၃၀၇။ ကာသာဝကဏ္ဌာ ဗဟဝေါ , ပါပဓမ္မာ အသညတာ၊
ပါပါ ပါပေဟိ ကမ္မေဟိ , နိရယံ တေ ဥပပဇ္ဇရေ။

---

**အဘူတ=** [န+ဘူတ] မဟုတ်မမှန်သော၊ ဟုတ်မှန်သောအနက်မှကင်းသော၊ ထင်ရှားမရှိသော-(စကား)။

**ကတွာန=** [ √ကရ+တွာန ] ပြုပြီး၍။

**နိဟီနကမ္မာ=** [ နိဟီန+ကမ္မ ] ယုတ်ညံ့သောမကောင်းမှုရှိကြသော။

**နိဟီန=** [နိ √ဟာ+တ ] နိဟီယိတ္ထာတိ-နိဟီနံ၊ နိရုတ္တိ-နှာ၊ ၅၀၀။ ယုတ်သော, ယုတ်ညံ့သော, ယုတ်နိမ့်သော။

**မနုဇာ=** [မနု √ဇန+က္ဂိ] မနုမှာ ဇာတော-မနုဇော၊ ဓာန်-ဋီ၊ ၂၂၇။ လူ၊ သတ္တဝါ။

### ၃၀၇-ပဒဝိဘာဂ

**ကာသာဝကဏ္ဌာ=** [ကာသာဝ+ကဏ္ဌ] လည်၌သင်္ကန်းရှိသော၊ သင်္ကန်းလည်၌ရစ်ပတ်ထားသော၊ သင်္ကန်းလည်၌ရောက်သော-သူ။

(အနက်) ကာသာဝကဏ္ဍာ-လည်၌ဖုံးလွှမ်း, ရစ်ပတ်ထားသော သင်္ကန်းရှိကုန်သော၊ ဗဟဝေါ-သင်္ချာတိုးပွား, များပြားလှကုန်သော၊ ပါပဓမ္မာ-လွန်စွာဆိုးဝါး, ယုတ်ညံ့သော ကိုယ်ကျင့်တရားရှိကုန်သော၊ အသညတာ-ကိုယ်နှုတ်နှလုံး, စောင့်သုံးခြင်းမှ, ကင်းကြကုန်သော၊ ပါပါ-ဆိုးသွမ်းလွန်စွာ, ယုတ်မာကြကုန်သော၊ တေ-ရဟန်းကျင့်ဝတ်, ယွင်းချွတ်ပြုမှု, ထိုသို့သဘောရှိသူတို့သည်၊ ပါပေဟိ-ဆိုးဝါးမျိုးစုံ, ယုတ်ညံ့လှကုန်သော၊ ကမ္မေဟိ-ကိုယ်ပြုစီမံ, အကုသိုလ်ကံတို့ကြောင့်၊ နိရယံ-ချမ်းသာလွဲသုန်, ငရဲဘုံ၌၊ ဥပပဇ္ဇရေ-သေပြီးနောက်မှာ, ဖြစ်ကြရပါကုန်၏။

(မြန်မာပြန်) သင်္ကန်းကို လည်၌ ရစ်ပတ်ဖုံးလွှမ်းထားကုန်သော ရဟန်းအများအပြားတို့သည် ယုတ်မာသောကိုယ်ကျင့်တရား ရှိကုန်၏၊ ကိုယ်နှုတ်စိတ်ကို စောင့်စည်းခြင်းမရှိကုန်၊ ဆိုးသွမ်းယုတ်မာကြကုန်၏၊ ထိုသူတို့သည် ဆိုးဝါးများပြားလှသော အကုသိုလ်ကံတို့ကြောင့် ငရဲ၌ ဖြစ်ကြရကုန်၏။

(လင်္ကာ) သင်္ကန်းလည်မှာ, ဖွဲ့လွှမ်းပါ၍, ယုတ်မာဆိုးဝါး, သဘောသွားဖြင့်, တံခါးသုံးဖြာ, မစောင့်ပါဘဲ, လွန်စွာဆိုးဝါး, ပြုသူများသည်, ကိုယ်ကားစီမံ, ကိုယ့်ကြောင်းကံကြောင့်, သေပြန်နောက်မှာ, ငရဲရွာသို့, သေချာမလွဲ, ရောက်ရမြဲတည်း။

## ၃-ဝဂ္ဂမှဒါတိရိယဘိက္ခုဝတ္ထု

၃၀၈။ သေယျော အယောဂုဠော ဘုတ္တော, တတ္တော အဂ္ဂိသိခူပမော၊
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော, ရဋ္ဌပိဏ္ဍမသညတော။

(အနက်) ဒုဿီလော-အန္တိမဝတ္ထု, လွန်ကျူးမှုကြောင့်, ဘိက္ခုဘာဝ, သီလမရှိသော ရဟန်းသည်၊ အသညတော-ကိုယ်နှုတ်သိပ်သည်း, မစောင့်စည်းပါဘဲလျက်၊ ရဋ္ဌပိဏ္ဍံ-တိုင်းသူပြည်သား, သဒ္ဓါပွား၍, လေးစားကြည်ဖြူ, ပေးလှူအပ်သောဆွမ်းကို၊

---

**ကဏ္ဍ=** [ √ကမု+ဍ ] ဓာတွန် မ-ကို နိဂ္ဂဟိတ်ပြု၊ ဝဂ္ဂန္တလည်းပြု၊ ဩဒနာဒိနိ ကာမေတီတိ-ကဏ္ဍော= ဂလော၊ မောဂ်-၇၊ ၅၅။

[ √ကဏ+ဍ ] ကဏသဒ္ဒတ္တော ဒဏ္ဍကော ဓာတု, ဍော၊ ကဏ္ဍော၊ ဓာန်-ဋီ၊ ၂၆၃။ ကဏ=(ဘု) သဒ္ဒဂတီသု-အသံပြုခြင်း, သွားခြင်းတို့၌၊ (ကဏတိ။)

[က √ဍာ+ကွိ] ကံ သီသံ တိဋ္ဌတိ ဧတ္တာတိ-ကဏ္ဍော၊ ဍာ-ဂတိနိဝတ္တိယံ၊ ကွိ၊ သုစိ။ လည်ပင်း၊ လည်တိုင်၊ လည်ချောင်း၊ ရေမျိုး။

**သညတ=** [သံ √ယမု+တ] စောင့်စည်းသော၊ သီလနှင့်ပြည့်စုံသော၊ ရှောင်ကြဉ်သော။

**၃၀၈-ပဒဝိဘာဂ**

**အယောဂုဠော=** [အယ+ဂုဠ] သံတွေခဲ၊ သံလုံး။

**ဂုဠ=** [ √ဂု+ဠက် ] ဂဝတိ ပဝတ္တတိ ဧတေနာတိ-ဂုဠော=ဥစ္ဆုဝိကာရော၊ ကြံသကာခဲ၊

ယဠ္စေ ဘုဠ္ဇေယျ-အကယ်သီလရှိသူ, ဟန်အမူဖြင့်, ခံယူစွန့်စား, အကြွင်စားပြောအံ့၊ (တတော-ထိုသို့သီလရှိသူ, ဟန်အမူဖြင့်, ပြည်သူအများ, လှူဒါန်းထားသော ဆွမ်းကို စားသည်ထက်၊)တတ္တော-ညီးညီးပြောင်ပြောင်,မီးဆင်းရောင်ဖြင့်,ပြင်းစွာပူလောင်နေသော၊ အဂ္ဂိသိခူပမော-မီးညွန့်အလား, မခြားတမူ, အလားတူသော၊ အယောဂုဠော-ပူရှိန်လွန်ကဲ, သံတွေခဲကို၊ ဘုတ္တော-ကောက်ယူရဲတင်း, စားသုံးရခြင်းသည်၊ သေယျော-ဘဝသံသရာ, မလိုက်ပါဘဲ, စားရာဘဝမျှ, လောင်ကျွမ်းရ၍, ရကြွသက်သာ, ကောင်းမြတ်လှပါပေ၏။

(မြန်မာပြန်) သီလမရှိသော ဒုဿီလပုဂ္ဂိုလ်သည် ကိုယ်နှုတ်ကို မစောင့်စည်းဘဲ တိုင်းသူပြည်သားတို့ သဒ္ဓါကြည်ဖြူ ပေးလှူသောဆွမ်းကို စားရသည်ထက် မီးတောက် မီးလျှံပမာ လွန်စွာပူလောင်နီရဲနေသော သံလုံးကို မျိုချစားသုံးရခြင်းက ကောင်းပေသေးသည်။

(လင်္ကာ) သီလယွင်းယုတ်, ရဟန်းယုတ်ကား, ကိုယ်နှုတ်စောင့်ခြင်း, ယိုယွင်းကင်းကွာ, ဖြစ်နေပါလျက်, ပြည်ရွာတိုင်းကား, လူအများတို့, ကြိုးစားလှူဒါန်း, ဆွမ်းကိုမျိုချ, စားရခြင်းထက်, ဖိုဝထက်ဝယ်, ကျက်နေအလွန်, မီးလျှံဆင်းယောင်, ပူလောင်ရဲရဲ, သံတွေခဲကို, ရဲရဲမျိုချ, စားရခြင်းမှာ, မြတ်လှပါ၏။

---

မောဂ်-၇၊ ၂၂၆။ ဂု=(ဘူ) သဒ္ဒကရီသုဿဂ္ဂ ဥဂ္ဂမေသု-အသံပြုခြင်း, ကျင်ကြီးစွန့်ခြင်း, ပျံတက်ခြင်းတို့၌၊ ( ဂဝတိ ။)

[ဂုဠ+အ] ဂုဠ-ရက္ခာယံ၊ ဂုဠော ပက္ကရသော၊ ဓာန်-ဋီ၊ ၄၆၂။ အလုံး၊ ဂေါလီလုံး၊ အန်စာ။ ဂုဠ=(ဘူ) ရက္ခာယံ-စောင့်ရှောက်ခြင်း၌၊ မောက္ခ ပရိဝတ္တနေသုစ-လွတ်ခြင်း၊ ပြန်လှန်၍ ဖြစ်ခြင်းတို့၌လည်း၊ (ဂုဠတိ။)

**ဘုတ္တော=** [ √ဘုဇ+တ ] ဘုဥ္ဇိတ္တ, ဘုဥ္ဇိယိတ္တာတိ ဝါ-ဘုတ္တော၊ နိရုတ္တိ-နှာ၊ ၄၈၅။ စားသော၊ စားပြီးသော၊ စားအပ်သော၊ သုံးဆောင်ခံစားအပ်သော။ စားခြင်း။

**တတ္တော=** [ √တပ+တ ] ပြင်းစွာပူသော၊ လောင်မြိုက်သော။

**အဂ္ဂိသိခူပမော=** [အဂ္ဂိသိခါ+ဥပမာ] မီးညွန့်(မီးလျှံ)လျှင် ဥပမာရှိသော၊ မီးညွန့်(မီးလျှံ)နှင့်တူသော။

**အဂ္ဂိသိခါ=** [အဂ္ဂိ+သိခါ ] မီးညွန့်၊ မီးလျှံ။

**သိခါ=** [ √သိ+ခ+အာ] သိ-သေဝါယံ၊ သယန္တိ ဧတ္ထ ဥိကာ ကုသုမာဒယောစာတိ-သိခါ =စူဠာ၊ မောဂ်-၇၊ ၃၁။ ဦးစွန်း, အမောက်, အထွတ်, အဖျား, မီးတောက်, မီးလျှံ, မီးညွန့်, အထွတ်အထိပ်, ပြီးဆုံးခြင်း, ဦးထိပ်။

**ရဋ္ဌပိဏ္ဍံ=** [ရဋ္ဌ+ပိဏ္ဍ] တိုင်းသူပြည်သားတို့ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သောဆွမ်း။

**ပိဏ္ဍ=** [ √ပိဍိ+အ ] ဆွမ်း, ဆွမ်းလုပ်, အစိုင်အခဲ၊ မုံ့။ ပိဍိ=(ဘူ+စု ) သံဃာတေ-ပေါင်းစုခြင်း၌၊ (ပိဏ္ဍတိ၊ ပိဏ္ဍေတိ၊ ပိဏ္ဍယတိ ။)

## ၄-ခေမကသေဋ္ဌိပုတ္တဝတ္ထု

၃၀၉။ စတ္တာရိ ဌာနာနိ နရော ပမတ္တော , အာပဇ္ဇတိ ပရဒါရူပသေဝီ၊
အပုညလာဘံ န နိကာမသေယျံ , နိန္ဒံ တတိယံ နိရယံ စတုတ္ထံ။

၃၁၀။ အပုညလာဘော စ ဂတီ စ ပါပိကာ , ဘီတဿ ဘီတာယ ရတီ စ ထောကိကာ၊
ရာဇာ စ ဒဏ္ဍံ ဂရုကံ ပဏေတိ , တသ္မာ နရော ပရဒါရံ န သေဝေ။

**အနက်** ပရဒါရူပသေဝီ-သူစောင့်ရှောက်ထား, သူ့မယားကို, ပြစ်မှားမှီဝဲသော၊ ပမတ္တော-သတိယွင်းချွတ်, မေ့လျော့တတ်သော၊ နရော-ကိုယ့်ကံအလျောက်, ပေါ်ပေါက်ထင်ရှား, လူယောကျာ်းသည်၊ အပုညလာဘံ-မကောင်းညံ့ဖျင်း, အကုသိုလ်ကို ရရှိခြင်းလည်းကောင်း၊ န နိကာမသေယျံ-စိတ်ချလက်ချ, အလိုရှိတိုင်းမအိပ်ရခြင်းလည်းကောင်း၊ တတိယံ-စုပေါင်းတွက်စစ်, သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော၊ နိန္ဒံ-လောကဓမ္မ, နှစ်ဝချွတ်ယွင်း, ကဲ့ရဲ့ခံရခြင်းလည်းကောင်း၊ စတုတ္ထံ-ရေတွက်စုပေါင်း, လေးခုတို့၏ပြည့်ကြောင်းဖြစ်သော၊ နိရယံ-စီးပွားချမ်းသာ, ကင်းကွာလွဲသုန်, ငရဲဘုံ၌ဖြစ်ရခြင်းလည်းကောင်း၊ ဣတိ-ဤသို့၊ စတ္တာရိဌာနာနိ-လွန်စွာဆိုးဝါး, ကြောင်းလေးပါးတို့သို့၊ အာပဇ္ဇတိ-မလွဲမသွေ, ရောက်ရလေ၏။

(ဖဝံ-ဤသို့၊ တဿ-သူများမယား, ဖောက်ပြားကြာခို, ထိုပုဂ္ဂိုလ်၏၊) အပုညလာဘောစ-မကောင်းညံ့ဖျင်း, အကုသိုလ်ကို ရခြင်းသည်လည်းကောင်း၊ ပါပိကာ-စက်ဆုပ်ဖွယ်ရာ, ဆိုးဝါးယုတ်မာလှပေသော၊ ဂတိစ-ငရဲခေါ်အပ်, လားရောက်ရမည့် အရပ်သည်လည်းကောင်း၊ ဟောတိ-မလွဲသေချာ, ဖြစ်လာရပါပေ၏၊ ဘီတဿ-ရွံ့တီးရွံ့တွန့်, ကြောက်လန့်နေရသော ယောကျာ်း၏၊ ဘီတာယ-ရွံ့တီးရွံ့တွန့်, ကြောက်လန့်နေရသောမိန်းမနှင့်၊ ရတီ စ-စိတ်လိုလိုက်ကာ, အာသာထန်ပြင်း, မွေ့လျော်ရခြင်းသည်လည်း၊ ထောကိကာ-မပြောလောက်ဖွယ်, အနည်းငယ်မျှသာ, ဖြစ်ပါပေ၏၊ ရာဇာ စ-ပြည်ရွာသနင်း, စိုးရမင်းသည်လည်း၊ ဂရုကံ ဒဏ္ဍံ-လက်ခြေဖြတ်မှု, စသည်ပြုလျက်, ပြစ်မှုထိုက်တန်, ကြီးလေးပြင်းထန်သော ပြစ်ဒဏ်ကို၊ ပဏေတိ-ပြစ်မှုလျော်အောင်, ထုတ်ဆောင်အပ်နှင်းလေတော့၏၊ တသ္မာ-သူစောင့်ရှောက်ထား, သူ့မယားကို, ပြစ်မှားလေက, ထိုသို့အပြစ်ကြီးလေးလှသောကြောင့်၊ ပရဒါရံ-သူစောင့်ရှောက်ထား, သူ့မယားကို၊ န သေဝေ-စိတ်လိုလိုက်ကာ, မမှီဝဲ မပေါင်းဖော်ရာ။

---

### ၃၀၉, ၃၁၀-ပဒဝိဘာဂ

**အာပဇ္ဇတိ=** [အာ √ပဒ+ယ+တိ] ရောက်၏။

**ပရဒါရူပသေဝီ=** [ပရဒါရ+ဥပ √သေဝ+ဏီ] သူတစ်ပါးမယားကို မှီဝဲသောသူ။

**အပုညလာဘံ=** [အပုည+လာဘ] မကောင်းမှု(အကုသိုလ်)ကို ရခြင်း။

**အပုည=** [န √ပု+ဏျ] န ပုနာတီတိ-အပုညံ၊ တန်-ဋီ၊ ၈၄။ မကောင်းမှု, အကုသိုလ်။

**မြန်မာပြန်** တရားသဘောကို သတိမထားဘဲ သူ့မယားကိုမှီဝဲသူသည် မကောင်းမှုကို ရရှိခြင်း, စိတ်ချလက်ချ အလိုရှိတိုင်းမအိပ်ရခြင်း, ကဲ့ရဲ့ခံရခြင်း, ငရဲ၌ဖြစ်ရခြင်း, ဤအကြောင်းလေးပါးသို့ ရောက်ရလေ၏။

(ဤသို့လျှင် သူ့မယားကို မှီဝဲသူသည်) မကောင်းမှုအကုသိုလ်ကိုလည်း ရရှိသည်၊ (ယင်းအကုသိုလ်ကြောင့်) ယုတ်ညံ့သောဂတိသို့လည်း လားရောက်ရသည်၊ စိုးရိမ်ကြောက်လန့်နေရသော ယောကျ်ား၏ စိုးရိမ်ကြောက်လန့်နေရသောမိန်းမနှင့် မွေ့လျော်ပျော်ပါးခြင်းသည် အနည်းငယ်မျှသာဖြစ်သည်၊ အစိုးရမင်းများကလည်း ကြီးလေးသောပြစ်ဒဏ်ကို ပေးတတ်ကြသည်၊ ထို့ကြောင့် ယောကျ်ားဖြစ်သူသည် သူ့မယားကို မမှီဝဲသင့်။

**လင်္ကာ** ကင်းလွတ်သတိ, မေ့လျော့ဘိ၍, မိမိမဆိုင်, သူပိုင်ထိန်းထား, သူ့မယားကို, ပျော်ပါးမှီဝဲ, လမ်းလွဲလိုက်မှား, ထိုယောကျ်ားကား, ဆိုးဝါးပိုမို, အကုသိုလ်နှင့်, အလိုရှိသမျှ, မအိပ်ရပြန်, ကဲ့ရဲ့ခံရ, သေကငရဲ, မလွဲရောက်သွား, ဆင်းရဲများရန်, ကြောင်းလေးတန်ကို, အမှန်မသွေ, ရရှိလေ၏။

ဤသို့မိုက်မှား, ထိုယောကျ်ားသည်, ဆိုးဝါးပိုမို, အကုသိုလ်များ, ရရှိထား၍, ဆိုးဝါးဘဝ, လားရောက်ရ၏၊ စိတ်ကမသန့်, ကြောက်လန့်ရွံ့ရှား, ထိုယောကျ်ား၏, ရွံ့ရှားကြောက်ရ, ထိုမိန်းမနှင့်, တကွပေါင်းသင်း, မွေ့လျော်ခြင်းမှာ, နည်းငယ်သာတည်း၊ ပြည်ရွာအုပ်ချုပ်, မင်းလုပ်သူများ, ကြီးမားပြစ်ဒဏ်, ပေးတတ်ပြန်၏၊ ပြည့်ဝန်ခဲ့ငြား, ကြောင်းထောက်ထား၍, ယောကျ်ားဟူက, သူ့မိန်းမကို, မတောင့်တရာ, ဝေးဝေးခွာလော့။

## ၅-ဒုဗ္ဗစဘိက္ခုဝတ္ထု

၃၁၁။ ကုသော ယထာ ဒုဂ္ဂဟိတော , ဟတ္ထမေဝါ'နုကန္တတိ၊
သာမညံ ဒုပ္ပရာမဋ္ဌံ , နိရယာယု'ပကဍ္ဎတိ။

---

**နနိကာမသေယျံ**= [န+နိကာမသေယျာ] အလိုရှိတိုင်း မအိပ်ရခြင်း၊ န-ကို အ-မပြုရ၊ မောဂ်-၃၊ ၇၆-ကိုရှု။

**နိကာမသေယျာ**= [နိကာမ+သေယျာ] အလိုရှိတိုင်းအိပ်ခြင်း၊ စိတ်တိုင်းကျအိပ်ခြင်း။

**နိကာမ**= [နိ √ကမု+ဏ] အလိုရှိတိုင်းအိပ်ခြင်း၊ (အလိုရှိတိုင်း, အလိုရှိသလောက်။)

**ဘီတဿ**= [ √ဘီ+တ] ကြောက်ရွံ့သော၊ တိ။ ထိ-၌ ဘီတာ။

**ထောကိကာ**= [ထောက+ဣက+အာ] နည်းသောအတိုင်းအရှည်ရှိသော၊ အနည်းငယ်သော။

**ပဏေတိ**= [ပ √နီ+အ+တိ] ဆောင်၏၊ ထုတ်ဆောင်၏။

### ၃၁၁, ၃၁၂, ၃၁၃-ပဒဝိဘာဂ

**ဒုဂ္ဂဟိတော**= [ဒု+ဂဟိတ] မကောင်းသဖြင့် ကိုင်အပ်ယူအပ်သော၊ မကောင်းသဖြင့်ယူခြင်း၊ ဖောက်ပြန်စွာယူခြင်း။

၃၁၂။ ယံကိဉ္စိ သိထိလံ ကမ္မံ , သံကိလိဋ္ဌဉ္စ ယံ ဝတံ၊
သင်္ကဿရံ ဗြဟ္မစရိယံ , န တံ ဟောတိ မဟပ္ဖလံ။

၃၁၃။ ကယိရာ စေ ကယိရာထေနံ , ဒဠှမေနံ ပရက္ကမေ၊
သိထိလော ဟိ ပရိဗ္ဗာဇော , ဘိယျော အာကိရတေ ရဇံ။

**အနက်** ဒုဂ္ဂဟိတော-လျော့ရဲလှုပ်ယိုင်, မကောင်းသဖြင့် ဖမ်းကိုင်အပ်သော၊ ကုသော-ရှက်နားချွန်ထက်, သမန်းမြက်သည်၊ ဟတ္ထမေဝ-လျော့ရဲလှုပ်ယိုင်, ဖမ်းကိုင်သော လက်ကိုသာလျှင်၊ အနုကန္တတိယထာ-မိမိရရ, လှီးဖြတ်ခွဲရှလေသကဲ့သို့၊ ဧဝမေဝ-ပုံစံနှိုင်းယူ, အလားတူပင်လျှင်၊ ဒုပ္ပရာမဋ္ဌံ-ယွင်းယွင်းချွတ်ချွတ်, မကောင်းသဖြင့် သုံးသပ်အပ်သော၊ သာမညံ-ရဟန်းဖြစ်ကြောင်း, အဓိသီလစသော တရားအပေါင်းသည်လည်း၊ ဒုပ္ပရာမဋ္ဌံ-ကျိုးပေါက်ပြောက်ကျား, မှားယွင်းထပ်ထပ်, သုံးသပ်(ကျင့်သုံး)တတ်သော ရဟန်းကို၊ နိရယာယ-ချမ်းသာရှောင်လွှဲ, ဆင်းရဲလွှမ်းခြုံ, ငရဲဘုံသို့၊ ဥပကဍ္ဎတိ-ရောက်အောင်တွင်တွင်, ဆွဲငင်လေတော့၏။

ကိဉ္စိ-အမှတ်မပြု, တစ်စုံတစ်ခုသော၊ ယံ သိထိလံ ကမ္မံ-လျော့လျော့ရဲရဲ, ပြုမြဲတိုင်းပြု, အကြင်အမှုသည်လည်းကောင်း၊ သံကိလိဋ္ဌံ-အဂေါစရ, ခြောက်ဌာနဝယ်, နိစ္စရဲတင်း, လှည့်လည်ခြင်းဖြင့်, လွန်မင်းငြိစွမ်း, ညစ်နွမ်း၍နေသော၊ ယံဝတံ စ-မလျော်မတင့်, အကြင်အကျင့်သည်လည်းကောင်း၊ သင်္ကဿရံ-ကိုယ်ကျင့်မလုံ, ကိစ္စကြုံက,ယုံမှားထပ်ထပ်, အောက်မေ့အပ်သော၊ ယံဗြဟ္မစရိယံ စ-မေထုန်ပယ်လွှင့်, အကြင်မြတ်သော အကျင့်သည်လည်းကောင်း၊ အတ္ထိ-ထင်ရှားမသွေ, ရှိနေပါပေ၏၊ တံ-မပွားမတိုး, ထိုအကျင့်မျိုးသည်၊ မဟပ္ဖလံ-လွန်စွာဖွံ့ဖြိုး, ကြီးမားသောအကျိုးရှိသည်၊ န ဟောတိ-အကြောင်းမခိုင်, မဖြစ်နိုင်တော့ပေ။

---

**ဂဟိတ=** [ √ဂဟ+တ ] ယူအပ်သော၊ ကိုင်ယူအပ်သော၊ ဖမ်းယူအပ်သော၊ ဆောင်ယူအပ်သော၊ သိမ်းယူအပ်သော။

**ဟတ္ထံ=** [ √ဟသ+ထက် ] ဟသ-ဟသနေ၊ ဟသန္တိနေနာတိ-ဟတ္ထော= ကရော, နက္ခတ္တဉ္စ၊ လက်၊ ဟဿတနက္ခတ်၊ မောဂ်-၇၊ ၈၈။ ဟသ-ဟသနေ၊ ထော။
[ √ဟသ+ထ ] ဟသ-ဟသနေ-ထော၊ ဟရ-ဟရဏေ ဝါ၊ နက္ခတ္တေပျယံ၊ ဓာန်-ဋီ၊ ၂၆၅။

**အနုကန္တတိ=** [အနု √ကတိ+အ+တိ ] ဖြတ်၏၊ ရှ၏၊ ခွဲဖြတ်၏၊ ကတိ=(ဘူ) သုတ္တ ဇနန ဆေဒနေသု၊ မိုင်းငင်ခြင်း၊ ဖြတ်ခြင်းတို့၌၊ (ကန္တတိ။)

**သာမညံ=** [သမဏ+ဏျ ] သမဏဿ ဘာဝေါ-သာမညံ၊ ရဟန်း၏အဖြစ်၊ အရိယမဂ်လေးပါး၊ ရဟန်းသီလ၊ ရဟန်းတရား။

**ဒုပ္ပရာမဋ္ဌံ=** [ ဒု+ပရာမဋ္ဌ ] မကောင်းသဖြင့်သုံးသပ်အပ်(ယူအပ်)သော။

**ပရာမဋ္ဌ=** [ပရာ √မသ+တ ] သုံးသပ်အပ်သော၊ ကိုင်ယူအပ်သော။

ယံ-အမှတ်မပြု, အကြင်အမှုကို၊ စေ ကယိရာ-အကယ်၍သော, ပြုလုပ်ပါအံ့၊ ဧနံ-ကိုယ်တိုင်စပြု, ထိုအမှုကို၊ ကယိရာထ-မလွဲသေချာ, ပြုရမည်သာတည်း၊ ဧနံ-ကိုယ်တိုင်စပြု, ထိုအမှုကို၊ ဒဠှ-မလျှပ်မယိုင်, မြဲခိုင်စွာ၊ ပရက္ကမေ-လုံ့လကြိုးကုတ်, အားထုတ်ရာ၏၊ ဟိ-သိဖွယ်ထပ်လော်င်း, အကြောင်းမူကား၊ သိထိလော-မတင်းမကြပ်, လျော့လျော့ ရဲရဲ ပြုလုပ်အပ်သော၊ ပရိဗ္ဗာဇော-ကျိုးပေါက်ပြောက်ကျား, ရဟန်းတရားသည်၊ ဘိယျော-ထပ်ကာထပ်ကာ, အတိုင်းထက်အလွန်သာလျှင်၊ ရဇံ-ရာဂအစ, များလှပြောထု, ကိလေသာမြူကို၊ အာကိရတေ-ထပ်ကာထပ်ကာ, လောင်းထည့်ပါ၏။

**မြန်မာပြန်** သမန်းမြက်သည် ပေါ့ပေါ့ဆဆ ဖမ်းကိုင်လျှင် ကိုင်သောလက်ကို ခွဲရှဘိသကဲ့သို့ ရဟန်းဖြစ်ကြောင်း သမဏဓမ္မသည်လည်း ပေါ့ပေါ့ဆဆ ကျင့်ခဲ့ပါလျှင် ပေါ့ပေါ့ဆဆကျင့်သောရဟန်းကို ငရဲသို့ ဆွဲချတတ်၏။

ပေါ့လျော့စွာပြုလုပ်သောအမှု, ညစ်နွမ်းသောအကျင့်, ပရိသတ်အလယ်မှာ ကိုယ်ရေးမလုံ ယုံမှားသံသယ ရှိနေရသည့် မြတ်သောအကျင့်-ဤအမှုမျိုး, ဤအကျင့်မျိုးသည် အကျိုးမများလှပေ။

ကိုယ်လုပ်သောအလုပ်ကို နောက်မဆုတ်ဘဲ ပြုလုပ်ရမည်၊ ခိုင်မြဲစွာအားထုတ်ပြုလုပ်ရမည်၊ အကြောင်းမူကား-လျော့ရဲရဲပြုလုပ်အပ်သော ရဟန်းတရားသည် အတိုင်းထက်အလွန် ရာဂစသောမြူကို လောင်းထည့်တတ်၏။

---

**ဥပကမုတိ=** [ဥပ √ကမု+အ+တိ] ငင်၏၊ ဆွဲငင်၏၊ ကမု=(ဘူ) အာကမုနေ၊ ဆွဲငင်ခြင်း၌၊ (ကမုတိ။)

**သိထိလံ=** [ √သဟ+ကိလ] သဟ-ခမာယံ၊ သဟိသ္သ သိထတ္တံ၊ (သဟ-ဓာတ်ကို သိထ-ပြု၊) သဟိတုမလန္တိ-သိထိလံ= အဒဠှံ၊ လျော့သည်၊ မောဂ်-၇၊ ၁၉၁။ လျော့သော၊ မတင်းကြပ်သော၊ လျော့လျော့ရဲရဲပြုအပ်(ယူအပ်)သော။

**သင်္ကဿရံ=** [သင်္ကာ √သရ+အ] ယုံမှားခြင်းအားဖြင့် တွေးတောအောက်မေ့အပ်သော၊ ကိုယ့်ကိုကိုယ် စိတ်မချသော၊ စိတ်မလုံသော။

**သင်္ကာ=** [ √သကိ+အ+အာ] ယုံမှားခြင်း၊ တွေးတောခြင်း၊ သကိ=(ဘူ) သင်္ကာယံ-ယုံမှားတွေးတောခြင်း၌၊ (သင်္ကတိ။)

**မဟပ္ဖလံ=** [မဟန္တ+ဖလ] ကြီး(မြတ်)သောအကျိုးရှိသော။

**ပရက္ကမေ=** [ပရာ √ကမု+ဧယျ] အားထုတ်ရာ၏၊ လုံ့လပြုရာ၏။

**ပရိဗ္ဗာဇော=** [ပရိ √ဝဇ+ဏ] ထက်ဝန်းကျင်မှကပ်ရောက်အပ်သော ရဟန်းတရား၊ ပရိဗိုဇ်ရဟန်း။

**အာကိရတေ=** [အာ √ကိရ+အ+တေ] ဖြန့်ကြဲ၏၊ လောင်းထည့်၏။

**လင်္ကာ** ရွက်နားချွန်ထက်, သမန်းမြက်သည်, ပေါ့ပျက်ကိုင်လျှင်, လက်ပင်ပြန်ရှ, ဖြစ်လာရသို့, ရဟန်းသိက္ခာ, ဟူသည်မှာလည်း, သဒ္ဒါအားပျော့, စိတ်သွမ်းသော့၍, ပေါ့လျော့လွဲမှား, ကျင့်သုံးငြားမူ, သို့ကျင့်သူကို, ဆွဲယူငရဲ, ပို့ဆောင်မြဲတည်း။

လျော့လျော့ပြုထား, များပြားလုပ်ငန်း, ညစ်နွမ်းအကျင့်, မသင့်တော်လှ, ပြုထားကြ၍, ဖုံးရဖိရ, လျှို့ဝှက်ရသည့်, စိတ်ကမလုံ, တအုံနွေးနွေး, ဖေးဖေးမမ, ထိန်းနေရသည့်, သွင်မျှသာတူ, ကျင့်မှုကွာလွင့်, မြတ်အကျင့်ဟု, ဤသုံးခုကား, ကျိုးမများတည်း။

ကိုယ်လုပ်နေကျ, မှုကိစ္စကို, ပြုရမည်သာ၊ ပြုသည့်ခါလည်း, မြဲစွာကြိုးကုတ်, အားထုတ်၍သာ, ပြုကြရာ၏၊ လျော့စွာပြုလွန်း, ရဟန်းတရား, သဘောကားမူ, ကိလေမြူကို, ပွားထူဖြိုးဝေ, တိုးပွားစေ၏။

## ၆–ကလျာဏပါပကတိတ္တိဝတ္ထု

၃၁၄။ အကတံ ဒုက္ကဋံ သေယျော, ပစ္ဆာ တပ္ပတိ ဒုက္ကဋံ၊
ကတဉ္စ သုကတံ သေယျော, ယံ ကတွာ နာနုတပ္ပတိ။

**အနက်** ယံ ဒုက္ကဋံ–ဆိုးဆိုးဝါးဝါး, ပြုထားဖောက်ပြန်, အကြင်မကောင်းမှု အကုသိုလ်ကံကို၊ ကတွာ–ထိန်းချုပ်မရှိ, ပြုလုပ်မိသောကြောင့်၊ ပစ္ဆာ–ပြုပြီးသည်မှ, နောက်ကာလ၌၊ တပ္ပတိ–တွေးမိတိုင်းမှာ, ပူပန်ရသည်သာတည်း၊ တံဒုက္ကဋံ–အပြစ်ပေါ်ကြွယ်, အပါယ်ရောက်ကြောင်း, ထိုမကောင်းမှု အကုသိုလ်ကံကို၊ အကတံ–ဝေးစွာရှောင်ကွင်း, မပြုလုပ်ခြင်းသည်သာလျှင်၊ သေယျော–ခုရောနောင်ပါ, ချမ်းသာစေတတ်, တကယ်ပင်မြင့်မြတ်လှပါပေ၏၊ ယံ သုကတံ–အပြစ်စင်ကြယ်, တင့်တယ်ကောင်းမွန်, အကြင်ကောင်းမှု ကုသိုလ်ကံကို၊ ကတွာ–ထက်သန်လှစွာ, ပြုလုပ်လာသောကြောင့်၊ပစ္ဆာ–လုပ်ပြီးသည်မှ, နောက်ကာလ၌၊ နာနုတပ္ပတိ–အောက်မေ့တိုင်းသာ, စိတ်မှာနွမ်းလျှ, မပူပန်ရပါပေ၊ တံ သုကတံ–အပြစ်ကင်းကွာ, ချမ်းသာစေတတ်, သုဂတိဘုံ၌ ဖြစ်စေတတ်သော ထိုကောင်းမှုကုသိုလ်ကံကို၊ကတံ–အာသာထန်ပြင်း, ပြုလုပ်ခြင်းသည်သာလျှင်၊ သေယျော–ခုရောနောင်ပါ, ချမ်းသာရကြောင်း, တကယ်ပင်ကောင်းလှပါပေ၏။

**မြန်မာပြန်** မကောင်းမှုကို ပြုလုပ်လျှင် နောင်အခါ၌ ပူပန်ရသောကြောင့် မကောင်းမှုကို မပြုလုပ်ခြင်းသည် မြတ်လှပေ၏၊ ကောင်းမှုကိုပြုလုပ်လျှင် နောင်အခါ၌ ပူပန်ကင်းပ, ဝမ်းသာရသောကြောင့် ကောင်းမှုကိုပြုလုပ်ခြင်းသည် မြတ်လှပေ၏။

---

### ၃၁၄–ပဒဝိဘာဂ

**ဒုက္ကဋံ**= [ဒု+ကတ] အသောဘာနံ ကတံ- ဒုက္ကဋံ၊ ရူ၊ ၃၄၇။ ဒု နိဿိတံ ကရဏမဿ-ဒုက္ကဋံ။ ဓာန်-ဋီ၊ ၈၄။ မကောင်းမှု၊ မကောင်းသဖြင့်ပြုအပ်သော။

**သုကတံ**= [သု √ကရ+တ] သုခံ ကရောတိ၊ [သု+ကတ] သောဘနံဝါ ကရဏမဿ-

(လကာ) ပြုလုပ်မိက, နောက်ကာလဝယ်, နောင်တတစ်ဖန်, ပူပန်နေရ, မှုကိစ္စကို, မပြုခြင်းမှာ, ကောင်းလှပါ၏၊ ပြုလာမိက, နောက်ကာလဝယ်, နောင်တတစ်ဖန်, မပူပန်ရ, မှုကိစ္စကို, ပြုရခြင်းမှာ, ကောင်းလှပါ၏။

## ၇-သမ္ဗဟုလဘိက္ခုဝတ္ထု

၃၁၅။ နဂရံ ယထာ ပစ္စန္တံ , ဂုတ္တံ သန္တရဗာဟိရံ၊
ဧဝံ ဂေါပေထ အတ္တာနံ , ခဏော ဝေါ မာ ဥပစ္စဂါ၊
ခဏာတီတာ ဟိ သောစန္တိ , နိရယမှိ သမပ္ပိတာ။

(အနက်) ပစ္စန္တံ-တိုင်းစွန်ပြည်ဖျား, နယ်ခြားအရပ်၌ဖြစ်သော၊ နဂရံ-ပြာသာဒ်စသား, ဆောက်အုံများတို့, တိုးပွားပြည့်ကြပ်, မြို့အရပ်ကို၊ သန္တရဗာဟိရံ-မြို့ရိုးတံခါး, ကျုံးများစုံလင်, အတွင်းအပြင်နှင့်တကွ၊ ဂုတ္တံ ယထာ-ညီညာကြိုးကုတ်, လုံခြုံအောင်ပြုလုပ်ရသကဲ့သို့၊ ဧဝံ-မခြားတမူ, အလားတူပင်လျှင်၊ အတ္တာနံ-တွင်းပြင်အာယတန, တကွမိခို, မိမိကိုယ်ကို၊ ဂေါပေထ-သတိတရား, ပွားများလောက်လုံ, လုံခြုံစေကြကုန်လော့၊ ခဏော-ဗုဒ္ဓုပ္ပာဒ, စသည်စုပေါင်း, အခွင့်အခါကောင်းသည်၊ ဝေါ-သင်တို့ကို၊ မာ ဥပစ္စဂါ-ကျော်လွန်လျက်သာ, မသွားကြပါစေလင့်၊ ဟိ-သိမှတ်စရာ, အကြောင်းမှာကား၊ ခဏာတီတာ-ဗုဒ္ဓုပ္ပာဒ, စသည်စုပေါင်း, အခွင့်အခါကောင်းကို ကျော်လွန်သူတို့သည်၊ ဝါ-ဗုဒ္ဓုပ္ပာဒ, စသည်စုပေါင်း, အခွင့်ကောင်းများ, ကျော်လွန်သွားသူတို့သည်၊ နိရယမှိ-စီးပွားချမ်းသာ, ကင်းကွာလွဲသုန်, ငရဲဘုံ၌၊ သမပ္ပိတာ-မလွဲမသုန်, ကျရောက်ကုန်သည်ဖြစ်၍၊ သောစန္တိ-လွန်စွာညှိုးမှိန်, စိုးရိမ်ကြရကုန်၏။

(မြန်မာပြန်) တိုင်းစွန်ပြည်နား၌ဖြစ်သောမြို့ကို အတွင်းအပြင် လုံခြုံအောင် စောင့်ရှောက်ရသကဲ့သို့ မိမိကိုယ်ကို မျက်စိစသောအတွင်းပသာဒနှင့် ရူပစသောအပြင်အာရုံများကို လုံခြုံအောင် စောင့်ရှောက်ကြကုန်လော့၊ အခွင့်အခါကောင်းကို မလွန်စေကြကုန်လင့်၊ အခွင့်အခါကောင်းကို ကျော်လွန်သူတို့သည်ငရဲ၌ ကျရောက်၍ စိုးရိမ်ကြရကုန်၏။

---

သုကတံ၊ ဓာန်-ဋီ၊ ၈၅။ ကောင်းသောကံ၊ ကုသိုလ်ကံ၊ ကောင်းစွာပြုအပ်သော၊ တင့်တယ်စွာပြုအပ်သော။

### ၃၁၅-ပဒဝိဘာဂ

**ပစ္စန္တံ** = [ ပတိ+အန္တ ] အစွန်အဖျားအရပ်၊ တိုင်းစွန်ပြည်ဖျားအရပ်၊ ပစ္စန္တရစ်အရပ်၊ မဇ္ဈိမဒေသ၏ အပြင်ဘက်အရပ်၊ နံဘေးအရပ်။

**သန္တရဗာဟိရံ**= [ သဟ+အန္တရဗာဟိရ ] အတွင်းအပြင်နှင့်တကွဖြစ်သော။

**အန္တရဗာဟိရ**= [ အန္တရ+ဗာဟိရ ] အတွင်းအပြင်။

**လက်ာ** နယ်စပ်နီးကပ်, မြို့ခံတပ်ကို, နှစ်ရပ်တွင်းပြင်, လုံအောင်ပြင်သို့, သို့ပင်တူမျှ, သင်တို့ကလည်း, တွင်းမှခြောက်ပါး, တံခါးများကို, ပိတ်ထားပြီးလျှင်, အပြင်ခြောက်ပါး, အာရုံများကို, ကြိုးစားထိုးဖောက်, မဝင်ရောက်အောင်, သတိဆောင်ကာ, မကွာနိစ္စ, စောင့်ရှောက်ကြလော့၊ ဗုဒ္ဓမြတ်စွာ, ပွင့်လာခဏာ, ချိန်ကာလကို, ပေါ့ဆတွေဝေ, မလွန်စေနှင့်၊ လွန်စေကြငြား, ထိုသူများကား, ရောက်သွားငရဲ, ဆင်းရဲတွေ့ရ, စိုးရိမ်ကြ၏။

## ၈–နိရယဝဂ္ဂ

၃၁၆။ အလဇ္ဇိတာယေ လဇ္ဇန္တိ , လဇ္ဇိတာယေ န လဇ္ဇရေ၊
မိစ္ဆာဒိဋ္ဌိသမာဒါနာ , သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

၃၁၇။ အဘယေ ဘယဒဿိနော , ဘယေ စာဘယဒဿိနော၊
မိစ္ဆာဒိဋ္ဌိသမာဒါနာ , သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

**အနက်** (ယေ–ဖောက်ပြန်လှပါ, အကြင်သတ္တဝါတို့သည်၊) အလဇ္ဇိတာယေ–ရှက်ဖွယ်ရှက်ရာ, မဟုတ်ပါသည့်, ဖုံးကာကွယ်ဝှက်, ဆွမ်းခံခွက်၌၊ ဝါ–ရှက်ဖွယ်ရှက်ရာ, မဟုတ်ပါသည့်, ဖုံးကာကွယ်ဝှက်, ဆွမ်းခံခွက်ဖြင့်၊ လဇ္ဇန္တိ–မြူမှုန်စသား, ဝတ္ထုများကို, ပုဂ္ဂိုလ်ထင်မှတ်, ရှက်တတ်ကြကုန်၏၊ လဇ္ဇိတာယေ–တကယ်ရှက်စရာ, လျှို့ဝှက်အပ်သော ကိုယ်အင်္ဂါ၌ကား၊ န လဇ္ဇရေ–ဖုံးအုပ်ကင်းကွာ, ဗလာလှည့်ပတ်, မရှက်တတ်ကြကုန်၊ မိစ္ဆာဒိဋ္ဌိသမာဒါနာ–အယူလွဲမှား, ဆောက်တည်ထားကြကုန်သော၊ တေ သတ္တာ–သုဂတိလမ်း, အလှမ်းဝေးကွာ, ထိုသတ္တဝါတို့သည်၊ ဒုဂ္ဂတိံ–မကောင်းဆိုးဝါး, လားရောက်စရာ, ပါယ်လေးရွာသို့၊ ဂစ္ဆန္တိ–မလွဲမသုန်, သွားရောက်ကြရကုန်၏။ [အလဇ္ဇိတာ–(အလဇ္ဇိတာယ) +ယေ–ဟု ပုဒ်ခွဲ၍လည်းပေးပါ။]

---

**ဂေါပေထ**= [ √ဂုပ+ဏေ+ထ ] လုံခြုံစေကုန်လော့၊ စောင့်ရှောက်ကြကုန်လော့၊ ဂုပ=(စု) ဒိတ္တိ သံဝရဏ ရက္ခဏေသုစ၊ ထွန်းပခြင်း, စောင့်စည်းခြင်း စောင့်ရှောက်ခြင်းတို့၌၊ (ဂေါပေတိ၊ ဂေါပယတိ။) ဘူဝါဒိဖြစ်က ကာရိုက်ကြံ။

**ဥပစ္စဂါ**= [ဥ+ပတိ √ဂမု+အာ] မောဂ်–၆၊ ၂၉–သုတ်ဖြင့် ဂမု–ဓာတ်၏ မ–ကို အာ–ပြု၊ ရှေ့အာ–ကို ချေ။ လွန်သွားပြီ၊ လွန်မြောက်ပြီ။

**ခဏာတီတာ**= [ခဏ+အတီတ ] ခဏအခွင့်အခါကောင်းကို လွန်သောသူ၊ လွန်သောခဏရှိသူ။

## ၃၁၆, ၃၁၇–ပဒဝိဘာဂ

**အလဇ္ဇိတာယေ**= [အလဇ္ဇိတဗ္ဗ+သ္မိံ ] သ္မိံ–ဝိဘတ်နှင့်တကွ တဗ္ဗ–ပစ္စည်းကို တာယေ–ပြု၊ နီတိ–သုတ္တ၊ ၄၅၅။ [ နာ–ဝိဘတ်သက်၍ ဝိဘတ်နှင့်တကွ တာယေ–ပြုလျှင် အဋ္ဌကထာအဖွင့်နှင့် ပို၍ညီညွတ်မည်။ ]

ယေ-ဖောက်ပြန်လွဲမှား, အကြင်သတ္တဝါများတို့သည်၊ အဘယေ-ကြောက်လန့်စရာ, မပါရောစွက်, ဆွမ်းခံခွက်၌၊ ဘယဒဿိနော-ထိတ်လန့်စရာ, ကြောက်စရာဟု, ရှုလေ့ရှိကြကုန်၏၊ ဘယေ စ-ရှက်ကြောက်စရာ, ဖုံးလွှမ်းအပ်သော ကိုယ်အင်္ဂါ၌ကား၊ အဘယဒဿိနော-ရှက်ကြောက်စရာ, မဟုတ်ပါဟု, ရှုလေ့ရှိကြကုန်၏၊ မိစ္ဆာဒိဋ္ဌိသမာဒါနာ-အယူလွဲမှား, ဆောက်တည်ထားကြကုန်သော၊ တေ သတ္တာ-သုဂတိလမ်း, အလှမ်းဝေးကွာ, ထိုသတ္တဝါတို့သည်၊ ဒုဂ္ဂတိံ-မကောင်းဆိုးဝါး, ကံအများကြောင့်, လားရောက်ရပါ, ပါယ်လေးရွာသို့၊ ဂစ္ဆန္တိ-မလွဲမသုန်, သွားရောက်ကြရကုန်၏။

**(မြန်မာပြန်)** ရှက်ဖွယ်မဟုတ်ရာ၌ ရှက်တတ်, ရှက်ဖွယ်ဟုတ်ရာ၌ မရှက်တတ်ကြသည့် မှားသောအယူ ရှိနေသူတို့သည် မကောင်းသော ဘဝသို့ လားရောက်ကြရကုန်၏။

ကြောက်လန့်စရာ မဟုတ်ရာ၌ ကြောက်လန့်စရာဟုမြင်တတ်, ကြောက်လန့်စရာဟုတ်ရာ၌ ကြောက်လန့်စရာဟု မမြင်တတ်ကြသည့် မှားသောအယူ ရှိနေသူတို့သည် မကောင်းသောဘဝသို့ လားရောက်ကြရကုန်၏။

---

တစ်နည်း= [အလဇ္ဇိတာယ+ယေ] ဟုဆိုလိုလျက် အလဇ္ဇိတာ, အညာဏတာ-စသည်တို့၌ကဲ့သို့ ယ-ကို ချေထားသည်၊ (လဇ္ဇိတာယေ-သိလွယ်ပြီ။)

**အလဇ္ဇိတာယ=** [အလဇ္ဇီ+တာ] အရှက်မရှိသူ၏အဖြစ်၊ အရှက်မရှိခြင်း၊ မရှက်ခြင်း။

**အလဇ္ဇီ=** [န+လဇ္ဇီ] အရှက်မရှိသော၊ မကောင်းမှုကို စက်ဆုပ်ခြင်းမရှိသော၊ ထီ-၌ အလဇ္ဇိနီ။

**လဇ္ဇီ=** [လဇ္ဇာ+ဤ] အရှက်ရှိသူ၊ မကောင်းမှုကို စက်ဆုပ်သူ။

**လဇ္ဇာ=** [ √လဇိ+အ+အာ] တစ်နည်း= [ √လဇ္ဇ+အ+အာ] လဇိ-ဗိဠေ၊ ကာတန္တဓာတု၊ လဇ္ဇ-လဇ္ဇနေ၊ မောဂ္ဂလာနဓာတု၊ လဇ္ဇတိ ပါပါတိ-လဇ္ဇာ၊ အ၊ ဓာန်-ဋီ၊ ၁၅၈။ ရှက်တတ်သော တရား၊ ရှက်ခြင်း(ဟိရီ)။ လဇိ+လဇ္ဇီ=(ဘု) လဇ္ဇာယံ-ရှက်ခြင်း၌၊ (လဇတိ၊ လဇ္ဇတိ။)

**လဇ္ဇန္တိ=** [ √လဇ္ဇ+အ+အန္တိ ] ရှက်ကုန်၏၊ စက်ဆုပ်ကုန်၏၊ ရိုသေလေးစားကုန်၏။

**မိစ္ဆာဒိဋ္ဌိသမာဒါနာ=** [မိစ္ဆာဒိဋ္ဌိ+သမာဒါန] မှားသောအယူကို ဆောက်တည်သော၊ မှားသော အယူကို ယူသော။

**သမာဒါနာ=** [သံ+အာ √ဒါ+ယု] ဆောက်တည်တတ်သော၊ ယူတတ်သော။

**သတ္တာ=** [ √သန္ဇ+တ] တစ်နည်း=[ √သဇ+တ] ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နီတိ-ဓာ၊ ၄၄၊ ၂၂၄။
[ √သတ္တ+အ] နီတိ-ဓာ၊ ၃၀၉။

**အဘယေ=** [န+ဘယ] မကြောက်သင့်သော အရာ၊ ကြောက်စရာမဟုတ်သော အရာ၊ ဘေးမရှိသော အရာ၊ ဘေးဖြစ်ကြောင်းမဟုတ်သော ဆွမ်းခွက်၊ သပိတ်။

(လက်) မရှက်သင့်ရာ, ရှက်ကြပါလျက်, ရှက်သင့်ရာများ, မရှက်အားဘဲ, လွဲမှားအယူ, ရှိသူအများ, အပါယ်လား၏။

မကြောက်သင့်ရာ, ကြောက်ဖွယ်သာဟု, သိမှတ်ပြုလျက်, ကြောက်မှုထိုက်ရာ, မကြောက်ပါဟု, သိမှတ်ပြုထား, လွဲမှားအယူ, ရှိသူအများ, အပါယ်လား၏။

## ၉-တိတ္ထိယသာဝကဝတ္ထု

၃၁၈။ အဝဇ္ဇေ ဝဇ္ဇမတိနော , ဝဇ္ဇေ စာဝဇ္ဇဒဿိနော၊
မိစ္ဆာဒိဋ္ဌိသမာဒါနာ , သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

၃၁၉။ ဝဇ္ဇဉ္စ ဝဇ္ဇတော ဉတွာ , အဝဇ္ဇဉ္စ အဝဇ္ဇတော၊
သမ္မာဒိဋ္ဌိသမာဒါနာ , သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

(အနက်) (ယေ သတ္တာ-လွဲမှားလွန်စွာ, အကြင်သတ္တဝါတို့သည်၊) အဝဇ္ဇေ-အပြစ်ကင်းကွာ, သမ္မာဒိဋ္ဌိ, ထို၏ဖြစ်ကြောင်း, တရားအပေါင်း၌၊ ဝဇ္ဇမတိနော-အပြစ်ဟုပင်, ဖြစ်သောမှတ်ထင်ခြင်း ရှိကြကုန်၏၊ ဝဇ္ဇေ စ-အပြစ်ပြောထု, မိမိတို့၏မိစ္ဆာအယူ၌ကား၊ အဝဇ္ဇဒဿိနော-အပြစ်ကင်းစင်, ရှုမြင်လေ့ရှိကြကုန်၏၊ မိစ္ဆာဒိဋ္ဌိသမာဒါနာ-အယူလွဲမှား, စွဲမြဲစွာယူထားကြကုန်သော၊ တေ သတ္တာ-လွဲမှားလွန်စွာ, ထိုသတ္တဝါတို့သည်၊ ဒုဂ္ဂတိံ-မကောင်းဆိုးဝါး, လားရောက်စရာ, ပါယ်လေးရွာသို့၊ ဂစ္ဆ န္တိ-မလွဲမသုန်, သွားရောက်ကြရကုန်၏။

(ယေ သတ္တာ-ပါးနပ်လိမ္မာ, အကြင်သတ္တဝါတို့သည်၊) ဝဇ္ဇဉ္စ-အပြစ်ပေါ်များ, လွဲမှားသော တရားကိုလည်း၊ ဝဇ္ဇတော-ချွတ်ချော်လွဲမှား, အပြစ်ရှိသောအားဖြင့်၊ အဝဇ္ဇဉ္စ-အပြစ်ကင်းငြား, မှန်ကန်သောတရားကိုလည်း၊ အဝဇ္ဇတော-လွဲမှားကင်းဘိ, အပြစ်မရှိသောအားဖြင့်၊ ဇာနန္တိ-ဉာဏ်ဖြင့်ဆင်ခြင်, သိမြင်ကြကုန်၏၊ သမ္မာဒိဋ္ဌိသမာဒါနာ-ချွတ်ချော်ကင်းငြား, မှန်သောအယူကို ယူထားကြကုန်သော၊ တေ သတ္တာ-ပါးနပ်လိမ္မာ, ထိုသတ္တဝါတို့သည်၊ သုဂတိံ-ချမ်းသာပွားစည်, လူ့ပြည်နှင့်နတ်, ကောင်းမြတ်သောဂတိသို့၊ ဂစ္ဆန္တိ-ကိုယ့်ကံပင့်မြှောက်, လားရောက်ကြရကုန်၏။

---

### ၃၁၈, ၃၁၉-ပဒဝိဘာဂ

**အဝဇ္ဇေ=** [န+ဝဇ္ဇ] အပြစ်မဟုတ်သော၊ အပြစ်မရှိသော(အရာ၊ အမှု။)

**ဝဇ္ဇမတိနော=** [ဝဇ္ဇ+မတိ] အပြစ်ဟုအယူရှိသော၊ အပြစ်ရှိ၏ဟုအယူရှိသော။

**အဝဇ္ဇဒဿိနော=** [န+ဝဇ္ဇဒဿီ] အပြစ်မရှိဟု ရှုလေ့ရှိသော၊ အပြစ်ဟုရှုလေ့မရှိသော။

**သမ္မာဒိဋ္ဌိသမာဒါနာ=** [သမ္မာဒိဋ္ဌိ+သမာဒါန] ကောင်းမြတ်သောအယူကို ဆောက်တည်သော၊ ကောင်းမြတ်သောအယူကို ယူသော။

**သမ္မာဒိဋ္ဌိ=** [သမ္မာ+ဒိဋ္ဌိ] သမ္မာ ပသတ္ထာ သုန္ဒရာ ဒိဋ္ဌိ-သမ္မာဒိဋ္ဌိ၊ ကောင်းမြတ်သောအယူ။

(မြန်မာပြန်) အပြစ်မဟုတ်သည်၌ အပြစ်ဟုမှတ်ထင်တတ်, အပြစ်ဟုတ်သည်၌ အပြစ်ဟု မမှတ်ထင်တတ်ကြသည့် မှားသောအယူ ရှိသူတို့သည် မကောင်းသောဘဝသို့ လားရောက်ကြရ၏။

အပြစ်ရှိသောတရားကို အပြစ်ရှိသောအားဖြင့်, အပြစ်မရှိသောတရားကို အပြစ်မရှိသောအားဖြင့် သိမြင်ကြ၍ မှန်ကန်သော အယူရှိသူတို့သည် ကောင်းသောဘဝသို့ လားရောက်ကြရ၏။

(လင်္ကာ) အပြစ်မဲ့ငြား, တရားများဝယ်, ပြစ်များဟုသာ, ထင်မှတ်ပါ၍, ပြစ်ဆာရှိငြား, တရားများဝယ်, ပြစ်များကင်းလွတ်, တရားမြတ်ဟု, သိမှတ်ပြုထား, လွဲမှားအယူ, ရှိသူအများ, အပါယ်လား၏။

အပြစ်ရှိငြား, တရားများကို, ပြစ်အားလျော်စွာ, သိမြင်ပါ၍, ကင်းကွာပြစ်များ, မှန်တရားကို, မှန်အားဖြင့်သာ, သိမြင်ပါ၍, မှန်စွာအယူ, ရှိသူအများ, ကောင်းရာလား၏။

# ၂၃-နာဂဝဂ္ဂ

## ၁-အတ္တဒန္တဝတ္ထု

၃၂၀။ အဟံ နာဂေါဝ သင်္ဂါမေ , စာပတော ပတိတံ သရံ၊
အတိဝါကျံ တိတိက္ခိဿံ , ဒုဿီလော ဟိ ဗဟုဇ္ဇနော။
၃၂၁။ ဒန္တံ နယန္တိ သမိတိံ , ဒန္တံ ရာဇာ'ဘိရူဟတိ၊
ဒန္တော သေဋ္ဌော မနုဿေသု , ယော'တိဝါကျံ တိတိက္ခတိ။
၃၂၂။ ဝရမဿတရာ ဒန္တာ , အာဇာနီယာ စ သိန္ဓဝါ၊
ကုဉ္ဇရာ စ မဟာနာဂါ , အတ္တဒန္တော တတော ဝရံ။

(အနက်) နာဂေါ-တိုက်ရန်အားခဲ, စစ်ပွဲသို့ဝင်, စစ်တိုက်ဆင်သည်၊ သင်္ဂါမေ-သူနိုင်ငါနိုင်, ယှဉ်ပြိုင်ခင်းကျင်း, စစ်တလင်း၌၊ စာပတော-အန်တုယှဉ်ပြိုင်,ရန်သူတို့ စွဲကိုင်လာသောလေးမှ၊ ပတိတံ-ပစ်လွှတ်သီးသီး, မိုးသီးမိုးပေါက်အလား, လေးမျက်နှာမှ ကျရောက်လာသောမြားကို၊ တိတိက္ခတိ ဣဝ-မလှုပ်မယိုင်, သည်းခံနိုင်သကဲ့သို့၊

---

### ၃၂၀, ၃၂၁, ၃၂၂-ပဒဝိဘာဂ

**နာဂေါ=** [နဂ+ဏ] နဂေါ ပဗ္ဗတော၊ သောဝိယ ဒိဿတီတိ-နာဂေါ၊ ဆင်။

**နဂ=** [န √ဂမု+ကွိ] န ဂစ္ဆတီတိ-နဂေါ၊ တန်-ဋီ၊ ၆၀၅။ သညာသဒ္ဒတ္တာ န အတ္တံ။ သူစိ။ တောင်။

**ပတိတံ=** [ √ပတ+တ] ကျသော၊ ကျရောက်လာသော၊ ခုန်ဆင်းသော။

**အတိဝါကျံ=** [အတိ+ဝါကျ] လွန်ကျူးသောစကား၊ (အရိယဝေါဟာရ ၈-ပါးကို) ကျော်လွန်၍ (အနရိယဝေါဟာရ ၈-ပါး၏အစွမ်းဖြင့်) ဖြစ်သောစကား၊ ကဲ့ရဲ့သောစကား။

ဇဝမေဝ–ပမာနိုင်းယှူ, ဤအတူသာလျှင်၊ အဟံ–သင်တို့ကိုးစား, ငါ ဘုရားသည်၊ အတိဝါကျံ–လွန်ကျူးပြစ်မှား, ကဲ့ရဲ့ပြောဆိုသော စကားကို၊ တိတိက္ခိဿံ–လှူပ်ရှားမယိုင်, ကြံ့ခိုင်မြဲမြံ, သည်းခံရပေတော့အံ့၊ ဟိ–မှတ်သားဖွယ်ရာ, အကြောင်း မှာကား၊ ဗဟုဇနော–များလှသောင်းပြောင်း, လောကီလူသားအပေါင်းသည်၊ ဒုဿီလော–သီလကင်းကွာ, ဒုဿီလသာ, ဖြစ်နေပါ၏။

သမိတိံ–လူပေါင်းများစွာ, ညီညာထကြွ, စည်းဝေးရာဌာနသို့၊ (ဂစ္ဆန္တာ–အရေးတယူ, အလေးမူကာ, သွားလာကြသူတို့သည်၊) ဒန္တံ–ဆုံးမသီးသီး, ယဉ်ကျေးပြီးသား, မြင်းမြည်းနွားကို၊ နယန္တိ–ယာဉ်မှာယှဉ်တပ်, ဆောင်ယူတတ်ကုန်၏၊ရာဇာ–လူတို့သနင်း, ပြည့်ရှင်မင်းသည်၊ ဒန္တံ–ဆုံးမ မကင်း, ယဉ်ကျေးပြီးသော ဆင်မြင်းကိုသာ၊ အဘိရုဟတိ–စိတ်ချကောင်းစွာ, စီးနင်းပါ၏၊ မနုဿေသု–လူ့ဘုံလူ့ရပ်, ဆည်းကပ်ခိုနား, လူအများတို့တွင်၊ ယော–ကြီးငယ်မဟူ, အကြင်သူသည်၊ အတိဝါကျံ–လွန်ကျူးပြစ်မှား, စွပ်စွဲပြောဆိုသော စကားကို၊ တိတိက္ခတိ–အနားချဉ်းကပ်, ပြောဆိုလတ်လည်း, စိတ်ဓာတ်ကြံ့ခိုင်, သည်းခံနိုင်၏၊ သော–ကြီးငယ်မဟူ, ထိုသို့သဘောရှိသောသူသည်၊ ဒန္တော–လေးဖြာမဂ္ဂ, ဆုံးမထပ်ထပ်, စိတ်ဓာတ်ဖွေးဖြူ, ယဉ်ကျေးပြီးသူသည်၊ ဟုတွာ–ဖြစ်၍၊ သေဋ္ဌော–အလွန်အကျူး, အထူးအားဖြင့် မြင့်မြတ်လှပါပေ၏။

---

**ဝါကျံ=** [ √ဝစ+ဏျ ] ဝတ္တဗ္ဗံ–ဝါကျံ၊ ဝစ–ဝိယတ္တိယံ ဝါစာယံ၊ ဏျော၊ သူစိ။ မြွက်ဆိုအပ်သောစကား။

**တိတိက္ခိဿံ=** [ √တိဇ+ခ+ဿံ ] သည်းခံရလိမ့်အံ့။

**ဗဟုဇ္ဇနော=** [ဗဟု+ဇန ] များစွာသောလူ၊ လူအများ၊ များစွာသောလူရှိသော။

**သမိတိံ=** [သံ √ဣ+တိ] သဟအယနံ–သမိတိ၊ နိရုတ္တိ–နှာ၊ ၅၅၈။ စည်းဝေးရာဌာန၊ အစည်းအဝေးပွဲ၊ ပွဲသဘင်၊ စည်းဝေးခြင်း၊ အနီး။

**အဘိရုဟတိ=** [အဘိ √ရုဟ+အ+တိ] တက်၏၊ တက်နင်း၏၊ တက်စီး၏၊ ချီတက်၏၊ တက်ရောက်၏။

**အဿတရာ=** [အဿ+တရ] အဿ ဘာဝဿ တနုတ္တာ–အဿတရော၊ မောဂ်–၄၊ ၅၆။ မြည်းဖိုမြင်းမ စပ်၍ကျသော အဿတိုရ်မြင်း၊ လားမြင်း။

[အဿ √တရ+အ] အဿံ တရတီတိ–အဿတရော၊ တရ–အတိက္ကမနေ၊ တရ ပစ္စယေနာပိ သိဒ္ဓံ၊ ဓာန်–ဋီ၊ ၃၆၉။

**သိန္ဓဝါ=** [သိန္ဓု+ဏ ] သိန္ဓုနုမဒူရဘဝေါ ဇနပဒေါပိ သိန္ဓဝေါ၊ တတြ ဘဝေါ–သိန္ဓဝေါ၊ ဓာန်–ဋီ၊ ၃၆၈။သိန္ဓဝမည်သောအရပ်၊ သိန္ဓဝတိုင်း–နယ်ပယ်၌ဖြစ်သောမြင်း။ သိန္ဓောမြင်း။

**သိန္ဓု=** [ √သန္ဒ+ကု ] သန္ဒ–ပဿဝနေ၊ အ–ကို ဣ–ပြု၊ ဒ–ကို ဓ–ပြု၊ သန္ဒတိ ပဿဝတီတိ–သိန္ဓု–နဒီ၊ မောဂ်–၇၊ ၆။ မြစ်၊ သိန္ဓုမြစ်၊ ထီ။

အဿတရာ-မြည်းဖိုမြင်းမ, စပ်ကျကြီးပြင်း, အဿတိုရ်လားမြင်းတို့သည်လည်းကောင်း၊ အာဇာနီယာ စ-အကြောင်းများမှန်, ခွဲဝေဖန်၍, လျင်မြန်ပိုင်ပိုင်, သိစွမ်းနိုင်သော အာဇာနည်မြင်းတို့သည်လည်းကောင်း၊ သိန္ဓဝါ စ-သိန္ဓုမြစ်နား, ဖြစ်ပွားကြီးပြင်း, သိန္ဓောမြင်းတို့သည်လည်းကောင်း၊ ကုဉ္ဇရာ-တောင်ကွေ့တောင်ထွတ်, တောင်စဉ်ထပ်ဝယ်, လှည့်ပတ်ရွှင်ပျော်, မွေ့လျော်တတ်ကြကုန်သော၊ မဟာနာဂါစ-ကိုယ်ရောအားပါ, လွန်စွာပွားစီး, ဆင်ပြောင်ကြီးတို့သည်လည်းကောင်း၊ ဒန္တာ-အမြဲမပြတ်, ကြပ်မတ်ဆုံးမ, ယဉ်ကျေးကြမှသာလျှင်၊ ဝရံ-တောင့်တလျော်ထွေ, မွန်မြတ်လှပါပေ၏၊ တတော-ပြဆိုပိုင်းခြား, ထိုဆင်မြင်းများထက်၊ အတ္တဒန္တော-လွန်စွာထက်မြက်, ရိယမဂ်ဖြင့်, ပယ်ဖျက်ဆိုးဝါး, မိမိကိုဆုံးမထားသူသည်သာလျှင်၊ ဝရံ-အလွန်အကျူး, အထူးတုလွတ်, မြင့်မြတ်လှပေ၏။

(မြန်မာပြန်) ဆင်ပြောင်ကြီးသည် စစ်မြေပြင်၌ လေးမှပစ်လွှတ်လိုက်သမျှသောမြားတို့ကို တုန်လှုပ်မရှိ, သည်းခံနိုင်ဘိသကဲ့သို့ ငါဘုရားလည်း လွန်ကျူးစော်ကား ပြောဆိုသောစကားကို သည်းခံရပေအံ့၊ အကြောင်းမူကား လောကီလူသားဟူသည် သီလမရှိသူသာ များလှပေ၏။

လူစုလူဝေးရှိရာ ပွဲသဘင်သို့ သွားသူတို့သည် ယဉ်ကျေးသော ကျွဲနွားဆင်မြင်းတို့ကိုသာ ဆောင်ယူတတ်ကုန်၏၊ မင်းသည် ယဉ်ကျေးသော ဆင်မြင်းကိုသာ စီး၏၊ လွန်ကျူးစော်ကားသော စကားကို သည်းခံနိုင်သူသည် လူအပေါင်းတို့တွင် ယဉ်ကျေးပြီးသူဖြစ်၍ အလွန်မြတ်ပေ၏။

အဿတိုရ်မြင်း, အာဇာနည်မြင်း, သိန္ဓောမြင်း, တောင်စဉ်တောင်ထွတ်တို့၌ မွေ့လျော်တတ်သော ဆင်ပြောင်ကြီးတို့သည် ယဉ်ကျေးကြမှသာ ကောင်းမြတ်ကြပေသည်၊ လေးပါးသော မဂ်ဉာဏ်ဖြင့် မိမိကိုဆုံးမထားသူသည် ထိုဆင်ကောင်း, မြင်းကောင်းတို့ထက် မွန်မြတ်ပေသည်။

(လင်္ကာ) စစ်မြေသို့ဝင်, စစ်တိုက်ဆင်သည်, ကိုယ်တွင်ထိပါး, မြားချက်များကို, လှုပ်ရှားမရှိ, ခံနိုင်ဘိသို့, မုနိထွတ်ထား, ငါဘုရားလည်း, စော်ကားလာပြန်, စကား

---

**ကုဉ္ဇရာ=** [ကုဉ္ဇ+ရ] ကုဉ္ဇော ဟနု ဒန္တော စ၊ တံ ယောဂါ-ကုဉ္ဇရော၊ အတိသယေရော၊
[ကုဉ္ဇ √ရမု+ကွိ] ကုဉ္ဇေ ဝါ ဂိရိကူဋေ ရမတိ,
[ကုဉ္ဇ √ရ+ကွိ] ကောဉ္ဇနာဒံ နဒန္တော ဝါ စရတိ,
[ကု √ဇရ+အ]ကုံ ပထဝိံ ဇရာပေတီတိ ဝါ-ကုဉ္ဇရော၊ အလုတ္တသမာသော။ ကုံ ဝါ ပထဝိံ တဒါဃာ တေန ဇရယတီတိ-ကုဉ္ဇရော၊ ဓာန်-ဋီ၊ ၃၆၀။ ဆင်၊ ဆင်နှင့်တူသော၊ မြတ်သော။

**မဟာနာဂါ=** [မဟန္တ+နာဂ] ကြီးမြတ်သောဆင်၊ ဆင်ပြောင်ကြီး၊ ဘုရား၊ ရဟန္တာ။

လွှန်ကို, ဖောက်ပြန်ကင်းကွာ, သည်းခံပါအံ့၊ များစွာပြောထူ, လောကီလူကား, စင်ဖြူ သီလ, မရှိကြချေ၊ ထို့ကြောင့်ပေတည်း။

လူပေါင်းစုံလင်, ပွဲသဘင်သို့, ယဉ်ကျေးပြီးသား, ဆင်မြင်းများနှင့်, ကျွဲနွားကိုသာ, ယူဆောင်လာ၏၊ ပြည်ရွာသနင်း, ပြည့်ရှင်မင်းလည်း, ဆင်မြင်းယဉ်သာ, စီးနင်းပါ၏၊ လူ့ရွာရပ်ခွင်, လူတို့တွင်လည်း, သိမြင်အမှန်, ယဉ်ကျေးပြန်၍, ကျူးလွန်စော်ကား, ပြောစကားကို, မကြားသည့်ဟန်, သည်းခံသူသာ, လွန်မြတ်ပါ၏။

မြည်းဖိုမြင်းမ, စပ်၍ကျသည့်, အဿတိုရ, မြင်းကတစ်ဖြာ, အာဇာနည်မြင်း, သိန္ဓော မြင်းနှင့်, ဆင်မင်းတို့မှာ, ယဉ်ကျေးလာမှ, မြင့်မြတ်ကြ၏၊ ရိုင်းပြကိလေ, ရှုပ်အပွေကို, လေးထွေပြားလတ်, မဂ်ဉာဏ်မြတ်ဖြင့်, ပယ်သတ်ဆုံးမ, ယဉ်ကျေးကမူ, ထိုသူကသာ, ရှေ့မှာဆိုထား, ဆင်မြင်းများထက်, ထူးခြားသာလွန်, ပိုမြတ်မွန်၏။

## ၂-ဟတ္ထာစရိယပုဗ္ဗကဘိက္ခုဝတ္ထု

၃၂၃။ န ဟိ ဧတေဟိ ယာနေဟိ , ဂစ္ဆေယျ အဂတံ ဒိသံ၊
ယထာ'တ္တနာ သုဒန္တေန , ဒန္တော ဒန္တေန ဂစ္ဆတိ။

**အနက်** ဒန္တေန-ရှေ့မှာထန်ပြင်း, ကိလေ္လသာတို့ကို ဆုံးမခြင်းဖြင့်၊ ဒန္တော-ဣန္ဒြိယသံဝရ, ကျနစောင့်စည်း, ယဉ်ကျေးပြီးသောသူသည်၊ သုဒန္တေန-နောက်မှာဆက်လက်, မဂ်ကိုပွားများ, ကောင်းစွာဆုံးမထားပြီးသော၊ အတ္တနာ-ဖြူစင်ဝင်းဖိတ်, မဂ်ဖိုလ်စိတ်ဖြင့်၊ အဂတံ-အိပ်မက်တွင်မျှ, မရောက်ရဘူးသော၊ ဒိသံ-ချမ်းသာမြဲလှ, အသခ်တဓာတ်, နိဗ္ဗာန်ရပ်သို့၊ ဂစ္ဆတိယထာ-မလွဲမသွေ, ရောက်နိုင်လေသကဲ့သို့၊ တထာ-ထိုအတူ၊ ယာနိ-ယာနာနိ-အကြင်ဆင်မြင်းစသား, ယာဉ်အများတို့သည်၊ သန္တိ-ထင်ရှားမသွေ, ရှိနေကြ ပေ၏၊ ဧတေဟိ ယာနေဟိ-ဆင်မြင်းစသား, ဤယာဉ်အများတို့ဖြင့်၊ အဂတံ-အိပ်မက် မှာမျှ, မရောက်ရဘူးသော၊ ဒိသံ-ချမ်းသာမြဲလှ, အသခ်တဓာတ်, နိဗ္ဗာန်အရပ်သို့၊ န ဂစ္ဆေယျ-ဘယ်လိုကြိုးစား, ဘယ်လိုသွားလည်း, ရောက်သွားခြင်းငှာ, မထိုက်တန်တော့ သည်သာတည်း။

**မြန်မာပြန်** ကိလေ္လသာတို့ကို ဆုံးမထားသဖြင့် ယဉ်ကျေးပြီးသူသည် ဆက်လက်၍ မဂ်ကို ပွားများ ကောင်းစွာဆုံးမထားသော မဂ်စိတ် ဖိုလ်စိတ်ဖြင့် အိပ်မက်မှာမျှ

---

### ၃၂၃-ပဒဝိဘာဂ

**ယာနေဟိ=** [ √ယာ+ယု ] ယန္တိ ဧတေနာတိ-ယာနံ၊ ဆင်, မြင်း, လှည်းစသောယာဉ်၊ အရိယမဂ်ရထားယာဉ်-စသည်။

**အဂတံ=** [န+ဂတ] မရောက်အပ်သော၊ မရောက်ဘူးသော။

မရောက်ဘူးသော နိဗ္ဗာန်အရပ်ကို ရောက်နိုင်သကဲ့သို့ ဆင်ယာဉ် မြင်းယာဉ်စသည်တို့ဖြင့် အိပ်မက်မှာမျှ မရောက်ဘူးသော နိဗ္ဗာန်အရပ်သို့ မရောက်နိုင်ချေ။

(လင်္ကာ) ယခင်ရှေးက, အိပ်မက်မျှဖြင့်, မရောက်ဘူးပါ, နိဗ္ဗာနဓာတ်, ထိုအရပ်သို့, စီးအပ် အစဉ်, ဆင်ယာဉ်စသား, ယာဉ်အများဖြင့်, ရောက်သွားခြင်းငှာ, မထိုက်ပါတည်း၊ ရှေ့မှာဏ္ဍမြေ့, ဆုံးမနေ၍, တစ်ထွေနောက်မှာ, ဘာဝနာမဂ်, ဆုံးမချက်ဖြင့်, တိုးတက် ယဉ်ကျေး, ပညာဖေးကူ, ထိုသူကသာ, ရောက်နိုင်ပါ၏။

## ၃–ပရိဇိဏ္ဏဗြာဟ္မဏပုတ္တဝတ္ထု

၃၂၄။ ဓနပါလကော နာမ ကုဉ္ဇရော , ကဋုကဘေဒနော ဒုန္နိဝါရယော၊
ဗဒ္ဓေါ ကဗဠံ န ဘုဉ္ဇတိ , သုမရတိ နာဂဝနဿ ကုဉ္ဇရော။

(အနက်) ဓနပါလကော နာမ ကုဉ္ဇရော–ဓနပါလ, မည်ရကျော်ဟီး, ဆင်ပြောင်ကြီးသည်၊ ကဋုကဘေဒနော–အလွန်အမင်း, မုန်ယိုခြင်းရှိသည်ဖြစ်၍၊ ဒုန္နိဝါရယော–မြစ်တားခြင်းငှာ, ခဲယဉ်းလှပါပေ၏၊ ဗဒ္ဓေါ–ဆင်ဆရာက, တောမှဖမ်းကာ, ဆင်တင်းကုပ်မှာ ထားအပ်သည်ဖြစ်၍၊ ကဗဠံ–မင်းအားထိုက်တန်, ကောင်းမွန်ရသာ, တစ်စုံ တစ်ခုသော အစာကိုမျှ၊ န ဘုဉ္ဇတိ–လုပ်ကျွေးနေကျ, မိဆင်မကို, တမ်းတငေးမှိုင်, မစားနိုင်ပေ၊ ကုဉ္ဇရော–မင်းစေတိုင်းသာ , ဆင်ဆရာက, တောမှယူဆောင်, အမိကို လုပ်ကျွေးနေသော ဆင်ပြောင်ကြီးသည်၊ နာဂဝနဿ–မိခင်နေရာ, ကုံကော်တောရိပ်သာကို သာလျှင်၊ ဝါ–ဆင်အများတို့, ပျော်ပါးလှည့်ပတ်, တောအရပ်ကိုသာလျှင်၊ သုမရတိ– တမ်းတမပြေ, အောက်မေ့အမှတ်ရနေတော့၏။

(မြန်မာပြန်) ဓနပါလမည်သောဆင်ပြောင်ကြီးသည် အလွန်မုန်ယိုသည့်အတွက် နှိမ်နင်း မြစ်တားခြင်းငှာ ခဲယဉ်းလှပေသည်၊ တောမှဖမ်းယူ၍ ဆင်တင်းကုပ်မှာ ထားသည့်အတွက် အစားအစာကို မစားနိုင်ပေ၊ မိခင်ရှိရာ ဆင်တောကိုသာ အောက်မေ့ အမှတ်ရနေတော့သည်။

---

### ၃၂၄–ပဒဝိဘာဂ

**ကဋုကဘေဒနော**= [ကဋုက+ဘေဒန] ထက်သောမုန်ရှိသော၊ မုန်ယိုသော။

**ဗဒ္ဓေါ**= [ √ဗဓ+တ] ဗာဓိယတေ ဗန္ဓိယတေတိ–ဗဒ္ဓေါ၊ နှောင်ဖွဲ့အပ်သော၊ ဆက်သွယ်သော၊ သမုတ်အပ်သော–စသည်။

**ကဗဠံ**= [ √ကု+အလ] ကု–သဒ္ဒေ၊
[ √ကဗိ+အလ] ကဗိ–ဝဏ္ဏေ ဝါ၊ အလော၊ ဠတ္တံ၊
[က+ဗလ] ကေန တောယေန ဗလမဿာတိ ဝါ–ကဗဠော၊ ပုမေ။ ဓာန်–ဋီ၊ ၄၆၆။
အစာ၊ ထမင်းလုပ်၊ အလုပ်အလွေး။

**လက်ာ** မုန်ယစ်ပြင်းထန်, နှိမ်ရန်ခက်လှ, ခနပါလ, မည်ရကျော်ဟီး, ဆင်ပြောင်ကြီးသည်, ဖမ်းဆီးခံရ, ထိုခဏဝယ်, အစာမျှပင်, မစားချင်တည်း၊ မိခင်နေရာ, သာယာလှမော, ဆင်နေတောသာ, အောက်မေ့ပါ၏။

## ၄-ပသေနဒိကောသလဝတ္ထု

၃၂၅။ မိဒ္ဓီ ယဒါ ဟောတိ မဟဂ္ဃသော စ , နိဒ္ဒါယိတာ သမ္ပရိဝတ္တသာယီ၊
မဟာဝရာဟောဝ နိဝါပပုဋ္ဌော , ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္ဒော။

**အနက်** ယဒါ-အမှတ်မထင်, အကြင်အခါ၌၊ (ပုရိသော-အမှတ်မထား, တစ်ဦးဦးသော ယောက်ျားသည်၊) မိဒ္ဓီ-ထိုင်းမှိုင်းလေးလံ, ထိနမိဒ္ဓ၏ နှိပ်စက်ခြင်းကို ခံနေရသည်လည်း၊ ဟောတိ-ဖြစ်ငြားအံ့၊ မဟဂ္ဃသောစ-အစားကြီးသူ, ငါးယောက်လူတွင်, လူတစ်ဦးအလား, အလွန်စားသည်လည်း၊ ဟောတိ-ဖြစ်ငြားအံ့၊ နိဝါပပုဋ္ဌော-နေ့ရက်မခြား, ငယ်စဉ်ခါမှ, အစာကျွေးကာ, မွေးမြူလာသော၊ မဟာဝရာဟောဝ-တစ်နေ့ တစ်ခြား, အစားများ၍, အသားပွားစီး, အိမ်ဝက်ကြီးကဲ့သို့၊ နိဒ္ဒါယိတာ-လှုပ်လှုပ်ရှားရှား, အသွားအလာ, ခက်လှပါ၍, အိပ်နေလေ့ရှိ၏၊ သမ္ပရိဝတ္တသာယီ-ဘယ်စောင်းညာပြန်, အဖန်ဖန်ပြင့်, ပြန်လှန်ပျော်မွေ့, အိပ်နေလေ့ရှိ၏၊ တဒါ-ယင်းသို့ဖြစ်လာ, ထိုအခါ၌၊ (အမနသိကာရာ-လက္ခဏာသုံးရပ်, မရှုမှတ်ချင်, ဆင်ခြင်ခြင်းကင်း, နှလုံးမသွင်းခြင်းကြောင့်၊) မန္ဒော-မိမိသူတစ်ပါး, နှစ်ဦးသား၏, စီးပွားချမ်းသာ, မကြံပါဘဲ, စားကာသောက်ကာ, ခန္ဓာမွေးမြူ, ပညာနည်းသူသည်၊ ပုနပ္ပုနံ-ခွေးဝက်ဘဝ, ဖြစ်ရတန်တန်, အဖန်တလဲလဲ၊ ဂဗ္ဘံ-မိခင်၏ဝမ်း, သားအိမ်ခန်းသို့၊ ဥပေတိ-စွဲငြိသန္ဓေ, ကပ်ရောက်ရလေတော့၏။

---

**သမရတိ=** [ √သမရ+အ+တိ ] ကြံစည်၏၊ အောက်မေ့၏၊ အမှတ်ရ၏၊ သမရ=(ဘူ) စိန္တာယံ-ကြံစည်ခြင်း၌၊ (သမရတိ။) ပါဏိနီ-ဓာတုပါဌ။

**နာဂဝနဿ=** [နာဂ+ဝန] ကံ့ကော်တော၊ ဆင်တို့၏လှည့်လည်ရာတော။

### ၃၂၅-ပဒဝိဘာဂ

**မိဒ္ဓီ=** [မိဒ္ဓ+ဤ] ထိနမိဒ္ဓရှိသော၊ ထိနမိဒ္ဓသည် နှိပ်စက်အပ်သော၊ ထိနမိဒ္ဓ၏ အနှိပ်စက်ကို ခံနေရသော။

**မိဒ္ဓ=** [ √မိဓ+တ ] မိဇ္ဈတီတိ-မိဒ္ဓံ၊ နိရုတ္တိ၊ ၄၉၈။ ပျင်းရိခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ ငိုက်မျဉ်းခြင်း၊ စေတသိက်သုံးပါး၏ အမှု၌မခံခြင်း၊ သတ္တိညှိုးဖျင်းခြင်း၊ မိဓ=(ဒိ) မိဇ္ဈနေ-ငိုက်မျဉ်းခြင်း၌၊ (မိဇ္ဈတိ။) ဓာန်-ဋီ၊ ၁၇၆-ကိုလည်း ရှုပါ။

**မဟဂ္ဃသော=** [မဟန္တ √ဃသ+အ] များစွာစားတတ်သော၊ အစားကြူးသော၊ ဃသ=(ဘူ) အဒနေ-စားခြင်း၌၊ (ဃသတိ။)

**နိဒ္ဒါယိတာ=** [နိ √ဒါ+တု ] ငိုက်မျဉ်းလေ့ရှိသော၊ အိပ်ငိုက်လေ့ရှိသော၊ ဒါ=(ဘူ+ဒိ ) နိပုဗ္ဗော-သုပနေ-အိပ်ငိုက်ခြင်း၌၊ (နိဒ္ဒါတိ၊ နိဒ္ဒါယတိ။)

(မြန်မာပြန်) ပျင်းရိုင်းကိုက်မျဉ်း၍ အစားကြီးပြီးလျှင် အစာကျွေး၍ မွေးထားသော ဝက်ကြီးကဲ့သို့ အထိုင်အထခက်လှ၍ တလူးလူး တလွန့်လွန့် အိပ်နေလေ့ရှိသော ပညာနည်းသူသည် ထိုအချိန်အခါမျိုးမှာ (မမြဲခြင်း-စသောသဘောလက္ခဏာကို မဆင်ခြင်နိုင်တော့သည့်အတွက်) ထပ်ကာထပ်ကာ အမိဝမ်းမှာ သန္ဓေတည်နေရလေတော့သည်။

(လင်္ကာ) အပျင်းကထူ, တစ်ဦးလူကား, အိပ်ငိုက်များ၏၊ အစားလွန်စွာ, ကြူးလှပါ၏၊ အစာထောက်ကူ, မွေးမြူ၍ထား, ဝက်ကြီးလားသို့, သွားလာလှုပ်ရှား, နည်းပါးအထူး, လူးကာလိမ့်ကာ, အိပ်နေပါ၏၊ ပညာနည်းပါး, ထိုသူကားမူ, (ပွားများဘာဝနာ, မရှိပါ၍,) ထပ်ကာထပ်ကာ, တွယ်လာသန္ဓေ, နေရလေ၏။

## ၅-သာနုသာမဏေရဝတ္ထု

၃၂၆။ ဣဒံ ပုရေ စိတ္တမစာရိ စာရိကံ , ယေနိစ္ဆကံ ယတ္ထကာမံ ယထာသုခံ၊
တဒဇ္ဇဟံ နိဂ္ဂဟေဿာမိ ယောနိသော , ဟတ္ထိပ္ပဘိန္နံဝိယ အင်္ကုသဂ္ဂဟော။

---

[နိ √ဒေ+တု] ဒေ-သောဓနေ၊ နိဒ္ဒါယတိ၊ နိဒ္ဒါယန္တိ၊ နိရုတ္တိ-နှာ၊ ၄၀၂။

**သမ္ပရိဝတ္တသာယီ=** [သမ္ပရိဝတ္တ √သီ+ဏီ] လူးလိမ့်ပြန်လှန်အိပ်လေ့ရှိ၏၊ တပြောင်းပြန်ပြန် လူးလည်းကာ အိပ်လေ့ရှိ၏၊ တလူးလည်းလည်းအိပ်လေ့ရှိ၏။

**သမ္ပရိဝတ္တ=** [သံ+ပရိ √ဝတု+အ] တလူးလူး တလည်းလည်းဖြစ်ခြင်း၊ တပြောင်းပြန်ပြန် ဖြစ်ခြင်း။

**မဟာဝရာဟော=** [မဟန္တ+ဝရာဟ] အိမ်မွေးဝက်ကြီး၊ ကြီးသောဆင်၊ ဆင်ပြောင်ကြီး။

**ဝရာဟ=** [ √ဝရ+ဟ ] ဝရီယတိတိ-ဝရာဟော=သူကရော၊ ဝက်၊ မောဂ်-၇၊ ၂၂၃။
[ဝရ+အာ √ဟန+ကွိ] ဝရေ အာဟန္တီတိ-ဝရာဟော၊ ဝရေ သတိ အာဟန္တ ဗ္ဗာတိ ဝါ-ဝရာဟော၊ ဝက်၊ ဓာန်-ဋီ၊ ၆၁၇။
[ √ဝရဟ+ဏ] ဝရဟ-ဟိံသာယံ၊ ဝရဟောတိ သူကရောပိ ဟတ္ထီပိ ဝုစ္စတိ၊ နီတိဓာ-၃၄၉။ ဝက်၊ ဆင်။ ဝရဟ=(စု) ဟိံသာဒိတ္တီသု၊ (ဝရဟေတိ၊ ဝရဟယတိ။)

**နိဝါပပုဋ္ဌော=** [နိဝါပ+ပုဋ္ဌ] အစာဖြင့်မွေးအပ်သော၊ အစာကျွေး၍ မွေးထားအပ်သော။

**နိဝါပ=** [နိ √ဝပ+ဏ] အစာ၊ ရိက္ခာ၊ ဆွမ်းရိက္ခာ၊ ကုဗ္ဘီးထမင်း၊ ဝပ=(ဘူ) ဗီဇနိက္ခေပေ-မျိုးစေ့ကြဲချစိုက်ပျိုးခြင်း၌၊ (ဝပတိ။)

**ပုဋ္ဌ=** [ √ပုသ+တ ] ကျွေးမွေးအပ်သော။

## ၃၂၆-ပဒဝိဘာဂ

**ပုရေ=** [နိ] သမန္တာ ။ ပ ။ ပစ္ဆာ, ပုရေ, ဟုရံ, ပေစ္စက္ကစ္စေတေ သတ္တမိယာ၊ ရူ-နှာ၊ ၁၃၃၊-၄။ ရှေးအခါ၌။

**စာရိကံ=** [ √စရ+ဏျ+အာ] တစ်နည်း= [စာရ+ဏိက+အာ] လှည့်လည်သွားလာခြင်း၊

**အနက်** ဣဒံစိတ္တံ-ထိုထိုဤဤ၊ ကြံစည်ယိုဖိတ်၊ ဤအကျွန်ုပ်၏စိတ်သည်၊ ပုရေ-သတိကင်းကွာ, ရှေးအခါ၌၊ ယေနိစ္ဆကံ-ရာဂ ဒေါသ, စသည်စုပေါင်း, အလိုရှိအပ်သောအကြောင်းဖြင့်၊ ယတ္ထကာမံ-ရူပသဒ္ဒ, စသည်ဖုံဖုံ, အလိုရှိတိုင်းသောအာရုံ၌၊ ယထာသုခံ-တစ်မျိုးပြီးတစ်မျိုး, ကောင်းနိုးရာရာ၊ စာရိကံ အစရီ-နေ့ရှည်ရက်များ, ကျင်လည်ကျက်စားဖူးလှပြီ၊ တစ်နည်း= စာရိကံ-မှားမှားယွင်းယွင်း, လှည့်လည်ကျက်စားခြင်းကို၊ အစရီ-ရှည်ကြာရက်များ, လှည့်လည်ကျက်စားဖူးလှပြီ၊ အဇ္ဇ-ကာမဂုဏ်ငါး, အပြစ်များကို, ပိုင်းခြားထင်ထင်, သိမြင်၍လာ, ယခုအခါ၌၊ အင်္ကုသဂ္ဂဟော-ချွန်းကိုင်လိမ္မာ, ဆင်ဆရာသည်၊ ဟတ္ထိပ္ပဘိန္နံ-ခက်ခဲငြိုငြင်, မုန်ယိုဆင်ကို၊ (အင်္ကုသေန-လိုရာစေညွှန်း, ဆူးတောင်တပ်ထားသော ချွန်းဖြင့်၊) နိဂ္ဂဏှာတိဝိယ-ပေါက်ကာထပ်ထပ်, နှိပ်ကွပ်အပ်သကဲ့သို့၊ အဟံ-ကလျာဏမိတ္တ, အဖော်ရ၍, ကြပ်မထိန်းချုပ်, အကျွန်ုပ်သည်၊ တံစိတ္တံ-အမျိုးမျိုး အဖုံဖုံ, အာရုံလိုက်စား, ထိုစိတ်တရားကို၊ ယောနိသော-ဘာဝနာမှု, သတိပြုလတ်, ရှုမှတ်ပွားများ, သင့်လျော်သောအကြောင်းအားဖြင့်၊ ဝါ-သတိမပြတ်, အာရုံကပ်၍, ရှုမှတ်ကောင်းကောင်း, သင့်လျော်သောအကြောင်းအားဖြင့်၊ နိဂ္ဂဏှိဿာမိ-ကောင်းစွာစောင့်ကြပ်, နှိပ်ကွပ်ရတော့အံ့၊ ( ဣတိ-ဤသို့၊ ယောဂေါ-ရဲရဲတင်းတင်း, အားထုတ်ခြင်းကို၊ ကရဏီယော-မလွဲမသွေ, ပြုထိုက်လှပါပေ၏။)

**မြန်မာပြန်** ဤစိတ်သည် ရှေးအခါက အလိုရှိတိုင်း အာရုံအမျိုးမျိုးကို လိုက်စားလျက် ကောင်းနိုးရာရာ လှည့်လည်ကျက်စားခဲ့လှပြီ၊ ဆင်ဆရာသည် အမုန်ယစ်သောဆင်ကို ချွန်းဖြင့်နှိပ်ကွပ်ဆုံးမသကဲ့သို့ ယနေ့ ငါသည် ထိုစိတ်ကို ရှုမှတ်ကောင်းကောင်း, သင့်လျော်သောအကြောင်းဖြင့် နှိပ်ကွပ်ဆုံးမရပေတော့အံ့။

---

ဒေသစာရီ လှည့်လည်ခြင်း။

**ယေနိစ္ဆကံ=** [ယေန+ဣစ္ဆာ] ယေနိစ္ဆာ= [ယေနိစ္ဆ+က] အလိုရှိတိုင်းသော ခရီးလမ်းဖြင့်၊ အလိုရှိတိုင်းသောအရပ်ဖြင့်၊ အလိုရှိရာဌာနတိုင်း၊ အလိုရှိတိုင်း၊ အလိုရှိတိုင်းသောအကြောင်းဖြင့်။

**ယတ္ထကာမံ=** [ယတ္ထ+ကာမ] အလိုရှိတိုင်းသောအာရုံ၌၊ အလိုရှိရာ၌။

**ယထာသုခံ=** [ယထာ+သုခ] ချမ်းသာသည်အားလျော်စွာ၊ ကောင်းနိုးရာရာ။

**နိဂ္ဂဟေဿာမိ=** [နိ √ဂဟ+အ+ဿာမိ] နှိပ်အံ့၊ နှိပ်ကွပ်ရတော့အံ့။

**ယောနိသော=** [ √ယု+နိ] ယဝန္တိ သတ္တာ အနေန ဇာတိဘာဝံ ဂစ္ဆန္တိတိ-ယောနိ= ဘဂ, အဏ္ဍဇာဒိယောနိ စ၊ မောဂ်-၇၊ ၁၁၃။ မိန်းမအင်္ဂါဇာတ်၊ အဏ္ဍဇ-စသောယောနိ၊ ခန္ဓာအဖို့ အစု, ဇာတ်, အမျိုး, အကြောင်း, ဉာဏ်ပညာ၊ ဓာန်-ဋီ၊ ၁၅၃၊ ၂၇၃-တို့ကိုလည်းရှု။

**ဟတ္ထိပ္ပဘိန္နံ=** [ဟတ္ထိ+ပဘိန္န] အမုန်ယစ်သောဆင်။

**ဟတ္ထီ=** [ဟတ္ထ+ဤ] ဟတ္ထယောဂါ-ဟတ္ထီ၊ ဓာန်-ဋီ၊ ၃၆၀။ ဆင်၊ သောဏ္ဍာသင်္ခါတဟတ္ထ

(လက်ာ) ဤစိတ်သည်ပင်, ရှေးယခင်က, လိုချင်တိုင်းသာ, လိုရာအာရုံ, ပွားထုံမျိုးမျိုး, ကောင်းနိုးရာရာ, လှည့်ကာပတ်ကာ, ကျက်စားလာ၏၊ မကျာကြပ်မ, ဆင်ထိန်းကပင်, မုန်ယစ်ဆင်ကို, တွင်တွင်ပေါက်ချိတ်, ချွန်းဖြင့်နှိပ်သို့, ထိုစိတ်ကိုငါ, ခုချိန်ခါဝယ်, ဘာဝနာမှု, သတိပြု၍, ရှုမှတ်ပွားများ, ပြုသောအားဖြင့်, ကြိုးစားမလျော့,နှိပ်ကွပ်တော့အံ့။

## ၆-ပါဝေယျကဟတ္ထိဝတ္ထု

၃၂၇။ အပ္ပမာဒရတာ ဟောထ , သစိတ္တမနုရက္ခထ၊
ဒုဂ္ဂါ ဥဒ္ဓရထ'တ္တာနံ , ပင်္ကေ သန္နောဝ ကုဉ္ဇရော။

(အနက်) ဘိက္ခဝေ-ရဟန်းတို့၊ တုမှေ-သင်တို့သည်၊ အပ္ပမာဒရတာ-မေ့လျော့ကင်းလွတ်, တရားမြတ်ဝယ်, မပြတ်ရွှင်ပျော်, မွေ့လျော်ကြကုန်သည်၊ ဟောထ-ကိုယ်ကျိုးငဲ့ကာ, ဖြစ်ကြပါလော့၊ သစိတ္တံ-ရူပ သဒ္ဒ, စသည်ငါးပါး, အာရုံများဝယ်, လိုက်စားယိုဖိတ်, မိမိစိတ်ကို၊ အနုရက္ခထ-ကျူးကျော်ပြစ်မှား, မဖြစ်ပွားအောင်, ကြိုးစားကောင်းစွာ, စောင့်ရှောက်ကြပါလော့၊ ပင်္ကေ-စေးကပ်ပျစ်ချွဲ, ရွံ့ညွန်ထဲ၌၊ သန္နော-ကျွံဝင်စုပ်စုပ်, လက်ရောခြေပါ နစ်မြုပ်နေသော၊ ကုဉ္ဇရော-ဓာတိမာန်ဝင်, ကြိုးစားအားထုတ်သောဆင်သည်၊ အတ္တာနံ-လူးလွန့်ငြင်ငြို, မိမိကိုယ်ကို၊ ဥဒ္ဓရတိဣဝ-ကုန်းပေါ်ရောက်အောင်, ထုတ်ဆောင်ဘိသကဲ့သို့၊ တုမှေ-သင်တို့သည်၊ ဒုဂ္ဂါ-လွတ်ရန်ခက်ခဲ, ကိလေသာဟူသော ရွံ့ညွန်ထဲမှ၊ အတ္တာနံ-နစ်မြုပ်ငြင်ငြို, မိမိကိုယ်ကို၊ ဥဒ္ဓရထ-ကင်းရှင်းဘေးရန်, နိဗ္ဗာန်ဟုခေါ်, ကုန်းပေါ်ရောက်အောင်, ထုတ်ဆောင်ကြပါလော့။

(မြန်မာပြန်) မမေ့လျော့မှု အပ္ပမာဒတရား၌ မွေ့လျော်ကြကုန်လော့၊ မိမိစိတ်ကို စောင့်ရှောက် ကြကုန်လော့၊ ညွန်၌ ကျွံနစ်နေသော ဆင်သည် မိမိကိုယ်ကို ညွန်ထဲမှ ထုတ်ဆောင်သကဲ့သို့ သင်တို့သည် ကိလေသာဟူသောညွန်ထဲမှ မိမိကိုယ်ကို ထုတ်ဆယ် ကြကုန်လော့။

---

ယုတ္တတ္တာ-ဟတ္ထိ၊ ပါစိတ်-ယော၊ ၈၇။

**ပဘိန္န**= [ပ √ဘိဒ+တ] ဖျက်ဆီးအပ်သော၊ ပေါက်ကွဲသော၊ အမုန်ယစ်သော။

**အင်္ကုသဂ္ဂဟော**= [အင်္ကုသ+ဂဟ] ချွန်းကိုင်သောသူ၊ ဆင်ဦးစီး။

**ဂဟ**= [ √ဂဟ+အ] ယူတတ်သော၊ ဖမ်းယူတတ်သော၊ ဖမ်းစားတတ်သော၊ ......ခြင်း၊ ဂြိုဟ်၊ မယား၊ အိမ်။

**အင်္ကုသ**= [ √ အင်္က+သက်] အင်္က-ဓာတ်၏ အနက္ခဝယ ဥ-လာ၊ အင်္ကေတိ အနေန အညေတိ-အင်္ကုသော= ဂဇပတောဒါ၊ ချွန်း၊ မောဂ်-၇၊ ၂၁၅။ အကိ+အင်္က =(ဘု) လက္ခဏေ-အမှတ်တံဆိပ်ပြုခြင်း၌, ဂတိယဥ္စ-သွားခြင်း၌လည်း၊ (အင်္ကတိ။)

၃၂၇-ပဒဝိဘာဂ

**အနုရက္ခထ**= [အနု √ရက္ခ+အ+ထ] စောင့်ရှောက်ကြကုန်လော့၊ ချီးမြှောက်ကြကုန်လော့။

(လင်္ကာ) သတိမကင်း, ရှုမှတ်ခြင်းဝယ်, မကင်းနေည, မွေ့လျော်ကြလော့၊ အမှား ကြိုက်တတ်, ကိုယ့်စိတ်ဓာတ်ကို, မပြတ်ကြပ်မ, စောင့်ရှောက်ကြလော့၊ ကြီးလှသောဆင်, ရွံ့ညွန်ပြင်ဝယ်, ဆင်ခြင်မရှိ, ကျွံနစ်ဘိသော်, မိမိကိုယ်ပင်, နုတ်ကယ်တင်သို့၊ သင်တို့တစ်တွေ, ကိလေသာပင်, ညွန်အပြင်မှ, ကယ်တင်ကိုယ့်ကို, ကျွတ်တန်းခိုလော့။

## ၇-သမ္မာပရိဗ္ဗာဇနိယသုတ်

၃၂၈။ သစေ လဘေထ နိပကံ သဟာယံ , သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ၊
အဘိဘုယျ သဗ္ဗာနိ ပရိဿယာနိ , စရေယျ တေန'တ္တမနော သတီမာ။
၃၂၉။ နော စေ လဘေထ နိပကံ သဟာယံ , သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ၊
ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ , ဧကော စရေ မာတင်္ဂ'ရညေဝ နာဂေါ။
၃၃၀။ ဧကဿ စရိတံ သေယျော , နတ္ထိ ဗာလေ သဟာယတာ၊
ဧကော စရေ န စ ပါပါနိ ကယိရာ , အပ္ပောဿုက္ကော မာတင်္ဂ'ရညေဝ နာဂေါ။

(အနက်) နိပကံ-သွက်လက်ခိုင်မာ, ရင့်ကျက်သောပညာရှိသော၊ ဝါ-ဆန့်ကျင်လှငြား, တရားများမှ, ထူးခြားပြောင်မြောက်, မိမိကိုစောင့်ရှောက်တတ်သော၊ သဒ္ဓိံ စရံ-အတူတကွ, ညီမျှစိတ်ထား, တရားကျင့်ဖက်ဖြစ်သော၊ သာဓုဝိဟာရိံ-အပြစ်ကင်းရှင်း, ကောင်းသောနေထိုင်ခြင်းလည်းရှိသော၊ ဝါ-အပြစ်ကင်းကွာ, ကောင်းစွာနေထိုင်လေ့ရှိသော၊ ဓီရံ-မြဲမြံခိုင်ခံ့, တည်တံ့သောပညာရှိသော၊ သဟာယံ-ကိစ္စကြီးငယ်, အသွယ်သွယ်ဝယ်, မဖယ်ရှောင်ကွင်း, အတူတကွဖြစ်တတ်သော သူငယ်ချင်းကို၊ သစေ လဘေထ-အကယ်၍များ, ရတုံငြားအံ့၊ ဧဝံ-ဤသို့မချွတ်, ရတုံလတ်သော်၊ သဗ္ဗာနိပရိဿယာနိ-ထင်ရှား မထင်ရှား, များလှအလွန်, အလုံးစုံသောဘေးရန်တို့ကို၊ အဘိဘုယျ-နှိပ်နင်းဖိစီး, ဖျက်ဆီးပြီး၍၊ တေန-ထိုသူငယ်ချင်းနှင့်၊ သဒ္ဓိံ-စိတ်တူကိုယ်မျှ, အတူတကွ၊ အတ္တမနော-ဝမ်းသာလှဘိ, ပီတိသောမနဿတို့ ယှဉ်အပ်သောစိတ်ရှိသည်၊ သတိမာ-အောက်မေ့တတ်ဘိ, ထင်ရှားသောသတိရှိသည်၊ ဟုတွာ-ဖြစ်၍၊ စရေ-တရားအလုပ်, ကြိုးအားထုတ်ကာ, ကျင့်ကြံနေထိုင်ရာ၏။

---

၃၃၇= [ဒု √ဂမု+ဣ] ကိလေသာ-ညွန်၊ သွားရောက်ခြင်း၌ ခဲယဉ်းသော-စသည်။

ဥဒ္ဓရထ= [ဥ √ဓရ+အ+ထ] ထုတ်နုတ်ကုန်လော့၊ ဖော်ထုတ်ကုန်လော့၊ ချီပင့်ကုန်လော့၊ ရုပ်သိမ်းကုန်လော့။

သန္နော= [√သဒ+တ] သီဒတိ-သန္နော၊ မောဂ်-၅၊ ၁၅၀။ နစ်မြုပ်သော၊ ကျွံနစ်သော၊ ငြိကပ်သော။

### ၃၂၈, ၃၂၉, ၃၃၀-ပဒဝိဘာဂ

နိပကံ= [နိ √ပေ+ဏွု] နိပယတိ ဝိသောသေတိ ပဋိပက္ခံ, တတော ဝါ အတ္တာနံ နိပါတိ ရက္ခတီတိ-နိပကော-ဘမ္မဇာနော၊ နီတိ-ဓာ၊ ၁၂၀။ ဆန့်ကျင်ဘက်တရားတို့ကို ခြောက်သွေ့စေတတ်သော, ဆန့်ကျင်ဘက်တရားမှ မိမိကို စောင့်ရှောက်တတ်သော (ပညာရှိ)၊ နိပါယတိ

နိပက်-ဆန့်ကျင်လှငြား, တရားများမှ, ထူးခြားပြောင်မြောက်, မိမိကိုစောင့်ရှောက်တတ်သော၊ သဒ္ဓိံ စရံ-အတူတကွ, ညီမျှစိတ်ထား, တရားကျင့်ဖက်ဖြစ်သော၊ သာဓုဝိဟာရိံ-သိမ်သိမ်မွေ့မွေ့, ကောင်းစွာနေထိုင်လေ့ရှိသော၊ ဓီရံ-မြဲမြံခိုင်ခံ့, တည်တံ့သောပညာရှိသော၊ သဟာယံ-ကိစ္စကြီးငယ်, အသွယ်သွယ်ဝယ်, မဖယ်ရှောင်ကွင်း, အတူတကွဖြစ်တတ်သော သူငယ်ချင်းကို၊ နော စေ လဘေထ-အကယ်ရှားပါး, မရငြားအံ့၊ ဧဝ-ဤသို့မချွတ်, မရလတ်သော်၊ရာဇာ-မင်းစည်းစိမ်တွင်, အပြစ်မြင်၍, မရွှင်စိတ်တွင်း, မဟာဇနကမင်းသည်၊ ဝိဇိတံ-ရန်ထွက်မပြု, ရန်သူမကပ်, အောင်မြင်အပ်ပြီးသော၊ ရဋ္ဌံ-လွှမ်းမိုးစိုးစံ, တိုင်းနိုင်ငံကို၊ ပဟာယ-တံတွေးပေါက်အလား, ပယ်စွန့်ထားခဲ့၍၊ အရညေ- လူသူမနီး, တောမြိုင်ကြီး၌၊ ဧကော-အဖော်ကင်းကွာ, တစ်ကိုယ်တည်းသာဖြစ်၍၊ စရတိ ဣဝ-ရသေ့လုပ်ကာ, ကျင့်နေပါသကဲ့သို့လည်းကောင်း၊ မာတင်္ဂေါ-ကြီးမားလွန်စွာ, ကိုယ်အင်္ဂါရှိသော၊ နာဂေါ-ပလလည်းခေါ်တွင်, ဤသည့်ဆင်သည်၊ အရညေ-အဖော်ခွာရှဲ, တောအုပ်ထဲ၌၊ ဧကော-အဖော်ကင်းကွာ, တစ်စီးတည်းသာဖြစ်၍၊ စရတိ ဣဝ-အေးချမ်းသက်သာ, လှည့်လည်ကျက်စားနေပါသကဲ့သို့လည်းကောင်း၊ ဧဝံ-ဤအတူ၊ ဧကော-အဖော်မလှောက်, တစ်ယောက်တည်းသာ၊ စရေ-ရေပူ ရေချမ်း, ကမ်းလှမ်းမည်ရေး, မကြံတွေးဘဲ, အေးဆေးသက်သာ, ကျင့်ကြံနေထိုင်ရာ၏။

ကေသ-ရဟန်းပြုပြီးသည်မှ, စ၍အားယူ, တစ်ဦးတည်းဖြစ်သူ၏၊ စရိတံ-ပေါင်းဖော်ကွာကင်း, ကျင့်နေခြင်းသည်၊ သေယျော-အပြစ်ကင်းလွတ်, မြင့်မြတ်လှပါပေ၏၊ ဗာလေ-ကိုယ်ကျင့်တရား, လေးစားမမူ, မလိမ္မာသောသူ၌၊ သဟာယတာ-သီလစသား အဖော်သဟဲ၏ဖြစ်ကြောင်းတရားသည်၊ နတ္ထိ-သွေ့ခွာယုတ်လျော့, မရှိတော့သည်သာ၊ အရညေ-ပေါင်းဖော်မနီး, တောအုပ်ကြီး၌၊ အပ္ပောဿုက္ကော-တွယ်တာမှုကင်း, အားထုတ်ခြင်းမရှိသော၊ မာတင်္ဂေါ-ကြီးမားလွန်စွာ, ကိုယ်အင်္ဂါရှိသော၊ နာဂေါ-ပလလည်းမည်တွင်, ဤသည့်ဆင်သည်၊ စရတိ ဣဝ-အလိုရှိရာ, ချမ်းသာစွာဖြင့်, တွယ်တာမရှိ, လှည့်ပတ်သွားလာနေဘိသကဲ့သို့၊ ဧဝံ-ဤအတူ၊ ဧကော-အဖော်မလှောက်, တစ်ယောက်ထီးတည်း, စရေ-လှည့်ပတ်သွားလာ, နေထိုင်ရာ၏၊ ပါပါနိ စ-ယုတ်မာညစ်ကျူ, အနည်းငယ်မျှသော မကောင်းမှုတို့ကိုလည်း၊ န ကယိရာ-သတ္တဝါအကြိုက်, စရိုက်အားလျော်စွာ, မပြုကျင့်ရာသည်သာတည်း။

---

သံကိလေသဓမ္မေ ဝိသောသေတိ နိက္ခမေတီတိ-နိပကော= ထိရတိက္ခသတိပုဂ္ဂလော။ သံ-ဋီ-၂၊ ၄၈၈။

**သဒ္ဓိံစရံ**= [သဒ္ဓိံ √စရ+အ ] အတ္တနာ သဒ္ဓိံ စရတီတိ-သဒ္ဓိံစရော။ မိမိနှင့်အတူကျင့်ဖော်ဖြစ်သော။

**သာဓုဝိဟာရိံ**= [သာဓု+ဝိ √ဟရ+ဏီ ] ကောင်းစွာနေလေ့ရှိသော၊ ကောင်းစွာနေခြင်းရှိသော။

**အဘိဘုယျ**= [အဘိ √ဘူ+တွာ] လွှမ်းမိုး၍၊ ဖိစီးနှိပ်စက်၍။

**မြန်မာပြန်** အဆွေခင်ပွန်းဟူသည် အတွေ့အကြုံ ရင့်ကျက်ရမည်၊ (ဆန့်ကျင်ဘက်တရားမှ မိမိကိုစောင့်ရှောက်နိုင်ရမည်၊) အတူသွားဖော်လာဖက်ဖြစ်ရမည်၊ ကောင်းစွာနေထိုင်သူ ဖြစ်ရမည်၊ ပညာရှိရမည်၊ ဤအဆွေခင်ပွန်းမျိုးကို ရရှိပါလျှင် ထိုအဆွေခင်ပွန်းနှင့်အတူ ဘေးရန်အားလုံးကို နှိပ်နင်းလျက် ဝမ်းမြောက်ဝမ်းသာ သတိတရားပြည့်ဝစွာဖြင့် ကျင့်ကြံနေထိုင်ရမည်။

အဆွေခင်ပွန်းဟူသည် အတွေ့အကြုံ ရင့်ကျက်ရမည်၊ အတူသွားဖော်လာဖက်ဖြစ်ရမည်၊ ကောင်းစွာနေထိုင်သူ ဖြစ်ရမည်၊ ပညာရှိရမည်၊ ဤအဆွေခင်ပွန်းမျိုးကို မရခဲ့ပါလျှင် မဟာဇနကမင်းသည် အောင်နိုင်ပြီးသောတိုင်းပြည်ကို စွန့်ခွာထွက်သွားကာ တောမှာ နေသကဲ့သို့လည်းကောင်း၊ ကိုယ်ခန္ဓာကြီးမားလှသော ပလလည်းဆင်သည် တောအုပ်အတွင်းမှာ တစ်ကောင်တည်း လှည့်လည်သွားလာနေသကဲ့သို့လည်းကောင်း တစ်ယောက်တည်း ကျင့်ရမည်။

တစ်ယောက်တည်း ကျင့်ခြင်းသည် မြတ်၏၊ သူမိုက်နှင့် အပေါင်းအဖော် မပြုရာ၊ ကြီးမားသောကိုယ်အင်္ဂါရှိသည့် ပလလည်းဆင်မင်းသည် တော၌ တစ်ကောင်တည်း ကြောင့်ကြမရှိဘဲ လှည့်လည်သွားလာနေသကဲ့သို့ တစ်ယောက်တည်း လှည့်လည်သွားလာနေထိုင်ရမည်၊ မကောင်းမှုကိုကား မပြုသင့်ပေ။

**လင်္ကာ** သိဉာဏ်ရင့်ပေ, အနေပိရိ, ပညာရှိသား, တရားကျင့်ဖော်, သင့်လျော်လှပေ, မိတ်ဆွေကိုသာ, ရရှိပါမူ, ထိုသူနှင့်သာ, လက်တွဲကာဖြင့်, များစွာဘေးရန်, မချန်မခြွင်း, နှိပ်နင်းပြီးနောက်, ဝမ်းမြောက်ဝမ်းသာ, ထင်လာသတိ, ကျင့်ပါဘိလော့။

---

**ပရိဿယာနိ**= [ပရိ √သိ+အစ်] ဘေးရန်၊ ဥပဒ္ဒဝေါ။

**အတ္တမနော**= [အတ္တ+မန] နှစ်သက်ဝမ်းမြောက်သောစိတ်ရှိသော၊ မိမိစိတ်ရှိသော၊ ပီတိသောမနဿတို့သည် ယူအပ်သောစိတ်ရှိသော။

**ဝိဇိတံ**= [ဝိ √ဇိ+တ] အောင်အပ်ပြီးသော၊ အောင်နိုင်ရာဌာနဖြစ်သော၊ တိုင်းနိုင်ငံ။

**မာတင်္ဂေါ**= [မတင်္ဂ+ဏ] မတင်္ဂဿ ဣသိနော အပစ္စံ-မာတင်္ဂေါ။
[မဟန္တ+အင်္ဂ] မဟန္တံ အင်္ဂံ သရီရမေတဿာ ဝါ တိ-မာတင်္ဂေါ၊ ဟနလောပေါ, အဿာကာရော စ၊ ဓာန်-ဋီ၊ ၃၆၀။ ဆင်၊ ဒွန်းစဏ္ဍား။

**အပ္ပောဿုက္ကော**= [အပ္ပ+ဥဿုက္က] အားထုတ်ခြင်းမရှိသော၊ ကြောင့်ကြမဲ့သော၊ ငဲ့ကွက်တွယ်တာခြင်းမရှိသော။

**ဥဿုက္က**= [ဥဿုက+ဏျ] အားထုတ်သူ၏အဖြစ်၊ လုံ့လပြုခြင်း၊ အားထုတ်ခြင်း။

**ဥဿုက**= [ဥ+သု √ကာ+အ] ဣဋ္ဌတ္ထေ အဘိမတပ္ပယောဇနေ ဥယျုတ္တော ပုဂ္ဂလော ဥဿုကော

သိဉာဏ်ရင့်ပေ, အနေပိရိ, ပညာရှိသား, တရားကျင့်ဖော်, သင့်လျော်လှပေ, မိတ်ဆွေကိုသာ, မရပါလျှင်, ပြည်ရွာသနင်း, မင်းကပြည်ရွာ, ပယ်ခွာမထောက်, တစ်ယောက်တည်းသာ, ကျင့်နေပါသို့, တစ်ဖြာထိုမှ, မာတင်္ဂဟု, အမည်ရပြီး, ဆင်ပြောင်ကြီးက, ကိုယ်ထီးတောမှာ, လှည့်လည်ပါသို့, ပယ်ခွာမကြောက်, တစ်ယောက်တည်းသာ, ကျင့်သင့်ပါ၏။

ပေါင်းဖော်ကွာကင်း, ကျင့်နေခြင်းမှာ, မြင့်မြတ်ပါ၏၊ ယုတ်မာစရိုက်, လူမိုက်နှင့်မှု, အတူကျွမ်းဝင်, ခင်မင်ပေါင်းသင်း, နေရခြင်းမှာ, မမြတ်ပါတည်း၊ မာတင်္ဂဟု, မည်ရကျော်ဟီး, ဆင်ပြောင်ကြီးက, ကိုယ်ထီးတောဝယ်, ကြောင့်ကြပယ်လျက်, မတွယ်မတာ, လှည့်လည်ပါသို့, တွယ်တာကင်းပ, မကြောင့်ကြဘဲ, ဧကစရိယာ, ကျင့်သင့်ပါ၏၊ ယုတ်မာညစ်ကျူ, မကောင်းမှုမှု, မပြုဖယ်ခွာ, ရှောင်ကြပါလော့။

## ၈–မာရဝတ္ထု

၃၃၁။ အတ္ထမှိ ဇာတမှိ သုခါ သဟာယာ , တုဋ္ဌီ သုခါ ယာ ဣတရီတရေန၊
ပုညံ သုခံ ဇီဝိတသင်္ခယမှိ , သဗ္ဗဿ ဒုက္ခဿ သုခံ ပဟာနံ။
၃၃၂။ သုခါ မတ္တေယျတာ လောကေ , အထော ပေတ္တေယျတာ သုခါ၊
သုခါ သာမညတာ လောကေ , အထော ဗြဟ္မညတာ သုခါ။
၃၃၃။ သုခံ ယာဝ ဇရာ သီလံ , သုခါ သဒ္ဓါ ပတိဋ္ဌိတာ၊
သုခေါ ပညာယ ပဋိလာဘော , ပါပါနံ အကရဏံ သုခံ။

**အနက်** အတ္ထမှိ–လွဲရှောင်မရ, တစ်စုံတစ်ခုသောအရေးကိစ္စသည်၊ ဇာတမှိ–အကြောင်းအားလျော်စွာ, ဖြစ်ပေါ်လာလတ်သော်၊ သဟာယာ–ဖြစ်လာသမျှ, ကိစ္စများမြောင်, ရွက်ဆောင်တတ်ကြား, အဆွေခင်ပွန်းများတို့သည်၊ သုခါ–ချမ်းသာရခြင်း, အကြောင်းရင်းဖြစ်ကုန်၏၊ ဣတရီတရေန–ဆိုးကောင်းများနည်း, မိမိမှာရှိနေသော ပစ္စည်းဖြင့်၊ ယာ တုဋ္ဌိ–အပိုမရှာ, အာသာမပြင်း, အကြင်နှစ်သက်ရောင့်ရဲခြင်းသည်၊ အတ္ထိ–ရှိ၏၊ သာ တုဋ္ဌိ–အပိုမရှာ, အာသာပြည့်တင်း, ထိုနှစ်သက်ရောင့်ရဲခြင်းသည်၊ သုခါ–ချမ်းသာရခြင်း, အကြောင်းရင်းဖြစ်ပေ၏၊ ဇီဝိတသင်္ခယမှိ–ဇီဝိတ်ကင်းကွာ, သေရအံ့သောအခါ၌၊

---

နာမ။ ဥဠာနံ သုဋ္ဌု ကာယတီတိ–ဥဿုကော၊ ဓာန်–ဋီ၊ ၇၂၇။ အားထုတ်သူ၊ ကြိုးစားသူ။ [ ဥ √ကေ+ကန် ] ရဿပြု၊ ကောဏ္ဍဘာ။

### ၃၃၁, ၃၃၂, ၃၃၃–ပဒဝိဘာဂ

**တုဋ္ဌိ**= [ √တုသ+တိ ] တောသနံ–တုဋ္ဌိ၊ ရူ၊ ၆၂၇။ နှစ်သက်ခြင်း၊ တုဿန္တိ ဧတာယာတိ–တုဋ္ဌိ၊ ဓာန်–ဋီ၊ ၈၇။ နှစ်သက်ကြောင်း၊ ဝမ်းမြောက်ကြောင်း။

**ဣတရီတရေန**= [ဣတရ+နာ] နာ–ဝိဘတ်ကို ဧန–ပြု၊ ခွင်း, ချေ, ကပ်၊ ဣတရေန–ဟု ဖြစ်လာသည့်အခါ မောဂ်–၁၊ ၅၆–သုတ်ဖြင့် ဣတရေန ဣတရေန–ဟု ဒွိရုပ်ပြု၊

ပုည်–အလိုရှိသမျှ, တောင့်တကြီးကုတ်, ပြုလုပ်အပ်သောကောင်းမှုသည်၊ သုခံ–ချမ်းသာရခြင်း, အကြောင်းရင်းဖြစ်ပေ၏၊ သဗ္ဗဿ ဒုက္ခဿ–ရှိရှိသမျှ, ဝဋ်ဒုက္ခကို၊ ပဟာနံ–ပယ်ခွင်းဖျက်ဖြိုး, အရဟတ္တမဂ် အရဟတ္တဖိုလ်သည်၊ သုခံ–ဤလောကမှာ, ချမ်းသာရခြင်း, အကြောင်းရင်းဖြစ်ပေ၏။

လောကေ–ဖြစ်ပျက်နှစ်ပ, တွေ့ရအမြဲ, ဤလောကကြီးထဲ၌၊ မတ္တေယျတာ–အမိအပေါ်မှာ, မေတ္တာသက်ဝင်, ကြင်နာထန်ပြင်း, ကောင်းစွာပြုကျင့်လုပ်ကျွေးခြင်းသည်၊ သုခါ–ချမ်းသာရခြင်း အကြောင်းရင်းပေတည်း၊ အထော–ထိုမှတစ်ပါး၊ ပေတ္တေယျတာ–အဖ အပေါ်မှာ, မေတ္တာသက်ဝင်, ကြင်နာထန်ပြင်း, ကောင်းစွာပြုကျင့်လုပ်ကျွေးခြင်းသည်၊ သုခါ–ချမ်းသာရခြင်း, အကြောင်းရင်းပေတည်း၊ လောကေ–ဖရိုဖရဲ, ပြိုကွဲပျက်တတ်, ဤလောကဓာတ်၌၊ သာမညတာ–ရှင်ရဟန်းအပေါ်မှာ, မေတ္တာသက်ဝင်, ကြင်နာထန်ပြင်း, ကောင်းစွာပြုကျင့်လုပ်ကျွေးခြင်းသည်၊ သုခါ–ချမ်းသာရခြင်း, အကြောင်းရင်းပေတည်း၊ အထော–ထိုမှတစ်ပါး၊ ဗြဟ္မညတာ–ဘုရားပစ္စေကာ, ရဟန္တာပေါင်း, သူတော်ကောင်းအပေါ်မှာ, မေတ္တာမကင်း, ကောင်းစွာပြုကျင့်လုပ်ကျွေးခြင်းသည်၊ သုခါ–ချမ်းသာရခြင်း, အကြောင်းရင်းပေတည်း။

သီလံ–ကိုယ်မှု နှုတ်မှု, ယဉ်နုလာအောင်, စွမ်းဆောင်ပေတတ်, သီလဟူသော အကျင့်မြတ်သည်၊ ယာဝဇရာ–ကလေးအရွယ်, လူမမယ်မှ, ဇရာကျအောင်၊ သုခံ–ချမ်းသာရခြင်း, အကြောင်းရင်းပေတည်း၊ ပတိဋ္ဌိတာ–တုန်လှုပ်ကင်းကွာ, ခိုင်မာကြံ့ကြံ့, တည်တံ့လာသော၊ သဒ္ဓါ–လောကီလောကုတ္တရာ, နှစ်မျိုးသောသဒ္ဓါသည်၊ သုခါ–ချမ်းသာရခြင်း, အကြောင်းရင်းပေတည်း၊ ပညာယပဋိလာဘော–လောကီလောကုတ္တရာ, နှစ်မျိုးသောပညာကို ရခြင်းသည်၊ သုခေါ–ချမ်းသာရခြင်း, အကြောင်းရင်းပေတည်း၊ ပါပါနံ–ယုတ်မာညစ်ကျူ, မကောင်းမှုတို့ကို၊ အကရဏံ–ဝေးစွာရှောင်ကွင်း, မပြုလုပ်ခြင်းသည်၊ သုခံ–ချမ်းသာရခြင်း, အကြောင်းရင်းပေတည်း။

---

ရှေ့ပုဒ်၏ ဝိဘတ်ကို ချေမှု–စသည်ပြု၊ ဣတရီတရေန–တစ်ပါးပါးဖြင့်၊ အမှတ်မထားတစ်ပါးပါးဖြင့်။

**ဇီဝိတသံခယမှိ**= [ ဇီဝိတ+သင်္ခယ ] အသက်ကုန်ခြင်း၊ အသက်ကုန်ရာအခါ၊ အသက်ကုန်ဆုံးချိန်။

**ပဟာနံ**= [ ပ √ဟာ+ယု ] စွန့်ပစ်ခြင်း၊ ပယ်ခြင်း။

**မတ္တေယျတာ**= [ မေတ္တေယျ+တာ ] မိခင်အပေါ်၌ ရှိသေစွာပြုကျင့်သူ၏အဖြစ်၊ မိခင်အပေါ်၌ ရှိသေစွာ ပြုကျင့်ခြင်း။

**မတ္တေယျ**= [ မာတု+ဧယျဏ် ] မာတု ဟိတော–မတ္တေယျော၊ ရဿပြု၊ အမိ၏အစီးအပွား။ မာတု ဟိတံ–မတ္တေယျံ၊ ရူ–နှာ၊ ၂၃၀။ ရူ–အလို ဏေယျ–ပစ္စည်း။

**ပေတ္တေယျတာ**= [ ပေတ္တေယျ+တာ ] အဖ၏အပေါ်၌ ရှိသေစွာပြုကျင့်သူ၏အဖြစ်၊ အဖအပေါ်၌ ရှိသေစွာ ပြုကျင့်ခြင်း။

(မြန်မာပြန်) အရေးကိစ္စ ပေါ်ပေါက်လာသောအခါ အဆွေခင်ပွန်း ရှိနေခြင်းသည် ချမ်းသာ၏၊ ရရသမျှသော ပစ္စည်းဥစ္စာဖြင့်ရောင့်ရဲခြင်းသည် ချမ်းသာ၏၊ အသက်ကုန်ချိန် ရောက်သောအခါ ကုသိုလ်ကောင်းမှုရှိခြင်းသည် ချမ်းသာ၏၊ အလုံးစုံသော ဝဋ်ဆင်းရဲကို ပယ်ခြင်းသည် ချမ်းသာ၏။

လောက၌ အမိကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့်ရိုသေစွာ ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာသူတော်ကောင်းတို့ကို ပစ္စည်းလေးပါးဖြင့် ရိုသေစွာ ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။

သီလစောင့်ထိန်းခြင်းသည် အိုသည်တိုင်အောင် ချမ်းသာ၏၊ သဒ္ဓါတရား မတုန်မလှုပ် ခိုင်မြဲစွာ တည်နေခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

(လင်္ကာ) ကိစ္စရေးရာ, ကြုံတွေ့လာသော်, ချမ်းသာဆင်းရဲ, မခွဲပေါင်းသင်း, မိတ်ဆွေရင်းမှာ, ချမ်းသာပါ၏၊ ရလာထင်ရှား, ဥစ္စာများဖြင့်, အားရအမြဲ, ရောင့်ရဲခြင်းမှာ, ချမ်းသာပါ၏၊ သေခါနီးလှ, ချိန်ကာလဝယ်, ကျနပြုထား, ကောင်းမှုများမှာ, ချမ်းသာ ပါ၏၊ ရလာသမျှ, ဝဋ်ဒုက္ခကို, တစ်စမကြွင်း, ပယ်ရှင်းသတ်ဖြတ်, အရဟတ္တ, မဂ် ဖလမှာ, ချမ်းသာပါ၏။

မွေးထားမိခင်, ကျေးဇူးရှင်ကို, ကြည်လင်ပြုစု, လုပ်ကျွေးမှုမှာ, ချမ်းသာပါ၏၊ ကျွေးလာဖခင်, ကျေးဇူးရှင်ကို, ကြည်လင်ပြုစု, လုပ်ကျွေးမှုမှာ, ချမ်းသာပါ၏၊ သာသနာ့ဝန်ထမ်း, ရှင်ရဟန်းအား, လေးပါးပစ္စယ, ထောက်မပြုစု, ရိုသေမှုမှာ, ချမ်းသာပါ၏၊ ပယ်ခွာကိလေ, ငြိမ်းစေတတ်ငြား, ဘုရား ပစ္စေက, သာဝကအား, လေးပါးပစ္စယ, ထောက်မပြုစု, ရိုသေမှုမှာ, ပိုချမ်းသာ၏။

---

**ပေတ္တေယျ=** [ ပိတု+ရေယျဏ် ] ပိတု ဟိတော-ပေတ္တေယျော၊ မောဂ်-၄၊ ၃၉။ အဖ၏အစီးအပွား။

**သာမညတာ=** [ သာမည+တာ ] ရဟန်းတို့၌ ကောင်းစွာကျင့်ခြင်း။

**သာမည=** [ သမဏ+ဏျ ] သမဏဿ ဟိတံ-သာမညံ၊ ရဟန်း၏အစီးအပွား။

**ဗြဟ္မညတာ=** [ ဗြဟ္မည+တာ ] ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၌ ကောင်းစွာကျင့်ခြင်း။

**ဗြဟ္မည=** [ ဗြဟ္မဏ+ဏျ ] ဗြဟ္မဏဿ ဟိတံ-ဗြဟ္မညံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာသူတော်ကောင်းတို့၏ အစီးအပွား။

**ပတိဋ္ဌိတာ=** [ ပတိ √ဌာ+တ+အာ ] တည်သော၊ စွဲမြဲစွာတည်သော၊

ငယ်ရွယ်စဉ်မှ, ဇရာကျအောင်, သီလကသာ, ချမ်းသာပါ၏၊ ခိုင်မာမလွဲ, စွဲမြဲတည်လာ, သဒ္ဓါခေါ်ကြား, တရားကသာ, ချမ်းသာပါ၏၊ ပညာသိဉာဏ်, မှန်ကန်ပြည့်တင်း, ရရှိခြင်းမှာ, ချမ်းသာပါ၏၊ ပါပညစ်ကျူ, မကောင်းမှုကို, မပြုခြင်းမှာ, ချမ်းသာပါ၏။

# ၂၄-တဏှာဝဂ္ဂ

## ၁-ကပိလမစ္ဆဝတ္ထု

၃၃၄။ မနုဇဿ ပမတ္တစာရိနော , တဏှာ ဝဍ္ဎတိ မာလုဝါ ဝိယ၊
သော ပ္လဝတီ ဟုရာဟုရံ , ဖလမိစ္ဆံဝ ဝနသ္မိ ဝါနရော။

၃၃၅။ ယံ ဧသာ သဟတေ ဇမ္မီ , တဏှာ လောကေ ဝိသတ္တိကာ၊
သောကာ တဿ ပဝဍ္ဎန္တိ , အဘိဝဋ္ဌံဝ ဗီရဏံ။

၃၃၆။ ယော စေ တံ သဟတေ ဇမ္မိံ , တဏှံ လောကေ ဒုရစ္စယံ၊
သောကာ တမှာ ပပတန္တိ , ဥဒဗိန္ဒုဝ ပေါက္ခရာ။

၃၃၇။ တံ ဝေါ ဝဒါမိ ဘဒ္ဒံ ဝေါ , ယာဝန္တေ’တ္ထ သမာဂတာ၊
တဏှာယ မူလံ ခဏထ , ဥသီရတ္ထောဝ ဗီရဏံ၊
မာ ဝေါ နဠံဝ သောတောဝ , မာရော ဘဉ္ဇိ ပုနပ္ပုနံ။

**အနက်** ပမတ္တစာရိနော- သတိကင်းပေါ့, မေ့မေ့လျော့လျော့ ကျင့်လေ့ရှိသော၊ ဝါ- သတိလွတ်ကင်း, မေ့မေ့လျော့လျော့ကျင့်ခြင်းရှိသော၊ မနုဇဿ-မနုဿယ်ဖွား, လူသားဖြစ်သော သတ္တဝါအား၊ တဏှာ-အာရုံစွဲမက်, ခွာမထွက်အောင်, တပ်မက်လွန်စွာ, ခြောက်ဒွါရဋ္ဌဖြစ်သောတဏှာသည်၊ မာလုဝါဝိယ-အညွန့်အတက်, အရွက်ပေါ်ကြွယ်, မာလောနွယ်ကဲ့သို့၊ ဝဍ္ဎတိ-အလျဉ်မပြတ်, ထပ်ကာထပ်ကာ, တိုးပွား၍ လာရတော့၏၊ ဖလံ-လုံးငယ်လုံးကြီး, တောသစ်သီးကို၊ ဣစ္ဆံ-ဝမ်းဝဆာပြေ, စားသောက်ဖို့ရန်, အလိုရှိနေသော၊ ဝါနရော-တောမှာပွားစီး, သစ်သီးသစ်ဥ, သစ်ဖုစသား, ဝတ္ထုများကို, ရှာစားတတ်ပါ, မျောက်သတ္တဝါသည်၊ ဝနသ္မိံ-ဥဒေါင်း ဥဩ, စသောငှက်များ, ပျော်ပါးနေရာ, တောမြိုင်သာ၌၊ ဓာဝတိဣဝ-တစ်ပင်စွန့်ထား, တစ်ပင်နားကာ, ခုန်ကူးပြေးလွှား နေရပါသကဲ့သို့၊ ဧဝမေဝ-ပမာနှိုင်းယှူ, ဤအတူသာလျှင်၊ သော-တဏှာဆောင်ရာ, လိုက်ပါပြုမှု, ထိုလူသားဖြစ်သောသူသည်၊ ဟုရာဟုရံ-တစ်ဘဝမှ တစ်ဘဝသို့၊ ပ္လဝတိ-ကူးပြောင်းဖြစ်ကာ, ပြေးလွှားနေရပါတော့၏။

---

၃၃၄၊ ။ ပ ။ ၃၃၇-ပဒဝိဘာဂ

**ပမတ္တစာရိနော**= [ပမတ္တ+စာရီ] မေ့မေ့လျော့လျော့ ကျင့်လေ့ရှိသော။

**ပ္လဝတိ**= [ √ပ္လု+အ+တိ] သွား၏၊ ပြေးသွား၏။

လောကေ-ဖြစ်ပျက်မကင်း, လောကကြီးအတွင်း၌၊ ဇမ္မိ-ညှာတာကင်းကွာ, ယုတ်မာလှပေသော၊ ဝိသတ္တိကာ-ငါးကာမဂုဏ်, များအာရုံဝယ်, ပွားထုံထပ်ထပ်, အထူးအားဖြင့် စွဲလမ်းငြိကပ်တတ်သော၊ ဧသာ တဏှာ-ဒွါရခြောက်ပါး, မှီသောအားဖြင့်, ဖြစ်ပွား၍လာ, ဤတဏှာသည်၊ ယံ-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်ကို၊ သဟတေ-သူ့အလို သို့သာ, လိုက်ပါလာအောင်, ဆွဲဆောင်မပြတ်, ညှဉ်းဆဲနှိပ်စက်တတ်၏၊ တဿ-တဏှာ လိုဆိုး, လွှမ်းမိုးဝါးမျို, ထိုပုဂ္ဂိုလ်အား၊ အဘိဝဋ္ဌ-အဆက်မပြတ်, မိုးစိုစွတ်သည်၊ သမာန်-ဖြစ်လတ်သော်၊ ဗီရဏံ္ဏံဝ-ထူးဆန်းလွန်စွာ, ဘေးမှာဖြာထွက်, အမြစ်ရှိသော ပြိတ်မြက်ကဲ့သို့၊ သောကာ-ဝင်ငြမြစ်အရင်း, စိုးရိမ်ခြင်းတို့သည်၊ ပဝမ္မန္တိ-တစ်နေ့တခြား, တိုးပွား၍သာ, လာကြပါကုန်၏။

ယော စ-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်ကား၊ လောကေ-ဖြစ်ပျက်မစဲ, လောကထဲ၌၊ ဇမ္မိံ-ရဟန်းလူရှင်, ဆင်ခြင်ကင်းကွာ, ယုတ်မာလှပေသော၊ ဒုရစ္စယံ-စွန့်ပယ်မချန်, လွန်မြောက်ရန်ခဲယဉ်းလှပေသော၊ ဧတံ တဏှံ-ဒွါရခြောက်ပါး, မှီသောအားဖြင့်, ဖြစ်ပွား၍လာ, ထိုတဏှာကို၊ သဟတေ-အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, ပယ်ဖျက်ဆုံးတိုင်, ညှဉ်းဆဲဖျက်ဆီးနိုင်၏၊ တမှာ-တဏှာအယုတ်, ပယ်ဖြုတ်ဖျက်ဖြို, ထိုပုဂ္ဂိုလ်မှ၊ သောကာ-နှလုံးမငြိမ်, ညှိုးမှိန်လွန်မင်း, စိုးရိမ်ခြင်းတို့သည်၊ ပေါက္ခရာ-ရေကမ္ဘေးထား, ကြာရွက်များမှ, ဥဒဗိန္ဒုဝ-အပေါ်ကျရောက်, ရေစက်ရေပေါက်ကဲ့သို့၊ ပပတန္တိ-တန့်နားမရ, ပြေကျကျရကုန်၏။

---

**ဟုရာဟုရံ=** [ နို ] ထိုမှ၍မှ။

**ဣတ္ထံ=** [ √ဣသု+အ+အန္တ ] အလိုရှိသော၊ နှစ်သက်သော။

**ဝါနရော=** [ ဝါ+နရ ] နရောဣဝ-ဝါနရော၊ ဝါသဒ္ဒေါ ဣဝတ္ထေ၊ နာမာနံ ယုတ္တတ္တတ္ထာ သမာသော၊ ဓာန်-ဋီ၊ ၆၁၄။

[ ဝါန+ရ ] ဝါနံ ဝုစ္စတိ ဂမနံ၊ တံ ဧတဿ အတ္ထီတိ ဝါ-ဝါနရော၊ သူစိ။

[ ဝါ+နရ ] ဝါ ဝိကပ္ပိတော နရော၊

[ ဝါန √ရာ+က ] အထဝါ= ဝါနံ ဝနေ ဘဝံ ဖလာဒိကံ ရာတိ ဂဏှာတီတိ-ဝါနရော၊ ကောတ္ထုဘာ။ မျောက်။

**သဟတေ=** [ √သဟ+အ+တေ ] ညှဉ်းဆဲ၏၊ လွှမ်းမိုး၏၊ နှိပ်နင်း၏၊ အောင်နိုင်၏၊ သည်းခံ၏၊ သည်းခံနိုင်၏။

**ဇမ္မိံ=** [ √ဇမ+မ +ဤ ] ဇမေတိ အဘက္ခိတဗ္ဗံ အဒတီတိ-ဇမ္မော= နိဟီနော၊ အနိသမ္မကာရီ၅၊ မောဂ်-၇၊ ၁၃၆။ ယုတ်မာသော၊ ယုတ်ညံ့သော၊ ယုတ်နိမ့်သော၊ အောက်ကျသော၊ထိ-၌ ဤ-ပစ္စည်း သက်၍ ဇမ္မိဟုဖြစ်၏၊ ထုံထိုင်းဖျင်းအသော၊ မဆင်မခြင်ပြုတတ်သော။

**ပဝမ္မန္တိ=** [ ပ √ဝဍ္ဎ+အ+အန္တိ ] တိုးပွားကြကုန်၏။

**အဘိဝဋ္ဋံ=** [ အဘိ √ဝသ+တ ] မိုးရေလွှမ်းအပ်သော၊ မိုးရေဖြင့် ရွှတ်စိုအပ်သော။

ဘိက္ခဝေ–သာသနာ့တာဝန်, အားသွန်ကြိုးပမ်း, အိုရဟန်းတို့ !၊ တံ–တေန ကာရဏေန–ထိုသို့ တဏှာပယ်ရှင်း, စိုးရိမ်သောကကင်းနိုင်သောကြောင့်၊ ဝေါ–သာသနာ့ဝန်ထမ်း, သင်ရဟန်းတို့အား၊ ဝဒါမိ–ကောင်းကျိုးအများ, တိုးပွားစေလို, မိန့်ဆိုရပေအံ့၊ ဝေ့–ငါနှင့်နီးကပ်, ဤအရပ်၌၊ သမာဂတာ–ညီညွတ်စုဆုံ, စည်းဝေးလာရောက်ကြကုန်သော၊ ယာဝန္တော–ငါ၏မျက်မှောက်, အကြင်မျှလောက်အတိုင်းအရှည်ရှိကုန်သော၊ ဝေါ–သာသနာ့ဝန်, အားသွန်ကြိုးပမ်း, သင်ရဟန်းတို့အား၊ ဘဒ္ဒံ–ကောင်းခြင်းမင်္ဂလာ, အဖြာဖြာသည်၊ ဟောတု–မက္ခာမကွေ, ဖြစ်ပါစေသတည်း၊ ဥသီရတ္ထော–ပန်းရင်းမြစ်ဖြင့်, လွယ်လင့်တကူ, အလိုရှိသောသူသည်၊ ဗီရဏံ–ထူးကဲရှည်လျား, မြစ်ဖျားရှိနေသော ပြိတ်မြက်ကို၊ ခဏတိ ဣဝ–ပေါက်တူးကြီးဖြင့်, လွယ်လင့်တကူ, တူးယူဘိသကဲ့သို့၊ ဝေါ–ဤအတူ၊ တဏှာယ–ဆိုးဝါးယုတ်မာ, ခြောက်ဒွါရ၌ဖြစ်သော တဏှာ၏၊ မူလံ–အတွင်းဌတ်နစ်, အရင်းအမြစ်ကို၊ ခဏထ–အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, ဖြိုဖျက်လုံးစုံ, တူးဖြိုပစ်ကြကုန်လော့၊ သောတော–ရှိန်ဟုန်ထန်ပြင်း, စီးဆင်းတွင်တွင်, မြစ်ရေအလျဉ်သည်၊ နဠံ–အနှစ်ကင်းကွာ, ဝါးထက်ပါးလွှာသော ကျူပြင်ကို၊ ဘဉ္ဇတိ ဣဝ–လွှမ်းမိုးဖိစီး, ချိုးဖဲ့ဖျက်ဆီးသကဲ့သို့၊ မာရော–ရှိန်ဟုန်ပြင်းထန်, ကိလေသာစသော မာရ်သည်၊ ဝေါ–သာသနာ့အလုပ်, အားထုတ်ကြိုးပမ်း, သင်ရဟန်းတို့ကို၊ ပုနပ္ပုနံ–နေ့ရောညပါ, အခါမလပ်, ထပ်ကာထပ်ကာ၊ မာဘဉ္ဇိ–မလွှမ်းမိုး မဖိစီး, မဖျက်ဆီးပါစေလင့်။

(မြန်မာပြန်) မာလောနွယ်သည် (မိုရာသစ်ပင်ကို ဖျက်ဆီးရန်) ကြီးပွားသကဲ့သို့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေသူမှာ တဏှာပွား၏၊ သစ်သီးကို အလိုရှိသော မျောက်သည် တော၌ သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ခုန်လွှားပြေးသွား နေရသကဲ့သို့ တဏှာပွားသူသည် တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားနေရတော့၏။

လောက၌ ယုတ်မာ၍ ကပ်ငြိတွယ်တာတတ်သော တဏှာ၏ အဖိစီးအနှိပ်စက် ခံရသူမှာ ပြိတ်မြက်သည် မိုးရွာသည့်အခါ အလွန်ကြီးပွားလာသကဲ့သို့ စိုးရိမ်ကြောင့်ကြမှုတို့သည် အလွန်ပွားလာကုန်၏။

လောက၌ ယုတ်မာ၍ လွန်မြောက်ရန် ခဲယဉ်းလှသည့် တဏှာကို နှိမ်နင်းနိုင်ခဲ့ပါလျှင် ထိုနှိမ်နင်းနိုင်သူမှ ရေစက်ရေပေါက်တို့သည် ကြာရွက်မှ လျောကျကုန်သကဲ့သို့ စိုးရိမ်ကြောင့်ကြခြင်းတို့သည် လျောကျကုန်၏။

---

**ဗီရဏံ**= [ဝိ+ရဏ] ဝိသိဋ္ဌော ရဏော မူလံ ယဿာတိ–ဗီရဏံ၊ ကောတ္ထုဘာ။ ပြိတ်မြက်၊ မြက်မွှေး။

**ဒုရစ္စယံ**= [ဒု+အစ္စယ] ခဲယဉ်းသဖြင့်လွန်မြောက်အပ်သော၊ လွန်မြောက်နိုင်ခဲသော၊ ပယ်စွန့်နိုင်ခဲသော။

**ပပတန္တိ**= [ပ √ပတ+အ+အန္တိ] လျောကျကုန်၏၊ ကြွေကျကုန်၏၊ လဲကျကုန်၏၊ ကျွတ်ကျကုန်၏။

**ပေါက္ခရာ**= [ √ပုသ+ခရ] ပေါသိယတိ ဇလေနာတိ–ပေါက္ခရံ– ပဒုမံ၊ မောဂ်–၇၊ ၁၆၈။

ထို့ကြောင့် သင်တို့အား ငါမိန့်ဆိုရပေအံ့၊ ဤအရပ်၌ အညီအညွတ် စည်းဝေးရောက်လာကြသော သင်တို့အား ကောင်းမှုမင်္ဂလာ ဖြစ်ပါစေ၊ ပန်းရင်းမြစ်ကို အလိုရှိသူသည် ပြိတ်မြက်ကို တူးသကဲ့သို့ တဏှာ၏ အရင်းအမြစ်ကို တူးပစ်ကြလော့၊ ရေအလျဉ်သည် ကျူပင်ကို ဖျက်ဆီးသကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်သည် သင်တို့ကို အဖန်တလဲလဲ မဖျက်ဆီးစေလင့်။

(လင်္ကာ) မာလောနွယ်မှာ, မိုရာသစ်ပင်, ဝန်းကျင်ဖွဲ့ယှက်, ဖျက်ဆီးရန်သာ, ကြီးပွားလာသို့, လွန်စွာမေ့လျော့, ပေါ့ဆသူမှာ, ခြောက်ဒွါရာဝယ်, မိုတွယ်ဖြစ်ငြား, တဏှာပွား၏၊ အများအပြား, သစ်သီးများကို, လိုလားမျောက်ငယ်, တောမြိုင်လယ်တွင်, သစ်တစ်ပင်မှ, တစ်ပင်ကူးကာ, ပြေးနေပါသို့, တဏှာတိုးပွား, ထိုသူကားမူ, တစ်ပါးတစ်ပါး, ဘဝများသို့, ပြေးလွှားလျက်ပင်, ဆုံးမထင်တည်း။

---

ကြာ၊ ရေ၊ ဆင်နှာမောင်းဖျား၊ စောင်းခွက်၊ စည်ခေါင်း၊ (ကိုယ်၊-ဓာတွတ္ထ။) ပုသ-ဝုမိမ္မိ၊ ခရော၊ ဝုမိ၊ သဿ ကော၊(ပေါသိယတိ ဇလေနာတိ-ပေါက္ခရံ၊) ကြာ။
[ပေါက္ခရ+ဏ] ပေါက္ခရေ ဇလေ ဇာတန္တိ ဝါ-ပေါက္ခရံ၊ ဓာန်-ဋီ၊ ၆၈၅။ ကြာ။

**ဝဒါမိ=** [ √ဝဒ+အ+မိ ] ပြော၏၊ ဟော၏၊ ဟောကြား၏၊ မိန့်ဆို၏။

**ဘဒ္ဒံ=** [ √ဘဒိ+ဒ ] ဘဒ္ဒတီတိ-ဘဒ္ဒေါ၊ ပု+န။ ဘဒိ=(ဘူ+စု) သောဘနေ-တင့်တယ် ကောင်းမွန်ခြင်း၌၊ (ဘဒ္ဒတိ၊ ဘဒ္ဒယတိ။) ဓာန်-ဋီ၊ ၈၈-၌ ဘဒိ-ကလျာဏေ၊ ဘဒ္ဒတီတိ-ဘဒ္ဒံ-ဟု ရှိနေသည်၊ ဘဒိ-ဓာတ်နှင့် အနက်တူ ဘဒ္ဒ-ဓာတ်ဖြင့် ဝိဂြိုဟ်ဆိုထားသည်-ဟုသော်လည်း ကြံပါ။

**ယာဝန္တေ့ာ=** [ယ+အာဝန္တု] မောဂ်-၄၊ ၄၃။ အကြင်သို့သော အတိုင်းအရှည်ရှိကုန်သော၊ အကြင်မျှလောက်ကုန်သော။

**သမာဂတာ=** [သံ+အာ √ဂမု+တ ] အညီအညွတ်စည်းဝေးရောက်လာကြသော။

**ဥသီရတ္ထော=** [ဥသီရ+အတ္ထ ] ပန်းရင်းဖြင့်အလိုရှိသော။

**ဥသီရ=** [ √ဝသ+ကီရ ] ဝ-ကို ဥ-ပြု၊ ဝသန္တိ ဝါသံ ကရောန္တိ ဧတေနာတိ-ဥသီရံ= ဗီရဏမူလံ၊ မောဂ်-၇၊ ၁၆၉။ ပန်းရင်း။
[ √ဥသ+ကီရစ် ] ဤသို့လည်း ကောတ္ထုဘာ-၌ ပြထားသေးသည်။

**နဠံ=** [ √နဠ+အ ] နဠတိ အသာရော နိဿာရော ဟုတွာ ဝေဠုဝံသတောပိ တနုကော, သလ္လဟုကော ဇာတောတိ-နဠော။ အပ-၅-၂၊ ၁၂၅။ နဠ=(စု) ဘဿနေ-လျော့ကျခြင်း၌ (နာဠေတိ၊ နာဠယတိ။)
[ √နီ+အလ ] နီ-နယေ၊ အလော၊ ဋတ္တံ၊ ဓာန်-ဋီ၊ ၆၀၁။ ကျူပင်၊ ကျူရိုး။

**ဘဉ္ဇိ=** [ √ဘန္ဇ+ဤ] ချိုးဖဲ့ပြီ၊ ဖျက်ဆီးပြီ။

ကပ်ငြိတွယ်တာ, လွန်ယုတ်မာသည့်, ဒွါရခြောက်ပါး, မှီပြုထားလျက်, ဖြစ်ပွား တိုးလာ, ယင်းတဏှာ၏, မကွာအမြဲ, ညှဉ်းဆဲသည့်ဒဏ်, ခံရသူမှာ, မိုးရွာချိန်ရောက်, မိုးရေ သောက်၍, ပေါက်ရောက်ပွားတိုး, ပြိတ်မြက်မျိုးသို့, စိုးရိမ်သောက, တိုးပွားရ၏။

လွန်ရန်ခက်လာ, ဆိုးယုတ်မာသည့်, တဏှာကိုသာ, ကောင်းစွာပိုင်ပိုင်, နှိမ်နင်းနိုင်မှု, ထိုသူထံမှ, ကြာရွက်မှလျှင်, ရေပေါက်သွင်သို့, ပူပင်သောက, လျော့ကျရ၏။

သို့ဖြစ်ရကား, ငါဟောကြားအံ့၊ ငါ့နားမျက်မှောက်, လာရောက်ခစား, သင်တို့အားမှု, တိုးပွားလက်ငင်း, ကောင်းခြင်းမင်္ဂလာ, ဖြစ်လာပါစေ၊ နံ့မှာကြိုင်သင်း, ပန်းရင်းရယူ, လိုရှိသူကား, ကိုင်ယူတူးရှင်း, ပြိတ်မြက်ရင်းသာ, တူးဆွရာသို့, တဏှာအမြစ်, တူးဖြိုပစ်လော့၊ မြစ်ရေလျှဉ်ပင်, မြစ်တွင်ပေါက်ပွား, ကျူပြင်များကို, ဖျက်သွားသည့်ဟန်, ထိုထိုမာရ်၏, ဖျက်မခံရအောင်, သင်တို့ရှောင်လော့။

## ၂-သူကရပေါတိကာဝတ္ထု

၃၃၈။ ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ , ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ၊
ဧဝမ္ပိ တဏှာနုသယေ အနူဟတေ , နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။
၃၃၉။ ယဿ ဆတ္တိံသတိ သောတာ , မနာပသဝနာ ဘုသာ၊
မဟာ ဝဟန္တိ ဒုဒ္ဒိဋ္ဌိံ , သင်္ကပ္ပာ ရာဂနိဿိတာ။
၃၄၀။ သဝန္တိ သဗ္ဗဓိ သောတာ , လတာ ဥပ္ပဇ္ဇ တိဋ္ဌတိ၊
တဉ္စ ဒိသွာ လတံ ဇာတံ , မူလံ ပညာယ ဆိန္ဒထ။
၃၄၁။ သရိတာနိ သိနေဟိတာနိ စ , သောမနဿာနိ ဟောန္တိ ဇန္တုနော၊
တေ သာတသိတာ သုခေသိနော , တေ ဝေ ဇာတိဇရူပဂါ နရာ။
၃၄၂။ တသိဏာယ ပုရက္ခတာ ပဇာ , ပရိသပ္ပန္တိ သသောဝ ဗန္ဓိတော၊
သံယောဇနသင်္ဂသတ္တကာ , ဒုက္ခမုပေန္တိ ပုနပ္ပုနံ စိရာယ။
၃၄၃။ တသိဏာယ ပုရက္ခတာ ပဇာ , ပရိသပ္ပန္တိ သသောဝ ဗန္ဓိတော၊
တသ္မာ တသိဏံ ဝိနောဒယေ , အာကင်္ခန္တ ဝိရာဂမတ္တနော။

(အနက်) ယဿ ရုက္ခဿ–ပေါက်ရောက်စိမ်းရှင်, အကြင်သစ်ပင်၏၊ မူလေ–အရပ် လေးမျက်နှာ, ထွက်ဖြာလေးချောင်း, အောက်တစ်ချောင်းနှင့်, စုပေါင်းတွက်စစ်, ငါးမျိုးပြားသောအမြစ်သည်၊ အနုပဒ္ဒဝေ–ဖျက်ခွဲဖြတ်တောက်, မီးရှို့ထိုးဖောက်ခြင်းစသော

---

၃၃၈, ။ ပ ။ ၃၄၃–ပဒဝိဘာဂ

**အနုပဒ္ဒဝေ=** [ န+ဥပဒ္ဒဝ ] ဘေးမရှိသော၊ အန္တရာယ်မရှိသော၊ ဥပဒ္ဒဝေါမရှိသော၊ ဘေးမရှိခြင်း၊ အန္တရာယ်ကင်းခြင်း။

**ဥပဒ္ဒဝ=** [ ဥပ √ဒု+အ ] ဥပဂန္တွာ ဒုနောတီတိ–ဥပဒ္ဒဝေါ။ ဒု–ပရိတာပေ, ဒ၊ ဓာန်–ဋီ၊ ၄၀၁။

ဘေးရန်ဖြင့် ဘေးမရှိသည်ဖြစ်၍၊ ဒဠှ-မြဲမြံခိုင်ခံ့, တည်တံ့နေလတ်သော်၊ သောရက္ခော-ပေါက်ရောက်စိမ်းရွှင်, ထိုသစ်ပင်သည်၊ ဆိန္နော(သမာနော)ပိ-ကိုင်းခက်အများ, ဖြတ်တောက်ထားပါသော်လည်း၊ ပုနရေဝ-ကိုင်းခက်ထွက်ကာ, နောက်ထပ်တစ်ဖန်သာလျှင်၊ ရုဟတိယထာ-ရှင်သန်ကြီးပွား, စည်ကားလာပြန်သကဲ့သို့၊ ဧဝမ္ပိ-ပမာနှိုင်းယှဉ်အတူလည်း၊ တဏှာနုသယေ-ဒွါရခြောက်ပါး, ခြောက်တံခါးဝယ်, ဖြစ်ပွားလာရ, တဏှာနုသယကို၊ အနူဟတေ-အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, ပယ်ဖျက်သတ်ဖြတ်, အကြွင်းမဲ့ မပယ်အပ်သော်၊ ဣဒံ ဒုက္ခံ-ထိုထိုဘဝ, ဇာတိစသည့်, များလှလွန်ကဲ, ဤဆင်းရဲသည်၊ ပုနပ္ပုနံ-ဖြစ်ပြီးဖြစ်ပြန်, အဖန်တလဲလဲ၊ နိဗ္ဗတ္တတိ-မလွဲမုချ, ဖြစ်နေရတော့သည်သာ။

ယဿ-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်၏၊ ဆတ္တိံသတိသောတာ-သုံးဆယ့်ခြောက်ပါး, အလျဉ်များနှင့်, မခြားလောက်လုံ, ပြည့်စုံနေသော၊ မနာပသဝနာ-နှစ်လိုဖွယ်စုံ, ရူပါရုံစသည်တို့၌ ဖြစ်တတ်သော၊ တဏှာ-ဒွါရခြောက်ပါး, ခြောက်တံခါးမှာ, ဖြစ်ပွားရှိလာ, တပ်မက်တတ်သောတဏှာသည်၊ ဘုသာ-အားရှိထက်သန်, လွန်ကဲပြင်းထန်သည်၊ ဟောတိ-မလွဲမသွေ, ဖြစ်လာရပေ၏၊ ဒုဒ္ဒိဋ္ဌိံ-လွဲချော်တိမ်းစောင်း, မကောင်းသောအယူရှိသော၊ တံ-အားရှိလွန်စွာ, တဏှာမိုခို, ထိုပုဂ္ဂိုလ်ကို၊ မဟာ-ထပ်ကာထပ်ကာ, ဖြစ်ပွားလာ၍, လွန်စွာကြီးမားကုန်သော၊ ရာဂနိဿိတာ-ဈာန်ဝိပဿနာ, မရှိပါဘဲ, ရာဂကိုသာ, မှီလာကုန်သော၊ သင်္ကပ္ပာ-မိစ္ဆာဝိတက်, အလိုပျက်မျိုး, အကြံဆိုးတို့သည်၊ ဝဟန္တိ-ကိုယ့်အလိုပါအောင်, ယူဆောင်သွားကြလေ၏။

---

ဒ-ဟိံသာယံ ဝါ၊ ဥပဂန္တွာ ဒဝတိ ပီဠေတီတိ ဝါ-ဥပဒ္ဒဝေါ၊ သူစိ။ ဘေးရန်၊ အန္တရာယ်၊ ဥပဒ္ဒဝေါ။

**ဆိန္နော**= [ √ဆိဒိ+တ ] ဆိဒိ-ဒွေဓာကရဏေ၊ အဆိဇ္ဈိတ္ထာတိ-ဆိန္နော=ရက္ခော၊ ဆိန္ဒိယတီတိ-ဆိန္နော၊ နီတိ-ဓာ၊ ၂၁၅။ ဆိဇ္ဇတီတိ-ဆိန္နော၊ နီတိ-ဓာ၊ ၂၂၆။ ဖြတ်အပ်သော၊ ဖြတ်တတ်သော၊ ပြတ်သော။

**ရုဟတိ**= [ √ရုဟ+အ+တိ ] စည်ပင်တိုးပွား၏၊ တက်၏၊ ရောက်၏၊ ပြည့်စုံ၏။

**တဏှာနုသယေ**= [တဏှာ+အနုသယ ] တဏှာဟူသောအငုတ်ဓာတ်၊ အဖန်ဖန်ဖြစ်တတ်သော တဏှာ၊ လျော်သောအကြောင်းကို ရ၍ ဖြစ်တတ်သောတဏှာ။

**အနုသယ**= [အနု √သိ+အ ] သတ္တဝါတို့သန္တာန်၌ ကိန်းတတ်(တည်နေတတ်)သော၊ အဖန်ဖန်ဖြစ်တတ်သော၊ လျော်သောအကြောင်းကိုရလျှင် ဖြစ်ပေါ်နိုင်သော-တဏှာ။

**အနူဟတေ**= [န+ဉှိဟတ] မနုတ်အပ်သော၊ မပယ်အပ်သော၊ မဖြတ်အပ်သော။

**ဉှိဟတ**= [ ဥ √ဟန+တ ] ဖျက်ဆီးအပ်သော။

**နိဗ္ဗတ္တတိ**= [နိ √ဝတ္တု+အ+တိ] ဖြစ်၏၊ ဖြစ်ပေါ်လာ၏၊ ပေါ်ပေါက်လာ၏။

သောတာ-ဒွါရခြောက်ပါး, အစွမ်းအားဖြင့်, ဖြစ်ပွားတွင်တွင်, တဏှာအလျဉ်သည်၊ သဗ္ဗဓိ-အာရုံလုံးစုံ, ဘုံအကုန်တို့၌၊ သဝန္တိ-ဖြစ်ပွားထပ်ကာ, စီးဝင်လာလျက်၊လတာ-နွယ်လိုမချွတ်, ရစ်ပတ်ဖျက်ဆီးတတ်သည်ဖြစ်၍၊ ဥပ္ပဇ္ဇ-ဒွါရခြောက်ပါး, ခြောက်တံခါးမှသာ, ဖြစ်ပွားလာ၍၊ တိဋ္ဌတိ-အာရုံခြောက်ရပ်, တည်နေတတ်၏၊ ဇာတံ-ဒွါရခြောက်ပါး, မိုခိုဖြစ်ပွားလာသော၊ တဉ္စလတံ-ယှက်ရုံပူးတွယ်, ထိုတဏှာတည်းဟူသောနွယ်ကိုလည်း၊ ဒိသွာ-ဖြစ်ရာသတ်မှတ်, အရပ်စွမ်းအား, တွေ့မြင်ထား၍၊ ပညာယ-ထက်မြက်လွန်စွာ, မဂ်ပညာဖြင့်၊ မူလံ-တွင်းဝင်ငုတ်နစ်, အရင်းအမြစ်ကို၊ ဆိန္ဒထ-ဖြိုဖျက်လုံးစုံ, ဖြတ်ကြကုန်လော့။

ဇန္တုနော-တဏှာအလို လိုက်ပါနေသောပုဂ္ဂိုလ်အား၊ သရိတာနိ-အစဉ်မပြတ်, သက်ဝင်ကိန်းအောင်းတတ်ကုန်သော၊ သိနေဟိတာနိ စ-တဏှာအစေးဖြင့်, ယှက်ထွေးထပ်ထပ်, လိမ်းကျံအပ်သည်လည်းဖြစ်ကုန်သော၊ သောမနဿာနိ-နှစ်လိုထန်ပြင်း, ရွှင်လန်းဝမ်းမြောက်ခြင်းတို့သည်၊ ဟောန္တိ-မလွဲမသုန်, ဖြစ်ကြရကုန်၏၊ တေ-တဏှာအလို လိုက်ပါနေသော ထိုပုဂ္ဂိုလ်တို့သည်၊ သာတသိတာ-ချမ်းသာသုခ, အမှီရကြကုန်သည်ဖြစ်၍၊ သုခေသိနော-ကာမသုခ, ရှာနေကြသူတို့သည်၊ ဘဝန္တိ-မလွဲမသုန်, ဖြစ်ကြကုန်၏၊ တေ နရာ-ကာမချမ်းသာ, ဖွေရှာရေးယူ, ထိုသို့ရှာဖွေနေသူတို့သည်၊ ဝေ-စင်စစ်ဧကန်, အမှန်အားဖြင့်၊ ဇာတိဇရူပဂါ-ပဋိသန္ဓေ, အိုနာသေမှု, ဒုက္ခစုတို့သို့, ကပ်ရောက်ကြရကုန်သည်၊ ဘဝန္တိ-မလွဲမသုန်, ဖြစ်ကြရကုန်၏။

---

**ဆတ္တိံသတိသောတာ**= [ဆတ္တိံသတိ+သောတ] သုံးဆယ့်ခြောက်ပါးသော အလျဉ်ရှိသော။

**မနာပသဝနာ**= [မနာပ+သဝန] = [မနာပ √သု+ယု] နှစ်သက်ဖွယ်သောအာရုံ၌ ယိုစီးတတ်သော၊ ........ ဖြစ်တတ်သော။

**မနာပ**= [မန √အပ္ပ+ဏ] မနံ အပ္ပေတိ ဝဍ္ဎေတီတိ-မနာပံ၊ မနော အပ္ပောတိ ယသ္မိန္တိ ဝါ-မနာပံ။

[မန+အပ √အာပ+ဏ] အာပ-ပါပုဏနေ၊ အပါဒိပုဗ္ဗော စ၊ ဓာန်-ဋီ၊ ၆၉၄။ စိတ်နှလုံးကို ပွားစေတတ်သော၊ နှစ်သက်မြတ်နိုးဖွယ်ကောင်းသော။

**မဟာ**= နိပါတပဋိရူပက၊ လိင်သုံးပါး, ဝုစ်နှစ်ပါး၊ မဟာ-ရှိနေသည်၊ နိရုတ္တိ-နှာ၊ ၈၆။

**ဝဟန္တိ**=[ √ဝဟ+အ+အန္တိ ] ဆောင်ယူကုန်၏၊ ထမ်းရွက်ကုန်၏၊သယ်ဆောင်ကုန်၏၊-စသည်။

**ဒုဒ္ဒိဋ္ဌိံ**=[ဒု+ဒိဋ္ဌိ] မကောင်းသောအယူ၊ ဖောက်ပြန်မှားယွင်းသောအယူ၊ အယူမှား၊ အယူမှားရှိသူ။

**ရာဂနိဿိတာ**= [ရာဂ+နိဿိတ] ရာဂကို မှီကုန်သော။

**သဝန္တိ**= [ √သု+အ+အန္တိ ] ယိုစီးကုန်၏၊ စီးဝင်ကုန်၏၊ အသီးသီး၏၊ ဖြစ်စေ၏။

**သဗ္ဗဓိ**= [သဗ္ဗ+ဓိ] ရူ၊ ၂၆၈။ အလုံးစုံ၌၊ အလုံးစုံတို့၌။

ပဇာ-ကမ္ဘစသား, အပြားအားဖြင့်, ဖြစ်ပွား၍လာ, သတ္တဝါတို့သည်၊ တသိဏှာယ-ပြင်းစွာကြောက်ရွံ့, ထိတ်လန့်အောင်သာ, ပြုလုပ်တတ်သောတဏှာသည်၊ ပုရက္ခတာ-ရှေ့သွားပြုအပ်, ခြံရံအပ်ကုန်သည်ဖြစ်၍၊ ဗန္ဓိတော သသောဝ-တစ်ဦးသူက, တောမှဖမ်းလာ, ယုန်သတ္တဝါကဲ့သို့၊ ပရိသပ္ပန္တိ-ဝန်းကျင်ထိတ်လန့်, ကြောက်ရွံ့ကြကုန်၏၊ သံယောဇနသင်္ဂသတ္တကာ-သံယောဇဉ်ဆယ်ပါး, သင်္ဂတရား, ခုနစ်ပါးတို့ဖြင့် ကပ်ငြိကြကုန်သည်ဖြစ်၍၊ စိရာယ-ရှည်လျားချိန်ခါ, ကြာမြင့်လှစွာသော ကာလပတ်လုံး၊ ပုနပ္ပုနံ-ရပြီးရပြန်, အဖန်တလဲလဲ၊ ဒုက္ခံ-သန္ဓေတည်မှု, အိုမှုမကင်း, ဆင်းရဲခြင်းသို့၊ ဥပေန္တိ-ရောင်မရ တိမ်းမရ, ကပ်ရောက်ကြရကုန်၏။

ပဇာ-ကမ္ဘစသား, အပြားအားဖြင့်, ဖြစ်ပွား၍လာ, သတ္တဝါတို့သည်၊ တသိဏှာယ-ပြင်းစွာထိတ်လန့်, ကြောက်ရွံ့အောင်သာ, ပြုလုပ်တတ်သော တဏှာသည်၊ ပုရက္ခတာ-ရှေ့သွားပြုအပ်, ခြံရံအပ်ကုန်သည်ဖြစ်၍၊ ဗန္ဓိတော သသောဝ-တစ်ဦးသူက, တောမှဖမ်းလာ, ယုန်သတ္တဝါကဲ့သို့၊ ယသ္မာ-အကြင်ကြောင့်၊ ပရိသပ္ပန္တိ-ပြင်းစွာထိတ်လန့်, ကြောက်ရွံ့ကြကုန်၏၊ တသ္မာ-ပြင်းစွာထိတ်လန့် , ထိုသို့ကြောက်ရွံ့ ကြသောကြောင့်၊ အတ္တနော-ချမ်းသာဆင်းရဲ, ခံစားဝါးမျို, မိမိကိုယ်၏၊ ဝိရာဂံ-ရာဂကင်းပြတ်, နိဗ္ဗာန်ဓာတ်ကို၊ အာကင်္ခန္တ-လိုလားတောင့်တ, သာသနာ့ဝန်ထမ်း, ရှင်ရဟန်းသည်၊ တသိဏာ-ကြောက်ရွံ့ ပြင်းစွာ, ထိတ်လန့်ခြင်းကိုပြုတတ်သော တဏှာကို၊ ဝိနောဒယေ-အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, ပယ်ဖျက်ရှင်းကာ, ထုတ်ဆောင်စွန့်ပစ်ရာ၏။

---

**လတာ**= [ √လတ+အ+အာ ] နွယ်၊ သစ်ခက်၊ တဏှာ၊ ထီ+န။ လတ=(ဘူ) ဃာတနေ-ဖျက်ဆီးခြင်း၌ (လတတိ။)

**ဥပ္ပဇ္ဇ**= [ ဥ √ပဒ+တွာ ] ရူ၊ ၆၄၅။ ဖြစ်၍။

**သရိတာနိ**= [ √သရ+တ ] အစဉ်မပြတ်စီးဝင်တတ်, ကိန်းအောင်းတတ်ကုန်သော။

**သိနေဟိတာနိ**= [ √သိနိဟ+တ ] တစ်နည်း= [ သိနေဟ+ဣတ ] မောဂ်-၄၊ ၄၅-ကိုရှု။ တဏှာအစေးဖြင့် လူးအပ်သော၊ တဏှာဒိဋ္ဌိအဆီအစေး ရှိသော၊ ဆီလူးအပ်သော၊ ချစ်ခင်အပ်, မေတ္တာအစေးဖြင့် လူးအပ်သော၊ ချစ်ခင်ခြင်းရှိသော၊ နှစ်သက်အပ်သော၊ ပြေပြစ်ချောမွေ့သော။

**သောမနဿာနိ**= [သုမန+ဏျ] သုမနဿ ဘာဝေါ-သောမနဿံ၊ ကောင်းသောစိတ်၏ (ကောင်းသောစိတ်ရှိသူ၏) ဖြစ်ကြောင်းဖြစ်ရာ သောမနဿဝေဒနာ။

**သာတသိတာ**= [သာတ+သိတ] ချမ်းသာသုခ၌ မှီသော၊ ချမ်းသာသုခ အမှီရသော။

**သာတ**= [ √သဒ+ဏယ+ဏ ] တံ သမင်္ဂိပုဂ္ဂလံ သမ္ပယုတ္တဓမ္မေ ဝါ အတ္တနိ သာဒယတီတိ-သာတံ၊ ဒ ကာရဿ တ ကာရံ ကတွာ။ မူ-ဋီ-၁၊ ၉၅။ သာယာစေ တတ်သော သုခဝေဒနာ၊ သာယာခြင်း၊ သာယာအပ်သော-စသည်။

**မြန်မာပြန်** သစ်တစ်ပင်၏အမြစ်သည် မပျက်စီးဘဲ ခိုင်မြဲနေပါလျှင် အပေါ်ပိုင်းကို ဖြတ်ထားစေကာမူ ယင်းသစ်ပင်သည် နောက်ထပ်တစ်ဖန် ပြန်လည်စည်ကားလာပြန်သကဲ့သို့ တဏှာအငုတ်ဓာတ် (တဏှာနုသယ)ကို မပယ်ဖြတ်ခဲ့ပါလျှင် ပဋိသန္ဓေ နေရခြင်းစသော ဆင်းရဲသည် ထပ်ကာထပ်ကာ ဖြစ်လာရတော့၏၊

သုံးဆယ့်ခြောက်ပါးသော အလျဉ်များနှင့် ပြည့်စုံသည့်အပြင် နှစ်လိုဖွယ်အာရုံတို့၌ ဖြစ်တတ်သော တဏှာအားကြီး၍ အမြင်မှားနေသူကို ကြီးမားလှသည့် ရာဂနှင့်စပ်သော အကြံအစည်တို့သည် ဆောင်ယူကုန်၏။

တဏှာအလျဉ်တို့သည် အာရုံဘဝ အကုန်လုံးတို့၌ စီးဝင်ကြကုန်၏၊ နွယ်လိုလွှမ်းခြုံ ရစ်ပတ်ဖျက်ဆီးတတ်သော တဏှာသည် ဒွါရခြောက်ပါး၌ ဖြစ်ပွား၍ အာရုံခြောက်ပါး၌ တည်နေတတ်၏၊ ယင်းသို့ဖြစ်ပွားလာသော တဏှာနွယ်ဖြစ်ရာကို တွေ့မြင်လတ်သော် ထိုတဏှာနွယ်၏အမြစ်ကို ဉာဏ်ဖြင့်ဖြတ်ကြကုန်လော့။

တဏှာအလိုသို့ လိုက်ပါနေသူမှာ အစဉ်မပြတ် စီးဝင်တတ်ကုန်, တဏှာအစေးဖြင့် လိမ်းကျံထားအပ်ကုန်သော ဝမ်းမြောက်ခြင်းတို့သည် ဖြစ်လာကြကုန်၏၊ တဏှာအလိုသို့ လိုက်လျက်ချမ်းသာသုခကို ရကြသည့်အတွက် ကာမချမ်းသာကို ရှာနေကြသူတို့သည် ပဋိသန္ဓေနေရခြင်း, အိုရခြင်းသို့ ရောက်ကြရကုန်၏။

တဏှာရှေ့သွားရှိကုန်သော (တဏှာ၏နောက်ကို လိုက်ပါနေရကုန်သော၊) သတ္တဝါတို့သည် မုဆိုးလက်ဝယ်ရောက်နေသော ယုန်သူငယ်ကဲ့သို့ ထိတ်လန့်ကြောက်ရွံ့ နေကြရကုန်၏၊ သံယောဇဉ်ဆယ်ပါး, သင်္ဂတရား ခုနစ်ပါးတို့ဖြင့် နှောင်ဖွဲ့ခံရပြန်လျှင် ထပ်ကာထပ်ကာ ကြာမြင့်စွာသောကာလပတ်လုံး ပဋိသန္ဓေနေရခြင်းစသော ဆင်းရဲသို့ ရောက်ကြရကုန်၏။

တဏှာ၏နောက်ကို လိုက်ပါနေကြရသော သတ္တဝါတို့သည် မုဆိုးလက်ထဲမှာ ရောက်နေသော ယုန်သူငယ်ကဲ့သို့ ထိတ်လန့်ကြောက်ရွံ့ နေကြရကုန်၏၊ ထို့ကြောင့် မိမိ၏ ရာဂကင်းရာနိဗ္ဗာန်ကို အလိုရှိသောသူသည် တဏှာကို ပယ်ဖျက်ရမည်။

---

[ √သာတ+ဏ ] သာတ=(စု ) သုခနေ-ချမ်းသာခြင်း၌၊ (သာတယတိ။)

**သုခေသိနော=** [သုခ √ဧသ+ဏီ] လောကီသုခကို ရှာမှီးလေ့ရှိသော။

**ဇာတိဇရူပဂါ=** [ဇာတိဇရာ+ဥပဂ] ပဋိသန္ဓေနေခြင်း အိုခြင်းသို့ ကပ်ရောက်သော၊ ပဋိသန္ဓေနေခြင်း အိုခြင်းနှင့် ပြည့်စုံသော။

**ဥပဂ=** [ဥပ √ဂမု+ကွိ] ကပ်သော၊ ရောက်သော၊ လျော်သော။

**တသိဏာယ=** [ √တသ+ဣဏ+အာ] ဓာန်-ဋီ၊ ၁၆၂။ ထိတ်လန့်မှု, မွတ်သိပ်ဆာလောင်မှု (-ကြောင်း, -တတ်သော)တဏှာ။

(လင်္ကာ) သစ်တစ်ပင်ကား၊ ပိုင်းဖြတ်ထားလည်း၊ မြစ်များဘေးကွာ၊ ခိုင်နေပါလျှင်၊ ထိုသစ်ပင်သည်၊ နောက်တွင်တစ်ဖန်၊ စည်ကားပြန်သို့၊ ဖန်ဖန်ကိန်းလာ၊ တဏှာနုသယ၊ မြစ်မူလကို၊ မဂ္ဂအရဟတ်၊ မပယ်ဖြတ်လျှင်၊ ထပ်ကာဆင့်ပွား၊ ဆင်းရဲများစွာ၊ ဖြစ်မည်သာတည်း။

အမြင်မှားသူ၊ တစ်ဦးလူမှာ၊ တွင်းမှာဖြစ်ပွား၊ ခြောက်ပါးအာယတန၊ အမှီရ၍၊ ကာမဘဝ၊ ဝိဘဝအား၊ ဆယ့်ရှစ်ပါးနှင့်၊ အလားတူစွာ၊ ပြင်အာယတန၊ မှီရဖြစ်ပွား၊ ဆယ့်ရှစ်ပါးဟု၊ နှစ်ပါးပေါင်းရုံး၊ သုံးဆယ့်ခြောက်ပါး၊ အလျဉ်များဖြင့်၊ ကြီးထွား၍လာ၊ ယင်းတဏှာသည်၊ အာရုံဆန်းကြယ်၊ နှစ်သက်ဖွယ်သို့၊ အလွယ်တကူ၊ အရှိန်ယူကာ၊ စီးနေပါ၏၊ ပညာဉာဏ်မြင်၊ မစင် ပျက်သူ၊ ထိုထိုလူကို၊ ပွားထုရာဂ၊ မှီဖြစ်ရသည့်၊ သုံးဝဆိုးဝါး၊ ကြံစည်များက၊ ဆောင်ယူကြ၏။

တဏှာဟူငြား၊ အလျဉ်များကား၊ ဆန်းပြားလုံးစုံ၊ များအာရုံမှာ၊ စီးဝင်လာ၏၊ တဏှာဟူငြား၊ နွယ်ပင်ကားမူ၊ ခြောက်ပါးဒွါရ၊ ဖြစ်လာရ၍၊ ခြောက်ဝအာရုံ၊ တည်လာဆုံ၏၊ ဤပုံဖြစ်လာ၊ နွယ်တဏှာ၏၊ ကုပ်လာမြစ်များ၊ ပညာဓားဖြင့်၊ ပယ်ရှားကျန၊ ဖြတ်တောက်ကြလော့။

တဏှာအလို၊ လိုက်ပါလိုလား၊ ထိုသူအားလျှင်၊ ထွေပြားယှက်ထွေး၊ တဏှာစေးကြောင့်၊ ပူဆွေးလွတ်ကင်း၊ ဝမ်းမြောက်ခြင်းလျှင်၊ မယွင်းမှန်လှ၊ ဖြစ်ကုန်ကြ၏၊ ကာမချမ်းသာ၊ ဖွေရှာကြသူ၊ များမိုလ်လူတို့၊ တွေးယူကြံဘိ၊ ဇကန်ရှိသည့်၊ ပဋိသန္ဓေ၊ အို-နာ-သေဟု၊ ဒုက္ခစုသို့၊ ရှောင်မှုလွတ်ကွာ၊ မရရာသည်၊ သေချာမုချ၊ ရောက်ကုန်ကြ၏။

တဏှာဆောင်ရာ၊ လိုက်ပါတိုးလျှိုး၊ ပုဂ္ဂိုလ်မျိုးကား၊ မုဆိုးလက်ဝယ်၊ ယုန်သူငယ်သို့၊ အားငယ်နွမ်းလျ၊ ကြောက်ရွံ့ရ၏၊ ထိုမှနောက်တွင်၊ သံယောဇဉ်စေး၊ သင်္ဂ

---

**ပုရက္ခတာ**= [ ပုရ √ ကရ+တ ] ပုရေ အကရီယိတ္ထာတိ-ပုရက္ခတော၊ ရူ၊ ၆၃၂။ ရှေ့၌ပြုအပ်သော၊ ရှေ့သွားပြုအပ်သော၊ ခြံရံအပ်သော။

**ပဇာ**= [ ပ √ ဇနီ+ကွိ+အာ ] ပကာရေန ဇာတတ္တာ-ပဇာ၊ ဓာန်-ဋီ၊ ၉၃။ သတ္တဝါ။

**ပရိသပ္ပန္တိ**= [ ပရိ √သပ္ပ+အ+အန္တိ ] သွားကြ၏၊ ထိုမှဤမှ ရွေ့ရှားသွားလာကြ၏၊ ကြောက်လန့်ကြ၏။

**သသော**= [ √သသ+အ ] သသတိ သုကျော ဘဝတီတိ-သသော=ပေလကော၊ ယုန်။ ဓာတွတ္ထ။

**ဗန္ဓိတော**= [ √ဗန္ဓ+တ ] နှောင်ဖွဲ့အပ်သော၊ ဖမ်းဆီးအပ်သော၊ သီကုံး-ဖွဲ့နှံ့အပ်သော။

**သံယောဇနသင်္ဂသတ္တကာ**= [ သံယောဇနသင်္ဂ+သတ္တ+က ] သံယောဇဉ်နှင့် ရာဂ-စသော သင်္ဂတို့ဖြင့် ကပ်ငြိကုန်သော။

**စိရာယ**= [ စိရ √အယ+အဏ ] အဗျယ၊ ကောတ္ထုဘာ။ ကြာမြင့်သောအခါ၊ ရှည်ကြာသောအခါကာလ။

**ဝိနောဒယေ**= [ ဝိ √နုဒ+ဏယ+ဧယျ ] ပယ်ဖျောက်ရာ၏၊ ပစ်ပယ်ရာ၏၊ ကင်းအောင်ပြုရာ၏။

**အာကင်္ခ**= [ အာ √ကခိ+အ+အန္တ ] လိုချင်သော၊ တောင့်တသော။

စေးတို့, လုံးထွေးငြိကာ, ရှည်ကြာမြင့်လှ, ကာလပတ်လုံး, မဆုံးနိုင်ပြန်, ထပ်ဖန်တလဲလဲ, ဆင်းရဲဒုက္ခ, ရောက်ကြရ၏။

တဏှာဆောင်ရာ, လိုက်ပါတိုးလျှိုး, ပုဂ္ဂိုလ်မျိုးကား, မုဆိုးလက်ဝယ်, ယုန်သူငယ်သို့, အားငယ်နွမ်းလျ, ကြောက်ရွံ့ရ၏၊ ဖြစ်ရထို့ကြောင့်, စိုးနှောင့်မရှိ, မိမိတွက်တာ, တဏှာကင်းပြန်, အေးနိဗ္ဗာန်ကို, ဇောက်ပြန့်မွေ့မှန်း, ရှင်ရဟန်းကား, ပင်ပန်းကြောက်ရွံ့, ထိတ်လန့်အောင်သာ, ပြုနိုင်ပါသည့်, တဏှာကိုသာ, စွန့်ပယ်ရာ၏။

## ၃-ဝိဗ္ဘန္တဘိက္ခုဝတ္ထု

၃၄၄။ ယော နိဗ္ဗနထော ဝနာဓိမုတ္တော , ဝနမုတ္တော ဝနမေဝ ဓာဝတိ၊
တံ ပုဂ္ဂလမေထ ပဿထ , မုတ္တော ဗန္ဓနမေဝ ဓာဝတိ။

**(အနက်)** ယော-ရဟန်းသိက္ခာ, အေးရိပ်သာကို, စွန့်ခွာပစ်လို, အကြင်ပုဂ္ဂိုလ်သည်၊ နိဗ္ဗနထော-တောမြိုင်အရပ်, တည်တတ်ပွားလွယ်, သစ်ပင်ငယ်ဟူသောတွယ်တာငံ့ကွက်ခြင်းမရှိပေ၊ ဝနာဓိမုတ္တော-သမာပတ်ဈာန်, ကျင့်မွန်တောအုပ်, ထိန်းချုပ်ပိုင်ပိုင်, နှလုံးသွင်းနိုင်၏၊ ဝနမုတ္တော-ဃရာဝါသ, ကိစ္စမြားမြောင်, အနှောင်အဖွဲ့ဟူသော တဏှာတောမှ လွတ်ပြီးသူဖြစ်လျက်၊ ဝနမေဝ-ဃရာဝါသ, ကိစ္စမြားမြောင်, အနှောင်အဖွဲ့ဟူသော တဏှာတောသို့သာလျှင်၊ ဓာဝတိ-ဝိသဘာဂ, ကာမအာရုံ, တွေ့ကြုံတစ်ဖန်, ပြေးဝင်ပြန်၏၊ ဧထ-တက္ကစုဆုံ, လာကြကုန်လော့၊ တံ ပုဂ္ဂလံ-တဏှာတောတွင်, ပြေးဝင်မှီခို, ထိုပုဂ္ဂိုလ်ကို၊ ပဿထ-မလွဲမသုန်, ကြည့်ကြကုန်လော့၊ ဧသော-တဏှာတောတွင်, ပြေးဝင်မှီခို, ဤပုဂ္ဂိုလ်သည်၊ မုတ္တော-ဃရာဝါသ, ကိစ္စမြားမြောင်, အနှောင်အဖွဲ့မှ လွတ်ပြီးပါလျက်၊ ဗန္ဓနမေဝ-ဃရာဝါသ, ကိစ္စမြားမြောင်, အနှောင်အဖွဲ့ကိုသာလျှင်၊ ဓာဝတိ-ဝိသဘာဂ, ကာမအာရုံ, တွေ့ကြုံတစ်ဖန်, ပြေးဝင်ပြန်တော့၏။

**(မြန်မာပြန်)** လူ့ဘဝမှာ တွယ်တာကပ်ငြိခြင်း မရှိဘဲ ဒိဗ္ဗဝိဟာရဟူသော ဈာန်သမာပတ်ကို နှလုံးသွင်းကာ တဏှာတောမှ လွတ်ပြီးသူဖြစ်လျက် တဏှာတောသို့ပင် တစ်ဖန် ပြေးဝင်ပြန်သူကို လာလှည့်ကြ၊ ရှုလှည့်ကြလော့၊ ဤသူသည် တဏှာအနှောင်အဖွဲ့မှ လွတ်ပြီးဖြစ်ပါလျက် တဏှာအနှောင်အဖွဲ့သို့ပင် တစ်ဖန် ပြေးဝင်ပြန်၏။

**(လင်္ကာ)** ဆန်းပြားအမူ, တစ်ဦးသူကား, လူတို့ဘဝ, မှုကိစ္စဝယ်, ကပ်ငြိတွယ်သည့်, ခြိုင်ယပ်ကင်းကွာ, ထွက်မြောက်လာ၍, သမာဓိဈာန်, ကျင့်မှန်တောဖြင့်, နှစ်ခြိုက်

---

### ၃၄၄-ပဒဝိဘာဂ

**နိဗ္ဗနထော=** [ နိ+ဝနထ ] သစ်ပင်ငယ်ဟူသော တွယ်တာငံ့ကွက်ခြင်းမရှိ၊ တဏှာမရှိ။

**ဝနာဓိမုတ္တော=** [ ဝန+အဓိမုတ္တ ] အကျင့်တည်းဟူသော တောအုပ်၌ နှလုံးသွင်းနိုင်၏၊-သက်ဝင်ယုံကြည်၏။

**ဝနမုတ္တော=** [ ဝန+မုတ္တ ] တောမှလွတ်ပြီးသော- သူ။

**ဓာဝတိ=** [ √ဓာဝု+အ+တိ ] သွား၏၊ ပြေး၏၊ လျင်မြန်စွာသွား၏။

လှစွာ, နေထိုင်လာ၏၊ တဏှာတောကြီး, ထွက်မြောက်ပြီးလျက်, တောဘက်တစ်ဖန်, ပြေးဝင်ပြန်၏၊ အမြန်လာကြ, ရှုကြည့်ကြလော့၊ ငါကညွှန်းဆို, ဤပုဂ္ဂိုလ်ကား, မှီခိုလူ့ဘောင်, အိမ်ရာထောင်သည့်, နှောင်ဖွဲ့မှသာ, လွတ်မြောက်လာလျက်, အိမ်ရာတည်ထောင်, နှောင်ဖွဲ့သို့သာ, နှောင်ခါတစ်ဖန်, ပြေးဝင်ပြန်၏။

## ၄-ဗန္ဓနာဂါရဝတ္ထု

၃၄၅။ န တံ ဒဠှံ ဗန္ဓနမာဟု ဓီရာ , ယဒါယသံ ဒါရုဇပဗ္ဗဇဉ္စ၊
သာရတ္တရတ္တာ မဏိကုဏ္ဍလေသု , ပုတ္တေသု ဒါရေသု စ ယာ အပေက္ခာ။
၃၄၆။ ဧတံ ဒဠှံ ဗန္ဓနမာဟု ဓီရာ , ဩဟာရိနံ သိထိလံ ဒုပ္ပမုဉ္စံ၊
ဧတမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ , အနပေက္ခိနော ကာမသုခံ ပဟာယ။

(အနက်) အာယသံ-သံကိုထုခတ်, ပြုလုပ်ထားအပ်သော၊ ယံ ဗန္ဓနံ-သံခြေချင်းစသော အကြင်အဖွဲ့သည်လည်းကောင်း၊ ဒါရုဇံ-သစ်ကိုခုတ်ဖြတ်, ဖြစ်စေအပ်သော၊ ယံ-ထိတ်တုံးစသော အကြင်အဖွဲ့သည်လည်းကောင်း၊ ပဗ္ဗဇံ-ပြိတ်မြက်စသား, ဝတ္ထုများဖြင့်,ပြုလုပ်ထားအပ်သော၊ ယံ စ-နှောင်ကြိုးစသောအကြင်အဖွဲ့သည်လည်းကောင်း၊ အတ္ထိ- ထင်ရှားမသွေ, ရှိနေတတ်ပေ၏၊ တံ ဗန္ဓနံ-သံခြေချင်း, ထိတ်တုံး, ပြိတ်မြက်ထုံးကြိုး ထိုအနှောင်အဖွဲ့မျိုးကို၊ ဒဠှံ-ဖြတ်တောက်မရ, ခိုင်မြဲလှ၏ဟူ၍၊ ဓီရာ-ဘုရား ပစ္စေက, သာဝကဟူကြား, ပညာရှင်အများတို့သည်၊ န အာဟု-နှုတ်ဟသံချို, မမိန့်ဆိုကြပါကုန်၊ ယေ-ကျား မ မဟူ, အကြင်သူတို့သည်၊ မဏိကုဏ္ဍလေသု-ထူးထွေဆန်းပြား, ပတ္တမြားဖြင့်, ထူးခြားစီချယ်, ဆန်းကြယ်စွာပြုလုပ်ထားသော နားတောင်းတို့၌၊ သာရတ္တရတ္တာ-ပြင်းစွာစုံမက်, တပ်နှစ်သက်ကြကုန်၏၊ တေသံ-ကျားမမခြား, ထိုသူများတို့၏၊ သော ရာဂေါ စ-ထိုရာဂသည်လည်းကောင်း၊ ပုတ္တေသု စ-ကိုယ်မှပွားစီး, သားသမီးတို့၌လည်းကောင်း၊ ဒါရေသု စ-အိမ်သူသက်ထား, ချစ်မယားတို့၌လည်းကောင်း၊ ယာ အပေက္ခာ-ငံ့ကွက်တွယ်တာ, အကြင်တဏှာသည်၊ အတ္ထိ-ရှိ၏၊ သာစ-ငံ့ကွက်တွယ်တာ, ထိုတဏှာသည်လည်းကောင်း၊ အတ္ထိ-ရှိနေ၏။

---

၃၄၅, ၃၄၆-ပဒဝိဘာဂ

**အာဟု**= [ √ဗြူ+အ+ဥ ] ပြောဆိုပြီ၊ လျှောက်ထားပြီ၊ ဟောတော်မူပြီ၊ မိန့်ကြားပြီ၊ ဗြူ=(ဘူ) ဝိယတ္တိယံ ဝါစာယံ-ပီပြင်သောစကား၌၊ ( ဗြူတိ၊ ဗြဝီတိ၊ အာဟ။)
[ √ဗြူ+အ+အန္တိ ] ဗြူ-ဓာတ်ကို အာဟ, အန္တိ-ဝိဘတ်ကို ဥ-ပြု။ မောဂ်-၆၊ ၂၀။ နိရုတ္တိ-နှာ၊ ၃၉၆။ ပြောကုန်၏၊-စသည်။

**အာယသံ**= [အယ+ဏ] ဒီဃပြု၊ သ-လာ၊ အယသော ဝိကာရော-အာယသံ၊ မောဂ်-၄၊ ၆၆။ ပဉ္စိ။ တိ ။ သံဖြင့်ပြီးသော၊ သံဖြင့်ပြုလုပ်အပ်သော။

**ဒါရုဇံ**= [ဒါရု √ဇန+က္ဝိ] သစ်သား၊(သစ်တုံး)ဖြင့် ဖြစ်စေအပ်(ပြုလုပ်အပ်)သော ထိတ်တုံး အနှောင်အဖွဲ့-စသည်။

ဇတံ ဗန္ဓနံ စ–လှုပ်ယိုင်မနဲ့, ဤကိလေသာအနှောင်အဖွဲ့ကိုသာ၊ ဒဠ္ဟ–ဖြေရန်ခက်ခဲ, ခိုင်မြဲလှ၏ဟူ၍၊ ဓီရာ–ဘုရားစသား, ပညာရှိများတို့သည်၊ အာဟု–နှုတ်မြွက်သံချို, မိန့်ဆိုကြကုန်၏၊ ဩဟာရိနံ–အပါယ်ရောက်အောင်, ဆွဲငင်ဆောင်ယူတတ်သော၊ သိထိလံ–ဖွဲ့သည်ကိုမျှ, မသိရဘဲ, လျော့ရဲလှပေသော၊ ဒုပ္ပမုဉ္စံ–နှောင်ဖွဲ့ဖြတ်တောက်, လွတ်မြောက်ဖို့ရန်, အလွန်ခဲယဉ်းလှပေသော၊ ဧတမ္ပိ–ခိုင်မြဲလှပါ, ဤကိလေသာ အနှောင်အဖွဲ့ကို သော်မှလည်း၊ ဆေတွာန–အလွန်ထက်မြက်, ဉာဏ်သံလျက်ဖြင့်, ပယ်ဖျက်သီးသီး, ဖြတ်တောက်ပြီး၍၊ အနပေက္ခိနော–ငါ၏စီးပွား, ငါ့သားသမီး, ငါ့ဇနီးဟု, တားဆီး ပယ်ရှင်း, ငဲ့ကွက်ခြင်း, ကင်းကုန်သည်ဖြစ်၍၊ ကာမသုခံ–ကာမဝတ္ထု, အစုစုကို, မှီပြု သာယာ, ဖြစ်လာတတ်သော ကာမချမ်းသာကို၊ ပဟာယ–တံတွေးပေါက်အလား, စွန့်ပယ် ထား၍၊ ပရိဗ္ဗဇန္တိ–မဖည်မသုန်, ရှင်ရဟန်းပြုကြကုန်၏။

---

**ပဗ္ဗဇံ**= [ပဗ္ဗဇ+ဏာ] ပြိတ်မြက်တို့ဖြင့်ပြီးသော၊ ပြိတ်မြက်တို့ဖြင့် ပြုလုပ်အပ်သော (ကြိုးစသည်။)

**သာရတ္တရတ္တာ**= [သာရတ္တ+ရတ္တ] ပြင်းစွာတပ်မက်ကုန်သည်ဖြစ်၍၊ တပ်နှစ်သက်တတ် ကုန်သော၊ အလွန်တပ်နှစ်သက်ကုန်သော။

**သာရတ္တ**= [သံ √ရန္ဇ+တ] နိဂ္ဂဟိတ်ကိုချေ၊ ဒီဃပြု၊ ရူ၊ ၅၄။ ပြင်းစွာတပ်မက်သော၊ ပြင်းစွာ ချစ်ခင်သော၊ ပြင်းစွာကြိုက်သော။

**ရတ္တ**= [ √ရန္ဇ+တ] တပ်နှစ်သက်သော၊ နီသော၊ ဆေးဆိုးအပ်သော။

**မဏိကုဏ္ဍလေသု**= [မဏိ+ကုဏ္ဍလ] ပတ္တမြားနှင့်နားတောင်း၊ ပတ္တမြားတို့ဖြင့် ဆန်းကြယ်စွာ စီချယ်ထားသော နားတောင်း။

**ကုဏ္ဍလ**= [ √ကုဏ္ဍ+အလ] ဃံသေန ကုဏ္ဍတိ ဒဟတီတိ–ကုဏ္ဍလံ= ကဏ္ဍာဘရဏံ၊ မောဂ်–၇၊ ၁၈၂။ နားတောင်း။

[ √ကုဍိ+အလ] ဓာန်–ဋီ၊ ၂၈၄။ ကုဍိ+ကုဏ္ဍ=(ဘူ) ဝေကလ္လဒါဟေသု–ချို့တဲ့ခြင်း, ပူလောင်ခြင်းတို့၌၊ (ကုဏ္ဍတိ။)

**အပေက္ခာ**= [အပ √ဣက္ခ+အ+အာ] ငဲ့ကွက်ခြင်း၊ တွယ်တာခြင်း၊ ငဲ့ကွက်တွယ်တာကြောင်း တဏှာ။

**ဩဟာရိနံ**= [အဝ √ဟရ+ဏီ] ဆွဲချတတ်သော၊ အောက်အပါယ်လေးဘုံသို့ ဆောင်တတ်သော။

**ဒုပ္ပမုဉ္စံ**= [ဒု+ပ √မုစ+ခ] ခဲယဉ်းသဖြင့်ဖြေလွှတ်အပ်သော၊ ဖြေလွှတ်နိုင်ခဲသော၊ အဖြေအလွှတ် ခက်သော။

**ပရိဗ္ဗဇန္တိ**= [ပရိ √ဝဇ+အ+အန္တိ] ဖဲထွက်၍ ရဟန်းပြုကုန်၏၊ တောထွက်ကုန်၏၊ လှည့်လည် ကုန်၏၊ အရပ်တစ်ပါးသို့ သွားကုန်၏။

**အနပေက္ခိနော**= [န+အပေက္ခီ] ရှုငဲ့လေ့မရှိသော၊ မငဲ့ကွက်သော။

[အနအပေက္ခာ+ဤ] ငဲ့ကွက်ခြင်းမရှိသော။

**ကာမသုခံ**= [ကာမ+သုခ] ကာမဂုဏ်ကို အာရုံပြု၍ဖြစ်သော ချမ်းသာ၊ ကိလေသာကာမနှင့်

(မြန်မာပြန်) သံဖြင့်ပြုလုပ်သည့် သံခြေချင်းစသော အနှောင်အဖွဲ့, သစ်သားဖြင့်ပြုလုပ်သော ထိတ်တုံးစသော အနှောင်အဖွဲ့, ပြိတ်မြက်လျှော်တို့ဖြင့် ပြုလုပ်သော ကြိုးစသော အနှောင်အဖွဲ့မျိုးတို့ကို ခိုင်မြဲလှ၏ဟု ပညာရှိတို့ မမိန့်ဆိုကြကုန်၊ ပတ္တမြားနားတောင်းတို့၌ ပြင်းစွာတပ်မက်သူတို့၏ရာဂနှင့်, သားသမီး မယားတို့၌ ငဲ့ကွက်တွယ်တာတတ်သော တဏှာဟူသော--

ဤကိလေသာ အနှောင်အဖွဲ့ကိုသာ ခိုင်မြဲသောအနှောင်အဖွဲ့ဟု ပညာရှိတို့ မိန့်ဆိုကြကုန်၏၊ အပါယ်ရောက်အောင် ဆွဲဆောင်တတ်သည့် ဖွဲ့မှုန်းမသိ ဖွဲ့သဖြင့် လျော့ဟန်ရှိသော်လည်း လွတ်ဖို့ရန် ခဲယဉ်းလှသော ဤကိလေသာ အနှောင်အဖွဲ့ကိုသော်မှလည်း ပညာရှိတို့သည် ဉာဏ်တည်းဟူသော ဓားဖြင့်ခုတ်ဖြတ်၍ မငဲ့မကွက်ဘဲ ကာမချမ်းသာကို စွန့်ကာ ရဟန်းပြုကြကုန်၏။

(လင်္ကာ) သံဖြင့်လုပ်ထား, နှောင်ဖွဲ့များနှင့်, သစ်သားနှောင်ဖွဲ့, ကြိုးနှောင်ဖွဲ့ဟု, နှောင်ဖွဲ့များမှာ, လွန်ခိုင်မာဟု, ပညာရှိများ, မမိန့်ကြားတည်း၊ ပတ္တမြားကျောက်ကောင်း, နားတောင်းများမှာ, ပြင်းစွာတပ်မှု, ရှု၍မငြီး, သမီးနှင့်သား, မယားတို့မှာ, တွယ်တာငဲ့ကွက်, ရာဂစွက်လာ, တဏှာဟူငြား, နှောင်ဖွဲ့များသာ--

လွန်ခိုင်မာဟု, ပညာရှိများ, မိန့်ဆိုထား၏၊ လေးပါးပါယ်ရပ်, ပို့ဆောင်တတ်၍, ဖွဲ့အပ်နေရာ, ဖွဲ့လာမသိ, လျော့ဟန်ရှိလည်း, ဖွဲ့မိခဲ့ပြန်, လွတ်ရန်ခက်ကြ, လွန်ခိုင်လှသည့် ကိလေသခေါ်ဆို, နှောင်ဖွဲ့ကိုကား, မဂ်ဉာဏ်ဓားဖြင့်, ဖြတ်ထားရှင်းလင်း, ငဲ့ကွက်ကင်းပ, ကာမချမ်းသာ, စွန့်ခွာဖဲရှောင်, ရဟန်းဘောင်သာ, ဝင်ရောက်လာသည်, ...... ကောင်းစွာရဟန်း ပြုသတည်း။

## ၅–ခေမာထေရီဝတ္ထု

၃၄၇။ ယေ ရာဂရတ္တာ'နုပတန္တိ သောတံ , သယံ ကတံ မက္ကဋကောဝ ဇာလံ၊
ဧတမ္ပိ ဆေတွာန ဝဇန္တိ ဓီရာ , အနပေက္ခိနော သဗ္ဗဒုက္ခံ ပဟာယ။

(အနက်) ယေ–ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်တို့သည်၊ ရာဂရတ္တာ–တပ်စွဲပြောဟုံ, ရာဂဖြင့် တပ်မက်ကြကုန်၏၊ တေ–တပ်မက်ပြောထူ, ထိုရှင်လူတို့သည်၊ မက္ကဋကော–ချည်မျှင်ထုတ်ယူ, အိမ်ပြုလုပ်တတ်သော ပင့်ကူသည်၊ သယံ ကတံ–လိုရာ

---

ယှဉ်သောချမ်းသာ။ ကာမဂုဏ်(ဝတ္ထုကာမ)ဟူသော ချမ်းသာ၊ ကာမဂုဏ်၌ သာယာသည်၏ အစွမ်းဖြင့် ဖြစ်သော ချမ်းသာ၊ ကိလေသာကာမချမ်းသာ။

### ၃၄၇–ပဒဝိဘာဂ

**ရာဂရတ္တာ=** [ရာဂ+ရတ္တ] ရာဂဖြင့် တပ်နှစ်သက်သော။

**သယံ ကတံ=** [သယံ+ကတံ] အတ္တနာ ကတံ–သယံ ကတံ၊ နိရုတ္တိ–နှာ၊ ၂၂၅။ မိမိပြုအပ်သော။

တွယ်ကပ်, မိမိပြုလုပ်ထားအပ်သော၊ ဇာလံ-ဝန်းကျင်မြွေးယှက်, ပင့်ကူမျှင်ကွန်ရက်သို့၊ အနုပတတိ ဣဝ-အစဉ်မပြတ်, ကျနေတတ်သကဲ့သို့၊ သောတံ-ကိုယ်ပင်ပြုပြင်, တဏှာအလျဉ်သို့၊ အနုပတန္တိ-အစဉ်မပြတ် ကျနေတတ်ကုန်၏၊ ဧတမ္ပိ-ခိုင်မြဲလွန်စွာ, ဤတဏှာဟူသော အနှောင်အဖွဲ့ကိုလည်း၊ ဆေတွာန-ပညာဉာဏ်မြတ်, ဓားဖြင့်ဖြတ်၍၊ အနပေက္ခိနော-ပစ္စည်းဥစ္စာ, အိမ်ဂေဟာဝယ်, တွယ်တာမှုကင်း, ငဲ့ကွက်ခြင်းမရှိကြကုန်သည် ဖြစ်၍၊ သဗ္ဗဒုက္ခံ-မပြတ်ညှဉ်းဆဲ,အလုံးစုံသော ဝဋ်ဆင်းရဲကို၊ ပဟာယ-မဂ်ဖြင့်ဖြတ်ကာ, ပယ်စွန့်ခွာ၍၊ ဝဇန္တိ-နိဗ္ဗာန်ထုတ်ချောက်, ခရီးပေါက်အောင်, သွားရောက်ကြကုန်၏။

**မြန်မာပြန်** ပင့်ကူသည် မိမိပြုလုပ်ထားသော ပင့်ကူကွန်ရက်သို့ ထပ်ကာထပ်ကာ ကျရောက်နေသကဲ့သို့ ရာဂဖြင့်တပ်မက်သောသူတို့သည် မိမိတို့ပြုလုပ်ထားသော တဏှာအလျဉ်သို့ ထပ်ကာထပ်ကာ ကျရောက်နေကြရကုန်၏၊ ပညာရှိတို့သည် ဤတဏှာ အလျဉ်ကို ဖြတ်၍ ငဲ့ကွက်ခြင်းမရှိဘဲ ဆင်းရဲအကုန်လုံးကို ပယ်လျက် နိဗ္ဗာန်ရောက်အောင် သွားကြကုန်၏။

**လင်္ကာ** ရာဂထူပြော, တပ်မက်မောသူ, အများလူသည်, ပင့်ကူကောင်လျှင်, ကိုယ်ပြုပြင်သည့်, ပိုးမျှင်ကွန်ရက်, အလယ်ချက်သာ, ထပ်ကာထပ်ကာ, ပြန်ကျလာသို့, ကိုယ်သာပြုပြင်, တဏှာလျဉ်သို့, အစဉ်ကျကာ, နေကြပါ၏၊ ပညာရှိသူ, ပုဂ္ဂိုလ်မူကား, ပွားထူတိုးချဲ့, ယင်းနှောင်ဖွဲ့ကို, ကြွင်းမဲ့ဖြတ်ကာ, တွယ်တာမရှိ, မကပ်ငြိဘဲ, ရှိရှိသမျှ, ဝဋ်ဒုက္ခကို, လုံးဝစွန့်ကာ, သွားကြပါ၏။

## ၆-ဥဂ္ဂသေနဝတ္ထု

၃၄၈။ မုဉ္စ ပုရေ မုဉ္စ ပစ္ဆတော , မဇ္ဈေ မုဉ္စ ဘဝဿ ပါရဂူ၊
　　သဗ္ဗတ္ထ ဝိမုတ္တမာနသော , န ပုနံ ဇာတိဇရံ ဥပေဟိသိ။

**အနက်** ပုရေ-ရှေ့မှာဖြစ်ပွား, အတိတ်ဖြစ်သော ခန္ဓာများ၌၊ (အာလယာဒိနိ-တွယ်တာနှစ်သက်, တပ်မက်ခြင်းစသည်တို့ကို၊) မုဉ္စ-ဉာဏ်ဖြင့်ပယ်ခွာ, စွန့်လွှတ်လိုက်ပါလော့၊ ပစ္ဆတော-နောက်မှာဖြစ်ပွား, အနာဂတ်ဖြစ်သော ခန္ဓာများ၌၊ (အာလယာဒိနိ-

---

**သယံ=** [နိပါတ်] သယံ သာမံ သံ သမ္မာ ကိန္တိ ဣစ္စေတေ တတိယတ္ထေ၊ ရူ-နှာ၊ ၁၃၃။

**မက္ကဋော=** [ √မက္က+အဋ] မက္ကတိ စလတီတိ-မက္ကဋော=ဝါနရော၊ မျောက်၊ မောဂ်-၇၊ ၅၃။
　　ပင့်ကူ ။ မက္က=(ဘူ) သုတ္တိယဂတီသု-ချည်မျှင်ကိုပြုခြင်း, သွားခြင်းတို့၌၊ (မက္ကတိ။)

**၃၄၈-ပဒဝိဘာဂ**

**မုဉ္စ=** [ √မုစ+အ+ဟိ] လွှတ်လော့။

**ပစ္ဆတော=** [ပစ္ဆာ+တော] နောက်သို့၊ နောက်မှ၊ နောက်၌၊ နောက်ခန္ဓာတို့၌၊ ပစ္ဆတော-
　　ပုရတ္ထိမတော ။ ပ ။ ဣစ္စာဒိသု ဗဟုလံ သတ္တမျတ္ထေ ဒိဿတိ၊ နိရုတ္တိ-နှာ၊ ၁၅၂။

တွယ်တာနှစ်သက်, တပ်မက်ခြင်း စသည်တို့ကို၊) မုဥ္စ-တောင့်တကင်းကွာ, စွန့်လွှတ်လိုက်ပါလော့၊ မဇ္ဈေ-အလယ်ဖြစ်ပွား, ပစ္စုပ္ပန်ခန္ဓာများ၌၊ (အာလယာဒီနိ-တွယ်တာနှစ်သက်, တပ်မက်ခြင်း စသည်တို့ကို၊) မုဥ္စ-ပယ်ရှားကောင်းစွာ, စွန့်လွှတ်လိုက်ပါလော့၊ ဘဝဿ-များသတ္တဝါ, ဖြစ်ပွားရာဟု, သုံးခုသောဘဝ၏၊ ပါရဂူ-တိကျ ပိုင်းခြား, သိထားပြောင်မြောက်, တစ်ဖက်ကမ်းရောက်သူသည်၊ ဟုတွာ-ဖြစ်၍၊ သဗ္ဗတ္ထ-ခန္ဓာအာယတန, စသည်ကွဲပြား, အလုံးစုံသော သင်္ခတတရား၌၊ ဝိမုတ္တမာနသော-စွဲလမ်းကင်းပျောက်, လွတ်မြောက်သောစိတ်ရှိသည်ဖြစ်၍၊ (ဝိဟရန္တော-ကောင်းစွာရှုမှတ်, နေထိုင်လတ်သော်၊) ပုန-နောက်ထပ်တစ်ဖန်၊ ဇာတိဇရံ-ပဋိသန္ဓေ, တည်နေရခြင်း, အိုရခြင်းသို့၊ န ဥပေဟိသိ-ဘယ်နည်းနှင့်မျှ, ရောက်ရတော့မည် မဟုတ်ပေ။

**မြန်မာပြန်** အတိတ်ခန္ဓာများ၌ တပ်မက်ခြင်းစသည်ကို စွန့်လော့၊ အနာဂတ်ခန္ဓာများ၌လည်း တပ်မက်ခြင်းစသည်တို့ကို စွန့်လော့၊ ပစ္စုပ္ပန်ခန္ဓာများ၌လည်း တပ်မက်ခြင်းစသည်တို့ကို စွန့်လော့၊ ဘဝသုံးပါး၏ တစ်ဖက်ကမ်းရောက်သူဖြစ်၍ လောကီရုပ်နာမ်တရား အကုန်လုံးတို့၌ စိတ်စွဲလမ်းမှုမရှိဘဲ နေထိုင်ပါလျှင် နောက်ထပ် ပဋိသန္ဓေနေရခြင်း, အိုရခြင်းသို့ ရောက်ရတော့မည်မဟုတ်ပေ။

**လင်္ကာ** ရှေးကခန္ဓာ, ခုခန္ဓာနှင့်, နောက်မှာဖြစ်ပွား, ခန္ဓာများဝယ်, တပ်ခြင်းပယ်လော့၊ သို့ပယ်ပြီးမှ, ဘဝသုံးပါး, လမ်းဆုံးသွား၍, များပြားခန္ဓာ, စသည်မှာလျှင်, စွန့်ခွာနိုင်ခဲ, စိတ်စွဲလမ်းခြင်း, ကင်းရှင်းသူမှာ, စွဲလာသန္ဓေ, တည်နေရခြင်း, အိုရခြင်းသို့, သက်ဆင်းတစ်ဖန်, ပြန်ဖြစ်စရာ, မရှိပါတည်း။

## ၇-စူဠဓနုဂ္ဂဟပဏ္ဍိတဝတ္ထု

၃၄၉။ ဝိတက္ကမထိတဿ ဇန္တုနော , တိဗ္ဗရာဂဿ သုဘာနုပဿိနော၊
ဘိယျော တဏှာ ပဝဍ္ဎတိ , ဧသ ခေါ ဒဠှံ ကရောတိ ဗန္ဓနံ။

၃၅၀။ ဝိတက္ကူပသမေ စ ယော ရတော , အသုဘံ ဘာဝယတေ သဒါ သတော၊
ဧသ ခေါ ဗျန္တိ ကာဟိတိ , ဧသ ဆေစ္ဆတိ မာရဗန္ဓနံ။

---

**ဘဝဿ=** [ √ဘူ+ဏ ] ကာမဘဝ, ရူပဘဝ-စသည်။

**ပါရဂူ=** [ပါရ√ဂမု+ရူ] တစ်ဖက်ကမ်းသို့ ရောက်သော-(သူ။)

**ဝိမုတ္တမာနသော=** [ဝိမုတ္တ+မာနသ] လွတ်ကင်းသောစိတ်ရှိသော။

### ၃၄၉, ၃၅၀-ပဒဝိဘာဂ

**ဝိတက္ကမထိတဿ=** [ဝိတက္က+မထိတ] ကာမဝိတက်စသည်တို့သည် အမြဲလုံးထွေးနှိပ်စက်အပ်သော။

**ဝိတက္က=** [ဝိ √တက္က+ဏ ] အာရုံကို ကြံစည်ခြင်း၊ ကာမ-စသော မိစ္ဆာဝိတက်၊ သမ္မာဝိတက်၊

**အနက်** ဝိတက္ကမထိတသ-မိစ္ဆာဝိတက်, အလိုပျက်တို့က, နှိပ်စက်မပြတ်, မွှေနှောက်ဖျက်ဆီးအပ်သော၊ တိဗ္ဗရာဂဿ-လွန်ကဲကြီးမား, ထူပြောများပြားသော ရာဂရှိထသော၊ သုဘာနုပဿိနော-အာရုံဣဋ္ဌ, တွေ့ကြုံရလျှင်, ချောလှသတ်မှတ်, အဖန်ဖန်ရှုတတ်သော၊ ဇန္တုနော-ကမ္ဘကိလေ, တရားတွေက, ဖြစ်စေအပ်ပါ, သတ္တဝါအား၊ တဏှာ-ဒွါရခြောက်ပါး, မှီသောအားဖြင့်, ဖြစ်ပွား၍လာ, တပ်မက်တတ်သောတဏှာသည်သာလျှင်၊ ဘိယျော ပဝဍ္ဎတိ-လကအထွက်, ဒီရေတက်သို့, တိုင်းထက်လွန်စွာ, တိုးပွား၍လာရပါ၏၊ ဧသ-ဧသော-ကြီးမားရာဂ, ချောလှရှုလို, ဤပုဂ္ဂိုလ်သည်၊ ဗန္ဓနံ-ခိုင်မာတုမှဲ့, တဏှာဟူသော အနှောင်အဖွဲ့ကို၊ ဒဠ္ဟံ ကရောတိ-ထပ်၍နှောက်မှာ, ခိုင်မာအောင်သာ ပြုလေတော့၏။

ယော စ-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်ကား၊ ဝိတက္ကူပသမေ-မိစ္ဆာဝိတက်, အလိုပျက်များ, ငြိမ်သွားရာမှန်, အသုဘဈာန်၌သာလျှင်၊ ရတော-နှစ်သက်ရွှင်ပျော်, မွေ့လျော်သည်ဖြစ်၍၊ သဒါ-နေ့ရောညပါ, ခပ်သိမ်းသောအခါ၌၊ သတော-မေ့လျော့ကင်းဘိ, သတိရှိသည်ဖြစ်၍၊ အသုဘံ-ဥဒ္ဓုမာတက, စပြုဆယ်ခန်း, အသုဘကမ္မဋ္ဌာန်းကို၊ ဘာဝယတေ-ကောင်းစွာရှုမှတ်, ပွားများအားထုတ်တတ်၏၊ ဧသ-ဧသော-အသုဘကမ္မဋ္ဌာန်း, အမြဲတန်းပင်, စီးဖြန်းပွားလို, ဤပုဂ္ဂိုလ်သည်၊ ဗျန္တိ ကာဟိတိ-ဘဝတဏှာ, ပြတ်ကင်းကွာအောင်, စွမ်းဆောင်ကိုယ်တိုင်, ပြုနိုင်ပေလတ္တံ့၊ ဧသ-ဧသော-အသုဘဈာန်, မြဲမြံမှီခို, ဤပုဂ္ဂိုလ်သည်၊ မာရဗန္ဓနံ-တေဘူမက, ဒုက္ခများမြောင်, မာရ်မင်း၏အဖွဲ့အနှောင်ကို၊ ဆေစ္ဆတိ-မဂ်ဖြင့်ကိုယ်တိုင်, ဖြတ်တောက်နိုင်လတ္တံ့။

---

တက္က=(စု) ရက္ခသိလေသတက္ကဒိတ္တိသု-သစ်စေးဟူသောအနက်, ကြံခြင်း ထွန်းပခြင်း အနက်တို့၌၊ (တက္ကေတိ၊ တက္ကယတိ။)

**မထိတ**= [ √မထ+တ ] လွှမ်းမိုး, နှိပ်စက်, ဖျက်ဆီးအပ်သော၊ မွှေနှောက်ဖျက်ဆီးအပ်သော၊ မထ=(ဘူ) ဝိလောဋနေ-မွှေနှောက်ချောက်ချားခြင်း၌၊ (မထတိ။)

**တိဗ္ဗရာဂဿ**= [ တိဗ္ဗ+ရာဂ ] ထက်သန်(လွန်ကဲ, အားကြီး)သော တပ်မက်မှုရာဂရှိသော-သူ။

**တိဗ္ဗ**= [ √တရ+အ ] တရတိ အတိက္ကမတီတိ-တိဗ္ဗံ၊ ရဿ ဝေါ၊ အဿ ဣ၊ ဓာန်-ဋီ၊ ၄၁။ [ √တိဇ+ဝ ] ဇ-ကို ဝ-ပြု၊ ဝနှစ်လုံးကို ဗနှစ်လုံးပြု၊ ဓာန်-ဋီ၊ ၇၁၁။ ထက်သော၊ လွန်ကဲသော၊ ပြင်းထန်သော၊ အားကြီးသော၊-စသည်။

**ဝိတက္ကူပသမေ**= [ ဝိတက္က+ဥပသမ ] မိစ္ဆာဝိတက်တို့၏ငြိမ်းအေးရာ အသုဘဈာန်၊ မိစ္ဆာဝိတက်စသည်တို့ကို ငြိမ်းအေးစေတတ်သော- ပဌမဈာန်။

**ဘာဝယတေ**= [ √ဘူ+ဏာယ+တေ ] ဖြစ်စေတတ်၏၊ ပွားများတတ်၏၊ (မိမိသန္တာန်၌ အဖန်ဖန် ဖြစ်စေခြင်း။)

**သတော**= [ သတိ+အ ] နိရုတ္တိ-နှာ၊ ၃၁၀။ သတိ အဿ အတ္ထီတိ-သတော၊ သတိရှိသော-သူ။

(မြန်မာပြန်) မိစ္ဆာဝိတက်၏ နှိပ်စက်မှုကို ခံနေရ၍ ရာဂကြီးလျက် ကာမအာရုံကို တင့်တယ်ပါပေသည်ဟု ရှုလေ့ရှိသူမှာ (ရှုနေတတ်သူမှာ) တဏှာသည် အလွန်တိုးပွားလာတော့၏၊ ထိုသူမျိုးသည် တဏှာအနှောင်အဖွဲ့ကို ခိုင်မာသည်ထက် ခိုင်မာအောင် ပြုလေ၏။

မိစ္ဆာဝိတက်ငြိမ်းအေးရာ အသုဘဈာန်၌ မွေ့လျော်၍ အမြဲသတိရှိလျက် အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းပွားများနေသူသည် ဘဝတဏှာကင်းအောင် ပြုနိုင်လတ္တံ့၊ ဤသူ မျိုးသည် ဝဋ်ဆင်းရဲဟူသော မာရ်မင်း၏အနှောင်အဖွဲ့ကို ဖြတ်နိုင်လတ္တံ့။

(လင်္ကာ) မှားယွင်းဆက်ဆံ, စိတ်အကြံများ, နှိပ်စက်ထား၍, ကြီးမားရာဂ, ထက်သန် လှလျက်, ချောလှအကောင်း, သောင်းပြောင်းစုဆုံ, များအာရုံဝယ်, တင့်တယ် ပါဘိ, လှပါဘိဟု, စွဲငြိမခွာ, နေသူမှာကား, တဏှာတရား, လွန်တိုးပွား၏၊ သူကား သေချာ, တဏှာနှောင်ဖွဲ့, တိုးချဲ့ခိုင်မာ, ပြုသူသာတည်း။

တစ်ဦးကမူ, ကာမဆက်ဆံ, စိတ်ကြံအေးမှု, မြော်တွေးရှု၍, အသုဘဘာဝနာ, မွေ့လျော်ပါ၏၊ ကောင်းစွာကြပ်မတ်, အမှတ်သတိ, မပြတ်ရှိလျက်, တွေ့ရှိသမျှ, အသု ဘသာ, ရှုမှတ်ပါ၏၊ ကောင်းစွာပြုမူ, ဤသူကသာ, တဏှာကင်းအောင်, ပြုစွမ်းဆောင်လိမ့်၊ မာရ်နှောင်ဖွဲ့ဝဋ်, ကုန်အောင်ဖြတ်လိမ့်။

## ၈-မာရဝတ္ထု

၃၅၁။ နိဋ္ဌံ ဂတော အသန္တာသီ , ဝီတတဏှော အနင်္ဂဏော၊
အစ္ဆိန္ဒိ ဘဝသလ္လာနိ , အန္တိမောယံ သမုဿယော။

---

**ဗျန္တိကာဟိတိ=** [ဗျန္တ+ကာဟိတိ] မောဂ်-၄၊ ၁၁၉-သုတ်ဖြင့် စီ-ပစ္စည်းသက်၍ ပြီးသည်၊ ရေးက မကင်းသည်ကို ယခုကင်းအောင် ပြုနိုင်လတ္တံ့၊ ရေးကမကင်းသောတဏှာကို ကင်းအောင်ပြုနိုင်လတ္တံ့။

**ဗျန္တ=** [ဝိ+အန္တ ] ကင်းသော အဆုံး, အပိုင်းအခြား၊ ကင်းသော အဆုံး, အပိုင်းအခြားရှိသော၊ ကင်းခြင်း။

**ကာဟိတိ=** [ √ကရ+ဿတိ ] ကရ-ဓာတ်ကို ကာဟ-ပြု၊ ဿ-ကိုချေ၊ ဣ-လာ၊ ရူ၊ ၅၂၄။ မောဂ်-၆၊ ၂၅-ကိုလည်း ရှုပါ၊ ပြုလတ္တံ့။

**ဆေစ္ဆတိ=** [ √ဆိဒိ+အ+ဿတိ ] ဿ-ကို ဆ-ပြု၊ ရူ၊ ၅၂၄။ ဖြတ်လတ္တံ့။

### ၃၅၁, ၃၅၂-ပဒဝိဘာဂ

**နိဋ္ဌံဂတော=** [နိဋ္ဌာ+ဂတ] ပြီးဆုံးခြင်းသို့ရောက်သော။

**နိဋ္ဌာ=** [နိ √ဌာ+ကွိ+အာ] ပြီးဆုံးခြင်း၊ ဆုံးဖြတ်ခြင်း၊ ပျောက်ကွယ်ပျက်စီးခြင်း၊ သူစိ။

၃၅၂။ ဝီတတဏှော အနာဒါနော ၊ နိရုတ္တိပဒကောဝိဒေါ၊
　　အက္ခရာနံ သန္နိပါတံ ၊ ဇညာ ပုဗ္ဗာပရာနိ စ၊
　　သ ဝေ ‘အန္တိမသာရီရော ၊ မဟာပညော မဟာပုရိသော’တိ ဝုစ္စတိ။

**အနက်** ယော–စိတ်ဓာတ်စင်ဖြူ, အကြင်သူသည်၊ နိဋ္ဌင်္ဂတော–အရဟတ်အောင်ပန်း, ခူးဆင်မြန်း၍, ရဟန်းပြုရ, ကိစ္စလုံးလုံး, ပြီးဆုံးခြင်းသို့ရောက်၏၊ အသန္တာသီ–ရာဂစသား, တရားများတို့, ပျက်ပြားယိုယွင်း, အကုန်ရှင်း၍, ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိ၊ ဝီတတဏှော–တပ်မက်လွန်စွာ, တဏှာခပင်း, ကင်းရှင်းပြီးဖြစ်၏၊ အနင်္ဂဏော–ယုတ်ညံ့သေးသိမ်, မေးမှိန်အောက်ကျ, ရောက်ရကြောင်းရင်း, ကိလေသာကင်းပြီးဖြစ်၏၊ ဘဝသလ္လာနိ–ထိုထိုဘဝ, ရောက်ရကြောင်းရင်း, ရာဂစသောငြောင့်တံသင်းတို့ကို၊ အစ္ဆိန္ဒိ–ကြွင်းမဲ့ပယ်ဖျောက်, အရဟတ္တမဂ်ဖြင့် ဖြတ်တောက်ခဲ့လေပြီ၊ အယံသမုဿယော–ရုပ်နှင့်နာမ်များ, ပေါင်းသောအားဖြင့်, ဖြစ်ပွား၍လာ, (ဤသူ၏)ဤကိုယ်ခန္ဓာသည်၊ အန္တိမော–က် ကိလေသာ, ကုန်ဆုံးပါ၍, ဖြစ်ရာဘဝ, လုံးဝပျက်ပြုန်း, နောက်ပိတ်ဆုံး ဖြစ်ပေ၏။

---

**အသန္တာသီ**= [န+သန္တာသီ] မကြောက်ရွံ့မထိတ်လန့်သော၊ ထိတ်လန့်ကြောက်ရွံ့ကြောင်း ရာဂ–စသော အကုသိုလ်မရှိသော။

**သန္တာသီ**= [သံ √တသ+ဏီ] ကြောက်ရွံ့ထိတ်လန့်လေ့ရှိသော။
　[သန္တာသ+ဤ] ကြောက်ရွံ့ထိတ်လန့်ခြင်းရှိသော။

**သန္တာသ**= [သံ √တသ+ဏ] ကြောက်ရွံ့ခြင်း, ထိတ်လန့်တုန်လှုပ်ခြင်း။

**ဝီတတဏှော**= [ဝီတ+တဏှာ] ကင်းပြီးသော တဏှာရှိသော၊ တဏှာကင်းပြီးသော။

**အစ္ဆိန္ဒိ**= [√ဆိဒိ+အ+ဤ] ဖြတ်ပြီ။

**ဘဝသလ္လာနိ**= [ဘဝ+သလ္လ] ဘဝသို့ရောက်စေတတ်သော, ရောက်ကြောင်းဖြစ်သော (ရာဂ–စသော)ငြောင့်တံသင်း။

**အန္တိမော**= [အန္တ+ဣမ] အန္တေ ဇာတော–အန္တိမော၊ ရူ၊ ၃၇၈။ အဆုံး၌ဖြစ်သော၊ နောက်ဆုံးဖြစ်သော။

**သမုဿယော**= [သံ+ဥ √သိ+အ] အပေါင်းအစု၊ ကိုယ်ခန္ဓာ၊ အတ္တဘော–စသည်။

**အနာဒါနော**= [န+အာဒါန] မယူခြင်း၊ မစွဲလမ်းခြင်း၊ ခန္ဓာ–စသည်တို့၌ စွဲလမ်းခြင်းမရှိသော၊ နှောင်အခါ ပဋိသန္ဓေယူခြင်း မရှိသော။

**နိရုတ္တိပဒကောဝိဒေါ**= [နိရုတ္တိပဒ+ကောဝိဒ] သဒ္ဒါနှင့်ပုဒ်တို့၌ လိမ္မာ၏၊ ပဋိသမ္ဘိဒါလေးပါးတို့၌ လိမ္မာကျွမ်းကျင်၏။

**ကောဝိဒ**= [ကုံ+န √ဝိဒ+အ] ကိန္နာမ န ဝိန္ဒတီတိ– ကောဝိဒေါ=နေရတွေ့သော၊ နိရုတ္တိနည်းဖြင့် ပြီးစေ။

ဝီတတဏှော-လွန်စွာထက်မြက်, မဂ်ဖြင့်ပယ်ခွင်း, တဏှာကင်းပြီးဖြစ်၏၊ အနာဒါနော-ခန္ဓာစသား, တရားများဝယ်, လိုလားကင်းရှင်း, စွဲလမ်းခြင်းမရှိပေ၊ နိရုတ္တိပဒကောဝိဒေါ-များပြားဘာသာ, သဒ္ဒါပုဒ်ပါဠ်, အရပ်ရပ်တွင်, လိမ္မာကျွမ်းကျင်၏၊ ဝါ-ပဋိသမ္ဘိဒါလေးပါး, သိဖွယ်များဝယ်, ထူးခြားလွန်စွာ, ကျွမ်းကျင်လိမ္မာ၏၊ အက္ခရာနံ-ဘယ်လိုသုံးသုံး, မကုန်ဆုံးပါ, အက္ခရာတို့၏၊ သန္နိပါတံ-စုစည်းထားမှု, အပေါင်းအစုကိုလည်းကောင်း၊ ပုဗ္ဗပရာနိ စ-ရှေ့နောက်နှစ်ဖြာ, အက္ခရာတွင်, ရှေ့သာမြင်က, နောက်မှအက္ခရာ, နောက်သာမြင်က, ရှေ့မှအက္ခရာ, ပေါင်းများစွာတို့ကိုလည်းကောင်း၊ ဇညာ-မဖောက်မပြန်, မှန်ကန်တိမတ်, သိမြင်တတ်၏၊ အန္တိမသာရီရော-ဖြစ်ရာဘဝ, လုံးဝပျက်သုဉ်း, နောက်ဆုံးဖြစ်သောကိုယ်ကိုဆောင်၏၊ သ-သော-ဆိုခဲ့သမျှ, ဂုဏ်ပြည့်ဝမှု, ထိုသို့သူကို၊ မဟာပညောတိ-ပဋိသမ္ဘိဒါ, သီလာစသား, တရားများကို, သိမ်းထားတတ်ဘိ, မြင့်မြတ်သော ပညာရှိဟူ၍လည်းကောင်း၊ မဟာပုရိသောတိ-ကိလေသာရှင်း, လွတ်ကင်းစိတ်ဓာတ်, ရှိတုံလတ်၍, မြင့်မြတ်သော ယောက်ျားဟူ၍လည်းကောင်း၊ ပဝုစ္စတိ- သကတ်အလျော်, ဒြပ်ပေါ်အောင်, ထုတ်ဖော်သတ်မှတ်, ခေါ်ဝေါ်အပ်ပါပေ၏။

**မြန်မာပြန်** အရဟတ္တဖိုလ်ကိုရ၍ ရဟန်းကိစ္စ ပြီးဆုံးပြီးသူသည် ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိ၊ တဏှာကင်းပြီးဖြစ်၏၊ ကိလေသာမှလည်း ကင်းရှင်း၏၊ ဘဝသို့ရောက်စေတတ်သည့် ရာဂစသောကြောင့်ကို ဖြတ်တောက်ပြီးဖြစ်၏၊ နောက်ဆုံးကိုယ်ခန္ဓာကို ဆောင်ထားသူဖြစ်၏။

တဏှာကင်းပြီးဖြစ်၏၊ စွဲလမ်းခြင်းမရှိ၊ သဒ္ဒါပုဒ်ပါဠ်တို့၌ လိမ္မာကျွမ်းကျင်၏၊ အက္ခရာတို့၏ အပေါင်းအစုနှင့် ရှေ့အက္ခရာ-နောက်အက္ခရာတို့၏ အဆက်အသွယ်ကို (ဆက်သွယ်နေပုံကို) သိ၏၊ နောက်ဆုံးဖြစ်သော ကိုယ်ခန္ဓာကိုဆောင်၏၊ ဤသူမျိုးကို မြင့်မြတ်သော ပညာရှိ, မြင့်မြတ်သောယောက်ျားဟု ခေါ်၏။

---

[ကု √ဝိဒ်+အ] ကုံ ပါပံ ဝိန္ဒတီတိ-ကောဝိဒေါ၊ (ဝိန္ဒတိ-ဖျက်ဆီးတတ်၏ပေး၊) ဓာန်-ဋီ၊ ၂၂၈။ သူစိ၌ ကုယျတေ ကထီယတေ ဇနေတီတိ-ကု၊ ကုသဒ္ဒေ၊ ဥ၊ ကု ဝါစံ ဝိဒတိ ဇာနာတီတိ-ကောဝိဒေါ၊ ကုံသဒ္ဒူပပဒေါ ဝိဒ-ဇာနနေ၊ အပ္ပစ္စယော, ဥသော-ဟု မိန့်ဆိုထားသေးသည်။

[က √ဝိဒ+အ] ကံ ဝါစံ ဝိန္ဒတီတိ-ကောဝိဒေါ၊ ပါရာ-ယော-၇၊ လိမ္မာသော၊ ဉာဏ်ပညာရှိသော။

**နိရုတ္တိပဒ**= [နိရုတ္တိ+ပဒ] သဒ္ဒါနှင့်ပုဒ်များ။

**နိရုတ္တိ**= [နိ √ဝစ+တိ] နိဒ္ဒါရေတွာ ဝုစ္စတိ အတ္တော ဧတာယာတိ-နိရုတ္တိ၊ နိရုတ္တိ-နျာ၊ ၄၈၆။ နိရုတ္တိတိ-အတ္ထံ ဝုစ္စတေ ဣမာယ သဒ္ဒပညတ္တိယာတိ-နိရုတ္တိ၊ ဝစဓာတုဿ ဝကာရဿ ဥကာရော၊ သဗ္ဗဝေါဟာရော လဗ္ဘတိ၊ ပါစိတ်-ယော၊ ၄၆၅။ သဒ္ဒါ၊ ဝိဂြိုဟ်၊ ဝဏ္ဏာဂမ-စသောနည်း။

(လက်ာ) အရဟတ္တဖိုလ်, ခေါ်ဆိုရည်ညွှန်း, ရဟန်းပန်းတိုင်, လှမ်းကိုင်ရယူ, ဆွတ်ပြီး သူကား, အပူကင်းရှင်း, ထိတ်လန့်ကင်း၏၊ တပ်ခြင်းတဏှာ, လွတ်ကင်းကွာ၏၊ ပူဆာကိလေ, မရှိပေတည်း၊ သုံးထွေဘုံရပ်, ရောက်စေတတ်ငြား, မြားဧြောင့်များကို, ဖြတ်ထားပြုမူ, ရှင်းပြီးဟူ၏၊ ဤသူရလာ, ဤခန္ဓာကား, ဤမှာပျက်သုဉ်း, ဤမှာဆုံး၏။

နောက်ဆုံးခန္ဓာ, ဆောင်သူမှာမူ, တဏှာလည်းပြုတ်, အစွဲပြုတ်၍, နိရုတ်ကျွမ်းကျင်, ပုဒ်ကျွမ်းကျင်၏၊ ရှေ့ကိုမြင်ငြား, နောက်နားအက္ခရာ, သိမြင်ပါ၍, နောက်သာမြင်ပြန်, ရှေ့ဌာန်အက္ခရာ, သိရှိပါ၏၊ လယ်သာမြင်ငြား, ရှေ့နားနောက်ပါ, သိရှိပါ၏၊ သို့သာ သိမှု, အကြောင်းပြု၍, ထိုသူ့ကိုသာ, ပညာရှိထွတ်, ကဝိမြတ်ဟု, သိမှတ်ခြင်းငှာ, ထိုက်တန် ပါ၏၊ ကင်းကွာကိလေ, စိတ်ရှိနေခြင်း, အကြောင်းရင်းကြောင့်, မယွင်းမုချ, ထိုသူကသာ, မဟာပုရိသ, အမည်ရ၏။

## ၉-ဥပကာဇီဝကဝတ္ထု

၃၅၃။ သဗ္ဗာဘိဘူ သဗ္ဗဝိဒူဟမသ္မိ , သဗ္ဗေသု ဓမ္မေသု အနူပလိတ္တော၊
သဗ္ဗဉ္ဇဟော တဏှက္ခယေ ဝိမုတ္တော , သယံ အဘိညာယ ကမုဒ္ဒိသေယျံ။

(အနက်) ဥပက-ဥပက !၊ အဟံ-ငါဘုရားသည်၊ သဗ္ဗာဘိဘူ-ဘုံသုံးပါးတွင်, ပါဝင် ထင်ရှား, တရားခပင်း, နှိမ်နင်းလွှမ်းမိုးနိုင်၏၊ သဗ္ဗဝိဒူ-တရားဥဿုံ, အလုံး

---

**အက္ခရာနံ=** [န √ခရ+အ] နက္ခရန္တိ န ခိယျန္တီတိ-အက္ခရာနိ၊ နီတိ-ဓာ၊ ၁၅၃။ ရူ၊ ၂။ အက္ခရာတို့ကို။

**သန္နိပါတံ=** [သံ+နိ √ပတ+တ] အညီအညွတ်စည်းဝေးပေါင်းဆုံခြင်း၊ အညီအညွတ်စည်းဝေး ပေါင်းဆုံရာဌာန၊ (အစည်းအဝေး၊) အပေါင်းအစု။

**ပုဗ္ဗာပရာနိ=** [ပုဗ္ဗ+အပရ] ရှေ့နောက်တို့ကို၊ ရှေ့အက္ခရာဖြင့် နောက်အက္ခရာ, နောက်အက္ခ ရာဖြင့် ရှေ့အက္ခရာတို့ကို။

**အန္တိမသာရီရော=** [အန္တိမ+သာရီရ] အဆုံးစွန်သောကိုယ်ရှိသော၊ အဆုံးစွန်သောကိုယ်ကို ဆောင်သော။

**သာရီရ=** [သရီရ+ဏ] သရီရမေဝ-သာရီရံ၊ ကိုယ်၊ ခန္ဓာ။

**မဟာပညော=** [မဟန္တ+ပညာ] ကြီးမြတ်သော ပညာရှိသော။

**မဟာပုရိသော=** [မဟန္တ+ပုရိသ] ကြီးမြတ်သော ယောကျာ်း၊ ယောကျာ်းမြတ်၊ ပညာရှိ-ဘုရားလောင်း။

၃၅၃-ပဒဝိဘာဂ

**သဗ္ဗာဘိဘူ=** [သဗ္ဗ+အဘိဘူ] တေဘူမကတရားအကုန်လုံးတို့ကို နှိမ်နင်းဖျက်ဆီးနိုင်သော၊ အလုံးစုံသော တေဘူမကတရားတို့ကို လွှမ်းမိုးနှိမ်နင်းပြီးသော။

စုံကို, အကုန်အစင်, သိမြင်တတ်သူသည်၊ အသို-စင်စစ်မသွေ, ဖြစ်ပါပေ၏၊ သဗ္ဗေသု ဓမ္မေသု-ဘုံသုံးပါးတွင်, ပါဝင်ထင်ရှား, အလုံးစုံသောတရားတို့၌၊ အနုပလိတ္တော-တပ်မက်ခြင်းများ, အမြင်မှားလျက်, ဖြစ်ပွားကပ်ငြိ, စွဲလမ်းမှုလည်း မရှိပေ၊ သဗ္ဗဥ္စဟော-ဘုံသုံးပါးတွင်, ပါဝင်ထင်ရှား, တရားဥဿုံ, အလုံးစုံကို, အကုန်ပယ်စွန့်ထား၏၊ တဏှက္ခယေ-ကုန်စင်တဏှာ, ဆုံးမှာမှီခို, အရဟတ္တဖိုလ်၌၊ ဝိမုတ္တော-ပူဇွေ့မဟပ်, အအေး ဓာတ်ဖြင့်, လွတ်လွတ်ကျွတ်ကျွတ်, လွတ်မြောက်သူဖြစ်၏၊ သယံ-သူများ မဆိုင်, ငါဘုရားကိုယ်တော်တိုင်၊ အဘိညာယ-သစ္စာလေးပါး, မြတ်တရားကို, ပိုင်းခြား ထင်ထင်, သိမြင်ပြီး၍၊ ကံ-နတ်နှင့်လူဝယ်, အဘယ်ခေါ်ဆို, အဘယ်ပုဂ္ဂိုလ်ကို၊ ဥဒ္ဒိသေယျံ-ဤသူသည်သာ, ငါ့ဆရာဟု, ညွှန်းကာပိုင်ပိုင်, ပြနိုင်ပါတော့မည်နည်း။

**မြန်မာပြန်** ငါသည် အလုံးစုံကို နှိမ်နင်းအောင်မြင်ပြီးသူဖြစ်၏၊ အလုံးစုံသောတရား တို့ကို သိမြင်ထား၏၊ အလုံးစုံသော တရားတို့၌ တပ်မက်မှု, အမြင်မှားမှု မရှိသူ ဖြစ်၏၊ လောကီတရားအကုန်လုံးကို ပယ်စွန့်ထားပြီးဖြစ်၏၊ တဏှာကုန်ရာ(ငြိမ်းရာ) အရဟတ္တဖိုလ်ကို ရရှိထား၏၊ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သစ္စာလေးပါးကို သိမြင် ပါလျက် အဘယ်သူကို ငါ့ဆရာဟု ညွှန်ပြရမည်နည်း။

**လင်္ကာ** ငါဘုရားကား, တစ်ပါးမကြွင်း, ကုန်နှိမ်နင်း၏၊ အကြွင်းမရှိ, အကုန်သိ၏၊ ရှိရှိသမျှ, သင်္ခါရဝယ်, မငြိတွယ်တည်း၊ စွန့်ပယ်ထိုက်ငြား, တရားများကို, တစ်ပါးမချွင်း, စွန့်ပယ်ရှင်း၏၊ တပ်ခြင်းတဏှာ, ပယ်ခွာဖျက်ဖြို,ကျွတ်တန်းခို၏၊ ကိုယ်တိုင် သစ္စာ, သိမြင်လာလျက်, ငါကဤမှာ, ငါ့ဆရာဟု, အဘယ်သူ့ကို, ညွှန်းဆိုမြွက်ဟ, ပြရအံ့နည်း။

---

[သဗ္ဗ+အဘိ √ဘူ+က္ဂိ] သဗ္ဗံ အဘိဘဝတီတိ-သဗ္ဗာဘိဘူ၊-လည်းကြံသင့်၏။

**အဘိဘူ=** [အဘိ √ဘူ+က္ဂိ] လွှမ်းမိုးသော၊ သာလွန်သော။

**သဗ္ဗဝိဒူ=** [သဗ္ဗ √ဝိဒ+က္ဂိ] ကစ္စည်း၊ ၆၁၆-သုတ်ဖြင့် ဦ-လာ၊ သဗ္ဗံ ဝိဒတိ ဇာနာတီတိ-သဗ္ဗဝိဒူ၊ ခပ်သိမ်းသော (စတုဘူမက)တရားကို သိတတ်သော။

**အနူပလိတ္တော=** [န+ဥပလိတ္တ] မလိမ်းကျံသော၊ မလိမ်းကျံအပ်သော။

**ဥပလိတ္တ=** [ဥပ √လိပ+တ] လိမ်းကျံသော၊ လိမ်းကျံအပ်သော။

**သဗ္ဗဉ္စဟော=** [သဗ္ဗ+ဇဟ] အလုံးစုံသော (တေဘူမက)တရားတို့ကို စွန့်သော၊ (ဆန်းကြောင့် နိဂ္ဂဟိတ်လာ။)

**ဇဟ=** [ √ဟာ+အ] စွန့်သော၊ စွန့်ပယ်ပြီးသော။

**ဥဒ္ဒိသေယျံ=** [ဥ √ဒိသ+အ+ဧယျံ] ညွှန်ပြရာ၏။

## ၁၀-သက္ကပဥ္စဝတ္ထု

၃၅၄။ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ , သဗ္ဗရသံ ဓမ္မရသော ဇိနာတိ၊
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ , တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

**အနက်** သဗ္ဗဒါနံ-ကြွင်းမဲ့ချက်ကုန်, အလုံးစုံသောအလှူဒါနကို၊ ဓမ္မဒါနံ-တရားသဘော, ဟောပြောကြည်ဖြူ, တရားအလှူသည်၊ ဇိနာတိ-တရားစကား, ကြားရမှသာ, ပြုလာအလှူ, ရယူဖိုလ်မဂ်, ဤအတွက်ကြောင့်သာ, အောင်နိုင်ပါ၏၊ သဗ္ဗရသံ-လျှပြည် နတ်ရပ်, ကောင်းအမြတ်ဟု, သတ်မှတ်ထားပါ, အလုံးစုံသော အရသာကို၊ ဓမ္မရသော-ဗောဓိပက္ခိယ, မြတ်ဓမ္မနှင့်, မဂ္ဂဖလာ, တရားတော်ဟူသော အရသာသည်၊ ဇိနာတိ-သံသရာဝဋ်, ကျွတ်လွတ်ရခြင်း, ကောင်းခြင်းဖြစ်လာ, အောင်နိုင်ပါ၏၊ သဗ္ဗရတိံ-သားနှင့် သမီး, ဇနီးမယား, စီးပွားဥစ္စာ, တူရိယာစသား, ဝတ္ထုများဖြင့်, ပျော်ပါးလွန်မင်း, အလုံးစုံသောမွေ့လျော်ခြင်းကို၊ ဓမ္မရတိ-တရားဟော တရားနာ, ကျမ်းစာပို့ချ, ပြုလုပ်ကြသား, ပုဂ္ဂိုလ်များ၏, ပျော်ပါးလွန်မင်း, တရားတော်နှင့်မွေ့လျော်ခြင်းသည်၊ ဇိနာတိ-မဂ်ရောက် ဖိုလ်ပေါက်, အခြေရောက်လာ, အောင်နိုင်ပါ၏၊ တဏှက္ခယော-တဏှာကုန်ရာ,ဆုံးမှာမိုခို, အရဟတ္တဖိုလ်သည်၊ သဗ္ဗဒုက္ခံ-လုံးစုံများလှ, ဝဋ်ဒုက္ခကို၊ ဇိနာတိ-လွှမ်းမိုးဆုံးတိုင်, အောင်မြင်နိုင်၏။

**မြန်မာပြန်** တရားဟောခြင်း, တရားပြခြင်းစသော တရားအလှူသည် အလှူအားလုံး တို့ထက် သာ၏၊ တရားအရသာသည် အပူခပ်သိမ်း, အေးငြိမ်းစေတတ်သည့် အတွက် အလုံးစုံသောအရသာတို့ထက် သာလွန်ကောင်းမွန်၏၊ တရားနှင့်မွေ့လျော် ခြင်းသည် မဂ်အခြေဖိုလ်အခြေဖြစ်နိုင်သည့်အတွက် သားနှင့်သမီး, ဇနီးမယား, စီးပွား ဥစ္စာ, တူရိယာစသည်တို့ဖြင့် ပျော်ပါးခြင်းအကုန်လုံးထက် သာလွန်၏၊ တဏှာကုန် ဆုံးရာ အရဟတ္တဖိုလ်သည် အလုံးစုံသောဝဋ်ဆင်းရဲကို လွှမ်းမိုးအောင်မြင်နိုင်၏။

---

### ၃၅၄-ပဒဝိဘာဂ

**သဗ္ဗဒါနံ=** [သဗ္ဗ+ဒါန] အလုံးစုံသော အလှူဒါန။

**ဓမ္မဒါနံ=** [ဓမ္မ+ဒါန] တရားကိုပေးလှူခြင်း၊ တရားဟောပြောခြင်း၊ ပါဠိအဋ္ဌကထာ ကျမ်းစာ ပို့ချခြင်း၊ ပြဿနာဖြေဆိုခြင်း၊ ကမ္မဋ္ဌာန်းတရား ညွှန်ကြားခြင်း။

**သဗ္ဗရသံ=** [သဗ္ဗ+ရသ] အလုံးစုံသောအရသာ။

**ဓမ္မရသော=** [ဓမ္မ+ရသ] တရားတည်းဟူသောအရသာ၊ ဗောဓိပက္ခိယ ၃၇-ပါးဟူသော တရား အရသာ၊ လောကုတ္တရာတရား ၉-ပါး တရားအရသာ၊-စသည်။

**သဗ္ဗရတိံ=** [သဗ္ဗ+ရတိ] အလုံးစုံသော မွေ့လျော်ခြင်း။

**ဓမ္မရတိ=** [ဓမ္မ+ရတိ] တရား၌မွေ့လျော်ခြင်း၊ ဗောဓိပက္ခိယတရား၌ မွေ့လျော်ခြင်း၊ လောကုတ္တရာတရား ၉-ပါး၌ မွေ့လျော်ခြင်း၊ သမထဝိပဿနာတရား၌ မွေ့လျော်ခြင်း။

(လင်္ကာ) အလှူဒါန, ရှိသမျှထက်, ဓမ္မလှူသာ, မွန်မြတ်ပါ၏၊ ရသာဆန်းပြား, များအပြားထက်,တရားရသာ, မွန်မြတ်ပါ၏၊ပျားစွာပေါင်းစု, မွေ့လျော်မှုများ, အစားစားထက်, တရားမှတ်ရှု, မွေ့လျော်မှုသာ, မွန်မြတ်ပါ၏၊တဏှာကုန်ရာ, လွန်စွာထွတ်မြတ်, အရဟတ်ဆို, ထက်ဆုံးဖိုလ်ကား, ထိုထိုဒုက္ခ, ရှိသမျှကို, တစ်စမချန်, ပယ်လှန်သုတ်သင်, အောင်ပွဲဆင်၏။

## ၁၁-အပုတ္တကသေဋ္ဌိဝတ္ထု

၃၅၅။ ဟနန္တိ ဘောဂါ ဒုမ္မေဓံ , နော စ ပါရဂဝေသိနော၊
ဘောဂတဏှာယ ဒုမ္မေဓော , ဟန္တိ အညေဝ အတ္တနံ။

(အနက်) ဘောဂါ-သုံးဆောင်စရာ, ပစ္စည်းဥစ္စာတို့သည်၊ ဒုမ္မေဓံ-ပစ္စုပ္ပန်နှင့်, တမလွန်ရေး, မြော်တွေးကင်းကွာ, ပညာမရှိသူကို၊ ဟနန္တိ-သုံးစွဲလှူမှု, မပြုနိုင်ပါ, တဏှာပွားလတ်, ဖျက်ဆီးသတ်ဖြတ်တတ်ကုန်၏၊ ပါရဂဝေသိနော-စွန့်ကြဲပေးလှူ, နိဗ္ဗာန်ကိုရှာနေသူတို့ကို၊ နော ဟနန္တိ-ကုသိုလ်စေတနာ, တိုးပွားလာက, တဏှာလျော့တတ်, မဖျက်ဆီး မသတ်ဖြတ်တတ်ကုန်၊ ဒုမ္မေဓော-ခုရေး နောင်ရေး, မြော်တွေးကင်းကွာ, ပညာမရှိသောသူသည်၊ ဘောဂတဏှာယ-သုံးဆောင်စရာ, ပစ္စည်းဥစ္စာကို, မှီသောတဏှာဖြင့်၊ အညေဣဝ-ကိုယ်မှတစ်ပါး, အခြားသူတို့ကိုကဲ့သို့၊ အတ္တာနံ-ပစ္စည်းသိမ်းသို, မိမိကိုသာလျှင်၊ ဟန္တိ-အပါယ်ရောက်အောင်, ပို့ဆောင်ထပ်ထပ်, သတ်ဖြတ်နေလေတော့၏။

(မြန်မာပြန်) ပစ္စည်းဥစ္စာတို့သည် ပညာမရှိသူကို ဖျက်ဆီးတတ်ကုန်၏၊ သံသရာ၏ တစ်ဖက်ကမ်း နိဗ္ဗာန်ကို ရှာနေသူတို့ကိုကား မဖျက်ဆီးနိုင်ကုန်၊ ပညာမရှိသူသည် ပစ္စည်းဥစ္စာကို တပ်မက်သောတဏှာဖြင့် သူတစ်ပါးကို ဖျက်ဆီးသကဲ့သို့ မိမိကိုပင် ဖျက်ဆီးတတ်၏။

(လင်္ကာ) ပစ္စည်းဥစ္စာ, ဟူသည်မှာကား, ပညာကင်းပ, လူဗာလကို, သတ်ကြရန်သာ, ဖြစ်ပေါ်လာ၏၊ ဟိုမှာဘက်ကမ်း, နိဗ္ဗာန်နန်းကို, ကြိုးပမ်းရှာဖွေ, လိုရှိနေငြား, သူတို့အားကား, သတ်သွားခြင်းငှာ, မထိုက်ပါတည်း၊ ပညာမဲ့ငြား, လူမိုက်များသည်, စီးပွားဥစ္စာ, တပ်မက်ကာဖြင့်, ညှာတာကင်းလွတ်, သူ့ကိုသတ်သို့, ကင်းလွတ်သတိ, မိမိကိုသာ, သတ်နေပါ၏။

---

## ၃၅၅-ပဒဝိဘာဂ

**ပါရဂဝေသိနော=** [ပါရ √ဂဝေသ+ဏီ] ပါရံ ဂဝေသတိ သီလေနာတိ-ပါရဂဝေသီ၊ နိဗ္ဗာန်ဟူသော တစ်ဖက်ကမ်းကို ရှာလေ့ရှိသူ၊ --ရှာနေသူ။

**ဘောဂတဏှာယ=** [ဘောဂ+တဏှာ] စည်းစိမ်း၌တပ်သောတဏှာ၊ စည်းစိမ်ကိုမှီသောတဏှာ။

## ၁၂-အက္ကောသဝဂ္ဂ

၃၅၆။ တိဏဒေါသာနိ ခေတ္တာနိ ၊ ရာဂဒေါသာ အယံ ပဇာ၊
တသ္မာ ဟိ ဝီတရာဂေသု ၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

၃၅၇။ တိဏဒေါသာနိ ခေတ္တာနိ ၊ ဒေါသဒေါသာ အယံ ပဇာ၊
တသ္မာ ဟိ ဝီတဒေါသေသု ၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

၃၅၈၊ တိဏဒေါသာနိ ခေတ္တာနိ ၊ မောဟဒေါသာ အယံ ပဇာ၊
တသ္မာ ဟိ ဝီတမောဟေသု ၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

၃၅၉။ တိဏဒေါသာနိ ခေတ္တာနိ ၊ ဣစ္ဆာဒေါသာ အယံ ပဇာ၊
တသ္မာ ဟိ ဝိဂတိစ္ဆေသု ၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

**(အနက်)** ခေတ္တာနိ-ကောက်ပဲစပါး, မျိုးစေ့များကို, ကြဲထားစိုက်ပျိုးရာ, လယ်ယာတို့မည်သည်၊ တိဏဒေါသာနိ-ပေါက်ရောက်ပွားထူ, ပေါင်းမြက်ဟူသောအပြစ်ရှိကုန်၏၊ အယံ ပဇာ-ကမ္ဘာကိုလေ, အကြောင်းတွေက, ဖြစ်စေအပ်ပါ, ဤသတ္တဝါအပေါင်းသည်၊ ရာဂဒေါသာ-ချောလှအာရုံ, တွေ့မြင်ကြုံက, စုံစုံမက်မက်, တပ်နှစ်သက်ခြင်းဟူသော အပြစ်ရှိနေပေ၏၊ တသ္မာ ဟိ-သတ္တဝါခပင်း, ထိုသို့တပ်နှစ်သက်ခြင်းဟူသောအပြစ်ရှိနေခြင်းကြောင့်ပင်လျှင်၊ ဝီတရာဂေသု-စုံမက်ကင်းရှင်း, တပ်နှစ်သက်ခြင်းမရှိသော ရဟန္တာပုဂ္ဂိုလ်တို့၌၊ ဝါ-တို့အား၊ ဒိန္နံ-ဝမ်းမြောက်ဝမ်းသာ, သဒ္ဓါကြည်ဖြူ, စွန့်ကြဲဆက်ကပ်အပ်သောအလှူသည်၊ မဟပ္ဖလံ-ကြီးကျယ်ဖွံ့ဖြိုး, များမြတ်သောအကျိုးရှိသည်၊ ဟောတိ-အလှူခံကမြတ်မွန်, လှူသူကလည်းသဒ္ဓါသန့်၍, အမှန်မသွေ, ဖြစ်ရပါပေ၏။

ခေတ္တာနိ-လယ်ယာတို့မည်သည်၊ တိဏဒေါသာနိ-ပေါင်းမြက်ဟူသော အပြစ်ရှိကုန်၏၊ အယံ ပဇာ-ဤသတ္တဝါအပေါင်းသည်၊ ဒေါသဒေါသာ-မဖွယ်မရာ, ကြုံတွေ့လာက, လွန်စွာထန်ပြင်း, စိတ်ဆိုးအမျက်ထွက်ခြင်းဟူသော အပြစ်ရှိနေပေ၏၊ တသ္မာ ဟိ-သတ္တဝါခပင်း, ထိုသို့ စိတ်ဆိုးအမျက်ထွက်ခြင်းဟူသော အပြစ်ရှိနေသောကြောင့်ပင်လျှင်၊ ဝီတဒေါသေသု-မာန်မျက်ကင်းရှင်း, စိတ်ဆိုးခြင်းမရှိသော ရဟန္တာပုဂ္ဂိုလ်တို့၌၊ ဝါ-တို့အား၊ ဒိန္နံ-စွန့်ကြဲဆက်ကပ်အပ်သောအလှူသည်၊ မဟပ္ဖလံ-ကြီးကျယ်ဖွံ့ဖြိုး, များမြတ်သော အကျိုးရှိသည်၊ ဟောတိ-အမှန်မသွေ, ဖြစ်ရပါပေ၏။

---

### ၃၅၆, ။ ပ ။ ၃၅၉-ပဒဝိဘာဂ

**တိဏဒေါသာနိ=** [တိဏ+ဒေါသ] ပေါင်းမြက်ဟူသော အပြစ်ရှိသော။

**တိဏ=** [√တိဇ+ဏ] ဇ-ကိုချေ၊ တေဇေတိ ဇတေနာတိ-တိဏံ= ဗီရဏာဒိ၊ မောဂ်-၇၊ ၆၇။ မြက်၊ ပေါင်းမြက်။

[√တိဏု+အ] တိဏိယတေ တိဏာဘက္ခေဟိ ဂေါဏာဒိဟိ အဒီယတေ ခါဒီယတေတိ-တိဏံ၊ နီတိ-ဓာ၊ ၂၆၃။ တိဏု=(တ) အဒနေ-စားခြင်း၌၊ (တိဏောတိ၊ တိဏုတေ။)

ခေတ္တာနိ-လယ်ယာတို့မည်သည်၊ တိဏဒေါသာနိ-ပေါင်းမြက်ဟူသော အပြစ်ရှိကုန်၏၊ အယံ ပဇာ-ဤသတ္တဝါအပေါင်းသည်၊ မောဟဒေါသာ-မှားမှန်နှစ်ရပ်, ပိုင်းဖြတ်ဝေဖန်, သိဉာဏ်ပျောက်ကင်း, တွေဝေခြင်းဟူသော အပြစ်ရှိနေပေ၏၊ တသ္မာ ဟိ-သတ္တဝါခပင်း, ထိုသို့တွေဝေခြင်းဟူသော အပြစ်ရှိနေသောကြောင့်ပင်လျှင်၊ ဝီတမောဟေသု-တွေဝေမှုရှင်း, မောဟကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၌၊ ဝါ-တို့အား၊ ဒိန္နံ-စွန့်ကြဲဆက်ကပ်အပ်သောအလှူသည်၊ မဟပ္ဖလံ-ကြီးကျယ်ဖွံ့ဖြိုး, များမြတ်သော အကျိုးရှိသည်၊ ဟောတိ-အမှန်မသွေ, ဖြစ်ရပါပေ၏။

ခေတ္တာနိ-လယ်ယာတို့သည်၊ တိဏဒေါသာနိ-ပေါင်းမြက်ဟူသော အပြစ်ရှိကုန်၏၊ အယံ ပဇာ-ဤသတ္တဝါအပေါင်းသည်၊ ဣစ္ဆာဒေါသာ-တပ်မက်တဏှာ, အလိုအာသာဟူသော အပြစ်ရှိကုန်၏၊ တသ္မာ ဟိ-သတ္တဝါခပင်း, ထိုသို့တပ်မက်ခြင်းဟူသော အပြစ်ရှိနေသောကြောင့်ပင်လျှင်၊ ဝိဂတိစ္ဆေသု-တပ်မက်မှုရှင်း, အလိုရမက်ကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၌၊ ဝါ-တို့အား၊ ဒိန္နံ-စွန့်ကြဲဆက်ကပ်သောအလှူသည်၊ မဟပ္ဖလံ-ကြီးကျယ်ဖွံ့ဖြိုး, များမြတ်သောအကျိုးရှိသည်၊ ဟောတိ-အမှန်မသွေ, ဖြစ်ရပါပေ၏။

**(မြန်မာပြန်)** လယ်ယာတို့သည် ပေါင်းမြက်ကြောင့် ပျက်စီးကြရကုန်၏၊ ဤသတ္တဝါအပေါင်းသည် ရာဂကြောင့်ပျက်စီးနေရ၏၊ ထို့ကြောင့် ရာဂကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့အား ပေးလှူသောအလှူသည် အကျိုးကြီးလှ၏။

လယ်ယာတို့သည် ပေါင်းမြက်ကြောင့် ပျက်စီးကြရကုန်၏၊ ဤသတ္တဝါအပေါင်းသည် အမျက်ထွက်ခြင်းဒေါသကြောင့် ပျက်စီးနေရ၏၊ ထို့ကြောင့် ဒေါသကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့အား ပေးလှူသောအလှူသည် အကျိုးကြီးလှ၏။

လယ်ယာတို့သည် ပေါင်းမြက်ကြောင့် ပျက်စီးကြရကုန်၏၊ ဤသတ္တဝါအပေါင်းသည် တွေဝေမှုမောဟကြောင့် ပျက်စီးနေရ၏၊ ထို့ကြောင့် မောဟကင်းကွာ, ရဟန္တာပုဂ္ဂိုလ်တို့အား ပေးလှူသောအလှူသည် အကျိုးကြီးလှ၏။

---

**ခေတ္တာနိ**= [√ခိပ+တ] ဗီဇံ ခိပန္တိ ဧတ္ထ၊
[ ခိတ္တ √တာ+အ ] ခိတ္တံ ဝါ ဗီဇံ တာယတီတိ-ခေတ္တံ၊ သီ-ဋီ-သစ်-၁၊ ၃၅၁။
[ √ခိ+တ ] ခိ-နိဝါသဂတီသု ဝါ, တ, တြဏ်၊ ခေတ္တံ, ခေတြံ၊ ဓာန်-ဋီ၊ ၄၄၇။
လယ်ယာ၊ စိုက်ပျိုးခင်း။

**ရာဂဒေါသာ**= [ရာဂ+ဒေါသ] ရာဂဟူသောအပြစ်ရှိသော၊ ရာဂကြောင့်အပြစ်ရှိသော။

**ဒေါသဒေါသာ**= [ဒေါသ+ဒေါသ] ဒေါသဟူသောအပြစ်၊ ဒေါသဟူသောအပြစ်ရှိသော။
**ဝီတဒေါသေသု**= [ဝီတ+ဒေါသ] ဝိဂတော ဒေါသော ဧတေသန္တိ-ဝီတဒေါသော၊ ဒေါသကင်းပြီးသော။

လယ်ယာတို့သည် ပေါင်းမြက်ကြောင့် ပျက်စီးကြရကုန်၏၊ ဤသတ္တဝါအပေါင်းသည် အလိုအာသာတဏှာကြောင့် ပျက်စီးနေရ၏၊ ထို့ကြောင့် အလိုအာသာကင်းစင် ရဟန္တာ အရှင်မြတ်တို့အား ပေးလှူသောအလှူသည် အကျိုးကြီးလှ၏။

**(လက်ာ)** လယ်ယာများကား, ပေါင်းမြက်များလျှင်, အပြစ်ထင်၏၊ များဖြင်သတ္တဝါ, အပေါင်းမှာလည်း, ဖြစ်လာရာဂ, အပြစ်ပြ၏၊ ဖြစ်ရသို့တွက်, ဆိုးပျက်ရာဂ, ပြစ်မှကင်းကွာ, ရဟန္တာအား, ပေးလှူထားမူ, များပြားအကျိုး, လွန်ဖွံ့ဖြိုး၏။

လယ်ယာများကား, ပေါင်းမြက်များလျှင်, အပြစ်ထင်၏၊ များဖြင်သတ္တဝါ, အပေါင်းမှာလည်း, ဖြစ်လာဒေါသ, အပြစ်ပြ၏၊ ဖြစ်ရသို့တွက်, ဖြိုဖျက်ဒေါသ, ပြစ်မှကင်းကွာ, ရဟန္တာအား, ပေးလှူငြားမူ, များပြားအကျိုး, လွန်ဖွံ့ဖြိုး၏။

လယ်ယာများကား, ပေါင်းမြက်များလျှင်, အပြစ်ထင်၏၊ များဖြင်သတ္တဝါ, အပေါင်းမှာလည်း, ဖြစ်လာမောဟ, အပြစ်ပြ၏၊ ဖြစ်ရသို့တွက်, ဖြိုဖျက်မောဟ, ပြစ်မှကင်းကွာ, ရဟန္တာအား, ပေးလှူငြားမူ, များပြားအကျိုး, လွန်ဖွံ့ဖြိုး၏။

လယ်ယာများကား, ပေါင်းမြက်များလျှင်, အပြစ်ထင်၏၊ များဖြင်သတ္တဝါ, အပေါင်းမှာလည်း, ဖြစ်လာရမက်, အလိုပျက်ကြောင့်, နာချက်ပြင်းလှ, အပြစ်ပြ၏၊ ဖြစ်ရသို့တွက်, အလိုပျက်တို့, ပြိုပျက်ကင်းကွာ, ရဟန္တာအား, ပေးလှူငြားမူ, များပြားအကျိုး, လွန်ဖွံ့ဖြိုး၏။

# ၂၅-ဘိက္ခုဝဂ္ဂ

## ၁-ပဥ္စဘိက္ခုဝတ္ထု

၃၆၀။ စက္ခုနာ သံဝရော သာဓု , သာဓု သောတေန သံဝရော၊
ဃာနေန သံဝရော သာဓု , သာဓု ဇိဝှါယ သံဝရော။
၃၆၁။ ကာယေန သံဝရော သာဓု , သာဓု ဝါစာယ သံဝရော၊
မနသာ သံဝရော သာဓု , သာဓု သဗ္ဗတ္ထ သံဝရော၊
သဗ္ဗတ္ထ သံဝရော ဘိက္ခု , သဗ္ဗဒုက္ခာ ပမုစ္စတိ။

---

**မောဟဒေါသာ=** [မောဟ+ဒေါသ] မောဟဟူသောအပြစ်၊ မောဟဟူသောအပြစ်ရှိသော။
**ဝိတမောဟသု=** [ဝိတ+မောဟ] ကင်းပြီးသောမော[illegible]ရှိသော၊ မောဟကင်းပြီးသော။
**ဣစ္ဆာဒေါသာ=** [ဣစ္ဆာ+ဒေါသ] အလို-အာသာ-တ[illegible]သောအပြစ်၊ .....အပြစ်ရှိသော။
**ဝိဂတိစ္ဆသု=** [ဝိဂတာ+ဣစ္ဆာ] အလိုရမက်ကင်းသောပုဂ္ဂိုလ်၊ အလို-အာသာ-တဏှာကင်းသော ပုဂ္ဂိုလ်။
**ဝိဂတ=** [ ဝိ √ဂမု+တ ] ကင်းပျောက်သော၊ ကုန်ခန်းပျက်စီးသော၊ ဖဲခွာသွားသော။

### ၃၆၀, ၃၆၁-ပဒဝိဘာဂ

**သောတေန=** [ √သု+တ ] သုဏာတိ တေနာတိ-သောတံ၊ ဓာန်-ဋီ၊ ၁၅၀၊ သုဏာတီတိ-သောတံ၊ အဘိ-ဋ-၂၊ ၄၂။ နား၊ နားရွက်၊ သောတပသာဒ၊ သောတဝိညာဉ်၊ ဒိဗ္ဗသောတဉာဏ်။

**အနက်** စက္ခုနာ-ကောင်းဆိုးအစုံ, ရူပါရုံတို့, တွေ့ဆုံဖြစ်ရ, စက္ခုဒွါရဖြင့်၊ သံဝရော-ကောင်းဆိုးနှစ်ချက်, အာရုံတွက်ကြောင့်, တပ်မက်ပြစ်မှား, ဖြစ်ပွားခြင်းကင်း, စောင့်စည်းပိတ်ဆို့ခြင်းသည်၊ သာဓု-သဒ္ဓါ ခန္တီ, သတိ ဝီရိယ, ဉာဏပညာဟူငြား, တရားများတို့, ဖြစ်ပွား၍လာ, ကောင်းလှပါပေ၏၊ သောတေန-ကောင်းဆိုးအစုံ, သဒ္ဒါရုံတို့, တွေ့ဆုံဖြစ်ရ, သောတဒွါရဖြင့်၊ သံဝရော-ကောင်းဆိုးနှစ်ချက်, အာရုံတွက်ကြောင့်, တပ်မက်ပြစ်မှား, ဖြစ်ပွားခြင်းကင်း, စောင့်စည်းပိတ်ဆို့ခြင်းသည်၊ သာဓု-သဒ္ဓါ ခန္တီ, သတိ ဝီရိယ, ဉာဏပညာဟူငြား, တရားများကို, ရထားသေချာ, ကောင်းမြတ်လှပါ၏၊ ဃာနေန-ဆိုးကောင်းအစုံ, ဂန္ဓာရုံတို့, တွေ့ဆုံဖြစ်ရ, ဃာနဒွါရဖြင့်၊ သံဝရော-ကောင်းဆိုးနှစ်ချက်, အာရုံတွက်ကြောင့်, တပ်မက်ပြစ်မှား, ဖြစ်ပွားခြင်းကင်း, စောင့်စည်းပိတ်ဆို့ခြင်းသည်၊ သာဓု-ကောင်းလှပါပေ၏၊ ဇိဝှါယ-ကောင်းဆိုးအစုံ, ရသာရုံတို့, တွေ့ဆုံဖြစ်ရ, ဇိဝှါဒွါရဖြင့်၊ သံဝရော-ကောင်းဆိုးနှစ်ချက်, အာရုံတွက်ကြောင့်, တပ်မက်ပြစ်မှား, ဖြစ်ပွားခြင်းကင်း, စောင့်စည်းပိတ်ဆို့ခြင်းသည်၊ သာဓု-ကောင်းလှပါပေ၏။

ကာယေန-ကောင်းဆိုးနှစ်ဝ, ဖောဋ္ဌဗ္ဗနှင့်, သုံးဝသောကံ, ဖြစ်ရာမှန်လှ, ကာယဒွါရဖြင့်၊ သံဝရော-တပ်မက်ပြစ်မှား, ကံသုံးပါးတို့, ဖြစ်ပွားခြင်းကင်း, စောင့်စည်းပိတ်ဆို့ခြင်းသည်၊ သာဓု-ကောင်းလှပါပေ၏၊ ဝါစာယ-ဝစီဝိညတ်, ခေါ်သတ်မှတ်ကြ, ဝစီဒွါရဖြင့်၊ သံဝရော-မုသာဝါဒ, စသည်ကွဲပြား, ကံလေးပါးတို့, ဖြစ်ပွားခြင်းကင်း, စောင့်စည်းပိတ်ဆို့ခြင်းသည်၊ သာဓု-ကောင်းလှပါပေ၏၊ မနသာ-ဝိညတ်နှစ်ပါး, ကြဉ်ဖယ်ထားရ, မနောဒွါဖြင့်၊ သံဝရော-အဘိဇ္ဈာစသား, တရားများတို့, ဖြစ်ပွားခြင်းကင်း, စောင့်စည်းပိတ်ဆို့ခြင်းသည်၊ သာဓု-ကောင်းလှပါပေ၏၊ ဝါ-အနဘိဇ္ဈာစသား, တရားများတို့, ဖြစ်ပွား၍လာ, ကောင်းလှပါ၏၊ သဗ္ဗတ္ထ-စက္ခုစသား, အလုံးစုံသောဒွါရများ၌၊ သံဝရော-တပ်မက်ပြစ်မှား, ကံဆယ်ပါးကင်း, စောင့်စည်းပိတ်ဆို့ခြင်းသည်၊ သာဓု-ကောင်း·လှပါပေ၏၊ သဗ္ဗတ္ထ-စက္ခုစသား, အလုံးစုံသောဒွါရများ၌၊ သံဝုတော-တပ်မက် ပြစ်မှား, ကံဆယ်ပါးတို့, ဖြစ်ပွားကင်းလွတ်, စောင့်စည်းတတ်သော၊ ဘိက္ခု-သာသနာ့ဝန်ထမ်း, ရှင်ရဟန်းသည်၊ သဗ္ဗဒုက္ခာ-စွဲကပ်သန္ဓေ, အိုနာသေဟု, တွက်ရေမရ, အလုံးစုံသောဆင်းရဲဒုက္ခမှ၊ ပမုစ္စတိ-ပယ်ရှင်းကင်းကွာ, လွတ်မြောက်နိုင်ပါပေ၏။

**မြန်မာပြန်** မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် (ရာဂ ဒေါသမဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

---

**ဃာနေန**= [ √ဃာ+ယု ] ဃာယတီတိ-ဂန္ဓော၊ ပါဒါန် ကရောတီတိ-ဃာနံ၊ ယု၊ ဃာယန္တျနေနာတိ ဝါ-ဃာနံ၊ ဓာန်-ဋီ၊ ၁၅၀။ နှာခေါင်း၊ ဃာနပသာဒ၊ ဃာနဝိညာဉ်။

ကိုယ်ဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နှုတ်ဖြင့်စောင့်စည်းခြင်းသည် ကောင်း၏၊ စိတ်ဖြင့်စောင့်စည်းခြင်းသည် ကောင်း၏၊ အလုံးစုံသောဒွါရတို့၌ စောင့်စည်းခြင်းသည် ကောင်း၏၊ အလုံးစုံသောဒွါရတို့၌ စောင့်စည်းသောရဟန်းသည် ဆင်းရဲခပ်သိမ်းတို့မှ လွတ်မြောက်၏။

**လက်ာ** မျက်စိတံခါး, စောင့်ထားခြင်းမှာ, ကောင်းလှပါ၏၊ နှစ်ဖြာသောနား, စောင့်ထားခြင်းမှာ, ကောင်းလှပါ၏၊ နှာခေါင်းတံခါး, စောင့်ထားခြင်းမှာ, ကောင်းလှပါ၏၊ လျှာသာတံခါး, စောင့်ထားခြင်းမှာ, ကောင်းလှပါ၏။

ကာယတံခါး, စောင့်ထားခြင်းမှာ, ကောင်းလှပါ၏၊ နှုတ်သာတံခါ·, စောင့်ထားခြင်းမှာ, ကောင်းလှပါ၏၊ စိတ်သာတံခါး, စောင့်ထားခြင်းမှာ, ကောင်းလှပါ၏၊ ကုန်သာတံခါး, စောင့်ထားခြင်းမှာ, ကောင်းလှပါ၏၊ ကုန်သာတံခါး, စောင့်ထားရဟန်း, ကုန်ခန်းဆင်းရဲ, ချမ်းသာမြဲ၏။

## ၂-ဟံသဃာတကဘိက္ခုဝတ္ထု

၃၆၂။ ဟတ္ထသံယတော ပါဒသံယတော , ဝါစာသံယတော သံယတုတ္တမော၊
အဇ္ဈတ္တရတော သမာဟိတော , ဧကော သန္တုသိတော တမာဟု ဘိက္ခုံ။

**အနက်** ယော-တစ်ယောက်သောရဟန်း, အလိုပျက်ကို, ဖြိုခွဲဖျက်လို, အကြင်ပုဂ္ဂိုလ်သည်၊ ဟတ္ထသံယတော-လက်ကစားမှု, ထိပါးမှုကို၊ စေ့ငုသိမ်းဆည်း, လက်ဖြင့်စောင့်စည်း၏၊ ပါဒသံယတော-ခြေဖြင့်ဆော့မှု, ထိပါးမှုကို, စေ့ငုသိမ်းဆည်း, ခြေဖြင့်စောင့်စည်း၏၊ ဝါစာသံယတော-လိမ်ညာပြောမှု, စသည်စုကို, စေ့ငုသိမ်းဆည်း, နှုတ်ဖြင့်စောင့်စည်း၏၊ သံယတုတ္တမော-ကိုယ်ခေါင်းလှုပ်မှု, စသည်စုကို, စေ့ငုသိမ်းဆည်း, စောင့်စည်းသောကိုယ်ရှိ၏၊ (ကိုယ်ဖြင့်စောင့်စည်း၏၊) အဇ္ဈတ္တရတော-ကိုယ့်သန္တာန်မှာ, ဖြစ်ပွားလာသည့်, ဘာဝနာကမ္မဋ္ဌာန်း, စီးဖြန်းပွားများ မှု၌ မွေ့လျော်၏၊ သမာဟိတော-စောင့်စည်းထိန်းကွပ်, အာရုံ၌ စိတ်ကို ကောင်းစွာထားတတ်၏၊ ဧကော-ပေါင်းဖော်မမွေ့, တစ်ယောက်ထီး နေလေ့ရှိသည် ဖြစ်၍၊ သန္တုသိတော-မိမိရထား, တရားများဖြင့်, အားရကျေနပ်, နှစ်သက်ရောင့်ရဲတတ်၏၊ တံ-ဆိုခဲ့ဥဿုံ, ဂုဏ်တွေပြည့်ဖြိုး, ထိုပုဂ္ဂိုလ်မျိုးကို၊ ဘိက္ခုံ-တစ်ယောက်သောရဟန်း, အလိုပျက်ကို, ခွဲဖျက်တတ်သူ, ရဟန်းဟူ၍၊ အာဟု-သကတ်အလျော်, ဒြပ်ပေါ်အောင်, ခေါ်ဝေါ်ကြကုန်၏။

---

### ၃၆၂-ပဒဝိဘာဂ

**ဟတ္ထသံယတော=** [ဟတ္ထ+သံယတ] လက်ဖြင့်စောင့်စည်း၏၊ လက်ကိုစောင့်စည်း၏။

**သံယတ=** [သံ√ယမု+တ] စောင့်စည်းသော၊ စောင့်စည်းအပ်သော၊ စောင့်စည်းခြင်း။

**ပါဒသံယတော=** [ပါဒ+သံယတ] ခြေဖြင့်စောင့်စည်း၏၊ ခြေကိုစောင့်စည်း၏။

**မြန်မာပြန်** ပုဂ္ဂိုလ်တစ်ဦးသည် လက်ကိုစောင့်စည်း၏၊ ခြေကိုစောင့်စည်း၏၊ နှုတ်ကို စောင့်စည်း၏၊ တစ်ကိုယ်လုံးကို စောင့်စည်း၏၊ ဘာဝနာကမ္မဋ္ဌာန်း, စီးဖြန်း ပွားများမှု၌ မွေ့လျော်၏၊ တည်ကြည်ငြိမ်သက်သောစိတ်ရှိ၏၊ တစ်ဦးတည်းနေ၍ မိမိ ရထားသောတရားဖြင့် ကျေနပ်နှစ်သက်၏၊ ထိုပုဂ္ဂိုလ်မျိုးကို ရဟန်းဟုခေါ်သည်။

**လင်္ကာ** တရားရလို, ကြင်ပုဂ္ဂိုလ်ကား, လက်ကိုလှုပ်ရှား, ပြုမှားကင်းလို, စောင့်ထိန်း သို၏၊ ခြေကိုလှုပ်ရှား, ပြုမှားကင်းလို, စောင့်ထိန်းသို၏၊ နှုတ်ကိုမုသား, မဖြစ် ပွားလို, စောင့်ထိန်းသို၏၊ ကိုယ်မလှုပ်ရှား, ငြိမ်စွာထားလို, စောင့်ထိန်းသို၏၊ ကိုယ်မှာ ဖြစ်ပွား, ရုပ်နာမ်များကို, မနားရှုမှတ်, မွေ့လျော်တတ်၏၊ ငြိမ်ဝပ်နေဘိ, စိတ်လည်းရှိ၏၊ မိမိချည်းသာ, ဖော်မပါဘဲ, ကိုယ့်မှာရထား, ကိုယ့်တရားဖြင့်, အားရနှစ်လို, စိတ်ကောင်း သို၏၊ ထိုပုဂ္ဂိုလ်သာ, သာသနာ့ဝန်ထမ်း, ရှင်ရဟန်းဟု, ရည်ညွှန်းပြောရန်, လွန်ထိုက် တန်၏။

## ၃-ကောကာလိကဝတ္ထု

၃၆၃။ ယော မုခသံယတော ဘိက္ခု , မန္တဘာဏီ အနုဒ္ဓတော၊
အတ္ထံ ဓမ္မဉ္စ ဒီပေတိ , မဓုရံ တဿ ဘာသိတံ။

---

**ပါဒ=** [ √ပဒ+ဏ ] ဃနှင့်ဏ-တို့မှာ အနုဗန်မျှသာ၊ ကစ္စည်းအလို ဏ-ပစ္စည်း၊ ပဇ္ဇတေ နေနာတိ-ပါဒေါ၊ မောဂ်-၅၊ ၄၄။ ခြေ။

**ဝါစာသံယတော=** [ ဝါစာ+သံယတ ] နှုတ်ဖြင့်စောင့်စည်း၏၊ နှုတ်ကိုစောင့်စည်း၏။

**သံယတုတ္တမော=** [ သံယတ+ဥတ္တမ ] စောင့်စည်းသောကိုယ်ရှိသော၊ (ဥတ္တမ-ပြဋ္ဌာန်းသော၊ ပဓာနဖြစ်သောကိုယ်။)

**အဇ္ဈတ္တရတော=** [ အဇ္ဈတ္တ+ရတ ] နိယကဇ္ဈတ္တ၌ မွေ့လျော်သော၊ မိမိသန္တာန်၌ဖြစ်သော တရား တို့၌ ဝိပဿနာ၏အစွမ်းဖြင့် မွေ့လျော်သော၊ မိမိသန္တာန်၌ဖြစ်သော ကမ္မဋ္ဌာန်းဘာဝနာ၌ မွေ့လျော်သော၊ ဂေါစရဇ္ဈတ္တ-စသော နိဗ္ဗာန်အာရုံ၌ မွေ့လျော်သော။

**အဇ္ဈတ္တ=** [ အဓိ+အတ္တ ] အတ္တာနံ အဓိကိစ္စပဝတ္တာ-အဇ္ဈတ္တံ၊ ရူ၊ ၃၃၆။ အတ္တကိုစွဲ၍-(အမှီ ပြု၍, အကြောင်းပြု၍) ဖြစ်သောတရား။

**သန္တုသိတော=** [ သံ √တုသ+တ ] ကောင်းစွာ-တင်းတိမ်သော, ရောင့်ရဲသော, ကျေနပ်သော, နှစ်သက်သော။

## ၃၆၃-ပဒဝိဘာဂ

**မုခသံယတော=** [ မုခ+သံယတ ] နှုတ်ဖြင့်စောင့်စည်းသော။

**မန္တဘာဏီ=** [ မန္တာ √ဘဏ+ဏီ ] ပညာဖြင့်ဆင်ခြင်၍ ပြောဆိုလေ့ရှိသော၊ ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့ ပြောဆိုလေ့ရှိသော။

**အနက်** ယောဘိက္ခု-တရားစကား, ဟောကြားတော့မည်, ကြံစည်ရည်ညွှန်း, အကြင်ရဟန်းသည်၊ မုခသံယတော-မျိုးရိုးထိခိုက်,ဂုဏ်ထိခိုက်လျက်, ရိုင်းမိုက်ပြောမှု, မပြုသိမ်းဆည်း, နှုတ်ဖြင့်စောင့်စည်း၏၊ မန္တဘာဏီ-ဉာဏ်ဖြင့်တိုင်းထွာ, ဆင်ခြင်ပါ၍, သာယာသိမ်မွေ့, ပြောဆိုလေ့ရှိ၏၊ အနုဒ္ဓတော-ပျံ့လွင့်ကင်းဝေး, တည်ကြည် ငြိမ်းအေးသောစိတ် ရှိ၏၊ အတ္ထဉ္စ-ဘုရားဟောမြွက်, ဓမ္မစက်၏, အနက်ခေါ်ဆို, အဓိပ္ပာယ်ကိုလည်းကောင်း၊ ဓမ္မဉ္စ-ရှင်တော်မြတ်ဖျား, ဟောကြားထားအပ်, ပါဠိရပ်ကိုလည်းကောင်း၊ ဒီပေတိ-လူရှင်အများ, သိဉာဏ်ပွားအောင်, ပြောကြားပြတတ်၏၊ တဿ-ပြဆိုခဲ့ငြား, ဂုဏ်များထုံမွှမ်း, ထိုရဟန်း၏၊ ဘာသိတံ-မေတ္တာရှေ့ထား, ဟောပြောအပ်သောစကားသည်၊ မဓုရံ-ပါဠိရော အနက်ပါ, ပြည့်စုံလာ၍, ဂုဏ်ဝါမမှိန်, ချိုမြိန်သောအရသာ ရှိပေ၏။

**မြန်မာပြန်** ရဟန်းသည် နှုတ်ကိုစောင့်စည်း၏၊ ပညာဖြင့်ဆင်ခြင်၍ ပြောဆိုလေ့ရှိ၏၊ တည်ကြည်ငြိမ်းအေးသောစိတ်ရှိ၏၊ အနက်ကိုရော, ပါဠိကိုရော ဟောပြောတတ်၏၊ ဤရဟန်းမျိုး၏စကားသည် ချိုမြိန်၏။

**လင်္ကာ** ပညာပြောထု, ရဟန်းမှုကား, နှုတ်မှုအရာ, စောင့်ထိန်းလာ၏၊ ပညာဖြင့်ပင်, ဆင်ခြင်မချွတ်, ပြောဆိုတတ်၏၊ တဖျပ်ဖျပ်လှုပ်, ဆိုးယုတ်မဖက်, စိတ်ငြိမ်သက်၏၊ အနက် ပါဠိ, အစုံညှိ၍, တိတိကျကျ, ဟောပြောပြ၏၊ သူကပြောကြား, စကားများမှာ, ချိုမြိန်ပါ၏။

## ၄-ဓမ္မာရာမတ္ထေရဝတ္ထု

၃၆၄။ ဓမ္မာရာမော ဓမ္မရတော , ဓမ္မံ အနုဝိစိန္တယံ၊
ဓမ္မံ အနုဿရံ ဘိက္ခု , သဒ္ဓမ္မာ န ပရိဟာယတိ။

---

**မန္တာ**= [ √မနု+အန္တ+အာ ] မနတိ ဇာနာတီတိ-မန္တာ၊ အန္တ, အာ၊ ပညာ၊ ဓာန်-ဋီ၊ ၁၅၃။
**အနုဒ္ဓတော**= [ န+ဥဒ္ဓတ ] မပျံ့လွင့်သော၊ တည်ကြည်သော၊ ငြိမ်းအေးသောစိတ်ရှိသော။
**ဥဒ္ဓတ**= [ ဥ √ ဓရ+တ ] ဥဒ္ဓရီယိတ္ထာတိ-ဥဒ္ဓဋော၊ ရူ၊ ၆၃၂။ ထုတ်အပ်သော၊ ထုတ်ဆောင်အပ်သော၊ ချီအပ်သော၊ မြှောက်အပ်သော၊ တုန်လှုပ်သော၊ ပျံ့လွင့်သော၊ တုန်လှုပ်သောစိတ်ရှိသော။
**ဒီပေတိ**= [ √ဒီပ+ဏေ+တိ ] ပြ၏၊ ထင်ရှားပြ၏၊ ဒီပ=(စု) ပကာသနေ-ပြခြင်း၌၊ (ဒီပေတိ၊ ဒီပယတိ။)
**မဓုရ**= [ မဓု+ရ ] မဓု အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ-မဓုရော၊ ရူ၊ ၄၀၁။ အချို၊ ချိုသော၊ ချိုသောအရသာရှိသော၊ ချိုသာသော၊ သာယာသော၊ အလိုရှိအပ်သော။
**ဘာသိတံ**= [ √ဘာသ+တ ] ပြောဆိုအပ်သော၊ ပြောဆိုခြင်း၊ ဟောကြားခြင်း၊ ဘာသာစကား။

### ၃၆၄-ပဒဝိဘာဂ

**ဓမ္မာရာမော**= [ ဓမ္မ+အာရာမ ] သမထဝိပဿနာတရားဟူသော မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်ခြင်းရှိသော။

**အနက်** ဓမ္မာရာမော-အားထုတ်နေကျ,သမထဝိပဿနာ, တရားသာလျှင်, မွေ့လျော်ရာ ရှိသော၊ ဓမ္မရတော-အားထုတ်နေကျ, သမထဝိပဿနာတရား၌သာ မွေ့လျော်သော၊ ဓမ္မံ-သမထဝိပဿနာ, ဘာဝနာတရားကို၊ အနုဝိစိန္တယံ-အထပ်ထပ်အဖန်အဖန်, ကြံဆင်ခြင်တတ်, နှလုံးသွင်းတတ်သော၊ ဓမ္မံ-သမထဝိပဿနာ, ဘာဝနာတရားကို၊ အနုဿရံ-ထပ်ကာထပ်ကာ, ကောင်းစွာမှတ်ရှု, အာရုံပြုသော၊ ဘိက္ခု-ကိလေသာကို, ဖြိုခွဲဖျက်မှု, အကြောင်းပြု၍, ဘိက္ခုရည်ညွှန်း, လူရှင်ရဟန်းသည်၊ သဒ္ဓမ္မာ-ဗောဓိပက္ခိယ, သတ်တိံသနှင့်, နဝဝိဓ, လောကုတ္တရာခေါ်, သူတော်ကောင်းတို့၏ တရားတော်မှ၊ န ပရိဟာယတိ-လွဲချော်ယွင်းပေါ့, မယုတ်လျော့နိုင်ပေ။

**မြန်မာပြန်** သဲသရာဘေးကို ရှုမြင်နေသူ တစ်ဦးသည် သမထဝိပဿနာတရားကို စိတ်ပါဝင်စား၏၊ သမထဝိပဿနာတရား၌ မွေ့လျော်၏၊ သမထဝိပဿနာ တရားကို ထပ်ကာထပ်ကာ နှလုံးသွင်း၏၊ သမထဝိပဿနာတရားကို ထပ်ကာထပ်ကာ ရှုမှတ်၏၊ ထိုသူသည် ဗောဓိပက္ခိယတရား ၃၇-ပါးနှင့် လောကုတ္တရာတရား ၉-ပါးမှ မဆုတ်ယုတ်တော့ပေ။

**လင်္ကာ** နိဗ္ဗာန်မျှော်မှန်း, ရှင်ရဟန်းမူ, ကမ္မဋ္ဌာန်းတရား, စိတ်ဝင်စား၍, တရားအာရုံ, ပွားထုံမပြတ်, မွေ့လျော်တတ်၏၊ မပြတ်တရား, ကြံစဉ်းစားကာ, မမေ့ပါတည်း၊ သို့သာကျင့်ကြား, လူရှင်များမူ, များပြားသူတော်, ကျင့်မွေ့လျော်သည့်, သင့်တော်လှဘိ, ဗောဓိပက္ခိယ, မင်္ဂဖိုလ်မှပါ, ဆုတ်ယုတ်စရာ, မရှိပါတည်း။

## ၅-ဝိပက္ခသေဝကဘိက္ခုဝတ္ထု

၃၆၅။ သလာဘံ နာတိမညေယျ , နာ’ညေသံ ပိဟယံ စရေ၊
အညေသံ ပိဟယံ ဘိက္ခု , သမာဓိံ နာဓိဂစ္ဆတိ။
၃၆၆။ အပ္ပလာဘောပိ စေ ဘိက္ခု , သလာဘံ နာတိမညတိ၊
တံ ဝေ ဒေဝါ ပသံသန္တိ , သုဒ္ဓါဇီဝိံ အတန္ဒိတံ။

---

**ဓမ္မရတော=** [ဓမ္မ+ရတ] သမထဝိပဿနာတရား၌ မွေ့လျော်သော၊ တရား၌မွေ့လျော်သော။

**အနုဝိစိန္တယံ=** [ အနု+ဝိ √ စိန္တ +ဏာယ+အန္တ ] အဖန်ဖန်ကြံ(သိ)သော၊ အဖန်ဖန်ကြံစည်-စဉ်းစား-ဆင်ခြင်-နှလုံးသွင်းသော၊ အဖန်ဖန်စူးစမ်းရှာမှီးသော။

**အနုဿရံ=** [အနု √ သရ+အ+အန္တ ]အဖန်တလဲလဲအောက်မေ့သော၊ အမှတ်ရသော၊ ဆင်ခြင်သော၊ နှလုံးသွင်းသော၊ အာရုံပြုသော။

**ပရိဟာယတိ=** [ပရိ √ ဟာ+ယ+တိ] ဆုတ်ယုတ်၏၊ ယုတ်လျော့၏။

### ၃၆၅, ၃၆၆-ပဒဝိဘာဂ

**သလာဘံ=** [သ+လာဘ] မိမိအလို့ငှာဖြစ်သောလာဘ်၊ မိမိ၏လာဘ်၊ မိမိရသောလာဘ်။

**အတိမညေယျ=** [အတိ √ မန+ယ+ဧယျ] လွန်၍ထင်မှတ်ရာ၏၊အထင်သေးရာ၏၊ မထီမဲ့မြင်ပြုရာ၏။

**အနက်** သလာဘံ-အိမ်စဉ်ရပ်နား, ဆွမ်းခံသွား၍, ဖြစ်ပွားလာရ,မိမိ၏ လာဘ်လာဘကို၊ နာတိမညေယျ-ဆွမ်းခံကျင့်ဝတ်, စွန့်ပယ်ဖြတ်၍, မအပ်မရာ, ဖွေရှာသွေဖီ, မထီမဲ့မြင်, မအောက်မေ့ မမှတ်ထင်ရာ၊ အညေသံ-ပစ္စည်းပေါများ, သူတစ်ပါးတို့၏၊ (လာဘံ-ရှင်လူအများ, လေးစားကြည်ဖြူ, ပေးလှူထားသော လာဘ်ကို၊) ပိဟယံ-တောင့်တမျှော်ကိုး, ချစ်ခင်မြတ်နိုးလျက်၊ န စရေ-မျှော်တလင့်လင့်, မပြုကျင့်ရာ၊ အညေသံ-ပစ္စည်း ဥစ္စာ, လွန်စွာပေါများ, သူတစ်ပါးတို့၏၊ (လာဘံ-ရှင်လူအများ, လှူထားဆက်ကပ်, ရအပ်သော လာဘ်လာဘကို၊) ပိဟယံ-တောင့်တမျှော်ကိုး, ချစ်ခင်မြတ်နိုးသော၊ ဘိက္ခု-သာသနာ့ဝန်ထမ်း, ရှင်ရဟန်းသည်၊ သမာဓိံ-ဥပစာရ, အပ္ပနာဟု, နှစ်ဖြာပြားဘိ, သမာဓိကို၊ နာဓိဂစ္ဆတိ-အာရုံတစ်ပါး, စိတ်ထားယိမ်းယိုင်, မရနိုင်တော့ပေ။

ဘိက္ခု-သာသနာ့ဝန်ထမ်း, ရှင်ရဟန်းသည်၊ အပ္ပလာဘော (သမာနော)ပိ-မပေါမများ, နည်းပါးသောလာဘ်လာဘရှိ(သူဖြစ်)ပါသော်လည်း၊ သလာဘံ-အထက်တန်းစား, အောက်တန်းစားဟု, ပိုင်းခြားကင်းလွတ်, အိမ်စဉ်ရပ်ကာ, လှည့်လည်ရှာ၍, ရလာအပ်စပ်, မိမိ၏ လာဘ်ကို၊ စေ နာတိမညတိ-အကယ်၍ မထီမဲ့မြင် မအောက်မေ့ မမှတ်ထင်အံ့၊ (ဓဝံသတိ-ဤသို့မချွတ်, ဖြစ်တုံလတ်သော်၊) သုဒ္ဓါဇီဝိံ-အနှစ်ပြည့်ကြွယ်, စင်ကြယ်စွာ အသက်မွေးလေ့ရှိသော၊ အတန္ဒိတံ-ခြေသလုံးအား, ကိုးစားနိစ္စ, သက်မွေးရ၍, လုံ့လ ထန်ပြင်း, မပျင်းမရှိသော၊ တံ ဘိက္ခုံ-ဆွမ်းခံကျင့်ဝတ်, မပယ်ဖြတ်ဘဲ, မပြတ်ကြိုးပမ်း, ထိုရဟန်းကို၊ ဝေ-စင်စစ်ကေန်, အမှန်အားဖြင့်၊ ဒေဝါ-ရေးကအားကြီး, ကံအကျိုးကို, အားကိုးခံစား, နတ်ဗြဟ္မာများတို့သည်၊ ပသံသန္တိ-တော်ပါပေစွ, တော်ပါလှဟု, အားရ လိုက်ခုန်, ချီးမွမ်းကြကုန်၏။

**မြန်မာပြန်** ရဟန်းမည်သည် (တရားသဖြင့် ဆွမ်းခံရလာသော) မိမိ၏ လာဘ်ကို မထီမဲ့မြင် မအောက်မေ့ရာ၊ သူတစ်ပါးတို့၏ လာဘ်ကို မမျှော်လင့်မတောင့်တရာ၊ သူတစ်ပါးတို့၏ လာဘ်ကို မျှော်လင့်တောင့်တနေသော ရဟန်းသည် စိတ်တည်ကြည်မှု သမာဓိကိုမျှ မရနိုင်တော့ပေ။

ရဟန်းသည် လာဘ်လာဘနည်းသူပင် ဖြစ်ပါသော်လည်း (တရားနှင့်အညီရလာသော) မိမိလာဘ်ကို အကယ်၍ မထီမဲ့မြင် မအောက်မေ့ မမှတ်ထင်ပါလျှင် အသက်မွေးစင်ကြယ်သည့်အပြင် ပျင်းရိခြင်းမရှိသော ထိုရဟန်းကို နတ်တို့က တကယ်ပင်ချီးမွမ်းကြရကုန်၏။

---

**ပိဟယံ**= [ √ပိဟ+ဏယ+အန္တ ] ချစ်မြတ်နိုးသော။

**အပ္ပလာဘော**= [အပ္ပ+လာဘ] နည်းသောလာဘ်ရှိသော၊ လာဘ်လာဘနည်းပါးသော။

**သုဒ္ဓါဇီဝိံ**= [သုဒ္ဓ+အာ √ ဇီဝ+ဏီ] စင်ကြယ်စွာ အသက်မွေးလေ့ရှိသော၊ စင်ကြယ်သော အားဖြင့် အသက်မွေးလေ့ရှိသော။

[သုဒ္ဓါဇီဝ+ဤ] စင်ကြယ်သော အသက်မွေးခြင်းရှိသော။

(လက်ာ) ရဟန်းသည်ကား, တရားညီစွာ, ဖွေရှာရအပ်, မိမိလာဘ်ကို, မအပ်မရာ, ဖွေရှာကြံစည်, မထီမဲ့မြင်, မှတ်ထင်ခြင်းငှာ, မသင့်ပါတည်း၊ သူ့မှာများလှ, လာဘ်လာဘကို, တောင့်တခြင်းငှာ, မသင့်ပါတည်း၊ သူ့မှာများလှ, လာဘ်လာဘကို, တောင့်တနေပါ, ရဟန်းမှာကား, သမာဓိမျှ, ရရှိခြင်းငှာ, မလွယ်ပါတည်း။

ရဟန်းဟူက, လာဘ်လာဘပင်, နည်းလှစေကာ, ပြစ်ဆာကင်းလွတ်, မိမိလာဘ်ကို, မအပ်မရာ, ဖွေရှာလာချင်, ထင်မြင်သေးမှု, မပြုလျှင်မူ, စင်ဖြူသက်မွေး, ကင်းဝေးပျင်းရိ, လုံ့လရှိလွန်း, ထိုရဟန်းကို, စံမြန်းနတ်ရွာ, နတ်တကာက, ချီးကျူးကြ၏။

## ၆-ပဥ္စဂ္ဂဒါယကဗြာဟ္မဏဝတ္ထု

၃၆၇။ သဗ္ဗသော နာမရူပသ္မိံ , ယဿ နတ္ထိ မမာယိတံ၊
အသတာ စ န သောစတိ , သ ဝေ 'ဘိက္ခူ'တိ ဝုစ္စတိ။

(အနက်) ယဿ-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်၏၊ သဗ္ဗသော-သဗ္ဗသ္မိံ-တစ်ပါးမကြွင်း, ခပင်းဥဿုံ, အလုံးစုံသော၊ နာမရူပသ္မိံ-နာမ်ကလေးပါး, ရုပ်တစ်ပါးဟု, ငါးပါးခန္ဓာ, စပ်၍သာလျှင်, ဖြစ်လာအဟုတ်, နာမ်နှင့်ရုပ်၌၊ မမာယိတံ--ငါ ငါ၏ဟာဟု, မြတ်နိုးစွဲလမ်းမှုသည်၊ နတ္ထိ-တပ်ခြင်းကင်းကွာ, မရှိတော့ပါပေ၊ အသတာ စ-ရုပ်နာမ် နှစ်ပါး, ချုပ်ပျက်သွား၍, ထင်ရှားမရှိပါသော်လည်း၊ န သောစတိ-ငါ့ရုပ် ငါ့နာမ်, ပျက်သွားပြန်ဟု, ဖန်ဖန်ညိုးမှိန်, မစိုးရိမ် မပူဆွေးပေ၊ သ-သော-ရုပ်နာမ် နှစ်ဖြာ, ရှိနေပါလည်း, ကင်းကွာတပ်မက်, ချုပ်ပျောက်ပျက်လည်း, စိတ်ပျက်ညှိုးမှိန်, မစိုးရိမ် မပူပန်သော ထိုသူမျိုးကို၊ ဝေ-စင်စစ်ဧကန်, အမှန်အားဖြင့်၊ ဘိက္ခူတိ-ဖြိုခွဲခက်လှ, ကိလေသကို, ဖြိုချတတ်သူ, ဘိက္ခုဟူ၍၊ ဝုစ္စတိ-ဂုဏ်နှင့်ဒြပ်, ညီညွတ်လျော်စွာ, ခေါ်ဝေါ်အပ်ပါပေ၏။

(မြန်မာပြန်) ရုပ်တရား နာမ်တရား၌ ငါ,ငါ၏ဥစ္စာဟု မြတ်နိုးစွဲလမ်းမှုလည်းမရှိ၊ ထိုရုပ်နာမ်တရား ပျက်စီးသွားသော်လည်း (ငါ,ငါ၏ဥစ္စာ ပျက်စီးသွားခဲ့ပြီဟု) **စိုးရိမ်** ပူပန်မှုလည်း မရှိသောသူကို အမှန်အားဖြင့် ဘိက္ခု(ရဟန်း)ဟု ခေါ်သည်။

---

### ၃၆၇-ပဒဝိဘာဂ

**မမာယိတံ=** [မမ+အာယ+တ] မမ ဣဒန္တိ ဂယှတေ-မမာယိတံ၊ ငါ့ဥစ္စာဟု ယူခြင်း၊ စွဲလမ်းခြင်း၊ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်း၊ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးအပ်သော၊ နီတိ-ဓာ၊ ၃၇၂-ကို ရှုပါ။

[ √မာ+တ ] မာ-ကို ဒွေဘော်ပြု၊ ရှေ့ မာ-၏ အာ-ကို ရဿ-ပြု၊ နောက် မာ-၏ အာ-ကို အာယ-ပြု၊ ဣ-လာ၊ မမာယိတ၊ နိရုတ္တိ-နှာ၊ ၃၈၉-ကိုရှု၊ မြတ်နိုးခြင်း၊ မြတ်နိုးအပ်သော။

**လင်္ကာ** ဖြစ်ခိုက်ထင်ရှား, ရုပ်နာမ်များဝယ်, ဤကားငါဟာ, ငါ့ဥစ္စာဟု, မြတ်နိုးမှုမှာ, မရှိပါဘဲ, ဖြစ်လာခဲ့ပြန်, ရုပ်နာမ်နှစ်ပါး, ပျက်စီးသွားလည်း, ဤကား ငါဟာ, ငါ့ဥစ္စာများ, ပျက်စီးသွားဟု, ဖြစ်ပွားပူပန်, မရှိပြန်မူ, ထိုသူစင်စစ်, ရဟန်းဖြစ်၏။

## ၇-သမ္မဟုလဘိက္ခုဝဂ္ဂ

၃၆၈။ မေတ္တာဝိဟာရီ ယော ဘိက္ခု , ပသန္နော ဗုဒ္ဓသာသနေ၊
အဓိဂစ္ဆေ ပဒံ သန္တံ , သင်္ခါရူပသမံ သုခံ။

၃၆၉။ သိဉ္စ ဘိက္ခု ဣမံ နာဝံ , သိတ္တာ တေ လဟုမေဿတိ၊
ဆေတွာ ရာဂဉ္စ ဒေါသဉ္စ , တတော နိဗ္ဗာနမေဟိသိ။

၃၇၀။ ပဉ္စ ဆိန္ဒေ ပဉ္စ ဇဟေ , ပဉ္စ စုတ္တရိ ဘာဝယေ၊
ပဉ္စသင်္ဂါတိဂေါ ဘိက္ခု , ဩဃတိဏ္ဏောတိ ဝုစ္စတိ။

၃၇၁။ ဈာယ ဘိက္ခု မာ ပမာဒေါ , မာ တေ ကာမဂုဏေ ရမဿု စိတ္တံ၊
မာ လောဟဂုဠံ ဂိလီ ပမတ္တော , မာ 'ကန္ဒိ ဒုက္ခမိဒ'န္တိ ဍယှမာနော။

၃၇၂။ နတ္ထိ ဈာနံ အပညဿ , ပညာ နတ္ထိ အဈာယတော၊
ယမှိ ဈာနဉ္စ ပညာ စ , သ ဝေ နိဗ္ဗာနသန္တိကေ။

၃၇၃။ သုညာဂါရံ ပဝိဋ္ဌဿ , သန္တစိတ္တဿ ဘိက္ခုနော၊
အမာနုသီ ရတီ ဟောတိ , သမ္မာ ဓမ္မံ ဝိပဿတော။

၃၇၄။ ယတော ယတော သမ္မသတိ , ခန္ဓာနံ ဥဒယဗ္ဗယံ၊
လဘတီ ပီတိပါမောဇ္ဇံ , အမတံ တံ ဝိဇာနတံ။

၃၇၅။ တတြာယမာဒိ ဘဝတိ , ဣဓ ပညဿ ဘိက္ခုနော၊
ဣန္ဒြိယဂုတ္တိ သန္တုဋ္ဌိ , ပါတိမောက္ခေ စ သံဝရော။

၃၇၆။ မိတ္တေ ဘဇဿု ကလျာဏေ , သုဒ္ဓါဇီဝေ အတန္ဒိတေ၊
ပဋိသန္ထာရဝုတျဿ , အာစာရကုသလော သိယာ၊
တတော ပါမောဇ္ဇဗဟုလော , ဒုက္ခဿန္တံ ကရိဿတိ။

**အနက်** ယော ဘိက္ခု-နိဗ္ဗာန်မျှော်မှန်း, အကြင်ရဟန်းသည်၊ မေတ္တာဝိဟာရီ-မေတ္တာကမ္မဋ္ဌာန်း, စီးဖြန်းပွားများ, မေတ္တာဈာန်ဝင်စား၍ နေတတ်၏၊ ဗုဒ္ဓသာသနေ-သစ္စာလေးပါး, ပိုင်းခြားသိမြင်, ဘုရားရှင်၏, ပဲ့ပြင်ကျူန, ဆုံးမကွပ်ညှပ်ရာ, သာသနာ၌၊ ပသန္နော-သိက္ခာသုံးပါး, ကျင့်သောအားဖြင့်, လေးစားမှိခို, သက်ဝင်ကြည်ညို၏၊ သော

---

**၃၆၈, ။ ပ ။ ၃၇၆-ပဒဝိဘာဂ**

**မေတ္တာဝိဟာရီ=** [မေတ္တာ+ဝိ √ဟရ+ဏီ] မေတ္တာဖြင့်နေလေ့ရှိသော၊ မေတ္တာပွားများပို့သနေသော။ ဆန်းကြောင့် ရဿပြုထားသည်။
[မေတ္တာဝိဟာရ+ဤ] မေတ္တာဖြင့်နေခြင်းရှိသော၊ မေတ္တာဈာန်နှင့်ပြည့်စုံသော။

ဘိက္ခု-သုံးပါးသိက္ခာ, ကျင့်စရာကို, လွန်စွာနှစ်လို, ကြည်ညိုကြီးပမ်း, ထိုရဟန်းသည်၊ သန္တံ ပဒံ-ငြိမ်းအေးချမ်းမှု, အဖို့အစုဖြစ်သော၊ သင်္ခါရူပသမံ-ရုပ်နာမ်ဓမ္မ, သင်္ခါရတို့၏, ငြိမ်းအေးရာဖြစ်သော၊ သုခံ-ချမ်းသာအထွတ်, နိဗ္ဗာန်ဓာတ်ကို၊ အဓိဂစ္ဆေ-လက်ရပိုင်ပိုင်, ရနိုင်တော့သည်သာတည်း။

ဘိက္ခု-သံသရာဘေး, လွတ်ရေးမျှော်မှန်း, အိုရဟန်း !၊ ဣမံ နာဝံ-ရုပ်နာမ်နှစ်ဖြာ, ပေါင်းကာတည်နေ, ဤအတ္တဘောဟူသော လှေကို၊ သိဉ္စ-မိစ္ဆာဝိတက်, အလိုပျက်ရေများ, ကုန်စင်သွားအောင်, ကြိုးစား၍သာ, ပက်ထုတ်သွန်းလောင်းလိုက်ပါလော့၊ တေ-ဝဋ်သံသရာ, လွတ်ရာရည်မှန်း, သင်ရဟန်း၏၊ သိတ္တာ-မိစ္ဆာဝိတက်, အလိုပျက်ရေ, သွန်းလောင်းအပ်ပြီးသော အတ္တဘောလှေသည်၊ လဟုံ-နစ်မြုပ်မသွား, ပေါ့ပါးလျှင်မြန်စွာ၊ ဧသေတိ-ဝဋ်ကိုလွန်မြောက်, နိဗ္ဗာန်ဟူသော တစ်ဖက်ကမ်းသို့ ရောက်လတ္တံ့၊ ရာဂဉ္စ-ရာဂခေါ်ဆို, အနှောင်အဖွဲ့ကိုလည်းကောင်း၊ ဒေါသဉ္စ-ဒေါသခေါ်ဆို, အနှောင်အဖွဲ့ကိုလည်းကောင်း၊ ဆိန္ဒ-အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, သွက်လက်မညှာ, ဖြတ်တောက်လိုက်ပါလော့၊ ဆေတွာ-အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, ဖြိုဖျက်ဖိစီး, ဖြတ်တောက်ပြီး၍၊ တတော-ထိုသို့ပယ်ဖြတ်, အရဟတ်ဖိုလ်ထိး, ရောက်ပြီးသည်မှ, နောက်ကာလ၌၊ နိဗ္ဗာနံ-ခန္ဓာကင်းပြတ်, အနုပါဒိသေသနိဗ္ဗာန်ဓာတ်သို့သာလျှင်၊ ဧဟိသိ-လွဲသွေမဖောက်, ရောက်ရလိမ့်သတည်း။

---

**မေတ္တာ**= [ √မိဒ+တ+အာ ] မိဇ္ဇတိ သိနေဟတီတိ-မေတ္တာ၊ တ, အာ၊
[မိတ္တ+ဏ+အာ] အထဝါ= မိတ္တေ ဘဝါ မေတ္တာ၊ ဓာန်-ဋီ၊ ၁၆၁။ ချစ်တတ်သော သဘောတရား၊ မေတ္တာကမ္မဋ္ဌာန်း။

**ဗုဒ္ဓသာသနေ**= [ဗုဒ္ဓ+သာသန] ဘုရားရှင်၏အဆုံးအမ၊ ဘုရားသာသနာ။

**သန္တံ**= [ √သမု+တ ] ရာဂါဒီနံ သန္တကရဏတ္တာ-သန္တံ၊ ဓာန်-ဋီ၊ ၆။ နိဗ္ဗာန်။

**သင်္ခါရူပသမံ**= [သင်္ခါရ+ဥပသမ] သင်္ခါရတို့၏ ငြိမ်းအေးရာဖြစ်သော။

**သင်္ခါရ**= [သံ √ကရ+ဏ] ပစ္စယေဟိ သင်္ဂမ္မ ကရိယတိ, သင်္ခရိယတိ တေန, သင်္ခရဏန္တိ တိ ဝါ-သင်္ခါရော၊ ရူ၊ ၅၈၂။ သင်္ခရဏံ-သင်္ခါရော၊ သင်္ခရိယတီတိ ဝါ-သင်္ခါရော၊ သင်္ခရော တီတိဝါ-သင်္ခါရော၊ နိရုတ္တိ-နှာ၊ ၅၄၀။ အကြောင်းတရားကြောင့် ဖြစ်ရသော-သင်္ခါရတရား။

**သိဉ္စ**= [ √သိစ+အ+ဟိ ] သွန်းလောင်းလော့၊ ပက်ထုတ်လော့၊ စွန့်ပစ်လော့၊ လောင်းထည့်လော့၊ သိစ=(ဘူ+ရု) သေစနေ-သွန်းလောင်းခြင်း၌၊ (သေစတိ၊ သိဉ္စတိ။)

**နာဝံ**= [ √ နု+အ+အာ ] နု-ထုတိယံ၊ အ၊ ဝုမှာဝါဒေသာ၊ နာဝါ၊ ဓာန်-ဋီ၊ ၆၆၆။ လှေ၊ ရေယာဉ်၊ အတ္တဘော၊ ခန္ဓာကိုယ်၊ လှေနှင့်တူသော အရိယမဂ်။ နု=(ဘူ) ထုတိယံ-ချီးမွမ်းခြင်း၌၊ (နောတိ၊ နဝတိ။)

ပဥ္စ-အပါယ်ရောက်အောင်, ပို့ဆောင်တတ်ကြ‌ား, အောက်သံယောဇဉ်ငါးပါးတို့ကို၊ ဆိန္ဒေ-အောက်မဂ်သုံးပါး, လက်နက်များဖြင့်, ပယ်ရှားလျက်သာ, ဖြတ်တောက်ရာ၏၊ ပဥ္စ-ဗြဟ္မပြည်ရောက်အောင်, ပို့ဆောင်တတ်ကြ‌ား, အထက်သံယောဇဉ် ငါးပါးတို့ကို၊ ဇဟေ-အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, ဖျက်ဆီးလျက်သာ, ပယ်စွန့်ရာ၏၊ ပဥ္စ-သဒ္ဓါ ပညာ, သမာဓိရိ, မှုံ့စေဘိ၍, သတိများစေ, ငါးပါးသောဣန္ဒြေတို့ကိုလည်း၊ ဥတ္တရိ-လွန်စွာ၊ ဘာဝယေ-ထက်သံယောဇဉ်များ, ပယ်ရှားခြင်းငှာ, ပွားစေရာ၏၊ ပဥ္စသင်္ဂါတိဂေါ-ရာဒေါမောဟ, မာနဒိဋ္ဌိ, ငါးပါးသောငြိတွယ်ခြင်းကို လွန်မြောက်ပြီးသော၊ ဘိက္ခု-သံသရာဘေး, လွတ်ရေးမျှော်မှန်း, ရှင်ရဟန်းကို၊ ဩဃတိဏ္ဏောတိ-ဩဃလေးပါး, ကာရားများကို, ပယ်ရှားလွယ်ကူ, ကူးမြောက်ပြီးသူဟူ၍၊ ဝုစ္စတိ-ဂုဏ်နှင့်ဒြပ်, စပ်ဟပ်ညီထွေ, ခေါ်ဝေါ်အပ်ပါပေ၏။

ဘိက္ခု-သံသရာဘေး, လွတ်ရေးမျှော်မှန်း, အို ရဟန်း !၊ ဈာယ-အာရုံ လက္ခဏာ, ရှုစရာကို, သေချာစေ့ငု, ရှုလိုက်ပါလော့၊ ပမာဒေါ-သတိကင်းလွတ်, မေ့လျော့ပေါ့ဆ တတ်သူသည်၊ မာ ဟောဟိ-ရှုမှတ်ကင်းကွာ, မဖြစ်ပါစေနှင့်၊ တေ-နိဗ္ဗာန်မျှော်မှန်း, သင်ရဟန်း၏၊ စိတ္တံ-အာရုံရှိရာ, လိုက်ပါသွားတတ်, ကြံစည်သိမှတ်တတ်သောစိတ်ကို၊ ကာမဂုဏေ-ချစ်ခင်စုံမက်, နှစ်သက်မြတ်နိုးအပ်သော ကာမအဖို့အစု၌၊ မာ ရမဿု-သတိကင်းကွာ, မမွေ့လျော်ပါစေလင့်၊ ပမတ္တော-သတိကင်းလွတ်, မေ့လျော့တတ်သည် ဖြစ်၍၊ လောဟဂုဠံ-ဒုက္ခမွေလီ, ငရဲပြည်ဝယ်, နီနီရဲရဲ, သံပူခဲကို၊ မာ ဂိလိ-ရောင်လွဲမသာ, မမျိုမိပါစေလင့်၊ ဒယှမာနော-ငရဲမီးပူ, လွယ်ကူလာဟပ်, လောင်မြိုက်အပ်သည် ဖြစ်၍၊ ကန္ဒ-လွန်စွာထန်ပြင်း, ဤပူလောင်ခြင်းကား၊ ဒုက္ခန္တိ-သက်သာမရ, ဆင်းရဲလှပါပေစွဟူ၍၊ မာ ကန္ဒိ-လွန်စွာညှိုးနွမ်း, မမြည်တမ်းရပါစေလင့်။

---

**သိတ္တာ**= [ √သိစ+တ+အာ ] သွန်းလောင်းအပ်သော၊ ဆွတ်ဖြန်းအပ်သော၊ သွန်းအပ်သော၊ ပက်အပ်သော၊ ထုတ်ပစ်အပ်သော၊ လောင်းထည့်အပ်သော။

**ဇဟိသိ**= [ √ဟ+အ+သတိ ] ဿ-ကို ဟိ-ပြု၊ မောဂ်-၆၊ ၆၆။ ရောက်ရလိမ့်မည်။

**ဥတ္တရိ**= [ဥတ္တရိ-အဗျယ] အလွန်၊ လွန်စွာ၊ အထက်၌။

**ပဥ္စသင်္ဂါတိဂေါ**= [ပဥ္စသင်္ဂ+အတိဂ] သင်္ဂတရားငါးပါးတို့ကို လွန်မြောက်သော။

**ပဥ္စသင်္ဂ**= [ပဥ္စ+သင်္ဂ] လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ-ဟူသော ကပ်ငြိ- တွယ်တာ-စွဲလမ်းတတ်သော တရားငါးပါး။

**ဆောင်**။ ။လောဒေါမောဟ, မာနဒိဋ္ဌိ, ငါးပါးရှိ, ကပ်ငြိတရားများ။

**ဩဃတိဏ္ဏော**= [ဩဃ+တိဏ္ဏ] ဩဃလေးပါးကို ကူးမြောက်ပြီးသော။

**ကာမဂုဏေ**= [ကာမ+ဂုဏ] ချစ်ခင်-စုံမက်-နှစ်သက်-မြတ်နိုးအပ်သော ကာမအဖို့အစု (ရူပါရုံ-စသည်)၊ ကာမအနှောင်အဖွဲ့၊ ကာမဂုဏ်။

အပညသ–ဈာန်ရရှိရန်, မှန်မှန်ကြိုးကုတ်, အားထုတ်လုံ့လ, ဝီရိယနှင့်ယှဉ်သော ပညာမရှိသူ၏၊ ဈာန်–နိဝရဏမျိုး, တရားဆိုးကို, လွှမ်းမိုးပယ်သတ်, လောင်မြိုက်တတ်သော ဈာန်သည်၊ နတ္ထိ–အလှမ်းဝေးကွာ, မရှိနိုင်ပါပေ၊ အဈာယတော–ကသိုဏ်းစသား, အာရုံများကို, ပွားများရှုမှတ်, မပြုတတ်သောပုဂ္ဂိုလ်၏၊ ပညာ–သမာဓိမျှ, မရှိကမူ, တိကျပိုင်းဖြတ်, ဟုတ်တိုင်းမှန်စွာ, သိမြင်တတ်သောပညာသည်၊ နတ္ထိ–အကြောင်းမပိုင်, မရှိနိုင်ပါပေ၊ ယမှိ–ရှုမှတ်ပွားများ, တရားရလို, အကြင်ပုဂ္ဂိုလ်၌၊ ဈာနဉ္စ–နိဝရဏမျိုး, တရားဆိုးကို, လွှမ်းမိုးပယ်သက်, လောင်မြိုက်တတ်သော ဈာန်သည်လည်းကောင်း၊ ပညာစ–တိကျပိုင်းဖြတ်,ဟုတ်တိုင်းမှန်စွာ,သိတတ်သောပညာသည်လည်းကောင်း၊ အတ္ထိ–ပညာနှင့်ဈာန်, ပြန်အလှန်သာ, ကြောင်းဖြစ်လာ၍, မှန်စွာမသွေ, ရှိနေပါပေ၏၊ သ–သော–ဈာန်နှင့်ပညာ, နှစ်ဖြာထိန်းသို, ထိုပုဂ္ဂိုလ်သည်၊ နိဗ္ဗာနသန္တိကေ–တဏှာကင်းပြတ်, နိဗ္ဗာန်ဓာတ်ကို, စွန့်လွှတ်မသွား, အနီးအနား၌၊ ဌိတောဃေဝ–မျှော်ဆိုင်းငံ့ကာ, တည်နေသည်သာတည်း။

သုညာဂါရံ–လူသူကင်းပြတ်, ဆိတ်ငြိမ်ရာအရပ်သို့၊ ပဝိဋ္ဌဿ–ကမ္မဋ္ဌာန်းတရား, စွန့်မထားဘဲ, ပွားများဖို့ရာ, ဝင်ရောက်နေထိုင်လာသော၊ သန္တစိတ္တဿ–ကိလေသာဟူ, အပူကင်းဝေး, ငြိမ်းအေးသောစိတ်ရှိထသော၊ သမ္မာ–မဖောက်မပြန်, မှန်ကန်ပေတောင်း, သင့်မြတ်သောအကြောင်းအားဖြင့်၊ ဓမ္မံ–ခန္ဓာငါးပါး, ရုပ်နာမ်တရားကို၊ ဝိပဿတော–ထူးထွေခြားနား, ရှုမှတ်ပွားများသောပုဂ္ဂိုလ်၏၊ အမာနုသီ–အိမ်ရာထောင်သူ, လူတို့၏ဥစ္စာ, ကာမသုခရတိထက်သာသော၊ ရတိ–ရှစ်ပါးသမာပတ်, ခေါ်ဝေါ်အပ်သည့်, နတ်၌ဖြစ်ပွား, မွေ့လျော်မှုသဘောတရားသည်၊ ဟောတိ–မလွဲသေချာ, ဖြစ်ပေါ်လာရပါပေ၏။

---

**ဂုဏ**= [ √ဂုဏ+အ ] ဂေါဏာပိယတိ အာမန္တာပိယတိ အတ္တာနိ ပတိဋ္ဌိတော ပုဂ္ဂလော ဒဠှံ သောတုံ ပူဇိတုဉ္စ ဣစ္ဆန္တေဟိ ဧနေဟိတိ–ဂုဏော၊ နီတိ–ဓာ၊ ၃၀၄။ ဂုဏ်ကျေးဇူး၊ အထပ်အလွှာ၊ အနှောင်အဖွဲ့၊ အပေါင်းအစု–စသည်။

[ √ဂုဏ+အ ] ဂုဏပကာသနေ– ပကာသေတိ ကာရဏန္တိ–ဂုဏော၊ ဂဏ သင်္ချာနေ ဝါ အဿ ဂုဏော။ အကျိုး၊ ဓာန်–ဋီ၊ ၇၆၇။

**ရမဿု**= [ √ရမု+ဏေ+ဿု ] မွေ့လျော်စေပါလော့၊ ပျော်မြူးစေပါလော့။

**လောဟဂုဠံ**= [လောဟ+ဂုဠ] သံတွေခဲ။

**လောဟ**= [ √လူ+ဟ ] ဦ–ကို ဩ–ပြု၊ လုနာတိ ဧတေနာတိ–လောဟံ= အယာဒိ၊ သံ–စသည်။ မောဂ်–၇၊ ၂၂၃။

**ဂိလိ**= [ √ဂိလ+အ+ဣ ] မျိုပြီ၊ ဂိလ=(ဘူ) အဇ္ဈောဟရဏေ–မျိုးခြင်း၌၊ (ဂိလတိ။)

**ကန္ဒိ**= [ √ကန္ဒ+အ+ဣ ငိုကြွေးမြည်တမ်းရပြီ၊ ကန္ဒ=(ဘူ) ရောဒနာဒိသု–ငိုကြွေးခြင်း–ဧသည်တို့၌၊ (ကန္ဒတိ။) ကဒိ–ရောဒနာဝှါနဗျာကုလေသု။ တူ၏။

ယတော ယတော–သုံးဆယ့်ရှစ်ပါး, အာရုံများတွင်, အကြင်အကြင်အခြင်းအရာအားဖြင့်၊ ဝါ–အကြင်အကြင်အလိုရှိရာအချိန်အခါ၌၊ ခန္ဓာနံ–ရုပ်နှင့်နာမ်သော, ငါးခန္ဓာတို့၏၊ ဥဒယဗ္ဗယံ–နှစ်ဆယ့်ငါးပါး, လက္ခဏာများဖြင့်, မနားသွက်လက်, ဖြစ်အပျက်ကို၊ သမ္မသတိ–မရပ်မနား, ကြိုးစားထပ်ထပ်, ဆင်ခြင်သုံးသပ်၏၊ တတော တတော–သုံးသပ်ပွားများ, ထိုထိုအခြင်းအရာအားဖြင့်၊ ဝါ–သုံးသပ်ဆင်ခြင်ရာ, ထိုထိုအခါ၌၊ ပီတိပါမောဇ္ဇံ–ရုပ်နာမ်နှစ်ဖြာ, ကြောင်းမကွာဘဲ, ထင်လာလတ်က, ဖြစ်ရရှင်းလင်း, တရားနှင့်ယှဉ်သော နှစ်သက်ဝမ်းမြောက်ခြင်းကို၊ လဘတိ–ရှောင်လွဲမသာ, ရရှိလာ၏၊ တံ–တရားနှင့်သာ, ယှဉ်လာမကင်း, ထိုနှစ်သက်ဝမ်းမြောက်ခြင်းသည်၊ ဝိဇာနတံ–ဝိပဿနာကမ္မဋ္ဌာန်း, ကြိုးပမ်းဆင်ခြင်, ပညာရှင်တို့၏၊ အမတံ–နိဗ္ဗာနဓာတ်, ရောက်စေတတ်၍, မချွတ်ဧကန်, အမြိုက်နိဗ္ဗာန်သည်သာလျှင်၊ ဟောတိ–အမှန်မသွေ, ဖြစ်ရပါပေ၏။

ဣဓ–သင်ယူကျင့်လျှင်, သိမြင်ထင်ပေါ်, ဤသာသနာတော်၌၊ ပညဿ–ပဋိသန္ဓေ, တည်နေခါမှ, စ၍ပါလာ, ပညာရှိသော၊ ဘိက္ခုနော–သံသရာဘေး, လွတ်ရေးမျှော်မှန်း, ရှင်ရဟန်း၏၊ ဣန္ဒြိယဂုတ္တိ–သတိမကင်း, စက္ခုစသောဣန္ဒြေတို့ကို စောင့်စည်းခြင်းသည်လည်းကောင်း၊ သန္တုဋ္ဌိ–မိမိရထား, ပစ္စည်းလေးပါးတို့၌ ရောင့်ရဲခြင်း (ပစ္စဝေက္ခဏာဆင်ခြင်သုံးစွဲခြင်း)သည်လည်းကောင်း၊ ပါတိမောက္ခေ–ကြီးမားပြောင်မြောက်, ပါ၀ိမောက်၌၊ သံဝရော စ–သဒ္ဓါထန်ပြင်း, စောင့်စည်းဖြည့်ကျင့်ခြင်းသည်လည်းကောင်း၊ အတ္တိ–ထင်ရှားမသွေ, ရှိနေပါပေ၏၊ အယံ–သီလလေးဖြာ, လွန်စွာပြောင်ဝင်း, ဤသို့စင်ကြယ်သန့်ရှင်းခြင်းသည်၊ တတြ–နိဗ္ဗာန်ရောက်ကြောင်း, ထိုအကျင့်ပေါင်း၌၊ ဝါ–တရားနှင့်သာ, ယှဉ်လာမကင်း, ထိုနှစ်သက်ဝမ်းမြောက်ခြင်းကို ရရာ၌၊ အာဒိ–အရေးကြီးလှ, ရှေးဦးဆုံးသော နေရာဌာနသည်၊ ဝါ–အစရှေ့ဦး, နေရာထူးသည်၊ ဘဝတိ–ထင်ရှားမသွေ, ဖြစ်လာရပါပေ၏။

---

**ဒယှမာနော=** [ √ဒဟ+ယ+မာန ] လောင်းကျွမ်းအပ်သော၊ လောင်မြိုက်အပ်သော။

**အပညဿ=** [န+ပညာ] ပညာမရှိသော၊ ပညာမဲ့သော။

**အရာယတော=** [န+ရာယန္တ ] ရှာန်မဝင်စားသော။

**နိဗ္ဗာနသန္တိကော=** [နိဗ္ဗာန+သန္တိက ] နိဗ္ဗာန်၏အနီးဖြစ်သော။

**သုညာဂါရံ=** [သုည+အဂါရ] ဆိတ်ငြိမ်ရာအရပ်။

**သုညံ=** [သုန+ယ] သုနဿ ဟိတံ–သုညံ၊ ယော, နျဿ ညော။
[ √သုန+ယ ] သုန–ဂတိယံ ဝါ၊ ယော၊ ဓာန်–ဋီ၊ ၆၉၈။ လူသူကင်းဆိတ်သော၊ လူသူမရှိသော၊ အချိုးနီးသော၊ အနှစ်သာရမရှိသော။

**ပဝိဋ္ဌဿ=** [ပ √ဝိသ+တ ] ပဝိသီယိတ္ထာတိ–ပဝိဋ္ဌော၊ ရူ၊ ၆၂၆။ ဝင်အပ်ပြီးသော၊ ဝင်သော။

သဒ္ဓါဗိဝေ-တရားမယွင်း, စင်ကြယ်သော အသက်မွေးခြင်းရှိကုန်သော၊ အတန္ဒိတေ-ဆွမ်းခံကျင့်ဝတ်, မချွတ်စေရ, သက်မွေးလှ၍, လုံ့လထန်ပြင်း, ပျင်းရိခြင်းကင်းကုန်သော၊ ကလျာဏေ မိတ္တေ-သီလဖြူစင်, ဓုတင်ကြီးပမ်း, ကမ္မဋ္ဌာန်းမွေ့လျော်, သင့်တော်ကောင်းမြတ်သော မိတ်ဆွေတို့ကို၊ ဘဇဿု-ရှိသေကိုင်းညွှတ်, မှီဝဲဆည်းကပ်လေလော့၊ ပဋိသန္ထာရဝုတ္တိ-အာမိသ ဓမ္မ, နှစ်ဝစေ့စပ်, လောကဝတ်ပြဘိ, ပြည့်စုံသော အသက်မွေးခြင်းရှိသူသည်၊ အဿ-ဖြစ်ရာ၏၊ အာစာရကုသလော-သီလတစ်ရပ်, ကျင့်ဝတ်များမှာ, လိမ္မာကျွမ်းကျင်သောသူသည်၊ သိယာ-ဖြစ်ရာ၏၊ တတော-ပျူငှာလောကဝတ်, စေ့အစပ်နှင့်, သီလဝတ်မှာ, ထိုသို့လိမ္မာကျွမ်းကျင်သောကြောင့်၊ ပါမောဇ္ဇဗဟုလော-တရားလျော်စွာ, ဖြစ်ပေါ်လာကြား, ဝမ်းမြောက်ခြင်းများသူသည်၊ ဟုတွာ-ဖြစ်၍၊ ဒုက္ခဿ-တေဘူမက, အလုံးစုံသော ဝဋ်ဒုက္ခ၏၊ အန္တံ -ချုပ်ကွယ်ပျောက်ကင်း, ကုန်ဆုံးခြင်းကို၊ ကရိဿတိ-မလွဲမသွေ, ပြုရပေလတ္တံ့။

**မြန်မာပြန်** မေတ္တာကမ္မဋ္ဌာန်း, စီးဖြန်းပွားများ, မေတ္တာဈာန်ဝင်စားနေလျက် ဗုဒ္ဓမြတ်စွာ, သာသနာတော်၌ ကြည်ညိုသော ရဟန်းသည် ရုပ်နာမ်ဓမ္မ, သင်္ခါရတို့၏ ငြိမ်းအေးရာ ချမ်းသာငြိမ်သက်သော နိဗ္ဗာန်သို့ ရောက်ရလေ၏။

ရဟန်း ! ဤ(သင့်ကိုယ်ဟူသော)လှေမှ (အကြံများ မိစ္ဆာဝိတက်ဟူသောရေကို) ပက်ထုတ်လိုက်ပါလော့၊ ယင်းသို့ပက်ထုတ်လိုက်လျှင် သင်၏ကိုယ်ဟူသော လှေသည် လျှင်မြန်စွာ ဝဋ်ကိုလွန်မြောက် နိဗ္ဗာန်ဟူသောတစ်ဖက်ကမ်းသို့ ရောက်လိမ့်မည်၊ (အနှောင်အဖွဲ့ဖြစ်သော) ရာဂနှင့်ဒေါသကိုဖြတ်လျှင် ယင်းသို့ဖြတ်ပြီးသည့်နောက် သင် နိဗ္ဗာန်သို့ ရောက်ရလိမ့်မည်။

---

**သန္တစိတ္တဿ=** [သန္တ+စိတ္တ] ငြိမ်သက်သောစိတ်ရှိသော။

**အမာနုသီ=** [န+မာနုသီ] လူတို့၏ ဥစ္စာဖြစ်သော ကာမသုခရတိ မဟုတ်သော၊ လူတို့၏ ဥစ္စာဖြစ်သော ကာမသုခရတိထက် သာလွန်သော၊ (ဝိပဿနာပီတိသုခ၊ သမာပတ်ရှစ်ပါး ဟူသော ရတိ။)

**မာနုသီ=** [မာနုသ+ဏာ] မာနုသဿ-မနုဿာနံ ဣဒန္တိ-မာနုသံ၊ ဣတ္ထိလိင်၌ ဤ-ပစ္စည်း သက်၍ မာနုသီ-ဟုဖြစ်သည်၊ လူတို့၏ဥစ္စာဖြစ်သော။

**မာနုသ=** [ √မန+နုသ ] မနတေ ဇာနာတီတိ-မနုဿော, မာနုသော ဝါ၊ ဓာတွန် န်-ကို အာ-ပြု၊ ရူ၊ ၆၈၃။ လူ။

**ဝိပဿတော=** [ဝိ √ဒိသ+အန္တ ] ဝိပဿတီတိ-ဝိပဿန္တော၊ အနိစ္စ-စသော အထူးထူး အပြားပြားသော အခြင်းအရာအားဖြင့် ရှုသော။ ဝိပဿနာရှုသော။

**သမ္မသတိ=** [သံ √မသ+အ+တိ] ကောင်းစွာ-သုံးသပ်၏, ဆင်ခြင်၏၊ ဝိပဿနာရှု၏။

**ပီတိပါမောဇ္ဇံ=** [ပီတိ+ပါမောဇ္ဇ] နှစ်သက်ဝမ်းမြောက်ခြင်း။

အပါယ်အရပ်တိုင်အောင် ဖြစ်စေနိုင်သော အောက်သံယောဇဉ်ငါးပါးတို့ကို ဖြတ်လော့၊ ဗြဟ္မပြည်တိုင်အောင် ဖြစ်စေနိုင်သော အထက်သံယောဇဉ်ငါးပါးတို့ကို ပယ်စွန့်လော့၊ သဒ္ဓါ-စသော ဣန္ဒြေတရားငါးပါးတို့ကိုလည်း ပွားများလော့၊ ရာဒေါ မောဟ, မာန ဒိဋ္ဌိ ဤအငြိအတွယ်တရားတို့ကို လွန်မြောက်သောရဟန်းကို သံသရာဝဲသြဃကို ကူးမြောက်ပြီးသူဟု ခေါ်၏။

ရဟန်း ! ကမ္မဋ္ဌာန်းတရားရှုမှတ်လော့၊ မမေ့မလျော့နှင့်၊ သင်၏စိတ်ကို ကာမဂုဏ်၌ မမွေ့လျော်စေလင့်၊ မေ့လျော့၍ ငရဲ၌ သံတွေခဲပူကို မမျိုရစေလင့်၊ ငရဲမီးပူ အလောင်ခံရလတ်သော် ဤပူလောင်ခြင်းသည် ဆင်းရဲလေစွဟု မငိုကြွေးရစေလင့်။

ပညာမရှိသောသူမှာ ဈာန်သမာဓိမရှိ၊ ဈာန်သမာဓိမရှိသူမှာ ပညာမရှိ၊ ဈာန်သမာဓိနှင့်ပညာ နှစ်ပါးစုံရှိသောသူကသာ စင်စစ် နိဗ္ဗာန်နှင့်နီးလှပေသည်။

ဆိတ်ငြိမ်ရာအရပ်သို့ ဝင်ရောက်နေထိုင်၍ ငြိမ်းအေးသောစိတ်ရှိလျက် နည်းမှန်လမ်းမှန် ရုပ်တရားနာမ်တရားကို ရှုမှတ်ပွားများသောပုဂ္ဂိုလ်မှာ လူတို့၏ဥစ္စာ ကာမသုခရတိထက်သာသော ဈာန်ချမ်းသာ-စသည်၌ မွေ့လျော်မှု(ရတိ)သည် ဖြစ်လေ၏။

ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို ဆင်ခြင်သုံးသပ်တိုင်း သုံးသပ်တိုင်း နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းကို ရလေ၏၊ ထိုနှစ်သက်ဝမ်းမြောက်ခြင်းသည် ထူးထူးခြားခြားသိမြင်တတ်သော ပညာရှင်များအတွက် နိဗ္ဗာန်နှင့်နီးကပ်နေသောကြောင့် အမြိုက်နိဗ္ဗာန်ပင် ဖြစ်တော့၏။

ဤဘုရားရှင်သာသနာတော်၌ ပညာရှိသော ရဟန်းသည် ဣန္ဒြေတို့ကို စောင့်ထိန်း၏၊ ထင်ရှားရှိသော ပစ္စည်းလေးပါးဖြင့် ရောင့်ရဲ၏၊ (ပစ္စဝေက္ခဏာ ဆင်ခြင်သုံးစွဲ၏၊) ပါတိမောက္ခသီလကို စောင့်ရှောက်၏၊ ဤသီလလေးပါး စင်ကြယ်သန့်ရှင်းမှုသည် နိဗ္ဗာန်ရောက်ကြောင်းအကျင့်တို့တွင် အစအဦးဖြစ်၏။

အသက်မွေးစင်ကြယ်၍ ပျင်းရိခြင်းမရှိသော မိတ်ဆွေကောင်းတို့ကို ဆည်းကပ်ရာ၏၊ စေ့စပ်သောအသက်မွေးခြင်းရှိရာ၏၊ သီလနှင့်ကျင့်ဝတ်များမှာ လိမ္မာကျွမ်းကျင်ရာ၏၊ ယင်းသို့ ပျူငှာလောကဝတ်, သီလဝတ်မှာ လိမ္မာကျွမ်းကျင်သည့်အတွက် ဝမ်းမြောက်ခြင်းများသည်ဖြစ်၍ ဒုက္ခကုန်ဆုံးမှုကို ပြုနိုင်လတ္တံ့။

---

**ပါမောဇ္ဇ**= [ပမုဒိတ+ဏျ] ပမုဒိတဿ ဘာဝေါ-ပါမောဇ္ဇံ၊ နိရုတ္တိ-နှာ၊ ၃၄၀။ ဝမ်းမြောက်တတ်သူ၏အဖြစ်၊ ဝမ်းမြောက်ခြင်း။

[ပ √မုဒ+ဏျ] မုဒ-ဟာသေ၊ ပမောဒတိ ဧတေနာတိ-ပါမောဇ္ဇံ၊ နိရုတ္တိ-နှာ၊ ၅၃၄။ ဝမ်းမြောက်ကြောင်း၊ ဝမ်းမြောက်ခြင်း၊ သုစိ-ကိုလည်း ရှုပါ။

**ပညဿ**= [ပညာ+ဏ] ပညာ အဿတ္ထီတိ-ပညော၊ ပညာရှိသော။

လင်္ကာ မေတ္တာဖြင့်သာ, နေထိုင်ပါ၍, မြတ်စွာဘုရား, ဆုံးမထားရာ, သာသနာဝယ်, သဒ္ဓါကြည်ဖြူ, ရဟန်းမူကား, ပွားထူဒုက္ခ, သင်္ခါရများ, ချုပ်ငြိမ်းသွားရာ, လွန်ချမ်းသာသည့်, နိဗ္ဗာနဓာတ်, တရားမြတ်ကို, မချွတ်သေချာ, ရနိုင်ပါ၏။

နိဗ္ဗာန်ရည်မှန်း, အို-ရဟန်း !, (ရည်ညွှန်းသင့်ကို, ငါပြောဆိုအံ့၊) ဤကိုယ်ခန္ဓာ, လှေနာဝါမှ, စိမ့်ကာဝင်နေ, ကြမ်းရေကို, ကုန်စေလျှင်စွာ, ပက်ထုတ်ပါလော့၊ မိစ္ဆာဝိတက်, ကြံပျက်ရေများ, ပြောင်စင်သွားလျှင်, သင်၏ခန္ဓာ, လှေနာဝါကား, ပေါ့ပါးမြန်စွာ, သွားရောက်ပါလိမ့်၊ ရာဂဒေါသ, ခိုင်လှကြိုးများ, ဖြတ်တောက်ထားလော့၊ ဖြတ်ထားပြီးနောက်, ထက်ဖိုလ်ရောက်၍, ထိုနောက်နိဗ္ဗာန်, ရောက်ရပြန်လိမ့်။

အောက်ဘက်လမ်းစဉ်, သံယောဇဉ်များ, အောက်ငါးပါးကို, သုံးပါးအောက်မဂ်, ဓားလက်နက်ဖြင့်, ဖြိုဖျက်ကောင်းစွာ, ဖြတ်ထားပါလော့၊ ထက်ရွာလမ်းစဉ်, သံယောဇဉ်များ, ထက်ငါးပါးကို, ထူးခြားထက်မြက်, ထိပ်ဆုံးမဂ်ဖြင့်, ဖြိုဖျက်ကောင်းစွာ, ပယ်စွန့်ပါလော့၊ သဒ္ဓါစရှိ, ဣန္ဒြိယငါး, တရားများကို, ကြိုးစားလွန်စွာ, ပွားများပါလော့၊ ရာဂဒေါသ, မောဟမာနာ, ဒိဋ္ဌိပါဟု, ငါးဖြာပြည့်တင်း, ငြိတွယ်ခြင်းကို, ကျော်နင်းလွန်တတ်, ရဟန်းမြတ်ကို, ကူးခတ်ခဲလှ, ဩဃလေးဖြာ, သံသရာကို, လွယ်စွာကူးမြောက်, တစ်ဖက်ရောက်သူ, ပါရဂူဟု, မှတ်ယူခြင်းငှာ, ထိုက်တန်ပါ၏။

ကျွတ်ရန်ရည်မှန်း, အို-ရဟန်း ! ကမ္မဋ္ဌာန်းဟု, ဈာန်နှစ်ခုသာ, ရှုလိုက်ပါလော့၊ ကင်းကွာသတိ, မေ့လျော့ဘိ၍, ယောင်တိယောင်ချာ, မနေပါနှင့်၊ အာရုံကြိုက်တတ်, သင့်စိတ်ဓာတ်ကို, မပြတ်ပွားထုံ, ကာမဂုဏ်ငါး, အာရုံများဝယ်, လိုက်စားမွေ့လျော်, မပျော်စေလင့်၊ သင့်ကိုယ်တိုင်က, မွေ့လျော်လှ၍, ရောက်ရငရဲ, သံတွေခဲကို, ရှောင်လွှဲမရ, မျိုမချလင့်၊ ရောက်ရငရဲ, အမြဲတောက်ပြောင်,ပူလောင်လွန်မင်း, တွေ့ကြုံလျှင်းသော်, ဤပူခြင်းကား, ကြီးမားဒုက္ခ, ဆင်းရဲစွဟု, တမ်းတပူဆွေး, မငိုကြွေးလင့်။

လုံ့လယှဉ်လာ, ပညာမရှိ, ဖြစ်ပါဘိမူ, ထိုသူမှာ, ဈာန်သမာဓိ, မရရှိတည်း၊ သမာဓိသာ, ကင်းမဲ့ပါလျှင်, ပညာမရှိ, သိထားဘိလော့၊ သမာဓိပညာ, ရှိသူသာလျှင်, နိဗ္ဗာနဓာတ်, လွန်နီးကပ်၏။

---

**ဣန္ဒြိယဝုတ္တိ**= [ဣန္ဒြိယ+ဝုတ္တိ] ဣန္ဒြေတို့ကို စောင့်ထိန်းခြင်း။

**ဝုတ္တိ**= [ √ဝုပ+တိ] စောင့်ရှောက်ခြင်း၊ ပိတ်ဆို့ခြင်း၊ လုံခြုံစေခြင်း။

**သုဒ္ဓါစိဝေ**= [သုဒ္ဓ+အာဇီဝ] စင်ကြယ်သော အသက်မွေးခြင်းရှိသော၊ စင်ကြယ်စွာ အသက်မွေးသော။

**ပဋိသန္ထာရဝုတ္တိ**= [ပဋိသန္ထာရ+ဝုတ္တိ] အာမိသ+ဓမ္မပဋိသန္ထာရတို့နှင့် ပြည့်စုံသော အသက်မွေးခြင်းရှိသော။

တစ်ဦးရဟန်း, စိတ်သွမ်းချိုးနှိမ်, ဆိတ်ငြိမ်နေရာ, ဝင်ရောက်ပါ၍, ယှုလာကမ္မဋ္ဌာန်း, စီးဖြန်းလျက်သာ, နေထိုင်ပါ၏၊ လွန်စွာလှုပ်ရှား, စိတ်အားသေချွေ, ငြိမ်သက်စေ၏၊ ရှိနေထင်ရှား, တရားများကို, ပွားရှုမှတ်ကာ, နေထိုင်ပါ၏၊ သူ့မှာသာမန်, လူမတန်သည့်, ရှာန်ဝိပဿ်ဟု, မွေ့လျော်မှုသာ, ဖြစ်ပေါ်လာ၏။

ခန္ဓာငါးပါး, ဖြစ်ပျက်များကို, မှတ်သားရှုမှတ်, သုံးသပ်တိုင်းသာ, စိတ်မှာအေးလျက်, နှစ်သက်ဝမ်းသာ, ဖြစ်နေပါ၏၊ သို့သာဖြစ်ပျက်, နှစ်သက်ဝမ်းသာ, သဘောမှာကား, ပညာရှိပြား, ရဟန်းများ၏, အားထားရာမှန်, မြိုက်နိဗ္ဗာန်တည်း။

ဤသာသနာ, အတွင်းမှာဝယ်, ပညာပြည့်ဝ, ရဟန်းကမူ, ခြောက်ဝဏ္ဏန္ဓြေ, စောင့်စည်းနေ၏၊ လေးထွေပြားလာ, ပစ္စည်းမှာလည်း, ရလာသမျှ, ပစ္စယဖြင့်, တောင့်တကင်းလွတ်, ရောင့်ရဲတတ်၏၊ သုံးလတ်သည့်ခါ, ဆင်ခြင်ပါ၏၊ သိက္ခာပုဒ်များ, မပြောက်ကျားအောင်, ကြိုးစားလွန်စွာ, စောင့်စည်းပါ၏၊ သို့သာကျင့်တတ်, ထိုရှင်မြတ်၏, လေးရပ်သီလ, နိစ္စပြောင်ဝင်း, စင်ကြယ်ခြင်းမှာ, ယင်းနိဗ္ဗာနာ, ရရှိရာဝယ်, စလာရှေ့ဦး, နေရာထူးတည်း။

သက်မွေးသန့်ရှင်း, ပျင်းရိကင်းလျက်, မယွင်းချွတ်စေ, မိတ်ဆွေကောင်းသာ, ဆည်းကပ်လာသင့်၊ အာမိသနှင့်, ဓမ္မနှစ်ရပ်, စေ့စပ်ကောင်းစွာ, သက်မွေးရာ၏၊ မြဲစွာကျင့်အပ်, သီလဝတ်မှာ, ကျွမ်းကျင်ရာ၏၊ သို့သာဖြစ်ပွား, ကြောင်းနှစ်ပါးကြောင့်, များစွာရွှင်ပျ, ဝမ်းမြောက်ရလျက်, ဒုက္ခဆုံးရာ, ပြုနိုင်ပါလိမ့်။

၈-ပဥ္စသတာဘိက္ခုဝတ္ထု

၃၇၇။ ဝဿိကာဝိယ ပုပ္ဖာနိ , မဒ္ဒဝါနိ ပမုဉ္စတိ၊
ဧဝံ ရာဂဉ္စ ဒေါသဉ္စ , ဝိပ္ပမုဉ္စေထ ဘိက္ခဝေါ။

---

**ပဋိသန္ထာရ=** [ပဋိ+သံ √ထရ+ဏ] အာမိသ+ဓမ္မတို့ဖြင့် ပျူငှာလောကဝတ်ပြုခြင်း။

**အာစာရကုသလော=** [အာစာရ+ကုသလ] အကျင့်သီလ, ဝတ်ကြီးဝတ်ငယ်၌ လိမ္မာသော။

**အာစာရ=** [အာ √စရ+ဏ] အကျင့်၊ ပြုကျင့်ခြင်း။

**ပါမောဇ္ဇဗဟုလော=** [ပါမောဇ္ဇ+ဗဟုလ] ဝမ်းမြောက်ခြင်းများသော။

**ဗဟုလ=** [ဗဟု √လာ+အ] ဗဟူ အတ္ထေ လာတီတိ-ဗဟုလံ၊ များသော၊ များစွာယူတတ်သော၊ ဓာန်-ဋီ၊ ၇၀၃။

[ √ဗဟ+အလ] ဗဟ-သံချာနေ ဝါ၊ ပဋာဒိ ဟျာလန္တိ အလပ္ပစ္စယော။ သူစိ။ ဗဟုမိ သင်္ချာနေ အလန္တိ-ဗဟုလော၊ ဗဟုမိ ဝုဒ္ဓိမှိ ဝါ အလန္တိ ဝါ-ဗဟုလော။ ကစ္စည်း၊ ၆၆၅။ ဗဟု=(ဘူ) သင်္ချာန ဝုဒ္ဓိသု-ရေတွက်ခြင်း, ကြီးပွားခြင်းတို့၌။

၃၇၇-ပဒဝိဘာဂ

**ဝဿိကာ=** [ဝဿ+ဣက+အာ] ဝဿကာလေ ပုပ္ဖတီတိ-ဝဿိကာ၊ မြတ်လေး(မုလေး) ပန်းပင်။

**အနက်** ဝဿိကာ-မိုးရာသီရောက်, မိုးရေသောက်ကာ, ပွင့်လာတွင်တွင်, မြတ်လေးပန်းပင်သည်၊ မဒ္ဒဝါနိ-ပွင့်ပြီးနောက်မှာ, ညှိုးနွမ်းလာကြကုန်သော၊ ပုပ္ဖာနိ-တစ်ညဥ့်လွန်လျက်, တစ်ရက်ကူးပြောင်း, ပန်းပွင့်ဟောင်းတို့ကို၊ ပမုဥ္စတိဝိယ-လေကအသုတ်, ညှာမှဖြုတ်ကာ, ခြွေချပါသကဲ့သို့၊ ဧဝံ-ပမာနှိုင်းယှဉ်, ဤအတူပင်လျှင်၊ ဘိက္ခဝေါ-သံသရာဘေး, တွေ့မည့်ရေးကို, မျှော်တွေးကြောက်လွန်း, အို-ရဟန်းတို့ !၊ တုမှေ-ဝဋ်သံသရာ, ကင်းကွာရည်မှန်း, သင်ရဟန်းတို့သည်၊ ရာဂဉ္စ-တပ်စွဲလွန်စွာ, တဏှာရမက်, အလိုပျက်ကိုလည်းကောင်း၊ ဒေါသဉ္စ-ဖျက်ဆီးတတ်လှ, မျက်ဒေါသကိုလည်းကောင်း၊ ဝိပ္ပမုဉ္စေထ-ကိုယ်မှလွှဲသုန်, လွှတ်မြောက်စေကြကုန်လော့။

**မြန်မာပြန်** မြတ်လေးပင်သည် ရင့်ရော်ညှိုးနွမ်းကြကုန်သော အပွင့်တို့ကို ကြွေကျစေကုန်သကဲ့သို့၊ ရဟန်းတို့ ! သင့်တို့သည် ရာဂနှင့်ဒေါသတို့ကို စွန့်လွှတ်ကြကုန်လော့။

**လင်္ကာ** ငါ၏ချစ်သား, ရဟန်းများတို့ !, ထူးခြားမွှေးလွန်း, မြတ်လေးပန်းတို့, ပွင့်လန်းမိုးတွင်, မြတ်လေးပင်ကား, ကြာလျှင်ညှိုးသွား, ပန်းဟောင်းများကို, ညှာဖျားလွှတ်ခွာ, ခြွေချပါသို့, ပမာတူမျှ, သင်တို့ကလည်း, ရာဂဒေါသ, ပယ်စွန့်ကြလော့။

## ၉-သန္တကာယတ္ထေရဝတ္ထု

၃၇၈။ သန္တကာယော သန္တဝါစော , သန္တဝါ သုသမာဟိတော၊
ဝန္တလောကာမိသော ဘိက္ခု , 'ဥပသန္တော'တိ ဝုစ္စတိ။

**အနက်** သန္တကာယော-ကာယကံသုံးပါး, မဖြစ်ပွားအောင်, စောင့်ထားပိရိ, ငြိမ်သက်သောကိုယ်ရှိသော၊ သန္တဝါစော-ဝစီကံလေးပါး, မဖြစ်ပွားအောင်, ပယ်ရှားထားဘိ, ငြိမ်သက်သောနှုတ်ရှိထသော၊ သန္တဝါ-မနောကံသုံးပါး, မဖြစ်ပွားအောင်, ပယ်ရှားထားဘိ, ငြိမ်သက်သော စိတ်ရှိထသော၊ သုသမာဟိတော-ကိုယ်နှုတ်စိတ်ဟု, သုံးခုဖြောင့်မတ်,

---

**မဒ္ဒဝါနိ=** [မုဒု+ဏ] မုဒုနော ဘာဝေါ-မဒ္ဒဝံ၊ ရူ-၃၈၈။ သိမ်မွေ့သည်၏အဖြစ်၊ သိမ်မွေ့နူးညံ့ခြင်း၊ မုဒုမေဝ-မဒ္ဒဝံ၊ နူးညံ့ကုန်သော၊ ညှိုးနွမ်းကုန်သော။

**ပမုဉ္စတိ=** [ပ √မုစ+အ+တိ] လွှတ်၏၊ ကြွေကျစေ၏၊ မုစ=(ရ) မောစနေ-လွှတ်ခြင်း၌၊ (မုဉ္စတိ။)

**ဝိပ္ပမုဉ္စေထ=** [ဝိ+ပ √မုစ+အ+ထ] စွန့်လွှတ်ကုန်သော့၊ လွှတ်မြောက်စေကုန်လော့။

### ၃၇၈-ပဒဝိဘာဂ

**သန္တကာယော=** [သန္တ+ကာယ] ငြိမ်သက်သောကိုယ်ရှိသော။

**သန္တဝါစော=** [သန္တ+ဝါစာ] ငြိမ်သက်သောနှုတ်ရှိသော။

**သန္တဝါ=** [သန္တ+ဝန္တု] ငြိမ်သက်ခြင်းရှိသော၊ ငြိမ်သက်သောစိတ်ရှိသော။

ကောင်းစွာထားအပ်ပြီးသော၊ ဝန္တလောကာမိသော-ထက်မြက်အလွန်, မဂ်လေးတန်ဖြင့်, ထွေးအန်ပယ်ရှား, လောကာမိသ, (ခေါ်ဝေါ်ကြသည့်, ကာမဂုဏ်ငါးပါး,) တရားရှိသော၊ ဘိက္ခု-သံသရာဘေး, လွတ်ရေးမျှော်မှန်း, ရှင်ရဟန်းကို၊ ဥပသန္တောတိ-ကိုယ်တွင်းရာဂ, စသည်ကင်းဝေး, ငြိမ်းအေးသူဟူ၍၊ ဝုစ္စတိ-မချွတ်မချော်, သကတ်ပေါ်အောင်, ခေါ်ဝေါ် အပ်ပါပေ၏။

**မြန်မာပြန်** (ကာယကံသုံးပါး မဖြစ်ပွားသဖြင့် ) ငြိမ်သက်သောကိုယ်, (ဝစီကံလေးပါး မဖြစ်ပွားသဖြင့် ) ငြိမ်သက်သောနှုတ်, (မနောကံသုံးပါး မဖြစ်ပွားသဖြင့် ) ငြိမ်သက်သောစိတ်ရှိသည်ဖြစ်၍ ကိုယ်နှုတ်စိတ်တို့ကို ကောင်းစွာထားပြီးသည့်အပြင် လောကာမိသခေါ်သည့် ကာမဂုဏ်ငါးပါးကို ပယ်စွန့်ထားသောရဟန်းကို ငြိမ်းအေးသူဟု ဆိုအပ်၏။

**လင်္ကာ** ကိုယ်လည်းငြိမ်သက်, နှုတ်ငြိမ်သက်၍, ငြိမ်သက်စိတ်ပါ, သုံးဖြာကိုယ်မှု, နှုတ်အမှုနှင့်, စိတ်မှုအရာ, ကောင်းစွာထားလျက်, လေးပါးမဂ်ဖြင့်, တပ်မက်စရာ, လူ့ဥစ္စာဟု, စည်းစိမ်စုကို, တစ်ခုမချန်, ထွေးအန်ပယ်တတ်, ရဟန်းမြတ်ကို, မချွတ်မယွင်း, ကိုယ်တွင်းအပူ, ငြိမ်းအေးသူဟု, မှတ်ယူခြင်းငှာ, ထိုက်တန်ပါ၏။

## ၁၀-နာဂလကုလတ္ထေရဝတ္ထု

၃၇၉။ အတ္တနာ စောဒယတ္တာနံ , ပဋိမံသေထ အတ္တနာ၊
သော အတ္တဂုတ္တော သတိမာ , သုခံ ဘိက္ခု ဝိဟာဟိသိ။
၃၈၀။ အတ္တာ ဟိ အတ္တနော နာထော , ( ကော ဟိ နာထော ပရော သိယာ၊)
အတ္တာ ဟိ အတ္တနော ဂတိ၊
တသ္မာ သံယမမတ္တာနံ , အဿံ ဘဒြံဝ ဝါဏိဇော။

---

**ဝန္တလောကာမိသော=** [ဝန္တ+လောကာမိသ] ဝန္တံ လောကာမိသံ ဧတေနာတိ-ဝန္တလောကာမိသော၊ ထွေးအန်ပြီးသော လောကာမိသရှိသော။

**လောကာမိသ=** [လောက+အာမိသ] လူအပေါင်းသည် သုံးသပ်အပ်သော ကာမဂုဏ်ငါးပါး၊ တဏှာလောဘ။

**အာမိသ=** [အာ √မိ+သက်] အာမီယတိ အန္ဓော ပက္ခိ ဝိယတီတိ-အာမိသံ= ဘက္ခံ၊ မောဂ်-၇၊ ၂၁၄။ အစာ။

[အာ √မိသ+အ] မိသ-သဒ္ဒေ၊ အာပုဗ္ဗော အာမသနေ ဝါ၊ ဓာန်-ဋီ၊ ၂၈၀။ အသား။ မိသ=(ဘူ) သဒ္ဒေ ရောသေစ-အသံပြုခြင်းနှင့် အမျက်ထွက်ခြင်း၌။ (မိသတိ၊ မေသတိ။)

[အာ √မသ+အ] အာမသီယတေတိ-အာမိသံ၊ ပစ္စည်းလေးပါး၊ အသုံးအဆောင်၊ ကာမဂုဏ်ငါးပါး၊ လောဘ၊ လာဘ်၊ တံစိုး၊ လက်ဆောင်။

### ၃၇၉၊ ၃၈၀-ပဒဝိဘာဂ

**စောဒယ=** [ √စုဒ+ဏယ+ဟိ ] ဟိ-ကိုချေ၊ တိုက်တွန်းလော့၊ နှိုးဆော်လော့၊ အောက်မေ့

(**အနက်**) အတ္တနာ-ဆရာသမား, မိတ်ဆွေများတို့, ကိုးစားမပိုင်, မိမိကိုယ်တိုင်သာလျှင်, အတ္တာနံ-အိုဘေး နာဘေး, သေဘေးမှိခို, မိမိကိုယ်ကို၊ စောဒယ-မကောင်းပယ်ခွာ, ကောင်းရာရည်ညွှန်း, တိုက်တွန်းနှိုးဆော်လော့၊ အတ္တနာ-ဆရာသမား, မိတ်ဆွေများတို့, ပြောကြားမပိုင်, မိမိကိုယ်တိုင်သာလျှင်၊ အတ္တာနံ-စိတ်ဆောင်တိုင်းသာ, လိုက်ပါနေလို, မိမိကိုယ်ကို၊ ပဋိမံသေထ-အတိတ်ပြန်တွေး, နောင်ရေးရည်မှန်း, ကြိုးပမ်းကောင်းစွာ, ဆင်ခြင်စုံစမ်းပါလော့၊ ဘိက္ခု-သံသရာဘေး, လွတ်ရေးမျှော်မှန်း, အို-ရဟန်း !၊ (ဧဝ သဒ္ဒေ -ဤသို့မချွတ်, ဖြစ်တုံလတ်သော်၊) သော တွံ-သံသရာဘေး, လွတ်ရေးခုံမင်, ထိုသို့သဘော ရှိသောသင်သည်၊ အတ္တဂုတ္တော-ကိုယ့်ကိုကိုယ်ပင်, အကျိုးထင်အောင်, ပြစ်တင်ထပ်ထပ်, စောင့်ရှောက်အပ်သည်ဖြစ်၍၊ သတိမာ-တရားအရာ, လွန်စွာပျော်မွေ့, အောက်မေ့တတ်ဘိ, ထင်သောသတိရှိသည်ဖြစ်၍၊ သုခံ-လျောင်းထိုင်ရပ်သွား, လေးပါးဣရိယာ, ချမ်းသာစွာ၊ ဝိဟာဟိသိ-ကိလေသာဟူ, အပူကင်းပ, နေထိုင်ရလတ္တံ့။

အတ္တာ ဟိ-ကိုယ်လုပ်ပါမှ, ကိုယ်ကရ၍, သူကမပါ, မိမိသည်သာလျှင်၊ အတ္တနော-ကြီးပွားချမ်းသာ, နတ်ရွာမဂ်ဖိုလ်, ရလိုတုံဘိ, တောင့်တနေသော မိမိ၏၊ နာထော-မှီခိုတည်ရာ, ကိုးစားရာသည်၊ ဟောတိ-အမှန်မသွေ, ဖြစ်နေပါပေ၏၊ ကော ဟိ-ကြီးမားခွန်အား, ဉာဏ်အားပွားစည်, အဘယ်မည်သော၊ (ပရော-ကိုယ့်ကိုဖယ်ထား, သူတစ်ပါးသည်၊ အတ္တနော-ကြီးပွားချမ်းသာ, နတ်ရွာမဂ်ဖိုလ်, ရလိုတုံဘိ, တောင့်တနေသောမိမိ၏၊ နာထော-ထောက်တည်မှီရာ,ကိုးစားရာသည်၊ သိယာ-ကြောင်းအားလျော်စွာ, ဖြစ်နိုင်ရာအံ့နည်း၊) အတ္တာ ဟိ-ကိုယ်လုပ်ပါမှ, ကိုယ်ကရ၍, သူကမပါ, မိမိသည်သာလျှင်၊ အတ္တနော-စီးပွားချမ်းသာ, နတ်ရွာမဂ်ဖိုလ်, ရလိုတုံဘိ, တောင့်တနေသောမိမိ၏၊ ဂတိ-လားရာတည်ရာ,ကိုးစားရာသည်၊ ဟောတိ-အမှန်မသွေ,ဖြစ်နေပါပေ၏၊ တသ္မာ-ထိုသို့ မိမိကသာ မိမိ၏ကိုးစားရာဖြစ်သောကြောင့်၊ ဝါဏိဇော-အမြတ်ရရန်, ရည်သန်လှည့်ပတ်, ရောင်းဝယ်တတ်သော မြင်းကုန်သည်သည်၊ ဘဒြံ-မျိုးရိုးစစ်မှန်, လွန်စွမ်းသန်၍, ကောင်းမွန်လှပေသော၊ အဿံ-အဆင်းသွင်ပြင်, ကြန်အင်စုံညီ, မြင်းအာဇာနည်ကို၊ သံယမတိ ဣဝ-ရေမိုးချိုးကာ, ကျွေးမွေးကာဖြင့်, ကောင်းစွာစောင့်ရှောက်ဘိသကဲ့သို့၊ ဧဝံ-ပမာနှိုင်းယှူ, ဤအတူသာလျှင်၊ အတ္တာနံ-စီးပွားချမ်းသာ, နတ်ရွာမဂ်ဖိုလ်, ရလိုတုံဘိ, တောင့်တနေသော မိမိကို၊ သံယမ-အကုသိုလ်များ, မဖြစ်ပွားအောင်, ကြိုးစားကောင်းစွာ, စောင့်ရှောက်လိုက်ပါတော့လော့။

---

စေလော့၊ စုဒ=(စု) သဉ္စောဒနေ-အပြစ်တင်ခြင်း၌၊ အာဏတ္တိယဥ-စေလွှတ်ခြင်း၌လည်း၊ (စောဒေတိ၊ စောဒယတိ။)

**ပဋိမံသေထ**= [ပဋိ √မာန+သ+ဧထ ] စုံစမ်းရာ၏၊ စစ်ဆေးရာ၏၊ မေးမြန်းရာ၏၊ ဆင်ခြင်ရာ၏၊ သုံးသပ်ရာ၏၊ စိစစ်ရာ၏။

**အတ္တဂုတ္တော**= [အတ္တ+ဂုတ္တ] အတ္တနာဝ ဂုတ္တော-အတ္တဂုတ္တော၊ မိမိကို မိမိပင် စောင့်ရှောက်အပ်သော၊ --လုံခြုံစေသော၊ မိမိကို မိမိပင် စောင့်ရှောက်(လုံခြုံစေ)နိုင်သော။

(မြန်မာပြန်) ရဟန်း ! သင်သည် ကိုယ့်ကိုကိုယ်သာ တိုက်တွန်းနှိုးဆော်ပါလော့၊ ကိုယ့်ကို ကိုယ်ပင် စူးစမ်းဆင်ခြင်လော့၊ ဤသို့ပြုလုပ်ခဲ့ပါလျှင် သင်သည် မိမိကိုယ်ကို စောင့်ရှောက်လျက် သတိနှင့်ပြည့်စုံလျှင် ချမ်းသာစွာ နေရပေလိမ့်မည်။

မိမိကသာ မိမိ၏ကိုးစားရာ ဖြစ်သည်၊ အဘယ်မည်သော သူတစ်ပါးသည် မိမိ၏ ကိုးစားရာ ဖြစ်နိုင်ပါမည်နည်း၊ မိမိကသာ မိမိ၏(နောင်ဘဝအတွက်) ကိုးစားရာ လားရာ ဖြစ်၏၊ ထို့ကြောင့် မြင်းကုန်သည်က အာဇာနည်မြင်းကောင်းကို ကောင်းစွာစောင့်ရှောက် သကဲ့သို့ မိမိကို အကုသိုလ်ကင်းအောင် ကောင်းစွာစောင့်ရှောက်လော့။

(လင်္ကာ) သာသနာရိပ်, ချွေးသိပ်လာခို, ရဟန်းအို ! ကိုယ့်ကိုကိုယ်သာ အပြစ်ရှာလော့၊ ကိုယ်သာ ကိုယ့်ကို, စုံစမ်းလိုသင့်၊ ကိုယ့်ကိုစောင့်ရှောက်, မပျောက်သတိ, အမြဲ ရှိလျှင်, သင်ကချမ်းသာ, နေရပါလိမ့်။

ကိုယ့်တွက်ကိုယ်သာ, အားထားရာတည်း၊ ကိုယ့်သာဖယ်ထား, သူတစ်ပါးကား, အားထားမှီရာ, မဟုတ်ပါတည်း၊ ကောင်းစွာဆောင်ရွက်, ကိုယ့်တွက်ကိုယ်သာ, ထောက်တည်ရာတည်း၊ သို့သာဖြစ်ခြင်း, အကြောင်းရင်းကြောင့်, မြင်းကုန်သည်က, ကောင်းလှမြင်းအား, စောင့်ထိန်းထားသို့, ကိုယ့်အားကိုယ်သာ, စောင့်ထိန်းပါလော့။

## ၁၁-ဝဏ္ဏလိတ္တေရဝတ္ထု

၃၈၁။ ပါမောဇ္ဇဗဟုလော ဘိက္ခု , ပသန္နော ဗုဒ္ဓသာသနေ၊
အဓိဂစ္ဆေ ပဒံ သန္တံ , သင်္ခါရူပသမံ သုခံ။

(အနက်) ပါမောဇ္ဇဗဟုလော-တရားလျော်စွာ, ဖြစ်ပေါ်လာငြား, များသောနှစ်သက်ဝမ်း မြောက်ခြင်းရှိသော၊ ဗုဒ္ဓသာသနေ-ဗုဒ္ဓမြတ်စွာ, သာသနာတော်၌၊ ပသန္နော- သဒ္ဓါတိုးတက်, ကြည်ညိုနှစ်သက်သော၊ ဘိက္ခု-သံသရာဘေး, လွတ်ရေးမျှော်မှန်း, ရှင်ရဟန်းသည်၊ သင်္ခါရူပသမံ-သင်္ခါရငြိမ်းသိမ်း, ကင်းလွတ်ချုပ်ငြိမ်းရာဖြစ်သော၊ သုခံ- ချမ်းသာဟူသမျှ, ယှဉ်မရအောင်, သာလှအလွန်, ချမ်းသာစစ်ချမ်းသာမှန်ဖြစ်သော၊ သန္တံ - ကိလေသာဟူ, အပူကင်းဝေး, ငြိမ်းအေးလှပေသော၊ ပဒံ-အရိယာဇာတ်, ပုဂ္ဂိုလ်မြတ်တို့, မချွတ်ရောက်ရန်, ထိုက်တန်လှသောနိဗ္ဗာန်ကို၊ အဓိဂစ္ဆေ-မလွဲသေချာ, ရနိုင်ရာ၏။

(မြန်မာပြန်) ဝမ်းမြောက်ခြင်းများစွာရှိ၍ မြတ်စွာဘုရားအဆုံးအမတော်၌ ယုံကြည်မြတ်နိုး သောရဟန်းသည် သင်္ခါရချုပ်ငြိမ်း၍ ချမ်းသာအေးမြလှပေသော နိဗ္ဗာန်ကို ရလေရာ၏။

---

**ဝိဟာဟိသိ=** [ဝိ √ဟရ+ဿသိ] ဟရ-ဓာတ်၏ ရ-ကို ဿနှင့်တကွ အာဟ-ပြု၊ ဣ-လည်းလာ၊ ဝိဟာဟိသိ၊ နေရလတ္တံ့။ မောဂ်-၆၊ ၂၅-သုတ်နှင့် နိရုတ္တိ၊ ၆၅၇-သုတ်တို့ကို ရှုပါ။

**သံယမ=** [သံ √ယမု+အ+ဟိ] စောင့်စည်းလော့၊ စောင့်ရှောက်လော့။

(လင်္ကာ) ဝမ်းမြောက်ခြင်းကား, အလွန်များ၍, ဘုရားသာသနာ, မှီခိုရာဝယ်, လွန်စွာမြတ်နိုး, ရဟန်းမျိုးက, ပြည့်ဖြိုးဒုက္ခ, သင်္ခါရများ, ငြိမ်းသွားချုပ်ရာ, လွန်ချမ်းသာသည့်, နိဗ္ဗာနဓာတ်, တရားမြတ်ကို, မလွတ်တမ်းသာ, ရနိုင်ရာ၏။

## ၁၂-သုမနသာမဏေရဝတ္ထု

၃၈၂။ ယော ဟဝေ ဒဟရော ဘိက္ခု , ယုဉ္ဇတိ ဗုဒ္ဓသာသနေ၊
သော’မံ လောကံ ပဘာသေတိ , အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

(အနက်) ယော ဘိက္ခု-သံသရာဘေး, ချုပ်ငြိမ်းရေးကို, မြော်တွေးကြိုပမ်း, အကြင်ရှင်ရဟန်းသည်၊ ဟဝေ-စင်စစ်ကေန်, အမှန်အားဖြင့်၊ ဒဟရော-အသက်အရွယ်, ပျိုမျစ်နုနယ်သူသည်၊ (သမာနောပိ-အဟုတ်သေချာ, ဖြစ်နေပါသော်လည်း၊) ဗုဒ္ဓသာသနေ-ဗုဒ္ဓမြတ်စွာ, သာသနာ၌၊ ယုဉ္ဇတိ-အမှတ်သတိ, မပြတ်ရှိလျက်, မှတ်သိအလုပ်, ကြိုးစားအားထုတ်၏၊ သော ဘိက္ခု-တရားအလုပ်, အားထုတ်ကြိုးပမ်း, ထိုရှင်ရဟန်းသည်၊ အဗ္ဘာ-နီညိုရောရာ, ထပ်လွှာများပြား, တိမ်တိုက်ကြားမှ၊ မုတ္တော-လေကအဝှေ့, တိမ်တွေ ရွေ့ကာ, လွတ်ထွက်လာသော၊ စန္ဒိမာ ဣဝ-ပြောင်တဝင်းဝင်း, မိုက်မှောင်ခွင်းကာ, ထွန်းလင်းလာသောလမင်းကဲ့သို့၊ ဣမံ လောကံ-ရုပ်နာမ်နှစ်ဝ, ခန္ဓာအစရှိသော ဤလောကကို၊ ပဘာသေတိ-လွန်မင်းတောက်ပြောင်, မဂ်ဉာဏ်ရောင်ဖြင့်, မှောင်ထုဖျက်ချေ, ထွန်းလင်းတောက်ပြောင်စေ၏။

(မြန်မာပြန်) အသက်အရွယ်ပင် ငယ်သေးသော်လည်း ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတရားတော်၌ တကယ်အဟုတ် ကြိုးစားအားထုတ်သောရဟန်းသည် တိမ်တိုက်မှ လွတ်မြောက်လာသော လမင်းကဲ့သို့ ဤလောကကို (မိမိ၏ အရဟတ္တမဂ်ဉာဏ်ရောင်ဖြင့်) ထွန်းလင်းတောက်ပြောင်စေ၏။

(လင်္ကာ) သက်အရွယ်ကား, ငယ်ပါငြားလည်း, ဘုရားသာသနာ, တွင်းဝင်လာ၍, လွန်စွာကြိုးကုတ်, အားထုတ်နေ့ည, ရဟန်းကမူ, တိမ်မှလွတ်ကင်း, ဖိုးလမင်းသို့, လွန်မင်းတောက်ပြောင်, မဂ်ဉာဏ်ရောင်ဖြင့်, အမှောင်ပယ်ခွင်း, လောကတွင်းကို, ထွန်းလင်းယှက်ဝေ, တောက်ပြောင်စေ၏။

---

### ၃၈၂-ပဒဝိဘာဂ

**ဟဝေ=** [ဗျ] တတြ ပဒပူရဏံ ဗဟုဝိဓံ ...... စ, ဝါ, ဝေါ, ပန, ဟဝေ၊ နီတိ-သုတ္တ-နှာ၊ ၃၇၅။ စင်စစ်၊ မြဲမြံစွာ၊ ထင်စွာ။ ပဒပူရဏ အနက်မရှိ။

**ဒဟရော=** [√ဒဟ+အရ] ဒဟ-ဘသ္မီကရဏေ၊ အရော၊ ဓာန်-ဋီ၊ ၂၅၃။ ငယ်သော၊ ပျိုမျစ်သော၊ အသက်ငယ်သော။

**ယုဥ္ဇတိ=** [√ယုဇ+အ+တိ] အားထုတ်၏၊ ယှဥ်၏။

# ၂၆-ဗြာဟ္မဏဝဂ္ဂ

## ၁-ပသာဒဗဟုလဗြာဟ္မဏဝတ္ထု

၃၈၃။ ဆိန္ဒ သောတံ ပရက္ကမ္မ , ကာမေ ပနုဒ ဗြာဟ္မဏ၊
သင်္ခါရာနံ ခယံ ဉတွာ , အကတညူသိ ဗြာဟ္မဏ။

**(အနက်)** ဗြာဟ္မဏ-မကောင်းမှုများ, ပယ်ခွန့်ထား၍, တရားစုဆောင်း, အို -သူတော်ကောင်း !၊ တွံ-မကောင်းရာကြဉ်, ကောင်းရာယှဉ်၍, ကောင်းအင်စုဆောင်း, သင်သူတော်ကောင်းသည်၊ ပရက္ကမ္မ-ဉာဏ်နှင့်ယှဉ်ထ, ဝီရိယဖြင့်, လုံ့လမယုတ်, ကြိုးအားထုတ်၍၊ သောတံ-ဘဝဘဝါ, သံသရာမှ, မကျွတ်ငြဲယှဉ်, လိုက်ပါလာသော တဏှာအလျဉ်ကို၊ ဆိန္ဒ-ဘဝတစ်ဖန်, မဖြစ်ပြန်အောင်, အမှန်ဆောစွာ, ဖြတ်တောက်လိုက်ပါလော့၊ ကာမေ-ဝတ္ထု ကိလေသာ, နှစ်ဖြာသောကာမတို့ကို၊ ပနုဒ-မင်ဖြင့်လျင်စွာ, ပယ်ဖျောက်လိုက်ပါလော့၊ ဗြာဟ္မဏ-မကောင်းမှုများ, ပယ်ခွန့်ထား၍, တရားစုဆောင်း, အို-သူတော်ကောင်း !၊ တွံ-မကောင်းရာကြဉ်, ကောင်းရာယှဉ်၍, ကောင်းအင်စုဆောင်း, သင်သူတော် ကောင်းသည်၊ သင်္ခါရာနံ-ကံစိတ်ဥတု, ကြောင်းလေးဖြာတို့, ပေါင်းကာပြုထား, သင်္ခါရတရားတို့၏၊ ခယံ-တစ်နေ့ပြီးတစ်နေ့, တရွေ့ရွေ့ဖြင့်, ဆွေးမြေ့ယိုယွင်း,ကုန်ဆုံးပျက်စီးခြင်းကို၊ ဉတွာ-ကျနပိုင်ပိုင်, သိမြင်နိုင်၍၊ အကတညူ-ရွှေငွေစပြု, ဝတ္ထုစုဖြင့်, မပြုပြင်အပ်, နိဗ္ဗာန်ဓာတ်ကို, တပ်အပ်လွယ်ကူ, သိမြင်သူသည်၊ အသိ-မလွဲသေချာ, ဖြစ်နိုင်ပါပေ၏။

**(မြန်မာပြန်)** သူတော်ကောင်း( ဗြာဟ္မဏ !) သင်သည် ကြိုးစားအားထုတ်၍ တဏှာအလျဉ်ကို ဖြတ်လော့၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို ပယ်ခွန့်လော့၊ အကြောင်းတရားတို့က စုပေါင်းပြုပြင်အပ်သော ခန္ဓာငါးပါး, သင်္ခါရတရားတို့၏ ပျက်စီးကုန်ခန်းခြင်းသဘောကို သိ၍ မပြုပြင်အပ်သော နိဗ္ဗာန်ကို သိသူဖြစ်နိုင်၏။

**(လက်)** မကောင်းမှုများ, ပြုထားအပ, ဗြာဟ္မဏ !, သင်ကဉာဏ်ပါ, တွဲယှဉ်လာသည့်, သမ္မာရဒ္ဓ, ဝီရိယဖြင့်, ပြင်းပြလွန်စွာ, အားထုတ်ကာဖြင့်, တဏှာအလျဉ်, စီးမဝင်အောင်, ကြိုတင်ကောင်းစွာ, ဖြတ်လိုက်ပါလော့၊ ကာမနှစ်ပါး, ပယ်ဖျောက်ထားလော့၊

---

### ၃၈၃-ပဒဝိဘာဂ

**ပရက္ကမ္မ=** [ပရာ √ကမု+တွာ] လုံ့လပြု၍၊ အားထုတ်၍။

**ပနုဒ=** [ပ √နုဒ+အ+ဟိ] ပယ်ဖျောက်လော့။

**အကတညူ=** [အကတ √ဉာ+ရူ] အကတံ နိဗ္ဗာနံ ဇာနာတီတိ-အကတညူ၊ တစ်စုံတစ်ခုသော အကြောင်းသည် မပြုအပ်သော နိဗ္ဗာန်ကို သိသောသူ၊ -မျက်မှောက်ပြုသောသူ။
ရွှေ-စသည် တို့တွင် တစ်စုံတစ်ခုဖြင့် မပြုအပ်သော နိဗ္ဗာန်ကို သိသူ၊ (အကတ-ကားလွယ်ပါပြီ။)

ကြောင်းများပြုအပ်, ငါးရပ်ခန္ဓာ, ပျက်ခြင်းရာကို, မှန်စွာမချွတ်, သိမြင်လတ်မူ, ပြုအပ်မရာ, နိဗ္ဗာနဓာတ်, တရားမြတ်ကို, တပ်အပ်ထင်ထင်, သိမြင်သူသာ, ဖြစ်နေပါ၏။

## ၂-သမ္ဗဟုလဘိက္ခုဝတ္ထု

၃၈၄။ ယဒါ ဒွယေသု ဓမ္မေသု , ပါရဂူ ဟောတိ ဗြာဟ္မဏော၊
အထဿ သဗ္ဗေ သံယောဂါ , အတ္ထံ ဂစ္ဆန္တိ ဇာနတော။

**အနက်** ယဒါ-ချိန်ခါပိုင်းဖြတ်, သတ်မှတ်ကင်းကွာ, အကြင်အခါ၌၊ ဗြာဟ္မဏော-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားထိန်းသို, သူတော်ကောင်း(ရဟန္တာ)ပုဂ္ဂိုလ်သည်၊ ဒွယေသု-နှစ်မျိုးပေါင်းထား, နှစ်ပါးပြားကုန်သော၊ ဓမ္မေသု-သမထဝိပဿနာ, ဘာဝနာတရားတို့၌၊ ပါရဂူ-ဉာဏ်အလင်းပေါက်, အထွတ်အထိပ်သို့ရောက်သည်၊ ဟောတိ-အမှန်မသွေ, ဖြစ်ပါပေ၏၊ အထ-ဉာဏ်အလင်းပေါက်, အထွတ်အထိပ်သို့ ရောက်ရာ, ထိုအခါ၌၊ ဇာနတော-ရုပ်နာမ်နှစ်ဖြာ, ငါးခန္ဓာကို, ကောင်းစွာပိုင်းဖြတ်, သိမြင်တတ်သော၊ အဿ-တရားထိန်းသို, ထိုသူတော်ကောင်းပုဂ္ဂိုလ်၏၊ သဗ္ဗေ-တစ်ခုမကြွင်း, ခပင်းဥဿုံ, အလုံးစုံကုန်သော၊ သံယောဂါ-ဝဋ်နှောင်အိမ်မှာ, သတ္တဝါကို, မကွာတွဲယှဉ်, ကာမရာဂ စသော သံယောဇဉ်တို့သည်၊ အတ္ထံ-တစ်ခုမကြွင်း, အကုန်လုံးချုပ်ပျောက်ခြင်းသို့၊ ဂစ္ဆန္တိ-မလွဲ မသုန်, ရောက်ကြရကုန်၏။

**မြန်မာပြန်** သမထဝိပဿနာ ဘာဝနာတရားနှစ်ပါးတို့၌ ဉာဏ်အလင်းပေါက် အပြီးအဆုံးသို့ရောက်လာသောအခါ တရားမှန်ကိုသိသော သူတော်ကောင်း(ရဟန္တာ)ပုဂ္ဂိုလ်မှာ အလုံးစုံသောအနှောင်အဖွဲ့(သံယောဇဉ်)တို့သည် ချုပ်ပျောက်ကုန်၏။

**လင်္ကာ** မကောင်းမှုများ, ပြုထားအပ, ဗြာဟ္မဏကား, သမထဝိပဿနာ, နှစ်ဖြာကွဲပြန်, ကျင့်စဉ်မှန်ဝယ်, ဉာဏ်အလင်းပေါက်, အပြီးရောက်၏၊ သို့ရောက်ပြီးရာ, ချိန်အခါတွင်, မှန်စွာသိတတ်, သူတော်မြတ်မှာ, ဝဋ်နှောင်ကြိုးများ, ချုပ်ပျောက်သွား၏။

## ၃-မာရဝတ္ထု

၃၈၅။ ယဿ ပါရံ အပါရံ ဝါ , ပါရာပါရံ န ဝိဇ္ဇတိ၊
ဝီတဒ္ဒရံ ဝိသံယုတ္တံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

---

### ၃၈၄-ပဒဝိဘာဂ

**ဒွယေသု=** [ဒွိ+ဏ] ဒွိန္နံ သမူဟော-ဒွယံ၊ ရူ၊ ၃၇၉။

[ဒွိ+အယ] မောဂ်-၄၊ ၄၉။ ဒွေ အံသာ အဿာတိ-ဒွယံ၊ န၊ နှစ်ခုအပေါင်း။

**သံယောဂါ=** [သံ √ယုဇ+ဏ] ယှဉ်စပ်ခြင်း၊ ယှဉ်တွဲခြင်း၊ ဖွဲ့ခြင်း၊ နှောင်ခြင်း၊ ပေါင်းဆုံခြင်း။

**ဇာနတော=** [ √ဉာ+နာ+အန္တ ] ဇာနာတီတိ-ဇာနံ၊ သိသော၊ ဆောင်ယူသော၊ မှတ်သားသော။

### ၃၈၅-ပဒဝိဘာဂ

**အပါရံ=** [န+ပါရ] ပါရတော အညံ တီရံ-အပါရံ၊ ဓာန်-ဋီ၊ ၆၆၅။ ဤမှာဘက်ကမ်း၊ ထိုမှာဘက်ကမ်း၊ ထိုမှာဘက်ကမ်းဟူသော ဗာဟိရာယတနခြောက်ပါး။

(အနက်) ယဿ-မည်သူမည်ဝါ, သေချာပိုင်းဖြတ်, မသတ်မှတ်လို, အကြင်ပုဂ္ဂိုလ်အား၊ ပါရံ-ကိုယ်တွင်း ဖြစ်ပွား, စက္ခုစသော အဇ္ဈတ္တိကာယတနခြောက်ပါးသည် လည်းကောင်း၊ အပါရံ ဝါ-ပြင်မှာဖြစ်ပွား, ရူပစသော ဗာဟိရာယတနခြောက်ပါးသည် လည်းကောင်း၊ ပါရာပါရံ-တွင်းပြင်နှစ်ပါး, ဖြစ်ပွားနေကြ, အဇ္ဈတ္တိကာယတန, ဗာဟိရာ ယတနသည်လည်းကောင်း၊ န ဝိဇ္ဇတိ-ငါ ငါ့ဥစ္စာဟု, အာသာထန်ပြင်း, စွဲလမ်းခြင်းငှာ, မရှိပါပေ၊ ဝိတဒ္ဒရံ-ကိလေသာဟူ, ကင်းသောအပူရှိသော၊ ဝိသံယုတ္တံ-လုံးစုံများစွာ, ကိလေ သာတို့နှင့်မယှဉ်သော၊ တံ-စွဲလမ်းမှုကင်း, ကိလေယွင်းယို, ထိုပုဂ္ဂိုလ်ကို၊ အဟံ-လောက ထွတ်ဖျား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထားတတ်, သူတော် သူမြတ်ဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, မိန့်တော်မူ၏။

(မြန်မာပြန်) မျက်စိစသောအတွင်းအာယတနခြောက်ပါး, အဆင်းစသောအပြင်အာယတန ခြောက်ပါး, တွင်းပြင်အာယတန ၁၂-ပါးမှာ ငါ ငါ့ဥစ္စာဟု စွဲလမ်းမှုမရှိသည့် အပြင် အပူကင်းစင်, ကိလေသာတို့နှင့် မယှဉ်သူကို သူတော်သူမြတ်ဟု ငါဘုရားက မိန့်တော်မူ၏။

(လင်္ကာ) အတွင်းအာယတန, ခြောက်ပါးမျှနှင့်, ပြင်ပအာယတနာ, ခြောက်ပါးသာပင်, တွင်းပြင်ပေါင်းထား, ဆယ့်နှစ်ပါးကို, ဤကား ငါသာ, ငါ့ဥစ္စာဟု, စွဲလမ်းမှုမှာ, မရှိပါဘဲ, ကင်းကွာအပူ, မယှဉ်သူကို, သူတော်သူမြတ်, ငါသတ်မှတ်၏။

## ၄-အညတရဗြာဟ္မဏဝတ္ထု

၃၈၆။ ဈာယိံ ဝိရဇ'မာသီနံ , ကတကိစ္စ'မနာသဝံ၊
ဥတ္တမတ္ထ'မနုပ္ပတ္တံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ဈာယိံ-အာရုံ လက္ခဏာ, ရှုသင့်ရာကို, စူးစိုက်စွာရှုလေ့ရှိသော၊ ဝိရဇံ-တပ်မက် ကာမ, မြူမှုကင်းထသော၊ အာသီနံ-လူသူဝေးကွာ, တောမြိုင်သာတွင်, ဖော်ကွာ ကင်းလွတ်, တစ်ဦးတည်းနေတတ်သော၊ ကတကိစ္စံ-တစ်ဆယ့်ခြောက်ပါး, ကိစ္စများကို, လေးပါးမဂ်ဖြင့်, သင့်တင့်သီးသီး, ပြုလုပ်ပြီးသော၊ အနာသဝံ-ကာမာသဝ, စသည်လေးပါး, အာသဝေါတရား မရှိထသော၊ ဥတ္တမတ္ထံ-အမြတ်ဆုံးမျိုး, အကျိုးခေါ်ဆို, အရဟတ္တဖိုလ်သို့၊

---

**ပါရာပါရံ=** [ပါရ+အပါရ] အဇ္ဈတ္တိကာယတန, ဗာဟိရာယတန။

**ဝိတဒ္ဒရံ=** [ဝိတ+ဒရ] ဝိဂတော ဝိဂတော ဒရော ဧတသ္မာတိ-ဝိတဒ္ဒရော၊ ကင်းသောပူပန်ခြင်း ရှိသော၊ ပူပန်ခြင်းကင်းသော။

**ဝိသံယုတ္တံ=** [ဝိ+သံ √ယုဇ+တ] မနှီးနှောသော၊ မရောနှောသော၊ မယှဉ်သော၊ ကင်းသော၊ လွတ်သော၊ သံကိလေသတရားမှ ကင်းဆိတ်သော။

### ၃၈၆-ပဒဝိဘာဂ

**ဝိရဇံ=** [ဝိ+ရဇ] တပ်မက်ခြင်းမရှိသော၊ ရာဂ-စသောကိလေသာမြူမရှိသော (သူ)၊ ရာဂ-စသော ကိလေသာမြူကင်းသော (မဂ်ဖိုလ်နိဗ္ဗာန်။)

အနုပ္ပတ္တံ-မဂ်လေးတန်ဖြင့်, စဉ်သင့်လျော်စွာ, ရောက်လာပြီးသော၊ တံ-ဆိုခဲ့ဂုဏ်များ, ထင်ရှားပြည့်ဖြိုး, ထိုပုဂ္ဂိုလ်မျိုးကို၊ အဟံ-သုံးလူ့ထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏ-မကောင်းမှုများ, ပယ်စွန့်ထားတတ်, သူတော်သူမြတ်ဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, မိန့်တော်မူ၏။

(မြန်မာပြန်) တစ်ဦးသောသူသည် သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်နေအံ့၊ ကိလေသာမြူကင်းဝေးအံ့၊ တောခွဲတစ်ဦးတည်းနေအံ့၊ မဂ်လေးပါးဖြင့် ကိစ္စ ၁၆-ပါးကို ပြုလုပ်ထားအံ့၊ အာသဝေါတရားများကိုလည်း ပယ်စွန့်ထားအံ့၊ အရဟတ္တဖိုလ်ကို ရပြီးသူ လည်းဖြစ်အံ့၊ ထိုသူမျိုးကို ငါဘုရားက သူတော်သူမြတ်ဟု မိန့်တော်မူ၏။

(လင်္ကာ) ငြိမ်းရန်ရည်မှန်း, ရှင်ရဟန်းကား, ကမ္မဋ္ဌာန်းနှစ်ပါး, ရှုမှတ်ပွား၏၊ လိုလားခုံမင်, မြူကင်းစင်၏၊ တောတွင်ဖော်မဲ့, နေထိုင်ခဲ့၏၊ တစ်ဆယ့်ခြောက်ချက်, မဂ်ကိစ္စများ, ပြီးစီးသွား၍, လေးပါးအာသဝ, ပယ်ခွာဖျက်ဖြို, ထိပ်ဆုံးဖိုလ်သို့, လိုရှိတိုင်းသာ, ရောက်နေပါ၏၊ သို့သာပြုမူ, ကျင့်လာသူကို, သူတော်သူမြတ်, ငါသဟ်မှတ်၏။

## ၅-အာနန္ဒတ္ထေရဝတ္ထု

၃၈၇။ ဒိဝါ တပတိ အာဒိစ္စော , ရတ္တိမာဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ , ဈာယီ တပတိ ဗြာဟ္မဏော၊
အထ သဗ္ဗမဟောရတ္တိံ , ဗုဒ္ဓေါ တပတိ တေဇသာ။

(အနက်) အာဒိစ္စော-ရောင်ခြည်တစ်ထောင်, အလင်းရောင်ဖြင့်, ထွန်းပြောင်ထိန်ဝင်း, ရှင်နေမင်းသည်၊ ဒိဝါ-လူရှင်အများ, ကိုယ့်စီးပွားဖြင့်, လှုပ်ရှားသွားလာ နေ့အခါ၌၊ တပတိ-ပြောင်တဝင်းဝင်း, မိုက်မှောင်ခွင်းကာ, ထွန်းလင်းတကယ်, တင့်တယ်

အာသီနံ= [ √အာသ+တ ] တ-ပစ္စည်းကို ဤဏ-ပြု၊ ဏ-ကို န-ပြု၊ အာသ-ဥပဝေသနေ+ အစ္ဆိတိ-အာသိနော၊ နေတတ်သော၊ ရှု၊ ၆၃၁။

ကတကိစ္စံ= [ကတ+ကိစ္စ] ပြုအပ်ပြီးသော (၁၆-ပါးသောမဂ်)ကိစ္စရှိသော၊ ၄-ပါးသောမဂ်တို့ဖြင့် ၁၆-ပါးသောကိစ္စကို ပြုပြီး၍တည်သော(သူ။)

ဥတ္တမတ္ထံ= [ဥတ္တမ+အတ္ထ] မြတ်သောအကျိုးတရား (အရဟတ္တဖိုလ်၊) မြတ်သော- မဖောက်မပြန်မှန်ကန်သော အနက်သဘော၊ မြတ်သည်၏အဖြစ်ဟူသော အနက်သဘော။

အနုပ္ပတ္တံ= [ အနု √ပဒ+တ ] နိရုတ္တိ-နှာ၊ ၄၈၅-ကို ရှုပါ။
[အနု+ပ √အပ+တ ] နီတိ-ဓာတု၊ ၂၄၅-နှင့် ရှု-နှာ၊ ၃၄၁-တို့ကို ရှုပါ၊ အစဉ်ရောက်သော၊ ဆိုက်ရောက်သော၊ ရောက်လာသော။

### ၃၈၇-ပဒဝိဘာဂ

တပတိ= [ √တပ+အ+တိ ] ထွန်းလင်း၏၊ တောက်ပ၏၊ တင့်တယ်၏၊ ထိတ်လန့်၏၊ ပူပန်၏၊ တပ=(ဘူ) ဒိတ္တိဥဗ္ဗေဂသန္တာပိယသရိယေသု-ထွန်းပခြင်း, ထိတ်လန့်ခြင်း, ပူပန်ခြင်း, အစိုးရခြင်းတို့၌၊ (တပတိ။)

အာဘာတိ= [အာ √ဘာ+အ+တိ ] ထွန်းလင်း၏၊ တောက်ပ၏။

လှပါပေ၏၊ စန္ဒိမာ–အေးဂုဏ်လွှန်မင်း, ပြည့်စုံခြင်းကြောင့်, ဖြူဝင်းလှပါ, ရောင်အဝါဖြင့်, သတ္တဝါသန္တာန်, ပူပန်ငြိမ်းကာ, ချမ်းသာအပ်နှင်း, ရွှေလမင်းသည်၊ ရတ္တိံ–လူသူအများ, အနားယူလျက်, အိပ်စက်ကြရာ, ညဉ့်အခါ၌၊ အာဘာတိ–အေးဓာတ်ဖြည့်တင်း, ပယ်ရှင်း မိုက်မှောင်, ထွန်းလင်းတောက်ပြောင်၏၊ ခတ္တိယော–လယ်မြေစပ်လျဉ်း,ငြင်းခုံခြင်းမှ, ရှောင်ကွင်းစိမ့်ငှာ, လူများစွာကို, ကွယ်ကာယိုင်းပင်း, စောင့်ရှောက်တတ်သောမင်းသည်၊ သန္နဒ္ဓေါ–ဝန်းရံဗိုလ်ပါ, တန်ဆာပြည့်ဝ, ဆင်ယင်မှုသာလျှင်၊ တပတိ–ဂုဏ်သိန်ဖြိုးမောက်, ထွန်းတောက်ကျက်သရေ, ထွန်းပတင့်တယ်ပါပေ၏၊ ဗြာဟ္မဏော–မကောင်းမှုများ, ပယ်စွန့်ထား၍, တရားခိုအောင်း, ရဟန္တာသူတော်ကောင်းသည်၊ ဈာယီ–ပေါင်းဖော်စွန့်ခွာ, ဈာန်နှစ်ဖြာကို, သေချာကျနု, ရှုနေမှုသာလျှင်၊ တပတိ–ဂုဏ်သိန်ဖြိုးမောက်, ထွန်းတောက် ကျက်သရေ, ထွန်းလင်းတင့်တယ်ပါပေ၏၊ အထ–ထိုမှတစ်ပါး၊ ဗုဒ္ဓေါ–သစ္စာလေးပါး, မြတ်တရားကို, ပိုင်းခြားသိမြင်, ဘုရားရှင်သည်၊ သဗ္ဗမဟောရတ္တိံ–ဘယ်ခါမလပ်, အလုံး စုံသော နေ့ညဉ့်ပတ်လုံး၊တေဇသာ–သီလဂုဏ, ပညာပုည, ဓမ္မဟူငြား, ငါးပါးပြားရိုး, မြတ်တန်ခိုးဖြင့်၊ တပတိ–မပြတ်တကယ်, တင့်တယ်တော်မူပါပေ၏။

**မြန်မာပြန်** နေမင်းသည် နေ့အခါ၌သာ တင့်တယ်၏၊ လမင်းသည် ညအခါ၌သာ တင့်တယ်၏၊ မင်းသည် ဝတ်စားတန်ဆာဆင်ယင်၍ စစ်သည်ဗိုလ်ပါ ဝန်းရံထားမှသာလျှင် တင့်တယ်၏၊ ရဟန္တာသူတော်ကောင်းသည် အာရုံ လက္ခဏာ, နှစ်ဖြာသောဈာန်ကို ရှုးရှူးစိုက်စိုက် ရှုနေမှသာ တင့်တယ်၏၊ ဗုဒ္ဓမြတ်စွာသည်ကား နေ့ရောညဉ့်ပါ အခါခပ်သိမ်း တန်ခိုးငါးပါးဖြင့် တင့်တယ်တော်မူ၏။

**လင်္ကာ** နေကား နေ့သာ, တင့်တယ်ပါ၏၊ လမှာညဉ့်တွင်, တိမ်စင်သောခါ, တင့်တယ် ပါ၏၊ မင်းမှာဝတ်စား, ဆင်ယင်ထား၍, များပြားခြွေရံ, ဝန်းရံသောခါ, တင့်တယ် ပါ၏၊ ပယ်ခွာအကု, အပပြုထား, ပြစ်များကင်းကွာ, ရဟန္တာကား, ပယ်ခွာပေါင်းဖော်, ဈာန်မွေ့လျော်မှ, တင့်တယ်လှ၏၊ ထိုမှတစ်ပါး, မြတ်ဘုရားကား, ငါးပါးတန်ခိုး, စွမ်းအင် မျိုးဖြင့်, လွှမ်းမိုးလျက်သာ, ခပ်သိမ်းခါတွင်, မကွာနေ့ည, တင့်တယ်လှ၏။

## ၆–အညတရဗြာဟ္မဏပဗ္ဗဇိတဝတ္ထု

၃၈၈။ ဗာဟိတပါပေါတိ ဗြာဟ္မဏော , သမစရိယာ သမဏောတိ ဝုစ္စတိ၊
ပဗ္ဗာဇယမတ္တနော မလံ , 'တသ္မာ ပဗ္ဗဇိတော'တိ ဝုစ္စတိ။

---

**သန္နဒ္ဓေါ**= [သံ √ နဟ+တ ] သန္နယှိတ္ထာတိ–သန္နဒ္ဓေါ၊ တန်ဆာဆင်အပ်သော၊ ဝတ်ဆင် (တပ်ဆင်)အပ်သော၊ ကောင်းစွာဖွဲ့ချည်အပ်သော၊ ကောင်းစွာချိတ်လွယ်အပ်သော။

**တေဇသာ**= [တိဇ+ဏ] တေဇေတိ သေသဘူတောပါဒါရူပါနီတိ–တေဇော၊ ဓာန်–ဋီ၊ ၃၄။
[ √တိဇ+အ ] တေဇနံ–တေဇော၊ မောဂ်–၅၊ ၁။ တေဇောဓာတ်၊ တန်ခိုးရှိန်စော် အာနုဘော်၊ စွမ်းရည်၊ ဓာန်။

### ၃၈၈–ပဒဝိဘာဂ

**ဗာဟိတပါပေါ**= [ဗာဟိတ+ပါပ] ဗာဟိတော ပါပေါ ယေနာတိ–ဗာဟိတပါပေါ၊ အပ

**အနက်** ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ ဗာဟိတပါပေါ-မကောင်းမှုများ, ပယ်စွန့်ထားတတ်၏၊ ဣတိ-တသ္မာ-ထို့ကြောင့်၊ သော-မကောင်းမှုများ, ပယ်စွန့်ထား၍, ပွားများကုသိုလ်, ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏောတိ-အကုသိုလ်မှု, မပြုကင်းလွတ်, သူတော်သူမြတ်ဟူ၍၊ ဝုစ္စတိ-ဒြပ်အလျော်, သကတ်ပေါ်အောင်, ခေါ်ဆိုထိုက်ပါပေ၏၊ သမစရိယာ-အကုသိုလ်တွေ, ကျန်မနေအောင်, ငြိမ်းစေထန်ပြင်း, ပြုကျင့်ခြင်းကြောင့်၊ သမဏောတိ-ကိလေအပူ, မြူမှုမသန်း, ရှင်ရဟန်းဟူ၍၊ ဝုစ္စတိ-သကတ်အလိုက်, ဒြပ်ကိုက်အောင်, ခေါ်ဆိုထိုက်ပါပေ၏၊ ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ အတ္တနော-ချမ်းသာဆင်းရဲ, အမြဲဝါးမျို, မိမိကိုယ်၏၊ မလံ-ရာဂအစ, များလှယှက်ထွေး, ညစ်အကြေးကို၊ ပဗ္ဗာဇယံ-ပယ်ဖျက်သုတ်သင်, ထုတ်နှင်အပြီး, ဖျက်ဆီးတတ်၏၊ တသ္မာ-ထို့ကြောင့်၊ သော-ရာဂစသား, ညစ်ကြေးများကို, ဖယ်ရှားဖျက်ဖြို, ထိုပုဂ္ဂိုလ်ကို၊ ပဗ္ဗဇိတောတိ-မြတ်လှထက်တန်း, ရှင်ရဟန်းဟူ၍၊ ဝုစ္စတိ-ဂုဏ်နှင့်ဒြပ်, စုံညီညွတ်အောင်, သတ်မှတ်သေချာ, ခေါ်ဆိုအပ်ပါပေ၏။

**မြန်မာပြန်** မကောင်းမှုကို ပယ်စွန့်ထားတတ်သောကြောင့် သူတော်ကောင်းဖြစ်သူကို ဗြာဟ္မဏဟုခေါ်သည်၊ အကုသိုလ်ငြိမ်းအောင်ကျင့်သောကြောင့် သမဏ-ရှင်ရဟန်းဟုခေါ်သည်၊ မိမိ၏ ရာဂစသောအညစ်အကြေးတို့ကို ထုတ်နှင်ဖျက်ဆီးတတ်သောကြောင့် ပဗ္ဗဇိတ-ရှင်ရဟန်းဟုခေါ်သည်။

**လင်္ကာ** မကောင်းမှုများ, ပြုထားအပ, ကြောင်းထောက်ဆ၍, ဗြာဟ္မဏသာ, ခေါ်ထိုက်ပါ၏၊ ပါပညစ်ကျု, မကောင်းမှုများ, ချန်မထားဘဲ, ထွားထွားဖျက်ချေ, ငြိမ်းစေတတ်လှ, ကြောင်းထောက်ဆ၍, သမဏသာ, ခေါ်ထိုက်ပါ၏၊ ကိုယ်မှာဖြစ်ပွား, ညစ်ကြေးများကို, ပယ်ရှားသုတ်သင်, ထုတ်နှင်တတ်ကြ, သဘာဝကြောင့်, ပဗ္ဗဇိတ, ခေါ်ထိုက်လှ၏။

## ၇-သာရိပုတ္တတ္ထေရဝတ္ထု

၃၈၉။ န ဗြာဟ္မဏဿ ပဟရေယျ , နဿ မုဉ္စေထ ဗြာဟ္မဏော၊
ဓိ ဗြာဟ္မဏဿ ဟန္တာရံ , တတော ဓိ ယဿ မုဉ္စတိ။
၃၉၀။ န ဗြာဟ္မဏဿေ'တဒကိဉ္စိ သေယျော, ယဒါ နိသေဓော မနသော ပိယေဟိ၊
ယတော ယတော ဟိံသမနော နိဝတ္တတိ , တတော တတော သမ္မတိမေဝ ဒုက္ခံ။

---

ပြုအပ် (ပယ်အပ်)ပြီးသော မကောင်းမှုရှိသော၊ မကောင်းမှုကို ပယ်ပြီးသော။

**သမစရိယာ=** [သမ+စရိယ ]သမေန စရိယံ-သမစရိယံ၊ အကုသိုလ်တို့ကို ငြိမ်းစေသဖြင့် ကျင့်ခြင်း။

**ပဗ္ဗာဇယံ=** [ပ √ဝဇ+ဏယ+အန္တ ] ပယ်ဖျက်သုတ်သင် ထုတ်နှင်တတ်သော၊ နှင်ထုတ်တတ်သော၊ ဖျက်ဆီးတတ်သော။

### ၃၈၉, ၃၉၀-ပဒဝိဘာဂ

**ပဟရေယျ=** [ပ √ဟရ+အ+ဧယျ] ပုတ်ခတ်ရာ၏၊ ရိုက်နှက်ရာ၏၊ ဟရ=(ဘူ) ပပုဗ္ဗော-ပ-ရှေးရှိမူ၊ ပဟရဏေ-ပုတ်ခတ်ခြင်း၌၊ (ပဟရတိ။)

**အနက်** ဗြာဟ္မဏော-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားမက္ခာ, ရဟန္တာသည်၊ ဗြာဟ္မဏဿ-တရားမက္ခာ, ရဟန္တာနှင့်, ဇာတိဗြာဟ္မဏ, မည်ရထင်ရှား, လူပုဏ္ဏားအား၊ န ပဟရေယျ-ရဟန္တာမိမိ, ဖြစ်မှန်းသိလတ်, မပုတ်ခတ်ရာ၊ ဗြာဟ္မဏော-ပုတ်ခတ်ခံရ, အာသဝကင်းကွာ, ရဟန္တာသည်၊ အဿ-မိမိကိုသာ, လွန်စွာငြူစူ, ထိုပုတ်ခတ်လာသူအား၊ န မုဉ္စေထ-ဒေါသမျက်မာန်, ပြန်လှန်မလွှတ်ရာ၊ ဗြာဟ္မဏဿ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားမက္ခာ, သူတော်ကောင်း ရဟန္တာကို၊ ဟန္တာရံ-ကိုင်စွဲလက်နက်, သတ်ပုတ်ရိုက်နက်သူကို၊ ဓိ-မညာမငဲ့, ငါဘုရားကဲ့ရဲ့တော်မူ၏၊ ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ အဿ-မိမိကိုသာ, လွန်စွာငြူစူ, ထိုပုတ်ခတ်လာသူအား၊ မုဉ္စတိ-သူ့ကိုပြန်လှန်, ရိုက်လိုပြန်၍, တစ်ဖန်ပြန်လျက်, အမျက်ထွက်၏၊ တံ-ထိုသို့ အရိုက်ခံရ၍ ဒေါသမျက်မာန်, ပြန်လှန်ထွက်သူကို၊ တတော-မိမိကိုသာ, လွန်စွာငြူစူ, ထိုပုတ်ခတ်လာသူထက်၊ ဓိ-ပိုမိုမငဲ့, ငါဘုရားကဲ့ရဲ့ပေ၏။

ဗြာဟ္မဏဿ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားမက္ခာ, သူတော်ကောင်း ရဟန္တာ၏၊ ဧတံ-ဤသို့ ဆဲရေးသူကို ပြန်လှန်မဆဲရေးခြင်း, ရိုက်သောသူကို ပြန်လှန်မရိုက်ခြင်းသည်၊ န (အ)ကိဉ္စိသေယျော-အနည်းငယ်မျှ မြတ်လှသည်မဟုတ်ပါပေ၊ [အ-သဒ္ဒါ တဗ္ဗော၊ အလွန်မြတ်၏ဟူလို၊] မနသော ပိယေဟိ-ဒေါသစိတ်ကြိုက်, မျက်အမိုက်တို့မှ၊ ယဒါ-ယော နိသေဓော-အကြင်ကောဓထေန်ပြင်း, ဖြစ်ပေါ်လာသောစိတ်ကို တားမြစ်ခြင်းသည်၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤသို့ ကောဓထေန်ပြင်း, ဖြစ်ပေါ်လာသောစိတ်ကို တားမြစ်ခြင်းသည်၊ န (အ)ကိဉ္စိသေယျော-အနည်းငယ်မျှ, မြတ်လှသည်သာ, မဟုတ်ပါပေ၊ ဟိံသမနော-အမျက်ဒေါသ, ခြောင်းခြောင်းထသောစိတ်သည်၊ ယတော ယတော-အမှတ်မပြု, အကြင်အကြင်ဝတ္ထုမှ၊ နိဝတ္တတိ-အနာဂါမိမဂ်ဖြင့်, အသင့်ပယ်ခွာ, ဆုတ်နစ်လာ၏၊ တတော တတော-ဒေါသမဖြစ်, ဆုတ်နစ်လာမှု, ထိုထိုဝတ္ထုမှ၊ ဒုက္ခံ-သံသရာမှာ, မက္ခာညှဉ်းဆဲ, ဝဋ်ဆင်းရဲသည်၊ သမ္မတိယေဝ-ကြွင်းမဲ့ဆုတ်ခွာ, ငြိမ်းအေးရတော့သည် သာတည်း။

**မြန်မာပြန်** ရဟန္တာသည် ရဟန္တာသူတော်ကောင်းကို မပုတ်ခတ်ရာ၊ ရဟန္တာသူတော်ကောင်းသည် မိမိအားပုတ်ခတ်လာသူကို အမျက်မထွက်ရာ၊ ရဟန္တာသူတော်ကောင်းကို သတ်ပုတ်တတ်သူကို ငါဘုရား ကဲ့ရဲ့တော်မူ၏၊ သတ်ပုတ်တတ်သူထက် မိမိကိုသတ်ပုတ်သူအား ပြန်လှန်အမျက်ထွက်မှုကို ပို၍ ငါဘုရားကဲ့ရဲ့တော်မူ၏။

---

**ဓိ**= [ဓိတိ-ဓိဂ္ဂစ္ဆနတ္ထေ နိပါတော] ထေရ-၄-၂၊ ၁၁။ စက်ဆုပ်ရွံရှာဖွယ်၊ ကဲ့ရဲ့ဖွယ်၊ စက်ဆုပ်ရွံရှာစရာကောင်းသော၊ ကဲ့ရဲ့ဖွယ်ရှိသော၊ စက်ဆုပ်ရွံရှာ၏၊ ကဲ့ရဲ့၏၊ ဓိတိ ဂဟာရတ္ထေ နိပါတောတိ အာဟ၊ ဂရဟာမိတိ၊ ခံ-မဟာဋီ။

**ဟန္တာရံ**= [ √ဟန+တု] ဟနတီတိ-ဟန္တာ၊ ရူ၊ ၅၇၃။ သတ်ဖြတ်တတ်သော၊ ရိုက်ပုတ်တတ်သော၊ ဖျက်ဆီးတတ်သော။

**ဟိံသမနော**= [ဟိံသ+မန] အမျက်ထွက်သောစိတ်။

သူတော်ကောင်းအတွက်–ဆဲသူကို ပြန်မဆဲခြင်း, ရိုက်သူကို ပြန်မရိုက်ခြင်းသည် အလွန်မြတ်လှပေသည်၊ အမျက်မထွက်အောင် စိတ်ကိုတားမြစ်ခြင်းသည်လည်း အလွန်မြတ်လှပေသည်၊ အမျက်ထွက်လိုသောစိတ် ထိုထိုဝတ္ထုမှ ဆုတ်နစ်လေလေ ဝဋ်ဆင်းရဲငြိမ်းအေးလေလေ ဖြစ်ရတော့သည်။

(လင်္ကာ) စိတ်ထားစင်ဖြူ, မြင့်မြတ်သူ၏, သူဆဲရေးလည်း, ကိုယ်ကသည်းခံ၊ ရိုက်ပုတ်ပြန်လည်း, သည်းခံသည်သာ၊ သဘောမှာကား, ဓမ္မာအထွတ်, လွန်မြင့်မြတ်၏၊ စိတ်ဓာတ်ချို့ယွင်း, မျက်ထွက်ခြင်းမှ, မြစ်ခြင်းမက္ခာ, သဘောမှာလည်း, ဓမ္မာအထွတ်, လွန်မြင့်မြတ်၏၊ ယွင်းချွတ်မျက်သို, ညှဉ်းဆဲလိုသည့်, ထိုစိတ်သည်ကား, မှတ်မထားသည့်, တစ်ပါးပါးဟု, ကြင်ဝတ္ထုမှ, ဆုတ်နစ်ကလျှင်, ဆုတ်ရသမျှ, ထိုဝတ္ထုမှ, ပေါင်းစုများလှ, ဝဋ်ဒုက္ခမှာ, နစ်သည်သာတည်း။

စိတ်ထား စင်ဖြူ, မြင့်မြတ်သူ၏, သူဆဲရေးလည်း, ကိုယ်က သည်းခံ၊ ရိုက်ပုတ်ပြန်လည်း, သည်းခံသည်သာ၊ သဘောမှာကား, ဓမ္မာအထွတ်, လွန်မြင့်မြတ်၏၊ စိတ်ဓာတ်ချို့ယွင်း, မျက်ထွက်ခြင်းကို, ပယ်ရှင်းဝေးကွာ, သဘောမှာလည်း, ဓမ္မာအထွတ်, လွန်မြင့်မြတ်၏၊ ငြိုးတတ်မျက်သို, ညှဉ်းဆဲလိုသည့်, ထိုစိတ်သည်ကား, မှတ်မထားသည့်, တစ်ပါးပါးဟု, ကြင်ဝတ္ထုမှ, ဆုတ်နစ်ကလျှင်, ဆုတ်ရသမျှ, ထိုဝတ္ထုမှ, ပေါင်းစုများလှ, ဝဋ်ဒုက္ခမှာ, နစ်သည်သာတည်း။

**၈–မဟာပဇာပတိဂေါတမီဝတ္ထု**

၃၉၁။ ယဿ ကာယေန ဝါစာယ , မနသာ နတ္ထိ ဒုက္ကဋံ၊
သံဝုတံ တီဟိ ဌာနေဟိ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ယဿ–ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်၏၊ ကာယေန–ကာယဝိညတ်, ခေါ်သတ်မှတ်ရ, ကာယဒွါရဖြင့်လည်းကောင်း၊ ဝါစာယ–ဝစီဝိညတ်, ခေါ်သတ်မှတ်ရ, ဝစီဒွါရဖြင့်လည်းကောင်း၊ မနသာ–ဝိညတ်မဖက်, စိတ်သက်သက်ဖြင့်လည်းကောင်း၊ ဒုက္ကဋံ–အပြစ်ပေါ်ကြွယ်, အပါယ်လားကြောင်း, မကောင်းမှုအကုသိုလ်ကံသည်၊ ဝါ–ချွတ်ချော်လွဲမှား, အပါယ်လားဖို့, ပြုထားဖန်ဖန်, မကောင်းမှု, အကုသိုလ်ကံသည်၊ နတ္ထိ–အကြောင်းကင်းကွာ, မရှိတော့ပါပေ၊ တီဟိ ဌာနေဟိ–ကိုယ်နှုတ်စိတ်အား, အကြောင်းသုံးပါးတို့ဖြင့်၊ ဝါ–ကိုယ်နှုတ်စိတ်ဟု, ကြောင်းသုံးခုတို့ဖြင့်၊ သံဝုတံ–ဒုစရိုက်ထိုးဖောက်, မဝင်ရောက်အောင်, သုံးပေါက်တံခါး, ပိတ်ဆို့ဆီးတားအပ်ပေပြီ၊ တံ–ဒုစ္စရိတ, မဝင်ရအောင်, သုံးဝတံခါး, ပိတ်ထားထိန်းသို, ထိုပုဂ္ဂိုလ်ကို၊ အဟံ–လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ–မကောင်းမှုများ, စွန့်ပယ်ထားတတ်, သူတော်သူမြတ်ဟူ၍၊ ဗြူမိ–သာယာထုတ်ဖော်, မိန့်တော်မူ၏။

---

**နိဝတ္တတိ**= [နိ √ဝတု+အ+တိ] ဝတု, ဝဋ္ဋ ဣစ္စာဒိနံ အန္တဗျဉ္ဇနဿ ဒွိတ္တံ၊ နိရုတ္တိ၊ ၄၈။ ဆုတ်နစ်၏၊ နစ်မြုပ်၏။

(မြန်မာပြန်) ကိုယ်နှုတ်စိတ်တို့ဖြင့် ချွတ်ချော်လွဲမှား, ပြုလုပ်ထားသော အကုသိုလ်ကံ မရှိသည့်အပြင် ကိုယ်နှုတ်စိတ်ဟူသော တံခါးသုံးပေါက်တို့မှ အကုသိုလ် မဝင်ရအောင် တားမြစ်ပိတ်ဆို့ထားသူကို သူတော်သူမြတ်(ဗြာဟ္မဏ)ဟု ငါဘုရားမိန့်တော်မူ၏။

(လင်္ကာ) ကိုယ်နှုတ်စိတ်အား, ထိုသုံးပါးတွင်, တစ်ပါးပါးဖြင့်, ဆိုးဝါးအမှု, မပြုရှောင်ရှား, ယင်းသုံးပါးမှ, ဘုရားမကြိုက်, ဒုစရိုက်များ, မဖြစ်ပွားအောင်, ဆီးတားနိုင်မှု, ထိုသူ့အထွတ်, သူတော်မြတ်ဟု, သတ်မှတ်ငါက, ဟောညွှန်ပြ၏။

## ၉-သာရိပုတ္တတ္ထေရဝတ္ထု

၃၉၂။ ယမှာ ဓမ္မံ ဝိဇာနေယျ , သမ္မာသမ္ဗုဒ္ဓဒေသိတံ၊
သက္ကစ္စံ တံ နမဿေယျ , အဂ္ဂိဟုတ္တံဝ ဗြာဟ္မဏော။

(အနက်) ဗြာဟ္မဏော-ဝေဒကျမ်းဂန်, သင်အံကြိုးစား, မီးပူဇော်သော ပုဏ္ဏားသည်၊ အဂ္ဂိဟုတ္တံ-တောက်လောင်ပွားစီး, ပူဇော်အပ်သောမီးကို၊ သက္ကစ္စံ-ထောပတ်လောင်းရိုး, ရှိခိုးတစ်လီ, စသည်အမှု, အရိုအသေပြု၍၊ နမဿတိ ဣဝ-လက်အုပ်ချီမိုး, ရှိခိုးနေဘိသကဲ့သို့၊ ဓဝံ-ပမာနှိုင်းယှ, ဤအတူသာလျှင်၊ ယမှာ-ကိုယ်သိသည်လား, ရှင်လူများတို့, သိနားလည်ရန်, ဝေဖန်ဟောတတ်, အကြင်ဆရာမြတ်မှ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ-ရှင်တော်မြတ်ဘုရား, ဟောကြားတော်မူအပ်သော၊ ဓမ္မံ-မဂ်ဖိုလ်ရရန်, လမ်းစဉ်မှန်ကို, ဝေဖန်ပြတတ်, တရားတော်မြတ်ကို၊ ဝိဇာနေယျ-သင်ယူနာကြား, သိမြင်ငြားအံ့၊ တံ-တစ်လုံးတစ်ပါဒ, သိမြင်ရအောင်, ဟောပြပေတတ်, ထိုဆရာမြတ်ကို၊ သက္ကစ္စံ-လေးမြတ်သမှု, အရိုအသေပြု၍၊ နမဿေယျ-ဦးညွှတ်ရိုကျိုး, လက်စုံမိုးကာ, ရှိခိုးရာ၏။

(မြန်မာပြန်) ဆရာတစ်ဦးထံမှ ဘုရားဟောတရားတော်ကို သင်ယူနာကြား သိနားလည်ခဲ့ပါလျှင် ထိုဆရာကို ပုဏ္ဏားက ပူဇော်ထားသော မီးကို ရိုသေစွာရှိခိုးသကဲ့သို့ ရိုသေလေးစားစွာ ရှိခိုးရာ၏။

(လင်္ကာ) ကြီးငယ်မဟူ, အကြင်သူမှ, နာယူရ၍, ဗုဒ္ဓဟောကြား, မြတ်တရားကို, နားလည်ရမူ, ယင်းဟောသူကို, အယူလွဲမှား, ပုဏ္ဏားကမူ, သူပူဇော်လို, မီးကိုရိုသေ, ရှိခိုးနေသို့, ရိုသေလှစွာ, ရှိခိုးပါလော့။

---

### ၃၉၂-ပဒဝိဘာဂ

**သမ္မာသမ္ဗုဒ္ဓဒေသိတံ=** [သမ္မာသမ္ဗုဒ္ဓ+ဒေသိတ] မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော။

**သက္ကစ္စံ=** [သံ √ကရ+တွာ] တွာ-ပစ္စည်းကို ရစ္စ-ပြု၊ ဓာတွန်ရ်-ကို ချေ၊ နိဂ္ဂဟိတ်ကို က-ပြု၊ သက္ကစ္စ၊ နိဂ္ဂဟိတ်လာလျှင် သက္ကစ္စံ-ဟု ဖြစ်၏၊ နိရုတ္တိ-နှာ၊ ၅၀၅။

[သ √ကရ+တွာ] သက္ကာရံ ကတွာ-သက္ကစ္စ၊ တွာ-ပစ္စည်းကို စ-ပြု၊ ရ-ကို ပရရုပ စ-ပြု၊က-ဒွေဘော်လာ၊ သက္ကစ္စ၊ မောဂ်-၅၊ ၁၆၇။ နိဂ္ဂဟိတ်လာက သက္ကစ္စံ၊ အရိုအသေပြု၍၊ ရိုသေစွာ၊ ရိုရိုသေသေ လေးလေးစားစား။

## ၁၀-ဇဋိလဗြာဟ္မဏဝတ္ထု

၃၉၃။ န ဇဋာဟိ န ဂေါတ္တေန , န ဇစ္စာ ဟောတိ ဗြာဟ္မဏော၊
ယမှိ သစ္စဉ္စ ဓမ္မော စ , သော သုစီ သော စ ဗြာဟ္မဏော။

(အနက်) ဇဋာဟိ-ပြုပြင်ကင်းဝေး,ရှုပ်ထွေးနေသော ဆံကျစ်တို့ဖြင့်၊ ဗြာဟ္မဏော-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏမည်သည်၊ န ဟောတိ-အကြောင်းမခိုင်, မဖြစ်နိုင်ပေ၊ ဂေါတ္တေန-အစဉ်အဆက်, မပျက်မကွယ်, အနွယ်အားဖြင့်၊ ဗြာဟ္မဏော-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏမည်သည်၊ န ဟောတိ-အကြောင်းမခိုင်, မဖြစ်နိုင်ပေ၊ ဇစ္စာ-မိဘက်ဖဘက်, နှစ်သက်စဖွယ်, စင်ကြယ်မြင့်မြတ်, အမျိုးဇာတ်အားဖြင့်၊ ဗြာဟ္မဏော-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏမည်သည်၊ န ဟောတိ-အကြောင်းလျှပ်ယိုင်, မဖြစ်နိုင်ပါပေ၊ ယမှိ-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်၌၊ သစ္စဉ္စ-တစ်ဆယ့်ခြောက်ပါး, ခြင်းရာအားဖြင့်, သိထားစွမ်းသန်, သစ္စဉာဏ်သည်လည်းကောင်း၊ ဓမ္မော စ-မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟူသြား, ကိုးပါးသော လောကုတ္တရာတရားသည်လည်းကောင်း၊ အတ္ထိ-ထင်ရှားမသွေ, ရှိနေပါပေ၏၊ သော-သစ္စာသိမြင်, တွဲယှဉ်မဂ်ဖိုလ်, ထိုပုဂ္ဂိုလ်သည်၊ သုစိ စ-အကုသိုလ်ဆိုး, ပြစ်မျိုးမတွယ်, စင်ကြယ်သူလည်းမည်၏၊ ဗြာဟ္မဏော စ-မကောင်းမှုများ, စွန့်ပယ်ထားတတ်, သူတော်သူမြတ်လည်းမည်၏။

(မြန်မာပြန်) ဆံကျစ်ထုံးသောအားဖြင့် ဗြာဟ္မဏမဖြစ်၊ အနွယ်အားဖြင့် ဗြာဟ္မဏမဖြစ်၊ အမျိုးဇာတ်အားဖြင့် ဗြာဟ္မဏမဖြစ်၊ သစ္စာသိမြင်, မဂ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိမြင်သူကသာ စင်ကြယ်သူလည်းမည်၏၊ ဗြာဟ္မဏလည်းမည်၏။

(လင်္ကာ) ဆံကျစ်ထုံးခြင်း, သန့်ရှင်းမျိုးနွယ်, စင်ကြယ်ဇာတ်ဟု, ယခုတွေ့ရ, သုံးပါးမျှဖြင့်, ဗြာဟ္မဏစစ်, မဖြစ်သည်သာ၊ သစ္စာသိဉာဏ်, ကိုးတန်လောကုတ်, မယုတ်ရမူ, ထိုသူကသာ, စင်ကြယ်ပါ၏၊ သူသာမုချ, ဗြာဟ္မဏစစ်, ဧကန်ဖြစ်၏။

---

**သ**= [ * သ, အသက္ကတိ အာဒရာနာဒရေသု ယထာက္ကမံ နိပါတော၊ ပဋိကာ။ ]

**နမဿေယျ**= [ √နမဿ+အ+ဧယျ ] ရှိခိုးရာ၏၊ နမဿ=(ဘူ) ဝန္ဒနာနတိယံ-ရှိခိုးဦးညွတ်ခြင်း၌၊ (နမဿတိ။)

**အဂ္ဂိဟုတ္တံ**= [အဂ္ဂိ+ဟုတ္တ ] မီးကိုလုပ်ကျွေးပူဇော်ခြင်း၊ ဟုံးပူဇော်ခြင်း၊ လုပ်ကျွေးပူဇော်အပ်သော မီး၊ ယဇ်မီး။

**ဟုတ္တ**= [ √ဟု+တ ] ပူဇော်ခြင်း၊ ပူဇော်အပ်သော။

### ၃၉၃-ပဒဝိဘာဂ

**ဂေါတ္တေန**= [ဂေါ √တာ+အ ] ဂဝံ သဒ္ဒံ တာယတီတိ-ဂေါတ္တံ၊ ရူ၊ ၅၆၈။ န၊ အနွယ်၊ အမည်၊ အနွယ်ရှိသော။

## ၁၁-ကုဟကဗြာဟ္မဏဝတ္ထု

၃၉၄။ ကိံ တေ ဇဋာဟိ ဒုမ္မေဓ , ကိံ တေ အဇိနသာဋိယာ၊
အဗ္ဘန္တရံ တေ ဂဟနံ , ဗာဟိရံ ပရိမဇ္ဇသိ။

**အနက်** ဒုမ္မေဓ-ပညာနည်းပါး, တရားမမြွေ, အို-ရသေ့ !၊ တေ-တရားကင်းကွာ, လိမ်ညာကောက်ကျစ်, သင်ရသေ့ညစ်အား၊ ဇဋာဟိ-ပြုပြင်ကင်းဝေး, ရှုပ်ထွေးဆန်းပြား, ဆံကျစ်များဖြင့်၊ ကိံ-စင်ကြယ်မှော်ကိုး, ဘယ်အကျိုးရှိအံ့နည်း?၊ တေ-ပညာနည်းပါး, တရားမမြွေ, သင်ရသေ့အား၊ အဇိနသာဋိယာ-ခြေသည်းလက်သည်း, မလိုးမဖြတ်, သစ်နက်ရေအဝတ်ဖြင့်၊ ကိံ-ကြီးကျယ်ပွားတိုး, အဘယ်အကျိုးရှိအံ့နည်း?၊ တေ-လိမ်ညာလှည့်ဖြား, တရားမမြွေ, သင်ရသေ့၏၊ အဗ္ဘန္တရံ-လိုဆိုးပြည့်တင်း, ကိုယ်အတွင်းသည်၊ ဂဟနံ-တစ်ထောင်ငါးရာ, ကိလေသာတောအုပ်, ထွေးရှုပ်ထူထပ်နေပေ၏၊ ဗာဟိရံ-လူတွေတွေ့မြင်, အပြင်အပ, ကိုယ်ကာယသည်၊ ပရိမဇ္ဇသိ-ပြင်မရှုပ်ထွေး, တွင်းရှုပ်ထွေးသည့်, ဆင်ချေး မြင်းချေးသဖွယ်, အမြင်အားဖြင့် စင်ကြယ်ပါပေ၏။

**မြန်မာပြန်** ပညာမရှိသောရသေ့ ! ဆံကျစ်တို့ဖြင့် သင့်မှာ အဘယ်အကျိုး ရှိအံ့နည်း?၊ သစ်နက်ရေအဝတ်ဖြင့် သင့်မှာ အဘယ်အကျိုးရှိအံ့နည်း?၊ သင်၏ကိုယ်တွင်းသည် ကိလေသာတောအုပ်ဖြင့် ထွေးရှုပ်နေ၏၊ အပြင်အပမျှသာ စင်ကြယ်ပါ၏။

**လင်္ကာ** ပညာကင်းကွာ, ယုတ်မာပါပေ့, အို-ရသေ့ ! ခလေ့ဘာသာ, ထုံးကာဖွဲ့ထား, ဆံကျစ်များဖြင့်, သင့်အားဘယ်မှာ, ကျိုးရှိပါအံ့?၊ ခွာပါရှိနေ, သစ်နက်ရေများ,

---

### ၃၉၄-ပဒဝိဘာဂ

**အဇိနသာဋိယာ=** [အဇိန+သာဋီ] သစ်နက်ရေအဝတ်၊ ထီ။

**အဇိန=** [ √အဇ+ဣန ] အဇ-ဂမနေ၊ အဇတိ ဝိက္ခယံ ယာတီတိ-အဇိနံ= စမ္မံ၊ မောဂ်-၇၊ ၁၀၂။ သားရေ၊ သစ်နက်ရေ။

**သာဋီ=** [ √သဋ+ဏ +ဤ] အဝတ်၊ ပုဆိုး၊ ထဘီ၊ သဋ=(ဘူ) ဂတိသီဒနဝိဘာဂဘေဒနေသု-သွားခြင်း, နစ်ခြင်း, ဝေဖန်ခြင်း, ပျက်စီးခြင်း, ကျင်နာခြင်းတို့၌၊ (သဋတိ။)

**အဗ္ဘန္တရံ=**[အဘိ √အတိ+အရ] အဗ္ဘန္တရဝါစက ပါဋိပဒိက်၊ အထဝါ=အတိ-ဗန္ဓနေ၊ အရော၊ ဓာတွတ္ထာနုဝတ္တကော အဘိ၊ အဗ္ဘန္တရံ၊ ဓာန်-ဋီ၊ ၇၇၁၊ အတွင်း၊ န။

**ဂဟနံ=** [ဂဟန+ဏ] ကိလေသာတောချုံရှိသော၊ တောချုံနှင့်တူသော။

**ဂဟန=** [ √ဂဟ+ယု] ဂဟ-ဥပါဒါနေ၊ အဓိကရဏေ ယု၊ ဓာန်-ဋီ၊ ၅၃၆။ တော။
[ √ဂမု √ဟန+အ ] ဂစ္ဆန္တံ ဟန္တီတိ-ဂဟနံ၊ ဂဟဏမ္ပိ၊ ယဒါဒိ၊ ဓာန်-ဋီ၊ ၇၁၉။ ဝင်ရောက်နိုင်ခဲသောအရပ်၊ လွန်မြောက်နိုင်ခဲသောအရပ်၊ ချုံ ပုန်းအောင်းရာအရပ်၊ ရှုပ်ထွေးသောတောအရပ်၊ ထူထပ်သောတောအရပ်၊ ဝင်ရောက်နိုင်ခဲသောအရပ်၊ လွန်မြောက်နိုင်ခဲသောအရပ်-စသည်။

**ပရိမဇ္ဇသိ=** [ပရိ √မဇ္ဇ+အ+သိ] စင်ကြယ်၏။

ဝတ်အစားဖြင့်, သင့်အားဘယ်မှာ, ကျိုးရှိပါအံ့?၊ အာဃာတခို, သင့်ကိုယ်တွင်းမှာ, ကိလေသာတောအုပ်, လွန်ထွေးရှုပ်ကာ, ရှိနေပါ၏၊ ပြင်သာသန့်ရှင်း, ဖြူစင်ဝင်း၏။

## ၁၂-ကိသာဂေါတမီဝတ္ထု

၃၉၅။ ပံသုကူလဓရံ ဇန္တုံ , ကိသံ ဓမနိသန္ထတံ၊
ဧကံ ဝနသ္မိံ ဈာယန္တံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

**အနက်** ပံသုကူလဓရံ-ပံသုကူသင်္ကန်း, ဝတ်ရုံဆင်မြန်းထားသော၊ ကိသံ-နည်းပါးသားသွေး, ကြောသေးလွှမ်းခြုံ, ပိန်ကြုံနေသော၊ ဓမနိသန္ထတံ-သားသွေးနည်းပါး, အကြောတို့ဖြင့်ဖြန့်ခင်းထားသော ကိုယ်ရှိသော၊ ဧကံ-ပေါင်းဖော်ကင်းကွာ, တစ်ဦးတည်းသာ၊ ဝနသ္မိံ-ဥဒေါင်းဥသြ, စသောငှက်များ, ပျော်ပါးနေရာ, လူသူကင်းဝေးသော တောမြိုင်သာ၌၊ ဈာယန္တံ-အာရုံ လက္ခဏာ, ရှုသင့်ရာကို, အခါမပြတ်, ရှုနေတတ်သော၊ တံ ဇန္တုံ-ကမ္မကိလေ, အကြောင်းတွေက, ဖြစ်စေကြပါ, ထိုသတ္တဝါကို၊ အဟံ-သုံးလူ့ထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ရဟန္တာဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, မိန့်တော်မူ၏။

**မြန်မာပြန်** ပံသုကူသင်္ကန်းဝတ်ရုံ၍ ကြုံလှီပြီး အကြောပြိုင်းပြိုင်းထသောကိုယ်ရှိလျက် တစ်ယောက်တည်း တောထဲမှာ ကမ္မဋ္ဌာန်းရှုမှတ်နေသူကို သူတော်စင်(ဗြာဟ္မဏ)ဟု ငါဘုရား မိန့်တော်မူ၏။

---

### ၃၉၅-ပဒဝိဘာဂ

**ပံသုကူလဓရံ**= [ပံသုကူလ √ဓရ+အ] ပံသုကူလံ ဓာရေတီတိ-ပံသုကူလဓရော၊ ပံသုကူသင်္ကန်းကို ဆောင်(ဝတ်ရုံ)သော။

**ပံသုကူလ**= [ ပံသု+ကု √ဥလ+အ] ပံသုဝိယ ကုစ္ဆိတဘာဝံ ဥလတီတိ-ပံသုကူလံ၊ နေ။ ဥလ= (ဘူ) ဂတိ ဒါဟ ဒါန ဂဝေသနေသု-သွားခြင်း, ပူလောင်ခြင်း, ပေးကမ်းခြင်း, ရှာမှီးခြင်းတို့၌၊ (ဥလတိ၊ ဩလတိ ။)

[ပံသုကူလ+အ] ပံသုကူလမိဝါတိ-ပံသုကူလံ၊ ဝိသုဒ္ဓိ-၁၊ ၅၇။ မြေ၌စွန့်ပစ်ထားအပ်သောအဝတ်၊ အရှင်မရှိသော ပစ္စည်းဝတ္ထု၊ ပံသုကူသင်္ကန်း။

**ပံသုကူလ**= [ပံသု+ကူလ] မြေ၏မြင့်မောက်ခြင်း။

**ပံသု**= [ √ပံသ+ဥ ] ပံသ(ယ)တိ သောဘာဝိသေသံ နာသေတီတိ-ပံသု= ရေဏု၊ မောဂ်-၇၊ ၂။ မြေမှုန့်၊ ဖုန်၊ မြူမှုန်၊ မြေကြီး၊ ပံသ=(စု) နာသနေ-ဖျက်ဆီးခြင်း၌၊ (ပံသေတိ၊ ပံသယတိ။)

**ကူလ**= [ကူလ+ဏ] ဓာန်-ဋီ၊ ၆၆၄။ ကူလ=(ဘူ) အာဝရဏေ-ပိတ်ပင်ခြင်း၌၊ ကူလတိ အာဝရတိ ဥဒကံ ဗဟိ နိက္ခမိတုံ န ဒေတီတိ-ကူလံ၊ ကမ်းပါး၊ စုံ့စုံ့တက်ခြင်း၊ မို့မောက်ခြင်း။

(လက်ာ) ပံသုကူသကၤန်း, ဝတ်ဆင်မြန်းကာ, ကြုံလှီလာ၍, ကိုယ်မှာကြောများ, ပေါ်ထင်ရှားလျက်, တစ်ပါးတည်းသာ, တောမြိုင်သာဝယ်, ဘာဝနာကမ္မဋ္ဌာန်း, စီးဖြန်းပွားများ, ဈာန်ဝင်စားမူ, ထိုသူကိုသာ, ငါဘုရားက, ဗြာဟ္မဏဟု, ဂုဏလျော်စွာ, ပြောဆိုပါ၏။

## ၁၃-ကေဗြာဟ္မဏဝတ္ထု

၃၉၆။ န စာဟံ ဗြာဟ္မဏံ ဗြူမိ , ယောနိဇံ မတ္တိသမ္ဘဝံ၊
ဘောဝါဒိ နာမ သော ဟောတိ , သစေ ဟောတိ သကိဉ္စနော၊
အကိဉ္စနံ အနာဒါနံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ယောနိဇံ-ဂုဏ်သိန်မညှိုး, ပုဏ္ဏားမျိုး၌ဖြစ်သော၊ မတ္တိသမ္ဘဝံ-မိခင်ဖြစ်ထ, ပုဏ္ဏေးမဝမ်း, ကြာတိုက်ခန်းဝယ်, စွဲလမ်းသန္ဓေ, တည်နေမွေးဖွား, ဇာတ်အားဖြင့်ဖြစ်သောပုဏ္ဏားကို၊ ဝါ-မျိုးမယုက်ထွေး, မိပုဏ္ဏေး၏, လွယ်မွေးဝမ်းမှာ, ဖြစ်လာမွေးဖွား, ဇာတ်အားဖြင့်ဖြစ်သောပုဏ္ဏားကို၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ အဟံ-လောကထွတ်ထား, ငါဘုရားသည်၊ န စ ဗြူမိ-သာယာထုတ်ဖော်, မိန့်တော်မမူပေ၊ သော-မျိုးရိုးစွဲကာ, ဖြစ်ပေါ်လာပြား, ထိုပုဏ္ဏားသည်၊ သကိဉ္စနော-တပ်မက်ရာဂ, စသည်မကင်း, ကြောင့်ကြခြင်းရှိသည်၊ သစေ ဟောတိ-အကယ် ထင်ရှား, ဖြစ်တုံငြားအံ့၊ ဧဝံ-ဤသို့မချွတ်, ဖြစ်တုံလတ်သော်၊ ဘောဝါဒိနာမ-ဘောဘောဟုသာ, ခေါ်ဝေါ်ကာဖြင့်, သွားလာလှည့်ပတ်နေသော ပုဏ္ဏားသည်၊ ဌ၊ ဝါ-သုဘာသုဘ, မှုကိစ္စကို, ပြောပြလိုငြား, ဘောဘောဟုဆိုလေ့ရှိသော ပုဏ္ဏားသည်၊

---

**ကိသံ**= [ √ကိသ+ဏ ] ပိန်သော၊ ကြုံလှီသော၊ နည်းသော၊ ကိသ=(ဘူ) တနုကရဏေ-ပါးအောင်ပြုခြင်း၌၊ (ကိသတိ။)

**ဓမနိသန္ထတံ**= [ဓမနိ+သန္ထတ ] အကြောတို့ဖြင့် ဖြန့်ခင်းအပ်သော၊ ဖြန့်ခင်းအပ်သော အကြောရှိသော၊ -(ကိုယ်။)

**ဓမနီ**= [ √ဓမ+အနိ ] ဓမန္တိ ဧတေန ဝိနာဒယောတိ-ဓမနီ= သိရာ၊ မောဂ်-၇၊ ၁၁၂။ ဓမ-သဒ္ဒေ၊ ယု၊ နဒါဒိ၊ အနိဝါ၊ (ဓမနီ, ဓမနိ။) ဓာန်-ဋီ၊ ၂၇၉။ အကြော၊ ထိ။

**သန္ထတံ**= [သံ √ထရ+တ ] ထရ-သန္ထရဏေ၊ သန္ထရီယိတ္ထာတိ-သန္ထတော၊ နိရုတ္တိ-နှာ၊ ၄၈၀။ ကောင်းစွာခင်းအပ်သော၊ ကောင်းစွာဖြန့်ခင်းအပ်သော။

### ၃၉၆-ပဒဝိဘာဂ

**ယောနိဇံ**= [ယောနိ √ဇန+ကွိ ] ယောနိယံ ဇာတော-ယောနိဇော၊ ပုဏ္ဏားမျိုး၌ဖြစ်သော။

**မတ္တိသမ္ဘဝံ**= [မတ္တိ+သမ္ဘဝ ] အမိဝမ်း၌ဖြစ်သော၊ အမိပုဏ္ဏေးမဝမ်း၌ဖြစ်သော။

**မတ္တိ**= [မာတု+ဏိ ] ဏ-အနုဗန်ကိုချေ၊ တု-၏ ဥ-ကိုချေ၍ ဣ-သို့ကပ်၊ မာတိ၊ တ-ဒွေဘော်လာ၊ အာ-ကို ရဿပြု၊ မတ္တိ။ အမိ၏ဥစ္စာဖြစ်သော(ဝမ်း။)

ဟောတိ-အမှန်မသွေ, ဖြစ်နေပါပေ၏၊ အကိဥ္စနံ-တပ်မက်ရာဂ, စသည်ကင်းရှင်း, ကြောင့်ကြခြင်း မရှိသော၊ အနာဒါနံ-ဥပါဒါန်ရှင်း, စွဲလမ်းခြင်းမရှိသော၊ တံ-ထိုသို့ မြတ်ဂုဏ်, လောက်လုံပြည့်ဖြိုး, ပုဂ္ဂိုလ်မျိုးကိုသာ၊ အဟံ-လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, ဟောတော်မူ၏။

**မြန်မာပြန်** ပုဏ္ဏားမျိုး၌ဖြစ်၍ ပုဏ္ဏေးမဝမ်းမှာ ပဋိသန္ဓေတည်နေ မွေးဖွားလာသော ပုဏ္ဏားကို ဗြာဟ္မဏဟု ငါဘုရား မခေါ်ပေ၊ ယင်းသို့ မျိုးရိုးစွဲကာ, ဖြစ်ပေါ်လာသော ပုဏ္ဏားသည် ရာဂစသောကြောင့်ကြမှု ရှိနေခဲ့ပါလျှင် ဘောဘောဟုခေါ်လေ့ရှိသော ပုဏ္ဏားသာဖြစ်၏၊ ရာဂစသောကြောင့်ကြမှု မရှိသည့်အပြင် စွဲလမ်းမှုလည်း မရှိသူကိုသာ မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟု ငါခေါ်တော်မူသည်။

**လင်္ကာ** မျိုးရိုးစစ်လှ, ပုဏ္ဏေးမ၏, ဝမ်းမှပေါက်ဖွား, ထိုပုဏ္ဏားကို, ထူးခြားချီးပ, ဗြာဟ္မဏဟု, ငါက မဆို၊ ထိုပုဂ္ဂိုလ်မှာ, ရာဂစသား, ကြောင့်ကြများသာ, ရှိနေပါလျှင်, ခင်ဗျား-ခင်ဗျား, ခေါ်ပုဏ္ဏားသာ, ဖြစ်နေပါ၏၊ ရာဂစသား, ကြောင့်ကြများကင်း, စွဲလမ်းကင်းမှု, ထိုသူကိုသာ, ငါက ဗြာဟ္မဏ, ဖော်ညွှန်းပြ၏။

## ၁၄-ဥဂ္ဂသေနသေဋ္ဌိပုတ္တဝတ္ထု

၃၉၇။ သဗ္ဗသံယောဇနံ ဆေတွာ , ယော ဝေ န ပရိတဿတိ၊
သင်္ဂါတိဂံ ဝိသံယုတ္တံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

**အနက်** ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ သဗ္ဗသံယောဇနံ-ဝဋ်မှာတွဲယှဉ်, အလုံးစုံသော သံယောဇဉ်ကို၊ ဆေတွာ-မဂ်ဖြင့်သီးသီး, ဖြတ်တောက်ပြီး၍၊ ဝေ-စင်စစ်ဧကန်, အမှန်အားဖြင့်၊ န ပရိတဿတိ-လွန်စွာရဲဝံ့ , တဏှာဖြင့်မကြောက်လန့်တော့ပေ၊ သင်္ဂါတိဂံ-ရာဂစသား, ခုနစ်ပါးသော ကပ်ငြိခြင်းတရားကို လွန်ပြီးသော၊ ဝိသံယုတ္တံ-ဝဋ်မှာယှဉ်တတ်, ယောဂလေးပါးမှ ကင်းလွတ်ပြီးသော၊ တံ-ဂုဏ်ရည်ပွားတိုး, ထိုပုဂ္ဂိုလ်မျိုးကို၊ အဟံ-သုံးလောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, မိန့်တော်မူ၏။

---

**ဘောဝါဒီ=** [ဘော √ဝဒ+ဏီ ] သုဘာသုဘကထနတ္ထံ ဘောဘောတိဝစနံ ဝဒတိ သီလေန၊ ဏီ၊ ဓာန်-ဋီ၊ ၄၀၈။ ပုဏ္ဏား၊ ဘောဘောဟုဆိုလေ့ရှိသောသူ။
**သကိဉ္စနော=** [သဟ+ကိဉ္စန ] (ရာဂ-အစရှိသော) ကြောင့်ကြခြင်းနှင့်တကွဖြစ်သော၊ (ရာဂ-အစရှိသော)ကြောင့်ကြခြင်းရှိသော။

### ၃၉၇-ပဒဝိဘာဂ

**သဗ္ဗသံယောဇနံ=** [သဗ္ဗ+သံယောဇန] အလုံးစုံသော သံယောဇဉ်။
**ဆေတွာ=** [√ဆေ+တွာ] ဖြတ်၍။

**မြန်မာပြန်** အနှောင်အဖွဲ့ အကုန်လုံးကို ဖြတ်တောက်ပြီး၍ ကြောက်လန့်ခြင်းကင်းသည့် အပြင် ရာဂစသော ငြိကပ်ခြင်းတရားခုနစ်ပါးကို လွန်ပြီး၍ ယောဂလေးပါးမှ ကင်းလွတ်နေသူကို ဗြာဟ္မဏဟု ငါဘုရားမိန့်တော်မူသည်။

**လင်္ကာ** ဝဋ်အတွင်းမှာ, သတ္တဝါကို, စပ်ကာတွဲယှဉ်, သံယောဇဉ်ခပင်း, ကုန်ဖြတ်ရှင်း၍, ကြောက်ခြင်းကင်းကွာ, တွယ်တာကပ်ငြိ, မရှိကျော်လွန်, လေးတန်ယောဂ, ကင်းလွတ်ကမူ, ထိုသူကိုသာ, ငါကဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

## ၁၅–ဒွေဗြာဟ္မဏဝဂ္ဂ

၃၉၈။ ဆေတွာ နဒ္ဓိံ ဝရတ္တဉ္စ , သန္ဒာနံ သဟနုက္ကမံ၊
ဥက္ခိတ္တပလိဃံ ဗုဒ္ဓံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

**အနက်** နဒ္ဓိံ–ရန်ငြိုးဖွဲ့မှု, ကြောင်းပြုဖြစ်ရ, မျက်ကောဓကိုလည်းကောင်း၊ ဝရတ္တဉ္စ–လွန်ကြိုးပမာ, နှောင်ဖွဲ့တတ်သော တဏှာကိုလည်းကောင်း၊ သဟနုက္ကမံ–ကျော့ကွင်းသွင်းထား, အနုသယတရားဟူသော အထုံးအဖွဲ့နှင့်တကွဖြစ်သော၊ သန္ဒာနဉ္စ–ကျော့ကွင်းနှင့်တူ, ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူကိုလည်းကောင်း၊ ဆေတွာ–မင်္ဂဖြင့်သီးသီး, ဖြတ်တောက်ပြီး၍၊ ဥက္ခိတ္တပလိဃံ–တံခါးကျည်မင်းတုပ်ပမာ, အဝိဇ္ဇာကို ပယ်နုတ်ပြီးသော၊ ဗုဒ္ဓံ–သစ္စာလေးပါး, မြတ်တရားကို, ပိုင်းခြားထင်ထင်, သိမြင်ပြီးသော၊ တံ–ဂုဏ်ရည်ပြည့်ဖြိုး, ထိုပုဂ္ဂိုလ်မျိုးကို၊ အဟံ–လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ–မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ–သာယာထုတ်ဖော်, ဟောတော်မူ၏။

**မြန်မာပြန်** ရန်ငြိုးဖွဲ့မှုကောဓ, လွန်ကြိုးနှင့်တူသောတဏှာ,ကိန်းဝပ်နေသောကိလေသာနှင့်တကွ, ကျော့ကွင်းနှင့်တူသော ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူတို့ကို မင်္ဂဖြင့်ပယ်ဖြတ်၍ တံခါးကျည်မင်းတုပ်နှင့်တူသော အဝိဇ္ဇာကို ပယ်နုတ်ထားလျက် သစ္စာလေးပါးကို သိမြင်ထားသူမျိုးကို ဗြာဟ္မဏဟု ငါဘုရား မိန့်တော်မူသည်။

---

**ပရိတဿတိ=** [ပရိ√တသ+ယ+တိ] ကြောက်လန့်၏၊ ပူပန်၏။

**သင်္ဂါတိဂံ=** [သင်္ဂ+အတိဂ] ကပ်ငြိခြင်းကိုလွန်ပြီးသော၊ ရာဂ–စသော ကပ်ငြိခြင်းခုနစ်ပါးကို လွန်ပြီးသော။

**အတိဂ=** [အတိ√ဂမု+ကွိ] လွန်၍သွားသော၊ လွန်မြောက်သွားသော။

### ၃၉၈–ပဒဝိဘာဂ

**နဒ္ဓိံ=** [√နဟ+တ+ဣ] နယှတေ ဗန္ဓိယတေ ယာယ–နဒ္ဓိ၊ ဓာန်–ဋီ၊ ၅၂၆။ ဖွဲ့တုပ်ချည်နှောင်ကြောင်းကြိုး၊ သားရေလွန်ကြိုး၊ ရန်ငြိုးဖွဲ့တတ်သောတရား၊ ဖွဲ့ချည်တတ်သော တဏှာ။

**ဝရတ္တံ=** [ဝရတ္တ+အ] သားရေလွန်ကြိုးနှင့်တူသော တဏှာ၊ ကိလေသာခုနစ်ပါး၊ မာန။

(လက်) ရန်ငြိုးဖွဲ့ယှက်, မျက်ဒေါသကြိုး, လွန်ကြိုးတဏှာ, နုသယာကွင်းလျှော, ပါသော ယှုမှား, ကြိုးအများကို, ဖြတ်ထားနောက်မှာ, အဝိဇ္ဇာမင်းတုပ်, ပယ်နုတ်ပြီးမှ, လေးဝသစ္စာ, ကောင်းစွာသိမှု, ထိုသူကိုသာ, ငါကဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

## ၁၆-အက္ကောသကဘာရဒွါဇဝတ္ထု

၃၉၉။ အက္ကောသံ ဝဓဗန္ဓဉ္စ , အဒုဋ္ဌော ယော တိတိက္ခတိ၊
ခန္တိဗလံ ဗလာနီကံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ အက္ကောသံ-မကြား ကောင်းမနာသာ, နှုတ်လျှာရဲတင်း, ဆဲရေးခြင်းကိုလည်းကောင်း၊ ဝဓဗန္ဓဉ္စ-ထောင်းထုရိုက်ပုတ်, အချုပ်ထောင်သွင်း, နှောင်ဖွဲ့ခြင်းကိုလည်းကောင်း၊ အဒုဋ္ဌော-မျက်မာန် ပြင်းပြ, ဒေါသက မဖျက်ဆီးအပ်သည်ဖြစ်၍၊ တိတိက္ခတိ-ကံကိုရိုးမှတ်, သည်းခံခွင့်လွှတ် တတ်၏၊ ခန္တိဗလံ-ရန်တုန့်မရှာ, မေတ္တာရှေ့ထား, သည်းခံခြင်းအားရှိသော၊ ဗလာနီကံ-

---

**ဝရတ္တ**= [ √ဝရ+တ ] (သံ သုဋ္ဌု) ဝါရေတိ ဧတေနာတိ-ဝရတ္တံ၊ ကစ္စည်း၊ ၆၅၆။ [ √ဝရ+အတ္တ ] ဝရန္တိ နေနာတိ-ဝရတ္တာ= ယောတ္တံ။ မောဂ်-၇၊ ၈၁။ သားရေကြိုး၊ သားရေလွန်။

**သန္ဒာန**= [သံ √ဒါ+ယု ] ကြိုး၊ ကျော့ကွင်း၊ ထိတ်တုံး၊ ထုံး၊ ကြိုး-ကျော့ကွင်းနှင့်တူသော တဏှာဒိဋ္ဌိ။

**သဟနုက္ကမံ**= [သဟ+အနုက္ကမ] ကျော့ကွင်း၌သွင်းသော (အနုသယ)အထုံးအဖွဲ့နှင့်တကွဖြစ်သော။

**အနုက္ကမ**= [နု+ဥက္ကမ ] ဖဲသွားခြင်းငှာ မတတ်နိုင်သောအရာ၊ ချည်သောကြိုး၌သွင်းထားသော အထုံး ကွင်းလျှော။

**ဥက္ခိတ္တပလိဃံ**= [ဥက္ခိတ္တ+ပလိဃ] ပယ်ရှားအပ်ပြီးသော အဝိဇ္ဇာဟူသော တံခါးကျည်-မင်းတုပ်ရှိသော၊ တံခါးကျည်မင်းတုပ်နှင့်တူသော အဝိဇ္ဇာကို ပယ်နုတ်ပြီးသော။

**ဥက္ခိတ္တ**= [ဥ √ခိပ+တ ] မြှောက်ချီအပ်သော၊ မြှောက်တင်အပ်သော၊ မြှောက်ပင့်ချီမအပ်သော၊ နှင်ထုတ်အပ်သော၊ ပယ်ရှားအပ်သော၊ ပယ်ထုတ်အပ်သော။

**ပလိဃ**= [ ပရိ √ဟန+ဏ ] ပရိ ပုနပ္ပုနံ ဂမနာဂမနဝသေန ဟန္တိတိ-ပလိဃော၊ ဏော၊ ဓာန်-ဋီ၊ ၂၁၇။ တံခါးကျည်၊ တံခါးကျင်၊ မင်းတုပ်။

## ၃၉၉-ပဒဝိဘာဂ

**အက္ကောသံ**= [အာ √ကုသ+ဏ ] ဆဲရေးခြင်း၊ ပု။

**ဝဓဗန္ဓံ**= [ဝဓ+ဗန္ဓ] သတ်ခြင်း၊ နှောင်ဖွဲ့ခြင်း။

**ဝဓ**= [ √ဟန+ဏ ] သတ်ခြင်း၊ ညှဉ်းဆဲခြင်း၊ ရိုက်နှက်ခြင်း၊ သေခြင်း၊ ဖျက်ဆီးခြင်း။

**ဗန္ဓ**= [ √ဗန္ဓ+အ ] နှောင်ဖွဲ့ခြင်း၊ ဆက်သွယ်ခြင်း၊ နှောင်ဖွဲ့တတ်သောတဏှာ-စသည်။

ထပ်ထပ်ဖြစ်ပွား, သည်းခံခြင်းအားဟူသော စစ်တပ်ရှိသော၊ တံ–ဆိုခဲ့ဉသုံ, ကောင်းဂုဏ် ပြည့်ဖြိုး, ထိုပုဂ္ဂိုလ်မျိုးကို၊ အဟံ–လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ–မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ–သာယာထုတ်ဖော်, ဟောတော်မူ၏။

**မြန်မာပြန်** ဆဲရေးခြင်း, ရိုက်နှက်ပုတ်ခတ်ခြင်း, ချုပ်နှောင်ခြင်းတို့ကို အမျက်မထွက်ဘဲ သည်းခံတတ်သည်ဖြစ်၍ သည်းခံခြင်းအားဟူသော စစ်တပ်ရှိသူမျိုးကို ငါဘုရားက ဗြာဟ္မဏဟု ခေါ်တော်မူ၏။

**လင်္ကာ** ဆဲရေးရိုက်ပုတ်, ချုပ်နှောင်ခံရ, ဒေါသအမျက်, ပြန်မထွက်ဘဲ, ငြိမ်သက်သည်းခံ, စိတ်မြဲမြဲလျက်, သည်းခံခွန်အား, ထိုအားစစ်တပ်, ရှိနေလတ်မူ, ထိုသူကိုသာ, ငါကဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

## ၁၇–သာရိပုတ္တတ္ထေရဝတ္ထု

၄၀၀။ အက္ကောဓနံ ဝတဝန္တံ , သီလဝန္တံ အနုဿဒံ၊
ဒန္တံ အန္တိမသာရီရံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

**အနက်** အကောဓနံ–ဒေါသကင်းကင်း, အမျက်ထွက်ခြင်း မရှိသော၊ ဝတဝန္တံ–ပူမီးကိလေသာ, ပယ်ခွာထုတ်လွှင့်, ဓုတင်အကျင့်ရှိထသော၊ သီလဝန္တံ–လေးပါးပြားဘိ, ထက်ဝန်းကျင်မှ စင်ကြယ်သောသီလရှိသော၊ အနုဿဒံ–လွန်ကဲပေါ်များ, ရာဂစသောတရားမရှိသော၊ ဒန္တံ–ဣန္ဒြေခြောက်ပါး, ဆုံးမထားသဖြင့်, ထူးခြားသီးသီး,

---

**အဒုဋ္ဌော=** [န+ဒုဋ္ဌ] ဒေါသသည် မဖျက်ဆီးအပ်သော၊ အမျက်မထွက်သော။

**ဒုဋ္ဌ=** [ √ဒုသ+တ] ဒုဿီယတီတိ–ဒုဋ္ဌော၊ အမျက်ထွက်သော၊ စိတ်ဆိုးသော၊ ဖျက်ဆီးအပ်သော၊ ဖျက်ဆီးတတ်သော။

**ခန္တီဗလံ=** [ခန္တိ+ဗလ] သည်းခံမှုအားအစွမ်း၊ သည်းခံအားအစွမ်းနှင့်ပြည့်စုံသော၊ (ဆန်းကြောင့် ဒီဃ။)

**ဗလာနီကံ=** [ဗလ+အနီက] သည်းခံခြင်းအားအစွမ်းဟူသော စစ်တပ်ရှိသောသူ။

**အနီက=** [ √အန+ဏျကန်] အနီတိ အနေန ဣတိ၊ ကောတ္တဇာ။ စစ်တပ်၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်နှင့် ခြေလျင်တပ်။

### ၄၀၀–ပဒဝိဘာဂ

**အက္ကောဓနံ=** [န+ကောဓန] အမျက်ထွက်လေ့မရှိသော၊ အမျက်မထွက်တတ်သော။

**ကောဓန=** [ √ကုဓ+ယု] ကုဓ–ကောပေ၊ ကုဇ္ဈနသီလော–ကောဓနော၊ ယု၊ ဓာန်–ဋီ၊ ၇၃၂။ အမျက်ဒေါသထွက်လေ့ရှိသော၊ စိတ်ဆိုးလေ့ရှိသော၊ အမျက်ဒေါသကြီးသော၊ ကြမ်းကြုတ်သော။

ယဉ်ကျေးပြီးသော၊ အန္တိမသာရီရ-ဖြစ်ရာဘ၀, လုံး၀ပျက်သုဉ်း, နောက်ဆုံး၌တည်သော ကိုယ်ရှိသော၊ တံ-ဆိုခဲ့သမျှ, ဂုဏ်ပြည့်၀မူ, ထိုသို့သူကို၊ အဟံ-လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည်၀, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, မိန့်ဆိုတော်မူ၏ ။

(မြန်မာပြန်) အမျက်ထွက်မှုမရှိခြင်း၊ကိုလေသာကင်းကြောင်းအကျင့်ကိုလည်း ကျင့်ခြင်း၊ စင်ကြယ်သော သီလရှိခြင်း၊ ထုပြောလွန်ကဲသော ရာဂစသောတရား မရှိခြင်း၊ မျက်စိစသောဣန္ဒြေတို့ကို ဆုံးမထားသဖြင့် ယဉ်ကျေးပြီးဖြစ်ခြင်း၊ နောက်ပိတ်ဆုံးကိုယ်ကို ဆောင်ထားသူဖြစ်ခြင်း၊ ဤဂုဏ်များနှင့် ပြည့်စုံသူကို ငါဘုရားက ဗြာဟ္မဏဟု ခေါ်တော်မူသည်။

(လင်္ကာ) မျက်ထွက်ကင်းစင်, ခုတင်ကျင့်တတ်, မချွတ်သီလ, ရာဂကင်းရှင်း, လွန်မင်း ယဉ်ကျေး, ဖြစ်ရေးပျက်သုဉ်း, နောက်ဆုံးကိုယ်သာ, ရှိနေပါမူ, ထိုသူကိုသာ, ငါကဗြာဟ္မဏ, ခေါ်မြွက်ဟ၏ ။

## ၁၈-ဥပ္ပလဝဏ္ဏာထေရီဝတ္ထု

၄၀၁။ ဝါရိ ပေါက္ခရပတ္တေဝ , အာရဂ္ဂေရိဝ သာသပေါ၊
ယော န လိမ္ပတိ ကာမေသု , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ပေါက္ခရပတ္တေ-ရေဖြင့်ကြီးပွား, ကြာရွက်ဖျား၌၊ ဝါရိ-ဆာလောင်ငတ်မွတ်, မြစ်တားတတ်ပေ, ထိုထိုရေသည်၊ န လိမ္ပတိ ဣ၀-ကပ်ငြိမကွေ, တည်မနေ သကဲ့သို့လည်းကောင်း၊ အာရဂ္ဂေ-ထက်အောင်သွေးထား, ပွတ်ဆောက်ဖျား၌၊ သာသပေါ- သေးငယ်သိမ်မွေ့, မုန်ညင်းစေ့သည်၊ န လိမ္ပတိ ဣ၀-ကပ်ငြိမကွေ, တည်မနေသကဲ့သို့ လည်းကောင်း၊ ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ ကာမေသု-ဝတ္ထု ကိလေသာ, နှစ်ဖြာကွဲပြား, ကာမတရားတို့၌၊ န လိမ္ပတိ-တပ်မက်ပျက်ပြေ, မလိမ်းကျံ မတည်နေပေ၊ တံ-တပ်မက်မှုမျိုး, နှိမ်ချိုးဖျက်ဖြို, ထိုပုဂ္ဂိုလ်ကို၊ အဟံ-ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်၀, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာ ထုတ်ဖော်, မိန့်ဆိုတော်မူ၏

---

**အနုဿဒံ=** [န+ဥဿဒ] ထုပြောသော-လွန်ကဲသောရာဂ-စသောတရား မရှိသော၊ ရာဂ -စသည်၏ ထုပြော လွန်ကဲခြင်း မရှိသော။

**ဥဿဒ=** [ဥ √သဒ+အ] ထုပြောသော၊ လွန်ကဲသော၊ ထုပြောခြင်း၊ လွန်ကဲခြင်း။

### ၄၀၁-ပဒဝိဘာဂ

**ပေါက္ခရပတ္တေ=** [ပေါက္ခရ+ပတ္တ] ပေါက္ခရဿ ပတ္တံ-ပေါက္ခရပတ္တံ၊ ကြာရွက်။

**ပတ္တ=** [ √ပတ+တ] ပတ-ဂတိမှိ၊ ပတတီတိ-(ကြွေကျတတ်သောကြောင့်၊)ပတ္တံ၊ ရူ၊ ၆၆၆။ သစ်ရွက်။

(မြန်မာပြန်) ကြာဖက်ပေါ်တွင် ရေမတင်သလို, ပွတ်ဆောက်ဖျားတွင် မုန်ညင်းစေ့ တည်မနေသလို, ကာမဂုဏ်တို့၌ မတွယ်တာမကပ်ငြိသူကို ငါက ဗြာဟ္မဏဟု ခေါ်တော်မူသည်။

(လက်ာ) ရေပေါက်ခပ်သိမ်း, ကြာဖက်စိမ်းဝယ်, လိမ်းကပ်ခြင်းကင်း, လျောကျဆင်းသို့, မုန်ညင်းစေ့များ, ပွတ်ဆောက်ဖျားမှာ, မတည်လှာသို့, ကာမနှစ်ပါး, တရားများဝယ်, ငြိတွယ်မမူ, ထိုသူကိုသာ, ငါကဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

## ၁၉–အညတရဗြာဟ္မဏဝဏ္ဏနာ

၄၀၂။ ယော ဒုက္ခဿ ပဇာနာတိ , ဣဓေဝ ခယမတ္တနော၊
ပန္နဘာရံ ဝိသံယုတ္တံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ယော–ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ ဣဓေဝ–မျက်မှောက်ကြုံရ, ဤဘဝ၌ပင်လျှင်၊ အတ္တနော–ခန္ဓာဝန်မျိုး, သယ်ပိုးနေရသော မိမိ၏၊ ဒုက္ခဿ–ခန္ဓာဝန်မျိုး, သယ်ပိုးဆောင်ရ, ဆင်းရဲဒုက္ခ၏၊ ခယံ–ကုန်ဆုံးရာမှန်, မြတ်နိဗ္ဗာန်ကို၊ ပဇာနာတိ–ဝိပဿနာဉာဏ်, မဂ်ဖိုလ်ဉာဏ်ဖြင့်, ကောင်းစွာ သိ၏၊ ပန္နဘာရံ–ချထားခဲ့ပြန်, ခန္ဓာဝန်ရှိသော၊ ဝိသံယုတ္တံ–ဝဋ်မှာယှဉ်တတ်, ယောဂလေးပါးမှ ကင်းလွတ်ပြီးသော၊ ဝါ–ကိုယ်တွင်းလောင်မီး, အလုံးစုံသော ကိလေသာတို့မှ လွတ်မြောက်ပြီးသော၊ တံ–ဆိုခဲ့သမျှ, ဂုဏ်ပြည့်ဝမူ, ထိုသို့သူကို၊ အဟံ–လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ–မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ–သာယာထုတ်ဖော်, မိန့်တော်မူ၏။

---

**အာရဂ္ဂေ=** [အာရာ+အဂ္ဂ] ပွတ်ဆောက်ဖျား၊ စူး၏အဖျား၊ အပ်ဖျား။

**အာရာ=** [ √အရ+ဏ+အာ ] အရတိ သီဃံ ဝိဇ္ဈမာနာ ဂစ္ဆတီတိ–အာရာ၊ ပွတ်ဆောက်၊ စူး၊ အပ်နဖားထွင်းစူး၊ အပ်။

**သာသပေါ=** [ √သာသ+အပ ] သာသ–အနုသိဋ္ဌိယံ၊ သာသီယန္တိ ဧတေနာတိ–သာသပေါ= ဝီဟိဝိသေသော။ မောဂ်–၇၊ ၁၁၈။ မုန်ညင်း၊ မုန်ညင်းစေ့။

**လိမ္ပတိ=** [ √လိပ+အ+တိ ] ကပ်ငြိ၏၊ တည်၏၊ လိမ်းကျံ၏။

## ၄၀၂–ပဒဝိဘာဂ

**ပဇာနာတိ=** [ပ √ဉာ+နာ+တိ ] သိ၏၊ အထူးအားဖြင့်(အပြားအားဖြင့်) ထိုးထွင်း၍ သိ၏။

**ပန္နဘာရံ=** [ပန္န+ဘာရ] ချထားသော ခန္ဓာဝန်ရှိသော။

**ပန္န=** [ √ပတ+တ ] ပတတီတိ–ပန္နော၊ နိရုတ္တိ၊ ၅၀၂။ ချထားသည်၊ လျောကျသည်။

**ဘာရ=** [ √ဘရ+ဏ ] ဘရိတဗ္ဗော ဝဟိတဗ္ဗောတိ–ဘာရော၊ ဝန်၊ ဝန်ထုပ်၊ တာဝန်။

**မြန်မာပြန်** ဤဘဝ၌ပင် မိမိခန္ဓာဝန်ဒုက္ခ၏ ကုန်ဆုံးရာနိဗ္ဗာန်ကို ထိုးထွင်းသိမြင်၍ ခန္ဓာဝန်ကို ချထားပြီးလျှင် ကိလေသာတို့မှ လွတ်မြောက်ပြီးသူကို ငါက ဗြာဟ္မဏဟု ခေါ်တော်မူသည်။

**လင်္ကာ** သိဉာဏ်ပြည့်ဝ, တစ်ဦးကမူ, ဤဘဝဝယ်, ကိုယ်ကရထား, ခန္ဓာငါး၏,ကုန်သွားရာမှန်, မြတ်နိဗ္ဗာန်ကို, ကေန်တိကျ, သိမြင်ရ၏။ ချပြီးခန္ဓာ, ဝန်ရှိပါ၏။ ဆယ်ဖြာကိလေ, ကင်းကွာပေ၏။ သို့ဖြစ်နေမူ, ထိုသူကိုသာ, ငါက ဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

## ၂၀-ခေမာဘိက္ခုနီဝတ္ထု

၄၀၃။ ဂမ္ဘီရပညံ မေဓာဝိံ , မဂ္ဂါမဂ္ဂဿ ကောဝိဒံ၊
ဥတ္တမတ္ထမနုပ္ပတ္တံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

**အနက်** ဂမ္ဘီရပညံ-နက်နဲလွန်စွာ, ခန္ဓာစသား, တရားများကို, ပိုင်းခြားကုန်စင်, သိမြင်တတ်သောပညာရှိသော၊ မေဓာဝိံ-တရားဆီနှစ်, ထက်မြက်သော ပညာစစ်ရှိထသော၊ မဂ္ဂါမဂ္ဂဿ-လမ်းကြောင်းဟုတ်သည်, မဟုတ်သည်၌၊ ကောဝိဒံ-သိမြင်မှန်စွာ, ကျွမ်းကျင်လိမ္မာသော၊ ဥတ္တမတ္ထံ-အရဟတ္တဖိုလ်, ခေါ်ဆိုထင်ရှား, မြတ်သောအစီးအပွားသို့၊ အနုပ္ပတ္တံ-မဂ်လေးတန်ဖြင့် , စဉ်သင့်လျော်စွာ, ရောက်ရှိလာပြီးသော၊ တံ-ဆိုခဲ့ဥဿုံ, ဂုဏ်ပေါင်းစုံတို့, ပြည့်စုံလာမူ, ထိုသို့သူကို၊ အဟံ-သင်တို့ဆရာ, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, ဟောတော်မူပေ၏။

**မြန်မာပြန်** နက်နဲသောပညာရှိခြင်း၊ ထက်မြက်သောပညာရှိခြင်း၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ ကျွမ်းကျင်လိမ္မာခြင်း၊ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီးဖြစ်ခြင်း၊ ဤဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသူကိုသာ ငါဘုရားက ဗြာဟ္မဏဟု မိန့်တော်မူသည်။

**လင်္ကာ** နက်နဲပညာ, အပြည့်ပါ၍, လွန်စွာသွက်လက်, ထက်မြက်လှဘိ, ပညာရှိသား, လမ်းမှန်မှားဝယ်, ထူးခြားလိမ္မာ, ကျွမ်းကျင်ပါ၍, ဖလာအရဟတ်, ကျိုးမြတ်သို့တိုင်, ဆိုက်ရောက်နိုင်မူ, ထိုသူကိုသာ, ငါက ဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

---

### ၄၀၃-ပဒဝိဘာဂ

**ဂမ္ဘီရပညံ=** [ဂမ္ဘီရာ+ပညာ] နက်နဲသောပညာရှိသော၊ နက်နဲသောပညာနှင့်ပြည့်စုံသော။

**မဂ္ဂါမဂ္ဂဿ=** [မဂ္ဂ+အမဂ္ဂ] အရိယမဂ်ဟုတ်သည် မဟုတ်သည်၊ အရိယမဂ် ဟုတ်-မဟုတ်သော တရား၊ လမ်းစဉ်မှန်-လမ်းစဉ်မှား၊ ကျင့်စဉ်မှန်-ကျင့်စဉ်မှား။

**အမဂ္ဂ=** [န+မဂ္ဂ] အရိယမဂ်မဟုတ်သော၊ အရိယမဂ်မဟုတ်သောတရား၊ လွဲမှားသောလမ်းခရီး။

**ဥတ္တမတ္ထံ=** [ဥတ္တမ+အတ္ထ] မြတ်သောအကျိုးတရား၊ အရဟတ္တဖိုလ်၊ မြတ်သော- မဖောက်မပြန် မှန်ကန်သောအနက်သဘော၊ မြတ်သည်၏အဖြစ်ဟူသော အနက်သဘော၊ အမြတ်ဟူသော အနက်ရှိသော။

## ၂၁-ပဗ္ဘာရဝါသီတိဿတ္ထေရဝတ္ထု

၄၀၄။ အသံသဋ္ဌံ ဂဟဋ္ဌေဟိ ၊ အနာဂါရေဟိ စူဘယံ၊
အနောကသာရိံ'မပ္ပိစ္ဆံ ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

**အနက်** ဂဟဋ္ဌေဟိ-အိမ်ရာထောင်သူ, လူတို့လည်းကောင်း၊ အနာဂါရေဟိစ-အိမ်ထောင်မမွေ့, ရသေ့ရဟန်းတို့လည်းကောင်း၊ ဣတိ-ဤသို့၊ ဥဘယံ-ဥဘယေဟိ-ရဟန်းရှင်လူ, နှစ်မျိုးသောသူတို့နှင့်လည်း၊ အသံသဋ္ဌံ-မြင်ကြားပြောခြင်း, သုံးစွဲခြင်းနှင့်, ကိုယ်ချင်းထိစပ်, သံသဂ္ဂငါးမျိုးတို့ဖြင့် မရောနှောတတ်သော၊ အနောကသာရိံ-အတွင်းအရှုတ်, ငါးရပ်ခန္ဓာ, အိမ်ဂေဟာကို, မတွယ်တာ မမက်မောတတ်သော၊ အပ္ပိစ္ဆံ-အလိုအာသာ, တဏှာမရှိသော၊ တံ-ဆိုခဲ့သမျှ, ဂုဏ်ပြည့်ဝမူ, ထိုသို့သောသူကို၊ အဟံ-သင်တို့ဆရာ, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, စွန့်ပယ်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, ဟောတော်မူ၏။

**မြန်မာပြန်** ရဟန်းရှင်လူ, နှစ်ဦးသူတို့နှင့် မရောနှောခြင်း၊ အရှုတ္တခန္ဓာငါးပါးကို မတွယ်တာ မမက်မောခြင်း၊ အလိုအာသာ တဏှာကင်းကွာခြင်း၊ ဤဂုဏ်အင်္ဂါများနှင့် ပြည့်စုံသူကိုသာ ငါဘုရားက ဗြာဟ္မဏဟု မိန့်တော်မူသည်။

**လင်္ကာ** လူရဟန်းများ, နှစ်ဦးသားနှင့်, လွဲမှားရောနှော, သဘောမရှိ, ကင်းလွတ်ဘိလျက်, မိမိခန္ဓာ, အိမ်ဂေဟာဝယ်, တွယ်တာကင်းငြား, လိုနည်းပါးမူ, ထိုသူကိုသာ, ငါကဗြာဟ္မဏာ, ခေါ်မြွက်ဟ၏။

---

### ၄၀၄-ပဒဝိဘာဂ

**အသံသဋ္ဌံ**= [န+သံသဋ္ဌ] မရောနှောအပ်သော၊ ကာမဂုဏ်တို့နှင့် မရောနှော မဆက်ဆံသော၊ ကာမဂုဏ်တို့မှ ဆိတ်သုဉ်းကင်းကွာသော၊ သံသဋ္ဌငါးပါးတို့နှင့် မရောနှောသော။

**ဂဟဋ္ဌေဟိ**= [ဂဟ √ဌာ+အ] ဂဟေ ဂေဟေ ပဉ္စကာမဂုဏေ ဝါ ဘဝဝသေန တိဋ္ဌတီတိ-ဂဟဋ္ဌော၊ ဓာန်-ဋီ၊ ၄၄၆။ ဂဟာဒါရာ တတြ တိဋ္ဌန္တီတိ-ဂဟဋ္ဌော၊ ၄င်း-၄၀၉။ လူ၊ အိမ်ရာတည်ထောင်သူ၊ အိမ်၌တည်နေသောသူ။

**အနာဂါရေဟိ** = [န+အာဂါရ] အိမ်မရှိသော၊ အိမ်လက်ရှိမထားသော၊ အိမ်ရာမထောင်သောသူ၊ ရသေ့ရဟန်း။

**အနောကသာရိံ**= [န+ဩကသာရီ] အရှုတ္တခန္ဓာငါးပါးဟူသော အိမ်သို့ မကပ်ရောက်တတ်သော၊ အရှုတ္တခန္ဓာငါးပါးဟူသော အိမ်ကို မတပ်မက် မတွယ်တာတတ်သော။

**ဩကသာရီ**= [ဩက √သရ+ဏီ] အရှုတ္တခန္ဓာငါးပါးဟူသောအိမ်သို့ ကပ်ရောက်တတ်သော၊ အရှုတ္တခန္ဓာငါးပါးဟူသောအိမ်ကို တပ်မက်တတ်သော။

**အပ္ပိစ္ဆံ**= [အပ္ပ+ဣစ္ဆာ] အလို(အာသာ, တဏှာ)မရှိသော (ကင်းသော) သူ။

## ၂၂-အညတရဗြာဟ္မဏဝတ္ထု

၄၀၅။ နိဓာယ ဒဏ္ဍံ ဘူတေသု , တသေသု ထာဝရေသု စ၊
ယော န ဟန္တိ န ဃာတေတိ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ တသေသု-တပ်မက်လွန်မင်း, ထိတ်လန့်ခြင်းရှိကုန်သော၊ ဘူတေသု-သက်ရှိထင်ရှား, ပုထုဇဉ်သေက္ခပုဂ္ဂိုလ်များတို့၌လည်းကောင်း၊ ထာဝရေသု-တပ်မက်မောခြင်း, လုံးဝကင်းသဖြင့်, လန့်ခြင်းလွဲသုဉ်, မြဲမြဲခိုင်ခံ့, တည်တံ့လေ့ရှိကုန်သော၊ ဘူတေသု-သက်ရှိထင်ရှား, ရဟန္တာပုဂ္ဂိုလ်များတို့၌လည်းကောင်း၊ ဒဏ္ဍံ-ကိုင်၍တုတ်ဓား, ထိပါးတတ်ပြန်, ထိုထိုဒဏ်ကို၊ နိဓာယ-ကြဉ်ဖယ်ရှောင်ရှား, ပယ်စွန့်ထား၍၊ ကိဉ္စိ-ကြီးသေးမဟူ, တစ်စုံတစ်ယောက်သောသူကိုမျှ၊ န ဟန္တိ-မျက်မာန်ပေါ်ထွက်, မိမိကိုယ်တိုင်လည်း မညှဉ်းဆဲမနှိပ်စက်ပေ၊ န ဃာတေတိ-မျက်မာန်အတွက်, သူတစ်ပါးကိုလည်း, မညှဉ်းဆဲမနှိပ်စက်စေ၊ တံ-မျက်မာန်ရန်ငြိုး, နှိမ်ချိုးဖျက်ဖြို, ထိုပုဂ္ဂိုလ်ကို၊ အဟံ-လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, ဟောတော်မူ၏။

(မြန်မာပြန်) တဏှာမကင်းသေးသဖြင့် ထိတ်လန့်ကြောက်ရွံ့တတ်သော ပုထုဇဉ် သေက္ခပုဂ္ဂိုလ်နှင့် တဏှာကင်းရှင်းသဖြင့် မကြောက်မရွံ့တည်တံ့သော ရဟန္တာပုဂ္ဂိုလ်တို့၌ ညှဉ်းဆဲခြင်းဒဏ်ကို ပယ်စွန့်၍ မည်သည့်သတ္တဝါကိုမျှ ကိုယ်တိုင်လည်း မညှဉ်းဆဲသူ, သူတစ်ပါးကိုလည်း ညှဉ်းဆဲရန် မခိုင်းစေသူမျိုးကိုသာ ငါဘုရားက ဗြာဟ္မဏဟု မိန့်တော်မူသည်။

(လင်္ကာ) လန့်တဖျပ်ဖျပ်, ကြောက်ရွံ့တတ်ငြား, ပုဂ္ဂိုလ်များနှင့်, ဘုရားပစ္စေကာ, ရဟန္တာဟု, ကင်းကွာကြောက်ခြင်း, ခပင်းများစွာ, သတ္တဝါကို, မညှာရက်ရက်, နှိပ်စက်စရာ, များစွာတုတ်ဓား, လက်နက်များကို, ချထားမကိုင်, ကိုယ်တိုင်မသတ်, ညှဉ်းဆဲလွှတ်၍, သတ်ရန်သူအား, ညွှန်ကြားကင်းမှု, ထိုသူကိုသာ, ငါကဗြာဟ္မဏာ, ခေါ်ဝေါ်ရ၏။

---

### ၄၀၅-ပဒဝိဘာဂ

**တသေသု**= [ √တသ+အ ] တုန်လှုပ်တတ်သော၊ ရွေ့ရှားတတ်သော၊ တောင့်တတတ်သော၊ ထိတ်လန့်ကြောက်ရွံ့တတ်သော၊ ဆာလောင်မွတ်သိပ်တတ်သော၊ ဆာလောင် မွတ်သိပ်ခြင်း(တဏှာ)၊ ထိတ်လန့်ကြောက်ရွံ့ခြင်း။

**ထာဝရေသု**= [ √ဌာ+ဝရ ] တိဋ္ဌတိတိ-ထာဝရော၊ ဌာ-ဂတိနိဝတ္တိယံ၊ ဝရော၊ ဝဏ္ဏဝိကာရော၊ ဓာန်-ဋီ၊ ၇၁၂။ ဌာ-ဂတိနိဝတ္တိယံ၊ တိဋ္ဌတိ သီလေန-ထာဝရော၊ စိရကာလပ္ပဝတ္တနကော၊ ဝရပ္ပစ္စယော၊ ဋ္ဌကာရဿ ထကာရောစ၊ နိုပါတနာ၊ မောဂ်-၅၊ ၅၄။ ပဋိကာ။ မတုန်မလှုပ် မကြောက်မရွံ့ဘဲ ရဲဝံ့စွာ တည်လေ့ရှိသော၊ (ရဟန္တာ။) ကြာမြင့်စွာ မရွေ့ရှားဘဲ တည်လေ့ရှိသော-စသည်။

## ၂၃-သာမဏေရာန် ဝတ္ထု

၄၀၆။ အဝိရုဒ္ဓံ ဝိရုဒ္ဓေသု ၊ အတ္တဒဏ္ဍေသု နိဗ္ဗုတံ၊
သာဒါနေသု အနာဒါနံ ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

**အနက်** ဝိရုဒ္ဓေသု-ရန်ငြိုးယှက်တင်, ဆန့်ကျင်နေကြသော, လောကီလူသားတို့၌၊ အဝိရုဒ္ဓံ-ရန်ငြိုးကင်းလွတ်,မဆန့်ကျင်တတ်သော၊ အတ္တဒဏ္ဍေသု-စွဲယူကိုင်ထား, တုတ်ဓားစသော လက်နက်ရှိသူတို့၌၊ နိဗ္ဗုတံ-တုတ်ဓားစသား, လက်နက်များကို, ချထား သီးသီး, ငြိမ်းအေးပြီးသော၊ သာဒါနေသု-ရုပ်နာမ်နှစ်ဖြာ, ငါးခန္ဓာကို, ငါ ငါ့ဟာဟု, စွဲလမ်းမှု ရှိသူတို့၌၊ အနာဒါနံ-ခန္ဓာငါးပါး, ရုပ်နာမ်များကို, ဤကားငါသာ, ငါ့ဥစ္စာဟု, စွဲလမ်းမှု မရှိသော၊ တံ-ဆိုခဲ့ဥဿုံ, ဂုဏ်ပေါင်းစုံတို့, လောက်လုံပြည့်ဖြိုး, ထိုသူမျိုးကို၊ အဟံ-လောကထွတ်ထား ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, ဟောတော်မူ၏။

**မြန်မာပြန်** ဆန့်ကျင်နေသူတို့၌ မဆန့်ကျင်သူ, လက်နက်စွဲကိုင်နေသူတို့၌ လက်နက် ကင်းဝေး ငြိမ်းအေးပြီးသူ, စွဲလမ်းမှုရှိနေသူတို့၌ စွဲလမ်းမှု မရှိသူ-ဟူသော ပုဂ္ဂိုလ်မျိုးကိုသာ ငါဘုရားက ဗြာဟ္မဏဟု မိန့်တော်မူသည်။

**လင်္ကာ** ရန်ငြိုးဖွဲ့ချင်, ဆန့်ကျင်ကြငြား, လူထုကြားဝယ်, ငြိုးထားမထင်, မဆန့်ကျင်သူ, ယူငင်တုတ်ဓား, လူအုပ်ကြားဝယ်, တုတ်ဓားမရှာ, ငြိမ်းအေးလာသူ, လွန်စွာ စွဲလမ်း, ပုဂ္ဂိုလ်ကြမ်းဝယ်, စွဲလမ်းပြုတ်သူ, ဤလူမျိုးသာ, ငါကဗြာဟ္မဏ, ခေါ်ဝေါ်ရ၏။

## ၂၄-မဟာပန္ထကတ္ထေရဝတ္ထု

၄၀၇။ ယဿ ရာဂေါ စ ဒေါသော စ ၊ မာနော မက္ခော စ ပါတိတော၊
သာသပေါရိဝ အာရဂ္ဂါ ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

**အနက်** ယဿ-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ ရာဂေါစ-စွဲမက် တတ်ငြား, ရာဂတရားကိုလည်းကောင်း၊ ဒေါသောစ-ပြစ်မှားတတ်ပြန်,

---

### ၄၀၆-ပဒဝိဘာဂ

**အဝိရုဒ္ဓံ=** [န+ဝိရုဒ္ဓ] မဆန့်ကျင်သော၊ ရန်ငြိုးထားသောအားဖြင့် မဆန့်ကျင်သော။

**ဝိရုဒ္ဓံ=** [ဝိ √ရုဓ+တ] ဆန့်ကျင်သော၊ ရန်ငြိုးဖွဲ့သောအားဖြင့် ဆန့်ကျင်သော၊-စသည်။

**အတ္တဒဏ္ဍေသု=** [အတ္တ+ဒဏ္ဍ] စွဲကိုင်အပ်သော တုတ်-စသော လက်နက်ရှိသော။

**အတ္တ=** [အာ √ဒါ+တ] ယူအပ်သော၊ စွဲကိုင်အပ်သော။

**နိဗ္ဗုတံ=** [ နိ √ဝါ+တ ] မဟာဝုတ္တိနှာ ဝါဿုတ္တံ၊ နိဗ္ဗုတော၊ နိရုတ္တိ-နှာ၊ ၅၁၀။ ငြိမ်းအေးပြီးသော။

**သာဒါနေသု=** [သဟ+အာဒါန] စွဲလမ်းခြင်း၊ စွဲယူခြင်းရှိသော။

### ၄၀၇-ပဒဝိဘာဂ

**ပါတိတော=** [ √ပတ+ဏေ+တ ] ကျစေအပ်ပြီးသော၊ ချအပ်ပြီးသော။

မာန်အမျက်ပွား, ဒေါသတရားကိုလည်းကောင်း၊ မာနောစ-ထောင်လွှားတက်ကြွ , မာန်မာန ကိုလည်းကောင်း၊ ဝါ-ကိုယ့်ကိုကိုယ်ပင်, ထင်မြင်ကြီးလှ, မာန်မာနကိုလည်းကောင်း၊ မက္ခောစ-သူကပြုဘူး, ဂုဏ်ကျေးဇူးကို, အထူးကွယ်ဖုက်, ချေဖျက်ခြင်းကိုလည်းကောင်း၊ အာရဂ္ဂါ-ထက်အောင်သွေးထား, ပွတ်ဆောက်ဖျားမှ၊ သာသပေါ်က္လဝ-သေးငယ်သိမ်မွေ့, မုန်ညင်းစေ့ကိုကဲ့သို့၊ ပါတိတော-စိတ်မှာမရပ်, ကျစေအပ်ခဲ့ပြီ၊ တံ-အကုသိုလ်ဆိုး, တရား မျိုးကို, နှိမ်ချိုးဖျက်ဖြို, ထိုပုဂ္ဂိုလ်ကို၊ အဟံ-သင်တို့ဆရာ, ငါဘုရားသည်၊ ဗြာဟ္မဏံ- မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာ ထုတ်ဖော်, ဟောတော်မူ၏။

(မြန်မာပြန်) တပ်မက်ခြင်း(ရာဂ), အမျက်ထွက်ခြင်း(ဒေါသ), ကိုယ့်ကိုကိုယ်အထင် ကြီးခြင်း(မာန), သူများဂုဏ်ကျေးဇူးကိုချေဖျက်ခြင်း(မက္ခ)-ဟူသော တရားဆိုးများ ပွတ်ဆောက်ဖျားမှာ မုန်ညင်းစေ့အလား စိတ်အစဉ်မှာ ရပ်နားတည်နေမှု မပေးသူကို ငါဘုရားက ဗြာဟ္မဏဟုခေါ်သည်။

(လင်္ကာ) မုန်ညင်းစေ့ကား, ပွတ်ဆောက်ဖျားဝယ်, မနားမရပ်, လျောကျတတ်သို့, တပ်မက် ပြစ်မှား, မာန်ထောင်လွှားမှု, သူ့ဂုဏ်ချေဖျက်, တရားပျက်များ, မနားမရပ်, ကျစေတတ်မူ, ထိုသူကိုသာ, ငါက ဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

## ၂၅-ပိလိန္ဒဝစ္ဆတ္ထေရဝတ္ထု

၄၀၈။ အကက္ကသံ ဝိညာပနိံ , ဂိရံ သစ္စံ မုဒီရယေ၊
ယာယ နာဘိသဇေ ကဉ္စိ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ယာယ ဂိရာယ-မြွက်ဆိုပြောကြား, အကြင်စကားဖြင့်၊ ကဉ္စိ-ညာတာမထောက်, တစ်ဦးတစ်ယောက်ကိုမျှ၊ န အဘိသဇေ-မျက်ထွက်စေကြောင်း, အစွမ်းအားဖြင့်, ထိပါးပုတ်ခတ်, မငြိကပ်ရာ၊ အကက္ကသံ-မဆဲဆိုမငေါက်ငမ်း, မကြမ်းတမ်းသော၊ ဝိညာ ပနိံ-ပြောဆိုလိုငြား, အနက်များကို, လျင်လျားခွဲဝေ, သိစေနိုင်သော၊ သစ္စံ-မယုတ်မလွန်, ဟုတ်မှန်သောသဘောရှိသော၊ တံ ဂိရံ-သိမ်မွေ့ဆန်းကြယ်, ဓိပ္ပာယ်ထင်ရှား, မှန်ကန်သော ထိုစကားမျိုးကို၊ ဥဒီရယေ-မေတ္တာရှေ့ထား, ပြောဆိုမြွက်ကြားရမည်၊ တံ-အကြမ်း ရှောင်ခွာ, မှန်စွာပြောဆို, ထိုပုဂ္ဂိုလ်ကို၊ အဟံ-သင်တို့ဆရာ, ငါဘုရားသည်၊ ဗြာဟ္မဏံ- မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, ဟောတော်မူ၏။

---

### ၄၀၈-ပဒဝိဘာဂ

**အကက္ကသံ**= [န+ကက္ကသ] အပြစ်မရှိသော၊ မကြမ်းတမ်းသော။

**ကက္ကသ**= [√ကရ+ကသ] ကဗ္ဗိသံ ကရောတီတိ-ကက္ကသော= ဖရသော၊ ရ-ကို ပရရုပ် က-ပြု။ ကြမ်းတမ်းသော၊ မောဂ်-၇၊ ၂၁၈။

**ဝိညာပနိံ**= [ဝိ √ဉာ+ဏာပေ+ယု+ဤ] သိစေတတ်သော၊ သိစေခြင်း။

(မြန်မာပြန်) တစ်ဦးတစ်ယောက်သောသူကိုမျှ အမျက်ထွက်အောင် ထိပါးပြောဆိုမှု မပြုဘဲ ချိုသာ၍ နားလည်လွယ်သည့်အပြင် မှန်ကန်သောစကားမျိုးကို ပြောဆိုရမည်၊ ထိုသို့ပြောဆိုသူမျိုးကိုသာ ငါဘုရားက ဗြာဟ္မဏဟု မိန့်တော်မူသည်။

(လင်္ကာ) သူတစ်ပါးအား, မထိပါးစေ, ပြောလေထိန်းချုပ်, မကြမ်းကြုတ်ငြား, ပြတ်သားမှန်ကန်, ပြောဆိုပြန်မူ, ထိုသူကိုသာ, ငါကဗြာဟ္မဏ, မိန့်မြွက်ဟ၏။

## ၂၆-အညတရဗြာဟ္မဏဝတ္ထု

၄၀၉။ ယောဓ ဒီဃံဝ ရဿံ ဝါ , အဏုံ ထူလံ သုဘာသုဘံ၊
လောကေ အဒိန္နံ နာဒိယတိ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ လောကေ-ဖြစ်ပျက်မကင်း, ဤလောကကြီးအတွင်း၌၊ ဒီဃံ ဝါ-ပုဆိုးဝတ်စား, စသည်များဝယ်, ရှည်လျားသည်မူလည်းဖြစ်သော၊ ရဿံ ဝါ-ဝတ်စားတန်ဆာ, အဖြာဖြာဝယ်, လွန်စွာငယ်နှောင်း, တိုတောင်းသည်မူလည်းဖြစ်သော၊ အဏုံ ဝါ-ပုလဲ ပတ္တမြား, စသည်များဝယ်, သေးငယ်သည်မူလည်းဖြစ်သော၊ ထူလံ ဝါ-ပုလဲပတ္တမြား, စသည်များဝယ်, ကြီးကျယ်သည်မူလည်းဖြစ်သော၊ သုဘံ ဝါ-တန်ဖိုးကြီးကျယ်, တင့်တယ်ကောင်းမြတ်သည်မူလည်းဖြစ်သော၊ အသုဘံ ဝါ-တန်ဖိုးသေးငယ်, မတင့်တယ် မကောင်းမြတ်သည်မူလည်းဖြစ်သော၊ အဒိန္နံ-သူသိမ်းပိုက်ထား, ကိုယ်နှုတ်အားဖြင့်, ပေးထားကင်းကွာ, သူ့ဥစ္စာကို၊ န အာဒိယတိ-စဉ်းလဲလှည့်ပတ်, မခိုးယူတတ်ပေ၊ တံ-သူပိုင်စိုးမိုး, ဥစ္စာမျိုးကို, မခိုးမယူ, ထိုသို့သဘောရှိသူကို၊ အဟံ-လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, မိန့်တော်မူ၏။

(မြန်မာပြန်) ဤလောက၌ ရှည်သည်ဖြစ်စေ, တိုသည်ဖြစ်စေ, ငယ်သည်ဖြစ်စေ, ကြီးသည်ဖြစ်စေ, ကောင်းသည်ဖြစ်စေ, မကောင်းသည်ဖြစ်စေ ပိုင်ရှင်မပေးသော သူတစ်ပါးဥစ္စာကို မခိုးယူသောသူမျိုးကို ငါဘုရားက ဗြာဟ္မဏဟု ခေါ်တော်မူသည်။

---

**ဂိရံ**= [ √ဂိ+ဏ္ဍရ+အာ ] ဂိဏာတိ သဒ္ဒါယတိ တတိ-ဂိရာ။
[ √ဂေ+ဏ္ဍရ ] ဂေ-သဒ္ဒေ၊ ဏ္ဍရော၊ ဂါယိတဗ္ဗာတိ ဝါ-ဂိရာ၊ ဓာန်-ဋီ၊ ၁၀၅။ စကား၊ စကားသံ၊ ဂိ=(သွာ) သဒ္ဒေ-အသံပြုခြင်း၌၊ (ဂိဏာတိ၊ ဂိဏောတိ။)
**ဥဒီရယေ**= [ ဥ √ဤရ+အ+ဧယျ ] မြွက်ဆိုရာ၏။
**အဘိသဇ္ဇေ**= [ အဘိ √သဇ္ဇ+အ+ဧယျ ] ဆန်းကြောင့် ဇ-တစ်လုံးကိုချေ၊ ငြိကပ်ရာ၏၊ ချစ်နှစ်သက်သည်၏ အစွမ်းဖြင့်ငြိကပ်၏၊ ငြိတွယ်၏၊ အမျက်ထွက်သည်၏အစွမ်းဖြင့်ငြိတွယ်၏။

**၄၀၉-ပဒဝိဘာဂ**

**ရဿံ**= [ √ရသ+သ ] ရသ-သဒ္ဒေ၊ သော၊ ရဿော၊ ဓာန်-ဋီ၊ ၇၀၈-နှင့်၁၀၉။ ပုသော၊ တိုသော၊ ကွသော၊ နိမ့်သော၊ ရသ=(ဘူ) သဒ္ဒဟာနိသု-အသံပြုခြင်း, ဆုတ်ယုတ်ခြင်းတို့၌၊ (ရသတိ။)

(လင်္ကာ) ရှည်တိုင်ယံကြီး, ဖိုးကြီး ဖိုးနည်း, ပစ္စည်းဝတ္ထု, အစုစုတွင်, တစ်ခုကိုမျှ, မခိုးကမူ, ထိုသူကိုသာ, ငါကဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

## ၂၇-သာရိပုတ္တတ္ထေရဝတ္ထု

၄၁၀။ အာသာ ယဿ န ဝိဇ္ဇန္တိ , အသ္မိံ လောကေ ပရမှိ စ၊
နိရာသာသံ ဝိသံယုတ္တံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ယဿ-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်၏၊ အာသာ-ထူးထွေဆန်းပြား, ဝတ္ထုများကို, လိုလားလွန်စွာ, တောင့်တတတ်သောတဏှာတို့သည်၊ နဝိဇ္ဇန္တိ-မဂ်ဖြင့်ပယ်သတ်, ကင်းပြတ်လုံးစုံ, မရှိကြတော့ကုန်၊ အသ္မိံလောကေ-မျက်မှောက်ထင်ထင်, တွေ့မြင်နေရ, ဤပစ္စုပ္ပန်လောက၌လည်းကောင်း၊ ပရမှိစ-ဤကိုယ်ခန္ဓာ, စွန့်ခွာပြောင်းရ, တမလွန်လောက၌လည်းကောင်း၊ နိရာသာသံ-ထူးထွေဆန်းပြား, ဝတ္ထုများကို, လိုလားလွန်စွာ, တဏှာကင်းပြီးသော၊ ဝိသံယုတ္တံ-ကိုယ်တွင်းမီးပွား, ကိလေများတို့, လွင့်သွားကုန်စင်, တွဲမယှဉ်သော၊ တံ-ဆိုခဲ့သမျှ, ဂုဏ်ပေါင်းခ၍, ပြည့်ဝမှီခို, ထိုပုဂ္ဂိုလ်ကို၊ အဟံ-လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, မိန့်တော်မူပေ၏။

(မြန်မာပြန်) အလိုအာသာ တဏှာကင်း၍ ဤလောကမှာဖြစ်စေ, တမလွန်လောကမှာဖြစ်စေ တောင့်တမှုကင်းပြီး ကိလေသာမရှိသူကို ငါဘုရားက ဗြာဟ္မဏဟု ခေါ်တော်မူသည်။

(လင်္ကာ) တပ်မက်တွယ်တာ, တဏှာကင်းစင်, မျက်မြင်လောက, နောက်ဘဝမှာ, တွယ်တာ မက်မော, သဘောယွင်းသွေ, ကိလေခပင်း, ကွာကင်းသွားမူ, ထိုသူကိုသာ, ငါကဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

## ၂၈-မဟာမောဂ္ဂလ္လာနတ္ထေရဝတ္ထု

၄၁၁။ ယဿာလယာ န ဝိဇ္ဇန္တိ , အညာယ အကထံကထီ၊
အမတောဂဓံ အနုပ္ပတ္တံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

---

### ၄၁၀-ပဒဝိဘာဂ

**အာသာ**= [ √ဣသု+အ+အာ ] ဣသု-ဣစ္ဆာယံ၊ အ၊ ဣဿ အာ- အာသာ၊ ဓာန်-ဋီ၊ ၁၆၂။
လိုလားတောင့်တခြင်း၊ လိုလားတောင့်တတတ်သောတဏှာ၊ ကုသလစ္ဆန္ဒ။
[ √အာသ+အ+အာ ] အာသ ပတ္ထနာယံ၊ အာသီသန်-အာသာ။ နိရုတ္တိ-နှာ၊ ၅၅၅။

**နိရာသာသံ**= [ နိ+အာသာသာ ] တောင့်တတတ်သောတဏှာမရှိသော။

**အာသာသာ**= [အာ √သာသ+ဏ+အာ ] တောင့်တတတ်သောတဏှာ၊ သာသ=(ဘူ) အာသီသေ-တောင့်တခြင်း၌၊ (အာသာသတေ၊ အာသိသတိ၊ အာရှေ့ရှိသည်။)

### ၄၁၁-ပဒဝိဘာဂ

**အာလယ**= [အာ √လီ+အ ] လီ-သိလေသနေ၊ အလ္လီယတိ ဧတ္ထာတိ-အာလယော၊ ရူ၊ ၅၆၈၊
[အာ √လယ+အ ] လယ-ဂတိယံ၊ အာ ပုနပ္ပုနံ လယတျာရမ္မဏေသုတိ-အာလယော

(အနက်) ယဿ-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်၏၊ အာလယာ-အာရုံများဝယ်, မှီတွယ်ထပ်ထပ်, ငြိကပ်တတ်သောတဏှာတို့သည်၊ န ဝိဇ္ဇန္တိ-မင်္ဂဖြင့်ပယ်သတ်, ကင်းပြတ်လုံးစုံ, မရှိကြတော့ကုန်၊ ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ အညာယ-ဝတ္ထုရှစ်ပါး, ခြင်းရာများကို, ပိုင်းခြားသီးသီး, ဟုတ်တိုင်းမှန်စွာ သိမြင်ပြီး၍၊ အကထံကထီ-သို့လောသို့လော တွေးတောထွေပြား, ယုံမှားခြင်း မရှိသည်၊ ဟောတိ-အမှန်မသွေ, ဖြစ်ပါပေ၏၊ အမတောဂဓံ-သေခြင်းကင်းလွတ်, နိဗ္ဗာန်ဓာတ်ဝယ်, ကိုင်းညွတ်ရှိသေ, သက်ဝင်တည်နေသည်ဖြစ်၍၊ အနုပ္ပတ္တံ-မင်္ဂလေးတန်ဖြင့်, စဉ်သင့်လျော်စွာ, ရောက်ရှိလာပြီးသော၊ တံ-ဂုဏ်ရည်ပြည့်ဖြိုး, ထိုပုဂ္ဂိုလ်မျိုးကိုသာ၊ အဟံ-လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, မိန့်တော်မူပေ၏။

(မြန်မာပြန်) ကပ်ငြိတွယ်တာတတ်သောတဏှာနှင့် သို့လော သို့လောတွေးတောယုံမှားတတ်သော ဝိစိကိစ္ဆာတို့ မရှိသည်ဖြစ်၍ သေခြင်းကင်းရာနိဗ္ဗာန်သို့ဆိုက်ရောက်ပြီးသော သူမျိုးကိုသာ ငါဘုရားက ဗြာဟ္မဏဟု ခေါ်တော်မူသည်။

(လင်္ကာ) တဏှာကင်းငြား, ယုံမှားခပင်း, မင်္ဂဖြင့်ရှင်း၍, သေခြင်းကင်းလွတ်, နိဗ္ဗာန်ဓာတ်သို့, မချွတ်ရောက်မူ, ထိုသူကိုသာ, ငါက ဗြာဟ္မဏ, မိန့်မြွက်ဟ၏။

---

ပုနပ္ပုနံ လယတိ သံသိလေသတိ ယေနာတိ ဝါ-အာလယော၊ ဓာန်-ဋီ၊ ၁၆၃။ ငြိကပ်တွယ်တာ(မှီဝဲ) တတ်သောတဏှာ၊ ငြိကပ်တွယ်တာရာ။ -စသည်။

**အကထံကထီ**= [န +ကထံကထီ ] သို့လောသို့လော တွေးတောယုံမှားခြင်း မဖြစ်သော၊ သို့လော သို့လော တွေးတောယုံမှားခြင်း မရှိသော။

**ကထံကထီ**= [ကထံကထာ+ဤ] သို့လော သို့လော တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာရှိသော။

**ကထံကထာ**= [ကထံ √ကထ+အ+အာ] ကထမိဒမိတိ ကထယတိ ယာယ သာ-ကထံကထာ။ ဓာန်-ဋီ၊ ၁၇၀။ ဤသည်ကား အဘယ်နည်း?ဟု ပြောဆိုကြောင်း၊ သို့လော သို့လော တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာ။

[ကထံကထံ+ဏ+အာ] ဤသည်ကား အဘယ်နည်း? ဤသည်ကား အဘယ်နည်း?ဟု (ဤသို့ဖြစ်သလော, ဤသို့ဖြစ်သလော-ဟု) တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာ။

**အမတောဂဓံ**= [အမတ+ဩဂဓ ] အမြိုက်နိဗ္ဗာန်ကို သက်ဝင်တည်နေသော၊ အမြိုက်နိဗ္ဗာန်၌ ညွတ်ကိုင်းသော၊ အမြိုက်နိဗ္ဗာန်၏အတွင်း၌ဖြစ်သော၊ အမြိုက်နိဗ္ဗာန်တရား၌အကျုံးဝင်သော၊ အမြိုက်နိဗ္ဗာန်တရားဟုဆိုအပ်သော။

**ဩဂဓ**= [အဝ √ဂါဓ+အ ] အဝ-ကို အ-ရဿပြု၊ ဩဂါဓတီတိ-ဩဂဓံ၊ ဓာန်-ဋီ၊ ၇၄၂။ အကျုံးဝင်သော၊ အတွင်းဝင်သော၊ သက်ဝင်သော၊ သက်ရောက်သော၊ ဂါဓ=(ဘူ) ပတိဋ္ဌာ

## ၂၉-ရေဝတတ္ထေရဝတ္ထု

၄၁၂။ ယောဓ ပုညဉ္စ ပါပဉ္စ , ဥဘော သင်္ဂံ'မုပစ္စဂါ၊
အသောကံ ဝိရဇံ သုဒ္ဓံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ဣဓ-ပရိယတ်နှင့်, ပဋိပတ်တစ်ထွေ, ပဋိဝေသတ်မှတ်, ဤသာသနာတော်မြတ်၌၊ ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ ပုညဉ္စ-စိတ်အစဉ်ကို, ဖြူစင်အောင်ပြု, ကုသိုလ်ကောင်းမှုကိုလည်းကောင်း၊ ပါပဉ္စ-အပါယ်ရောက်အောင်, ပို့ဆောင်ပေါင်းစု, မကောင်းမှုကိုလည်းကောင်း၊ ဥဘော-ကောင်းမှုမကောင်းမှု, နှစ်ခုသောကံတို့ကို၊ (ဆဋ္ဌေတွာ-မဖြစ်အောင်တား, ပယ်စွန့်ထား၍၊) သင်္ဂံ-ငြိကပ်စွဲမှု, ရာဂစသောတရားစုကို၊ ဥပစ္စဂါ-ကျော်လွန်လျက်သာ, သွားခဲ့ပါပြီ၊ အသောကံ-ဝဋ်မြစ်အရင်း, သောကကင်းပြီးသော၊ ဝိရဇံ-ရာဂစသား, ကိုယ်တွင်းမြူများ မရှိသော၊ သုဒ္ဓံ-ညစ်ညူးလွန်စွာ, ကိလေသာပျက်ပြယ်, စင်ကြယ်လှပေသော၊ တံ-ဂုဏ်ရည်ပွားတိုး, ထိုပုဂ္ဂိုလ်မျိုးကို၊ အဟံ-လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာမြွက်ဖော်, မိန့်တော်မူ၏။

(မြန်မာပြန်) ဤသာသနာတော်၌ ကောင်းမှု-မကောင်းမှု နှစ်ပါးကို ပယ်စွန့်ထားသူ, ငြိကပ်တပ်စွဲမှု ရာဂစသောတရားကို ကျော်လွန်လာခဲ့သူ, စိုးရိမ်သောက ကင်းပြီးသူ, ရာဂစသောကိုယ်တွင်းမြူမရှိသူ, ကိလေသာတို့မှစင်ကြယ်သည့် ရှင်လူတို့ကိုသာ ငါဘုရားက ဗြာဟ္မဏဟု မိန့်တော်မူသည်။

(လင်္ကာ) ကောင်းမှု+မကောင်းမှု, နှစ်ခုလုံးသာ, စွန့်ပယ်ခွာ၍, ရာဂစသား, လေးပါးပြားလျှင်း, ကပ်ငြိခြင်းကို, ကျော်နင်းလွန်လာ, ကင်းကွာသောက, ရာဂမြူကင်း, သန့်ရှင်းစင်ဖြူ, ထိုသူကိုသာ, ငါကဗြာဟ္မဏ, မိန့်မြွက်ဟ၏။

## ၃၀-စန္ဒာဘတ္ထေရဝတ္ထု

၄၁၃။ စန္ဒံဝ ဝိမလံ သုဒ္ဓံ , ဝိပ္ပသန္န'မနာဝိလံ၊
နန္ဒီဘဝပရိက္ခီဏံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ဝိမလံ-ဆီးနှင်းမြူတိမ်, သူရိန်မီးခိုး, ညစ်မျိုးငါးဝ, ကင်းစင်ပသော၊ စန္ဒံ ဣဝ-တင့်တယ်ပြောင်ထွန်း, လပြည့်ဝန်းကဲ့သို့၊ သုဒ္ဓံ-ညစ်ညူးလွန်စွာ, ကိလေသာပျက်ပြယ်, စင်ကြယ်လှပေသော၊ ဝိပ္ပသန္နံ-ဖြူဝင်းသန့်စင်, အထူးသဖြင့် ကြည်လင်သော

---

ဂန္ဓေသု-တည်ရာ, လိုချင်ခြင်း, ဖွဲ့စီးရင်ခြင်းတို့၌၊ (ဂါဝတိ။)

### ၄၁၃-ပဒဝိဘာဂ

**ဝိမလံ**= [ဝိ+မလ] ကိလေသာအညစ်အကြေးမှကင်းသော၊ အပြစ်- အညစ်အကြေးမရှိသော၊ သန့်ရှင်းစင်ကြယ်သော။

စိတ်ရှိထသော၊ အနာဝိလ်–ကိလေသာဟု, နောက်ကျုမှုမှကင်းသော၊ နန္ဒီဘဝပရိက္ခီဏ–ဘဝသုံးပါး, ဝဋ်ရထား၌, ကုန်သွားကင်းပြတ်, တဏှာဟူသော အစေးဓာတ်ရှိသော၊ တံ–ဆိုခဲ့ဥဿုံ, ဂုဏ်ပေါင်းစုံတို့, ကုံလုံပြည့်ဖြိုး, ထိုပုဂ္ဂိုလ်မျိုးကို၊ အဟံ–သုံးလောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏ–မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ–သာယာထုတ်ဖော်, မိန့်တော်မူ၏။

**မြန်မာပြန်** ဆီးနှင်းတိမ်တိုက်စသော အညစ်အကြေးများ ကင်းစင်သောလပြည့်ဝန်းကဲ့သို့ ကိလေသာအညစ်အကြေးများမှ သန့်ရှင်းစင်ကြယ်၍, အထူးသန့်စင်ကြည်လင်သော စိတ်ရှိပြီး ကိလေသာဟူသော နောက်ကျုမှု ကင်းစင်လျက် ဘုံသုံးပါး၌ တပ်မက်မှုကုန်ပြီးသော ပုဂ္ဂိုလ်မျိုးကိုသာ ငါဘုရားက ဗြာဟ္မဏဟု မိန့်တော်မူသည်။

**လင်္ကာ** တိမ်တိုက်စသား, ညစ်ကြေးများမှ, ကင်းငြားသန့်ရှင်း, ဖိုးလမင်းသို့, သန့်ရှင်းကြည်လင်, စိတ်စဉ်ရှိနေ, ကင်းလေညစ်ကျု, သုံးခုဘုံတွင်း, တပ်ခြင်းကင်းမှု, ထိုသူကိုသာ, ငါကဗြာဟ္မဏ, မိန့်မြွက်ဟ၏။

## ၃၁–သီဝလိတ္ထေရဝတ္ထု

၄၁၄။ ယော’မံ ပလိပထံ ဒုဂ္ဂံ , သံသာရံ မောဟမစ္စဂါ၊
　　တိဏ္ဏော ပါရဂုတော ဈာယီ , အနေဇော အကထံကထီ၊
　　အနုပါဒါယ နိဗ္ဗုတော , တမဟံ ဗြူမိ ဗြာဟ္မဏံ။

**အနက်** ယော–သာသနာ့ဝန်ထမ်း, အကြင်ရဟန်းသည်၊ ဣမံ–ဤသို့သဘောရှိသော၊ ပလိပထံ–လွန်စွာတပ်မက်, ရာဂတည်းဟူသော အနှောင့်အယှက်ကိုလည်းကောင်း၊ ဒုဂ္ဂဥ္စ–စိတ်မှာကိန်းဝပ်, လိမ်းကပ်ပေကျံ, ကိလေသာဟူသောညွန်ကို

---

**နန္ဒီဘဝပရိက္ခီဏံ**= [နန္ဒီဘဝ+ပရိက္ခီဏ] ကုန်ပြီးသောတဏှာ၊ ကုန်ပြီးသောဘဝသုံးပါး ရှိသော၊ ကုန်ပြီးသော ဘဝသုံးပါးတို့၌ နှစ်သက်တတ်သော၊ ကပ်ငြိတွယ်တာ အစေးပါသော တဏှာရှိသော၊ ဘဝသုံးပါးတို့၌ ကုန်ပြီးသော တဏှာရှိသော။

**နန္ဒီဘဝ**= [နန္ဒီ+ဘဝ] ဘဝသုံးပါးတို့၌ နှစ်သက်တတ်သော အားရှိသောတဏှာ၊ ဗလဝတဏှာ၊ တဏှာနှင့်ကမ္မဘဝ။

**နန္ဒီ**= [√နန္ဒ+အ+ဤ] နှစ်သက်တတ်သောတဏှာ၊ နှစ်သက်ကြောင်းဖြစ်သောတဏှာ။

**၄၁၄–ပဒဝိဘာဂ**

**ပလိပထံ**= [ပရိ√ပထ+အ] ခရီးခဲ၊ ဘေးရန်၊ အနှောင့်အယှက်။

**အစ္စဂါ**= [အတိ √ဂမု+အ+အာ] အ–ပစ္စည်းကိုချေ၊ အာ–နှောင်းရာ၌ ဓာတွန် မ်–ကို အာ–

လည်းကောင်း၊ သံသာရံ-သံသရာဝယ်, မက္ကာတွေ့မြဲ, ဝဋ်ဆင်းရဲကိုလည်းကောင်း၊ မောဟဉ္စ-သစ္စာလေးပါး, မြတ်တရားကို, ဆီးတားကွယ်ကာ, မောဟဟူသော တိမ်သလာကိုလည်းကောင်း၊ အစ္စဂါ-မင်္ဂဖိုလ်ဆိုက်ရောက်, လွန်မြောက်ခဲ့လေပြီ၊ တိဏ္ဏော-ဩဃလေးဖြာ, သံသရာရေစီး, လွန်မြောက်ပြီးသည်ဖြစ်၍၊ ပါရင်္ဂတော-အလွန်အေးချမ်း, တစ်ဖက်ကမ်းသို့, မျှော်မှန်း တိုင်းပေါက်, ဆိုက်ရောက်ခဲ့လေပြီ၊ ဈာယီ-အာရုံ လက္ခဏာ, ရှုသင့်ရာကို, စူးစိုက်စွာရှုလေ့ရှိ၏၊ အနေဇော-လောကစံကြုံ, မတုန်လှုပ်ပါ, တဏှာကင်းပြီးသူလည်းဖြစ်၏၊ အကထံကထီ-သို့လောသို့လော တွေးတောထွေပြား, ယုံမှားခြင်းမရှိသူလည်းဖြစ်၏၊ အနုပါဒါယ-လေးမျိုးပြားပြန်, ဥပါဒါန်ဖြင့်, မြဲမြဲယူဖမ်း, မစွဲလမ်းမူ၍၊ နိဗ္ဗုတော-ကိလေသာမီး, ငြိမ်းအေးပြီးလည်းဖြစ်၏၊ တံ-ဆိုခဲ့ဥဿုံ, ဂုဏ်ပေါင်းစုံတို့, ပြည့်စုံထုံမွှမ်း, ထိုရဟန်းကိုသာ၊ အဟံ-လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, မိန့်တော်မူ၏။

**မြန်မာပြန်** ရဟန်းတစ်ပါးသည် ရာဂဟူသောအနှောင့်အယှက်, ကိလေသာဟူသော ရွံ့ညွန်, သံသရာဝဋ်ဆင်းရဲနှင့် အမိုက်မှောင်သဖွယ်ဖြစ်သော မောဟတို့ကို လွန်မြောက်ခဲ့၏၊ ဩဃလေးပါးကို လွန်မြောက်လျက် နိဗ္ဗာန်ဟူသော တစ်ဖက်ကမ်းသို့ ဆိုက်ရောက်ခဲ့၏၊ သမထဝိပဿနာ ဘာဝနာတို့ကို စူးစိုက်စွာရှုနေ၏၊ လောကစံကြုံ တုန်လှုပ်တတ်သော တဏှာလည်း ကင်းရှင်းပြီးဖြစ်၏၊ သို့လော သို့လော တွေးတော ယုံမှားတတ်သော ဝိစိကိစ္ဆာကိုလည်း ပယ်စွန့်ထား၏၊ အစွဲအလမ်းပြုတ်၍ ကိလေသာမီး ငြိမ်းအေးပြီးလည်းဖြစ်၏၊ ဤရဟန်းမျိုးကိုသာ ငါဘုရားက မကောင်းမှုများ, ပယ်စွန့်ထားတတ်, သူတော်သူမြတ်ဟု မိန့်တော်မူသည်။

**လင်္ကာ** သတိမက္ကာ, ရဟန်းမှာကား, ရာဂနှောင့်ယှက်, ခရီးခက်ကိလေသာ, သံသရာဆင်းရဲ, မိုက်မဲမောဟ, လွန်လာရ၏၊ ဩဃလေးဖြာ, ကူးမြောက်လာ၍, လွန်စွာအေးချမ်း, တစ်ဖက်ကမ်းသို့, တက်လှမ်းကောင်းစွာ, ဆိုက်ရောက်လာ၏၊ နှစ်ဖြာကွဲပြား, ဈာန်များဖြင့်သာ, ရှုနေပါ၏၊ တဏှာပြတ်စဲ, ယုံမှားရှဲလျက်, အစွဲပြုတ်ကာ, ငြိမ်းအေးလာ၏၊ သို့သာဖြစ်ထွန်း, ထိုရဟန်းကို, ခေါ်ညွှန်းဗြာဟ္မဏ, ငါမြွက်ဟ၏။

---

ပြု၊ ရှေ့.အာ-ကိုချေ။ မောဂ်-၆၊ ၂၉။ လွန်သွားပြီ၊ ကျော်လွန်ပြီ၊ လွန်မြောက်ပြီ။

**ပါရင်္ဂတော=** [ပါရ+ဂတ] နိဗ္ဗာန်ဟူသော တစ်ဖက်ကမ်းသို့ ရောက်ပြီးသော။

**အနေဇော=** [န+ဧဇ] တုန်လှုပ်တတ်သော တဏှာ(ကိလေသာ) မရှိသော၊ တဏှာမရှိသော။

**ဧဇာ=** [√ဧဇ+အ+အာ] လာဘာဒိ ပဋိစ္စ ဧဇတိ ကမ္ပတီတိ-ဧဇာ= တဏှာ၊ တုန်လှုပ်တတ်သော တဏှာ၊ ဧဇ=(ဘူ) ကမ္ပနဒိတ္တီသု-တုန်လှုပ်ခြင်း, ထွန်းပခြင်းတို့၌၊ (ဧဇတိ၊ ကမ္ပတိ။)

## ၃၂-သုန္ဒရသမုဒ္ဒတ္ထေရဝတ္ထု

၄၁၅။ ယောဓ ကာမေ ပဟန္တွာန , အနာဂါရော ပရိဗ္ဗဇေ၊
ကာမဘဝပရိက္ခီဏံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ ဣဓ-မျက်မှောက်ထင်ထင်, များလူရှင်တို့, ခိုဝင်နေကြ, ဤလောကဥ္စ၊ ကာမေ-ဝတ္ထုကိလေ, နှစ်ထွေသောကာမတို့ကို၊ ပဟန္တွာန-ရှောင်ကွင်းလျက်သာ, ပယ်စွန့်ခွာ၍၊ အနာဂါရော-ရှာမှကွင်းရှောင်, အိမ်ရာမထောင်သည်ဖြစ်၍၊ ပရိဗ္ဗဇေ-သာသနာ့ဝန်ထမ်း, ရှင်ရဟန်းပြုလေတော့၏၊ ကာမဘဝပရိက္ခီဏံ-နှစ်ဖြာကာမ, (နောင်ဖြစ်ရာ)ဘဝတို့ကုန်ပြီးသော၊ ဝါ-ကာမလည်းကုန်, ဘဝလည်းကုန်ပြီးသော၊ တံ-ဂုဏ်ရည်ပွားတိုး, ထိုပုဂ္ဂိုလ်မျိုးကို၊ အဟံ-လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, ဟောပြတော်မူ၏။

(မြန်မာပြန်) ဤလောကဥ္စ ကာမဂုဏ်တို့ကို ပယ်စွန့်၍ အိမ်ရာမထောင်ဘဲ ရဟန်းပြုပြီးလျှင်ကာမဂုဏ်လည်းကုန်, နောက်ထပ်ဖြစ်ရန်ဘဝလည်း ကုန်ပြီးသောသူမျိုးကို ငါက ဗြာဟ္မဏဟု ခေါ်တော်မူ၏။

(လင်္ကာ) ကာမနှစ်ပါး, စွန့်ပယ်ထားလျက်, ပယ်ရှားအိမ်ရာ, ကျင့်နေပါ၍, တဏှာလည်းကုန်, ဘဝကုန်သူ, ဖြစ်ပါမူကား, ထိုသူကိုသာ, ငါကဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

## ၃၃-ဇဋိလတ္ထေရဝတ္ထု

၄၁၆။ ယောဓ တဏှံ ပဟန္တွာန , အနာဂါရော ပရိဗ္ဗဇေ၊
တဏှာဘဝပရိက္ခီဏံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ ဣဓ-မျက်မှောက်ထင်ထင်, များလူရှင်တို့, ခိုဝင်နေကြ, ဤလောကဥ္စ၊ တဏှံ-ဒွါရခြောက်ပါး, ဖြစ်ပွား၍လာ, တပ်မက်တတ်သောတဏှာကို၊ ပဟန္တွာန-သတ်ဖြတ်လျက်သာ, ပယ်စွန့်ခွာ၍၊ အနာဂါရော-အိမ်ရာတည်ထောင်, လူ့ဘောင်မှခွာ, အိမ်ရာထောင်ခြင်း, မရှိကင်းသည်ဖြစ်၍၊ ပရိဗ္ဗဇေ-သာသနာ့ဝန်ထမ်း, ရှင်ရဟန်းပြုလေတော့၏၊ တဏှာဘဝပရိက္ခီဏံ-တဏှာလည်းကုန်, ဘဝလည်းကုန်ပြီးသော၊ တံ-ဂုဏ်ရည်ပြည့်ဖြိုး, ထိုပုဂ္ဂိုလ်

---

### ၄၁၅-ပဒဝိဘာဂ

**ကာမဘဝပရိက္ခီဏံ=** [ကာမဘဝ+ပရိက္ခီဏ] ကာမတဏှာနှင့်ဘဝကုန်ပြီးသော။

**ကာမဘဝ=** [ကာမ+ဘဝ] ကာမတဏှာနှင့် ဘုံဘဝ၊ကာမဘုံ၊ ကာမဘုံသို့ရောက်ကြောင်းကံ။

မျိုးကို၊ အဟံ–လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ–မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ–သာယာထုတ်ဖော်, မိန့်တော်မူ၏။

**မြန်မာပြန်** ဤလောက၌ တဏှာကိုပယ်ခွာ၍ အိမ်ရာမထောင်ဘဲ ရဟန်းပြုပြီးလျှင် တဏှာလည်းကုန်, ဘဝလည်းကုန်ပြီးသော သူမျိုးကိုသာ ငါဘုရားက ဗြာဟ္မဏဟု ခေါ်တော်မူသည်။

**လင်္ကာ** တပ်မက်တရား, ပယ်စွန့်ထားလျက်, ပယ်ရှားအိမ်ရာ, ကျင့်လာပါ၍, တဏှာလည်းကုန်, ဘဝကုန်သူ, ဖြစ်လာမူကား, ထိုသူကိုသာ, ငါကဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

## ၃၄–ဇောတိကတ္ထေရဝတ္ထု

၄၁၆။ ယောဓ တဏှံ ပဟတွာန , အနာဂါရော ပရိဗ္ဗဇေ၊
တဏှာဘဝပရိက္ခီဏံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။
(ရှေးဂါထာနှင့် အကုန်လုံး တူသည်။)

## ၃၅–နဋပုတ္တကတ္ထေရဝတ္ထု

၄၁၇။ ဟိတွာ မာနုသကံ ယောဂံ , ဒိဗ္ဗံ ယောဂံ ဥပစ္စဂါ၊
သဗ္ဗယောဂဝိသံယုတ္တံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

**အနက်** ယော–ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ မာနုသကံ–လူ့ရပ်လူ့ရွာ, လူ့ဥစ္စာဖြစ်သော၊ ယောဂံ–ခိုင်မာဆန်းပြား, ဖွဲ့ချည်ထားသည့်, ငါးကာမဂုဏ်, များအာရုံကို၊ ဟိတွာ–မငဲ့မညာ, စွန့်ပယ်ခွာ၍၊ ဒိဗ္ဗံ–နတ်ပြည်နတ်ရွာ, နတ်တို့၏ ဥစ္စာဖြစ်သော၊ ယောဂံ–ခိုင်မာထူးခြား, ဖွဲ့ချည်ထားသည့်, ငါးကာမဂုဏ်, များအာရုံကို၊ ဥပစ္စဂါ–မင်္ဂဖြင့်ပယ်ခွာ, လွန်မြောက်လာခဲ့ပြီ၊ သဗ္ဗယောဂဝိသံယုတ္တံ–ယောဂဥသုံ, အလုံးစုံတို့နှင့်မယှဉ်သော၊ တံ–ဂုဏ်ရည်ပြည့်ဖြိုး, ထိုပုဂ္ဂိုလ်မျိုးကို၊ အဟံ–သင်တို့ဆရာ, ငါဘုရားသည်၊ ဗြာဟ္မဏံ–မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ–သာယာထုတ်ဖော်, မိန့်တော်မူ၏။

**မြန်မာပြန်** လူ့ကာမဂုဏ်ကိုစွန့်ပယ်၍ နတ်ကာမဂုဏ်ကို လွန်မြောက်ပြီးလျှင် တစ်စုံတစ်ခုသော ကာမဂုဏ်နှင့်မျှ မယှဉ်သောသူကို ငါဘုရားက ဗြာဟ္မဏဟု မိန့်တော်မူသည်။

---

### ၄၁၇–ပဒဝိဘာဂ

**မာနုသကံ=** [မာနုသ+က] မောဂ်–၄၊ ၄၀။ လူ၊ လူပု၊ လူ့ပြည်၊ လူ့ပြည်၌ဖြစ်သော၊ လူ့ဥစ္စာဖြစ်သော။

**သဗ္ဗယောဂဝိသံယုတ္တံ=** [သဗ္ဗယောဂ+ဝိသံယုတ္တံ] အလုံးစုံသော ယောဂတို့နှင့် မယှဉ်သော။

**လက်ာ** လူမှာဖြစ်ပွား, နှောင်ဖွဲ့များကို, ပယ်ရှားစွန့်ခွာ, လွန်မြောက်လာ၍, နတ်မှာဖြစ်ပွား, နှောင်ဖွဲ့များကို, ကျော်လွှား၍သာ, လွန်မြောက်လာလျက်, လေးဖြာယောဂ, ကင်းလွတ်ကမူ, ထိုသူကိုသာ, ငါကဗြာဟ္မဏာ, ခေါ်မြွက်ဟ၏။

## ၃၆-နဋပုတ္တကထေရဝတ္ထု

၄၁၈။ ဟိတွာ ရတိံ စ အရတိံ စ , သီတိဘူတံ နိရူပဓိံ၊
သဗ္ဗလောကာဘိဘုံ ဝီရံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

**အနက်** ရတိံ စ-ငါးကာမဂုဏ်, များအာရုံဝယ်, လွှားခုန်သက်ဆင်း, မွေ့လျော်ခြင်းကိုလည်းကောင်း၊ အရတိံ စ-လူသူကင်းကွာ, တောမြိုင်သာဝယ်, လွန်စွာငြီးငွေ့, မပျော်မွေ့ခြင်းကိုလည်းကောင်း၊ ဟိတွာ-မဂ်ဖြင့်ဖြတ်ကာ, ပယ်စွန့်ခွာ၍၊ သီတိဘူတံ-ကိလေသာအပူ, မြူမှုမလွှမ်း, ငြိမ်းချမ်းအေးမြပြီးသော၊ နိရုပဓိံ-ဥပဓိကင်း, ညစ်ညူးခြင်းမရှိသော၊ သဗ္ဗလောကာဘိဘုံ-ခန္ဓာလောက, ရှိသမျှကို, စိတ်ချပိုင်ပိုင်, လွှမ်းမိုးနိုင်သော၊ တံ-ဂုဏ်ရည်ဖြင့်ပေါ, ထိုသို့သဘောရှိသော၊ ဝီရံ-ဒေါသရှိန်ငွေ့, မတွေ့မအောင်း, သူရဲကောင်းကို၊ အဟံ-လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, မိန့်တော်မူ၏။

**မြန်မာပြန်** ကာမဂုဏ်တို့၌ မွေ့လျော်မှု, ဆိတ်ငြိမ်ရာ၌ မမွေ့လျော်မှုတို့ကို ပယ်၍ အေးငြိမ်း ပြီးသော ညစ်ညူးခြင်းကင်းသော ခန္ဓာစသည့် အလုံးစုံသော လောကကို လွှမ်းမိုးနိုင်သော သူရဲကောင်းကို ငါဘုရားက ဗြာဟ္မဏဟု မိန့်တော်မူသည်။

**လက်ာ** ကာမဂုဏ်ငါး, အာရုံများဝယ်, လိုက်စားလွန်းမင်း, မွေ့လျော်ခြင်းနှင့်, တောတွင်းရိပ်သာ, လွန်စွာငြီးငွေ့, မပျော်မွေ့ခြင်း, ပယ်စွန့်ရှင်း၍, လွန်မင်းအေးမြ, ငြိမ်းချမ်း

---

### ၄၁၈-ပဒဝိဘာဂ

**အရတိံ**= [န+ရတိ] မမွေ့လျော်ခြင်း၊ ပျော်မွေ့ဖွယ်မဟုတ်သော။

**သီတိဘူတံ**= [သီတ+ဘူတ] ဘူ-ဓာတ်ကြောင့် က္က-လာ၊ နီတိ-သုတ္တ၊ ၁၃၃၈။ အေးချမ်းစွာဖြစ်သော၊ အေးချမ်းသည့်သဘောရှိသော၊ အေးချမ်းသည်၏အဖြစ်သို့ရောက်သော။

**သီတ**= [ √သိ+တ ] က္က-ကို ဒီဃ-ပြု၊ ဥဏှာဘိတတ္တေဟိ သေဝိယတီတိ-သီတံ၊ တေန ယုတ္တော သီတော၊ ဓာန်-ဋီ၊ ၅၆။ ချမ်းအေးခြင်း၊ ချမ်းအေးသော။

**နိရုပဓိံ**= [နိ+ဥပဓိ] လေးပါးသောဥပဓိ မရှိသော။

**ဥပဓိ**= [ဥပ √ဓာ+က္က] တည်ရာ၊ တည်ထောင်ခြင်း၊ အခြေခံ၊ ဥပဓိလေးပါး၊ စဉ်းလဲခြင်း၊ ရထားလှည်းဘီးစက်။

**သဗ္ဗလောကာဘိဘုံ**= [သဗ္ဗလောက+အဘိဘူ] အလုံးစုံသော လောကကို လွှမ်းမိုးနိုင်သော၊ အလုံးစုံသောလောကကို လွှမ်းမိုး၍တည်သော။

**အဘိဘူ**= [အဘိ √ဘူ+က္ဝိ] လွှမ်းမိုးသော၊ သာလွန်သော။

ရလျက်, ဥပမိရှင်း, ညစ်ညူးကင်းကာ, နှိမ်နင်းလောက, လုံ့လပွားထု, ထိုသူကိုသာ, ငါက ဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

## ၃၇-ဝဂ်ီသတ္တေရဝတ္ထု

၄၁၉။ စုတိံ ယော ဝေဒိ သတ္တာနံ , ဥပပတ္တိဉ္စ သဗ္ဗသော၊
အသတ္တံ သုဂတံ ဗုဒ္ဓံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။
၄၂၀။ ယဿ ဂတိံ န ဇာနန္တိ , ဒေဝါဂန္ဓဗ္ဗမာနုသာ၊
ခီဏာသဝံ အရဟန္တံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

**အနက်** ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊သဗ္ဗသော-ကြွင်းမဲ့ ချက်ကုန်, အလုံးစုံသော အခြင်းအရာအားဖြင့်၊ သတ္တာနံ-တပ်မက်မကွာ, သတ္တဝါတို့၏၊ စုတိံ စ-ရရှိခန္ဓာ, စွန့်ခွာရွေ့လျော, သေရခြင်းဟူသောစုတိကိုလည်းကောင်း၊ ဥပပတ္တိံ စ-နောက်ဘဝတွင်, စတင်ဖြစ်နေ, ပဋိသန္ဓေကိုလည်းကောင်း၊ ဝေဒိ-ပိုင်းခြား ထင်ထင်, သိမြင်တတ်၏၊ အသတ္တံ-တွယ်တာမှုရှင်း, ကပ်ငြိခြင်း မရှိသော၊ သုဂတံ-ပဋိပတ်မကွာ, ကောင်းစွာရောက်လာပြီးသော၊ ဗုဒ္ဓံ-သစ္စာသီးသီး, သိမြင်ပြီးသော၊ တံ-ဂုဏ်ရည်ပွားတိုး, ထိုပုဂ္ဂိုလ်မျိုးကို၊ အဟံ-လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, မိန့်တော်မူ၏။

ယဿ-သွားမည့်ဂတိ, မရှိကင်းကွာ, အကြင်ရဟန္တာ၏၊ ဂတိံ-ဤကိုယ်စွန့်ခွာ, နောက်မှာရရှိ, လားရာဂတိကို၊ ဒေဝါ-လိုတိုင်းမြင်ရန်, စွမ်းသန်ကြငြား, နတ်အများတို့ သည်လည်းကောင်း၊ ဝါ-ထွန်းပရောင်ဝါ, နတ်ဗြာဟ္မာတို့သည်လည်းကောင်း၊ ဂန္ဓဗ္ဗာ-နံ့သာစားတတ်, ဂန္ဓဗ္ဗနတ်တို့သည်လည်းကောင်း၊ မာနုသာ-အကြောင်းမှန်မှား, ပိုင်းခြား သိမြင်, လူများဖြင်တို့သည်လည်းကောင်း၊ န ဇာနန္တိ-ဖြစ်မည်ဘဝ, မရှိကြ၍, မသိရ တော့ကုန်၊ ခီဏာသဝံ-အာသဝလေးပါး, ကုန်ဆုံးသွားပြီးသော၊ တံ အရဟန္တံ-သွားမည့် ဂတိ, မရှိကင်းကွာ, ထိုရဟန္တာကို၊ အဟံ-သင်တို့ဆရာ, ငါဘုရားသည်၊ ဗြာဟ္မဏံ-

---

### ၄၁၉, ၄၂၀-ပဒဝိဘာဂ

**စုတိံ**= [ √စု+တိ ] စဝန့်-စုတိ၊ ရွေ့လျောခြင်း၊ စုတေခြင်း၊ သေခြင်း။

**ဝေဒိ**= [ √ဝိဒ+အ+ဤ ] (ဆန်းကြောင့် ရဿပြုထားသည်၊) သိပြီ၊ မြင်ပြီ၊ ထိုးထွင်းသိပြီ။

**ဥပပတ္တိံ**= [ ဥပ √ပဒ+တိ ] ဖြစ်ခြင်း၊ ပဋိသန္ဓေအားဖြင့်ဖြစ်ခြင်း၊ ပဋိသန္ဓေ။

**အသတ္တံ**= [ န+သတ္တ ] မကပ်ငြိ မတွယ်တာသော၊ -သူ၊ သတ္တဝါမဟုတ်သော အရာဝတ္ထု။

**သတ္တ**= [ √သဉ္ဇ+တ ] ကပ်ငြိတတ်သော၊ တပ်စွန်းတတ်သော၊ ကပ်ငြိစေတတ်သော၊ တပ်စွန်း စေတတ်သော။

**ဂန္ဓဗ္ဗမာနုသာ**= ဂန္ဓဗ္ဗာ-ဟုဆိုလိုလျက် ဆန်းကြောင့် ရဿ-ပြုထားသည်၊ သမာသ်ပုဒ် မဟုတ်။

မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, မိန့်တော်မူ၏။

(မြန်မာပြန်) သတ္တဝါတို့၏သေခြင်း, ပဋိသန္ဓေနေခြင်းကို ဘက်စုံသိမြင်လျက် တွယ်တာကပ်ငြိခြင်းကင်းပြီး မှန်ကန်သောအကျင့်ကို ကောင်းစွာကျင့်၍ သစ္စာလေးပါးကို သိမြင်ထားသော ပုဂ္ဂိုလ်မျိုးကိုသာ ငါဘုရားက ဗြာဟ္မဏဟု မိန့်တော်မူသည်။

နတ်, ဂန္ဓဗ္ဗနတ်နှင့်လူတို့က မသိမြင်ရအောင် ဂတိကင်းပြတ်ပြီးဖြစ်၍ အာသဝတရားလေးပါးလုံးကုန်ပြီးဖြစ်သော ရဟန္တာကိုသာ ငါဘုရားက ဗြာဟ္မဏဟု မိန့်တော်မူသည်။

(လင်္ကာ) များပြားလှစွာ, သတ္တဝါ၏, ခြင်းရာစုံစေ့, စုတေ့သန္ဓေ, သိမြင်နေ၍, ကင်းလေငြိကပ်, ပဋိပတ်ဖြင့်, လာတတ်ကောင်းစွာ, သစ္စာလေးပါး, သိမြင်ထားမှု, ထိုသူကိုသာ, ငါကဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

ဝင့်မြစ်ကင်းကွာ, ရဟန္တာ၏, လားရာဘဝ, စ-အနကို, ဒေဝမည်မှတ်, ဂန္ဓဗ်မည်ငြား, နတ်အများနှင့်, လူသားခပင်း, သိမြင်ကင်း၏၊ ပယ်ရှင်းအာသဝ, ဝေးလှကိလေသာ, ရဟန္တာခေါ်ဆို, ထိုသူကိုသာ, ငါကဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

## ၃၈-ဓမ္မဒိန္နထေရီဝတ္ထု

၄၂၁။ ယဿ ပုရေ စ ပစ္ဆာ စ , မဇ္ဈေ စ နတ္ထိ ကိဉ္စနံ၊
အကိဉ္စနံ အနာဒါနံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ယဿ-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်၏၊ ပုရေစ-ရှေးမှာဖြစ်ပွား, အတိတ်ဖြစ်သော ခန္ဓာများ၌လည်းကောင်း၊ ပစ္ဆာစ-နောက်မှာဖြစ်ပွား, အနာဂတ်ဖြစ်သော ခန္ဓာများ၌လည်းကောင်း၊ မဇ္ဈေ စ-အလယ်ဖြစ်ပွား, ပစ္စုပ္ပန်ခန္ဓာများ၌လည်းကောင်း၊ ကိဉ္စနံ-တဏှာဂါဟ, ခေါ်နေကြငြား, စိုးရိမ်ကြောင့်ကြတရားသည်၊ နတ္ထိ-မဂ်ဖြင့်ပယ်ဖြတ်, လုံးလုံးပြတ်၍, နောက်ထပ်ဖြစ်စရာ, မရှိတော့ပါပေ၊ အကိဉ္စနံ-တဏှာဂါဟ, ကိုယ်မှကွာကင်း, စိုးရိမ်ခြင်းမရှိသော၊ အနာဒါနံ-ခန္ဓာစသား, တရားများဝယ်, လိုလားကင်းရှင်း, စွဲလမ်းခြင်းမရှိသော၊ တံ-ဂုဏ်ရည်ပြည့်ဖြိုး, ထိုပုဂ္ဂိုလ်မျိုးကို၊ အဟံ-လောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, ဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, မိန့်တော်မူပေ၏။

(မြန်မာပြန်) လွန်ပြီးအတိတ်ခန္ဓာ, မရောက်သေးသောအနာဂတ်ခန္ဓာ, ဖြစ်နေဆဲ ပစ္စုပ္ပန်ခန္ဓာတို့၌ ကြောင့်ကြခပ်သိမ်း, ကင်းလွတ်ငြိမ်း၍ စိုးရိမ်ခြင်းလည်း မရှိ၊ စွဲလမ်းခြင်းလည်း မရှိသူကိုသာ ငါဘုရားက ဗြာဟ္မဏခေါ်သည်။

(လင်္ကာ) ရှေးရောနောင်ပါ, ခုခါဖြစ်ပွား, ခန္ဓာများဝယ်, ကင်းသွားကြောင့်ကြ, ရှင်းရှင်းပ၍, တစုံတစ်ခု, စွဲလမ်းမှုသာ, မရှိပါမူ, ထိုသူကိုသာ, ငါကဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

## ၃၉-အင်္ဂုလိမာလတ္ထေရဝတ္ထု

၄၂၂။ ဥသဘံ ပဝရံ ဝီရံ , မဟေသိံ ဝိဇိတာဝိနံ၊
အနေဇံ နှာတကံ ဗုဒ္ဓံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

**အနက်** ဥသဘံ-တုန်လှုပ်ကင်းမှု, ဂုဏ်အစုဖြင့်, ဥသဘအတူ, ရှေ့သွားခေါင်းဆောင်ဖြစ်တော်မူသော၊ ပဝရံ-အပြစ်ကင်းလွတ်, အထူးသဖြင့် မြတ်လှပေသော၊ဝီရံ-ကြိုးစားအားထုတ်, မယုတ်လုံ့လ, ဝီရိယရှိပေသော၊ မဟေသိံ-သီလက္ခန္ဓ, စသည်ကျေးဇူး, ဂုဏ်အထူးကို, ဆည်းပူးမပြတ်, ရှာမှီးတတ်ပေသော၊ ဝိဇိတာဝိနံ-ဒေဝပုတ္တ, ကိလေသနှင့်, အဘိသင်္ခါရဟူငြား, မာရ်သုံးပါးကို, ဖျက်တားပိုင်ပိုင်, အောင်နိုင်တော်မူပြီးသော၊ အနေဇံ-လောကဓံကြို့, မတုန်လှုပ်ပါ, တဏှာကင်းပြီးသော၊ နှာတကံ-ကိလေသာကြေးညှော်, ဖွပ်ဆေးလျှော်ပြီးသော၊ ဗုဒ္ဓံ-သစ္စာလေးပါး, မြတ်တရားကို, ပိုင်းခြားသီးသီး, သိမြင်ပြီးသော၊ တံ-ဆိုခဲ့ဥသုံ, ဂုဏ်ပေါင်းစုတို့, ကုံလုံပြည့်ဖြိုး, ထိုပုဂ္ဂိုလ်မျိုးကို၊ အဟံ-သုံးလောကထွတ်ထား, ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, စွန့်ပယ်ထားတတ်, သူတော်သူမြတ်ဟူ၍၊ ဗြူမိ-သာယာထုတ်ဖော်, မိန့်တော်မူ၏။

**မြန်မာပြန်** ဥသဘအတူ ရှေ့သွားခေါင်းဆောင်ဖြစ်ခြင်း, အထူးမြင့်မြတ်ခြင်း, လုံ့လဝီရိယရှိခြင်း, သီလစသော ဂုဏ်အထူးကို ရှာမှီးတတ်ခြင်း, မာရ်သုံးပါးကို အောင်မြင်ခြင်း, တဏှာကင်းခြင်း, ကိလေသာအညစ်အကြေးကို ဆေးလျှော်ထားခြင်း, သစ္စာလေးပါး အမှန်တရားကို သိမြင်ခြင်း-ဟူသောဂုဏ်အင်္ဂါများနှင့် ပြည့်စုံသူကို ငါဘုရားက ဗြာဟ္မဏဟု ခေါ်တော်မူသည်။

---

### ၄၂၂-ပဒဝိဘာဂ

**ဥသဘံ**= [ √ဥသ+ကဘ ] ဥသတိ ပဋိပက္ခေ ဒဟတီတိ-ဥသဘော= သေဋ္ဌော၊ မောဂ်-၇၊ ၁၂၆။ မြတ်သော။ ဥသ-ဒါဟေ၊ အဘော၊ ဓာန်-ဋီ၊ ၄၉၅။ နွားလားဥသဘ။

**ပဝရံ**= [ ပ √ဝရ+အ ] ဝရ-ပတ္ထနာယံ၊ ပဝရော၊ ဓာန်-ဋီ၊ ၆၉၄။ မြတ်သော၊ အထူးသဖြင့်ကောင်းမြတ်သော။

**မဟေသိံ**= [ မဟန္တ √ဧသ+ဣ ] မဟန္တာနံ သီလက္ခန္ဓာဒီနံ ဧသနတော ဂဝေသနတော-မဟေသိ၊ (ဣသ-ဓာတ်လည်း သင့်၏။)

[ မဟန္တ +ဣသ ] မဟန္တော ဝါ ဣသော ဝိဘူတိ ဧတဿာတိ-မဟေသိ၊ ဓာန်-ဋီ၊ ၂။ မြတ်သော သီလက္ခန္ဓ-စသော ဂုဏ်ကျေးဇူးကို ရှာမှီးလေ့ရှိသော။ မြတ်သောဂုဏ်ကျေးဇူးကို အစိုးရခြင်းရှိသော၊ (ဘုရား, ရဟန္တာ, ရသေ့, သူတော်သူမြတ်။)

**ဣသ**= [ √ဣသ+အ ] ဣသ-ဣဿရိယေ၊ အ၊ ဣသော။ ဓာန်-ဋီ၊ ၇၂၅။ အစိုးရသူ၊ အရှင်သခင်၊ အစိုးရခြင်း၊ တန်ခိုးကြီးခြင်း၊ ပေါများပြည့်စုံခြင်း။

**ဝိဇိတာဝိနံ**= [ ဝိ √ဇိ+တာဝီ ] အောင်နိုင်ပြီးသော, လွှမ်းမိုးနှိမ်နင်းပြီးသော။

**နှာတကံ**= [ √နှာ+တ+က ] ကောတ္ထုဘာ။ ရေချိုးပြီးသော၊ ကိလေသာကို ဆေးလျှော်ပြီးသော၊ ဆေးလျှော်ပြီးသော ကိလေသာရှိသော၊ နှာ=(ဒိ) သောစေယျေ-စင်ကြယ်ခြင်း၌၊ (နှာယတိ။)

(လင်္ကာ) သီလစင်ဖြူ, တစ်ဦးသူကား, သွင်မှုမဖောက်, ကြောက်ရွံ့ခြင်းကင်း, ရဲတင်းလွန်စွာ, မြင့်မြတ်ပါ၏၊ လွန်စွာပြင်းပြ, လုံ့လဝီရိ, အမြဲရှိ၏၊ စရိုသီလ, များလှပြန့်ပြူး, ဂုဏ်အထူးကို, ဆည်းပူးဖွေရှာ, ရှိနေပါ၏၊ သုံးဖြာသောမာရ်, တွန်းလှန်ပယ်နှင်, အောင်ပွဲယင်၏၊ ကင်းစင်တဏှာ, ကိလေသာများ,ဆေးကြောထား၏၊ လေးပါးသစ္စာ, သိမြင်ပါ၏၊ သို့သာဖြစ်မူ, ထိုသူကိုသာ, ငါကဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

## ၄၀-ဒေဝဟိတဗြာဟ္မဏဝတ္ထု

၄၂၃။ ပုဗ္ဗေနိဝါသံ ယော ဝေဒိ , သဂ္ဂါပါယဉ္စ ပဿတိ၊
အထော ဇာတိက္ခယံ ပတ္တော , အဘိညာဝေါသိတော မုနိ၊
သဗ္ဗဝေါသိတဝေါသာနံ , တမဟံ ဗြူမိ ဗြာဟ္မဏံ။

(အနက်) ယော-ရဟန်းရှင်လူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်၊ ပုဗ္ဗေနိဝါသံ- ရှေး၌နေလာ, ခန္ဓာအစဉ်ကို၊ ဝေဒိ-ပေါ်လွင်ထင်ရှား,သိမြင်ထား၏၊ သဂ္ဂ-နှစ်ဆယ့်ခြောက်ပါး, ကွဲပြား၍လာ, နတ်ဗြဟ္မာကိုလည်းကောင်း၊ အပါယဉ္စ-ငရဲ တိရစ္ဆာန, အပါယအသုရကာယ်, လေးပါးသော အပါယ်ကိုလည်းကောင်း၊ ပဿတိ-နတ်မျက်စိပမာ, အဘိညာဖြင့်, သေချာတပ်အပ်, တွေ့မြင်တတ်၏၊ အထော-ထိုမှတစ်ပါး, ဇာတိက္ခယံ-ပဋိသန္ဓေ, တည်နေရဘိ, ဇာတိဖျက်ဖြို, အရဟတ္တဖိုလ်သို့၊ ပတ္တော-မကွေ့မထောက်, ဆိုက်ရောက်ခဲ့လေပြီ၊ အဘိညာ-သစ္စာလေးပါး, မြတ်တရားကို, ပိုင်းခြားသီးသီး, သိမြင်ပြီး၍၊ ဝေါသိတော-ဘဝပျက်သုဉ်း, နိဗ္ဗာန်ဟူသော အပြီးအဆုံးသို့ ရောက်၏၊ မုနိ-အာသဝက္ခယာ, ဉာဏ်ပညာဖြင့်, သစ္စာပိုင်းဖြတ်, သိမြင်တတ်၏၊ သဗ္ဗဝေါသိတဝေါသာနံ-အလုံးစုံသော ကိလေသာတို့၏ကုန်ဆုံးရာ အရဟတ္တမဂ်အကျင့်ကို ကျင့်သုံးပြီးသော၊ တံ-ဆိုခဲ့ဉသုံ, ဂုဏ်ပေါင်းစုံတို့, လွှမ်းခြုံပြည့်ဖြိုး, ထိုပုဂ္ဂိုလ်မျိုးကို၊ အဟံ-သုံးလောကထွတ်ထား, သင်တို့ဆရာဖြစ်သော ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုများ, ပယ်စွန့်ထား၍, တရားပြည့်ဝ, သူတော်ကောင်းဗြာဟ္မဏဟူ၍၊ ဗြူမိ-သာယာရွှေနှုတ်, ကြာကမုဒ်ကို, ထုတ်ဟလှစ်ကာ, မိန့်တော်မူပါပေ၏။

---

## ၄၂၃-ပဒဝိဘာဂ

**ပုဗ္ဗေနိဝါသံ**= [ပုဗ္ဗ+နိဝါသ] ပုဗ္ဗေ နိဝါသော-ပုဗ္ဗေနိဝါသော၊ အလုတ္တသမာသ်၊ ရှေး၌နေအပ်ဖူးသော ခန္ဓာအစဉ်။

**နိဝါသ**= [နိ √ဝသ+ဏ] နိဝသီယိတ္ထာတိ-နိဝါသော၊ နေအပ်ဖူးသော။

**အပါယံ**= [န+ပါယ] နတ္ထိ ပါယော ဝုဒ္ဓိ ဧတ္ထာတိ-အပါယော။

[အပ+အယ] အယတော ဝုဒ္ဓိတော သုခတော ဝါ အပေတောတိ-အပါယော= နိရယတိရစ္ဆာနယောနိပေတ္တိဝိသယအသုရကာယော။

**ပါယ**= [ √ပေ+ဏ] ကြီးပွားခြင်း၊ ပေ=(ဘု) ဂတိဗုဒ္ဓိသောသနေသု-သွားခြင်း, ကြီးပွားခြင်း, ခြောက်သွေ့စေခြင်းတို့၌၊ (ပေတိ၊ ပယတိ။)

**မြန်မာပြန်** ပုဂ္ဂိုလ်တစ်ဦးသည် ရှေး၌နေဖူးသော ခန္ဓာအစဉ်ကို သိမြင်၏၊ နတ်ပြည် ဗြဟ္မပြည်နှင့် အပါယ်တို့ကိုလည်း (အဘိညာဉ်ဖြင့်) တွေ့မြင်ထား၏၊ ပဋိသန္ဓေ ကုန်ဆုံးရာ အရဟတ္တဖိုလ်သို့ ရောက်၏၊ သစ္စာလေးပါးကို ထိုးထွင်းသိမြင်၍ နိဗ္ဗာန်ဟူသော အဆုံးသို့ ရောက်၏၊ အရဟတ္တဖိုလ်ဉာဏ်ဖြင့် အမှန်ကို သိမြင်တတ်၏၊ အလုံးစုံသော ကိလေသာတို့၏ကုန်ရာ အရဟတ္တမဂ်အကျင့်ကို ကျင့်ပြီးသော ထိုပုဂ္ဂိုလ်မျိုးကိုသာ ငါဘုရားက သူတော်သူမြတ်(ဗြာဟ္မဏ)ဟု ခေါ်တော်မူသည်။

**လင်္ကာ** မွေ့လျော်ဓမ္မ, တစ်ဦးကမူ, ရှေးကနေလာ, ခန္ဓာအစဉ်, ပေါ်လွင်ထင်စွာ, သိမြင်လာ၏၊ နတ်ရွာအပါယ်, ပေါင်းသုံးဆယ်ကို, ဖုံးကွယ်ကင်းစင်, ကောင်းစွာမြင်၏၊ ထိုပြင်ပဋိသန်, ကုန်ရာမှန်သည့်, ဆုံးစွန်ဖိုလ်ကို, ရလိုကြိုးစား, ရောက်ရှိသွား၏၊ ထူးခြားအရဟတ်, မဂ်ဉာဏ်မြတ်ဖြင့်, သိအပ်သမ္ဘူ, မဂ်ကိစ္စ၏, မုချပြီးရာ, ရောက်နေပါ၏၊ အာသဝက္ခယာ, ဉာဏ်ပညာဖြင့်, သေချာမချွတ်, သိမြင်တတ်၏၊ ကင်းပြတ်ကိလေ, ပြီးဆုံးစေသည့်, လေးထွေမဂ်များ, ကျင့်သုံးထား၏၊ ထူးခြားပြုမူ, ထိုသူကိုသာ, ငါက ဗြာဟ္မဏ, ခေါ်မြွက်ဟ၏။

---

[ √ပါယီ+အ ] ပါယီ=(ဘူ) ဝုဒ္ဓိယံ-ကြီးပွားခြင်း၌၊ (ပါယတိ။)

**အယ=** [ √အယ+အ ] ချမ်းသာသုခ၊ ကုသိုလ်ကောင်းမှု၊ ကြီးပွားခြင်း-စသည်၊ နီတိ-ဓာ၊ ၁၂၀။ ၁၄၄။

**ဇာတိက္ခယ=** [ ဇာတိ+ခယ ] ပဋိသန္ဓေကုန်ကြောင်းအရဟတ္တမဂ်၊ ပဋိသန္ဓေနေခြင်းကို ကုန်စေတတ်သော အရဟတ္တမဂ်၊ ပဋိသန္ဓေ၏ ကုန်ရာကုန်ကြောင်း အရဟတ္တဖိုလ်၊ နိဗ္ဗာန်။

**ဝေါသိတော=** [ ဝိ+အဝ √သော+တ ] အဝ-ကို ဩ-ပြု၊ ပြီးဆုံးသော၊ အပြီးအဆုံးသို့ရောက်သော။

**သဗ္ဗဝေါသိတဝေါသာနံ=** [ သဗ္ဗ+ဝေါသိတဝေါသာန ] အလုံးစုံသော ကိလေသာတို့၏ ကုန်ဆုံးရာ အရဟတ္တမဂ်အကျင့်ကို ကျင့်သုံးပြီးသော။

**ဝေါသိတဝေါသာန=** [ ဝေါသိတ+ဝေါသာန ] ကိလေသာတို့၏ကုန်ဆုံးရာ အရဟတ္တမဂ် အကျင့်ကို ကျင့်သုံးပြီးသော။

**ဝေါသာန=** [အဝ √သော+ယု] အဝ-ကို ဩ-ပြု၊ ဝ-လာ၊ (တော်လောက်ပြီဟု) တွန့်တို ဆုတ်နစ်ခြင်း၊ ရပ်တန့်ပြီးဆုံးခြင်း၊ အဆုံး၊ နိဗ္ဗာန်၊ ပါရမီ။

## ပြီးပါပြီ၊

၁၃၅၅-ခု၊ နတ္တော်လွှန်း ၃-ရက်၊ သောကြာနေ့၊ နေ့ ၁-နာရီ ၄၅-မိနစ်။

# ဓမ္မပဒပန်းကုံး

၏

## ပဒဝိဘာဂ အက္ခရာစဉ်


| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အံသ | ၁၀၄ |
| အကက္ကသံ | ၄၆၂ |
| အကတ | ၇၈ |
| အကတညူ | ၁၃၈ |
| အကတညူ | ၄၃၉ |
| အကထံကထိ | ၄၆၅ |
| အကရဏံ | ၂၄၂ |
| အကာရိယံ | ၂၃၄ |
| အကိစ္စ | ၁၀၇ |
| အကိဉ္စနော | ၁၂၅ |
| အကုတောဘယေ | ၂၅၈ |
| အကုပ္ပတော | ၈၀ |
| အက္ကောစ္ဆိ | ၇ |
| အက္ကောဓနံ | ၄၅၅ |
| အက္ကောဓေန | ၂၈၄ |
| အက္ကောသံ | ၄၅၄ |
| အက္ခရာနံ | ၄၁၁ |
| အက္ခာတ | ၂၇၉ |
| အက္ခာတာရော | ၃၃၆ |
| အဂ | ၂၂ |
| အဂတံ | ၃၇၉ |
| အဂန္ဓကံ | ၇၉ |
| အဂါရံ | ၂၂ |
| အဂ္ဂ | ၁၀၁ |
| အဂ္ဂိ | ၅၂ |
| အဂ္ဂိဒုမော | ၁၈၀ |
| အဂ္ဂိသိခါ | ၃၆၆ |
| အဂ္ဂိသိခူပမော | ၃၆၆ |
| အဂ္ဂိဟုတ္တံ | ၄၄၈ |
| အဂ္ဃတိ | ၁၀၂ |
| အင်္ကုသ | ၃၈၄ |
| အင်္ကုသဂ္ဂဟော | ၃၈၄ |
| အင်္ဂ | ၁၂၅ |
| အင်္ဂဏ | ၁၆၈ |
| အစရိတွာ | ၂၀၈ |
| အစိရံ | ၆၅ |
| အစ္စဂါ | ၄၆၇ |
| အစ္စန္တ | ၂၁၇ |
| အစ္စန္တဒုဿီလျံ | ၂၁၇ |
| အစ္စုတံ | ၂၈၆ |
| အစ္ဆိဒ္ဒ | ၂၉၁ |
| အစ္ဆိဒ္ဒဝုတ္တိံ | ၂၉၁ |
| အစ္ဆိန္ဒိ | ၄၀၉ |
| အဇိန | ၄၄၉ |
| အဇိနသာဋိယာ | ၄၄၉ |
| အဇိနိ | ၈ |
| အဇ္ဇ | ၂၈၈ |
| အဇ္ဇတနံ | ၂၈၈ |
| အဇ္ဈာယတော | ၄၂၉ |
| အဇ္ဈဂါ | ၂၀၇ |
| အဇ္ဈတ္တ | ၄၂၀ |
| အဇ္ဈတ္တရတော | ၄၂၀ |
| အညတရံ | ၁၈၁ |
| အညာ | ၈၆ |
| အညာ | ၁၀၈ |
| အညာယ | ၃၃၅ |
| အညေ | ၆၈ |
| အဋ္ဌ | ၂၅၂ |
| အဋ္ဌင် | ၂၅၂ |
| အဋ္ဌင်္ဂိကံ | ၂၅၂ |
| အဋ္ဌီနံ | ၂၀၀ |
| အဏုံထူလံ | ၅၁ |
| အဏု | ၅၁ |
| အဏုမတ္တော | ၃၄၅ |
| အတန္ဒိတော | ၃၆၃ |
| အတိ | ၂၁၇ |
| အတိက္ကမံ | ၂၅၂ |
| အတိခီဏ | ၂၁၀ |
| အတိဂ | ၄၅၃ |
| အတိတ္တံ | ၇၄ |
| အတိဓောနစာရိနံ | ၃၀၂ |
| အတိပါတေတိ | ၃၀၈ |
| အတိမညေယျ | ၄၂၂ |
| အတိရောစတိ | ၈၉ |
| အတိဝသာ | ၁၀၇ |
| အတိဝါကျံ | ၃၇၆ |
| အတီတဿ | ၂၃၃ |
| အတ္တ | ၄၆၁ |
| အတ္တဂုတ္တော | ၄၃၆ |
| အတ္တဃာတာယ | ၂၂၁ |

| ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ |
|---|---|---|---|---|---|
| အတ္တဇံ | ၂၁၅ | အနင်္ဂဏဿ | ၁၆၈ | အနုစရ | ၃၅၄ |
| အတ္တဒဏ္ဍေသု | ၄၆၁ | အနတ္တာ | ၃၃၉ | အနုဋ္ဌဟာနော | ၃၄၀ |
| အတ္တဒတ္ထံ | ၂၂၂ | အနတ္ထံ | ၃၂၀ | အနုဋ္ဌာန | ၃၀၃ |
| အတ္တဒန္တဿ | ၁၄၇ | အနတ္ထ | ၁၄၂ | အနုဋ္ဌာနမလာ | ၃၀၃ |
| အတ္တနော | ၂၆ | အနတ္ထပဒ | ၁၄၂ | အနုတပ္ပတိ | ၉၈ |
| အတ္တနောကမ္မ | ၂၇၈ | အနတ္ထပဒသံဟိတာ | ၁၄၂ | အနုတ္တရံ | ၃၉ |
| အတ္တနောကမ္မကုဗ္ဗာနံ | ၂၇၈ | အနတ္ထာယ | ၁၀၃ | အနုတ္ထုနံ | ၂၁၀ |
| အတ္တမနော | ၃၈၇ | အနန္တ | ၂၃၈ | အနုဒ္ဓတော | ၄၂၁ |
| အတ္တသမ္ဘဝံ | ၂၁၅ | အနန္တဂေါစရံ | ၂၃၈ | အနုဓမ္မ | ၃၂ |
| အတ္တဟေတု | ၁၂၀ | အနန္ဝာဟတ | ၆၂ | အနုဓမ္မစာရီ | ၃၂ |
| အတ္တာနုယောဂ | ၂၇၂ | အနန္ဝာဟတစေတသော | ၆၂ | အနုဓာဝတိ | ၁၂၃ |
| အတ္တာနုယောဂိနံ | ၂၇၂ | အနပေက္ခိနော | ၄၀၃ | အနုပတန္တိ | ၂၈၃ |
| အတ္ထံ | ၂၈၇ | အနပ္ပကံ | ၁၉၃ | အနုပတိတ | ၃၆၀ |
| အတ္ထ | ၆၆ | အနဝဋ္ဌိတ | ၆၀ | အနုပဿီ | ၁၂ |
| အတ္ထပဒံ | ၁၄၃ | အနဝဋ္ဌိတစိတ္တဿ | ၆၀ | အနုပါဒါယ | ၁၂၆ |
| အတ္ထဝသံ | ၃၅၀ | အနဝဿုတ | ၆၁ | အနုပါဒိယာနော | ၃၃ |
| အထ | ၂၁၃ | အနဝဿုတစိတ္တဿ | ၆၁ | အနုပါယ | ၇ |
| အထော | ၂၀၃ | အနာဂါရေဟိ | ၄၅၉ | အနုပါယိနီ | ၇ |
| အဒဏ္ဍေသု | ၁၈၀ | အနာတုရာ | ၂၅၉ | အနုပုဗ္ဗေန | ၃၀၀ |
| အဒဿနံ | ၇၃ | အနာဒါနော | ၄၀၉ | အနုပ္ပတ္တံ | ၄၄၂ |
| အဒိန္နံ | ၃၀၉ | အနာဝိလော | ၁၁၈ | အနုပဒ္ဒဝေ | ၃၉၅ |
| အဒုဋ္ဌော | ၄၅၅ | အနာသကာ | ၁၈၆ | အနုဗြူဟယေ | ၁၀၉ |
| အဒ္ဓ | ၁၂၈ | အနာသဝဿ | ၁၃၅ | အနုမောဒမာနော | ၂၃၅ |
| အဒ္ဓဂူ | ၃၆၀ | အနိက္ကသာဝေါ | ၁၆ | အနုယုဉ္ဇန္တိ | ၄၃ |
| အဓမ | ၁၁၃ | အနိစ္စာ | ၃၃၇ | အနုယုဉ္ဇေထ | ၄၄ |
| အဓမ္မေန | ၁၂၀ | အနိန္ဒိတော | ၂၈၉ | အနုယောဂ | ၂၇၂ |
| အဓမ္မော | ၃၁၁ | အနိဗ္ဗိသံ | ၂၀၅ | အနုရက္ခထ | ၃၈၄ |
| အဓိဂစ္ဆန္တိ | ၂၀ | အနိမိတ္တော | ၁၃၁ | အနုရက္ခီ | ၃၄၁ |
| အဓိစိတ္တေ | ၂၄၇ | အနိဝေသနော | ၆၄ | အနုဝတ္တိ | ၁၂၃ |
| အဓိပတိ | ၂၃၆ | အနိဿိတော | ၁၃၃ | အနုဝိစိန္တယံ | ၄၂၂ |
| အဓိပန္နဿ | ၃၅၀ | အနီက | ၄၅၅ | အနုဝိစ္စ | ၂၉၀ |
| အဓိမုတ္တာနံ | ၂၈၇ | အနီဃော | ၃၅၄ | အနုသယ | ၃၉၆ |
| အဓိသေဿတိ | ၆၆ | အနုကန္တတိ | ၃၆၉ | အနုသာသတိ | ၂၁၃ |
| အနက္ခာတေ | ၂၇၉ | အနုက္ကမ | ၄၅၄ | အနုသာသေယျ | ၁၁၁ |

| ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ |
|---|---|---|---|---|---|
| အနုသိက္ခ | ၂၈၇ | အပတ္ထာနိ | ၁၉၉ | အပ္ပိယေဟိ | ၂၇၂ |
| အနုဿဒံ | ၄၅၆ | အပဒံ | ၂၃၈ | အပ္ပောဿုက္ကော | ၃၈၇ |
| အနုဿရံ | ၄၂၂ | အပဗောဓေတိ | ၁၉၀ | အဖလာ | ၇၉ |
| အနုဿုကာ | ၂၆၀ | အပရ | ၂၂၈ | အဗလ | ၄၇ |
| အနူပဃာတော | ၂၄၅ | အပဝိဒ္ဓံ | ၃၅၂ | အဗလဿံ | ၄၇ |
| အနူပလိတ္တော | ၄၁၂ | အပဿံ | ၁၅၆ | အဗ္ဗဏံ | ၁၆၇ |
| အနူပဝါဒေါ | ၂၄၄ | အပါယံ | ၄၇၅ | အဗ္ဗတော | ၃၂၈ |
| အနူပဟတော | ၃၉၆ | အပါယ | ၂၇၃ | အဗ္ဘက္ခာနံ | ၁၈၂ |
| အနေက | ၂၀၄ | အပါရံ | ၄၄၀ | အဗ္ဘန္တရံ | ၄၄၉ |
| အနေကဇာတိ | ၂၀၄ | အပုညံ | ၃၆၇ | အဗ္ဘာ | ၂၂၉ |
| အနေကဇာတိသံသာရံ | ၂၀၄ | အပုညလာဘံ | ၃၆၇ | အဘဗ္ဗော | ၅၂ |
| အနေဇော | ၄၆၈ | အပုထုဇ္ဇနသေဝိတံ | ၃၃၃ | အဘယေ | ၃၇၄ |
| အနောကံ | ၁၂၅ | အပေက္ခာ | ၄၀၃ | အဘယော | ၃၂၁ |
| အနောကသာရီ | ၄၅၉ | အပေတကဒ္ဒမော | ၁၃၇ | အဘာဝိတံ | ၂၃ |
| အန္တ | ၅၃ | အပေတဝိညာဏော | ၆၆ | အဘိကိရတိ | ၄၃ |
| အန္တကော | ၇၅ | အပေတော | ၁၇ | အဘိညာယ | ၁၀၉ |
| အန္တရ | ၁၇၁ | အပ္ပံ | ၃၁ | အဘိတ္ထရေထ | ၁၅၉ |
| အန္တရဗာဟိရ | ၃၇၂ | အပ္ပကာ | ၁၂၁ | အဘိနန္ဒေယျ | ၁၀၉ |
| အန္တရာ | ၂၉၉ | အပ္ပဂဗ္ဘေန | ၃၀၈ | အဘိဘုယျ | ၃၈၆ |
| အန္တရာယံ | ၃၄၈ | အပ္ပဋိဗဒ္ဓ | ၂၇၉ | အဘိဘူ | ၄၁၂ |
| အန္တလိက္ခေ | ၁၇၀ | အပ္ပဋိဗဒ္ဓစိတ္တော | ၂၇၉ | အဘိဘူ | ၄၇၁ |
| အန္တိမသာရီရော | ၄၁၁ | အပ္ပတ္တော | ၃၃၄ | အဘိမတ္ထတိ | ၂၁၆ |
| အန္တိမော | ၄၀၉ | အပ္ပဒုဋ္ဌဿ | ၁၆၇ | အဘိရတ | ၃၁၇ |
| အန္ဓ | ၈၈ | အပ္ပမတ္တာ | ၃၅ | အဘိရတိံ | ၁၂၅ |
| အန္ဓကာရ | ၁၉၅ | အပ္ပမတ္တော | ၈၅ | အဘိရဟတိ | ၃၇၇ |
| အန္ဓကာရေန | ၁၉၅ | အပ္ပမာဒရတော | ၅၀ | အဘိဝဍ္ဎံ | ၃၉၂ |
| အန္ဓဘူတေ | ၈၈ | အပ္ပမာဒဝိဟာရ | ၈၆ | အဘိဝါဒန | ၁၅၂ |
| အန္ဓဘူတော | ၂၃၀ | အပ္ပမာဒဝိဟာရိနံ | ၈၆ | အဘိဝါဒနသီလ | ၁၅၃ |
| အန္ဝယ | ၁၃၂ | အပ္ပမာဒေါ | ၃၄ | အဘိဝါဒနသီလိဿ | ၁၅၃ |
| အန္ဝာဟတေ | ၆၂ | အပ္ပလာဘော | ၄၂၃ | အဘိဝါဒနာ | ၁၅၂ |
| အန္ဝေတိ | ၄ | အပ္ပသတ္တော | ၁၆၆ | အဘိဝုမှတိ | ၄၁ |
| အပစာယီ | ၁၅၃ | အပ္ပဿာဒါ | ၂၄၈ | အဘိသဓေ | ၄၆၃ |
| အပဇိတံ | ၁၄၈ | အပ္ပဿုတော | ၂၀၃ | အဘိသမ္ဗုဓာနော | ၇၂ |
| အပညဿ | ၄၂၉ | အပ္ပိစ္ဆ | ၄၅၃ | အဘူတ | ၃၆၄ |

| ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ |
|---|---|---|---|---|---|
| အဘူတဝါဒီ | ၃၆၃ | အလဇ္ဇိတာယေ | ၃၇၃ | အသဒ္ဓေါ | ၁၃၈ |
| အမဂ္ဂ | ၄၅၈ | အလဇ္ဇိ | ၃၇၄ | အသန္တံ | ၁၀၅ |
| အမတ | ၃၄ | အလဒ္ဒါ | ၂၀၉ | အသန္တဘာသိ | ၄၀၉ |
| အမတပဒံ | ၃၄ | အလသ | ၃၄၀ | အသန္တော | ၃၆၂ |
| အမတောဂဓံ | ၄၆၅ | အလာဗူနိ | ၁၉၉ | အသဗ္ဘာ | ‚၁၁၁ |
| အမတ္တညုံ | ၁၂ | အလိက | ၂၈၅ | အသဗ္ဘာ | ၁၁၂ |
| အမာနုသီ | ၄၃၀ | အလိကဝါဒိနံ | ၂၈၄ | အသဗ္ဘိ | ၁၁၂ |
| အမိတ္တေန | ၉၇ | အလီနေန | ၃၀၈ | အသမာန | ၃၆၀ |
| အယ | ၃၆ | အဝစ | ၁၁၉ | အသမာနသံဝါသော | ၃၆၀ |
| အယ | ၉၂ | အဝဇ္ဇိယတိ | ၂၃၇ | အသမာဟိတော | ၁၅၄ |
| အယ | ၁၆၉ | အဝဇ္ဇဒဿိနော | ၃၇၅ | အသရိရံ | ၅၉ |
| အယ | ၄၇၆ | အဝဇ္ဇေ | ၃၇၅ | အသာရူနိ | ၂၁၈ |
| အယသာ | ၃၀၁ | အဝဋ္ဋိတ | ၆၀ | အသာရဒဿိနော | ၁၉ |
| အယောဂါ | ၃၄၃ | အဝဋ္ဋိတစိတ္တ | ၆၀ | အသာရေ | ၁၉ |
| အယောဂုဠော | ၃၆၅ | အဝဓိ | ၇ | အသာဟသေန | ၃၂၁ |
| အယောဂေ | ၂၇၁ | အဝမညေထ | ၁၆၃ | အသိ | ၁၇၈ |
| အယောဇယံ | ၂၇၂ | အဝသုတ | ၆၁ | အသုဒ္ဓိ | ၂၂၂ |
| အရ | ၁၂၂ | အဝိဇာနတော | ၆၀ | အသုဘာ | ၁၄ |
| အရညေ | ၁၄၀ | အဝိတိဏ္ဏကင်္ခံ | ၁၈၇ | အသုဘာနုပဿိံ | ၁၄ |
| အရတိံ | ၄၇၁ | အဝိတိဏ္ဏာ | ၁၈၇ | အသောကော | ၄၆ |
| အရဟ | ၂၅၆ | အဝိဒ္ဒသု | ၃၃၀ | အသ္မ | ၂၁၆ |
| အရဟတိ | ၁၇ | အဝိရဒ္ဓံ | ၄၆၁ | အသ္မမယံ | ၂၁၆ |
| အရဟန္တော | ၁၄၀ | အဝေက္ခတိ | ၄၇ | အဿ(ကြိ) | ၁၈ |
| အရိ | ၃၆ | အဝေက္ခန္တံ | ၂၂၆ | အဿ | ၄၇ |
| အရိယ | ၂၃၄ | အဝေရိနော | ၂၅၉ | အဿတရာ | ၃၇၇ |
| အရိယပ္ပဝေဒိတေ | ၁၁၄ | အဝေရေန | ၁၀ | အဿု | ၉၈ |
| အရိယဘူမိံ | ၂၉၈ | အဝေါစ | ၁၇၆ | အဿု | ၁၀၇ |
| အရိယသစ္စာနိ | ၂၅၁ | အသံဝုတံ | ၁၂ | အဿုမုခေါ | ၉၈ |
| အရိယာနံ | ၃၅ | အသံသဋ္ဌံ | ၄၅၉ | အဟ | ၁၅၅ |
| အရု | ၁၉၆ | အသဒ္ဓမ္မာနံ | ၂၈၂ | အဟာသိ | ၈ |
| အရုကာယံ | ၁၉၆ | အသဇ္ဈာယ | ၃၀၂ | အဟိံသကာ | ၂၈၆ |
| အရောဂ | ၂၆၆ | အသဇ္ဈာယမလာ | ၃၀၂ | အဟိံသာ | ၃၂၄ |
| အလင်္ကတော | ၁၈၇ | အသညတာ | ၃၁၁ | အဟိတာနိ | ၂၁၈ |
| အလဇ္ဇိတာယ | ၃၇၄ | အသတ္တံ | ၄၇၂ | အဟိရိကေန | ၃၀၆ |

| ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ |
|---|---|---|---|---|---|
| အဟု | ၂၉၀ | အာပါဒိ | ၃၃၄ | အာသာသာ | ၄၆၄ |
| အဟေဌယံ | ၇၆ | အာဗာဓံ | ၁၈၂ | အာသီနံ | ၄၄၂ |
| အဟောရတ္တ | ၂၈၇ | အာဘဿရာ | ၂၆၂ | အာဟတ | ၆၂ |
| အဟောရတ္တာနုသိက္ခိနံ | ၂၈၇ | အာဘာ | ၂၆၂ | အာဟာရေ | ၁၃၂ |
| | | အာဘာတိ | ၄၄၂ | အာဟု | ၄၀၂ |
| [ အာ ] | | အာဘာသ | ၂၆၂ | | |
| အာကင်္ခန္တံ | ၄၀၀ | အာမိသ | ၄၃၅ | [ ဣ , ဤ ] | |
| အာကာသေ | ၁၃၂ | အာယ | ၆၃ | ဣစ္စ | ၃၃၈ |
| အာကိရတော | ၃၇၀ | အာယသံ | ၄၀၂ | ဣစ္ဆံ | ၃၉၂ |
| အာက္ခာတာရော | ၃၃၆ | အာယု | ၁၅၃ | ဣစ္ဆာ | ၁၀၇ |
| အာဂတံ | ၂၈၀ | အာယောဂေါ | ၂၄၇ | ဣစ္ဆာဒေါသာ | ၄၁၇ |
| အာဂမိဿတိ | ၁၆၃ | အာရဂ္ဂေ | ၄၅၇ | ဣစ္ဆာလောဘ | ၃၂၈ |
| အာဂမ္မ | ၁၂၅ | အာရဒ္ဓ | ၁၅ | ဣစ္ဆာလောဘသမာပန္နော | ၃၂၈ |
| အာစာရ | ၄၃၃ | အာရဒ္ဓဝီရိယံ | ၁၅ | | |
| အာစာရကုသလော | ၄၃၃ | အာရာဓော | ၁၅၆ | ဣဉ္ဇေယျ | ၁၀၆ |
| အာစိနံ | ၁၆၅ | အာရာ | ၃၁၇ | ဣဋ္ဌိတံ | ၃၁၈ |
| အာဓည | ၂၅၄ | အာရာ | ၄၅၇ | ဣတ | ၃၅ |
| အာဇာနီယ | ၂၅၅ | အာရာဓယေ | ၃၄၁ | ဣတရာ | ၁၄၆ |
| အာဇီဝ | ၃၀၈ | အာရာမ | ၂၅၀ | ဣတရီတရေန | ၃၈၈ |
| အာတပ | ၁၉၁ | အာရာမရက္ခ | ၂၅၀ | ဣတ္ထိယာ | ၃၀၄ |
| အာတပ္ပံ | ၃၃၆ | အာရာမရက္ခစေတျာနိ | ၂၅၀ | ဣဒ္ဓိ | ၂၃၂ |
| အာတာပီ | ၁၉၁ | အာရယှ | ၄၆ | ဣန္ဒ | ၁၂ |
| အာတုရံ | ၁၉၆ | အာရောဂျ | ၂၆၅ | ဣန္ဒ | ၁၃၆ |
| အာတုရေသု | ၂၅၉ | အာရောဂျပရမာ | ၂၆၅ | ဣန္ဒခိလ | ၁၃၆ |
| အာဒါန | ၁၂၆ | အာလယ | ၄၆၄ | ဣန္ဒခိလူပမော | ၁၃၆ |
| အာဒါနပဋိနိဿဂ္ဂေ | ၁၂၆ | အာလသိယံ | ၃၄၀ | ဣန္ဒြိယဂုတ္တိ | ၄၃၂ |
| အာဒါယ | ၇၄ | အာဝဟ | ၅၇ | ဣန္ဒြိယေသု | ၁၂ |
| အာဒိစ္စ | ၂၃၂ | အာဝါသေသု | ၁၀၆ | ဣရိယ | ၃၆ |
| အာဒိစ္စပထေ | ၂၃၂ | အာဝိလ | ၁၁၈ | ဣဝ | ၄ |
| အာဒိယတိ | ၃၀၉ | အာဝုဓ | ၆၄ | ဣသိ | ၃၄၁ |
| အာနန္ဒော | ၁၉၄ | အာသန | ၂၄၆ | ဣသိပ္ပဝေဒိတံ | ၃၄၁ |
| အာပ | ၄၁ | အာသဝ | ၁၂၆ | ဣဿရ | ၁၀၆ |
| အာပဇ္ဇတိ | ၃၆၇ | အာသဝက္ခယာ | ၃၁၇ | ဣဿရိယံ | ၁၁၆ |
| အာပတ္တိ | ၂၃၇ | အာသာ | ၄၆၄ | ဣဿာ | ၁၂၆ |

| ပုဒ်စဉ် | စာမျက်နှာ |
| --- | --- |
| ဣဿုကီ | ၃၂၆ |
| ဤဃ | ၃၅၅ |
| ဤသ | ၄၇၄ |
| [ ဥ ၊ ဦ ] | |
| ဥက္ကုဋိကပဒါန် | ၁၈၆ |
| ဥက္ကုဋိကာ | ၁၈၇ |
| ဥက္ခိတ္တ | ၄၅၄ |
| ဥက္ခိတ္တပလိဃံ | ၄၅၄ |
| ဥစ္စ | ၁၁၉ |
| ဥစ္စယော | ၁၆၀ |
| ဥစ္စာဝစံ | ၁၁၉ |
| ဥစ္ဆိန္ဒ | ၃၄၆ |
| ဥဇုံ | ၅၄ |
| ဥဇ္ဇုဂတေသု | ၁၅၂ |
| ဥဇ္ဈာန | ၃၁၇ |
| ဥဇ္ဈာနသညာ | ၃၁၆ |
| ဥဇ္ဈာနသညိနော | ၃၁၆ |
| ဥဇ္ဈိတသ္မိံ | ၈၈ |
| ဥဋ္ဌဟာန | ၃၄၀ |
| ဥဋ္ဌာန | ၃၉ |
| ဥဋ္ဌာနကာလမှိ | ၃၄၀ |
| ဥဋ္ဌာနဝတော | ၃၉ |
| ဥဋ္ဌာယ | ၃၀၂ |
| ဥတ္တမတ္ထံ | ၄၄၂ |
| ဥတ္တမတ္ထံ | ၄၅၈ |
| ဥတ္တမပေါရိသော | ၁၃၉ |
| ဥတ္တမော | ၈၅ |
| ဥတ္တရ | ၃၉ |
| ဥတ္တရိ | ၄၂၇ |
| ဥတ္တိဏ္ဏေ | ၂၂၄ |
| ဥဒက, ဥဒ | ၈၄ |
| ဥဒကုမ္ဘော | ၁၆၅ |
| ဥဒဗိန္ဒု | ၁၆၄ |
| ဥဒဗိန္ဒုနိပါတေန | ၁၆၄ |
| ဥဒယ | ၁၅၇ |
| ဥဒယဗ္ဗယံ | ၁၅၇ |
| ဥဒီရယေ | ၄၆၃ |
| ဥဒ္ဒိသေယျုံ | ၄၁၂ |
| ဥဒ္ဓံသောတော | ၂၇၉ |
| ဥဒ္ဓတ | ၄၂၁ |
| ဥဒ္ဓရထ | ၃၈၅ |
| ဥန္နဠာနံ | ၃၅၂ |
| ဥပကမှတိ | ၃၇၀ |
| ဥပဂ | ၃၉၉ |
| ဥပဃာတ | ၂၄၅ |
| ဥပစ္စဂါ | ၃၇၃ |
| ဥပဋ္ဌိတာ | ၂၉၇ |
| ဥပဒ္ဒဝ | ၃၉၅ |
| ဥပဓိ | ၄၇၁ |
| ဥပနယှန္တိ | ၈ |
| ဥပနိသာ | ၁၀၉ |
| ဥပနီတ | ၂၉၈ |
| ဥပနီတဝယော | ၂၉၈ |
| ဥပပဇ္ဇတိ | ၁၈၄ |
| ဥပပတ္တိံ | ၄၇၂ |
| ဥပမာ | ၆၃ |
| ဥပလိတ္တ | ၄၁၂ |
| ဥပဝါဒ | ၂၄၄ |
| ဥပသဂ္ဂံ | ၁၈၂ |
| ဥပသန္တဿ | ၁၃၇ |
| ဥပသမ | ၂၄၁ |
| ဥပသမဿ | ၂၆၇ |
| ဥပသမ္ပဒါ | ၂၄၃ |
| ဥပသမ္မတိ | ၁၄၃ |
| ဥပဟတော | ၁၇၈ |
| ဥပါဒါယ | ၁၂၆ |
| ဥပါဒိယာန | ၃၃ |
| ဥပေတိ | ၂၀၃ |
| ဥပေတော | ၁၉ |
| ဥပေဟိသိ | ၂၉၈ |
| ဥပ္ပဇ္ဇ | ၃၉၈ |
| ဥပ္ပဇ္ဇန္တိ | ၁၉၆ |
| ဥပ္ပတိတံ | ၂၈၃ |
| ဥပ္ပလံ | ၈၄ |
| ဥပ္ပာဒေါ | ၂၄၂ |
| ဥဗ္ဘတော | ၅၅ |
| ဥဘ | ၂၅ |
| ဥဘယတ္ထ | ၂၅ |
| ဥယျာတိ | ၂၃၇ |
| ဥယျုဉ္ဇန္တိ | ၁၂၉ |
| ဥယျောဂ | ၂၉၇ |
| ဥယျောဂမုခေ | ၂၉၇ |
| ဥသဘံ | ၄၇၄ |
| ဥသီရ | ၃၉၄ |
| ဥသီရတ္ထော | ၃၉၄ |
| ဥသု | ၅၄ |
| ဥသုကာရော | ၅၄ |
| ဥဿ | ၁၂၂ |
| ဥဿဒ | ၄၅၆ |
| ဥဿုက | ၃၈၇ |
| ဥဿုကေသု | ၂၆၀ |
| ဥဿုက္က | ၃၈၇ |
| ဦဟတ | ၃၉၆ |
| [ ဧ ] | |
| ဧက | ၁၅၅ |
| ဧကဃနော | ၁၁၆ |
| ဧကစရံ | ၅၉ |
| ဧကစရိယံ | ၉၂ |
| ဧကန္တံ | ၂၉၀ |
| ဧကရဇ္ဇေန | ၂၃၆ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| ကေရာဇ | ၂၃၆ |
| ကေသေယျံ | ၃၆၂ |
| ကောသန် | ၃၆၂ |
| ကောဟံ | ၁၅၄ |
| ဧကေ | ၁၆၉ |
| ဧဓာ | ၄၆၈ |
| ဧတိ | ၈၃ |
| ဧတ္တံ, ဧတ္တကံ | ၂၅၈ |
| ဧတ္တာဝတာ | ၃၂၁ |
| ဧဓတိ | ၂၅၅ |
| ဧဝံ | ၅ |
| ဧဝမေဝံ | ၅ |
| ဧဝမေဝ | ၅ |
| ဧဝမ္ပိ | ၅ |
| ဧသာနော | ၁၇၅ |
| ဧဿန္တိ | ၁၂၃ |
| ဧဟိသိ | ၄၂၇ |
| **[ ဩ ]** | |
| ဩက | ၅၅ |
| ဩကမောကတ | ၅၅ |
| ဩကသာရီ | ၄၅၉ |
| ဩဂဓ | ၄၆၅ |
| ဩဃတိဏ္ဏော | ၄၂၇ |
| ဩဃော | ၄၃ |
| ဩတ္ထတံ | ၂၁၇ |
| ဩနဒ္ဓါ | ၁၉၅ |
| ဩပုနာတိ | ၃၁၄ |
| ဩဝဒေယျ | ၁၁၁ |
| ဩဟာရိနံ | ၄၀၃ |
| ဩဟိတော | ၂၀၂ |
| **[ က ]** | |
| ကံသော | ၁၇၈ |
| က | ၆၆ |
| ကက္ကသ | ၄၆၂ |
| ကင်္ခါ | ၁၈၇ |
| ကစ္ဆက | ၉၈ |
| ကစ္ဆကပွလံ | ၉၇ |
| ကစ္ဆကဘေဒနော | ၃၈၀ |
| ကဋ္ဌ | ၂၂၀ |
| ကဋ္ဌက | ၂၂၀ |
| ကဏ္ဍာ | ၃၆၅ |
| ကဏှံ | ၁၂၄ |
| ကတ | ၂၆ |
| ကတကိစ္စံ | ၄၄၂ |
| ကတပုညော | ၂၆ |
| ကတာကတံ | ၇၈ |
| ကတ္တာဗ္ဗံ | ၈၂ |
| ကတွာန | ၃၆၄ |
| ကထံကထာ | ၄၆၅ |
| ကထံကထီ | ၄၆၅ |
| ကထာ | ၁၇၇ |
| ကဒရိယာ | ၂၃၄ |
| ကဒ္ဒမ | ၁၃၇ |
| ကန္တန | ၃၃၆ |
| ကန္ဒိ | ၄၂၈ |
| ကပေါတ | ၂၀၀ |
| ကဗင်္ဂ | ၃၈၀ |
| ကမ္မ | ၂၅ |
| ကမ္မကိလိဋ္ဌ | ၂၅ |
| ကမ္မပထေ | ၃၄၁ |
| ကမ္မဝိသုဒ္ဓိ | ၂၇ |
| ကမ္မာရော | ၃၀၀ |
| ကယိရာ | ၆၇ |
| ကယိရာထ | ၄၂ |
| ကရဏ | ၂၄၃ |
| ကရိသ | ၂၄၈ |
| ကရောတိ | ၃ |
| ကရောန္တာ | ၉၇ |
| ကလံ | ၁၀၂ |
| ကလိ | ၂၆၃ |
| ကလိင်္ဂရ | ၆၆ |
| ကလျာဏော | ၁၁၄ |
| ကသာ | ၁၉၀ |
| ကသာနိဝိဋ္ဌော | ၁၉၁ |
| ကသာဝ | ၁၆ |
| ကဟာပဏ | ၂၄၇ |
| ကဟာပဏဝဿေန | ၂၄၇ |
| ကာက | ၃၀၆ |
| ကာကသူရေန | ၃၀၆ |
| ကာပေါတ | ၂၀၀ |
| ကာပေါတကာနိ | ၂၀၀ |
| ကာမ | ၄၄ |
| ကာမ | ၅၇ |
| ကာမကာမာ | ၁၁၈ |
| ကာမဂဝေသိနော | ၁၄၁ |
| ကာမဂုဏော | ၄၂၇ |
| ကာမဘာဝ | ၄၆၉ |
| ကာမဘာဝပရိက္ခီဏံ | ၄၆၉ |
| ကာမရတိ | ၄၄ |
| ကာမရတိသန္ထဝံ | ၄၄ |
| ကာမသုခံ | ၄၀၃ |
| ကာယံ | ၆၃ |
| ကာယဂတာ | ၃၅၃ |
| ကာယဂတာသတိ | ၃၅၃ |
| ကာယဒုစ္စရိတံ | ၂၉၃ |
| ကာယပ္ပကောပံ | ၂၉၂ |
| ကာရိယ | ၂၃၄ |
| ကာရီ | ၂၅ |
| ကာရီ | ၃၅၃ |
| ကာသာဝံ | ၁၆ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| ကာသဝကဏ္ဍာ | ၃၆၄ |
| ကာဟာသိ | ၂၀၅ |
| ကာဟိတိ | ၄၀၈ |
| ကိံ | ၁၉၄ |
| ကိစ္စ | ၁၀၇ |
| ကိစ္စာကိစ္စေသု | ၁၀၇ |
| ကိစ္ဆော | ၂၄၁ |
| ကိဋ္ဌန | ၁၂၅ |
| ကိတ္တာဝတာ | ၃၂၁ |
| ကိတ္တွာ | ၃၁၅ |
| ကိရ | ၂၁၄ |
| ကိလိဋ္ဌ | ၂၆ |
| ကိလိသေယျ | ၂၁၃ |
| ကိသံ | ၄၅၁ |
| ကီဝ | ၃၂၁ |
| ကုဗ္ဗေယျ | ၂၈၅ |
| ကုဋ္ဌရာ | ၃၇၈ |
| ကုဏ္ဍလ | ၄၀၃ |
| ကုဗ္ဗန္တော | ၈၀ |
| ကုဗ္ဗာန | ၂၇၈ |
| ကုမုဒ် | ၃၄၆ |
| ကုမ္ဘ | ၆၂ |
| ကုမ္ဘ | ၁၆၅ |
| ကုမ္ဘူပမံ | ၆၂ |
| ကုရုတေ | ၇၅ |
| ကုလ | ၁၀၆ |
| ကုသ | ၈၂ |
| ကုသဂ္ဂေန | ၁၀၁ |
| ကုသလံ | ၈၂ |
| ကုသလော | ၇၀ |
| ကုသီတံ | ၁၃ |
| ကူဋ | ၂၀၆ |
| ကူလ | ၄၅၀ |
| ကော | ၁၉၄ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| ကောဋ္ဌ | ၂၀၉ |
| ကောဓံ | ၂၈၂ |
| ကောဓန | ၄၅၅ |
| ကောဝိဒ | ၄၀၉ |
| ကောသဇ္ဇံ | ၃၀၃ |
| [ ခ ] | |
| ခံ | ၄ |
| ခဏာတိ | ၃၁၁ |
| ခဏာတီတာ | ၃၇၃ |
| ခဏော | ၃၀၀ |
| ခတ္တ | ၃၅၄ |
| ခတ္တိယေ | ၃၅၄ |
| ခန္တိ | ၂၄၃ |
| ခန္တီဗလံ | ၄၅၅ |
| ခန္ဓ | ၂၆၄ |
| ခန္ဓသမာ | ၂၆၄ |
| ခယံ | ၂၀၇ |
| ခါဒတိ | ၃၀၂ |
| ခိတ္တာ | ၅၅ |
| ခိပ္ပံ | ၉၆ |
| ခီဏာ | ၁၂၆ |
| ခီဏာမိစ္ဆေ | ၂၀၉ |
| ခီဏာသဝါ | ၁၂၆ |
| ခီရံ | ၁၀၃ |
| ခီရပကော | ၃၄၅ |
| ခေတ္တာနိ | ၄၁၆ |
| ခေပ | ၁၈၂ |
| ခေမ | ၃၉ |
| ခေမီ | ၃၂၁ |
| [ ဂ ] | |
| ဂစ္ဆတိ | ၃၀၉ |
| ဂဏာယံ | ၃၀ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| ဂတဒ္ဓ | ၁၂၈ |
| ဂတဒ္ဓိနော | ၁၂၈ |
| ဂတိ | ၂၈ |
| ဂတိ | ၁၇၀ |
| ဂတော | ၂၈ |
| ဂန္တွာ | ၂၈၆ |
| ဂန္ထာ | ၂၇၅ |
| ဂန္ဓ | ၇၆ |
| ဂန္ဓဇာတာနံ | ၈၄ |
| ဂန္ဓဗ္ဗမာနုသာ | ၄၇၂ |
| ဂန္ဓဗ္ဗော | ၁၄၇ |
| ဂဗ္ဘံ | ၁၆၉ |
| ဂမနေန | ၂၃၆ |
| ဂမ္ဘီရပညံ | ၄၅၈ |
| ဂမ္ဘီရော | ၁၁၇ |
| ဂရဟိတော | ၄၉ |
| ဂရု | ၁၈၂ |
| ဂရုကံ | ၁၈၂ |
| ဂဝေသထ | ၁၉၅ |
| ဂဝေသန္တော | ၂၀၅ |
| ဂဟ | ၂၀၅ |
| ဂဟ | ၃၈၄ |
| ဂဟကာရံ | ၂၀၅ |
| ဂဟကာရက | ၂၀၅ |
| ဂဟကူဋံ | ၂၀၆ |
| ဂဟဋ္ဌေဟိ | ၄၅၉ |
| ဂဟနံ | ၄၄၉ |
| ဂဟန | ၄၄၉ |
| ဂဟိတ | ၃၆၉ |
| ဂဟော | ၃၁၃ |
| ဂါထာ | ၁၄၃ |
| ဂါထာပဒံ | ၁၄၄ |
| ဂါထာသတံ | ၁၄၄ |
| ဂါမံ | ၇၄ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| ဂိမှ | ၃၄၇ |
| ဂိရံ | ၄၆၃ |
| ဂိလိ | ၄၂၈ |
| ဂိဟိ | ၁၀၆ |
| ဂုဏ | ၈၁ |
| ဂုဏ | ၄၂၈ |
| ဂုတ္တံ | ၅၈ |
| ဂုတ္တိ | ၄၃၂ |
| ဂုဟာ | ၅၉ |
| ဂုဟာသယံ | ၅၉ |
| ဂုဠ | ၃၆၅ |
| ဂေါ | ၂၁ |
| ဂေါစရ | ၂၁ |
| ဂေါတမ | ၃၅၆ |
| ဂေါတမသာဝကာ | ၃၅၆ |
| ဂေါတ္တေန | ၄၄၈ |
| ဂေါပေထ | ၃၇၃ |
| ဂေါပေါ | ၃၀ |
| [ ဃ ] | |
| ဃစ္စ | ၃၁၃ |
| ဃန | ၁၁၆ |
| ဃရ | ၆၄ |
| ဃာတ | ၂၂၁ |
| ဃာတယေ | ၁၇၄ |
| ဃာနေန | ၄၁၈ |
| [ စ ] | |
| စ | ၈ |
| စ | ၁၀ |
| စက္ကံ | ၄ |
| စက္ခု | ၃၃၅ |
| စက္ခုမာ | ၃၃၅ |
| စဇ္ဈိ | ၁၁၈ |
| စတု | ၁၅၂ |
| စတုတ္ထ | ၁၅၂ |
| စတုဘာဂံ | ၁၅၂ |
| စတုရော | ၃၃၄ |
| စန္ဒ | ၂၂၉ |
| စန္ဒနံ | ၈၃ |
| စန္ဒိမာ | ၂၂၉ |
| စပ | ၂၁၀ |
| စပလံ | ၅၄ |
| စရံ | ၉၁ |
| စရ | ၅၉ |
| စရဏ | ၁၉၃ |
| စရန္တိ | ၉၇ |
| စရိတ | ၂၂၅ |
| စရိတွာ | ၂၀၈ |
| စရိယ | ၉၂ |
| စရေယျ | ၁၈၈ |
| စာပ | ၂၁၀ |
| စာပါတိခီဏာ | ၂၁၀ |
| စာရ | ၁၄၇ |
| စာရိကံ | ၃၈၂ |
| စာရိ | ၃၂ |
| စိတ္တံ | ၂၃ |
| စိတ္တကတံ | ၁၉၆ |
| စိတ္တက္ခေပံ | ၁၈၂ |
| စိတ္တက္လေသေဟိ | ၁၂၅ |
| စိရံ | ၂၈၀ |
| စိရ | ၆၅ |
| စိရပ္ပဝါသိံ | ၂၈၀ |
| စိရာယ | ၄၀၀ |
| စုတ | ၂၈၆ |
| စုတိံ | ၄၇၂ |
| စေ | ၂ |
| စေတ | ၆၂ |
| စေတိယ | ၂၅၀ |
| စောဒယ | ၄၃၅ |
| [ ဆ ] | |
| ဆတ္တိံသတိသောတာ | ၃၉၇ |
| ဆန္ဒံ | ၁၆၀ |
| ဆန္ဒဇာတော | ၂၇၈ |
| ဆန္န | ၂၂ |
| ဆာဒေတိ | ၃၁၅ |
| ဆာယာ | ၆ |
| ဆိန္ဒတိ | ၃၄၅ |
| ဆိန္ဒ | ၂၉၁ |
| ဆိန္ဒထ | ၃၄၄ |
| ဆိန္နော | ၃၉၆ |
| ဆုဒ္ဓေါ | ၆၆ |
| ဆေစ္ဆတိ | ၄၀၈ |
| ဆေတွာ | ၄၅၂ |
| ဆေတွာန | ၇၂ |
| [ ဇ ] | |
| ဇဂတိပ္ပဒေသော | ၁၇၂ |
| ဇဂတိ | ၁၇၂ |
| ဇညာ | ၂၁၁ |
| ဇဋာ | ၁၈၅ |
| ဇနာ | ၄၄ |
| ဇန္တုနော | ၁၄၈ |
| ဇမ္ဗုနဒီ | ၂၉၂ |
| ဇမ္ဗောနဒဿ | ၂၉၂ |
| ဇမ္ဘိံ | ၃၉၂ |
| ဇယံ | ၂၆၃ |
| ဇယ | ၂၆၂ |
| ဇယပရာဇယံ | ၂၆၂ |
| ဇရာ | ၁၇၈ |
| ဇလ | ၂၃၁ |

| ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ |
|---|---|---|---|---|---|
| ဇလ္လ | ၁၈၆ | ဇုတိမန္တော | ၁၂၇ | တစ္ဆကာ | ၁၁၆ |
| ဇဟ | ၄၁၂ | ဇေတွာ | ၂၃၃ | တဒ္ဓိတ | ၂၅၁ |
| ဇဟန္တိ | ၁၂၉ | ဇေယျ | ၁၄၅ | တဏှက္ခယ | ၂၄၉ |
| ဇဟိဿထ | ၁၉၃ | | | တဏှက္ခယရတော | ၂၄၉ |
| ဇာဂရ | ၄၇ | [ ဈ ] | | တဏှာနံ | ၂၀၆ |
| ဇာဂရတော | ၆၂ | ဈာန | ၂၄၀ | တဏှာနုသယေ | ၃၉၆ |
| ဇာဂရမာနာနံ | ၂၈၇ | ဈာနပသုတာ | ၂၄၀ | တဏှာသမာ | ၃၁၄ |
| ဇာတိ | ၂၀၄ | ဈာယန္တိ | ၂၁၉ | တတော နံ | ၆ |
| ဇာတိက္ခယံ | ၄၇၆ | ဈာယန္တော | ၄၄ | တတ္တော | ၃၆၆ |
| ဇာတိဇရံ | ၂၉၉ | ဈာယိနော | ၃၆ | တထရိဝ | ၅ |
| ဇာတိဇရူပဂါ | ၃၉၉ | | | တထာ | ၅ |
| ဇာတေန | ၈၁ | [ ဉ ] | | တထာဂတာ | ၃၃၆ |
| ဇာနတော | ၄၄၀ | ဉတ္တံ | ၁၀၄ | တထာရူပဿ | ၁၄၈ |
| ဇာနာဟိ | ၃၁၁ | ဉတွာ | ၃၅ | တထေဝ | ၅ |
| ဇာနိံ | ၁၈၁ | ဉာတ | ၁၀၄ | တနု | ၂၃၁ |
| ဇာယတိ | ၁၀၄ | ဉာတကာ | ၆၉ | တနုကော | ၂၃၀ |
| ဇာယေထ | ၈၈ | ဉာတိ | ၆၉ | တန္ဒိတ | ၃၆၃ |
| ဇာလ | ၂၃၁ | ဉာတိမိတ္တာ | ၂၈၀ | တန္ဒီ | ၃၆၃ |
| ဇာလမုတ္တော | ၂၃၁ | | | တပတိ | ၄၄၂ |
| ဇာလိနီ | ၂၃၈ | [ ဌ ] | | တပေါ | ၂၄၃ |
| ဇိဃစ္ဆာ | ၂၆၄ | ဌပေတွာ | ၆၄ | တပ္ပတိ | ၂၇ |
| ဇိဏ္ဏာ | ၂၀၉ | ဌာန | ၈၈ | တသန္တိ | ၁၇၃ |
| ဇိဏ္ဏကောဉ္စာ | ၂၀၉ | ဌိတိ | ၁၉၇ | တသိဏာယ | ၃၉၉ |
| ဇိတံ | ၆၄ | ဌိတော | ၁၇၂ | တသေသု | ၄၆၀ |
| ဇိနေ | ၁၄၅ | | | တာဏတာ | ၃၅၀ |
| ဇိဝှါ | ၉၆ | [ ဍ ] | | တာဏာယ | ၃၄၉ |
| ဇီရန္တိ | ၂၀၂ | ဍမှ | ၁၈၀ | တာဒိနော | ၁၃၅ |
| ဇီဝ | ၄၁ | ဍဟံ | ၅၂ | တာဒိသံ | ၁၁၀ |
| ဇီဝိတံ | ၁၅၅ | ဍဟတိ | ၁၈၄ | တာဝ | ၃၂၁ |
| ဇီဝိတသင်္ခယမှိ | ၃၈၉ | | | တာဝတာ | ၃၂၁ |
| ဇီဝိတုကာမော | ၁၆၆ | [ တ ] | | တိဋ္ဌသိ | ၂၉၇ |
| ဇီဝီ | ၄၀ | တက္ကရော | ၃၀ | တိဏ | ၄၁၅ |
| ဇီဝေ | ၁၅၄ | တဂရ | ၈၃ | တိဏဒေါသာနိ | ၄၁၅ |
| ဇုတိ | ၁၂၇ | တဂရမလ္လိကာ | ၈၃ | တိဏ္ဏံ | ၂၁၂ |

| ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ |
|---|---|---|---|---|---|
| တိဏ္ဏ | ၂၅၇ | ဒန္တံ | ၁၅၉ | ဒိသော | ၆၆ |
| တိဏ္ဏသောကပရိဒ္ဒဝေ | ၂၅၇ | ဒဗ္ဗိ | ၉၅ | ဒိဿန္တိ | ၃၆၂ |
| တိတိက္ခာ | ၂၄၄ | ဒမ | ၁၇ | ဒိသွာ | ၂၅ |
| တိတိက္ခိဿံ | ၃၇၇ | ဒမထော | ၅၇ | ဒီဃာ | ၉၀ |
| တိတ္တ | ၇၄ | ဒမယံ | ၃၆၃ | ဒီပံ | ၄၁ |
| တိတ္တိ | ၂၄၈ | ဒမယန္တိ | ၁၁၆ | ဒီပ | ၄၁ |
| တိဗ္ဗ | ၄၀၇ | ဒမသစ္စေန | ၁၇ | ဒီပေတိ | ၄၂၁ |
| တိဗ္ဗရာဂဿ | ၄၀၇ | ဒမေထ | ၂၁၄ | ဒု | ၄ |
| တိရ | ၁၂၂ | ဒမေန | ၄၁ | ဒု | ၂၈ |
| တုဋ္ဌိ | ၃၈၈ | ဒယှမာနော | ၄၂၉ | ဒုက္ကဋံ | ၃၇၁ |
| တုဏှိမာသိနံ | ၂၈၉ | ဒရ | ၂၆၇ | ဒုက္ကရ | ၂၁၉ |
| တုဏှိ | ၂၈၉ | ဒသန္နံ | ၁၈၀ | ဒုက္ခံ | ၃ |
| တုလံ | ၃၃၁ | ဒဿန | ၇၃ | ဒုက္ခသမုပ္ပာဒံ | ၂၅၁ |
| တေဇနံ | ၅၄ | ဒဿန | ၂၇၇ | ဒုက္ခာနုပတိတော | ၃၆၀ |
| တေဇသာ | ၄၄၃ | ဒဿယန္တိ | ၁၁၉ | ဒုက္ခူပဓာန | ၃၅၁ |
| | | ဒဿိ | ၅၁ | ဒုက္ခူပသမ | ၂၅၃ |
| [ ထ ] | | ဒဿိဝါ | ၅၁ | ဒုက္ခူပသမဂါမိနံ | ၂၅၂ |
| ထဏ္ဍ | ၁၈၆ | ဒဿီ | ၂၀ | ဒုခါ | ၂၄၈ |
| ထဏ္ဍိလ | ၁၈၆ | ဒဟရော | ၄၃၈ | ဒုဂ္ဂတိံ | ၂၈ |
| ထဏ္ဍိလသာယိကာ | ၁၈၆ | ဒဠှ | ၃၇ | ဒုဂ္ဂဟိတော | ၃၆၈ |
| ထလေ | ၅၅ | ဒဠှပရက္ကမ | ၃၇ | ဒုဂ္ဂါ | ၃၈၅ |
| ထာဝရေသု | ၄၆၀ | ဒါနံ | ၂၃၅ | ဒုစ္စရိတံ | ၂၂၅ |
| ထိရ | ၃၂၄ | ဒါရ | ၃၀၉ | ဒုစ္ဆန္နံ | ၂၂ |
| ထူလ | ၅၁ | ဒါရုံ | ၁၁၅ | ဒုဋ္ဌိဝံ | ၃၀၇ |
| ထေရော | ၃၂၃ | ဒါရုဇံ | ၄၀၂ | ဒုဋ္ဌ | ၄၅၅ |
| ထောကံ | ၁၆၅ | ဒါရုဏံ | ၁၈၃ | ဒုဒ္ဒိဋ္ဌိံ | ၃၉၇ |
| ထောကိကာ | ၃၆၈ | ဒိဋ္ဌိံ | ၂၂၀ | ဒုဒ္ဒမ | ၂၁၄ |
| | | ဒိဋ္ဌော | ၂၀၅ | ဒုဒ္ဒသ | ၅၈ |
| [ ဒ ] | | ဒိန္န | ၃၀၉ | ဒုန္နိဂ္ဂဟဿ | ၅၆ |
| ဒဏ္ဍ | ၂၈၅ | ဒိဗ္ဗေသု | ၂၄၉ | ဒုန္နိဝါရယံ | ၅၄ |
| ဒဏ္ဍသ | ၁၇၃ | ဒိဝ | ၂၄၉ | ဒုပ္ပညော | ၁၅၅ |
| ဒဒတော | ၃၀၅ | ဒိဝါ | ၃၁၃ | ဒုပ္ပဗ္ဗဇ္ဇံ | ၃၅၉ |
| ဒဒါတိ | ၃၁၁ | ဒိဝါ | ၃၅၇ | ဒုပ္ပမုဉ္စ | ၄၀၃ |
| ဒန္တံ | ၅၇ | ဒိသာ | ၈၃ | ဒုပ္ပရာမဋ္ဌံ | ၃၆၉ |

| ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ |
|---|---|---|---|---|---|
| ဒုဗ္ဗလံ | ၁၄ | ဓမ္မစာရီ | ၂၂၅ | နဂ | ၃၇၆ |
| ဒုမ္မေဓာ | ၉၇ | ဓမ္မဇီဝ | ၄၁ | နဂရ | ၆၃ |
| ဒုမ္မေဓိနော | ၄၃ | ဓမ္မဇီဝိနော | ၄၀ | နဂရူပမံ | ၆၃ |
| ဒုရစ္စယံ | ၃၉၃ | ဓမ္မဇီဝိနော | ၄၀ | နဂ္ဂ | ၁၈၅ |
| ဒုရန္နယာ | ၁၃၂ | ဓမ္မဋ္ဌ | ၂၇၇ | နဂ္ဂစရိယာ | ၁၈၅ |
| ဒုရာဘိရမံ | ၃၅၉ | ဓမ္မဒါနံ | ၄၁၃ | နဒီ | ၃၁၄ |
| ဒုရာဝါသာ | ၃၆၀ | ဓမ္မဓရော | ၃၂၂ | နဒိံ | ၄၅၃ |
| ဒုလ္လဘာ | ၂၁၅ | ဓမ္မပဒံ | ၇၀ | နနိကာမသေယျံ | ၃၆၈ |
| ဒုဿတိ | ၁၆၈ | ဓမ္မပီတိ | ၁၁၄ | နန္ဒတိ | ၂၈ |
| ဒုဿီလော | ၁၅၄ | ဓမ္မရတိ | ၄၁၃ | နန္ဒီ | ၄၆၇ |
| ဒုဿီလျ | ၂၁၇ | ဓမ္မရတော | ၄၂၂ | နန္ဒီဘဝ | ၄၆၇ |
| ဒူရ | ၅၈ | ဓမ္မရသော | ၄၁၃ | နန္ဒီဘဝပရိက္ခီဏံ | ၄၆၇ |
| ဒူရက္ခံ | ၅၄ | ဓမ္မဝိနိစ္ဆယေန | ၁၉၂ | နမယန္တိ | ၁၁၅ |
| ဒူရင်္ဂမံ | ၅၈ | ဓမ္မာ | ၂ | နမသေယျ | ၄၄၈ |
| ဒူရမံ | ၁၂၅ | ဓမ္မာနိ | ၁၁၈ | နယတိ | ၃၂၁ |
| ဒေဝလောကံ | ၂၃၅ | ဓမ္မာနုဝတ္တိနော | ၁၂၃ | နယန္တိ | ၁၁၅ |
| ဒေဝါနံ | ၄၉ | ဓမ္မာရာမော | ၄၂၁ | နရော | ၃၀ |
| ဒေသနာ | ၂၅၅ | ဓမ္မိကော | ၁၂၀ | နဠံ | ၃၉၄ |
| ဒေသိတ | ၇၀ | ဓာဝတိ | ၄၀၁ | နဠ | ၃၅၂ |
| ဒေဟော | ၁၉၈ | ဓီ | ၃၈ | နာဂဝနဿ | ၃၈၁ |
| ဒေါသံ | ၃၂ | ဓီ | ၄၄၅ | နာဂေါ | ၃၇၆ |
| ဒေါသဒေါသာ | ၄၁၆ | ဓီတု | ၉၃ | နာထော | ၂၁၄ |
| ဒေါသသမော | ၂၆၃ | ဓီရာ | ၃၈ | နာမ | ၂၈၂ |
| ဒွယေသု | ၄၄၀ | ဓုရ | ၂၆၉ | နာမရူပသ္မိံ | ၂၈၂ |
| ဒွိပဒါနံ | ၃၃၅ | ဓုဝံ | ၁၉၇ | နာရီသု | ၃၄၅ |
| ဒွေဓာ | ၃၄၃ | ဓောနာ | ၃၀၂ | နာဝံ | ၄၂၆ |
| ဒွေဓာပထံ | ၃၄၃ | ဓောရယှ | ၂၆၉ | နိကာမ | ၃၆၈ |
| | | ဓောရယှသီလံ | ၂၆၉ | နိကာမသေယျာ | ၃၆၈ |
| [ ဓ ] | | | | နိကေတေ | ၁၂၉ |
| ဓံသိနော | ၃၀၇ | [ န ] | | နိက္ကသာဝ | ၁၆ |
| ဓနံ | ၄၄ | န | ၆၄ | နိက္ခံ | ၂၉၁ |
| ဓမနိ | ၄၅၁ | နက္ခတ္တာ | ၂၇၀ | နိဂ္ဃတိ | ၁၀၀ |
| ဓမနိသန္ထတံ | ၄၅၁ | နက္ခတ္တပထံ | ၂၇၀ | နိဂ္ဂယှ | ၁၁၀ |
| ဓမ္မဂတာ | ၃၅၈ | နဂ | ၆၄ | နိဂ္ဂယှဝါဒိံ | ၁၁၀ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| နိဂ္ဂဟ | ၅၆ |
| နိဂ္ဂဟေဿာမိ | ၃၈၃ |
| နိစ္စံ | ၃၇ |
| နိစ္စံဒဠှပရက္ကမာ | ၃၇ |
| နိစ္စ | ၃၃၇ |
| နိစ္ဆေယျ | ၃၂၀ |
| နိဋ္ဌင်္ဂတော | ၄၀၈ |
| နိဋ္ဌာ | ၄၀၈ |
| နိဒ္ဒရော | ၂၆၇ |
| နိဒ္ဒါ | ၁၉၀ |
| နိဒ္ဒါယိတာ | ၃၈၁ |
| နိဒ္ဓန္တ | ၂၉၇ |
| နိဒ္ဓန္တမလော | ၂၉၇ |
| နိဒ္ဓမေ | ၃၀၁ |
| နိဓာယ | ၁၈၈ |
| နိဓိနံ | ၁၁၀ |
| နိန္ဒန္တိ | ၂၈၉ |
| နိန္ဒာ | ၁၁၆ |
| နိန္ဒာပသံသာသု | ၁၁၆ |
| နိန္ဒိတ | ၂၉၀ |
| နိန္ဒိတံ | ၂၉၂ |
| နိန္နေ | ၁၄၀ |
| နိပကံ | ၃၈၅ |
| နိပါတ | ၁၆၅ |
| နိပါတိ | ၅၇ |
| နိပုဏ | ၅၈ |
| နိပ္ပပဥ္စာ | ၃၁၈ |
| နိပ္ပာပေါ | ၂၆၇ |
| နိဗ္ဗတ္တတိ | ၃၉၆ |
| နိဗ္ဗနထော | ၄၀၁ |
| နိဗ္ဗနာ | ၃၄၅ |
| နိဗ္ဗာနံ | ၃၈ |
| နိဗ္ဗာနဂမနံ | ၃၅၀ |
| နိဗ္ဗာနဂါမိနီ | ၁၀၉ |
| နိဗ္ဗာနပရမံ | ၂၆၆ |
| နိဗ္ဗာနသန္တိကေ | ၄၂၉ |
| နိဗ္ဗိန္ဒတိ | ၃၃၈ |
| နိဗ္ဗုတံ | ၄၆၁ |
| နိဗ္ဗုတော | ၂၅၈ |
| နိမိတ္တ | ၁၃၁ |
| နိယတော | ၁၈၈ |
| နိရတ္ထံ | ၆၆ |
| နိရယံ | ၁၆၉ |
| နိရာသာသံ | ၄၆၄ |
| နိရုတ္တိ | ၄၁၀ |
| နိရုတ္တိပဒ | ၄၁၀ |
| နိရုတ္တိပဒကောဝိဒေါ | ၄၀၉ |
| နိရုပဓိ | ၄၇၁ |
| နိဝတ္တတိ | ၄၄၆ |
| နိဝါပ | ၃၈၂ |
| နိဝါပပုဋ္ဌော | ၃၈၂ |
| နိဝါရယေ | ၁၁၂ |
| နိဝါသ | ၄၇၅ |
| နိဝိဋ္ဌ | ၁၉၁ |
| နိဝိသန္တ | ၂၀၅ |
| နိဝေသန | ၆၄ |
| နိဝေသယေ | ၂၁၃ |
| နိသမ္မ | ၄၀ |
| နိသမ္မကာရိနော | ၄၀ |
| နိသေဓ | ၁၉၀ |
| နိဿာယ | ၂၂၀ |
| နိဿိတ | ၁၃၃ |
| နိဟီန | ၃၆၄ |
| နိဟီနကမ္မာ | ၃၆၄ |
| နီဃ | ၃၅၅ |
| နီယန္တိ | ၂၃၂ |
| နီဠ | ၁၉၈ |
| နုဒတိ | ၄၅ |
| နေက္ခမ္မ | ၂၄၁ |
| နေက္ခမ္မသုခံ | ၃၃၃ |
| နေက္ခမ္မုပသမေ | ၂၄၀ |
| နေတဝေ | ၂၃၉ |
| နေတ္တိ | ၁၁၅ |
| နေတ္တိကာ | ၁၁၅ |
| နေရေသိ | ၁၇၇ |
| နေဿထ | ၂၃၈ |
| နှာတကံ | ၄၇၄ |
| [ ပ ] | |
| ပံသု | ၄၅၀ |
| ပံသုကူလ | ၄၅၀ |
| ပံသုကူလ | ၄၅၀ |
| ပံသုကူလဓရံ | ၄၅၀ |
| ပကာသေန္တိ | ၄၆၁ |
| ပကောပ | ၂၉၂ |
| ပက္ခန္ဒိနာ | ၃၀၇ |
| ပဂဗ္ဘေန | ၃၀၇ |
| ပဂ္ဂယှ | ၃၃၁ |
| ပင်္က | ၁၈၆ |
| ပင်္ကာ | ၁၈၆ |
| ပစိနန္တံ | ၇၃ |
| ပစေဿတိ | ၇၀ |
| ပစ္စတိ | ၁၀၀ |
| ပစ္စတ္တံ | ၂၂၂ |
| ပစ္စန္တံ | ၃၇၂ |
| ပစ္စေတိ | ၁၆၈ |
| ပဇ္ဇတော | ၄၀၅ |
| ပဇ္ဇာ | ၂၂၈ |
| ပဇံ | ၄၆ |
| ပဇာ | ၄၀၀ |
| ပဇာန | ၃၂ |
| ပဇာနာတိ | ၄၅၇ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| ပဇ္ဇလိတေ | ၁၉၅ |
| ပဥ္စက္ခန္ဓာဓဝ<br>အဓိပ္ပေတာ | ၃၃၉ |
| ပဥ္စသင်္ဂ | ၄၂၇ |
| ပဥ္စသင်္ဂါတိဂေါ | ၄၂၇ |
| ပညံ | ၂၆၉ |
| ပညဝန္တဿ | ၁၅၅ |
| ပညဝါ | ၁၂၀ |
| ပညဿ | ၄၃၁ |
| ပညာ | ၄၅ |
| ပညာပါသာဒံ | ၄၅ |
| ပညာဝုဓေန | ၆၄ |
| ပညာသီလ | ၂၉၁ |
| ပညာသီလသမာဟိတံ | ၂၉၁ |
| ပဋိက္ကောသတိ | ၂၁၉ |
| ပဋိဂဏှန္တိ | ၂၈၁ |
| ပဋိဇဂ္ဂေယျ | ၂၁၂ |
| ပဋိဒဏ္ဍာ | ၁၇၇ |
| ပဋိနိဿဂ္ဂ | ၁၂၆ |
| ပဋိပဇ္ဇထ | ၃၃၅ |
| ပဋိပန္နာ | ၃၃၅ |
| ပဋိဗဒ္ဓ | ၂၇၉ |
| ပဋိဗဒ္ဓမနော | ၃၄၅ |
| ပဋိမံသေထ | ၄၃၆ |
| ပဋိလာဘ | ၂၄၂ |
| ပဋိဝဒေယျုံ | ၁၇၆ |
| ပဋိဝါတံ | ၈၂ |
| ပဋိသန္ထာရ | ၄၃၃ |
| ပဋိသန္ထာရဝုတ္တိ | ၄၃၂ |
| ပဋိသေဝတိ | ၉၉ |
| ပဌမံ, ပထမံ | ၂၁၂ |
| ပဏ | ၂၄၈ |
| ပဏိဟိတံ | ၆၇ |
| ပဏေတိ | ၃၆၈ |
| ပဏ္ဍာ | ၃၅ |
| ပဏ္ဍိတမာနီ | ၉၄ |
| ပဏ္ဍိတာ | ၃၅ |
| ပဏ္ဍု | ၂၉၆ |
| ပဏ္ဍုပလာသော | ၂၉၅ |
| ပတိဋ္ဌိတာ | ၃၉၀ |
| ပတိတံ | ၃၇၆ |
| ပတိရူပေ | ၂၁၃ |
| ပတိဿတာ | ၁၉၃ |
| ပတီတော | ၉၉ |
| ပတ္တ | ၄၅၆ |
| ပတ္တော | ၁၇၈ |
| ပထ | ၈၈ |
| ပထဗျာ | ၂၃၆ |
| ပထဝီ | ၆၅ |
| ပထဝိသမော | ၁၃၅ |
| ပဒံ | ၅ |
| ပဒံ | ၁၅၇ |
| ပဒ | ၃၄ |
| ပဒ | ၂၃၈ |
| ပဒီပံ | ၁၉၅ |
| ပဒုဋ္ဌ | ၁၆၈ |
| ပဒုဋ္ဌေန | ၃ |
| ပဒုမံ | ၈၈ |
| ပဒေသ | ၁၇၂ |
| ပဓာန | ၁၈၇ |
| ပနုဒ | ၄၃၉ |
| ပန္တံ | ၂၄၆ |
| ပန္န | ၄၅၇ |
| ပန္နဘာရံ | ၄၅၇ |
| ပပဥ္စ | ၂၅၇ |
| ပပဥ္စသမတိက္ကန္တေ | ၂၅၇ |
| ပပဥ္စာဘိရတာ | ၃၁၇ |
| ပပတန္တိ | ၃၉၃ |
| ပပုပ္ဖကာနိ | ၇၂ |
| ပပ္ပောတိ | ၄၄ |
| ပဗုဇ္ဈန္တိ | ၃၅၆ |
| ပဗ္ဗ | ၁၅ |
| ပဗ္ဗဇံ | ၄၀၃ |
| ပဗ္ဗဇိတာ | ၁၀၇ |
| ပဗ္ဗဇာ | ၁၀၇ |
| ပဗ္ဗတံ | ၁၅ |
| ပဗ္ဗတဋ္ဌော | ၄၆ |
| ပဗ္ဗာဇယံ | ၄၄၄ |
| ပဘင်္ဂုရံ | ၁၈၃ |
| ပဘာသေတိ | ၂၂၈ |
| ပဘိန္န | ၃၈၄ |
| ပမဇ္ဇတိ | ၂၂၈ |
| ပမဇ္ဇိတွာ | ၂၂၈ |
| ပမဇ္ဇေယျ | ၂၂၅ |
| ပမတ္တစာရိနော | ၃၉၁ |
| ပမတ္တော | ၃၀ |
| ပမာဒ | ၃၄ |
| ပမာဒေါ | ၃၄ |
| ပမုစ္စတိ | ၂၅၁ |
| ပမုဥ္စတိ | ၄၃၄ |
| ပမောက္ခန္တိ | ၃၃၇ |
| ပမောဒတိ | ၂၇ |
| ပမောဟနံ | ၃၃၅ |
| ပယိရုပါသတိ | ၉၅ |
| ပရ | ၂၃၄ |
| ပရကုလေသု | ၁၀၆ |
| ပရက္ကမ | ၃၇ |
| ပရက္ကမေ | ၃၇၀ |
| ပရက္ကမ္မ | ၄၃၉ |
| ပရတ္ထေန | ၂၂၂ |
| ပရဒါရံ | ၃၀၉ |
| ပရဒါရူပသေဝီ | ၃၆၇ |

| ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ |
|---|---|---|---|---|---|
| ပရဒုက္ခူပစာနေန | ၃၅၁ | ပရိဿယယာနိ | ၃၈၇ | ပသဝတိ | ၂၆၂ |
| ပရမ | ၂၁၈ | ပရိဟာနာယ | ၅၂ | ပသဟတိ | ၁၄ |
| ပရမဒုက္ကရံ | ၂၁၈ | ပရိဟာယတိ | ၄၂၂ | ပသဟေယျ | ၁၇၂ |
| ပရလောက | ၂၃၄ | ပရိဠာဟော | ၁၂၉ | ပသာဒ | ၆၁ |
| ပရဝဇ္ဇ | ၃၁၆ | ပရူပဃာတီ | ၂၄၄ | ပသာဒန | ၃၁၂ |
| ပရဝဇ္ဇာနုပဿိဿ | ၃၁၆ | ပရေ | ၁၀ | ပသု | ၃၄၉ |
| ပရာဇယ | ၂၆၃ | ပရေသံ | ၃၁ | ပသုတ | ၂၂၃ |
| ပရာဇိတော | ၂၆၂ | ပရေသံ | ၇၇ | ပဿန္တ | ၁၅၆ |
| ပရာမဋ္ဌ | ၃၆၉ | ပ္လဝတိ | ၃၉၁ | ပဿေ | ၁၁၀ |
| ပရိက္ခယံ | ၁၈၃ | ပလာသ | ၂၉၆ | ပဟန္တွာန | ၃၀၅ |
| ပရိက္ခီဏာ | ၁၃၂ | ပလိဃ | ၄၅၄ | ပဟရေယျ | ၄၄၄ |
| ပရိစရေ | ၁၅၀ | ပလိတံ | ၃၂၄ | ပဟာတဝေ | ၅၆ |
| ပရိစ္စာဂ | ၃၅၀ | ပလိပထံ | ၄၆၇ | ပဟာနံ | ၃၈၉ |
| ပရိဇိဏ္ဏံ | ၁၉၇ | ပလေတိ | ၇၆ | ပဟာယ | ၃၂ |
| ပရိညာတ | ၁၃၀ | ပလ္လလံ | ၁၂၉ | ပဟီန | ၆၂ |
| ပရိညာတဘောဇနာ | ၁၃၀ | ပလ္လလေ | ၂၁၀ | ပဟီနမာနဿ | ၁၃၅ |
| ပရိတဿတိ | ၄၅၃ | ပဝုတိ | ၃၄၃ | ပါက | ၉၉ |
| ပရိဒဟိဿတိ | ၁၇ | ပဝုန္တိ | ၃၉၂ | ပါစေတိ | ၁၇၈ |
| ပရိဒ္ဒဝ | ၂၅၈ | ပဝတ္တာရံ | ၁၁၀ | ပါဏ | ၁၇၉ |
| ပရိနိဗ္ဗန္တိ | ၁၇၀ | ပဝရံ | ၄၇၄ | ပါဏိနံ | ၁၇၉ |
| ပရိနိဗ္ဗုတော | ၁၂၇ | ပဝါယတိ | ၈၄ | ပါဏိမှိ | ၁၆၇ |
| ပရိပက္ကော | ၃၂၄ | ပဝါသီ | ၂၈၀ | ပါတိ | ၂၄၅ |
| ပရိပူရတိ | ၆၁ | ပဝိဋ္ဌဿ | ၄၂၉ | ပါတိတော | ၄၆၁ |
| ပရိပ္လဝန္တိ | ၅၅ | ပဝိဝေက | ၂၆၇ | ပါတိမောက္ခေ | ၂၄၅ |
| ပရိ ပ္လဝ | ၆၁ | ပဝိဝေကရသံ | ၂၆၆ | ပါထေယျံ | ၂၉၇ |
| ပရိပ္လဝပသာဒဿ | ၆၀ | ပဝိဿ | ၁၇၂ | ပါဒ | ၄၂၀ |
| ပရိဗ္ဗဇန္တိ | ၄၀၃ | ပဝုစ္စတိ | ၃၂၁ | ပါဒသံယတော | ၄၁၉ |
| ပရိဗ္ဗာဇော | ၃၇၀ | ပဝေဒယန္တိ | ၂၀၃ | ပါန | ၃၁၀ |
| ပရိမဇ္ဇသိ | ၄၄၉ | ပဝေဒိတ | ၁၁၄ | ပါနဘောဇနေ | ၃၁၂ |
| ပရိမုစ္စတိ | ၃၅၂ | ပသံသန္တိ | ၄၉ | ပါပ | ၂၅ |
| ပရိယောဒပေယျ | ၁၂၅ | ပသံသာ | ၁၁၇ | ပါပကံ | ၉၇ |
| ပရိယောဒါပန | ၂၄၃ | ပသံသိတော | ၂၈၀ | ပါပကမ္မ | ၁၇၀ |
| ပရိဝဇ္ဇယေ | ၁၆၆ | ပသတ္ထ | ၂ | ပါပကမ္မိနော | ၁၇၀ |
| ပရိသပ္ပန္တိ | ၄၀၀ | ပသန္နေန | ၅ | ပါပကာရီ | [illegible] |

| ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ |
|---|---|---|---|---|---|
| ပါပမွှာ | ၃၁၁ | ပုညပါပ | ၆၂ | ပူဇာ | ၁၀၆ |
| ပါပိကံ | ၂၂၀ | ပုညပါပပဟီနဿ | ၆၂ | ပူဇာရဟော | ၂၅၆ |
| ပါပိယော | ၆၇ | ပုညပေက္ခော | ၁၅၂ | ပူဇိတော | ၃၆၁ |
| ပါပုဏေ | ၁၈၂ | ပုဏ္ဏ | ၃၈၂ | ပူတိ | ၁၉၈ |
| ပါပေါ | ၁၆၁ | ပုတ္တ | ၉၃ | ပူရတိ | ၁၆၅ |
| ပါမောဇ္ဇ | ၄၃၁ | ပုတ္တပသု | ၃၄၈ | ပေစ္စ | ၂၄ |
| ပါမောဇ္ဇဗဟုလော | ၄၃၃ | ပုတ္တပသုသမ္ဗတ္တံ | ၃၄၈ | ပေတ္တေယျ | ၃၉၀ |
| ပါယ | ၄၇၅ | ပုတ္တာ | ၉၂ | ပေတ္တေယျတာ | ၃၈၉ |
| ပါရ | ၁၂၂ | ပုထု | ၈၉ | ပေမတော | ၂၇၅ |
| ပါရဂဝေသိနော | ၄၁၄ | ပုထုဇ္ဇနသေဝိတ | ၃၃၃ | ပေါက္ခရ | ၃၂၆ |
| ပါရဂါမိနော | ၁၂၂ | ပုထုဇ္ဇနေ | ၈၉ | ပေါက္ခရပတ္တေ | ၄၅၆ |
| ပါရဂူ | ၄၀၆ | ပုန | ၁၆၀ | ပေါက္ခရာ | ၃၉၃ |
| ပါရင်္ဂတော | ၄၆၈ | ပုနပ္ပုနံ | ၁၅၉ | ပေါရာဏံ | ၂၈၈ |
| ပါရာပါရံ | ၄၄၁ | ပုပ္ဖံ | ၇၀ | ပေါရိသ | ၁၃၉ |
| ပါဝကော | ၁၀၃ | ပုပ္ဖဂန္ဓော | ၈၂ | ပေါသဿ | ၁၄၇ |
| ပါသာဒ | ၄၆ | ပုပ္ဖရာသိမှာ | ၈၀ | | |
| ပိဏ္ဍ | ၃၆၆ | ပုဗ္ဗ | ၁ | [ ဖ ] | |
| ပိတာ | ၆၈ | ပုဗ္ဗင်္ဂမ | ၁ | ဖန္ဒနံ | ၅၃ |
| ပိတွာ | ၂၆၇ | ပုဗ္ဗာပရာနိ | ၄၁၁ | ဖရသံ | ၁၇၆ |
| ပိဓိယတိ | ၂၂၉ | ပုဗ္ဗုဠှက | ၂၂၆ | ဖလ | ၇၉ |
| ပိယံ | ၂၇၃ | ပုဗ္ဗေနိဝါသံ | ၄၇၅ | ဖလာနိ | ၂၂၀ |
| ပိယဂ္ဂါဟီ | ၂၇၂ | ပုရက္ခတာ | ၄၀၀ | ဖလ္လတိ | ၂၂၁ |
| ပိယာပါယော | ၂၇၃ | ပုရာ | ၂၁၀ | ဖာသုကာ | ၂၀၅ |
| ပိယာပ္ပိယံ | ၂၇၅ | ပုရာဏ | ၂၈၈ | ဖုဋ္ဌော | ၂၇၉ |
| ပိယော | ၁၁၂ | ပုရာဏာနိ | ၂၁၀ | ဖုဋ္ဌာ | ၁၁၈ |
| ပိဝံ | ၂၆၇ | ပုရိသ | ၁၁၃ | ဖုသန္တိ | ၃၈ |
| ပိဟယံ | ၄၂၃ | ပုရိသာဇညော | ၂၅၄ | ဖုသေယျုံ | ၁၇၇ |
| ပိဟယန္တိ | ၁၃၅ | ပုရိသာဓမေ | ၁၁၃ | ဖေဏ | ၇၂ |
| ပိဟေတိ | ၂၇၂ | ပုရိသုတ္တမေ | ၁၁၄ | ဖေဏူပမံ | ၇၂ |
| ပီတိ | ၁၁၄ | ပုရေ | ၃၈၂ | ဖေန | ၇၂ |
| ပီတိ | ၂၆၁ | ပုရေက္ခာရ | ၁၀၆ | | |
| ပီတိပါမောဇ္ဇံ | ၄၃၀ | ပူဇနာ | ၁၄၉ | [ ဗ ] | |
| ပီတိဘက္ခာ | ၂၆၁ | ပူဇယတော | ၂၅၇ | ဗဒ္ဓေါ | ၃၈၀ |
| ပုည | ၂၆ | ပူဇယေ | ၁၄၉ | ဗန္ဓ | ၄၅၄ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| ဗန္ဓန် | ၅၉ |
| ဗန္ဓဝါ | ၃၄၉ |
| ဗန္ဓိတော | ၄၀၀ |
| ဗန္ဓု | ၃၄၉ |
| ဗလ | ၁၄ |
| ဗလာနိက | ၄၅၅ |
| ဗလိ | ၃၄၀ |
| ဗလိဗဒ္ဒေါ | ၂၀၄ |
| ဗဟိ | ၃၁၇ |
| ဗဟုံ | ၂၉ |
| ဗဟုဇာဂရော | ၄၇ |
| ဗဟုဇ္ဇနော | ၃၇၇ |
| ဗဟုဘာဏိန် | ၂၈၉ |
| ဗဟုလ | ၄၃၃ |
| ဗဟုသင်္ကပ္ပံ | ၁၉၇ |
| ဗဟုဿုတံ | ၂၆၉ |
| ဗာလသင်္ဂတစာရီ | ၂၆၈ |
| ဗာလာ | ၄၃ |
| ဗာလျံ | ၉၄ |
| ဗာဟိတ | ၁၈၉ |
| ဗာဟိတပါပေါ | ၄၄၃ |
| ဗာဟိရေ | ၃၁၇ |
| ဗာဟုသစ္စေန | ၃၃၂ |
| ဗာဟေတွာ | ၃၃၀ |
| ဗိန္ဒု | ၁၆၅ |
| ဗိမ္ဗံ | ၁၉၆ |
| ဗီရဏံ | ၃၉၃ |
| ဗုဗ္ဗုဠတိ | ၁၇၉ |
| ဗုဒ္ဓဂတာ | ၃၅၈ |
| ဗုဒ္ဓသာသနေ | ၄၂၆ |
| ဗုဒ္ဓဿ | ၁၀၉ |
| ဗုဒ္ဓိ | ၁၀၉ |
| ဗျန္တ | ၄၀၈ |
| ဗျန္တိကာဟိတိ | ၄၀၈ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| ဗျာသတ္တ | ၇၄ |
| ဗျာသတ္တမာနသံ | ၇၃ |
| ဗြဟ္မ | ၂၀၈ |
| ဗြဟ္မစရိယံ | ၂၀၈ |
| ဗြဟ္မစရိယဝါ | ၃၃၀ |
| ဗြဟ္မစာရီ | ၁၈၈ |
| ဗြဟ္မည | ၃၉၀ |
| ဗြဟ္မညတာ | ၃၉၀ |
| ဗြဟ္မုနာ | ၁၄၇ |
| ဗြာဟ္မဏော | ၁၈၈ |
| ဗြူဟယ | ၃၄၆ |
| [ ဘ ] | |
| ဘက္ခ | ၂၆၂ |
| ဘဂ္ဂါ | ၂၀၆ |
| ဘင်္ဂုရ | ၁၈၃ |
| ဘဇမာနဿ | ၁၁၁ |
| ဘဇေ | ၁၁၁ |
| ဘဍ္ဍိ | ၃၉၄ |
| ဘဏံ | ၃၂၈ |
| ဘဏော | ၂၈၅ |
| ဘတ္တသ္မိံ | ၂၄၆ |
| ဘဒ္ဒံ | ၃၉၄ |
| ဘဒြံ | ၁၆၁ |
| ဘဒြော | ၁၆၁ |
| ဘန္တံ | ၂၈၃ |
| ဘဗ္ဗ | ၅၂ |
| ဘမရော | ၇၅ |
| ဘယံ | ၁၆၆ |
| ဘယ | ၅၁ |
| ဘယတဇ္ဇိတာ | ၂၅၁ |
| ဘယဒဿိဝါ | ၅၁ |
| ဘယဒဿီ | ၅၁ |
| ဘဝထ | ၁၉၁ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| ဘဝသလ္လာနိ | ၄၀၉ |
| ဘဝဿ | ၄၀၆ |
| ဘဝါယ | ၃၄၃ |
| ဘသ္မ | ၁၀၃ |
| ဘသ္မစ္ဆန္နော | ၁၀၃ |
| ဘာဂ | ၃၁ |
| ဘာဂဝါ | ၃၁ |
| ဘာယန္တိ | ၁၇၃ |
| ဘာရ | ၄၅၇ |
| ဘာဝနံ | ၁၀၅ |
| ဘာဝနာယ | ၃၅၈ |
| ဘာဝယတေ | ၄၀၇ |
| ဘာဝိတ | ၂၃ |
| ဘာဝိတ | ၁၄၉ |
| ဘာဝိတတ္တာနံ | ၁၄၉ |
| ဘာဝေထ | ၁၂၄ |
| ဘာသတိ | ၃ |
| ဘာသတိ ဝါ | |
| ကရောတိ ဝါ | ၆ |
| ဘာသမာနော | ၃၀ |
| ဘာသိတံ | ၄၂၁ |
| ဘိက္ခဝေ | ၃၂၉ |
| ဘိက္ခဝေါ | ၃၀၅ |
| ဘိက္ခု | ၅၀ |
| ဘိဇ္ဇတိ | ၁၉၈ |
| ဘိယျော | ၂၈ |
| ဘီတဿ | ၃၆၈ |
| ဘုဉ္ဇေယျ | ၁၀၁ |
| ဘုတ္တော | ၃၆၆ |
| ဘုသံ | ၃၁၄ |
| ဘူတ | ၈၈ |
| ဘူတ | ၂၆၅ |
| ဘူမဇ္ဈေ | ၄၆ |
| ဘူမိ | ၄၇ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| ဘူမိရာမဏေယျကံ | ၁၄၁ |
| ဘူရိ | ၃၄၂ |
| ဘူရိသင်္ခယော | ၃၄၃ |
| ဘောဒနံ | ၁၈၂ |
| ဘောဒေါ | ၁၈၄ |
| ဘောဂတဏှာယ | ၄၁၄ |
| ဘောဂါနံ | ၁၈၃ |
| ဘောဇန | ၁၃၁ |
| ဘောဇနမှိ | ၁၂ |
| ဘောဝါဒီ | ၄၅၂ |
| [ မ ] | |
| မံသ | ၂၀၁ |
| မံသလောဟိတ | ၂၀၁ |
| မံသလောဟိတလေပနံ | ၂၀၀ |
| မ | ၈၇ |
| မက္ကဋော | ၄၀၅ |
| မက္ခော | ၂၀၁ |
| မဂ္ဂံ | ၈၇ |
| မဂ္ဂါမဂ္ဂဿ | ၄၅၈ |
| မဃ | ၄၉ |
| မဃဝါ | ၄၈ |
| မင်္ကုံ | ၃၁၂ |
| မစ္စုဓေယျံ | ၁၂၃ |
| မစ္စုနော | ၃၄ |
| မစ္စုရာဇဿ | ၇၃ |
| မစ္စေန | ၈၁ |
| မစ္ဆ | ၂၀၉ |
| မစ္ဆရ | ၃၂၇ |
| မစ္ဆရီ | ၃၂၇ |
| မစ္ဆေရံ | ၃၀၄ |
| မဇ္ဇ | ၁၇၁ |
| မညတိ | ၉၃ |
| မဏိံ | ၂၁၆ |
| မဏိကုဏ္ဍလေသု | ၄၀၃ |
| မတ | ၃၄ |
| မတာ | ၃၅ |
| မတိ | ၁၉ |
| မတ္တ | ၁၂ |
| မတ္တညုတာ | ၂၄၆ |
| မတ္တညူ | ၁၂ |
| မတ္တာသုခ | ၃၅၁ |
| မတ္တာသုခပရိစ္စာဂါ | ၃၅၀ |
| မတ္တိ | ၄၅၁ |
| မတ္တိသမ္ဘဝံ | ၄၅၁ |
| မတ္တေယျ | ၃၈၉ |
| မတ္တေယျတာ | ၃၈၉ |
| မထိတ | ၄၀၇ |
| မဒ္ဒဝါနိ | ၄၃၄ |
| မဓု | ၁၀၀ |
| မဓုရ | ၄၂၁ |
| မန | ၁ |
| မနသာ | ၂ |
| မနာပ | ၃၉၇ |
| မနာပသေဝနာ | ၃၉၇ |
| မနု | ၁၂၂ |
| မနုဇာ | ၃၆၄ |
| မနုဿ | ၂၄၂ |
| မနုဿပဋိလာဘော | ၂၄၂ |
| မနုဿေသု | ၁၂၁ |
| မနောဒုစ္စရိတံ | ၂၉၄ |
| မနောပကောပံ | ၂၉၃ |
| မနောပုဗ္ဗင်္ဂမာ | ၁ |
| မနောပုဗ္ဗင်္ဂမာ | ၅ |
| မနောမယာ | ၂ |
| မနောရမံ | ၈၈ |
| မနောသေဋ္ဌာ | ၂ |
| မန္တဘာဏီ | ၄၂၀ |
| မန္တာ | ၃၀၃ |
| မန္တာ | ၄၂၁ |
| မန္ဒံ | ၁၆၃ |
| မမာယိတံ | ၄၂၄ |
| မရဏ | ၁၉၉ |
| မရဏန္တံ | ၁၉၉ |
| မရီစိ | ၇၂ |
| မရီစိကံ | ၂၂၆ |
| မရီစိဓမ္မံ | ၇၂ |
| မလ | ၂၉၇ |
| မလတရံ | ၃၀၅ |
| မလ္လိကာ | ၈၃ |
| မဟဂ္ဃသော | ၃၈၁ |
| မဟဒ္ဓနော | ၁၆၆ |
| မဟန္တ | ၇၄ |
| မဟပ္ဖလံ | ၃၇၀ |
| မဟာ | ၃၉၇ |
| မဟာနာဂါ | ၃၇၈ |
| မဟာပညော | ၄၁၁ |
| မဟာပထေ | ၈၈ |
| မဟာပုရိသော | ၄၁၁ |
| မဟာဝရာဟော | ၃၈၂ |
| မဟေသိံ | ၄၇၄ |
| မဟောဃော | ၇၄ |
| မာ | ၈၁ |
| မာတင်္ဂေါ | ၃၈၇ |
| မာတာ | ၆၈ |
| မာန | ၁၀၇ |
| မာနုသ | ၇၄ |
| မာနုသ | ၄၃၀ |
| မာနုသကံ | ၄၇၀ |
| မာနုသိ | ၄၃၀ |
| မာနုသေ | ၁၄၄ |
| မာရဓေယျံ | ၅၅ |

| ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ |
|---|---|---|---|---|---|
| မာရဗန္ဓနာ | ၅၉ | မူလဃစ္စံ | ၃၁၃ | ယထာသုခံ | ၃၈၃ |
| မာရော | ၁၄ | မူဠှ | ၃၃၀ | ယထေဝ | ၅ |
| မာလာ | ၈၁ | မူဠှရူပေါ | ၃၃၀ | ယဒိဝါ | ၁၄၀ |
| မာလာဂုဏော | ၈၁ | မေတ္တာ | ၄၂၆ | ယန္တိ | ၁၇၀ |
| မာလုဝါ | ၂၁၇ | မေတ္တာဝိဟာရီ | ၄၂၅ | ယမ | ၇၀ |
| မာသေ | ၁၀၁ | မေဓဂါ | ၁၁ | ယမ | ၂၉၇ |
| မိစ္ဆာ | ၂၀ | မေဓာ | ၄၂ | ယမပုရိသာ | ၂၉၇ |
| မိစ္ဆာဒိဋ္ဌိ | ၂၂၄ | မေဓာဝီ | ၄၂ | ယမလောကံ | ၆၉ |
| မိစ္ဆာဒိဋ္ဌိသမာဒါနာ | ၃၇၄ | မေဓီ | ၄၄ | ယမာမသေ | ၁၁ |
| မိစ္ဆာပဏိဟိတံ | ၆၇ | မေရယ | ၃၁၀ | ယသော | ၄၁ |
| မိစ္ဆာသင်္ကပ္ပ | ၂၀ | မောက္ခ | ၂၄၅ | ယသောဘောဂ | ၃၆၁ |
| မိစ္ဆာသင်္ကပ္ပဂေါစရာ | ၂၀ | မောက္ခ | ၂၄၅ | ယသောဘောဂ } | ၃၆၀ |
| မိတ | ၂၈၉ | မောက္ခန္တိ | ၅၉ | သမပ္ပိတော } | |
| မိတဘာဏီ | ၂၈၉ | မောဃ | ၃၂၄ | ယာစိတော | ၂၈၆ |
| မိတ္တ | ၉၇ | မောဃဇိဏ္ဏော | ၃၂၄ | ယာတိ | ၄၈ |
| မိဒ္ဓ | ၃၈၁ | မောဒတိ | ၂၆ | ယာနေဟိ | ၃၇၉ |
| မိဒ္ဓီ | ၃၈၁ | မောန | ၇၇ | ယာမံ | ၂၁၂ |
| မီယန္တိ | ၃၅ | မောဟံ | ၃၂ | ယာဝ | ၃၂၁ |
| မုခ | ၉၈ | မောဟဒေါသာ | ၄၁၇ | ယာဝဇီဝံ | ၉၄ |
| မုခသံယတော | ၄၂၀ | မောဟသမံ | ၃၁၄ | ယာဝတာ | ၃၂၁ |
| မုစ္စတိ | ၁၀၃ | | | ယာဝဒေ္ဝ | ၃၉၄ |
| မုစ္စေယျ | ၁၇၂ | [ ယ ] | | ယိဋ္ဌံ | ၁၅၁ |
| မုဋ္ဌ | ၄၀၅ | ယံကိဉ္စိ | ၁၅၁ | ယုဒ္ဓံ | ၂၇၂ |
| မုဏ္ဍ | ၃၂၇ | ယဇေထ | ၁၄၈ | ယုဉ္ဇတိ | ၄၃၈ |
| မုဏ္ဍကေန | ၃၂၇ | ယဉ္ဇေ | ၁၄၉ | ယုဝါ | ၃၄၀ |
| မုတ္တော | ၂၂၉ | ယတ္ထကာမံ | ၃၈၃ | ယေနိစ္ဆကံ | ၃၈၃ |
| မုဒ္ဒ | ၁၀၅ | ယတ္ထကာမ | ၅၇ | ယောဂ | ၃၈ |
| မုနာတိ | ၃၃၁ | ယတ္ထကာမနိပါတိနော | ၅၆ | ယောဂ | ၂၇၁ |
| မုနိ | ၇၇ | ယထရိဝ | ၅ | ယောဂက္ခေမံ | ၃၈ |
| မုသာ | ၂၃၄ | ယထာ | ၅ | ယောဇနံ | ၉၀ |
| မုသာဝါဒံ | ၃၀၈ | ယထာပသာဒနံ | ၃၁၂ | ယောဇယန္တိ | ၂၇၂ |
| မုသာဝါဒီသ | ၂၃၃ | ယထာပိ | ၅ | ယောဓေထ | ၆၄ |
| မုဟုတ္တံ | ၉၅ | ယထာဘူတံ | ၂၆၅ | ယောနိဇံ | ၄၅၁ |
| မူလံ | ၃၁၀ | ယထာသဒ္ဓံ | ၃၁၂ | ယောနိသော | ၃၈၃ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| ယောဗ္ဗနေ | ၂၀၉ |
| [ ရ ] | |
| ရက္ခတော | ၃၀၃ |
| ရက္ခိတ | ၂၁၁ |
| ရက္ခေ | ၆၄ |
| ရက္ခေထ | ၅၈ |
| ရဇတ | ၃၀၁ |
| ရဇော | ၁၆၈ |
| ရဇောဇလ္လံ | ၁၈၆ |
| ရဋ္ဌ | ၁၂၀ |
| ရဋ္ဌပိဏ္ဍံ | ၃၆၆ |
| ရတာ | ၃၆ |
| ရတိ | ၄၄ |
| ရတ္တာ | ၄၀၃ |
| ရတ္တိ | ၉၀ |
| ရထ | ၂၀၃ |
| ရန္ဓယုံ | ၃၁၁ |
| ရမဏီယာ | ၁၄၁ |
| ရမတိ | ၁၁၄ |
| ရမန္တိ | ၁၂၉ |
| ရမဿု | ၄၂၈ |
| ရမိတော | ၃၆၃ |
| ရယ | ၁၇၀ |
| ရသံ | ၇၆ |
| ရသ္မိ | ၂၈၄ |
| ရသ္မိဂ္ဂါဟော | ၂၈၄ |
| ရဿံ | ၄၆၃ |
| ရဟဒေါ | ၁၁၇ |
| ရာဂဒေါသာ | ၄၁၆ |
| ရာဂနိဿိတာ | ၃၉၇ |
| ရာဂရတ္တာ | ၄၀၄ |
| ရာဂသမော | ၂၆၃ |
| ရာဂေါ | ၂၃ |
| ရာဇ | ၇၃ |
| ရာဇရထာ | ၂၀၃ |
| ရာဇရထူပမံ | ၂၂၇ |
| ရာမဏေယျာ | ၁၄၁ |
| ရာသိ | ၈၀ |
| ရုက္ခံ | ၁၄ |
| ရုစိ | ၇၉ |
| ရုစိရံ | ၇၈ |
| ရူပံ | ၁၉၈ |
| ရူပ | ၂၈၂ |
| ရူဟတိ | ၃၉၆ |
| ရောဂ | ၁၉၈ |
| ရောဂနီဠံ | ၁၉၈ |
| ရောဒံ | ၉၉ |
| [ လ ] | |
| လဇ္ဇန္တိ | ၃၇၄ |
| လဇ္ဇာ | ၃၇၄ |
| လဇ္ဇိ | ၃၇၄ |
| လတာ | ၃၉၈ |
| လဒ္ဓါ | ၂၀၉ |
| လပယန္တိ | ၁၁၈ |
| လဘတေ | ၁၇၅ |
| လဟုနော | ၅၆ |
| လာဘ | ၁၀၉ |
| လာဘူပနိသာ | ၁၀၈ |
| လိမ္ပတိ | ၄၅၇ |
| လီန | ၃၀၈ |
| လေပန | ၂၀၁ |
| လောက | ၇၀ |
| လောကဝဓုနော | ၂၂၄ |
| လောကာမိသ | ၄၃၅ |
| လောဘော | ၃၁၁ |
| လောဟ | ၄၂၈ |
| လောဟဂုဠံ | ၄၂၈ |
| လောဟိတ | ၂၀၁ |
| [ ဝ ] | |
| ဝစီ | ၂၉၃ |
| ဝစီဒုစ္စရိတံ | ၂၉၃ |
| ဝစီပကောပံ | ၂၉၃ |
| ဝဇ္ဈော | ၃၄၅ |
| ဝဇန္တိ | ၂၃၅ |
| ဝဇိရံ | ၂၁၆ |
| ဝဇ္ဇ | ၁၁၀ |
| ဝဇ္ဇဒဿိနံ | ၁၁၀ |
| ဝဇ္ဇမတိနော | ၃၇၅ |
| ဝဍ္ဎတိ | ၁၀၈ |
| ဝဍ္ဎန | ၂၂၄ |
| ဝဏိဇ | ၁၆၅ |
| ဝဏ္ဏော | ၁၆၇ |
| ဝဏ္ဏ | ၇၆ |
| ဝဏ္ဏဂန္ဓံ | ၇၅ |
| ဝဏ္ဏပေါက္ခရတာယ | ၃၂၆ |
| ဝဏ္ဏဝန္တံ | ၇၉ |
| ဝတ | ၆၅ |
| ဝတ | ၁၃၇ |
| ဝတ | ၂၁၄ |
| ဝတဝန္တံ | ၂၆၉ |
| ဝတ္ထံ | ၁၆ |
| ဝဒန္တိ | ၂၄၄ |
| ဝဒါမိ | ၃၉၄ |
| ဝဓ | ၄၅၄ |
| ဝဓဗန္ဓံ | ၄၅၄ |
| ဝနထံ | ၃၄၄ |
| ဝနဒ္ဓေ | ၃၆၃ |
| ဝနမုတ္တော | ၄၀၁ |
| ဝနာဓိမုတ္တော | ၄၀၁ |

| ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ |
|---|---|---|---|---|---|
| ဝနေ | ၁၅၀ | ဝါရယေ | ၂၈၃ | ဝိပါကံ | ၉၉ |
| ဝန္တ | ၁၈ | ဝါရိ | ၅၅ | ဝိပါတယံ | ၁၀၅ |
| ဝန္တကသာဝေါ | ၁၈ | ဝါရိဇော | ၅၅ | ဝိပုလံ | ၄၅ |
| ဝန္တဒေါသော | ၃၂၇ | ဝါသော | ၂၉၉ | ဝိပ္ပမုဋ္ဌေ | ၄၃၄ |
| ဝန္တမလော | ၃၂၄ | ဝါဟ | ၂၃၃ | ဝိပ္ပမုတ္တဿ | ၁၂၈ |
| ဝန္တလောကာမိသော | ၄၃၅ | ဝါဟိနီ | ၂၃၃ | ဝိပ္ပသန္နေန | ၁၁၄ |
| ဝန္တာသော | ၁၃၉ | ဝိဂတ | ၄၁၇ | ဝိပ္ပဟာယ | ၁၂၄ |
| ဝယ | ၁၅၇ | ဝိဂတိစ္ဆေသု | ၄၁၇ | ဝိဘဝ | ၃၄၃ |
| ဝရံ | ၂၃၇ | ဝိစိန္တေတိ | ၃၄၈ | ဝိမလံ | ၄၆၆ |
| ဝရ | ၁၇၁ | ဝိစေဿတိ | ၆၉ | ဝိမုတ္တ | ၃၃ |
| ဝရတ္တံ | ၄၅၃ | ဝိဇာနန္တ | ၆၀ | ဝိမုတ္တမာနသော | ၄၀၆ |
| ဝရတ္တ | ၄၅၄ | ဝိဇာနန္တိ | ၁၁ | ဝိမုတ္တာနံ | ၈၇ |
| ဝရာဟ | ၃၈၂ | ဝိဇိတံ | ၃၈၇ | ဝိမောက္ခော | ၁၃၁ |
| ဝသံ | ၇၅ | ဝိဇိတာဝိနံ | ၄၇၄ | ဝိယ | ၅ |
| ဝသိဿာမိ | ၃၄၇ | ဝိဇ္ဇတိ | ၁၂၉ | ဝိရဇံ | ၄၄၁ |
| ဝဿ | ၁၅၀ | ဝိဇ္ဇာ | ၁၉၂ | ဝိရာဂေါ | ၃၃၄ |
| ဝဿသတံ | ၁၅၀ | ဝိဇ္ဇာစရဏ | ၁၉၂ | ဝိရူဠှတိ | ၁၃၆ |
| ဝဿိကာ | ၄၃၃ | ဝိညာဏ | ၆၆ | ဝိရုဠှ | ၄၆၁ |
| ဝဿိကီ | ၈၄ | ဝိညာပနီ | ၄၆၂ | ဝိလောမာနိ | ၇၈ |
| ဝဟတော | ၅ | ဝိညာယ | ၂၄၈ | ဝိဝရံ | ၁၇၁ |
| ဝဟန္တိ | ၃၉၇ | ဝိညူ | ၉၆ | ဝိဝိတ္တ | ၃၃၃ |
| ဝါ | ၃ | ဝိတက္က | ၄၀၆ | ဝိဝိတ္တသယနေန | ၃၃၃ |
| ဝါက္ကရဏ | ၃၂၅ | ဝိတက္ကမထိတဿ | ၄၀၆ | ဝိဝေကံ | ၁၀၉ |
| ဝါက္ကရဏမတ္တေန | ၃၂၅ | ဝိတက္ကူပသမေ | ၄၀၇ | ဝိသံ | ၁၆၆ |
| ဝါကျ | ၃၇၇ | ဝိတိဏ္ဏ | ၂၃၄ | ဝိသံယုတ္တံ | ၄၄၁ |
| ဝါစာ | ၇၉ | ဝိတိဏ္ဏပရလောကဿ | ၂၃၄ | ဝိသင်္ခတံ | ၂၀၆ |
| ဝါစာနုရက္ခီ | ၃၄၁ | ဝိတိဏ္ဏာ | ၁၈၇ | ဝိသင်္ခါရ | ၂၀၆ |
| ဝါစာသံယတော | ၄၂၀ | ဝိဒိတွာ | ၆၃ | ဝိသင်္ခါရဂတံ | ၂၀၆ |
| ဝါဏိဇော | ၁၆၅ | ဝိဒ္ဒသု | ၃၃၀ | ဝိသတာ | ၂၃၉ |
| ဝါတိ | ၈၅ | ဝိနိစ္ဆယ | ၁၉၂ | ဝိသတ္တာ | ၂၃၉ |
| ဝါတော | ၁၄ | ဝိနောဒယေ | ၄၀၀ | ဝိသတ္တိကာ | ၂၃၈ |
| ဝါန | ၃၈ | ဝိန္ဒတိ | ၈၇ | ဝိသီဒန္တိ | ၂၂၇ |
| ဝါနရော | ၃၉၂ | ဝိပဿတိ | ၂၃၁ | ဝိသုဇ္ဈတိ | ၂၂၁ |
| ဝါယမ | ၂၉၇ | ဝိပဿတော | ၄၃၀ | ဝိသုဒ္ဓိ | ၂၇ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| ဝိသေသတော | ၃၅ |
| ဝိသောကဿ | ၁၂၈ |
| ဝိသောဓယေ | ၂၂၂ |
| ဝိဿံ | ၃၂၉ |
| ဝိဿာသ | ၂၆၆ |
| ဝိဿာသပရမာ | ၂၆၆ |
| ဝိဟညတိ | ၂၅ |
| ဝိဟရန္တံ | ၁၂ |
| ဝိဟရာမ | ၂၅၉ |
| ဝိဟာရ | ၈၆ |
| ဝိဟာရီ | ၈၆ |
| ဝိဟာဟိသိ | ၄၃၇ |
| ဝိဟိံသတိ | ၁၇၅ |
| ဝိဟေဌယန္တော | ၂၄၄ |
| ဝီတ | ၁၄၁ |
| ဝီတတဏှော | ၄၀၉ |
| ဝိတ္ထဒါသေသု | ၄၁၆ |
| ဝီတဒ္ဒရံ | ၄၄၁ |
| ဝီတမောဟေသု | ၄၁၇ |
| ဝီတရာဂါ | ၁၄၁ |
| ဝီရ | ၉ |
| ဝီရ | ၁၉၂ |
| ဝီရိယ | ၁၃ |
| ဝုစ္စတိ | ၂၇၉ |
| ဝုဍ္ဎိ | ၂၂ |
| ဝုမှာပစာယိနော | ၁၅၃ |
| ဝုတ္တာ | ၁၇၆ |
| ဝုတ္တိ | ၂၉၁ |
| ဝေ | ၂၀၂ |
| ဝေဒနံ | ၁၈၁ |
| ဝေဒီ | ၄၇၂ |
| ဝေယဂ္ဃ | ၃၅၅ |
| ဝေရသံသဂ္ဂ | ၃၅၂ |
| ဝေရသံသဂ္ဂသံသဋ္ဌော | ၃၅၁ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| ဝေရံ | ၈ |
| ဝေရိနေသု | ၂၅၉ |
| ဝေရီ | ၆၇ |
| ဝေရေန ဝေရာနိ | ၁၀ |
| ဝေါသာန | ၄၇၆ |
| ဝေါသိတဝေါသာန | ၄၇၆ |
| ဝေါသိတော | ၄၇၆ |
| [ သ ] | |
| သံ | ၁၉၈ |
| သံကိလိဋ္ဌေန | ၃၀၇ |
| သံကိလိဿတိ | ၂၂၁ |
| သံဃံ | ၂၅၁ |
| သံဃဂတာ | ၃၅၈ |
| သံယတ | ၄၁၉ |
| သံယတုတ္တမော | ၄၂၀ |
| သံယမ | ၄၃၇ |
| သံယမေန | ၄၁ |
| သံယမေဿန္တိ | ၅၉ |
| သံယောဂေါ | ၄၄၀ |
| သံယောဇနံ | ၅၁ |
| သံယောဇန | ၄၀၀ |
| သင်္ဂသတ္တကာ | ၄၀၀ |
| သံဝစ္ဆရံ | ၁၅၁ |
| သံဝရော | ၂၄၆ |
| သံဝသေ | ၂၂၄ |
| သံဝါသော | ၂၆၈ |
| သံဝုတ | ၁၂ |
| သံဝုတ | ၁၅ |
| သံဝေဂ | ၁၉၁ |
| သံဝေဂိနော | ၁၉၁ |
| သံသဂ္ဂ | ၃၅၂ |
| သံသဋ္ဌ | ၃၅၁ |
| သံသန္ဓ | ၃၄၁ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| သံသန္ဓသင်္ကပ္ပမနော | ၃၄၁ |
| သံသာရော | ၉၁ |
| သံဟိတံ | ၃၀ |
| သ | ၁၉၈ |
| သ | ၄၄၈ |
| သက | ၂၂၃ |
| သကိဉ္စနော | ၄၅၂ |
| သကုဏော | ၂၃၁ |
| သကုန္တာနံ | ၁၃၂ |
| သက္ကစ္စံ | ၄၄၇ |
| သက္ကာ | ၂၅၈ |
| သက္ကာရံ | ၁၀၉ |
| သဂန္ဓကံ | ၈၀ |
| သဂ္ဂံ | ၁၇၀ |
| သင်္ကပ္ပ | ၂၀ |
| သင်္ကပ္ပမန | ၃၄၁ |
| သင်္ကပ္ပော | ၁၀၇ |
| သင်္ကဿရံ | ၃၇၀ |
| သင်္ကာ | ၃၇၀ |
| သင်္ကာရ | ၈၇ |
| သင်္ကာရစာနသ္မိံ | ၈၇ |
| သင်္ကာရဘူတေသု | ၈၈ |
| သင်္ခယ | ၃၄၃ |
| သင်္ခါတ | ၁၀၂ |
| သင်္ခါတဓမ္မာနံ | ၁၀၁ |
| သင်္ခါတုံ | ၂၅၈ |
| သင်္ခါယ | ၃၃၀ |
| သင်္ခါရ | ၂၀၆ |
| သင်္ခါရ | ၄၂၆ |
| သင်္ခါရာ | ၂၆၄ |
| သင်္ခါရူပသမံ | ၄၂၆ |
| သင်္ဂတ | ၂၆၈ |
| သင်္ဂတစာရီ | ၂၆၈ |
| သင်္ဂါတိဂံ | ၄၅၃ |

| ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ |
|---|---|---|---|---|---|
| သင်္ဂါမဇိ | ၁၄၅ | သဒ္ဒေဝကံ | ၇၀ | သန္နဒ္ဓေါ | ၄၄၃ |
| သင်္ဂါမဇုတ္တမော | ၁၄၅ | သဒ္ဒံ | ၁၅ | သန္နိစယော | ၁၃၀ |
| သင်္ဂါမေ | ၁၄၄ | သဒ္ဒမ္မံ | ၆၀ | သန္နိပါတံ | ၄၁၁ |
| သင်္ဂေါ | ၂၂၇ | သဒ္ဒမ္မဒေသနာ | ၂၅၅ | သန္နိဝါသော | ၂၆၈ |
| သစိတ္တ | ၂၄၃ | သဒ္ဒမ္မဿဝနံ | ၂၄၂ | သန္နော | ၃၈၅ |
| သစိတ္တပရိယောဒပနံ | ၂၄၃ | သဒ္ဒါယ | ၁၉၁ | သပ္ပုရိသော | ၈၄ |
| သစ္စ | ၁၇ | သဒ္ဒိံစရံ | ၃၈၆ | သဖလာ | ၈၀ |
| သစ္စဝေဒိနံ | ၂၇၈ | သန္တ နော | ၁၀ | သဗ္ဗ | ၁၂၉ |
| သဇ္ဈမာန | ၂၈၃ | သန္တံ | ၄၂၆ | သဗ္ဗဂန္ထ | ၁၂၈ |
| သဇ္ဈု | ၁၀၂ | သန္တ | ၅၃ | သဗ္ဗဂန္ထ ပဟီနဿ | ၁၂၈ |
| သဇ္ဈုခိရံ | ၁၀၂ | သန္တ | ၆၀ | သဗ္ဗဉ္ဇဟော | ၄၁၂ |
| သဇ္ဈာယ | ၃၀၃ | သန္တ | ၁၀၅ | သဗ္ဗဒါနံ | ၄၁၃ |
| သညတ | ၃၆၅ | သန္တ ကာယော | ၄၃၄ | သဗ္ဗဒုက္ခာ | ၂၅၁ |
| ာညတစာရ | ၁၄၇ | သန္တ စိတ္တဿ | ၄၃၀ | သဗ္ဗဓိ | ၃၉၇ |
| သညတစာရိနော | ၁၄၇ | သန္တ ရဗာဟိရံ | ၃၇၂ | သဗ္ဗပါဏာနံ | ၃၃၂ |
| သညတဿ | ၄၀ | သန္တဝါ | ၄၃၄ | သဗ္ဗပါပဿ | ၂၄၂ |
| သညာ | ၃၁၇ | သန္တဝါစော | ၄၃၄ | သဗ္ဗယောဂဝိသံယုတ္တံ | ၄၇၀ |
| သဋ္ဌော | ၃၁၅ | သန္တဿ | ၉၀ | သဗ္ဗရတိံ | ၄၁၃ |
| သတံ | ၈၃ | သန္တာသ | ၄၀၉ | သဗ္ဗရသံ | ၄၁၃ |
| သတံ | ၁၄၉ | သန္တာသိ | ၄၀၉ | သဗ္ဗလောက | ၂၃၆ |
| သတ | ၁၇ | သန္တိ | ၂၆၄ | သဗ္ဗလောကာဓိပစ္စေန | ၂၃၆ |
| သတတ | ၃၆ | သန္တိကေ | ၅၃ | သဗ္ဗလောကာဓိပတိ | ၂၃၆ |
| သတာနံ | ၃၅၃ | သန္တိကေ | ၂၈၆ | သဗ္ဗလောကာဘိဘုံ | ၄၇၁ |
| သတိ | ၄၀ | သန္တိပရံ | ၂၆၄ | သဗ္ဗဝိဒူ | ၄၁၂ |
| သတိမတော | ၄၀ | သန္တိမဂ္ဂံ | ၃၄၆ | သဗ္ဗဝေါသိတဝေါသာနံ | ၄၇၆ |
| သတိမတံ | ၂၄၁ | သန္တုဋ္ဌိ | ၂၆၆ | သဗ္ဗသံယောဇနံ | ၄၅၂ |
| သတော | ၄၀၇ | သန္တုဋ္ဌိပရမံ | ၂၆၆ | သဗ္ဗာ | ၈၃ |
| သတ္တ | ၄၇၂ | သန္တုသိတေ ဘ | ၄၂၀ | သဗ္ဗာဘိဘူ | ၄၁၁ |
| သတ္တာ | ၃၇၄ | သန္ထတ | ၄၅၁ | သဗ္ဘ | ၁၁၁ |
| သတ္ထ | ၁၆၆ | သန္ထဝ | ၄၄ | သဗ္ဘိ | ၁၁၂ |
| သဒတ္ထ | ၂၂၃ | သန္ဓာန | ၄၅၄ | သဘာ | ၁၁၁ |
| သဒတ္ထပသုတော | ၂၂၃ | သန္ဓေဟော | ၁၉၈ | သမံ | ၁၄၉ |
| သဒါ | ၁၁၄ | သန္ဓာဝိဿံ | ၂၀၅ | သမ | ၁၃၆ |
| သဒိသံ | ၉၁ | သန္ဓိစ္ဆေဒေါ | ၁၃၉ | သမ | ၁၇၁ |

| ပုဒ်စဉ် | စာမျက်နှာ |
|---|---|
| သမဂ္ဂ | ၂၅၆ |
| သမစရိယာ | ၄၄၄ |
| သမဏ | ၃၁ |
| သမတိက္ကန္တ | ၂၅၇ |
| သမတိ ဝိဠှတိ | ၂၂ |
| သမထံ | ၁၃၄ |
| သမပ္ပိတ | ၃၆၁ |
| သမာဂစ္ဆိ | ၂၇၂ |
| သမာဂတာ | ၃၉၄ |
| သမာဂမော | ၂၆၉ |
| သမာဒါန | ၃၇၄ |
| သမာဒါယ | ၃၃၀ |
| သမာဓိနာ | ၁၉၂ |
| သမာဓိလာဘေန | ၃၃၃ |
| သမာန | ၃၆၀ |
| သမာပန္န | ၃၂၈ |
| သမာဟိတ | ၁၈ |
| သမိဇ္ဈန္တိ | ၁၁၇ |
| သမိတ | ၃၂၈ |
| သမိတတ္တာ | ၃၂၈ |
| သမ်တိံ | ၃၇၇ |
| သမ်ဒ္ဓိံ | ၁၂၀ |
| သမီရတိ | ၁၁၆ |
| သမုစ္ဆိန္နံ | ၃၁၃ |
| သမုဋ္ဌိတံ | ၃၀၁ |
| သမုဒ္ဒ | ၁၇၁ |
| သမုဒ္ဒမဇ္ဈေ | ၁၇၁ |
| သမုပ္ပါဒ | ၂၅၂ |
| သမုဿယော | ၄၀၉ |
| သမုဿိတံ | ၁၉၆ |
| သမူဟတံ | ၃၁၃ |
| သမေတိ | ၃၂၈ |
| သမ္ဗဓာနော | ၃၂ |
| သမ္ဘတ္တ | ၃၄၈ |
| သမ္ပန္န | ၈၆ |
| သမ္ပန္န | ၁၉၂ |
| သမ္ပန္နဝိဇ္ဇာစရဏာ | ၁၉၂ |
| သမ္ပန္နသီလာနံ | ၈၆ |
| သမ္ပန္နော | ၃၆၀ |
| သမ္ပယာတော | ၂၉၉ |
| သမ္ပရိဝတ္တ | ၃၈၂ |
| သမ္ပရိဝတ္တသာယီ | ၃၈၂ |
| သမ္ပသံ | ၃၅၁ |
| သမ္ဗုဒ္ဓါနံ | ၂၄၁ |
| သမ္ဗောဓိ | ၁၂၅ |
| သမ္ဗောဓိယင်္ဂေသု | ၁၂၅ |
| သမ္ဘဝ | ၂၁၅ |
| သမ္မတိ | ၉ |
| သမ္မဒက္ခာတေ | ၁၂၃ |
| သမ္မပညာယ | ၂၅၁ |
| သမ္မသတိ | ၄၃၀ |
| သမ္မာ | ၂၂ |
| သမ္မာဒိဋ္ဌိ | ၃၇၅ |
| သမ္မာဒိဋ္ဌိသမာဒါနာ | ၃၇၅ |
| သမ္မာပဏိဟိတံ | ၆၉ |
| သမ္မာသင်္ကပ္ပ | ၂၁ |
| သမ္မာသင်္ကပ္ပဂေါစရာ | ၂၁ |
| သမ္မာသမ္ဗုဒ္ဓ | ၈၉ |
| သမ္မာသမ္ဗုဒ္ဓဒေသိတံ | ၄၄၇ |
| သမ္မာသမ္ဗုဒ္ဓသာဝကော | ၈၉ |
| သယံ | ၄၀၅ |
| သယံကတံ | ၄၀၄ |
| သယန | ၂၄၆ |
| သယန | ၃၃၃ |
| သယနာသနံ | ၂၄၆ |
| သရဏံ | ၂၄၉ |
| သရထ | ၁၃၅ |
| သရဒ | ၂၀၀ |
| သရာ | ၂၆၂ |
| သရာ | ၃၆၂ |
| သရိတာနိ | ၃၉၈ |
| သရီရ | ၅၉ |
| သလာဘံ | ၄၂၂ |
| သလ္လ | ၃၃၆ |
| သလ္လကတ္တနံ | ၃၃၅ |
| သဝန | ၂၄၂ |
| သဝန္တိ | ၃၉၇ |
| သဝါဟိနိံ | ၂၃၃ |
| သသော | ၄၀၀ |
| သဿတာ | ၃၁၈ |
| သဟ | ၃၂၀ |
| သဟတေ | ၃၉၂ |
| သဟနက္ကမံ | ၄၅၄ |
| သဟာသံ | ၁၄၂ |
| သဟာယ | ၉၂ |
| သဟာယတာ | ၉၂ |
| သာဋီ | ၄၄၉ |
| သာတ | ၃၉၈ |
| သာတစ္စ | ၃၅၃ |
| သာတစ္စကာရိနော | ၃၅၃ |
| သာတတ | ၃၆ |
| သာတတိကာ | ၃၆ |
| သာတသိတာ | ၃၉၈ |
| သာဒ | ၂၄၈ |
| သာဒါနေသု | ၄၆၁ |
| သာဓု | ၅၇ |
| သာဓုရူပေါ | ၃၂၆ |
| သာဓုဝိဟာရိံ | ၃၈၆ |
| သာနုစရံ | ၃၅၄ |
| သာမဂ္ဂီ | ၂၅၆ |
| သာမညံ | ၃၆၉ |
| သာမည | ၃၉၀ |

| ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ |
|---|---|---|---|---|---|
| သာမညတာ | ၃၉၀ | သီဃ | ၄၈ | သုဇီဝံ | ၃၀၆ |
| သာမညသ | ၃၁ | သီဃသော | ၄၈ | သုည | ၁၃၁ |
| သာယိကာ | ၁၈၆ | သီတ | ၄၇၁ | သုည | ၄၂၉ |
| သာရံ | ၂၀ | သီတိဘူတံ | ၄၇၁ | သုညတော | ၁၃၁ |
| သာရ | ၁၉ | သီလ | ၁၅၃ | သုညာဂါရံ | ၄၂၉ |
| သာရတ္တ | ၄၀၃ | သီလဂန္ဓော | ၈၄ | သုတ | ၂၀၃ |
| သာရတ္တရတ္တာ | ၄၀၃ | သီလဒဿန | ၂၇၇ | သုတ | ၂၆၉ |
| သာရထိနာ | ၁၃၄ | သီလဒဿနသမ္ပန္နံ | ၂၇၇ | သုတွေသု | ၄၇ |
| သာရဒိကံ | ၃၄၆ | သီလဗ္ဗတမတ္တေန | ၃၃၂ | သုဒန္တ | ၁၃၅ |
| သာရဒေ | ၂၀၀ | သီလဝတံ | ၈၅ | သုဒန္တော | ၂၀၃ |
| သာရမတိနော | ၁၉ | သီလသံဝုတော | ၃၅၀ | သုဒဿံ | ၃၁၄ |
| သာရမ္ဘ | ၁၇၇ | သီလေသု | ၁၈ | သုဒုတ္တရံ | ၁၂၃ |
| သာရမ္ဘကထာ | ၁၇၇ | သု | ၂၉ | သုဒုဒ္ဒသံ | ၅၇ |
| သာရီရ | ၄၁၁ | သုကတံ | ၃၇၁ | သုဒေသိတံ | ၇၀ |
| သာရေစ | ၁၉ | သုကရာနိ | ၂၁၈ | သုဒ္ဓသ | ၁၆၈ |
| သာလံ | ၂၁၇ | သုက္ကံသံ | ၁၀၄ | သုဒ္ဓါဇီဝိံ | ၄၂၃ |
| သာဝက | ၈၉ | သုက္က | ၁၀၄ | သုဒ္ဓါဇီဝေ | ၄၃၂ |
| သာသ | ၂၆၆ | သုခံ | ၆ | သုဒ္ဓါဇီဝေန | ၃၀၈ |
| သာသနံ | ၂၁၉ | သုခကာမာနိ | ၁၇၄ | သုဒ္ဓိ | ၂၂၁ |
| သာသပေါ | ၄၅၇ | သုခသံဝါသော | ၂၆၈ | သုန | ၁၃၁ |
| သာဟသာ | ၃၁၉ | သုခါဝဟံ | ၅၇ | သုနိပုဏံ | ၅၈ |
| သာဟု | ၂၆၈ | သုခီ | ၂၃၅ | သုပရိသံဝုတာ | ၂၉၄ |
| သိခါ | ၃၆၆ | သုခုမော | ၁၆၈ | သုပ္ပဗုဒ္ဓံ | ၃၅၆ |
| သိဋ္ဌ | ၄၂၆ | သုခေသိနော | ၃၉၉ | သုဗ္ဗတာ | ၁၉၃ |
| သိတ | ၁၃ | သုဂတိံ | ၂၉ | သုဗ္ဗတော | ၁၃၇ |
| သိတ္တာ | ၄၂၇ | သုဂတိနော | ၁၇၀ | သုဘာ | ၁၂ |
| သိထိလံ | ၃၇၀ | သုဂတေန | ၃၄၇ | သုဘာနုပဿိံ | ၁၁ |
| သိနေဟံ | ၃၄၆ | သုစရိတံ | ၂၂၅ | သုဘာဝိတံ | ၂၄ |
| သိနေဟိတာနိ | ၃၉၈ | သုစိ | ၄၀ | သုဘာသိတာ | ၇၉ |
| သိန္ဓဝ | ၃၇၇ | သုစိကမ္မဿ | ၄၀ | သုမနော | ၉၉ |
| သိန္ဓု | ၃၇၇ | သုစိဂန္ဓိ | ၈၈ | သုမရတိ | ၃၈၁ |
| သိယာ | ၆၄ | သုစိဂဝေသိနာ | ၃၀၈ | သုမေဓံ | ၂၆၉ |
| သိရော | ၃၂၄ | သုစိတ္တာ | ၂၀၃ | သုမေဓသော | ၄၈ |
| သိလာ | ၁၅ | သုဇ္ဈန္တိ | ၂၄ | သုမေဓာ | ၄၈ |

| ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ | ပုဒ်စဉ် | စာမျက်နှာ |
|---|---|---|---|---|---|
| သုရက္ခိတံ | ၂၁၁ | သေဟိ | ၁၇၉ | ဟဝေ | ၄၃၈ |
| သုရာ | ၃၁၀ | သောက | ၄၆ | ဟာနိ | ၉၂ |
| သုရာမေရယ | ၃၀၉ | သောကပရိဒ္ဒဝ | ၂၅၇ | ဟာပယေ | ၂၂၃ |
| သုရာမေရယပါနံ | ၃၀၉ | သောကိနိံ | ၄၆ | ဟာယ | ၉၂ |
| သုဝိမုတ္တ | ၃၃ | သောစတိ | ၂၄ | ဟာသော | ၁၉၄ |
| သုဝိမုတ္တစိတ္တော | ၃၃ | သောတ | ၂၃၇ | ဟိံသက | ၂၈၆ |
| သုဝေ | ၂၉၀ | သောတ | ၂၇၉ | ဟိံသတိ | ၃၃၂ |
| သုသံဝုတံ | ၁၄ | သောတာပတ္တိ | ၂၃၇ | ဟိံသမနော | ၄၄၅ |
| သုသမာရဒ္ဓါ | ၃၅၃ | သောတာပတ္တိဖလံ | ၂၃၇ | ဟိံသာ | ၃၂၄ |
| သုသမာဟိတော | ၁၈ | သောတေန | ၄၁၇ | ဟိ (နှ ဟိ) | ၉ |
| သုသုခံ | ၂၅၉ | သောတ္တိယေ | ၃၅၅ | ဟိတ | ၃၀ |
| သုဟဒ္ဒာ | ၂၈၀ | သောတ္ထိံ | ၂၈၀ | ဟိမ | ၃၄၇ |
| သုဟဒယ | ၂၈၀ | သောဓေန္တိ | ၁၈၇ | ဟိမဝန္တော | ၃၆၁ |
| သူပ | ၉၅ | သောမနဿာနိ | ၃၉၈ | ဟိရိ | ၁၈၉ |
| သူပရသံ | ၉၅ | သောဍ္ဍ | ၁၀၂ | ဟိရိနိသေဓော | ၁၈၉ |
| သူရ | ၃၀၆ | သောဍ္ဍိံ | ၁၀၂ | ဟိရိမတာ | ၃၀၇ |
| သေခါ | ၇၁ | | | ဟိတွာ | ၄၈ |
| သေဋ္ဌ | ၂ | [ ဟ ] | | ဟီနံ | ၂၂၃ |
| သေဋ္ဌတံ | ၄၉ | ဟံသာ | ၁၂၉ | ဟီန | ၁၃ |
| သေတိ | ၁၁၄ | ဟတာဝကာသော | ၁၃၉ | ဟီနဝီရိယံ | ၁၃ |
| သေယျံ | ၉၁ | ဟတ္ထံ | ၃၆၉ | ဟုတံ | ၁၄၉ |
| သေယျထာပိ | ၅ | ဟတ္ထသံယတော | ၄၁၉ | ဟုတ္တာ | ၄၄၈ |
| သေယျထာပိနာမ | ၅ | ဟတ္ထိပ္ပဘိန္နံ | ၃၈၃ | ဟုရံ | ၃၃ |
| သေယျသော | ၆၉ | ဟတ္ထီ | ၃၈၃ | ဟုရာဟုရံ | ၃၉၂ |
| သေယျာ | ၃၆၃ | ဟဒယ | ၂၈၁ | ဟေဌယန္တ | ၇၆ |
| သေယျော | ၁၄၆ | ဟနေယျ | ၁၇၄ | ဟေတု | ၁၂၀ |
| သေလ | ၁၅ | ဟန္တာဝရံ | ၄၄၅ | ဟေမန္တ | ၃၄၇ |
| သေဝန္တိ | ၃၅၃ | ဟန္တိ | ၁၀၄ | ဟေမန္တဂိမှိသု | ၃၄၇ |
| သေဝိတ | ၃၃၄ | ဟန္တွာ | ၃၅၄ | ဟောတိ | ၃၀ |
| သေဝေယျ | ၂၂၃ | ဟရေယျ | ၁၆၇ | * * * * * * * * * | |


ပြီးပါပြီ၊